
www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်
နက္ခတ္တရောင်ခြည်





## အကျိုးအမျိုးအမျိုး တိုးပွားစေသော ဂါထာတော်

နတ္ထိ မေ သရဏံ အညံ ဗုဒ္ဓေါ မေ သရဏံ ဝရံ။
တံ သရဏံ ဥပေမိ မယိ ကာဠီ န ဝိဇ္ဇတိ။
ဧတေန သစ္စ ဝဇ္ဇေန ပဝသာန္တု သတ္ထုရတနာ။
ဟောတု မေ ဇေယျ မင်္ဂလံ ဟောတု မေ အာယုဝဍ္ဎနံ။
ဟောတု မေ သိဒ္ဓိကမ္မံ ဟောတု မေ ဝိဇ္ဇာသိဒ္ဓိကမ္မံ။

အနက်

**မေ၊** တပည့်တော်အား။ **အညံ၊** ဘုရားမှတစ်ပါးသော။ **သရဏံ၊** ကိုးကွယ်ရာသည်။ **နတ္ထိ၊** မရှိ။ **ဗုဒ္ဓေါ၊** မြတ်စွာဘုရားသည်။ **မေ၊** တပည့်တော်၏။ **ဝရံ၊** မြတ်သော၊ **သရဏံ၊** ကိုးကွယ်ရာတည်း။

**တံ၊** ထိုမြတ်စွာဘုရားကို။ **သရဏံ၊** ကိုးကွယ်ခြင်းသို့။ **ဥပေမိ၊** ကပ်ရောက်ပါ၏။ **မယိ၊** ငါ၌။ **ကာဠီ၊** ယုံမှားခြင်းသည်။ **နဝိဇ္ဇတိ၊** မရှိ။ **ဧတေန သစ္စ ဝဇ္ဇေန၊** ဤမှန်ကန်သော သစ္စာစကားကြောင့်။ **သတ္ထုရတနာ၊** ရတနာခုနစ်ပါးတို့သည်။ **ပဝသာန္တု၊** ရှာပါစေကုန်သတည်း။

**မေ၊** အကျွန်ုပ်အား။ **ဇေယျမင်္ဂလံ၊** အောင်ခြင်းမင်္ဂလာသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။ **မေ၊** အကျွန်ုပ်အား။ **အာယုဝဍ္ဎနံ၊** အသက်တိုးပွားရှည်ခြင်းသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

**မေ၊** အကျွန်ုပ်အား။ **သိဒ္ဓိကမ္မံ၊** အမှုကိစ္စပြီးစီးသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။ **မေ၊** အကျွန်ုပ်အား။ **ဝိဇ္ဇာသိဒ္ဓိကမ္မံ၊** ဝိဇ္ဇာအမှုကိစ္စပြီးစီးခြင်းသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

# နက္ခတ္တရောင်ခြည်

## လောကီပညာရသစုံ မဂ္ဂဇင်း



စာတည်းချုပ်

ဦးကျော်မိုးသိန်း

တာဝန်ခံစာတည်း

ဓမ္မဒေဝ

နယ်လှည့်အယ်ဒီတာ

အောင်ဇ(LL.B)၊ ကိုစိုးဆန်း၊

သန်းထွန်း (ဘားအံ)

ပါဠိ အယ်ဒီတာ

* ဦးစံတင်

(စတုနိကာယကောဝိဒ၊ ဝိနယဓရ၊ ဓမ္မာစရိယ)

* ဦးသန်းအောင်ဇေ

[ဓမ္မာစရိယ (မဟာဝဂ္ဂါဒိ မြန်မာဂုဏ်ထူး) ဒီဃဘာဏက – ဒီဃနိကာယကောဝိဒ (နိကာယဝိပုလ)]

နာယကကြီး

ဒေါက်တာ အောင်နိုင်

M.B.B.S (Ygn)

ဒ–ဘ–ဝ(တိုင်းရင်းဆေး)

M.Med.Sc (Pharmacology)

Advanced Pharmacokinetics Training (London)

M.C.P.A, A.T.C.M

(Wuhan), D.M.A

Senior Fellowship of Aryuvedic Medicine(India)

ဥပဒေအကြံပေး

ဦးထွန်းစိန်

B.A(Myanmar), H.G.P.R.L(Advocate)

သာသနာ့အကျိုးဆောင်

တကလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေး

ဒေါ်ဝတ်ရည်ဆွေ

B.Sc(Bot), Dip.T.Med.

ဦးဝင်းထိန်ကျော်

B.A(Philos), Dip.T.Med.,

T.L,R.M (INDIA)

ပန်းချီဒီဇိုင်းပညာရှင်

ကိုတင်ဦး၊

တင်တင်နွယ်

မျက်နှာဖုံးပန်းချီ

မြတ်မင်းဟန်

ဖြန့်ချိရေးမှူး

ယဉ်ကျေးဝေ

ကွန်ပျူတာစာစီ

ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း

ယာဒ္ဒူးထောင်ကာ ယာလက်ဖြင့်
သန်လျက်ထမ်းထားသော
နတ်ရုပ်များမှာ ဆေးစောင့်နတ်ရုပ်များဟု

စာ–၉၀


ထုတ်ဝေသူ

ဦးခင်မောင်ဝင်း (ခ) ဦးကျော်မိုးသိန်း (၀၀၇၃၉)

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်၊

၂၀၉၊ ၂၉ လမ်း၊ ရန်ကုန်မြို့၊

အတွင်းနှင့် မျက်နှာဖုံးရိုက်

ဦးကျော်မင်းစိုး (၀၀၄၅၉)၊ စိုးမေတ္တာပုံနှိပ်တိုက်၊

အမှတ် ၁၇/က၊ ၅၆-လမ်း၊ ၂-ရပ်ကွက်၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊

မန္တလေးဖြန့်ချိရေး

နဂါးစာပေ

ရှမ်းတောင်ကြီး ဖြန့်ချိရေး

မိုးသို့နားစာပေ (တောင်ကြီး)

ဂင်္ဂါနဒီစာပေဖြန့်ချိရေး (တောင်ကြီး)

မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး

ကျော်ကျော်စာပေ (မော်လမြိုင်)

ဖြန့်ချိရေး

ကျော်မိုးသိန်းစာပေ၊ ၂၀၉၊ ၂၉ လမ်း၊ ရန်ကုန်မြို့၊

ဖုန်း–၀၉ ၇၇၆၃၄၉၇၈၅၊ ၀၉ ၉၆၈၀၀၄၁၉၂။

ကြော်ငြာတာဝန်ခံ

ယဉ်ကျေးဝေ

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ

အမှတ် ၃၆၆

တန်ဖိုး – ၂၂၀၀ကျပ် (ဖြန့်ချိဈေး)

[နှစ်ထောင့်နှစ်ရာကျပ်]

အုပ်ရေ

၁၀၀၀

ဖုန်း– ၀၉ ၇၇၆၃၄၉၇၈၅၊

၀၉ ၉၆၈၀၀၄၁၉၂။




F.1R January, 2017.

www.burmeseclassic.com

www.burmeseclassic.com



အနီးကပ် ဖူးမြော်ရသည်
ရှေးရုပ်ပွားတော်မှာ
ထူးခြားလှသည်... ➡ စာ-၁၁

လုံးခဲနေသည်
ဓာတ်တော်များကို
ထူးခြားစွာ ဖူးတွေ့ရသည်... ➡ စာ-၅၄



## ကျန်းမာခြင်းရောင်ခြည်


ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်
တျန်းမာပါစေ တိုင်းရင်းဆေးကုဆေးခန်း ဆရာဦးသီဟ
(တဆ-၀၃၉၈၀)၏ အစာအိမ်ရောဂါ ကာကွယ်
စောင့်ရှောက်နည်းများ [မြောင်းမြ မောင်ယဉ်တင့်] ၁၆၀
သူ့လို တိုင်းရင်းဆေးပညာရှင်မျိုးလည်း ရှိခဲ့ပါသေးသည်
[ကျော်ရင်-ပညာ၊ ဟသ်ာတ] ၂၀၅


## လက္ခဏာရောင်ခြည်


သူ ဘယ်လိုလူစားလဲ [သန်းပညာ] ၆၂
မလွဲစကန် မှန်ခဲ့သော လက္ခဏာဟောချက်များ
[ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၁၅၈
တစ်ချက်ကောင်းဟောကွက် [ဦးသော်ခင်-ဟသ်ာတ] ၁၆၇
လက္ခဏာပဟေဠိ အဖြေညှိကြစို့ ၁၉၃
သားသမီးများခြင်း၊ သားသမီးအကျိုးခံစားရခြင်း ၂၀၃


## လမ်းညွှန်ရောင်ခြည်


ရွှေတောင်မြေမှ မယ်တော်တေးဖူးမြေ စေတီများ(၁)
[ဇင်ညိုငယ်] ၉
စပါးတောင်မှိုး သာသနာ့အောင်မြေ
လေးသွန်းခံတောင်ခရီး(၅) [မောင်မောင်စိုး-ထားဝယ်] ၈၁
ဆံတော်ရှင် ပြင်းနတ်ဘုရား ထံတော်ပါးဆီသို့(၄)
[ထက်မင်းကျော်စွာ] ၈၉
ပိုလ်ချိုမိဘုရား (ဘိုမယာတ်) သီရိပစ္စယာမှ
ဂူပြောက်ဘုရား(၉၉၅) (၂) [ခရီးသည်သုတေသီ] ၁၁၃


## အထူးဆောင်းပါးရောင်ခြည်


လယ်သာပတိန်း ရွှေဂူကြီးနှင့် စိတ်ဝင်စားဖွယ်ရာများ(၁)
[အောင်ဇ-LL.B] ၁၇
တန့်ကြည့်တောင်ပေါ်မှ ကျောက်နဂါးကြီး၏
ဆွေဆက်မျိုးဆက်များနှင့် တွေ့ဆုံခြင်း ဖြစ်ရပ်မှန်
[ဆောင်းလဝန်းဖြူ] ၃၃
ဝက်လက်မြို့နယ်၊ ဆင်းကွတ်ရွာ(ဆင်ဝပ်ရွာ)
သမိုင်းဝင် ရွှေကူကြီးစေတီတော်
[ကိုကိုအောင်၊ မြကန်သာ-ဝက်လက်မြို့] ၅၇
တောင်သမန် ကျောက်တော်ကြီးဘုရားမှ
စိတ်ဝင်စားဖွယ်ရာများ(၂) [ဇင်ညိုငယ်] ၉၇

www.burmeseclassic.com


## ❀ ကိုယ်ပျော့ရောင်ခြည် ❀

အရှိုင်းပန်း ပွင့်ချိန် [သီလ–ရေတံခွန်တောင်] ၂၀၇

ကျွန်တော်နှင့် သာစုကန်စေတီတော်
[ကိုကိုအောင်–ကျောက်တန်း] ၂၂၅

အောက်လမ်းပညာရပ်များ ရှိတာ
ကိုယ်တွေ့ ကြုံရပါသည် [ဥမ္မာဦး] ၂၂၈

ဂမ္ဘီရ ကျောက်မျက်ရတနာ [ဦးစိန်–တိုးချောင်ကြီး] ၂၅၃

ကံဝင့်ကြွေးလား (သို့မဟုတ်) စောရနကွတ်
ယှဉ်လေသလား [နတ်မောက် လှမြင့်သစ်] ၂၆၃

သတိ...သံဝေဂတရား ထားနိုင်ကြပါစေ
[မောင်မြင့်အောင်–မင်းရွာ] ၂၆၉

ဘိုကုန်းရွာပြင် နတ်စင်ချောက်က ထွက်တဲ့ကြက်အုပ်
[တင်ဘုန်းဝင်း] ၂၇၃

## ❀ ကျင့်စဉ်ရောင်ခြည် ❀

သိဒ္ဓိမင်္ဂလာပဏာမ အောင်ဂါထာနှင့်
လျှို့ဝှက်ဂမ္ဘီရကျင့်စဉ် [ကဝိသီရောမဏီ] ၃၇

ကျေးဇူးရှင် ရွှေပေါ်ကျွန်းဆရာတော်ကြီး
(အရှင်ဓမ္မသိဒ္ဓိမဟာဥာဏ်ကိတ္တိ) ပေးသနားတော်မူသော
တန်ဆောင်မုန်းလကျင့်စဉ်တော် [ဇော်လေး–ဝိဇ္ဇာ] ၁၅၁

ခမုံဆရာတော်ကြီး၏ အလောင်းတော်ကဿပ
လိုဏ်ဂူတော်တွင်း ဖြစ်ရပ်ဆန်းနှင့် ပုတီးစိပ်နည်း
[ဇော်မင်းအောင်] ၂၈၉

## ● အစီအရင်ရောင်ခြည် ●

ဈေးခေါ်လာဘ်ခေါ် စွမ်းသနော်
[အောင်နန္ဒ–ကျိုက်လတ်] ၂၉

ကံကောင်းစေရာ ကံပွင့်ယတြာများ(၁)
[တနင်္ဂနွေသားသမီးများအတွက်] [သန်းခေါင်–ပညာရေး] ၁၃၇

နေ့နံသင့်အဆောင် ယတြာအစီအရင်
[ဂါမဏီဇော်–ဝိဇ္ဇာဓရ–စစ်ကိုင်း] ၁၄၄

အကြမ်းဖူသမျှ ချောစေဖို့ လုံ့သွားအစီအရင်
[အောင်မင်းကျော်(ခ)တန်ဘောင်ဂမ်] ၁၅၃

နို့ညှပ်အိမ် အန္တရာယ်ကင်းကြောင်း နည်းလမ်းကောင်း
[သစ္စာဦး–ဓေယျာမြေ] ၁၈၅

နတ်ဆရာများအတွက် စင်(၃)စင် အစီအရင်
[ဘကြီးအောင်–စစ်ကိုင်းတောင်] ၂၀၉




သမိုင်းကြောင်း ရွှေကူကြီးစေတီတော်မှ
သွေးတော်ယိုဘုရားကို
ဖူးတွေ့ရသည် ...
၀၁-


ထူးခြားလှသည့်
အဆင်းလှည့်ပြန် ယှည့်ကြည့်နေမှ
ခြေသို့ကြိုးနှစ်ပေါင်းမှာ ...
၀၁-



www.burmeseclassic.com

www.burmeseclassic.com





ဒါက . . . ဟိုတုန်းက ဒီဘုရားကြီးမှာ –
ဖြတ်စွာဘုရားရုပ်တော် ပေါ်လာပြီး
ရောင်ခြည်တော်(၆)သွယ် ကွန့်မြူးတာကို . . . စာ-၄၁

အဲဒီ . . . ကျောက်ဆောင်လေး
အဆောင်ကြောင့်
ကျောက်ကျူးတဲ့အခါ ကျောက်ပွင့်သွားတယ် . . . စာ-၁၃၀





## အင်္ဂါရပ်ရောင်ခြည်


အင်္ဂါရပ်ပညာ ပဒေသာ
[ဝိဇ္ဇာမဟာဂ္ဂီ ဆရာဦးသန်းမြင့်-တိုင်းရင်းဆေး] ၁၂၄
လက်တွေ့ အင်္ဂါရပ်လုပ်ရတ်[သိဒ္ဓိဝင်သွပ် စီရင်နည်း]
[နတ်မျက်စိ-ဝိဇ္ဇာဓရနယပညာ] ၁၃၉
ကျားရှာမြို့ဆရာကြီး၏ ပြဒါးလမ်း
[တင်လှ-ဆ-မ-ငြိမ်း] ၁၈၈
ဖျိုင်းဖြူ ကျားကိုက်နည်း
[ဦးတင်ဇ-တိုင်းရင်းဆေးကုခန်း၊ ဆယ်ဇင်းပေါင်းပါအုပ်စု] ၁၉၈


## ဂါထာမန္တန်ရောင်ခြည်


မဲဇလီဆရာတော်ကြီး ချီးမြှင့်တော်မူသော
ဂါထာမန္တန်(၃)ပုဒ် [ဟသ်ာတ ဗတိက္က] ၂၂
မေးခွန်းမှန်သမျှ ဖြေလို့ရဂါထာ
[အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၁၃၂
ထူးတဲ့ သည်ဂါထာ [ကျော်နိုင်လင်း-ပေလီ] ၁၃၃
အန္တရာယ်ဟူသမျှ ကင်းပစေရာ
ကိုယ်ပျောက်ဂါထာများ [အုံကြွယ်] ၁၇၇


## ဆေးနည်းတိုရောင်ခြည်


နာလန်ထခါစ အစားကောင်းကောင်း စားနိုင်ရန်
နည်းကောင်းတစ်ခု [သီရိ] ၅၅
ဘုန်းကြီးပေးတဲ့ မအိုမနာဆေး [ဝသုန်သက်လွင်] ၁၆၈
လွယ်လွန်းလို့ခက် သွားအတွက် ဆေးနည်းတို
[မောင်အေးကြူ-စီးပွားရေး] ၂၁၆


## ဆေးဝေဒရောင်ခြည်


ဆံပင်ပေါက် ဆံပင်နက်ဆေး [အေးချမ်းမော်-မင်းလှ] ၃၁
ဖားပြုပ်ကိုက်၍ မန်းအန်းခြင်း ပျောက်ကင်းစေဖို့
ဆေးတစ်လက် [မောင်ရင်ထွေး-မအူပင်] ၁၂၆
မှန်ရိုးရာ ဆံပင်နက်မှောင်ဆေး [စောသိင်းလ] ၁၆၀
ဆီးကျောက်တည် ဝေဒနာအတွက် လက်တွေ့ပျောက်
ဆေးနည်း [ကိုဝင်းတင်-လယ်လှ၊ အထက်မင်းလှ] ၁၉၆


## ဂမ္ဘီရဝတ္ထုရောင်ခြည်


မြေပိုင်ရှင်ကြီး ဦးဘိုးလွန်းနှင့် ဂမ္ဘီရဆေးမိုးကိုးပေါင်း(၂)
[မောင်စိမ့်စမ်း-ကေတုမတီ] ၂၁၇
ခြေရာရှင်၏ ငိုရှိုက်သံ [အေးမွန်ကျော်-နမ္မတီး] ၂၆၅
မိကျောင်းစောင့်တဲ့ စေတီတော် [စောမိသွင်] ၂၉၇


## ထူးခြားသမိုင်းရောင်ခြည်


ဘီလူးဂမုန်းနှင့် ကျွန်တော့်အဘိုး
[နေလင်းအောင်-တုံးသား] ၁၄၄

www.burmeseclassic.com


❖ ဗဟုသုတအရောင်ခြည် ❖

တျည်လွဲသောချေ(ဂို) [မင်းကူ့ဒ္ဒီ–ဂမ္ဘီရတောင်တန်း] ၃၆
ပျားရည် အတုအစစ် ခွဲခြားနည်း
[တင်အောင်မိုး(သစ်အုပ်)–သစ်ထုတ်ရေး] ၂၅၂

✝ ထူးခြားပစ္စည်းအရောင်ခြည် ✝

သတ္တုသုံးမျိုးစပ် ကြိုလောဟာ ငွေပွားဖလား
အဆောင်ရတနာများ(၂) [သီတာဆန်း–မော်လမြိုင်] ၅၃
မမြင်ဘူးသေးသူများ မြင်ဖူးစေချင်
[ဂမ္ဘီရကြွက်ခြေပါ သစ်ဖောက်နွယ်ဝင်နှင့် သစ်တံခါး]
[ဇီးကုန်းဖြာမော်] ၉၅
ဂမ္ဘီရဆန်သော ကျောက်မောင်းကလေး
[သာထက်ဇော်–မကွေး] ၁၂၉

➻ ကိုယ်ခံပညာအရောင်ခြည် ➻

သိုင်းပညာရှင် ဆရာကြီးမင်းယက္ခ(တိုက်ပွဲဝင်သိုင်း)၏
ဘဝအတွေ့အကြုံများ(ဒုတိယပိုင်း) (၃)
[ဆရာကြီးမင်းယက္ခ–တိုက်ပွဲဝင်] ၁၄၅

❖ ကုထုံးအရောင်ခြည် ❖

အကြောနှင့်ဆရာ ဆက်စပ်ပါ မြန်စွာပျောက်ကင်းမှု
[အသေးစား လေဖြတ်ဝေဒနာနှင့် လေဖြတ် ကာကွယ်ကုသလိုသော်]
[ဆရာဦးလှညိမ်း–အကြောပညာရှင်] ၁၅၀

○ သုတေသနအရောင်ခြည် ○

စိတ်ဝင်စားဖွယ်ကောင်းသော ထိုးမြွေလက်မှတ်များအကြောင်း
[ဆရာကြီး ဦးအောင်မြိုင်–ဥပဒေဘွဲ့] ၁၈၃
ကိုယ်တိုင်မြင်တွေ့ခဲ့ရသော မိုးကြိုးပစ်ခြင်း
ကိုယ်တွေ့ဖြစ်ရပ်မှန် [မောင်ကံ–တံတားရွာ] ၂၇၈

○ ဖြစ်ချင်းပြီးဆေးပင်ဆေးမြစ်အရောင်ခြည် ○

အသည်းနှင့် ကျောက်ကပ်အတွက် ကရင်တိုင်းရင်းဆေး
[စောသိင်းလ] ၁၄
သမန္တကူရတောင်တော်မှ ဆေးဖက်ဝင် တောင်ကြာပွင့်ကြီး
နှင့်သိရှိသူ ပညာရှင် သုတေသီများ ဖော်ထုတ်ပေးစေချင်
[ခင်ခင်ဝင်း–မောရဝတီ] ၁၂၁

⁂ တိရစ္ဆာန်အရောင်ခြည် ⁂

ကြွက်နှင့်ဘဲများ ကာလဝမ်းရောဂါ ဖြစ်နေပါသလား
[ဆရာသညာမှူး] ၂၃
အဘိုးပြောသော မြို့ရာပုံပြင်များ[ခွာနာလျှာနာပျောက်
ဂါထာနှင့် ကုသနည်း] [သက်တော်စောင့်–နမ္မတီး] ၂၀၁





ဆရာတော်ကြီးကို
တိုင်တည်ပြီး
သစ္စာပြုကြည့်ပါလား... ◆ စာ-၂၆



သမန္တကူရတောင်ပေါ်တွင်
ထူးခြားသော ဆေးဂမုန်းနွယ်
ကြာပန်းကြီးများ ပေါက်နေပါသည်... ◆ စာ-၁၂၂






www.burmeseclassic.com

www.burmeseclassic.com



ရှင်စောပုယာနံ့ရဲ့
အံတော်ရှုယ်ဖို့
ယိုက်လို့ ရှာရတာ... စာ-၉၀



ဂင်းကျိုက်
ဘုရား
တောင်စောင်းမှ
လှိုဏ်ဂူ
သည်
အဓိဋ္ဌာန်
နေရာလေးဖြစ်သည်...
စာ-၉၀

တန့်ကြည့်တောင်ပေါ် ရောက်ရင်
ကျောက်နဂါးကြီးရဲ့ မျက်လုံးကို
သေသေချာချာ ကြည့်ရင်းက... စာ-၃၃




## ကြည်ညိုခြင်းရောင်ခြည်

မြတ်စွာဘုရားပုံတော်ပေါ်ပြီး ရောင်ခြည်တော်လွှတ်ခဲ့သည့်
အံ့ဖွယ်ထူးခြား မြသိန်းတန်ဘုရား
[ရွှေမှော်ဗြေ မောင်ကြည်သိန်း] ၄၁

## အောင်မြေရောင်ခြည်

စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ အောင်မြေနှင့်
ရှိခိုးပူဇော် ဂါထာတော်များ(၄၇)(သက်န်းနက်ဘုရား)
[အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၁၀၅

## ထီဗေဒရောင်ခြည်

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလတွင် ထီထိုးလိုက
ရွေးချယ်ပါ ဤဂဏန်း [ဆရာရဲထက်] ၂၁၃
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလတွင်
ထီဆုကြီးများ ဆွတ်ခူးနိုင်ဖို့ [ထက်မင်းကျော်စွာ] ၂၂၄

## စိုက်ပျိုးရေးရောင်ခြည်

စိုက်ပျိုးပင်များ ကြီးထွားသန်စွမ်းစေသည့်
အချဉ်ဖောက်ဘက်တီးရီးယား
Lactic Acid Bacteria Serum(LAB or LAS) [တနိုင်းခ] ၁၄၁

## အင်းဗေဒရောင်ခြည်

ရွှေငွေပျောက်လျှင် မီးစာတိုက် ဆင်ပါ [ဇော်မြင့်-မြင်းခြံ] ၁၈၉
သတ္တဝီသစေ အင်း [နေထွန်း] ၂၀၂

## ပုဂ္ဂိုလ်ထူးရောင်ခြည်

မထွင်လမ်းပေါ်က ပါရမီရှင် [ဘဘမှုံ-ဖျာပုံ ဖရာဝိ ၆] ၂၆
မြဝတီမြို့ တောရကျောင်းဆရာတော် အရှင်စန္ဒာသီရိအား
ပူဇော်ဂါရဝပြုခြင်း(၂) [စံထွန်းသာ] ၄၉
သမိုင်းအခိုင်အမာနှင့် ရှေးဟောင်း တနင်္သာရီမြို့က
ခန္ဓာကိုယ် မပုပ်မပျက်သော ဝက်ဘာဆရာတော်ကြီး
ဦးဥတ္တမ(၄) [ခင်ခင်ဝင်း-မောရဝတီ] ၆၅

## ထူးခြားဆန်းကြယ်ရောင်ခြည်

ယုံပါ၏ ပုံပြင်မဟုတ်ပါ
[အောင်လှသန်း-မြန်မာ့အသေးစားချေးငွေလုပ်ငန်း] ၇၀
သမာဓိ တည့်မတည် ပရလောကသားများ
စမ်းသပ်လေသလား [ညီမင်းထက်-မြန်မာစာ] ၂၃၈
ကိုယ်တိုင် ဖမ်းခဲ့ဖူးတဲ့ ဘီလူး [သတိုးဝဏ္ဏသီရိ] ၂၄၁
လူ့ပြည်မှ ကြင်ဖော်ခေါ် ချင်သော
ညောင်ပင်စောင့် နတ်စိမ်းမ [ကျောင်းတော်ရာ မောင်လှ] ၂၄၉
အရဟံဂုဏ်တော်ကြောင့် ရောဂါဆိုး ပျောက်ကင်းခဲ့ရခြင်း
ဖြစ်ရပ်ဆန်း [စကြီတောင် သူတော်-စဥ့်ကူးမြို့နယ်] ၂၉၀
သာမညတောင်ဆရာတော် ဖူးမြော်ရန်
သွားရောက်ခဲ့စဉ်က ထူးခြားဖြစ်ရပ်များ [သွေးနေနီ] ၂၉၂


www.burmeseclassic.com

www.burmeseclassic.com


### ❖ ဝိဇ္ဇာဓမ္မရောင်ခြည် ❖

ရတနာ့ဂူ အဘိုးကြီးထံမှ အိပ်မက်ရ ကျောက်ဘုရား
[စည်သူကျော်နိုင်] ၁၆၉
ကိုယ်တွေ့ကြုံလို့ ယုံရသည်(၃) [နှင်းပုလဲသူ] ၃၀၂

### ✂ နေ့စဉ်သုံးအဟောကမ်းညွှန်ရောင်ခြည် ✂

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွက်
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ [ဟူဂျင်းဖီ] ၆၃
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွင်း
နေ့ကောင်းရက်သာ ရွေးချယ်ပါ [သုခစုစံ-ကျိုက်လတ်] ၈၇
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွင်း
လာဘ်လာဘ ရွှင်လန်းကြပါစေ [ထက်မင်းကျော်စွာ] ၁၇၆
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း [ဆရာ ရောင်ခြည်] ၂၁၄

### ✧ ဗြိန်ဟော့ဗိုးရားပညာရောင်ခြည် ✧

ပိဋကတ်သင်္ချာကိန်းနှင့် ကုန် အပေါ်အရှားတွက်နည်း
[ကောင်းခန့်-သခွတ်မြေ၊ ဝက်လက်] ၁၉၄

### ◆ ကျန်းမာရေး ဓာတ်စာရောင်ခြည် ◆

(၁၂)လရာသီ နက္ခတ်ဓာတ်စာ တန်ဆောင်မုန်းလ
(ဗြိစ္ဆာရာသီ-Scorpio) နက္ခတ်ဓာတ်စာ ဆောင်ရန်ရှောင်ရန်
ဆေးဖက်ဝင် အစားအစာများ [ဆရာ မင်းချမ်းသာ] ၁၆၅
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ကျန်းမာရေးအတွက်
အကြံပေးချက်များ [ဆေးသုတေသီ] ၁၉၂

### ● ပရလောကရောင်ခြည် ●

ထူးဆန်းသော အိမ်ကြီးနှင့် ပရလောကသား(၁)
[ရွှေနှံ ကြူကြူအေး] ၂၃၃
ပရလောကသားနှင့် ချိန်ခွင်လျှာ [ရဲနိုင်ဦး-ပဲခူး] ၂၄၈
ကျွန်တော့်ကိုယ်တွေ့ ပရလောကသားများ
အတွေ့အကြုံနှင့် ဘဝအသိအပြောင်းအလဲ(၁)
[ဦးဉာဏ်] ၂၅၇
အိမ်တွင်းနတ် ကိုးကွယ်မှုနှင့် ပတ်သက်၍
[ဦးစိုး-မတ္တရာ] ၂၈၁
ညောင်ပင်ငုတ်တို တစ္ဆေ
[ပညာစက္က မင်းလက်ယာအောင်] ၂၈၅
နတ်ဖိုးတစားကောင်းလို့ သေဆုံးရသူများလား
[ဦးကိုလေး-ထန်းတပင်၊ ဇီးကုန်း] ၃၀၅
[illegible]


သက်တမ်း
၁၅၀
ကျော်
ထူးခြား
မန်ကျည်းပင်
အား
သက်နှင်းနတ်
ဘုရားရှေ့ရှင်...
စာ-၁၁၁



အသည်း
နှင့်
ကျောက်ကပ်
ရောဂါများ
သက်သာ
ပျောက်ကင်း
စေသည့်
အပင်
ဖြစ်သည်...
စာ-၁၄




ဒီငှ(လို) တစ်ကောင်က
သေနတ်နဲ့ပစ်ရင် မထိဘူးလို့
ဒီဒေသမှာ သတင်းကြီးခဲ့တယ်...
စာ-



www.burmeseclassic.com

www.burmeseclassic.com



◆ မြသိန်းတန်စေတီကုန်းတော်

ဇင်သိုင်ယံ

ရွှေတောင်မြေမှ

# မယ်တော်ကျေးဇူးပြေ စေတီများ (၁)

နောက်ခံဖြစ်စဉ်

...နော်ရထာမင်းစောသည် နောင် ...စုတ္တတေးမင်းကို စီးချင်းထိုး၍ ...ပြီးသော် ခမည်းတော်(ကြောင်း ...ဟန်းပြုရာ)ကျောင်းသို့ သွား၍ ...ပြီပါ''ဟု တောင်းပန်တော်မူ...

...ည်းတော်လည်း **''ငါလဲ အရွယ် ... အမောင် မင်းပြုလော့''**ဟု ...မူသျှင် သက္ကရာဇ် ၃၇၉ ခုနှစ် ...နော်ရထာမင်းစော နန်းတက်၍ ... နေပြည်တော်ကို စိုးစံ၏။

...ည်းတော်နှင့် မယ်တော်သုံးပါး **(မြောက်ပြင်သည်၊ အလယ်ပြင်သည်၊ တောင်ပြင်သည် ထိုသုံးပါးတွင် ''မြောက်ပြင်သည်'' မိဖုရားသည် အနော်ရထာမင်းစော၏ မယ်တော်ရင်းဖြစ်၍ ''အလယ်ပြင်သည်''သည် ကျည်စိုးမင်း၊ ''တောင်ပြင်သည်''သည် စုက္ကတေးမင်းတို့၏ မယ်တော်ရင်း ဖြစ်လေသည်။)**တို့ နတ်ရွာစံသောအခါ ခမည်းတော် ကြောင်းဖြူမင်း၏ အမိဋ္ဌာန် စေတီတော်အား ပြန်လည် မွမ်းမံကာ ရွှေတောင်နယ်တွင် မယ်တော်တို့အား ရည်စူး၍ စေတီသုံးဆူကို တောင်မြောက်စီတန်း၍ တည်ဆောက် ပူဇော်လေသည်။

ကြောင်းဖြူမင်းသည် နန်းကျဘုရင် တန်နက်မင်း၏ ရင်သွေးတော်ဖြစ်ကာ စလေငခွေးရန်ကြောင့် မိခင် တိမ်းရှောင်ရစဉ် မွေးဖွား၏။ အရွယ်ရောက်သော် **''လက်ထုပ်''**အရပ်တွင်**''ကွမ်းဆော်''** (အခွန်ကောက်ခံရသူ အမှုထမ်း)အဖြစ် မင်းကြီးထံ ခစား၏။

ကြောင်းဖြူမင်းသားသည် လက်ထုပ်အရပ်ရှိ စောင်ချမ်းပင်အောက်တွင် မယ်တော် ထုပ်ပေးလိုက်သည့် ...

www.burmeseclassic.com



▲ မြသိန်းတန်စေတီအဝင်မုခ်ဦး



မြသိန်းတန်စေတီရုပ်ပွားတော် ▶

စာထုပ်ကို စားတိုင်း စောင်ချမ်းပင်စောင့်နတ်အား စားဦးကို တင်လေ့ရှိသည်။ ထို့ကြောင့် စောင်ချမ်းပင်စောင့်နတ်က...

'သင် ဘုန်းကြီးလိုသော် သရဏဂုံပဥ္စသီကို မြဲစွာဆောက်တည်လေ၊ သစ္စာစကားကို မှန်ကန်စွာ သုံးလေ၊ အနုသာသတီဆယ်ပါးကို တစ်နေ့မှာ နှစ်ထောင်ရအောင် စီးဖြန်းလေ'

ဟု ကိုယ်ထင်ပြကာ ဆို၏။ဆိုသည့်အတိုင်း မြဲ၍ ပြည့်ရှင်မင်း ဖြစ်လာသောအခါ စောင်ချမ်းပင်အနီးတွင် အမိဌာန်ဘုရားကို တည်ဆောက် ပူဇော်ခဲ့ခြင်းဖြစ်သည်။

## စေတီတော်များဆီသို့

ဤသို့လျှင် နောက်ခံဖြစ်စဉ်များအရပုဂံသို့ ရှင်အရဟံမကြွမီ ကွမ်းဆော်ကြောင်းဖြူမင်း လက်ထက်ကပင် သာသနာတော် ပွင့်လင်းလျက်ရှိကြောင်း သိရကာ အနော်ရထာမင်း၏ မယ်တော်များကို ရည်စူး ကျေးဇူးဆပ်သည့် စေတီများရှိရာသို့ သွားရောက်ပူဇော်ဖြစ်ခဲ့သည်။

ညောင်ဦးမြို့ အရှေ့မြောက်ယွန်းယွန်း၌ လက်ပံခြေပေါ်ကျေးရွာရှိ၏။ ရောဝတီတံတား(ပခုက္ကူ)သည် လက်ပံခြေပေါ်ရွာအနီးမှ သွယ်တန်း ဆောက်လုပ်ထားခြင်းဖြစ်သည်။

လက်ပံခြေပေါ်ရွာ၏ အရှေ့(၄)မိုင်ခန့်အကွာ ညောင်ဦး–မြင်းခြံ ကားလမ်းနံဘေးတွင် လက်ထုပ်ကျေးရွာနှင့် ကြောင်းဖြူမင်း၏ အမိဌာန်စေတီ ကိန်းဝပ်တော်မူသည်။

အနော်ရထာမင်း ကောင်းမှုပြုသည့် စေတီသုံးဆူတည်ရာ ရွှေတောင်နယ်ကား လက်ပံခြေပေါ်ကျေးရွာအုပ်စုသရက်ကုန်းရွာ၊ မြောက်ဖက်တန်းရွာနှင့် ခဲလန်းကန်ရွာသုံးရွာ၏ ရွာဦးယိပ်ရောဝတီမြစ်ကမ်းနံဘေးတွင် ရှိလေသည်။

စေတီသုံးဆူသည် မြောက်ဘက်



www.burmeseclassic.com

www.burmeseclassic.com



▲ အနီးကပ် မူးမြော်ရသည့် ရှေးရုပ်ပွားတော်



▲ ရှေးရုပ်ပွားမူလပုံတော်

ရောဝတီမြစ်ကမ်း၌ မြပုခက်စေတီ၊ အလယ်မြသိန်းတန်စေတီနှင့် တောင်ဘက်စွန်း၌ မြေရွှေဂူစေတီဟူ၍ စီတန်းစံပယ်တော်မူကြလေသည်။

ရွှေတောင်နယ်နိမိတ် "ကျုံး" အပိုင်းအစအချို့ တွေ့မြင်နိုင်၍ ကမ်းပြိုစဥ်၊ လယ်ထွန်စဥ် ရွှေတိုရွှေစ လက်ဝတ်တန်ဆာအချို့ ရရှိကြသည်ဟု သိရ၏။

ညောင်ဦးမြို့မှ (၁၂)မိုင်ခန့်အကွာ အဝေးတွင် ရှိသော စေတီသုံးဆူအား သွားရောက် လေ့လာကြည့်ရှုသော အခါ တောင်ဘက်အစွန်ရှိ "**မြရွှေဂူ**" စေတီတော်မှာ ပြိုပျက်ပျောက်ကွယ်သွားပြီဖြစ်ကြောင်း သိရသည်။

အလယ်ရှိ မြသိန်းတန်နှင့် မြောက်ဘက်ရှိ မြပုခက်စေတီ နေရာတို့ကိုသာ ဖူးတွေ့ရသည်။

## မြသိန်းတန်စေတီ

စေတီတော်အား မကြာလှသေးသည့် နှောင်းခေတ် ပြင်ဆင်မှုလက်ရာအဖြစ် ဖူးတွေ့ရသည်။ မူလစေတီမှာ ကာလကြာရှည်သဖြင့် ပြိုပျက်လျက်ရှိရာ လက်ပံခြေပေါ်ရွာကျောင်း ဆရာတော် ဦးဆောင်ကာ ပြန်လည်မွမ်းမံခဲ့ကြသည်။

၁၃၅၂ ခုနှစ်၊ တပို့တွဲလဆန်း(၁၁) ရက်နေ့တွင် ပြန်လည် မွမ်းမံခဲ့ကြခြင်းဖြစ်သည်။ အရှေ့ဘက်လှည့်မုခ်ပါကုလားကျောင်းတိုက်မ ခံကာ ပစ္စယံသုံးဆင့်အထက် ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသည်။

ပြိုပျက်နေသော စေတီ၏ နောက်ဆုံးဖူးမြင်ရသော ပုံစံအတိုင်း ပြန်လည်တည်ဆောက်ထားခြင်း ဖြစ်ကြောင်း သိရသည်။ မွမ်းမံမှု မပြုမီက ပြိုပျက်နေသည့် စေတီပုံစံကို ဓမ္မသာလာအတွင်း ချိတ်ဆွဲထားသဖြင့် မှတ်တမ်းပြုခဲ့သည်။

စေတီလိုဏ်အတွင်း၌ ခေတ်လက်ရာတင်ပျဥ်ခွေရုပ်ပွားတော် တစ်ဆူ စံပယ်တော်မူသည်။ မူလရုပ်ပွားတော်မှာ နှစ်အတန်ကြာကပင် ပျောက်ပျက်သွားခဲ့ပြီဟု ဆိုကြသည်။

## ဘုရားဖူးမြေများ

လိုဏ်အတွင်း ပလ္လင်ခြေ လက်ယာ



www.burmeseclassic.com

www.burmeseclassic.com





ပေါ်တော်မူ ရုပ်ပွားတော်
စံပယ်ရာမှန်လိုက်

ရှင်ပြပေးသူ ကိုမျိုးဝင်းနိုင်



ရုပ်ပွား ပုံစံတူ ဆင်းတု စံပယ်ရာ တန်ဆောင်းငယ်

ပလ္လင်အောက်တွင် မြင်ရသော မြွေ







www.burmeseclassic.com

www.burmeseclassic.com






ပုံစံတူဆင်းတုနှင့် ပထမမြွေကြီး

ပေါင်ခွင်ထက်မေးတင်နေစဉ်

ပုံစံတူ ဆင်းတုအား လွှမ်းခြုံထားစဉ်

ပထမမြွေကြီး ရုပ်ကြွင်း





ဘက် ကြမ်းပြင်တွင် မြွေကြီးတစ်ကောင် ခွေနေသည်ကို တွေ့ရသည်။ စေတီတော် မွမ်းမံပြီး၍ (၅-၂-၂၀၁၂)ရက်နေ့တွင် မြွေမကြီး တစ်ကောင်သည် စေတီလိုဏ်အတွင်း ဝင်ရောက်ကာ ဘုရားဖူး နေဟန် ရုပ်ပွားတော်ဆီသို့ ဦးခေါင်းတူရူပြုနေသည်။

လူများကို ဒုက္ခပေးခြင်းမရှိ သာသနာပြုရန် လာရောက်ခြင်း ဖြစ်ကြောင်း အိပ်မက်ဖြင့် အသိပေးကာ သူ့အမည်မှာ စောနန်းဒေဝီ ဖြစ်သည်ဆို၏။ ထိုမြွေမကြီးသည် (၆)လတိတိ ကြာမြင့်သည့် (၂-၈-၂၀၁၂)ရက်နေ့ ၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်နေ့နံနက် သုံးနာရီအချိန်တွင် သေဆုံးသွားသည်။

**ရွှေလ ဆက်ဖတ်ပါရန်**

**ဖင်ညိုငယ်**



www.burmeseclassic.com

www.burmeseclassic.com

သက်နိ်းညီနောင်အနီး လမ်းခွဲမှ ဝင်သွားရသော ကွင်းကလေးရွာသို့ ဒုတိယအကြိမ်မြောက် ရောက်ခဲ့ပြန်သည်။

ကိုခင်မောင်သန်းက သူစားနေကျ ကွမ်းသီးနီများ ကုန်သွားသဖြင့် ဒေါ်နုတောင်တန်း၏ ကွမ်းသီးအိုးဖြစ်သော ကွင်းကလေးရွာသို့ လာရောက်ဝယ်ယူခြင်းဖြစ်သည်။

ယခင်တစ်ခေါက်က သိကျွမ်းခဲ့သော ဦးဘကြွယ်က ငယ်ပေါင်းသူငယ်ချင်းများကဲ့သို့ အားရဝမ်းသာ ကြိုဆိုရှာသည်။

ထိုစဉ်တွင် ဆိုင်ကယ်တစ်စီးက အိမ်ရှေ့သို့ ရောက်လာ၏။ ဆိုင်ကယ်ပေါ်မှ လူက လှမ်း၍ နှုတ်ဆက်၏။

'ဝေ့...နင်တို့ မျက်စိလည်လာသလား၊ တစ်ခါမှ မရောက်ဘူးတဲ့လူတွေ'

'ဟာ... ကိုကွာလာ... လာဗျာ မိတ်ဆက်ပေးရဦးမယ်။ သူက ကျွန်တော်တို့ထက် အတန်းကြီးတယ်။ ပန်းချီသန်းထိုက်ရဲ့ အစ်ကိုပါ။ အစ်ကိုသူက ကျွန်တော်တို့ ငယ်သူငယ်ချင်း ကိုကွာလာတဲ့။ ကျောင်းပြီးကတည်းက အခုမှ တစ်ခါဆုံဖြစ်တော့တယ်'

'ပန်းချီဆရာကတော့ တစ်ကျောင်းလုံးက သိကြပါတယ်။ ဒါထက် အစ်ကိုအလည်လာတာလား'

'ကျွန်တော့်ကို ကူညီရင်း ရေးကွက်ရှာရင်းပေါ့ စာရေးဆရာလေ'

'ဘာစာရေးသလဲ ဆောင်းပါးလား ဝတ္ထုလား ကလောင်နာမည်က'


'ဟုတ်ကဲ့ နယ်လှည့်အယ်ဒီတာပါ'

'ဟိုး...ကျွန်တော်သိပြီ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမြဲဖတ်တယ်။ အမေရိကန်ရောက်သွားမှ မဖတ်ဖြစ်တော့တာ'

# အသည်းနှင့် ကျောက်ကပ်အတွက်

ကရင်တိုင်းရင်းဆေး

တောသိင်းလ



အသည်းနှင့် ကျောက်ကပ်ရောဂါများ

ကျောက်ကပ်အသည်း ကုလားရှဉ်ပေါင်



www.burmeseclassic.com

www.burmeseclassic.com

'သူက အမေရိကန်လဲ ရောက်သွားသေးတယ်။ ညှိနိုင်ငံသား (၅)နှစ်ပြည့်ရင် ဆက်နေချင်နေ၊ မပျော်လို့မနေနိုင်ရင်လဲ ဌာနေပြန်လို့ရတယ်'

'ဟုတ်တယ်၊ မနေနိုင်လို့ ပြန်လာတာ မကြာသေးဘူး။ ရောက်ရောက်ချင်း အချစ်တုံး တူတော်မောင်က အသည်းကင်ဆာတဲ့။ ဒီက ဆေးစစ်ချက်တွေ အားမရလို့ ဘန်ကောက်သွားပြီးစစ်ကြည့်တယ်'

'ဘာပြောလဲ ကင်ဆာမဟုတ်လောက်ပါဘူး'

'ဟုတ်တယ်၊ (၆)လကြာရင် တစ်ခေါက်ပြန်လာပြပါတဲ့။ ဆေးတွေပေးလိုက်တယ်။ ကျွန်တော်တို့ကိုတော့ တီးတိုးမှာတယ် (၅)လထက်ပိုပြီး မခံတော့ဘူးတဲ့'

'အိုး...စိတ်မကောင်းစရာဘဲ'

'ရွာပြန်ရောက်တော့ သေမယ့်တူတူ ရိုးရာဆေးနည်းနဲ့ ကုကြည့်မယ်။ ကောင်းလာရင် အမြတ်ပဲဆိုပြီး အဘိုးရဲ့ ဆေးနည်းနဲ့ ကုကြည့်တယ်'

သူ၏အဘိုးကား ကရင်တိုင်းရင်းဆေးဆရာကြီးဖြစ်သည်ဆို၏။

'ဆေးက ကိုယ်အလေးချိန်ရဲ့ ငါးရာပုံတစ်ပုံကိုပဲ သုံးရတယ်။ ဒီကောင်က ထောင်ထောင်မောင်းမောင်း ဟဲဗီးဝိတ်၊ ပုံမှန်ပေါင်(၂၀၀)ကျော်ပေမယ့် ရောဂါသည်ဆိုတော့ ပေါင်(၁၄၀)ပဲ ရှိတော့တယ်။

ဝိသာချိန် (၄၀)ကျော်ပေ့။ (၅၀၀)ပုံ တစ်ပုံဆိုတော့ (၈)ကျပ်သားကို နေ့တိုင်းသောက်ရတယ်။

တစ်လပြည့်တော့ ဆေးချိန်(၁၀)ကျပ်သားလု ဝ,လာတာလေ။ လေးလပြည့်တဲ့အခါ ပုံမှန်အလေးချိန် ပေါင်(၂၂၀) ပြန်ရလာတယ်'

'ဘာဆေးလဲ ပြောပြလို့ရမလား'

'ပြောပြမလို့ဘဲ... မြန်မာလို မပြောတတ်လို့'



❀ ကွင်းကလေးအပြင်(ထီးမူးထ)ရွာသား ကိုကွာလာ

ကိုကွာလာက ဦးဘကြွယ်အား ကရင်ဘာသာဖြင့် လှမ်းပြော၏။သူလည်းမြန်မာလို မသိကြောင်း ပြန်ဖြေ၏။ ***(ကရင်စကားကို ထမင်းစားရေသောက်မျှ တတ်သဖြင့် မှန်းဆကြည့်ခြင်းဖြစ်သည်။)***

'နောက်တော့ ဆေးပင်ယူပြမယ်။ အဲဒီ (၆)လပြည့်တော့ ဘန်ကောက်သွားပြီး ဆေးစစ်ရတယ်။ ဆရာဝန်တွေလဲ အံ့သြနေတယ်။ သူတို့ မှန်းဆသလို မဖြစ်ပါလားပေါ့။

သူတို့ညွှန်တဲ့ ဆေးတွေကို ဆက်သောက်ပါ။ ဒါပေမယ့် ဆယ်ပုံတစ်ပုံလောက် လျှော့ပစ်လိုက်တယ်။ ရှစ်ဆယ်ရာခိုင်နှုန်းလောက် ပြန်ကောင်းလာပြီ ပြောတယ်'

'နောက်ထပ် ဆေးစစ်သေးသလား ကိုကွာလာ'

'ဟင့်အင်း... ပြန်လာကတည်းက ဆေးတွေကို လွှင့်ပစ်လိုက်တယ်။ အဘိုးဆေးကိုပဲ ဆက်သောက်တယ်။ ပြန်လဲမပြတော့ဘူး။ အခု တစ်နှစ်ကျော်ပြီ ဒေါင်ဒေါင်မြည်ပဲ'

ကိုကွာလာက ထိုဆေးပင်ကို အနီးအနားတွင် ရှာဖွေသော်လည်း မတွေ့ရသဖြင့် ဆိုင်ကယ်ဖြင့် ထွက်သွားသည်။ ကွမ်းတစ်ယာညက်ခန့်တွင်ပင် ပြန်ရောက်လာသည်။

ခရစ်ယာန် ဘုရားကျောင်းဝင်း၌ပေါများစွာ တွေ့ရသည်ဆို၏။ ထိုဆေးပင်ကား မော်လမြိုင်နယ်တွင် "**ကုလားချဉ်ပေါင်**" သို့မဟုတ် "**ကုလားကြိတ်မှန်**"ဟုခေါ်၏။ မူလတန်းကျောင်းသားဘဝက ကျောက်သင်ပုန်းမှစာများကို ဖျက်၍ရသဖြင့်"**ကျောက်သင်ပုန်းပင်**"ဟုလည်း ခေါ်ခဲ့၏။

ထိုအပင်ကို လူနာ၏ ကိုယ်အလေးချိန် ငါးရာပုံ တစ်ပုံ(ပေါင် ၁၈၀=၅၀ ဝိသာဆိုပါက ၁၀ ကျပ်သား)ကို ယူရ၏။ သဲများ စင်အောင် ဆေးကြော၍ အရည်ညှစ်ယူသည်။ ပြီးလျှင် နှပ်နှပ်စဉ်းကာ သတ္တုရည်နှင့်အတူ သောက်သုံးရ၏။ တစ်နေ့တစ်ကြိမ် ဖြစ်သည်။

အဘိုး (ကရင်တိုင်းရင်းဆေးဆရာ)၏ အဆိုအရ လူ့ခန္ဓာတွင် အမိုက်ပုံးနှစ်လုံးရှိ၏။ **အသည်းနှင့် ကျောက်ကပ်**ဖြစ်သည်။ အမှိုက်ပုံးရှိ အမှိုက်များကို မသွန်၊ မလှယ်ပါက စုပုံပိုလျှံနေသကဲ့သို့ အသည်းနှင့် ကျောက်ကပ် မကောင်းပါက လူ့ခန္ဓာကိုယ်တွင်း၌ ဥပဒ်ဖြစ်စေသည့် အမှိုက်သရိုက်၊ အဆိပ်အတောက်များ စုပုံကာ ခန္ဓာကိုယ်အား ဒုက္ခပေးတော့သည်။

ထိုဆေးပင်သည် အသည်းနှင့် ကျောက်ကပ်အား သန့်ရှင်းစေ၏။ လုပ်ငန်းကိစ္စများကို ကူညီပေး၏။ ထို့ကြောင့် အသည်း၊ ကျောက်ကပ်နှင့် ပတ်သက်သော ရောဂါဝေဒနာများအတွက် အထက်ပါအတိုင်း သောက်သုံးပေးရသည်ဆိုလေသည်။

**ကွင်းကလေး (အပြင်ရွာ)ခေါ် ထီးမူးထရွာမှ ကိုကွာလာအား အထူးကျေးဇူးတင်ရှိစွာဖြင့်...**

**စောသိင်းလ**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် **0412 YR 004687**

လိုင်စင် ၇/၂၀၀၈၊ တဆဆလ (တိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (တနယ်ဖင်း) ၁၃၀/ဝ၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ၊ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်၊ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်၊ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ၊ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား၊ လူသားတိုင်း ကျန်းမာဖို့ ခေတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်၊ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်၊ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ,ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်၊

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို တင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့၊ ကျွန်တော်လည်း သုံးမယ်ဗျာ၊ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိပေးနေပါပြီ၊

**ပင်ရင်း - မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း


အမှတ်-ရ/၃၅၆၊ မေတ္တာဝိလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၁၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)



www.burmeseclassic.com

www.burmeseclassic.com



◆ လယ်သာဟိန်းရွှေဂူကြီးကို ကိုက်တစ်ရာခန့်အကွာမှ တွေ့မြင်ရပုံ

# လယ်သာဟိန်းရွှေဂူကြီး နှင့်

## စိတ်ဝင်စားဖွယ်ရာများ (၁)

ဒေါက်တာ (LL.B)

၂၀၁၆ ခုနှစ်၊ ဧပြီလ(၁၈)ရက် မြန်မာလို နှစ်ဆန်း(၂)ရက်နေ့တွင် **ဘီးလင်းမြို့နယ်၊ လေးကေ့ရွာ သာသနာ့မာန်အောင်ကျောင်းမှ ဆရာတော် ဘဒ္ဒန္တနန္ဒမာလာက** လိုက်ပါပို့ဆောင်ပေးသဖြင့် **လယ်သာဟိန်းရွှေဂူ**သို့ ကျွန်ုပ် ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။

အချိန်အားဖြင့် နံနက်(၁၀)နာရီခွဲ အချိန်ဖြစ်သည်။ လေးကေ့ရွာ၏ မြောက်ဘက်(၄)မိုင်ခန့် ကွာဝေးသော' ကြောင့် မော်တော်ဆိုင်ကယ်များဖြင့် သွားကြရသည်။

**"လယ်သာဟိန်း"** ဆိုသည်မှာ မြန်မာစကားလုံးဖြင့် အနီးဆုံး အသံတူ အလှယ်ထားခြင်း ဖြစ်ပါသည်။ သူတို့ အသေခံအသံထွက်မှာ **"လေ့သာ**



◆ လယ်သာဟိန်းတောင်ထိပ်ကို အဝင်မြေနီလမ်း (၄)ဖာလုံခန့်က တွေ့မြင်ရပုံ

**ဟေး"**ဟု နားမှာ ကြားရသည်။

**လေ့**=ကျောက်တောင် ဟူ၍ အဓိပ္ပါယ်ရှိပြီး၊ **သာဟေး**=စိတ်ဆိုး သည်ဟူ၍ အဓိပ္ပါယ်ရှိခြင်းကြောင့် **"စိတ်ဆိုးသော ကျောက်တောင်"** ဟူ၍ အဓိပ္ပါယ် ပြန်ဆိုနိုင်လိမ့်မည်။





www.burmeseclassic.com

www.burmeseclassic.com



လယ်သာဟိန်းတောင်ထိပ်ရှိ
ဆံတော်ရှင်စေတီတော် ▶

ဤဒေသခံတို့မှာ စဂေါကရင်တိုင်းရင်းသားများ ဖြစ်ကြ၏။ ရှေးအခါက ဤတောင်ခြေလိုဏ်ဂူဝနှင့် မနီးမဝေးမှာ "လေ့သာဟေးရွာ" တည်ရှိခဲ့ကြောင်း သိရသည်။ **ယခုတော့ ထို "လေ့သာဟေးရွာ" မရှိတော့ပါ။**

လယ်သာဟိန်းတောင်၏ မြောက်ဘက် (၄)မိုင်ဖာလုံခန့် မြေနီလမ်းထိပ်မှ ဓာတ်ပုံရိုက်ယူလိုက်သောအခါ တောင်ထိပ်မှာ နွားကျောကုန်းပေါ်က ဘိုနှင့် သဏ္ဍာန်တူသော တောင်ထိပ်အမြင့်ဆုံးအပိုင်းကို တွေ့မြင်ရပါသည်။

ထိုတောင်ထိပ် အမြင့်ဆုံးအပိုင်းတွင် စေတီတော်(၁)ဆူကို ဖူးမြင်ရသဖြင့် ကင်မရာဖြင့် အနီးကပ်ဆွဲယူကာ ဓာတ်ပုံရိုက်ကူးလိုက်သည်။

ထိုစေတီတော်မှာ မောလိုဇိုကျေးရွာသူကြီး ဘုရားဒကာ ပိုးထိခေါ်နှင့် ရွာသူရွာသားများ၏ ငွေအား,လူအား စိုက်ထုတ်မှု၊ မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇန၏ ကြိုးပမ်းအားထုတ်မှုဖြင့် ၁၃၅၃ ခုနှစ်က စတင် ပြုပြင်တည်ထားခဲ့ခြင်းဖြစ်သည်။

ထိုတောင်ထိပ်မှာ ပေပေါင်း(၄၇၀၀) ကျော် မြင့်မားမတ်စောက်ပြီး တက်ရောက်ရန် ခက်ခဲလှသည်။ ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဆံတော်(၁)ဆူကို ဌာပနာ၍ တည်ထားသည့် ရှေးဟောင်းကျောက်စေတီ ပြိုပျက်နေသည်ကို ပြန်လည်ပြုပြင်ထားခြင်းဖြစ်သည်။

တောင်ထိပ်ပေါ်တွင် **ဆံတော်စေတီ၊ ဗုဒ္ဓရုပ်စေတီ၊ သဏ္ဍာထုပစေတီ** ဟူ၍ စေတီတော်(၃)ဆူရှိသည်။

◆ လယ်သာဟိန်းဂူကြီးအတွင်း
ညာဘက်မြင်ရ ကျောက်စက်မိုးမျှော်အလှ





လယ်သာဟိန်းဂူကြီးအတွင်းမှ
သဘာဝကျောက်စက်မိုးမျှော် ထိုင်ခုံကြီး ▶



www.burmeseclassic.com

www.burmeseclassic.com




◄ လယ်သာဟိန်းရွှေဂူကြီး လက်ခံဆောင် ဧည့်ခန်းဆောင်

ဗုဒ္ဓရုပ်ပံစေတီနှင့် သက္ကတူပစေတီတို့မှာ အသစ်တည်ထားခြင်းဖြစ်သည်။ စေတီတော်များမှာ ၁၃၅၄ ခုနှစ်တွင် ထီးတော်တင် ပြီးစီးသည်။

ထို တောင်ထိပ်ဆံတော်ရှင်စေတီတော်၏ သမိုင်းအကျဉ်းမှာ မဟာသက္ကရာဇ် ၁၃၀ ပြည့်နှစ်တွင် ယောနကတိုင်း၊ ဇင်းမယ်မြို့သို့ ဂေါတမဗုဒ္ဓ မြတ်စွာဘုရားရှင်နှင့် နောက်ပါ ရဟန္တာ (၅၀၀)တို့ ကြွရောက်လာစဉ်၊ ကမ္ဘောဇတိုင်းမှ သုဓနုဘုရင်နှင့် မိဖုရားဒွေးမယ်နော်တို့ ဖိတ်ကြားသဖြင့် ကမ္ဘောဇဒေသသို့ မြတ်စွာဘုရားရှင်နှင့်နောက်ပါ ရဟန္တာတို့ ကြွရောက်ကာ (၇)ရက် သီတင်းသုံးပြီး တရားဓမ္မ ဟောကြားဆုံးမခဲ့ပါသည်။

မြတ်စွာဘုရား ပြန်ကြွခါနီးတွင် သုဓနုဘုရင်၏ တောင်းခံခြင်းကြောင့် မြတ်စွာဘုရား ဆံတော်(၉)ဆူ ချီးမြှင့်ပေးသနားတော်မူခဲ့သည်။

ထိုဆံတော်များကို မိဖုရား(၉)ပါးအား ဝေငှကာ ထိုမိဖုရားတို့ ဒေသရှိ ရသေ့ကြီးများမှ ဦးဆောင်ပြီး ကျောက်စေတီများ တည်ထားကိုးကွယ်စေခဲ့သည်။



▼ လယ်သာဟိန်းရွှေဂူကြီးအနီးမှ ရုပ်တုများ

ထို ကျောက်စေတီ(ဆံတော်စေတီ)တို့ တည်ရှိသော နေရာဒေသတို့မှာ ယခုခေတ်အခါတွင် အောက်ပါအတိုင်း ဖြစ်ကြပါသည်။

၁။ မီးပိုးတောင်(ရွှေအင်ဒုံစေတီ)–ကမမောင်းမြို့ အနောက်ဘက်(၈)မိုင်ခန့် ဖာပွန်ခရိုင်၊ ကရင်ပြည်နယ်။




◄ လယ်သာဟိန်းရွှေဂူကြီးအတွင်း ညာဘက် အမှောင်ခန်းမှ ထူးဆန်းသော ကျောက်စက်ပန်းဆွဲနှင့် ကျောက်စက်မိုးမျှော်



www.burmeseclassic.com

www.burmeseclassic.com



ဂူရှည်ကြီး၏ အဝင်ဝမှ အတွင်းဘက်သို့ မြင်ရပုံ

၂။ ရွှေအံတော်တောင် (ရွှေဆံတော်စေတီ)-ဖာပွန်မြို့၊ အနောက်တက်ကမ်းရွာ၊ ကရင်ပြည်နယ်။

၃။ ကြိုကြီးတောင်(သိဒ္ဓိပါလစေတီ)-ရွှေဖလားကျေးရွာအုပ်စု၊ ဖာပွန်မြို့နယ်၊ ကရင်ပြည်နယ်။


၄။ တာခုလော်ကြိုးတောင် (ဆကေသ ဆံတော်ရှင်) - ဘိုလန်ရွာ၊ ဖာပွန်မြို့နယ်၊ ကရင်ပြည်နယ်။

၅။ လေးကော့ကူတောင် (ဆကေသဆံတော်ရှင်စေတီ)[ယခုလယ်သာဟိန်းတောင်]-လေးကော့ရွာအနီး ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။

၆။ မယ်ကစောတောင် (ဒသဗလဆံတော်ရှင်စေတီ) - စေးဘောကလိုးကျေးရွာအုပ်စု၊ လှိုင်းဘွဲ့မြို့နယ်၊ ကရင်ပြည်နယ်။

၇။ မယ်တော့ကြိုးတောင်(ဆကေသ ဆံတော်ရှင်စေတီ)-မအဲကျေးရွာအုပ်စု၊ လှိုင်းဘွဲ့မြို့နယ်၊ ကရင်ပြည်နယ်။

၈။ ထိုးဖားစီးကြိုးတောင် (မြန်မာလို ခွေးအိပ်တောင်) [ကျောက်စေတီဟောင်းကို ပြန်ပြင်ပြီး၊မပြီး မသိရသေးပါ] - စုကလိမြို့နယ်၊ မြဝတီခရိုင်၊ ကရင်ပြည်နယ်။



ဂူလိုဏ်ရှည်ကြီး၏ အရှေ့ဘက်အဝင်ဝ

၉။ ဆင်တော်မတောင် (ကမ္ဘာလုံးငြိမ်းအေး ဆံတော်ရှင်စေတီ) - နန်းမယ်ခုံကျေးရွာ၊ ဒီမောဆိုးမြို့နယ်၊ ကယားပြည်နယ်၊

ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ဆံတော်များ ကိန်းဝပ်ရာ ရှေးဟောင်းကျောက်စေတီများ အားလုံးကို မြိုင်ကြီးငူဆရာတော် ဘဒ္ဒန္တသုဇနမှ ဦးဆောင်ပြီး ပြန်လည်ပြုပြင်နိုင်ရန် ကြိုးပမ်းခဲ့သည်။

ဆရာတော်ကိုယ်တိုင် အသက်အန္တရာယ်များစွာ ကြုံခဲ့ရသလို၊ တပည့်ဒကာအချို့မှာ အသက်စတေးခံခဲ့ရခြင်းများပင် ရှိခဲ့သည်။

လက်နက်ကိုင်အဖွဲ့များ ကြီးစိုးသော



www.burmeseclassic.com

www.burmeseclassic.com



◆ လိုဏ်ဂူညီကြီး အတက်လမ်း ဂူဝတွင် ရွှေဂူဝတောရကျောင်းဆရာတော် ဦးပညောဘာသနှင့် လေးကော့ သာသနာ့မာန်အောင်ကျောင်းဆရာတော် ဦးနန္ဒမာလာတို့ အမှတ်တရ

ဒေသများဖြစ်ခြင်း၊ အချို့မှာ ဘာသာခြားများ ဖြစ်ကြခြင်း၊ ခရီးလမ်း ခက်ခဲကြမ်းတမ်းခြင်း စသည်ဖြင့် အနှောင့်အယှက် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရပေသည်။

ကျွန်ုပ်ကား လယ်သာဟိန်းတောင်ထိပ်သို့ မတက်ရောက်နိုင်သဖြင့် အဝေးမှ ဖူးမြင်ရသော ဆံတော်ရှင်စေတီတော်ကိုသာ ဖူးမြော်ကန်တော့လိုက်ရပါသည်။

မြေနီလမ်းအတိုင်း မော်တော်ဆိုင်ကယ်များ မောင်းနှင်သွားပြီး လယ်သာဟိန်းရွှေဂူဝ ကျောင်းအောက်တွင် ရပ်နား၍ ဂူဝမျက်နှာစာကို ဓာတ်ပုံရိုက်ယူသည်။

ဂူဝမှာ မြောက်အရပ်သို့ မျက်နှာလှည့်သည်။ ဂူဝတွင် ''ရွှေဂူဝဘုရား'' ဟု ဘွဲ့အမည် ရေးထိုးထားသည့် စေတီငယ်တစ်ဆူကို ဖူးတွေ့ရသည်။

ဂူဝမှ ပေတစ်ရာခန့်တွင် ရွှေဂူဝကျောင်းနှင့် ဆွမ်းစားကျောင်းတို့ရှိသည်။ **လယ်သာဟိန်းရွှေဂူကြီးကို စောင့်ရှောက်နေသည့် ဆရာတော် ဦးပညောဘာသကို** ဖူးမြင်ရသည်။

ဆရာတော်မှာ **သက်တော်(၅၃) နှစ်၊ သိက္ခာတော်(၁၂)ရှိပြီး** ဤဂူဝကျောင်းတွင် အမြဲနေထိုင်သီတင်းသုံးသည်မှာ (၅)နှစ်မျှသာ ရှိသေးသည်။

ရှေးအခါက ဤနေရာမှာ ကေအင်ယူ လက်နက်ကိုင်အဖွဲ့များ နေထိုင်သော တပ်မဟာ(၁)နှင့် အလွန် နီးကပ်ပြီး မြေမြှုပ်မိုင်းများ၊ တိုက်မိုင်းများ ရှိသဖြင့် မည်သူမှ မလာရောက်နိုင်ပေ၊

ဆရာတော်မှာ ယခု သုဝဏ္ဏဝတီမြို့၊ ယခင် ကျိုက္ကော်အုပ်စု၊ နန်းတောင်းရွာဇာတိ၊ ကရင်+ပအိုဝ်း ဖြစ်သည်။

"ဒီရှေးဟောင်းကျောက်ဂူကြီးထဲမှာ ရှေးအခါက ဗုဒ္ဓဘာသာ စေတီ,ဘုရား,ရုပ်ပွား,ရုပ်တုတွေ အလွန်များပြားတယ်လို့ ဘိုးဘွားတွေက ပြောပြခဲ့ဖူးတယ်။

နောက်တော့ ဘာသာခြား လက်နက်ကိုင်အဖွဲ့အစည်းတွေ ဒီကို ရောက်လာတော့ လူသူအရောက်အပေါက် အသွားအလာမရှိတော့ဘဲ စေတီ,ဘုရား,ရုပ်ပွား,ရုပ်တုတွေ ပျက်စီး ပျောက်ဆုံးခဲ့ရတယ်။

အဲဒီနောက် သစ်တောကြိုးဝိုင်း သူဌေးကြီး ဦးဖိုးထိန်ဆိုသူက ဒီလိုဏ်ဂူတော်ကိုပြန်လည်ပြုပြင်စောင့်ရှောက်ပေးခဲ့တယ်၊

ဗုဒ္ဓရုပ်ပွားတုတွေကိုလဲ တတ်နိုင်သမျှ ပြန်လည် ပြုပြင်တည်ထားပေးခဲ့တယ်။ ဒီကျောက်လိုဏ်ဂူကြီးထဲမှာ ကေအင်ယူ တပ်မင်းဗိုလ်မင်းထင် နေထိုင်ခဲ့တဲ့အတွက် လင်းထင်ကျောက်ဂူလို့ ဒီဒေသမှာ လူသိများပါတယ်'

ရွှေဂူဝတောရကျောင်း ဆရာတော် ဦးပညောဘာသမှ ကျောက်လိုဏ်ဂူအတွင်းသို့ လိုက်လံ ပြသပေးရင်းရှင်းပြခြင်း ဖြစ်ပါသည်။

လိုဏ်ဂူကြီးမှာ အရှေ့,အနောက် ပေ(၁၅၀)ခန့် ကျယ်ပြီး၊ အတွင်းသို့ ပေ(၅၀)ခန့်ကျယ်ကာ၊ အမြင့် ပေ(၃၀)ခန့်သာရှိသော တစ်ဖက်ရပ်ဂူကြီး ဖြစ်ပါသည်။

သို့သော် ဂူတွင်းမှာ အမှောင်ခန်းများလည်းရှိသည်။ ပြန်လည်ပြုပြင်ထားသော ဗုဒ္ဓရုပ်ပွားတော်များကို သပ္ပါယ်စွာ ဖူးတွေ့ရသည်။

လိုဏ်ဂူအတွင်း ညာဘက်ခြမ်း အမှောင်ဂူတွင်းမှာ အလွန်လှပဆန်းကြယ်သော ကျောက်စက်မိုးမျှော်များနှင့် ကျောက်စက်ပန်းဆွဲများရှိသည်။

'ဟော...ဟိုမှာ ကျောက်ထိုင်ခုံကြီး'

ဆရာတော် ညွှန်ပြပေးသော နေရာမှာ ကျောက်စက်မိုးမျှော်၏ ပုံသဏ္ဌာန်က ဆိုဖာထိုင်ခုံနှင့် အလွန်တူပါသည်။

'အင်္ဂလိပ်တွေ မြန်မာနိုင်ငံအောက်ပိုင်းကို သိမ်းပိုက်အုပ်ချုပ်ခဲ့တဲ့ အချိန်က ဒီလိုဏ်ဂူကြီးမှာ ရတနာပုံဆရာတော်ကြီး သီတင်းသုံးခဲ့ဖူးကြောင်း ဘိုးဘွားတွေ ပြောပြဖူးတယ်၊

ဒီသဘာဝကျောက်ထိုင်ခုံကြီးမှာလဲ ဆရာတော် ထိုင်ပြီး တရားဟောဖူးတယ်လို့ သိရတယ်'

**ရှေ့လ ဆက်ဖတ်ပါရန်**

***စေတနာမှန်လျှင် ကံကောင်းမည်။***

***အောင်ဇေ(LL.B)***



www.burmeseclassic.com

www.burmeseclassic.com

# မဲဇလီဆရာတော်ကြီး ချီးမြှင့်တော်မူသော

## ဂါထာမန္တန်(၃)ပုဒ်

ဟင်္သာတ ဗဟိဂူ

အမျိုးများရှိသော သောင်ဘုတ်ကျေးရွာသို့ ကျွန်တော် အလည်အပတ်သွားခဲ့ပါသည်။

ရောက်ပြီး နောက်တစ်ရက်တွင် မဲဇလီကျေးရွာသို့ သွားခဲ့ပါသည်။

မဲဇလီကျေးရွာသို့ မဲဇလီကျောင်းထိုင်ဆရာတော် ဦးပညာဝရထံသို့ ရောက်သွားပါသည်။

ဘုရားအား ကိတ်မုန့်ကပ်လှူပြီး ဆရာတော်ကိုလည်း ကိတ်မုန့်နှင့် အခြားမုန့်များကို ကပ်လှူပူဇော်ရှိခိုးပြီး အထွေထွေသော တရားစကားများ၊ လောကီရေးရာ အာလာပသလ္လာပ စကားများကို ပြောရင်း ဗိန္ဒော၊ ဗေဒင်၊ အင်္ဂရတ်၊ အင်း၊ ဆေး၊ ဂါထာ အကြောင်းများ ပါဝင် ပြောဆိုကြရာတွင်…

'မင်းကွယ် ဂါထာမန္တန်တွေ ယုံကြည်ပြီး ဝါသနာထုံရင်တော့ ဘုန်းဘုန်း ဂါထာမန္တန် (၂)ပုဒ်၊ (၃)ပုဒ်လောက် ပေးရဦးမယ်'

ဆရာတော်ကြီးမှာ ထိုနယ်တစ်ဝိုက်၌ ပယောဂ၊ မြွေ၊ အင်း စသည်များ အစွမ်းထက်မြက် ပေါက်ရောက် ကျော်ကြားလျက်ရှိသော ဆရာတော်တစ်ပါး ဖြစ်ပါသည်။

ဆရာတော်မှ ဂါထာမန္တန်ပေးမည့် အမိန့်ရှိသဖြင့် ကျွန်တော် အလွန်ဝမ်းသာပြီး…

'တင်ပါ့ဘုရား… တပည့်တော် ရေးမှတ်ပါ့မယ် ဘုရား'

'အေးကွယ်… ရေးမှတ်ပေါ့၊ ဒါပေမယ့် ဂါထာမန္တန်ရွတ်တဲ့အခါမှာ ဗိမ် ဆောက်တည်တဲ့ ကံတစ်ပါး,ပါး သစ္စာကို အမြဲဌာန် အပ်တယ်။

ဗိမ်ပြုဖူးတဲ့ ကောင်းမှုကုသိုလ်ကို အာရုံပြုသင့်တယ်။

အင်းဝိဇ္ဇာ၊ ဂါထာမန္တန်ဝိဇ္ဇာတွေကို အာရုံယူ အပ်တယ်၊ ဘုရား အစရှိသည်တို့ကိုလဲ ဦးထိပ်ပန်ဆင် အပ်တယ်၊

ပျောက်ကင်းချမ်းသာပါစေဆိုတဲ့ မေတ္တာစေတနာလဲ ထားအပ်တယ်။ သမာဓိလဲ တည်ကြည်အပ်တယ်။

တုန်လှုပ်ကြောက်ရွံ့ခြင်းလဲ ကင်းရတယ်။ စူးစိုက်နက်နဲတဲ့ စိတ်အာရုံလဲ ရှိသင့်တယ်။

ဌာန်ကရိုဏ်း ဂရု လဟု အာဗန္ဓ ပုဒ်ဖြတ် ပုဒ်ဆက်နဲ့ စကားလုံးတွေ ပီသရမယ်၊

နောက် ရွတ်စဉ်၊ မန်းမှုတ်စဉ်မှာ ပါးစပ်ထဲမှာ ဆေးငုံခြင်း၊ ကွမ်းငုံခြင်း၊ အစာစား ဝါးနေခြင်းတွေကိုလဲ ရှောင်ရတယ်၊

အဲဒီလို အချက်တွေ ပြည့်စုံရင် ဘယ်ဂါထာမန္တန်မဆို အစွမ်းထက်မြက်တော့တာပါပဲ ကွယ်။ မှတ်မိလား'

'တင်ပါ့ မှတ်မိပါတယ် ဘုရား'

'နောက်ကွယ်…ဂါထာမန္တန်တွေကို အလွတ် ကြေကြေညက်ညက် ရနေဖို့ လိုတယ်။ ထစ်ငေါ့နေရင် တယ်မကောင်းဘူးကွယ့်'

'တင်ပါ့ ဘုရား'

'ကဲ… ကဲကွယ်… လိုက်ပြီးရေးတော့၊ မှတ်တော့'

ဟု အမိန့်ရှိကာ အောက်ဖော်ပြပါ…

၁။ လာဘ်ဝင်ဂါထာမန္တန်

'ဥုံ နကုနကု ဗုဒ္ဓေါပီယံ ဓမ္မောပီယံ သံဃော ပီယံ အာဂစ္ဆန္တု အာဂစ္ဆန္တု အာလောက် လောက် အာလောက်လောက် သွားဟာ'

ဆန်တစ်စလယ်ကို ညဉ့်ဦးယံက (၃၇)အုပ်မန်းပြီး ချက်ရပါသည်။ နောက် ယင်းထမင်း(၃)ဆုပ်ကို ထိုဂါထာမန္တန်ဖြင့် (၃၇)အုပ် မန်းရပါသည်။

ထိုမန်းပြီး ထမင်းဆုပ်ကို ကျေးစာ(ကျီးစာ)ကျွေးရပါသည်။ ထိုအခါ စားပြီး ထိုကျီးပြန်ရာအရပ်မှ လာဘ်ဝင်ပါသည်။

ထိုဂါထာမန္တန်ကို ဆရာတော်က ရွတ်ဆိုပြရာ ကျွန်တော်က လိုက်၍ ရေးမှတ်ပါသည်။ ပြီးလျှင် အောက်ပါ ဂါထာမန္တန်ကို ပေးပါသည်။

၂။ အနာမန်းမန္တန်

'ဥုံ ပေါက်ပင်ပေါ် ပေါက်သီးတွဲလွဲ ရွှေယုံ သေသွားကြဲကြဲ'

ထုံးကို လိုသလောက် ယူ၍ ယင်းဂါထာမန္တန်ဖြင့် (၃၇)အုပ်မန်းပြီး ဘင်နာ၊ ဆုံဆို့နာ၊ ယုံသမာနာတို့ကို လိမ်းပါ ပျောက်နေကျ ဖြစ်ပါသည်။

ထို့နောက် ဆရာတော်မှ အောက်ဖော်ပြပါ ဂါထာမန္တန်ကို ဆက်လက် ရွတ်ပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၃။ သွေးပင်းလေပင်း အလုံးအကျိတ်
မန်းမန္တန်

'ဦ အာကာသေ အာကာသေ ဒေဝတာ ဒေဝတာ ဝိုအတတ်မဟုတ် ကုမ္ဘဏ်ယက္ခ ဘီလူးမင်းအတတ် သွားဟ'

ကျွန်းသားမီးသွေးကို ယင်းဂါထာ မန္တန်နှင့် (၇)အုပ် မန်းရပါသည်။ ပျဉ်ပြားတစ်ချပ်ပေါ်တွင် ယင်း မန်းပြီး မီးသွေးနှင့် ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇ (တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ)ဟု ဆို၍ ဂဏန်း(၇)လုံးကို အစဉ်လိုက် ရေးရပါသည်။

ထိုရေးပြီး ပျဉ်ပြားကို ရင်ညွန့်အစ၊ ဝမ်းဗိုက်အလယ်၊ ဆီးစပ်အဆုံး တစ်နေရာစီ မှောက်တင်၍ နင်းပေးရပါမည်။

ယုံကြည်စွာ အသုံးပြုပါ။ လက်တွေ့ ပျောက်ပါသည်။

'ကဲကွယ်... ဒီတစ်ခေါက်တော့ ဒီဂါထာ မန္တန်(၃)ပုဒ် ရေးမှတ်ပြီး အလွတ်အရ ကြေညက်အောင် ကျက်မှတ်ပြီး လက်တွေ့ အသုံးပြု ဟုတ်လား၊ လာဘ်လာဘ အဖိုး အခ မတောင်းနဲ့၊ ကာယကံရှင်က ကျေးဇူး သိတတ်လို့ ကန်တော့ရင်တော့ ယူ ဟုတ် လား၊ ဗီဇိတဒါနလို့ သဘောထားပြီး ကြုံကြိုက်ရင် ကုသပေးပါ'

'တင်ပါ့ ဘုရား'

'စိတ်ချရတဲ့ ပုဂ္ဂိုလ်တွေ့ရင် ဒီဂါထာ မန္တန်ကို တစ်ဆင့်ဝေငှပေးနိုင်ပါတယ်'

'ဆရာတော်ဘုရား **ဂါထာနဲ့ မန္တန်** ဆိုတာ အတူတူပဲလားဘုရား'

'အေးကွယ်... **ဂါထာဆိုတာက ဘုရားစကားတော် ပါဠိတွေကွယ့်၊ မန္တန်ဆိုတာကတော့ ပါဠိပါရင်လဲပါ မယ်။ မပါရင်လဲ မပါဘူး။ အခု နံပါတ်(၂)အနာမန်းဟာ ဂါထာ မဟုတ်ဘူး။ အဲဒါမန္တန်**လို့ ခေါ်တယ်'

'တင်ပါ့ ဘုရား...သိပါပြီ ဘုရား'

ထိုသို့ဖြင့် အခြားအခြား စကားများ ပြောကြားပြီး ဆရာတော်နှင့် ဘုရား အား ဦးချကန်တော့ပြီးလျှင် ကျွန်တော် တို့သည် ပြန်လာခဲ့ပါတော့သည်။

နဂ္ဂတ္တရောင်ခြည်မဂ္ဂဇင်း မိတ်ဆွေ အပေါင်းတို့ကို လိုလျှင် အသုံးပြုနိုင် ပါစေရန် မေတ္တာစေတနာဖြင့် တင်ပြ လိုက်ပါသည်။

***အားလုံး ကျန်းမာချမ်းသာ အရာရာ အဆင်ပြေကြပါစေ။***

**ဟသ်ာတ ဗတိက္က**

# ကြက်နှင့် ဘဲများ

## ကာလဝမ်းရောဂါ ဖြစ်နေပါသလား





ကြက်နှင့် ဘဲများသည် ပိုးပါသော အစာ,ရေတို့ကို စားသောက်မိရာမှ ကာလဝမ်းရောဂါ ဖြစ်တတ်ပါသည်။

ရောဂါပြင်းထန်လာပါက အိပ်တန်း မှ လိမ့်ကျ၍ သေတတ်ပါသည်။ ရောဂါ မပြင်းထန်သေးမူ အခြား ကြက်၊ ဘဲ တွေနှင့် ရောနှောမနေတော့ဘဲ တစ်ကောင်တည်း ခွဲပြီးနေလေ့ရှိ၏။

အတောင်များ ကုပ်နေတတ်၏။ အစာ မစားတော့၊ နှာသီးဖျားမှာ မည်း နေတတ်၏။ ပါးစပ်မှ အမြှုပ်များပင် ထွက်ကျလာတတ်၏။

ဝမ်းသွားစမှာ အဝါရောင်ဖြစ်သော်လည်း တဖြည်းဖြည်း အစိမ်းရောင်၊ အနီရောင် ဖြစ်သွားတတ်ပါသည်။ စအို တစ်ဝိုက်ရှိ အမွေးတွေမှာ ချေးများ ကပ်နေတတ်ပါသည်။

ထိုကဲ့သို့ ကာလဝမ်းရောဂါ ဖြစ်နေသော ကြက်တွေ၊ ဘဲတွေကို ဆေးရည်တိုက်ကျွေးပြီး ကုသနိုင်ပါသည်။

**ထိုဆေးနည်းမှာ...**

ပင်စိမ်းရွက်၊ ဆင်တုံးမနွယ်နှင့် တမာပင်ခေါက်တို့ကို အလေးချိန် ဆတူချိန်စက်၍ ရေ (၆၀)ကျပ်သားနှင့် (၃)ပုံ (၁)ပုံကျန်အောင် ကျိုရပါမည်။

ထိုဆေးရည်ကို တိုက်ပေးပါ။ အစာတွင်လည်း ထိုဆေးရည် အနည်းငယ်ထည့်ကျွေးပါ။ ကြက်တွေ၊ ဘဲတွေတွင် ဖြစ်နေသော ကာလဝမ်းရောဂါ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

**[ဤဆေးနည်းကို ပြောပြပေးသောမိတ်ဆွေကြီးဦးတင်ချစ် (တီ/မွေး/ကု)အား အထူး ကျေးဇူးတင်လျက်...]**

**ဆရာသညာမှူး**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့

# သမားအိုဆေးတိုက်

မြန်မာ့နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဆရာစံ(သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို သမားတော်ကြီး ဦးနွယ်၏မြေး သမားတော် ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး)၊ ဇနီးဒေါ်ကျင်သိန်းမိသားစု (သမားအိုဆေးတိုက်) မှ အကြောင်းပြု ပေါင်းစုလျက် သမားအိုအမှတ်တံဆိပ် မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက်ရှိပါသည်။

**မှထုတ်လုပ်သော အစာအိမ်ရောဂါသောက်ဆေး၊ ပါရမီရှင်ချောင်းဆိုးပျောက်ငုံဆေးပြား၊ ငှက်ဖျားရောဂါသောက်ဆေး၊ ယားနာရောဂါသောက်ဆေး၊ အပြေကျော်လေဆေးလျက်ဆား**



**ဦးစိန်ကောင်း၏**

**သမားအို** အမှတ်တံဆိပ်

**ငှက်ဖျားရောဂါသောက်ဆေး**

ဝရဘ Y၀၀၉၀ရ၅

ဤဆေးသည် ငှက်ဖျားနှင့် အဖျားရောဂါ အမျိုးမျိုးကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

ချွေးထွက်လျှင် အအေးပြန်မပတ်စေရန် အဝတ်နှင့် သုတ်ပေးရပါမည်။ မည်သည့်အဖျားမဆို ဆေးသောက်ပြီးပါက အအေးခံခြင်း၊ ပင်ပန်းစွာလှုပ်ရှားခြင်းတို့ကို ရှောင်ရှားသင့်ပါသည်။ ငှက်ဖျားနှင့် အအေးမိနှာစေးခြင်းတို့ကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲခြင်းများအတွက် သောက်သုံးနိုင်ပါသည်။

**ဒေါ်စင်စင်ထွေး၏**

**သမားအို အမှတ်တံဆိပ် အစာအိမ်ရောဂါသောက်ဆေး ဝရဘ Y၀၀၉၀ရ၄**

လူမှာအကျင့် ဝမ်းမှာအချင့် ဆိုသလို မသင့်သော အစားအစာများကို စားခြင်း၊ အချိန်မှန်မှန် မစားသောက်ခြင်း၊ အပူ၊ အစပ်၊ အချဉ်၊ အငန် စသည် အရသာများကို တာရှည်စွာ စားသောက်ခြင်း၊ ကြေညက်ခဲသော အစာများကို တာရှည်စွာစားသောက်ခြင်း၊ အလွန်အိပ်ရေးပျက်ခံသော်လည်း အစားပုံမှန် မစားခြင်း စသည့် အကြောင်းများ တာရှည်ရာမှ ပါစကဝမ်းပျက်ပြီး အစာအိမ်ရောဂါအမျိုးမျိုး ဖြစ်ပေါ်လာပါသည်။

ဤဆေးသည် အစာမကြေ၊ လေထိုးလေအောင့်၊ ရင်ပြည့်ရင်ကယ်၊ ရင်ခေါင်းနှင့် နံကြားတို့၌ ထိုးအောင့်နာကျင်ခြင်း၊ အစာအိမ် အချဉ်ပေါက်ခြင်း၊ အစာအိမ်ရောင်ခြင်း၊ နာခြင်း၊ ပျို့အန်ခြင်း စသည့် အစာအိမ် လေနာအမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။

**ဒေါ်စအေးအေးမူ၏**

**သမားအို အမှတ်တံဆိပ် ပါရမီရှင် ချောင်းဆိုးပျောက်ငုံဆေး ဝ၅၁၂ Y၀၀၉၆၉၆**

ဤဆေးသည် ရာသီအကူးပြောင်း၌ ဖြစ်တတ်သော ချောင်းဆိုးခြင်း၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ လည်ချောင်းနာ၊ လည်ချောင်းယား၊ အသံဝင်၊ အသံပျက်၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လည်ချောင်းနှင့် ရင်ဘတ်အတွင်း၌ သလိပ်များ ရွှဲရွှဲတက်ဖြစ်နေခြင်း၊ တရှဲရှဲမြည်နေခြင်းများကို ဆေးတစ်ပြားဆို ဆိုသလောက် သိသာလျင်မြန်စွာ သက်သာ ပျောက်ကင်းစေပါသည်။ ပထမတစ်ကြိမ်ငုံနေစဉ်မှာပင် ချွဲသလိပ်များ ထွက်လာပြီး ရောဂါများ သက်သာလာကြောင်းကို လက်တွေ့သုံးဆောင်ခြင်းက သက်သေပြပါလိမ့်မည်။ ဤဆေးသည် အသံကို အထူးကြည်လင်စေသဖြင့် အဆိုတော်များ၊ စာပေသင်ကြားပို့ချနေသူများ၊ အသံဖြင့် အသက်မွေးဝမ်းကျောင်းနေသူများနှင့် လူတိုင်း အိမ်တိုင်း မရှိမဖြစ် ဆောင်ထားရမည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဒေါ်နှင်းနှင်းကြည်၏**

**သမားအို** အမှတ်တံဆိပ် **ယားနာသောက်ဆေး** ဝရဘ Y၀၀၉၀ရ၂

ပိုးမွှားတိရစ္ဆာန်အချို့မှဖြစ်သော အဆိပ်သဖွယ် ယားယံမှုကြောင့်လည်းကောင်း၊ အပူ၊အစပ်၊အချို၊အဆိမ့် အရသာများ လွန်ကဲစွာစားသောက်ပြီး ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းကြောင့် လည်းကောင်း၊ ယခင်က ဝမ်းကိုက်၊သွေးပျက်၊ဝမ်းလျှော၊အသည်းရောင်နှင့် သည်းခြေနာအမျိုးမျိုးဖြစ်ခဲ့ဖူးရာမှ သွေး၊သည်းခြေ ဖောက်ပြန်မှုကြောင့် လည်းကောင်း၊ တစ်ကိုယ်လုံး အနှံ့အပြားမှာ ဝဲကဲ့သို့ ရေကြည်ဖုကလေးများဖြစ်ခြင်း၊ ပူစပ်ပူလောင်ယားယံပြီး အဖုအပိမ့်နှင့် အင်ပျဉ်များ ဖြစ်လာရပါသည်။ ဤဆေးသည် အထက်ပါ ယားယံခြင်း အမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာပျောက်ကင်းစေသည့်အပြင် သွေးသား ညီညွတ်စေပါသည်။

**ဦးသန်းဇော်၏**

**သမားအို အမှတ်တံဆိပ် အပြေကျော်လေဆေးလျက်ဆား ဝရဘ Y၀၀၉၀ရ၃**

လူမှာအကျင့် ဝမ်းမှာအချင့်ဆိုသလို မသင့်သောအခါ မသင့်သော အစားအစာများစားမိ၍ အစာတောက်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ မူးဝေအော့အန်ဝမ်းကျခြင်း၊ ဝမ်းချုပ်ခြင်း၊ အထက်လှန် အောက်လျှောဖြစ်ခြင်း စသည်တို့ဖြစ်ကာ အချိန်ကြာလာသော် ဝမ်းမီးနုံ့ရာမှ ဓာတ်လေးပါးပျက်ပြီး အခြားခြားသောရောဂါများ နောက်ဆက်တွဲ ဖြစ်ပေါ်စေတတ်ပါသည်။ အထက်ပါ အစားမှား၊ အစာအဆိပ်ဖြစ်ခြင်း၊ အစာတောက်ခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ် ဝမ်းရင်ထိုးအောင့်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစားမှား၍ သလိပ်ထခြင်း၊ အအေးမိ၍ ဖျားခြင်း၊ ရက်ခြားဖျားခြင်း၊ ချမ်းတစ်လှည့် ပူတစ်လှည့်ဖြစ်ခြင်း၊ ခြေဖဝါးလက်ဖဝါးပူခြင်း စသည့် ရောဂါများကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-ဝ၂၉၁၇) ဖုန်း-၀၉-၄၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်၊ ဖုန်း ၂၉၀၆၁၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# မဂ္ဂင်လမ်းပေါ်က ပါရမီရှင်

ဘာသာနွဲ့
(ဖျာပုံ-ဖရောဝို ၈)



◆ နန်းဦးဆရာတော်အရှင်သူမြတ်ကြီး ဦးသောဘဏ

**ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ ကျောက်ရဲကျေးရွာ၊ နန်းဦးကျောင်းဆရာတော် ဦးသောဘဏ** အရှင်သူမြတ်ကြီး၏ ထူးခြားဆန်းကြယ် အံ့ဖွယ်ဖြစ်ရပ်များကို...

**(၁၀)နှစ်မြောက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းအထူးထုတ်၊ (၂၃)နှစ်မြောက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းအထူးထုတ်နှင့် ၂၀၁၄၊ ဩဂုတ်လထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတို့၌** ကျွန်ုပ်ရေးသားခဲ့ပါသည်။

ထိုစဉ်က (စာမျက်နှာကို ငဲ့ရသဖြင့်) ဆရာတော်ကြီး၏ ထူးခြားချက်အချို့ကို ချန်လှပ်ခဲ့ရပါသည်။ ထိုသို့ ချန်လှပ်ခဲ့ရသည့် ထူးခြားချက်များအား ယခု စာဖတ်သူများ ရှေ့မှောက်သို့ အရောက်ပို့လိုက်ပါသည်။

*　*　*

**၁၃၆၁ ခုနှစ်၊ နွေဦးရာသီတွင်** ဂျိုဝါရွာမှ ဒေါ်သန်းသန်းသည် နန်းဦးကျောင်း၌ အဓိဋ္ဌာန်ဝင်လျက်ရှိသည်။ ညစဉ် အိပ်ချိန်ရောက်၍ အဓိဋ္ဌာန်ဝင်သူများ အိပ်ရာဝင်သွားကြသော်လည်း ဒေါ်သန်းသန်းကတော့ မအိပ်သေး။ ညဥ့်နက်သည့်တိုင်အောင် ကမ္မဋ္ဌာန်းတရားများ ပွားများလေ့ရှိသည်။


မည်သို့ပင် ကြိုးစား၍ ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်ပါသော်လည်း ခြင်ကိုက်လွန်းသဖြင့် ဒေါ်သန်းသန်းတစ်ယောက် သမာဓိ မရနိုင်ဘဲ ဖြစ်နေသည်။

ထိုအကြောင်းကို ဆရာတော်အား စိတ်ဖြင့်ပင် လျှောက်ထားပါသည်။ သို့သော် ကမ္မဋ္ဌာန်းထိုင်ရာ လုံးဝ ခြင်မကိုက်တော့ပါ။

*　*　*

ဂျိုဝါရွာ၌ နေထိုင်သော ဦးတင်ဝင်းသည် ညစဉ်ညတိုင်း အရက်သောက်ပြီး အော်ဟစ်ဆူပူ သောင်းကျန်းလေ့ရှိသည်။ ထိုစဉ်က ရ-ယ-က ဥက္ကဋ္ဌ ဦးမောင်နုနှင့် တာဝန်ရှိသူများက ချော့သော်လည်း မပျော့၊ ခြောက်သော်

www.burmeseclassic.com





◆ နန်းဦးကျောင်းတိုက်

◀ နန်းဦးဆရာတော်ကြီး ဦးသောဘဏ
အရိုးစေတီ(သို့မဟုတ်)လှမ်းစေတီ

လည်း မကြောက်၊ သို့ဖြစ်၍ ကျုံကျိုက်ရဲစခန်းသို့ ပို့ရန် ပဲ့ထောင်ဖြင့် ခေါ်ဆောင်သွားသည်။

ဦးတင်ဝင်းသည် ဆရာတော်ရှိရာသို့ မျက်နှာမူလိုက်ပြီး...

'ကျေးဇူးရှင် နန်းဦးဆရာတော်ဘုရား... သနားသဖြင့် တပည့်တော်အား ကယ်တော်မူပါ'

ဟု စိတ်နှင့်ပင် လျှောက်ထားလိုက်သည်။

ထိုစဉ် ပဲ့ထောင်ဦး၌ ဆရာတော်အား လျှပ်တစ်ပြက် ဖူးတွေ့လိုက်ရသည်။ ထိုခဏ၌ ဥက္ကဋ္ဌဦးမောင်နုသည် မည်သို့ စိတ်ပြောင်းသွားသည်မသိ ပဲ့ထောင်မောင်းသူအား ရွာသို့ပြန်လည်မောင်းနှင်ရန် ပြောလိုက်သည်။

*    *    *

ဒေါ်ရွှေတင်သည် ကျောင်းစုရွာ၌ နေထိုင်သည်။ တစ်နှစ်တစ်ကြိမ် နန်းဦးကျောင်း၌ အဓိဋ္ဌာန်ဝင်လေ့ ရှိသည်။ တစ်ခုသော ဆောင်းကာလတွင် ဒေါ်ရွှေတင် အဓိဋ္ဌာန်ဝင်သည်။

ထိုသို့ အဓိဋ္ဌာန်ဝင်နေစဉ် နန်းဦးကျောင်းဝိုင်းအတွင်းရှိ ရန်မျိုးအောင်စေတီတော်၏ ထီးတော်မှာ ရွှေရောင်ပျောက်လုမတတ် ဖြစ်နေသည်ကို သတိထားမိသည်။

ထိုစေတီ၌ ထီးတော်သစ် တင်လှူလိုစိတ်များ တဖွားဖွား ဖြစ်ပေါ်လျက်ရှိသည်။ သို့သော်လည်း စိတ်သာရှိ၍ ငွေကမရှိ၊ စားဝတ်နေရေးမှာလည်း လွန်စွာ ကျပ်တည်းနေချိန်ဖြစ်သည်။

ထိုအကြောင်းကို သူမနှင့်အတူ အဓိဋ္ဌာန်ဝင်သူများအား ပြောပြရာ ဂုံညင်းတန်းရွာသား ဦးသောင်းမှ...

'ဆရာတော်ကို တိုင်တည်ပြီး သစ္စာပြုကြည့်ပါလား'

ဟု အကြံပေးသည်။ ပေးသည့်အကြံအတိုင်း ဆရာတော်အား စိတ်ဖြင့်ပင့်သည်။

'ကျေးဇူးရှင် ဆရာတော်ဘုရား... တပည့်တော်မသည် ယယ်စဉ်တောင်ကျေး ကလေးဘဝမှစ၍ ပိုင်ရှင်မသိအောင် မည်သည့်ပစ္စည်းမှ ယူဆောင်ခြင်းမပြုခဲ့ပါ။ ဤမှန်သော သစ္စာစကားကို ဆိုရခြင်းကြောင့် ရန်မျိုးအောင်စေတီတော်မြတ်၏ ထီးတော်အကာ ဖြစ်ရပါလို၏ အရှင်ဘုရား'

ဟု တိုင်တည် သစ္စာပြုလိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com



▲ အဓိဋ္ဌာန်အောင်၍ ဦးလှတင် ထီးတော်သစ် တင်လှူခဲ့သော တိဿမေ့ရာဇာစေတီတော်



▲ (ဦးရှိန်)ဒေါ်လှတင် ထီးတော်သစ် တင်လှူခဲ့သော ရန်မျိုးအောင်စေတီတော်

မကြာလိုက်ပါ။ **(၁၆-၁-၂၀၀၀) ညနေတွင်** မမျှော်လင့်ဘဲ ငွေများ အလုံးအရင်းနှင့် ဝင်လာသည်။ သို့ဖြစ်၍ ၁၃၆၁ ခုနှစ်၊ တပို့တွဲလပြည့်နေ့တွင် ထီးတော်တင်လှူနိုင်ခဲ့သည်။

*　*　*

ဗိုလ်ကလေးမြို့နယ်၊ လှတောင် ကျေးရွာတွင် နေထိုင်သော ဦးတင်ဆန်း သည် ပွဲထောင်ကြီးတစ်စင်းအား တည်ဆောက်၏။ ထိုပွဲထောင်ကြီး ရေချသည့်နေ့တွင် ကားလမ်းမြေဖို့ လုပ်အားပေးများအား ကန့်ကော် တစ်ထောင်ဘုရားသို့ ပို့ဆောင်ပေးရ သည်။

ကန့်ကော်တစ်ထောင် ဘုရားသို့ ရောက်မီ ရေမြုပ်ငုတ်နှင့် တိုက်မိ၍ ပွဲထောင်တက်မ ကောက်သွား၍ အဆို ပါ ကောက်သွားသော တက်မမှ ပွဲထောင်ဝမ်းဗိုက်အား ခွဲလိုက်သဖြင့် ဝမ်းဗိုက်ကွဲသွားသည်။

ကွဲသွားသောနေရာမှ ရေများ ဒလဟော ဝင်ရောက်လာ၏။ နီးရာ သောင်ပြင်ပေါ်သို့ မောင်းတင်ခဲ့ရသည်။ ပွဲဦးထွက် ဖြစ်တာကြောင့် နိမိတ် မကောင်း၊ စိတ်မကောင်းပါ။ ကွဲသွား သော ဝမ်းဗိုက်အား ဖြစ်သလို ဖာထေး ပြီး ပွဲထောင်တစ်စင်း ငှားတွဲကာ ပြန် လာခဲ့ရသည်။

အိမ်သို့ ပြန်ရောက်၍ ပြန်လည် ပြင်ဆင်ပြီး ရန်ကုန်သို့ အငှားလိုက် သည်။ ရန်ကုန်သို့ ရောက်ခါနီး လက်ပန်ကုန်းအဝင်တွင် အင်ဂျင် ဘလောက် ကွဲသွားသည်။ အင်ဂျင် တစ်လုံးမှာရှိသည့် တန်ဖိုးကြီး ပစ္စည်း မှန်သမျှ ဘာမှ သုံးမရတော့ပေ။ ပွဲထောင်တစ်စင်းနှင့်တွဲကာ ပြန်လာခဲ့ ရပြန်ပါသည်။

အိမ်သို့ ပြန်ရောက်၍ ပြန်လည် ပြင်ဆင်ရာ ရက်အတော်ကြာမှ ပြန်လည်ကောင်းသွားသည်။ ငွေလည်း အတော်ကုန်သွား၏။ ကောင်းသော် လည်း မမောင်းရဲ၊ ''တစ်ခုခုဖြစ်လိမ့် မည်'' ဟု ထင်နေမိသည်။

**မိတ်ဆွေတစ်ဦးက အကြံပြုသဖြင့် နန်းဦးကျောင်းသို့ မောင်သွားပြီး ဆရာ တော်ကို လျှောက်ထားလိုက်သည်။ ဆရာတော်ကြီးက ပွဲထောင်အသိ၌ ပရိတ် တော်ကို ရွတ်ဖတ်ပေးတော်မူပါသည်။**

ခရီးထွက်လျှင် **ပွဲထောင်ဦးတွင်**



www.burmeseclassic.com

www.burmeseclassic.com

**တမာခက် ထိုးသွားရန် မှာကြား လိုက်သည်။** ထိုအချိန်မှစ၍ ယနေ့တိုင် ဦးတင်ဆန်း၏ ပွဲထောင် ဘာမှ မဖြစ်တော့ပေ။

ပရိတ်တော်တန်ခိုးသည် အနန္တပါ။ **ပွဲထောင်နှင့် တမာခက်** သည်လည်း ကက်ကင်း ဖြစ်လေသည်။ သို့ဖြစ်၍ ထူးခြားခြင်း ဖြစ်ပေလိမ့်မည်။

* * *

ရန်ကုန်၊ လသာမြို့နယ်၊ စဉ့်အိုးတန်းလမ်း၊ အမှတ်(၅၂) အပေါ်ထပ်တွင် နေထိုင်သော တရုတ်အမျိုးသား ဦးလုတင်(နိုင်ငံခြားဆေးဝါး ဖြန့်ချိရေး မင်္ဂလာဈေး)သည် နန်းဦးကျောင်းသို့ ရောက်ရှိလာသည်။

နန်းဦးကျောင်းဝိုင်းအတွင်းရှိ စေတီပုထိုးများအနက် **တိဿဓမ္မရာဇာ စေတီတော်မြတ်ကြီး၏** ထီးတော်မှာ ရွှေရောင်မှိန်စ ပြုနေသည်ကို တွေ့မြင်ရသည်။

လာရင်းကိစ္စ ပြီးစီး၍ ရန်ကုန်သို့ ပြန်တော့မည်။ ထို့ကြောင့် ဆရာတော်ကြီးအား ကန်တော့ပြီး...

'ဆရာတော်ဘုရား... တပည့်တော် လုပ်ငန်းသစ်တစ်ခု လုပ်ထားပါတယ်ဘုရား။ အဲဒီလုပ်ငန်းက အကျိုးအမြတ် ရခဲ့ရင် တိဿဓမ္မရာဇာ စေတီတော်မြတ်ကြီးကို ထီးတော်သစ် တင်လှူပါ့မယ်ဘုရား'

ဟု လျှောက်သည်။

'အင်း...အောင်မြင်မှာပါ ဒကာကြီး'

ဟု ဆရာတော်က လေးလေးတွဲ့တွဲ့ မိန့်တော်မူသည်။

မကြာမီရက်အတွင်း လုပ်ငန်းမှ အမြတ်အစွန်းရသဖြင့် စေတီတော်မြတ်ကြီးအား စိန်ဗိုလ်တင့်၏သား ပတ္တမြားဗိုလ်တင့် မင်္ဂလာဆိုင်းဖြင့် ထီးတော်သစ် တင်လှူသည်။

နန်းဦးကျောင်းသည် ခြေတံရှည်ကျောင်းဖြစ်သည်။ ကျောင်းအောက် သမံတလင်းတွင် ဧည့်ပရိသတ်များက ကြည့်ရှုပြီး၊ ကျောင်းဘေးကွပ်လပ်တွင် ပတ္တမြားဗိုလ်တင့်ဆိုင်းက တီးခတ်ဖျော်ဖြေသည်။

ကျောင်းပေါ် ပြတင်းပေါက်မှ အောက်တည့်တည့် ကြည့်လိုက်လျှင် ပတ္တမြားဗိုလ်တင့် ဆိုင်းတီးနေသည်ကို အနီးကပ် မြင်တွေ့ရသည်။

ညဉ့်နက်ပိုင်းတွင် လူရွှင်တော်များက ပြက်လုံးထုတ်၍ ဧည့်ခံနေသည်။ သို့ဖြစ်၍ ဆိုင်းဝိုင်းအတွင်း၌ ပတ္တမြားဗိုလ်တင့် နားခွင့်ရရှိနေပေသည်။ ထိုစဉ် ကျောင်းပေါ်ရှိ ပြတင်းပေါက်မှ ခေါ်သံကြားလိုက်သဖြင့် ပတ္တမြားဗိုလ်တင့် မော့ကြည့်လိုက်၏။

ဝတ်ဖြူစင်ကြယ်နှင့် ပုဂ္ဂိုလ်အား တွေ့ရသည်။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများနှင့်ဖြစ်သည်။ အသက် (၇၀)ကျော်ကျော်ခန့်ရှိမည် ထင်သည်။

ထိုပုဂ္ဂိုလ်က လက်နှစ်ဖက် ဖြန့်ခံထားရန်ပြောသည်။ ပတ္တမြားဗိုလ်တင့် လက်နှစ်ဖက် ဖြန့်ခံထားလိုက်သည်။ ထိုစဉ် ပစ္စလေးတစ်ခု လက်ထဲသို့ ညင်သာစွာ ကျလာသည်။ မြင်မြင်ချင်း အဆောင်တစ်ခုမှန်း သိလိုက်သည်။ (ထိုပစ္စည်း၏အစွမ်းကို နောင်မှ စာရေးသူ ကြားသိရပါသည်။)

ပြန်လည်မော့ကြည့်ရာ ဝတ်ဖြူစင်ကြယ်နှင့် ထိုပုဂ္ဂိုလ်အား မတွေ့ရတော့ချေ။ အဆိုပါ ပုဂ္ဂိုလ်အား နောက်တစ်နေ့နံနက်မှာ ပရိသတ်ထဲတွင် ရှာကြည့်သည် မတွေ့၊ ကျောင်းပေါ် တက်ကြည့်သည် မမြင်၊ ရွာခံလူများကို မေးကြည့်သော်လည်း မသိဟု ပြောကြသည်။

ဝိကုမ္ဘနာဂ္ဂဒ္ဒီ ပြီးမြောက်သူ ပုဂ္ဂိုလ်များသည် သဏ္ဍာန်အမျိုးမျိုး ဖန်ဆင်းနိုင်ကြပေသည်။ ယင်းကို တန်ခိုးဟုဆိုသည်။ ရှင်တော်မြတ်ဘုရား၏ သာသနာတော်တွင် တန်ခိုးသည် အဓိက မဟုတ်ကြောင်း(ပါရာဇိကဏ် နိဒါန်းကျမ်း၌) တွေ့ရှိရပေသည်။

လောကီတန်ခိုးကြောင့် ရှင်ဒေဝဒတ် ငရဲသို့ ကျရသည်ကို မည်သူမှ မငြင်းနိုင်ကြပေ။ ငါးပါးသီလမျှ မလုံသော်လည်း လောကီတန်ခိုး အမျိုးမျိုး ပြနိုင်ကြသော ပုဂ္ဂိုလ်များသည်လည်း လောကတွင် အများအပြား ရှိနေကြ၏။

မဂ္ဂင်မပါသော တန်ခိုးသည် တန်ခိုးရှင်နှင့် ကိုးကွယ်သူ နှစ်ဦးစလုံး တို့ပင် အကျိုးနည်းစေနိုင်ပါသည်။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း စူးစမ်းရှာဖွေရရှိသော သီလ၊ သမာဓိ၊ ပညာ၊ မဂ္ဂင်ရှစ်ပါး တရားသည်သာလျှင် သတ္တဝါများအား စစ်မှန်သော ချမ်းသာကို ပေးနိုင်သည့် **"အနုသာသနီ ပါဋိဟာရိယ"** အနှိုင်းမဲ့ တန်ခိုးတော်ကြီးဖြစ်ပေသည်။

ထိုသို့သော တန်ခိုးတော်ဖြင့် ဝေနေယျတို့အကျိုးကို သယ်ပိုးတော်မူခဲ့သော နန်းဦးဆရာတော် ဦးသောဘဏ အရှင်သူမြတ်ကြီးသည် **၁၃၆၈ ခုနှစ်၊ နတ်တော်လပြည့်ကျော်(၁၀) ရက် တနင်္ဂနွေနေ့ နေ့လယ်(၁၂) နာရီ သက်တော်(၇၈)နှစ်တွင် ခန္ဓာဝန်ကို ချတော်မူလေသည်။**

**ကျေးဇူးရှင် နန်းဦးဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာတို့အား ဦးစာစုဖြင့် ကန်တော့ပါသည်။**

**ဘဘမှူး**
*(ဖျာပုံ–ဇရာဝိ 6)*



www.burmeseclassic.com

www.burmeseclassic.com

# ရှေးခေါ်လာဘ်ခေါ်

စွမ်းသန့်



အောင်နန္ဒ (ကျိုက်လတ်)

လွန်ခဲ့သော နှစ်ပေါင်း(၂၀)နီးပါး ခန့်က ကျိုက်လတ်မြို့ (၉)လမ်းရှိ ဗေဒင်ပညာရှင် ဆရာကြီးဦးစိန်လှိုင်၏ နေအိမ်၌ သင်ကြားသော ဗေဒင် သင်တန်းတွင်ဖြစ်ပါသည်။

ဗေဒင်သင်တန်းသားက အားလုံး ပေါင်း (၃)ဦးသာ ရှိပါသည်။ ဆရာက ကျွန်ုပ်တို့အား ဗေဒင်ပညာရပ်များ သင်ကြားပေးနေခိုက် ဗေဒင်မေးမည့် သူတစ်ဦး ရောက်ရှိလာပါသည်။

အသားဖြူဖြူ၊ အရပ်အနည်းငယ် ပုကာ အသက်(၄၀)ကျော် အမျိုးသမီး တစ်ဦးဖြစ်ပြီး မေးစေ့အလယ်တည့်တည့်တွင် မှဲ့တစ်လုံး ထင်ထင်ရှားရှား ပါရှိပါသည်။

ဆရာသည် သင်ကြားနေခြင်းကို ခေတ္တရပ်လိုက်ကာ ဟောပြောရာ စားပွဲသို့ ထသွားပြီး အဆိုပါ အမျိုးသမီးအား ဗေဒင်ဟောနေပါသည်။

ကျွန်ုပ်တို့(၃)ဦးလည်း ဆရာဟောပြောနေသည်ကို နားစွင့်နားထောင်နေကြပါသည်။ အတန်ကြာသော် ဗေဒင်မေးမြန်းသူ အမျိုးသမီးကြီးသည် ဆရာ့အား...

'ဆရာ...ကျွန်မ လက်ဖက်ရည်ဆိုင် ဖွင့်ထားပါတယ်။ အဲဒါ ရောင်းအားကောင်းအောင် လာဘ်ခေါ်ဈေးခေါ် ယတြာကောင်းကောင်းလေး ပေးပါ ဆရာ'

ဟု ယတြာတောင်းလေရာ ဆရာက...

'ငါပေးမယ့်ယတြာက 'စွမ်းတာကတော့ တအားစွမ်းတယ်။ တစ်ခုတော့ ရှိတယ်။ နင် နေ့တိုင်းလုပ်ရမှာ၊ လုပ်နိုင်ပါ့မလား'

ဟု ပြန်၍မေးလေလျှင် အမျိုးသမီးက

'လုပ်ပါ့မယ် ဆရာရယ်၊ ရောင်းအားကောင်းမယ်ဆိုရင် နေ့တိုင်း လုပ်ပေးပါ့မယ် ဆရာ'

ဟု ပြန်၍ ဆိုသဖြင့် ဆရာက ဆိုင်နာမည်ကို မေးမြန်းကာ တွက်ချက်ပြီး...

'နင့် မနက် (၇)နာရီတိတိမှာ ဆိုင်က ဘုရားရှင်ကို ကွဲကောသီး(၂)စိတ် လှူရမယ်။ (၈)နာရီတိတိမှာ သစ်ခွ (၆)ပွင့် ကပ်လှူရမယ်။ (၉)နာရီတိတိမှာ ဆီး(ဖီး)(၃)ညွန့် (သို့မဟုတ်) စံပယ် (၃)ညွန့် ဘုရားလှူရမယ်။

အဲဒီ အစီအစဉ်အတိုင်း နေ့စဉ် တစ်သက်လုံး ဆောင်ရွက်သွားရမယ်။ ဒီဆိုင်နာမည်ကို သုံးထားသရွေ့ပေါ့။

ဒီယတြာက ဆိုင်ရဲ့နာမည် ပညတ်ကို တွက်ချက်ပြီးစီရင်ထားတဲ့ ယတြာပဲ။ ကဲ...နင် နေ့တိုင်း အဲဒီပုံစံအတိုင်း ပုံမှန်လှူသွားနိုင်မလား၊ လှူသွားနိုင်မယ်ဆိုရင်တော့ နင့်ဆိုင် ရောင်းအားကောင်းလိမ့်မယ်'

ဟု ဆိုလိုက်ရာ မေးမြန်းသူ အမျိုးသမီးက...

'လုပ်ပါ့မယ် ဆရာရယ်၊ ဘာခက်တာမှတ်လို့လဲ'

ဟု ဆိုကာ လှူဒါန်းရမည့် လှူဖွယ်များနှင့် အချိန်ကာလတို့ကို သေသေချာချာ ပြန်လည်မေးမြန်းကာ စာရွက်တွင် ဘောလ်ပင်ဖြင့် ရေးမှတ်နေပါသည်။

ထို့နောက် ဆရာ့အား နှုတ်ဆက်ကာ ပြန်သွားပါတော့သည်။ ဆရာလည်း သင်ကြားရာနေရာသို့ ပြန်လည်ရောက်ရှိလာပြီး ကျွန်ုပ်တို့အား ဗေဒင်ပညာရပ်များကို ဆက်လက် သင်ကြားပေးပါသည်။

ကျွန်ုပ်တို့(၃)ဦးသည် ထိုယတြာကို စိတ်ဝင်စားမိသွားပြီး အလွန်အမင်း လိုချင်သော စိတ်များ တဖွားဖွားပေါ်ပေါက်လာကြသော်လည်း ဆရာ့အား ကြောက်ရွံ့သဖြင့် မည်သူမှ ဖွင့်မပြော ဖွင့်မတောင်းရဲကြပါ။

သို့သော်လည်း ဆရာသည် ယတြာကို သင်တန်း မပြီးဆုံးခင် တစ်နေ့တွင် သင်ကြားပေးသဖြင့် ကျွန်ုပ်တို့သည် အလွန်ပင် စိတ်ကျေနပ်စွာ ပျော်ရွှင်သွားကြရပါတော့သည်။

ယတြာမှာ ဆိုင်၏နာမည်နှင့် လုပ်ငန်း ပညတ်ကို မူတည်၍ တွက်ချက်ရပါသည်။ ရှေးဦးစွာ ဆိုင်နာမည် အက္ခရာများကို ဂဏန်းအဖြစ် ဖလှယ်ရန် အောက်ပါဇယားကို သိရှိထားရပါမည်။

* * *

www.burmeseclassic.com

| | | |
|---|---|---|
| က၊ ခ၊ ဂ၊ ဃ၊ င | တနင်္လာ | ၂-ဂဏန်း |
| စ၊ ဆ၊ ဇ၊ ဈ၊ ည | အင်္ဂါ | ၃-ဂဏန်း |
| တ၊ ထ၊ ဒ၊ ဓ၊ န၊ ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ | စနေ | ၇-ဂဏန်း |
| ပ၊ ဖ၊ ဗ၊ ဘ၊ မ | ကြာသပတေး | ၅-ဂဏန်း |
| လ၊ ဝ၊ ဠ | ဗုဒ္ဓဟူး | ၄-ဂဏန်း |
| ယ၊ ရ | ရာဟု | ၈-ဂဏန်း |
| သ၊ ဟ | သောကြာ | ၆-ဂဏန်း |
| အ၊ ဥ၊ ဧ၊ ဩ | တနင်္ဂနွေ | ၁-ဂဏန်း |

**တွက်ချက်ပုံမှာ...**

ဆိုင်းဘုတ်တွင် ''ကမ္ဘာသစ်'' ကဖီး ဟု ရေးထားသည်ဆိုပါစို့။

**က မ္ဘာ သစ် က ဖီး**

၂ ၅ ၆ ၂ ၅

ထိုဂဏန်းတွဲကို အလျားလိုက် တည်ကိန်းပြုပြီး(အမြဲစားကိန်း) (၇)ဖြင့် စားပါ။

၇ | ၂၅၆၂၅ | ၃၆၆
၂၁
၄၆
၄၂
၄၂
၄၂
၅ ကြွင်း

ထို အကြွင်း(၅)ကို အင်္ဂဝိဇ္ဇာတိုင် ထူပြီး အထက်ဆောင်ပန်း နံ့သင့်များကို အသီး၊ အပွင့်၊ အညွန့်ဟု ခွဲခြားကာ ဘုရားရှင်ကို လှူဒါန်းရမည် ဖြစ်ပါသည်။

* * * ⟶

ထို့ကြောင့် နံနက်(၇)နာရီတွင် ဆိုင်ရှိ ဘုရားရှင်ကို ကွဲကောသီး(၂) စိတ် လှူဒါန်းပါ။**(အရာရာအောင်မြင်စေရန် ဖြစ်ပါသည်။)**

နံနက်(၈)နာရီတွင် သစ်ခွ(၆)ပွင့်





ဘုရားရှင်ကို ကပ်လှူပါ။ **(လာဘ်ရွှင်စေရန် ဖြစ်ပါသည်။)**

နံနက်(၉)နာရီတွင် ဆီး(ဖီး)(၃)ညွန့် ဘုရားရှင်ကို ကပ်လှူပါ။ **(မျက်နှာပန်းလှစေရန် ဖြစ်ပါသည်။)**

''ကမ္ဘာသစ်''ကဖီးဟု ဆိုင်းဘုတ် တင်ထားသရွေ့ ဤယတြာကို နေ့စဉ် နေ့တိုင်း ဆောင်ရွက်သွားရပါမည်။

၁-ကြွင်းလျှင်...

နံနက် ၇နာရီ – မက်မန်းသီး ၅လုံး
နံနက် ၈နာရီ – ဂန္ဓမာ ၂ပွင့်
နံနက် ၉နာရီ – သပြေ ၆ညွန့်

၂-ကြွင်းလျှင်...

နံနက် ၇နာရီ – သင်္ဘောသီး ၆စိတ်
နံနက် ၈နာရီ – စံပယ် ၃ကုံး
နံနက် ၉နာရီ – ထန်း(သို့)ဒန်း ၇ညွန့်

၃-ကြွင်းလျှင်...

နံနက် ၇နာရီ – နာနတ်သီး ၇စိတ်
နံနက် ၈နာရီ – ရွှေပန်း ၄ပွင့်
နံနက် ၉နာရီ – အုန်း ၁ညွန့်

၄-ကြွင်းလျှင်...

နံနက် ၇နာရီ – အုန်းသီး ၁စိတ်
နံနက် ၈နာရီ – မေမြို့ ၅ပွင့်
နံနက် ၉နာရီ – ကံ့ကော် ၂ညွန့်

၅-ကြွင်းလျှင်...

နံနက် ၇နာရီ – ကွဲကောသီး ၂စိတ်
နံနက် ၈နာရီ – သစ်ခွ ၆ပွင့်
နံနက် ၉နာရီ – ဆီး(ဖီး) ၃ညွန့်

၆-ကြွင်းလျှင်...

နံနက် ၇နာရီ – ဆီး(ဖီး)သီး ၃လုံး
နံနက် ၈နာရီ – နှင်းဆီ ၇ပွင့်
နံနက် ၉နာရီ – ရွက်လှ ၄ညွန့်

၀-ကြွင်းလျှင်...

နံနက် ၇နာရီ – လိမ္မော်သီး ၄မြွာ
နံနက် ၈နာရီ – အုန်းပန်း ၁ခက်
နံနက် ၉နာရီ – ပျဉ်းမ ၅ညွန့်

ဤယတြာသည် ခက်ခဲသော ယတြာမဟုတ်ပါ။ နေ့စဉ် မမေ့လျော့ရန် သတိပြုပြီး ယုံယုံကြည်ကြည် ဆောင်ရွက်သွားခြင်းဖြင့် **ရောင်းပန်း ဝယ်ပန်း** ပွင့်လန်းကာ စီးပွားတိုးတက်လာမည် ဖြစ်ပါသည်။**(အသီး အခက်အခဲတွေ့ခဲ့သော် အပွင့်၊ အပွင့် အခက်အခဲတွေ့ခဲ့ သော် အညွန့် အစားထိုး လှူဒါန်းနိုင်ပါသည်။)**

<u>၅-ကြွင်းတိုင်</u>

| | | | |
|---|---|---|---|
| နံနက် ၇နာရီ(အသီး) | ၂ | –ကွဲကောသီး | ၂စိတ် |
| နံနက် ၈နာရီ(အပွင့်) | ၆ | –သစ်ခွ | ၆ပွင့် |
| နံနက် ၉နာရီ(အညွန့်) | ၃ | –ဆီး(ဖီး) | ၃ညွန့် |
| | ၅ | | |
| | ၁ | | |
| | ၄ | | |
| | ၀ | | |

*ဘဝအစစ လှကြပါစေ။*

**အောင်နန္ဒ**
*(ကျိုက်လတ်)*



www.burmeseclassic.com

www.burmeseclassic.com

ဆံပင်ပေါက်

# ဆံပင်နုက်ဆေး



စာရေးသူတို့ တက္ကသိုလ်ကျောင်းတွေ တက်စဉ်အချိန်က ဖြစ်ပါတယ်။ ပထမနှစ်ကျောင်းတွေ တက်စဉ် စာရေးသူ ရွှေတစ်ချောင်းလမ်း "မြသုခ"အဆောင်ကို ရောက်ပါတယ်။

အဲဒီမှာ စာရေးသူတို့ အရင် အတန်းကြီးတဲ့ ဒုတိယနှစ်၊ တတိယနှစ် စသည်ဖြင့် နောက်ဆုံးနှစ်ထိ တက်နေကြတဲ့ အစ်မတွေနဲ့ စာရေးသူတို့ ပထမနှစ်တက်မယ့် ကျောင်းသူအသစ်တွေနဲ့ အဆောင်မှာ ညီအစ်မတွေလို ချစ်ချစ်ခင်ခင်နဲ့ နေခဲ့ကြပါတယ်။

စာရေးသူတို့ အဆောင်မှာ မိုးညိုက နေလာပြီး ကျောင်းတက်တဲ့ ပထမနှစ် မေဂျာတူ သူငယ်ချင်းတစ်ယောက် ရှိပါတယ်။ သူမနာမည်က အိအိဖြိုး ဖြစ်ပါတယ်။

ဒါပေမယ့် သူမကို နာမည်မခေါ်ပါ။ ကတုံးမဆိုပြီး နောက်ပြောင်ခေါ်ကြပါတယ်။ သူမ အပြင်ထွက်တဲ့အခါတိုင်း ဦးထုပ်ဆောင်းသွားပါတယ်။ သူမမှာ ဦးထုပ်အရောင်စုံ လှလှလေးတွေ [illegible]လေးလုံး ရှိပါတယ်။

စာရေးသူတို့ အဆောင်နေ ညီအစ်မတွေနဲ့ မိန်းကလေး အချင်းချင်းတွေကတော့ သူမရဲ့ နာမည်ကိုသာ ခေါ်ကြပါတယ်။ တော်တော်များများ အစ[illegible]သန်တဲ့ ယောကျ်ားလေးတွေကတော့ ကတုံးမဆိုပြီး ခေါ်ကြပါတယ်။

[illegible] ဆံပင်ကပါးပြီး ထိပ်ကလေး [illegible]နေတဲ့အတွက်ကြောင့် ဦးထုပ်ကို [illegible] ဆောင်းထားရခြင်း ဖြစ်ပါတယ်။

အဆောင်မှာနေတဲ့ အချိန်မှသာ ဦးထုပ် ချွတ်ထားရပြီး ကျောင်းသွား အပြင်သွားခါနီးရင်တော့ ဦးထုပ် ဆောင်းသွားလေ့ ရှိပါတယ်။

သူမ တစ်ခုကောင်းတာက မရှက်တတ်ပါ။ သဘောလဲ အတော်ကောင်းပါတယ်။ ကျန်သူငယ်ချင်းတွေကဖြင့် ဆံပင်ကောင်းသူ၊ ဆံပင်ပုံဖော်သူ၊ ကောက်သူ၊ သရီးစတက် ညှပ်သူက ညှပ်ပါ။

သူမမှာ ရုပ်ရည်လဲ မဆိုးပါ။ မလှသော်လဲ ကြည့်ကောင်းတဲ့ အထဲမှာတော့ ပါ,ပါတယ်။ အသားကလဲ မဖြူမညိုပါ။ သူမ ဆံပင်ကြောင့်သာ မဟုတ်ရင်တော့ ချစ်စရာပါ။

စာရေးသူတို့ ဒုတိယနှစ်ကျောင်းတွေ ပြန်တက်တဲ့အခါ အိအိဖြိုးမှာ တော်တော် ပြောင်းလဲသွားပါတယ်။ အဆောင်မှာနေကြတဲ့ သူငယ်ချင်းများ အားလုံး အံ့သြကြပါတယ်။

'ဟယ်... အိအိဖြိုး ဦးထုပ်ဆောင်းစရာ မလိုတော့ဘူး။ ဆံပင်တွေလဲသန်ပြီး မည်းနက်နေတာ။ ငါတို့ကိုလဲ ပြောပြပါဦး။ ဆေးနည်းကောင်းလေး ဘာလေးရှိရင် ပြောပြပါဦး'

လို့ ဝိုင်းပြီး တောင်းဆိုကြပါတယ်။

သူငယ်ချင်း အိအိဖြိုးမှ ပုလင်းတစ်လုံးထဲတွင် မည်းနက်နေတဲ့ အရည်တွေ ပြပါတယ်။ အဖုံးဖွင့်ပြတော့ အုန်းဆီရနံ့ရယ်၊ စိမ်းရွှေရွှေအနံ့ကလေးရယ်ပါ။

အိအိဖြိုးကနေ အဲဒီဆေးနည်းကြောင့် ဆံပင်တွေပေါက်ပြီး မည်းနက်လာတာပါလို့ သူမက ပြောပါတယ်။ ဒီဆေးနည်းက အဘွားပေးတဲ့ နည်းပါ။ အဘွားဆိုရင် သူ အရွယ်ကောင်းတဲ့ အချိန်မှာ ဆံပင်တွေ နက်မှောင်ပြီး သန်စွမ်းနေတာ။ အခု အသက်ကြီးသော်လဲ ဆံပင် အနက်နဲ့ အဖြူ အနက်က များတယ်။ သူနဲ့ သက်တူရွယ်တူတွေဆိုရင် တစ်ခေါင်းလုံး ဖြူဖွေးနေကြတာ။

**ဆေးနည်းကတော့...**

၁။ ထောလပတ်ရွက် လက်တစ်ဆုပ်
၂။ ကြိုတ်မှန်ရွက် လက်တစ်ဆုပ်
၃။ ကွမ်းရွက် လက်တစ်ဆုပ်
၄။ ပန္နလက်သီး (၃)လုံး
၅။ အုန်းဆီစစ်စစ် (၅)ကျပ်သား

ပထမဦးဆုံး ငရုတ်ဆုံသန့်သန့်ထဲမှာ ထောလပတ်ရွက်၊ ကြိုတ်မှန်ရွက်၊ ကွမ်းရွက်တွေထည့်ပြီး ထောင်းပါ။ ပြီးရင် အရည်ညှစ်ပါ။ ပန္နလက်သီး(၃)လုံးကို ငရုတ်ဆုံထဲမှာ ကြေညက်အောင် အမှုန့်ရတဲ့ထိ ထောင်းပါ။

အရည်ညှစ်ထားသော သုံးမျိုးအရွက်ရည်ကို ဒယ်အိုးသန့်သန့်ထဲမှာ ထည့်ပြီး မီးနွေးနွေးလေးနဲ့ ကျိုပါ။ အနည်းငယ် ဆူပွက်လာရင် မီးဖိုပေါ်မှ ချပါ။

ပြီးတဲ့အခါ **အုန်းဆီရယ်၊ ပန္နလက်သီးမှုန့်ရယ်၊ အရည်ကျိုချက်ပြီးသား သုံးမျိုးရယ်** ရောစပ်ပြီး မွှေပါ။ ပုလင်းသန့်သန့်၊ ဘူးသန့်သန့်ထဲ ထည့်ပြီး နေ့စဉ် ပုလင်းကို လှုပ်ပြီး အနည်းဆုံး တစ်နေ့ကို တစ်ကြိမ် လိမ်းပေးရင် ကျဲနေသော ဆံပင်များ ပြန်ပေါက်ပြီး ဆံပင်များ နက်မှောင် သန်စွမ်းလာပါလိမ့်မယ်။

ယခုလို မိုးရာသီကာလမှာ ထောလပတ်ရွက်နဲ့ ကြိုတ်မှန်ရွက်များ ရှာရလွယ်ကူတဲ့အတွက် ငွေကုန်သက်သာသော 'သဘာဝ ဆေးနည်းကောင်း ဖြစ်ပါတယ်။

တက္ကသိုလ်ကျောင်း တက်ခဲ့စဉ် သူငယ်ချင်း အိအိဖြိုးပေးသော ဆံပင်ပေါက် ဆံပင်နက် ဆေးနည်းကို အမှတ်တရအဖြစ် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကနေ ဖော်ပြပေးလိုက်ရပါတော့တယ်။

***စာဖတ်ပရိသတ်အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းတို့နဲ့ပြည့်စုံကြပါစေ။***

**အေးချမ်းမော်(မင်းလှ)**



www.burmeseclassic.com

www.burmeseclassic.com


# ထာဝစဥ်ကျန်းမာပြီး ရင်တွင်းလန်းချင်ရင် အင်ကြင်းပန်း သွေးတိုးကျဆေးကိုသောက်ပါ

အမှတ်တံဆိပ်

တစဝတ (တနယ်ဇင်း) ၀၂၀/၈၆၁၄




ခွင့်ပြုတင် ၁၁၁၆ (ပိုင်) ၀၁၂၄၇၃ လိုင်စင် ၁၁၇၈ (တိုး)-

"ကိုမင်းကျော်ပါလား . . . . မတွေ့တာကြာပြီ"

"ဆရာကိုယဉ်တင့်နဲ့ ဆရာကိုဇော်ရဲနိုင်တို့ကို . . စိတ်ထဲကတွေ့ချင်နေတာနဲ့ တိုက်တိုက်ဆိုင်ဆိုင်လာတွေ့တာ . . . ကံကောင်းတာပဲဗျို့"

"ကျွန်တော်တို့ဘာအကူပေးရမလဲပြောပါဦး"

"တခြားတော့မဟုတ်ပါဘူး . . . . ဆရာတို့က တိုင်းရင်းဆေးသုတေသီတွေဆို တော့ . . . သွေးတိုးရောဂါခံစားနေရတဲ့ ကျွန်တော့်ကို သွေးတိုးကျဆေးကောင်း တစ်လက် . . . ဆေးလမ်းညွှန်ပေးဖို့ပါ"

"ကိုမင်းကျော်သွေးတိုးက . . . ဘယ်အဆင့်မှာရှိနေပြီလဲ"

"အပေါ်သွေးအောက်သွေး ၁၆၀ နဲ့ ၉၀ ရှိတယ် . . . နိုင်ငံတကာဆေးတွေသောက်တာ . . . တက်လိုက်ကျလိုက်နဲ့ သံသရာလည်နေတာပဲ . . . "

"မပေါ့နဲ့ကိုမင်းကျော် . . . သွေးတိုးကျဆေးကောင်းကောင်းသောက်ဖို့လိုအပ်နေပြီ . . .

"ဒါဆို . . . ကျွန်တော်ဘယ်ဆေးသောက်ရင်ကောင်းမှာလဲဆိုတာ လမ်းညွှန်ပေးပါဦး"

ကိုမင်းကျော်ပြောသလိုတိုက်တိုက်ဆိုင်ဆိုင်ပဲ. . . အခုလဲ ကျွန်တော့်မိတ်ဆွေ . . . တိုင်ရင်းဆေးဆရာမ ဒေါ်ဝင်းဝင်းဇော် ထုတ်လုပ်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးပါ လာတယ် . . . ဆရာမဒေါ်ဝင်းဝင်းဇော် . . . က သမားတော်ကြီးတွေဆီမှာ နှစ်ပေါင်းများ စွာနည်းနာခံယူပြီး၊ ဆေးကုသက် (၁၅) နှစ်အတွင်း . . . သွေးတိုးရောဂါရှင် ပေါင်းများစွာကိုကုသအောင်မြင်ခဲ့တဲ့ဆေးဖြစ်တဲ့အတွက် . . . သွေးတိုးရောဂါရှင်တွေရဲ့ တောင်းဆိုချက်အရ ထုတ်လုပ်လိုက်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ် သွေးတိုးကျဆေးပဲ"

"ဆရာတို့ကိုတွေ့ချင်နေတာနဲ့တွေ့လိုက်ရလို့ကံကောင်းသလို . . . ကျွန်တော်ခံစားနေရတဲ့ သွေးတိုးရောဂါအတွက် ဆေးလည်းပါလာတယ်ဆိုတော့ . . . ကံကောင်းပြီးရင် . . . ကံကောင်းတာပဲဗျို့"

"ဒါနဲ့တစ်ခုလောက်မေးမယ် . . . ခင်ဗျား နိုင်ငံတကာသွေးတိုးကျဆေးတွေစားပြီး . . . အစားအသောက် အနေအထိုင် ဆင်ခြင်ရဲ့လား"

"ရှောင်ကြဉ်ရမယ့်အစားအစာနဲ့စားသောက်ရမယ့်အစားစာတွေခွဲခြားမသိလို့ . . . အသိမိတ်ဆွေ တစ်ယောက်ကစားချင်တာစား . . . ဒီဆေးဆောင်ထားဆိုတာနဲ့ သူပြောတဲ့ဆေးက . . . "

"ကျွန်တော်ပြောမယ်ကိုမင်းကျော် ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့သမုဋ္ဌာန်တရား (၄) ပါးကို၊ လွန်, ယုတ်, လွဲမှားပြုဖန်များရင် . . . မဖြစ်သေးတဲ့ရောဂါတွေဖြစ်လာပြီး . . . ဖြစ်နေတဲ့ ရောဂါလဲ သံသရာလည်နေမှာပဲ . . . အုန်းနို့ခေါက်ဆွဲနဲ့ ဒံပေါက်ထမင်းစားပြီးဆေးစားလဲ . . . ရောဂါမတိုးချင်သာနေမယ် . . . သက်သာပျောက်ကင်းမှာ မဟုတ်ဘူး . . . အပ်နဲ့ ထွင်းရမယ့်နေရာမှာ ပုဆိန်နဲ့ထွင်းရမယ့်ကိန်းဆိုက်လိမ့်မယ် ...

"ဟုတ်ပါတယ်ဆရာ ကျန်းမာရေး အသိနဲ့ကျန်းမာရေးသတိမရှိလို့သွေးတိုးရောဂါထဲမှာသံသရာလည်နေတာ ပါ"

"ပြောနေတာနဲ့လိုရာ မရောက်ဘူးခုပါလာတဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးကို တစ်နေ့ (၂) ကြိမ် သောက်ရင် . . . အပေါ်သွေးအောက်သွေး ၁၂၀ နဲ့ ၈၀ ကြားမှာ ရှိစေတဲ့မြန်မာဆေးစွမ်းကောင်းတစ်လက်ပဲ . . . အဲဒီဆေးကသွေးတိုးရောဂါကြောင့် ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ အိပ်မပျော်စားမဝင်ခြင်း၊ ဇက်ကြောတက်၊ နောက်ကြောတက်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ မူးဝေခြင်း၊ ခြေဖျားအေးခြင်း၊ ဆီးဝါ, ဆီးနည်းခြင်း၊ ဆီး၊ ဝမ်း၊ လေချုပ်ခြင်းတို့ကိုသက်သာပျောက်ကင်းစေပြီး၊ သွေးတိုးကိုပုံမှန်ဖြစ်အောင်ထိန်းပေးနိုင်တဲ့ ဆေးကောင်းတစ်လက်ပဲ . . . ရွေးချယ်မှုမှန်ကန်ဖို့တော့လိုတယ် ကိုမင်းကျော် . . . သွေးတိုးရောဂါကို ပုံမှန်ထိန်းပေးနိုင်တဲ့ဆေးဖြစ်လို့ . . . နှစ်ထပ်ရှိမှမှတ်မိမယ်ဆိုရင် . . . ထပ်ပြောလိုက်မယ် . . . **ထာဝစဥ်ကျန်းမာပြီးရင်တွင်းလန်းချင်ရင် . . အင်ကြင်းပန်း အမှတ်တံဆိပ်သွေးတိုးကျဆေးကိုသောက်ပါ။ . . . . .** "

ပင်ရင်း 'ဝင်း' ဆေးတိုက်

ဖုန်း – ၀၁ ၅၉၀၅၇၇

ဖြန့်ချိရေး – အောင်သိဒ္ဓိဆေးဆိုင်

၃/၁၁၀/ဝေဇယန္တာအိမ်ယာ

၈/တောင်ရပ်ကွက်၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း – ၀၉ ၃၃၁၃၃၄၀၀၊ ၀၉ ၅၁၉၈၀၃၃၊ ၀၉ ၃၁၉၂၅၁၅၅





www.burmeseclassic.com

www.burmeseclassic.com

# တန့်ကြည့်တောင်ပေါ်မှ ကျောက်နဂါးကြီး

၏ ဆွေဆက်မျိုးဆက်များနှင့် တွေ့ဆုံခြင်း ဖြစ်ရပ်မှန်

သောင်းလဝန်း(မြ)



▲ ကျောက်နဂါးကြီး



နဂါးမင်းကြီး၏ နန်းတော်ရာကို အပေါ်မှ မြင်ရစဉ် ▶

ဗုဒ္ဓဘာသာဝင်တိုင်း သိရှိထားရုံမျှမက ကမ္ဘာလှည့်ခရီးသည်များပါမကျန် စိတ်ဝင်စားကြသော မြန်မာနိုင်ငံမှ စွယ်တော်လေးဆူသည် တန်ခိုးကြီးဘုရားများပင် ဖြစ်ပါတယ်။ ထိုအထဲမှ တန့်ကြည့်တောင် စေတီသည်လဲ အပါအဝင် ဖြစ်ပေတယ်။

တန့်ကြည့်တောင်စေတီ ဘုရားပေါ်သို့ ဘုရားဖူးလာသူ လူအများသည် တန့်ကြည့်တောင်ဘုရားရဲ့ အနောက်ဘက် ရှစ်လံအကွာမှာရှိသော **နဂါးမင်းရာဇာ** (သို့မဟုတ်) **ကျောက်နဂါးမင်းကြီး**၏ ဦးခေါင်းတော်ကို စိတ်ဝင်တစားနဲ့ နဂါးစာဆက်ခြင်း၊ ချိုးတော်ရေ၊ သောက်တော်ရေ ဆက်ခြင်းတို့ကို ပြုသူများမှာ အများပြည်သူတို့ထဲမှ နဂါးဆက်များပင် ဖြစ်တော့တယ်။

ထိုကျောက်နဂါးကြီးရဲ့ ဆွေဆက်မျိုးဆက်များအား မမျှော်လင့်ဘဲ တွေ့ ခဲ့လေတယ်။

မကြာသေးသော အချိန်က ကျွန်မနဲ့ မောင်ငယ်လေးကဲ့သို့ ခင်မင်ရတဲ့ ကွမ်းခြံနဲ့ငရုတ် စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးရေးကို လုပ်ကိုင်နေသူ အောင်အောင် ရှိရာသို့ အကြောင်းတစ်ခုဖြင့် ရောက်သွားခဲ့ပါတယ်။

အောင်အောင်သည် ကွမ်းခြံဘေးနားတွင် အိမ်ကလေးဆောက်ပြီး နေတာပါ။ အောင်အောင်နဲ့ စကားစပ်မိရာမှ ကျွန်မရဲ့ နှုတ်မှ လွှတ်ခနဲ ...

'မောင်လေး မိန်းမယူလို့ မရဘူး။ မင်းက နဂါးပြည်ကလာတာ။ မင်းမှာ ရည်းစားရှိလဲ ကွဲမှာပဲ'

လို့ ကျွန်မက ပြောတော့...

'ဟုတ်ပါတယ်အစ်မ၊ ကျွန်တော် ရည်းစားသုံးယောက်တောင် ကွဲပြီးသွားပြီ။ အကြောင်းအမျိုးမျိုးကြောင့် ကွဲတာပဲ။ ဘာအကြောင်းလဲလို့ ရေရေရာရာ ပြောလို့ကို မရဘူးဗျာ'

လို့ ပြောတယ်။

ဒါနဲ့ ကျွန်မက "**မင်းရဲ့ ဆွေဆက်၊ မျိုးဆက်တို့နဲ့ တွေ့လား**"ဆိုတော့...

'တွေ့တယ်။ ကျွန်တော် အိပ်ပြီဆိုရင် အိပ်မက်လိုလို၊ တကယ်လိုလိုနဲ့ ကျွန်တော့်ရဲ့ လက်နှစ်ဖက်ကို ချိုင်းကနေ မ,ပြီး ကောင်းကင်ပေါ်ကနေ ခေါ်သွားကြတာ။

ကျွန်တော့်မှာ ရင်တလှပ်လှပ်နဲ့





www.burmeseclassic.com

www.burmeseclassic.com



နဂါးစာ ဆက်အနုပုံ

လေဟုန်စီးနေရသလိုပဲ၊ တရိပ်ရိပ်နဲ့၊ တော်တော်ကြာကြာမှ သစ်တောတွေ စိမ်းညို့နေတဲ့ ရေအောက်က ကြီးကျယ်ခမ်းနားပြီး နန်းတော်တမျှ အဆောင်အယောင်တွေထဲမှာ နဂါးမတွေနဲ့ ကစားရတာ ပျော်လိုက်တာဗျာ'

လို့ ပြောပြန်တယ်။

'ကျွန်တော့်ကို မကြာမကြာခေါ်ခေါ်သွားတာ၊ သူတို့နဲ့နေရတာ ကျွန်တော်ပျော်ကို ပျော်တာ'

လို့ ပြောတယ်။ ဒါပေမယ့် ခက်တာက ကျွန်မလဲ သူ့ကို ဘယ်နဂါးဆက်လဲ ဆိုတာကိုတော့ မပြောနိုင်ပါဘူး။

'နောက်ပြီး ကျွန်တော်ရဲ့ အိပ်ရာပေါ်မှာ မကြာမကြာ မြွေအမျိုးမျိုးက လာလာအိပ်တာပါပဲ။

ဒါပေမယ့် ကျွန်တော့်ကို မကိုက်တဲ့ အပြင် သူတို့ကို ကျွန်တော်က ခင်လဲ ခင်တယ်၊ ကြောက်လဲ မကြောက်ပါဘူးဗျာ၊ ရိုးနေပါပြီ'

လို့ ပြောတယ်။

'တစ်ခါတုန်းက ကျွန်တော်တို့ လူငယ်တစ်သိုက် ဘုရားပွဲကို သွားကြတာ ည တော်တော်ညဉ့်နက်မှ ပွဲက ပြန်လာတာ၊ လမ်းမှာ မြွေဟောက်ကြီးက လမ်းပေါ်ဖြတ်ကူးပြီး ကျွန်တော့်ရဲ့ ညာခြေသလုံးကို လာရစ်တာဗျာ။

ကျွန်တော်လဲ ရုတ်တရက် လန့်ပြီး ခြေထောက်ကို ဆန့်ပြီး ခါလိုက်တာ မြွေကြီးက အဝေးရောက်သွားတော့ ပါလာတဲ့ သူငယ်ချင်းတွေက ကျွန်တော့်ကို ကိုက်မိတယ်မဟုတ်လား လို့ မေးပြီး မြွေဟောက်ကြီးကို လိုက်သတ်မယ်လုပ်တော့ ကျွန်တော်က ငါ့ကို မကိုက်မိပါဘူး၊ မသတ်ပါနဲ့လို့ ပြောကိုယူရတယ်။

အဲဒါလဲ အပေါင်းအသင်းတွေက မကျေနပ်သေးဘူး၊ မြွေဟောက်ပါဆိုမှ ကိုက်ကို ကိုက်မှာပဲ ဆိုပြီး အဲဒီဘုရားပွဲနဲ့နီးတဲ့ မြွေကိုက်ရင် ဆေးကုတဲ့ သူဆီကို ခေါ်သွားပါရောလားဗျာ။

ဟိုရောက်တော့ မြွေဆေးကုဆရာက ကျွန်တော့်ခြေထောက်တွေကို သေသေချာချာကြည့်ပြီး မင်းကို ဘာမြွေမှ မကိုက်နိုင်တာဆိုပြီး ပြန်လွှတ်တော့ အပေါင်းအသင်းတွေက အံ့ဩကြတာပေါ့။

မြွေဟောက် လက်ကောက်ဝတ်လောက်ရှိတဲ့ အကောင်ကြီးက ထိရင်တောင် ပေါက်တတ်တာကို လူတိုင်းသိကြတော့ အဲဒီကတည်းက ဒီကောင်မြွေ ပြီးတယ်ဆိုပြီး ကျွန်တော့်ကို ဝိုင်းပြောကြတော့တာပဲ'

အောင်အောင်လေးကို စကားဖြတ်ပြီး အိမ်ပြန်လာခဲ့တယ်။ ဟော... တစ်နေ့တော့ ရွှေပေါ်ကျွန်းဆရာတော်ကြီးက တန့်ကြည့်တောင်ဘုရားနဲ့ ပေါက်ကံမျှော်နားက ရွှေစေတီဘုရားပေါ်ကို ဘုရားဖူးပြီး (၃၁)ဘုံသားတွေကို မေတ္တာပို့ရန် အိပ်မက်နဲ့ နိုင်းပါလေရော...

ကျွန်မလဲ ပုလိပ်မြို့က အပြန်လာပါမယ် ပြောခဲ့ရာတွင် ပုလိပ်က အပြန်လဲ အမှုမဲ့ အမှတ်မဲ့နဲ့ နေလိုက်တာ ကောက်ကာငင်ကာ ဖျားပါရောလား။

အိမ်က လူတွေက ဖွတ်ဆေးထိုးပေမယ့် ကျွန်မက မပျောက်ဘူး။ တန့်ကြည့်တောင်ကို သွားမှ ပျောက်မှာလို့ပြောတော့ အိမ်က လူတွေက ဒီလောက်နီးနီးလေး သွားပါလားလို့ ပြောတယ်။

တစ်နေ့ အဖျားပျောက်ခါစ ကျွန်မက အောင်အောင်လေးရဲ့ စိုက်ခင်းတွေဆီကို မယောင်မလည် ရောက်သွားတော့ ကျွန်မကို ကြည့်ပြီး **"အစ်မဘာဖြစ်နေတာလဲ တော်တော်ပိန်သွားတယ်နော်"**တဲ့။

"အေးကွာ အစ်မလဲ တန့်ကြည့်တောင်ပေါ်ကို မေတ္တာပို့ ခေါ်တာ မသွားမိလို့ ဖျားတော့တာပဲလေ"လို့ ပြောလိုက်တော့ "ဪ...အစ်မရယ် ဒါလေးများ တန့်ကြည့်တောင်ပေါ်ကို ကျွန်တော် မကြာခဏ ရောက်တယ်လေ၊ ကျွန်တော်ဆိုင်ကယ်နဲ့ ပို့ပေးမယ် အစ်မသွားချင်တဲ့အချိန်ပြော"လို့ ပြောတယ်။

ကျွန်မလဲ အိမ်ရောက်ပြီး အိပ်ရာ စောစော ဝင်လိုက်ရာတွင် အောင်အောင်ရဲ့ အတိတ်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုကို ပီပီပြင်ပြင် မြင်လိုက်ရတာက အောင်အောင်သည် အတိတ်ဘဝ တစ်ခုက တန့်ကြည့်တောင်ဘုရားပေါ်က ကျောက်နဂါးကြီးနဲ့ သားအဖ တော်စပ်နေခြင်းပင် ဖြစ်ပေတယ်။

တန့်ကြည့်တောင်ကို ဘုရားဖူးလို့ အကြောင်းပြပြီး သွားနေပေမယ့် ကျောက်နဂါးဆီမှာ အချိန်တော်တော်ကြာအောင်နေပြီး ပြန်လာတယ်လို့ အာရုံမှာ ထင်ဟပ်၍ လာလေတယ်။

ဒါနဲ့ပဲ အောင်အောင်ရှိရာသို့ သွားပြီး ''မောင်လေး မင်း အစ်မကို ဖုံးကွယ်ထားတယ်။ မင်း တန့်ကြည့်တောင်ပေါ်ကို သွားတယ်ဆိုတာ ဘုရားကို အကြောင်းပြပြီး ကျောက်နဂါးဆီကို မင်း သွားနေတာပါ။

နောက်ပြီး အဲဒီကျောက်နဂါးကြီးနဲ့ မင်းက အရင်ဘဝက သားအဖ တော်တယ်လေ။ အဲဒါကို မင်း သံယောဇဉ်တွယ်ပြီး မကြာမကြာသွားနေတာ မဟုတ်လား''ဆိုတော့...

'ဟုတ်ပါတယ်၊ ကျွန်တော် တန့်ကြည့်တောင်ပေါ်ကိုရောက်ရင် ကျောက်နဂါးကြီးရဲ့ မျက်လုံးကို သေသေချာချာ ကြည့်ရင်းက အဖြေတစ်ခုကို ရခဲ့ပြီးမှ ပျောက်ပျောက်သွားတယ်။ ဒီကျောက်နဂါးကြီးနဲ့ ကျွန်တော်နဲ့ တစ်ခုခုတော့ တော်စပ်ခဲ့ပုံရတယ်လို့လဲ သိတယ်'

'အေး... ငါ့မောင်လေးရဲ့ မိဘတွေက ဂိုဏ်းဆရာတွေနဲ့ မင်းကို ဆေးနှစ်ခါ, သုံးခါလောက် တိုက်ခဲ့ဖူးလိမ့်မယ်၊ မင်း ငယ်ငယ်ကပေါ့။ ပြန်စဉ်းစားကြည့်ပါ'

ဆိုတော့...

'ဟုတ်တယ်ဗျ၊ ကျွန်တော်ငယ်ငယ်က မိဘတွေက ဆရာတွေနဲ့ စစ်ဆေးပြီး ဆေးတော့ တိုက်ကြတယ်'

'အေး... မင်းလိုပဲ တခြားရွာက အစ်မကြီးတစ်ယောက်က ပြောတယ်။ အနှစ်(၂၀)ကျော်လောက်တော့ ရှိပြီပေါ့။ တန့်ကြည့်တောင်ပေါ်က ကျောက်နဂါးခေါင်းကြီးကို လက်နှစ်ဖက်နဲ့သပ်ပြီး **"အဖေက သမီးတို့ကို ထားခဲ့ပြီး ဒီမှာ လာနေတာပေါ့"** ဆိုပြီး အော်ငိုနေလို့ တောင်ပေါ်က သီလရှင်တွေက ဝိုင်းပြီး ဆွဲခဲ့ရသေးတယ်တဲ့။

အစ်မလဲ ဘယ်လိုဖြစ်လိုက်မှန်းကို မသိဘူး။ ရင်ထဲမှာ အရမ်းလွမ်းပြီး စိတ်ကို ထိန်းမရလိုက်ဘူးတဲ့လေ။

ဒါတွေဟာ ငါ့မောင်လေးရေ မယုံမရှိနဲ့ တချို့က ကိုယ်စွဲလမ်းခဲ့ရတဲ့ ဘဝကိုပြန်ပြီး အမှတ်ရတတ်ကြတာပဲ။ အဲဒါကိုပဲ ဇာတိဿရဉာဏ်ရတယ် ဆိုပြီး ပြောကြတာပဲလေ။ ဘာမှ မထူးဆန်းပါဘူး။

တို့တွေ ရခဲလှတဲ့ လူ့ဘဝကြီးကို ရောက်တုန်း ဒါန သီလ ဘာဝနာ စတဲ့ ကုသိုလ်ကောင်းမှုမှန်သမျှကို လုပ်ပါ။ နိဗ္ဗာန်ကို ရည်မှန်းပြီး ဆုတောင်းပါ။ ရေနဂါးပဲဖြစ်ဖြစ်၊ မြေနဂါးပဲဖြစ်ဖြစ်၊ ပြိတ္တာဟာ ပြိတ္တာပါပဲကွယ်။ ဒီလိုဘဝတွေကို မခင်တွယ်ပါနဲ့၊ မစွဲလမ်းပါနဲ့လို့ အစ်မပြောပါရစေ'

နောက်နေ့မှာ အောင်အောင်နဲ့ ကျွန်မ မနက်စောစော ဆိုင်ကယ်နဲ့ တန့်ကြည့်တောင်ဘုရားကို ရောက်တော့ ကျွန်မက ဘုရားမှာ ဆွမ်းကပ်၊ မေတ္တာသုတ်ရွတ်၊ (၃၁)ဘုံသားတွေကို မေတ္တာပို့ အမျှဝေပြီး ပြန်ဆင်းလာတယ်။

ထိုစဉ် ကျောက်နဂါးကြီးရဲ့ အနားမှာ ထိုင်နေသော အခြားမြို့မှ လာဟန်တူသော ကောင်မလေးနှစ်ယောက်တို့မှာ ရယ်ရယ်မောမော စကားလက်ဆုံကြနေရာ ကျွန်မကိုမြင်မှ အောင်အောင်က ထလာပြီး...

'အစ်မရေ... ခုနက ကောင်မလေးနှစ်ယောက်လေ ကျွန်တော့်ကို မသိဘဲနဲ့ တရင်းတနှီး လာပြီး စကားပြောကြတာ သူ့တို့နဲ့ သိလဲမသိဘဲနဲ့ဗျာ'

'အဲဒါ မင်းတို့ အရင်ဘဝက တော်စပ်ခဲ့ဖူးတဲ့ ဆွေဆက်မျိုးဆက်ပါပဲကွယ်'.

ဆိုတော့...

'ဟုတ်မှာဗျ၊ အစ်မ မလာနိုင်လို့ ဆိုပြီး ကျွန်တော် ဒီကျောက်နဂါးကြီးနားက စောင့်နေတာ အကြာကြီးပဲ။ သူတို့နဲ့ စကားကောင်းနေတာနဲ့ အချိန်ဘယ်လောက်ကြာသွားတယ် ဆိုတာတောင် မသိလိုက်ဘူး'

'အေးကွယ် မင်းကတော့ ဒီကျောက်နဂါးနားရောက်ရင် အားလုံးကို မေ့ပြီး ပျော်နေတာပဲ မဟုတ်လား'

ဆိုတော့ ''ဟုတ်ကဲ့''လို့ ဝန်ခံလေပြီ။

တကယ်တော့ ကျွန်မနဲ့ ရင်းနှီးခဲ့ရတဲ့ အောင်အောင်လေးနဲ့ တခြားရွာက အစ်မကြီးတို့သည် တန့်ကြည့်တောင်ပေါ်က ကျောက်နဂါးကြီးနဲ့ ဆွေဆက်၊ မျိုးဆက်၊ ပဋ္ဌာန်းဆက်တွေပါပဲလို့ ဤဖြစ်ရပ်မှန်အား သစ္စာပြု၍ ရေးလိုက်ပါတယ်။

**[ဤဖြစ်ရပ်မှန်အား ရေးသားခွင့်ပေးသော မောင်လေးအောင်အောင် (နာမည်)လွှဲထားသူအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း...]**

***မေတ္တာအလင်းရောင်ဆောင် အောင်နိုင်ကြပါစေ။***

***သစ္စာအလင်းရောင်ဆောင် အောင်နိုင်ကြပါစေ။***

**ဆောင်းလဝန်းဖြူ**



www.burmeseclassic.com

# ကျည်လွဲသော ချေ(ဂျီ)

မင်းကြည်
(ဂမ္ဘီရတောင်တန်း)

**ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ တဝေါကျေးရွာသို့** ရောက်ရှိစဉ် ကျွန်ုပ်အား ဆိုင်ကယ်ဖြင့် ကယ်ရီလိုက်ပို့ပေးသော ဖိုးစနေက သတင်းထူးတစ်ခု ပြောပြပါသည်။

'ဒီရွာမှာ စကောကရင်တိုင်းရင်းသားတွေ နေထိုင်ကြတယ်။ ဗမာစကား နည်းနည်းပါးပါး နားလည်ပြောဆိုတတ်သူက တစ်ဦးပဲ ရှိတယ်၊ သူ့နာမည်က နန်းမချိုတဲ့။

တိရစ္ဆာန်မွေးမြူတာ ဝါသနာပါတယ်။ သူမွေးထားတဲ့ ချေ(ဂျီ)တစ်ကောင်က သေနတ်နဲ့ ပစ်ရင် မထိဘူးလို့ သိရတယ်။ ဒီဒေသမှာ တော်တော် သတင်းကြီးခဲ့ဖူးတယ်ဗျ'

ဤသို့ဖြင့် ဖိုးစနေကို အဖော်ပြု၍ နန်းမချို၏နေအိမ်သို့ သွားရောက်ခဲ့ပါသည်။

သူမမှာ အလွန် သဘောကောင်းသော အမျိုးသမီးဖြစ်ပြီး ကျွန်ုပ်တို့ ရောက်သည်နှင့် အအေးဘူးများ ဆိုင်တွင်သွားဝယ်၍ ညှော်ခံတိုက်ကျွေးပါသည်။

'ကျွန်မက တိရစ္ဆာန်လေးတွေကို အိမ်မှာရော၊ တောင်ယာထဲမှာရော မွေးထားပါတယ်။ အခု တောကြက်ဆယ့်လေးငါးကောင်၊ ဆိတ်ကိုးကောင်, ဆယ်ကောင်၊ ခွေးအကောင်သုံးဆယ်ကျော်နဲ့ ချေ(ဂျီ)တစ်ကောင်တို့ ရှိပါတယ်။

သားသမီးတွေက နိုင်ငံခြားမှာ အလုပ်သွားလုပ်နေကြတယ်။ ကျွန်မက ကျန်းမာရေး သိပ်မကောင်းလို့ အိမ်စောင့်၊ တောင်ယာတဲစောင့်ဖြစ်နေတာပေါ့။ ဒါကြောင့် တိရစ္ဆာန်လေးတွေမွေးပြီး အဖော်ပြုနေရတယ်။



▲ တဝေါ်ရွာမှ နန်းမချိုနှင့် မွေးမြူခဲ့သော ချေ(ဂျီ)တစ်ကောင် ဓာတ်ပုံတွဲရိုက်ထားပုံ

▼ ယခုမွေးထားသော (၄)လသားအရွယ် ချေ(ဂျီ)တစ်ကောင်



လွန်ခဲ့တဲ့ (၄)နှစ်လောက်က ဟိုတောင်နီ ဘုရားဘက်သွားရင်း ချေ(ဂျီ)ပေါက်စကလေး တစ်ကောင် ရလာလို့ အိမ်မှာ ဆိတ်နို့တိုက်ပြီး မွေးခဲ့တယ်။ သူ့အမေကတော့ မုဆိုးတွေ လက်ချက်နဲ့ သေသွားတယ်လို့ ထင်ပါတယ်။

အဲဒီချေ(ဂျီ)လေးဟာ ကျွန်မနဲ့ အလွန် ယဉ်ပါးတယ်။ သူ့လည်ပင်းမှာ ကျွန်မက လည်ပတ်လေး ချိတ်ဆွဲထားပေးတယ်။ ချေ(ဂျီ)အမ,လေးပါ။

အိမ်ပေါ်မှာပဲ အခန်းကျောင်မွေးထား

စာမျက်နှာ (၃၈) သို့

www.burmeseclassic.com

# သိဒ္ဓိမင်္ဂလာပဋ္ဌာနမ အောင်ဂါထာ

## နှင့် လျှို့ဝှက်ဂမ္ဘီရကျင့်စဉ်

ကဝိသိရေမာကို

✤ ဇိနော အဘိဋ္ဌကာလယောပိ၊
နတ္ထိ လောဟိတသုဒ္ဒံ။
တဒေဝ ဝစနံ သစ္စံ၊
ဝန္ဒေ တံ လောကနာယကံ။
တေန သစ္စေန ပုညေန၊
ဟောတု မေ ဇယမင်္ဂလံ။

✤ တိဋ္ဌေယျ နန္တဝဿမ္ပိ၊
ဇေယျသဒေါ သမာပန္နော။
တဒေဝ ဝစနံ သစ္စံ၊
ဝန္ဒေ တံ လောကနာယကံ။
တေန သစ္စေန ပုညေန၊
ဟောတု မေ ဇယမင်္ဂလံ။



သိဒ္ဓိမင်္ဂလာပဋ္ဌာနမ အောင်ဂါထာသည် ကျန်းမာသက်ရှည်ခြင်းကို အထောက်အကူပြုနိုင်တဲ့ဂါထာ ဖြစ်ပါတယ်။

ဘာကြောင့်လဲဆိုရင် ဂါထာ(၃)ပိုဒ်တွင် **ပထမအပိုဒ်ဂါထာ**က ဘုရားရှင်ရဲ့ မကွဲမအက် မပျက်စီးနိုင်သောကိုယ်တော်ရှိခြင်း၊ သွေးတော်ယိုထွက်ခြင်း မရှိခြင်း စတဲ့ ဂုဏ်ကို သစ္စာဆိုထားပါတယ်။

**ဒုတိယအပိုဒ်ဂါထာက** ဘုရားရှင်သည် သမာပတ် ဝင်စားနေရင် အဆုံးမရှိသော နှစ်ကာလပတ်လုံး တည်နေတော်မူနိုင်တဲ့ အသက်တော်ကို ဖော်ညွှန်းပြီး သစ္စာဆိုထားပါတယ်။

**တတိယအပိုဒ်ဂါထာက** ဘုရားရှင်ရဲ့ အသက်တော်ကို မည်သူမျှ အန္တရာယ်မပြုနိုင်သောဂုဏ်ကို သစ္စာဆိုထားပါတယ်။ ဒါကြောင့် အသက်ရှည်ခြင်း၊ ကျန်းမာခြင်း၊ အန္တရာယ်ကင်းခြင်းကို မုချ ဖြစ်စေနိုင်ပါတယ်။

ဤ သိဒ္ဓိမင်္ဂလာပဋ္ဌာနမအောင်ဂါထာကို ရွတ်ဖတ်ပူဇော်ခြင်းကြောင့်...

✤ ကောင်းကျိုးအနန္တပြီးစီးနိုင်ခြင်း။
✤ ဘေးအပေါင်းလွတ်ကင်းခြင်း။
✤ ရန်အပေါင်းကင်းရှင်းခြင်း။
✤ လာဘ်ရွှင်ခြင်း။
✤ စည်းစိမ်ဥစ္စာတိုးပွားခြင်း။
✤ ကပ်သုံးပါးက လွတ်မြောက်နိုင်ပြီး...

သိကြားမင်းကိုယ်တိုင် စီမံဆောင်လုပ်အပ်သော မဟာခံတပ်ကြီးနဲ့ တူကြောင်း စတဲ့ အကျိုးများ ရနိုင်ကြောင်း အညွှန်းများစွာ ရှိပါတယ်။ ဤဂါထာကို အာစရိယဝါဒအရ သတ်မှတ်ထားသော အချိန်၌ ရွတ်ဆိုနိုင်ရန် ဖော်ပြပေးထားပါတယ်။

* * *

| နေ့ / နေ့သား | ၁-နွေ | ၂-လာ | ၃-ဂါ | ၄-ဟူး | ၅-တေး | ၆-ကြာ | ၀-နေ |
|---|---|---|---|---|---|---|---|
| တနင်္ဂနွေ | ၁:၃၀ ↓ ၃:၀၀ | ၉:၀၀ ↓ ၁၀:၃၀ | ၃:၀၀ ↓ ၄:၃၀ | ၁၀:၃၀ ↓ ၁၂:၀၀ | ၄:၃၀ ↓ ၆:၀၀ | ၁၂:၀၀ ↓ ၁:၃၀ | ၇:၃၀ ↓ ၉:၀၀ |
| တနင်္လာ | ၇:၃၀ ↓ ၉:၀၀ | ၁:၃၀ ↓ ၃:၀၀ | ၉:၀၀ ↓ ၁၀:၃၀ | ၃:၀၀ ↓ ၄:၃၀ | ၁၀:၃၀ ↓ ၁၂:၀၀ | ၄:၃၀ ↓ ၆:၀၀ | ၁၂:၀၀ ↓ ၁:၃၀ |
| အင်္ဂါ | ၁၂:၀၀ ↓ ၁:၃၀ | ၇:၃၀ ↓ ၉:၀၀ | ၁:၃၀ ↓ ၃:၀၀ | ၉:၀၀ ↓ ၁၀:၃၀ | ၃:၀၀ ↓ ၄:၃၀ | ၁၀:၃၀ ↓ ၁၂:၀၀ | ၄:၃၀ ↓ ၆:၀၀ |
| ဗုဒ္ဓဟူး | ၆:၀၀ ↓ ၇:၃၀ | ၁၂:၀၀ ↓ ၁:၃၀ | ၇:၃၀ ↓ ၉:၀၀ | ၁:၃၀ ↓ ၃:၀၀ | ၉:၀၀ ↓ ၁၀:၃၀ | ၃:၀၀ ↓ ၄:၃၀ | ၁၀:၃၀ ↓ ၁၂:၀၀ |
| ကြာသပတေး | ၁၀:၃၀ ↓ ၁၂:၀၀ | ၆:၀၀ ↓ ၇:၃၀ | ၁၂:၀၀ ↓ ၁:၃၀ | ၇:၃၀ ↓ ၉:၀၀ | ၁:၃၀ ↓ ၃:၀၀ | ၉:၀၀ ↓ ၁၀:၃၀ | ၃:၀၀ ↓ ၄:၃၀ |
| သောကြာ | ၃:၀၀ ↓ ၄:၃၀ | ၁၀:၃၀ ↓ ၁၂:၀၀ | ၆:၀၀ ↓ ၇:၃၀ | ၁၂:၀၀ ↓ ၁:၃၀ | ၇:၃၀ ↓ ၉:၀၀ | ၁:၃၀ ↓ ၃:၀၀ | ၉:၀၀ ↓ ၁၀:၃၀ |
| စနေ | ၉:၀၀ ↓ ၁၀:၃၀ | ၃:၀၀ ↓ ၄:၃၀ | ၁၀:၃၀ ↓ ၁၂:၀၀ | ၄:၃၀ ↓ ၆:၀၀ | ၁၂:၀၀ ↓ ၁:၃၀ | ၇:၃၀ ↓ ၉:၀၀ | ၁:၃၀ ↓ ၃:၀၀ |



www.burmeseclassic.com

www.burmeseclassic.com

✤ ဗုဒ္ဓါနံ ဇိဝိတဿ နသက္ကာ၊
ကေနစိ အန္တရာယော ကာတုံ။
တဒေဝ ဝစနံ သစ္စံ၊
ဝန္ဒေ တံ လောကနာယကံ။
တေန သစ္စေန ပုညေန၊
ဟောတု မေ ဇယမင်္ဂလံ။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| ❂အဘိဇ္ဇ | = အဘိတ်ဇ |
| နတ္ထိ | = နတ်ထိ |
| သစ္စံ | = သစ်စံ |
| ဝန္ဒေ | = ဝန်ဒေ |
| သစ္စေန | = သစ်စေန |
| ပုညေန | = ပုန်ညေန |
| ဇယမင်္ဂလံ | = ဇယမင်ဂလံ |
| ❂တိဋ္ဌေယျ | = တိတ်ထေယ |
| နန္တဝဿမ္ပိ | = နန်တဝတ်သမ်ပိ |
| ဇယုဿဝေါ | = ဇယုတ်သဝေါ |
| သမာပန္နော | = သမာပန်နော |
| ❂ဗုဒ္ဓါနံ | = ဗုတ်ဓါနံ |
| ဇီဝိတဿ | = ဇီဝိတတ်သ |
| နသက္ကာ | = နသက်ကာ |
| အန္တရာ | = အန်တရာ |

အနက်

✤ **ဇိနော** – မြတ်စွာဘုရားသည်၊ **အဘိဇ္ဇကာယောပိ** – မစွဲဖျက်အပ်သော ကိုယ်ရှိသည်လည်း ဖြစ်ပါပေ၏၊ **လောဟိတသူဒနံ** – သွေးယိုစီးခြင်းသည်၊ **နတ္ထိ** – မရှိ။

**တဒေဝ ဝစနံ**–ထိုစကားသည်ပင်၊ **သစ္စံ**–အမှန်ဖြစ်ပါပေ၏၊ **လောကနာယကံ**–လောက၏ ရှေ့ဆောင်ဖြစ်တော်မူသော၊ **တံ**–ထိုမြတ်စွာဘုရားကို၊ **ဝန္ဒေ**–ရှိခိုးပါ၏။

**တေနသစ္စေနပုညေန** – ထိုအမှန်စကား ကုသိုလ်တရားကြောင့်၊ **မေ**–အကျွန်ုပ်အား၊ **ဇယမင်္ဂလံ**–အောင်ခြင်းမင်္ဂလာသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။

✤ **ဇယုဿဝေါ** – အောင်ပွဲနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်၊ **သမာပန္နော** – အာယုပါလက သမာပတ်ကို ဝင်စားနေသည် ရှိသော်၊ **အနန္တဝဿမ္ပိ** – အဆုံးမရှိသော နှစ်တိုင်အောင်လည်း၊ **တိဋ္ဌေယျ** – တည်တော်မူနိုင်ရာ၏။

**တဒေဝ ဝစနံ**–ထိုစကားသည်ပင်၊ **သစ္စံ**–အမှန်ဖြစ်ပါပေ၏၊ **လောကနာယကံ**–လောက၏ ရှေ့ဆောင်ဖြစ်တော်မူသော၊ **တံ**–ထိုမြတ်စွာဘုရားကို၊ **ဝန္ဒေ**–ရှိခိုးပါ၏။

**တေနသစ္စေနပုညေန** – ထိုအမှန်စကား ကုသိုလ်တရားကြောင့်၊ **မေ**–အကျွန်ုပ်အား၊ **ဇယမင်္ဂလံ**–အောင်ခြင်းမင်္ဂလာသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။

✤ **ဗုဒ္ဓါနံ**–ဘုရားရှင်တို့၏၊ **ဇီဝိတဿ** – အသက်သော်အား၊ **ကေနစိ**–တစ်စုံတစ်ယောက်သောသူသည်၊ **အန္တရာယောကာတုံ**–အန္တရာယ်ပြုခြင်းငှာ၊ **နသက္ကာ**–မတတ်နိုင်။

**တဒေဝ ဝစနံ**–ထိုစကားသည်ပင်၊ **သစ္စံ**–အမှန်ဖြစ်ပါပေ၏၊ **လောကနာယကံ**–လောက၏ ရှေ့ဆောင်ဖြစ်တော်မူသော၊ **တံ**–ထိုမြတ်စွာဘုရားကို၊ **ဝန္ဒေ**–ရှိခိုးပါ၏။

**တေနသစ္စေနပုညေန** – ထိုအမှန်စကား ကုသိုလ်တရားကြောင့်၊ **မေ**–အကျွန်ုပ်အား၊ **ဇယမင်္ဂလံ**–အောင်ခြင်းမင်္ဂလာသည်၊ **ဟောတု**–ဖြစ်ပါစေသတည်း။

***[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ (ဓမ္မာစရိယ(မဟာဝဂ္ဂ်ဗိမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]***

***သင့်တင့်အောင် နှလုံးသွင်း အမှီးကင်းပါစေ။***

**ကဝိသိရောမဏိ**

စာမျက်နှာ (၃၆)မှ အဆက်

တာပါ။ သူ့အသက် (၂)နှစ်၊ (၃)နှစ် လောက်ရတော့ ဟိုတောထဲက သူ့ကိုရလာခဲ့တဲ့ တောင်နီဘုရားအနီးမှာပဲ သွားလွှတ်ပေးလိုက်တယ်လေ။

အချိန်တန် အရွယ်ရောက်လို့ အဖော်ရှာနိုင်အောင်ပေါ့။ ကျွန်မ တောင်နီဘုရားသွားရင် သူနဲ့ မကြာခဏ ပြန်တွေ့ပါတယ်။

တောလိုက်မုဆိုးတွေ ညှတ်ကွင်းနဲ့ထောင်ရင် သူ့ကို မမိဘူး။ ဒူးလေးနဲ့ပစ်ရင်လဲ မထိဘူး။ သေနတ်နဲ့ ပစ်ရင်လဲ ကျည်ဆန်လွဲတယ်လို့ ဒီဒေသက မုဆိုးတွေ ပြောပြလို့ သိရတယ်။

ကျွန်မက သက်သတ်လွတ်စားတဲ့ ဘုန်းတော်ကြီးတွေနဲ့ မကြာခဏ တွေ့ဆုံဖူးမြော်ပြီး ကိုယ်တိုင်လဲ သက်သတ်လွတ်စားပါတယ်။

ကျွန်မ မွေးမြူထားတဲ့ သတ္တဝါတွေလဲ ဘေးမသီရန်မခဖို့ အမြဲ မေတ္တာပို့ ဆုတောင်းပေးတယ်။

အခု အိမ်ခန်းထဲမှာ မွေးထားတဲ့ ချေ(ဂျီ)လေးဟာလဲ တောထဲက မွေး ခါစ,ရခဲ့တာပါ။ အခုဆိုရင် (၄)လသား လောက်ရှိပြီ။ သူ့ကိုလဲ လည်ပတ်လေး လုပ်ပေးထားတယ်။ ကျွန်မနဲ့လဲ အလွန်ယဉ်ပါးတယ်။ သူလဲ ကြီးလာရင် တောင်နီဘုရားအနီးက တောထဲမှာ သွားလွှတ်ပေးရမှာပါပဲ။

သူ့ကိုလဲ ဘေးမသီရန်မခဘဲ အသက်ရှည်နေဖို့ မေတ္တာပို့ ဆုတောင်းပေးပါ။ တောသတ္တဝါတွေမှာလဲ တချို့က ကံကောင်းကြတယ်။ တချို့က ကံဆိုးကြတယ်။ ကံကောင်းတဲ့ သတ္တဝါတွေကို လွယ်လွယ်ကူကူ သတ်ဖြတ်လို့ မရနိုင်ကြဘူး'

ဗမာစကား မပီကလာဖြင့် ရှင်းပြပေးနေသော နန်းမဖြူ၏ စကားအဆုံးမှာ ကျွန်ုပ်က ကျည်လွဲသည်ဆိုသော ချေ(ဂျီ)နှင့် အတူ တွဲ၍ ရိုက်ကူးထားသော နန်းမဖြူ၏ဓာတ်ပုံကိုလည်းကောင်း၊ လက်ရှိမွေးမြူထားဆဲ ချေ(ဂျီ)ကိုလည်းကောင်း ဓာတ်ပုံ ရိုက်ယူခဲ့ပါသည်။

အသက်ကို ဉာဏ်စောင့်ဆိုသော စကား ရှိပါသော်လည်း အချို့သော လူ/သတ္တဝါတို့မှာ အသက်ကို အတိတ်ကံ (ကုသိုလ်)ကလဲ စောင့်သည်ဟု သတ်မှတ်နိုင်သော သက်သေ သာဓကတစ်ရပ် ဖြစ်ပါသည်။

**မင်းကျော်ဒွီ (ဂမ္ဘီရတောင်တန်း)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆီး ဝမ်း လေမှန်၍ မျက်စိကြည် အကြောပြေပြီး အပူအပုပ် ကင်းစေတဲ့

# စကြာမင်း

အမှတ်တံဆိပ်

# မျက်စိကြည် အကြောပြေဆေး

ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၉၃

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၅/၀၉၁၃




ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာ ကိုယ်ကျန်းမာ အသက်တစ်ရာ ကျင့်ကြံ နေထိုင်နည်းစာမူ ရေးသားနေစဉ် "ဟာ စာရေးဆရာကြီးကို တွေ့မှတွေ့ပါ့မလား" ဟူသော အသံရှင်ကြောင့် ရေးလက်စ စာမူကို အသာချထားပြီး ပြန်လည် ခရီးဦး ကြို နှုတ်ဆက်လိုက်သည်။

'ဩော် ကိုမျိုးမြင့်ပါလား၊ လာဗျာ'

'စာရေးဆရာ ကိုဘုန်းဝေကတော့ ဘယ်အချိန်တွေ့တွေ့ တက်ကြွလန်းဆန်း ပြီးစာရေးစာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

'ဟဲ... ဟဲ... ဟဲ'

'ဟဲ... ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီး ရေ။ အခု စာရေးဆရာကြီးကို အကူအညီ တောင်းချင်လို့ဗျ'

'ပြောလေ ကိုမျိုးမြင့်'

'ဒီလိုဗျ။ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိ တာတို့၊ အလုပ်ထဲကို အာရုံစူးစိုက်တာတို့၊ အထိုင်နည်းနည်းလေးကြာကြာ ထိုင်မိတာ တို့ဆိုရင် မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ ခေါင်းမကြည် တော့ဘူး။ နောက်ကြောတက်၊ ဇက်ကြောထိုးလာတယ်။ အမြဲ တမ်းလိုလို ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရော ကိုယ်ပါ မလန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများ သုံးစွဲရမလဲဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာ တောင်းတာ'

'သြော်သည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကိုး။ ကော်ဖီလေး သုံးဆောင်ပါဦး'

'ကျေးဇူးပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဇနီး မောင်နှံကတော့ ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေ သူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'


'ကိုမျိုးမြင့်ရေ ကျွန်တော်ရော အေးပါ အရင်တုန်းက ခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ် နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့ တခြား ဝ,ဝလာတယ်။ ဇက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အထ လေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နင်းနှိပ်ပေး ရတယ်။ သူ့ကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျတော့လဲ မကျန်း မာဘူး ဖြစ်နေခဲ့တာပါဗျာ'



www.burmeseclassic.com

www.burmeseclassic.com

## ကြော်ငြာဆောင်းပါး




'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေါ့ပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ၊ အခုလို ကျွန်မ အဆီတွေကျ၊ ကိုယ်ရေစစ်တာ၊ ခန္ဓာကိုယ် သွယ်လျပြီး ဖနီးမောင်နှံ ကျန်းမာရွှင်လန်းနေတာက တော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ၊ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးလေ'

'ကိုဘုန်းဝေကတော့ လုပ်ပြီ။ ဆေးဝါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဇက်ကြောထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်၊ ဆေးညွှန်း ဖတ်ကြည့်တော့ ကျွန်တော်တို့ ဖနီးမောင်နှံဖြစ်နေတဲ့ ရောဂါ လက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများနဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိအာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး,ခေါင်းအုံ,ခေါင်းကိုက်ခြင်း၊ မျက်ခုံး,မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ၍ မအီ မသာ ထိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်,သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ်ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူခိုး အပုပ်ခိုးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအရေ မွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာ ပျောက်ကင်းလို့ မျက်စိကြည် အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး, ဝမ်း,လေတို့ကို မှန်၍ ကျန်းမာပေါ့ပါး သွက်လက်လန်းဆန်းစေတဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေးဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာရင်းဇယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်းတွေမှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ကာယ၊ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့်တဲ့ ဆေးပေါ့နော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်းပြီး ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အဖော်ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအတွက် အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ၊ ကျန်းမာပျော်ရွှင် ပြည့်စုံကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် ''စကြာမင်း မျက်စိကြည် အကြောပြေဆေး''ကို ပြေးဝယ်လိုက်ဦးမယ်ဗျာ'

မင်းရင်း-ဖြန့်ချိရေး
စကြာမင်း
တိုင်းရင်းဆေးတိုက်
အမှတ်-၈/၆၆၆၊ သုဝဏ္ဏလမ်းမကြီး
သန္တာမှတ်တိုင်အနီး မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၁-၆၉၁၀၉၁၊ ၇၂၂၈၄၁



www.burmeseclassic.com

www.burmeseclassic.com

မြတ်စွာဘုရားပုံတော်ပေါ်ပြီး

# ရောင်ခြည်တော် လွှတ်ခဲ့သည့်

အံ့ဖွယ်ထူးခြား

# မြသိန်းတန်ဘုရား

ရွှေမော်မြေ
မောင်ကြည်သိန်း

နွေလဲမဟုတ်၊ ဆောင်းလဲမပီ၊ ရော်ရွက်နီ မြေခ တပို့တွဲလ မျှော်လေ တိုင်းရီမှောင် ပေါက်ပင်,လဲပင်တွေက ပတ္တမြားသဖွယ် ရဲရဲနီးစွေး နွေတေးဆို ဥဩလေးက သံစဉ်ချိုမြ နွေမကျ တကျ နေ့ရက်က (၉-၂-၂၀၁၆) နိုင် (Video)က ကိုဇော်နိုင်ရယ်၊ စာရေးသူ ရယ် ဆိုင်ကယ်တစ်စီး နှစ်ယောက်စီး ပြီး အိမ်က ထွက်ခဲ့ပြီ။

ကိစ္စက တရုတ်မှော်ရွာရှိ စာရေးသူ ဇနီး ခင်ဝင်းရီတူ မောင်မြင့်ဇော် မင်္ဂလာ ဆောင်သို့ ရောက်ခဲ့ပြီပေါ့။


စာရေးဆရာဆိုတာ မျက်စိဖွင့်၊ နား စွင့်နေရပါတယ်။ ရေးစရာတွေ့ရင် သာယာနာပျော်ဖွယ် စိတ်ဝင်စား အောင် ရေးသားဖော်ပြနိုင်မှသာ စာဖတ်သူတို့ရင်ဝယ် ငြိတွယ်စေမှာပါ။

ဒါကြောင့်လဲ ရွာရောက်တုန်း “လသာတုန်းဗိုင်းငင်” ဆိုသလို ရသမျှ အချိန်လေး အပြေးအလွှား ရှာဖွေခဲ့ရ တယ်။ တူမလေး မရီငွေအိမ်ရောက် တော့…

‘မရီငွေ… လေးလေး မြသိန်းတန်ကျောင်း သွားချင်တယ်၊ လမ်းပြပေးပါလား’

စာရေးသူ တရုတ်မှော်သား ဖြစ်ပေ သိ ဒီဘုရား တစ်ခါတည်းသာ ရောက် ခဲ့ဖူးတယ်။

‘ကျွန်မ လိုက်ပို့မယ်၊ ဒါပေသိ




▲ ဘုရားပုံတော်ပေါ်ပြီး တန်ခိုးတော်ပြနေသည့် မြသိန်းတန်စေတီ



www.burmeseclassic.com

www.burmeseclassic.com



◆ ၁၂၉၇ ခုနှစ် တရုတ်မော် မြသိန်းတန်စေတီ ဘုရားပုံပေါ်ပြီး ရောင်ခြည်လွှတ်နေပုံ ပြည်သူများ ဖူးတွေ့.

အိမ်မှာ လူမရှိလို့ ဟိုးနား(၃)အိမ်ကျော်မှာ မောင်ဝင်းရှိတယ်။ သူက ဒီဘုရား ဂေါပကလူကြီး'

◆လက်ရှိကျောင်းထိုင်ဆရာတော် ဦးဇေန
သက်တော်(၂၄)နှစ်



'ဩော်... လေးလေးရွှေထူးသား မောင်ဝင်းလား'

'ဟုတ်တယ် ကိုမောင်ကြည်သိန်း'

- စာရေးသူကို ငယ်ငယ်ကတည်းက ဒီလိုခေါ်တယ်။

'မောင်ဝင်းရေ...ဟေ့ မောင်ဝင်း'

'ဟာ...ဘယ်သူလဲလို့၊ အစ်ကိုကြည်သိန်း လာ ထမင်းစားဦး'

ကြည့်လိုက်တော့ နာရီပြန်(၁)ချက်ကျော်ပြီ။

'စားပါကွာ...ဒါ မင်းအိမ်လား။ အားရင် ဘုရားလိုက်ပို့ကွာ'

စားလက်စ ထမင်းပန်းကန် ဒီအတိုင်းထား၊ လိုက်ပို့ရှာတယ်။

ဘုရားစေတီပေါ် ရောက်တော့ စာရေးသူ လက်ကိုင်ဖုန်းလေးနဲ့ မှတ်တမ်းတင်နေမိတယ်။ မြသိန်းတန်စေတီပုံ မှတ်တမ်းတင်နေတုန်း ဘုရားရှေ့ တန်ဆောင်းထဲမှာ ထူးခြားတဲ့ ပန်းချီကားတစ်ချပ် တွေ့တယ်။


'ဒါက ဒါဟိုတုန်းက ဒီဘုရားကြီးမှာ မြတ်စွာဘုရားပုံတော် ပေါ်လာပြီး ရောင်ခြည်တော် (၆)သွယ် ကွန့်မြူးနေတာကို လမိုင်းရွာက ပန်းချီဆရာက ပုံတူကူး ရေးဆွဲထားတာဗျ'

'ဒါဆို မူရင်းဓာတ်ပုံ ရှိဦးမယ်'

'အစ်မ မရီမွှေးက ပြောတာ တွင်းမြဲရွာမှာ မူရင်းပုံဟောင်း ရှိတယ်ပြောတယ်'

နေကပူ ဝေးလဲ ဝေးလို့ မသွားဖြစ်ခဲ့ပါဘူး။ **၁၂၉၇ ခုနှစ်၊ တရုတ်မော် မြသိန်းတန်စေတီတော် ရောင်ခြည်တော်လွှတ်ပုံနဲ့ရဟန်းရှင်လူအပေါင်းတို့ ကြည်ညိုနေကြပုံတဲ့၊ ခုဆို အနှစ်(၈၀) ရှိခဲ့ပါပြီ။**

www.burmeseclassic.com



မြသိန်းတန်စေတီတော်ကြီး အမိုးကပ်ပုံ
ညာဖက်တော်(၅၅)တောင်ရှိပါသည်



သူရိုရှုန်ကြောက်၍ ကြေးဘုရားကြီးမှ
အင်္ဂတေလောင်းထားပုံ
သွားကြားသောက်ညှပ်သည့်
အံ့မွယ် ဆုတောင်းပြည့်ဘုရားပုံ



ထူးခြားစွာ
အိပ်မက်ပေးသည့် ဒေါ်လေးလှ
ဒေါ်လေးမြ ဒေါ်လှကြည် မရီထွေး
ကောင်းမှုဘုရား

ဘုရားသမိုင်းအကျဉ်း သိရအောင် ကျောင်းထိုင် ဆရာတော်ဆီ သွားခဲ့ပါတယ်။ ခရီးသွား ဦးပဥ္ဇင်းလေး တွေ့တော့...

'ကျောင်းထိုင် ကျိန်းနေပါတယ်' တဲ့။

'နှိုးပေးပါ ဦးပဥ္ဇင်း၊ တပည့်တော်က နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနဲ့ ပါရမီမဂ္ဂဇင်းမှာ ပင်တိုင်ရေးနေတဲ့ စာရေးဆရာ ရွှေမှော်မြေ မောင်ကြည်သိန်းပါ'

'ဟာ...ဟုတ်လား၊ ဦးပဥ္ဇင်းတို့ ဒီမဂ္ဂဇင်းဖတ်ဖူးပါတယ်။ ရသစုံမဂ္ဂဇင်းပဲ။ ဒကာကြီးအမည် တွေ့ရတယ်၊ ခုမှ သူကိုယ်တိုင် တွေ့ဖူးတော့တယ်'

ကျောင်းထိုင်ဆရာတော် ထွက်လာပြီ၊ ငယ်ရွယ်ပေမယ့် ခံ့ညားတဲ့ ဦးပဥ္ဇင်းလေးပါ။

'ဦးပဥ္ဇင်း...တပည့်တော် စာရေးပြီး ဒီဘုရားကြီးအကြောင်း မှတ်တမ်းပြုမှာမို့ ခရေးခွင့်ပြုပါ'

'မေးပါ ဒကာကြီး'

'ဦးပဥ္ဇင်းဘွဲ့တော်၊ ပြီးတော့ ခမည်းတော်၊ မယ်တော်အမည် သိပါရစေဘုရား'

'ဦးပဥ္ဇင်းဘွဲ့က ဦးဇဝနပါ၊ ခမည်းတော်က ဦးဝင်းကို၊ မယ်တော်ကြီးက ဒေါ်ကြည်စန်းပါ။ သက်တော်(၂၄)နှစ်ပါ။ (၁၄)နှစ်သားကတည်းက ဒီကျောင်းမှာ ကိုရင်စီးခဲ့တာ၊ ခုဆို (၁၀) နှစ်ရှိပါပြီ၊ ကျောင်းထိုင် ပြောင်းသွားလို့ ဦးပဥ္ဇင်းကို ကျောင်းထိုင် ထားခဲ့တာပါ ဒကာကြီး'

'နို့...ဦးပဥ္ဇင်းခမည်းတော် ဦးဝင်းကို အမေနဲ့ စာရေးသူအမေ ဒေါ်စကင်းက ညီမ တစ်ဝမ်းကွဲတော်တယ်လို့ မေမေ မဆုံးခင်က ပြောဖူးတယ်'

'ဟာ...ဒါဆို ဒကာကြီးနဲ့ ဦးပဥ္ဇင်း ဆွေတော်မျိုးတော်ပေါ့'

'တင်ပါ့ ဘုရား၊ ဒါနဲ့ ဦးပဥ္ဇင်းလေး၊ သမထ,ဝိပဿနာ ကျင့်နေတာလား'

'မဟုတ်ဘူး ဒကာကြီး၊ ပရိယတ္တိ လုပ်နေပါတယ်'

'ဒါနဲ့ ဦးပဥ္ဇင်းလေး...ဒီမှာ ငယ်ငယ်ကတည်းက ကျောင်းထိုင်လာတော့ ဘာများ ထူးဆန်းတာတွေ့လဲ'

'ဦးပဥ္ဇင်းငယ်ငယ် ကိုရင်ဘဝ ဒီဘုရားအောက် စောင်းမှာ နွယ်ဒန်းကြီး ရှိတယ်။

အဲဒီနွယ်ဒန်းဘေးမှာ ကိုရင်တို့ ကစားနေတုန်း ဒီနွယ်ဒန်းကြီးက လူမရှိဘဲ လူလွှဲပေးသလိုမျိုး လွှဲနေတယ် ဒကာကြီး။ ဒီချိန်မှာ ဒကာမကြီး ဒေါ်သန်းရင် ပြေးလာပြီး...

"ဟဲ့...ဟဲ့ ကိုရင်တွေ ကျောင်းပေါ်ပြေးသောကုန်တော့မှာပဲ"

ဆိုလို့ ကျောင်းပေါ် ပြေးရတယ် ဒကာကြီး'

'အဲဒါ ဘာလဲ ဦးပဥ္ဇင်း'

'သိုက်နန်းရှင်တွေ နွယ်ဒန်း စီးနေတာတဲ့'

'တပည့်တော်တို့ လှည့်ပြီး ဓာတ်ပုံမှတ်တမ်းတင်ပါဦးမယ်ဘုရား ခွင့်ပြုပါဦး'

'ကောင်းပြီ ဒကာတော်'




www.burmeseclassic.com

www.burmeseclassic.com



ထူးခြားသည့် အရိုးအိုးဂူစေတီ



ထူးခြားလှသည့် တံခွန်တိုင် (စေတီအနီး)



မီးကျွမ်းသည့် နှစ်ထပ်သင်းဝင်ပင်ကြီး အနီးကပ်ပုံ

ရှေးဟောင်း ကျောင်းကြီးရှေ့ ရောက်တော့ ထူးခြားရှားပါးလှတဲ့ ခြသေ့်ကြီးနှစ်ကောင် တစ်ကောင်နဲ့ တစ်ကောင် သမင်လည်ပြန်ကြည့်နေတဲ့ပုံ။ ကျောင်းကြီးပေါ်တက်တော့...

'ဒကာကြီး ဒီမှာ...'

"ဒေါ်လေးလှ၊ ဒေါ်လေးမြ၊ ဒေါ်လှကြည်၊ သမီး မရီငွေးကောင်းမှု" ဆိုပြီး မတ်ရပ်ကိုယ်တော်ပုံ ဖူးတွေ့ရတယ်။ မျက်နှာတော် ကြည်လင်ဝင်းပပြီး မျက်လုံးတော်မှာ ပကာတိလူ မျက်လုံးတော်ကဲ့သို့ တောက်ပ စူးရှနေတယ်'

ဒီဘုရားလေးမှာလဲ ရာဇဝင်ရှိသတဲ့ ပြောပြသူက မရီငွေး၊ တစ်ညနေ့ အမေလှကို အိပ်မက်ပေးတယ်။ မြတ်စွာဘုရား အိမ်တော်ကြွလာပြီ။

'အကာမကြီး ပြည်မြို့သွား... ကိုမြင့်၊ မလှမြင့်ဆိုင်မှာ ဘုရားရှင် သီတင်းသုံးနေတယ်။ ဝယ်ပြီး ဒီဆုတောင်းပြည့် မြသိန်းတန်ဘုရားကြီးမှာ ကိန်းအောင်းပေးပါ'

တဲ့၊ ဒါနဲ့ ဒေါ်လေးမလှနဲ့ ဒေါ်လေးမြ ပြည်က ကိုမြင့်၊ မလှမြင့်ဆိုင်သွားတော့ တစ်ဆူတည်းတွေ့တယ်။ အိပ်မက်ထဲကအတိုင်း တွေ့တော့ တစ်ခါတည်း ဝယ်ပြီး ပူဇော်ခဲ့တယ်။

## အံ့ဖွယ်ထူးခြား မြတ်ဘုရား

မြသိန်းတန်ဘုရားအဝင် တန်ဆောင်းတွင် ဝင်ဖူးတော့ အင်မတန်ထူးခြားတဲ့ ဘုရားတစ်ဆူ ဖူးတွေ့ရပါတယ်။ သေချာကြည့်ရင် အင်္ဂတေရုပ်ပွားလို့ ထင်မှတ်မှားမှာပါ။ ကြေးဘုရားကြီး တစ်ဆူပါ။

အင်မတန် ရှေးကျပြီး တန်ခိုးတော်ပြတဲ့ ကြေးဘုရားကြီးပါ။ သူခိုးရန်ကြောက်ပြီး အင်္ဂတေဖျော်လောင်းထားတာပါလို့ ဘုရားဂေါပကလူကြီး မောင်ဝင်းက ရှင်းပြပါတယ်။

'ဟိုတုန်းက အစ်ကိုမှတ်မိလား ဦးတင်တိုး၊ ဦးမြတ်စိုး ဆိုတာလေ'

'ဟာ...သိတာပေါ့။ ဦးတင်တိုးဇနီး မအမာတင်က ငါနဲ့ဆို မောင်နှမတစ်ဝမ်းကွဲတော်တယ်လေ။ သူက ဟိုတုန်းက မီးသတ်ဗိုလ် မဟုတ်လား'

'ဟုတ်ပါ့ဗျာ'

'တစ်နေ့ ကြာပြီပေါ့... ဒီဘုရားကြီး ရေသပ္ပါယ်ပြီး မျက်နှာသုတ်ပဝါနဲ့ သုတ်ပေးနေတုန်း မျက်နှာသုတ်ပဝါက သွားတော်ကြား ညပ်နေပြီး ဆွဲထုတ်တော့ တဘက်တော် ပြဲသွားခဲ့တယ်'

'ဟာ...ဟုတ်ရဲ့လားကွာ'

'ဟုတ်ပါ့ လေးလေးရာ...ကျွန်တော့်အဖေ ဦးရွှေထူးတို့ အနားမှာရှိတယ် လေးလေးရာ'


'ဟာ...အင်မတန် ဆန်းကြယ်ပါလား'

စာရေးသူ ကြံတာရွှာ ရုပါရုံမြတ်စွာဘုရားကြီး သွားတော်များပေါ်အောင် ပြုံးပြတယ်ဆိုတဲ့ ဆောင်ပါးမှာ ဒီလိုမျိုး သဏ္ဍာန်တူပါ။ အံ့ဖွယ်ထူးခြားလှပါလား။ ဒါကြောင့် အတုလံ အတုမရှိတဲ့ ဗုဒ္ဓမြတ်စွာဘုရားပါတကား။ အများပြည်သူ ကြည်ညိုဖွယ်ရာ ပုံတော် အနီးကပ် ဖော်ပြလိုက်ရပါတယ်။ စာရှု



www.burmeseclassic.com

www.burmeseclassic.com



▲ ရှေးဟောင်းလက်စင်ရာပါ အုတ်ချပ်ကြီးများ(တံတိုင်းအတွင်း တွေ့ရှိရ)



ကြီးမားလှသည့် ဗောဓိပင်ကြီးနှင့် အင်းကြီး ▶

သူတို့ ခင်ဗျား။

## ဘုရားကြီး သမိုင်းအစ

ဒီဘုရားကြီးသမိုင်းအစက ပျူခေတ်ကလို့ ပြောလို့ရပါတယ်။ သရေခေတ္တရာခေါ် ရသေ့ပြည်တွင် သာသနာနှစ် ၁၀၁ ခုနှစ် ဒွတ္တပေါင်မင်းကြီး လက်ထက် ရဟန္တာအရှင်မြတ် သုံးထောင်ရှိကြောင်း၊ နေ့စဉ် ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းကြောင်း...

ဓာတ်တော် မွေတော်များကိုလဲ သောကြမှာ၊ ညည်းညည်း၊ စည်းစည်း၊ ပေါ်ပေါ်၊ လျောလျော၊ မြသိထင်၊ ဘုရားတောင်၊ ဆုတောင်းပြည့်၊ မြင်ဗာဟု ပုထိုးကြီးစေတီများကိုလဲ တည်ထားကြောင်း ရာဇဝင်နဲ့ သာသနာဝင်မှာ ဆိုထားခဲ့ပါတယ်။

တစ်ရံရောအခါ **သိကြားမင်းဆက်သော လှံလဲ၊ စေတိုင်းမသွား၊ ညောင်ကြီး၊ ခေါင်းလောင်းကြီးတို့လဲ ထီးတိုင်းမပြည့်ရှိ၏။** ထိုအကြောင်းကို ရဟန္တာအရှင်သူမြတ်တို့အား လျှောက်ထားရာ...

'အာဏာတော်မင်းကြီး... သင်မင်းကြီးသည် နှင့်သည်မတစ်ဦးက သူဆရာအား လှူသည့် ကျောင်းဝတ်မြေ(၅)ယံကို မတရား သိမ်းယူ၍ ယခုကဲ့သို့ ဖြစ်ရချေသည်' ဟု မိန့်တော်မူကြ၏။

မင်းကြီးလည်း မြေကို ပြန်၍ ပေးလှူလေ၏။ ထိုခါ စည်ကြီးလဲမြည်၊ လှံကြီးလဲ စေတိုင်းသွားလေ၏။ ဒွတ္တပေါင်မင်းကြီးနဲ့ကာလာသောကမင်းကြီးသည် ခေတ်ပြိုင်များပေတည်း။

သရေခေတ္တရာ ပြည့်ရှင် ဒွတ္တပေါင်မင်းကြီး၊ ပန်ထွာမိဖုရား၊ စန္ဒာဒေဝီ မိဖုရားတို့ ဘီစီ(၅)ရာစု မှာ သရေခေတ္တရာမှ ရွှေတောင်၊ ယင်းမှ (၄)မိုင်အကွာ ရွှေနတ်တောင် စေတီတော်မြတ်ကြီး ပူပြင်ရန်အလို့ငှာ သွားရောက်ခဲ့ကြောင်း...

ထိုမင်းကြီး၏မိဖုရား ပန်ထွာ ဘုရင်မသည် တေမိဇာတ်တော်ကို ရဟန္တာရှင် မဟာရသထံမှ နေ့စဉ် နာကြားရရာ တေမိဇာတ်တော်လာ ဗာရာဏသီသို့ သွား၍ တေမိမင်းသား ရဟန်းပြုသည်အထိ အဖြစ်အပျက် အစီအစဉ် ရှုမြင်လိုသောဆန္ဒ ချင်ခြင်း ပြင်းပြစွာ ဖြစ်ပေါ်၍ မကျန်းမမာ ဖြစ်တော်မူ၏။

ထိုအကြောင်း ဒွတ္တပေါင်မင်းကြီး သိတော်မူလျှင် မိဖုရားဝေဒနာ သက်သာ ပျောက်ကင်းစေရေးအတွက် ဗာရာဏသီပြည်သို့ သွားရောက်မည်ဟု မိဖုရားအား မြွက်ကြားရာ မိဖုရား မှဝမ်းမြောက်ဝမ်းသာဖြစ်၍ ကျန်းမာခြင်းအဖြစ်ရတော့၏။ ဒီလို ရွှေနတ်တောင်ဘုရားသမိုင်းမှာ ဆိုထားပါတယ်၊

ပြည်–ရွှေတောင်(၉)မိုင်၊ ရွှေတောင်–ရွှေနတ်တောင်(၄)မိုင်၊ ရွှေတောင်–တာရုတ်မော်(၂၄)မိုင်။ ဒွတ္တပေါင်မင်းကြီး သရေခေတ္တရာမှာ သက္ကရာဇ် ၁၀၁ ခုနှစ်မှာ နန်းတက်တော်မူစဉ် တာရုတ်မော်မြို့ကြီးတွင် အင်မတန် ချောမောလှပ ကြန်အင်လက္ခဏာနဲ့ ပြည့်စုံသော ဥမ္မာရဒေဝီမင်းသမီး ရှိခဲ့ပါတယ်။

မင်းကြီးတိုင်းခန်းလှည့်ရာ **ဥမ္မာရဒေဝီ** မင်းသမီးကို တွေ့ရှိ၍ မိဖုရားအရာ မြှောက်စားပြီး ဘိသေကသဘင်ပွဲ ချီးမြှင့်ခဲ့ကြောင်း...



www.burmeseclassic.com

www.burmeseclassic.com







▲ ထူးခြားလှသည့် ခြင်္သေ့နှစ်ကောင် သမင်လည်ပြန်ကြည့်နေပုံ

◀ ရှားပါးသည့် သမင်လည်ပြန်လှည့်နေသည့် ခြင်္သေ့ကြီး

ဥမ္မာရဒေဝီမိဖုရားသည် ဘုရားဒေသနာတော်၌ လေးစားကြည်ညိုရင်းရှိရာ ဘုရားတည် ကျောင်းဆောက်တော်မူလေသည်။

စာရေးသူတို့ ရွာမြောက်ပိုင်း ကျောက်ဆောင် ကျောက်ကမ်းပါး ရေတိုက်စားမရတဲ့နေရာတွင် စေတီပုထိုးပေါင်းများစွာတည်ထားခဲ့ပြီး ယခုမြသိန်းတန် စေတီတော်မြတ်ကြီးကို (၅၅)တောင် အမြင့်ဆောက်၍ **သိန်းတန်မြသဘက်ဌာပနာ**ပြီး ရေစက်ချသွန်းလောင်းခဲ့ကြောင်း မှတ်သားရပါတယ်။

ဒီလိုဆိုထား၍ စာရေးသူ ဓာတ်ပုံမှတ်တမ်းတင်ကြည့်ခဲ့ပါတယ်။ လက်စင်းရာပါ တစ်တောင်ခန့် အုတ်ကြီးများ၊ အုတ်ရိုးကြီးများ တူးဖော်တွေ့ရှိရပါတယ်၊

ဒီလိုမျိုး အုတ်ရိုးနဲ့ အုတ်ကြီးတွေ သရေခေတ္တရာမြို့ဟောင်းကို ဟသ်ာဆန်စက် မန်နေဂျာကိုသက်လွင် (B.A) လိုက်ပို့လို့ရောက်ခဲ့ရာ ယခု ဓာတ်ပုံပါအုတ်မျိုး တထေရာတည်း တွေ့ရှိသကဲ့သို့ စာရေးသူတို့ တည်ကုန်း "ရွာမ" မိုးကြိုးပစ်ကုန်း၊ အင်ကြင်းစင်ရွာအနီး ပေကုန်းရွာမှာရှိတဲ့ **"နေထွက်သိမ်ရှိရာ ရဟန္တာ(၈၀)ရှိ အုတ်ရိုးအုတ်ချပ်တွေနဲ့လဲ ပုံစံတူပါ။**

ရှေးဟောင်း သုတေသနဌာနမှလဲ သရေခေတ္တရာအဆက် ဒွတ္တပေါင်မင်းကြီး တည်ထားခဲ့ကြောင်း ဖွင့်ဆိုခဲ့ပြန်ပါတယ်။

ဒုတိယသာဓကအနေနဲ့ မြသိန်းတန်စေတီကြီးပေါ်က ဘုရားပန်းအိုးကြီးတွေ။ ဒါတွေကလဲ ပေကုန်း ရဟန္တာ(၈၀)ဘုရားအရှေ့ဘက်ရှိ စေတီကြီးပေါ် ပန်းအိုးကြီးတွေနဲ့ သဏ္ဌာန်တူတာတစ်ကြောင်း...

သိမ်တော်ကြီးအတွင်းက ရှေးဟောင်း ဘုရားပန်းအိုးကြီးကလဲ ဖော်ညွှန်းပြနေပြန်ပါတယ်။ သိမ်ကြီးကလဲ ရှေးဟောင်း ရဟန္တာသိမ်ကြီးဖြစ်ကြောင်း...ပုံပါတိုင်းရှုပါ။

## သိမ်ကြီးနောက်ကရှေးဟောင်းဂူစေတီ ဘယ်သူ့ဂူစေတီလဲ၊ ဘယ်သူ့အုတ်ဂူလဲ

ရှေးဟောင်း ရဟန္တာသိမ်ကြီးကနေ (၁၀)လှမ်းခန့်အကွာမှာ ပြိုပျက်နေတဲ့ အဆောက်အအုံအပေါ်မှာ စေတီပျက်ဒါ ဘယ်သူ့အုတ်ဂူလဲ၊ ဥမ္မာရဒေဝီ အုတ်ဂူကိုအပေါ်မှာ စေတီတည်ထားခဲ့တာလား၊ သို့တည်းမဟုတ် ဒွတ္တပေါင်မင်းကြီးရဲ့ အုတ်ဂူဘုရားစေတီလား၊ ဗောဓိညောင်ပင်ကြီးဘေး အေးဆေးစွာ တည်ထား၊ အုံ့ဖွယ်ပါတကား၊

စာရေးသူ သရေခေတ္တရာ ရောက်တုန်းက ပန်ထွာဘုရင်မကြီးနဲ့ ဆွေတော်မျိုးတော်များ အုတ်ဂူဆိုပြီး တွေ့ခဲ့ရတယ်။ စန္ဒာဒေဝီမိဖုရားကြီးနဲ့ဒွတ္တပေါင်မင်းကြီးအုတ်ဂူဘယ်မှာလဲ...

ရှေးလက်ရာ ခေါင်းလောင်းကြီးကလဲ ၁၂၄၁ ခုနှစ်မှာ တည်ထားပြီး ပိဿာချိန် **"၂၆၆၅" ပိဿာရှိ**ကြောင်း ကမ္ပည်းထိုး မှတ်တမ်းတင်ထားပါတယ်။

ဒီစေတီနဲ့ အုတ်ရိုးများအတွက် အုတ်ဖုတ်ရန် မြေတူးရင်း **"အင်းကြီး"**




www.burmeseclassic.com

www.burmeseclassic.com



• ရှေးခေါင်းလောင်းကြီးပုံ



• သိမ်ကြီးအတွင်းရှိ ရေစက်ချကျောက်အိုးကြီး
(ယောက်ျား ရဟန္တာ-၈၀ ဘုရားထိုင်ပုံတူ)

**သဖွယ်** ဖြစ်ပေါ်နေပါတယ်။ အင်းရေဘယ်တော့မှ မခန်းပါဘူး။

၁၉၈၅ ခုနှစ် စာရေးသူ ရွှေဝယ်ဆင်းတုန်းက အင်းထဲက လိပ်ကြီးတွေ၊ ငါးတွေ ဖမ်းချက်စားကြလို့ လူတွေ ခိုက်ပြီး တချို့ သေကြကြောင်း၊ စာရေးသူတွေ့ခဲ့တဲ့ လိပ်ခွံကြီး ဘယ်လောက်ကြီးလဲဆို မိုးပြဒယ်ကြီးမှတ်လို့ ကိုင်ကြည့်တော့ လိပ်ခွံကြီး ဖြစ်နေတာကို တွေ့ပါတယ်။

### မီးမလောင်တဲ့ မြသိန်းတန်ကျောင်း

စာရေးသူ ကျောင်းပတ်လည်သည့် ဓာတ်ပုံရိုက်တော့ အတောင် (၁၀)ခန့်ရှိ သင်းဝင်ပင်ကြီးတွေ့တယ်။ [illegible]မ သစ်ကွင်းသစ်တံခါးကြီး အနီးကပ် ဓာတ်ပုံရိုက်တယ်။ ဒီသစ်ကွင်းကြီးကြောင့် ဒီဘုရားကျောင်းကြီး မီးမလောင်ပါဘူးတဲ့။ စာရေးသူကို မောင်ဝင်းက ရှင်းပြတယ်။

အဲဒါ သင်းဝင်ပင်လို့ ခေါ်တယ်ကိုကြည်သိန်း၊ နှစ်ပေါင်း ရာထောင်ချီ ရှိပြီတဲ့။ ထူးခြားတဲ့ပုံနဲ့ တံခွန်တိုင်ကြီး။ ဒီပုံမျိုး ဘယ်ဘုရားမှာမှ မရှိပါဘူး။ ပုံတွင် ကြည့်နိုင်ပါတယ်။

တစ်ခါတစ်ခေါက် လာရောက်ချင်ရင်ဖြင့် ရန်ကုန် ပြည်လမ်း **ဝရောသာ တရုတ်မော်ဆိုတဲ့ ဆိုင်းဘုတ်ဘေးက (၁)နာရီ သာသာခန့်နဲ့ ရောက်နိုင်ပါကြောင်း** နိဗ္ဗာန်အကျိုးမျှော်၍ ရေးသားပူဇော် လိုက်ရပါတယ် သူတော်စင်အပေါင်းတို့...

#### ကျေးဇူးတင်လွှာ

လိုက်ပါပို့ဆောင်ပေးတဲ့ ညီငယ်မောင်ဝင်း၊ ရွှေနတ်တောင် စေတီတော်ကြီးသမိုင်း၊ ဆရာကြီးမဟာစရိယ ဦးဌေးလှိုင်၏ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ၊ မြန်မာ့စွယ်စုံကျမ်းအတွဲ(၁၁)၊ တွင်းသင်းရာဇဝင်သစ်(ပ)တွဲ အရေးတော်ပုံ(၆)စောင်တွဲ (သို့မဟုတ်)မြန်မာမင်းများအရေးတော်ပုံကျမ်း၊ ကိုယ်တိုင်ကွင်းဆင်းလေ့လာမှု။

*စာဖတ်သူအပေါင်း ကျန်းမာ ချမ်းသာကြပါစေ။*

**ရွှေမှော်မြေ မောင်ကြည်သိန်း**



www.burmeseclassic.com

www.burmeseclassic.com

## ကိန္နရီ အမှတ်တံဆိပ် ကန္တရဝတီ ဆေးတိုက်

# ကြက်လည်ဆံ ဆီးဆေး

## Vitex-Penduncularis




**သုံးစွဲနိုင်သောရောဂါများ**

ဆီးချို၊ ဆီးကျောက်တည်
ဆီး(နီ၊ဝါ၊လွန်၊နည်းများ) ခြင်း၊
ဆီးမထိန်းနိုင်ခြင်း၊ဆီး(ကျဉ်၊အောင့်)
ဆီးပူညောင်းကျ၊ဆီးကြောင့် မျက်စိ
မှုန်ပြာဝေခြင်း၊ သွေးတိုး၊ဇက်ကြော
တက်၊အသည်းရောင်အသားဝါ
ရောဂါများအတွက်သက်သာစေပါသည်။

**တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်**

TMR 007860 (1114)

<u>Diseases to be applied</u>

Diabetes,urine-stone, urine (red, yellow, excess,minimization, miximization),uncontrollabe urine,. urine (tingling, cramping), heating,dimming eyes due to urine, hypertension, nape pain, hepatitis can be relieved.

TMR 007860 (1114)

Source-741, Dana Theikdi street,
Ward 8, Mayangone Township,
Yangon, Myanmar,
Ph: 095140389/09420007085

ပင်ရင်း–ကိန္နရီ အမှတ်တံဆိပ်၊ကန္တရဝတီဆေးတိုက်၊အမှတ်–၇၄၁၊ဓနသိဒ္ဓိလမ်း
(၈)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။

ဖုန်း ၀၉ ၅၁၄၀၃၈၉ ၊ ၀၉ ၄၂၀၀၀၇၀၈၅



www.burmeseclassic.com

www.burmeseclassic.com

မြဝတီမြို့

# တောရကျောင်းဆရာတော် အရှင်ဝဇိရာသိဒ္ဓိ

အား ပူဇော်ဂါရဝပြုခြင်း (၂)

စံထွန်းသာ



◆ (ပုံ-၁) တောရကျောင်းဆရာတော် ဦးဝဇိရာသိဒ္ဓိ

(ယခင်လမှအဆက်)

ကောင်းကင်တွင် ဖူးရစဉ်

တောရကျောင်းနေရာသည် မြို့ပြင် သချိုင်းတစ်ဖက်၌ရှိ၍ မြဝတီမြို့ တွင်းသို့ အချိန်မရွေး သွားလာ၍ မရ ပေ။ စစ်တပ်ဝင်း တစ်ခုခြားနေသဖြင့် တပ်ဂိတ်ဖွင့်သော အချိန်မှ မြို့တွင်းသို့ ဆွမ်းခံဝင်ရသည်။

ထိုနှစ်(၁၃၄၇ ခုနှစ်) ဝါကျွတ်၍ ကထိန်ရာသီ ရောက်သောအခါ တောရကျောင်း၌ ကထိန်ခင်းကြ သည်။ တောရကျောင်း ဆိုသော်လည်း ဒီးတဲငယ်ကလေးသာ ဖြစ်သည့်အပြင် စစ်တပ်ဝင်းကို ဖြတ်သွားရမည်ဖြစ်၍ လူစုလူဝေးဖြင့် နံနက်စောစော စုစည်း ရန် အခက်အခဲ တွေ့ကြရသည်။

ထို့ကြောင့် မြို့တွင်းရှိ အမှတ်(၁) ခပ်ကွက် ဓမ္မာရုံတွင် လူစုကာ နံနက် (၎)နာရီတွင် မြို့တွင်းသို့ လှည့်လည် ကြမည်။ (၁၁)နာရီခန့်တွင် ဓမ္မာရုံသို့ ပြန်ဝင်၍ တောရကျောင်းသို့ သွားကြ ရန် စီစဉ်ကြသည်။

ယင်းအစီအစဉ်ကို လျှောက်ထား ရန် ဦးသိန်းအောင်က နံနက်တပ်ဂိတ် ဖွင့်သည်နှင့် ဆရာတော်ထံသွား လျှောက်သည်။ ဆရာတော်က **"ကထိန်ခင်းမယ်သာ ဆိုတယ် လူ အစီအစဉ်ယောက်မှ မမြင်ပါလား"**ဟု မေးသည်။

အစီအစဉ်ကို လျှောက်ထားသော အခါ ဆိတ်ဆိတ်နေတော်မူလေ သည်။ သို့ဖြင့် မြို့တွင်းလှည့်လည်ရန်

ထွက်သွားသော လူတန်းနောက်သို့ လိုက်ပါ ကြီးကြပ်ပေးသည်။ မြို့တစ်ပတ်ပြည့်၍ ချစ်ကြည်ရေ

www.burmeseclassic.com

တံတားအနီး နေရာသို့ ရောက်သောအခါ ကောင်းကင်၌ ဝါဝါအလင်းစက်ဝယ်တစ်ခုမြင်တွေ့ရကာ သချိုင်းကုန်းတစ်ဖက်သို့ ဆင်းသက်ပျောက်ကွယ်သွားလေသည်။

ထို့နောက် ဓမ္မာရုံ၌ လူပြန်စုကာ တောရကျောင်းဆီသို့ သွားကြသည်။ ကျောင်းသို့ ရောက်သော် ထူးထူးခြားခြား လူသူစည်ကားနေသည်ကို တွေ့ရ၏။

ဒါယကာအားလုံးက ကထိန် လှည့်ရာ၌ ပါဝင်နေကြသဖြင့် ကျောင်းတွင် လူရှင်းနေမည်ဟု ထင်ထားသောကြောင့် အံ့အားသင့်စွာ မေးမြန်းကြည့်သောအခါ အနီးရှိ ရဲစခန်းနှင့် စစ်တပ်ဝင်းမှ စစ်သည်များ၊ ရဲသားများနှင့် သူတို့၏ မိသားစုများ စုဝေးရောက်ရှိနေခြင်းဖြစ်ကြောင်း သိရသည်။

ဦးသိန်းအောင် လျှောက်ထား၍ တောရကျောင်းမှ ပြန်ထွက်သွားသည်နှင့် သချိုင်းကုန်းအနီးမှ အဝါရောင်အလင်းတန်း ထွက်ပေါ်လာသည်ကို အနီးရှိ ရဲကင်းမှ မြင်ရသည်။

အံ့သြစွာဖြင့် စုဝေးကြည့်ရှုကြသောအခါ တောရကျောင်းဆရာတော်ဖြစ်နေသည်။ ကောင်းကင်သို့ ဝါးလုံးထိုး ပျံတက်သွားကာ တိမ်များအကြားပျောက်ကွယ်သွားလေသည်။

ထို့ကြောင့် တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ရဲစခန်းနှင့် စစ်တပ်အတွင်း ပျံ့နှံ့ကာ ပရိသတ် စည်ကားစွာ လာရောက်ကြတော့သည်။

ဆရာတော်အား မေးလျှောက်သောအခါ မည်သည့်နေရာကိုမျှ ကြွရောက်ခြင်းမရှိ။ ကျောင်းတွင်း၌သာ ရှိနေကြောင်း မိန့်တော်မူလေသည်။

## ကားထက်မြန်သည့် ဆရာတော်

ထီးချားရားကျောင်း၌ နေစဉ် သာသနာရေးကိစ္စအတွက် မြဝတီမြို့



(ပုံ-၂) တပည့်ရှင်တစ်ဦးဖြစ်ခဲ့သော ဦးသိန်းအောင်

ကြခင်းကျောင်းတွင် အစည်းအဝေးရှိသဖြင့် ဒုကုဋ်သင်္ကန်းကို ခေါင်းပေါ်တင်ကာ ထီးချားရားရွာမှ ခြေကျင်ကြွခဲ့သည်။

လမ်းတွင် စစ်တပ်ပိုင် လင်းရိုဗာကားတစ်စီး ကျော်တက်သွားပြီးမှ ရှေ့တွင်ရပ်ကာ သင်္ကန်းညိုနောင်တွင် တပ်စွဲနေသော တပ်မမှူး ကားပေါ်မှ ဆင်းလာသည်။

အကျိုးအကြောင်း လျှောက်ထားပြီးနောက် **"တပည့်တော်လဲ ကြခင်းကျောင်းသွားမှာမို့ ကားနဲ့ လိုက်ခဲ့ပါဘုရား"**ဟု ဗိုလ်မှူးက ပြောသည်။

ဆရာတော်က ခေါင်းသာ ခါပြသောကြောင့် ကားမောင်းထွက်သွားသည်။ မကြာမီ သင်္ကန်းညိုနောင်ရွာဦး ဘုန်းကြီးကျောင်းအဝသို့ မော်တော်ကားရောက်သည်။

ကျောင်းတွင်းမှ ဆရာတော် ဦးစန္ဒာသီရိ ထွက်ကြွလာသည်ကို မြင်ရသဖြင့် အံ့သြစွာဖြင့် ထပ်မံ ပင့်လျှောက်ပြန်သည်။ ငြင်းမြဲ ငြင်းပယ်တော်မူသဖြင့် ဆရာတော်ကို နောက်တွင် ချန်ရစ်၍ ကားကို ဆက်မောင်းခဲ့ရပြန်သည်။

မြဝတီမြို့ကိုရောက်၍ ကြခင်းကျောင်းဝင်းသို့ ကားမောင်းဝင်လိုက်သောအခါ ကျောင်းပေါ်၌ ရေနွေးဘုဉ်းပေးနေသည့် ဦးစန္ဒာသီရိကို ဖူးမြင်ရလေရာ ထိုတပ်မှူးသည် သင်္ကန်းညိုနောင်မှ တာဝန်ပြောင်းရွှေ့ ထမ်းဆောင်ရသည်အထိ ဆရာတော်အား အစဉ်မပြတ် ဆည်းကပ် ကိုးကွယ်ခဲ့လေသည်။

## ဦးသိန်းအောင်နှင့် အောင်သုခစေတီတော်

[ပုံ-၂]

၂၀၀၄ ခုနှစ်တွင် ဆရာတော်က ကျေးဇူးရှိခဲ့ဖူးသည်ဆိုကာ ထီးချားရားကျောင်းဝင်းအတွင်း၌ အောင်သုခစေတီတော်ကို စတင်တည်ဆောက်သောအခါ ဒါယကာရင်းတစ်ဦးဖြစ်သော ဦးသိန်းအောင်လည်း သွားရောက်၍ လုပ်အားပေးကာ ပန္နက်ချသောနေ့တွင် (၇)ရက်ပြည့်သောအခါ ရပ်ကွက်အတွင်းရှိ သမဝါယမ အသင်းကိစ္စ၊ သာရေးနာရေးကိစ္စ အသင်းအဖွဲ့များ၌ အမှုဆောင် ဦးစီးတာဝန်များ ယူထားခဲ့သဖြင့် ဝိုင်းဝန်းလောဆော်ကြရာ ဆရာတော်ထံ ခွင့်တောင်းသည်။

ဆရာတော်က ကိုးရက်ပြည့်အောင်နေသွားပါဟု ဆိုသဖြင့် ဆက်နေရသည်။ ကိုးရက်ပြည့်သော် ကိုးနှစ်လီ၊ ထိုမှ ကိုးသုံးလီ စသည်ဖြင့် အထပ်ထပ်တိုက်တွန်းတော်မူသဖြင့် အားနာစွာဖြင့် ဆက်နေရပြန်သည်။

(၂၇)ရက်ပြည့်သော် လောကီတာဝန်များကလည်း လှုံ့ဆော်၊ ကိုယ်တိုင်ကလည်း လူထွက်လိုသဖြင့် ဆရာတော်ထံ လျှောက်ရန် သွားတွေ့၏။


ဝတ်ဖြည့် ကန်တော့ပြီးသည်နှင့် ဆရာတော်က **"စေတီတော်ကို ရွှေသင်္ကန်းကပ်လိုသည်။ အရှင်ဘုရား လုပ်ပေးနိုင်မလား"**ဟု ထီးမေးလေသည်။






www.burmeseclassic.com

www.burmeseclassic.com





(ပုံ-၃) တောရကျောင်းမုခ်ဦး

(ပုံ-၄) တောရဆရာတော် အထိမ်းအမှတ် ဓမ္မာရုံ

လှူဒါနက စေတီပုထိုးများ၊ သိမ်ကျောင်း ကပ်ခြင်းကို တာဝန်ယူခဲ့ကြောင်း ဆရာတော်ကောင်းစွာသိထားသဖြင့် ဤသို့ မိန့်ကြားခြင်းဖြစ်သည်။

ရပ်ကွက်ကိစ္စများနှင့် အတန်ကြာ လွန်ဆွဲကာ စဉ်းစားပြီးနောက် ကြို တောင့်ကြံခဲ့ဟန်၍ အားတင်းကာ **"ပါရမီ ဖြည့်ပေးပါမည်"**ဟု လျှောက်ထားမိသည်။

ထိုအခါ ဝမ်းသာအားရဖြင့် ပြုံးတော်မူသော ဆရာတော့်မျက်နှာကို ယနေ့တိုင် မြင်ယောင်မိပါသည်ဟု ဦးသိန်းအောင်က ပြောပြသည်။ စေတီအလုံး အသည်ပြီး၍ (၈)လကြာအောင် ရွှေသင်္ကန်းကပ်လှူရသည်။

ထို့နောက် ၂၀၀၅ခုနှစ်၊ ဇူလိုင်(၂၀)ရက် (သာဒေဝါခုနှစ် နယုန်လပြည့်နေ့)တွင် စေတီထီးတော်တင်လှူသည်။ ထီးတင်ပွဲအား ကြက်ပျံမကျ စည်ကားလှသည်။

မတွေ့မမြင်ဘူးသော ပုံဟန်ဝတ်စားဆင်ယင်မှုနှင့် လူစိမ်းများစွာ ရောက်ကာ လှူဒါန်းကျေးမွေးကြသည်ကို တွေ့ရ၏။ မြဝတီခရိုင်အတွင်း ကြီးကျယ်သောက်အောင် အစည်ကားဆုံးပွဲတော် ဖြစ်ခဲ့သည်။

ထီးတင်ပွဲမတိုင်မီကပင် ဆရာတော်သည် ထီးချားရားကျောင်းသို့ တစ်ညအိပ်ခရီးမျှသာ ကြွလာ၏။ ကြာကြာ မနေနိုင်ခြင်းကို ဤသို့ မိန့်တော်မူသည်။

'တပည့်တော်မရှိရင် တောရကျောင်းမှာ ဆွမ်းအခက်အခဲဖြစ်တယ်ဘုရား'

တောရကျောင်းတွင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဖွင့်ကာ ဆင်းရဲနွမ်းပါးသော တိုင်းရင်းသားကလေးများကို ကယ်တင်စောင့်ရှောက်ထားသည့်အပြင် စာသင်စာချ ရဟန်းသာမဏေများစွာလည်း ရှိလေရာ သူတို့၏ ဝမ်းရေးအတွက် တောရကျောင်း၌သာ အနေများကာ ထီးချားရားကျောင်းသို့ ဦးအာစာရာဝုဓအား လွှဲအပ်ထားလေသည်။

ထို့အပြင် ရပ်ကွက် အသင်းအဖွဲ့များက ဦးပဥ္စင်းအား လူထွက်ရန် ခဏခဏ လာလျှောက်ကြသည်ကို သိထားသဖြင့် အနီးဝန်းကျင်ရှိ ကျောင်းကြီးများ၌ လစ်လပ်နေသော ကျောင်းထိုင်နေရာအတွက် တာဝန်ယူပေးရန် တိုက်တွန်းတော်မူသည်။

ဆွမ်းကွမ်း လာဘ်လာဘ ပေါများသော ကျောင်း(၄)ကျောင်းတိုင်အောင် ငြင်းပယ်ခဲ့ပြီးနောက်တွင် အတွေးတစ်ခု ပေါ်လာသည်။

'ဆရာတော်ကြီးက စေတနာထား၍ ရဟန်းဘောင်၌ မြဲစေရန် တိုက်တွန်းအားပေးခြင်း ဖြစ်သည်။ ရဟန်းဘဝနေရကိုက် အကျိုးရှိအောင်ကြိုးစားမည်'

ဟု တွေးမိကာ ဆရာတော်ထံမှ ဝိပဿနာနည်းခံကာ ကြိုးစားလေ့ကျင့်သည်။ တစ်ကြိမ်ထိုင်လျှင် (၈)နာရီခန့်ကြာသည်အထိ ခံနိုင်ရည်ရှိလာသည်။

ဤသို့ဖြင့် တရားဖြင့် မွေ့လျော်ကာ ရဟန်း(၃)ဝါအရတွင် ဆရာတော်ကြီး ပျံလွန်တော်မူလေသည်။

ဆရာတော်အား ကျေးဇူးဆပ်သည့်အနေဖြင့် နောက်ထပ် နှစ်ဝါထပ်နေပြီး နောက် ငါးဝါအရ၌ ပရိသုဒ္ဓပြုခဲ့သည်။ ဦးသိန်းအောင်က...

'အဲဒီတုန်းက လုပ်ဖော်ကိုင်ဖက်တွေ အားကိုးတကြီး တောင်းပန်ကြတာကို တစ်ချက်ကလေး တောင့်ခံနိုင်ခဲ့ရင် ဆရာတော်ကြီးပေးတဲ့ ဓမ္မအမွေကို ဆက်ခံနိုင်ကောင်းပါရဲ့လို့ တွေးတွေးပြီး ယူကျုံးမရ ဖြစ်ရပါတယ်'

ဟု ပြောပြသည်။ (ဓမ္မအန္တရာယ်) ဓမ္မန္တရာယ်သည် ပြင်ပလောကီကာမ

www.burmeseclassic.com






◆ (ပုံ-၆)ဓမ္မဗိမာန်တော်

◆ (ပုံ-၅) ဆရာတော်ဗိမာန်

◆ (ပုံ-၇) ဓမ္မသာလာစာသင်ဆောင်များ



ဂုဏ်အာရုံ၌ မတည်။ မိမိ၏ အဇ္ဈတ္တ အတွင်းသန္တာန်၌သာ မူတည်ကြောင်း အလင်းပြလိုခြင်း ဖြစ်ပေမည်။

## တောရကျောင်းတွင်

ယခင်က မြို့ပြင်သုသာန်နှင့် စစ်တပ်ဝင်းကြီးခြားကာ သွားရေးလာရေး ခက်ခဲလှသော တောရကျောင်းသည် ယခုအခါ မြဝတီမြို့မ အမှတ်(၄) ရပ်ကွက်၊ စည်ကားလှသော လူနေအိမ်ခြေအကြား၌ တွေ့မြင်ရသည်။

"တောရကျောင်း ပရိယတ္တိ စာသင်တိုက်" [ပုံ-၃]

ဟု ကမ္ဗည်းတင်ထားသော မုခ်ဦးကို ဖြတ်ကျော်ဝင်ရောက်သွားသော အခါ ကျယ်ပြန့်သော ကျောင်းဝင်းအလယ်တွင် ခန်းမဆောင်တစ်ခု ထီးတည်း မြင်တွေ့ရသည်။ [ပုံ-၄]

မူလပဓာနဆရာတော်ဘုရားကြီး
အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒာသိရိ
သက်တော် (၈၆)နှစ်

ဟူသော နဖူးစည်းစာတန်းနှင့်အတူ ဆရာတော်ကြီး၏ ရုပ်ပုံကားချပ်ကြီးကို ပူဇော်ထားသည်။

ယင်း၏အနီးတွင် ဆရာတော်ကြီး၏ ဗိမာန်[ပုံ-၅]ရှိ၍ နောက်ဘက်တွင် ဓမ္မဗိမာန်တော် [ပုံ-၆]နှင့် ရှေ့မြောက်လပ်တစ်ဖက်တွင် ဓမ္မသာလာကြီး တစ်ဆောင် တွေ့ရ၏။ [ပုံ-၇]

ထို ဓမ္မသာလာအတွင်း၌ ကျောင်းသားကလေးများ၏ စာအံသံများ စီစီညံညံ ထွက်ပေါ်နေသည်။ သာမဏေ၊ သီလရှင်၊ ကျောင်းသူ၊ ကျောင်းသား ကလေးများသည် ဆရာတော် ကယ်ဆယ် ထောက်ပံ့ထားသည့် တိုင်းရင်းသားကလေးများ ဖြစ်ကြသည်။

ယင်းတို့၏ လက်ယာဘက်တွင်ကား ဆရာတော်သီတင်းသုံးခဲ့သည့် ကျောင်းဆောင်ရှိသည်။ [ပုံ-၈]တစ်ထပ် ကျောင်းကလေးဖြစ်၍ အတွင်း၌ ဆရာတော်၏ ရုပ်တုကို ဖူးတွေ့ရသည်။

သာသနာ့အကျိုးဆောင် တစ်ဦးက ဓာတ်တော်ပူဇော်ထားရာ ဆရာတော် ဗိမာန်ကို လှေ့လာနိုင်ရန် သော့ဖွင့်ပေးသည်။ နောက်ခံဖြစ်စဉ်တော်ကိုမူ



www.burmeseclassic.com

www.burmeseclassic.com

မသိရကြောင်းနှင့် စုဆောင်းမှတ်သားထားသူများ၏ အမည်နေရပ်များကို ပြောပြလေသည်။

ဆရာတော် ဦးစန္ဒာသီရိသည် သာမညဆရာတော်ကဲ့သို့ပင် သက်သတ်လွတ်ဘုဉ်းပေး၍ တောရကျောင်းသို့ ရောက်လာသမျှ ပရိသတ်များကိုလည်း သက်သတ်လွတ်ထမင်းဟင်းများ ကျွေးမွေးလေ့ရှိခဲ့သည်။ သာမညဆရာတော်ရှိစဉ်က မဲဆောက်မြို့သို့ အကြောင်းကိစ္စဖြင့် ကြွရပါလျှင် တောရကျောင်း ဆရာတော်ထံသို့ ဝင်ရောက်မြဲဖြစ်ကြောင်း သိရသည်။

ဆရာတော် ဦးစန္ဒာသီရိ ကျင့်ကြံအားထုတ်သော နည်းနိဿယကို ထုတ်ဖော်ပြောကြားမှု မရှိသော်လည်း မိန့်ကြားသည့် ဩဝါဒများမှာ မိုးကုတ်ဆရာတော်၏ နည်းနာနိဿယများ ရှိကြောင်း တွေ့ရှိကြလေသည်။

## ပျံတော်မူချိန်


ဆရာတော်သည် သက်တော် (၈၀) ကျော်သည့်တိုင် ကျန်းမာရေးနှင့် ပတ်သက်၍ ထူးထူးခြားခြားဝေဒနာ ခံစားရပုံမပေါ်၊ ဝေဒနာကို သည်းခံနေခြင်းလည်း ဖြစ်ဖွယ်ရှိသည်။ သက်တော်(၈၆)နှစ်အဝင် ၁၃၆၉ခုနှစ်၊ ဒုတိယဝါဆိုလဆန်း၊ ဝါမဝင်မီ အချိန်ကလေးတွင် ရုတ်တရက် လဲကျရာမှ မထနိုင် ရှိသဖြင့် တပည့်ဒါယကာများက မြဝတီဆေးရုံသို့ ပို့ဆောင်ကုသကြသည်။

အဆုတ်တွင် ရေဝင်နေသည်ဆို၍ ပိုက်ဖြင့် သွယ်တန်းထားရသည်။ ရက်အနည်းငယ်ကြာသော် ဒါယကာများ စုပေါင်းတိုင်ပင်ကာ ရန်ကုန်မြို့ အာရုတော်ဝင်ဆေးခန်းသို့ သွားရောက်ကုသကြသည်။



(ပုံ-၈) ဆရာတော် သီတင်းသုံးခဲ့ရာကျောင်းဆောင်

(ပုံ-၉) အရိုးတော်မှ ကျန်ရစ်သောဓာတ်တော်



လဆုတ်(၅)ရက်၊ သောကြာနေ့ နေ့လည်(၁)နာရီ၊ (၅–၈–၂၀၀၇)တွင် ပျံလွန်တော်မူသည်။ ပျံလွန်တော်မူခါနီးကာလအထိ ညည်းညူမိန့်ကြားခြင်း မရှိဘဲ တည်ငြိမ်စွာဖြင့် ခန္ဓာစွန့်သွားခြင်းဖြစ်သည်။

ရုပ်ကလာပ်တော်အား မြဝတီမြို့ တောရကျောင်းသို့ပင့်ဆောင်ကာ (၁၂) ရက်ခန့် ပူဇော်ထားရာ **တောင့်တင်းခြင်း၊ ပုပ်ပျက်ခြင်းမရှိဘဲ အခေါင်းဖုံးတွင် ဆရာတော်၏ ရုပ်ပုံတော်ပုံရိပ်ပေါ်နေသည်**ကို ထူးခြားစွာ မြင်ကြရ၏။

(၁၇–၈–၂၀၀၇)ရက် နေ့တွင် တေဇောဈာပနသဘင် ကျင်းပပူဇော်ရာ လက်ဖက်ရည်အောက်ခံ ပန်းကန်ပြားထက်ကြီးသည့် လိပ်ပြာကြီး (၅)ကောင်လာရောက်ကာ ရုပ်ကလာပ်တော်၌ နားနေကြသည်။


မီးကောင်းစွာ လောင်ကျွမ်းနေချိန် ဖြစ်၍ မောင်းနှင်ကြသော်လည်း အတန်ကြာမှ (၃)ကောင်မှာ ထပ်ပျံသွား၍

www.burmeseclassic.com



◆ (ပုံ-၁၀) လုံးခဲနေသည့် ဓာတ်တော်အချို့

(ပုံ-၁၁) ရာငြိမ်းစေတီတော် ▶



နှစ်ကောင်ကား မီးစွဲ၍ အသေခံသွားကြသည်ကို မြင်ကြရလေသည်။

မီးငြိမ်းသွားသောအခါ အဖြူရောင်၊ အညိုရောင်ဓာတ်တော်များ ကျသဖြင့် တပည့်ဒါယကာများ ယူငင်ပူဇော်ကြသည်။

## ဗိမာန်တွင်းဝယ်

ဆရာတော်၏ ဗိမာန်အတွင်း၌ မှန်ခန်းကာ၍ ဆရာတော်ကြီး၏ တင်ပျဉ်ခွေရုပ်တုကို ပူဇော်ထားသည်။

ရှေ့တော်မှောက်တွင် ဖန်အိုး၊ ဖန်ပုလင်းများဖြင့် ဓာတ်တော်များစွာ ပူဇော်ထားသော်လည်း အရှင်မောဂ္ဂလာန်၊ ရှင်သာရိပုတ္တရာ စသည့် သာဝက ရဟန္တာဓာတ်တော်များ ဖြစ်ကြောင်း ကမ္ပည်းစာအရ သိရှိရသည်။

ဦးသိန်းအောင်ကို မေးကြည့်သောအခါ ဤသို့ဆို၏။

'ဓါတ်တော်တွေ အားကြီးပဲ။ တချို့က တကောင်ဓာတ်တော်တွေလို ပုံပျက်ထည့် အရိုးတော်မှာ အစီအရီရှိကြတယ်။ အဲဒီတုန်းက လက်ထောက် ဦးပဉ္စင်းက လဲ သဘောကောင်းပြီး လာပင့်သမျှလူတွေကို အားလုံး ခွဲဝေပေးလိုက်တယ်။ ဒါကြောင့် ဆရာတော်ဗိမာန်မှာ မဖူးရတော့တာပါ'

ဟု ဆို၍ သူ၏နေအိမ်ဘုရားစင်၌ ပူဇော်ထားသော ဆရာတော်၏ ဓာတ်တော်အချို့ကို ထုတ်ပြပေးသဖြင့် မှတ်တမ်းပြု တင်ပြနိုင်ခဲ့ပါသည်။ **[ပုံ-၉/၁၀]**

ထို့နောက် ကျောင်းဝင်းအတွင်း လှည့်လည်လေ့လာရာ စာသင်တိုက်အဖြစ် စတင်ဖွင့်လှစ်ချိန်၌ ပထမဆုံး စာသင်ဆောင်အဖြစ် အသုံးပြုခဲ့သည့် ပျဉ်ထောင်ဇရပ်ကို မူလအခြေအနေအတိုင်း တွေ့ရသည်။ အချို့နေရာများ၌ အုတ်ခဲများဖြင့် ထောက်ကန့်ထား၏။

ဆရာတော်ကြီးရှိစဉ်က သောက်သုံးရေအတွက် တူးဖော်ခဲ့သည့် မိုးရေလှောင်ကန်ကိုလည်း မြင်တွေ့ရ၏။ ယခုကာလတိုင် အသုံးပြုဆဲဖြစ်၍ နွေကာလတွင် ရေမခန်း မိုးရွာသည်အထိ နှစ်လုံးပေါက် သုံးနိုင်သည်ဆို၏။

မိုးရေလှောင်ကန်အနီးတွင် ဆရာတော်ကြီးမရှိသည့်နောက်တွင် တပည့်ဒါယကာများ အမှတ်တရ ပူဇော်တည်ဆောက်ထားသော "**ရာငြိမ်းစေ**" စေတီတော်ကို ဖူးမြင်ရသည်။ **[ပုံ-၁၁]**

တောရ ကျောင်းတိုက်သည်ကား ဆရာတော်ကြီး ပျံလွန်တော်မူသော်လည်း ဆရာတော် ရည်မှန်းချက်အတိုင်း ခိုကိုးရာမဲ့ ပါဝင်းရင်းသား လူငယ်ကလေးများကို ကယ်တင်ကာ အသိပညာသင်ကြားပေးခြင်း၊ ရဟန်းသာမဏေများအား ပရိယတ္တိ စာပေသင်ကြားပို့ချခြင်းများဖြင့် စည်ကားရှင်သန်နေသည်ကို ဝမ်းမြောက်ဖွယ် မြင်တွေ့ရလေသည်။

**[အားကြိုးမာန်တက် ကူညီပေးကြသည့် မြဝတီမြို့မှ မိတ်ဆွေအားလုံးကို ကျေးဇူးတင်ရှိပါသည်။]**

**စံထွန်းသာ**




www.burmeseclassic.com

www.burmeseclassic.com

# နာလန်ထပါ

## အစားကောင်းကောင်း စားနိုင်ရန် နည်းကောင်းတစ်ခု



ဒီနေ့ ကျောင်းပိတ်ရက်လဲဖြစ်၊ အလုပ်လဲ အားတာမို့ သူငယ်ချင်း နော်စေးဖော့တို့အမေ အမိုး နေမကောင်းတဲ့ဆီ သတင်းမေးဖို့ ထွက်လာပါတယ်။

အမိုးတို့အိမ် ရောက်တော့ အိမ်ရှေ့မှာ ထွက်ထိုင်နေတာ တွေ့ရပါတယ်။

'အမိုး ဂနေကောင်းသွားပြီလား၊ သမီး လာမလို့လေ၊ ကျောင်းမှာလဲ စာမေးပွဲတွေနဲ့မို့ နော်စေးကိုပဲ သတင်းမေးနေရတယ်။ ဒီမှာ အမိုးအတွက် ပန်းသီးနဲ့ လိမ္မော်သီး စားရမယ်နော် အမိုး'

'စားမယ်၊ စားမယ်။ အခု အမိုး နေလို့ကောင်းလာပါပြီ။ အရင်ကဆို မစားချင် မသောက်ချင်နဲ့ ခုတော့ ဆေးနည်းလေးနဲ့ ကောင်းလာတယ်'

'ခုဆေးနည်းဆိုတာက ဘာလဲ အမိုး၊ ပြောပြပါဦး'

'အေး... ပြောပြမယ်။ ဟော... နော်စေးတောင် ပြန်လာပြီ'

'သူငယ်ချင်း ရောက်နေတာ ကြာပြီလား၊ ငါ အမိုးအတွက် ဆေးရွက် သွားယူနေလို့လေ'

ဆေးရွက်ဆိုလို့ လက်ထဲကြည့်လိုက်တော့ **"နာနတ်ရွက်"**တွေ တွေ့ရပါတယ်။

'အမိုး ထမင်းစားကောင်းပြီး နာလန်ထလာတာ ဒီနာနတ်ရွက်ကြောင့်ပဲ။ ဒါနဲ့ ဆေးလုပ်ရမှာ၊ သောက်ဆေးတော့ မဟုတ်ဘူး၊ လိမ်းဆေးပေါ့။ လာ ခု လုပ်ရမှာ လိုက်ခဲ့'

ဆိုလို့ ကျွန်မ သူ့နောက်က လိုက်သွားပါတယ်။

**ဆေးလုပ်နည်းက...**

ပထမဆုံး နာနတ်ရွက်(၇)ရွက်ကို ရေစင်စင် ဆေးရပါတယ်။ အရွက်ဘေးမှာ ဆူးချွန်ချွန်လေးတွေရှိလို့ အရွက်ကို ကတ်ကြေးနဲ့ ခပ်သေးသေးလေးတွေ ညှပ်ရပါတယ်။

ရတဲ့ အရွက်ကလေးတွေကို ဆုံထဲမှာထည့် ဆားအနည်းငယ်ထည့်ပြီး ညက်နေအောင် ထောင်းရပါတယ်။

ထောင်းတဲ့အခါမှာ အရည်ထွက်လာရင် ထောင်းလို့မကောင်းပါ။ ဒါကြောင့် ပန်းကန်တစ်လုံးထဲ အရည်ကို ညှစ်ထည့်ပြီး အဖတ်ကို ပြန်ထောင်းပါ။ အရွက်ဘေးက ဆူးကလေးတွေ ညက်သွားရင် အရင် ပန်းကန်ထဲ ထည့်ထားတဲ့ အဖတ်ကို ရောမွှေပြီးတော့ ဆေးကို နှစ်ပုံ ခွဲလိုက်ပါတယ်။ ဆေးက ရသွားပါပြီ။

ဒီအခါ သူငယ်ချင်းက **"အမိုးရေ လာတော့"**လို့ ခေါ်လိုက်ပါတယ်။ အမိုး ရောက်တာနဲ့ ထိုင်ပြီး သူ့ခြေဖဝါး တစ်ဖက်ကို ဆေးတစ်ပုံနဲ့ ပွတ်ပါတယ်။

တစ်ခါပွတ်တိုင်း ထမင်းစားကောင်း ပါစေလို့ရွတ်ပြီး (၇)ခါ (၇)ရွတ် ပွတ်ပါ။ ပြီးတော့ ပွတ်ပြီးသား ဆေးတွေကို နောက်ပြန်ပစ်လိုက်ပါတယ်။ ကျန်တဲ့ ခြေဖဝါးတစ်ဖက်ကိုလဲ ကျန်တဲ့ ဆေးတစ်ပုံနဲ့ အထက်က နည်းအတိုင်း ပြုလုပ်ပါတယ်။

'သူငယ်ချင်းရေ ထမင်းစားကောင်းပြီး နာလန်ထတဲ့ ဆေးကတော့ ဒါပဲ။ အမိုးက သောက်ဆေးကို သိပ်ကြောက်တာ၊ ဒါကြောင့် ဒီနည်းက တို့ဘိုးဘွားတွေ သုံးခဲ့တဲ့နည်းပဲ။ အစက လုံးဝ အစာမစားနိုင်ဘူး။ ငါလဲ ဒီနည်းကို သတိရပြီး လုပ်တဲ့နေ့ကစပြီး အမိုး နာလန်ထလာတာပဲ'

'အေးနော် တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းပဲ၊ တို့တော့ အခုမှ ကြားဖူးတယ်။ ဒါနဲ့ **"ဒီလို ဘယ်နှရက် လုပ်ရမှာလဲ"**လို့ မေးကြည့်တော့ လူနာရဲ့ အခြေအနေကြည့်ပြီး နေ့စဉ် လုပ်ပေးရပါတယ်။

လုပ်ခါစတော့ မနက်တစ်ကြိမ်၊ ညတစ်ကြိမ်ပေါ့။ နောက်တော့ တစ်ခါပဲ လုပ်ပေါ့။ အစာကောင်းကောင်း စားနိုင်ရင် ရပ်ပေါ့လို့ ပြောပြပါတယ်။

သူငယ်ချင်း ရှင်းပြလို့ ကျေးဇူးတင်ပါတယ်၊ အဘိုး၊ အဘွား၊ အဖေ၊ အမေတွေ နာလန်မထလို့ အစား မစားနိုင်ရင် လုပ်ဖို့ မှတ်ထားရပါတယ်။

စာရေးသူက ဆေးမြီးတိုတွေကို စုဆောင်းတာ သိပ်ဝါသနာပါ,ပါတယ်။ ကိုယ်ပြောပြတဲ့ ဆေးနည်းနဲ့ နေကောင်းလာကြရင် ကုသိုလ်ရပါတယ်။

ဒါကြောင့် ယုံကြည်တယ်၊ လုပ်ကြည့်ချင်တယ်ဆိုရင် လုပ်လို့ရအောင် တစ်နိုင်ငံလုံးသိအောင် နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် ရေးသား တင်ဆက်လိုက်ရပါတယ်။

**စားကောင်း သောက်ကောင်းနဲ့ ကိုယ်ကျန်းမာ စိတ်ချမ်းသာနိုင်ကြပါစေ။**

**သီရိ**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

နှလုံးရောဂါနဲ့ ပတ်သက်လာလျှင်

# တန်ခိုးရှင် နှလုံးအားတိုးဆေးကို တွေ့အောင်ရှာ

[တိုင်းရင်းဆေးဝါးမှတ်ပုံတင်
၀၃၀၆ Y ၀၆၆၅၃
လိုင်စင်-၃/၂၀၀၄၊
တဆထလ (၁၂၅၁)]




မြောက်ဥက္ကလာပ မြို့နယ်၊ ရောက်တဲ့အခါ **"နှလုံးရောဂါနဲ့ ပတ်သက်လာရင် တန်ခိုးရှင် နှလုံးအားတိုးဆေးကိုတွေ့အောင်ရှာ"**ဆိုတဲ့ ဆိုင်းဘုတ်စာတန်းတစ်ခုကို စတွေ့စဥ်ကဖတ်ပြီး ပြုံးခဲ့မိပါတယ်။

အလေးအနက် မထားမိရိုး အမှန်ပါ။ ဒါပေမယ့် ပန်းသတင်းလေညင်းဆောင်ဆိုသလို တန်ခိုးရှင် နှလုံးအားတိုးဆေးကို သောက်ပြီး၊ နှလုံးရောဂါ ဝေဒနာရှင်များ သက်သာပျောက်ကင်းသွားကြတဲ့ သတင်းကို တစ်ဆင့်စကားတစ်ဆင့်နားနဲ့ ကြားရဖန် များလာတဲ့အခါ စိတ်ဝင်တစား ရှိလာပါတယ်။

နှလုံးရောဂါအကြောင်းကိုလည်း သေသေချာချာ လေ့လာမိပြီး၊ အမြို့မြို့အနယ်နယ်မှာ ရှိတဲ့ နှလုံးရောဂါဝေဒနာရှင်များ သိရှိနိုင်ဖို့ အကျိုးမျှော် နှိုးဆော်တင်ပြလိုက်ပါတယ်။

ယနေ့ခေတ်တွင် အဖြစ်များသော ရောဂါများအနက် နှလုံးရောဂါလဲ အပါအဝင်ဖြစ်ပါတယ်။ နှလုံးဟာ ဟဒယဝတ္ထုရုပ် ဖြစ်ပါတယ်။ လူခန္ဓာကိုယ် ရင်၏ အတွင်းသားမြတ်နှစ်ခု အလယ် ပဒုမ္မာကြာငုံ သဏ္ဍာန်တည်ရှိပါတယ်။ လူခန္ဓာကိုယ် တည်ဆောက်မှုမှာ ဟဒယခေါ် နှလုံးဟာ အဓိကအကျဆုံး ဖြစ်ပါတယ်။

နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှ ကာလပတ်လုံး နေ့/ညမပြတ် အလုပ်လုပ်နေရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခု ဖြစ်ပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ လှည့်ပတ်နေတဲ့သွေးများကို သွေးဟောင်းက သွေးသစ်ဖြစ်အောင် ပြုလုပ်ပေးနေရပြီး၊ တစ်ကိုယ်လုံးရှိ သွေးကြောအားလုံးကို ပို့ဆောင်ဆက်သွယ်ပေးနေရတဲ့ စက်တစ်ခုဆိုရင် မမှားပါဘူး။

နှလုံးသွေး ပုံမှန်လည်ပတ်စေဖို့ အဓိက အချက်ကတော့ **ဝမ်းတွင်းမှာရှိတဲ့ လေ(ဝါယော)ဟာ အဓိကကျပါတယ်။** လေအားနည်းရင် သွေးအားပုံမှန်တွန်းမပို့နိုင်တဲ့အတွက် နှလုံးသွေးဟာ ပျစ်ခဲပြီး နှလုံးသွေးလည်ပတ်မှု အားနည်းလာပါတယ်။

အဲဒီအခါ **လေးဖက်နာ၊ လေငန်းလေဖြတ်ရောဂါများ** နောက်ဆက်တွဲ ဖြစ်ပွားလာနိုင်ပါတယ်။ ဒါကြောင့် နှလုံးရောဂါဟာ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သိခွင့်ရခဲ့ပါတယ်။

နှလုံးတုန်ခြင်း၊ နှလုံးအောင့်ခြင်း၊ နှလုံးစူးခြင်း၊ မောခြင်း၊ ကျပ်ခြင်းတို့ဟာ သီတန္ဒုဏှာ ဝိရောဓိပစ္စယကြောင့် ဖြစ်လာရခြင်းပါ။ အချိုအဆိမ့် အဆီးအစေးများသော အစာအာဟာရများ လွန်ကျူးစွာ စားသုံးခြင်း၊ အရက်အမျိုးမျိုး၊ ဆေးလိပ်၊ စီးကရက်တို့ သောက်သုံးခြင်း၊ စိုးရိမ် ပူပန်မှုများခြင်း၊ ဖိမ်ခံမှုများခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းခြင်း၊ နေပူ မိုးပူခံပြီး ရေချိုးခြင်း၊ ပန်ကာလေ၊ လေအေးစက်တို့တွင် နေထိုင်မှုများခြင်း စတဲ့ အကြောင်းအချက်များဟာ နှလုံးရောဂါ ဖြစ်ပွားလာရခြင်းရဲ့ အဓိကအချက်များ ဖြစ်ပါတယ်။

အဲဒီ နှလုံးရောဂါကို လျင်မြန်စွာ သက်သာပျောက်ကင်းစေတဲ့ ဆေးကတော့ တန်ခိုးရှင်နှလုံးအားတိုးဆေးပါပဲ။ ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေနိုင်တယ်ဆိုတော့ နှလုံးသွေးကြောကျဥ်းခြင်း/ကျယ်ခြင်း၊ နှလုံးခုန်နှုန်းမြန်ခြင်း၊ အသက်ရှူမဝခြင်း၊ အချိန်ပြည့် သွေးတိုးနေခြင်း၊ စိတ်ပင်ပန်းနွမ်းနယ်ခြင်း၊ ပြင်းထန်စွာ လှုပ်ရှားမှုကြောင့် မောပန်းခြင်း၊ အိပ်မပျော် စားမဝင်ခြင်း၊ သွေးအားနည်းခြင်း၊ ရင်တုန်မူးဝေခြင်း။

ကျောရင်ညှပ်အောင့်ခြင်း၊ လေထိုးလေအောင့်ခြင်း၊ နှလုံးစူး၍ အောင့်ခြင်း၊ မီးယပ်ထိမ်၊ မီးယပ်ကျန်၊ မီးယပ်ငုပ်ခြင်း စသည့် ရောဂါများအတွက် ရေလဲအမျိုးမျိုးဖြင့် သောက်သုံးနိုင်ပြီး ကလေး ငယ်မှအစ ကျား/မ အရွယ်မရွေး သောက်သုံးပါက ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ အိပ်ပျော်စားဝင် အားအင်ပြည့်ဝပြီး လန်းဆန်းစေပါတယ်။ ဤဆေးကို နေ့စဥ် သောက်သုံးခြင်းဖြင့် ဘာကြောင့် မောမော အမောပြေစေပါတယ်။

အမြို့မြို့ အနယ်နယ်ရှိ နှလုံးရောဂါ ဝေဒနာရှင်များ အလွယ်တကူ ဝယ်ယူ သောက်သုံးနိုင်ရန် တန်ခိုးရှင်ဆေးတိုက်မှ မြန်မာပြည်တစ်ဝန်း ဖြန့်ချိ ရောင်းချလျက်ရှိကြောင်း မင်္ဂလာသတင်းကောင်း ပါးလိုက်ပါတယ်။

ပင်ရင်း
**တန်ခိုးရှင် ဆေးတိုက်**
အမှတ်-(၁၉၂)၊ ရော(ဂ)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- ၀၉ ၈၆၁၅၂၂၅၊ ၀၉ ၂၅၀၀၁၅၀၈၇။

**မြောင်းမြ မောင်ယဥ်တင့်**



www.burmeseclassic.com

www.burmeseclassic.com

ဝက်လက်မြို့နယ်၊ ဆင်းကွတ်ရွာ(ဆင်ဝပ်ရွာ) သမိုင်းဝင်

ကိုကိုအောင် (မြကန်သာ) ဝက်လက်မြို့

# ရွှေကူကြီးစေတီတော်



◆ ရွှေကူကြီးစေတီအား တောင်ဘက်မှ မှုရစဉ်



စေတီအရှေ့မုခ်မှ ရုပ်ပွားတော် ▶

တစ်နေ့ စာရေးသူနှင့်အတူ ဆရာကောင်းခန့်(သခွတ်မြေ)တို့ **"ဆင်းကွတ်ရွာမှာ သီရိမ္မာသောကမင်းကြီး"** တည်ထားကိုးကွယ်ခဲ့သည့် စေတီများအနက် တစ်ဆူအပါအဝင် ဖြစ်သည့် **ရွှေကူကြီးစေတီ**အား သွားရောက် ဖူးမြော်ရင်း လေ့လာခဲ့ကြသည်။

ဆင်းကွတ်ရွာမှာ "ဟန်လင်း"မြို့တော်ကြီးအဖြစ် ပျူလူမျိုးများ အထင်အရှား ရှိနေချိန်တွင် "ဟန်လင်းမြို့တော်ကြီး"အား ဝိုင်းရံထားသည့် ခံတပ်မြို့(၈)မြို့တွင် အပါအဝင် ခံတပ်မြို့တစ်မြို့ ဖြစ်ခဲ့သည်။

ဟန်လင်းမြို့တော်ကြီးအား ဝန်းရံထားသည့် ခံတပ်(၈)မြို့မှာ မင်းလှ၊ ကိုးပင်၊ ကျောက်မြောင်း၊ ရှားကွဲ၊ မြို့ကား၊ ဆင်းကွတ်၊ လုထွေ၊ မင်းကျီ ဟူ၍ လေ့လာသိရသည်။

ဆင်းကွတ်ရွာမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်တွင် ပါဝင်သည်။

ဝက်လက်မြို့နယ်တွင် **"ရွှေကူကြီးစေတီတော်"လေးဆူ တည်ရှိသည်။**

ရွှေကူကြီးလေးဆူမှာ...

၁။ ဟန်လင်းပျူမြို့တော်ဟောင်းတွင် ရွှေကူကြီးစေတီ၊
၂။ သစ်ဆိမ့်ရွာ ရွှေကူကြီးစေတီ၊
၃။ ပင်းငင်းရွာ ရွှေကူကြီးစေတီ၊
၄။ ဆင်းကွတ်ရွာ ရွှေကူကြီးစေတီ

ဟူ၍ စေတီ(၄)ဆူ ရှိခဲ့သည်။

သို့ဖြစ်၍ ရှေးအခါက ဤမြို့နယ်တွင် သာသနာထွန်းကား စည်ပင်ခဲ့ကြောင်း ဂုဏ်ယူဖွယ် လေ့လာသိရှိရပါသည်။

ရွှေဘိုတောင်ဘက် ဝက်လက်မြို့နယ်အတွင်းရှိ ဆင်းကွတ်ကျေးရွာမှာ ဝက်လက်မြို့နှင့် ခြောက်မိုင်ခန့်သာ ကွာဝေးသည်။

ရွှေကူကြီးစေတီမှာ ဆင်းကွတ်ရွာ အရှေ့ဘက် (၁)မိုင်ခန့်အကွာ ကုန်းမြင့်တွင် တည်ရှိနေသည်ကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ရပါသည်။

ဆင်းကွတ်ရွာကို ရှေးအခါက **"ဆင်ဝပ်ရွာ"**ဟု ခေါ်ဆိုခဲ့ကြပြီးနောင် ကာလရွေ့လျောကာ **"ဆင်းကွတ်ရွာ"**ဟူ၍ ခေါ်ဆိုကြကြောင်း မှတ်သားခဲ့ရသည်။

**"ဆင်ဝပ်ရွာ"** ဖြစ်ပေါ်လာပုံမှာ ရှေးအခါက "ဆင်မယဉ်သာ"တစ်ကောင်သည် "ကဒူးအင်းကြီး"တွင် ရေချိုးကစားခဲ့သည်။

ရေချိုးအပြီးတွင် ကြာမျိုးငါးပါးကို နှာမောင်းဖြင့် ခူးပွေ့လာသည်။ ရွှေကူ

www.burmeseclassic.com



▲ ရွှေကူကြီးစေတီအနီးမှ ရေကန်တော်

▼ ရွှေကူကြီးစေတီအား အနောက်ဘက်မှ ဖူးရပုံ





▲ ရွှေကူကြီးစေတီကုန်းတော်ပေါ်မှ ကြီးမားသည့် တရုတ်စံကားပင်ကြီးများ

ကြီးစေတီသို့ ရောက်ခဲ့ရာ ဘုရားအနောက်ဘက်မုခ်ဝတွင် ဝပ်၍ စေတီတော်အား ကြာပန်း ကပ်လှူပူဇော်ကန်တော့ခဲ့သည်ဟု သိရပြီး၊ စေတီတော်ကြီးအနီးရှိ ရွာကိုလည်း ''ဆင်ဝပ်ရွာ''ဟု ခေါ်ဆိုခဲ့ကြကြောင်း၊ နောင်မှ ''ဆင်းကွတ်ရွာ''အမည်တွင်ခဲ့ကြောင်း မှတ်သားခဲ့ရပါသည်။

ဆင်းကွတ်ရွာ(ဆင်ဝပ်ရွာ) ရွှေကူကြီးစေတီတော်ကြီးမှာ ဇမ္ဗူဒီပါကျွန်းအားလုံးအား အစိုးရတော်မူသော တတိယသင်္ဂါယနာတင်ဘုရင် သီရိဓမ္မာသောကမင်းမြတ်သည် ကောဇာသက္ကရာဇ် ၃၆၃ ခုနှစ်၊ ဇာဆုန်လပြည့်နေ့တွင် တည်တော်မူခဲ့သော စေတီပေါင်း ရှစ်သောင်းလေးထောင်တို့တွင် တစ်ဆူ အပါအဝင်ဖြစ်ကြောင်း သိရသည်။

မူလ တည်တော်မူသော စေတီကြီးမှာ သံတောင်ငါးထောင်ခန့် မြင့်မား၍ တံတိုင်းပန်းရန်တစ်ထပ် တည်လုပ်တော်မူသည်ဟု သိရသည်။

ထို့ပြင် ဌာပနာသည်ကား မြတ်စွာဘုရားရှင်၏ ဓာတ်တော်မွေတော်များနှင့် သတ္တဋ္ဌာန စသော ရုပ်ပွားတော်များ၊ ရဟန္တာ,အနာဂါမ်,သကဒါဂါမ်,သောတာပန် . စသော ပုဂ္ဂိုလ်တို့၏ ရုပ်တုတော်များ...

သိကြားစတုလောကပါလ၊ သဃာမနတ်၊ သန္တုသီတနတ်၊ နေနတ်၊ လနတ်သားတို့၏ ရုပ်ပုံများ ကိုလည်း ထုလုပ်၍...


အလုံးစုံသော ဓာတ်တော်မွေတော် ရုပ်ပွားတော်၊ ဆင်းတုတော်တို့ကို ကောင်းမြတ်သော အစီအမံဖြင့် ဌာပနာစေပြီး သီရိဓမ္မာသောကမင်းမြတ်သည် နေပြည်တော်ကပင် ရွှေကရားနှင့် ရေစက်သွန်းချ ဆုတောင်းပတ္တနာပြုကာ ရှိရှိသမျှ ပုဂ္ဂိုလ်သတ္တဝါအပေါင်းအား အမျှပေးဝေ၍ တည်တော်မူခဲ့သည်ဟု လေ့လာသိရပါသည်။

သက္ကရာဇ် ၄၂၆ ခုနှစ်၊ ပြာသိုလဆုတ်(၄)ရက်နေ့ည လေးချက်တီးကျော် (၅)နာရီ (၅)ပါဒ် (၁၀)ဗိဇနာ



www.burmeseclassic.com

www.burmeseclassic.com





◆ စေတီအား ဝပ်၍ကြာပန်းကပ်လှူနေသော ဆင်ရုပ်တုကြီး

ရွှေကူကြီးစေတီကျောက်စာ ◆

အချိန်တွင် ပေါက္ကာရာမပြည်တွင် ကျန်စစ်သားသည် ပုဏ္ဏားတို့ ပေးအပ်သော ဘိသိက်ခံယူတော်မူ၍ သက္ကရာဇ် ၄၂၈ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် မြတ်သော ထီးနန်းရာဇပလ္လင်ကို ဉကင်းဖွင့်တော်မူခဲ့သည်။

ကျန်စစ်သားမင်း လက်ထက်တွင် တိုင်းပြည် စည်ပင်သာယာအောင် အရပ်ရပ် စီမံတော်မူသည်။ ထိုသို့ စီမံတော်မူရာတွင် သက္ကရာဇ် ၄၃၂ ခုနှစ်၊ နတ်တော်လပြည့်ကျော်(၃)ရက်နေ့ ဘုရားပုထိုး, စေတီ, သိမ်, ကျောင်း, ဇရပ်, တန်ဆောင်းတို့ကို ပြင်ဆင်တော်မူသည်။

ရှေးဟောင်း ကျောက်စာသမိုင်း အရပ်ရပ်တို့ ပျက်စီးယိုယွင်းလျက်ရှိသည်များကိုလည်း ပြင်ဆင်မွမ်းမံစေခဲ့သည်။

ပြင်ဆင်စေခဲ့သော စေတီတော်မြတ်များမှာ ပုဂံတွင် စေတီတော်ပေါင်း (၁၀၀၀၀)၊ မြစ်အနောက်ဘက်တွင် စေတီပေါင်း(၅၀၀)၊ မြစ်၏မြောက်ဘက်တွင် စေတီပေါင်း (၇၅၀)၊ လယ်တွင်းတောင်ဘက်တပြင်တွင် စေတီပေါင်း(၅၀၀၀) ဖြစ်သည်ဟု သိရသည်၊

ကျန်စစ်သား ဘုရင်မဖြစ်မီ ဤဒေသ ရွှေကူကြီးစေတီသို့ ရောက်ရှိစဉ် ဖူးမြော်အဓိဋ္ဌာန်ပြု၍ ရန်သူများကို တိုက်ခိုက်ရာ အောင်မြင်သဖြင့် ဘုရင်ဖြစ်လာသောအခါ ရွှေကူကြီးစေတီကို ထပ်မံတည်တော်မူသည်ဟု သိရသည်။

မဟာရံတံတိုင်းကိုလည်း ထပ်မံတည်လုပ်တော်မူပြီး ဘုရား၏ အရှေ့မြောက်ထောင့်၊ အရှေ့ထောင့်၊ အနောက်ထောင့်၊ အနောက်မြောက်ထောင့်တို့၌ ကျောင်းတစ်ဆောင်စီ ဆောက်လုပ်စေခဲ့သည်။

ဘုရားရှင်၌ သင်ပုတ်ဆီမီးဝတ်ကို ဖြစ်စေသောငှာ လှူတော်မူသော မြေအပိုင်းအခြားမှာ အရှေ့ကို စောင်းတမော့၊ တောင်၌ စာကသုံ၊ အနောက်ကို လေးတထောက်၊ မြောက်ကို ဆင်တဟီဟူ၍ နယ်လေးရပ်ကို လှူတော်မူသည်ဟု သိရသည်။ လယ်ပယ်ပေါင်း (၇၇၅) ရှိသည်ဟူ၍လည်း မှတ်သားခဲ့ရသည်။

ထို့နောက် သက္ကရာဇ် ၅၃၂ ခုနှစ်၊ နယုန်လပြည့် ကြာသပတေးနေ့၌ ပေါက္ကာရာမပြည်ကို အစိုးရတော်မူခဲ့ပြန်သော **"နရပတိစည်သူမင်း"** သည် သမုဒ္ဒရာဇ်မင်းကြီး ဖွဲ့တော်မူခဲ့သော ခုနစ်တိုက်အပါအဝင် တိုက်များကို ချီတော်မူ၍ မြေထဲကို သိမ်းတော်မူသည်။


အပြန်ခရီးတွင် ဆင်းကွတ်ကျေးရွာ (ဆင်ဝပ်ကျေးရွာ) ရွှေကူကြီးစေတီအနီး ယာယီနန်းနှင့် ခေတ္တစံတော်မူစဉ် ဘုရားသမိုင်း ကျောက်စာအဟောင်းကို တွေ့ရှိ၍ ‑ပွတ်သပ်ကြည့်ရာ ဘိုးတော် ကျန်စစ်သားမင်းကြီး ပြန်လည်ပြုပြင်မွမ်းမံခဲ့သည့် ကုသိုလ်တော်ဟောင်းစေတီ ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ သက္ကရာဇ် ၅၃၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၄)ရက်နေ့တွင် စေတီတော်ကြီးကို လေးမျက်နှာမုခ်လိုဏ်လေးခုဖွင့်၍ အရှေ့မျက်နှာ၌ ရတနာမဉ္ဇူ၊ တောင်မျက်နှာ၌ စက်တော်ရာ၊ အနောက်မျက်နှာ၌ ပီယဒဿီ၊ မြောက်မျက်နှာ၌ ဆုတောင်းပြည့်ဟူ၍ ဘုရားလေးဆူကို ထပ်မံတည်တော်မူသည်။




www.burmeseclassic.com

www.burmeseclassic.com



● ရွှေကူကြီးစေတီအား အရှေ့ဘက်မှ မြင်ရပုံ



● ကောင်းမှုတော်စေတီ

တံတိုင်းအရံကိုလည်း ပြုပြင်ကာ သက္ကရာဇ် ၅၃၅ ခုနှစ်၊ နယုန်လပြည့်ကျော်(၆)ရက်နေ့၌ ရွှေကူကြီးစေတီတော်ကို ရွှေထီးတော်အသစ် တင်လှူတော်မူပြန်သည်။

ထို့ပြင် ထောင့်လေးထောင့်ရှိ ကျောင်းတော်များကိုလည်း ပြင်ဆင်ဆောက်လုပ်စေ၍... အရှေ့မြောက်ထောင့်ကျောင်းတော်၌ ''ရှင်ဝရသီလ''ကို ဓမ္မတည်း၊ အရှေ့တောင်ထောင့်ကျောင်းတော်၌ ''ရှင်ဝရနန္ဒ''ကို သံဃမတည်း၊ အနောက်တောင်ထောင့်ကျောင်းတော်၌ ''ရှင်ပညာသာမိ''ကို ရာဇမတည်း၊ အနောက်မြောက်ထောင့် ကျောင်းတော်၌ ''ရှင်ဝရသာမိ''ကို မဟာမတည်းဟူ၍ မတည်းလေးပါးတို့ကို ဗုဒ္ဓရက္ခိတ တံဆိပ် အပ်တော်မူသည်။

လှူအပ်သောမြေကား အရှေ့ကိုလားသော် ကူကောင်းမြေစပ်ကျောက်စည်၊ တောင်ကိုလားသော် ဆင်းကွတ်(ဆင်ဝပ်)မြေစပ်ကျောက်စည်၊ အနောက်ကိုလားသော် သာစည်တိုက်မြေစပ်ကျောက်စည်၊ မြောက်ကိုလားသော် မန်းကျည်းတုံသစ္စာရဘုရား မြေစပ်ကျောက်ဆည်ဟူ၍ နယ်လေးရပ်သတ်မှတ်လှူတော်မူသည်။

ထီးတော် ယိုယွင်းပျက်စီးလျှင် အသစ်ထပ်မံတင်ရန် မြေဒူးမြို့တွင် သံကိုးဖို လှူသည်။ ထို့ပြင် ကူကောင်းရွာ၌ လယ်မြေတစ်ရပ်နှင့် ထန်းတစ်ရင်း။ စခန်းသာ၊ ဖွတ်သင်ဘို၊ ဘုန်းသော်ခင်း၊ လင်းရင်၊ ဆားတောင်၊ ပြွန်ဦး၊ သရက်ကြီး၊ ကဒူး၊ သာလှိုင်းရွာတို့မှ လယ်မြေတစ်ရပ်စီ လှူတော်မူခဲ့ပြန်သည်ဟု သိရသည်။

နရပတိစည်သူမင်းသည် ဘိုးတော် ''တစ်ဆ''ထက် ''ဆယ်ဆ'' လှူတော်မူသောကြောင့် လယ်ပယ်ပေါင်း (၇၇၅၀)၊ လူပေါင်း(၅၀၀)ရှိပြီး၍ ဘုရားမြေကို တောင်ငူပါ သူကောင်းစုသားမြေး ''သောပုံ''အား မြေတိုင်းမြေထိန်း ခန့်အပ်တော်မူကာ ကုသိုလ်ကောင်းမှု အစုစုကို ရေစက်ချ အမျှပေးဝေတော်မူသည်ဟု လေ့လာ သိခဲ့ရပါသည်။

စာရေးသူတို့ စာပေမိတ်ဆွေနှစ်ဦးမှာ ဆင်းကွတ်ရွာ(ဆင်ဝပ်ရွာ) ရွှေကူကြီးစေတီသို့ ရောက်ရှိစဉ် ကျောင်းထိုင်ဆရာတော် မန္တလေးမြို့သို့ ကြွသွား၍ မဖူးတွေ့ခဲ့ရပါ။

ဦးပဥ္ဇင်းကိုသာ ဘုရားစေတီများအား ဓာတ်ပုံရိုက်ခွင့်တောင်းကာ ဦးချကန်တော့ခဲ့ကြသည်။ စာရေးသူတို့ စာပေမိတ်ဆွေနှစ်ဦးမှာ နှစ်ပေါင်း(၂၀၀၀)ကျော်ကျော်က ဆင်းကွတ်ရွာ(ဆင်ဝပ်ရွာ)တွင် သီရိဓမ္မာသောကမင်းကြီးတည်ထားတော်မူခဲ့ပြီး၊ ကျန်စစ်သားမင်းကြီးနှင့် နရပတိစည်သူမင်းတို့၏ ကုသိုလ်တော်ဟောင်းဖြစ်သည့်



www.burmeseclassic.com

www.burmeseclassic.com





◄ သွေးတော်ယိုစေတီ

သွေးတော်ယိုဘုရား ►

"သမိုင်းဝင် ရွှေကူကြီးစေတီ" အား ဖူးမြော်ခဲ့ကြသည်။

ဆက်လက်၍ ရွာသူရွာသားများ ကုသိုလ်ယူခဲ့ကြသည့် သွေးတော်ယို ဘုရားနှင့် ကောင်းမှုတော်စေတီအား ဖူးခဲ့ကြသည်။

ကျေးရွာသူ ကျေးရွာသားတို့မှာ ရွှေကူကြီးစေတီတော် ဘုရားပွဲတော်ကို ဝါခေါင်လဆန်း (၁၄)ရက်.(၁၅)ရက် နေ့များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်ကြသည်ဟု ကြားသိခဲ့ရသည်။

စာရေးသူအနေဖြင့် ဆင်းကွတ်ရွာ (ဆင်ဝပ်ရွာ) ရွှေကူကြီးစေတီဘုရား သမိုင်းအား စာရေးသူ သိလိုသည်များကို မေးမြန်းရာ စိတ်ရှည်လက်ရှည် ဖြေကြားပေးသော ဦးလုထွန်းအား အထူးပင် ကျေးဇူးတင်ရပါသည်။

မည်သို့ဖြစ်စေ ဝက်လက်မြို့နယ်၊ ဆင်းကွတ်ရွာ(ဆင်ဝပ်ရွာ)၏ အရှေ့ဘက်ကုန်းကမူပေါ်တွင် ကြီးမားလှသည့် တရုတ်စံကားပင်ကြီးများ ဝိုင်းရံ၍ ညင်းလေအသွေးတွင် ဥဩငှက်ကလေး၏ လွမ်းလွမ်းဆွေးဆွေး တွန်ကျူးသံနှင့်အတူ ဆည်းလည်းသံ တလွင်လွင်ဖြင့် စံပယ်လျက်၊ အရှေ့ဘက်အာရုံခံတန်ဆောင်းမှာမူ ကြီးမားလှသည့် ကျွန်းတိုင်ကြီးများဖြင့် ရှေးမူမပျက် ရှိနေသေးသည့် ရွှေကူကြီးစေတီကို စိတ်ချမ်းမြေ့စွာ ဖူးတွေ့နိုင်ပါသည်။

အခွင့်အခါ ကြုံပါက လာရောက်ဖူးမြော်လိုပါလျှင် **စစ်ကိုင်း–ရွှေဘိုကားလမ်းမကြီး၏ အရှေ့ဘက်ဘေး "ဆင်းကွတ်ရွာ(ဆင်ဝပ်ရွာ) ရွှေကူကြီးစေတီတော်"** ဟူသည့် မှတ်ဦးကြီးကို ဘုရားပျံကျေးရွာအနီး စိုက်ထူထားပြီး (၂)မိုင်ခန့် သွားပါက ရောက်ရှိဖူးမြော်နိုင်ပါကြောင်း စေတနာကောင်းဖြင့် ဖိတ်ခေါ်အပ်ပါသည်။

**ကိုကိုအောင်(မြကန်သာ)**
**ဝက်လက်မြို့**



www.burmeseclassic.com

www.burmeseclassic.com

# သူ ဘယ်လိုလူစားလဲ




ကြည့်ပါ။

● **နှလုံး လမ်းကြောင်းဟာ ရှည်လျားကောင်းမွန် သန့်ရှင်းပါတယ်။(က)**

ဒါကတော့ စိတ်ရင်း ကောင်းခြင်းရဲ့ ပြယုဂ်။

● **လက်ညှိုး ဖြောင့်တန်းနေတယ်။**

**(ခ)**

ဒါကတော့ ရိုးသားဖြောင့်မတ်ခြင်းရဲ့ ပြယုဂ်ပါ။

● **လက်မသည် အဖျားပိုင်း ပျော့ပျောင်းပြီး ကော့လန်နေတယ်။**

**(ဂ)**

ဒါကတော့ အားနာတတ်ခြင်းရဲ့ ပြယုဂ်ပါ။

● **စတုဂံလွင်ပြင် ညီညာပြီး ဖြန့်ပြူးနေတယ်။ (ဃ)**

ဒါကတော့ မျှတခြင်းနဲ့ ဘက်လိုက်ခြင်းကင်းတဲ့ သဘောပါ။

ကဲ ဒါတွေကို ချိန်ထိုးသုံးသပ်လိုက်ရင်...

***အေးပါစေ၊ အောင်ပါစေ၊***

**သန်းပညာ**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အမျိုးသားများ အားအင်ကုန်ခန်း စိတ်မရွှင်လန်းရင်

# စကြာမင်း

အမှတ်တံဆိပ်

# အားတိုးဆေး မှီဝဲပါ

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (၀၇၁၁ YR ၀၀၆၀၂၄)




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း)
၅၃/၀၅၁၃

'ဟေ့ ကိုကြီးကောင်း အိမ်တွင်းပုန်း လုပ်နေတာလားဗျ'

'အိမ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာဗျ'

'ကဲ ဆိုစမ်းပါဦး၊ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ'

'ပြောရရင်တော့ ရှက်စရာကြီးပါဗျာ၊ ဒါပေမယ့် ခင်ဗျားက ဗဟုသုတစုံသူ ဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအားနည်းရောဂါ ဖြစ်နေလို့ဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ'

'ဆေးတွေ မသုံးစွဲဘူးလား'

'သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရဲ'

'ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ ''အမျိုးသားရောဂါ သိကောင်းစရာနဲ့ ကာကွယ်ကုသနည်းများ'' ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွားပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး တစ်နေ့ (၂)ကြိမ် မှန်မှန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာ့ရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်းအတိုင်း သောက်သုံးလိုက်တာ အခုဆိုရင် လန်းဆန်းပြီး အကြောအားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ'

'ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ'

'ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာ ကုန်ခမ်းသွားတဲ့ အားအင်များကို အလျင်အမြန် ပြန်လည်ပြီး ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ ခွန်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေးနိုင်တယ်။

ပန်းသေ၊ ပန်းညှိုးဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သုက်ဓာတ်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အိပ်နေစဉ်အလိုလို သုက်လွှတ်ခြင်း၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အကြောအားနည်းခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း၊ အာရုံကြောအားနည်းခြင်းနဲ့ အဆုတ်အား၊ နှလုံးအား၊ သွေးအားနည်းခြင်းများကို သက်သာပျောက်ကင်းစေပြီး အမောလုံး၍ စိတ်ဓာတ်အား၊ ဆန္ဒအား၊ အကြောအား၊ ပန်းအားများကို တက်ကြွလန်းဆန်းစေလျက် ဆန္ဒသုခ အိမ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်းနိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက ဒို့အပြင် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွတ်မျှတစေပါတယ်'

'ကျွန်တော်လဲ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေးကို သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိဘူးလို့ ပြောပြောနေတော့ ခက်တယ်ဗျ'

'မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင်သာ ပြေးပြီးဝယ်ပေတော့'

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေး အစွမ်းထက်မှုကြောင့် စိတ်ရော ကိုယ်ပါ လန်းဆန်းတက်ကြွနေတဲ့အပြင် အကြောအားတွေလဲ ကောင်းမှကောင်းပဲ။

အဲဒါကြောင့် ဘဝလူအမျိုးသားများ အကျိုးများပြီး အင်အားတိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာနဲ့ နေနိုင်စေဖို့ အသက်ရှည်ရာ အနာကင်းရေး သော့ချက်ဖြစ်တဲ့ စကြာမင်း စိတ်ပျိုကိုယ်နု အားတိုးဆေးစွမ်းတစ်လက်ကို နီးစပ်ရာ ဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါရစေ။

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြရင်တော့...

**ဆရာမြင့်**

**စကြာမင်း တိုင်းရင်းဆေးတိုက်**

အမှတ် (စ/၆၆၆)၊ သုဝဏ္ဏလမ်းမကြီး၊ သုန္ဒာမှတ်တိုင်အနီး၊
(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၈၄

**ကိုကြီးကောင်း**



www.burmeseclassic.com

www.burmeseclassic.com

သမိုင်းအခိုင်အမာနှင့် ရှေးဟောင်း တနင်္သာရီမြို့က ခန္ဓာကိုယ် မပုပ်မပျက်သော

# ဝဏ်ဘာဆရာတော်ကြီး ဦးဥက္ကံသ (၄)

ခင်ခင်ဝင်း
(မောရဝတီ)

ယခင်လမှ အဆက်

ကမ္ဘာ့အရှေ့ဖျားနှင့်
မြန်မာနိုင်ငံတောင်ဘက်စွန်းက
အလှဆုံး တနင်္သာရီနှင့်
ဝဏ်ဘာဆရာတော်



ဝဏ်ဘာဆရာတော်ကြီး ရုပ်ကလာပ် အမွှေတော်ထားရာ

ကမ္ဘာကျော် စာရေးဆရာကြီး မောရစ်ကောလစ် ရေးခဲ့သော ကမ္ဘာ့အရှေ့ဖျားက အလှဆုံးတနင်္သာရီဟု စာဖွဲ့ဖူးပါသည်။

မြန်မာနိုင်ငံ တောင်ဘက်စွန်းမှာ ရောက်ဖူးသူတိုင်း **"လှလိုက်တဲ့ တနင်္သာရီ"**နှုတ်ထွက် ရွတ်မိသူချည်းပင်။

ဂေါတမမြတ်စွာဘုရားရှင် လက်ထက် ကြွရောက် ဆံတော်ချီးမြှင့်ခဲ့ဖူးကြောင်း ဝဏ်ဘာတောင်စေတီကြီးက သက်သေခံနေသည်မှာ တနင်္သာရီမြို့သည် သုဝဏ္ဏဘုမ္မိများ ဖြစ်လေမလားဟု နယ်ခံတွေက တင်စားထားပါသည်။

ဘုရားရှင် မတိုင်မီကတည်းက ကျောက်ခေတ်, သံခေတ်, ပျူခေတ် လူသားတွေ နေထိုင်ခဲ့သည့် **မင်းနေပြည်တော်** နန်းမြို့ဟောင်းကြီး။

ရှင်အရဟံ, အလောင်းစည်သူမင်း ကြွရောက်ခဲ့ဖူးသည့် **တနင်္သာရီမြို့ ကျောက်သရေဆောင် မြဝပ်ဆင်စေတီတော်သည် ရှင်အရဟံ သီတင်းသုံးသော ကျောက်တုံးကြီးကိုင်၍ တည်ထားကြောင်း** ဘုရားသမိုင်းမှာ ရေးထားပါသည်။

တနင်္သာရီမြို့မှ ပုဂံသို့ ပြန်ရောက်ချိန်မှ ရှင်အရဟံ ပျံတော်မူသည်ဟု မှတ်သိရပါသည်။

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ တပ်စခန်းချခဲ့ကြောင်းတော့ ရေးသားပြီး ဖြစ်ပါသည်။

တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရကို ဝေါဖြင့် ထမ်း၍ မြို့အနှံ့ လိုက်ပြ ဘုရားဖူးပို့ပေးရာ အထူးချီးကျူးသည်ဟု သိရပါသည်။

သီတဂူဆရာတော်ကြီး တရားပွဲ တရားပြမှတ်တမ်းတွေ့ရသည်။ မြင်းမူ မောင်နိုင်မိုးကလည်း မရောက်ပေမယ့် လေယာဉ်ပေါ်က မြင်ရပြီး ကဗျာတွေ, စာတွေ ဖွဲ့ဆိုခဲ့သည့် တနင်္သာရီမြို့။

၁၉၃၀ ပြည့်နှစ်က ဆာချာလ်စ် အလက်ဇန္ဒား ရောက်ခဲ့ကြောင်း ရှင်မအောင်သာကျောက်ရုပ်တုမှာ ကြေးပြားနှင့် ကမ္ပည်းစာ ရေးထိုးထားသည်။

ဒေါက်တာဖေညွှန့် (ယဉ်ကျေးမှုသမိုင်းဌာန နိုင်ငံတော်အကြံပေးပုဂ္ဂိုလ်) နှင့်အဖွဲ့ လာရောက်လေ့လာကြောင်း သန်းစိုး(ညောင်လေးပင်)၏ ပျူခေတ်ဟောင်းသို့ နောက်ကြောင်းပြန် ခရီးကောက်ခရီး၊ ရွှေသာရီမဂ္ဂဇင်း (အမှတ်–၂၊ ၂၀၁၃ ခုနှစ်)မှာ ဖတ်လိုက်ရသည်မှာ...

ဆရာကြီးက လာရကျိုးနပ်ကြောင်း၊ ပျူခေတ်ထက်စောပြီး လွန်ခဲ့သော နှစ်ပေါင်း(၁၀၀၀၀)ကျော်မှာ ရှိသော ပစ္စည်းများဖြစ်ကြောင်း ဆရာ ကြီး၏ အတွေ့အကြုံနှင့် တပ်အပ်ပြောသွားကြောင်း ဖတ်လိုက်ရပါသည်။

မော်လမြိုင်တက္ကသိုလ်က တွဲဖက်ပါမောက္ခ ဆရာနိုင်ဝင်းနှင့် လက်ထောက်ကထိက ဦးထွန်းမြတ်ဇော် ပျူသမိုင်းလေ့လာရေးအဖွဲ့ တနင်္သာရီ



www.burmeseclassic.com

www.burmeseclassic.com

မြို့ကို ရောက်လာပြီး (၂)ရက် မနား မနေ လေ့လာသွားကြောင်း ဆရာသန်း စိုးဝင်းက ပြောပြပါသည်။

လွင်မိုးခရီးသွားနေသည်မှာ လွင်မိုး လည်း ရောက်ခဲ့ပါသည်။

ဝက်ဘာတောင် ဆရာတော်ကြီး ဦးဥက္ကံသကို အကြောင်းပြု၍ ကျွန်မ ခင်ခင်ဝင်း(မောရဝတီ)လည်း ရွှေသာရီ နန်းမြို့ဟောင်း၏ သမိုင်းအမွေအနှစ် များကို လေ့လာခွင့်ရပါသည်။


ထိုသို့ လေ့လာခွင့်နှင့်အတူ ယဉ် ကျေးမှုကို နှစ်ပေါင်း(၄၀)ခန့် လေ့လာ ခြင်း ဝါသနာရှင်တစ်ယောက်အနေနှင့် အဖိုးမဖြတ်နိုင်သော ဒီခရီးမှာ မှတ် သားစရာ၊ ရေးသားစရာ တပွေ့တပိုက် ရရှိသွားသည်မှာ ဝက်ဘာဆရာတော် ကြီး၏ ဂုဏ်ကျေးဇူး နယ်ခံသားတို့၏ စောင်မမှုအပြင် အတိတ်၏ ပါရမီဆု တောင်းများလည်း ပါကောင်းပါပေ မည်။

မနက်ဖြန်ဆိုလျှင် ဝက်ဘာဆရာ တော်ကြီး၏ ရုပ်ကလာပ်တော်ကို ပြာသာဒ်ဂူသွင်း ပူဇော်မည့် အခမ်း အနား ကျင်းပမည်ဖြစ်၍ ဒီနေ့ ဝက်ဘာ ဆရာတော်ကြီးအား ပူဇော်ရေးသား ခြင်း ကျန်ရှိသည်များကို ဆက်လက် ပူဇော်ရမည် ဖြစ်ပါသည်။

ဝက်ဘာဆရာတော်ကြီး၏ ကျန်းမာ ရေးကို နောက်ဆုံး ပျံလွန်တော်မူသည် အထိ အနီးကပ် ပြုစုနေသော ဒေါ်တင်ဝင်းတို့၏ ပြောကြားချက်များ ထဲမှ ကျွန်မ မေးမိသော စားသောက် ဘုဉ်းပေးခြင်းမှ မှတ်သားစရာများတစ်ခု ရှိသည်။

'ဆရာတော်ကြီး နေ့စဉ် ဘုဉ်းပေး စားသောက်တာ ဘာတွေလဲ အစ်မ'

'အစားအသောက်ကတော့ သားကြီး၊ငါးကြီး တွေ မစားဘူး။ ငါးလေး၊ဘာလေး စားတယ်။




ကြိုဆိုနေသော တနင်္သာရီမြို့အဝင်

ဒါပေမယ့် ငါးရံ့ဟင်းကိုတော့ မစားဘူး။ ငါးရံ့မင်းပရိတ်ကို ရွတ်နေလို့တဲ့။ ပရိတ် ပဌာန်းတွေလဲ နေ့တိုင်းရွတ်တယ်။ မေတ္တာပို့ တယ်။

ငှက်သိုက်ကုလေးပေါင်းပြီး ကပ်တော့ ပထမ ဘုဉ်းပေးတယ်။ နောက်တော့ ငှက် လေးတွေကို သနားလို့ ဝံ့လိုက်မှာ ကြောက် လို့တဲ့ မစားတော့ဘူး။

ဒါနဲ့... "ဆရာ ဒီငှက်သိုက်တူးက လုပ် ရောင်းကြတာ။ ငရဲမကြီးဘူး"လို့ လျှောက် တပ်ပြီး စားဖို့တိုက်တွန်းရတယ်။ လုပ်ရောင်း တဲ့ ငှက်သိုက်အားဆေးပေါ့'

ဝက်ဘာဆရာတော်ကြီး ဦးဥက္ကံသ အမြဲရွတ်ဖတ်သော **ငါးရံ့မင်းပရိတ်**ကို ဝိသေသ အကျိုးထူးသဖြင့် ရေးသား ဖော်ပြလိုက်ရပါသည်။

ငါးရံ့မင်းပရိတ်(ခေါ်)မစ္ဆရာဇသုတ်

၁။ ပူရေန္တံ ဗောဓိ သမ္ဘာရေ
နိဗ္ဗတ္တံ မစ္ဆ ယောနိယံ။
အစရီ ဟိတဒ္ဓ ဉာတတ္တံ၊
မဟာမေဃံ ပဝဿယံ။
၂။ ဝဿာပေယိ ဂိမှာနေပိ၊
မစ္ဆရာဇာ မဟာဒယော။
သုတ္တဿ တေဇသာ ယဿ၊
သုတ္တန္တံ ဝ ဘဏာမဟေ။
၃။ ပုနာပရံ ယဒါ ဟောမိ၊
မစ္ဆရာဇာ မဟာသရေ။
ဥဏှေ သူရိယ သန္တာပေ၊
သရေ ဥဒက ခီယထ။
၄။ တတော ကာကာ စ ဂိဇ္ဈာစ၊
ကင်္ကာ ကုလလ သေနကာ။
ဘက္ခယန္တိ ဒိဝါရတ္တိံ၊
မစ္ဆေ ဥပနိ သီဒိယ။
၅။ ဧဝံ စိန္တေ သဟာတတ္တ၊
သဟာဉာတီဟိ ပီဠိတော။
ကေန နုခေါ ဥပါယေန၊
ဉာတိ ဒုက္ခာ ပမောစယေ။
၆။ ဝိစိန္တယိတွာန ဓမ္မတ္ထံ၊
သစ္စံ အဒ္ဒသ ပဿယံ။
သစ္စေဌတွာ ပမောစေသိံ၊
ဉာတီနံ တံ အတိက္ခယံ။
၇။ အနုဿရိတွာ သတံဓမ္မံ၊
ပရမတ္ထံ ဝိစိန္တယံ။
အကာသိ သစ္စကိရိယံ၊
ယံလောကေ ဓုဝသဿတံ။
၈။ ယတော သရာမိ အတ္တာနံ၊
ယတော ပတ္တောသ္မိ ဝိညုတံ။



www.burmeseclassic.com

www.burmeseclassic.com





◆ ဆရာတော်ကြီး၏ သင်္ကန်းတော်ကြီးအဆောင်ကို မြတ်မြတ်သော ဆေ်ိမှာ ချည်ထားသော ဒေါ်တင်ဝင်းက စာရေးသူအားပြနေပုံ

အစ်မဒေါ်ကြိုက ဆရာတော်၏ ကုန်းယုန်(၁၀၀၀) ဆေးတော်ကြီးနှင့် ရွှေပိမ်ပြာ မရှိုင်းထံ ဆရာတော်ကြီးရှာန်အကြောင်း စာရေးသူအား ပြောပြပါသည် ▶

နာတိ ဇာနာမိ သဒ္ဒ၊
ကေံ ပါဏံပိ ဟိံသိတံ။
ဓောန သဒ္ဒဝဋ္ဋေန၊
ပဇ္ဇုန္နော အတိ ဝဿတု။
၉။ အတိဗ္ဗုန္နယ ပဇ္ဇုန္န၊
နိဓိံ ကာကဿ နာသယ။
ကာကံ သောကာယ ရန္ဓေဟိ၊
မဏ္ဍူ သောကာ ပမောစယ။
၁၀။ သဟကာလေ သဗ္ဗဝဓေ၊
ပဇ္ဇုန္နော အတိ ဂဇ္ဇယ။
ထလံ နိန္နဉ္စ ပူရေန္တော၊
ဓဏေန အတိ ဝဿထ။
၁၁။ ဝရုပ္ပံ သဗ္ဗဝရံ၊
ကတွာ ဝီရိယ မုတ္တမံ။
ဝဿာပေသိ မဟာမေဃံ၊
သစ္စတေဇ ဗလဿိတော။
သစ္စနေမ သမော နတ္ထိ၊
ဧသာမေ သစ္စပါရမီ။

**အနက်**

၁။ (**နာထော**–လူနတ်တို့၏ ကိုးကွယ်ရာ မြတ်စွာဘုရားသည်)၊ **ဗောဓိသတ္တာရေ**–သဗ္ဗညုတ ဗောဓိမှုနိဖြစ်ကြောင်း အဆောက်အအုံ ပါရမီတော်တို့ကို၊ **ပူရေန္တံ**–ဖြည့်ကျင့်တော်မူစဉ်၊ **မစ္ဆယောနိယံ**–ငါးတို့အမျိုး၌၊ **နိဗ္ဗတ္တံ** – နိဗ္ဗတ္တန္တော ဖြစ်တော်မူရသည်ရှိသော်၊ **မဟာမေဃံ** – ရေအလျှဉ်စီး ကြီးစွာသော မိုးကို၊ **ပဝဿိယ**–ရွာသွန်းစေလျက်၊ **ဟိတဉ္စ ဉာတတ္ထံ**–ဆွေမျိုးတို့၏ အကျိုးစီးပွားကို၊ **အစရိ**–ကျင့်တော်မူခဲ့လေပြီ။

၂။ **ယဿသုတ္တဿ**–အကြင် မစ္ဆရာဇ သုတ်တော်၏၊ **တေဇသာ**– တန်ခိုးရှိန်စော် အာနုဘော်ဖြင့်၊ **မဟာဒယော**–သနားကရုဏာ လွန်ကြီးစွာသော၊ **မစ္ဆရာဇာ**–ငါးတို့ သနင်း ငါးရံ့မင်းသည်၊ **ဂိမှာနေပိ**– အပူရှိန်ပြာ နွေခါကြီး၌သော်လည်း၊ **ဝဿာပေတိ** – အင်းအိုင်ချောင်းကန် ပြည့်ဖြိုးလျှံအောင် အမှန်မသွေ ရွာသွန်းစေခဲ့လေပြီ။ **ပေ ဇနာ** – မိုးကိုလိုလား အိုလူအများတို့၊ **တံသုတ္တန္တံဝ** – ထိုဘုရားလောင်း ငါးရံ့မင်း၏ မိုးရွာစေတတ်သော မစ္ဆရာဇသုတ်တော်(ငါ)ငါးရံ့မင်းပရိတ်တော်ကို၊ **ဘဏာမ**–ကရုဏာ, သဒ္ဓါ နှစ်ဖြာရှေ့ထား စေတနာအားဖြင့် မမှားသေချာ ရွတ်ဆိုကြပါကုန်စို့။

၃။ (**သာရိပုတ္တ**–သာရိပုတ္တရာ) **ပုနာပရံ**–တစ်ဖန်ထို့ပြင်၊ **ယဒါ**–အကြင်အခါ၌(**အဟံ**–သင်တို့ဆရာ ဘုရားငါသည်)၊ **မဟာသရေ**–ကြီးစွာသော ရေအိုင်၌၊ **မစ္ဆရာဇာ**– ငါးရံ့မင်းသည်၊ **ဟောမိ**–ဖြစ်ရချေ၏။ **တဒါ**–ထိုအခါ၌၊ **ဥဏှေ**–ပူပြင်းစွာသော၊ **သူရိယသန္တာပေ**–နေပူရှိန်ကြောင့်၊ **သရေ**–ရေအိုင်၌၊ **ဥဒကံ**–ရေသည်၊ **ခီယထ**–ခန်းခြောက်ခဲ့လေပြီ။

၄။ **တတော**–ထိုရေခန်းခြောက်သော အခါ၌၊ **ကာကာစ**–ကျီးတို့သည်လည်းကောင်း၊ **ဂိဇ္ဈာစ**–လင်းတတို့သည်လည်းကောင်း၊ **ကင်္ကာစ**–ဘုံမတီးငှက်တို့သည်လည်းကောင်း၊ **ကုလလသေနကာ**–စွန်ရဲတစ်ခွာ

www.burmeseclassic.com

သိန်းငှက်တို့သည် လည်းကောင်း၊ **ဒီဝါရတ္တိံ**–နေ့ရောညဉ့်ပါ၊ **မစ္ဆေ**–ငါးတို့ကို၊ **ဥပနိသိဒိယ**–အနီး၌နေလျက်၊ **ဘက္ခယန္တိ**–အားပါးတရ စားကြကုန်၏။

၅။ **အဟံ**–ငါသည်၊ **တတ္ထ**–ထိုရေအိုင်၌ **ဉာတိဟိ**–အဆွေအမျိုးတို့နှင့်၊ **သဟ**–တကွ၊ **ပီဠိတော**– အနှိပ်စက်ခံရသည်ဖြစ်၍၊ **ဧဝံ** – ဤသို့၊ **စိန္တေသိ**–ကြံစည်ခဲ့၏။(**ကိံ စိန္တေသိ**–အဘယ်သို့ ကြံစည်ခဲ့သနည်းဟူမူ) **ကေနဥပါယေန**–အဘယ်သို့သော နည်းဥပါယ်ဖြင့်၊ **ဉာတိ**–ဉာတီအဆွေအမျိုးတို့ကို၊ **ဒုက္ခာ**–ရေရှားငှက်စားများပြားကြုံရ ဆင်းရဲဒုက္ခမှာ၊ **ပမောစယေနုခေါ** – လွတ်မြောက်စေရအံ့နည်း။

၆။ **စိန္တယိတွာန**–ဉာဏ်မီသမျှ ကြံစည်ရသည်ရှိသော်၊ **ဓမ္မတ္ထံ**–တရားသဘောဖြစ်သော၊ **သစ္စံ**–သစ္စာတရားကို၊ **အဒ္ဒသ**–မြင်မိခဲ့၏၊ **ပဿယံ**–မြင်သည်ရှိသော်၊ **သစ္စေ**–ဝစီသစ္စာ၌၊ **ဌတွာ**–တည်၍၊ **ဉာတီနံ**–အဆွေအမျိုးတို့၏၊ **တံ အတိက္ခယံ** – ထိုကြီးစွာသပ ဒုက္ခရောက်လျက် အလွန်ပျက်စီးခြင်းကို၊ **ပမောစေသိ** – လွတ်မြောက်စေခဲ့ပြီ။

၇။ **သတံဓမ္မံ** – သူတော်ကောင်းတို့၏ တရားဖြစ်သော၊ **ပရမတ္ထံ**–မြတ်သော သဘောရှိသော သစ္စာတရားကို၊ **အနုဿရိတွာ**–အဖန်ဖန်အောက်မေ့မိ၍၊ **ဝိစိန္တယံ**– ကြံစည်တွေးတောလျက်၊ **လောကေ**–လောက၌၊ **ယံ**–အကြင် သစ္စာတရားသည်၊ **ဓုဝသဿတံ**– အမြဲကေန် အမှန်ဖြစ်ပေ၏။ **တံသစ္စံ ကိရိယံ**–ထိုသစ္စာပြုခြင်း အမှုကို၊ **အကာသိံ**–ပြုခဲ့လေ၏။


၈။ **ယတော**–အကြင်အခါ၌ **အတ္တာနံ** – မိမိကိုယ်ကို၊ **သရာမိ**–ပြန်လည်တွေးကြည့် အောက်မေ့မိ၏၊ **ယတော**–အကြင်အခါမှ၊ **ပတ္တာယ**–စ၍၊ **ဝိညုတံ**–လိမ္မာသော အသိရှိသည်အဖြစ်သို့၊ **ပတ္တော**–ရောက်ရှိသည်၊ **အသ္မိ**–ဖြစ်၏။

**တတော** – ထိုအသိတရား ထင်ရှားရှိလာသောအခါမှ၊ **ပတ္တာယ**–စ၍ (**အဟံ**–ငါသည်)၊ **သဉ္စိစ္စ**–စေတနာနှင့် **ဧကံပါဏမ္ပိ**–တစ်ခုသော အသက်ကိုသော်လည်း၊ **ဟိံသိတံ**–ညှဉ်းဆဲသတ်ဖြတ်ဖူးသည်ကို၊ **နာဘိ ဇာနာမိ**–မသိ၊ **ဧတေနသစ္စဝဇ္ဇေန**– ဤ အမှန်စကားကို ဆိုရခြင်းကြောင့်၊ **ပဇ္ဇုန္နော**–မိုးသည်၊ **အဘိဝဿတု**– အလွန်များစွာ ရွာသွန်းပါစေသတည်း။

၉။ **ပဇ္ဇုန္န**–အို မိုးနတ်မင်း၊ **အဘိတ္ထနယ** –အလွန်ထစ်ချုန်း တအုံးအုံးနှင့် အိုင်လုံးလျှံစွာ ရွာသွန်းပါလော့၊ **ကာကဿ**–ကျီးအပေါင်း၏၊ **နိဓိံ**– အလိုပြည့်ရာ ဥစ္စာဖြစ်သော ရေခန်းခြောက်ခြင်းကို၊ **နာသယ**–မိုးရွာသမှု ဖျက်ဆီးပြုပါလော့၊ **ကာကံ**–ငါးတို့ကိုချောင်း ကျီးအပေါင်းကို **သောကာယ**–စိုးရိမ်ခြင်းဖြင့်၊ **ရန္ဓေဟိ**–ပိတ်ဆို့ပါလော့၊ **မစ္ဆေ**–ရေနည်းကြုံကြား ဒုက္ခများသည့် ငါးအများတို့ကို၊ **သောကာ**–စိုးရိမ်ခြင်းမှ၊ **ပမောစယ** – လွတ်မြောက်စေပါလော့။

၁၀။ **သဟကတေသစ္စဝရေ** – မြတ်သစ္စာစကားကို ပြုသည်နှင့် တစ်ပြိုင်နက်၊ **ပဇ္ဇုန္နော**–မိုးသည်၊ **အဘိဂဇ္ဇိယ** – အလွန်ထစ်ချုန်းလျက်၊ **ထလံ**–မြေညီတစ်ခွင်ကုန်းအပြင်ကို လည်းကောင်း၊ **နိန္နဥ္စ**–နိမ့်ရာ ခွက်ရာ ချိုင့်ဝှမ်းရာ မှန်သမျှကို လည်းကောင်း၊ **ခဏေန** – တစ်ခဏခြင်းဖြင့်၊ **ပူရယန္တော** – ပြည့်စေလျက်၊ **အဘိဝဿထ**–ရွာသွန်းခဲ့လေပြီ။

၁၁။ **အဟံ**–ငါသည်၊ **ဧဝရူပံ**–ဤသို့သဘောရှိသော၊ **ဝီရိယံ**–ရှိရင်သောသူ၊ လုံ့လရှိသောသူတို့၏



▲ ဆရာတော်ကြီး၏ ထူးခြားသော ဝိသေသတူများ
ပြောပြသော ဗိုလ်.ဗိုလ်.ပ ဦးဝေထွန်း.



www.burmeseclassic.com

www.burmeseclassic.com

ဥစ္စာဖြစ်သော၊ **ဥတ္တမံ**–မြင့်မြတ်စွာသော၊ **သစ္စဝရံ**–သစ္စာတော်မြတ်ကို၊ **ကတွာ**–ပြုတော်မူ၍၊ **သစ္စတေဇဗလသသိတော**–သစ္စာ၏ အစွမ်းခွန်အားကို အမှီပြုလျက်၊ **မဟာမေဃံ**–ကြီးစွာသော မိုးကို၊ **ဝဿာပေသိ**– ရွာစေခဲ့ပြီ။

**မေ**–ငါ၏၊ **သစ္စေန**–သစ္စာပါရမီနှင့်၊ **သမော**–တူသော တရားသည်၊ **နတ္ထိ**–မရှိ **သော**–ဤမိုးကို ရွာစေသောသစ္စာသည်၊ **မေ**–ငါ၏၊ **သစ္စပါရမီ**–သစ္စာပါရမီ ဖြစ်ပါပေသတည်း။

***[ ဤငါးရံ့မင်းပရိတ် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ ဓမ္မာစရိယ(မဟာဝဂ္ဂါဒိမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]***

ငါးရံ့မင်းပရိတ်တော် ဖြစ်ပေါ်လာပုံမှာ ဘုရားအလောင်းနေစဉ် ငါးရံ့မင်းဖြစ်စဉ်က တစ်ခုသော နွေရာသီတွင် မိုးအလွန်ခေါင်လှသဖြင့် ရေကန်တွင်းရှိ ရေများ ခန်းခြောက်သည်ထက် ခန်းခြောက်ပြီး ငါး,လိပ် သတ္တဝါများမှာ ရေထဲတွင် မကူးခပ်နိုင်၊ မလှုပ်ရှားနိုင်ဘဲ ရေပေါ်သို့ ပေါ်လာလေသည်။

ထိုသို့ ပေါ်လာသော လိပ်,ငါး,ဖားစသော ရေနေ သတ္တဝါတို့ကို ကျီး,စွန်များနှင့် လင်းတ,လူများက ဆယ်ယူစားသောက်ခြင်းကို ခံကြရလေတော့သည်။

ထိုအဖြစ်ကို မြင်ရသော အလောင်းတော်ငါးရံ့မင်းမှာ မိမိ၏ အမျိုးအဆွေရေနေသတ္တဝါများကို ကြာမျိုးငါးပါးနှင့် ပြည့်စုံစွာ သာယာအေးမြ ရေပေါလှသော ကန်ကြီးတို့ကို ရှာဖွေ၍ ရွှေ့



▲ စာရေးသူနှင့်
အိမ်ရှင်ဒေါ်ဝင်းဝင်းမြင့်
ဆရာတော်ကြီးများနှင့်
တနင်္သာရီမြို့ ရာဇဝင်ကို ပြောပါသည်

ပြောင်းပေးချင်လှသော စိတ်ဆန္ဒပြင်းပြသော်လည်း လူသတ္တဝါများကဲ့သို့ စွမ်းနိုင်သောဘဝ မဟုတ်သဖြင့် များစွာပင် စိတ်ဒုက္ခရောက်၍ နေရှာလေတော့သည်။

ကြာလေ ရေခန်းလေ အဖြစ်ဆိုးလေ။ ထိုရမည့်ဒုက္ခကို မရှုရက် မမြင်ရက်သည့် အဆုံးတွင်...

'သိတတ်သည့် အရွယ်မှစ၍ ယနေ့ထိ သူတစ်ပါး၏ အသက်ကို သေစေလိုသော စိတ်ဖြင့် စားမျိုခဲ့ခြင်း မရှိပါ။ ဤမှန်ကန်သော သစ္စာစကားကြောင့် မိုးများ ရွာသွန်းပါလော့'

ဟု သစ္စာပြုလိုက်တော့သည်။

ထိုသို့ သစ္စာပြုလိုက်သည်နှင့် တစ်ပြိုင်နက် ပူပြင်းလိုက်သည့် နေမင်းကြီးအရှိန် ကွယ်ပျောက်ကာ ကောင်းကင်တစ်ပြင်လုံး အုံ့မှိုင်းညိုမည်းလျှပ်စီးရောင်ဝင်းလက်ကာ ပြင်းထန်စွာ ထစ်ချုန်းသည်းစွာသောမိုးကြီး ရွာချလိုက်လေတော့သတည်း။

ထိုအချိန်မှစ၍ ငါးရံမင်းပရိတ်(ခေါ်) မစ္ဆရာဇသုတ်ကို ရွတ်ဆိုပွားမှုများ ပေါ်ပေါက်လာခဲ့ပါသတည်း။

ငါးရံမင်းပရိတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းအားဖြင့် ရွာစေချင်သော မိုးကို ရွာသွန်းဖြိုးစေပါသည်၊ အလွန်ပူလောင်ပြင်းပြသော နွေရာသီတွင် မိုးကာလ မဟုတ်၍ မိုးမရွာသော်လည်း အုံ့အုံ့မှိုင်းမှိုင်း အပူချိန်လျော့ကာ လေပြေလေအေးများ တိုက်ခတ်ခြင်းဖြင့် အပူရှိန် လျော့ကျ ရောဂါဘေးများ ကင်းဝေးစေပါသည်။

မိမိ၏ ဆွေမျိုးများ ကောင်းကျိုး၊ မိမိ၏လူမျိုး အန္တရာယ် ကင်းဝေးစေရန် စောင့်ရှောက်ကူညီစေနိုင်သော အများအကျိုးပြု အောင်မြင်စေနိုင်ပါသည်။

'တနင်္သာရီချောင်းက ရေချိုဆိုတော့ ငါးရံ့လဲ ရှိမှာပေါ့နော်'

ကျွန်မ မေးမိပါသည်။

'ငါးရံ့က အသက်ပြင်းတယ်လေ။ ဈေးမှာရောင်းတာ့ အရှင်တွေမို့ ဝယ်မစားကြပါဘူး'

ဟု ထမင်းဗိုင်းမှာ ကိုသန်းစိုးဝင်းတို့ မိသားစုက ဖြေပါသည်။ ဝက်ဘာဆရာတော်ကြီး အမြဲရွတ်ပွားသော ငါးရံမင်းပရိတ်တော်ကို ကျွန်မ၏ ဒါနစေတနာဖြင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာချစ်သူများအား ဝေမျှလိုက်ရပါသည်။

ရှေ့လ ဆက်ဖတ်ပါရန်


ခင်ခင်ဝင်း(မောရဝတီ)



www.burmeseclassic.com

www.burmeseclassic.com





ဓာတ်လှသန်း
(မြန်မာ့အသေးစားချေးငွေလုပ်ငန်း)



# ယုံပါ၏
# ပုံပြင်မဟုတ်ပါ

ကျွန်တော်သည် ၂၀၀၂ခုနှစ် ဧပြီလထုတ် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှ **ဆရာကောင်းသုခ၏ ကြိုးတစ်ချောင်း၏ပုစ္ဆာ**ဆောင်းပါးကို ဖတ်မိ၏။

တစ်ဆက်တည်း ယင်းမှ ထောက်ခံရေးသားထားသော ၂၀၀၂ခုနှစ်၊ ဇန်နဝါရီလထုတ် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှ **မင်းခေါင်နန္ဒ၏ ယုံချင်ယုံ မယုံချင် ပုံပြင်မှတ်** ဆောင်းပါးကို ဆက်လက် ဖတ်ရှုရပြန်သည်။

ကြိုးတစ်ချောင်း၏ပုစ္ဆာ ဆောင်းပါးအားအမှန်အကန်ပါဟု ဖြေကြားရမလို၊ ယုံချင်ယုံ၊ မယုံချင်ပုံပြင်မှတ်ဆောင်းပါးအားလည်း ယုံပါ၏ဟု ပြောရချေတော့မည်။

အဘယ်ကြောင့်ဆိုသော် **ဝိဇ္ဇာယာနပညတ်နယ်မှ** အကြောင်းပြ အခြေခံနိုင်လုံသော ကြောင်းကျိုးတရား (၄ပါး)နှင့်တိုင်း၍ရသောကြောင့် ဖြစ်ပါသည်။

**အကြောင်းအကျိုးတရား လေးပါးမှာ...**

၁။ ရုပ်အကြောင်းခံ၊ ရုပ်အကျိုး
၂။ ရုပ်အကြောင်းခံ၊ စိတ်အကျိုး
၃။ စိတ်အကြောင်းခံ၊ စိတ်အကျိုး
၄။ စိတ်အကြောင်းခံ၊ ရုပ်အကျိုး

စသည့်တရားများ ဖြစ်ပါသည်။

မင်းခေါင်နန္ဒ၏ ယုံချင်ယုံ မယုံချင် ပုံပြင်မှတ်ဆောင်းပါးတွင် ရွှေပလောင်ဂါထာကို ရွတ်သဖြင့် လူကို ချည်နှောင်ထားသော ကြိုးထုံးများပြေသည်ဟု ဆိုသည်။ ရွှေပလောင်ဂါထာကို ရွတ်ဆိုရာတွင် ယုံကြည်မှုခိုင်မာသော သဒ္ဓါစိတ်သည် အကြောင်းခံ၏။

နှောင်ဖွဲ့ထားသော ကြိုးထုံးများ ပြေလျော့သွားခြင်းသည် ရုပ်အကျိုးတရားဖြစ်၏။ ရွှေပလောင်ဂါထာအား ယုံကြည်စိတ်ခိုင်မာပြင်းထန်သလောက် ရုပ်တစ်ခု၏ အကျိုးသက်ရောက်မှုသည် မြန်ဆန်၏။ ဤကား စိတ်အကြောင်းခံသော ရုပ်အကျိုးတရား ဖြစ်၏။

ရုပ်အကြောင်းခံ၍ဖြစ်သော စိတ်အကျိုးတရားများနှင့် ပတ်သက်၍ သာဓကယုတ္တိများစွာရှိ၏။

နွေရာသီပူပြင်းသော နေ့တစ်နေ့၌ **ဆရာကျင်မောင်** ဗိုလ်ကြီးကျင်မောင် (အငြိမ်းစား) မော်ကွန်းဝင် ပထမ အဆင့်]သည် အအေးခံထားသော ကျောက်မဲလက်ဖက်ခြောက် ရေနွေး

ရဝ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

www.burmeseclassic.com

ကြမ်းအခါးရည်ကိုသောက်ရင်း ယင်း၏ ဘဝအတွေ့အကြုံတစ်ခုကို ပြောပြ၏။

**"တောင်မှာမထုံး၊ မြောက်မှာ မုန်း"**ဟူသော စကားအရ၊ ယင်း တာဝန်ကျသော မထုံးချောင်းဘေး ရွာတစ်ရွာဝယ် ရွာဦး ဘုန်းတော်ကြီး ကျောင်းသည် ပြာသာဒ်ဘုံဆင့် ပန်းဆွဲ များနှင့် ရွာကျ ်သရေဆောင် ခမ်းနား တင့်တယ်လှ၏။

လပြည့်၊ လကွယ်၊ လဆန်း(၈)ရက်၊ လဆုတ်(၈)ရက် ဥပုသ်နေ့များနှင့် အခါကြီးရက်ကြီးနေ့များတွင် ကျောင်း မကြီးအပေါ်ထပ်၌ ဥပုသ်သည်များ သီလယူရန် စုရုံးမိသည်နှင့် တစ်ပြိုင် နက် ကျောင်းထိုင်ဆရာတော်ကြီးသည် (၈)ပါးသီလကို မပေးနိုင်ဘဲ သက်န်းကို ခေါင်းမြီးခြုံ၍ တရှုံ့ရှုံ့ငိုကြွေးလေတော့ ၏။

သီလယူမည့် ဥပုသ်သည်များ သက်တော်(၇၀)ကျော် ဆရာတော်ကြီး အား ကြည့်ပြီး စိတ်မကောင်းဖြစ်ကြ ရသည်။ ထိုအခါ ခန်းနေဦးပဥ္စင်းသည် အစားဝင်၍ (၈)ပါးသီလပေးရ၏။

ဤကဲ့သို့ ကျောင်းပေါ်၌ လူစည်စည် မြင်လျှင် ကျောင်းထိုင်ဆရာတော် သင်္ကန်းခေါင်းမြီးခြုံ၍ တရှုံ့ရှုံ့ငိုကြွေး နေသည်မှာ လပြည့်လကွယ် တစ်ပတ် တည်းမဟုတ်၊ သီတင်းကျွတ်လပြည့် အခါရက်နီးသည်အထိ ဖြစ်လာ၏။

တစ်နေ့ သီတင်းကျွတ်လပြည့်ခါနီး ရက်၊ ဥပုသ်နေ့တစ်နေ့၌ ကျောင်း ဆရာတော်ကြီးဝမ်းနည်းသယောင် အပြုတွင် ကျောင်းသို့ ဒိုတီဝတ် က်(၄၀)ကျော်ခန့် ဦးခေါင်း ပြောင် ခေါင်းတုံးဖြင့် ဟိန္ဒူလူမျိုး သက်တစ်ဖက်မှ ကြိမ်သေးသေး ကိုတဝင့်ဝင့်လှုပ်ရမ်း၍ ကျောင်း



'ဆရာတော် ဘာကြောင့် ငိုသနည်း'

ဟု ယင်းမှ မေး၏။ ကျောင်းအောက် ထပ် မြေပြင်ကို စေ့စေ့စပ်စပ် ရှာရှာ ဖွေဖွေ လိုက်ကြည့်၏။

ထို့နောက် ဦးပဥ္စင်းတစ်ပါးထံ ဆန် လက်တစ်ဆုပ် တောင်း၏။ ယင်းဆန် အား မန်းမှုတ်၍ ကျောင်းအောက် မြေပြင်ပေါ်သို့ ဖြန့်ကြဲလိုက်၏။

အတော်ကြာသော် ပြန့်ကျဲနေသော ဆန်များ ကျောင်းလှေကားအောက် တရွေ့ရွေ့စုလာ၏။ ယင်းဆန်များစုနေ သောနေရာအား ကိုရင်ကြီးတစ်ပါးကို တူးစေ၏။

တွေ့ရှိသော ပစ္စည်းအား မကိုင် တွယ်ရဟု ယင်းပုဂ္ဂိုလ်မှပြော၏။ ကိုရင်ကြီး တွင်းတူးနေရာ အနက် တစ်တောင်သာသာ ရောက်သောအခါ လူ့ရိုးခေါင်းအခွံတစ်စတစ်ဖဲ့ကို မြင်တွေ့ ရ၏။

ထိုဒိုတီဝတ်ပုဂ္ဂိုလ်သည် ဖိုးခနဲ ဖတ်ခနဲ ယင်း လူ့ရိုးခေါင်းအခွံ တစ်စအား ယူလိုက်၏။

လက်ထဲရောက်၍ အသေအချာ ကြည့်သောအခါ မျောက်ခေါင်း သဏ္ဌာန် အင်းဆန်သွင်းထားသော အင်းတစ်ချပ်ဖြစ်နေသည်ကို တွေ့ရ၏။ ယင်း ဒိုတီဝတ်ပုဂ္ဂိုလ်မှ ဆရာတော် အား ကျောင်းမကြီးပေါ်တက်၍ ကန်တော့ပြီးလျှင် ယင်းအင်းချပ်ကို ယင်းကိုယ်တိုင်ယူ၍ မထုံးချောင်း၌ ရေမျှောပစ်မည်ဖြစ်ကြောင်း၊ ပုပ္ပား တောင်သို့ ခရီးဆက်ရမည်ဖြစ်ကြောင်း လျှောက်ထား၍မထုံးချောင်းတစ်လျှောက် ကြိမ်ကလေးဝင့်ကာဝင့်ကာဆက်လက် သွားတော့၏။

ကျောင်းထိုင် ဆရာတော်ကား ထိုအချိန်မှစ၍ စိတ်ကြည်လင် လန်းဆန်းစွာ သီတင်းသုံးနိုင်တော့၏။

ဆရာကျင်မောင်(မြိုလ်ကြီးကျင်မောင်၊ မော်ကွန်းဝင် ပထမဆင့်)သည် ယင်း ၏ ရဲဘော်တစ်ဦးအား မြင်းစီးနိုင်းပြီး နောက်ယောင်ခံ၍ လိုက်စေ၏။

မြင်းစီးရဲဘော်လေးသည် ထိုဒိုတီ ဝတ် ဟိန္ဒူဝိဇ္ဇာအား မထုံးချောင်းတစ် လျှောက် ဝဲယာ၌ မမြင်မတွေ့ရတော့ ပါ။

မထုံးချောင်းတစ်လျှောက် ဤကဲ့သို့ သော ဝိဇ္ဇာပုဂ္ဂိုလ်အမျိုးမျိုး သွားလာ တတ်သည်ဟု ရွာရှိ သက်တော်ကြီး ပုဂ္ဂိုလ်များ ပြောလေ့ပြောထ ရှိတတ် ပါသည်။

သဘာဝယုတ္တိ ကျပါက၊
အာဂမယုတ္တိ ပြောရဲလှ၊
ဒေသနာယုတ္တိလာ၊
သာဓကယုတ္တိ ရှိတတ်စွ။

**အောင်လှသန်း**
***(မြန်မာ့အသေးစားချေးငွေလုပ်ငန်း)***



www.burmeseclassic.com

www.burmeseclassic.com



ကြော်ငြာဆောင်းပါး

• • • • • • • • ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့ • • • • • • • •

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီးနောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင်ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဒိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

### သမားအို နန်းတွင်းလိမ်းဆေးကြီး

***[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၅၁၀ YR ၀၀၀၉၉၇]***

***[လိုင်စင်အမှတ် ၁၁/၂၀၀၈ တဆထလ တိုး(၀၁၂၁)]***

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဇက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်"**အသားအရေ ဖြူနုချောမွတ်ဖြိုး မကြုံဘူးအောင် အလှထူးစေသည့်**"ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူးခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျိုးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျိုးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

### သမားအို လေးဖက်နာဆေး

***[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၃၀၅ YR ၃၀၆၃]***

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ် အလွန် "များနေခြင်း၊ အေအက်စ်အို သီတာယူနစ်(၂၀၀)ထက် ရှိခြင်း၊ နောက်ဆုံး၊ အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအခံဆင့်ဆင့်တို့ကို သိရှိနိုင်ပေသည်။

**လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး၊ သွေးတိုး၊ ဦးနှောက်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။**

သမားအိုလေးဖက်နာဆေးတွင် သကြားစောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်ကာပြီး ကျန်းမာရေးနှင့် ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

### သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

***[တိုင်းရင်းဆေးမှတ်ပုံတင် ၀၃၁၁ YR ၀၀၃၀၆၂]***

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော "**သတ္တုဂုဏ်**"နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသော အခါ၌ လည်းကောင်း၊ ပရိယတ္တိ,ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၇) ဖုန်း-၀၉-၅၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၅၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၂၉၀၆၃၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရနိုင်ပါသည်။





www.burmeseclassic.com

သတ္တုသုံးမျိုးစပ်

သိင်္ဂါသန်း (မော်လမြိုင်)

# ကြိုလေးဟာ ငွေဖူးပလား

အဆောင်ရတနာများ (၂)



ကြိုလေးဟာ ဆရာပိုင်ကိုင် အမိုက်ဓာတ်အမှုသွေးလား

ယခင်လမှအဆက်

**(နမောတဿ ယတော မဟိ မဓတော ယဿတမောန)**[၃]

အကြွင်ပါရမီ(၁၀)ပါး အပြား(၃၀) ဖြည့်ကျင့်ခဲ့သော သိဒ္ဓိအစွမ်းကြောင့် စွန့်ခြင်းငါးပါး စရိယသုံးပါး မာရ်ငါးပါး အောင်မြင်တော်မူပြီး ဝိဇ္ဇာရှစ်ပါးကို သိတော်မူလျက် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော ဘုရားရှင်သည် (၁၅၀၀) ကိလေသာ အမိုက်မှောင်ဟူသမျှ ရှိတော်မမူ။ အကြင်မြတ်စွာဘုရားအား ရှိသေမြတ်နိုး ရှိခိုးပါ၏ အချင်ဘုရား။

ဤသို့ ရှိခိုးရသော အကျိုးတော်ကြောင့် ကောင်းကျိုးချမ်းသော ကျက်သရေမင်္ဂလာ အပေါင်းတို့ပြီး ပြည့်စုံပါစေသတည်း အရှင်မြတ်ကြီးဘုရား။

ထိုသို့ ဘုရားရှိခိုးကို ဆေးဖော်စပ်သံဆုံနှင့် ထောင်းစဉ် ရွတ်ဆိုနေရပါသည်။ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်သည်။ အန္တရာယ်ကင်းသည်။ ကျန်းမာချမ်းသာသည်။ ထီပေါက်သကဲ့သို့ ငွေဝင်တတ်သည်ဟု သိရပါသည်။

ထို့နောက် **စ.ဓ.ဗ.ဝ စမလေးလုံးဆုတောင်းဂါထာ** ရွတ်ရပါသည်။

စ ကျွမာစရ ဟာစိဏ္ဍော၊
ဓ မ္မညူ ဓမ္မသာမိကော။
ဗ လုပေတော ဗလဓဇ္ဇော၊
ဝ ရဒေါဒေတု မေဝရံ။

**စကျွမြာ** – လောကသုံးခွင် ဘုံသုံးပြင်ဝယ် ကုန်စင်ခပင်း မကျန်ကြွင်းအောင် အလင်းထင်ပေါ် သိမြင်တော်မူပေထသော၊ **စ ရမာစိဏ္ဍော**–သီလသမာ ပညာစသား ကျင့်တရားတို့ကို ကြိုးစားအားထုတ် ပွားများတော်မူပေထသော။

**ဓမ္မညူ**–လောကုတ်လောကီ နှစ်လီမျိုးဝ မြတ်ဓမ္မတို့ကို ကျနကုန်စင် ကောင်းကောင်းကြီး သိမြင်တော်မူပေထသော၊ **ဓမ္မသာမိကော**–သောင်းမြိုက်ဗိုလ်ခြေ များဝေနေတို့၏ ကိုးကွယ်ရာအစစ် ဓမ္မရာဇ်တစ်ဆူ သသယမျှ မှန်ကင်း တရားမင်းကြီး ဖြစ်တော်မူပေထသော။

**ဗလူပေတော**–ကာယဉာဏ နှစ်မည်ရ၍ ဗလနှစ်သွယ် အံ့ဩဖွယ်ဟု ကြီးကျယ်ခမ်းနား စွမ်းပကားဖြင့် ဆယ်ပါးသော အားတော်ကြီးနှင့်လည်း ပြည့်စုံတော်မူပေထသော၊ **ဗလဒဇ္ဇော**–မြင်းမိုရ်မြေရ နှိုင်းတုမမှီ ဂုဏ်ရည်ထက်သန် မြဲမြံခိုင်ခံ့ တည်တံ့သော သမာဓိအားတော်ကြီးလည်း ရှိတော်မူပေထသော။

**ဝရဒေါ**– လတ်တလော လက်ငင်းချက်ချင်းခဏ ချမ်းသာရအောင် မုချထင်လင်း ဆင်းရဲကင်း၍ လူမင်း နတ်မင်း ဗြဟ္မာမင်းတို့ထက် ဆထက်လွန်ကြူး နိဗ္ဗာန်တည်းဟူသော ဆုထူးဆုမြတ်ကြီးကိုလည်း ပေးသနားတော်မူပေထသော၊

**ဗုဒ္ဓေါ** – ဒုက္ခ,သမုဒယ, နိရောဓနှင့် မဂ္ဂသစ္စာ ဤလေးဖြာကို ကောင်းစွာထင်ထင် သိမြင်တော်မူပါပေသော သုံးလူ့ထွဋ်တင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊

**မေ** – ခန္ဓာငါးဝ ရုပ်နာမ်ဓမ္မတည်းဟူသော အနိစ္စ,ဒုက္ခ,အနတ္တ တရားအစုအမျှသာလျှင် အမှန်ပင်ဖြစ်ငြားဘုရားတပည့်တော်အား၊

**ဝရံ** – အောင်စေဟည်းဆော် အောင်မောင်းကျော်၍ အောင်တော်မူမြဲ အောင်စစ်ပွဲ၌ အောင်မြဲမင်္ဂလာ အောင်ရတနာအစု အောင်ချမ်းသာ ဆိုတဲ့ ဆုတော်မြတ်ကြီးကို၊ **ဒေတု**– သားရောဟုလာကဲ့သို့ ကရုဏာတော်ထား မေတ္တာတော်ပွား၍ ကယ်မ

www.burmeseclassic.com

သနားတော်မူပါ အောင်စကြာ လတန္တန်းကဲ့သို့ မြဘုန်းတော်သခင် အရှင်မြတ်ကြီးဘုရား။

ဓာတ်ကြီးလေးပါး ဂါထာတော်ဖြစ်ပြီး အမြဲရွတ်ဆိုနေခြင်းဖြင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ခြင်း၊ ရောဂါဘယကင်းဝေးခြင်း၊ ကပ်ရောဂါများ၏ဘေးမှကင်းဝေးစေခြင်း၊ ကိုယ်ကျန်းမာ ခြင်းဖြစ်သည်မက၊ စိတ်လေလွင့်ခြင်း၊ တွေဝေခြင်း၊ ဦးခေါင်းမကြည်မလင်ခြင်းတို့ ပျောက်ကင်း စိတ်ကျန်းမာစေပါသည်ဟု မှတ်သားခဲ့ရပါသည်။

ဆေးစွမ်းထက်၍ ဆေးကုရာတွင် သမားဂုဏ်တက်သည်ဟု သိရပါသည်။ တရားဓမ္မအားထုတ်ပါက သမာဓိ သမထ ဝိပဿနာတရားထူးရလွယ်ပါသည်တဲ့။

မိမိမှာ ငွေဖလားမရှိခဲ့သော် ငွေပုလဲဆံထိုး၊ ငွေပုလဲလက်စွပ်၊ ငွေပုလဲလက်ဝတ်ရတနာ တစ်ခုခု ဆောင်ထားလျက် အထက်ပါ ဘုရားရှိခိုးများရွတ်ဖတ်ပူဇော်ခြင်းဖြင့်အထက်ပါအကျိုးများ ခံစားရပါသည်ဟု သိရပါသည်။

တြိလောဟာ ဖြစ်ဖို့တော့ လိုပါသည်။ ထို လက်ဝတ်ရတနာများကိုလည်း ဓာတ်ပုံဖြင့် ဖော်ပြအပ်ပါသည်။

ငွေယားများအကြောင်းကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် စာချစ်သူများဖတ်ရှုကြမည်ဖြစ်၍ သိသူများပါသည်။ ငွေပွားကိုကား တိမ်မြုပ်လျက် သိသူနည်းလှပါသည်။

ထို့ကြောင့် နဝင်းကျေ၊ တြင်းကျေ တြိလောဟာအကြောင်း ဖော်ထုတ်ရေးသားလိုက်ရပါသည်။

**အနုဓာတ်(အအေး) ငွေပွားများ** ဖြစ်တည်တတ်ပုံ တြိလောဟာ အကြောင်း ရေးသားပြီးနောက် **အကြမ်းဓာတ်(အပူ)ဓာတ်နိုင် အုပ်ချုပ်မှုဆရာပိုင်းကိုင် တြိလောဟာ** ဖလားအကြောင်း ဆက်လက်ရေးသားပါသည်။

ထူးခြားဆန်းပြားသော ရုပ်တုများနှင့် အလွန်လက်ရာမြောက်စွာ ဖောင်းကြွလုပသော ငွေ(၈၀)%၊ ကြေးနီ (၁၅)%၊ ခဲ(၅)%ဖြင့် စပ်ထားသော တြိလောဟာဖလားလေးတစ်လုံး ဖြစ်ပါသည်။ အလေးချိန် (၄)ကျပ် (၈)ပဲသား ရှိပါသည်။



▲ တြိလောဟာ ဖိုမဟာသား ဖလားအသေးပုံ အထောက်ပုံများ ကျည်းစွာ ထုလုပ်ထားသည်

ဖလား၏ ဖင်တွင် "**ရာဇဝတ်အုပ်ကိုပု**"ဟု ရေးသားထားပါသည်။ ထူးခြားစွာ ဂမ္ဘီရန္တယ်ဝင် အရုပ်တို့၏ သက်ဝင်လှုပ်ရှားနေသော သဏ္ဍာန်များ စီမံထုထားသည်။

ထိုဖလား၏ပိုင်ရှင်မှာ ကျွန်မ၏ မိတ်ဆွေဒေါ်လှရီထံမှာ တွေ့ရပါသည်။ ဒေါ်လှရီမှာ အပျိုကြီး၊ သက်သတ်လွတ် တစ်သက်လုံးစားလျက် မြင်အပ်၊ မမြင်အပ် မကောင်းသော ပုဂ္ဂိုလ်များ ကပ်ငြိနှောင့်ယှက် စွဲကပ်ခြင်းကို ရွတ်ဖတ်ကုသပေးမှု အစုံတတ်ပါသည်။

အဆောင်လက်ဖွဲ့များ၊ ရဟန္တာ အရှင်မြတ်များ၏ ကိုယ်ကွယ်ဆည်းကပ်မှုမှ ရရှိသော ဓာတ်တော်၊ ဆံတော်၊ သင်္ကန်းတော်များ အမြဲတေများ အစုံရှိသည်။

ဘုရားဒါယိကာမ၊ ကျောင်းဒါယိကာမ ဖြစ်သည်။ အနီးပတ်ဝန်းကျင်မှ တစ်ခုခုဖြစ်လျှင် သူ့ကိုသာ အားကိုးကြသည်။ သူ့ဆီ ပြေးလာကြသည်။

တြိလောဟာဖလား၏ ဂမ္ဘီရရုပ်ပုံများအကြောင်း မေးလျက် မှတ်တမ်းပြုခဲ့ပါသည်။

ဒေါ်လှရီ၏ ပြောပြချက်အရ ပူဇော်မှု စီမံမများနှင့် အုပ်ချုပ်မှု အနိုင်ဓာတ်ဖြစ်၍ **ကျားရုပ်၊ ခြင်္သေ့ရုပ်တို့ကို လူဟန်၊ ကျားဟန်၊ သမန်းဟန်**များ ဓာတ်သွင်း မာန်ပါအောင် သက်ဆိုင်ရာ ပုံအလိုက် ဓာတ်ဆက် အစီအမံများ ဖြစ်ကြောင်း မူလပိုင်ရှင်အဆက်ဆက် သုံးစွဲခဲ့ကြသူများက တစ်ဆင့် သိခဲ့ရပုံ ပြောပြပါသည်။

ရာဇဝတ်အုပ်ကိုပုအတွက် အထူးစီမံပေးထားခြင်းဖြစ်သဖြင့် ပြစ်မှုကျူးလွန်သူ ရာဇဝတ်သားများအား ဖမ်းဆီးအနိုင်ရလိုဟန်ဟု ယူဆမိပါသည်။

ရုပ်ပုံများမှာ အထူးဖောင်းကြွပေါ်လွင်လျက် **ကျားဆိုလျှင်**လည်း မာန်ဖီလျက် လူလို ထိုင်နေသည်။ လက်နှစ်ဖက်က ဖမ်းတော့မည့်ပုံစံ တွေ့ရပါသည်။

**ခြင်္သေ့ပုံမှာ** လူကဲ့သို့ ထိုင်လျက် မာန်ဖီကာ စောင့်ကြည့်နေသည်။ အရုပ်ဆိုးဆိုး ပုဂ္ဂိုလ်တစ်ဦး၏ တန်နိုး



www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှလာဟာ အလှအနိုင်ခေတ်ပလား ပုရိုလ်တစ်ခြီး တန်ခိုးအတတ်ပညာများ စီမံနေပုံ

အတတ်ပညာများ လက်မြှောက်လျက် စီမံနေဟန်ပုံ ထုထားသည်။

**စွယ်စုံဆင်ကြီးက** သက်ဝင်လှုပ်ရှားသွားနေဟန်မှာလည်း အသက်ဝင်စွာ စီမံထုထားသည်ကို အံ့သြစွာ တွေ့ရပါသည်။

အထက်ပါ ကြောက်စရာ သက်ဝင်ပုံလေးပုံပြီးတော့ ငြိမ်းအေးချမ်းစရာ သမင်၊ ယုန်နှင့် ဆတ်တို့၏ အေးချမ်းသောပုံ သုံးပုံ ထုလုပ်ထားပါသည်။

သမင်က အေးဆေးစွာ လည်ပြန်ကြည့်နေသည်။ ယုန်လေးကလည်း ခေါင်းမှာ သစ်ခက်ပန်းလေး ထိုးစိုက်ထားသည်။ ဆတ်လေးက အေးဆေးစွာ မြက်စားနေသည်။

တိရစ္ဆာန်တို့၏ အမွေးအမှင်များပါ အနုစိတ် ထုထားသည်ကို ထုလုပ်သည့် ပညာရှင်ကို ချီးမွမ်းမိပါသည်။

အကြမ်းနှင့်အနု အရုပ်ပုံ နှစ်မျိုး ညှို့တွဲထုထားသဖြင့် ပိုင်နိုင်စွာ စီမံအုပ်ချုပ်လျက် ငြိမ်းချမ်းသာယာသွားပုံ၊ နိမိတ်သဘာဝ ဖြစ်ကြောင်းနှင့် တိုက်ခိုက်သည့်ပုံများ မပါဘဲ သာယာစွာ အားနည်းသူများ စားသောက်နေထိုင်ဟန်နိမိတ်ကို ဆောင်နေပါသည်။

ဒီဖလားကို ရောင်းပေးပါလားဆိုတော့ အစ်အမ်က တန်ဖိုးကြီးလို့ပါတဲ့။ [illegible]တွေ ကယ်ဖို့ အနိုင်ခေတ်ပယ့် နိမိတ် ဖြစ်နေလို့ပါတဲ့။

ဒီဖလားကို ဘယ်လိုအသုံးပြုသလဲလို့ မေးတော့...

'ကိုယ်က သက်သတ်လွတ်စားတော့ ဆွမ်းဖြူ သစ်သီးတွေ ခွဲစိတ်ပြီး ဖလားထဲထည့် ဆွမ်းတော်ကပ်တယ်။ ပြီးတော့ ရတနာရွှေချိုင့်ဂါထာရွတ် ဆုတောင်းတယ်'

ကျွန်မတို့ မေ့လျော့ထားသော ရတနာရွှေချိုင့်ဂါထာတော်ကို အလွတ်ရွတ်ဆိုပြပါသည်။ ကျွန်မတို့က ပရိတ်ကြီး(၁၁)သုတ်၊ ပဌာန်း ပစ္စယနိဒ္ဒေသပါဠိ၊ ရွတ်ဖတ်ပူဇော်ပြီးမှ နေ့စဉ် မိမိကိုယ်ကို လုံခြုံသည်ဟု ထင်မှတ်ပါသော်လည်း ဒေါ်လှရီကတော့ ရတနာရွှေချိုင့်ဂါထာတော်ရွတ်ပြီးမှ ကိုယ့်ကိုယ်ကို စိတ်ချသည်ဟု ပြောပါသည်။

သူတစ်ပါးကိုလည်း ကယ်နိုင်သည်။ ဘုရားရှင်နှင့်တကွ သာဝက တပည့်ကြီးများအား ပင့်ဖိတ်ပူဇော် အရံ အတားပြုခြင်းနှင့် **ရတနသုတ်၊ မေတ္တသုတ်၊ ခန္ဓသုတ်** အစရှိသော ပရိတ်ကြီး (၁၁)သုတ်ထဲမှ သုတ်ပရိတ်များ တန်ခိုးတော်များကြောင့် ဘေးအန္တရာယ် ကင်းရှင်းစေလျက်၊ အမှောင့်ပယောဂ မကပ်မှိနိုင်ခြင်း၊ ဘေးဆိုး၊ ရန်ဆိုး၊ ရောဂါကပ်ဆိုးများက ကင်းလွတ်စေပါသည်ဟု ပြောပြပါသည်။

ကျွန်မလည်း ဒေါ်လှရီဆီမှ သင်ခဲ့ပါသည်။ ဗုဒ္ဓဘာသာတွင် ထင်ရှားသောဂါထာဖြစ်သဖြင့် နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာချစ်သူများ သတိရပါစေရန် ရေးသားဖော်ပြလိုက်ပါသည်။ **(ငွေထည်ဖြင့် အကျိုးပေးသော ဒေါ်လှရီက ဘုရားသုံးဆူမြို့မှာ နေပါသည်။)**

## ရတနာရွှေချိုင့်ဂါထာတော်

### ပါဠိတော်

၁။ ယောသန္နိသိန္နော ဗုဒ္ဓေါ
ဇိတွာ မာရံ သဝါဟနံ၊
စတုသစ္စ မတာရသံ၊
ယေ ပိဝိ သု နရာသဘာ။

၂။ တဏှင်္ကရာဒယော ဗုဒ္ဓါ
အဋ္ဌဝီသတိ နာယကာ၊
သဗ္ဗေ ပတိဋ္ဌိတာ မယှံ၊
မတ္ထကေ တေ မုနိဿရာ။

၃။ သီသေ ပတိဋ္ဌိတော နောသိ၊
ဗုဒ္ဓေါ ဓမ္မော ဒွိလောစနေ။
သံဃော ပတိဋ္ဌိတော မယှံ၊
ဥရေ သဗ္ဗ ဂုဏာကရော။

၄။ ဟဒယေ မေ အနုရုဒ္ဓေါ
သာရိပုတ္တော စ ဒက္ခိဏေ။
ကောဏ္ဍညော ပိဋ္ဌိဘာဂသ္မိံ
မောဂ္ဂလာနော စ ဝါမကေ။

၅။ ဒက္ခိဏေ သဝနေ မယှံ၊
အာသုံ အာနန္ဒရာဟုလာ။
ကဿပေါ စ မဟာနာမော၊
ဥဘောသုံ ဝါမသောတကေ။

၆။ ကေသန္တေ ပိဋ္ဌိဘာဂသ္မိံ
သူရိယောဝ ပဘင်္ကရော။
နိသိန္နော သိရိသမ္ပန္နော၊
သောဘိတော မုနိပုင်္ဂဝေါ။

၇။ ကုမာရကဿပေါ နာမ၊
မဟေသီ စိတြဝါဒကော။
သော မယှံ ဝဒနေ နိစ္စံ၊
ပတိဋ္ဌာသိ ဂုဏာကရော။


၈။ ပုဏ္ဏော အင်္ဂုလိမာလော စ၊
ဥပါလိ နန္ဒ သီဝလိ။
ထေရာ ပဉ္စ ဣမေ ဇာတာ၊
နလာဋေ တိလကာ မမ။

www.burmeseclassic.com



◆ ပြိုလာဟာ အပူအနိုင်ခေါက် ဖလား

စွယ်စုံဆင်ကြီး သက်ဆင်လှုပ်ရှားသွားလာနေပုံ



◆ ပြိုလာဟာ အပူအနိုင်ခေါက်ဖလား

ခြင်္သေ့ကား ထိုင်စောင့်ကြည့်နေပုံ

၉။ တေဟိ သေသာ မဟာထေရာ၊
ဝိတဝန္တော ဝိနောရဒါ။
ဇလန္တာ သီလတေဇေန၊
အဂ္ဂမင်္ဂေသု သဏ္ဌိတာ။
၁၀။ ရတာနံ ပုရတော အာသိ၊
ဒက္ခိဏေ မေတ္တသုတ္တကံ။
ဓဇဂ္ဂံ ပစ္ဆတော အာသိ၊
ဝါမေ အင်္ဂုလိမာလကံ။
၁၁။ ခန္ဓ မောရ ပရိတ္တဉ္စ၊
အာဋာနာဋိယ သုတ္တကံ။
အာကာသေ ဆဒနံအာသိ၊
သေသာပါကာရ သဏ္ဌိတာ။
၁၂။ ဇိနာနံ ဗလသံယုတ္တေ၊
ဓမ္မပါကာရ လင်္ကတေ။
ဝသတော မေ အကိစ္စေန၊
သမ္ဗာသမ္ဗုဒ္ဓ ပဉ္စရေ။
၁၃။ ဝါတပိတ္တာဒိ သဉ္ဇာတာ၊
ဗာဟိရဇ္ဈတ္တု ပဒ္ဒဝါ။
အသေသာ ဝိနာသံ ယန္တု၊
အနန္တဇိန တေဇသာ။
၁၄။ ဇိနပဉ္စရ မဇ္ဈမှိ၊
ဝိဟရန္တံ မဟီတလေ။
သဒါပါလေန္တု မံသဗ္ဗေ၊
တေ မဟာပုရိသာ သဘာ။
၁၅။ ကတော ဗုဒ္ဓမဂ္ဂလေကန္တံ၊
သုရက္ခော ဇိနာနုဘာဝေ။
ဟာတကာရိသံဃော သံဃသာ၊
တေဇေန ဂုဏာ ကရသာ။ ။

ခက်ခဲသော ပါဠိအသံထွက်

၁။ **သန္တာ** = သန်နာ
**ဗုဒ္ဓါ** = ဗုတ်ဓါ
**ဇိတ္တာ** = ဇိတ်တဝါ
**သစ္စာ** = သစ်စာ
**ပိဝိ** = ပိဝိန်
၂။ **တဏှာက်ရာ** = တနှင်ကရာ
**အဋ္ဌဝိ** = အတ်ထဝိ
**သဗ္ဗေ** = သပ်ဗေ
**ပတိဋ္ဌိတာ** = ပတိတ်ထိတာ
**မတ္ထကေ** = မတ်ထကေ
**မုနိသ္သရာ** = မုနိတ်သရာ
၃။ **ပတိဋ္ဌိတော** = ပတိတ်ထိတော
**ဗုဒ္ဓေါ** = ဗုတ်ဓေါ
**ဓမ္မော** = ဓမ်မော
**မယှံ** = မယ်ရှုံ
**ဥရေ** = အုရေ
**သဗ္ဗ** = သပ်ဗ
၄။ **အနုရုဒ္ဓေါ** = အနုရုတ်ဓေါ
**ပုဗ္ဗော့တ** = ပုတ်တောစ
**ဒက္ခိဏေ** = ဒက်ခိနေ
**ကောဏ္ဍညော** = ကွန်ဒင်ညော
**ပစ္ဆိဘာဂသ္မိံ** = ပစ်ဆိဘာဂသမိန်
**မောဂ္ဂလာ** = မောက်ဂလာ
၅။ **ဒက္ခိဏေ** = ဒက်ခိနေ
**မယှံ** = မယ်ရှုံ
**အာနန္ဒ** = အာနန်ဒ
**ကဿပေါ** = ကပ်သပေါ
**ဥဘောသုံ** = ဥဘောသုံ
၆။ **ကေသန္တေ** = ကေသန်တေ
**ပိဋ္ဌိဘာဂသ္မိံ** = ပိတ်ထိဘာဂသမိန်
**ပဘာက်ရော** = ပဘာင်ကရော
**နိသိန္နော** = နိသိန်နော
**သိရိသမ္ပန္နော** = သိရိသန်ပန်နော
**မုနိပုင်္ဂဝေါ** = မုနိပုန်ဂဝေါ
၇။ **ကဿပေါ** = ကတ်သပေါ
**စိတြဝါစ** = စိတ်တရဝါစ
**မယှံ** = မယ်ရှုံ
**နိစ္စံ** = နိတ်စံ
**ပတိဋ္ဌာသိ** = ပတိတ်ထာသိ
၈။ **ပုဏ္ဏော** = ပုန်နော
**အင်္ဂုလိ** = အင်ဂုလိ
**နန္ဒ** = နန်ဒ
**ဣမေ** = အိမေ
**ပဉ္စ** = ပင်စ
**နလာဋေ** = နလာတေ
၉။ **ဝန္တော** = ဝန်တော
**ဇလန္တာ** = ဇလန်တာ
**အဂ္ဂ** = အက်ဂ
**မင်္ဂေသု** = မင်ဂေသု
**သဏ္ဌိတာ** = သန်ထိတာ
၁၀။ **ဒက္ခိဏေ** = ဒက်ခိနေ
**မေတ္တ** = မစ်တ
**သုတ္တကံ** = သုတ်တကံ
**ဓဇဂ္ဂံ** = ဓဇက်ဂံ
**ပစ္ဆတော** = ပစ်ဆတော
**အင်္ဂုလိ** = အင်ဂုလိ
၁၁။ **ခန္ဓ** = ခန်ဓ
**ပရိတ္တဉ္စ** = ပရိတ်တင်စ
**အာဋာနာဋိယ** = အာတာနာတိယ
**သုတ္တကံ** = သုတ်တကံ
**သဏ္ဌိတာ** = သန်ထိတာ
၁၂။ **သံယုတ္တေ** = သံယုတ်တေ
**ဓမ္မ** = ဓမ်မ
**လင်္ကတေ** = လင်ကတေ
**အကိစ္စေန** = အကိတ်ဆေန
**သမ္ဗာသမ္ဗုဒ္ဓ** = သမ်မာသမ်ဗုတ်ဓ
**ပဉ္စရေ** = ပင်ဇရေ
၁၃။ **ဝါတပိတ္တာ** = ဝါတပိတ်တာ
**ဒိသဉ္ဇာတာ** = ဒိသင်ဇာတာ
**ဗာဟိရဇ္ဈတ္တု** = ဗာဟိရစ်စတ်တု
**ပဒ္ဒဝါ** = ပတ်ဒဝါ
**ယန္တု** = ယန်တု
**အနန္တ** = အနန်တ
၁၄။ **ပဉ္စရ** = ပင်ဇရ
**မဇ္ဈမှိ** = မစ်ဇျမှိ

www.burmeseclassic.com

| | |
|---|---|
| **ဝိဟာရန္တံ** | = ဝိဟာရန်တံ |
| **ပါလေန္တု** | = ပါလင်တု |
| **မံသပေ္ပ** | = မံသပ်ပေ |
| ၁၅။ **ဣတ္ထိစေ္စဝ** | = အိတ်စေဝ |
| **ကန္တံ** | = ကန်တံ |
| **သုရက္ခေါ** | = သုရက်ခေါ |
| **သံဃဿ** | = သံဃတ်သ |
| **ကရဿ** | = ကရတ်သ |

အနက်

၁။ **ဗောဓိသန္တိကာဂတာ**– အောင်ခြင်း၏ အနီးသို့ ရောက်တော်မူကုန်ထသော၊ **နရာသဘာ**– လူ,နတ်,ဗြဟ္မာ သတ္တဝါတို့ထက်လည်း မြတ်တော်မူကုန်သော၊ **ယေဗုဒ္ဓါ**–အကြင် မြတ်စွာဘုရားတို့သည်၊ **သန္တိ**– ရှိတော်မူကုန်၏။ **တေဗုဒ္ဓါ** – ထိုမြတ်စွာဘုရားတို့သည်၊ **သဝါဟနံ**– စစ်သည်နှင့်တကွ ဖြစ်သော၊ **မာရံ**– မာရ်နတ်သားကို၊ **ဇိတွာ**– အောင်တော်မူလေကုန်သည်ဖြစ်၍။ **စတုသစ္စာမတရသံ**– သစ္စာလေးဖြာ မြိုက်ရသာကို၊ **ပိဝိံသု**– သောက်စေတော်မူလေကုန်ပြီ။

၂။ **မုနိဿရာ** – ရသေ့,ရဟန်းအပေါင်းတို့ကို အစိုးရတော်မူထသော၊ **နာယကာ**–လူ,နတ်,ဗြဟ္မာ သတ္တဝါတို့၏ ခရီးလမ်းညွှန်သဖွယ်လည်း ဖြစ်တော်မူကုန်ထသော၊ **အဋ္ဌဝီသတိ**– နှစ်ကျိပ်ရှစ်ဆူကုန်သော၊ **တဏှင်္ကရာဒယော**– တဏှင်္ကရာဘုရား အစရှိကုန်သော၊ **ယေ ဗုဒ္ဓါ**– အကြင်မြတ်စွာဘုရားတို့သည်၊ **သန္တိ**– ရှိတော်မူကုန်၏။ **သဗ္ဗေ**– ခပ်သိမ်းကုန်သော၊ **တေဗုဒ္ဓါ**– ထို မြတ်စွာဘုရားတို့သည်၊ **မယှံ**– အကျွန်ုပ်၏။ **မတ္ထကေ**– ဦးခေါင်းထက်၌၊ **ပတိဋ္ဌိတာ**– တည်တော်မူကုန်သည်၊ **အဟေသုံ**– ဖြစ်ကုန်ပြီ။

၃။ **သဗ္ဗဂုဏာကရော**– ခပ်သိမ်းသော ကျေးဇူးတော်အပေါင်းတို့၏ တည်ရာလည်း ဖြစ်တော်မူပေထသော၊ **နော** – အကျွန်ုပ်တို့၏၊ **ဗုဒ္ဓေါ** – ဂေါတမမြတ်စွာဘုရားသည်၊ **မယှံ**–အကျွန်ုပ်၏၊ **သီသေ**–ဦးခေါင်း၌၊ **ပတိဋ္ဌိတော**– တည်တော်မူသည်၊ **အာသိ**– ဖြစ်ပြီ၊ **ဓမ္မော**–ကိုးပါးသော လောကုတ္တရာတရားတော်သည်၊ **မယှံ**–အကျွန်ုပ်၏။ **ဒွိလောစနေ**– မျက်စိနှစ်ဖက်၌၊ **ပတိဋ္ဌိတော**– တည်တော်မူသည်၊ **အာသိ**– ဖြစ်ပြီ၊ **သံဃော** – မဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန်လေးယောက်ဟု ဆိုအပ်သော ရှစ်ယောက်သော အရိယာသံဃာတော်သည်၊ **မယှံ**– အကျွန်ုပ်၏။ **ဥရေ**–ရင်၌၊ **ပတိဋ္ဌိတော** – တည်တော်မူသည်၊ **အာသိ**– ဖြစ်ပြီ။



ဆရာကြီး သီလရှင်ဘုတ်စင် ...
... အမှတ်တရ

၄။ **အနုရုဒ္ဓေါ**– အရှင် အနုရုဒ္ဓါသည်၊ **မေ** – အကျွန်ုပ်၏။ **ဟဒယေ**– နှလုံး၌၊ **ပတိဋ္ဌိတော**– တည်တော်မူသည်၊ **အာသိ**– ဖြစ်ပြီ၊ **သာရိပုတ္တော စ** – အရှင်သာရိပုတြာသည်လည်း၊ **မေ မမ**– အကျွန်ုပ်၏။ **ဒက္ခိဏေ** – လက်ယာ၌၊ **ပတိဋ္ဌိတော**–တည်တော်မူသည်၊ **အာသိ**–ဖြစ်ပြီ၊ **ကောဏ္ဍညော**– ကောဏ္ဍညအရှင်သည်၊ **မေ မမ**– အကျွန်ုပ်၏။ **ပစ္ဆိဘာဂသ္မိံ**– နောက်အဖို့၌၊ **ပတိဋ္ဌိတော**– တည်တော်မူသည်၊ **အာသိ**– ဖြစ်ပြီ၊ **မောဂ္ဂလာ.နော စ**– အရှင်မောဂ္ဂလာန် သည်လည်း၊ **မေ မမ**– အကျွန်ုပ်၏။ **ဝါမကေ**– လက်ဝဲ၌၊ **ပတိဋ္ဌိတော** – တည်တော်မူသည်၊ **အာသိ**– ဖြစ်ပြီ။

၅။ **အာနန္ဒရာဟုလာ** – အရှင်အာနန္ဒာ,အရှင်ရာဟုလာတို့သည်၊ **မယှံ**–အကျွန်ုပ်၏။ **ဒက္ခိဏေ သဝနေ** – လက်ယာနား၌၊ **ပတိဋ္ဌိတာ**– တည်တော်မူကုန်သည်၊ **အာသုံ**–ဖြစ်ကုန်ပြီ၊ **ကဿပေါစ** – ကဿပအရှင်သည်လည်းကောင်း၊ **မဟာနာမောစ**–မဟာနာမ်အရှင်သည်လည်းကောင်း၊ **ဥဘော**– နှစ်ပါးသောအရှင်တို့သည်၊ **မယှံ**– အကျွန်ုပ်၏။ **ဝါမသောတကေ**– လက်ဝဲနား၌၊ **ပတိဋ္ဌိတာ**– တည်တော်မူကုန်သည်၊ **အာသုံ**– ဖြစ်ကုန်ပြီ။

၆။ **သူရိယောဝ** – နေမင်းကဲ့သို့၊ **ပဘင်္ကရော** – အရောင်ကို ပြုတတ်သော၊ **သိရီသမ္ပန္နော**– ဘုန်းကျက်သရေနှင့် ပြည့်စုံတော်မူသော၊ **မုနိပုင်္ဂဝေါ**– ရဟန်းမြတ်ဖြစ်သော၊ **သောဘိတော**– သောဘိတအရှင်သည်၊ **မယှံ**– အကျွန်ုပ်၏။ **ကေသန္တေ** – ဆံ၏ အဆုံးဖြစ်သော၊ **ပိဋ္ဌိဘာဂသ္မိံ**– ကျောက်ကုန်းအဖို့၌၊ **နိသိန္နော**– နေတော်မူသည်၊ **အာသိ**– ဖြစ်ပြီ။

၇။ **မဟေသီ** – သီလက္ခန္ဓ စသည် ကျေးဇူးဂုဏ်အထူးကို ရှာမှီးတော်မူလေ့ ရှိထသော၊ **စိတြဝါဒီကော**– ဆန်းကြယ်သော တရားစကားကို ဆိုတော်မူတတ်ထသော၊ **ဂုဏာကရော**– ကျေးဇူးတော် အပေါင်း၏ တည်ရာဖြစ်ထသော၊ **ကုမာရကဿပေါနာမ**–ကုမာရ ကဿပ မည်တော်မူသော၊ **သောထေရော**–ထိုမထေရ်သည်၊ **မယှံ**– အကျွန်ုပ်၏

www.burmeseclassic.com

၏၊ **ဝဒနေ**– နှုတ်ခမ်း၌၊ **နီစွံ**– အမြဲ **ပတိဋ္ဌာသိ**–တည်တော်မူပြီ။

၈။ **ပုဏ္ဏေဟာစ**– အရှင်ပုဏ္ဏမထေရ်သည်လည်းကောင်း၊ **အင်္ဂုလိမာလော စ**– အရှင် အင်္ဂုလိမာလမထေရ်သည် လည်းကောင်း၊ **ဥပါလိနန္ဒသီဝလိ စ**–အရှင်ဥပါလိထေရ်၊ အရှင်နန္ဒထေရ်၊ အရှင် သီဝလိထေရ်သည် လည်းကောင်း၊ **ဣမေပဉ္စ မဟာထေရော**–ဤငါးပါးသော မဟာထေရ်သည်တို့သည်၊ **မေ**– အကျွန်ုပ်၏၊ **နလာဋေ**– နဖူးပြင်၌၊ **တိလကာဝိယ**– မှန်ကူသကဲ့သို့ **ပတိဋ္ဌိတာ** – တည်တော်မူကုန်သည်၊ **အာသုံ** – ဖြစ်ကုန်ပြီ။

၉။ **သေသာ**–ထိုအရှင်အနုရုဒ္ဓါ၊ အရှင်သာရိပုတြာ အစရှိသော အရှင်တို့မှ၊ **သေသာ**– ကြွင်းကုန်သော၊ **ဓီတဝန္တော**– အောင်အပ်ပြီးသော ရမ္မက်ရှိကုန်သော၊ **ဇိနောရသာ**– မြတ်စွာဘုရားသခင် သားတော်ဖြစ်ကုန်သော၊ **သီလတေဇေန**– သီလတန်ခိုးအားဖြင့်၊ **ဇလန္တာ**– ထွန်းတောက်ပကုန်သော၊ **မဟာထေရာ**– မဟာထေရ်တို့သည်၊ **မေ**– အကျွန်ုပ်၏၊ **အင်္ဂမင်္ဂေသု**– မြတ်သောအင်္ဂါတို့၌၊ **သဏ္ဌိတာ**– ကောင်းစွာ တည်ကုန်သည်၊ **အာသုံ**– ဖြစ်ကုန်ပြီ။

၁၀။ **ရတနံ**– ရတနသုတ် ပရိတ်တော်သည်၊ **မေ မမ** – အကျွန်ုပ်၏၊ **ပုရတော**– ရှေ့မှ၊ **ပတိဋ္ဌိတံ**– တည်သည်၊ **အာသိ**– ဖြစ်ပြီ၊ **မေတ္တသုတ္တကံ**– မေတ္တသုတ်ပရိတ်တော်သည်ကား၊ **မေ**– အကျွန်ုပ်၏၊ **ဒက္ခိဏေ**– လက်ယာ၌၊ **ပတိဋ္ဌိတံ** – တည်သည်၊ **အာသိ**–ဖြစ်ပြီ၊ **ဓဇဂ္ဂံ**– ဓဇဂ္ဂသုတ်ပရိတ်တော်၊ **မေ**– အကျွန်ုပ်၏၊ **ပစ္ဆတော**– နောက်မှ၊ **ပတိဋ္ဌိတံ**– တည်သည်၊ **အာသိ** – ဖြစ်ပြီ၊ **အင်္ဂုလိမာလကံ**– အင်္ဂုလိမာလသုတ် ပရိတ်တော်သည်၊ **မေ**– အကျွန်ုပ်၏၊ **ဝါမေ**– လက်ဝဲ၌၊ **ပတိဋ္ဌိတံ**–တည်သည်၊ **အာသိ** – ဖြစ်ပြီ။

၁၁။ **ခန္ဓမောရပရိတ္တဉ္စ**– ခန္ဓသုတ်၊ မောရသုတ် ပရိတ်တော်သည်လည်းကောင်း၊ **အာဋာနာဋိယသုတ္တကံ**– အာဋာနာဋိယသုတ်ပရိတ်တော်သည် လည်းကောင်း၊ **အာကာသေ**– ကောင်းကင်၌၊ **ဆဒနံဝိယ**–ထီးကဲ့သို့၊ **အာသိ**– ဖြစ်ပြီ၊ **သေသာ**–ကြွင်းကုန်သော ပရိတ်တော်တို့သည်ကား၊ **ပါကာရသဏ္ဌိတာ**– တံတိုင်းကဲ့သို့ ကောင်းစွာတည်ကုန်သည်၊ **အာသုံ** –ဖြစ်ကုန်ပြီ။

၁၂။ **ဇိနာနံ**– ငါးပါးမာရ်အောင် မြတ်ဘုန်းခေါင်တို့၏၊ **ဗလသံယုတ္တေ**– ခွန်အားနှင့် ယှဉ်သော၊ **ဓမ္မပါကာရလင်္ကတေ** – တရားတော်တည်း ဟူသော မြို့တံတိုင်းဖြင့် တန်ဆာဆင်အပ်သော၊ **သမ္ဗာသမ္ဗုဒ္ဓပဉ္စရေ**– မြတ်စွာဘုရားတည်း ဟူသော ရွှေချိုင့်၌၊ **အင်္ဂီသွေန**–မငြိုငြင်သဖြင့်၊ **ဝသတော**–နေသော၊ **မေ**–အကျွန်ုပ်အား။

၁၃။ **ဝါတပိတ္တာဒိ သဉ္ဇာတာ**– လေ၊ သည်းခြေ စသည်တို့ကြောင့် ဖြစ်ကုန်သော၊ **ဗာဟိရဇ္ဈတ္တုပဒ္ဒဝါ** –အတွင်း၊အပ ဖြစ်ကုန်သော ဘေးရန်တို့သည်၊ **အနန္တဂုဏ တေဇသာ**– အဆုံးမရှိသော ကျေးဇူးတော်၏ တည်ရာဖြစ်သော တန်ခိုးတော်အားဖြင့်၊ **အသေသာ**– အကြွင်းအကျန်မရှိတန်သည်ဖြစ်၍၊ **ဝိနာသံ**– ပျောက်ခြင်းသို့ **ယန္တု**–ရောက်ကြစေကုန်သတည်း။

၁၄။ **ဇိနပဉ္စရမဇ္ဈမှိ** – မြတ်စွာဘုရားသခင် တည်းဟူသော ရွှေချိုင့်အလယ်၌၊ **ဝိဟရန္တံ**–နေထသော၊ **မံ**– အကျွန်ုပ်ကို၊ **မဟီတလေ**– မြေအပြင်၌၊ **အာသဘာ**– ကြီးမြတ်ကုန်ထသော၊ **သဗ္ဗေ**– ခပ်သိမ်းကုန်သော၊ **တေမဟာပုရိသာ**– ထိုယောကျ်ားမြတ်တို့သည်၊ **သဒါ**– အခါခပ်သိမ်း **ပါလေန္တု**– စောင့်ရှောက်စေကုန်သတည်း။

၁၅။ **ဣစ္စေဝံ ဣတိ ဧဝံ ယထာဝုတ္တပကာရေန** – အကြင် အကြင် ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့်၊ **မယာ**–ငါသည်၊ **စေကန္တံ စေကန္တေန** – စင်စစ်အားဖြင့်၊ **သုရက္ခော**– ကောင်းစွာ အစောင့်အရှောက်ကို၊ **ကတော**–ပြုအပ်ပြီ၊ **ဇိနာနုဘာဝေ ဇိနာနုဘာဝေန**– မြတ်စွာဘုရား၏ အာနုဘော်တော်အားဖြင့်၊ **ဟာတာရိသံဃော** – သတ်အပ်ပြီးသော ရန်မာန်အပေါင်းရှိသည်၊ **ဘဝေယျံ**–ဖြစ်ရပါလို၏၊ **ဂုဏာကရဿ**–သီလ၊သမာဓိ အစရှိသော ကျေးဇူးအပေါင်းတို့၏ တည်ရာဖြစ်သော၊ **သံဃဿ**–ပရမတ္ထသံဃာတော်၏၊ **တေဇေန**–တန်ခိုးအားဖြင့်၊ **သုခိတော**–ကိုယ်စိတ်၏ ချမ်းသာခြင်းသည်၊ **ဘဝေယျံ**– ဖြစ်ရပါလို၏။

**[ဤ ရတနာရွှေချိုင့်ဂါထာတော်နှင့် ပါဠိအနက်ကိုမာဂဓီ(သာစည်)၏ ဆယ်ဆောင်တွဲသင်တန်း မြန်မာပြန်ကျမ်းစာအုပ်ပါ ရတနာရွှေချိုင့် ပါဠိ မြန်မာပြန်နှင့် ညှိနှိုင်း၍ နက္ခတ္တ ရောင်ခြည်မဂ္ဂဇင်း ပါဠိအယ်ဒီတာကြီး ဦးသန်းအောင်ရွှေ [ဓမ္မာစရိယ(မဟာဝဏ္ဏိဒီမြန်မာဂုဏ်ထူး)၊ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)] မှ ပါဠိအနက်တွဲ၍ ပြန်ဆိုထည့်သွင်းထားပါသည်။]**

တစ်ရွာတစ်ပုဒ်ဆန်း ကြိုလောဟာအဆောင်ကို အဘွားရွတ်ဆိုပုံနှင့် ဒေါ်လှရီ ရွတ်ဆိုပုံများ မတူကွဲပြားသော်လည်း နှစ်မျိုးလုံးပင် ရတနာသုံးပါး ဦးထိပ်တင် ကြိုရတနာ ငွေပွား အဆောင်ရတနာများ ဖြစ်ကြောင်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာချစ်သူများအား တင်ပြလိုက်ရပါသတည်း။

**သီတာဆန်း(မော်လမြိုင်)**



www.burmeseclassic.com

www.burmeseclassic.com

# အဆီကျ အလှပို ဆီး,ဝမ်း မှန်စေလိုလျှင်

(ကြော်ငြာဆောင်းပါး)

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေ ထက် အနာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီးများ အနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာ ခေါ် လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသား ကိုပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်း ကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ်ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ ကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခု မဟုတ်တစ်ခု ဖြစ်ပေါ်ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်း မာရေးပညာပေးစကားဖြစ်ပါတယ်။ ယင်းပဋိသန္ဓေတားဆေး များ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် လကျော် နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်းဆင်း ခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း မပေါ်၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညို ပြာရောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာ ကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါ တာလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်လာ တော့တာပေါ့ရှင်။

ကြာတော့ လူလည်း အလှပျက်၊ အသားအရေလည်း မကြည်လင်၊ ဗိုက်ပူနံကား ငါးစီပူခါးလို ပုံကပျက်၊ ရောဂါက တတ်တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့် ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေ ကို အကုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစု သော အမျိုးသမီးတွေ ဖြစ်ပေါ်ခံစားတွေ့ကြုံနေရတဲ့ ခေတ်မီရောဂါပေါ့ဗျာ" တဲ့လေ. .။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ဆိုတော့ -

"မကေသီအောင်ရေ၊ မကေသီအောင် ပြောသလို ပဋိ သန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ် စားသောက်နေ ရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီး တော့ လူနေထိုင်မှုပုံစံ၊ နောက် ပတ်ဝန်းကျင်စတဲ့ အ ကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများ အနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်မမ္မတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါ တွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလဲ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာ ကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိသန္ဓေ တားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအ ထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန်ကျန်ချုပ်ငုပ်နေ တာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခု မဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေ အ နေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ် ခတ် တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ် လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ချွေးတွေ မှန်နေဖို့လိုပါတယ်။ ဒီ မလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါတယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေထိုင်ရ မယ်။ အဲဒီလိုတားဆေးသုံးသူတွေရော၊ တားဆေးမသုံးသူတွေ




www.burmeseclassic.com

www.burmeseclassic.com

ပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေ စိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး ခေါင်းအုံ့ ဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ပေါ့ပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ်ပေါ်လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . ."




ကြော်ငြာခွင့်ပြုချက်အမှတ် - တသတက(စာနယ်ဇင်း)(၁၁၂/၁၂၁၂)

"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့,ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေလေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်,ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ ဆီးအောင့် ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက်ထွက်ခြင်း၊ သွေးခတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ်မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာဝင်ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေးခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေရရှိအောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"


ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဝဏ္ဏလမ်း၊

မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁၊ ၀၉၇၃၁၉၇၉၄၇။




www.burmeseclassic.com

www.burmeseclassic.com

စပါးတောင်ရိုး သာသနာ့အောင်မြေ

# လေးသွန်းခံတောင် ခရီး (၅)

မောင်မောင်ဖိုး
(ထားဝယ်)



◆ ကပ်ကျော်စေတီ အရှေ့ဘက် ဘုရားသိမ်တွင် ဘုမိဖဿမုဒြာဟန် ထိုင်တော်မူဘုရားနှင့် ချာနမုဒြာဟန် ထိုင်တော်မူ ဘုရားနှစ်ဆူ ကိန်းဝပ်လျက်ရှိစဉ်



◆ ကပ်ကျော်စေတီ အရှေ့ဘက် ဘုရားသိမ်၏အရှေ့ဘက်၌မြင် မြောက်လှည့်ဘုရားသိမ်တွင် ဓမ္မစကြာမုဒြာဟန် ကျောက်ဆင်းတု ထိုင်တော်မူဘုရားအား ဖူးမြော်ရစဉ်

(ယခင်လမှအဆက်)

ထိုစေတီ၏ အရှေ့ဘက်၌ ရေကန်တစ်ကန်ကိုလည်း တွေ့ရ၏။ ထိုစေတီ၏ မြောက်ဘက်ရှိ မြေနီလမ်းအတိုင်း တဖြည်းဖြည်း တောင်ခြေသို့ ဆိုင်ကယ်ကို မောင်းနှင် ဆင်းသက်သွားရ၏။

တောအုပ်တစ်ခုကို ဖြတ်သန်းလိုက်ပြီးနောက် ကျယ်ပြန့်သော တောင်ကုန်းမြေပြင်တွင် ဆိုင်ကယ်ကို ရပ်နားစေလိုက်ပြန်ပါသည်။ ဖွေးဖွေးဖြူဖြူ စေတီတစ်ဆူကို ဖူးရ၏။

ကျောက်ဆည်မြို့ ဖောင်တော်ဦးဘုရားအနီး၌ သီတင်းသုံးနေခဲ့သော ကပ်ကျော် ဆရာတော်ကြီးသည် အဓိဋ္ဌာန်ဖြင့် လေးသွန်းခံတောင်သို့ ကြွရောက်၍ သီတင်းသုံးနေစဉ် တည်ထားခြင်းဖြစ်၍ **"ကပ်ကျော်စေတီ"** ဟု အမည်တွင် ခေါ်ဆိုခြင်းဖြစ်ကြောင်း အဆိုရှိပါသည်။

ကပ်ကျော်ဆရာတော်သည် တောင်ပေါ်တွင် မကျန်းမမာဖြစ်ပြီး ကူးတို့ရွာရှိ အိမ်တစ်ဆောင်တွင် ပျံလွန်တော်မူသည်။ အလောင်းတော်ကို လေးသွန်းခံတောင်၏ အရှေ့ဘက်ကွင်းတွင် မြှုပ်နှံထားကြောင်း သိရှိပါ၏။

ကပ်ကျော်စေတီ အရှေ့ဘက် ဘုရားသိမ်တွင် ရွှေရောင်သင်္ကန်းတော်ရုံ ဘုမိဖဿမုဒြာထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူနှင့် ဈာနမုဒြာဟန် ထိုင်တော်မူဘုရားတစ်ဆူ ကိန်းဝပ်လျက်ရှိသည်။

ထိုဘုရားသိမ်၏ အရှေ့ဘက် မြေပြန့်တွင်လည်း မြောက်ဘက်လှည့် ဘုရားသိမ်အတွင်း ကြည်ညိုဖွယ်ရာ ဓမ္မစကြာမုဒြာဟန် ကျောက်ဆင်းတု ထိုင်တော်မူဘုရားကိုလည်း ဖူးမြော်ရပါ၏။

ကပ်ကျော်စေတီ တည်ရှိရာ မြေပြန့် တောင်ကုန်းလမ်း၏ မြောက်ဘက်တွင် လင်းလွန်းပင်၌ ကိန်းဝပ်တော်မူသော ထိုင်တော်မူ ဘုရားတစ်ဆူကို ဖူးမြော်ကြည်ညိုရ၏။

ဤသို့ ဖူးမြော်ကြည်ညိုစဉ်...

အချိန် မရွှေ့မအရပ်ဒေသတွင် ဘုရားအလောင်းသည် လူသာမန်တို့ ကျင့်နိုင်ဖွယ်ရာ ဝေးလေစွ အကျင့်တရားအဆင့်ဆင့်တို့ကို ခြောက်နှစ်ကြာ ကျင့်ပြီးနောက် ဗောဓိပင်အောက် ရွှေပလ္လင်ဝယ် မာန်ငါးပါးကို အောင်မြင်တော်မူ၍ ဘုရားစင်စစ် ကေန်ဖြစ်တော်မူချိန်ဖြစ်သည်။

မာရ်ငါးပါးကို အောင်မြင်ရာ ဗောဓိမဏ္ဍိုင်နေရာမှ အစပြု၍ ခုနစ်ရက် ခုနစ်လီ ရှင်ကြည်စုမျှော် နေထိုင်တော်မူရာ ဌာနအဆုံး၊ သတ္တဟ စံနေတော်မူရာ ရာဇာယတန လင်းလွန်းပင်၌ သီတင်းသုံးနေဆဲ အချိန်ကာလကို ရည်စူးကိုးကွယ်ထားသဖြင့် ဖူးမြော်ကြည်ညိုရ၍ ကြည်နူးချမ်းမြေ့ ပီတိ

www.burmeseclassic.com





▲ လင်းလွန်းမင်း၏မြောက်ဘက်တောင်ကုန်းချိုင့်ဝှမ်းအတွင်း
ဇရပ်တစ်ဆောင် တွေ့ရစဉ်

◀ လင်းလွန်းမင်း၌ သီတင်းသုံးတော်မူသော ထိုင်တော်မူ
ဗုဒ္ဓရုပ်ပွားတော်အား ကြည်ညိုစဉ်

ဖြာဝေရပါ၏။

ထိုထိုင်တော်မူဘုရား၏ ကျောဘက် (မြောက်ဘက်) တောင်ကုန်းချိုင့်ဝှမ်း အတွင်း၌ ဥပုသ်သီတင်း တည်ဆောက်နားနေမှု ပြုနိုင်ရန် ဆောက်လုပ်လှူဒါန်းထားသော ဇရပ်တစ်ဆောင်ကို တွေ့မြင်ရ၏။

ဇရပ်၏ အနောက်ဘက်တွင် ဗုဒ္ဓမြတ်စွာသည် ပဉ္စဝဂ္ဂီငါးပါးအား ဓမ္မစက္ကပဝတ္တနသုတ္တန်ဒေသနာတော် ဟောကြားနေဟန်ကို သွပ်မိုးကျောင်းဆောင်ဖြင့် ပူဇော်ထားပါသည်။

ကပ်ကျော်စေတီ၏ အနောက်ဘက် ဘုရားသိမ်၌လည်း သစ်ခေါက်ရောင် သင်္ကန်းတော်ဖြင့် ဖူးမြော်ကြည်ညိုဖွယ်ရာ ဘူမိဖဿမုဒြာဟန် ထိုင်တော်မူဘုရားတစ်ဆူကိုလည်း ဦးခိုက်ကြည်ညိုရပါ၏။

အနောက်ဘက် ဘုရားသိမ်၏ အနောက်ဘက်ရှိ ဝါးရုံတောအောက်၌ မြောက်ဘက်အရပ် မျက်နှာတော်မူ၍ ရွှေပလ္လင်ပေါ်ဝယ် ထိုင်တော်မူသော ပွင့်ရာ ဗောဓိဘုရားတစ်ဆူကိုလည်း ဖူးမြော်ကြည်ညိုရလေသည်။

ကပ်ကျော်စေတီ၏ အောက်ဘက် တောင်စွယ်ထိပ်၌လည်း စေတီတစ်ဆူကို ဖူးတွေ့ရပြန်ပါသည်။ ထိုစေတီတည်ရှိ ကိန်းဝပ်နေရာသည် လောကသရဖူလျှောင်းတော်မူ ဘုရားကြီး၏ နောက်ကျော တောင်ထိပ်၌ စေတီရှိ လေးသွန်းခံတောင်ဖြစ်၏။ ထိုစေတီကို လေးသွန်းခံစေတီဟုခေါ်၏။

လေးသွန်းခံတောင်သည် မြို့နှင့် အနည်းငယ်လှမ်းသော်လည်း ဆိတ်ငြိမ်အေးချမ်းလှသော တောရိပ်၊ တောင်ရိပ်ဝယ် ကြည်ညိုဖွယ်ရာ တည်ရှိနေ၏။

အနောက်ယွန်းယွန်း တောင်ကုန်း မို့မို့တွင် စိမ်းစိုနေသော တောင်အုပ်ကလေးက အရိပ်မိုးနေ၏။ ဘုရားရိပ်၊ တရားရိပ်ဝယ် တောရိပ်,တောင်ရိပ် ကလေးများပါ နွယ်နေသဖြင့် ဘုရားဖူးပြည်သူတို့ စိတ်အပန်းဖြေရ၏။

သူတော်စင် အရှင်သူမြတ် ရဟန်း၊ သံဃာ၊ ရသေ့၊ ပါရမီရှင် အပေါင်းတို့သည် စပါးတောင်တန်း တောင်စွယ် တောင်ထွတ်ရှိ စေတီပုထိုးများ၌ အဓိဋ္ဌာန်ပြုကြ၏။

ထို့အတူ နတ်ပြဟ္မာ,ဝိဇ္ဇာ,ပုဂ္ဂိုလ်ထူး,ပုဂ္ဂိုလ်မြတ် အပေါင်းတို့သည် လည်းကောင်း၊ ပထမံဘိုးဘိုးအောင်, ရက္ခန်းစင်ဆရာတော်ကြီး, တောင်ပွားကျောင်းထိုင် ဘုန်းတော်ကြီး အဆက်ဆက် ဆရာတော်များသည် လည်းကောင်း၊ ကပ်ကျော်ဆရာတော်, လူပညာရှိတို့သည် လည်းကောင်း စပါးတောင်တန်းရှိ စေတီပုထိုးများ၌ အဓိဋ္ဌာန်ပြုခဲ့ကြ၏။

စေတီပုထိုးများ တန်ခိုးပြာဋိဟာ ပြခြင်းနှင့် ပတ်သက်၍ အကြောင်းတရား(၃)ပါးရှိ၏။ ထို(၃)ပါးအနက် တစ်ပါးပါးနှင့် ကိုက်ညီမှုရှိလျှင် တန်ခိုးပြာဋိဟာပြလေ့ ရှိပေသည်။

ရဟန္တာအရှင်သူမြတ်တို့က အဓိဋ္ဌာန်ပြုခြင်းကြောင့်ဖြစ်စေ၊ နတ်ပြဟ္မာတို့က အဓိဋ္ဌာန်ပြုခြင်းကြောင့်ဖြစ်စေ၊ သဒ္ဒါတရားရှိသူ လူပညာရှိတို့က အဓိဋ္ဌာန်



www.burmeseclassic.com

www.burmeseclassic.com





◄ ပဉ္စဝဂ္ဂီငါးဦးအား ဗုဒ္ဓမြတ်စွာ တရားဟောကြားနေစဉ်

ကမ်းကျော်စေတီအနောက်ဘက် ဘုရားသိမ်တွင်

သစ်ခေါက်ရောင်သင်္ကန်းတော်ခြုံ

ဘူမိဖဿမုဒြာထိုင်တော်မူဘုရားအား ဖူးမြော်ရစဉ် ►

ပြုခြင်းကြောင့်ဖြစ်စေ ဘုရားစေတီတို့မှ တန်ခိုးပြာဋိဟာ ပြတတ်လေ့ ရှိသည် ဟုဖြစ်၏။

ထို့ကြောင့် စပါးတောင်တန်း တောင်စွယ်တို့၌ ကိန်းဝပ်တော်မူကြသော စေတီ၊ ပုထိုးများသည် ထားဝယ်ခရိုင်(၄)မြို့နယ်ရှိ စေတီ၊ ပုထိုးများနှင့် ဆက်သွယ် ရောင်ခြည်တော်ကွန့်မြူးလေ့ရှိကြောင်း သိရှိရလေသည်။

လေးသွန်းခံ တောင်စွယ်၏ ရှုခင်းကလည်း လွမ်းစရာတစ်ခု ဖြစ်ရပါ၏။ နောက်ဆုံး လွမ်းစရာတစ်ခုက လေးသွန်းခံဘုရားပေါ်မှ ထားဝယ်ဒေသ၏ နေဝင်ချိန်ကို လှမ်းကြည့်ဆိုက်ရသည့် အချိန်ဖြစ်၏။ ထိုအချိန်သည် ထားဝယ်ဒေသရှိ ဘုရားပေါင်းစုံ၏ အပေါ်စီးမှနေ၍ မြင်ရသော မြင်ကွင်းဖြစ်၏။

ဝင်တော့မည့် နေလုံးနီနီ၏ ညိုဆာရောင် ထွေယှက်ဖြာသန်းနေသော ဘုရား၊ စေတီတို့ကို လှမ်းကြည့်သောအခါ လွမ်းလို့လွမ်းမှန်း မသိပါ။ စာရေးသူ၏ ရင်တစ်ခုလုံး အလွမ်းတွေနှင့် ပြည့်သိပ်နေသလို ခံစားလိုက်ရ၏။

အနီရောင်မှ ပန်းရောင်၊ ထို ပန်းရောင် ဖျော့ကာ တဖြည်းဖြည်း မှိန်ပြီး ပျောက်ကွယ်သွားသည့် နေလုံးကြီးကို ငေးကြည့်ရင်း စာရေးသူ ထိုလေးသွန်းခံ သာသနာ့အောင်မြေ ဘုရားတောင်ပေါ်မှ ဆင်းလာခဲ့ကြပါသည်။

စပါးတောင်ရိုး (အနောက်)ဘက်စွန် အနောက်ဘက်တောင်စွယ် လေးသွန်းခံတောင်ခြေရင်းတွင် ကိန်းဝပ်တည်ရှိသော လောကသရဖူလျောင်းတော်မူဘုရားကြီးအား ဝင်ရောက်ကြည်ညိုဖူးမြော်ရင်း ဤဘုရားကြီးနှင့် ပတ်သက်၍ အတိတ်ဖြစ်ရပ်များ စာရေးသူ အမှတ်ရနေမိသည်။

လျောင်းတော်မူဘုရားကြီး တည်ထားကိုးကွယ်မှု မပြုမီကာလမှာ စပါးတောင်စွယ် လေးသွန်းခံတောင်ခြေ၌ ပိဋကတ်တိုက်ကျောင်းကို ရှေးဦးပထမ တည်ထောင်တော်မူသည့် ပိဋကတ်သုံးပုံကို အာဂုံနှုတ် ရွတ်ဆိုနိုင်ခဲ့သော ဆရာတော် ဦးဣန္ဒဝံသဟူ၍ အရှင်သူမြတ်တစ်ပါး ပေါ်ထွန်းခဲ့ဖူးပါသည်။

ဦးဣန္ဒဝံသသည်လည်း ''ပိဋကတ်တိုက်ကျောင်းဆရာတော်'' ဟူ၍ ထင်ပေါ်ကျော်ကြားလေသည်။

ဦးဣန္ဒဝံသသည် ပိဋကတ်တိုက်ကျောင်းမှ စပါးတောင်(ဆင်ခေါင်းတောင်)သို့ တက်ရောက်ရာ လမ်းကို သစ်ဖြူတောင်မှတစ်ဆင့် တောင်ပေါ်သို့ လှည်းလမ်းဖောက်၍ ဆရာတော်အရှင်ဂုဏအား တစ်နှစ်တစ်ခါ တက်ရောက်ဖူးမြော် ကန်တော့လေ့ရှိ၏။

ဦးဣန္ဒဝံသသည် စပါးတောင်ရိုး တောင်ဘက်ခြေ သစ်ကျိုပ်တောင်တွင်လည်း တောရဆောက်တည်၏။

ထိုစဉ် လောကသရဖူလျောင်းတော်မူဘုရားကြီး မတည်မီ ပုဗ္ဗနိမိတ်ပေါ်ပေါက်၏။ ထို အတိတ်တဘောင်သံချပ်မှာ...

'မျက်နှာမှာ-သံကြောစေ့

ပါးတော်နှိပ်ဆေးရင်းကော့'

ဟူ၍ ထားဝယ်စကားဖြစ်၏။

မြန်မာလိုမှာ...



www.burmeseclassic.com

www.burmeseclassic.com

'မျက်နှာမှာ သံကျောက်စေ့ – စပါးတောင်
ခြေရင်းကြည့်'

ဟူ၍ ဖြစ်၏။

ဆရာတော်သည် ထိုသံချပ်ကို ဦးပဥ္စင်းများ ပင့်ခေါ်၍ မေးရာ ဦးပဥ္စင်းတစ်ပါးမှ တိကျစွာ မဖြေဆိုနိုင်ခဲ့ပါ။

ထို့ကြောင့် ဆရာတော် ဦးကုန္ဒဝံသက "စပါးတောင်ခြေရင်းကြည့်" ဆိုသော သံချပ်သီချင်းအရ ဆရာတော်၏ အသက် အနှစ်တစ်ရာပြည့်လျှင် ဆရာတော် မရှိသော်လည်း **"ဒီစပါးတောင်ခြေရင်းကို ရှင်လူအများ အံ့ဩစွာ ကြည့်လိမ့်မယ်။ ဆရာတော်ရဲ့ မွေးသက္ကရာဇ်ဟာ ၁၁၉၃ ခုနှစ် ဖြစ်တယ်"**ဟု မိန့်ကြားပြော၏။

ပိဋကတ်တိုက်ကျောင်း ဆရာတော်ကြီးဦးကုန္ဒဝံသ ပျံလွန်တော်မူပြီးနောက် ကောဇာသက္ကရာဇ် ၁၂၉၂ ခုနှစ်တွင် ဆရာတော်ကြီး၏တပည့် ကညုံ့ရပ်၊ မြေတိုက်ကျောင်း ဆရာတော် "ဦးကုသိန္ဒရ" အရှင်သူမြတ်သည် လျှောင်းတော်မူဘုရားကြီး တစ်ဆူ တည်ရန် အရှင်သူမြတ်များနှင့် ဒကာ, ဒကာမများအား ပင့်ဖိတ်၍ အစည်းအဝေးပြုလုပ်ခဲ့ကြ၏။


ထိုအခါ သံဃာတော် အရှင်သူမြတ်များက...

လျှောင်းတော်မူ ဘုရားကြီးတည်မည့်နေရာနှင့် ဘုရားကြီး နှိုင်းချိန်ကာ အုတ်မြစ်ချမည့် နေရာသည် အနိမ့်ဘက်က ဖြစ်နေတာကြောင့် အထက်ဘက် နေရာအမြင့်သို့ ပြောင်းရွှေ့ရန် သင့်လျော်ကြောင်း အများသဘောတူ ဆုံးဖြတ်တော်မူခဲ့ကြသည်။

ထိုသို့ နေရာပြောင်းရွှေ့လိုက်ပြီး လျှောင်းတော်မူဘုရားကြီးကို ကောဇာသက္ကရာဇ် ၁၂၉၃ ခုနှစ်တွင် တည်သည့် အချိန်ကာလသည် ပိဋကတ်



ပိုးရုံတောအောက်၌ ထိုင်တော်မူ မှန်ရာ ဇောဓိဘုရားတပ်ထူကို ပူဇော်ကြည်ညိုစဉ်



လေးသွန်းခံစေတီအား ပူဇော်စဉ်

တိုက်ဆရာတော်ကြီး ဦးကုန္ဒဝံသ၏ သက်တော် အနှစ်တစ်ရာနှင့် ကိုက်ညီ၍ ဆရာတော်ကြီး မိန့်ကြားခဲ့သည့် စပါးတောင်ခြေရင်းကော့"ကြည့်"ဆိုသော သီချင်းသံချပ်နှင့် ကိုက်ညီနေသည်ကို အံ့ဩစွာ တွေ့ရလေ၏။

ကောဇာသက္ကရာဇ် ၁၂၉၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၃)ရက်နေ့ နံနက် နေဝန်းပေါ်အချိန်ဝယ် သံဃာတော်အရှင်သူမြတ်များနှင့်တကွ ဒကာ, ဒကာမအပေါင်းတို့ ညီညွတ်ကြလျက် အငြိမ်းစားမြို့အုပ်မင်း ဦးနှင်းလှိုင်က အောင်ခြင်းမင်္ဂလာ သြဘာရတုဖတ်ကြားပြီး အုတ်မြစ်ချကြလေသည်။

လျှောင်းတော်မူ ဘုရားကြီးကို ထားဝယ်မြို့ဇာတိ ဆရာကြီးဦးစောဖေ၊ ဦးဘဝေးတို့နှင့်အတူ တပည့်များ ပါဝင်ပူးပေါင်း တည်ဆောက်ကြကြောင်း သိရှိရသည်။

ထိုသို့ လျှောင်းတော်မူဘုရားကြီးကို တည်ကြရာတွင် ဦးခေါင်းတော်နှင့် မျက်နှာတော်အတွက် သံဆန့်ခါခံ၍ အင်္ဂတေသရွတ်နှင့် ပြုလုပ်ရာ ခြောက်သွေ့လျှင် မျက်နှာတော်မှာ အကြိမ်ကြိမ် ကွဲအက်သဖြင့် မကွဲရအောင် နည်းအမျိုးမျိုးဖြင့် စမ်းသပ်ပြုလုပ်ကြ၏။

ထိုအခါ နောက်ဆုံး၌ သိပ္ပံနည်းတစ်ရပ်ဖြစ်သော ကျောက်စေ့ (ခေါ်) ကျောက်စရစ်ဖြူလုံး ကလေးများကို ညက်စွာထောင်းပြီး အင်္ဂတေနှင့် ရောစပ်ပြုလုပ်မှ မျက်နှာတော်တွင် အမာခံရကာ မကွဲမအက်ဘဲ အောင်မြင်လေတော့၏။


ထိုအခါ **"မျက်နှာမှာ သံကျောက်စေ့"**ဟူသော ကျောင်းသားသူငယ်များ သီဆိုကြသည့် သံချပ်သီချင်း၏ အဓိပ္ပါယ်နှင့် တိုက်ဆိုင်နေသည့်အတွက် အံ့ဩကြရ၏။

ထိုစဉ်အခါကာလ လျှောင်းတော်မူဘုရားကြီးရုပ်ပွားတော်သည် တစ်ကမ္ဘာလုံးတွင် ဉာဏ်တော်အကြီးဆုံး ဖြစ်သောကြောင့် ဘွဲ့တော်အမည်ကို **"လောကသရဖူ လျှောင်းတော်မူ**




www.burmeseclassic.com

www.burmeseclassic.com



◆ လောကသရုပ္ပကျောင်းတော်မူဘုရားကြီးအား ကြည်ညိုဖူးမြော်စဉ်

◆ ထားဝယ်-မြိတ် ကားလမ်းပေါ် (တမိုင်ရွာနှင့်ဂုဏ်ပုဗ္ဗဉ်ရွာ ကျေးရွာချင်းဆက်လမ်းပေါ်)မှ စပါးတောင်(အရှေ့ပုပ္ပါးတောင်)မြင်ကွင်း



**ရုပ်ပွားတော်မြတ်ကြီး''** ဟူသော ဘွဲ့အမည် သမုတ်ကြလေသည်။

**ယခုအခါ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့တော်၏ ကျက်သရေဆောင် လောကသရုပ္ပ ကျောင်းတော်မူဘုရား ကြီးတစ်ဆူအဖြစ် ထင်ရှားကျော်ကြား လျက် ရှိလေသည်။**

ကျောင်းတော်မူဘုရားကြီး၏ ပလ္လင်တော် တည်ရှိရာ တောင်ကုန်းပေါ်မှ အနောက်ဘက် တောင်ခြေတွင် ရွှေရောင် ဝါဝင်းသပ္ပါယ်စွာ စေတီတစ်ဆူကို စီးမိုးဖူးမြော်ရ၏။

အနောက်ဘက် တောင်ခြေသို့ တောင်ပတ်ကားလမ်းအတိုင်း ဆိုင်ကယ်ဖြင့် ဆင်းသက်လာရာ အနောက်ဘက်မျက်နှာစာပြုသော မုခ်ဦးအပေါ်၌ **''အရိုးတော်ဓာတ်စေတီတော်မြတ်''** ဟူ၍ ကမ္ပည်းစာတန်းကို မြင်တွေ့လိုက်ရ၏။

သို့နှင့် ထိုစေတီအနီးသို့ ဝင်ရောက်၍ ဖူးမြော်ကြည်ညို လေ့လာရာ ပိဋကတ်တိုက်ကျောင်းတိုက် ဆရာတော်ကြီး ဦးဣန္ဒဝံသ ပျံလွန်တော်မူသောအခါ အရိုးတော်အား ဌာပနာပြီး တည်ထားသော စေတီတော်ဖြစ်၍ ''အရိုးတော်ဓာတ်စေတီတော်မြတ်'' ဟူ၍ ခေါ်ဝေါ်သမုတ်ခြင်းဖြစ်ကြောင်း သိရှိရလေသည်။

စပါးတောင်တန်းပေါ်မှ ဘုရား၊ စေတီ၊ ပုထိုးများကို ငေးမောကြည့်ကာ အောင်မြေဌာနများရှိရာ စပါးတောင်ကို နှုတ်ဆက်ခွဲခွာရသော်လည်း စပါးတောင်အောင်မြေ(၉)ဌာနသည် စာရေးသူ၏ အတွေးထဲထိ လိုက်ပါလာနေတုန်း ဖြစ်ရပါ၏။

စိတ်ကူးနှင့် လွမ်းခဲ့ရသော စပါးတောင်အောင်မြေများကို ကိုယ်တွေ့မြင်လိုက်ရပြီးနောက် စာရေးသူ ပို၍ လွမ်းဆွတ်မိသွားပါ၏။

ထိုအလွမ်းသည် ရှေးတုန်းက စာရေးသူကို ဘိုးဘွားများသည် နောင်းလူတို့အတွက် ဤကဲ့သို့ တန်ဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှု အမွေအနှစ်တွေ ကျန်ရစ်ခဲ့နိုင်အောင် အလုပ်လုပ်ခဲ့ကြပါလားဟု တွေးမိပြီး သူတို့ကို ဂုဏ်ပြုတသချင်သည့်အလွမ်း ဖြစ်ပါ၏။

လေးသွန်းခံ သာသနာ့အောင်မြေသည် စပါးတောင်အောင်မြေ(၉)ဌာနတွင် တစ်ဌာနအပါအဝင် ဖြစ်ပါ၏။

ထိုအောင်မြေဌာနတွင် ပိဋကတ်ကျောင်းတိုက်ဆရာတော် ဦးဣန္ဒဝံသသည်လည်းကောင်း၊ ကျောက်ဆည်မြို့ ကပ်ကျော်ဆရာတော်သည်လည်းကောင်း၊ သူတော်စင်ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တို့သည် လည်းကောင်း အဓိဋ္ဌာန်ပြုကြရာနေရာ အောင်မြေဌာန ဖြစ်ပါ၏။

မြန်မာနိုင်ငံ၏ အထင်ကရဖြစ်သော မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့မှ မန္တလေးတောင်၊ ကျောက်ပန်းတောင်းမြို့နယ်မှ ပုပ္ပါးတောင်၊ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်မှ ကျိုက်ထီးရိုးဘုရားများသို့ မြန်မာနိုင်ငံ နေရာအနှံ့မှ



www.burmeseclassic.com

www.burmeseclassic.com

ဘုရားဖူးခရီးသည်များ သွားရောက်ဖူးမြော်လေ့လာ တရားအဓိဋ္ဌာန်ဝင်ရောက်ကြ၏။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ရှိ စပါးတောင်(အရှေ့ပုပ္ပါးတောင်)သည်လည်း အံ့ဖွယ်ထူးခြား စိတ်ဝင်စားဖွယ်ရာ၊ လေ့လာစရာ ဖူးမြော်ကြည်ညိုဖွယ်ရာ ဘုရား, စေတီ, ကျောင်း, ကန်, ဇရပ်များဖြင့် ပြည့်နှက်လျက်ရှိ၏။

အထူးအဆန်းများဖြင့် မြင်တွေ့ရုံဖြင့် မပြီးသေးပါ။ ဘုရားဖူးများ တရားထူးရရန်မှာ မိမိတို့၏ စိတ်ကိုသာ ပဓာန ထားရပေမည်။

သီတင်းသီလ ဥပုသ်စောင့်ပြီးလျှင် နိဗ္ဗာန်ရောက်ကြောင်း ပါရမီကုသိုလ်ထူးကို ရယူနိုင်ပါသည်။

သို့ဖြစ်၍ ထားဝယ်မြို့မှ (၃)မိုင်ခရီးခန့် အကွာအဝေးမှာရှိသော တောင်ပွားကျောင်းမှတစ်ဆင့် စပါးတောင်ရိုးပေါ်ဝယ် စေတီ,ဘုရားများ ဖူးမြော်ကြည်ညိုပါ။


ထို့နောက် စပါးတောင်ဘက်စွန်အနောက်ဘက် တောင်စွယ်ရှိ လေးသွန်းခံ သာသနာ့အောင်မြေသို့လာရောက်ကာ စေတီ,ဘုရားများကိုလည်း ကြည်ညိုဖူးမြော်ခြင်း၊ အဓိဋ္ဌာန်တရားဝင်ရောက်ခြင်းနှင့် စပါးတောင်တန်းပေါ်မှ ထားဝယ်မြို့၏ အလှသဘာဝရှုခင်းအဖုံဖုံကို ကြည့်ရှု ရသများ ခံစားနိုင်ရန် ဖိတ်ခေါ်လိုက်ရပါကြောင်း...။

**[ဤဆောင်းပါး ဖြစ်မြောက်ရေးအတွက် ကူညီပေးပါသော ထားဝယ်မြို့၊ ကညွှတ်ရပ်နေ ဦးကျော်သက်+ဒေါ်သန်းစိန် မိသားစုတို့အား အထူးကျေးဇူး တင်ရှိပါကြောင်း...]**



▲ ဝေဠာကသရုပ္ပလျှောင်တော်မူဘုရားကြီး ကိန်းဝပ်တော်မူရာ ပလ္လင်တော်တောင်ကုန်းပေါ်မှအရိုးတော်ဓာတ်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရစဉ်

▼ အရိုးတော်ဓာတ်စေတီတော်မြတ်ကြီး အဝင်မုခ်ဦးကို တွေ့ရစဉ်



*ဝေနေယျသတ္တဝါအပေါင်း ကျန်းမာကြပါစေ။*

**မောင်မောင်စိုး(ထားဝယ်)**

ကိုးကားချက်

၁။ ထားဝယ်ရာဇဝင်သမိုင်း–''စာရေးဆရာကြီး ရွှေဝယ်ဇေ''

၂။ ရှင်ကိုးရှင်နှင့် သမိုင်းဝင်ထားဝယ်ဘုရားများ–''မောင်သန်းဆွေ(ထားဝယ်)''

၃။ ရုပ်ပွားတော်ကိုးကွယ်မှုနှင့် အကျိုးအာနိသင်များ–''မောင်သိန်''

၄။ အရှေ့ပုပ္ပါး(စပါးတောင်) စာစောင်–''နေမင်းရာဇာ(ထားဝယ်)''

၅။ စပါးတောင် (အရှေ့ပုပ္ပါးတောင်) တောင်တန်းသာသနာပြု တောင်ပွားကျောင်းထိုင် ဆဋ္ဌမဆရာတော်ဦးကောဝိဒ၏ မိန့်ကြားချက်။

၆။ ဦးစိုးတင့်(ကယားပြည်နယ်၊ လွယ်ကော်မြို့နေ)၏ ပြောပြချက်။

၇။ ကိုယ်တိုင် စပါးတောင်(အရှေ့ပုပ္ပါးတောင်)သို့ ဘုရားဖူး သွားရောက်လေ့လာမှတ်တမ်းတင် ဓာတ်ပုံများရိုက်ကူးခြင်း။(၁၀–၁၁–၂၀၁၅)၊(၂၃–၂–၂၀၁၆)၊(၃–၃–၂၀၁၆)။



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွင်း

# နေ့ကောင်းရက်သာ ရွေးချယ်ပါ



ကျွန်ုပ်တို့သည် နံနက်မိုးလင်း အိပ်ရာမှထ မျက်စိနှစ်လုံး စဖွင့်သည်မှစ၍ ဤနေ့ဤရက်သည် ငါ့အတွက် ကံကောင်းသော နေ့တစ်နေ့ ဖြစ်မည်လော...၊

ဤနေ့ ဤရက်သည် ငါ့အတွက် ကံမကောင်းတတ်သော နေ့တစ်နေ့ ဖြစ်မည်လော... စသည်ဖြင့် မိမိတို့၏ နေ့စဉ် ကံကြမ္မာ အကောင်းအဆိုးကို လူတိုင်းလိုလိုပင် သိချင်ကြပေလိမ့်မည် ဖြစ်ပေသည်။

ထို့ကြောင့် ကျွန်ုပ်သည် စာဖတ်ပရိသတ်ကြီးအား ဤနေ့ ဤရက်သည် သင့်အတွက် ကံကောင်းနိုင်သည်၊ ဘာပဲလုပ်လုပ် အဆင်ပြေ အောင်မြင်နေမည်။ အရေးကြီးသော လုပ်ငန်းဆောင်တာများကိုလုပ်ပါ။

ဤနေ့ ဤရက်သည် မကောင်း၊ ပြဿနာများ တစ်ခုပြီးတစ်ခု ကြုံတွေ့ရတတ်သည်။ တတ်နိုင်သမျှ ငြိမ်ငြိမ်လေးနေပါ။ အရေးကြီးသော လုပ်ငန်းတွေ ဘာမှ မလုပ်မိပါစေနဲ့...ဟု ထိထိရောက်ရောက် အနီးကပ် ကူညီပံ့ပိုး အကြံပေးလို၍ တစ်ဦးစီ တစ်ဦးစီ၏ ကိုယ်ပိုင် ကံကောင်းသော နေ့ရက်များနှင့် ကံဆိုးသောနေ့ရက်များကို သေချာဂန သိရှိစေချင်၍ အလို့ငှာစေတနာရှေ့ထား လက်ဆောင်ပါးကာ ရေးသားလိုက်ရခြင်း ဖြစ်ပါသည်။

ဂဏန်းဖြင့် ဖော်ပြထားပါသည်။ ယင်းနေ့များကို လွှမ်းမိုးနေသော စိုးမိုးဂဏန်းများကိုမူ မြန်မာဂဏန်းဖြင့် ဖော်ပြထားပါသည်။ တွက်ပုံတွက်နည်းမှာ သင်၏ အင်္ဂလိပ်မွေးရက်နှင့် တွက်လိုသောနေ့၏ စိုးမိုးဂဏန်းကို ပေါင်းပါ။ တစ်လုံးတည်း ကျန်အောင်ပေါင်းပါ။

**ဥပမာ။ ။ အင်္ဂလိပ် (၂၃)ရက်နေ့တွင် မွေးဖွားသူဆိုပါစို့။**

**ဇန်နဝါရီလ(၈)ရက်နေ့ကို** တွက်လိုသည် ဆိုပါစို့။ (၈)ရက်နေ့၏ စိုးမိုးဂဏန်းမှာ (၁)ဟု တွေ့ရပေလိမ့်မည်။ ယင်း မွေးရက် **(၂၃)**နှင့်ပေါင်းလျှင် **(၂၄)**ရ၏။ ယင်း(၂၄)ကို တစ်လုံးတည်းဖြစ်အောင် ပေါင်းလျှင် ၂ + ၄ = ၆ ရ၏။ ထို့ကြောင့် ထိုသူအတွက် **ဇန်ဝါရီလ(၈)**ရက်နေ့တွင် **(၆)ဂဏန်း** ကြီးစိုးနေ၏။

၁-ဂဏန်း ကြီးစိုးသောနေ့တွင် အသစ်စတင်ရခြင်း၊ တီထွင်ဖန်တီးခြင်းများ ကြုံရတတ်၏။

သော အကူအညီများရရှိခြင်း၊ မိမိက အကူအညီ ပေးရခြင်းများ ကြုံရတတ်၏။

၃-ဂဏန်း ကြီးစိုးသောနေ့တွင် ရည်မှန်းသည့်အတိုင်း အောင်မြင်မှုများ ကြုံရတတ်၏။

၄-ဂဏန်း ကြီးစိုးသောနေ့တွင် အကျပ်အတည်းများ၊ စိတ်ညစ်စရာများ ကြုံရတတ်၏။

၅-ဂဏန်း ကြီးစိုးသောနေ့တွင် ပျော်ရွှင်ကြည်နူးစရာများ ကြုံရတတ်၏။

၆-ဂဏန်း ကြီးစိုးသောနေ့တွင် လွှမ်းမောတသဖွယ် အဖြစ်အပျက်များ၊ တိုးလိုးတန်းလန်း ဖြစ်ရခြင်းများ ကြုံရတတ်၏။

၇-ဂဏန်း ကြီးစိုးသောနေ့တွင် ထူးဆန်းအံ့သြဖွယ်များ၊ မထင်မှတ်သော ဖြစ်ရပ်များ ကြုံရတတ်၏။

၈-ဂဏန်း ကြီးစိုးသောနေ့တွင် စိတ်ညစ်ရခြင်း၊ ထွက်ပေါက်ပိတ်ခြင်း၊ ရည်ရွယ်ချက်ပျက်စီးခြင်းများ ကြုံရတတ်၏။

၉-ဂဏန်း ကြီးစိုးသောနေ့တွင် ဘာသာရေး၊ ပညာရေး ဆရာသမားနှင့် ပတ်သက်သော ကိစ္စများ ကြုံရတတ်၏။

မိတ်ဆွေအနေနှင့် ၄၊ ၈၊ ၆ ဂဏန်းရသော ရက်များကို သတိပြု ရှောင်ကြဉ်သင့်ပါသည်။ အကောင်းဆုံးမှာ ၃၊ ၅ ဂဏန်းရသော ရက်များပင် ဖြစ်ပါသည်။ ဒုတိယ အကောင်းဆုံးမှာမူ ၁၊ ၂၊ ၇၊ ၉ ဂဏန်းရသော ရက်များပင် ဖြစ်ပေတော့သတည်း။

***မကောင်းရက်ရှောင်၊ ကောင်းရက်ဆောင်ကာ မြားမြောင်ကိစ္စ ဆောင်ရွက်ကြလျှင် ဆန္ဒပြည့်ဝ လွယ်လှလှကာ လောကအလယ် ဂုဏ်ဝင့်ကြွယ်သည့် လောကီပညာ အကျိုးတည်း။***

***ကောင်းမှုအကြောင်းပြု တောင်းဆုပြည့်ပါစေ။***

**သုခစုစ်(ကျိုက်လတ်)**

✤ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ✤

| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|
| 1 ၃ | 2 ၄ | 3 ၅ | 4 ၆ | 5 ၇ | 6 ၈ | 7 ၉ |
| 8 ၁ | 9 ၂ | 10 ၃ | 11 ၄ | 12 ၅ | 13 ၆ | 14 ၇ |
| 15 ၈ | 16 ၉ | 17 ၁ | 18 ၂ | 19 ၃ | 20 ၄ | 21 ၅ |
| 22 ၆ | 23 ၇ | 24 ၈ | 25 ၉ | 26 ၁ | 27 ၂ | 28 ၃ |
| 29 ၄ | 30 ၅ | 31 ၆ | | | | |

ရှာသပြက္ခဒိန်ရက်စွဲများကို အင်္ဂလိပ်

၂-ဂဏန်း ကြီးစိုးသောနေ့တွင် တောင်းထား

www.burmeseclassic.com



နှလုံးရောဂါ ကင်းဝေးအောင်

• မှတ်ပုံတင် - ၀၁၃၄ y ၀၁၀၇၃၆ လိုင်စင် ၇၊၂၀၁၁၊ တဆထလတိုး (၁၃၁၂) •

# မုံရွာဆရာမိုး အမှတ်တံဆိပ်

# အမောလုံ နှလုံးအားဆေးကိုဆောင်




" ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို သန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "

" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္ဓိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာမကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး "

" သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင်ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွှန့်၌ စူး၍ အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ "

" အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး၊**

အမှတ်-(၈/၃၅၆)မေတ္တာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉ ၊ ၀၉-၅၁၀၀၆၃၂

---

ကြော်ငြာ မောင်ယဉ်တင့်



www.burmeseclassic.com

www.burmeseclassic.com

ဆံတော်ရှင်

# ကြွင်းနတ်ဘုရား

ထံတော်ပါးဆီသို့ (၄)

ထက်မင်းကျော်စွာ



▲ ပုံ(၃၂) ကျောက်ဂူကျော်ပျံတောင်မှ ကျိုက်မှန်ဘုရား

## ယခင်လမှ အဆက်

ဥမင်အနီး၌ တောင်စောင်းကို သစ်တုံးများဖြင့် ကျားကန်၍ အိပ်ရာတစ်နေရာစာမျှ ဖန်တီးပေးထားသည်။ သွပ်ပြားပေါင်းများ မိုးကာ၍ ခေါင်းရင်း၌ ရုပ်ပွားငယ်တစ်ဆူဖြင့် ဘုရားစင်ကလေး ပြုလုပ်ထားသည်။

လူသွားလမ်းအကျယ် နှစ်ပေခန့်သာ ရှိလေရာ ကွန်းခိုစရာ ကျောင်းသခ်မ်းကလေးဖြစ်အောင် ဖန်တီးပေးထားပုံကို အလွန် နှစ်သက်မိပေသည်။

[ပုံ-၂၈၊ ၂၉]

ဥမင်အတွင်း၌ လူတစ်ဦး တင်ပျဉ်ခွေ ထိုင်ရုံမျှသာ ကျယ်ဝန်း၍ အဝင်ဝမှ ဘဲတောင်ဆစ်ချိုး ကွေ့ဝင်ရသဖြင့် မှိန်လေ လုံခြုံသည်။ သာမန်ဘုရားဖူးများ လာရောက်လေ့မရှိ၊ လူသံ,သူသံ ကင်းဝေး၍ ဆိတ်ငြိမ်သည်။

ဤဥမင်ကို ရှေးယခင်က မည်သို့ ခေါ်ဝေါ်ကြသည်ဟု မသိရပေ။ ၁၉၈၀ ပြည့်နှစ်ဝန်းကျင်က ရေးမြို့နယ်၊ ဝင်းကကျေးရွာ ဓာတ်ဖွားဆရာတော်ဦးဥတ္တမ လာရောက်သီတင်းသုံးကာ ကျင့်ကြံအားထုတ်ခဲ့သည်။

ဝင်းကဆရာတော် သီတင်းသုံးခဲ့သဖြင့် **"ဝင်းကဂူ"** ခေါ်လေသလား။ ရှေးယခင်ကပင် ရှိနှင့်သော **"ဝင်းက"** ဂူသို့ **"ဝင်းက"ဆရာတော်** ကြွရောက်သီတင်းသုံးလေသလားဟု သေချာစွာ မသိရှိရပေ။

သို့သော် ဖင်းကျိုက်တောင်အနီး ဆင်ခေါင်းချောင်းနံဘေး၌ **ရော်ဘာခြံ**ရှင်(*ယခင်က ဒူးရင်း၊ မင်းကွတ် စသည့် သီးပင်များ စိုက်ပျိုး၍ လွန်ခဲ့သော ဆယ်စုနှစ် တစ်ခုကျော်ကမှ ကြက်ပေါင်စေးခေါ် ရော်ဘာပင်များ ပြောင်းလဲစိုက်ပျိုးခြင်းဖြစ်သည်။*) **ဦးမောင်လှိုင်**က ဤသို့ ပြောပြသည်။

'၁၉၈၃ ခုနှစ်လောက်ရှိမယ်။ (ဥယျာဥ်)ခြံစောင့်ရင်း တောကြောင်ကလေး ဟင်းအား






www.burmeseclassic.com

www.burmeseclassic.com



▲ ပုံ(၂၈) တောင်ခြေစောင်းမှ ကျောင်းသင်္ခမ်းငယ်



▲ ပုံ(၂၉) ကျောင်းငယ်အတွင်း မြင်ကွင်း

ရနိုင်နဲ့ စကောက်(သားကောင်ထောင်ချောက်) တောင်ပို့ပေါ် တက်ခဲ့တယ်။ အဲဒီတုန်းက "ချေ"တွေတောင် ရတတ်တယ်။ အခုလို တောမရှင်းသေးဘူး။

မင်းတာရာ့တစ်ပါးတောင်ခြေ ရောက်ခါနီးကျတော့ ဘုန်းကြီးတစ်ပါး ရပ်နေတာတွေ့တယ်။ သပိတ်ပိုက်လျက်သား မျက်စိမှိတ်ပြီး တရားမှတ်နေတယ်။

ရုစမ်းကြည့်တော့မှ ခြေထောက်က "စကောက်"မိနေတာပဲ။ ငါလဲ ဖြုတ်ပေးမယ်လုပ်တော့ မျက်လုံးဖွင့်ပြီး...

"မင်းထောင်ချောက်လား"

"မဟုတ်ပါဘူးဘုရား...အရှင်ဘုရားကို ကူညီတာပါ"

"မဖြုတ်ပါနဲ့... ငါ အကြွေးဆပ်နေတာ။ အချုပ်အကျဉ်းထောင်တန်းဆိုတာ တော်ရုံလူ ကျခွင့်မရှိဘူး။ အတိတ်အကုသိုလ်ဝဋ်ကြွေး ရှိမှသာ ခံစားခွင့်ရတာ။

ငါလဲ ဆပ်ခွင့်ကြုံလို့ ဆပ်ရတာကွယ်။ ထောင်ချောက်ပိုင်ရှင်ကို ကျေးဇူးတင်သင့်တယ်။ သံသရာခရီးလမ်းမှာ အပြစ်အကြွေးတွေ လျှော်ပေး,ထေပေးတာပေါ့"

ထောင်ချောက်ကို ကြည့်တော့ မနေ့ကတည်းက မိနေတာ။ မနေ့က ဆွမ်းခံကြွချိန် ဖြစ်လိမ့်မယ်။ အခု နေမလွဲခင် ဆွမ်းမီအောင် အပြေးသွားရတယ်။ မုဆိုးချင်း၊ ခြိုသမားချင်းဆိုတော့ ဘယ်သူ့ပစ္စည်းဆိုတာ မှန်းဆလို့ရတယ်လေ။

ပိုင်ရှင်နာမည်တော့ မပြောပါရစေနဲ့၊ အခုအထိ ရှိသေးတယ်၊ ကြားကြားချင်း အပြေးလာပြီး ထောင်ချောက်ဖြုတ် ကုန်း,ကုန်းပြီး ကန်တော့ပါလေရော။ ဘုန်းကြီးက...

"မင်းအပြစ် မဟုတ်ပါဘူး...ငါက ဝဋ်တိုမိတာပဲ"

လို့ ပြုံးပြီးပြောမှ စိတ်သက်သာရာရပြီး ပါလာတဲ့ ငှက်ပျောဖီးကို ဆက်ကပ်တယ်။ သုံး,လေးလုံး ဘုဉ်းပေးပြီး ပြန်စွန့်သွားတယ်'

'ဘယ်က ဘုန်းကြီးလဲ'

'မဟာဗောဓိမြိုင်ဆရာတော် တောထွက်ခါစ သုံးခါလောက် ဖူးရတာပါ။ စတွေ့ခါစက သူမိန့်တာတွေ သိပ်ဘဝင်မကျဘူး။ ဆံတော်ရှင်တောင်ဘက်ချောက်က "ဝင်းကဂူ"နဲ့ ပတ်သက်ပြီး ပြောတာပါ။

ဘီးလင်း ကေလာသတောင်နားက "ဝင်းက"ရွာကိုလဲ ရောက်ဖူးသတဲ့။ အရင် ရှေးရှေးတုန်းက ပင်လယ်ကမ်းခြေဖြစ်လို့ လှေတွေ ဝင်ကပ်ရာက "ဝင်ကပ်"၊ အခုမှ "ဝင်းက"ဖြစ်လာတာလို့ ဆိုတယ်။

ဒါက အလွတ်သဘော ထွေရာလေးပါး ပြောဆိုတာပါ။ ဒီနေရာတွေက မွန်တို့ရဲ့ အိုးအိမ်ဟောင်းတွေမို့ မွန်ဘာသာနဲ့ အဓိပ္ပါယ်ဖေါ်မှ သိနိုင်တယ်။

"**ဝင်**"ဆိုတာ "**ခြံဝင်း,ရေတိမ်ကွင်း**"၊ "**က**"ဆိုတာ "ငါး"။ "**ငါးပေါတဲ့ ရေတိမ်ကွင်း**"ကနေ "**ဝင်းက**" ဖြစ်လာတာ ရှေးမွန်သမိုင်းမှာ အဆိုရှိတယ်လေ။

ဒါပေမယ့် အခုလို ထောင်ချောက်နဲ့ ပတ်သက်ပြီး ကိုယ်တွေ့ကြုံရတော့မှ သူ့ရဲ့ အကျင့်စရဏကို အင်မတန် လေးစားသွားတယ်။


ဆရာတော် ဖင်းကျိုက်က ပြောင်းသွားတဲ့အထိ တတ်နိုင်သလောက်ပေါ့လေ။ ကွမ်း,ဆေး,လက်ဖက် ခြိုထွက်ပစ္စည်းလေးတွေ မပြတ် လှူဒါန်းဖြစ်ခဲ့တယ်'

သို့ဖြစ်လေရာ **ဝင်းကဆရာတော်ကြီး**(ရေးမြို့နယ်) မကြွရောက်မီကပင် "**ဝင်းက**"လိုဏ်ဂူ ရှိနှင့်နေသည်ဟု ယူဆဖွယ်ရှိလေသည်။

ဝင်းကဆရာတော် ဦးဥတ္တမသည် ဝင်းကဂူမှ ထိုင်း–မြန်မာနယ်စပ် အနီးရှိ **ဆေးတောင်၊ ကုလားမတောင် (ကရင်ပြည်နယ်)**တို့တွင် ဆက်လက်အားထုတ်တော်မူသည်။

**၁၉၉၀ ပြည့်နှစ် နောက်ပိုင်းတွင် ထိုင်း**

www.burmeseclassic.com



◆ ပုံ(၃၁) ကျောက်ဂုက်ပျောတောင်သာသနိက အဆောက်အအုံများ

နိုင်၍ သီတင်းသုံးကာ ရဟန္တာဟု သမုတ်ခြင်း ခံရသည်။

ရွှေတိဂုံစေတီသို့ တစ်နှစ် တစ်ကြိမ် ကြွရောက်ကာ ရွှေသင်္ကန်း ကပ်လှူလေ့ရှိသည်။ လောကီမျက်နှာစာတွင် အခက်အခဲ ပြဿနာများ ကြုံရပါက ဆရာတော်အား တမ်းတတိုင်တည် လျှောက်ထားခြင်းဖြင့် ပြေလည်အေးငြိမ်းကြသည်ဆို၏။

ဘုန်းပီ၏ အိမ်ရှင်မသည်လည်း လွန်ခဲ့ ခုနှစ်က ပြဿနာတစ်ခု ကြုံရသဖြင့် ဆရာတော်အား တိုင်တည် လျှောက်ထားတာ ပြေလည်မှု ရသဖြင့် ဆရာတော်၏ ပုံတော်ကို မရမက ရှာဖွေပူဇော်ထားသည်မှာ ယနေ့တိုင် ဖြစ်သဖြင့် မှတ်တမ်းပြု တင်ပြလိုက်ပါသည်။[ပုံ–၃၀]

ဆရာတော်သည် လွန်ခဲ့သော နှစ်ခန့်(၂၀၀၆ ခုနှစ်ခန့်)က ခန္ဓာ ပျံလွန်တော်မူသည် ဖြစ်သော်လည်း ကျေးဇူးတော်နှင့် မေတ္တာ,ကရုဏာကို ယနေ့တိုင် ခံစားနိုင်ဆဲ ဖြစ်သည်ဟု တပည့်ဒါယကာများက ယုံကြည်ကြ၏။*[မွန်ပြည်နယ်,ကရင်ပြည်နယ်အတွင်းမှ ဒါယကာများစွာလည်း ဆရာတော်အား ယုံကြည်ကိုးကွယ်ကြလေသည်။]*

ဝင်းကဆရာတော် ကြွသွားပြီးနောက် ရေးမြို့နယ်မှ **ကိုရင်ကလေး** သည်လည်း ''ဝင်းက''ဂူအတွင်းသို့ လာရောက် ကျင့်ကြံအားထုတ်ခဲ့သည်ဟု ဒေသခံများက ပြောပြကြသည်။

ကိုရင်လေးသည် ယခုအခါ သာသနာပြုမဟာထေရ် (ဝါ၂၀ကျော်သည့်ရဟန်း) **အရှင်ပုပ္ဖရမ္မ**အဖြစ် ရေးမြို့နယ်၊ ကျောက်ဂုက်ပျောတောင်၌ စေတီပုထိုးများစွာ တည်ဆောက်ပူဇော်လျက် သီတင်းသုံးတော်မူပါသည်။

ယင်းဆရာတော် တည်ဆောက်ပူဇော်သည့် ကျိုက်ပွန်(တင်ပျဉ်ခွေ ရုပ်ပွားလေးဆူ)ဘုရားမှာ ပဲခူးရှိ မူလ ကျိုက်ပွန်ထက် ဉာဏ်တော်အမြင့် ပိုမိုမြင့်မား၍ အောက်ခြေ စမ္မခဏ်၌ လူရဟန်းတို့ သီတင်းသုံး နေထိုင်နိုင်သော ခန်းဆောင်များ ဖွဲ့ထားသည်ကို တွေ့မြင်ခဲ့ရသည်။

ရေးမြို့အဝင် (မော်လမြိုင်–ရေး ကားလမ်း၏ဝဲဘက်) လေးမိုင်ခန့် အလိုရှိ ကျောက်ဂုက်ပျောတောင် သာသနာမြေနှင့် ကျိုက်ပွန်ဘုရားလေးဆူကိုလည်း မှတ်တမ်းပြု ဖော်ပြလိုက်ပါသည်။**[ပုံ–၃၁၊ ၃၂]**


ထိုဆရာတော်နှစ်ပါး မတိုင်မီ (၁၉၇၅ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ် အတွင်းခန့်) ''ဝင်းက''ဂူ၌ တရားထူး ပေါက်မြောက်ခဲ့သူကား **''ကိုရင်ကလေး''** ဟုပင် ခေါ်ကြ၍ ဘွဲ့တော် မသိကြပါ။

သံရေကန်အနီး လိုဏ်ဂူအတွင်း သီတင်းသုံးသည့် **ကျောက်ဂူဆရာ**



www.burmeseclassic.com

www.burmeseclassic.com





◀ ပုံ(၃၃) ကူညီပေးကြသည့် ဦးပုလဲစိန်နှင့် ဦးထွန်းကြည်

◀ ပုံ(၃၀) ဝင်းကဆရာတော်ဦးဥတ္တမ

**တော်** (၁၉၇၇ ခုနှစ်ကာလက ဒေသခံများ၏ အခေါ်ဝေါဟာရဖြစ်၍ ဘွဲ့တော်မှာ **ဦးသောဘိတ**ဖြစ်သည်။ ထိုစဉ်က သက်တော် (၅၀)ကျော်ခန့်ရှိ၏။)၏ တပည့်သာဝကဖြစ်သည်။

အသက် (၁၄),(၁၅)နှစ် အရွယ်ခန့်သာ ရှိသေး၍ ဆရာတော်အတွက် ဖင်းကျိုက်ရွာသို့ နေ့စဉ် ဆွမ်းခံကြွကာ ဆက်ကပ်သည်။

ဖင်းကျိုက်တောင်နှင့် သက်န်းလုန်းတောင်ဝန်းကျင် ချောက်ကြို လျှိုထိပ်နေရာလပ်မကျန် သွားလာနေတတ်သည်။ ဆံတော်ရှင်စေတီရင်ပြင်အား အရံတံတိုင်း အပြင်ဘက်မှ သက်စေ့ ပတ်ရံကာ ပူဇော်လေ့ရှိသည်။

ကျောက်စွန်းကလေးများကို အားယူခိုလွှားကာ သက်စွန့်ဆံဖျား သွားရသဖြင့် တောင်ဆိတ်ဘဝမှ ဝင်စားသူဟု အများက မှတ်ချက်ပြုကြသည်။

ရာသီပေါ် ပုတတ်စာပင် လေးကျွန်းမြင်းမိုရ်(ရိုးတံတစ်ခုတွင် အပွင့်လေးပွင့် ဖူးပွင့်တတ်သော ခတ္တာပန်းပင်)၊ ဂမုန်းသံဃာစင်၊ လောင်ပန်းဂမုန်း စသည်တို့ကို ခက်ခဲစွာ ရှာဖွေယူလာပေးသည်။

ဖော်ရွေသွက်လက်၍ လူငယ်တစ်ဦးပမာ ပြေးလွှားဆော့ကစားနေတတ်သော်လည်း အကြောင်းကိစ္စ ရှိပါက တည်တံ့စွာ ပြောကြားသတိပေးတတ်သည်။

သူ သတိပေးသဖြင့် သံရေကန်သို့ ရေခပ်ဆင်းသော တစ်ကြိမ်တွင် လက်နက်ကိုင် လူတစ်စုကို ကြိုတင်တွေ့မြင်သဖြင့် အချိန်မီ ရှောင်ကွင်းနိုင်ခဲ့သည်။*[လက်နက်ကိုင် အဖွဲ့အချို့ တည်ရှိလှုပ်ရှားသောကာလ ဖြစ်သည်။]*

ထိုကိုရင်လေးသည် **၁၉၇၆ ခုနှစ်** နောက်ပိုင်းတွင် သူ၏ ဆရာတော်ကိုပင် အသိပေး လျှောက်ထားခြင်းမရှိဘဲ ရုတ်တရက် (ဖင်းကျိုက်နယ်မှ) ပျောက်ကွယ်သွားခဲ့သည်ဟု သိရ၏။

ဖင်းကျိုက်တောင်သို့ ရောက်လာသူ အစိမ်းအကျက်မရွေး ကူညီပေးတတ်သဖြင့် လူချစ်လူခင်ပေါ်များသော ကိုရင်လေးဖြစ်သည်။

## ကျိုက်ဗလင်နတ်သိမ်တော်

ဝင်းကဂူသို့ သွားရာလမ်းသည် မတ်စောက်သော ချောက်ကမ်းနှုတ်ခမ်း ဆင်ခြေလျှောစောင်း၌ရှိ၍ တောင်ပြိုထားသဖြင့် အသွားအလာ ခက်ခဲသည်။

ထိုစဉ် သံရေကန်၌ လုပ်အားဒါန ပြုနေကြသော **"ဖင်းကျိုက်ရေကြည်တော်အသင်း"**မှ ဦးပုလဲစိန်နှင့် ဦးထွန်းကြည်တို့ နှစ်ဦး**[ပုံ–၃၃]**က လိုက်ပါကူညီပေးကြသဖြင့် သွားရောက်နိုင်ခြင်းခဲ့ခြင်း ဖြစ်သည်။ ဝင်းကဂူနှင့် ပတ်သက်၍ သူတို့က သိသမျှ ဖြည့်စွက်ပြောပြသည်။

ထိုမှ ပြန်လာသောအခါ တောင်တက်လှေကားအတိုင်း အနည်းငယ်မျှ ဆင်းလိုက်သောအခါ လက်ယာဘက်တွင် သိမ်တော်သို့သွားသော လမ်းငယ်ကို တွေ့ရ၏။

လမ်းအစတွင် ရေကန်တစ်ကန်ကို အမိုးအကာများဖြင့် စနစ်တကျ ထိန်းသိမ်းထားသည်။

ဖင်းကျိုက် ရေကြည်တော်ဝတ် အသင်းမှ အများလှူဒါန်းငွေဖြင့် ဤရေကန်ကြီးကို ၁၃၆၆ ခုနှစ်တွင် အုတ်မြစ်ချ တည်ဆောက်ခဲ့သည်။

www.burmeseclassic.com

ကုန်ကျငွေ ကျပ်(၆၁၆၀၂၉၀)ရှိ၍ "**သစ္စာရေကန်**"ဟု အမည်ပေးထားကြောင်း ကမ္ပည်းတင်ထားသည်။

**[ပုံ-၃၄]**

ဆံတော်ရှင်ဝန်းကျင် နေရာအားလုံးသည် **သံရေကန်**မှ(မိုးရာသီ၌ စုဆောင်းထားသော) မိုးရေကိုသာ အားပြုကြရသည်။

ယခင်က တန်ခူးလ ပူဇနီယပွဲတော်၌သာ ပရိတ်သတ် များပြားစည်ကား၍ တန်ဆောင်မုန်းလပြည့်နေ့နှင့် သကြန်ရက်များတွင် အနည်းအကျဉ်း လာရောက်ကြသည်။

ကျန်ကာလများတွင် တရားအားထုတ်သူများ ရံဖန်ရံခါ လာရောက်ကြသဖြင့် သံရေကန်မှ ရေပမာဏဖြင့် လုံလောက်စွာ သုံးစွဲနိုင်၏။ နောက်ပိုင်းတွင် တောင်တက်ကားလမ်း ဖောက်လုပ်ပြီး၍ ပရိသတ် များလာသောအခါ သောက်သုံးရေ ဖူလုံလောက်ငှစေရန် ရည်ရွယ်၍ ဤရေကန်ကို ဆောက်လုပ်ကြခြင်းဖြစ်သည်။

မိုးရေလှောင်ကန်ပင် ဖြစ်သည်။ ထိုကန်နံဘေး ခင်တန်း လမ်းမြောင်ကလေးအတိုင်း အနည်းငယ် ဆက်သွားမိသောအခါ **သိမ်တော်သို့** ရောက်သည်။

ဓမ္မစေတီကျောက်စာအရ ပေါင်မြို့နယ်အတွင်း ဓမ္မစေတီမင်း ကြိုးပမ်းခဲ့သည့် • **ကလျာဏီသိမ်တော် နှစ်ဆောင်**ရှိ၏။ ယင်းငြိမ်သိမ်တော်နှင့် ကျိုက်ဗလင်နတ်သိမ် ဟူ၍ဖြစ်ရာ ဤသိမ်ကား "**ကျိုက်ဗလင်နတ်**" **ကလျာဏီသိမ်တော်ကြီး** ဖြစ်သည်။

မူလသိမ်မြေတွင် ၁၂၆၃ ခုနှစ်ခန့်က ဤအုတ်တိုက်သိမ်ကို မွမ်းမံဆောက်လုပ်ခဲ့ကြကာ ခေတ်အဆက်ဆက် [illegible]လူ ကောင်းမှုရှင်တို့ ထိန်းသိမ်းခဲ့ကြသည့် ဖြစ်ရာနှစ်ပေါင်း (၁၁၅)နှစ်ကြာပြီဖြစ်သည်။ **[ပုံ-၃၅]**



ပုံ(၃၄) သိမ်အဝင်မှ သစ္စာရေကန်

သမိုင်းအစဉ်အလာ ကြီးမားသော ဆံတော်ရှင်စေတီ ကိန်းဝပ်ရာ တောင်တော်ဌာန၌ တည်ရှိသောသိမ် ဖြစ်လေရာ သာသနာရေးကိစ္စများကို သစ္စာဆိုတိုင်တည်ကြလေ့ရှိကြသည်။

လောကီရေးရာ ပြဿနာများ ပေါ်ပေါက်ပါကလည်း ကျမ်းကိုင် မီးပြိုင် သစ္စာဆို တိုင်တည်၍ ဆုံးဖြတ်မှု ခံယူကြသည်။ သို့သော် မမှန်မကန်ပြုမူ လီဆယ်ထားသူတို့သည် ဤသိမ် ကျမ်းကိုင်ကျိန်ဆိုခြင်း မပြုဝံ့ကြဟု ဆိုလေသည်။

၁၃၃၉ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်နေ့တွင် ဇင်းကျိုက်တောင်သို့ အဓိဋ္ဌာန်ဝင်ရန် ရောက်ရှိနေကြသော ကျွန်ုပ်တို့(၅)ဦးသည် ဆံတော်ရှင်အား နံနက်အရုဏ်ဆွမ်းကပ်ရန် ကုန်းတော်သို့ ရောက်သွားသောအခါ ပိန်လှီလှီနှင့် ခြိုးခြံသောအကျင့် ရှိပုံရသည့် ဆရာတော်ကြီးတစ်ပါးကို ဖူးတွေ့ရသည်။

သို့ဖြစ်လေရာ မိမိတို့အဖွဲ့မှ နေ့စဉ်ဆွမ်းကပ်လှူဖြစ်သည်။ (၅)ရက်ခန့်ကြာသော် ထိုဆရာတော်က...

'ညနေစောင်းရင် သိမ်ကို လာခဲ့ပါ ဒကာလေး'

ဟု မိန့်ကြားတော်မူသဖြင့် ကမ္မဋ္ဌာန်းသိမ်း ရေချိုးသန့်စင်ပြီးသော ညနေစောင်း (၅)နာရီခန့်တွင် သိမ်ကို သွားရောက်သည်။


သိမ်တွင်း၌ ဆရာတော်တစ်ပါး တည်းရှိ၍ ဦးချဝတ်ပြုပြီးသည်နှင့် ဗလာစာအုပ်တစ်အုပ် ကမ်းပေးသည်။

'ဒကာ လိုတာရှိရင် ကူးယူသွားပါ'

မင်စိမ်းဖြင့် ရေးသားထားသော ဆေး၊ အင်း၊ စမများဖြစ်သည်။ ယင်းမှ ကောင်းနိုးရာရာ ဆေးအင်းနှင့် စမ အစီအရင်အချို့ကို ကူးယူခဲ့ရာ "ဘီအိုစီ"ဖယောင်းတိုင် (၁၀)တိုင်မျှ ကုန်လေသည်။ ***[ထိုအင်းစမများသည် ရှေ့ခရီး၌ များစွာအသုံးဝင်ခဲ့သည်။]***

နောက်တစ်နေ့နံနက်တွင် ဆရာတော်အား ကုန်းတော်ရင်ပြင်၌ မမြင်ရ၊ ညနေတွင် သိမ်သို့ လာရောက်ရှာဖွေသော်လည်း မတွေ့ရတော့ပါ။ အဓိဋ္ဌာန်ရက်ပြည့်မြောက်၍ ခရီးထွက် ကြသွား

www.burmeseclassic.com



◆ ပုံ(၃၅) ကျိုက်ထလင်နတ် ကလျာဏီသိမ်တော်

ပြီဟု ယူဆရသည်။

ထိုဆရာတော်သည် ရက္ကန်းစင်တောင်ဆရာတော် ဦးသြဘာသနှင့် ရုပ်သွင်တူညီကြောင်း ထိုစဉ်က ဆွမ်းကပ်ခဲ့သူ ကိုဝင်းမြင့်(ယခု ဆရာတော်ဦးဝါသဝ)အား ပြောပြရာ...

'အင်း...နှစ်ပေါင်း(၄၀)နီးပါး ကြာပြီဆိုတော့ သေသေချာချာ မမှတ်မိတော့ဘူး။ တူတယ်လို့ ထင်ရတာပဲ'

ဟု မိန့်တော်မူသည်။

သိမ်၏ မြောက်ဘက် မြေကွက်လပ်ကလေးမှ ဆံတော်ရှင်ကုန်းတော် နှစ်ထပ်ဇရပ်ကို သစ်ရွက်များအကြား မထင်မရှား မြင်တွေ့ရ၏။

ဤကွက်လပ်နံဘေးရှိ လှိုဏ်အတွင်းမှ လေပြည် တဟူးဟူး တိုက်ခတ်နေသည်။ တောင်ကြား အဆုံးနေရာဖြစ်၍ တောင်အောက်မှလေများ အထက်သို့ ပင့်တင်တိုက်ခတ်နေသည့် ပုပ္ပါးမှ "လေတွင်းတောင်"ကဲ့သို့ နေရာကလေး ဖြစ်လေသည်။

အနောက်ဘက်အစွန်းတွင် ကုဋီနှစ်ခန်းရှိသည်။ ရဟန်း၊ လူ၊ ရသေ့ ပုဂ္ဂိုလ်များ မကြာခဏလာ ရောက်ကွန်းခိုကာ တရားဓမ္မ အားထုတ်ကြသဖြင့် ပြည့်စုံအောင် စီမံထားခြင်းဖြစ်ကြောင်း သိရသည်။

သိမ်တော်ကုန်းမြေသည် တောင်စွယ်အကွေ့တွင် သီးခြားတည်ရှိကာ ဘုရားဖူး၊ မှီချီးမျှစ်ရှာ လူသူ အနှောင့်အယှက်မှ ကင်းဝေးသည်။

နွေတွင် အေးမြ၍ ဆောင်း၌ နွေးထွေးသည့် လေကွယ်ရပ်ဝန်းဖြစ်ရာ တောပျော် သူတော်စင်တို့အတွက် နေရာကောင်းဖြစ်သည်။

ဆွမ်းအာဟာရအတွက် ပေ(၃၀၀၀)ခန့် အတက်အဆင်း ပြုလုပ်ရသည်ဖြစ်သောကြောင့် အချို့က ချက်ပြုတ်ကပ်လှူမည့် တပည့်ဒါယကာ ခေါ်ဆောင်လာကြ၏။ အချို့ကား မီးလွတ်အာဟာရ စိမ်းစားဉ၊ ငှက်ပျောသီးစသည်များ သယ်ဆောင်လာကြသည်ကို တွေ့ရလေသည်။

သိမ်ကုန်းတော်ကား ဖင်းကျိုက်တောင်ထွတ် အပါအဝင်ဖြစ်သော ကုလားမတောင်ကြောတစ်ခွင်၌ အသန့်စင်ဆုံးသော နေရာဌာနကလေး ဖြစ်လေသည်။

## သံရေကန်

သိမ်ကုန်းတော်မှ အောက်သို့ ဆက်၍ ဆင်းလာရာ သံရေကန်သို့ ရောက်သည်။

ဤနေရာတွင် ရှေးအခါက သဘာဝအလျောက် ဖြစ်တည်နေသော ရေကန်ကြီး တစ်ကန်ရှိရာ ဓမ္မစေတီမင်းက စနစ်တကျ တူးဖော်မွမ်းမံပေးခဲ့သည်။

**နွေ၊ မိုး၊ ဆောင်း သုံးရာသီစလုံး ရေမပြတ် ရှိသည်။ သတိုးပြည့်ရှင်၏ နတ်မယ်တော် အဓိဋ္ဌာန်ပြု ထားရစ်ခဲ့သော ရေကန်ဖြစ်သည်ဆိုလေ၏။**

အမျိုးသမီးများ ရေချိုး အဝတ်လျှော်ပြုမိပါက ရေခန်းသည်။ အုန်း၊ ငှက်ပျောပွဲ စုံတင်၍ ပူဇော်ပသရသည်။ သစ္စာပြု၍ သောက်သုံးပါက ရောဂါ အထွေထွေ ပျောက်ကင်းစေသည်။ ရင်တုန်မောပန်း မူးဝေမှုများအတွက် ကန်ရေတစ်ခွက် သောက်ရုံမျှဖြင့် ချက်ချင်းလန်းဆန်း အမောပြေစေသည်ဟု ဆိုကြ၏။

ယခုအခါ အင်္ဂတေပေါင်ခတ်၍ သံတန်းခံကာ သွပ်မိုးထားသည်။ ထို့ကြောင့်ပင် **"သံရေကန်"**ဟု ခေါ်ကြခြင်းဖြစ်သည်။

မိုးရေလှောင်ကန်ဟု ဆိုသော်လည်း အမိုးပေါ် စီးကျသော မိုးရေများ လှောင်ထားခြင်း မဟုတ်ပါ။ မိုးရွာပြီးနောက် ကန်တွင်းသို့ စိမ့်ဝင်လာသော ရေဖြစ်သည်။ **တောင်အမြင့်ထက်(ပေ ၂၉၀၀-ကျော်)တွင် ရှိသဖြင့် ထူးခြားသောရေကန်**ဖြစ်သည်။

ကုန်းတော်နှင့် အနီးတစ်ပိုက်နေ ရဟန်းရှင်လူတို့၏ အဓိက အားထားရာ ရေကန်ဖြစ်လေသည်။

ရှေ့လ ဆက်ဖတ်ပါရန်

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

# မမြင်ဘူးသေးသူများ မြင်ဖူးစေချင်

**ဂဠုန်ရကြက်ခြေပါ**

**သစ်ဖောက်နွယ်ဝင်နှင့်**

**သစ်တံခါး**

ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့၊ ဗိုလ်ရုံလမ်းရှိ ဆရာကြီးဦးခင်ထွန်းထံတွင် တွေ့ရှိခဲ့ရသော **ဂဠုန်ရကြက်ခြေခတ်ပါ သစ်ဖောက်နွယ်ဝင်နှင့် သစ်တံခါးကို** တစ်ဆက်တည်း ထူးခြားစွာ တွေ့ရှိခဲ့ရပါသည်။

ထိုကဲ့သို့သော အမျိုးအစားမှာ လွန်စွာမှ ရှားပါးပြီး သိဒ္ဓိထူးများလည်း ပေးစွမ်းတတ်ပါကြောင်း ဆရာကြီးမှ ပြောကြားခဲ့ပါသည်။ သိရှိသူ ပညာရှင် သုတေသီများမှ ဆက်လက်ရေးသားပေးကြပါရန် ပန်ကြားအပ်ပါသည်။

**ဇီးကုန်းဩဘမော်**



ဂဠုန်ရကြက်ခြေပါ

သစ်ဖောက်နွယ်ဝင်နှင့်

သစ်တံခါး ◆



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# အကြောအားဆေး




(ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၇၁၁YR ၀၀၆၀ ၂၅)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၂/၀၅၁၃

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရှေ့နေကြီး ဦးအောင်ဝင်းနိုင်တို့ကိုး။ ဘယ်က လှည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဇော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့နဲ့ တူတယ်၊ ထိုင်းမှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နင်းခိုင်း၊နှိပ်ခိုင်းနေတာ တွေ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးဇော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အဖြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'သြော်... ဦးဇော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံထိုင်းမှိုင်းနေခြင်း၊ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း၊ အမြဲတမ်းလိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း၊ ခြေလက်တွေ ကပ်ခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်၊ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း၊ လေဖြတ်၊ သွက်ချာပါဒရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်၊လက်တုန်၊ လည်ပင်း၊ဦးခေါင်းတွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးဇော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ အထူးကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ မှီဝဲပါ'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ပိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ၊ ကြွက်သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျီးပေါင်းတက်ခြင်း၊ လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်ခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ အောက်ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေလက်မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသားများ ပန်းသေ ပန်းညှိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အဆစ်ရောင်၊ အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ အတက်စာနည်းနည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ်လုံး သွက်လက် ပေါ့ပါးမှုမရှိခြင်းများကို သက်သာပျောက်ကင်းပြီး ကျန်းမာသန်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါတယ်၊ ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွက်လဲ ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား မှီဝဲပြီး ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေးအစွမ်းကြောင့် ကျန်းမာသန်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ။ အာရုံကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ၊ အဆစ်အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄၀)ကျော်သူများနဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား၊ အမျိုးသမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ စကြာမင်း အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲကြပါလို့ အကြံပြုပါရစေ'

ဆရာမြင့်

**စကြာမင်းဆေးတိုက်**

အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊ သဗ္ဗညုမှတ်တိုင်အနီး၊
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၅၇၁

ဦးဇော်ထွန်း



www.burmeseclassic.com

www.burmeseclassic.com

# တောင်သမန် ကျောက်တော်ကြီးဘုရား

စင်ဒိုင်ယ

ယခင်လမှ အဆက်

မှ စိတ်ဝင်စားဖွယ်ရာများ (၂)





▲ ကျောက်တော်ကြီးဘုရား

ကျောက်ဆစ်မြို့ကွင်း ▶


ကျောက်တော်ကြီးဘုရားသို့ ရောက်သောအခါ တောင်ဘက်စောင်းတန်းမှ ဆက္ကဏာနှင့် မြန်မာ့ဝေဒသုတေသီ ဆရာရွှေမင်းက လိုက်လံပျူငှာကြိုဆို၍ လိုအပ်သမျှ ကူညီပေးသည်။

**[ထိုဆရာသည် နက္ခတ္တရောင်ခြည် စွာစင်းတွင် လစဉ် ဖော်ပြပါရှိသော ဆဲကော်တများ၏ ဘာသာစကား ရှင်းကျမ်းစာအုပ်ကို မေတ္တာ ဆက်ဆောင် ပေးခဲ့သူဖြစ်သည်။ "ချွန်တော် မတတ်နိုင်တဲ့အတူတူ ဆရာပြန်ဆိုတော့ ပရိသတ် အကျိုးရှိတာပေါ့ဗျာ" ဟု ပရဟိတစကား ဆို၍ ပေးအပ်ခဲ့ခြင်းဖြစ်သည်။]**

ဖောင်တော်ဦး မြတ်စွာဘုရား

ဆရာရွှေမင်းက ကျောက်တော်ကြီး

www.burmeseclassic.com



◆ မြုပ်ကျိန်ခွင်ထားသောဆင့်ရုပ်များ

◆ ရှင်မောဂ္ဂလာန်အံတော်





www.burmeseclassic.com

www.burmeseclassic.com





▲ အနှိုက်တက်မြင်ရသော မျက်နှာတော်နှင့် ကြာပွင့်သင်္ကန်း ပုံစံတော်များ

ပထမ မဟာဂန္ဓာရုံဆရာတော်ရုပ်တု ▶

ဆရာတော် ဦးအဂ္ဂဝံသအား ဝင်ရောက်ဖူးမြော်မိ၏။ မိတ်ဆက်ပေး၍ ဖောင်တော်ဦး မြတ်စွာဘုရား ရုပ်ရှင်တော်မြတ်ကို ဖူးတွေ့လိုကြောင်း လျှောက်ထားသောအခါ ခန်းနေ ဦးသွင်းတစ်ပါးကို ခေါ်ယူ သော့အပ်၍ လိုက်ပို့စေသည်။

ဆရာတော်မှာ သက်တော်ကြီးရင့်သဖြင့် လမ်းလျှောက်လျှင် အကူအတွဲ ဆောက်ပံ့ပေးရသဖြင့် အပေါ်ထပ်သို့ တက်ရန် ဝန်လေးတော်မူကြောင်း သိရသည်။

သို့သော်လည်း ဖောင်တော်ဦး ရုပ်ပွားတော်ကို အလွန်လေးမြတ်ကြည်ညို၍ လွန်ခဲ့သော နှစ်‚နှစ်ဆယ် ခန့်က ရုပ်ပွားဆင်းတု မှောင်ခိုသမား များက ကျပ်ငွေ သိန်းတစ်ထောင်ပေး၍ ဆည်းယူသော်လည်း ငြင်းပယ်တော်မူခဲ့သည်ဟု သိရသည်။

ထို့အပြင် ဦးအဂ္ဂဝံသအား မေဃဝတီ ကျောင်းနှင့်တကွ အရပ်ရပ် သာသနာမြေများကို လွှဲအပ်ခဲ့သူ ဆရာတော် ဦးဉာဏ လက်ထက်တော် များသည်း ဤသို့သော ဓမ္မလဒ္ဓမဟုတ် မသန့် မစင်ကြယ်သော လာဘ်များကို ပယ်ရှားတော်မူခဲ့ကြောင်း သိမှတ်ရလေသည်။

ထိုရုပ်ပွားတော်အား (မြန်မာသက္ကရာဇ် ၁၃၄၀ ပြည့်နှစ် မတိုင်မီက) ကားတစ်စီးနှင့် တိုက်ကျောင်းသစ်တစ်ကျောင်း ဆောက်လုပ်ပေးပါမည်ဟု ကမ်းလှမ်းခဲ့သည်။

ဦးဉာဏက မိမိ အသက်နှင့် ခန္ဓာကို ဤရုပ်ပွားတော်အား လှူဒါန်းထားပြီးဖြစ်၍ အသက်ရှင်နေသမျှ ကာလပတ်လုံး မည်သူ့ထံမှ လှူဒါန်းလိုစိတ် မရှိပါဟု ယတိပြတ် ပြောဆိုခဲ့လေသည်။

## ဖြစ်စဉ်တော်သမိုင်း

ဤရုပ်ပွားတော်ကြီးသည် **မထီစည်သူမင်း ဖောင်တော်ဦးတွင် ပင့်ဆောင် ကိုးကွယ်ထားသော ရုပ်ပွားတော်ကြီးဖြစ်သည်။**

မင်းကြီး တိုင်းခန်းလှည့်လည်စဉ် ဘေးတော် အနော်ရထာ၊ ကျန်စစ်သားများလက်ထက် ရဟန္တာ ရှင်အရဟံ သမုတ်ခဲ့သော သိမ်တော်သို့ ဝင်ရောက်ကြည်ညိုပြီးနောက် ခရီးဆက်ရာ ဖောင်တော်တန့်နေသဖြင့် သမားဟူးရားတို့ အကြံပေး လျှောက်တင်မှုကြောင့် ဖောင်တော်ဦးမြတ်စွာဘုရားကို ရှင်အရဟံသိမ်တော်တွင် ပူဇော်ထားခဲ့သည်။

နောင်တွင် တောင်သမန်ရွာဦးကျောင်း ပေါ်ပေါက်လာသောအခါ ကျောင်းတွင်းသို့ ပင့်ဆောင်ကိုးကွယ်ခဲ့ကြသည်။

ပုဂံမင်းလက်ထက်တွင် ဘုရင်က ရွာဦးကျောင်းဆရာတော်ထံ ခွင့်တောင်းကာ ရုပ်ပွားတော်ကြီးကို နန်းတော်သို့ ပင့်ဆောင်ကိုးကွယ်သည်။

ရွာဦးကျောင်း ဆရာတော်ကြီးက မင်းအရေးပေးမို့ ပယ်ရှားခြင်း ပြုတော်မမူသော်လည်း ရုပ်ပွားတော်ကြီး နန်းတွင်း၌ စံပယ်တော်မူသောအခါ မိဖုရားခေါင်ကြီးသည် ဦးခေါင်းယဉ်းခဲနာ ခံစားရလေသည်။

သမားတော်များနှင့် ကုသသော်



www.burmeseclassic.com

www.burmeseclassic.com



▲ လက်ယာဘက်မှ မြင်ကွင်း



▲ လက်ဝဲဘက်မှ ကြည်ညိုဖွယ်ရာ

လည်း ပျောက်ကင်းမှု မရှိသဖြင့် ပညာရှိတို့ တွက်ချက်ကြည့်သောအခါ ဤရုပ်ပွားတော်ကြီးသည် မူလ သီတင်းသုံးရာ၌သာ ကိန်းဝပ်တော်မူလိုသဖြင့် အစောင့်အရှောက် နတ်များက သတိပေးခြင်းဖြစ်ကြောင်း လျှောက်တင်ကြသည်။

ထိုအခါ ပုဂံမင်းက ဗိသုကာ ပညာရှင်များကို ဆင့်ခေါ်ကာ ရုပ်ပွားတော်ပင့်ဆောင်ရန် ဝေါယာဉ်တော်ကို အမြန် တည်ဆောက်ပြုလုပ်စေသည်။ ထို့နောက် မင်းကြီးကိုယ်တိုင် အခမ်းအနားနှင့်တကွ တောင်သမန်ရွာဦးကျောင်းသို့ ပြန်လည်ပင့်ဆောင်အပ်နှံကြသည်။

ဆရာတော်အဆက်ဆက် ထိန်းသိမ်းပူဇော်ခဲ့ကြပြီးနောက် တောင်သမန်ရွာဦးကျောင်း **(နောင်တွင် ရွာဦးကျောင်းဆရာတော်၏ တပည့်တစ်ပါးဖြစ်သော အရှင်မုနိန္ဒ၏ ကြည်ညိုဖွယ် သီလ သမာဓိစွမ်းအားကြောင့် မေဃဝတီကျောင်းဟု ပြောင်းလဲလာ၏။)**

မူလကျောင်းဆောင် ပြိုပျက်သွားသောအခါ ၁၃၄၁ ခုနှစ်တွင် မေဃဝတီကျောင်းထိုင်ဆရာတော်အဖြစ် ဆက်ခံသည့် ကျောက်တော်ကြီး ဆရာတော်က ကျောက်တော်ကြီးကျောင်းသို့ ပင့်ဆောင် ပူဇော်ထားသည်။ ပုဂံမင်းပြန်လည်ပင့်ဆောင်ခဲ့သည့် ဝေါယာဉ်ကိုမူ ကျောက်တော်ကြီးဘုရား ဂန္ဓကုဋိတိုက်တော်တွင် ယနေ့တိုင် တွေ့မြင်နိုင်လေသည်။

ဖူးတွေ့ရစဉ်

ဘူမိဖဿမုဒြာ တင်ပျဉ်ခွေရုပ်ပွားတော်ဖြစ်သည်။ ဉာဏ်တော်အမြင့် (၃)ပေခွဲခန့်ရှိ၏။ လက်ဝဲနားတော်စွန်းပခုံးနှင့် အနည်းငယ်ဟ၍ လက်ယာနားတော်စွန်းမှာ ပခုံးထိနေသည်။ ကြာဖက်ဆောင်း ရုပ်ပွားတော်ဖြစ်သော်လည်း မှိုကိုးချက်၊ ရေကန်၊ ငါးကြာ စသည့် ဒက္ခိဏာသာခါ ထုလုပ်ပုံ အဆင်တန်ဆာများ မရှိပါ။

နောက်တော်မှ ကြည်ညိုသောအခါမှ ဆံတော်ကို ကြာပွင့်ဖတ်သဖွယ် ထုလုပ် တန်ဆာဆင်ထားခြင်းဖြစ်ကြောင်း သိရသည်။

စမ္မခဏ် အောက်ဘက်ကို ပင့်မလှေ့လာကြည့်ရာ သက်န်းနက်သားကို ထုဆစ်ထားသည်ဟု ယူဆရသည်။ ကျစ်လျစ်၍ အလေးချိန်စီးလှသည့် သစ်သားတစ်မျိုး ဖြစ်ပေသည်။

ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်အား ထိခြင်းငါးပါးဖြင့် ရှိခိုးပူ



www.burmeseclassic.com

www.burmeseclassic.com

ပူဇော်နေစဉ် ဆရာတော် မှာလိုက်သော မှတ်တမ်းမှတ်ရာများကို ရှာမတွေ့သဖြင့် ဦးပဥ္ဇင်းက သွားရောက်လျှောက်ထားရာ ဆရာတော်ကိုယ်တိုင် (အကူအတွဲဖြင့်) ကြွရောက်တော်မူလေသည်။

ဤရုပ်ပွားတော်မှာ တန်ခိုးကြီးမားး၍ ပြည့်ရှင်(ပုဂံ)မင်းသော်မှ ပင့်ဆောင်၍မရခဲ့ပေ။ ထိန်းသိမ်းစောင့်ရှောက်သည့် ဆရာတော်ကိုယ်တိုင် လိုလားခွင့်ပြုမှသာ ဆုတောင်းပြည့်ဝသည်ဟု ဦးဝိလာသက မိန့်တော်မူခဲ့သည်။

ယခု ဖူးတွေ့ရသော်လည်း ဆရာတော်ကြီး လိုက်ပါလာခြင်း မရှိသဖြင့် စိတ်စနောင့်စနင်း ဖြစ်နေခဲ့ရာမှ ရှင်းလင်းပေါ့ပါးစွာ ဆုတောင်းဖြစ်သည်။

## အခြားရှင်ဘုရုပ်ပွားများ

ဆရာတော်ကြီးက ဖောင်တော်ဦးဘုရားနှင့် မေဃဝတီကျောင်းဆိုင်ရာ သမိုင်းမှတ်တမ်းအချို့ကို ရှာဖွေ စွန့်လှူပြီးနောက် ဗီရိုတစ်ခုကို ညွှန်ပြသည်။

'ရှင်မောဂ္ဂလာန်ရဲ့အံတော်ကွယ့်။ သေသေချာချာ ဖူးနော်။ ထိုက်လို့ ဖူးရတာ'

ဟု မိန့်တော်မူသည်။ အလျားသုံးလက်မနှင့် ဖြက် တစ်လက်မခွဲခန့်ရှိသည်။

'ဘယ်က ပင့်လာတာလဲ အရှင်ဘုရား'

'လောကီဆရာကြီးတစ်ဦးက ဘုန်းကြီးကို ကြည်ညိုလို့ဆိုပြီး လှူသွားတာ ကြာလှပေါ့။ ငွေတယ်လောက်ပေးပေး မရောင်းပါနဲ့ ဘုရားလို့လဲ မှာသွားတယ်'

ယင်းနှင့်အတူ သိဒ္ဓိပေါက်မြောက်သွားသည့် ပုဂ္ဂိုလ်တစ်ဦး၏ လုံ့ခွံကိုလည်း တွေ့ရ၏။

တင်ပျဉ်ခွေရုပ်ပွားတော် တစ်ဆူမှာ



◆ ထူးခြားသော ရုပ်ထင်းတု

မျက်လွှာချ၍ နှုတ်တော် ရယ်ပြုံးဟန်ဖြင့် ထူးခြားစွာ တွေ့ရ၏။ အင်းဝခေတ်လက်ရာဟု ယူဆရပေသည်။

ကုဗတုံးအထက် ယာဒူးထောင်ကာ ယာလက်ဖြင့် သန်လျက်ထမ်းထားသော နတ်ရုပ်များမှာ စုစုပေါင်း(၈)ခု ရှိကာ ဆေးစောင့်နတ်ရုပ် ဖြစ်ဟန်ရှိသည်။ ဆေးပေါင်းမံရုပ်တု(အရွက်အမြစ်စုံကြိတ်၍ ပြုလုပ်ထားသော ရုပ်တု)ဖြစ်၍ တနင်္ဂနွေအစ ရာဟုအပါအဝင် ဂြိုဟ်ကြီးရှစ်လုံးကို ရည်ညွှန်းထားလေသည်။

## ရုပ်ရှင်တော်မြတ်

ထို့နောက် ဖောင်တော်ဦးရုပ်ပွားတော်အား ရုပ်ရှင်တော်မြတ်ဟု ခေါ်တွင်ကြခြင်းအကြောင်း စုံစမ်းကြည့်ရာ ရုပ်လျက်၊ ထိုင်လျက်၊ လက်ဝဲဘက်၊ လက်ယာဘက် စသည် ဖြင့် နေရာဌာနပြောင်းလဲကာ ဖူးမြော်ပါက မျက်နှာဟန်တော် ပြောင်းလဲအပူဇော်ခံ၍ ဖြစ်ကြောင်း သိရှိရသည်။

သို့ဖြစ်၍ အဆိုပါ လေးဌာနမှ ဖူးမြော်ရပုံများကို ဓာတ်ပုံမှတ်တမ်းပြု၍ တင်ပြလိုက်ပါသည်။

## ကျောက်တော်ကြီးဘုရား

ထို့နောက်တွင် ဆရာတော်ကြီးအား ဦးချကန်တော့၍ ကျောက်တော်ကြီးဘုရားသို့ သွားရောက်ကြည်ညိုသည်။ ဂန္ဓကုဋိပြာသာဒ် စေတီတော်ကြီးမှာ ပုဂံအာနန္ဒာလိုဏ်ဂူကဲ့သို့ပင် ခမ်းနားသပ္ပါယ်လှပါသည်။


ပုဂံမင်းသည် ဤပြာသာဒ်စေတီကို တည်ဆောက်ရာ၌ တတိယပစ္စယံ အထက် ကွမ်းတောင်တော်တွင် ဓာတ်တော်မွေတော်များနှင့် အတူ ရွှေဆင်းတု(၁၂)ဆူ၊ ငွေဆင်းတုအဆူ(၂၀)နှင့် ပြည်သူအပေါင်း လှူဒါန်းသော ရွှေဆင်းတု၊ ငွေဆင်းတု အဆူ(၃၅၀)ကျော်တို့ကို ဌာပနာပြု ပူဇော်ထားသည်ဟု သိရသည်။

ထို့နောက်တွင် ဂန္ဓကုဋိတိုက်တော်တွင်းရှိ မဟာသကျရံသီ ကျောက်တော်ကြီး ရုပ်ပွားတော်ကို ဝင်ရောက်ဖူးမြော်သည်။

ဤမျှ ကြီးမားသော ရုပ်ပွားတော်ကြီးကို တစ်ဆက်တည်းသော ကျောက်ဖြူတုံးအား ထုဆစ်ပူဇော်ခြင်းဖြစ်သည်ဆိုရာ ဘကြီးတော်မင်း လက်ထက် လွန်ခဲ့သော နှစ်ပေါင်း (၁၈၀)ကျော်က မြန်မာ့ရေမြေတွင် သယံဇာတ ပေါကြွယ်ခြင်းဖြစ်၏ ပြယုဂ်ဟု ယူဆမိပေသည်။

ရုပ်ပွားတော်ကြီး၏ လက်ယာဘက် အခန်းထောင့်တွင် အမရပူရ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ ရုပ်တုကို တွေ့ရသည်။ ကျောက်တော်ကြီးဘုရားကို ပြန်လည်မွမ်းမံရာ၌

www.burmeseclassic.com



◆ ကျောက်တော်ကြီးဆရာတော် ဦးအဂ္ဂဓံသ

ဦးဆောင်နာယက ဆရာတော်ဖြစ်ခြင်းကြောင့် ဂန္ဓကုဋိတန်ဆောင်း ပူဇော်ထားခြင်း ဖြစ်သည်ဟု သိရသည်။

တံခါးဝအနီးတွင်မူ ပုဂံမင်းကြီးဖောင်တော်ဦးရုပ်ပွားတော် ပြန်လည်ပို့ဆောင်ရာ၌ သုံးခဲ့သော ဝေါယာဉ်ကိုထားရှိသည်။

ကုန်းဘောင်ခေတ် ပုဂံမင်းလက်ထက် မြန်မာမှုလက်ရာ အဆင့်အတန်းကို လေ့လာနိုင်သည့်သာမက ဖောင်တော်ဦးရုပ်ပွားတော်၏ ထူးခြားဖြစ်စဉ်တော်တစ်ရပ်အတွက် သက်သေအထောက်အထားလည်း ဖြစ်ပေသည်။

## ဆေးရေးပန်းချီများ

ပြာသာဒ်စေတီ၏ စောင်းတန်းပေါင်းမိုးတွင် ဆေးရေးပန်းချီများရှိရာ ကမ္ဘာလှည့် ခရီးသည်များက အစုလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းသော်လည်းကောင်း လေ့လာကြည့်ရှု၍ ဓာတ်ပုံမှတ်တမ်း ပြုနေကြသည်ကို တွေ့ရသည်။

ကောင်းကင်နက္ခတ် တာရာများနှင့် ပါဒစေတီ ခြေတော်ရာ စက်လက္ခဏာပုံတော်များ ဖြစ်ကြသည်။

စေတီမွမ်းမံပြုပြင်သူ ဗိသုကာဆရာကြီးသည် ပန်းချီပန်းပုသာမက *နက္ခတ်အမြင်ပညာတွင် ကျွမ်းကျင်သူ*လည်းဖြစ်ရာ ပေါင်းမိုးမှ နက္ခတ်တာရာများကို မျက်မြင် အနေအထားအတိုင်း မြန်မာနက္ခတ် အယူအဆနှင့် တိုက်ဆိုင်ရေးဆွဲခဲ့သည်ဟု ဆရာရွှေမင်းက ပြောပြသည်။

ကောင်းကင်တွင် လသွားလမ်းပေါ်ရှိ ကြယ်စုများကို နက္ခတ်ခေါ်၍ မြောက်ဘက်ကြယ်စုကို အတွင်းတာရာ၊ တောင်ဘက်ကြယ်စုကို အပြင်တာရာဟူ၍ သတ်မှတ်ထားသည့်အတိုင်း တစ်စုစီခွဲ၍ ရေးဆွဲဖော်ပြထားသည်ဟု ပြင်သစ်အမျိုးသားတစ်ဦးက Real True ဟူ၍ နက္ခတ်ပုံများကိုညွှန်ကာ ပြော၏။ အပြင်နက္ခတ်တာရာများ တည်ရှိပုံနှင့် နီးစပ်မှန်ကန်သည်ဟု ဆိုလိုဟန် ရှိပေသည်။

ကောင်းကင် နက္ခတ်တာရာများအကြားတွင် တောင်ဝှေးထမ်းကာ ဝေဟင်ခရီး ပျံသန်းနေသော ဝိဇ္ဇာဓိုရ်ရုပ်ကိုလည်း တွေ့မြင်ရလေသည်။

ခြေတော်ရာတွင် ပူဇော်ထားသော စက်လက္ခဏာများမှာ ပုံတောင်းပုံ(စက်ဝိုင်းပုံ) *ဖွဲ့စည်းထားသည်။ ကုန်းဘောင်*ခေတ်နှောင်းကာလ စက်လက္ခဏာဖွဲ့စည်းပူဇော်မှုဟု ယူဆရသည်။

ရင်ပြင်ပတ်လမ်း၏ အရှံအုတ်နံရံတွင် သာဝကရဟန္တာရုပ်တုများကို စီတန်းပူဇော်ထားသည်။ ပုဆစ်ဒူးတုပ်၍ လက်ဝါးနှစ်ဖက်အပ်လျက် စကျွန်ခြွေချထားပုံဖြစ်သည်။

ရွှေတောင်မြို့နယ် ရွှေစက်မြောင်တောရသိမ်ပတ်လည်ရှိ ရဟန္တာ(၈၀)ရုပ်ပုံများနှင့် ဟန်တော် တူညီကြသည်။ ဖြစ်စဉ်တော် သမိုင်းကိုမူ မသိရှိခဲ့ရချေ။

## နိဂုံးတိုက်တွန်းချက်

တောင်သမန်အင်းမှ ဦးပိန်တံတားကို အလည်အပတ် လာကြသူများသော်လည်း ကျောက်တော်ကြီးဘုရားကိုမူ လာရောက် ဖူးမြော်ကြည်ညိုသူနည်းပါးလှကာ ကမ္ဘာလှည့်ခရီးသည်အချို့သာလျှင် မျက်စိလည်၍ ရောက်လာတတ်သည်ကို တွေ့ရ၏။ ထို့ကြောင့် ကျောက်တော်ကြီးဘုရားမှ စိတ်ဝင်စားဖွယ်အချို့ကို မှတ်တမ်းပြု၍ *ဖော်ပြလိုက်ပါသည်။*

တောင်သမန် ဦးပိန်တံတားသို့ အလည်အပတ် အပန်းဖြေ ခရီးတစ်ထောက် ရောက်ခဲ့ပါလျှင် တစ်ဖက်ကမ်းရှိ မဟာသကျရံသီ ကျောက်တော်ကြီးဘုရားသို့ လာရောက်လေ့လာကြည်ညိုကြပါရန် တိုက်တွန်း၍ နိဂုံးချုပ်ရပါသည်။

**ဇင်ညိုငယ်**

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အသည်းရောဂါအတွက် ကိုယ်တိုင်ကုသ ထုတ်လုပ်ထားတဲ့

# မင်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၀၁၃ Y ၀၁၀၆၇၂) (တဆ၀က(စာနယ်ဇင်း) ၀၀၇/၀၂၁၂) ဦးအိုက်စံ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့် အပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွက်ပလာသော ရောဂါများအနက်လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံး၀ပျောက်ကင်းသက်သာအောင်ကုသမရဘဲလျက်သက်သာရုံ ရောဂါကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများလည်းရှိ၏။


ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသောရောဂါများ အနက်မှ အသည်းနှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့ အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းနိုင်ပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံး၀ပျောက်ကင်းအောင်ကုသမှုခံယူရန် မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ဝမ်းဗိုက် အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်းတောင့်၏။ ပျို့အန်၏။ အစားအစာများစားချင်သောက်ချင်စိတ်မရှိ ဝမ်းဗိုက်ထဲမှလေသံများ တဂျိုးဂျိုး ကြားနေရ၏။ မျက်စိနှင့် အသားအရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ ရံခါဝမ်းချုပ်၍ ရံခါ အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်နည်းလာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာ ပိန်ခြိုးလာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေးကတော့ ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့ အစာအိမ်ရောဂါလို့ထင်ခဲ့၏။ သည်လိုနှင့် ကျွမ်းကျင်သော အထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ်သော ဆေးစစ်ဆေးမှုများခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို နှစ်လကျော်ကျော်နှိပ်စက်နေသော အနီးရန်သူသည် B-ပိုး ဖြစ်နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာခြောက်နေ၏ဟု ဆရာဝန်ကြီးကမိန့်ကြား၏။ ထိုခဏမှာပင် ကျွန်တော်နှင့် ဇနီးဖြစ်သူတို့မှာ နွှေခေါင်ခေါင် မိုးကြိုးပစ်ခံလိုက်ရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံး၀ကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေ လျှော့ချရုံမျှသာစွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရခံစားရပြန်သည်။

သည်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေသကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမားတော်ဆရာမြင့်ရှိရာ စကြာမင်း တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက ''ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိက ကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်



www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲ့ဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ ''ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်''ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူး ဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက် နံရိုး အဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝပြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံရောက်တော့ ''ဆရာရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး''လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ ''ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား၊ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ''ဆိုမှ ''ဩော် မှတ်မိပြီ ဦးအိုက်စံကိုး အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ'' ''ဆရာ့ကို ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ'' ''ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ'' ''ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ'' ''အင်း...ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော်လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေက တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး''

''ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်ရောကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေအတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ ''ဟာ... ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်ပါ'' ''ဖော်မြူလာဆရာက ပေးမှာလား၊'' ''ပေးပါ့ဗျာ၊ ပေးပါ့၊ ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပါ့မယ်'' ''မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်းလေးစားပါတယ် ဆရာ''

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစားနေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စက်မှုကို ခံစားခဲ့ရသည်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်ရွှင်မှုအရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါသည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်။ ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင်ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသားဝါရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်းကြီး၊ အသည်းခြောက် ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝိုက်အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သောရောဂါများအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိုးမျိုး ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာနှင့် မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေး**ပဲဖြစ်၏ ဟူ၍ သတင်းကောင်းလေး ပါးလိုက်ပါသည်။

**ဦးအိုက်စံ (လားရှိုး)**

ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့် အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။

**ပင်ရင်း- မန်းရာဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**
**အမှတ်(၁၁/၃၆၀)၊ သုနန္ဒာ(ဂ)လမ်း၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁ ၆၉၁၀၉၁၊ ၀၉ ၇၃၂ ၄၃၀၉၄**

**ရှမ်းပြည်နယ်ဖြန့်ချိရေး-**
**အမှတ်(၁၂/၉)၊ ဘုတာလမ်း၊ ရပ်ကွက်-၁၀၊ လားရှိုးမြို့။**
**ဖုန်း-၀၈၂ ၂၆၂၉၁၊ ၀၉ ၄၇၃ ၂၂၂၁၃။**



www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ခွင် သမိုင်းဝင်စေတီများ

၏ အောင်မြေနှင့် ရှိုးပူဇော် ဂါထာတော်များ ( ၄၇ )

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)



◆ သင်္ကန်းနက်ပဋိမာမြတ်စွာဘုရားအား လက်ယာဘက်အောက်မှ ဖူးမြော်ရာတွင် ထူးထမ်းသော "ဝ"အက္ခရာ ပေါ်ထွက်လာနေပုံ

သင်္ကန်းနက်ပဋိမာမြတ်စွာဘုရားအား ရှေ့တည့်တည့်မှ ကြည်ညိုဖွယ်ရာ ဖူးမြော်ရပုံ ◆



သင်္ကန်းနက်ဘုရား

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

***[၃-ကြိမ် ရွတ်ပါ။]***

မဏိပူရ နဂရသ္မိံ
ကသည်းနာမကေန ကာရိတံ။
သင်္ကန်းနက်ဝ ပဋိရူပံ
ဝန္ဒေ တံ အဟ မာဒရံ။

***(သျှင်ဝေရိတ္တရ-မြေချမ်းသာ)***

မြန်မာပြန်

**မဏိပူရ နဂရသ္မိံ–** မဏိသူရတိုင်း အာသံနယ်မှ၊

**ကသည်းနာမကေန–** ကသည်းမ ဟု အမည်ရှိသော ဒကာမသည်၊

**ကာရိတံ–**ဆောက်လုပ်သမှု ကိုး ကွယ်ခြင်းပြုခဲ့သော၊

**ယံသင်္ကန်နက်ဝ ပဋိရူပံ–** အကြင် သင်္ကန်းနက်သား မြတ်ဘုရား ဆင်းတု တော်သည်၊ **အတ္ထိ**–ရှိပါပေ၏၊ **တံ–** ထိုသင်္ကန်းနက်သား မြတ်စွာဘုရားကို၊

**အဟံ–**"…"ဟုနာမသမုတ် အကျွန်ုပ် သည်၊

**အာဒရံ–**ရိုသေလှစွာ၊

**ဝန္ဒေဝန္ဒာမိ–**ဗုဒ္ဓအစစ် စိတ်မှာ ဖြစ် ၍ ကြည်လင်သဒ္ဓါ မြတ်နိုးစွာ ရှိခိုးပါ၏ မြတ်စွာဘုရား။

**ခန့်မှန်းခုနှစ်။** ။ ၁၁၄၈ ခုနှစ်။

**ဒါယကာ။** ။ အင်္ဂဘတ် ကသည်းမ။

**တည်နေရာ။** ။ ရှင်ပင်နံ့ကိုင်းတောင် ခြေ၊ ထုံးဖိုရပ်ကွက်၊ ဧရာဝတီမြစ်အနီး၊ စစ်ကိုင်းမြို့။

**ပွဲတော်ရက်။** ။ မဟာသင်္ကြန် အကြတ်နေ့။

**အစောင့်အရှောက်။** ။ ဝသုန္ဓရေ

www.burmeseclassic.com





▲ ထူပါရုံစေတီတော်တွင် သီတင်းသုံး တော်မူသော ဘူမိဖဿမုဒြာရုပ်ပွားတော် အား မင်းဝတ်တန်ဆာများဆင်ယင်၍ လှူဒါန်းထားပုံ

ထူပါရုံစေတီတော်တွင် အပူဇော်ခံထား သော ဘူမိဖဿမုဒြာရုပ်ပွားတော် အား ထူးခြားသော လာဘမုနိမုဒြာလက်တော် ဟန်ပြင် သင်္ကန်းရက်ပဒိုမာ ရုပ်ပွားတော်ကဲ့သို့ ဖူးမြင်ရပုံ ▶

နတ်သမီး။

**အောင်မြေ** ။ ဘုရားဆောင်အတွင်း တနင်္ဂနွေထောင့်။

**ထူးခြားချက်** ။ မြန်မာနှင့် ကသည်း လူမျိုးများမှာ အိမ်နီးချင်းနိုင်ငံများ ဖြစ်ခဲ့ကြသော်လည်း အလောင်းဘုရား၏ ခေတ်၌ လည်းကောင်း၊ ဘိုးတော်ဗဒုံမင်း၏ခေတ်တွင် လည်းကောင်း မြန်မာမင်းများ၏ လက်အောက်ခံ စော်ဘွားအဆင့်ဖြင့် ဘဏ္ဍာတော်များ၊ သမီးကညာများ ဆက်သရသူများ ဖြစ်ကြလေသည်။

မဏိပူရအာသံမှ ကသည်းများ ကား အတတ်သည်များ၊ ပညာရှင်များ လည်း ပါဝင်ကြလေသည်၊ အများအား ဖြင့် ကာယလုပ်သားများသာ ဖြစ်လေ သည်။

ကသည်းစော်ဘွား၏ ပညာရှိ ပုဏ္ဏားတော်ကြီး "**မဟာသရဖူ**" ဆိုသူ က စစ်ကိုင်းမြို့ရှိ ဧရာဝတီမြစ်ရေကို သောက်သုံးရလျှင်၊ ချိုးရလျှင် ရောဂါ အန္တရာယ်နှင့် ဘေးဥပဒ် ရန်မာန်အပေါင်း တို့မှ ပျောက်ကင်းချမ်းသာကြောင်း ဟောပြောသောကြောင့် မြန်မာနိုင်ငံ ဗေဒေယျာပူရသို့ လာရောက်ခြင်း ဖြစ် သည်ဟု "**မှန်နန်းရာဇဝင် တတိယ တွဲ စာ/၃၇၀** တွင် ဖော်ပြထားလေ သည်။

**မြတ်စွာဘုရားသည် ပဲပုံတောင် အနီး ဖေဘာဝန်ရေသိပ်၌ ချိုးရေတော် သုံးသပ်ခဲ့ခြင်းကို အခြေခံ၍ ဟော ပြောခြင်း** ဖြစ်ဟန်ရှိပါသည်။


**ယခု ထောင်သိုင်းအောင် ရှေးရိုးမြန်မာ သမားတော်ကြီးများသည် မြတ်စွာဘုရား ချိုးရေတော်သုံးခဲ့သော ဝေဘာတောင်နံရံ တမ်းပဲသာအရပ်သို့မှ ရေကို အသုံးပြုရာ**






www.burmeseclassic.com

www.burmeseclassic.com





◄ ပုဂံမြို့ အာနန္ဒာစေတီတွင် အမှတ်စံထားသော
သင်္ကန်းနက်ရုပ်ပွားတော်ကဲ့သို့ မူကြာနှစ်ရှည်ကို မှတ်မြဲဂုံ
သင်္ကန်းနက်ပမြိုမာမြတ်စွာဘုရား သိတင်းသုံးရာအဆောင်တော် ▶

ကြီးမျှာ၌ အဝင်အနားနှင့် ကြွရောက် ယူဆောင်၍ သေးဖော်စပ်ရာတွင် ယုံကြည်လေးစားစွာ အသုံးပြုနေကြလေသည်။

သက္ကရာဇ် ၁၀၉၉ ခုနှစ်တွင် မဏိပူရ ကသည်းစစ်သည်များသည် စစ်ကိုင်းမြို့အား တစ်ကြိမ် လာရောက် တိုက်ခိုက်ကြလေ၏။

စစ်ကိုင်းမြို့၏ ကမ္ဘာကျော် **"ရာဇမဏိစူဠာ ကောင်းမှုတော်"** စေတီတော်ကြီး၏ အရှေ့မုခ် ကျွန်းတံခါးကြီးအား ဓားလှံလက်နက်များဖြင့် ထိုးခုတ်ဖျက်ဆီးခဲ့ကြလေ၏။ ယနေ့တိုင် ဒဏ်ရာ၊ ဓားရာများ ကျန်ရှိနေလေ၏။

ဤမျှမက ဝေဠုဝန် ငါးထပ်ကြီးဘုရား၊ ငါးထပ် ပြာသာဒ်ဆောင်နှင့် ကျောင်းတော်ကြီးအား လည်းကောင်း အိမ်ရာကျောင်းကန်များကို မီးရှို့ ဖျက်ဆီးခဲ့ကြလေသည်။

သက္ကရာဇ် ၁၁၂၀ ပြည့်နှစ်တွင် ကသည်းများက အခွန်ဘဏ္ဍာ မဆက်သခြင်း၊ နယ်စပ်မှ မြန်မာ၊ ကုလားများကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း အလောင်းမင်းတရားကြီးက မဏိပူရ အာသံ၊ ကသည်းများအား ပြန်လည် တိုက်ခိုက် သိမ်းယူခဲ့ရလေ၏။

သက္ကရာဇ် ၁၂၃၁ ခုနှစ်တွင် **"ဆင်ဖြူရှင်မင်းတရားကြီး"**ကို မဏိပူရ ကသည်းစော်ဘွားများ တာဝန်ပျက်ကွက်သောကြောင့် **"စစ်သူကြီး မဟာသီဟသူရ"**က သွားရောက် ဖမ်းဆီးကာ အင်းဝနေပြည်တော်တွင် အလုပ်အကျွေးများအဖြစ် ထားရှိခဲ့လေသည်။

သက္ကရာဇ် ၁၁၇၇ ခုနှစ် မဏိပူရ အာသံ ကသည်းများ ထကြွပုန်ကန်ကြသောကြောင့် ဘိုးတော်ဦးဝိုင်းခေါ် ဗဒုံမင်းက အာသံစော်ဘွားများအား ပြန်လည် သိမ်းပိုက်လေရာ ကသည်းလူမျိုး ပန်းပဲပညာရှင်များ၊ ပန်းချီ၊ ပန်းပုပညာရှင်များ၊ လက်သမား ပန်းရန်မှစ၍ အများအပြား သုံ့ပန်းအဖြစ် ခေါ်ဆောင်ခဲ့လေသည်။

အချို့ကို စစ်ကိုင်းမြို့ ညောင်ကုန်းရပ်၊ လင်းဇင်းရပ်၊ မိုးဇာရပ်တို့၌ ထားရှိ၍ လယ်ယာဥယျာဉ်များ လုပ်ကိုင်စေခဲ့၏။

များစွာသော ကသည်းများကိုလည်း အင်းဝမြို့တော်ကြီး၌လယ်ယာလုပ်ငန်းခွင်များ၌ အလုပ်အကျွေးများအဖြစ် ထားရှိခဲ့လေသည်။

ဘိုးတော်ဗဒုံမင်းသည် အင်းဝမြို့တော်ကြီးအား စွန့်ပယ်၍ အမရပူရ ရွှေမြို့တော်သစ် တည်ဆောက်သော အခါ ကသည်းများ၊ ယိုးဒယား(ထိုင်း) လူမျိုးများအား ခိုင်းစေခဲ့လေရာ ကသည်းများမှာ အများဆုံးဖြစ်လေသည်။

၁၁၄၄ ခုနှစ်၊ တန်ဆောင်မုန်း လပြည့်နေ့တွင် နတ်ဒေဝတာများ ပူဇော်ပသပွဲပြုလုပ်ပြီး ဝန်ရှင်တော်မင်း မဟာစည်သူ၊ မင်းဖေယျကာမဏိနှင့် ဝန်ထောက်တော် စာရေးကြီးတို့အား အကြီးအမှူး အကြပ်ခန့်၍ တာဝန်ခွဲဝေ ဆောင်ရွက်စေခဲ့၏။

ကသည်းအများစုနှင့် ယိုးဒယား (ထိုင်း)လူမျိုးများမှာ သားတော်၊ သမီးတော်များ၏ ကျွန်အဖြစ်လည်းကောင်း၊ လှေတော် အမှုထမ်းများအဖြစ် လည်းကောင်း၊ အုတ်ဖုတ်ခြင်း၊ ပန်းရန်လုပ်ခြင်းများကိုလည်းကောင်း၊ အလုပ်ပေ



www.burmeseclassic.com

www.burmeseclassic.com

ပြင်ဆင်သူများ၊ ပန်းချီပန်းပုပညာရှင်များအဖြစ် လုပ်ကိုင်ကြရလေ၏။ လုပ်ခလည်း ချီးမြှင့်ခဲ့လေသည်။

ထိုကသည်း အဆက်အနွယ်များသည် ယနေ့တိုင် စစ်ကိုင်းမြို့တွင် နေထိုင်ကြသည်ဟု သိရသည်။

တစ်နေ့သောကာလတွင် စစ်ကိုင်းမြို့ ထုံးဘိုရပ် ရှင်ပင်နံကိုင်းတောင်တော်၏ တောင်ခုလတ်တွင် မှီခိုနေထိုင်သော ကသည်းမိသားစုသည် **ဧရာဝတီမြစ်အတွင်းမှ ဆယ်ယူရရှိသော သက်န်းနက်တုံးကြီးအား ဘုရားရုပ်တုနှင့် တူညီ**သောကြောင့် ဗုဒ္ဓဘုရားရှင်၏ ပုံတော်အဖြစ် ပြန်လည်မွမ်းမံ၍ ပူဇော်ကိုးကွယ်ထားလေ၏။

ထို သက်န်းနက်ရုပ်တုတော်ကြီးကို မည်သူမျှ အမြင်မခံဘဲ မိမိတို့ ကိုယ်တိုင် တည်ဆောက်ထားသော "ကသည်းအိမ်ကြီး"၌ လျှို့ဝှက်စွာ ပူဇော်နေကြလေ၏။

ရွာသူရွာသားများနှင့် အဆက်အဆံနည်းပါးသောကြောင့် တသီးတခြားသာ နေထိုင်ကြလေသည်။ ရွာသားများနှင့် စိမ်းနေခြင်းလည်း ဖြစ်လေသည်။

ရံဖန်ရံခါတွင် ကသည်းအိမ်ကြီးရှိရာမှ ကြီးမားသော မြွေကြီးများ ထွက်ပေါ်လာတတ်သောကြောင့် ရွာသားများ အဝင်အထွက်မပြုကြပါ။ ထိုအိမ်ကြီးမှာလည်း "ကသည်းအိမ်ကြီး" ဟူ၍သာ ဒေသခံများက ခေါ်ဝေါ်ခဲ့ကြလေသည်။

ကသည်းအိမ်ကြီးမှာ ခိုင်ခံ့လှသော်လည်း သက္ကရာဇ် ၁၃၄၂ ခုနှစ်တွင် "မော်ပုံနိုင်တိုက်မိသားစု"မှ အုတ်တိုက်အဆောင်တော် တည်ဆောက်၍ ထိုနေရာမှာပင် ကိုးကွယ်ထားကြလေ၏။

အုတ်တိုက် စံကျောင်းကိုလည်း ကသည်းအိမ်ကြီးမှ ကျန်ရှိသော



◆ လေးကျွန်းထိပ်တင် ဖောင်တော်ရှင် သက်န်းနက်ဘုရား၏ အနီးကပ်စာတန်း



◆ ကသည်းအိမ်ကြီးမှ ရှေးဟောင်းလက်ကျန် အသားများဖြင့် ပြန်လည်တည်ဆောက်ထားသော ကသည်းအိမ်အရုက်တော်ကြီး

ကျွန်းတိုင်ကြီးများဖြင့် အခြေခံ၍ သွပ်မိုးအာရုံခံကြီးဖြင့် ငုံမိုးပြီး ထားရှိကြလေသည်။

သက်န်းနက်ဘုရား စံကျောင်းတော်ကြီးအား "ကသည်းအိမ်ကြီး" ဟူ၍သာ အမည်တွင်နေလေ၏။ အလှူရှင်များကမူ **"အလောင်းစည်သူမင်းကြီး၏ သက်န်းနက်ဖောင်တော်"ကို ရည်၍သာ "လေးကျွန်းထိပ်တင် ဖောင်တော်ရှင် သက်န်းနက်ရုပ်ပွားတော်"**ဟူ၍ကမ္ပည်းထိုးထားလေသည်။

ရှေ့မီနောက်မီ အသက်ဝါကြီးသူများကလည်း အလောင်းစည်သူမင်းကြီး ပင့်ဆောင်ခဲ့သော ရုပ်ပွားတော်ဖြစ်ကြောင်း ကြားနာရလေ၏။

ဒေသခံများကလည်း ဧရာဝတီမြစ်အတွင်း ရေဆင်းချိုးရာမှ ကသည်းမကြီးက ဆယ်ယူပြုပြင်ကိုးကွယ်ထားခြင်း ဖြစ်သည်ဟု ကြားနာရလေ၏။


မည်သို့ပင်ဆိုစေ **"သက်န်းနက်ပဋိမာ ရုပ်ပွားတော်ကြီး"**မှာ ဦးခေါင်းတော်(၁း၂)ဖြစ်သောကြောင့် လွန်စွာ အနုပညာပြောင်မြောက်လှပသည်။

စစ်ကိုင်းမြို့ အနောက်တာ လင်းဇင်းရပ်မှ ကသည်းလက်ရာနှင့်လည်း တူညီသောကြောင့် ကသည်းပညာရှင်တို့၏




www.burmeseclassic.com

www.burmeseclassic.com



▲ ကသည်းများ နေထိုင်ရာ "ကသည်းမြို့" အမည်တွင်သော ဌာနတွင် ဆောက်လုပ်လှူဒါန်းထားသောကျောင်းတော်

▼ ကသည်းများ နေထိုင်ခဲ့ရာ ကုန်းမြင့်မှ နေရာဟောင်း



လက်ရာဟူ၍လည်း မျှော်မှန်းနိုင်လေ၏။

ဘိုးတော်ဗဒုံမင်းက သုံ့ပန်းအဖြစ် ယူဆောင်ခဲ့သော ကသည်းများ၏ လက်ရာဆိုလျှင်လည်း အသင့်ယုတ္တိ ရှိနေသောကြောင့် သုတေသန ပညာရှင်များအတွက် လေ့လာစရာ ဖြစ်ပါသည်။

သက်န်းနက်ပဋိမာ ရုပ်ပွားတော်ကြီးမှာ စစ်ကိုင်းမြို့ ထူပါရုံစေတီတော်ကြီး၌ ယခင်က ဆရာကြီးဦးသန်း လှူဒါန်းထားသော ရုပ်ပွားတော်(၂)ဆူနှင့် တူညီလျက် ရှိနေလေ၏။

သက်န်းနက်သားဖြင့် ထုလုပ်ပူဇော်ခံသော ရုပ်ပွားတော်မှာ စစ်ကိုင်းမြို့တွင် ဤတစ်ဆူသာရှိသည်ဟု ထင်ပါသည်။ ကျွန်ုပ်၏ လေ့လာအားနည်းသောကြောင့်လည်း ဖြစ်နိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၌ သက်န်းနက်ရုပ်ပွားတော်တစ်ဆူရှိခဲ့လေသည်။ ထိုရုပ်ပွားတော်ကို အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် စစ်ဆင်စစ်တက်မသွားမီ "**စစ်ထွက် အောင်မြေသက်န်းနက်မြတ်စွာဘုရား**"ထံ သစ္စာဆိုလေ့ရှိလေ၏။

သစ္စာမှာ...

'သာသနာပြုမည့် မင်းစင်စစ်သာလျှင် ဤတိုက်ပွဲကို နိုင်ရပါစေသား'

ဟူ၍ အဓိဋ္ဌာန်ပြုတော်မူပါသည်။

ထို"စစ်ထွက်အောင်မြေ သက်န်းနက် ရုပ်ပွားတော်" မှာ "ဂဠုန်ဦးစော" နန်းရင်းဝန်အဖြစ် ဆောင်ရွက်နေစဉ် ရွှေဘိုမြို့မှ ပင့်ဆောင်သွားခဲ့လေရာ ယခုအခါ ရွှေတိဂုံဘုရားကုန်းတော်၌ ဖူးမြော်နိုင်ကြလေသည်။

ရွှေတိဂုံ အနောက်ဘက်စောင်းတန်းရှိ ရုပ်တော်မူ ရုပ်ပွားတော်ကြီးမှာ **စစ်ထွက်စစ်အောင် သစ္စာဆို သက်န်းနက်မြတ်စွာဘုရား** ဖြစ်ပါသည်။

အလောင်းစည်သူမင်းကြီး၏ ဖောင်တော်မှာလည်း "**သက်န်းနက် ရွှေဖောင်တော်**"ဖြစ်ကြောင်း အထင်အရှားဖြစ်ကြောင်း ကျမ်းပေါင်းများစွာတွင် မှတ်တမ်းပြုထားကြလေသည်။

ထိုဖောင်တော်ကို အလောင်းမင်းတရားကြီး၏ စတုတ္ထသားတော်ဗဒုံမင်းခေါ် ဘိုးတော်ဦးဝိုင်းခေတ်အထိ အသုံးပြုခဲ့လေသည်။

သက်န်းနက်ဘုရား၏ ပုံဟန်မှာ ညဏ်တော်(၄)ပေမျှ ရှိမည်ဟု ခန့်မှန်းရပါ၏။

မျက်နှာတော်မှာ မျက်စိဖွင့်၍ တရားတော်မြွက်ဟနေလေသည်။ မျက်ခုံး(၂)ဖက်၏ အလယ်ဗဟိုတွင် မွေရှင်တော်မြတ်ကို ရွှေလမင်းကွဲသို့ ဝိုင်းစက်စွာ တင်ထားပါသည်။ မွေရှင်တော်၏ အလယ်ထက်၌ ယုန်တစ်ကောင်ကဲ့သို့ ပုံဖော်ထားလေ၏။ ထူးခြားလှပါသည်။

နှုတ်ခမ်းတော်မှာ ပြုံးရွှင်နေသောဟန် ဖြစ်သောကြောင့် ကြည်ညိုသပ္ပါယ်လှပေသည်။

သက်န်းတော်မှာ ဝဲဘက်ပခုံးတော်တွင် သက်န်းစချထားလေရာ နှောင်းသို



www.burmeseclassic.com

www.burmeseclassic.com





◄ ကသည်းအိမ်ကြီးတည်ရှိရာ နေရာတွင်မြင်တွေ့ရသော
သင်္ကန်းနက်ပဒ္မိမာ ရုပ်ပွားတော်၏ စံကျောင်းတော်

သင်္ကန်းနက်အရုက်ခံအဆောင်တော်အတွင်း ရောက်ရှိလာသော ထေရုဇရ
နတ်သမီးကြီးအား ဆုတောင်း အဓိဋ္ဌာန်တောင်းရာဌာန ►

၍ ဝတ်ဆင်းထားသည့်ပုံ ဖြစ်လေသည်။

ဆဒ္ဒန်ဆင်းမင်း၏ ပုံဟန်ဖြင့် ညာဘက် လက်ရုံးတော်အား ညာဘက် သလုံးတော်ကို အသာအယာတင်၍ ရွှေပလ္လင်တော်နှင့် ထိထားသော လက်ဝါးတော် လက်ချောင်းတော်များ ဖြစ်ပါသည်။ မဟာပထဝီမြေထုကို ထိ၍ သက်သေညွှန်းဟန်ဖြစ်လေ၏။

မဟာပထဝီမြေကြီး၏ ဓာတ်သည်ကား လုံးဝ ကုန်ခန်းခြင်းမရှိသော သဘောကိုလည်း ဆောင်လေသည်။ မာကျောခိုင်ကျည်သော သဘောကိုလည်း ဆောင်နိုင်လေ၏။

သယံဇာတနှင့် အပင်၊ သတ္တဝါတို့အား ပြည့်ဝစွာ ဖြစ်တည်စေသော သဘောကိုလည်း ပေးဆောင်လေ၏။ အစားအစာနှင့် ရှင်သန်ခြင်းကိုလည်း အလျှံပယ်ဖြစ်စေသော သဘောကို ဆောင်လေ၏။

ထိုအကြောင်းကြောင်းများ ညွှန်ပြသော မုဒြာဖြစ်သောကြောင့် "ဘူမိဖဿမုဒြာ"ဟူ၍ အမည်တွင်လေသည်။ ဤမုဒြာ ပေါ်ပေါက်လာပုံမှာ...

ရှင်တော်ဂေါတမ ဗုဒ္ဓဘုရားအဖြစ် အောင်တော်မူသောအခါ အပရာဇိတ ပလ္လင်တော်ထက် စံနေတော်မူစဉ်တွင် မာရ်နတ်မင်းက မိစ္ဆာအပေါင်းအသင်းများဖြင့် စုရုံး၍ တိုက်ခိုက်ထိုးနှက်ကြလေသည်။

ဘုရားရှင်သည် လွန်စွာပင် သည်းညည်းခံ၍ ဝသုန်မြေပထဝီကို သက်သေညွှန်းပြ၍ မေတ္တာဓာတ်ဖြင့် အောင်မြင်တော်မူသော အခန်းကို သရုပ်ဖော်သည့် ကိုယ်စားပြု ပေါ်ပေါက်လာသည့် မုဒြာ ဖြစ်လေသည်။

**"ဘူမိဖဿမုဒြာ"** ပုံတော်အား ကိုးကွယ်ထားရှိပါလျှင် အထူးသဖြင့်...

ခန္တီမင်္ဂလာ၊

ဖုဋ္ဌဿလောကဓမ္မေဟိ မင်္ဂလာ၊

ပုဗ္ဗေစ ကတ ပုညတာ မင်္ဂလာ၊

အတ္တသမ္မာ ပဏိဓိ မင်္ဂလာ။

အစရှိသော မင်္ဂလာလေးပါးနှင့် ပြည့်စုံစေပါသည်။ ထိုမင်္ဂလာလေးပါးကား အနိုင်းမဲ့ လာဘ်ကြီးလေးပါး ဖြစ်လေသည်။

သစ္စာပါရမီ၊

အဓိဋ္ဌာနပါရမီ၊

ဥပေက္ခာပါရမီ

တည်းဟူသော ပါရမီတော်(၃)တန်ကို အထောက်အပံ့ဖြစ်စေသော အကျိုးတရားတို့ကို ပြည့်စုံစေသည်။

အခြားသော ဘူမိဖဿမုဒြာများနှင့် မတူသောအချက်မှာ ဝဲဘက် လက်ဖဝါးတော်အား ပက်လက်လှန်ထားဟန်မှာ တစ်စုံတစ်ရာကို လက်ခံယူထားသကဲ့သို့ **"လာဘမုနိ"** မုဒြာ ဖြစ်နေလေသည်။

ပိုမို၍ ထူးခြားသော အချက်မှာ များစွာသော **"ဘူမိဖဿမုဒြာ"** များကဲ့သို့ မဟုတ်ဘဲ တစ်မူဆန်းသော ရောင်တော် ဖြစ်လေသည်။ ဦးခေါင်းတော်၏ ဆံခွေတော်ထက်တွင် အမြိုက်ရေစင်အိုးကို အထွတ်တင်ထားလေသည်။


ယခု "သင်္ကန်းနက် ပဒ္မိမာ ရုပ်ပွားတော်"မြတ်သည် ပုဂံရှေးဟောင်းမြို့တော်ရှိ အာနန္ဒာပုထိုးတော်ကြီး၏ အရှေ့ဘက်လိုဏ်အတွင်းမှာ စံပယ်တော်မူသော **"ဘူမိဖဿမုဒြာ"**ပုံတော်ကဲ့သို့ပင်ဖြစ်လေသည်။


အထက်ပါ ပြီးပြည့်စုံသော လက္ခဏာ



www.burmeseclassic.com

www.burmeseclassic.com





သက်န်းနက်ပဋိမာမြတ်စွာဘုရား၏ အဝင်ဝမှ မြင်ရသော ရှင်ပင်နံ့ကိုင်းစေတီတော်

◀ သက်တမ်း(၁၅၀)ကျော် ထူးခြား မန်ကျည်းပင်ကြီးအား

သက်န်းနက်ဘုရားရှေ့တွင် တွေ့မြင်ရပုံ

ပုံဟန်များသည် "ဘူမိဖဿမုဒြာ" များသာ ဖြစ်သောကြောင့် သစ္စာပြု အဓိဋ္ဌာန်ပါက မတောင်းဆိုဘဲ ဆု(၇) ပါးကို ရရှိစေပါ၏။

၁။ စစ်ချီစစ်ထိုး ရင်ဆိုင်ရာ၌ အောင်ပွဲရခြင်း။ သုံ့ပန်းများ၊ အစေးအပါးများ၊ အခြွေအရံများ ရရှိစေသည်။

၂။ တန်ခိုးအာဏာ ထက်မြက်ခြင်း၊ အာနုဘော် ကြီးခြင်း။

၃။ ကျန်းမာ၊ ကြံ့ခိုင် ရှင်လန်းရခြင်း။

၄။ အိမ်၊ ယာမြေ တည်ဆောက်ရာတွင် မြေကြမ်းကို အေးချမ်းစေခြင်း။

၅။ ရန်၊ တစ္ဆေ၊ အစိမ်းသရဲ မိစ္ဆာတို့၏ ပယောဂ ရန်မှ ချမ်းသာရခြင်း။

၆။ အလွန်ဆိုးသွမ်း ရှုသွပ်သော သတ္တဝါဘေးမှ ကင်းဝေးခြင်း။

၇။ တရားသော အမှုအခင်းတို့၌ အနိုင်ရရှိခြင်း

အစရှိသော အကျိုးတရားများ မုချ ရရှိစေသည်ဟု ဆရာတော်ကြီး ဦးဥတ္တမသိဒ္ဓိက မြွက်ဟတော်မူပါသည်။

ဤဘူမိဖဿပဋိမာ ရုပ်ပွားတော်များကို စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းစသော မြန်မာနိုင်ငံအထက်ပိုင်း၊ အလယ်ပိုင်းတို့တွင် အထူးကိုးကွယ် ပူဇော်ကြခြင်းရှိသည့် မုဒြာပုံဟန်များ ဖြစ်လေ၏။

**သို့ရာတွင် သက်န်းနက်သားရုပ်ပွားတော်မှာ စစ်ကိုင်းမြို့တွင် တစ်ဆူ၊ ရွှေဘိုမြို့၌ တစ်ဆူနှင့် ပုဂံမြို့တွင် တစ်ဆူသာ ရှိသောကြောင့် ရှားပါးလှပေလတ်။**

အလောင်းစည်သူမင်းကြီး သီဟိုဠ်ကျွန်း(သီရိလင်္ကာ) ရောက်ရှိစဉ် သီဟိုဠ်မင်းဆက်သသော သက်န်းနက်သား စကားတိုင်ကို ဆင်းတုကိုးဆူ ထုလုပ်ကိုးကွယ်ခဲ့သည်။ ထိုသက်န်းနက်သား ဆင်းတုတော်ကို "**ဖောင်တော်ဦးဘုရား**"ဟု တွင်ခဲ့လေသည်။

ပုဂံ၊ မြင်းစိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ရွှေဘို မင်းအဆက်ဆက် ကိုးကွယ် ပူဇော်ခဲ့ကြလေသည်။ လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာကို ခံစားခဲ့ကြလေသည်။

တန်ခိုးတော်ကြီးမား ထူးခြားလှသော "**သက်န်းနက်ပဋိမာ မြတ်စွာဘုရား**"အား ဖူးမြော်ပူဇော်လိုပါက စစ်ကိုင်းတောင်သို့ ဘုရားဖူးရောက်ရှိခဲ့ပါလျှင် **သမိုင်းဝင် ရှင်ပင်နံ့ကိုင်းတောင်တော်မုခ်ဦးအနီး ဝင်ရောက်၍ အဓိဋ္ဌာန်ဆုတောင်းဖို့ ဖိတ်ခေါ်လိုက်ရပါသည်။**

သက်န်းနက်ပဋိမာ အာရုံခံအတွင်း၌ "**ဝသုန္ဓရေနတ်သမီးကြီး**"မှာ မည်သည့်အချိန်ကာလက ရောက်ရှိနေခြင်းကို မည်သူ တစ်ဦးတစ်ယောက်ကမျှ မသိကြပါ။

နတ်သမီးကြီးမှာ စကျင်ကျောက်ဖြူသားဖြင့် ထုဆစ်ထားလေသည်၊ မတ်ရပ်အနေအထားဖြင့် ဆံရေညှစ်ချနေပုံဖြစ်ပါသည်။ အရပ်အမြင့်မှာ (၅) ပေမျှ ရှိနေလေ၏။

မူလထားရှိခဲ့သော ကုသိုလ်ရှင် ဒကာ၏ လှူဒါန်းခဲ့ဟန်ရှိကြောင်း မသိရပါ။ မူလထားရှိခဲ့သော ကုသိုလ်ရှင်ဒကာ၏ လျှို့ဝှက်သော ဆန္ဒသဘောကြောင့်ပင် ဟူ၍ ယူဆရလေတော့၏။

ဝသုန္ဓရေနတ်သမီးထံ၌ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်တို့ဖြင့် လှူဒါန်းပူဇော်၍ အဓိဋ္ဌာန်တင် ဆုတောင်းပါက ပြည့်စုံကြသည်ဟု ဒေသခံများ ယုံကြည်ကြလေသည်။

***အဝေရာ ဘေးမဲ့ ငြိမ်းချမ်းသာကြပါစေ။***

**အောင်ရွှေမြတ်**


***(စစ်ကိုင်းတောင်)***

www.burmeseclassic.com

မိုလ်ချိုမြိဘုရား (သို့မဟုတ်) သီရိပစ္စယာမှ

# ရှေးဟောင်းဘုရား (၉၉၅) (၂)

ခရီးသည်ဘုတေသီ





▲ စေတီအထက်မှ ကွမ်းထောင်

◀ အထက်လိုက်

ရုပ်ပွားတော်

## ယခင်လမှ အဆက်

လွှတ်လပ်ရေးသူရဲကောင်း မိုလ်ချို

စေတီအတွင်း လှေ့လာနေစဉ် လုံခြုံရေးတာဝန်ခံ ဦးဘထွန်း ရောက်ရှိလာသည်။

'ဆိုင်ကယ်သံကြားလို့ အပြေးလာခဲ့တာ။ ကျွန်တော်က ဟိုဘက်နားက ပေါ်တော်မူစေတီကိုပါ တွဲပြီးတာဝန်ယူရတယ်။ ဟိုမှာက အစီအစဉ်တကျ မဖြစ်သေးလို့ ပိုပြီး ဂရုစိုက်နေရတယ် ခင်ဗျာ့'


အသက်(၇၀)ကျော်ခန့် ရှိလိမ့်မည်။ အားနာဟန်နှင့် ခပ်ယို့ယို့စကား ဆိုလာသဖြင့်...

'ရပါတယ် အဘ။ ကျွန်တော်တို့က ဘုရားဖူးရုံတင်ပါ။ ကြုံတုန်း မိုလ်ချို အကြောင်း ပြောပြပါဦး'

ဟု သူ့ စိတ်သက်သာရာရစေရန် ပြောဆိုသည်။

'အပေါ်တက်ဦးမယ် မဟုတ်လား၊ အပေါ်ရောက်မှ ပြောရအောင်။ လေကောင်းလေသန့်လဲရ၊ စိတ်လဲ လွတ်

www.burmeseclassic.com





◀ လုံ့ုံ့ရေးဝန်ထမ်း ဦးဘထွန်း

ကွမ်းထောင်မှ ဆင်းကွန်းများ ▶

လပ်တာပေါ့'

ဦးဘထွန်း ဦးဆောင်၍ အာရုံခံနံ့ရံမှ ကြောင်လီမ်လှေကားအတိုင်း အထက်လိုဏ်ဆီသို့ တက်ရောက်ကြသည်။

အထက်တွင်ကား လိုဏ်ခန်းကို ငုံ၍ မဟာဗောဓိပုံ ကွမ်းထောင်ပေါက်ထားသည်။ အထက်လိုဏ်ခန်းအတွင်း၌လည်း ပုဂံခေတ်လက်ရာ ရုပ်ပွားတော်တစ်ဆူ ဖူးတွေ့ရလေသည်။

ရုပ်ပွားတော်အား ဝင်ရောက်ဖူးမြော်၍ အထက်လိုဏ်ခန်းနံ့ဘေး ပတ်လမ်း၌ ထိုင်ကာ ဦးဘထွန်း ပြောပြသော ဗိုလ်ချုပ်အကြောင်း နားထောင်ကြသည်။ ဦးဘထွန်းက အထက်လိုဏ်ကြမ်းခင်း၌ ပေါက်နေသော မြက်ပင်များကို နုတ်ပစ်ရင်းမှ စကားစသည်။

'သိပေါ်တုရင် ပါတော်မူတော့ ဗိုလ်ချုပ်က ကလေးအရွယ်ပဲ ရှိတယ်။ အမျိုးဘာသာ သာသနာအတွက် ခံပြင်းမယ့် အားမတန်မာန်လျှော့ရတဲ့ အရွယ်ပေါ့'

'မွေးနေ့သက္ကရာဇ် မသိရဘူးလား အဘ'

'ဟုတ်တယ်၊ မွေးဇာတိက ပုဂံညောင်ဦးမြို့နယ် ငါ့သရောက်အုပ်စု ဆည်ရွာကနေ လေးမိုင်ဝေးတဲ့ 'မြေဖြူ' ရွာမှာ မွေးတယ်။ အခု 'သိမ်တော်' ရွာနားလောက်မှာ ရှိခဲ့မယ်။ ရွာပျက်သွားပါပြီ။ အဖေက နန်းတွင်းသမားတော်ကြီး ဆရာညိုရဲ့သားအငယ် ဦးရွှေဘော်တဲ့။ အမေကတော့ သောင်ဒွပ်စစ်ကဲ ဦးနောင်ရဲ့သမီး ဒေါ်ညာ'

'မှူးမတ် အနွယ်တော်ပဲနော်'

'ဟုတ်ပါတယ်။ ရွှေဦးကျောင်း၊ ရွှေမြင်တင်ကျောင်းတို့မှာ ပညာသင်ယူပြီး အရွယ်ရောက်တော့ 'ဆည်ရွာ' သူ ဒေါ်မုန်းနဲ့ အကြောင်းပါတယ်။ သားလေးယောက်၊ သမီးနှစ်ယောက် ထွန်းကားတယ်။ သားအကြီးနှစ်ယောက်က တော်လှန်ရေးမှာ လက်ရုံးတွေပေါ့။ မောင်ဖိုးဆင်၊ မောင်ဖိုးဝင်တဲ့၊ ဗိုလ်ဖိုးဆင်၊ ဗိုလ်ဖိုးဝင်ပေါ့။

အိမ်ထောင်ကျပြီးနောက် တောင်တွင်းကြီးမြို့ဝန်ဆီမှာ စာရေးဝင်လုပ်တယ်။ နှစ်အတော်ကြာ စာရေးဘဝနဲ့ နေရတုန်း မြန်မာတွေ လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေးကအစ သာသနာအရေးပါ နှိမ်ချနှိပ်စက်ခံရတာ မြင်ရတော့ နောက်ဆုံးအလုပ်က အပြီးအပိုင် နုတ်ထွက်ပြီး ငါ့သရောက်ကို မိသားစုနဲ့အတူ ပြန်လာတယ်။

အဲဒီမှာ သွေးသောက်ဗိုလ်ယာနဲ့ တိုင်ပင်ပြီး 'မောင်ယာ မင်းက ပုပ္ပားအခြေပြုပြီးတိုက်၊ ငါကပုဂံကနေ တော်လှန်မယ်' လို့ တာဝန်ခွဲကြတယ်။ သားနှစ်ယောက်အပြင် ညီဝမ်းကွဲ ဗိုလ်ဆိုးပေ၊ ဗိုလ်ဘိုးရှောင်တို့ကို အားပြုပြီး နောက်လိုက်အင်အား (၈၀)လောက် စုဆောင်းမိတာနဲ့ နယ်ချဲ့အစိုးရကို တော်လှန်တော့တာပဲ။ (၅)နှစ်ကျော်၊ (၆)နှစ်လောက်အထိ ပြောက်ကျားစနစ်နဲ့ အောင်ပွဲခံခဲ့တယ်'


'ငါ့သရောက်ကနေ သီရိပစ္စယာကို ဘယ်လိုရောက်လာတာလဲ အဘ'

'ဒီလောက်အထိ နှစ်တွေကြာလာတော့ ငါ့သရောက်ဌာနအုပ်လဲ အတော်ကလေး အထုအထောင်းခံရပြီ၊ ဒီတော့ ဗိုလ်ချုပ်ရဲ့ သားမယား၊ ဆွေမျိုးတွေအမ်းအကျပ်ကိုင်တော့ သူတို့နဲ့အေးရာ ဒီနေရာကို ရှောင်ပုန်းလာရတာပေါ့'





www.burmeseclassic.com







'ဒီကိုရောက်တော့ ဖမ်းမိတာပဲလား'

'ဟင့်အင်း ဗိုလ်ချိုအဖွဲ့ သီရိပစ္စယာတောထဲမှာ ပုန်းအောင်းနေတာ ပုဂံဝန်ထောက်မင်းလဲ သတင်းရတယ်။ ဟိုတုန်းက ဒီနေရာတွေက တောကြီးမျက်မည်း၊ လူနေအိမ်ခြေ အင်မတန်ကျဲပါးသကိုး။ တောနင်းရှာဖို့ လက်အောက်ငယ်သားတွေကို တာဝန်ပေးပေမယ့် ဘယ်သူမှ မဖမ်းရဲကြဘူး'

'ဘာကြောင့်လဲ အဘ'

'ဗိုလ်ချိုက တိုင်းရင်းဆေးသမားတော်မျိုးရိုးဖြစ်လို့ ဆေးဝါးလဲ ကျွမ်းကျင်တယ်။ အစီအရင်၊ ယတြာ၊ အင်းအိုင်ခါးလှည့်၊ လက်ဖွဲ့၊ ဂါထာမန္တန်မှာလဲ သူမတူအောင် အစွမ်းထက်တယ်။ ကျွန်တော်ပြောပြမယ်။ ဗိုလ်ချိုဒီမှာ ပုန်းနေတယ်ကြားလို့ ပုလိပ်အဖွဲ့လာဖမ်းတာ၊ ဇာတ်လမ်းဇာတ်ကွက်ကလေးနဲ့ဆို ပိုကောင်းမယ်ဗျာ့'

'ဟုတ်ကဲ့ ပြောပါဦး အဘရယ်'

အတန်ငယ် ရင်းနှီးလာ (သကဲ့သို့ခံစားရ)ဟန်တူသော ဦးဘထွန်းကဤသို့ ဇာတ်ထုပ်ခင်းပြလေသည်။

'ဌာနအုပ်မင်းဘုရား၊ ဌာနအုပ်မင်းဘုရား'

နူတ်မှ တတွတ်တွတ်ရေရွတ်၍ ကသောကမျော ပြေးဝင်လာသူမှာ ငါ့သရောက်လေးရွာပိုင် နှစ်လုံးပြူးသေနတ်ကိုင်ခွင့်ရ သူကြီးဖြစ်နေသဖြင့် အစောင့်စန္တရီများက အသာတကြည်ဝင်ခွင့်ပေးလိုက်ကြသည်။

'သူကြီး၊ ရေးကြီးသုတ်ပျာနဲ့ ဘာဖြစ်လာသတုံး'

'ဟို ဟို ပုဂံဗိုလ်ချိုဆိုတာ သီရိပစ္စ

နံရံထောင့်ရှိ ဘီလူးရုပ်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com

ယာ တောကြီးထဲက 'ကျောက်စံကားကြီး'ဘုရားနားမှာ တွေ့ခဲ့ရတယ် ဘုရား'

'မောင်မင်း သေချာရဲ့လား'

'သေချာပါတယ် ဘုရား၊ ဂေါ်ရာနှစ်ကျိပ်သာပေးရင် ကျွန်တော်မျိုးလက်ရဖမ်းနိုင်ပါရဲ့'

'နေဦး ကျုပ်အထက်လူကြီးကို အစီရင်ခံရဦးမယ်'

သို့ဖြင့် နောက်တစ်နေ့တွင် ပုဂံ ရဲဝန်ထောက်မင်းကိုယ်တိုင် 'ငါ့သရောက်' သူကြီးကို လမ်းပြစေလျက် သီရိပစ္စယာ တောအတွင်းရှိ 'ကျောက်စံကား' စေတီ ဗဟိုပြုလျက် ဂေါ်ရာပုလိပ်ငါးဆယ်ကျော်ဖြင့် ဝန်းရံ၍ တောနင်းရှာဖွေလေတော့သည်။

မည်သည့်ပုဂ္ဂိုလ်၊ လူ၊ သတ္တဝါဖြစ်စေ လှုပ်လှုပ်ရှားရှား မြင်ရလျှင် ပစ်စေဟု ပစ်မိန့်ပေးထားသဖြင့် တစ်နေ့လုံး တဒိုင်းဒိုင်း တဝုန်းဝုန်းဖြင့် ပစ်သံခတ်သံများ ဆူညံကာ ညနေစာရင်းချုပ်သောအခါ ဖွတ်၊ ပုတတ်၊ ယုန်၊ ကြွက်နှင့် တောကြောင်များစွာတို့ ဝန်ထောက်မင်း ခြေတော်ရင်းသို့ ဝပ်စင်းကျလာလေတော့သည်။

ဝန်ထောက်မင်းမှာ မျက်နှာညိုမည်း၍ ဒေါသူပုန်ထလျက် ငါ့သရောက်သူကြီးကို ရှေ့တော်သွင်းစေသည်။

'မောင်မင်းတို့ ဗမာလူမျိုးတွေ အလွန်ဉာဏ်များတယ်။ ဗိုလ်ချို ရှိရိုးမှန်ရင် မောင်မင်းကိုယ်တိုင် မနက်ဖြန် နေမဝင်ခင်ဝို့ဆီ အရောက်ဖမ်းခဲ့ပါ။ ဂေါ်ရာအင်အားလိုသလောက်ကို အင်စပက်တာဆီက ယူသွားပါ'


'မှန်ပါဘုရား၊ မှန်ပါဘုရား'

ငါ့သရောက်သူကြီးမင်းခမျာ ပုလိပ်ဝန်ထောက်မင်း၏ အမိန့်တော်ကို မြေဝယ်မကျ နာခံ၍ အစီအစဉ် ရေးဆွဲ



လောကနန္ဒာမြင်ကွင်း

အနီးကပ်မှုရသော လောကနန္ဒာ



လေတော့သည်။ ထရေ (ထန်းရည်) ဖိုးပေးကာ စည်းရုံးထားသော ယျှံကျသမားမကျန် အင်အားတောင့်တင်းစွာဖြင့် စောင့်ဆိုင်းကြည့်ရှုသောအခါ နောက်တစ်နေ့ ဆွမ်းခံချိန်တွင် သတင်းအစအနရတော့သည်။

'သူပုန် ဗိုလ်ချို လောကနန္ဒာဆိပ်ကမ်းကို ရောက်နေပြီ'

ခိုင်မာသော ဆက်သားသတင်းအရ သူကြီးမင်းက ဆုတော်ရသော နှစ်လုံးပြူးသေနတ်ကိုင်စွဲကာ နောက်တော်ပါး ဂေါ်ရာပုလိပ် နှစ်ဆယ်ဖြင့် လောကနန္ဒာလှေဆိပ်သို့ အပြင်းချီလေသည်။

သူကြီးမင်းသာလျှင် အပြင်းချီခဲ့ရသော်လည်း ဗိုလ်ချိုမှာ အပြုံးမပျက်၊ ကမ်းခြေ ကျောက်ဆောင်ထက်တွင် အေးအေးလူလူ လေညင်းခံနေဆဲ ဖြစ်သည်ကို တွေ့ရသည်။

'ဟေ့ သူပုန် ချို၊ မင်းကို ဂေါ်ရာတွေ ဝိုင်းထားပြီးပြီ၊ အသက်မသေချင်ရင် အေးအေးဆေးဆေး အဖမ်းခံပေတော့'

www.burmeseclassic.com

'ဟော အသားထဲက လောက်၊ အဲလေ ငါ့သရောက် သူကြီးပါလား၊ လာလေ ရောဝတီမြစ်ကို ဖြတ်လာတဲ့ လေညင်းက ရှင်းသန့်ပါတယ်'

ထိုစဉ် မြစ်ကမ်းစပ်မှ ဗိုလ်ချုပ်နှင့် ချုံခို၍ သေနတ်ပြောင်း အသင့်ပြင်ကာ စောင့်ဆိုင်းနေသော သူများအကြား လမ်းမအတိုင်း ပုံး၊ ခွက်၊ ပုလင်းများ ရွက်လာသော ဆီသည်မတစ်ဦး စိမ် ပြေနပြေ လျှောက်လာသည်။

'ဟောဒီက နှမ်းဆီ၊ ကျုပ်တောက ထွက်တဲ့ နှမ်းဆီနော်၊ ကောင်းချက်က တအားတော့'

ကြည့်နေရင်းပင် ဗိုလ်ချုပ်တစ်ယောက် ဆီသည်မ ရွက်လာသော တောင်း အတွင်းမှ ဆီပုလင်းအတွင်းသို့ ခုန်ဝင် သွားသည်ကို တွေ့ကြရလေသည်။

သူကြီးကိုယ်တိုင် ဆီသည်မကို ဖမ်း ချုပ်၍ ဆီပုလင်း၊ ဆီအိုးများကို ရိုက်ခွဲ ရှာဖွေသော်လည်း ဗိုလ်ချုပ်၏ အရိပ် အယောင်ကိုမျှ မမြင်ကြရချေ။

ထိုအချိန်မှစ၍ ဗိုလ်ချုပ်သည် အလွန် အစွမ်းထက်လှသည်၊ မြေလျှိုးမိုးပျံ နိုင်သည်ဟု ကျော်ကြား၍ လက်ရဖမ်း ဝံ့သူ မရှိတော့ပေ။ သို့သော် ထိုအချိန် က ဗိုလ်ချုပ်တစ်ယောက် ဆီသည်မ၏ တဘက်ပဝါခြုံကာ လောကနန္ဒာစေတီ သို့ တက်သွားကြောင်း မြင်သူများက ပြောပြကြလေသည်။

'နောက်တော့ ဘယ်လိုဖမ်းမိသွား တာလဲ'

'သူ့အတွက်က ပူစရာမရှိပါဘူး။ တောထဲမှာ ပုန်းလျှိုးကွယ်လျှိုး သွား လာနေရလို့ အစားအသောက် ငတ်ပေ မယ့် စားသောက်တဲ့ သစ်ရွက်ကို မန်းမှုတ်စားရင် အာဟာရမလိုဘူး။ နောက်လိုက်တပည့်တွေကတော့ ဒုက္ခ ရောက်ကြတယ်။



▲သာယာပတော့စေတီ

▼တူရွင်းတောင်နောက်ခံနှင့် ဂူနီညီအစ်မ



တောထဲမှာ ရက်အတော်ကြာ အစာ ငတ်နေတုန်း မုန့်သည်မတစ်ယောက် တွေ့တော့ တပည့်တွေအတွက် ဝယ် ပေးတယ်။ တောထဲမှာ ရှားအသီး အရွက်တွေနဲ့ အာသာဖြေနေရတဲ့ အချိန်မှာ မုန့်သည်ရောက်လာတော့ တစ်ဗန်းလုံးကုန်ရော ဆိုပါတော့။ ပိုက် ဆံရှင်းတော့ အခက်တွေ့ပြီ။ ပေးစရာ ငွေ မရှိဘူး။ ဗိုလ်ချုပ်က သူ့လက်စွပ် ကို ချွတ်ပေးလိုက်တယ်။ ဘယ်သူ့ကို မှ မပြောဖို့လဲ အတန်တန်မှာလိုက် တယ်။


ဒါပေမယ့် မုန့်သည်မက ရတ်တရက် လက်စွပ်ကြီးရပြီး လာရောင်းတော့ သင်္ကာမကင်း ဖြစ်ကြတာပေါ့။ ချော့ တစ်ခါ ခြောက်တစ်လှည့်နဲ့ အတော် ကြာအောင် စစ်မေးတော့မှ ဗိုလ်ချုပ် ဆီက ရလာတယ်ဆိုတာ သိကြတယ်။

ဒါနဲ့ ပုလိပ်ဝန်ထောက်ကိုယ်တိုင် ခေါင်းဆောင်ပြီး ဝိုင်းဖမ်းကြတယ်။ ဒီ တစ်ခါတော့ ဗိုလ်ချုပ်က ရှောင်မပြေး တော့ဘူး။ တပည့်တွေကို ငဲ့ကွက်ပြီး သူရယ်၊ သားနှစ်ယောက်ဖြစ်တဲ့ ရှေ့က် ထောက်-ဗိုလ်ဖိုးဆင်၊ ဗိုလ်ဖိုးလှိုင် သုံး




www.burmeseclassic.com

www.burmeseclassic.com



◆ရေးရေးပျပျ ဖူးမြော်ရသည့် တန့်ကြည့်တောင်စေတီ

◆ချုံနွယ်ပိတ်ပုံနေသော မြောက်ဘက်မုခ်ဦး



ယောက် အဖမ်းခံလိုက်တယ်။

အဲဒီတုန်းက သတင်းစာထဲမှာ ဓာတ်ပြ ဗိုလ်ချုပ်နဲ့ လက်ထောက်နှစ်ဦးကို ဖမ်းမိတဲ့အကြောင်း ဝါ့သရောက်ရဲ့ ဌာနမှာ ဓာတ်ပုံရိုက်ပြီး သတင်းဖော်ပြသေးတယ်။ နောက်တော့ ကြိုးပေးလိုက်ကြသတဲ့။

## ဝန်းကျင်ဝယ်

ဗိုလ်ချုပ်၏ ဓာတ်ထုပ်ခင်းအပြီး၌ စေတီအပေါ်ထပ်မှ မြက်များလည်း ရှင်းသလောက် ရှိသွားပြီဖြစ်သည်။ ဦးဘထွန်းအား ကွမ်းဖိုးဆေးဖိုး ကန့်တော့ပြီးနောက် ဝန်းကျင်သို့ လိုက်လံလေ့လာကြည့်သည်။ ကွမ်းထောင်ထက်တွင် စဥ့်ကွင်းလက်ရာအချို့ကို မူလအခြေအနေနီးပါး တွေ့မြင်ရသည်။

နံရံထောင့်ချိုး အကွေ့များတွင် ဘီလူးရုပ်အချို့ကိုလည်း မြင်သည်။ ပြိုပျက်သွားသော နေရာများတွင် အုတ်များအစားထိုးကာ မူလပုံစံမပျက်အောင် ထိန်းသိမ်းထားလေသည်။

အဝေးဆီသို့ လှမ်းမျှော်ကြည့်ပါက အနောက်မြောက်ထောင့်တွင် လောကနန္ဒာစေတီကို သစ်ပင်များအကြား ရွှေရောင်တဝင်းဝင်းနှင့် ဖူးတွေ့ရသည်။ အရှေ့ဘက်တွင်မူ **'ဂူနီညီအစ်မ'** စေတီနှစ်ဆူကို တူရွင်းတောင်တန်းနောက်ခံပြု၍ မြင်တွေ့ရသည်။

ဂုရုတ္တအမတ်၏ သမီးနှစ်ယောက် ကောင်းမှုဖြစ်သည်ဆို၏။ အရှေ့တောင်ဘက်ရှိ စစ္စနားခေါ် စည်စနာ ပုထိုးမှာ သစ်ပင်များအကြား ပျောက်ကွယ်နေသည်။

အနောက်တောင်ဘက်တွင် အလောင်းစည်သူကောင်းမှု သာယာပတော့စေတီ ကိန်းဝပ်တော်မူသည်။ အနောက်စူးစူး ရေဝတီမြစ်တစ်ဖက်ကမ်းရှိ တန့်ကြည့်တောင်စေတီကိုကား ရေးရေးပျပျ ဖူးမြော်ရလေသည်။

စေတီမြောက်ဘက် မြေပြင်ရှိ အဝင်မုခ်မှာ အဝင်အထွက်မရှိသဖြင့် ချုံနွယ်ပိတ်ပေါင်းများအကြား နစ်မြုပ်နေလေသည်။ ရှေးယခင်က လေးဖက်လေးတန် အခိုင်အမာ တည်ရှိခဲ့သောစေတီ အာရာမ် အုတ်တံတိုင်းများနှင့် ကျန်အဝင်မုခ်နှစ်ခုတို့မှာ ပြိုပျက်၍ အုတ်ပုံမြေရိုးမျှသာ ကျန်ရစ်တော့သည်။

အလားတူပင် မြန်မာ့မျိုးချစ် သူရဲကောင်း ဗိုလ်ချုပ်နှင့်အတူ အစွမ်းထက်လှသော မြန်မာ့ရိုးရာ အစီအရင်ပညာရပ်များသည်လည်း ပျောက်ကွယ်သွားလေပြီလောဟု နှမြောခြင်းကြီးစွာဖြင့် တွေးတောလျက် 'ဗိုလ်ချုပ်မိ'ခေါ် 'ဂူပြောက်'ဘုရားအတွက် မိမိတတ်နိုင်သော ဒါနအဖြစ် 'မော်ကွန်း'ရေးသားပူဇော်လိုက်ရပေသည်။

**ခရီးသည် သုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

(ကြော်ငြာဆောင်းပါး)

# ဝမ်းတစ်လုံးကောင်း ခေါင်းမခဲရအောင်

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို ဆောင်

"ဆရာကို တွေ့မှတွေ့ပါ့မလားလို့"

"အော် အင်ဂျင်နီယာကြီး ကိုနိုင်ဦးပါလား၊ လာဗျာ ထိုင်"

"ဆရာကို အကူအညီလေး တောင်းချင်လို့"

"ရပါ့ဗျာ. . . ပြောလေ"

"ဒီလိုပါ ဆရာ၊ ကျွန်တော် ကိုယ်လက်တွေလေးလံ ညောင်းညာပြီး ဦးခေါင်းတွေလည်း အုံခဲနေတယ် ဆရာ။ အဲဒါ ဘာဖြစ်လို့များလည်းလို့ပါ"

"ကိုနိုင်ဦး ညာဘက်လက်လေးခဏပြဗျာ၊ သွေးစမ်းကြည့်ရအောင်"

"ဟုတ်ကဲ့ ဆရာ"

"တွေ့ပြီကိုနိုင်ဦးရေ- ခင်ဗျားပြောသလို ခေါင်းတွေအုံခဲနေမယ်။ မျက်လုံးမျက်ခွံတွေ လေးနေမယ်။ တစ်ကိုယ်လုံး လေးလံညောင်းညာနေတာတွေဟာ ဝမ်းတစ်လုံးမကောင်းလို့ဗျ"

"ဆရာပြောတာ ကျွန်တော်နားမရှင်းဘူးဖြစ်နေတယ်"

"ဒီလိုလေ ကိုနိုင်ဦးရဲ့၊ လူတစ်ဦးဟာ ကျန်းမာတယ် မကျန်းမာဘူးဆိုတာကို သိချင်ရင် ဆီး,ဝမ်း,လေ, ချွေးလို့ ပြောတဲ့ မလကြီးလေးပါးကို စိစစ်ရမယ်ဗျ။ ခင်ဗျားမှာက အဲ့ဒီမလကြီးလေးပါးထဲက အဓိကအကျဆုံးဖြစ်တဲ့ ဝမ်းလို့ခေါ်တဲ့ ခာတ်ချုပ်တတ်တဲ့ လက္ခဏာတွေ့ရတယ်လေ"

"အော် ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်တော်က Construction လုပ်ငန်းကို လုပ်ကိုင်တာဆိုတော့ Site ထဲမှာ အလေးအပေါ့သွားချင်တဲ့အခါ အဆင်မပြေတာနဲ့ မသွားဖြစ်ဘူး၊ ဒီတော့ ဝမ်းကချုပ်တတ်တဲ့ အလေ့အကျင့်ဖြစ်နေပြီ ဆရာ"

"အင်းပေါ့ဗျာ. . . မတားအပ်တဲ့အဟုန်ထဲမှာ ဆီး၊ဝမ်း၊ လေတို့ပါနေတော့ ဒီထဲက အထူးသဖြင့် ဝမ်းကို တားဆီးလိုက်တော့ မကောင်းတဲ့ ဆီးအဆိပ်၊ ဝမ်းအဆိပ်၊ လေအဆိပ်တွေဟာ ခန္ဓာကိုယ်အပြင်ကို မရောက်တော့ပဲ ခန္ဓာကိုယ်ထဲ ပြန်လည်ပြီး စီးဆင်းပျံ့နှံ့ရာက ဦးခေါင်းပိုင်းရောက်ရင် ခေါင်းကိုက်တာ၊ ခေါင်းအုံတာ၊ ဇက်ကြောတက်၊ နောက်ကြောထိုးတာ၊ မျက်လုံးမျက်ခုံးများလေးတာတွေ ဖြစ်စေတဲ့အပြင် ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့ပါက ကိုယ်လက်တွေ လေးလံ ညောင်းညာတာတို့၊ ထုံကျဉ်ကိုက်ခဲတာတို့၊ မအီမသာ ဖြစ်ပေါ် ခံစားရတတ်ပါတယ်"

"ဟုတ်ကဲ့ဆရာ၊ အခုလို ဆရာပြောပြတော့မှ ဆီး, ဝမ်း, လေတွေနဲ့ ကျန်းမာရေးဟာ ဆက်စပ်နေတယ်ဆိုတာ သိရတော့တယ်"

"ဟုတ်တယ် ကိုနိုင်ဦးရေ ဒါကြောင့် ရှေးကသမားတော်ကြီးတွေက ဝမ်းတစ်လုံးကောင်း၊ ခေါင်းမခဲဘူးလို့ မိန့်ခဲ့တာပေါ့ဗျ"

"ဟုတ်ကဲ့ ဆရာပြောမှ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲ ဆိုတဲ့ ဆိုရိုးစကားရဲ့ အဓိပ္ပာယ်ကို သိရတော့တယ်။ လူသားတွေရဲ့ ကျန်းမာရေးဟာ ဒီ ဆီး,ဝမ်း,လေတွေနဲ့ ဆက်စပ်နေတယ်နော် ဆရာ"

"သိပ်ပြီး ဆက်စပ်နေတာပေါ့၊ လူတစ်ယောက်ဟာ မကျန်းမမာဖြစ်တော့မယ်ဆိုရင် အရင်ဆုံး Sign ပြတာက ဆီးနီနည်းတာတို့၊ ဒါမှမဟုတ် ဆီးဖြူများတာတို့ ဝမ်းချုပ်တာ၊ ဝမ်းပျက်တာ၊ စမြင်းခံတာ၊ ဝမ်းကိုက်တာ၊ အပူဝမ်းသွားတာ၊ လေချုပ်တာ၊ ချွေးငုပ်တာတို့ဆိုတဲ့ လက္ခဏာတွေ ပြတတ်တယ်ဗျ"

"ဟုတ်ကဲ့ ဆရာ"

"အဲ. . . အဲ့ဒီထဲမှာ ဝမ်းပျက်ဝမ်းလျှောတာ၊ ဝမ်းကိုက်တာတွေက ထင်ရှားတဲ့လက္ခဏာ ချက်ချင်းကုသရတဲ့ ရောဂါ အဆင့်ပေါ်လွင်နေတော့ အများက သတိထားမိကြတယ်ဗျ၊ ဝမ်းချုပ်၊ စမြင်းခံတဲ့အခြေအနေကိုတော့ အမှုမဲ့ အမှတ်မဲ့ နေတတ်ကြတယ်။ ဒီလိုဖြစ်တာ ကြာလာတာနဲ့အမျှ အဆိပ်အတောက် အဆင့်ရောက်နေတဲ့ ဆီး,ဝမ်း,လေ ဆိုတဲ့ မလ အညစ် အကြေးတွေဟာ ခန္ဓာကိုယ်အတွင်းမှာ ပျံ့နှံ့စီးဆင်းကာ ကိုယ်တွင်းရှိ အတွင်းအင်္ဂါစုများဖြစ်တဲ့ ဦးနှောက်၊ နှလုံး၊ အသည်း၊ အဆုတ်၊ ကျောက်ကပ်၊ အစာအိမ်၊ ပန်ကရိယစတဲ့ ခန္ဓာကိုယ်အတွက် အရေးကြီးဆုံး အင်္ဂါစုများသို့ စုဝင်ရောက်ရှိ ခိုအောင်းအပြစ်ပြု ရာကစလို့ စောစောကပြောခဲ့တဲ့ သာမန်ရောဂါလေးမှစပြီး ကင်ဆာလိုမျိုးရောဂါများအပြင် ကုသ

# ဆီးဝမ်းမှန်၍ လေလည်းရ အဆီကျလို့ အကြောလည်းပြေတဲ့ မြင့်မြန်မာ ဝမ်းမှန်ဆေး . . .


ရခက်ခဲတဲ့ရောဂါတွေ စွဲကပ်ဖြစ်ပေါ်စေပါတယ်"

"ဟာ . . ဟုတ်လားဆရာ၊ ကျွန်တော်တို့က ပေါ့ပေါ့ တန်တန်ထားတဲ့ ဒီဝမ်းချုပ်ခြင်း၊ ဆီးနည်းခြင်းတွေဟာ အလွန် မတန်ကြောက်စရာကောင်းတဲ့ ရောဂါကြီးတွေရဲ့ ရှေ့ပြေးလက္ခဏာတွေပေါ့နော်"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့"

"ဒါဆို နေ့စဉ် ဆီး၊ ဝမ်း၊ လေ၊ ချွေးတွေ မှန်နေအောင် ကျွန်တော်ဘာဆေးတွေ စားသင့်လဲဆရာ"

"ဆီး၊ ဝမ်းမှန်လို့လေရ အဆီပိုများကျပြီး ခန္ဓာကိုယ် ပေါ့ပါးကျန်းမာအောင်အတွက်ကတော့ ရော့ . . ဒီမှာ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေးကို** သုံးစွဲပေးပေါ့ဗျာ"




"ဒီမြင့်မြန်မာအကြောပြေဝမ်းမှန်ဆေးရဲ့ အာနိသင်ကို လည်း ပြောပါဦးဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးရဲ့ အစွမ်းက တော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့, ခေါင်း ကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာ ကိုက်ခဲ ခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ်, ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖု အပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံ ခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျ ခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက် ထွက်ခြင်း၊ သွေးခေတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက် ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ် မှန်ကန်စေ ပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာ ဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေး ခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက် ကင်းသက်သာ ပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီး သားဖြစ်စေပါတယ်"

**(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့ စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲ နိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေ ရရှိ အောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့် ဆေးပါ ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

---


ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆)၊ (၈) ရပ်ကွက်၊ သုဓမ္မာလမ်း။
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁ ၆၉၁၀၉၁၊ ၀၉ ၇၃၁ ၉၅၂၄။


---




www.burmeseclassic.com

www.burmeseclassic.com

သမန္တကူဋတောင်တော်မှ

# ဆေးဖက်ဝင်
# တောင်ကြာပွင့်ကြီး

နှင့် သိရှိသူ ပညာရှင် သုတေသီများ ဖော်ထုတ်ပေးစေချင်



◆ တောင်ကြာဥဆေးပင်

◆ လက်ဖဝါးတွင် လှီးဖြတ်အခြောက်ခံထားသော
တောင်ကြာနွယ်ပန်းကြီး(၁)ပွင့်စာ



တောင်တန်းများ အထပ်ထပ်နှင့် ညှိုညှိုမှိုင်းမှိုင်း အုပ်ဆိုင်းများပြားလှသော တနင်္သာရီရိုးမသည် လူသူ သွားလာမှု နည်းပါးသဖြင့် ထိုတောင်တန်းကြီးများ ပေါ်တွင် တောမှီ အရည်ဝါသီများ တရားအားထုတ်ရန် အလွန်ကောင်းမွန် လျက် ဆေးပင်ဆေးဖက်ဝင်သော အပင်များ ရှင်သန်ပေါက်ရောက်ရာ လည်း ဖြစ်သည်။

သွားလာရန် ခက်ခဲခြင်း၊ အန္တရာယ် ပေးတတ်သော ကျား၊ ဝံ၊ မြွေကြီးများ ခိုအောင်းရာ ဂူကြီးများစွာ ရှိသဖြင့် တရားပေါက်ရောက်ပြီးသော ရဟန်း များသာ အန္တရာယ်ကင်းစွာ နေထိုင် သီတင်းသုံးကြကြောင်း၊ တရား ပေါက် မြောက် ဆရာတော်ကြီးများ သီတင်း သုံးခဲ့ကြောင်း မှတ်တမ်းများ ရှိပါသည်။

**တနင်္သာရီမြို့၏ ဆင်ခြေဖုံးကျေး ရွာအုပ်စု လယ်တောင်ယာကျေးရွာ ရှိ သမန္တကူဋတောင်သည် (၂၄၂၄)ပေ မြင့်သည်။**

ဘုရားရှင်ခြေတော်ရာ ရှိသည်။ ဗုဒ္ဓ စက်ရာ ချထားသော ကျောက်တုံးကြီး မှာ အလျား (၂၈)တောင်တစ်မိုက်၊ အနံ (၁၃)တောင်တစ်မိုက်၊ အမြင့် (၇)တောင် တစ်ထွာ (၁၅)လက်မ ရှိသည်။

စက်တော်ခြေရာ၏ အရှယ်မှာ (၄)ပေ (၉)လက်မ၊ ဖနောင့်အကျယ် (၁)ပေ (၈)လက်မ၊ ခြေဖျားတော် အကျယ် (၂)ပေ၊ (၅)လက်မဖြစ်သည်။

ဆင်ရုပ်သဏ္ဍာန်, လိပ်ရုပ်သဏ္ဍာန် ကျောက်တုံးကြီးများ၊ ဂူကြီးများ များစွာ ရှိသည်။ အန္တရာယ်ရှိသော တော တိရစ္ဆာန်များ ခိုအောင်းနေတတ်သဖြင့် မဝင်ရဲကြချေ။

တောကြီးမြွေဟောက်များ၊ လူသား စားကျားများ၊ စပါးကြီးမြွေကြီးများ၊ လူဝံကြီးများ ပေါများသည်ဟု သိမှတ် ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



▲ အထပ်ထပ် အပတ်များနှင့်ပွင့်သော တောင်ကြာပွင့်ကြီးမှ ၎
တစ်ပတ်ကို စာရေးသူအား နမူနာ စွန့်လှူပါသည်



▲ အရှင်မိသေဌ အသက်(၂၀)ရှည်ဆေး
အကြောင်း ရှင်းပြနေပုံ



◆ ဆေးပင်,ဂမုန်းပင်များ

သွားလာရန် ခက်ခဲလှပါသည်။ နယ်မြေခံများ အုပ်စုလိုက်တက်ရန် ဖောက်ထားသော ဆိုင်ကယ်အတက် လမ်းမှာ ကြမ်းသည်။ အန္တရာယ်များ သည်။ တောင်ခါးပန်းနှင့် တောင်ခြေ မှာ စိမ့်စမ်းရေများ ထွက်နေသည်။ ပန်းရနံ့များက တစ်တောင်လုံး သင်း ထုံနေသည်။

စွန့်စား ဖူးမြော်လိုသူများ နယ်မြေ ခံများနှင့် ကြိုတင်တိုင်ပင် ညှိနှိုင်းပြီး မှ တက်သင့်ပါသည်။ ဆေးပင်,ဂမုန်း ပင်များ ရှာဖွေသူများတော့ရှိသည်ဟု သိရပါသည်။

ကျွန်မမှာ သွားရောက်ဖူးမြော်ချင် သော်လည်း ပို့သူအဖော်နည်းခြင်း၊ ဆိုင်ကယ်တက်လမ်း အန္တရာယ်ရှိခြင်း ကြောင့် အသက်ငယ်သူများနှင့်သာ သင့်တော်သည်ဟု ဆိုပါသည်။

ထို့ကြောင့် တောင်ခြေမှခ်ဦးမှပင် မှန်းလျက် ပူဇော်ရင်း အမှတ်တရ ဓာတ်ပုံ ရိုက်ခဲ့ရပါတော့သည်။

**ထိုသမျှ့ကုဋ္ဌ တောင်ထေက်သမီးငြင်**



◆ လိပ်ပြာဂမုန်းပင်

www.burmeseclassic.com



◆ ခရုသင်းကြီးကို ထုတ်ပြနေပုံ



◆ အသက်(၂၀၀)နှစ်ရှည်ဝေးသောဆေး
ပေါက်စပ်စားသုံးပုံ စာအုပ်ကို ထုတ်ပြပါသည်

ထူးခြားသော ဆေးကမ္ပည်းကြောင်း ကြောင်းများ ပေါ်ရက်နေပါသည်။ တောင်ကြား မှုပ်ကြီးဟုလည်း ခေါ်ပါသည်။


အပွင့်အရွယ်မှာ (၁၅)လက်မခန့်ရှိပါသည်။ မြန်မာလထဲ (၅)ရက်၊ (၆)ရက်များမှာ မှုပ်တတ်ပါသည်။

ကျွန်မသည် တနသ်ာရီမြို့သို့ ဝင်ဘာဆရာတော်ကြီး ဦးဥက္ကံသအား သွားရောက်ကြည့်ညိုရင်း တနသ်ာရီမြို့၌ (၅)ရက် နေထိုင်စဉ်ကာလအတွင်း တည်းခိုရာ အိမ်ရှင်များဖြစ်သော ကိုသန်းစိုးဝင်း + မစန်းစန်းမြင့်တို့က တနသ်ာရီမြို့ရှိ ဘုရား၊ ကျောင်း၊ မှတ်သားစရာနေရာများသို့ ပြသပို့ပေးခဲ့ပါသည်။

ထိုစဉ်အခါက ချောင်းကြီးကျောင်းတိုက် ဆရာတော်ကြီးအားသွားရောက်ကြည့်ညိုစဉ် အရှင်ဝါသေဋ္ဌ၏ သစ်သား ကျောင်းလေး ပတ်ဝန်းကျင်တွင် မြန်မာတိုင်းရင်းဆေးပင်နှင့် ဂမုန်းပင်များ စိုက်ပျိုးထားသည်ကို လှပသန့်ရှင်းစွာ တွေ့ရသဖြင့် စိတ်ဝင်စားပြီး အရှင်ဝါသေဋ္ဌကို မေးလျှောက်မိပါသည်။

ဝါသနာပါလှသော တိုင်းရင်းဆေးများနှင့် ဆုံတွေ့ရသော ကျွန်မမှာ လင်ပန်းတစ်ခုတွင် လှီးဖြတ် အခြောက်ခံထားသော ဆေးတစ်မည်ကို ယူထုတ်ပြလာသော အရှင်ဝါသေဋ္ဌထံမှ မေး

◆ အရှင်ဝါသေဋ္ဌ၏ ကျောင်းကလေးနှင့် ပတ်ဝန်းကျင် ဆေးပင်ဂမုန်းပင်များ စိုက်ထားပုံ (ချောင်းကြီးကျောင်း၊ တနသ်ာရီမြို့)



မြန်းနည်းနာခံကာ နက္ခတ္တရောင်ခြည် စာချစ်သူများအား သုတပွား ရေးသားလိုက်ရပါသည်။

'ဒီတောင်ကြာပွင့်ကြီးကို ပါးပါးလှီးဖြတ် အခြောက်ခံပြီး ဘယ်လို အသုံးပြုပါသလဲ ဘုရား'

'လက်ဖက်ခြောက် ခတ်သလို ရေနွေးမှာခတ်ပြီး သောက်ပေးရတယ်'

'ဘာရောဂါတွေ ပျောက်ပါသလဲ ဘုရား'

'နှလုံးရောဂါပျောက်တယ် ကျန်းမာရေး ကောင်းတယ်'

'ဒီတောင်ကြာပွင့်ကို ဝယ်လို့ရပါသလားဘုရား'

'ဝယ်လို့ မရပါဘူး'

ချောင်းကြီးကျောင်း၊ တနသ်ာရီမြို့မှ အရှင်ဝါသေဋ္ဌမှ ဤမျှ မိန့်ပါသည်။ စွမ်းနိုင်သူ တိုင်းရင်းဆေးဝါသနာရှင်များ စိတ်ဝင်စားသူများ ကိုယ်တိုင်ကြိုးစားကြပါကုန်။


**သမန္တကုရု ခြေတော်ရာတောင်သို့ အတက်များသည်မှာ သကြိမ်ကာလဟု သိရပါသည်။**

***ကျန်းမာသုခဖြင့် စိတ်ချမ်းသာကြပါစေ...***

**ခင်ခင်ဝင်း(မောရဝတီ)**

www.burmeseclassic.com

# အဂ္ဂိရတ်ပညာ ပဒေသာ



ဝိဇ္ဇာမဟာဂူ သရောဦးသန်းမြင့်
(တိုင်းရင်းဆေး)

အဂ္ဂိရတ်ပညာရပ်သည် အမှန်တကယ် တတ်ကျွမ်းနားလည်ပါက ပဒေသာပင်ကြီးကဲ့သို့ ထုတ်ယူသုံးစွဲနိုင်သော ပညာရပ် ဖြစ်ပါသည်။

ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော သမုဋ္ဌာန်လေးပါးတို့ မညီညွတ်မမျှတ၍ ခန္ဓာကိုယ်တွင် ဖြစ်ပေါ်ကျရောက်လာသော (၉၆)ပါးသော ရောဂါဝေဒနာတို့ကိုလည်း ပျောက်ကင်းချမ်းသာအောင် ကယ်တင်ကုသနိုင်ခြင်း…

ပြင်ပမှ ကျရောက်လာသော အဆိပ်ဘေး,တုတ်, ဓား, လှံ,သစ်ချွန် စသောလက်နက်ဘေးတို့မှ ကာကွယ်စောင့်ရှောက်နိုင်ခြင်း၊ အကယ်၍ ကျရောက်ခဲ့သော်လည်း ခန္ဓာကိုယ်၌ မစူးမရှ မပေါက်မပြဲအောင် ကာကွယ်စောင့်ရှောက်နိုင်ခြင်း…

ရွှေငွေရတနာပစ္စည်း အစရှိသည်တို့ကိုလည်း အလိုရှိသလောက် သုံးစွဲနိုင်ခြင်း၊ လျှုဒါန်းပေးကမ်း စွန့်ကြဲနိုင်ခြင်း…

နောက်ဆုံးတွင် ထွက်ရပ်စခန်းဖြစ်သော သံသရာ ဒီမှာဘက်ကမ်းမှ နိဗ္ဗာန်စခန်းတိုင်အောင် ပေါက်ရောက်နိုင်ခြင်းကြောင့် အဂ္ဂိရတ်ပညာပဒေသာဟု ရေးသားရခြင်း ဖြစ်ပါသည်။

ထို့ကြောင့် အဂ္ဂိရတ်ပညာနှင့် ပတ်သက်သော ပညာရပ် တစ်စိတ်တစ်ဒေသကို ရှေးဆရာတော်ကြီးများနှင့် ဆရာကြီးများ၏ နည်းနာနိဿရည်းအတိုင်း ရေးမူမပျက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ အဂ္ဂိရတ်ဝါသနာရှင်များနှင့် သုတေသီများ၊ စာဖတ်ပရိသတ်များ ဗဟုသုတ တိုးပွားစေရန် ဖော်ပြလိုက်ပါသည်။

| | | |
|---|---|---|
| သံနှင့်ဒန်သည် | အန္တော | ၁.၀ |
| ဘင်နှင့်ဘော်သည် | ဥစ္စ | ၂.၅ |
| သွပ်နှင့်ရွှေသည် | စရေ | ၃.၈ |
| ဂျူတ်နှင့်နာသည် | ဝံသေ | ၄.၆ |

**သံ**ကိုမသိသော် **ဒန်**ကိုကြည့်၊ **ဘင်**ကိုမသိသော် **ဘော်**ကိုကြည့်၊ **သွပ်**ကိုမသိသော် **ရွှေ**ကိုကြည့်၊ **ဂျူတ်**ကို မသိသော် **နာ**ကိုကြည့်။

**သံ**သေလျှင် **ဒန်**သေ၏။ **ဒန်**သေလျှင် **သံ**သေ၏။ **ဘင်**သေလျှင် **ဘော်**သေ၏။ **ဘော်**သေလျှင် **ဘင်**သေ၏။

**သွပ်**သေလျှင် **ရွှေ**သေ၏။ **ရွှေ**သေလျှင် **သွပ်**သေ၏။ **ဂျူတ်**သေလျှင် **နာ**သေ၏။ **နာ**သေလျှင် **ဂျူတ်**သေ၏။

**နာသေသော်** ဆတ်၏။ ချော်ပျောက်၏။

**ဂျူတ်သေသော်** ပျဉ်း၏။ ချော်သောက်၏(ဘော်အဆင်း)။

**သွပ်သေသော်** အခိုးပျောက်၏။ ချော်ရောက်၏။

**ရွှေသေသော်** အခိုးပေါက်၏။ ချော်မြောက်၏။

**ဘင်သေသော်** ချော်သောက်၏။ ဘော်ရောင် ပေါက်၏။

**ဘော်သေသော်** ဘင်ရောင် ပေါက်၍ ချော်သောက်၏။

**ဒန်သေသော်** သံအရောင်ပေါက်၍ ချော်ပျောက်၏။

**သံသေသော်** ဒန်ရောင်ပေါက်၍ ချော်သောက်၏။

ဘင်, နာ, ဂျူတ် ယင်း ဓာတ်သုံးပါးနှင့် ဖမ်း၍ရသော မီးနေသုတ ငွေမဖြစ်သော် ဘင်, နာ, ဂျူတ် အခိုးအားကြီးသောကြောင့်ဖြစ်၏။

ထိုဓာတ်သုံးပါး အခိုးနုတ်ရန်ဆေးကား **ဆေးဒန်**၊ **ကျောက်ချဉ်**၊ **ယမ်းစိမ်း**၊ **လက်ချား** ယင်းလေးပါးကို ညက်စွာကြိတ်ပြီးလျှင် သုတမီးနေကို ယင်းဆေးနှင့် လေးလုံးပိတ်၍ ထိုးလမ်းပေါက်၍ ငွေဖြစ်၏။

**ဘော်, နာ, သံ, ဒန်** ယင်း ဓာတ်လေးပါးနှင့် ဖမ်း၍ရသော သုတမီးနေသည် ပျစ်၍ မစူးမရှ ငွေမဖြစ် လမ်းမပေါက်သော် ဘော်, နာ, သံ, ဒန် ယင်း ဓာတ်လေးပါး အဆီမကွဲ၍ အဆီအားကြီးသောကြောင့် ငွေမဖြစ် လမ်းမပေါက် မစူးမရှ ဓာတ်ငုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုခါတ်လေးပါးအဆီကို နုတ်ရန် ဆေးကား **လက်ချား၊ ဒုဋ္ဌာ၊ မြင်း၊ သီလာ၊ စိန်နီမြင်းသွား** ယင်းခါတ်လေးပါးနှင့် လေးတူလေးလုံ ထိုးသော် ငွေဖြစ်၏။ လမ်းပေါက်၏။ ငုတ်၏။ စူး၏။

ဘင်သေနှင့် ဖမ်းသော သုတမီးနေ ရွှေငွေ မဖြစ်သော် ဘင်အဆီအားကြီး၍ ရွှေငွေမဖြစ်သည်။

**ဘင်အဆီကို နုတ်ရန် ဆေးကား** ဆေးဒန်း,လက်ချား ယင်း ဆေးနှစ်ပါးနှင့် သုတကို လေးတူ လေးလုံပိတ်၍ ထိုး၊ သုတသည် ငုတ်၏။ စူးရှ၏။ ရွှေငွေဖြစ်၏။


ဘော်,သံ ယင်းခါတ်နှစ်ပါးနှင့် ဖမ်း၍ရသော သုတမီးနေကို ပစ်ခတ်၍ မစူးမရှ ရွှေငွေမဖြစ်သော် ဘော်,သံ အဆီအခိုး အလျှံပြင်းသောကြောင့် မငုတ် မစူး မရှ။

**ထို ဘော်,သံအခိုးအလျှံကို ထုတ်ရန်ဆေးကား** ဆေးဒန်း,လက်ချား ယင်းနှစ်ပါးနှင့် သုတကို လေးတူတွဲ၍ နှစ်လုံပိတ်ထိုးသော် ဘော်,သံ အဆီအခိုးအလျှံကုန်၍ ငုတ်၏။ စူးရှ၏။ ရွှေငွေဖြစ်၏။ လမ်းပေါက်၏။

သံသေနှင့် ဖမ်း၍ရသော သုတမီးနေ၊ ရွှေငွေမဖြစ်သော် မစူးမရှ မငုတ် လမ်းမပေါက်သော် သံ၏ အခိုးအလျှံပြင်း၍ မစူးမရှ မငုတ်၍ မဖြစ်ဘဲရှိသည်။

ထိုသံ၏ အဆီအခိုး အလျှံထုတ်ရန် ဆေးကား လက်ချားမီးပေါက်နှင့် ယင်း သုတမီးနေ လေးတူတွဲ၍ တစ်လုံပိတ်၍ နာနာထိုးသော် လမ်းပေါက်၏။ စူးရှ၏။ ရွှေငွေဖြစ်၏။

နာသေနှင့် ဖမ်း၍ရသော သုတမီးနေ ရွှေငွေမဖြစ်၊ မစူးမရှ **လမ်း**



**မပေါက်သော်** နာအဆီအခိုးအလျှံပြင်း၍ မစူးမရှ၊ မငုတ်၊ ရွှေငွေမဖြစ် လမ်းမပေါက်သော် ယင်းသုတကို ရစ်ပတ်၍နေသော နာအဆီကို ထုတ်ရန်ဆေးကား...

**ယမ်းစိမ်း၊ ဆားကြီး** ယင်းနှစ်ပါးကို သုတမီးနေ လေးတူတွဲ၍မံ၊ နှစ်လုံ နာနာထိုးသော် နာဆီကုန်သည်ဖြစ်၍ လမ်းပေါက်၏။ စူးရှ၏။ ရွှေငွေဖြစ်၏။

ဂွတ်သေနှင့် ဖမ်း၍ရသော သုတမီးနေရွှေငွေမဖြစ် မစူးမရှ လမ်းမပေါက်သော် ဂွတ်အဆီ အခိုးအလျှံ အဆိပ်အတောက်ပြင်း၍မဖြစ်။

**ထိုဂွတ်အဆီကိုထုတ်ရန် ဆေးကား** ကျောက်ချဉ်,ဆား နှစ်ပါးနှင့် ယင်းမီးနေသုတကို လေးတူတွဲ ဆေးမံ၍ နှစ်လုံ နာနာထိုးသော် ဂွတ်အဆီ အခိုးအလျှံ ကုန်၍ စူးရှ လမ်းပေါက်၏။ ရွှေငွေဖြစ်၏။ ယင်းခါတ်သည် ငုတ်၍ စင်၏။

**ဘော်သေ**နှင့် ဖမ်း၍ရသော သုတမီးနေ ရွှေငွေမဖြစ်သော် ဘော်အဆီ အခိုးအလျှံ အဆိပ်အတောက်ပြင်း၍ မဖြစ် မစူးမရှ လမ်းမပေါက်သော်၊ ယင်း ဘော်အဆီကိုထုတ်ရန် ဆေးကား...

**မြင်းသီလာ,ဟင်းရိုင်း** ယင်းနှစ်ပါးနှင့် သုတမီးနေကို လေးတူမံ၍ လုံပိတ် နာနာထိုးသော် ဘော်အဆီ အခိုးအလျှံကုန်၍ စူးရှ၏။ လမ်းပေါက်၏။ ငုတ်၏။

ထိုသုတကို **ထောပတ်၊ ဝက်ဆီ**မှာ သွန်းလောင်းပြီးမှ ပိုမို စူးရှလမ်းပေါက်၏။ ရွှေငွေဖြစ်၏။

မီးနေရာ ရောက်ပါလျက်နှင့် လမ်းမပေါက်သော **ဘော်သေ၊ သံသေ၊ နာသေ၊ ဘင်သေ၊ ဂွတ်သေ၊ သွပ်သေ၊ ဆေးဒန်းသေ၊ ရွှေသေ၊ လောဟာသေ** မည်သည့်ခါတ်မဆို သုတဝင်၍ သေလျက်၊ မီးနေမီးရပ်ပါသော်လည်း စေခိုင်း၍မရ၊ လမ်းမပေါက်၊ မစူးမရှ ရွှေငွေမဖြစ်သည်မှာ သုတ အသက်မကျန်၍ မဖြစ်မပေါက်၊ ငုတ်ခြင်း,စူးခြင်းမရှိ သုတ အသက်ကျန်မှ စူးရှ၏။ လမ်းပေါက်၏။ အလိုရှိရာသို့ စေခိုင်း၍ရ၏။ သို့ဖြစ်၍...

'ကုန္တီတန်ခိုး သတ္တိနိုး၍ အစိုးရစွာ ဆယ့်ရှစ်ဖြာ ထိုကုန္တာသယ လိုသမျှနှင့် သဗ္ဗသိန္ဓေ သဝေမကိန်း သိကြားကြိမ်းဖြင့် မယိမ်းမယိုင် ကုသိုလ်နိုင်မှ မဂ္ဂိုင်အလျောက် နောက်ကထောက်မှ လမ်းရောက်ပေါက်တွင် တစ်ဦးမြင်၍ သုံးခွင်သိဒ္ဓိ အလိုရှိက သွပ်နှင့်ဂွတ်ဖြူ ဘင်မှုအညွှန်း ရရန်လွန်းမှ မီးဖြင့်ချော်သောက် တောတောရောက်က "ပုန်နှင့်ဟိုင်း"ဖက်(သွပ်နှင့်ဘင်ကို ဆိုလိုသည်။) "ကျားနှင့်ကြွက်" (ကျားကား ဘော်၊ ကြွက်ကား သုတ)ယှက်၍ ပေါင်းပါ။

ဤလေးဖြာကို ရောကာမယွှား ခါတ်လေးပါးသည် ထင်ရှားညီမှ သေဆုံးကြသော် ကိုးဝခါတ်သွယ် အလွယ်မှချ ထုံးပြာကျ တောင်တန်ခိုး သိဒ္ဓိမျိုးကို အစိုးတရ လိုသမျှမှချကောန် မကြွင်းတည်း'

***ဆင်းရဲကင်းပျောက် ချမ်းသာရောက် ကြပါစေ။***

> **ဝိဇ္ဇာမဟိဒ္ဓိ ဆရာဦးသန်းမြင့်**
> *(တိုင်းရင်းဆေး)*



www.burmeseclassic.com

www.burmeseclassic.com

# ဖားပြုပ်ကိုက်ရှ

## မန်းအန်းခြင်း ပျောက်ကင်းစေဖို့ ဆေးတစ်လက်





မောင်ရင်ထွေး
(မအူပင်)

ကျွန်တော့်မိတ်ဆွေ ဆေးဆရာ ကိုလှိုင်မြင့် နေထိုင်ရာရွာသို့ ကျွန်တော် အလည်အပတ် ရောက်နေသည်မှာ ငါးရက်ခန့် ရှိနေပြီဖြစ်သည်။

ဆေးဆရာအိမ် ဆိုသည့်အတိုင်း လူနာတွေက ရောဂါမျိုးစုံဖြင့် လာရောက်နေသည်မှာ နေ့ညမပြတ် ရှိနေကြပါသည်။

တချို့ကလည်း နာတာရှည်ရောဂါ၊ တချို့ကလည်း ညှော်သည်အာဂန္တု ရောဂါသမားတွေ ဖြစ်ကြပါသည်။

ကျွန်တော့်မိတ်ဆွေ ဆေးဆရာအဖို့ လူနာတွေနှင့် ပျော်မွေ့နေပုံရပါသည်။ ကျွန်တော့်ကို စားသောက်ဖွယ်ရာ အစုံဖြင့် ကောင်းမွန်စွာ ညှော်ခံထားသော်လည်း ကျွန်တော့်ကို စကားဖြင့် ညှော်မခံနိုင်လောက်အောင် အလုပ်များနေပါသည်။

မြို့ပြအရပ်ဒေသကဲ့သို့ မြေမရှားပါး၍ သူ့အိမ်ခြံဝင်းထဲတွင်လည်း ဆေးပင်ပေါင်း အမျိုးစုံစွာ စိုက်ပျိုးထားသည်ကို တွေ့ရပါသည်။

သူ့အိမ်ပေါ်တွင်လည်း ဆေးမြစ်၊ ဆေးရွက်၊ ဆေးဥမျိုးစုံတို့ကိုလည်း တွေ့ရပါသည်။ ''မသိသူကျော်သွား၊ သိသူဖော်စား''ဆိုသည့် စကားအတိုင်း ကျွန်တော်တို့လို လူမျိုးအဖို့ ကျော်လွှားသွားကြရမှာ ဖြစ်ပါသည်။

ဆေးထောင်း သံဆုံထဲတွင်လည်း ထောင်းလက်စ ဆေးမြစ်၊ ဆေးဥတို့ကို တွေ့ရပါသည်။

ကျွန်တော်လည်း မိတ်ဆွေဖြစ်သူ ဆေးဆရာက စကားဖြင့် ညှော်မခံနိုင်မှန်းသိ၍ သူ ဆေးကုသရာအနီးတွင် သူဆေးကုသခြင်းကို အကဲခတ်လိုက်၊ မသိသည့် ဆေးပညာတချို့တို့ကို မေးမြန်းလိုက်ဖြင့် ပြုလုပ်နေ,နေရပါသည်။

သည်နေ့ ဝမ်းကိုက်ဝေဒနာ ခံစားနေရသော လူနာတစ်ယောက်ကို သောက်ဆေး၊ လိမ်းဆေးပေးပြီးလျှင် လူနာပြတ်ပြီဟု ကျွန်တော်ထင်ထားသော်လည်း ကလေးငယ်တစ်ဦးကို လူကြီးတစ်ယောက်က ပွေ့ချီကာ အမျိုးသမီးနှစ်ယောက် နောက်က လိုက်ပါလာ၍ ကျွန်တော့်မိတ်ဆွေ ဆေးဆရာခြံထဲ ဝင်လာပြီး...

'ဆရာလှိုင်... ဆရာလှိုင်ရှိလား၊ ဆရာရေ ကယ်ပါဦး၊ ကျွန်တော့်သားကို ကယ်ပါဦး'

ထိုလူ့စကားသံနှင့် လူ တစ်ထပ်တည်းကျ အိမ်ပေါ် ရောက်လာပါသည်၊

ကျွန်တော့်မိတ်ဆွေ ဆေးဆရာ ကိုလှိုင်မြင့်လည်း ဝမ်းကိုက်ရောဂါသည်ကို စားဆေး၊ လိမ်းဆေး ပေး၍ မှာစရာရှိတာ မှာပြီးပြီဖြစ်၍ ကလေးငယ်ကို ပွေ့ချီလာသော ကလေး၏ ဖခင်ကို ဆရာလှိုင်က...

'ကလေးက ဘာများဖြစ်လို့လဲဗျ ပြောပါဦး'

ဆရာလှိုင်၏ အမေးကို ကလေးငယ်၏ ဖခင်က,...

'ဒီလိုပါ ဆရာလှိုင်၊ ကျွန်ခဲ့တဲ့ သုံးရက်က ကျွန်တော့်သားကို ဖားပြုပ် အကိုက်ခံခဲ့ရတယ်။ ကျွန်တော်တို့လဲ ဘာမှ မဖြစ်လောက်ဘူးထင်ပြီး ပေါ့ပေါ့တန်တန် ထားလိုက်မိတယ်။ အခုတော့ ဖားပြုပ်ကိုက်ထားတဲ့ ဒဏ်ရာက ရောင်နေပြီး ကလေးက မှိန်းပဲ မှိန်းနေလို့ပါဆရာ'

ကျွန်တော့်မိတ်ဆွေ ဆေးဆရာက ကလေး၏ ဖားပြုပ်အကိုက်ခံထားရသည့်ဒဏ်ရာကို ကြည့်ပြီး ရောင်ကိုင်းနေသောဒဏ်ရာကိုသူ့လက်ဖြင့် ဖိနှိပ်လိုက်ကာ...

'ဖားပြုပ် အကိုက်ခံထားရတဲ့ ဒဏ်ရာက မန်းအန်းနေတယ်ဗျ။ ဒါကြောင့် ကလေးက မှိန်းမှိန်းနေတာ။

ဘာမှမပူနဲ့...ဒီမျိုးက ကုသရတာ အချိန်သိပ်မယေးရပါဘူး ပျောက်သွားလိမ့်မယ်၊ ဓာတ်ပညာအဆိုအရ "ဖားပြုပ်လာ အုတ်နှင့်ဖိ"ဆိုတာလဲ ရှိတယ်လေဗျာ'

ကျွန်တော့်မိတ်ဆွေ ဆေးဆရာ ဆရာလှိုင်ပြောလိုက်သော **''ဖားပြုပ်လာ အုတ်နှင့်ဖိ''** ဆိုစကားက ကျွန်တော့်အတွက် ထူးခြားပြီး စိတ်ဝင်စားစရာ ဖြစ်နေ၍ ကျွန်တော်က သိလိုဇောဖြင့်...

'ဆရာလှိုင်ရေ ဆိုစမ်းပါဦးဗျ "ဖားပြုပ်လာ အုတ်နှင့်ဖိ" ဆိုတာ ဘယ်လိုဓာတ်သဘောလဲဗျ'

ကျွန်တော့်အမေးစကားကို ဆရာလှိုင်က လက်ကာပြလိုက်ပြီး...

'မလောနဲ့လေ ကျုပ်ကုသတာကို ကြည့်လိုက်ဦး၊ လူနာဝေဒနာ သက်သာလာပြီဆိုရင် ''ဖားပြုပ်လာ အုတ်နှင့်ဖိ''ဆိုတဲ့ ဓာတ်ပညာအဆိုကို ရှင်းပြပါမယ် ကိုရင်အောင်ရေ'

ဟု ကျွန်တော့်ကိုပြောပြီး ဆေးထောင်း သံဆုံထဲမှ ဆေးမြစ်၊ ဆေးဥတို့ကို ဖယ်ရှားလိုက်ပြီး အုတ်ခဲအကြေ



www.burmeseclassic.com

www.burmeseclassic.com

အချို့ကို ဆေးထောင်းသံဆုံထဲထည့်၍ အုတ်မှုန့်ဖြစ်အောင် ထုထောင်းလိုက်ပြီး **ကန်စွန်းရွက်(အနီ)ကိုပါ ဆေးထောင်း သံဆုံထဲ ရောထည့် ထုထောင်း**ကာ ရေနှင့်ဖျော်၍ ကလေးငယ်၏ ခြေခုံပေါ်ရှိ ဖားပြုပ်ကိုက်ခံထားရသော ဒဏ်ရာကို လိမ်းကျံပေးလိုက်ပါသည်။

ဖားပြုပ်ကိုက်ခံထားရ၍ မန်းအန်းသောဒဏ်ရာရထားသည့် ကလေးငယ်သည် ဆေးချက်ကြောင့် မှိန်းနေရာမှ ချက်ချင်းဆိုသလို လန်းလာသည်ကို အံ့ဩစွာ တွေ့လိုက်ရပါသည်။

ဆရာလှိုင်လည်း လူနာကလေးငယ်အတွက် လိမ်းဆေး သုံးရက်စာ ထပ်မံထုထောင်းပေးလိုက်ပြီး...

'အဲဒီလိမ်းဆေး အုတ်မှုန့်ကို ကန်စွန်းရွက်၊ ဘူးရွက်ရရာနဲ့ ရောပြီး တစ်နေ့သုံးကြိမ်လောက် လိမ်းပေးလိုက်ပါ၊ ကလေး သိသိသာသာ သက်သာလာပါလိမ့်မယ်'

ဟု ပြောဆိုလိုက်ပါသည်။ လူနာပြန်သွားပြီး လူနာရှင်းသွားသည်နှင့် ကျွန်တော့်မိတ်ဆွေ ဆေးဆရာကို ကျွန်တော်က...

'ကဲ... သူငယ်ချင်း စောစောကကုသလိုက်တဲ့ ဆေးနည်းလေးကို ရှင်းပြပါဦးကွ'

'အေး ရှင်းပြရတာပေါ့ကွာ။ မင်းစာရေးမှာ မဟုတ်လား၊ မင်းရဲ့ မှတ်စုစာအုပ်မှာ သေသေချာချာ လိုက်မှတ်ရေးထားလိုက်ကွ၊ ဒါမှ မင်းအချိန်မရွေး အသုံးချလို့ရမှာ'

ကျွန်တော့်မိတ်ဆွေ ဆေးဆရာပြောစကားကြောင့် ကျွန်တော်မှတ်စုစာအုပ်နှင့် ဘောလ်ပင်ကို ထုတ်ယူလိုက်ပြီး လိုက်လံမှတ်သားဖို့ အသင့်ဖြစ်နေပြီဖြစ်ပါသည်၊ မိတ်ဆွေ ဆေးဆရာက သူ့ကြေးကွမ်းအစ်ထဲမှ ကွမ်းတစ်ယာ ယာဝါးလိုက်ပြီး...

'ဗေဒင်ရဲ့ ဓာတ်ပညာနည်းအရ "ဖားပြုပ်လာ အုတ်နှင့်ဖိ" ဆိုတာက ဒီလိုကွ...ဓာတ်ပညာအရ ဖားပြုပ်ဆိုတာက သောမဓာတ်၊ အုတ်ဆိုတာ ပါပဓာတ်ကွ၊ အပြင်ဆေးချက်မှာ ရန်ဓာတ်ကို ပေးရတယ်။

အဲဒီအတွက် ဖားပြုပ်ကိုက်လို့ ဒဏ်ရာရလာသူရဲ့ ဒဏ်ရာကို အုတ်မှုန့်ကို ဖြူးပေးလို့ရတယ်။ ရေဆိုတာက ဓာတ်ပညာအရ ပါပဓာတ်ဖြစ်လို့ အုတ်မှုန့်ကို ရေနဲ့ ဖျော်လိမ်းလို့လဲ ရတယ်။

ကိုက်ခံရပြီး မဟုတ်တဲ့ မန်းအန်းရောဂါလာ ခဲ့ရင် အုတ်မှုန့်ကို မန်းအန်းပြေစေတဲ့ ကန်စွန်းရွက်၊ ဘူးရွက်တို့နဲ့ ရောစပ်ပြီး သုတ်လိမ်းပေးရင် နှစ်ရက်လောက်ဆို မန်းအန်းကျပြီး အနာလဲ ကောင်းစွာ ပျောက်ကင်းသွားလိမ့်မယ်ကွ။

အဲဒါကို သေသေချာချာ မှတ်ထားလိုက်ရင် ဖားပြုတ်ကိုက်လို့ မန်းအန်းခြင်း ပျောက်ကင်းဖို့ လုံလောက်ပြီကွ'

ကျွန်တော့်မိတ်ဆွေ ဆေးဆရာဦးလှိုင်မြင့် ပြောပြလိုက်သည့် ဖားပြုပ်ကိုက်ခံရခြင်းကြောင့် အနာမန်းအန်းခြင်းပျောက်ကင်းဖို့ "ဖားပြုပ်လာ အုတ်နှင့်ဖိ" ဆိုသော ဓာတ်ပညာအဆိုကို ကျွန်တော် သိလိုက်ရပါတော့သည်။

နောက်နှစ်ရက်အကြာတွင် ဖားပြုပ်အကိုက်ခံထားရ၍ အနာမန်းအန်းနေပြီး မှိန်းနေခဲ့သော ကလေးငယ်နှင့် သူ့ဖခင်တို့ ဆရာလှိုင် အိမ်ရောက်လာကာ ဖားပြုပ်အကိုက်ခံထားရသော ဒဏ်ရာပျောက်ကင်းပြီ ဖြစ်ကြောင်း လာရောက် ပြောဆိုကာ ကန်တော့၍ ပြန်သွားကြပါသည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာရှုသူအပေါင်းတို့လည်း မိမိမိသားစု၊ မိမိပတ်ဝန်းကျင်တို့၌ ဖားပြုပ်အကိုက်ခံရပြီး မန်းအန်းခြင်း ဖြစ်ပေါ်နေသူတို့ ရှိလာပါက **"ဖားပြုပ်လာ အုတ်နှင့်ဖိ"** ဆိုသည့် ဓာတ်ပညာ ဆေးချက်ဖြင့် ကုသပေးနိုင်ပါရန် ဝေမျှ တင်ပြလိုက်ပါသည်။

**မောင်ရှင်ထွေး(မအူပင်)**


## နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

**ဖတ်ရှုလိုသူများသို့...**

စာတိုက်ရှိသော
မည်သည့်ဒေသတွင်
နေထိုင်သူများဖြစ်စေ၊
နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို
လပေးဖတ်ရှုလိုပါက
စာဖတ်သူများလက်ဝယ်
အရောက်
ပို့ဆောင်ပေးပါမည်၊
စာအုပ်ရောက်
ရွေးယူစနစ်ဖြင့်
တစ်လလျှင် ၂၆၀၀/ကျပ်
(နှစ်ထောင့်ခြောက်ရာကျပ်နှုန်း)
ကျသင့်ပါသည်၊
လပေးဖတ်ရှုလိုသူများ
အောက်ပါလိပ်စာသို့
အကြောင်းကြား
မှာကြားနိုင်ပါသည်၊

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
အမှတ် ၂၀၉-ရွှေပြည်သာ၊
၂၉-လမ်း(အထက်)
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း
၀၉-၇၇၆၃၄၉၇၈၅
၀၉-၉၆၈၀၀၄၁၉၂

www.burmeseclassic.com


ကြော်ငြာဆောင်းပါး



# သွေးတိုးရောဂါရှင်များ . .

# စကြာမင်း

အမှတ်တံဆိပ်

# သွေးတိုးကျဆေး

# ကိုဆောင်ထား ကိုရဲ



တိုင်းရင်းဆေးဝါးမှတ်ပုံအမှတ်–0112 YR 007991

"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ပေါ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ, မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုလို့ ထမင်းလွတ်. ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင် ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့သြနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့သြဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီပေါ့၊ များများသာထည့်" "ဟား ဟား၊ ဟင်း ဟင်း ဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကိုး**"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထား သင့်တဲ့ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် သွေးတိုးကျဆေးပဲ** ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်ရဲ့ စကြာမင်း သွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့အခြား ဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်း စတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား။ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲ ယူသွားအုန်းမှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ။ ရော့ ဒါက **စကြာမင်းသွေးတိုးကျဆေး** ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာ မေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရရခဲ့ပါပြီ။ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်း ဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့...**စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့ လိုလိမ့်မယ်..."

**ကိုရဲ**

---

ပင်ရင်း – **စကြာမင်းဆေးတိုက်**


အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊

မြောက်ဥက္ကလာပ။ ဖုန်း – ၆၉၁၀၉၁၊ ၅၂၂၅၄၁။




www.burmeseclassic.com

www.burmeseclassic.com



ဘေးတိုက်အနေအထားဖြင့် အနီးကပ်တွေ့မြင်ရပုံ

ဂမ္ဘီရဆန်သော


# ကျောက်ဟောင်းလေး

သာထက်မြင့်
(မကွေး)

တစ်နေ့သော အခါသမယတွင် ကျွန်တော်သည် မကွေးမြို့နယ်၊ မြင်ကွန်းမြို့ဟောင်း တောင်အရပ်ရှိ ကျန်းမာရေးဆရာမကြီး ဒေါ်ယဉ်သန်း အိမ်သို့ အလည်တစ်ခေါက် ရောက်လာခဲ့လေသည်။

မြင်ကွန်းမြို့ဟောင်းသည် ပုဂံခေတ်ကတည်းက တည်ရှိခဲ့ပြီး ရှေးဟောင်းဘုရားစေတီပုထိုးတို့ဖြင့် ထင်ရှားသည်။

အထူးသဖြင့် ရှင်အဇ္ဇဂေါဏဂူ၊ အလိုတော်ပေါက် (ဘုရားသုံးဆူ၊ ရှင်အဇ္ဇဂေါဏ တပည့် ဒါယကာ, ဒါယိကာမနှင့် ဦးသူတော်တို့သုံးဦး တည်ထားခဲ့သောဘုရား) လောကသိပ္ပံ၊ လေးမျက်နှာဘုရား၊ ငါးမျက်နှာဘုရား၊ မုန့်ပေါင်းသည်ညီအစ်မဘုရား၊ ကွမ်းထမ်းညီနောင်ဘုရား၊ အာလိမ်ငါးဆင့်ဘုရား၊ လေးဆူစံရာဘုရား၊ ပုဂံမျှော်ဘုရား၊ ရွှေနန်းပေါက်ဘုရား၊ ရွှေကွန်းဦးဘုရား၊ ကျုံးဘုရား၊ ရွှေနတ်မောက်ဘုရားတို့မှာ ထင်ရှားလှပေ




ထိပ်တည့်တည့်မှ တွေ့မြင်ရပုံ




www.burmeseclassic.com

www.burmeseclassic.com



◆ တစ်ဖက်မှ တွေ့မြင်ရပုံ

◆ သာသောက်ကနေ တွေ့မြင်ရစဉ်



သည်။

ထို ဘုရားစေတီပုထိုးများကို နေရာအနှံ့ လိုက်ပို့ခဲ့သူက ဆရာမကြီး ဒေါ်ယဉ်သန်း။ ထို့ပြင် သူမ၏ နေအိမ်မှာလည်း ကျွန်တော့်ကို ထမင်းဖိတ်ကျွေးညှော့ခံခဲ့သေး၏။

ထမင်းစားပြီးသောအခါ ဆရာမကြီးက...

'သာထက်ဖော်ကိုတော့ ဂမ္ဘီရပစ္စည်းဆန်းတစ်ခု ပြရဦးမယ်။ မင်းက ဒီလိုအကြောင်းတွေ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ အမြဲလိုလို ရေးနေတာတွေ တွေ့နေရလို့၊ ဘယ့်နှယ်လဲ ကြည့်မယ်မဟုတ်လား'

ဟု ကော်ဖီတစ်ခွက် ကမ်းပေးရင်း စကားဆိုလာသည်။

ထို့ကြောင့် ကျွန်တော်က...

'ဘယ့်နှယ် ပြောပါလိမ့် ဆရာကြီးရယ်၊ ပြစမ်းပါဦး ခင်ဗျား ဂမ္ဘီရပစ္စည်း'

ဟု ကော်ဖီတစ်ငုံမျှ သောက်ရင်း ပြန်ပြောလိုက်၏။

ထိုအခါ ဆရာမကြီး ဒေါ်ယဉ်သန်းသည် အသက်(၇၀)ကျော်ပေမယ့် လည်း သွက်လတ်ဖျတ်လတ်စွာ အိပ်ခန်းအတွင်းသို့ ဝင်သွားလေသည်။

ခဏကြာသောအခါ ဆေးဘူးအခွံလေးနှင့် တရိုတသေ ထည့်သိမ်းထားသည့် ကျောက်ခဲလေးတစ်လုံးကို ထုတ်ပြလာလေ၏။

'ဟောဒီမှာ သာထက်ဖော်ရေ... မင့်သူငယ်ချင်း အောင်မျိုး(ကွယ်လွန်)ရှိတုန်းက ဖားကန့်မြို့ကို ကျောက်တူးသွားခဲ့တာ မင်းအသိပဲလေ။ အဲဒီ သူ ကျောက်တူးတာ (၃)နှစ်သာ. ကြာသွားတယ်။ ကျောက်က လုံးဝမအောင်ဘူး။ ထမင်းစားကျောက်လေး လောက်ပဲရတယ်။

ဇွဲမလဲ ဇွဲသားလေး အောင်မျိုးတစ်ယောက် ဘယ်လိုနေလဲ၊ ဘယ်လိုထိုင်နေရသလဲဆိုပြီး နေ့စဉ် တွေးတောပူပန်ရတာပေါ့ဟယ်။ ဒီလိုနဲ့ နေလာလိုက်တာ (၅)နှစ်လောက်လဲကြာရော သူ့ဆီကနေ စာတစ်စောင် ရောက်လာတယ်။ မှတ်မှတ်ရရ ၁၉၉၆ ခုနှစ် ဇန်နဝါရီလထဲမှာ။

စာထဲမှာ ဘာရေးထားသလဲဆိုတော့ သူအခု ကျောက်အောင်ပြီတဲ့။ သူ့လောပန်း (သူဌေး)ကလဲ သူ့ဝေစုကို တစ်ဝက်ခွဲပေးတယ်တဲ့။ အဲဒီ မကြာခင် ပြန်လာခဲ့မယ်တဲ့။

တိုတိုပြောရရင်တော့ သူ အိမ်ပြန်ရောက်လာတယ်။ အဲဒီမှာ ဘာ သွားတွေ့လိုက်သလဲဆိုရင် သူ့ပိုက်ဆံအိတ်ထဲက ဟောဒီ ဂမ္ဘီရ ကျောက်မောင်းလေးကို တွေ့လိုက်တာပဲ။

အစပထမတော့ ဒါလဲ သာမန်ကျောက်ခဲလေးတစ်လုံး ထင်ပြီး လွှင့်ပစ်မလို့ လုပ်မိသေးတယ်။ နောက်မှ သူက ပြောပြသည်။ ဒီဂမ္ဘီရကျောက်မောင်းလေးက သူ့လိုပဲ





www.burmeseclassic.com

www.burmeseclassic.com

ကျောက်တူးတဲ့သူငယ်ချင်းတစ်ယောက်နေ့ သူ့ကို ကျေးဇူးဆပ်တဲ့အနေနဲ့ လက်ဆောင်ပေးခဲ့တာဆိုပဲ'

'ဘယ်လို အခက်အခဲ ကူညီရလို့ ကျေးဇူးဆပ်တာလဲ ဆရာမကြီး'

'ဒီလိုပေ့ သာ့ထက်ဇော်ရေ၊ အဲဒီ သူငယ်ချင်း ငှက်ဖျားအပြင်းဖျားတဲ့ အချိန်မှာ ငါ့သား အောင်မျိုးက ကိုယ်ဖိရင်ဖိ လိုအပ်သမျှ ကူညီမှုပေးခဲ့တယ်တဲ့။

အဲဒါနဲ့ သူ ကျောက်တူးတဲ့အခါ အဆောင်အဖြစ် ဆောင်ထားလေ့ရှိတဲ့ ဟောဒီ ကျောက်မောင်းလေးကို လက်ဆောင်ပေးခဲ့တာပဲ ဆိုပါတော့။

အဲဒီ သူငယ်ချင်းက အတော်ကြီး ကျောက်ပွင့်သွားတယ်လို့ ပြောပြတယ်။

ဆိုလိုတာက ဒီကျောက်မောင်း ကြောင့်ပေါ့ပဲဟယ်။ ဟုတ်မှာပါ။ ငါ့သား အောင်မျိုးလဲ ဒီကျောက်မောင်းလေး လက်ထဲရောက်မှ ကျောက်အောင်၊ ကျောက်ပွင့်ခဲ့တာပဲလေ'

'ဟုတ်ဖို့ ယုတ္တိတော်တော်ရှိတာပေါ့ ဗျာ၊ စဉ်းစားကြည့်လေ **ဖားကန့်**=၅+၂၊ **ကျောက်ပွင့်**=၂+၅၊ **ကျောက်မောင်း**=၂+၅ ဆိုပြီး ကာက်ကင်းမိနေတယ်။

ဒါ့အပြင် ကျောက်ပွင့်ခဲ့တဲ့ ၁၉၉၆ ခုနှစ်ကို တစ်လုံးတည်းရအောင် ပေါင်းကြည့်ရင်လဲ **၁+၉+၉+၆=၂၅=၂+၅=၇** ဖြစ်နေတာ တွေ့ရပြန်တယ်။ ဂဏန်းဗေဒင်နည်းအရ **၂+၅=၇**ဟာ Lucky Number 7 ဖြစ်နေပြန်သေးတယ်။ ဒီတော့ ကံမကောင်းဘဲ ဘယ်ခံနိုင်ပါ့မလဲ'

'သာထက်ဇော် ပြောပြတော့မှပဲ အတော်ပြည့်စုံသွားတယ်။ တော်တော်လာတဲ့ သာထက်ဇော်ပါလား'

'သိပ်မမြှောက်ပါနဲ့ ဆရာမကြီးရယ်၊ နည်းနည်းပါးပါးပဲ လုပ်ပါ'

ထိုသို့ ကျွန်တော်နှင့် ဆရာမကြီး ဒေါ်ယဉ်သန်းတို့သည် ဂမ္ဘီရဆန်သော ကျောက်မောင်းလေး အကြောင်း စကားပြောဖြစ်ခဲ့ကြပေသည်။

ပြီးနောက် ကျွန်တော် အသင့်ပါလာသည့် ကင်မရာဖြင့် ဂမ္ဘီရကျောက်မောင်းလေးကို ထောင့်စုံကနေ အမျိုးမျိုး ပုံဖော်ရိုက်ယူခဲ့လေ၏။

ထို ကျောက်မောင်းလေးသည် လုံးပတ် (၁.၈)လက်မရှိပြီး အလေးချိန် အားဖြင့် (၂)ကျပ်ခွဲသားခန့် ရှိသည်ကို တွေ့ရှိရသည်။

**စာကြွင်း။ ။ ကျောက်မောင်းလေးသည် တခြားကမ္ဘာက ပန်းကန်ပြားပျံပုံနှင့်လည်း ခပ်ဆင်ဆင် တူသည်ဟု စာရေးသူအနေဖြင့်လည်း ယူဆမိပါသည်။**

**[ဤဆောင်းပါး ဖြစ်မြောက်ရေး အတွက် ပြောပြပေးခဲ့သော ကျန်းမာရေးဆရာမကြီး ဒေါ်ယဉ်သန်း(မြင်ကွန်းမြို့ဟောင်း၊ တောင်ရပ်၊ ငြိမ်း) အား ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါ၏။ စာရေးသူ]**

*မွေ့ဘ ဟဝေ ရက္ခတိ မွေ့စာရီ*

**သာထက်ဇော်(မကွေး)**

---

စာမျက်နှာ (၁၃၄)မှ အဆက်

များသည်...

၁။ စိတ်ဖိစီးမှု ကင်းဝေးခြင်း။
၂။ အခက်အခဲများ ပြေလျော့ခြင်း။
၃။ ကျန်းမာရွှင်လန်းချမ်းမြေ့ခြင်း။
၄။ စာမေးပွဲကြီးကို ရင်ဆိုင်ဝံ့ခြင်း။

အစရှိသော အနိုင်ဓာတ်များ ရရှိကြပြီး၊ စိတ်ကြည်လင်တက်ကြွစွာ ဖြေဆို အောင်မြင်ကြပေလိမ့်မည်။

(က) စာမေးပွဲဟူသည် သင်ယူမှတ်သား လေ့ကျင့်ထားသော သင်ခန်းစာများကို ပြန်လည်ရေးသား ဖြေဆိုရခြင်းလည်း ဖြစ်သည်။

(ခ) မိမိ သင်ကြားနာယူ လေ့လာထားသော သင်ခန်းစာများအား မှန်ကန်စွာ နားလည်ထားရှိခြင်းကို စမ်းသပ်ခံခြင်းလည်း ဖြစ်သည်။

(ဂ) တစ်နည်းအားဖြင့် သင်ယူလေ့ကျင့် မှတ်သားထားသော သင်ခန်းစာများကို ကျော်လွန်သိမြင်၍ တစ်ဆင့်တက်လှမ်းနိုင်ရန်လည်း ဖြစ်ပေသည်။

စာမေးပွဲအောင်မြင်ရုံမျှသာ ရရှိသော အမှတ်သည် အားကိုးစရာ မဟုတ်ပါ။

တန်ဖိုးမြင့်သော ဂုဏ်ယူဖွယ် ရမှတ်သည်သာ မိဘဂုဏ်၊ ဆရာသမားဂုဏ်၊ အမျိုးသားဂုဏ်ကို ဆောင်နိုင်ကြပေလိမ့်မည်။

တစ်ဆင့်ထက်တစ်ဆင့် မြင့်သည်ထက်မြင့် ဝင့်ဝင့်ကြွားကြွား လက်မနှစ်ဖက်စလုံး ထောင်နိုင်သော သမီးကောင်း၊ သားကောင်း၊ သူတော်ကောင်း ပညာရှင်များ ဖြစ်ကြပါစေ။

***[စာရှုသူအပေါင်း စိတ်ချမ်းသာ ကိုယ်ကျန်းမာ၍ အဝေရာဘေးမဲ့ အေးမြ အောင်မြင်ကြပါစေ။]***

**အောင်ရွှေမြတ်** ***(စစ်ကိုင်းတောင်)***

www.burmeseclassic.com

# ပေးခွန်းမှန်သမျှ

ဖြေလို့ရ ဂါထာ

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)

ခြိုသေ့သုံးဆယ် ဘုရားပွဲရက်က ဒကာ၊ ဒကာမများဖြင့် အုန်းအုန်းကျွက်ကျွက် ဆူညံပျော်ရွှင်စွာ ဆွမ်းဟင်း ချက်ပြုတ်နေကြသောကြောင့် ချောင်ဆရာကြီး ဒေါ်ဟေမာထေရီ၏ အသံသည် ငြိမ်သက်တိတ်ဆိတ်နေလေ၏။

ယနေ့နံနက် အစောကပင် ဘုရားဒကာများ နေရပ်သို့ ပြန်သွားကြသောကြောင့် ချောင်ဆရာကြီး၏ အသံသည် ဆူညံစွာ ပေါ်လာပြန်လေ၏။

'ဟဲ့... ပညာသိဂီတို့၊ အဘိတို့ ထကြစမ်း။ ဘယ်အချိန် ရှိနေပြီလဲ၊ တကတည်းမှ အိပ်လိုက်ကြတာ'

ဟု မြည်တွန် တောက်တီးနေလေ၏။

ကျွန်ုပ်၏အိမ်နှင့် ချောင်မှာ နီးကပ်လှသောကြောင့် ကြားနေရလေ၏။ ဆွမ်းတစ်အိုး ကျက်ပြီဖြစ်၍ မဟေသီအတွက် ထမင်းကြော်နှင့် စားတော်ပဲပြုတ်ကိုပင် ဝယ်ထားနှင့်သောကြောင့် လက်ဖက်ရည်သွားဝယ်ဖို့သာ ကျန်တော့လေသည်။

သမီးလေးယွန်းဝတီမှာ ကျွန်ုပ်အိပ်ရာထကတည်းက နိုးနေသောကြောင့် သူငယ်တန်းဖတ်စာကို အသံတိုးတိုးဖြင့် ပေါင်းဖတ်နေလေပြီ။

'ဟဲ့...ငါ ပြောရမကောင်းတော့ဘူး။ သွက်သွက်လက်လက် လုပ်ကြစမ်း။ ကျောင်းသွားဖို့၊ ထမင်းစားဖို့နဲ့ အဝတ်အစားလဲရမှာနဲ့ အချိန်က စောင့်နေမှာ မဟုတ်ဘူး'

ဟု အသံကျယ်ကြီး ထွက်လာပြန်လေ၏။

ကျွန်ုပ်က လက်ဖက်ရည်ဝယ်ရန် စက်ဘီးကိုဆွဲ၍ ထွက်ခဲ့လေ၏။

ချောင်ဆရာကြီးကလည်း သူ့တူမများအတွက် (၁၀)တန်းအထူးထုတ် ဝယ်ခဲ့ရန် လမ်းကြုံမှာလေ၏။

တူမများမှာ (၁၀)တန်းဖြေရတော့မည် ဖြစ်၍ ကျောင်းစာက တစ်ဖက်၊ ကျောင်း ဝေယျာဝစ္စက တစ်ဖက် မအားကြရရှာပါ။ အဖိတ်နေ့များဆိုလျှင် ဆွမ်းဆန်အလှူခံ ထွက်ကြရသေး၏။

'ဒေါ်ဟေမာရယ်... ကလေးတွေက ငယ်သေးပေမယ့် ဉာဏ်ကကောင်းကြပါတယ်။ ကျောင်းအလုပ်ကိုလဲ မအားအောင် လုပ်နေကြရတာ၊ တစ်ခါတလေတော့အနားယူကြပါစေ။ ဘုရားပွဲရက်ကတည်းက ပင်ပန်းနေကြရှာတာ'

ဟု ပြောရလေ၏။

'အင်း...သိပါရဲ့ ဘကြီးအောင်ရယ်၊ ဒါပေမယ့် ဒီကလေးတွေနဲ့ ကျုပ်နဲ့ ဒါပဲရှိတာလေ။ ဒီလိုပဲ...ချော့လိုက်၊ ငေါက်လိုက် ပွတ်ချေ၊ နမ်းချေ လုပ်နေရတာပေါ့'

'ဟုတ်တာတော့ ဟုတ်ပါရဲ့၊ ကျုပ်လဲ အားတဲ့အခါ စာပြပေးနေတာပါပဲ။ အိမ်သူက မမာတော့ သိပ်မချောင်ဘူးပေါ့'

ဟု ပြော၍ တောင်ခြေသို့ ဆင်းခဲ့လေ၏။

ရွှေနှင်းဆီစာပေတိုက်မှ (၁၀)တန်း အထူးထုတ်တစ်အုပ် ဝယ်ပြီးနောက် လက်ဖက်ရည်နှင့် အကြော်ဝယ်ယူ၍ ပြန်လာခဲ့လေ၏။

ချောင်ရှေ့တွင် ယခုအခါ သန့်ရှင်းသပ်ရပ်နေလေပြီ။ ကလေးများလည်း နံနက်အရုဏ်စာ စားသောက်နေကြ



သမထာသုတေသနဆရာတော်ကြီး ဦးဝိသုဒ္ဓနှင့် အောင်ရွှေမြတ်(စစ်ကိုင်းတောင်)တို့၏ ''[illegible]''အမှတ်တရပုံ

www.burmeseclassic.com

လေ၏။

ချောင်ဆရာကြီးက...

'ဘကြီးအောင်ရေ ပညာသိဂ်ီက (၁၀)တန်း ဖြေရတော့မှာဆိုတော့ လိုအပ်တာလေးတော့ လုပ်ပေးဦး၊ စာမေးပွဲရက် ရောက်ရင်တော့ ကန်တော့ပွဲကြီးအတွက် မတ္တရာကို မှာထားပြီးပြီ'

ဟု ပြောလေ၏။

'အင်းပါ... အစကတည်းက စီစဉ်ထားပြီးသားပါ။ မဟုတ်လဲ မြို့ထဲက ကလေးတွေအတွက် နှစ်တိုင်း ဆုတောင်းပေးနေကျပဲဟာ'

ဟု ပြောရလေ၏။

'ဒီလိုရှိတယ်... ဘကြီးအောင်ရဲ့ ကလေးတွေ (၁၀)တန်းအောင်ဖို့ကလဲ အရေးကြီးတယ်။ သီလရှင်စာကလဲ တစ်ဖက်ဆိုတော့ စိတ်ပူနေရတာ'

'ဟုတ်ပါပြီလေ... ကျုပ်က ဗေဒင်ဆရာ မဟုတ်ပေမယ့်လဲ ဆရာအရှင်တွေရဲ့ ကျေးဇူးနဲ့ လုပ်ကိုင်ပေးနေကျဆိုတော့ သိပ်လဲ ပူမနေပါနဲ့၊ ကလေးတွေက ကြိုးစားကြသားပဲ'

'ဒါနဲ့ မေးရဦးမယ်၊ အဲဒီနည်းနိသျည်းတွေက တော်တော်ခက်သလား'

'ခက်လှတယ်တော့ ဘယ်ဟုတ်မလဲ၊ ရှေးရှေးက ဆရာတော်ကြီးတွေရဲ့ ဥပဒေသတွေဆိုတော့ သီလ, သမာဓိနဲ့ ဂါထာတွေ ကျက်ထားဖို့တော့ လိုတာပေါ့'

ဟု ပြောရလေ၏။

'ဒါဖြင့် ကျုပ်ကို သင်ပေးလေ'

ဟု ပူဆာလေတော့သည်။

'လွယ်လွယ်သင်လို့ရမယ်များ ထင်နေလား'

'အဟဲ... ကျုပ် ကန်တော့မှာပေါ့တော်'

ဟု ပြောလေရာ ကျွန်ုပ်က အောက်ပါအတိုင်း သင်ကြားပေးရလေတော့သည်။

၁။ စာမေးပွဲနီးသည်ဖြစ်စေ ဝေးသည်ဖြစ်စေ နံနက်တိုင်း ညတိုင်း ဘုရားရှိခိုးဝတ်ပြုရမည်။
၂။ ဘုရားအမှူးရှိသော အနန္တောအနန္တ ငါးပါးအား ကန်တော့စေရမည်။
၃။ ဆရာ၊ ဆရာမများကို ရည်မှန်းကန်တော့ရမည်။
၄။ စိတ်တည်ငြိမ်ခြင်း ရှိအောင် စွမ်းနိုင်သမျှ ထွက်လေဝင်လေကို လေ့ကျင့်အားထုတ်စေရမည်။
၅။ သန့်ရှင်းသပ်ရပ် လွတ်လပ်ပေါ့ပါးစွာ နေထိုင်စေရန် ကူညီရမည်။

အောက်ပါ ဂါထာတော်ကို အရကျက်မှတ်စေရမည်။

ကျက်မှတ်ထားသော ဂါထာတော်ကို နံနက်(၉)ခေါက်၊ ည(၉)ခေါက် ရွတ်ဆိုပူဇော်ရန် အလေ့အကျင့်ပြုပေးရပါမည်။

ဤဂါထာတော်မှာ ဘုရားရှင် ဟောကြားတော်မူသော ဂါထာတော် မဟုတ်ပါသော်လည်း အလွန် အဓိပ္ပါယ် အနှစ်သာရ ရှိပါသည်။

ဗားမဲ့ဆရာတော်ကြီးမှ စာသင်သားတပည့်သာမဏေများအား ချီးမြှောက်ခဲ့သော ဂါထာဖြစ်ကြောင်း "**သမဏသုခဆရာတော်ကြီးဦးဝါသဝ**" မှ အမိန့်ရှိခဲ့ပါသည်။

**သမတ္တောဝဂါထာတော်**

မေးခွန်းမှန်သမျှ ဖြေ၍ရဂါထာဟု မှတ်သားနိုင်ပါသည်။

သဗ္ဗညာဏံ ဝိနနာထံ၊
သစ္စံပုညံ နမာမဟံ။
ဝိသဒ္ဓေတုံ သမတ္တော၊
သဗ္ဗပုစ္ဆာန ဌာနသော။

နံနက်,ည (၉)ခေါက်စီ ရွတ်ဆိုပူဇော်ပါ။

မြန်မာပြန်

**နာထံ**–သတ္တဝါများစွာ အားထားရာဖြစ်တော်မူသော၊

**သဗ္ဗညုတံ** – ရွှေဉာဏ်တော်ရှင် မြတ်စွာဘုရားကို၊

**အဟံ** – "..."သမုတ် အကျွန်ုပ်သည်၊

**နမာမိ** – အမြတ်တနိုး လွန်အားကိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။

**ပုညံပုညေန** – ယခုရွတ်ဆို မြတ်ကုသိုလ် အဟုန်ကြောင့်လည်းကောင်း၊

**သစ္စံသစ္စေန** – နှုတ်ဝစီတော် သစ္စာတော် အရှိန်ကြောင့် လည်းကောင်း၊

**သဗ္ဗပုစ္ဆာန** – အလုံးစုံသော အမေးပုစ္ဆာဟူသမျှတို့အား၊

**ဌာနသော** – တစ်ဏချင်းမှာပင် ကြန့်ကြာမရှိ၊

**ဝိသဇ္ဇေတုံ** – ကောင်းစွာဖြေဆိုနိုင်ခြင်းငှာ၊

**သမတ္ထော၀** – ဖြည့်စွမ်းအောင်မြင်သည်သာ၊

**ဟောတု**–ဖြစ်ပါစေသတည်း။

**မှတ်ချက်။ ။မြန်မာပြန် အနက်ကို ရွတ်ဆိုရန် မလိုပါ။ သို့ရာတွင် ဂါထာတော်၏ အနက်ပေးကို နားလည် သဘောပေါက်ထားပါက ပို၍ စိတ်ပါလက်ပါ ရွတ်ဆိုရန် အင်အားဖြစ်လာပါမည်။**

စာမေးပွဲဖြေဆိုခြင်းကို အထောက်အကူ ဖြစ်စေဖို့အတွက် ဖြေဆိုသောရက်များ၌ နေ့သားအလိုက် အောက်ပါ အစီအရင်များကို ဆောင်ရွက်စေရပါမည်။

ဤအစီအရင်များသည် "သမဏသုခဆရာတော်ကြီး"၏နည်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

### တနင်္ဂနွေသားသမီး

စာမေးပွဲ ဖြေဆိုမည့်ရက်တွင်...

**ကုံကော်ညွန့်** ၂–ညွန့်

**အုန်း** ၁–ညွန့်

တို့ကို စုစည်း၍ မြေညောင်ရေအိုးဖြင့် ထိုးစိုက်ပြီး အိမ်ရှိဘုရားအား ဆက်ကပ်လှူဒါန်းပါ။ ဆုတောင်းခြင်း မေတ္တာခံယူခြင်းပြုပါ။

**စာဖြေသွားစဉ်** ကုံကော်ပန်းဖြစ်စေ အညွန့်ဖြစ်စေ ပန်သွားပါ။ ဆောင်သွားပါ။

### တနင်္လာသားသမီး

စာမေးပွဲ ဖြေဆိုမည့်နေ့တွင်...

**စွန်ညွန့်** ၃–ညွန့်

**ကုံကော်ညွန့်** ၂–ညွန့်

တို့ကို စုစည်း၍ မြေညောင်ရေအိုးဖြင့် ထိုးစိုက်ပြီး အိမ်ရှိ မြတ်စွာဘုရားအား ဆက်ကပ်လှူဒါန်း၍ ဆုတောင်းခြင်း၊ မေတ္တာခံယူခြင်းပြုပါ။

**စာဖြေသွားစဉ်** စွန်တစ်ပွင့်ဖြစ်စေ၊ စွန်ညွန့်ဖြစ်စေ ဆောင်ယူခြင်း၊ ပန်ဆင်ခြင်းပြုသွားပါ။

### အင်္ဂါသားသမီး

စာမေးပွဲ ဖြေဆိုမည့်နေ့တွင်...

**ရွက်လှညွန့်** ၄–ညွန့်

**စွန်ညွန့်** ၃–ညွန့်

တို့ကို စုစည်း၍ မြေညောင်ရေအိုးဖြင့် ထိုးစိုက်ပြီး အိမ်ရှိ မြတ်စွာဘုရားအား ဆက်ကပ်လှူဒါန်း၍ ဆုတောင်းခြင်း၊ မေတ္တာခံယူခြင်းပြုပါ။

**စာဖြေသွားစဉ်** ရွက်လှတစ်ရွက် ပန်၍ဖြစ်စေ၊ ဆောင်ယူ၍ဖြစ်စေ သွားပါ။

### ဗုဒ္ဓဟူးသားသမီး

စာမေးပွဲ ဖြေဆိုမည့်နေ့တွင်...

**သပြေညွန့်** ၅–ညွန့်

**ရွက်လှညွန့်** ၄–ညွန့်

တို့ကို စုစည်း၍ မြေညောင်ရေအိုးဖြင့် ထိုးစိုက်ပြီး အိမ်ရှိမြတ်စွာဘုရားအား ဆက်ကပ်လှူဒါန်းပူဇော်ပါ။ ဆုတောင်းခြင်း၊ မေတ္တာခံယူခြင်းပြုပါ။

**စာဖြေသွားစဉ်** သပြေတစ်ရွက် ပန်ဆင်၍ဖြစ်စေ၊ ဆောင်ယူ၍ဖြစ်စေ သွားရပါမည်။

### ကြာသပတေးသားသမီး

စာမေးပွဲ ဖြေဆိုမည့်နေ့ရက်တွင်...

**သီးညွန့်** ၆–ညွန့်

**သပြေညွန့်** ၅–ညွန့်

တို့ကို စုစည်း၍ မြေညောင်ရေအိုးဖြင့် ထိုးစိုက်ပြီး အိမ်ရှိမြတ်စွာဘုရားအား ဆက်ကပ်လှူဒါန်းပူဇော်ပါ။ ဆုတောင်းခြင်း၊ မေတ္တာခံယူခြင်းပြုပါ။

***(ဂါထာတော် ရွတ်ဆိုရန် မမေ့ပါနှင့်။)***

**စာဖြေသွားစဉ်** သီးတစ်ညွန့်ဖြစ်စေ၊ သီးသား လက်တစ်ဆစ်ဖြစ်စေ ကိုယ်နှင့်မကွာ ဆောင်ယူသွားပါ။

### သောကြာသားသမီး

စာမေးပွဲ ဖြေဆိုမည့်နံနက်တွင်...

**ဒန်း** ၇–ညွန့်

**သီး** ၆–ညွန့်

တို့ကို စုစည်း၍ မြေညောင်ရေအိုးသစ်တွင် ထိုးစိုက်ပြီး အိမ်ရှိ မြတ်စွာဘုရားအား ဆက်ကပ်လှူဒါန်းပူဇော်ပါ။ ဆုတောင်းခြင်း၊ မေတ္တာခံယူခြင်း၊ ဂါထာတော်ရွတ်ဆိုခြင်းတို့ကို အားတက်သရော ပြုလုပ်ပါ။

**စာဖြေသွားစဉ်** ဒန်းတစ်ညွန့်ဖြစ်စေ၊ ဒန်းသား လက်တစ်ဆစ်ဖြစ်စေ ပန်ဆင်ခြင်း၊ ဆောင်ယူသွားခြင်းပြုပါ။

### စနေသားသမီး

စာမေးပွဲ ဖြေဆိုမည့် နံနက်တွင်...

**အုန်း** ၁–ညွန့်

**ဒန်း** ၇–ညွန့်

တို့ကို စုစည်း၍ မြေညောင်ရေအိုးသစ်တွင် ထိုးစိုက်ပြီး အိမ်ရှိ မြတ်စွာဘုရားအား ဆက်ကပ်လှူဒါန်းပူဇော်ပါ။ ဆုတောင်းခြင်း၊ မေတ္တာခံယူခြင်း၊ ဂါထာတော်ရွတ်ဆိုခြင်းတို့ကို အားရပါးရ ဆောင်ရွက်ပါ။

**စာဖြေသွားစဉ်** အုန်းညွန့် မိမိလက်တစ်ဆစ်ကို ဆောင်ယူခြင်း၊ ပန်ဆင်ခြင်း စိတ်ကြိုက်ဆောင်ရွက်ပါ။

### ရာဟုသားသမီး

### (ဗုဒ္ဓဟူးနေ့ ညနေပိုင်းမွေးဖွား)

စာမေးပွဲ ဖြေဆိုရမည့် နံနက်တွင်...

**မေမြို့ပန်း** ၅–ညွန့်

**ရွက်လှပန်း** ၄–ညွန့်

တို့ကို စုစည်း၍ မြေညောင်ရေအိုးသစ်တွင် ထိုးစိုက်ပြီး အိမ်ရှိ ရှင်တော်မြတ်ဘုရားအား ဆက်ကပ်လှူဒါန်းပူဇော်ပါ။ ဆုတောင်းခြင်း၊ မေတ္တာခံယူခြင်း၊ ဂါထာတော်ရွတ်ဆိုခြင်းတို့ကို ဆောင်ရွက်အားထုတ်ပါ။

**စာဖြေသွားစဉ်** မေမြို့ပန်းတစ်ပွင့် ပန်ဆင်၍ဖြစ်စေ၊ ဆောင်ယူ၍ဖြစ်စေ မိမိနှင့် တစ်ပါတည်း ပါရှိစေရမည်။

၁။ မည်သည့် နေ့ရက်သားသမီးမဆို စာမေးပွဲဖြေသူများသည် နေ့စဉ်မပျက် ဘုရားအစရှိသော မိဘ၊ ဆရာသမားတို့အား ကန်တော့ခြင်း ပြုကြရပါမည်။

၂။ ပေးထားသော ဂါထာတော်ကို နံနက်၊ည မပျက်မကွက် ရွတ်ဆိုပူဇော်ပါ။

၃။ ပန်းများ၊ အညွန့်များ ထိုးစိုက်လှူရန် မြေညောင်ရေအိုးအသစ်ကို အသုံးပြုပါ။

သမဏာသုခ ဆရာတော်ကြီး၏ နည်းနာများဖြင့် အားတက်သရော အားထုတ်ခြင်းဖြင့် စာမေးပွဲရက် အတွင်း၌ စာမေးပွဲဖြေဆိုသူသားသမီး

(စာမျက်နှာ (၁၃၁) သို့)



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အရိုးကျီးပေါင်းရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

## ဆေးစွမ်းကောင်းနှစ်လက်

ဦးဉာဏ်ထွန်းရှိန်
(စက်မှု-၁)

'ဟော့... ကိုဉာဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

'ဩော်... စာရေးဆရာကြီး မောင်ကိုဇော် (ဥက္ကလာ)ပါလား။ လာထိုင်ဗျာ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုဉာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'မသိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ကျွန်တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက်ရိုး (၄ + ၅) အဆစ်တွေမှာ အရိုးကျီးပေါင်းတက်တဲ့ရောဂါလို့ ပြောကြတာပဲ'

'ဆေး မကုဘူးလား'

'ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ ဒါပေမယ့် အရိုးကျီးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက်နေတုန်းပဲ'

'ဒါဆို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက်ရတဲ့ ကိုယ်တိုင် အရိုးကျီးပေါင်းရောဂါ သက်သာပျောက်ကင်းသွားကြတဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရှေ့နေကြီး ဦးညွန့်လှိုင် (စည်ပင်)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်ကု၊ ထုတ်လုပ်ထားတဲ့ စကြာမင်း အရိုးကျီးပေါင်းရောဂါအတွက် သောက်ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။

ဒီဆေးဟာဆိုရင် အရိုးကျီးပေါင်းရောဂါရှင်တွေကို စနစ်တကျ ကုသပေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ ခင်ဗျားအတွက် အကျိုးမယုတ်နိုင်ပါဘူး'

'ဒါဖြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ပေးဗျာ'

'ကဲ... လာ သွားကြမယ်'

* * * * * *

'သိပ်လဲ မစိုးရိမ်ပါနဲ့ ကိုဉာဏ်ထွန်းရှိန်ရယ်။ အနာရှိရင် ဆေးရှိပါတယ်။ ဒီခေတ်မှာတော့ ဇက်ကျီးပေါင်းတို့၊ ခါးကျီးပေါင်း၊ ဒူးဆစ်ကျီးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ အရိုးဓာတ် ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြောတွေ နှန်းပြန်ကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျီးပေါင်းရောဂါဟာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်ဆေးကုခန်းမှာလဲ အရိုးကျီးပေါင်းရောဂါ အမျိုးမျိုးကို နေ့စဉ် ကုသပေးနေရပါတယ်'

'ဇက်ရိုးကျီးပေါင်းနဲ့ ခါးရိုးကျီးပေါင်း လက္ခဏာတွေက ဘယ်လိုရှိသလဲ ဆရာ'




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၈၅၁၃ YR ၀၀၅၃၆၉

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၆/၀၅၁၃

'ကုပ်ဆက်မှာ ကျီးပေါင်းတက်လာရင်တော့ ဇက်ကြောတွေ တက်ခြင်း၊ ထိုးခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြောတက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည်အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း၊ ဇက်ခိုင်ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်ပြင်ကြော မကြာခဏ ဒုပ်တတ်ခြင်း၊ မကြာခဏ အုံးလွဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံကြောကြီးတွေကို အရိုးကျီးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြုနေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျီးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေဟာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-ဝ၆၁၂YR ဝဝ၆ရဝ၈

ခံစားရတတ်ပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံးဝ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမင်း အရိုးကျိုးပေါင်းပျောက်သောက်ဆေး၊ လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျိုးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျိုးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ဝယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျိုးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြပ်ထုပ်တွေထိုးပေးခြင်း၊ ကျိုးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျိုးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိ ပွင့်လန်းစေတဲ့ ဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်,လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လအတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျိုးပေါင်းရောဂါဟာ သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာ့ကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော်ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမှ ငါ့ကို လာဖြစ်ရတယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမင်းဆေးစွမ်းကောင်းနှစ်လက်ကြောင့် ဇက်ကျိုးပေါင်းရောဂါ၊ ခါးရိုးကျိုးပေါင်းရောဂါဘေးမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ'

'ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ၊ အနာသိရင် ဆေးရှိတယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအမိန့်အတိုင်းပေါ့လေ။ အရိုးကျိုးပေါင်းရောဂါလို့ သိရတော့ ဆေးတွေပြီး ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုဉာဏ်ထွန်းရှိန်ခင်ဗျားလိုပဲ အများရဲ့ တောင်းဆိုတိုက်တွန်းချက်ကြောင့် ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာနသို့ မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတင်နဲ့ ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအနေနဲ့ အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေးမျိုးစုံဆိုင်များမှာ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေး၊ သောက်ဆေး၊ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ဝယ်ယူပြီး ဆေးညွှန်းပါအတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျိုးပေါင်းရောဂါဘေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ... အရိုးကျိုးပေါင်းရောဂါရှင်များ ပေါ့ပေါ့ဆဆ မနေကြပါနဲ့။ ကျွန်တော်ရဲ့ ဇက်ကျိုးပေါင်း၊ ခါးရိုးဆစ်ကျိုးပေါင်းရောဂါကတော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်ကု လက်တွေ့ပျောက်ကင်းတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်တဲ့ သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်ကြောင့် ကင်းဝေးခဲ့ပါပြီ။

ကျွန်တော့်လို ဘဝတူ အရိုးကျိုးပေါင်းရောဂါရှင်များအနေနဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေး တစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျိုးပေါင်းရောဂါဘေးမှ ကင်းဝေးကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

မှတ်ထားနော် ''စကြာမင်း'' လို့ မေးဝယ်ပါ။

**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
**အမှတ်-စ/၆၆၆ သုဓမ္မာလမ်းမကြီး**
**သန္တာမှတ်တိုင်အနီး**
**မြောက်ဥက္ကလာပမြို့နယ်။**

**ဦးဉာဏ်ထွန်းရှိန် (စက်မှု-၁)**

www.burmeseclassic.com

ကံကောင်းစေရာ

# ကံပွင့်ယတြာများ (၁)

သန်းဝေါင် (ပညာရေး)



**တနင်္ဂနွေ သားသမီးများအတွက်** ဖြစ်ပါတယ်။ တနင်္ဂနွေသားသမီးများရဲ့ ကံဇာတာ ပွင့်လန်းစေမယ့် နေ့ရက်နဲ့ အချိန်အခါများကို ဦးစွာ ဖော်ပြလိုပါတယ်။

**တနင်္ဂနွေ သားသမီးများအတွက် ကံမြင့်သော နေ့ရက်နဲ့ အချိန်အခါများကတော့...**

အာစရိယဝါဒအရ...

- ✤ ဗုဒ္ဓဟူးနေ့
- ✤ စနေနေ့
- ✤ အင်္ဂါနေ့...

များ ဖြစ်သလို အချိန်အခါများကလဲ ထိုနည်းအတိုင်း ဖြစ်ပါတယ်။

ကဲ ဒါကြောင့်...

တနင်္ဂနွေ သားသမီးများအတွက် ကံကောင်းစေမယ့် နေ့အလိုက် အချိန်များကို ဦးစွာ မှတ်သားလိုက်ပါဦး။

*** * *(*ယတြာ-၁*)**

**ယတြာ(၁)**သည် အောင်မြင်မှုဆိုင်ရာ ကိစ္စများအတွက် ဖြစ်ပါတယ်။ အောင်မြေရှိသော ဘုရားစေတီတစ်ဆူတွင် တံခွန်(၃)ချောင်းကို ကိုင်ပြီး အောင်မြေနင်းရန်လဲ ဖြစ်ပါတယ်။

အောင်မြေနင်းစဉ် **အောင်ဂါထာ**ကို (၉)ခေါက်ရွတ်ဆိုပြီး ထိုစေတီ၏ တနင်္ဂနွေထောင့်တွင် လှူဒါန်းပြီး ဆုတောင်းရမှာ ဖြစ်ပါတယ်။

အောင်ဂါထာတော်

ဟာရံ ယက္ခံ ဂဇံ စောရံ
စိဋ္ဌမာနဋ္ဌ သစ္စကံ။
နာဂံ ဖြုဟ္မံ ဇိနော ဇယံ၊
သော မေ ဒေတု ဇယမင်္ဂလံ။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ယက္ခံ** | =ယက်ခံ |
| **စိဋ္ဌမာနဋ္ဌ** | =စိန့်စမာနင်စ |
| **သစ္စကံ** | =သစ်စကံ |
| **ဖြုဟ္မံ** | =ဗြန်မံ |
| **ဇယမင်္ဂလံ** | =ဇယမင်ဂလံ |

**အနက်**

**ဇိနော**-မြတ်စွာဘုရားသည်၊ **ဟာရံ**-မာရ်နတ်သားကို လည်းကောင်း၊ **ယက္ခံ**- အာဠဝကဘီလူးကိုလည်းကောင်း၊ **ဂဇံ**-နာဠာဂီရိဆင်ကိုလည်းကောင်း၊ **စောရံ**-အင်္ဂုလိမာလခိုးသားကိုလည်းကောင်း၊ **စိဋ္ဌမာနဋ္ဌ**-စိဉ္စမာနကိုလည်းကောင်း၊ **သစ္စကံ**-သစ္စကပရိဗိုဇ်ကိုလည်းကောင်း၊ **နာဂံ**-နန္ဒောပနန္ဒနဂါးမင်းကို လည်းကောင်း၊ **ဖြုဟ္မံ**-ဗကဗြဟ္မာကို လည်းကောင်း၊ **ဇယံ**-အောင်မြင်တော်မူခဲ့ပါပေ၏။

**သော** - ထိုအောင်တော်မူမြတ်စွာဘုရားသည်၊ **မေ**-အကျွန်ုပ်အား၊ **ဇယမင်္ဂလံ** - အောင်ခြင်းမင်္ဂလာကို၊ **ဒေတု** -ပေးတော်မူပါစေသတည်း။

*** * *(*ယတြာ-၂*)**

**ယတြာ(၂)**သည် အေးငြိမ်းမှုသောကငြိမ်းအေးစေရန်အတွက် ဖြစ်ပါတယ်။ စိတ်ချမ်းသာမှုကို ပေးစွမ်းနိုင်သောအခါလဲ ဖြစ်ပါတယ်။

တနင်္ဂနွေထောင့်တွင် ရေအိုးဖြင့် ဘုရားရှင်ကို ရည်မှန်း၍ ကပ်လှူပြီး **အေးဂါထာ**ကို (၉)ခေါက်ရွတ်ပြီး ရေသပ္ပါယ်ပြီး ဆုတောင်းရမှာ ဖြစ်ပါတယ်။

အေးဂါထာတော်

ကေစိတ္တံ ဝိစိန္တေတွာ၊
ကေခမ္မံ သုနိသာတိ။
သေတော သေမော လောကော၊
ကေရာဇာတိ ပါကဋော။
သေတိ သမ္မာသမ္ဗုဒ္ဓံ၊
သေတိ ဓမ္မမုတ္တမံ။
သေတိ မဂ္ဂမုဂ္ဂယှ၊
သေတိ ပနတေ နမော။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ကေစိတ္တံ** | = အေကစိတ်တံ |
| **ဝိစိန္တေတွာ** | = ဝိစိန်တစ်တဝါ |
| **ကေခမ္မံ** | = အေကခမ်မံ |
| **သုနိသာတိ** | = သုနိတ်သတိ |
| **ပါကဋော** | = ပါကတော |
| **သမ္မာသမ္ဗုဒ္ဓံ** | = သမ်မာသမ်ဗုတ်ဓံ |
| **ဓမ္မမုတ္တမံ** | = ဓမ်မမုတ်တမံ |
| **မဂ္ဂမုဂ္ဂယှ** | = မက်ဂမုတ်ဂယ်ယှ |

**အနက်**

**သေခတော**-နိဗ္ဗာန်ရောက်ကြောင်းတရားကို ရှာမှီးသောသူအား၊





www.burmeseclassic.com

www.burmeseclassic.com

ဇယား-၁

| အချိန် | ၆:၀၀ ↓ ၇:၃၀ | ၇:၃၀ ↓ ၉:၀၀ | ၉:၀၀ ↓ ၁၀:၃၀ | ၁၀:၃၀ ↓ ၁၂:၀၀ | ၁၂:၀၀ ↓ ၁:၃၀ | ၁:၃၀ ↓ ၃:၀၀ | ၃:၀၀ ↓ ၄:၃၀ | ၄:၃၀ ↓ ၆:၀၀ |
|---|---|---|---|---|---|---|---|---|
| နေ့ | ဗုဒ္ဓဟူး | သောကြာ | တနင်္ဂနွေ | အင်္ဂါ | ကြာသပတေး | စနေ | တနင်္လာ | ဗုဒ္ဓဟူး |

ဇယား-၂

| အချိန် | ၆:၀၀ ↓ ၇:၃၀ | ၇:၃၀ ↓ ၉:၀၀ | ၉:၀၀ ↓ ၁၀:၃၀ | ၁၀:၃၀ ↓ ၁၂:၀၀ | ၁၂:၀၀ ↓ ၁:၃၀ | ၁:၃၀ ↓ ၃:၀၀ | ၃:၀၀ ↓ ၄:၃၀ | ၄:၃၀ ↓ ၆:၀၀ |
|---|---|---|---|---|---|---|---|---|
| နေ့ | စနေ | တနင်္လာ | ဗုဒ္ဓဟူး | သောကြာ | တနင်္ဂနွေ | အင်္ဂါ | ကြာသပတေး | စနေ |

ဇယား-၃

| အချိန် | ၆:၀၀ ↓ ၇:၃၀ | ၇:၃၀ ↓ ၉:၀၀ | ၉:၀၀ ↓ ၁၀:၃၀ | ၁၀:၃၀ ↓ ၁၂:၀၀ | ၁၂:၀၀ ↓ ၁:၃၀ | ၁:၃၀ ↓ ၃:၀၀ | ၃:၀၀ ↓ ၄:၃၀ | ၄:၃၀ ↓ ၆:၀၀ |
|---|---|---|---|---|---|---|---|---|
| နေ့ | အင်္ဂါ | ကြာသပတေး | စနေ | တနင်္လာ | ဗုဒ္ဓဟူး | သောကြာ | တနင်္ဂနွေ | အင်္ဂါ |

**သေမော** – နေ့,ညမပြတ် ရှာမှီးအပ်သော၊ **လောကေ**–လောက၌၊ **ကေရာဇာတိပါကဋ္ဌော** – တစ်ဆူတည်းသော တရားမင်းဟူ၍ ထင်ရှားသော မြတ်စွာဘုရားသည်၊ **ကေစိတ္တံ**–နိဗ္ဗာန်ရောက်ကြောင်း စိတ်တစ်ခုကို၊ **ဝိစိန္တေတွာ**– ကြံ၍၊ **ကေဓမ္မံ**–တစ်ခုသောတရားကို၊ **သုနိသတိ**– ကောင်းစွာ ဆောင်နိုင်တော်မူ၏။

**သမ္ဗာသမ္ဗုဒ္ဓံ** – မြတ်စွာဘုရားကို၊ **သေတိ**–ရှာမှီး၏၊ **ဥတ္တမံ**–မြတ်သော၊ **ဓမ္မံ**–တရားကို၊ **သေတိ**–ရှာမှီး၏၊ **ဥဂ္ဂယှ**–မိမိစိတ်ကို ချီးမြှောက်၍၊ **မဂ္ဂံ**–နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းကို၊ **သေတိ**–ရှာမှီး၏၊ **သေတိ**–လမ်းကောင်းကို ရှာမှီးသော၊ **တေပန**–သင့်အားကား၊ **နမော**–ရှိခိုးပါ၏။

* * *(ဇယား–၃)

ဇယား(၃)သည် လာဘ်လာဘကို ရရှိသောအခါမျိုးတွင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အလိုတော်ပြည့်ဘုရား ရုပ်ပွားပုံတော်ရှေ့မှောက်တွင် ကွမ်းကော် ညွန့်များ ဝေဝေဆာဆာ လှူဒါန်းပြီး **လာဘ်ရဂါထာ**ကို (၉)ခေါက်ရွတ် ဆိုပြီး ဆုတောင်းရမှာ ဖြစ်ပါတယ်။

လာဘ်ရဂါထာ

ရတနဂ္ဂေ ပယန္နာနံ
အဂ္ဂပုညံ ပဝမှတိ၊
အဂ္ဂံ အာယု စ ဝဏ္ဏောစ၊
ယသော ကိတ္တိ သုခံ ဗလံ၊
တံ သဗ္ဗံ ဝမှတံ မယှံ၊
မဂ္ဂေ ဃေန နမာမဟံ။

ခက်ခဲသော ပါဠိအသံထွက်

**ရတနဂ္ဂေ** = ရတနက်ဂေ
**ပသန္နာနံ** = ပသန်နာနံ
**အဂ္ဂပုညံ** = အက်ဂန်ပုန်ညံ
**ပဝမှတိ** = ပဝတ်ဒတိ
**အဂ္ဂံ** = အက်ဂံ
**ဝဏ္ဏောစ** = ဝန်နောစ
**ကိတ္တိ** = ကိတ်တိ
**သဗ္ဗံ** = သပ်ဗံ
**ဝမှတံ** = ဝတ်ဒတံ
**မယှ** = မယ်ရှ
**မဂ္ဂေ** = မက်ဂေ

အနက်

**အဂ္ဂေ** – ထွတ်မြတ်လှစွာသော၊ **ရတနေ** – ရတနာမြတ်သုံးပါး၌ **ပသန္နာနံ** – ကြည်ညိုကြသူတို့အား **အဂ္ဂပုညံ**–ထူးမြတ်သော ကောင်းမှုသည်၊ **ပဝမှတိ**–တိုးပွားလေသော သည်။

www.burmeseclassic.com

လက်တွေ့

# အင်္ဂုရတ်လုပ်ရတ်

## သိဒ္ဓိဝင်သွပ် စီရင်နည်း

နက္ခတ်ဗျက်စီ
(ဝိဇ္ဇာဓရနယပညာ)



ကျွန်ုပ်သည် ဓာတ်သတ္တုများစွာ ဖြစ်ပေါ်လာကြသည်များကို သိပ္ပံနည်းဖြင့် လေ့လာနိုင်ရန် အနောက်နိုင်ငံများမှ ဓာတ်နှောခြင်း၊ ဓာတ်ပြုခြင်း၊ ဓာတ်ခွဲခြင်းဟု ဆိုသော ဓာတ်ပစ္စည်းအကြောင်းများစွာကို ဖတ်ရှုခဲ့ပါ၏။

ထို့အတူ ဓာတ်သတ္တုပစ္စည်းတွေထဲ၌ အဘယ်ကြောင့် မည်သူက မည်သည့် တန်ခိုးသိဒ္ဓိများ ထည့်သွင်းထားရှိရပါလိမ့်ဟု ဝိဇ္ဇာပညာရပ်ဖြင့်လည်း ကြံဆမိပါချေ၏။

ဤကား ဟိုးလွန်ခဲ့သော နှစ်(၃၀)ကျော်က အတွေးတစ်ခုဖြစ်သည်။

ယနေ့ခေတ်ကြီး၌ အင်္ဂုရတ်အတတ်ပညာဖြင့် တကယ်တမ်း တတ်မြောက်ကျွမ်းကျင်နှံ့စပ်ရန် လိုသကဲ့သို့ ဓာတ်အမျိုးမျိုးရှိသော ဓာတ်အပေါင်းတို့ကိုလည်း စုပေါင်းရောနှောနေလျက် ရှိကြကုန်သည်။ ပြဒါးကို ဓာတ်ဆေးဝါးများဖြင့်လည်းကောင်း၊ ဓာတ်,ဓာတ်ခွင်းဖြင့် သတ်ဖြတ်ရာ၌လည်းကောင်း၊ သစ်ပင်,သစ်မြစ်,အင်း,ဆေးဝါးတို့ဖြင့်လည်းကောင်း ကောင်းမွန်ကျွမ်းကျင်စွာ မသုတ်သင်တတ်ကြ။

ပြီးနောက် ပြဒါးကို ပြာချခြင်း၊ ထိုပြာမှ ဓာတ်ဖြစ်စေခြင်း၊ ထိုဓာတ်ကို ပြာနဆိုက်စေခြင်းငှာလည်း မစွမ်း၊ ပြဒါးကို နိုးကြားထကြွစေအောင် ဆောင်ကိုင်နိုင်။ တကယ်တမ်း ဖိုခွင်၌ ထင်ရောက်ထိုးသောအခါ၌ သီလ, သမာဓိ,ပညာဟူသော ဥစ္စာမရှိ၊ အောင်မြင် ပေါက်ရောက်သွားကြသူတို့၏ အစောင့်အရှောက် မရှိခြင်း...

သူ့ထက်တတ်သောသူ မရှိဟု စိတ်မာန်ဝင်ကာ အထင်ကြီးစကားများကိုသာ တွင်တွင်ပြောဆိုနေကြသူ ဆရာများကို ကျွန်ုပ် ပြဆိုသော ပညာပေတံဖြင့် စမ်းသပ်ကြည့်ခြင်းဖြင့် ဆရာတင်ထိုက်၊ မတင်ထိုက်ကို သိနားလည်စေရာ၏။

ထို့အတူ အင်္ဂုရတ်ပညာကို သင်ယူလိုကြကုန်သော သူတို့သည်လည်း စင်ကြယ်သော သဘောလက္ခဏာ ရှိရပါမည်။ ဖြူစင်သော စိတ်နှလုံးကို မွေးမြူရပါမည်။ ကျင့်လည်း ကျင့်စောင်ရမည်။ ထို့ပြင် အင်္ဂုရတ်စကားဖြင့် ပြောဆိုပါရချေသော် **ရိက္ခာထောက်** ရှိရပါမည်။

ထိုရိက္ခာထောက် ငွေကြေးရှိမှ ကျွန်ုပ်တာ ဆက်လက်လုပ်ကိုင်သွားကြရန်ပင်ဖြစ်လေသည်။ ထို့ကြောင့် နည်းလမ်းကောင်းများကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၌ ထည့်သွင်းကာ ဖော်ပြလိုက်ရပါချေ၏။

## လုပ်ထုံး ပြုလုပ်ပုံ

ကျွန်ုပ်သည် နံပါတ်(၆)လုံးကိုဖြစ်စေ၊ နံပါတ်(၇)လုံးကိုဖြစ်စေ ယူကာ လုံခိုင်,မခိုင် အက်ကွဲနိုင်ခြေ ရှိ,မရှိကို သေချာစစ်ဆေးပြီးနောက် **ကန့်ချဉ်နီ**ကို **သံပရာရည်**တွင် သွေးကာ ထိုလုံးကို ခပ်ထူထူပျစ်ပျစ် သုတ်လိုက်၏။

နေပူတွင် အခြောက်ထားလိုက်ပါချေ၏။ ယင်းနောက် ထပ်မံသုတ်ပြန်ချေ၏။ ဤနည်းအတိုင်း (၃)ကြိမ်တိုင်အောင် သုတ်လိုက်ပါသည်။

ထိုလုံးထဲသို့ ပထမဦးဆုံး ထည့်လိုက်သော ပစ္စည်းမှာ **ဟင်းရှိန်း (၂)ကျပ်သား**ကိုထည့်ပြီး၊ ထိုဟင်းရှိန်းအပေါ်က **ကန့်(၅)မူးသား** ထပ်မံ၍၊ ထိုအပေါ်တွင် **ကြေးနီ(၂)ကျပ်သား**ကို ထည့်လိုက်ပါချေ၏။

ထိုကြေးနီအပေါ်က ကန့်(၅)မူးသားထည့်ပြီးလျှင် လက်ချားမီးပေါက်ကို လုံဆံ့သရွေ့ သိပ်ကာ ထည့်ပါချေ၏။

ယင်းနောက် လုံကို ပိတ်ကာ မီးလျှံကနေပြီး တဖြည်းဖြည်း ထိုးကာ လုံကိုလည်း တဖြည်းဖြည်းမြှင့်ကာ ပေးလိုက်ပါ၏။

ဤတွင် မီးအကြောင်း နားလည်ရန်လိုသည်။ ထို့အတူ **မီးနေမီးထားမှန်ဖို့** အရေးကြီးကြောင်း သိပါသဖြင့် ကျွန်ုပ်သည် မီးအရောင်အဆင်း ပြောင်းလဲသွားသည့်အချိန်တွင် မီးသွေး(၁)တင်းကုန်အောင် ထိုးချလိုက်သည်။

ထိုကဲ့သို့ ထိုးချပြီး အလိုချင်းစေ၍

www.burmeseclassic.com

လုံအေးသောအခါတွင် ခွဲပြီး ကြည့်လိုက်ရာ **[မှတ်ချက် ။ ။ မီးကောင်းမွန်ပါက ဟင်းရှိုင်းဓာတ်သည် ထိပ်ဆောင်းကာ နေသည်ကို ကျွန်ုပ်တွေ့လိုက်ရပါချေ၏။ မီးမကောင်းလျှင် မီးအကြောင်း၊ နားမလည်လျှင် ကြေးနီနှင့် ဟင်းရှိုင်း ရောထွေးယှက်လျက် ဖြစ်နေပါ၏။]**

ဤကဲ့သို့ ရောထွေးနေလျှင် ကျွန်ုပ်သည် ဓာတ်ကို အမှုန့်ထောင်း၍ လက်ချားမီးပေါက် သိပ်,သိပ်ထည့်ကာ မီးလျှံကနေပြီး မီးပြင်းပြင်းဖြင့် ထိုးချလိုက်ချေတော့၏။

အလိုလို ချမ်းစေပြီးနောက် ခွဲလိုက်သော် ထိပ်ဆောင်းနေခြင်းကို တွေ့လိုက်ရချေ၏။

ထိုထိပ်ဆောင်းဓာတ်ကို ယူလျက် ဓာတ်အလေးချိန် (၂)ကျပ်သားဖြစ်စေ၊ (၃)ကျပ်သားဖြစ်စေ လုံတွင်ထည့်ပြီး သွပ်(၁)ကျပ်သားဖြင့် အုပ်ကာ ထိုးလိုက်ပြန်ပါချေ၏။

သွပ်ဓာတ်သည် တေဇောပြတ်သွား၏။ ယင်းဓာတ်ကို ကိတ်ဖြင့် အချိန်အလေးတူ တွဲပေါင်းစပ်ကာ ပြာရိုက်၏။ ပြာကျချေ၏။

ထိုပြာကို ပြဒါး(၁၂)ဆင့်အထိ သွင်းလိုက် ရိုက်လိုက် လုပ်ပါချေ၏။ ထိုသွပ်သည် သိဒ္ဓိအရာ၌ ဆိုဖွယ်မရှိပါချေ၏။

ကျွန်ုပ် ရေးသားဖြစ်ခဲ့သော ဓာတ်သတ်ရန် ကန့်ချုပ်နီမြစ်သည် ဈေး၌ရောင်းချသည်ကို မဝယ်ပါဘဲ ကျွန်ုပ်ကိုယ်တိုင် တောတောင်ထဲက ကန့်ချုပ်နီမြစ်ကို သုံးပါချေ၏။

ဥပမာပြရသော် ကန့်ချုပ်နီမြစ်သည် မြေပဲပင်၏အမြစ်နှင့် တူပါချေ၏။ ထိုကန့်ချုပ်နီမြစ်ကို ဓားဖြင့် ဖြတ်တောက်ကြည့်ပါက လူသွေးကဲ့သို့ ရဲရဲနီကာကျ၏။ ထိုအဖြစ်ဖြင့် ကျွန်ုပ်ပြုလုပ်ပါချေ၏။

ကျမ်းမာချမ်းသာ လိုရာစခန်းတက်လှမ်းရန် လက်တွေ့ နည်းနာတစ်ရပ်အား ဖော်ပြလိုက်ရပါချေတော့သတည်း။

**မှတ်ချက်**

ဤဓာတ်သည် အလွန်မျက်နှာပွင့်၏၊ စုတ်လည်းဝင်၏။ စုတ်ကို လိုလားသော် လာဘ်သည် အလိုလိုတိတ်၍ လာဘ်ကိုလိုသော် စုတ်တိတ်၏။

နှစ်ဖက်နှစ်မျိုး လောဘတကြီးလိုသော် ဓာတ်လုံးထွက်ပြေးလေ၏။ (သို့မဟုတ်) ပျောက်ပါချေ၏။

စာရေးသူသည် အဂ္ဂိရတ် ပရိသတ်အတွက် လက်တွေ့အောင်မြင်သောနည်းကို လက်တွေ့ပေးချေ၏။ ထို့အတူ လက်ဝယ်၌လည်းရှိ၏။

သွပ်အကြောင်းကား ကျယ်ဝန်းပါချေ၏။ သူပြော ငါပြော ဟိုစာ ဒီစာ ဖတ်၍လည်း ယောင်ယောင်ကန်းကန်း မပေးတတ်၊ မပြောတတ်။ နောင်အလျဉ်းသင့်က ဓာတ်(၉)ပါး အကြောင်း တင်ပြပေးသွားမည် ဖြစ်ပါချေ၏။

**နတ်မျက်စိ(ဝိဇ္ဇာဓရနယပညာ)**

---

စာမျက်နှာ (၁၃၈)မှ အဆက်

**အဂ္ဂံအာယုစ** – ထွတ်မြတ်သော အသက်ရှည်ခြင်းသည် လည်းကောင်း၊ **အဂ္ဂံဝဏ္ဏောစ** –ထူးမြတ်သောအဆင်းလှခြင်းသည် လည်းကောင်း၊ **အဂ္ဂံယသော** – ထူးမြတ်သောအခြွေအရံသည် လည်းကောင်း၊ **အဂ္ဂံကိတ္တိစ** –ထွတ်မြတ်သော ကျော်စောခြင်းသည် လည်းကောင်း၊ **အဂ္ဂံသုခဥ္စ**–ထွတ်မြတ်သော ချမ်းသာခြင်းသည် လည်းကောင်း၊ **အဂ္ဂဗလဥ္စ**– ထွတ်မြတ်သော ခွန်အားနှင့် ပြည့်စုံခြင်းသည် လည်းကောင်း၊ **ပဝမုတိ**–တိုးပွားလေတော့၏။

**ယေန**–အကြင် အကြောင်းကြောင့်၊ **အဟံ**–ဘုရားတပည့်တော်သည်၊ **အဂ္ဂေ**–ရတနာသုံးပါး အမြတ် ရတနာတို့ကို၊ **နမာမိ**–ရှိခိုးကန်တော့ပါ၏။

**တေန**–ထိုသို့ ရှိခိုးရခြင်းကြောင့်၊ **မယှံ** – ဘုရားတပည့်တော်အား၊ **တံသဗ္ဗံ**–အသက်ရှည်ခြင်း, အဆင်းလှခြင်း, ခြွေရံပေါခြင်း, ကျော်စောခြင်း, ချမ်းသာခြင်း, အားတိုးခြင်း စသည့် အလုံးစုံသောအကျိုးသည်၊ **ပဝမုတံ ပဝမုတု**– တိုးပွားပါစေသတည်း။

*[ဤဂါထာတော်များ ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ [ဓမ္မာစရိယ(မဟာဝဂ္ဂါဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယ ကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]*

**မြေရှင်မှာ ရှိပါစေ**

**သန်းခေါင်(ပညာရေး)**




www.burmeseclassic.com

စိုက်ပျိုးဝင်များ ကြီးထွားသန်စွမ်းစေသည့်

# အချဉ်ဖောက်ဘက်တီးရီးယား

## Lactic Acid Bacteria Serum (LAB or LAS)



◆ အချဉ်ဖောက် ဘက်တီးရီးယား L.A.S(ခေါ်) L.A.B(ဒိန်ချဉ်)

တောင်သူဦးကြီးများ **ဓာတုအဆိပ်ကင်းလွတ်သီးနှံ** (Chemical Free) စိုက်ပျိုးထုတ်လုပ်ရေးမှသည် အခြေခံ **အော်ဂဲနစ်လယ်ယာ**(Principles of Organic Farming)ဆီသို့ သွားရာမှာ ပတ်ဝန်းကျင် ဂေဟစနစ်ရှိ သဘာဝ အကျိုးပြု ဘက်တီးရီးယားတွေ တိုးပွားများပြားဖို့အတွက်ဟာ မရှိမဖြစ် လုပ်ဆောင်ရမည့် အကြောင်းအချက်တွေ ဖြစ်ပါတယ်။

အဲဒီလို ဆောင်ရွက်ကြရာမှာ ရနိုင်သမျှ အော်ဂဲနစ်ပစ္စည်းတွေ၊ လယ်ယာစွန့်ပစ်ပစ္စည်းများတွေအပြင် ပညာရှင်များ ဖန်တီးထုတ်လုပ်ထားရှိတဲ့ နည်းပညာတွေမှတစ်ဆင့် ရရှိတဲ့ အီးအမ် အကျိုးပြု ဘက်တီးရီးယားများ...

ဂျပန်နည်းပညာများနဲ့ ထုတ်လုပ်ရရှိတဲ့ အနုဇီဝအကျိုးပြုပိုးများကို ဘက်စုံအသုံးပြုနေကြတဲ့အပြင် အခုစာရေးသူ ရေးသားတင်ပြမယ့် အချဉ်ဖောက်ဘက်တီးရီးယား ထုတ်လုပ်အသုံးပြုနည်းကလဲ အော်ဂဲနစ်သီးနှံစိုက်ပျိုးထုတ်လုပ် ရောင်းချနေတဲ့ စာရေးသူရဲ့ စိုက်ပျိုးရေးမိတ်ဆွေတစ်ယောက် လက်မလွှတ်တမ်း အမြဲလုပ်ကိုင်အသုံးပြုနေတဲ့ နည်းစနစ်ကောင်းတစ်ခု ဖြစ်ပါတယ်။

အဲဒီနည်းပညာကိုတော့ စာရေးသူတို့ ပတ်ဝန်းကျင်မှာ အလွယ်တကူ ရရှိနိုင်ပြီး ကျန်းမာရေးအတွက်လဲ နေ့စဉ် သောက်သုံးနေတဲ့ **နွားနို့ကနေ ထုတ်လုပ်တာပါ**။

နွားနို့ကနေမှတစ်ဆင့် ဒိန်ချဉ်ထဲမှာ ကျန်းမာရေးအကျိုးပြု ဘက်တီးရီးယား တစ်မျိုးကို အခြေခံလို့ သူ့ကို လက်တစ်အက်စစ် ဘက်တီးရီးယား အချဉ်ရည်လို့ခေါ်ပါတယ်။

အပင်ကိုသာ အကျိုးပြုသည်သာမက အဲဒီနည်းပညာကနေ ထုတ်လုပ်လို့ ထွက်ရှိလာတဲ့ ဘေးထွက်ပစ္စည်းတစ်ခုဖြစ်တဲ့ ဒိန်ချဉ်ကို စာရေးသူတို့ စားသုံးလို့ရပါတယ်။

**အချဉ်ဖောက်ရည် ဘက်တီးရီးယား**(LAB)ဆိုတာကို အရင် ရှင်းလင်းတင်ပြလိုပါတယ်။ ဘက်တီးရီးယား အချဉ်ဖောက်ရည်ဆိုတာ အောက်စီဂျင်ဓာတ်နေရာမှာ သကြားဓာတ်နဲ့ အချဉ်ဖောက်ရည်ကို အနုဇီဝအဖြစ် ပျော်ဝင်လှုပ်ရှားစေခြင်းပဲ ဖြစ်ပါတယ်။

သာမန်အားဖြင့် ဆန်ဆေးရည်နဲ့ နွားနို့ကို သီးသန့်စီ ရှိစေသလို ရောနှောပြီး သုံးစွဲစေခြင်းလဲ ဖြစ်ပါတယ်။ အဲဒီ အကျိုးပြု ဘက်တီးရီးယားအရည်ဟာ ဆိုရင် မြေဆီလွှာထဲကို လေဝင်လေထွက်များ ကောင်းမွန်စေတဲ့အပြင် အသီးပင်များနဲ့ ဟင်းသီးဟင်းရွက်များကိုလဲ ပိုမိုဖွံ့ဖြိုးစေပါတယ်။

အချဉ်ဖောက်ရည် ဘက်တီးရီးယား (သို့မဟုတ်) ဇီဝအက်စစ်ရည်မှာ အစိုဓာတ်ထိန်းအား ပီအိပ်(PH-2)ရှိတာကြောင့် မြေသြဇာ ကောင်းမွန်စေတယ်။ ပုံမှန်ဆိုရင် အချဉ်ဖောက်ရည် ဘက်တီးရီးယားက အမြဲလှုပ်ရှားနေတာကို တွေ့ရတယ်။

အောက်စီဂျင် ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပြင် အပူရှိန်မြင့်မားလွန်ခြင်းတွေမှာလဲ လှုပ်ရှားရှင်သန် အလုပ်လုပ်နိုင်ကြတယ်။ အဲဒီအရည်က မြေဆီလွှာထဲမှာရှိပြီး ကျေပျက်ရန်ခက်ခဲတဲ့ သတ္တုဓာတ်တွေကို ပုပ်ဆွေးစေလို့ မြေသြဇာ ဖြစ်ထွန်းလွယ်တယ်။

ဒါ့အပြင် လွယ်လင့်တကူ ပျောက်ပျက်မသွားလို့ အပင်တွေက ကောင်းစွာ စုပ်ယူနိုင်တယ်။ အဲဒီအချဉ်ရည် အပင်

www.burmeseclassic.com

တွေထဲ ရောက်သွားပြီးရင် ပင်စည်တွေမှာ ရောဂါခံနိုင်ရည်စွမ်းအားတွေ တိုးတက်မြင့်မားလာစေတယ်။

မိုးဘယ်လောက်ကြီးကြီး ရွာသွန်းပါစေ မျောပါစီးဆင်းပြီး မပျောက်ပျက်နိုင်ဘူးလို့ ပညာရှင်အများက အတည်ပြုထားတယ်။

## ပြုလုပ်ပုံကတော့

**ဆန်ဆေးရည်**ကို အိုးသန့်သန့်ဇလားတစ်လုံးမှာ အရင်ထည့်ထားပါ။ စက္ကူနဲ့ပဲ ဖုံးအုပ်ပါ။ အေးပြီးခြောက်သွေ့တဲ့နေရာမှာထားရင် တစ်ပတ်ခန့် အကြာမှာ ဘက်တီးရီးယားတွေ ပွားနေပါပြီ။ **အချဉ်နံ့လဲ ထွက်လာမှာ ဖြစ်ပါတယ်။**

အဲဒီဆန်ဆေးရည် တစ်ဆထဲကို **နွားနို့(၁၀)ဆ ဒး၁၀နဲ့ ရောပါ။** အမှန်ကတော့ ဆန်ဆေးရည်ကို အရင်ဖောက်ထားတာဟာ အလျင်ရည် အရင်လုပ်ထားတဲ့ သဘောပေါ့။

အဲဒီလို ရောစပ်ပြီး (၅-၇)ရက်အကြာမှာ **ပရိုတိန်း၊ အဆီဓာတ်နဲ့ ကစီဓာတ်များက အချဉ်ရည်ရဲ့အပေါ်မှာ ပေါ်လာမှာပါ။**

အဲဒီအောက်မှာကတော့ စိုက်ပျိုးသူတောင်သူဦးကြီးတွေ အသုံးပြုရမည့် **အဝါရောင်အရည်ကြည်** (Serum)ကို ရရှိပြီ ဖြစ်ပါတယ်။

အဲဒီအရည်ဟာ **ဘက်တီးရီးယားအက်စစ်** ဖြစ်ပါတယ်၊ အပေါ်ယံလွှာမှာရှိတဲ့ **ဒိန်ချဉ်အဖတ်တွေ**ကိုတော့ သကြားနဲ့ရောမွှေပြီး စာရေးသူတို့ စားသုံးနိုင်ပါတယ်။

ဒါပေမယ့် လူတို့ စားသုံးရန်အတွက်ပါ ရည်ရွယ်ရင်တော့ လုပ်ကိုင်ဆောင်ရွက်သမျှ အိုးတွေ့ ပစ္စည်းတွေကို တတ်နိုင်သမျှ သန့်ရှင်းစင်ကြယ်စွာ လုပ်ကိုင်ဆောင်ရွက်စေလိုပါတယ်။

ရရှိလာတဲ့ **အဝါရောင်အရည်**ကို ရေခဲသေတ္တာထဲ ထည့်သိမ်းထားပါ။ သူက အကျိုးပြုဘက်တီးရီးယား ပြည့်ဝစွာပါရှိတဲ့ အက်စစ်အရည် ဖြစ်နေပါပြီ။

ရေခဲသေတ္တာ အလွယ်တကူ မရခဲ့ရင်ဖြင့် **သကြားညိုကို အချဉ်ရည်နဲ့ ဆတူဖြစ်အောင် ရောထည့်ပြီး** အေးပြီးခြောက်သွေ့တဲ့ အရိပ်မှာ ရေရှည်သိမ်းဆည်းထားနိုင်ပါတယ်။

## နောက်ထပ်တစ်နည်းကတော့

မိမိ စိုက်ပျိုးထားရှိတဲ့ ခြံထဲက **ပဲတောင့်အမျိုးမျိုးကနေ ထုတ်လုပ်တာပါ။** ထုတ်လုပ်နည်းကတော့ ပဲသီးတွေကို ပြုတ်လိုက်ပါ။ **သကြား** အနည်းငယ်ထည့်ပြီး ထောင်းလိုက်ပါ။

ထွက်လာတဲ့ ပဲသီးအရည်တွေကို ဖန်ပုလင်းတစ်ခုထဲကို ငှဲ့ထည့်ပါ။ ပုလင်းကို သေချာမှတ်ထားပြီး ရေခဲသေတ္တာထဲမှာ သိမ်းဆည်းပါ။ ကြာလာရင် ပုလင်းထဲမှာ ခဲသွားမှာဖြစ်တယ်။

အဲဒီပုလင်းထဲက အရည်က ဘက်တီးရီးယားအက်စစ်အရည် အစစ်အမှန်ဖြစ်ပါတယ်၊ (၁၀၀)စင်တီဂရိတ်အထိ ဘက်တီးရီးယားများ ခံနိုင်တာကို တွေ့ရမှာပါ။

အဲဒီလို ရေခဲသေတ္တာထဲ ထည့်ဖို့ အခက်အခဲ ရှိပါက အထက်မှာ ဆိုခဲ့သလို **အိုးကြီးတစ်ခုမှာ သကြားညိုနဲ့ ဆတူရောထည့်ပြီး ရေရှည်သိမ်းဆည်းနိုင်ပါတယ်။**

## အသုံးပြုပုံကတော့

**ဆေးတစ်ဆ ရေအဆတစ်ထောင် (ရေလေးဂါလန်မှာ ဆေး ၂၀ စီစီ)**ကို ရောစပ်ပြီး ပုံမှန် အသုံးပြုနိုင်ပါတယ်။ အပင် ကစော်ဖောက်ရည်နဲ့ ရောပြီး အသုံးပြုနိုင်ရင် အကောင်းဆုံးလို့ ဆိုပါတယ်။

မိမိတို့ စိုက်ခင်းတွေထဲ သစ်ရွက်ဆွေးများ၊ သစ်ဆွေးမြေများ မရှိခဲ့ရင်၊ မသုံးနိုင်ခဲ့ရင် ဒီဘက်တီးရီးယား အချဉ်ဖောက်ရည်ကို အသုံးပြုစေချင်ပါတယ်။

ဘာကြောင့်လဲဆိုတော့ အချဉ်ဖောက်ရည်က သစ်ရွက်တွေ ထည့်ထားတဲ့ အာဟာရကုန်ကြမ်းတွေ ကို အလျင်အမြန်ပဲ ဆွေးမြည့်ပျက်စီးစေပါတယ်။

အခုလို စိုက်ခင်းမြေပေါ် ကို ပက်ဖျန်းပေးခြင်း၊ သီးနှံပင်တွေပေါ် ပက်ဖျန်းပေးခြင်းအားဖြင့် မြေကြီးထဲကို တွင်းဖောက်ဝင်ပြီး အကျိုးပြုဘက်တီးရီးယားများ တိုးပွားစေတဲ့အပြင် သတ္တုဓာတ်၊ အမျှင်ဓာတ်တွေနဲ့ အဖိုးတန်မြေဆီလွှာတွေကို ပြန်လည်ထုတ်လုပ်ပေးတယ်လို့ ဆိုပါတယ်။

အိမ်မွေးတိရစ္ဆာန်တွေ နေထိုင်မကောင်းဖြစ်ရင်၊ ဖျားနာရင် **ချဉ်ဖောက်ရည်ကို ရေအဆ(၁၀၀၀)နဲ့** ရောပြီးတိုက်ကျွေးကြည့်ပါ။ အားကောင်းမောင်းသန်ဖြစ်ပြီး ဝဖြိုးလာမှာဖြစ်ပါတယ်။


အပင်က ကစော်ဖောက်ရည်ပါတွဲပြီး အသုံးပြုနိုင်လို့ကတော့ ပိုမိုသာလွန်ကောင်းမွန်ကြောင်း အတည်ပြုပြောဆိုပါတယ်။

စိုက်ခင်းတွေမှာ (၅-၇)ရက် တစ်ကြိမ်ခန့် အသုံးပြုပေးခြင်းအားဖြင့် အသီးနဲ့အရွက်များကို အဆမတန်ကြီးထွားစေသော်လဲ၊ အသီးသီးချိန်မှာတော့ ဆေးအချိုးအဆကို လျှော့သုံးစေလိုပါတယ်။ တန်ဖိုးလွန်ဘေး ဖြစ်တတ်တာကို သတိမူစေချင်တာပါ။



www.burmeseclassic.com

www.burmeseclassic.com




အော်ဂဲနစ်သီးနှံ စိုက်ပျိုးထုတ်လုပ်တဲ့နေရာမှာ **အောက်စီဂျင်ဓာတ်ပိုးပြီး** (Oxygen Oxidation) အလုပ်လုပ်တဲ့ အောက်စီဂျင်လိုအပ်တဲ့ ဘက်တီးရီးယားတစ်မျိုးကိုသာ အဓိက အားထားတာ မဟုတ်ပါဘဲ အောက်စီဂျင်မဲ့ ဒါမှမဟုတ် အောက်စီဂျင်ကို ဓာတ်ပျောက်စေပြီး (Oxygen Reduction) ဆောင်ရွက်တဲ့ ဘက်တီးရီးယားတွေကိုလဲ လိုအပ် အသုံးပြုလာကြပါတယ်။

ဒါကြောင့်မို့ လေရှိနဲ့ လေမဲ့ ဘက်တီးရီးယားနှစ်မျိုးစလုံး ပါဝင်ကူညီတဲ့ ပတ်ဝန်းကျင်ကို ဖန်တီးပေးတဲ့ နေရာမှာ ဒီအချဉ်ဖောက်ရည်ဟာ စွမ်းဆောင်ရည် မြင့်မားပြီး အလွန်အသုံးတည့်ကြောင်းကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်းစာချစ်သူ စိုက်ပျိုးရေးဝါသနာရှင်တို့အတွက် လေ့လာ တင်ပြလိုက်ပါတယ်။

**တနိုင်း၁**

တစ်နေ့သော အခါတွင် အင်းပညာကို လွန်စွာမှ ဝါသနာထုံသော ကိုသံချောင်း ဆိုသူသည် ကျွန်ုပ်ထံသို့ ရောက်ရှိလာလေ၏။

ထိုသို့ ရောက်ရှိလာပြီးလျှင်...

'အာစရိရေ... အင်းပညာနဲ့ လူတွေရဲ့ အခက်အခဲကို ကူညီရတာ ဟန်တော့ ကျပါရဲ့ဗျာ။ ဒါပေမယ့်လို့ အကောင်း အဆိုးလေးတွေကို ဟောရ ပြောရဖို့အတွက် အဆင်မပြေလှဘူး။ အာစရိတို့လို တွက်တတ် ချက်တတ်မှ အဆင်ပြေမှာဗျ'

ဟု ပြောလေ၏။

'ဒါကြောင့် ကျွန်တော် ပြောသားပဲ ကိုသံချောင်းရဲ့၊ ဗေဒင်ပညာကို သင်ယူပါလို့၊ ခင်ဗျားက သေချာကျန အစ အဆုံး မသင်ချင်ဘဲကိုး။ သိချင်တာလေးလောက် လာ,လာမေးနေတော့ အဟော အပြောတွေအတွက် ဘယ်မှာ သက်လုံကောင်းပါတော့မလဲ'

ဟု ကျွန်ုပ်မှ ပြောသောအခါ...

'သင်ချင်တယ် အာစရိရ... တပည့်အကြောင်း အာစရိလဲ သိရဲ့နဲ့... အားမှ မအားတာ'

ဟု ဆင်ခြင်ပေးလေ၏။

'ကဲ...ထားပါတော့ ကိုသံချောင်းရယ်၊ အခု ဘာလိုချင်ပြန်ပြီလဲ ဆိုပါဦး'

'ဟဲ...ဟဲ... အာစရိကလဲ တစ်ခုလောက်ပဲ သိချင်တာပါ။ ဒီလိုဗျာ လူတွေက စိတ်နေစိတ်ထား အမျိုးမျိုးဆိုတော့ တချို့လူတွေက အင်းတစ်ခုကို ကိုယ်နဲ့မကွာ ဆောင်မထားချင်ကြဘူး။

နောက်ပြီး ကလေးသူငယ်တွေအတွက်ကျပြန်တော့လဲ ဒီအင်းကို အမြဲဆောင်ထားရဖို့ ဆိုတာကျ မဟန်ပြန်ဘူးဗျ။

ဒါကြောင့် ဆရာ... ကျွန်တော်ကတော့ အင်းကို အမြဲ မဆောင်ချင်ဘူး။ တခြားအဆောင် လုပ်လို့ မရဘူးလားလို့ မေးလာကြတဲ့အခါ ကျွန်တော့်မှာ

# နေ့နံ့သင့်အဆောင်

ယတြာအစီအရင်



ဘာအဆောင်ပေးလို့ ပေးရမှန်း မသိတတ်တော့ဘူး။ တချို့ကလဲ ကလေးအတွက်ပါဆိုတော့ ခုပြောသလိုပေါ့ဗျ။

အဲဒီတော့ အာစရိရာ... နေ့သင့်နံသင့် အမြဲလဲ ဆောင်ထားလို့ရတဲ့ အစီအရင်လေးများရှိရင် တပည့်ကို မစပါဦး'

ဟု ကိုသံချောင်းမှ ရှည်လျားစွာ ပြောလေ၏။

'ကဲပါ ကိုသံချောင်းရယ်၊ ရှည်ရှည်ဝေးဝေးပြောမနေပါနဲ့တော့၊ ကျွန်တော် ခင်ဗျားကို အင်္ဂဝိဇ္ဇာကလာတဲ့ အဆောင် အစီအရင်ကို ပေးလိုက်မယ် ဟုတ်ပြီလား။

ကလေးတွေအတွက်လဲ အဆောင်ဖြစ်၊ လူကြီးတွေအတွက်လဲ ဆောင်ရ အဆင်ပြေစေမယ်'

ဟု ကျွန်ုပ်မှ ပြောလျှင် ကိုသံချောင်းသည် လွယ်အိတ် ပိစိကွေးလေးထဲမှ မှတ်စုစာအုပ်နှင့် ဘောလ်ပင်ကို ထုတ်၍ အသင့်စောင့်နေလေတော့၏။

---

အန္တရာယ်ကင်း၍ လာဘ်ရွှင်စေသော

အဆောင်ယတြာ အစီအရင်

---

**တနင်္ဂနွေသားသမီးဖြစ်မှု...**

စောင်းလျားမြစ်ကို ငှက်ဂဠုန်ရုပ်တု ထုပြီး အမြဲတမ်း ဆောင်ထားပါ။

**တနင်္လာသားသမီးဖြစ်မှု...**

လက်ပံမြစ်ကို ကျားရုပ်တု ထုပြီး အမြဲတမ်း ဆောင်ထားပါ။

**အင်္ဂါသားသမီးဖြစ်မှု...**

ဖက်သန်းမြစ်ကို ခြင်္သေ့ရုပ်တု ထုပြီး အမြဲတမ်း ဆောင်ထားပါ။

**ဗုဒ္ဓဟူးသားသမီးဖြစ်မှု...**

သနပ်မြစ်ကို ဆင်ရုပ်တု ထုပြီး အမြဲတမ်း ဆောင်ထားပါ။

**ကြာသပတေးသားသမီး ဖြစ်မှု...**

ခံစပ်မြစ်ကို ကြွက်ရုပ်တုထုပြီး အမြဲတမ်း ဆောင်ထားပါ။

**သောကြာသားသမီး ဖြစ်မှု...**

အင်ကြင်းမြစ်ကို ပူးရုပ်တု ထုပြီး အမြဲတမ်း ဆောင်ထားပါ။

**စနေသားသမီးဖြစ်မှု...**

ကြက်ဆူရိုးနီမြစ်ကို နဂါးရုပ်တု ထုပြီး အမြဲတမ်း ဆောင်ထားပါ။

အထက်ပါ အဆောင်ရုပ်များကို နေ့နံအလိုက် ထုလုပ်၍ ဆောင်ထားပါလျှင် အထူးပင်ကောင်းမွန်၍ အန္တရာယ်ကင်းခြင်း၊ လာဘ်လာဘ ရွှင်လန်းခြင်း စသော အကျိုးကျေးဇူး များ ရရှိတတ်ပါသည်။

အထူးမှာ...

**အကြံအစည် ရှိသောအခါတွင်... ရေစိမ်၍ မျက်နှာသစ်ပေးပါ။ ရေစိမ်၍သောက်ပါ။ အောင်မြင်မှု ရရှိပါလိမ့်မည်။**

ကျွန်ုပ်ပြော၍ ပြီးဆုံးသောအခါတွင် ကိုသံချောင်းသည် မှတ်စု စာအုပ်လေးအားခါးတွင် လွယ်ထားသော လွယ်အိတ်ပိစိကွေးလေးထဲသို့ ထည့်ကာ...

'မအားသေးလို့ အာစရိရေ...နောက်ရက်မှ အေးအေးဆေးဆေး လာခဲ့ဦးမယ်'

ဟု ပြောကာ တက်သုတ်ရိုက် ပြန်သွားလေတော့၏။

**ဂါမဏိဇော်**

**(ဝိဇ္ဇာရေ-စစ်ကိုင်း)**



www.burmeseclassic.com

www.burmeseclassic.com



သိုင်းပညာရှင်

# ဆရာကြီးမင်းယက္ခ

(တိုက်ပွဲဝင်သိုင်း)၏

# ဘဝအတွေ့အကြုံများ

(ဒုတိယပိုင်း) (၃)



ဆရာကြီးမင်းယက္ခ
(တိုက်ပွဲဝင်)

## ယခင်လမှ အဆက်

## အင်္ဂလိပ်လက်ဝှေ့သမားကို

## ပညာပေးခြင်း

အချိန်က ၁၉၅၉ ခုနှစ်၊ အဲဒီတုန်းက ကျွန်တော်က စိန့်မိုက်ကယ် ကင်းထောက်တပ်ဖွဲ့မှာ ပက်ထရိုလီဒါခေါ် ကင်းထောက်(၁၀)ယောက်ကို အုပ်ချုပ်ရတဲ့(အဖြူလိုင်း နှစ်လိုင်းရ) ကင်းစိတ်မှူး ဖြစ်ပါတယ်။

တစ်နေ့ ကျွန်တော့်ကင်းစိတ် အင်းယားလေးစခန်းမှာ တောစခန်းထွက်ဖို့ အင်းလျားလေးစခန်းကိုအသွား (ဗ–လ–စ)ဌာနချုပ်သို့ ဝင်ရောက်ခဲ့ပါတယ်။

ကျွန်တော်နဲ့အတူ ကင်းထောက်အဖွဲ့ဝင်များဖြစ်တဲ့ Marshall Lat (နောင်တစ်ချိန် မင်းမင်းလတ်ဟု နာမည်ကျော် အဆိုတော် ဖြစ်လာသူ၊ ကျွန်တော့်ကင်းစိတ် တောစခန်းထွက်ရင် Marshall Latက ဂစ်တာတီး၊ ကျွန်တော်က Harmonicaဘာဂျာမှုတ်၊ အဖွဲ့သားတွေက သီချင်းတွေ ဆိုကြတာဟာ အလွန်ပျော်ရွှင်စရာ ကောင်းလှပါတယ်။)

Harry Kyaw Than (နိုင်ငံခြားသင်္ဘောအင်ဂျင်နီယာချုပ်၊ အငြိမ်းစား)၊ Hilary Tun Aung (ဗိုလ်ကြီးအောင်စိုးအဖြစ်နှင့်ကွယ်လွန်ခဲ့)၊ ALice Ne.Win (ဗိုလ်ကြီးဘဝဖြင့် ရှေ့တန်းမှာ ကျဆုံးခဲ့သည်။)၊

Patrick Aye (နိုင်ငံခြားသင်္ဘောအင်ဂျင်နီယာချုပ်၊ အငြိမ်းစား) William Thein (အ–ထ–က ကျောင်းအုပ်ကြီး–အငြိမ်းစား။ စာရေးဆရာ ဝင်းကြည်မောင်၊ ကွယ်လွန်)၊ Henry Win၊ Michael Aye Maung၊ Herry Myat Kyaw၊ Allan Maung Nyunt (နိုင်ငံခြား သင်္ဘောအင်ဂျင်နီယာချုပ်၊ အငြိမ်းစား)တို့ လိုက်ပါလာကြပါတယ်။

ဆရာဦးချစ်သန်း အပေါ်ထပ်က ဆင်းမလာသေးလို့ ကျွန်တော်တို့ တစ်သိုက် နှစ်ထပ်အဆောက်အအုံရဲ့ လှေကားထစ်များမှာ ထိုင်နေကြပါတယ်။ ထိုစဉ် တရုတ်အမျိုးသား တစ်ယောက် ခြံထဲသို့ ဝင်လာပြီး

www.burmeseclassic.com

ကျွန်တော်တို့ရှိရာကို လျှောက်လာပါတယ်။

အရပ်မနိမ့်မမြင့် (၅)ပေ (၄)လက်မခန့်၊ ရင်အုပ်၊လက်မောင်းများမှာ ကျစ်ကျစ်လျစ်လျစ် တောင့်တောင့်တင်းတင်းနဲ့ အားကစားသမားတစ်ယောက်ရဲ့ အသွင်အပြင်မျိုး။ စွပ်ကျယ်ချိုင်းပြတ်ကို ဝတ်ထားပြီး ဘောင်းဘီရှည်အဖြူရောင်နဲ့ ကင်းဘတ်ဖိနပ် အဖြူရောင်ကို စီးထားလို့ သူ့ရဲ့ကိုယ်ကာယအလှမှာ ပိုမိုပေါ်လွင်နေပါတယ်။ သူက...

'ညီလေးတို့ ဒီမှာ ဆရာဦးချစ်သန်းဆိုတာ ရှိလား။ အစ်ကို သူနဲ့ တွေ့ချင်လို့'

လို့ ဖွင့်ဟလာတာနဲ့ ကျွန်တော်က...

'ဆရာဦးချစ်သန်း ရှိပါတယ်။ အောက်ကို ဆင်းမလာသေးလို့ပါ။ ဆရာက မနက်စောစောမှာ သိုင်းပညာရပ်တွေကို လေ့ကျင့်တဲ့ အလေ့အထရှိပါတယ်။ ကျွန်တော်တို့လဲ ဆရာ့ကို တွေ့ချင်လို့ စောင့်နေတာပါ။ မကြာခင်ဆင်းလာတော့မှာပါ'

လို့ ပြန်ပြောလို့ စကားမဆုံးခင်မှာ ဆရာဦးချစ်သန်း အပေါ်ထပ်မှ ဆင်းလာပါတော့တယ်။ ဆရာက ပြုံးရွှင်တဲ့မျက်နှာနဲ့ ကျွန်တော့်အား...

'မောင်ထွန်းစိန် ရောက်နေတာကိုး။ ကိစ္စရှိလို့လားကွ'

လို့ ဂရုတစိုက် မေးပါတယ်။ ကျွန်တော်ကလဲ အားရဝမ်းသာနဲ့...

'ဘာကိစ္စမှ မရှိပါဘူးဆရာ၊ ကျွန်တော်တို့ အင်းယားလေးစခန်းကို တောစခန်းထွက်ရင်း ဆရာ့ကို ဝင်နှုတ်ဆက်တာပါ။ ဒါနဲ့... ဟောဒီက အစ်ကိုကြီးက ဆရာနဲ့ တွေ့ချင်လို့ စောင့်နေတာပါ'



လို့ တရုတ်အားကစားသမားကို ဆရာနဲ့ တွေ့ပေးလိုက်ပါတယ်။ ကျွန်တော်တို့လဲ နောက်ကိုဆုတ်ပြီး ရပ်နေလိုက်ကြပါတယ်။ ထိုသူက...

'ကျွန်တော်က ...သံရုံးက အမှုထမ်းတစ်ယောက်ပါ။ အင်္ဂလိပ်လက်ဝှေ့(Boxing)ထိုးတာ ဝါသနာပါပါတယ်။ ကျွန်တော့်မိတ်ဆွေတစ်ယောက်က ဆရာဦးချစ်သန်းက အင်္ဂလိပ်လက်ဝှေ့(Boxing)နဲ့ ထိုးတာကို မြန်မာ့သိုင်းနဲ့ ကာကွယ်တိုက်ခိုက်နိုင်တယ်လို့ ပြောပါတယ်။

ကျွန်တော်က မျက်မြင်လက်တွေ့သိချင်လို့ ဆရာ့ဆီ လာခဲ့တာပါ။ ဖြစ်နိုင်မယ်ဆိုရင် ကျွန်တော်က အင်္ဂလိပ်လက်ဝှေ့နဲ့ ထိုးကြည့်ချင်ပါတယ်။ ဆရာက မြန်မာ့သိုင်းပညာနဲ့ ကာကွယ်တိုက်ခိုက်ပြပါ။ ဒါမှ တကယ်ကာကွယ်နိုင်တယ် မကာကွယ်နိုင်ဘူးဆိုတာ သိရမှာပါ'

လို့ အားမနာ လျှာမကျိုး ပြောချလိုက်ပါတယ်။

ဆရာဦးချစ်သန်းကတော့ ပြုံးပြုံးလေးနဲ့ ပြန်ဖြေလိုက်ပါတယ်။

'ပညာတွေကတော့ သူ့နည်းနဲ့သူ ကောင်းကြတာချည်းပါပဲ။ အသုံးချတဲ့ ''လူ''အပေါ်မှာလဲ မူတည်ပါတယ်။ လူက ကျွမ်းကျင်ထက်မြက်ရင် ပညာက ပိုကောင်းသွားတာပါပဲ။ လူက မကျွမ်းကျင် မထက်မြက်ရင် ပညာက အလိုလို ညံ့သွားတာပါပဲ။

အခုဟာက ပညာချင်းပြိုင်တာ မဟုတ်ပါဘူး။ ဘယ်သူက လေ့ကျင့်အားကောင်းတယ်၊ ဘယ်သူက ပိုပြီး ကျွမ်းကျင်ထက်မြက်တယ် ဆိုတာကို ပြိုင်တာပါ။ ကဲ...စတော့'

လို့ တစ်ဆက်တည်း ပြောလိုက်ပါတယ်။

ထိုအချိန်က ဆရာဦးချစ်သန်းက ကျွန်တော်တို့တစ်တွေကို လက်သီးထိုးဖန်တိုလို့ခေါ်တဲ့ လက်သီးနဲ့ထိုးတာကို လက်နက်မဲ့သိုင်း ဖန်တိုပညာနဲ့ ခုခံကာကွယ်တဲ့ အတတ်ပညာကို သင်ပေးနေတဲ့အခိုက် ဖြစ်ပါတယ်။

စနေနေ့နဲ့ တနင်္ဂနွေနေ့ နှစ်ရက်ပိတ်ပြီး ကျန်ငါးရက်ကို သင်တန်း တက်ရပါတယ်။ အဲဒီနေ့ကလဲ တနင်္ဂနွေနေ့ ဖြစ်လို့ သင်တန်းပိတ်ပါတယ်။

ကျွန်တော်တို့ လေ့ကျင့်ခန်းကတော့ လူနှစ်ယောက် ဘယ်ခြေခင်းပြီး(ဘယ်ခြေကို ရှေ့ထားပြီး) ဘယ်ခြေသန်းဘက်ချင်း ထိထားပြီး တစ်ဖက်က ဘယ်လက်သီးဆုပ်ပြီး ထိုးလိုက်တာနဲ့ ပါးစပ်က ''တွန်း''လို့ အော်ရပါတယ်။ ရှောင်တဲ့ဘက်က လူက ''ပုတ်''လို့ အော်ပြီး ဘယ်ခြေဆန့် ညာဒူးကိုညွတ် နောက်သို့ တိမ်းပြီးညွတ် ဘယ်လက်ဝါးနဲ့ အတွင်းကို ကျားပုတ် ပုတ်လိုက်ရပါတယ်။

ထို့နောက် ပုတ်ထားတဲ့သူက တစ်ဖက်လူကို ''တွန်း''လို့ အော်ပြီး ဘယ်ခြေညွတ်ကာ ဘယ်ဖြောင့်လက်သီးနဲ့ လှမ်းထိုးရပါတယ်။

ထိုအခါ တစ်ဖက်လူက ညာဒူးကို ညွတ် ဘယ်ခြေဆန့်ပြီး နောက်ကို


www.burmeseclassic.com

www.burmeseclassic.com

တိမ်းကာ ဘယ်လက်နဲ့ ဝင်လာတဲ့ လက်သီးကို လက်ဝါးနဲ့ ကျားပုတ် ပုတ်လိုက်ရပါတယ်။

ထို့နောက် ''ပုတ်''ထားတဲ့သူက ဘယ်ဒူးညွှတ်၊ ညာဒူးဆန့်ပြီး ရှေ့ကို ဘယ်ဖြောင့်လက်သီးနဲ့ ထိုးလိုက်ရမယ်။ ပါးစပ်က ''တွန်း''လို့ အော်ရမယ်။

တစ်ဖက်လူက ''ဖယ်''အော်ကာ ညာဒူးညွှတ် ဘယ်ဒူးဆန့် နောက်ကို ယိမ်းကာ မိမိ ဘယ်လက်ဝါးစောင်းနဲ့ အတွင်းက အပြင်ကို ခုတ်ထုတ်ရပါတယ်။

ထို့နောက် အပြန်ပြန် အလှန်လှန် **''တွန်း–ပုတ်–တွန်း–ဖယ်''၊ ''တွန်း–ပုတ်–တွန်း–ဖယ်''**လို့ အော်ကာ လေ့ကျင့်ရပါတယ်။

ဘယ်လက် ကျင့်သားရလို့ ကျွမ်းကျင်လာတဲ့အခါ ညာခြေချင်း ခင်းအပ်လို ညာလက်သီးကို ရှေ့မှာထားပြီး အသင့်ပြင်ထားလို့ပါ။**(လူ ၂–ယောက်ကို A-Bလို့ သတ်မှတ်လိုက်ပါမယ်။)**

Aက ''တွန်း''လို့အော်ပြီး ညာဖြောင့်လက်သီးနဲ့ ထိုးလိုက်ရင် Bက ဘယ်ဒူးညွှတ်၊ ညာဒူးဆန့်ပြီး နောက်ကို တိမ်းကာ ညာလက်ဝါးနဲ့ အတွင်းကို ကျားပုတ် ပုတ်လိုက်ရမယ်။

Bက ဘယ်ဒူးဆန့်၊ ညာဒူးညွှတ် ညာဖြောင့်လက်သီးနဲ့ ပြန်ထိုးရင် Aက ''ပုတ်''လို့ အော်ကာ ဘယ်ဒူးညွှတ်၊ ညာဒူးဆန့်ပြီး နောက်ဘက်ကို တိမ်းကာ ညာလက်ဝါးနဲ့ ကျားပုတ် ပုတ်ရမယ်။

တစ်ဖန် Aက ''တွန်း''လို့အော်ပြီး ညာဒူးညွှတ် ဘယ်ဒူးဆန့်ပြီး ညာဖြောင့်လက်သီးနဲ့ ထိုးလိုက်တာနဲ့ Bက ဘယ်ဒူးညွှတ် ညာဒူးဆန့်ကာ ညာဖြောင့်လက်သီးနဲ့ ထိုးလိုက်တာနဲ့ Bက



ဘယ်ဒူးညွှတ် ညာဒူးဆန့်ကာ ညာလက်ဝါးစောင်းနဲ့ အတွင်းက အပြင်ကို ခုတ်ထုတ်ရမယ်။

Bက ညာဒူးညွှတ်၊ ဘယ်ဒူးဆန့်ကာ ညာဖြောင့်လက်သီးနဲ့ ထိုးလိုက်တာနဲ့ Aက ''ဖယ်''လို့အော်ပြီး ဘယ်ဒူးညွှတ် ညာဒူးဆန့်ပြီး ညာလက်ဝါးစောင်းနဲ့ အတွင်းက အပြင်ကို ခုတ်ထုတ်လိုက်ရမယ်။

**(မိမိရဲ့ နှာခေါင်းကို ဗဟိုထားပြီး မိမိနှာခေါင်းရဲ့ အတွင်းပိုင်းက လက်သီးဝင်လာရင် ကျားပုတ် ပုတ်၊ မိမိနှာခေါင်းရဲ့ အပြင်ဘက်က လက်သီးလာရင် လက်ဝါးစောင်းနဲ့ ခုတ်ထုတ်ရမယ်။)**

ဒါကြောင့် မိမိလက်ဝါးကို မိမိနှာခေါင်းနဲ့ တည့်တည့်မှာ လက်ဖျံကို ထောင်ပြီး အသင့်ပြင်ထားရမယ်။ မူလက **''တွန်း''**ဆိုတဲ့ နေရာမှာ လက်ဖနောင့်နဲ့ တွန်းရတယ်။ လက်ဖနောင့်နဲ့ ကျင့်သားရလာမှ လက်သီးနဲ့ ထိုးရတယ်။

ကျွန်တော်တို့မှာ ထို**''တွန်း–ပုတ်–တွန်း–ဖယ်''**လေ့ကျင့်ခန်းကို သင်တန်းသားချင်းသာ လေ့ကျင့်ဖူးပါတယ်။ ဘယ်လောက် ထိရောက်တယ်၊ ဘယ်လောက် အစွမ်းထက်တယ်ဆိုတာကိုတော့ လုံးဝ မသိရှိရသေးပါ။

ပြင်ပမှ ပုဂ္ဂိုလ်ပညာသည်များနဲ့ ယှဉ်ကြည့်ဖို့ကတော့ ဝေလာဝေး။ အခု ဘောက်ဆာကို ဆရာဦးချစ်သန်းက ဘယ်လိုယှဉ်ပြိုင်မှာလဲ၊ ဘယ်နည်းတွေ သုံးမှာလဲ ဆိုတာကို သိချင်လှပါပြီ။

**(နောက်ပိုင်း ဆရာနဲ့ အတူသွားအတူလာ လုပ်လာတဲ့အခါမှာ ဆရာဦးချစ်သန်းက မိမိရန်သူ (ဝါ) တိုက်ခိုက်သူကို ဘယ်လိုဘယ်ပုံ ခုခံကာကွယ်တိုက်ခိုက်တယ် ဆိုတာကို မျက်မြင်လက်တွေ့ သိရှိသိမြင်လိုတာကြောင့် ဆရာနဲ့ တစ်ဖက်လူ ရန်ဖြစ်ပါစေ၊ ချကြပါစေလို့ ခရီးသွားတိုင်း ဆုတောင်းမိခဲ့ပါတယ်။ သို့သော် တစ်ခါမှ မကြုံကြိုက်ခဲ့ပါ။)**

ဆရာဦးချစ်သန်းက စွယ်ကျယ်အဖြူ ချိုင်းပြတ်လေးကို ဝတ်လို့ ရှမ်းဘောင်းဘီပင်နီရောင်ကို ဝတ်ဆင်ကာ အတွင်းမှ သားရေခါးပတ် ပတ်ထားပါတယ်။

ဆရာဦးချစ်သန်းက ထိုစဉ်က အသက်(၃၉)နှစ်ခန့် ရှိပါပြီ။ ဆရာက ကိုယ်ကာယ အလုပ်ကစားတာကြောင့် ရင်အုပ် ကြွက်သားများမှာ မို့မောက်နေပါတယ်။ လက်ရုံးလက်ဖျံ ကောင်းသူ ဖြစ်ပါတယ်။

တုတ်များ၊ ဓားများကို နှစ်ပေါင်းများစွာ လေ့ကျင့်ထားသူဖြစ်လို့ ဆရာ့ လက်ဖျံမှာ ကြီးမားပြီး တောင့်တင်းသန်မာလှပါတယ်။

တရုတ်ဘောက်ဆာနဲ့ ဆရာဦးချစ်သန်းတို့ လေ့ကျင့်ရင်းရှိ အင်္ဂတေပျဉ်ပေါ်တွင် ရင်ဆိုင်လိုက်ကြပါတယ်။

ဆရာဦးချစ်သန်းရဲ့ ဘယ်ဘက်၊ တရုတ်ဘောက်ဆာသမားရဲ့ ညာဘက်မှာ စာသင်ခန်းမ တစ်ခုရှိပြီး ထိုစာသင်ခန်းမထဲမှာ ခေါက်ကုလားထိုင်



www.burmeseclassic.com

www.burmeseclassic.com

တွေကို အတန်းလိုက် စီထားပါတယ်။

**[ထိုအချိန်က (ဗ-လ-စ)ခြံဝင်းထဲတွင် ''ဦးပြည်သိမ်းတက္ကသိုလ်''လို့ ခေါ်တဲ့ ဆယ်တန်းနဲ့ အိုင်အေပထမနှစ်၊ ဒုတိယနှစ်တို့ ဖွင့်ထားပါတယ်။ ပါဝင်သင်ကြားခဲ့တဲ့ ဆရာတွေကို ပြောပြရရင် အံ့ဩသွားပေလိမ့်မယ်။**

**လောဂျစ်နဲ့ ဗီလော်ဆော်ဖီကို ဆရာကြီးဦးဖေအောင်(နောင်တစ်ချိန် ဗီလော်ဆော်ဖီ ပါမောက္ခ၊ မြန်မာစာမှာ ဆရာတက္ကသိုလ်တင်ခလို့ နာမည်ကျော်ခဲ့တဲ့သူ၊ ပြင်ဦးလွင် စစ်တက္ကသိုလ် မြန်မာစာနည်းပြ၊ လက်ထောက်ကထိက၊ ကထိက၊ ပါမောက္ခ၊ လက်ထောက် စာပေညွှန်ကြားရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနဲ့ စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေး တာဝန်များကို ယူခဲ့သူ၊ အမျိုးသားစာပေဆုရရှိခဲ့သူ)နဲ့...**

**ဆရာဦးဝင်းမွန် (နောင်တစ်ချိန် ဆရာတက္ကသိုလ်ဝင်းမွန်၊ ဘာသာပြန်ဆရာအောင်ခန့် အမည်များဖြင့် နာမည်ကျော်ခဲ့သူ၊ မြန်မာစာဌာနတွင် လက်ထောက်ကထိက၊ ကထိက၊ တွဲဖက်ပါမောက္ခ၊ ပါမောက္ခ တာဝန်များကို ထမ်းဆောင်ခဲ့သူ) နှစ်ဦးက သင်ကြားပြသခဲ့ပါတယ်။**

**အင်္ဂလိပ်ဘာသာ စာပေတွင် ဆရာကြီးဦးပြည်သိမ်းနဲ့ ဆရာကြီးဦးသံမျှင် (ပညာရေးသုတေသနအရှိရာ)ရဲ့တူမ ဆရာမ မာဂရက်တို့က သင်ကြားခဲ့တယ်။ *စကားချပ်*]**

တရုတ်ဘောက်ဆာက ဘယ်ခြေခင်းပြီး ဘယ်ထောက်လက်သီးနှစ်ချက် စ,သွင်းလိုက်ပါတယ်။

ဆရာဦးချစ်သန်းက ပထမလက်သီးကို ဘယ်လက်ဝါးဖြင့် ကျား



ပုတ် ပုတ်ထုတ်လိုက်ပြီး ထိုဘယ်လက် လက်ချောင်းလေးများရဲ့ ထိပ်များဖြင့် သူ့နဖူးကို လှမ်းပေါက်လိုက်ပါတယ်။

သူ့နဖူးပြူးပြူးတွင် အနီရောင် အဝိုင်းလေး လေးဝိုင်း ပေါ်လာပါတယ်။ ဒုတိယလက်သီးကို ဘယ်လက်ဝါးစောင်းဖြင့် အတွင်းသို့ ခုတ်ထုတ်လိုက်၍ ထိုဘယ်လက်ထိပ်များဖြင့်ပင် သူ့နဖူးကို လှမ်းပေါက်လိုက်ပြန်ပါတယ်။

**''မြွေပွေးပေါက်လက်''**လို့ ခေါ်ပါတယ်။ ဆရာဦးချစ်သန်းရဲ့ လက်ချောင်းထိပ်များဟာ အလွန်ပင် မာပါတယ်။ သစ်သားခုံများ၊ စားပွဲခုံပျဉ်များကို သူ့ရဲ့ လက်ချောင်းထိပ်နဲ့ ပေါက်လို့ လေ့ကျင့်တတ်ပါတယ်။

တရုတ်ဘောက်ဆာရဲ့ နဖူးမှာ နောက်ထပ် အနီဝိုင်း လေးဝိုင်း ထပ်မံပေါ်လာပါတယ်။ ထိုသူက ညာဖြောင့်လက်သီးကို လှစ်ခနဲ ထိုးလိုက်ပါတယ်။

ဆရာဦးချစ်သန်းက ဘယ်လက်ဝါးစောင်းဖြင့် သူ့ညာလက်ဖျံကို ခုတ်လိုက်၍ ဘယ်လက်ဖနောင့်ဖြင့် သူ့မျက်နှာကို ဆောင့်ရိုက်ထည့်လိုက်ပြီး တစ်ဆက်တည်း ဘယ်ခြေဖြင့် သူ့ဝမ်းဗိုက်ကို ဆောင့်ကန်ထည့်လိုက်ရာ

အဆိုပါ တရုတ်ဘောက်ဆာမှာ စာသင်ခန်းထဲရှိ ခေါက်ကုလားထိုင်များပေါ်သို့ ပက်လက်ပစ်ကျသွားရာ ကုလားထိုင်များမှာ တဝုန်းဝုန်းဖြင့် လဲပြိုကုန်ပါတယ်။

ထိုသူမှာလဲ ကုလားထိုင်များကြားထဲတွင် ပိုးလိုးပက်လက် လန်၍ တော်တော်နဲ့ ပြန်မထနိုင်၊ ကျွန်တော်တို့ကပင် သွား၍ ထူပေးကြရပါတယ်။

တရုတ်ဘောက်ဆာ မျက်နှာတွင် အသီးများ သီးနေပြီး မျက်နှာတစ်ပြင်လုံး ရဲတွတ်ကာ နှာခေါင်းမှ သွေးကျနေပါတယ်၊ ထိုသူက ကျွန်တော်တို့ကို...

'အစ်ကို့မျက်နှာမှာ ဘာဖြစ်သွားသေးလဲ'

လို့ အရှက်ပြေမေးကာ အင်္ဂတေပျဉ်ပေါ်သို့ ထွက်လာပါတယ်။

နှာခေါင်းမှ ကျနေသော သွေးတို့ကို သူ့လက်ကိုင်ပဝါဖြင့် သုတ်လိုက်ပါတယ်။ ဆရာဦးချစ်သန်းက အပေါ်ထပ်မှ ပြန်ဆင်းလာပြန်ရာ ထိုတရုတ်ဘောက်ဆာက...

'ဆရာ...ဒီတစ်ခါ Ringထဲမှာ ထိုးသလိုအမြန်ထိုးကြည့်ချင်ပါတယ်။ ဆရာက ကျွန်တော့်စမ်းသပ်မှုကို လက်ခံပေးပါ'

လို့ ပြောဆိုကာ ဆရာဦးချစ်သန်းအား ရင်ဆိုင်လိုက်ပါတော့တယ်။ ဆရာကလဲ ဘာမှ ပြန်မပြောတော့ဘဲ တရုတ်ဘောက်ဆာအား ရင်ဆိုင်လိုက်ပါတော့တယ်၊

ဒီတစ်ခါတော့ ဆရာက ညာခြေရှေ့မှာထားပြီး ညာလက်ဖျံကို ထောင်ကာ ဘယ်လက်ကို ရင်ဘတ်ရှေ့တွင် ကပ်လျက် ကန့်လန့်ထားပါတယ်။

ဆရာဟာ ညာသန်ဖြစ်၍ ညာလက်သီး၊ လက်ဝါးစောင်း၊ ညာလက်ချောင်းထိပ်(လက်စူး)တို့ အလွန်ပြင်း



www.burmeseclassic.com

www.burmeseclassic.com

ထန်မာကျော့ပါတယ်။

လှာချေပြီ… တရုတ်ဘောက်ဆာကတော့ ဘောက်ဆာတွေရဲ့ ညည့်အတိုင်း၊ အလေ့အကျင့်များအတိုင်း ထောက်လက်သီး၊ ဖြောင့်လက်သီးများကို အတွဲလိုက်ထိုးပြီး ခြေထောက်က အငြိမ်မနေဘဲ ခုန်ဆွခုန်ဆွဖြင့် ဝိုင်းပတ်ကစားနေပါတယ်။

ဆရာဦးချစ်သန်းကတော့ ဝင်လာသော ဘယ်ထောက်လက်သီးများကို ညာလက်ဖျံစောင်းဖြင့် ကာထုတ်, ရိုက်ထုတ်လိုက်ရာ ထိုသူမှာ တစ်ချက်ထိလိုက်တိုင်း လက်ဖျံအတွင်းစောင်းရဲ့ အရသာကို နင့်ခနဲနေအောင် ခံစားနေရပါတယ်။

ထိုသို့ ဝိုင်းပတ်ထိုးနေရာမှ ညာလက်သီးဖြင့် ဝိုက်ထိုး ထိုးလိုက်ရာ ဆရာဦးချစ်သန်းက သူ့ညာလက်ကောက်ဝတ်ကို ညာလက်ဖျံ အတွင်းစောင်းဖြင့် ခုတ်ထည့်လိုက်ပြီး သူ့ညာလက်ဝါးကို ဆရာ့ညာလက်ဝါးဖြင့် အုပ်ကိုင်ကာ ဆွဲလှန်လိုက်ပြီး ဘယ်လက်ဖြင့် ကူကာ သူ့လက်ကို လက်ပြန်လိမ်ချိုးကာ ဆရာက အင်္ဂတေလှေကားထစ်ပေါ်မှ အောက်ဘက်သို့ လွှားခနဲ ခုန်ချလိုက်ပါတယ်။

တရုတ်ဘောက်ဆာမှာ အင်္ဂတေပျဉ်ပေါ်မှာပင် ပက်လက်လဲကျ၍ ကျန်ခဲ့ပါတယ်။ ဆရာက သူ့ကို အောက်သို့ရောက်အောင် အပါခေါ်မသွားပါ။ ဆရာရဲ့ ဘော်ဒီဝိတ် ခုန်အား, ဆွဲအား, ဆောင့်အားတို့ ပေါင်းစပ်လိုက်ပါက ထိုတရုတ်ဘောက်ဆာမှာ လက်မောင်းအဆစ် ပြုတ်ထွက်သွားပါမယ်။

ဆရာက ဒီလောက် မရက်စက်ပါ။ မြန်မာ့သိုင်းပညာကို အထင်မသေးရဲလောက်အောင် ပြသလိုက်ခြင်းသာ ဖြစ်ပေလိမ့်မယ်။

ထို တရုတ်ဘောက်ဆာမှာလဲ မျက်နှာတစ်ခုလုံး ဖုထစ် စုတ်ပြတ်ကာ ကျွန်တော်တို့ကိုပင် နှုတ်မဆက်နိုင်တော့ဘဲ ထော့နဲ့ထော့နဲ့ဖြင့် ပြန်သွားပါတော့တယ်။

ကျွန်တော်ကတော့ ဆရာ့လက်စွမ်း ဆရာ့ပညာကို မျက်ဝါးထင်ထင် မြင်လိုက်ရ၍ အားရဝမ်းသာ ဖြစ်ရပါတယ်။

**[မှတ်ချက်။ ။ယခု ဆောင်းပါးကို ရေးသားနေစဉ် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်မှ သိုင်းသမားလူငယ်များ အလည်လာရောက်ကြ၍ ယခု ဆောင်းပါးပါ လက်သီးထိုး ခုခံကာကွယ်နည်းကို မေတ္တာဖြင့် သင်ကြားပေးလိုက်ပါသေးတယ်။]**

***ရှေ့လ ဆက်ဖတ်ပါရန်***

**ဆရာကြီးမင်းယကွ**
***(တိုက်ပွဲဝင်)***

စာမျက်နှာ (၁၅၀)မှ အဆက်

မူးဝေခြင်း၊ ကြွက်သားများ အချိတ်အဆက်မိမိ စုပေါင်းမဆောင်ရွက်နိုင်ခြင်း။

အဲဒီလက္ခဏာများကတော့ အနောက်တိုင်း ဆေးပညာအရ ဦးနှောက် ယာယီ သွေးလည်ပတ်မှု အသေးစားလေဖြတ်တဲ့ရောဂါဟာ ဦးနှောက်ထဲမှာ သွေးစီးဆင်းမှု ခေတ္တကြားဖြတ်သွားခြင်းရဲ့ ရလဒ်ပဲ။

ဒီလိုအခြေအနေမျိုးရှိရင် အပြည့်အဝ လေဖြတ်တဲ့ရောဂါရောက်လာဖို့ မခဲယဉ်းတော့ဘူး။ အခုတော့ ခင်ဗျား အသက်က ငယ်သေးတယ်။ အသက်က (၆၀)ကျော်မယ်။ အရင်က အသေးစား လေဖြတ်မှု လက္ခဏာတွေကို နာရီဝက်ခန့် ခံစားဖူးမယ်။ ပြီးတော့ အားနည်းနေမယ်။ သွေးတိုးနဲ့ ဆီးချိုလဲ ရှိမယ်။ အရက်လဲသောက်မယ်၊ ဆေးလိပ်လဲ သောက်မယ်ဆိုရင်တော့ မလွဲမသွေ လေဖြတ်နိုင်တယ်။

ဒီလိုလေဖြတ်တဲ့ဝေဒနာ မခံစားချင်ရင်တော့ ဆေးလိပ်ဖြတ်ရမယ်။ အရက်လဲ ဖြတ်ပြီးတော့ ကိုယ်လက်လှုပ်ရှားမှု လုပ်မယ်၊ အစားအသောက် အနေအထိုင် ဆင်ခြင်မယ်ဆိုရင်တော့ ဆိုးဆိုးဝါးဝါး လေမဖြတ်နိုင်ပါဘူး။

ကျွန်တော်က ပြောပြပါတယ်။ အဲဒီ ဝေဒနာရှင်အား (၅)ရက်ခြား (၃)ကြိမ် လာရောက် အကြောပြုပြင်ရန်ပြောပြီး ပြန်လွှတ်လိုက်ပါတယ်'

အဲဒီ ဝေဒနာရှင် သက်သာပျောက်ကင်းသဖြင့် ဝေဒနာရှင်များ၊ ဝါသနာရှင်များ၊ အကြောပြုပြင်ရန် အသုံးပြုနိုင်ရန်အတွက် အကြောပြင်နှိပ်ကွက်များကို ရုပ်ပုံကားချပ်နှင့်တကွ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တင်ပြလိုက်ပါတယ်။

**အဲဒီဝေဒနာရှင်အား ပက်လက်အိပ်စေ၍…**

၁။ ဒူးဆစ်အောက်တွင်ရှိသော ပါအရက် ဖဟိုကြောကြီးကို ပျော့ပျောင်းလာသည်အထိ ဖိပြီး ဖွပေးပါ။
၂။ ပထဝီကြောသွယ်လေးကို ဖိပြီးခြေပေးပါ။
၃။ ပထဝီသွေးအိမ်ကြော ဖိပြီး ဖွပေးပါ။
၄။ ပထဝီအစကြော ယင်းအကြောကို ဖိပြီး ဖွပေးရမည်။
၅။ သလုံးမိုးခိုကြော ယင်းအကြောကို ဖိပြီး လိမ့်ပေးပါ။

**မှတ်ချက်။ ။ ဝေဒနာရှင်အား တစ်ကိုယ်လုံး အကြောပြုပြင်ပေးပြီး အထက်ပါအတိုင်း အကြောပြုပြင်ပေးလျှင် ထုံကျဉ်ကိုက်ခဲခြင်း ရောဂါများကို အထူးသက်သာပျောက်ကင်းပါသည်။**

**ဆရာ ဦးလှညိမ်း *(အကြောပညာရှင်)***
**[တံတားဦး–အင်း၀]**



www.burmeseclassic.com

www.burmeseclassic.com

# အကြောနှင့်သရော သက်ဝေပါ

ဆရာဦးလှသိန်း
(အကြောပညာရှင်)
[တံတားဦး အင်းဝ]

မြန်စွာပျောက်ကင်းမှု

## အသေးစားလေဖြတ်ဝေဒနာနှင့်

## လေဖြတ်တာကွယ်၊ ကုသလိုသော်

ကျွန်တော် မန္တလေးမြို့ (၃၈)လမ်း၊ ၈၂ × ၈၃ ကြားတွင် ဆေးခန်းဖွင့်လျက် ရှိစဉ် မနက်(၉)နာရီအချိန် အသက် (၅၀)ခန့်ဝေဒနာရှင်တစ်ဦး ရောက်ရှိလာပြီး...

'ဆရာ... 'ကျွန်တော် ပေါင်မှစပြီး ခြေဖဝါးအထိ ထုံကျဉ်ကိုက်ခဲပြီး လမ်းလျှောက်ရင်လဲ ခြေဖဝါးက အလွန်နာကျင်နေလို့ ဆရာ့ထံမှာ အခုလို လာရောက်ပြသပါတယ်'

လို့ ပြောသဖြင့် ယင်းဝေဒနာရှင်အား သေချာကျနစွာ စမ်းသပ်ပြီး အကြောများကို ပြုပြင်ပေးပါတယ်။

အဲဒီနောက် ဝေဒနာရှင်အား လမ်းလျှောက်ခိုင်းရာ...

'ခင်ဗျား သက်သာရဲ့လား'

လို့ မေးတော့ တစ်ဝက် သက်သာကြောင်း ဝေဒနာရှင်မှပြောပြီး...


'ဆရာ ကျွန်တော် လေဖြတ်နိုင်သလား'

လို့ မေးသဖြင့်...

'အနေအထိုင်၊ အစားအသောက်၊ အသွားအလာ မဆင်ခြင်ရင်တော့ ခင်ဗျားမှ မဟုတ်ဘူး လူတိုင်း လေဖြတ်နိုင်တယ်။

သွေးတိုးရှိလို့၊ ဆီးချိုဖြစ်လို့ လေဖြတ်တာ မဟုတ်ဘူး။ အနေအထိုင်၊ အသွားအလာ၊ အစားအသောက် မဆင်ခြင်ရင် လေဖြတ်မှာပဲ။

အခု ခင်ဗျားကတော့ ပေါင်မှစပြီး ထုံကျဉ်ကိုက်ခဲတော့ လေဖြတ်ဖို့ရာ




၂။ ပထဝီကြောသွယ်လေး
၃။ ပထဝီသွေးအိမ်ကြော
၄။ ပထဝီ အစကြော

၁။ ပါဒရက်ဖဟိုကြော
၅။ သထုံးမိုးမိုကြော

ရာခိုင်နှုန်းများပါတယ်။

ဘာပဲဖြစ်ဖြစ် အခု ကျွန်တော်ပြောပြမယ့် အသေးစားလေဖြတ်မှုလေးတွေကို သိရှိလို့ အချိန်မီ ကုသနိုင်ရင် ထူးထူးခြားခြား အောင်မြင်မှုတွေရမယ်။

ပြဿနာက အသေးစား လေဖြတ်တဲ့ရောဂါလက္ခဏာများ သိမ်မွေ့လွန်းတဲ့အတွက် သတိပြုမှုမရှိလို့ လေဖြတ်သွားတဲ့လူတွေ အများကြီးပဲ၊ သတိထားပြီးကြည့်ရင် သိနိုင်တဲ့ လက္ခဏာအချက်တွေ ရှိပါတယ်။

အဲဒါကတော့ အခု ခင်ဗျားဖြစ်နေတဲ့ ခြေထောက်တွေ ထုံခြင်း၊ ဒါမှမဟုတ် အားလျော့နေခြင်း၊ မျက်နှာတစ်ဝိုက်မှာ မကြာခဏ အသားလှုပ်ခြင်း၊ လက်မောင်းတွေ ထုံခြင်း၊ မျက်လုံးတစ်ဖက်၊ ဒါမှမဟုတ် မျက်လုံးနှစ်ဖက်စလုံး ကောင်းကောင်းမမြင်ရ၍ မှုန်ခြင်း။

စကားပြောရင်လဲ တစ်ဖက်လူ နားလည်ခြင်းမရှိဘဲ လျှာလေး၍ စကားပြောလျှင် အခက်အခဲရှိခြင်း၊ လမ်းလျှောက်ရာမှ ခြေလက်မသယ်နိုင်ခြင်း။

စာမျက်နှာ (၁၄၉) သို့




www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးရှင် ရွှေပေါ်ကျွန်းဆရာတော်ကြီး(အရှင်ဇေယျသိဒ္ဓိဓမ္မဉာဏ်က)
ပေးသနားတော်မူသော

# တန်ဆောင်မုန်းလ ကျင့်စဉ်တော်



ကျော်လေး (ဝိဇ္ဇာ)

မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်အတွင်းရှိ ရွှေပေါ်ကျွန်းသာသနာ့စခန်းကြီးတွင် နှစ်စဉ်ကျင်းပလျက်ရှိသော ပွဲတော်ကြီးများမှာ...

၁။ ကဆုန်ညောင်ရေသွန်းပွဲတော်
၂။ သီတင်းကျွတ် ဝါကျွတ်ပွဲတော်
၃။ တန်ဆောင်တိုင် ဘုံကထိန်ပွဲတော်
၄။ တပေါင်းပွဲတော်

များ ဖြစ်ပါသည်။

ထိုပွဲတော်များတွင် တန်ဆောင်တိုင် မီးထွန်းပွဲနှင့် ဘုံကထိန်ပွဲတော်သည် အစည်ကားဆုံး ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် တောင်ကြီး မြောက်ပိုင်း၊မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ မြို့များမှ ဆရာတော်ကြီး၏ တပည့်ဝေနေယျများအားလုံး လာရောက်ဆင်နွှဲကြသော ပွဲတော်ကြီးဖြစ်ရာ သာသနာ့စခန်းကြီးတွင် နေစရာထိုင်စရာ မရှိသလောက်ပင် ဖြစ်ပါတော့သည်။

ပွဲတော်ကြီးမကျင်းပမီ ဆရာတော်ကြီးမှ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ သာသနာ့အကျိုးတော်ဆောင်များကို တန်ဆောင်မုန်းလဆန်း (၅)ရက်နေ့အရောက်၊ အခြားရပ်ဝေးမှ အကျိုးတော်ဆောင်များကို (၈)ရက်နေ့အရောက် မပျက်မကွက် သာသနာစခန်းသို့ လာရောက်ကြရန် နိုးဆော်၍ အိမ်စာများ ကြိုတင် ပေးပို့ထားပါသည်။

ထိုသို့ ကြိုတင်ခေါ်ယူရခြင်းမှာ ပွဲတော်မကျင်းပမီ စခန်းတွင်းရှိ ဧည့်ဆောင်များ၊ ဧည့်ခံမဏ္ဍပ်များ၊ အဖူးမြော်ခံမဏ္ဍပ်များ၊ ဧည့်ကြိုနေရာချထားခြင်းများ၊ စားဖိုဆောင်များ၊ ထမင်းစားဆောင်များ၊ ရေ–မီး သန့်ရှင်းရေးများ၊ လမ်းပြင်ခြင်းများကို ဆောင်ရွက်ကြရန်ဖြစ်ပါသည်။ တစ်မိုးတွင်းလုံး ပျက်စီးနေသောလမ်းများကို သဲကား၊ ကျောက်ကားများဖြင့် လမ်းပြင်ရေး တပည့်များအား ဆရာတော်ကြီးကိုယ်တော်တိုင် ခေါ်ဆောင်၍ ဆောင်ရွက်တော်မူပါသည်။

တန်ဆောင်မုန်းလဆန်း (၈)ရက်နေ့မှစ၍ အမြို့မြို့အနယ်နယ်မှ လှူဒါန်းကြသော ဆန်ကား၊ ငါးခြောက်ကား၊ ဘူးသီး၊ ခရမ်းသီး၊ ကြက်သွန်၊ အာလူး အစရှိသည့် ရိက္ခာကားတွေ ဝင်လာတော့ရာ နေရာချထားခြင်းများ ရေ–မီး–ထင်း စီစဉ်ချထားမှုများကို ကြိုတင်ရောက်ရှိကြသော သာသနာ့အကျိုးတော်ဆောင်များ မမောနိုင်၊ မပန်းနိုင် ဆောင်ရွက်ကြရပါတော့သည်။ တန်ဆောင်တိုင် ဘုံကထိန်ပွဲတော်ကြီးတွင် လဆန်း(၁၀)ရက်မှ (၁၅)ရက်နေ့တိုင် ကားကြီးကားငယ်များဖြင့် ဝေနေယျတပည့်များ ဝင်လာမစဲ တသဲသဲဖြစ်ပြီး လဆန်း(၁၀)ရက်မှစတင်၍ ချက်ပြုတ်ကျွေးမွေးမှု ပြုရသည်မှာ လပြည့်ကျော်(၈)ရက်တိုင်အောင် ဖြစ်ပါသည်။

လဆန်း(၁၃)ရက်၊ (၁၄)ရက် လပြည့်နေ့၊ လပြည့်ကျော်(၁)ရက်နေ့များတွင် တစ်နေ့ ဆန် တင်း(၃၀)မှ (၅၀)တင်းအတွင်း ချက်ပြုတ်ကြရသည်ကို ထောက်ချင့်ခြင်းဖြင့် မည်မျှလူပရိသတ် များပြားလှသည်ကို မှန်းဆနိုင်ပါသည်။

ကျေးဇူးရှင် ဆရာတော်ကြီး၏ ဝေနေယျသတ္တဝါများအပေါ် မည်မျှ


www.burmeseclassic.com

www.burmeseclassic.com


မေတ္တာဓာတ်ကြီးမားစွာ လုံခြုံထားသည်ကို အံ့သြဖွယ်ရာ တွေ့ကြုံရပါသည်။

လဆန်း(၁၃)ရက်နေ့တွင် ကထိန်သင်္ကန်းနှင့်တကွ လှူဒါန်းကြသောပစ္စည်းများ ညုပ်မ ခင်းကျင်းကြခြင်း၊ လဆန်း(၁၄)ရက်နေ့တွင် အပူဇော်ခံတော်မူခြင်း၊ ညပိုင်းတွင် မီးကြာများ ထွန်းညှိပူဇော်ပြီး ကျောင်းမှ (၂)မိုင်နီးပါးရှိ မြတဘက်ဘုရားသို့ ခြေကျင်စီတန်း၍သွားရောက်ကာပူဇော်ကြသော ဝေနေယျတပည့်များ၏ မီးတန်းသည် လရောင်အောက်တွင် နိမ့်လိုက်မြင့်လိုက် ကွေ့ကောက်၍ ရွေ့လျားနေသည်ကို မြင်ကြရသူများမှာ ဖော်ပြနိုင်စွမ်းမရှိသော ရင်တွင်း အေးမြချမ်းသာခြင်းခံစားမှုကို ဖြစ်ပေါ်လာသည်မှာ မလွဲပါ။ လပြည့်နေ့တွင် ကထိန်တရားတော်နှင့် ရေစက်သွန်းချခြင်းကို ဆရာတော်ကြီးမှ ဝေနေယျတပည့်များနှင့် ဒေသ့ပရိသတ်များအား ချီးမြှင့်တော်မူ၍ မင်္ဂလာအောင်စည်ရွှန်းကာ သာဓုအနုမောဒနာ ခေါ်ဆိုကြသံများသည် အထက်ဘဝဂ်သို့တိုင်အောင် ထိုးဖောက်သွားမည် ဖြစ်ပါတော့သည်။

## တန်ဆောင်တိုင် ကျင့်စဉ်တော်

တန်ဆောင်မုန်းလဆန်း (၁)ရက်၊ (၂)ရက်၊ (၃)ရက်နေ့သို့တိုင်အောင် တန့်ခိုးကြီးဘုရားအဆူဆူသို့သွား၍ ကုန်းသတ္တဝါမပါသော ဆွမ်းတော်(၃)ပွဲ၊ ရေတော်(၃)ဖလား၊ နံ့သာတိုင်(၃)တိုင်တို့ဖြင့် မိမိတို့ဆိုင်ရာ ပရိဝါရ၊ အာယု၊ တေဇအရပ်များကနေ၍ ဆက်ကပ်ပါ။ နံ့သာတိုင်များ ငြိမ်းသောအခါ ဆွမ်းတော်ပွဲကို စွန့်ပါ။ စွန့်ပြီး လိုရာသုံးနိုင်သည်။

ဆွမ်းတော်ကပ်သောအခါ နံနက်



(၆)နာရီကျော်ကျော်၌ ဆက်ကပ်ပါ။ **ပရိဝါရ၊ အာယု၊ တေဇအရပ်များကို** ဤသို့မှတ်ပါ။

မိမိကို ဆက်ကပ်ကြမည့် စေတီတော်တစ်ဝိုက်၌ အမှိုက်သရိုက်များ ရှင်းခြင်း၊ နံ့သာရည်များဖျန်းခြင်း ပြုလုပ်ပြီးမှ ဆက်ကပ်ပါ။ ဆွမ်းကပ်ပြီးသောအခါ မေတ္တာပို့ခြင်း၊ အမျှဝေခြင်း၊ မိမိတို့ရဲ့ အာရုံသန်ရာ ဘာဝနာတရားများ ပွားများခြင်းပြုလုပ်ပါ။ သတိထား၍ လိုက်နာရန်လိုအပ်သည်မှာ မိမိတည်းဟူသော အကြောင်းကြောင့် သူတစ်ပါး စိတ်မဆင်းရဲရအောင် ပြောဆိုနေထိုင်ပါ။

**"ကာယကံအိတ်ပေါက် – ဝစီကံချိန်တိုင်းမြောက်–မနောကံထိန်ထိန်တောက်"** ဆိုသည့်အတိုင်း ကာယကံကို လုံအောင်ထား၍ ဝစီကံချိန်တိုင်းမြောက်ရအောင် စောင့်ရှောက်ပါ။ ***(ဤစကားရပ်၌ ဒုစရိုက်တရားများကို ဆိုလိုသည်။)***

အိတ်ပေါက်နှင့် ဖားကောက်၍မရဆိုသည့်စကားကို မှတ်သားပါ။ သာသနာပြုရာ၌ သူတစ်ပါးကို သာသနာပြုခြင်းထက် မိမိကိုယ်ကို သာသနာတည်အောင် ပြုခြင်းက သာ၍ ခက်သည်။ ထို့ကြောင့် မိမိကိုယ်ကို သာသနာတည်အောင် ပထမ ပြုလုပ်ပါ။ ထို့နောက်မှ သူတစ်ပါးကို ပြုပေးပါ။

**ဥပမာ။** ။ မိမိမှ ပစ္စည်းခွဲဝေပေးစရာ မရှိခဲ့သော် သူတစ်ပါးတို့အား ခွဲဝေခြင်းငှာ မစွမ်းနိုင်သကဲ့သို့ မှတ်ပါ။

## အနန္တငါးပါး ပူဇော်ပွဲ ဆက်ကပ်ရန်

တန်ဆောင်မုန်းလပြည့်ကျော် (၁၃)ရက်နေ့ နံနက်အရုဏ်လာချိန်၌ အနန္တငါးပါး ပူဇော်ပွဲများကို ဆက်ကပ်လှူဒါန်းကြပါ။

ထိုပွဲ၏ လက်ဝဲဘက်မှ ဆွမ်းတစ်ပွဲ မီးတစ်တိုင်၊ လက်ယာဘက်မှ ဆွမ်းတစ်ပွဲ မီးတစ်တိုင်၊ ယင်းပွဲ၏ဘုရားဘက်မှ ဆွမ်းတစ်ပွဲ မီးတစ်တိုင် ဆက်ကပ်ပါ။ ယင်းမီးတစ်တိုင်စီငြိမ်းလျှင် ဆက်ထွန်းရန်မလိုပါ။

အနန္တငါးပါးပွဲပေါ်တွင် မီးငါးတိုင်အထိ ဆက်ထွန်းပါ။ ဆွမ်းပွဲများကို (၁၁)နာရီကျော်လျှင် စွန့်ပါ။ ယင်းဆွမ်းပွဲများကို လိုသလို သုံးနိုင်ပါသည်။

အနန္တငါးပါး ကန်တော့ပွဲ၌ စိုက်ရန်ပန်းများမှာ မိမိတို့၏ မွေးနံသင့်ပန်းများနှင့် သပြေပန်းများကို ရော၍ စိုက်ပါ။ ယင်းလပြည့်ကျော်(၁၃)ရက်နေ့ ညနေ (၃)နာရီ မီးတစ်တိုင်၊ (၅)နာရီ မီးတစ်တိုင်၊ (၇)နာရီ မီးတစ်တိုင် ထွန်းညှိပူဇော်ပါ။

***ဆရာတော် ရွှေပေါ်ကျွန်း...***


**(မိမိကိုယ်ကို သာသနာ တည်ထောင် ဆောင်ရွက် နိုင်ကြပါစေသောဝ်...)**

**ဇော်လေး ([illegible])**



www.burmeseclassic.com

www.burmeseclassic.com



အကြမ်းဟူသမျှ ချောစေဖို့

# ကျိုးသွား အစိအရှင်

ဒေါက်မြင့်ကျော် (ခ) တန်ဘောင်ဂမ်



မြန်မာနိုင်ငံ အလယ်ပိုင်း ရောဝတီ မြစ်ကမ်းနံဘေးတွင် ရှိသော ရွာလေး တစ်ရွာတွင် ဦးလူနီ ဟူသော မြန်မာ ဆေးဆရာကြီးတစ်ဦး ရှိလေသည်။ ယင်းသည် ရပ်ရွာထဲတွင် အတော် သြဇာညောင်းသောသူ တစ်ဦးဖြစ် သည်။

သူ၏ အသက်သည် (၆၀)နီးပါးမျှ ရှိသော်လည်း (၄၀)ကျော်မျှသာ ထင်ရ လောက်အောင် နုပျိုသန်မာလှပေ သည်။ အထူးသဖြင့် သူ၏ မျက်လုံးများ မှာ သာမန်လူနှင့်မတူဘဲ ထူးခြားလှ လေသည်။

ထူးခြားပုံကား မြန်မာလူမျိုးအများစု တွင် မျက်လုံးသည် မျက်ဆန်အဖြူနှင့် မျက်သားအနက်ရောင်ရှိရာ သူ့မှာ မြန်မာစစ်စစ် မိဘနှစ်ပါးမှ ပေါက်ဖွား လာခဲ့သော်လည်း မျက်ဆန်အဖြူနှင့် မျက်သားအစိမ်းရောင် ရှိလေသည်။

သူ၏ မျက်လုံးဖြင့် ကြည့်ရှုခံရသူမှာ သေချာစိုက်ကြည့်လေ တုန်တုန် ယင်ယင် ခံစားရတတ်ပြီး အမှတ်တမဲ့ မျက်လုံးချင်းဆုံအောင် ကြည့်မိပါက ကြက်သီးမွေးညင်း ထတတ်သည်ဟု ကျော်ကြားလေသည်။

သူသည် အသက်(၃၀)ကျော်မှ တစ်ရွာတည်းနေသူ မခင်ကြီးနှင့် အိမ်ထောင်ကျကာ သားတစ်ယောက် သာ ဖွားမြင်လေသည်။ မခင်တုပ်(ခေါ်) မခင်ကြီး၏ မိဘများမှာ ရွာတွင် ကုန်စုံ ဆိုင်ဖွင့်ထားသောကြောင့် ငွေကြေး ချောင်လည်ကြလေသည်။

ဦးလူနီကတော့ အိမ်ထောင်ကျပြီး မိန်းမအိမ်တွင် လိုက်နေကာ ဆေးဝါး ကုသခြင်းများ ဆောင်ရွက်လေသည်။

ကျန်အချိန်များတွင် ရွာတောင် ဘက် သဲချောင်းနံဘေးရှိ ရွှေကူနီ ဘုရားသို့သွားကာ လောကီပညာရပ် များ စမ်းသပ်လေ့ရှိသည်။ ထိုပညာရပ် များ ရရှိပုံမှာလည်း အနည်းငယ် အံ့သြ ဖို့ကောင်းသည်။

တစ်နေ့နံနက် သူ ဘုရားပေါ်ရောက် ပြီး ရင်ပြင်တော်ကို တံမြက်စည်းလှည်း ပြီး ဘုရားရှင်ကို သောက်တော်ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်တို့ ကပ်လှူပြီး ပုတီး စိပ်လေသည်။

ထိုသို့ စိပ်နေစဉ် ပုတီး(၆)ပတ် အရောက်တွင် ဘုရားဆင်းတုတော် အနောက်မှ တစ်တောင်ကျော်ကျော် လူပုလေးတစ်ယောက် ထွက်လာပြီး သူ့ကို ပေစာ ပုရပိုက် တစ်ထပ်ပြကာ ရှေ့ချပြီး ပြန်ဝင်သွားလေသည်။

ပုတီးစိပ်ပြီး မျက်စိဖွင့်တော့မှ ရှေ့မှာ အမှန်တကယ် ပုရပိုက်တစ်ဆူ ရောက်နေကြောင်း အံ့သြဖွယ် တွေ့ရ လေသည်။ သို့နှင့် ပုရပိုက်ကို ယူကြည့် တော့ အလွန်ပင် ဆွေးမြည့်နေသည် ကို တွေ့ရပြီး အထဲတွင် ရေးထားသည် များမှာ ရှေးခေတ် လက်ရေးနှင့်ဖြစ်ပြီး အလွန်ရှားပါး အစွမ်းထက်သည့် လောကီပညာရပ်များ ဖြစ်သည်ကို တွေ့ရသဖြင့် များစွာ အံ့သြသွားလေ သည်။

ထို့နောက်တွင်တော့ ဘုရားသို့ နေ့စဉ်သွားကာ ပုရပိုက်ထဲမှ ပညာရပ် များကို စမ်းသပ်လေတော့သည်။ ဆေး ကုသခြင်းလည်း မလုပ်တော့ဘဲ တစ်နေကုန် ဘုရားမှာသာနေပြီး တစ်ခါတစ်ရံမှသာ အိမ်ပြန်လာလေ သည်။ မိန်းမဖြစ်သူမှာလည်း ပြောမရ သဖြင့် ထိုင်သာ ကြည့်နေရတော့ သည်။

ဦးလူနီမှာ ပုရပိုက်ထဲမှ ပညာရပ်



www.burmeseclassic.com

www.burmeseclassic.com

များကို မြို့ပေါ်မှ တကူးတက မှာယူထားသော အကောင်းစား စာအုပ်အထူကြီးထဲတွင် ကူးယူထားကာ မူရင်းပုရပိုက်ကို ကြေးပန်းအိုးထဲထည့်ကာ အဖုံးလုံစွာ ပိတ်ပြီး ဧရာဝတီမြစ်ထဲသို့ အဓိဋ္ဌာန်ကာ ချလိုက်လေတော့သည်။

ထိုသို့ ရေထဲကျရာ ကြေးပန်းအိုးမှာ တစ်ခါတည်း နစ်မြုပ်မသွားဘဲ ရေဆန်သို့ ဓါးသုံးပြန်အထိ ဆန်တက်သွားကာ မြုပ်သွားသည်ကို အနီးဝန်းကျင်ရှိ တံငါလေ့များ၊ ကမ်းဘေးရှိ အိမ်များမှ လူအများ မြင်တွေ့လိုက်ရပေသည်။

ထိုသို့ဖြစ်ပြီး တစ်နှစ်တိတိအကြာတွင် ဦးလူနီသည် သူ့မိန်းမအိမ်သို့ ရောက်လာပြီး သူ၏ မှတ်စုစာအုပ်နှင့် ရတနာပုံခေတ် ဒေါင်းဒင်္ဂါးပြား(၁၀၀)ကို သူ့မိန်းမအား ပေးအပ်ကာ လုပ်ကိုင်စားရန်နှင့် နောက်အိမ်ထောင်ပြုလိုက ပြုနိုင်ကြောင်း၊ သူကတော့ ဂန္ဓာရီလမ်းကို လျှောက်တော့မည်ဖြစ်ကြောင်း ပြောကာ ထွက်သွားလေတော့သည်။ ထိုအချိန်မှစ၍ ဦးလူနီ၏ သတင်းသည် စုပ်စုပ်မြုပ်သွားလေတော့သည်။

မခင်တုပ် (ခေါ်) မခင်ကြီးသည် နောက်အိမ်ထောင် မပြုတော့ဘဲ သားဖြစ်သူကိုသာ ပြုစုပျိုးထောင်းရင်း အသက်ကြီးရင့်ပြီး ကွယ်လွန်သွားတော့သည်။ သူ မကွယ်လွန်မီ သားဖြစ်သူအား ဥစ္စာပစ္စည်းများနှင့် ဖခင်ကြီး၏ မှတ်စုစာအုပ်ကို အတ္ထုပ္ပတ္တိနှင့်တကွ ပြောဆိုပေးအပ်ခဲ့သည်။

သားဖြစ်သူကျော်ဒင်မှာ သူ့ ဖခင်၏ လောကီပညာမှတ်စုကို စိတ်မဝင်စားဘဲ ကုန်သည်အလုပ်နှင့်သာ အသက်မွေးဝမ်းကျောင်း ပြုလေသည်။

ထိုမှ ကာလကြာလတ်သော် အိမ်ထောင်ရက်သား ကျပြီးသား တစ်ယောက်၊ သမီးနှစ်ယောက် ထွန်းကားလေသည်။ သားဖြစ်သူ အရွယ်ရောက်လာသောအခါ မိဘတို့ ဝတ္တရားအတိုင်း တစ်ရွာတည်းနေ မကြည်ဝင်းနှင့် အိမ်ထောင်ချပေးလေသည်။

သားဖြစ်သူ မောင်မှိန်မှာ မိဘစကားနာခံကာ သဘောတူလိုက်လေသည်။

မင်္ဂလာပွဲပြီးသောနေ့တွင် ဖခင်ကြီး ဦးကျော်ဒင်က သားဖြစ်သူနှင့် ချွေးမဖြစ်သူတို့အား လုပ်ကိုင်စားသောက်ရန် အတွင်းပစ္စည်းများနှင့် လယ်မြေများ ခွဲခြမ်းပေးရင်း အဘိုးဖြစ်သူ ဦးလူနီ၏ ဘဝဇာတ်ကြောင်းကို ပြန်ပြောကာ သူသိမ်းဆည်းထားသော မှတ်စုစာအုပ်ကိုပါ လွှဲပြောင်းပေးလေသည်။

သားဖြစ်သူ မောင်မှိန်မှာလည်း သူ၏ဖခင်အတိုင်းပင် လောကီပညာများကို စိတ်မဝင်စားသဖြင့် ယင်းမှတ်စုကို အခြားစာအုပ်စင်ထဲတွင်သာ ညှပ်ထားလိုက်လေတော့သည်။

ထိုမှ ကြာလတ်သော် မောင်မှိန်တွင် သမီးကြီးမေဦးနှင့် သားငယ် အောင်မင်းကျော်ဟုခေါ်သော သားသမီးရတနာများ ပွားစည်းလေသည်။ ထိုသားသမီးနှစ်ယောက်တွင် သားဖြစ်သူ အောင်မင်းကျော်သည် အဘေး၏ သွေးပါလေရောမသိ။ ငယ်စဉ်ကပင် ဂမ္ဘီရ ပညာရပ်များ စိတ်ဝင်စားလေသည်။

အခြားကလေးများလို အားလပ်ချိန်တွင် ဆော့ကစားခြင်းမရှိဘဲ ထောင့်တစ်ထောင့်တွင် တစ်ယောက်တည်း ထိုင်ကာ တစ်စုံတစ်ခုကို တွေးတောနေတတ်လေသည်။ အသက်(၁၂)နှစ်မှစ၍ ဖခင် ငှားရမ်းလာသော နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို စိတ်ဝင်စားစွာ ဖတ်ရှုနေသည်ကို ဖခင်ဖြစ်သူမှတွေ့ပြီး စိတ်ထဲတွင် စူးစမ်းချင်စိတ် ပေါ်လာပေသည်။

ထိုမှ သားဖြစ်သူအား မေးမြန်းတီးခေါက်ရာမှ သားဖြစ်သူသည် လောကီပညာရပ်များကို ဝါသနာထုံသူဖြစ်ကြောင်း သိရှိရတော့သည်။

ထိုအချိန်မှစ၍ သားဖြစ်သူအား လစဉ်ဆက်တိုက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို ဝယ်ယူပေးလေတော့သည်။

သားဖြစ်သူ အောင်မင်းကျော်မှာလည်း နှစ်ကုန်ဆုံးလေတိုင်း လောကီပညာ အခြေခံများ တိုးတက် သိရှိလာလေတော့သည်။ ထိုအောင်မင်းကျော်ဆိုသော သူသည်ကား ဤစာရေးသူပင် ဖြစ်တော့ပေသည်။

စာရေးသူသည် ၂၀၀၀ ပြည့်နှစ်တွင် (၁၀)တန်းစာမေးပွဲ အောင်မြင်ခဲ့ရာ ဖခင်ဖြစ်သူမှ ယင်းအဘိုး၏ မှတ်စုစာအုပ်ကို ထုတ်ပေးလေရာ စာရေးသူမှာ အတိုင်းမသိ ဝမ်းသာရပေသည်။ စာမေးပွဲအောင်သည်ထက်ပင် လွန်စွာ စိတ်လှုပ်ရှား ပျော်ရွှင်မိလေသည်။

ထိုစာအုပ်တွင် ပါဝင်သော အခန်းကဏ္ဍမှာ (၁၀)ခန်းထိရှိပြီး တစ်ကဏ္ဍတွင် နည်းပေါင်း(၁၂၀)ကျော် ပါဝင်လေသည်။ ယင်းကဏ္ဍကြီး (၁၀)ခုမှာ အောက်ပါအတိုင်းပင်ဖြစ်သည်။

၁။ ဂါထာ၊ မန္တန်၊ မန္တရားကဏ္ဍ
၂။ အင်း၊ အိုင်၊ ဒီပံကဏ္ဍ
၃။ ရုပ်တုဂဝံကဏ္ဍ
၄။ မှော်သွင်းနည်းကဏ္ဍ
၅။ စမရုပ်ကဏ္ဍ
၆။ ပြုစားနည်းကဏ္ဍ
၇။ ရုပ်မြုပ်အင်းတိုက်ကဏ္ဍ
၈။ ဆေးယပ်ကဏ္ဍ
၉။ နာနာရုပ်အတတ်ကဏ္ဍ
၁၀။ ယတြာကဏ္ဍ
၁၁။ သိဒ္ဓိဆယ်ပါးပေါက်ရာကဏ္ဍ

ဟူ၍ ဖြစ်သည်။

စာရေးသူအနေနှင့် ထိုနည်းတွေထဲ



www.burmeseclassic.com

www.burmeseclassic.com

မှာ အများအကျိုးရှိမယ့် ပညာအစီအရင်များကို ဆက်တိုက် ဖော်ပြပေးသွားပါမည်။

ယခု ဖော်ပြမယ့်နည်းကတော့ **လမ်းဦးတိုက်၊ လှေဦးတိုက်အိမ်၊ မသန့်သော ပစ္စည်းများပါသည့်အိမ်၊ မြေမသန့်ရာ ဆောက်ထားမိသည့် အိမ်၊ ပုဏ္ဏကတိုက်သောအိမ်၊ အစိမ်းသေ သေဖူးသောအိမ်၊ လယ်ကြမ်း၊ ယာကြမ်း အစရှိတဲ့ နေရာကို မူလ အကောင်းပကတိအတိုင်း ရှိစေသော အစီအမံပင် ဖြစ်ပါသည်။**


ထိုနေရာမျိုးတွေမှာ နေမိသူတွေအတွက် ခြောက်လှန့်ခံရတာ၊ စီးပွားရေးအဆင်မပြေတာ၊ ကျန်းမာရေးချုချာတာ၊ လင်မယားမတည့်တာ စတာတွေ ဖြစ်တတ်ပါသည်။

အဲဒီလို အဖြစ်တွေက စာရေးသူကိုယ်တိုင်ပင် ခံခဲ့ရဖူးတာတွေပါ။ အဘေး၏ မှတ်စုထဲက နည်းတစ်ခုတည်းနှင့်တင် အားလုံး အဆင်ပြေသွားပါတော့သည်။

ထိုအကြောင်းကို အလျဉ်းသင့်က ရေးသားဖော်ပြပေးပါမည်။ ယခုတော့ အစီအရင်ကို ဆက်လက် တင်ပြရလျှင်...

ပထမဦးစွာ ရေချိုး၊ ခေါင်းလျှော်ပြီး အဝတ်အစား သန့်ပြန့်စွာဝတ်ပါ။ ဘုရားကို သောက်တော်ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်၊ ပန်း၊ ဆွမ်းတင်ပြီး ဘုရားရှိခိုး၊ ငါးပါးသီလခံ၊ မေတ္တာပို့ အမျှဝေပါ။

ထို့နောက် သောက်တော်ရေ (၁) ခွက်ကို **"စွန့်တော်မူပါဘုရား"**ဟု ဆိုကာ စွန့်ပါ။ ပြီးလျှင် ပါးစပ်နားတွင် တေ့ကာ အောက်ပါ အာစက်နှိုးမန္တန်ကို (၇)ခေါက်ရွတ်ပါ။ **"ဥုံ"**ဟု ရွတ်ရာတွင် ရယာန်းတော်များ ကမ္ဘာဝါဖတ်သကဲ့



သို့ ဌာန်ကရိုဏ်း ပြင်းပြင်းရွတ်ပါ။

'ဥုံနေမင်း လမင်း ဗိုလ်ခံတွင်း ဝင်ဆရာဝင်'

ထို့နောက် ထို မန်းပြီးသား ရေကို အကုန်မော့သောက်ပါ။ ပြီးလျှင် **ထွက်နက္ခတ်နေ့၌ ပြုလုပ်ထားသော မိမိနေ့နံသင့် အသားဖြင့် လုပ်ထားသည့် လုံပေါ်တွင် ဂါထာ, မန္တန်များ**ကို ရေးသားရပါမည်။

**မှတ်ချက် ။ ။ လုံသွား၏ အတိုင်းအတာမှာ ဆောင်မည့်သူ၏ လက်ခလယ်ဖျားမှ လက်ကောက်ဝတ် ပထမအရစ်ထိ အတိုင်းအတာ ဖြစ်သည်။**

လစဉ် လတစ်လ၏ နေ့အလိုက် ဝင်၊ ထွက်၊ ခပတ်၊ နက္ခတ်များကို မန္တလေးမြို့ ထုတ်ဝေသော ဗေဒင် ဒိုင်ယာရီ စာအုပ်များတွင် ရှာဖွေကြည့်ရှုနိုင်ပါသည်။

ထိုသို့ မရေးသားမီ မိမိအသုံးပြုမည့် ခဲတံ (သို့မဟုတ်) ကညစ်၊ နံသင့်လုံတံ၊ စက္ကူ၊ ပေတံ၊ ဓား(သို့မဟုတ်) ကတ်ကြေး၊ ဖယောင်း၊ မီးခြစ်တို့ကို ပန်းကန်တစ်ခုထဲတွင်ထည့်၍ ရှေ့တွင် ချထားပြီးမှ အထက်ကအတိုင်း ဘုရားရှိခိုးခြင်း စသည့် အမှုတွေ ပြုရပါမည်။

ထိုသို့ အာစက်နှိုးခြင်း ပြီးပါက ပစ္စည်းစုံ ထည့်ထားသော ပန်းကန်ပြားကို ပါးစပ်နားတွင်တေ့လျက် သနချေရပါမည်။ ထို သနချေရာတွင်လည်း (၇)ခေါက် ဖြစ်ပါသည်။

'ဥုံ သန သန မဟာသန သနကြီး သနယ် ထောင်းထောင်းကြေစေသော်'

ထိုသို့ သနချေပြီး ပန်းကန်ကို ခေတ္တ ပြန်ချကာ ခဲတံ(သို့မဟုတ်) ကညစ်ကို တစ်ဖန်ယူကာ မန်းရပေဦးမည်။

'ဥုံ ကာယေ အဓိကာ ကနိဗာ သွာဟ' *(၃-ခေါက်)*

'ဝရုဏ္ဍာ ပဏ္ဍာနေန ယော အတ္တနော ဗိန္ဒုတိရေ ရသံ သဂ္ဂ သံသဝေ ရာဇာနမရ ဗိန္ဒုတိ' *(၇-ခေါက်)*

ထိုသို့ ရွတ်ဆိုပြီး စတင် ရေးသားရပါမည်။ ရေးသားခြင်း၊ မန်းမှုတ်ခြင်း ပြုနေစဉ်အတွင်း စကားမပြောရ၊ တံတွေးမထွေးရ/မမျိုရ၊ နေရာမှ ထသွားခြင်း၊ နေရာရွှေ့ခြင်း၊ အခြားသို့ စိတ်အာရုံပျံ့လွင့်ခြင်း လုံးဝ မဖြစ်စေရပါ။

ရေးသားရမည့် အစီအရင်မှာ စက္ကူကို အလျား(၄)လက်မ၊ အနံ(၁) လက်မ အရှည်ညှပ်ပြီး အောက်ပါ မန္တန်ကို ရေးပြီးလိပ်ကာ လုံရှီးအတွင်း သွင်းရမည်။ **ရေးရမည့်မန္တန်မှာ...**

'ဥုံ သီရသရံ အကြံလည်းရ ဓောဓ္ဍထ ဗြဟ္မာလော သောတာပန်ကား အမှန်စိတ်စေ ပေးသည့် ရသေ့ပညာလော ဥုံ သီရလင်းတ'

ယင်းမန္တန်ရေးပြီး (၇)အုပ်စုပ်ကာ **လုံရှီးအတွင်းသွင်း**ကာ ဖယောင်းကို မီးရှို့ပြီး အပေါက်ကို ပိတ်ရမည်။ ပြည့်လာလျှင် ရပြီဖြစ်သည်။ ညီညာအောင် လက်နှင့်သပ်ကာ ပိတ်ဖိပေးပါ။ ပြီးက လုံပြားတစ်ဖက်မှာ...

'ဥုံ ဇော်ဂနီ ယက္ခံ သွာဟ
ဟာဟ ဟိဟိ ဟိဂါဟ ငို့'

ယင်းမန္တန်ကိုရေးပါ။ အခြားတစ်ဖက်တွင် အောက်ပါမန္တန်ကို ရေးပါ။

'အရှိ ဇယျာတု ဇယျာတု ဗုဒ္ဓေ ဓမ္မေ သံဃေ အဟံဝန္ဒာမိ'

'ဥုံ ဗုဒ္ဓ စက္ကံ သုညံ သတြု သွာဟ'

ထိုသို့ ရေးပြီးပါက လုံရှီးအတွင်း

www.burmeseclassic.com

သွင်းသည့် မန္တန်၊ လုံသွားတွင်းရေးသည့် မန္တန်များနှင့် တစ်ပုဒ်လျှင် (၇)ခေါက်ကျစီ စုတ်ရမည်။ ပြီးလျှင် အောက်ပါ သိဒ္ဓိတင်ဂါထာနှင့် သိဒ္ဓိတင်ရမည်ဖြစ်သည်။

'ဧဩာင်း သိဒ္ဓိဗုဒ္ဓါ သိဒ္ဓိဓမ္မာ သိဒ္ဓိသံဃာ ဥတ္တမာစ စသိဒ္ဓိသဗ္ဗ အဓိဋ္ဌာန် သဗ္ဗသိဒ္ဓိ ဘဝန္တုမေ'[၇-ခေါက်]

သိဒ္ဓိတင်ပြီး အသက်သွင်းရမည်။

'ဥုံ ကုတိ အရဟံ အဝိဇ္ဇာဏာက ဩဿကံ သဝိဇ္ဇာဏာက သမာအံအံ ထဆရာထ ကြွဆရာကြွ''[၇-ခေါက်]

အထက်ပါ အဆင့်များ ပြုလုပ်ပြီးပါက အားလုံးပြီးဆုံးပြီဖြစ်သည်။ ယင်းလုံတံကို ကိုယ်နှင့်မကွာ ဆောင်ရုံပင်ဖြစ်သည်။ ယင်းလုံတံကို အကျိုးသွားကို ပြရလျှင်ဖြင့်...

၁။ မိမိနှင့် မကွာတမ်း ဆောင်ထားခြင်းဖြင့် မည်သို့သော ပယောဂ အနှောင့်အယှက်၊ စီးပွားပြိုင်ဘက်၊ လူမှုရေးပြိုင်ဘက်များမှစ၍ နာနာဘာဝတို့သည် လည်းကောင်း...

အောက်လမ်းနည်းဖြင့် ရုပ်မြင်၊ သံဖမ်း၊ ခြေရာကောက်၊ နတ်တိုက်၊ ဖုတ်တိုက်၊ တစ္ဆေတိုက်၊ အစာအပင်းသွင်း၊ စုန်းတိုက်၊ အင်းစေ၊ ခွေးရှင်ပြု၊ တူစာ၊ ပေစာ အစရှိသော ပြုစားနည်း (၉၀)ဖြင့် မပြုစား မတိုက်ခိုက်နိုင်ပေ။ ထိုသို့ ပြုလုပ်က ပြုသူထံက ရောက်လေရာသည်။

၂။ အိမ်ကြမ်း၊ ယာကြမ်း၊ လယ်ယာကြမ်း အစရှိသည့် အကြမ်းဟူသမျှ ရှိရာ နေရာမှန်သမျှကို ပြေငြိမ်းလိုလျှင် ယင်းလုံကိုယူ ဘုရားစင်တွင် ဆက်ကပ်ပြီး အာစက်နှိုး၊ သိဒ္ဓိတင်ကာ ပြန်ချထား၊ အောက်ပါမန္တန်ကို ဖယောင်းတိုင်တစ်တိုင်အား (၇) ခေါက်မန်းကာ လုံနှင့်အတူ ယူသွား၊ လိုသောနေရာရောက်က ယင်းနေရာအိမ် (သို့မဟုတ်) လယ်ယာ၏ အလယ်တွင် လုံကို **အရှေ့အရပ် ဦးတည်ကာချထား** ယင်းလုံသွားပေါ်တွင် အထက်ပါ ဖယောင်းတိုင်ကို တင်ကာထွန်းထားခဲ့၊ ဖယောင်းတိုင် မထွန်းခင် ဤသို့ပြောဆိုပြီးမှ ထွန်းလေ။

'ဤနေရာအတွင်း၌ နေထိုင်သော ပုဂ္ဂိုလ်တို့အား ငါသည် အလိုမရှိ။ ထိုသို့ အလိုမရှိသည်ကို ဆရာပုဏ္ဏက နတ်ဘီလူးမင်းက သိကြားကာ ငါ၏ အလိုကို ဆောင်ရွက်လတ္တံ့။ သင်တို့အား ဆရာပုဏ္ဏက နှင်ထုတ်ခြင်း မပြုခင် ငါက တောင်းပန်လေ၏။ လျင်မြန်စွာ ဖယ်ရှားပေးလေလော့'

ထိုသို့ ထွန်းရာတွင် **ညနေ နွားရှိုင်းသွင်းချိန်မှ ထွန်းပါလေ။** ဖယောင်းတိုင်ကုန်အောင် မထွန်းပါနှင့်၊ ဖယောင်းတိုင်တစ်ဝက်ခန့် ကျန်မည်ရှိက လာ၍ အောက်ပါ မန္တန်ကို (၇)ခေါက် ရွတ်ပါလေ။

'ဥုံ ယကျွော စ ပုဏ္ဏကော ဒေဝေါ မဟာဗ္ဗလော မဟိဒ္ဓိကော အန္တရာယံ ဝိသောဆေတွာ သုခံ ပါလေတု မံ ယကျွော'

မန္တန်ရွတ်ပြီး မီးကိုငြိမ်းကာ ယင်းဖယောင်းတိုင်ကို သေချာသိမ်း၊ လုံကိုပါ ယူသိမ်းထား၊ ယင်းနောက် ထိုနေရာတွင် နေကြည့် လုပ်ကိုင်ကြည့်သော် အခြောက်အချမ်းရှိသေးလျှင် အထက်ပါအတိုင်း လုံကိုချပြီး နဂို ဖယောင်းတိုင်ကို ထွန်းရမည်။ မထွန်းခင် ဤသို့ ပြောဆိုလေ။

'အသင်တို့အား ငါသည် မေတ္တာစိတ်ရှေ့ထား၍ တောင်းပန်သော်လည်း မရရှိ၊ သို့ကြောင့် ငါ၏ ဆရာသခင် ဂေါတမ၏ အောင်နိုင်ခြင်း ခံရသော ဆရာအဋ္ဌာဝက ဘီလူးမင်းအား တိုင်ကြားပေအံ့'

ဤသို့ ရွတ်ဆိုပြီး အောက်ပါဂါထာကို မီးထွန်းရင်း (၇)ခေါက် ရွတ်ပေအံ့။

'ဥုံ အဋ္ဌာဝကော ယကျွော ထေဇော ဗလော မဟိဒ္ဓိကော အန္တရာယံ ဝိသောဆေတွာ သုခံ ပါလေတု မံ ယကျွော'

ထိုဖယောင်းတိုင်ကိုလည်း ကုန်အောင် မထွန်းနှင့်။ မကုန်ခင် ငြိမ်းကာ သိမ်းထားပြီး အောက်ပါမန္တန်ကို နောက်တစ်နေ့တွင် ရွတ်ဆိုရင်း ထွန်းလေ။

'ဥုံ ဘုရားဟူက မောဂ္ဂလ္လ(၂၄)၊ တရားဟူသည်ကား ပါဠိကျွ(၅၅)၊ သံဃဟူသည်ကား သံချုပ်ဝတ်(၆၇) မူတင်တေရသကို ဆောက်တည်တော်မူသော ရှင်မဟာကဿပ ကြွသွားတော်မူသည်။ ဆုတ်လေဝေးစွာ မနေရာတည်း။

ဆုတ်လေဟူလျက် မဆုတ်ဘဲ အမြဲတစေသည် နေပါပြားမူ ဘုရားမြတ်စွာ ထံတော်မှာလျှင် ဆုံးမခံ့ညား သစ္စာစကား နင်တို့အား မျက်မဟုတ်တုံလော... ဥုံ ဗုဒ္ဓိလွဲ ဓမ္မဲဘဲ သံဃံရှဲ'

ထိုသို့ ရွတ်ဆိုပြီး လုံကို စိုက်ထားခဲ့၊ နံနက်လင်းလျှင် သွားကြည့် လိပ်ပြာသေ၊ အကောင်ပလောင်မျိုးစုံ သေနေသည်ကို တွေ့ရတတ်သည်။

ဤသည်မှာ နာနာဘာဝတို့ ဘဝပြောင်းခြင်းပင်ဖြစ်သည်။ သို့သော် ထိုနည်းကို နောက်ဆုံး မရမှသာ သုံးလေ၊ သံသရာပါတတ်၏။

၃။ မိန်းမများ မီးမဖွားနိုင်သော် လုံတံကို ဖောက်ထိုးထား အရိုးမှ ရေလောင်းပြီး ထိုရေကို သောက်စေက လျင်စွာ ဖွားမြင်၏။ ကျွဲ၊ နွားဖြစ်လျှင်လည်း ကျောထက်က ရေလောင်း ဖွားစေတတ်၏။

၄။ လုံတံကို စုန်ရေဆန်ရေလောင်း ယင်းရေကို မျက်နှာ၊ နဖူး သုတ်လိမ်းသွားက မြင်သမျှ ဝမ်းထွက်သားကဲ့သို့ ချစ်ခင်၏။

၅။ လုံတံကိုယူ၍ သစ်ပင်ကိုစိုက် သစ်ပင်စောင့်နတ် ထွက်ပြေးလေ၏။


၆။ တောတောင်ထဲတွင် ညအိပ်ညနေ နေရသော် လုံတံနှင့်မြေကို စည်းသားက တောတောင်များနှင့် နာနာဘာဝတို့ မဝင်ရောက်



www.burmeseclassic.com

www.burmeseclassic.com

* * *




နိုင်။

၇။ အိမ်၌ ရှိသေစွာထားသော် မိုးကြိုးကွင်း၏။

၈။ ပဲ, နှမ်း, စပါး သိုလှောင်ရာသို့ ထားသော် ပိုးမကျနိုင်။

၉။ ကုန်မစွံသော် နံ့သာငါးပါးရည်နှင့် လုံတံကိုလောင်း၊ ယင်းအရည်နှင့် ကုန်ကိုတောက် လျင်စွာထွက်၏။

၁၀။ မြွေကိုက်သော် လုံကို နှမ်းဆီစလောင်း ယင်းဆီနှင့် ကိုက်ရာလိမ်း၊ သောက်လည်းသောက် မြွေဆိပ်ထွက်၏။

၁၁။ မီးတွင်းတွင် တက်၍နေသော် ကနဒို(၁)ပဲသား၊ ရှားစောင်းကြီးပွင့် (၁)ပဲသား ကြိတ်၍ လုံမှာ အုံပြီး နှာနှပ်၊ အန်လျှင် ချမ်းသာပြီမှတ်။

၁၂။ အထုံအကျင် အညောင်းအညာမြေကိုက်မြေစွဲကို မိဿလင်(၁)ပဲသား၊ နှမ်းဆီ(၁)မူးသား၊ သံပရာသီး(၁)လုံးဖျော်၍ လုံသွားနှင့်တို့ကာ စုတ်ပေါက်သလိုပေါက်၊ သက်သာပျောက်ကင်း၏။

၁၃။ ခရသင်းစွဲသော် လုံသွားကိုသွေးပုစွန်လုံးအဆီ ကြိတ်မှန်ရွက်ရည်နှင့် လုံသွားအပြားနှင့် လိမ်းပေး အညိုအမည်း ဖြစ်လာ၏။

၁၄။ ပယောဂပူး၍ ရယ်၍ငို၍ နေသော် လုံကိုပြ လုံသွားအပြားနှင့် ခေါင်းကိုဖိထား ပယောဂထွက်၏။

၁၅။ အစားအစာမှာ သက်ာမကင်းရှိသော် လုံကို **ညာဂမိုးရေနှင့်** လောင်း ယင်းရေနှင့်တောက် မူလ အပင်းသဏ္ဍာန် ပေါ်၏။

၁၆။ ကြက်တိုက်, နွားတိုက် လူချင်းချစ်သော အပြိုင်အဆိုင်တွင် လုံကို ရေလောင်း၊ ယင်းရေကို အနည်းငယ်သောက်၊ ကျန်တာ နဖူးဆံစပ်လိမ်း တစ်ပွဲတိုးကောင်းလှ၏။

ယင်းလုံ၏ အကျိုးကား ဤမျှသာ မဟုတ်ပေ။ ဉာဏ်ရှိလျှင် ရှိသလို ချဲ့ထွင် အသုံးချနိုင်သော လုံတံပင်ဖြစ်သည်။

သို့သော် **လစဉ် လပြည့်နေ့တိုင်းတွင်** လုံကို စီရင်စဉ်က ရေးသားရွတ်ဆိုခဲ့သော မန္တန်များနှင့် (၇)ခေါက်စီ ရွတ်ဖတ်ပေးမှသာ အစဉ်အစွမ်းသတ္တိ ရှိနေတတ်ပြီး လိုသောအချိန် လိုသလို အသုံးချနိုင်ပေမည်။

ယင်းလုံ၏ ပုံသဏ္ဍာန်ကို ဖော်ပြရသော်...

* * *

အထက်ပါ နည်းစနစ်များကို အသုံးချရင်း မိမိတို့၏ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ အခြားသူများ၏ အခက်အခဲများကိုလည်း ဖြေရှင်းပေးနိုင်သည့် လူသူတော်ကောင်းများ ဖြစ်ကြပါစေ။ ။

**အောင်မင်းကျော်(ခ)တန်ဘောင်ဂစ်**

မာရှသူ သုတေသီနှင့်...

ပညာရှင်များခင်ဗျာ...

ဤအစီအရင်တွင် ပါဝင်သော **"လုံကို ညာဂမိုးရေနှင့်လောင်း"**ဟု ပါရာ **"ညာဂမိုးရေ"**မှာ မည်သည် ဖြစ်ကြောင်း စာရေးသူမှ ရှင်းပြမထားပါ။ သိရှိသူများမှ ဖော်ပြရေးသားပေးပို့ကြပါရန်...

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**

*စာတည်းချုပ်*

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**


www.burmeseclassic.com

# ပကျွဲကောင့် မှန်ခဲ့သော

## လက္ခဏာဟောချက်များ

ဆရာကြီးဦးအောင်မြိုင်
(ဥပဒေတွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

ဘယ်




ကျွန်ုပ်၏အသက် (၂၅)နှစ်အရွယ်.ဟိုလွန်ခဲ့ပြီးသော ၁၉၇၈ ခုနှစ်ခန့်မှာ ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ အမှတ် (၄၇) ခြေကျင်တပ်ရင်းတွင် တပ်ကြပ်ကြီးစာရေး (တတိယတန်း) အဖြစ် ကျွန်ုပ် တာဝန် ထမ်းဆောင်ခဲ့စဉ်က . ကျွန်ုပ်၏မိသားစု နေထိုင်သော အကြပ်ကြီးလိုင်းခန်းများရှိရာ အခန်းနီးချင်း အကြပ်ကြီးများ။ အကြပ်ကြီးများ၏ ဇနီးများကို ကျွန်ုပ် လက္ခဏာ ဟောပြောခဲ့ဖူးပါသည်။

ယခု ဆောင်းပါးနှင့် အတူ ကျွန်ုပ် ဖော်ပြပေးလိုက်သော ဘယ်ဘက်ဖဝါး ပုံစံပိုင်ရှင်မှာ တပ်ကြပ်ကြီး တစ်ဦး၏ ဇနီး ထိုစဉ်က အသက်(၃၆)နှစ် ကျွန်ုပ်ထက် အသက် (၁၁)နှစ်ကြီးသူ ဖြစ်သည်။

ကျွန်ုပ်၏ အမိက ဟောချက်များ

၁။ မြန်မာနိုင်ငံမှာပဲ အခြေချ နေထိုင်ရလိမ့်မယ်။ ပြည်ပနိုင်ငံရပ်ခြားတွေမှာ ကြာကြာ သွားရောက်လုပ်ကိုင် နေထိုင်ရဖို့ မရှိဘူး။

**[“က” အက္ခရာနဲ့ ညွှန်ပြထားတဲ့ အသက်လမ်းကြောင်း အရင်းပိုင်း**



www.burmeseclassic.com

www.burmeseclassic.com

**က သောကြာဂြိုဟ်ခုံထဲကို ကွေးဝင်ခြင်းကြောင့် ဟောခြင်းဖြစ်ပါတယ်။]**

၂။ ဗုဒ္ဓဂါယာဘုရားဖူး ခရီးလိုမျိုး၊ စင်ကာပူအလည်ခရီးလိုမျိုး ပြည်ပခရီးတို့ နှစ်ခါလောက် သွားရတတ်တယ်။

**["ခ"အက္ခရာနဲ့ ညွှန်ပြထားတဲ့ အသက်လမ်းကြောင်း အရင်းမှ နိုင်ငံခြားခရီးလမ်းကြောင်း တိုလေး(၂)ချောင်းရှိ၍ ဟောခြင်းဖြစ်ပါတယ်။]**

၃။ သားသမီးများပေမယ့် (၂) ယောက်ပဲ ထူးချွန်ကြီးပွားမယ်။ အကျိုးခံစားရမယ်။ သားက ပိုပြီး အကျိုးပေးမယ်။ အငယ်တွေ ပိုအကျိုးပေးမယ်။

**["ဂ"အက္ခရာနဲ့ ညွှန်ပြထားတဲ့ လက်သန်းအောက် ဗုဒ္ဓဟူးဂြိုဟ်ခုံမှာ သားသမီးလမ်းကြောင်းငယ်(၅)ခုလောက်ရှိပေမယ့်လမ်းကြောင်း(၂)ကြောင်းကသာ ပိုပြီး ရှည်လျားထင်ရှားတယ်။**

**လက်ဖဝါးစောင်းနဲ့ ဝေးရာဘက်က သားသမီးလမ်းတွေ ပိုထင်ရှားတယ်။ သားလမ်းကြောင်းက ပိုကောင်းတယ်။ ဒါကြောင့် ဒီလိုဟောတာပါ။]**

၄။ အသက်(၅၀)ကျော်ရင် ရွှေငွေ ရတနာဥစ္စာပစ္စည်း လိုရာ မရှား ပေါများပြည့်စုံပြီး ပတ်ဝန်းကျင်မှာလဲ လူချစ်လူခင်ပေါများ ဂုဏ်သတင်း ထင်ရှားမယ်။

**["ဃ"အက္ခရာနဲ့ ညွှန်ပြထားတဲ့ လက်သူကြွယ်အောက် တနင်္ဂနွေဂြိုဟ်ခုံနဲ့ နီးတဲ့နေရာမှာ ခပ်စောင်းစောင်း ကြာဖူးပုံ၊ ကျောက်မျက်ပုံ ပေါ်လာအခြံအရံ ထင်ရှားတွေ့ရှိရလို့ ဟောခြင်းဖြစ်ပါတယ်။]**

၅။ အသက်ကြီးပိုင်း ရောက်လေ အလှူအတန်းတွေ ပြုရလေ၊ ဘာသာရေးဆိုင်ရာ အကျင့်စရဏတွေ ပိုလုပ်နိုင်လေဖြစ်ပြီး ပိုမိုအေးချမ်းတဲ့ ဘဝမျိုး ရရှိမယ်။

**["င"အက္ခရာနဲ့ ညွှန်ပြထားတဲ့ လက်ခလယ်အောက် စနေဂြိုဟ်ခုံမှာ ထောင်လိုက်မျဉ်းမတ် ထင်ရှားနေပြီး အကူလမ်းကြောင်း အပြိုင်ရှိနေခြင်းကြောင့် ဟောခြင်း ဖြစ်ပါတယ်။]**

၆။ အိမ်ထောင်ရေး ရာသက်ပန်ပျော်ရွှင်ခိုင်မြဲမယ်။ အိမ်ထောင်ရေး ဒုက္ခသောကကြီးတွေ မကြုံရနိုင်ဘူး။

**["စ"အက္ခရာနဲ့ ညွှန်ပြထားတဲ့ နှလုံးလမ်းကြောင်း အဖျားဟာ လက်ညှိုးနဲ့ လက်ခလယ်ကြား ကြာသပတေးဂြိုဟ်ခုံနဲ့ စနေဂြိုဟ်ခုံကြားနေရာမှာ ခက်ရင်းသုံးခွပုံ အညွှန့်အခက်တက်နေပုံ သင်္ကေတမျိုးရှိလို့ ဟောခြင်းဖြစ်ပါတယ်။]**

၇။ မြင့်မားတဲ့ ရည်မှန်းချက်တွေ အကောင်အထည် ပေါ်လာမယ်။ သားသမီးတွေထဲမှာ အလုပ်အကိုင် အဆင့်အတန်း ရာထူးဩဇာ မြင့်မားသူတွေ ထွက်ပေါ်၊ ဖြစ်ပေါ်လာမယ်။

**["ဆ"အက္ခရာနဲ့ ညွှန်ပြထားတဲ့ လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံမှာ ရည်မှန်းချက်လမ်းကြောင်း ထင်ရှားပြီး၊ အင်းကွက်ပုံတွေနဲ့ ဆက်သွယ်နေခြင်းကြောင့် ဟောခြင်း ဖြစ်ပါတယ်။]**

၈။ တစ်နေ့မှာ လက်မထောင်နိုင်လောက်တဲ့ အဆင့်အတန်း အခြေအနေ မြင့်မားတိုးတက်ခြင်းကို ကြုံရမယ်။

သမထ၊ ဝိပဿနာ အားထုတ်ရင် အကြားအမြင်ရခြင်း၊ အသိထူး၊ တရားထူး ရခြင်းမျိုးဖြစ်မယ်။

**["ဇ"အက္ခရာနဲ့ ညွှန်ပြထားတဲ့ လက်မရဲ့ ပထမအဆစ်မှာ ခရေပွင့်ပုံသင်္ကေတ ထင်ရှားရှိလို့ ဟောခြင်းဖြစ်ပါတယ်။]**

၉။ ကျယ်ဝန်းတဲ့ ကိုယ်ပိုင်ခြံမြေ၊ ခမ်းနားထည်ဝါတဲ့ တိုက်တာ အိုးအိမ်၊ တန်ဖိုးမြင့်မားတဲ့ မော်တော်ကား ပိုင်ဆိုင်နေထိုင်စီးနင်းခြင်းမျိုးတွေ ဖြစ်လာမယ်။

**["ဈ"အက္ခရာနဲ့ ညွှန်ပြထားတဲ့ နှလုံးလမ်းကြောင်းနဲ့ ဦးခေါင်းလမ်းကြောင်းကြား စတုဂံလွင်ပြင်မှာ စတုဂံကွက် သင်္ကေတတွေ ရှိနေလို့ ဟောခြင်း ဖြစ်ပါတယ်။]**

ယခုဆိုရင် ကျွန်ုပ် အသက်(၆၀)၊ လက္ခဏာရှင်အမျိုးသမီးရဲ့ အသက်(၅၁)နှစ်မှာ မမျှော်လင့်ဘဲ ရန်ကုန်မြို့ရဲ့ မြို့နယ်တစ်ခုထဲမှာ လာပြီးဆုံစည်းကြပြန်တယ်။

**နံပါတ်(၁) ဟောကွက်အတွက်** မြန်မာနိုင်ငံမှာပဲ အခြေချနေထိုင်ပါတယ်။

**နံပါတ်(၂)** အဖြေအတွက် ပြည်ပခရီး ဘုရားဖူးခရီး သွားခဲ့ရပြီ။

**နံပါတ်(၃)**အဟောအတွက် သားသမီး(၅)ယောက်မှာ စတုတ္ထသမီးက အရာရှိကြီးကတော်၊ သားအငယ်ဆုံးက ကုမ္ပဏီပိုင်ရှင် လူပျိုကြီး မိဘကို လုပ်ကျွေးနေတယ်။

**နံပါတ်(၄)** အဟောအတွက် အသက်(၅၉)နှစ်ကျော်မှာ ကိုယ်ပိုင်တိုက်အိမ်သစ်ကြီးတွေ၊ ကားသစ်ကြီးတွေ၊ ရွှေလက်ကောက် တံတောင်ဆစ်ရောက်အောင် ပြည့်စုံနေပြီ။

**နံပါတ်(၅)**အဟောအတွက် တရား

www.burmeseclassic.com

မွှန်ပိုးရာ

# ဆံပင်သန်နက်မှောင်စေဆေး



လက်ဖက်ခြောက် အကောင်းစား **("စော်ဘွားနှုတ်ခမ်းမွှေး" လက်ဖက်ခြောက်ဟုခေါ်ကြသည့်လက်ဖက်ညွန့်အနု သီးသန့်ပြုလုပ်ထားသော လက်ဖက်ခြောက်ကဲ့သို့ အမျိုးအစားကို ရည်ညွှန်းပါသည်။)**ကို သုံးရသည်။

မိမိ၏ လက်ယာဘက်လက်တွင်း တစ်ဆုပ်စာမျှကို လက်ဖက်ရည်အကြမ်းပန်းကန်၌ထည့်ပါ။ အုန်းဆီ လက်ဖက်ခြောက် မြုပ်အောင် ဖြည့်၍ ပေါင်းချောင်ဖြင့် ပေါင်းပါ။**ပေါင်းချောင်မရှိပါက ဒယ်အိုးတစ်ခုတွင်ပန်းကန်လုံးကြီးတစ်လုံးကို မှောက်လျက် ရေမြုပ်ရုံဖြည့်ပါ။ ယင်းအထက်မှ လက်ဖက်ခြောက် ပန်းကန်ကို တင်ကာ ရေဆူအောင်တည်ပါ။**

မိနစ်(၂၀)မျှ ပေါင်းပြီးနောက် အအေးခံလျက် ပုလင်းတစ်ခုအတွင်း (လက်ဖက်ခြောက်အပါအဝင်) ပြောင်းထည့်ပါ။

ထိုအုန်းဆီကို နေ့စဉ် လိမ်းကျံပေးရသည်။ နံနက်စောစောအချိန်သို့မဟုတ် သင့်ရာအချိန်တွင် တစ်နေ့တစ်ကြိမ် မပျက်မကွက် လိမ်းပေးရသည်။ ဦးရေအတွင်းသို့ ဆီစိမ့်ဝင်အောင် လိမ်းကျံဖိနှိပ်ပေးပါ။

ဤသို့ စွဲမြဲ လိမ်းကျံပေးခြင်းဖြင့် ဆံပင်ပွခြင်း (အဖျားကွဲခြင်း)၊ ကျွတ်ခြင်း၊ ဦးရေပြားပူခြင်း၊ ဆံပင်အရောင်မွဲခြင်း စသည်တို့ကို ကာကွယ်ပေးသည်။

ဆံပင် ရှည်လျား နက်မှောင်စေ



သည်။ အရွယ်အိုသော်လည်း ဆံပင်ဖြူခြင်းကို နှောင့်နှေးစေသည်။ ဒက်၊ ဗောက်စသည့် ဦးရေပြားရောဂါများကိုလည်း ပျောက်ကင်းစေသည်ဟု သိရ၏။

ပေါင်မြို့နယ်၊ ဇင်းကျိုက်ကျေးရွာနေ အသက်(၉၂)နှစ် ရှိပြီဖြစ်သော "အဖိုးအေး"နှင့် ၁၃၃၉ ခုနှစ်၊ တပေါင်းလတွင် ဆုံတွေ့ရာမှ ပြောပြသော မွန်တိုင်းရင်းဆေးနည်း ဖြစ်သည်။

အဖိုးအေးသည် အသက်ပင် (၉၀) ကျော်ပြီဖြစ်သော်လည်း အသက်(၆၀) အရွယ်ကဲ့သို့ နုပျိုဖျတ်လတ်၍ ဆံပင်များ ရှည်လျား နက်မှောင်နေဆဲ ဖြစ်လေသည်။

အဖိုးအေး အသက်(၁၀၀)ပြည့်သည်အထိ ရောဂါဘယ ကြီးမားစွာ ခံစားရခြင်းမရှိဘဲ မော်တော်ယာဉ်မတော်တဆဖြစ်၍ ကွယ်လွန်ခဲ့ကြောင်း သိရ၏။ အဘိုး ကောင်းရာသုဂတိ လားရောက်နိုင်ပါစေ။

စောသိင်းလ

စာမျက်နှာ (၁၅၉)မှ အဆက်

စခန်းတွေ ဝင်နေပြီ။ အလှူအတန်းကြီးတွေ ပြုနေရပြီ။

**နံပါတ်(၆)** အဟောအတွက် ယခုအသက်(ရ၀)ကျော်အချိန်အထိ အိမ်ထောင်သက် နှစ်(၅၀)အထိ ခင်ပွန်းနဲ့ အိမ်ထောင်ရေး သာယာပျော်ရွှင်ခိုင်မြဲစွာ ပေါင်းသင်းနေရပြီ။

**နံပါတ်(ရ)**အဟောအတွက် သားနဲ့သမီးရဲ့ အဆင့်အတန်း ရာထူးဂုဏ်ထူးတွေကြောင့် မိခင်လဲ ဂုဏ်သိက္ခာသြဇာမြင့်မားနေတယ်။

**နံပါတ်(၈)**အဟောအတွက် ယခုအခါ အကြားအမြင် အဟောအပြောမှန်ကန်ကြောင်း ပတ်ဝန်းကျင်မှာ သတင်းထွက်နေပြီ။

**နံပါတ်(၉)**အဟောအတွက် တန်ဖိုးမြင့်မားတဲ့ တိုက်တာ ခြံမြေ ယာဉ်ကားတွေ ပြည့်စုံနေပြီ။

လွန်ခဲ့တဲ့ နှစ်(၄၀)ကျော်က တပ်မတော်မှာ သာမန် အခြားအဆင့် စစ်မှုထမ်းတစ်ဦးရဲ့ ဇနီးဘဝနဲ့ အိမ်မပိုင်၊ မြေမပိုင်၊ ကားမရှိ၊ ဥစ္စာပစ္စည်း ပိုင်ဆိုင်မှု နတ္ထိနဲ့ ရုန်းကန်ခဲ့ရပေမယ့် လက္ခဏာကောင်းတဲ့အတွက် ယခုတော့ လူချမ်းသာစာရင်း ဝင်နေပြီ။

**"လုံထမ်းလာတာ မြင်ရပေမယ့် ကံထမ်းလာတာ မမြင်ရဘူး"**ဆိုတဲ့ ရှေးလူကြီးစကားဟာ အမှန်ပါပဲ။ ယနေ့ ဆင်းရဲချို့တဲ့နေသူတွေဟာ နောင်အခါ လူချမ်းသာတွေ ဖြစ်လာနိုင်တယ်ဆိုတာ သူတို့ရဲလက္ခဏာမှာ ပါရှိပြီးသားပါ။

ဒါပေမယ့် ချမ်းသာမယ့် အချိန်ကို ထိုင်စောင့်နေလို့တော့ မရပါဘူး။ **ကိုယ်ရောစိတ်ပါ လှုပ်ရှားကြိုးစားပြီး အတိတ်ကံတွေ ပွင့်လာအောင် လုပ်ရမယ်ဆိုတာကိုတော့ သိထားဖို့လိုပါတယ်။**

ဆရာကြီး ဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ ဟောင်ဥက္ကလာပမြို့နယ် ကျန်းမာပါစေ တိုင်းရင်းဆေးကုခန်း

# ဆရာ ဦးသီဟ

(တဆ-၀၃၉၈၀)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော

# အစာအိမ်ရောဂါ

ကာကွယ်စောင့်ရှောက်နည်းများ

မြောင်းမြ မောင်ယဉ်တင့်

**"သဗ္ဗရောဂမူလံ အ,ဇိဏ္ဏံ"** အနာရောဂါအပေါင်းတို့ ဖြစ်ပေါ်စွဲကပ်လာရခြင်းဟာ အစာခြေချက်မှု မမှန်ကန်မှုကြောင့် အစာအိမ်ကို အကြောင်းခံပြီး ဖြစ်လာရတယ်လို့ ရှေးတိုင်းရင်းဆေး ပညာရှင်ကြီးများက မိန့်ဆိုထားပါတယ်။

အစာအိမ်ရောဂါဟာ အဖျားရောဂါလိုပဲ လူတိုင်း ဖြစ်လွယ်ပြီး နောက်ဆက်တွဲ ဆင့်ပွားရောဂါတွေ မွေးထုတ်ရာ ရောဂါတွေရဲ့ ရေသောက်မြစ်လဲ ဖြစ်ပါတယ်။

အဲဒီ အစာအိမ်ရောဂါရဲ့ဖြစ်စဉ်နဲ့ ကာကွယ် စောင့်ရှောက်နည်းတွေကို သိရှိမှတ်သားနိုင်ဖို့အတွက် တောင်ဥက္ကလာပမြို့နယ်ကို ရောက်တဲ့အခါ ဆရာဦးသီဟနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

ဆရာဦးသီဟက **တိုင်းရင်းဆေးဆရာကြီးဦးဝင်းလေးနဲ့ တိုင်းရင်းဆေးဆရာမကြီး ဒေါ်လှသိန်းတို့ရဲ့ သား ဖြစ်ပါတယ်။ ဆေးကုသက်(၁၇)နှစ်ခန့် ရှိနေပြီဖြစ်တဲ့ ဆရာဦးသီဟနဲ့** တွေ့ဆုံဆွေးနွေးမေးမြန်းခဲ့သမျှ ပြန်လည်တင်ပြလိုက်ပါတယ်။

**▲ "ဦးသီဟ ဆရာနဲ့ ဆွေးနွေးချင်တဲ့ ရောဂါကတော့ အစာအိမ်ရောဂါ ကို ကြိုတင်ကာကွယ်စောင့်ရှောက် နည်းများကို ဆွေးနွေးချင်ပါတယ်။**

F.21A. January, 2017.



◆ ဆရာဦးသီဟ(တဆ-၀၃၉၈၀)

ပထမ အစာအိမ်ရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကို ပြောပြပေး ပါ"

**○ 'အစာအိမ်ရောဂါ ဖြစ်စေတဲ့ အကြောင်းရင်းများကတော့...**

၁။ အချိန်မဲ့ အခါမဲ့ အစားအစာ စားသုံးခြင်း၊

၂။ အစာမကြေမီ မိနစ်ပိုင်းအတွင်း တစ်ဖန် စားသောက်ခြင်း၊

၃။ အချိန်မဲ့ အခါမဲ့ အိပ်စက်ခြင်း၊

၄။ ရေကို လွန်ကဲစွာ သောက်သုံးခြင်း၊

၅။ အစားအစာကို ရံခါ အနည်းငယ်သာ စားပြီး၊ ရံခါ လွန်ကျူးစွာ စားသောက်ခြင်း၊

၆။ အေးလွန်း,ပူလွန်း အစွန်းရောက်သော အစားအစာများ လွန်ကျူးစွာ စားသောက်ခြင်း၊

၇။ နေပူ,မီးပူ ခံလွန်းခြင်း၊ ရေအေး လေအေးတို့ကို လွန်ကျူးစွာခံခြင်း၊

၈။ ဆာလောင်နေသော်လဲ အလုပ်ဖိစီးချိန်ဖြစ်၍ အစားအစာ မစားသောက်ခြင်း၊

၉။ ပြင်းထန်မှု အာနိသင်ရှိသော ဆေးဝါးကို အစာမရှိချိန်တွင် စားသုံးခြင်း၊

၁၀။ ကျင်ကြီး,ကျင်ငယ်တို့ရဲ့ အဟုန်ကို ချုပ်တည်းတားမြစ်ခြင်း၊

၁၁။ ကောဓ, မစ္ဆရိယ, လောဘ, ဒေါသ, မောဟ, သောက, မာန်မာန စတဲ့ ညစ်ညူးသော အကုသိုလ်စိတ်များ ယှဉ်တွဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ပေါ်နေခြင်း...

စတဲ့ အကြောင်းရင်းချက်များဟာ အစာအိမ်ရောဂါ ဖြစ်စေတဲ့ နိဒါန်း အကြောင်းအရာများ ဖြစ်ပါတယ်'

▲ 'အစာအိမ်ရောဂါထဲမှာ သလိပ်ဒေါသ၊ သည်းခြေဒေါသ၊ လေဒေါသ စတဲ့ ဒေါသသုံးပါး လွန်ကဲပြီးဖြစ်တဲ့ အစာအိမ်ရောဂါတွေရဲ့ လက္ခဏာတွေကို ဒေါသတစ်မျိုးချင်း ခွဲခြားပြီး ပြောပြပေးပါဦးဆရာ'

○ **'သလိပ်ဒေါသ လွန်ပြီးဖြစ်ရတဲ့ အစာအိမ်ရောဂါရဲ့ လက္ခဏာများကတော့...**

၁။ ကိုယ်,စိတ်,နှလုံးသုံးပါးတို့ လေးလံခြင်း၊

၂။ အစာအိမ် ရဲဖန်ရဲခါအောင့်ပြီး နာကျင်ခြင်း၊

၃။ စားပြီးသော အစားအစာ မကြေညက်ခြင်း၊

၄။ မပျို့မအန်ခြင်း၊

၅။ လေချဉ်မတက်ခြင်း၊

၆။ စားချဉ်မပြန်ခြင်း၊

၇။ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊

၈။ အစာကို လက်မခံခြင်း၊ သလိပ်များ ပြန်၍အန်ခြင်း၊

၉။ တံတွေးများခြင်း၊ အာစိုခြင်း၊ ချွဲခြင်း၊

၁၀။ လျှာဖြူခြင်း...

စတဲ့ လက္ခဏာများဟာ သလိပ်ဒေါသလွန်ပြီးဖြစ်တဲ့ အစာအိမ်ရောဂါ လက္ခဏာများ ဖြစ်ပါတယ်။

**သည်းခြေဒေါသ လွန်ပြီးဖြစ်တဲ့ အစာအိမ်ရောဂါ လက္ခဏာများကတော့...**

၁။ အစာကြေညက်လွယ်ခြင်း၊

၂။ ဝမ်း,ရင်ပူခြင်း၊ ကိုယ်သားကိုယ်ရေပူခြင်း၊

၃။ ရေငတ်ခြင်း၊

၄။ မူးဝေခြင်း၊

# သဘာဝများရည်ဟာ အစာအိမ်နဲ့ပတ်သက်တဲ့ ရောဂါအတွက် အစာလဲဆေးဖြစ်ပါတယ်...

၅။ လေချဉ်တက်ခြင်း၊

၆။ ချွေးထွက်ခြင်း၊

၇။ တံတွေးချဉ်ခြင်း၊ အာပူခြင်း၊

၈။ လျှာနီခြင်း၊

၉။ ဆီးပူခြင်း၊

၁၀။ ဝမ်းချုပ်ခြင်း...

စတဲ့ လက္ခဏာများဟာ သည်းခြေဒေါသ လွန်ပြီးဖြစ်တဲ့ အစာအိမ်ရောဂါ လက္ခဏာများ ဖြစ်ပါတယ်။

**လေဒေါသလွန်ပြီးဖြစ်တဲ့ အစာအိမ်ရောဂါ လက္ခဏာတွေကတော့...**

၁။ အစာမကြေတစ်ခါ ကြေတစ်လှည့် ရှိတတ်ခြင်း၊

၂။ ဝမ်းဗိုက်ထိုးကျင်ခြင်း၊

၃။ ဝမ်းဖောဝမ်းရောင်ဖြစ်ခြင်း၊

၄။ အစာအိမ်နာကျင်ခြင်း၊

၅။ ဘယ်,ညာ နောက်ကျောများ တက်ခြင်း၊

၆။ ပျို့အန်ခြင်း၊

၇။ လေချဉ်တက်ခြင်း၊

၈။ စားချဉ်ပြန်ခြင်း၊

၉။ ကိုယ်အင်္ဂါကြီးငယ်တို့ တောင့်တင်းခြင်း၊

၁၀။ ကျင်ကြီး,ကျင်ငယ် လေတို့ချုပ်ခြင်း၊

၁၁။ တံတွေးခါးခြင်း၊ အာခြောက်ခြင်း၊

၁၂။ လျှာဝါခြင်း...

စတဲ့လက္ခဏာများဟာလေဒေါသ လွန်ကဲပြီးဖြစ်တဲ့ အစာအိမ်ရောဂါ လက္ခဏာများ ဖြစ်ပါတယ်'

▲ 'အထက်မှာ ပြောခဲ့တဲ့ သလိပ်, သည်းခြေ,လေ စတဲ့ ဒေါသသုံးပါး ပေါင်းစပ်ဖြစ်တဲ့ရောဂါလက္ခဏာ များကို ဆက်ပြီး ပြောပြပေးပါဦး ဆရာ'

○ **'ဒေါသသုံးပါး ပေါင်းစပ်ပြီးဖြစ်တဲ့ သန္နိပါတ်အစာအိမ် ရောဂါရဲ့ လက္ခဏာများကတော့...**

၁။ အမြဲတမ်း အစာမကြေဖြစ်ခြင်း၊

၂။ ခြေဖျားလက်ဖျား အမြဲအေးခြင်း၊

၃။ နောက်ကျော အမြဲတက်ခြင်း၊

၄။ ဦးခေါင်း အမြဲမူးဝေထိုင်းမှိုင်းခြင်း၊

၅။ အစားအစာ မစားဘဲ မနေနိုင်ခြင်း၊

၆။ စားပြီးအစာ ပြန်အန်တတ်ခြင်း၊

၇။ အစားအစာ မရှိတဲ့အခါ ရင်မှာ ပူလောင်နေခြင်း၊

၈။ အစာရှိတဲ့အခါ ရင်တောင့်ပြီး အနေခက်ခြင်း၊

၉။ လျှာရဲ့အလယ်မှာဖြူပြီး ဘေးမှာ ဝါနေခြင်း၊

၁၀။ လျှာရဲ့အလယ်မှာ ဝါပြီး ဘေးမှာ ဖြူနေခြင်း၊

၁၁။ ဝမ်း,လေချုပ်ခြင်း၊

၁၂။ ဆီးနီ, ဆီးဝါ, ဆီးနည်း, ဆီးချုပ်, ဆီးပူခြင်း၊

၁၃။ တစ်ခါတစ်ရံ အစာပျက် ဝမ်းများ သွားခြင်း၊

၁၄။ ချဉ်,ခါး,စပ် အရသာများ အန်ခြင်း...

စတဲ့ လက္ခဏာများဟာ သန္နိပါတ် အစာအိမ်ရောဂါလက္ခဏာများ ဖြစ်ပါတယ်'





www.burmeseclassic.com

www.burmeseclassic.com

▲'အစာလဲဆေး၊ ဆေးလဲအစာ ဆိုသလို အစာအိမ်ရောဂါကို ကာကွယ် နိုင်တဲ့ အစားအစာများကို သိခွင့်ရစေ ဆရာ'

○'သဘာဝပျားရည်ဟာ အစာအိမ်နဲ့ ပတ်သက်တဲ့ ရောဂါအတွက် အစာလဲဆေး ဖြစ်ပါတယ်၊ ပျားရည်ထဲမှာ သဘာဝဗီတာမင်များ၊ သတ္တုဓာတ်များ ပါဝင်ပါတယ်။ ပျားရည် သောက်ခြင်းဖြင့် အစာကို ကြေလွယ်ပါတယ်။

အစာအိမ်ရောဂါဖြစ်ရင် ဟိုက်ဒရိုကလိုရစ်အက်စစ် မြင့်တက်မှုကြောင့် ပျို့အန်ခြင်း ဖြစ်တတ်ပါတယ်။ ပျားရည်ဟာ ဟိုက်ဒရိုကလိုရစ်အက်စစ် လွန်ကဲမှုကို လျှော့ချပေးနိုင်ပါတယ်။ အစာအိမ်နဲ့ အူလမ်းကြောင်း ကျန်းမာရေး လုပ်ငန်းဆောင်တာများကို ကောင်းမွန်စွာ လုပ်ဆောင်ပေးနိုင်ပါတယ်။

(၂၅.၇.၂၀၀၈)နေ့က အင်တာနက် ကျန်းမာရေးသတင်းတစ်ပုဒ်မှာ ဖော်ပြထားတဲ့ အစာအိမ် ကာကွယ်နိုင်တဲ့ သတင်းမှာ "**သခွားမွှေးသီးကို ပုံမှန်စားသုံးလျှင် အစာအိမ်ရောဂါကို ကာကွယ်နိုင်**"ဆိုတဲ့ သတင်းပင် ဖြစ်ပါတယ်။

သဘာဝ သခွားမွှေးသီးမှာ ရေဓာတ်၊ ကယ်လိုရီ၊ ပရိုတင်းကာဗိုဟိုက်ဒရိတ်၊ အမျှင်ဓာတ်၊ ဂလူးကို့စ်တို့ ကြွယ်ဝစွာ ပါဝင်တဲ့အတွက် အစာလဲ ဖြစ်စေပြီး၊ ဆေးဖက်လဲဝင်တဲ့ အစားအစာ ဖြစ်ပါတယ်။

**သခွားမွှေးသီးကို တစ်ပတ်မှာ နှစ်ကြိမ် စားပေးခြင်းဖြင့် အစာအိမ် ရောဂါနဲ့ အူရောင်ကင်ဆာရောဂါ ဖြစ်ပွား နှုန်းများ လျော့ကျသက်သာစေနိုင် ကြောင်း အမေရိကန်သုတေသန ပညာရှင်များ ထုတ်ဖော်ပြောကြား ချက်များကို တွေ့ရသာ ရှိပါတယ်။**

မြန်မာ့ရိုးရာ အစာအိမ် ကြိုတင်

# နနွင်းခါးကို နွယ်ချိုနဲ့ ဆတူရောစပ်ပြီး သဘာဝပျားရည်နဲ့...

ကာကွယ်နိုင်တဲ့ ဆေးကတော့ **နနွင်းခါးကို နွယ်ချိုနဲ့ ဆတူရောစပ်ပြီး သဘာဝပျားရည်စစ်စစ်နဲ့ မပျစ်မကျဲ ရောကာ** တစ်နေ့ လက်ဖက်ရည် တစ်ဇွန်း ရေကျက်အေးနဲ့ သုံးစွဲရင် အစာအိမ်ရောဂါကို ကြိုတင်ကာကွယ်နိုင်သလို အစာအိမ်ရောဂါဝေဒနာရှင် အတွက် သက်သာပျောက်ကင်းစေတဲ့ ဆေးနည်းလဲ ဖြစ်ပါတယ်'

▲'အစာအိမ်ရောဂါ ကြိုတင် ကာကွယ်နည်းများကို ဆက်ပြီး ပြောပြပေးပါဦးဆရာ'

○'အစာအိမ်ရောဂါ ကာကွယ်စောင့်ရှောက်နည်းကို ပြောရရင် **ထမင်းစားချိန် ပုံမှန် စားသောက်ရပါမယ်**။ ဥပမာ မနက်(၁၀)နာရီမှာ ထမင်းစားချိန် သတ်မှတ်ပြီး၊ ညနေ (၅)နာရီမှာ ထမင်းစားချိန် သတ်မှတ်ထားရပါမယ်။ ကျန်တဲ့ အချိန်တွေမှာ ဖြည့်စာအဖြစ် မုန့်၊ လက်ဖက်ရည်များ စားသောက်ရပါမယ်။ တစ်ခါတစ်ရံ လွန်ကဲစွာ စားပြီး၊ တစ်ခါတစ်ရံ နည်းနည်းစားတာမျိုး ရှောင်ကြဉ်ဖို့ လိုပါတယ်။

အချိန်မဲ့,အခါမဲ့ အိပ်ခြင်းမျိုး ရှောင်ကြဉ်ရပါမယ်။ အစားအစာ စားချိန်မှာ အိပ်နေပြီး၊ ညဥ့်နက်သန်းခေါင်အချိန်မှာ အစားအစာ စားတာမျိုး မလုပ်ဖို့ လိုအပ်ပါတယ်။

အစားအစာ အနည်းငယ်သာ စားပြီး ရေကို လွန်ကျူးစွာ သောက်ခြင်းကို ရှောင်ကြဉ်ရပါမယ်။ အစားအစာကို ပုံမှန်စားသောက်သလို ရေကို တစ်နေ့တာအတွက် ဖန်ခွက်(၈)ခွက် သောက်သင့်ပါတယ်။

နွေရာသီမှာ ပိုသောက်တာ အန္တရာယ်မရှိပေမယ့် မိုးရာသီနဲ့ ဆောင်းရာသီမှာ ပုံမှန်ဖန်ခွက်(၈)ခွက် ရေသောက်ဖို့ လိုပါတယ်။

အရက်,ဆေးလိပ်,ကွမ်းတို့ကို လုံးဝ သောက်သုံးခြင်းမှ ရှောင်ကြဉ်ရပါမယ်၊

ငရုတ်သီး, ချဉ်း, မှုစ်, မို့, တညင်းသီး, ဒူးရင်းသီး, ဆူးပုပ်ကြီး, ဆူးပုပ်လေး စတဲ့ အပူစာများကို လွန်ကဲစွာ စားသောက်ခြင်းမှ ရှောင်ကြဉ်ရပါမယ်။

အထူးသဖြင့် အကျိုးပြုဓာတ် လုံးဝ ပါရှိတဲ့ တညင်းသီးကို လုံးဝ ရှောင်ကြဉ်ရပါမယ်။ တညင်းသီးဟာ လွန်ကဲစွာ စားရင် ကျောက်ကပ်ပျက်စီးစေတဲ့ အသီးအနှံ ဖြစ်ပါတယ်။

ဝက်သား၊ ဝမ်းတွင်းသားမျိုးစုံ၊ မြေအောင်းသား၊ အဆီအစေးများတဲ့ ကောက်ညှင်းများ လုံးဝ ရှောင်ကြဉ်ရင် ကောင်းပါတယ်။ မရှောင်နိုင်ရင် အနည်းငယ်သာ စားသင့်ပါတယ်။

ဝက်သားဆိုရင် အသားချည်းသက်သက်စားရင် အာဟာရဓာတ် ဖြစ်စေပေမယ့်၊ အဆီများ လွန်ကဲစွာ စားရင် ရောဂါအမျိုးမျိုး ဖြစ်စေနိုင်ပါတယ်။

နေပူ,မိုးပူခံလွှန်းခြင်း၊ လေအား



www.burmeseclassic.com

www.burmeseclassic.com

စကားမန်ကာတို့နဲ့ နေထိုင်မှုများခြင်း ရှောင်ကြဉ်ရပါမယ်။ ပူပြင်းတဲ့ နေရောင်အောက်မှ ပြန်လာပြီး ရုတ်တရက် ပန်ကာလေ၊လေအေးစက်ထဲ ဝင်ရောက်နေထိုင်ခြင်းမျိုး မပြုလုပ်ဖို့ ဆင်ခြင်ရပါမယ်။

ကျင်ကြီး၊ ကျင်ငယ် လေအဟုန်တို့ ချုပ်တည်းထားမြစ်ခြင်းမျိုးကို ဆင်ခြင်ရပါမယ်။ "ဝမ်းတစ်လုံးကောင်း ခေါင်းမခဲ"ဆိုတဲ့ စကားရပ်အတိုင်း နေ့စဉ် ဝမ်းမှန်အောင် ပြုပြင်ရပါမယ်။

တစ်ပတ်မှာ ငါး(၂)ရက်စားပြီး အသားကိုလဲ (၂)ရက်စားသင့်ပါတယ်။ အနီရောင်အသား လွန်ကဲစွာ စားရင် ကင်ဆာရောဂါ ဖြစ်စေပါတယ်၊ နေ့စဉ် စားသောက်တဲ့ ဟင်းလျာထဲမှာ အသီးအနှံများ ပါဝင်အောင် ချက်ပြုတ်စားသောက်ရပါမယ်။

ဥပမာ ပန်းဂေါ်ဖီ၊ ပန်းဂေါ်ဖီစိမ်း၊ မုန်လာဥနီ၊ မုန်လာဥဖြူ၊ ဂေါ်ရခါးသီး၊ ဘူးသီး၊ ဟင်းနုနယ်၊ ခရမ်းချဉ်သီး၊ ကန်စွန်းရွက်၊ မုန်လာရွက်၊ ဆလတ်ရွက် စတဲ့ ရာသီအလိုက် အစားအစာများ ပါဝင်အောင် ချက်ပြုတ်စားသောက်ပြီး ဟင်းချိုအနေနဲ့ ဒန့်သလွန်ရွက်ဟင်းချို၊ ဘူးသီး၊ဘူးရွက်ဟင်းချို၊ ကြက်သဟင်းရွက် ဟင်းချိုများကို သောက်သုံးရပါမယ်။

ရောဂါအမျိုးမျိုး ဖြစ်စေတဲ့ (Ready Made)အဆင်သင့် အစားအစာများ၊ အကင်များ၊ ကြော်လှော်ထားသော တာရှည်ခံ အစားအစာများ၊ အချိုမှုန့်များကို စားသောက်ခြင်းမှ ရှောင်ကြဉ်ရပါမယ်။

အထူးသဖြင့် ဒံပေါက်ထမင်းစားပြီး အချိန်အနည်းငယ်အတွင်း အုန်းနို့ခေါက်ဆွဲစားခြင်း လုံးဝ ရှောင်ကြဉ်ရပါမယ်။ သွေးတိုးဆီးချိုရောဂါ ရှိသူများစားရင် ဦးနှောက်သွေးကြောပေါက်ခြင်း၊ ဦးနှောက်သွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်းများ ဖြစ်တတ်ပြီး အသက်အန္တရာယ် စိုးရိမ်ရတဲ့အထိ ဖြစ်တတ်ပါတယ်။

နောက်ဆုံး ပြောချင်တာက ဣဿာ၊ မစ္ဆရိယ၊ လောဘ၊ ဒေါသ၊ မောဟ၊ သောက၊ မာန်မာန စတဲ့ ညစ်ညူးတဲ့ အကုသိုလ်စိတ်တွေ ပယ်ရှားပြီး ဗြဟ္မစိုရ်တရား လက်ကိုင်ထားရင် ရောဂါကို ကာကွယ်ရုံသာမက လောကချမ်းသာတရား ရရှိနိုင်မှာဖြစ်ကြောင်း ပြောချင်ပါတယ်'

▲'ကျေးဇူးတင်ပါတယ် ဆရာ'

❍'ဆရာ ဦးသီဟနဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...

**ဆရာ ဦးသီဟ**
ကျန်းမာပါစေတိုင်းရင်းဆေးကုခန်း
အမှတ်(၈၂)၊ ယေယျလမ်း (၁၀)ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉ ၄၂၀၀၆၆၃၃၈၊
၀၉ ၇၃၀၈၅၄၀၀၊ ၀၉ ၅၁၅၅၈၇၇၀

**ပြောင်းမြ မောင်ယဉ်တင့်**

စာမျက်နှာ (၁၆၆)မှ အဆက်

ရွှေမြန်မာများအကြိုက် ခံတွင်းလိုက် ခေတ်ကြိုက် ရာသီစာ ဟင်းစပ်များအဖြစ် တွဲစပ်စီမံပေးထားသည့် "**ခေတ်စာဟင်းလျာ**"များ ဖြစ်ပါသည်။

***စားသုံး၍ ဆေးဖက်ဝင်၍ ကျန်းမာကြပါစေ။***

**ဆရာ မင်းချမ်းသာ**

စာရှုသူ စာဖတ်ပရိသတ်တို့ခင်ဗျာ...

စာအုပ်ထွက်ရက်နှင့် ကိုက်ညီအောင် ယခု **ဇန်နဝါရီလ၊ ၂၀၁၇ ခုနှစ်ထုတ်တွင်** ကိုက်ညီသည့် **တန်ဆောင်မုန်းလအတွက်သာ** ထည့်သွင်းထားပါသည်။

**ဒီဇင်ဘာလ၊ ၂၀၁၆ ခုနှစ်ထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင်** ပါဝင်ရမည့် **သီတင်းကျွတ်လအတွက်** ထည့်သွင်းရမည်ကို တော်သလင်းလအတွက် ထည့်သွင်းလိုက်ခြင်းကို သည်းခံခွင့်လွှတ်ပေးကြပါရန် တောင်းပန်အပ်ပါသည်။

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

**နက္ခတ္တရောင်ခြည်စာအုပ်တိုက် ဖုန်းနံပါတ်အသစ်များ...**
**၀၉-၇၇၆၃၄၉၇၈၅၊ ၀၉-၉၆၈၀၀၄၁၉၂။**

www.burmeseclassic.com

www.burmeseclassic.com

(၁၂)လရာသီ နက္ခတ်ဓာတ်စာ

# တန်ဆောင်မုန်းလ



## ဗြိစ္ဆာရာသီ (Scorpio)

# နက္ခတ်ဓာတ်စာ

ဆောင်ရန်ရှောင်ရန် ဆေးဖက်ဝင် အစားအစာများ

သရာ မင်းချမ်းသာ

(၁၂)ရာသီခွင်ထဲမှ **ဗြိစ္ဆာရာသီ** (Scorpio)ကို **"ခဲဝပွင့်တုန်း တန်ဆောင်မုန်း"**ဟု တန်ဆောင်မုန်းလ၏ ရာသီပန်းအဖြစ် ရွှေဝါရောင် ခဲဝပန်းပွင့်လေးများကို သတ်မှတ်ကြပြီး...

ကြတ္တိကာနက္ခတ်နှင့် စန်းယှဉ်ပြီး သာသနာတော်မှာ အမြတ်ဆုံး အလှူဒါနတစ်ခုဖြစ်သော **ကထိန်သင်္ကန်း ကပ်လှူပွဲတော်**သည် ရာသီပွဲတော် ဖြစ်ပါသည်။

မြန်မာ့ (၁၂)လရာသီများထဲတွင် ထူးထူးခြားခြား ဆေးဖက်ဝင် စားဖွယ်ရာထူး ပေါ်ထွက်သည့် လရာသီဆိုလည်း မမှားပါ။

တန်ဆောင်မုန်း လပြည့်ညကောင်းကင်မှာ ကြတ္တိကာနက္ခတ် စန်းယှဉ်သော အချိန်အခါ သမယမှာ မဲဇလီပင်မှ မဲဇလီအဖူးအပွင့်များတွင် ထူးထူးခြားခြား နက္ခတ်မိပြီး ဆေးပေါင်းခ သိဒ္ဓိဝင်၍ ထိုအချိန်အခါ သမယတွင်...

မဲဇလီအဖူးအပွင့်များကို ခူးယူ၍ သုပ်စားပါက စားသုံးသူများတွင် ဆေးသိဒ္ဓိဝင် ဆေးပေါင်းခ၍ တစ်နှစ်တာ ကာလအတွင်း ရောဂါဝေဒနာ ကင်းစင်စေနိုင်သည်ဟု ယုံကြည်ကြပါသည်။

ဗြိစ္ဆာရာသီ တန်ဆောင်မုန်းလသည် (၁၂)လရာသီခွင်တွင် မူလ အာပေါအိမ် ရာသီခွင်ဖြစ်လို့ ထိုကာလသည် မိုးအကုန် ဆောင်းဦးရာသီအစ ဗဟိဒ္ဓ ရာသီဥတုက အအေးဓာတ် ပိုမိုလာပြီး ရာသီရုပ်အရ လူ၏ ခန္ဓာကိုယ်မှာ **ဝမ်းမီးလုံ ကိုယ်တွင်းနွေးစေရမည်။**

ရာသီကြိုက် အနေအားဖြင့် ခန္ဓာကိုယ်ရုပ်ဓာတ်ကြီးကို ပြုပြင်နေထိုင်စားတတ်ကြရပါမည်။



ဝမ်းမီးကို ယုတ်လျော့အားနည်းစေနိုင်သော **အအေးလွန်စာ၊ အချုပ်အဖန်စာများနှင့် ကြေကျက်ခဲသော အစားအစာများကို** ရှောင်ကြဉ်ရပါမည်။

**သို့ဖြစ်၍ ရှောင်ရန် အစားအစာများမှာ...**

အေးလွန်း,ဖန်လွန်းသော အစာများ၊ စေးပျစ်ဖွဲ့စည်းမှုများသော အစားအစာများ ဖြစ်ကြသော ကောက်ညှင်းကို အုန်းနို့၊ ထောပတ်၊ နို့မလိုင်များနှင့် တွဲစပ်ပြုလုပ်ထားသော အစားအစာများ၊ ပဲမြစ်၊ ပီလောပီနံဥ၊ သခွားသီး၊ ဖာလူဒါ၊ ရေခဲမုန့်၊ အုန်းထမင်း၊ ဒံပေါက်ထမင်း။

ရှမ်းထမင်းချဉ်၊ ဝက်သားချဉ်၊ ပုစွန်ချဉ်၊ ငါးချဉ်၊ ဘဲသား၊ မီးဖြိုက်သား၊ ကျပ်တိုက်သားများ၊ တွင်းအောင်း, မြေအောင်းသားများဖြစ်သော ဖား၊ ငါးပြေမ၊ ဖွတ်သား၊ ပုတတ်သား စသည်တို့ကို ရှောင်ကြဉ်ရပါမည်။

ကျန်းမာရေးအတွက် အကျိုးပြု

ဆေးဖက်ဝင်

ဓာတ်စာ အစာအာဟာရ

စားသုံးသင့်သည့် အစားအစာများ

**အသီးအရွက်အနေဖြင့်...**

ရှောက်ရွက်၊ ရဲယိုရွက်၊ ကင်မလင်းရွက်၊ ညှော့စ်ရွက်၊ လယ်ပတူ၊ ကနဖော့၊ ကြာဟင်းညွန့်၊ ဘူးညွန့်၊ ဖရုံညွန့်၊ ပဲညွန့်၊ ကုလားပဲရွက်၊ ရွှေဘိုချဉ်ပေါင်၊ ချဉ်ပေါင်နီ၊ ပိုးစာရွက်၊ ကြောင်ပန်းရွက်၊ ဟင်းဂလာချဉ်၊ ခံတက်ချဉ်၊ ညောင်ချဉ်ဖူး။

ကုလားပဲ၊ ပဲစင်းငုံ၊ ပဲနီကလေး၊ ပဲရာဇာ၊ ခရမ်းသီး၊ ခရမ်းကစော့သီး၊ နံနံပင်၊ ကြက်သွန်မြိတ်၊ ပဲပင်ပေါက်၊ ကြက်သဟင်းရွက်၊

ဒန့်သလွန်သီး,အရွက်၊ မုန်လာဥအဖြူ,အနီ၊ မြန်မာကုက္ကိုရွက်သုပ်၊ မျှစ်ရွက်သုပ်၊ မြက်ကြက်သွန်၊ မဲဇလီအရွက်၊ မဲဇလီအဖူးတို့ကို အထူးစားသုံးပေးသင့်ပါသည်။

**သားငါးအနေဖြင့်...**

www.burmeseclassic.com

ငါးခုံးမ၊ ငါးစင်ရိုင်း၊ ပုစွန်ဆိတ်၊ ပုစွန်တုပ်၊ ငါးကလေးပေါက်များ၊ ကဏန်းပျော့၊ ငါးဒေါင်စင်း၊ ငါးပိ၊ ငါးချဉ်ဖြစ်သော ပုစွန်ကို ဆီးဖြူသီးနှင့် သုပ်စားပေးခြင်း၊

ငါးမွေးထိုး၊ ငါးနုသန်း၊ ငါးဖယ်အောင်း၊ ငါးရှဉ့်၊ ငါးရံ့၊ ငါးကြင်း စသော ရေချိုငါးများ၊ ငုံးဥ၊ ငုံးသား၊ တောကြက်သား၊ ရစ်သား၊ ဆိတ်သား၊

ယုန်သား၊ သမင်သား၊ အမဲသား၊ သိုးသား၊ ကြက်ဆင်သား၊ ဆိတ်သား၊ ဒရယ်သား စသည်တို့ကို စားသုံးပေးသင့်ပါသည်။

အချိုပွဲအတွက်

စားသုံးရန် အသီးအနှံနှင့် ယိုများ

ငှက်ပျောသီး၊ မရန်းချိုသီး၊ လိမ္မော်သီး၊ ပန်းသီး၊ ပန်းသစ်တော်၊ ကီဝီသီး၊ စပျစ်သီး၊ ဒူးရင်းသီး၊ မင်းကွတ်သီး၊ နာနတ်သီး၊ သြဇာသီး၊

စောင်းလျားသီး၊ တလည်းသီး၊ သစ်ကြားသီး၊ ပိန္နဲသီးမှည့်၊ ကျွဲကောသီး၊ ကျောက်ဖရုံယို၊ ဒူးရင်းယို၊ နာနတ်ယို၊ စတော်ဘယ်ရီယို၊ နို့အေးသာကူ၊ သာခွေယိုင်၊ သီးစုံဖျော်ရည်၊ ရွှေရင်အေး၊ ကျောက်ကျော စသည်တို့ကို အချိုတည်းနိုင်ပါသည်။

**အချဉ်သီးအနေဖြင့်...**

ဇပ်ပြွန်းသီး၊ ရေငန်းသီး၊ မရန်းသီး၊ မန်ကျည်းသီး၊ မန်ကျည်းရွက်၊ ရှောက်သီး၊ သံပရိုသီး၊ သံပရာသီး၊ ပုံးရည်ချဉ်၊ ရှလကာရည်၊ ကြက်ပေါင်သီး၊

ငါးရောင်းချဉ်ရွက်၊ ကင်ပွန်းချဉ်ရွက် စသည်တို့ကို လိုအပ်သလို ဟင်းပွဲများတွင် ထည့်သွင်းတွဲဖက်၍ စားသုံးပေးနိုင်ပါသည်။

**အထူးအားဖြင့်...**

ဗြိစ္ဆာရာသီ တန်ဆောင်မုန်းလ အခါ



သမယတွင် ဆောင်းဦးကာလအဝင် အအေးပတ်ဖွဲ့မှု များလာခြင်းကြောင့် ကိုယ်ငွေ့ဓာတ် အားနည်းပြီး အအေးမိ၊ နှာစေး နှာပွန်၊ ချောင်းဆိုး၊ ရင်ကျပ်၊ သလိပ်ကြွခြင်း၊ ချောင်းခြောက်ဆိုးခြင်း၊ အဆုတ်ပွခြင်း၊ အဆစ်အမျက် အကြောအခြင်များ ကိုက်ခဲနာကျင်ခြင်း တို့အတွက် ရာသီကြိုက် ဆေးပြုတ်ရည်အဖြစ်...

✤ ချင်း(၇)လွှာ
✤ လေညှင်း(၃)ပွင့်
✤ ထန်းဖိုဦးထန်းလျက်(၃)ခဲ
✤ ဆား မန်ကျည်း(၁)စေ့ခန့်

ယင်း(၄)မျိုးကို ရေသန့်ဘူး(၁)ဘူး ထည့်၍ (၃)ပုံ(၁)ပုံခန့်ရအောင် ကျိုပြီး နံနက်၊ နေ့ည အကြမ်းပန်းကန်(၁)လုံး ပူပူနွေးနွေးလေး သောက်ပေးခြင်းဖြင့် ရောဂါဘယကို ကာကွယ်မှု ပေးစေပါသည်။

ဗြိစ္ဆာရာသီ တန်ဆောင်မုန်းလ
အခါသမယတွင်
မိသားစု ထမင်းဝိုင်းအတွက်
ကျန်းမာရေးအကျိုးပြု
ဆေးဖက်ဝင် ဓာတ်စာ
ဟင်းစပ်အတွဲများ
[(၇)ရက်(၁)ပတ်စာ ဟင်းပွဲများ]

**၁။ မဲဇလီဖူးသုပ်**

▲ ကြက်သားဆီပြန်ဟင်း။
▲ ငါးပိဆီကြော်၊
▲ မရန်းသီးသနပ်၊

**၂။ ငါးနုသန်းရေချိုချက်**

▲ မန်ကျည်းရွက်သုပ်၊
▲ ကန်စွန်းရွက်ချဉ်ရည်ဟင်း၊
▲ အညာငရုတ်သီးဆားထောင်း။

**၃။ ငါးရံ့ခေါင်းအချဉ်ဟင်း**

▲ ငုံးသားကြော်၊
▲ မဲဇလီအဖူး၊ အရွက်၊ ပြုတ်တို့စရာ၊
▲ ငါးပိဖျော်ရည်၊

**၄။ ဆိတ်သားခါးပတ်ဆီပြန်ဟင်း**

▲ ရှောက်သီးသုပ်၊
▲ ဒန့်သလွန်ရွက်ဟင်းခါး၊
▲ ပုစွန်ခြောက် ဟာလချောင်ကြော်၊

**၅။ ငါးမွေထိုး မန်ကျည်းရည်အုပ်ဆီပြန်ဟင်း**

▲ ညောင်ချဉ်ဖူးသုပ်၊
▲ ကြက်ရိုး ခွေးတောက်ရွက်ဟင်းချို၊
▲ ရခိုင်ငါးပိထောင်းစပ်စပ်၊

**၆။ ပုစွန်တုပ်,ကဏန်း မဆလာဟင်း**

▲ ပဲကြီးဆူးပုပ်ဟင်းချို၊
▲ မြိတ်ငါးပိသုပ်၊
▲ ဘဲဥ,ကြက်ဥသီးစုံမွှေကြော်၊

**၇။ ဝက်သား,ပုံးရည်ကြီးဟင်း**

▲ ကင်ပွန်းချဉ်ဟင်းချို၊
▲ အညာငရုတ်သီးဆီကြော်၊
▲ ပုစွန်ဆီးဖြူသီးသုပ်၊

ယခု တင်ပြခဲ့သော (၇)ရက် (၁)ပတ်စာ ဟင်းစပ်အတွဲများသည်...

ဗြိစ္ဆာရာသီ(Seorpio)ခွင် **တန်ဆောင်မုန်းလ၏ အခါသမယအတွက် အထူးသင့်တော်ပြီး** နက္ခတ်ဓာတ်စာ ရိုးရာ ဆေးပညာအမြင် ခေတ်သစ် အာဟာရဗေဒ နည်းပညာတို့ဖြင့် ချင့်ချိန်သုံးသပ်၍...

ရောဂါလည်းပျောက် လျှာလည်းလောက်အောင် ဆေးဖက်ဝင်ဓာတ်စာ ဟင်းလျာများအဖြစ် အကောင်းဆုံး

(စာမျက်နှာ (၁၆၄) သို့)



www.burmeseclassic.com

# လက်ချက်ကောင်း လေ့လာချက်

ကြည့်ပါ။

**လက်မရဲ့ ပထမဆစ်သည် နောက်သို့** ကော့လန်လျက် တွေ့ရတယ်။ (A.A)

ဒါကတော့...

- ရက်ရောတယ်။
- ပေးကမ်း လှူဒါန်းချင်စိတ်ရှိမယ်။
- သဘောထားကြီးမယ်။
- ကိုယ်ကျိုးမကြည့်တူး။
- အားလုံးအပေါ် မျှမျှတတ ဆက်ဆံမယ်။
- စိတ်ထားကောင်းမွန် နူးညံ့သိမ်မွေ့တယ်။
- အပြောအဆို လိမ္မာယဉ်ကျေးတယ်။
- စိတ်ထိခိုက်လွယ်မယ်။
- အနုပညာလုပ်ငန်းတွေ အကျိုးပေးမယ်။ ထူးချွန်မယ်။
- အနစ်နာခံမယ်။
- လိုက်လိုက်လျောလျော ဆက်ဆံမယ်။ ဆက်ဆံရေးကောင်းမယ်။
- ပရဟိတစိတ်ဓာတ် ရှိမယ်။
- သနားကြင်နာတတ်မယ်။
- နားလည် ခွင့်လွှတ်နိုင်မယ်။
- အေးအေးချမ်းချမ်းနေမယ်။
- ဒေါသစိတ်၊ လောဘစိတ် နည်းပါးမယ်။
- အတ္တကို ရှေ့တန်း မတင်ဘူး။
- အားနာစိတ်ရှိမယ်။
- အချစ်မှုကို လိုလားမယ်။



(A.A)

သည်ဖြင့် ဟောပြောလို့ တယ်။ လက္ခဏာရှင်ရဲ့အမေးကို ညှိပြီး အဖြေပေးလိုက်ရုံပါပဲ။ သုတအလို့ငှာ တင်ပြပေးလိုက်ပါ ယ်။

**ရက္ခဏ္ဍော အဗ္ဗာနံ ရက္ခတိ**

**ဦးသော်ခင် (ဟသ်ာတ)**

www.burmeseclassic.com

ဘုန်းကြီးပေးတဲ့

# မအိုမနာဆေး









၁၃၇၇ ခုနှစ်၊ နတ်တော်(၁၁)ရက် အင်္ဂါနေ့က သံဖြူဇရပ်မြို့၊ စက်သစ်ရပ်ကွက်လုံးဆိုင်ရာ ဓမ္မာရုံတွင် ကျင်းပသည့် ဓမ္မဒါနတရားပွဲသို့ စာရေးသူ ရောက်ခဲ့သည်။

ပထမနေ့ ဟောကြားမည့် **ဆရာတော်မှာ ကိုးနဝင်း ဓမ္မပါလကျောင်းတိုက်ဆရာတော် "ဥူးခန္တီစာရ"** အရှင်သူမြတ် ဖြစ်ပါ၏။

ထိုတရားပွဲညတွင် မိတ္ထီလာမြို့နယ်မှ သံဖြူဇရပ်သို့ လာရောက်ပြီး အသက်မွေးဝမ်းကျောင်းပြုနေသည့် ဓမ္မမိတ်ဆွေတစ်ဦးနှင့် တွေ့ဆုံခဲ့သည်။ ထိုမိတ်ဆွေ၏အမည်မှာ ဦးဇော်ဝင်း ဖြစ်သည်။

တရားပွဲမစမီ စကားလက်ဆုံကျခဲ့ရာမှ "မအိုမနာဆေး" အကြောင်း သိခဲ့ရသည်။ ပြောဆိုကြပုံကို နိဒါန်းသွယ်ရလျှင်...

**ကိုဇော်ဝင်း**။ ။'ဆရာရေ ကနေ့ညဟောမယ့် ဆရာတော်ကြီးက **သက်တော်ကိုးဆယ်ကျော်** နေပြီဆို'

**ကျွန်ုပ်** ။ ။'ဟုတ်ပါတယ်ဗျာ'

**ကိုဇော်ဝင်း**။ ။'ဆရာတော်ကြီး ရဲ့ လက်ထဲမှာ ပုတီး အမြဲတွေ့ရတယ်။ စကားနည်းပြီး ပုတီးစိပ်နေတာပဲ'

**ကျွန်ုပ်** ။ ။'ဟုတ်ပါ့ဗျာ... ဆရာတော်ကြီးက ဗုဒ္ဓါနုဿတိ အမြဲတမ်းပွားနေတတ်တယ်'

**ကိုဇော်ဝင်း**။ ။'ဗုဒ္ဓါနုဿတိ ပွားပြီး တရားနဲ့နေတဲ့ ပုဂ္ဂိုလ်များဟာ အသက်ရှည်တာများတယ်။ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တွေကြောင့်လဲ ပါတာပေါ့။ ကျန်းမာနေတုန်းပါပဲ။

ဆရာတော်ကြီးမှာ အသက်ရှည်ရာရှည်ကြောင်း ဆေးကောင်းတစ်လက် မှီဝဲနေတာကြောင့်လဲ ဖြစ်နိုင်တယ်။

ကျွန်တော်တို့ မိတ္ထီလာမြို့နယ်က ဆရာတော်ကြီးတစ်ပါးဆိုရင် ကိုရင်ကြီးဘဝ အသက်(၁၈)နှစ်ကတည်းက သုံးစွဲခဲ့တဲ့ **"မအိုမနာဆေး"**ကြောင့် အခု သက်တော်(၇၀)ကျော်ကျော် ကျောင်းထိုင်ဆရာတော်ကြီး ဖြစ်နေပြီ။ ဆံပင်မဖြူ၊ သွားမကျိုး၊ ခါးမကိုင်း၊ ပါးရည်မတွန့်ဘဲ ဆွမ်းစားကွမ်းစား၊ ကထိန်ခင်းနဲ့ ပဋ္ဌာန်းပွဲများ ကြွသွားရင် ခုနစ်မိုင်၊ ရှစ်မိုင်ခရီးကို ခြေကျင်ပဲကြွတယ်။ မောပန်းခြင်းလဲ မရှိဘူး။ ဖျတ်လတ်ပေါ့ပါးနေတာပဲ။

ကျောင်းရောက်ရင် ဆရာတော်ကြီးကို ဝတ်ဖြည့်(နှိပ်နယ်ပေးခြင်း) ခွင့်တောင်းရင် **"ငါ ဘာမှ မဖြစ်ဘူး။ ကျန်းမာတယ်"**လို့ ပြောပြီး ငြင်းဆန်တော်မူတယ်။ သန်မာလန်းဆန်းပြီး အသက်ခုနစ်ဆယ်ကျော်သာ ဆိုရတယ်။ နုပျိုနေတယ်ဗျာ။

တစ်နေ့ ဆရာတော်ကြီး ဆေးဘုဉ်းနေတာတွေ့တော့ **"ဘာဆေးပါလဲဘုရား"**လို့ မေးလျှောက်တော့ ဘူးတစ်လုံးထဲက တေထားတဲ့ ဆေးသုံးလုံးကိုပေးပြီး သောက်ခိုင်းတယ်။

တစ်ဆက်တည်းမှာပဲ **"မင်းတို့လဲ ငါ့လို မအိုမနာချင်ရင် မအိုမနာဆေး ဖော်သုံးကြလို့"**ပြောတယ်။ **"မအိုမနာဆေးဆိုတာ ဘာပါလဲ ဘုရား"** လို့ မေးလျှောက်ကြည့်တော့...

"မအိုမနာ၊ စိတ်ချမ်းသာနှင့်၊ **ကျန်းမာနုပျို၊** "အုန်း,နွယ်,ငု"၊ **အာယုဝဍ္ဎ၊ အာရောဂျံ**"လို့ လင်္ကာလေးရွတ်ပြပြီး **ဥနှဲပင်အခေါက်၊ ငုပင်အခေါက်နဲ့ ဆင်တုံးမနွယ်အနီ သုံးမျိုးကို ဆတူ တားနဲ့ နုပ်နုပ်စဉ်းပြီး** နေလှန်း၊ ညက်အောင် အမှုန့်ကြိတ် ပျားရည်နဲ့တေ တစ်နေ့ သုံးလုံးစားလို့ မိန့်တော်မူတယ်'

**ကျွန်ုပ်** ။ ။'ဥနှဲပင်ကတော့ သံဖြူဇရပ်မှာ ရှားတယ်ဗျာ'

**ကိုဇော်ဝင်း**။ ။'ကျွန်တော်လဲ ကနေ့ထိ ဒီဆေးကို သုံးနေတုန်းပဲ။ မိတ္ထီလာပြန်ရင် ဥနှဲပင်အခေါက် လက်ဆောင်ယူလာပေးပါ့မယ်။ အခြားမိတ်ဆွေကိုလဲ ဒီဆေးဖော်နည်း ညွှန်ပေးပေါ့ဗျာ'

**ကျွန်ုပ်** ။ ။'စိတ်ချပါ ကိုဇော်ဝင်းရယ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို မအိုမနာဆေး ကြော်ငြာရေးပြီး ကျွန်တော် ဖြန့်ပေးလိုက်ပါ့မယ်'


ချစ်စွာသော စာရှုသူများခင်ဗျား မအိုမနာဆေး ဖော်စပ်သုံး၍ မအိုမနာ ကျန်းမာချမ်းသာကြပါစေ။

**ဝသုန်သက်လူ**



www.burmeseclassic.com

www.burmeseclassic.com





◄ ရတနာ့ဂူဘုရားများ

◄ သမိုင်းဝင် ရတနာ့ဂူဘုရား

စည်သူကျော်နိုင်

# ရတနာ့ဂူ အဘိုးကြီးထံမှ

## အိပ်မက်ရ ကျောက်ဘုရား

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့သို့ ရောက်ခဲ့စဉ် ရတနာ့ဂူဘုရားများသို့ ရောက်ဖြစ်ခဲ့သည်။ ရတနာ့ဂူနတ်ပွဲဆိုလျှင် လူသိများလှပေသည်။

ရတနာ့ဂူဘုရားများ အနီးတွင် များစွာသော နတ်နန်းများရှိသည်။ အဓိကအားဖြင့် **အထက်နန်း၊ အလယ်နန်း၊ အောက်နန်း** ဟူ၍ ရှိပေသည်။

ရတနာ့ဂူဘုရား နတ်ပွဲတော်မှာ မြန်မာနိုင်ငံအထက်ပိုင်း တောင်ပြုန်းပွဲတော်ပြီးလျှင် အစည်ကားဆုံးဟူ၍ ကျော်ကြားလေသည်။ ပုပ္ပါးမယ်တော် မယ်ဝဏ္ဏအား အဓိကထား၍ ကျင်းပကြောင်း ဆိုကြသည်။

ရတနာ့ဂူဘုရားများအနီးတွင် နတ်ပွဲကျင်းပသဖြင့် ရတနာ့ဂူနတ်ပွဲတော်ဟု ဆိုကြသလို၊ ရွှေဖျဉ်းညီနောင်သည် တောင်ပြုန်းရွာတွင် အတ်နှစ်ချပ်လပ် တာဝန်ပေါ့လျော့မှုကြောင့် အသတ်ခံရသောအခါ မိခင်ဖြစ်သူ ပုပ္ပါးမယ်တော်ကြီးမှာ ပူဆွေးဝမ်းနည်းစွာဖြင့် တောင်ပြုန်းသို့ ရေလမ်းခရီးဖြင့် လာခဲ့လျှင် အမရပူရကြို့ဆိုသည့် နေရာ၌ နတ်နန်းဆောက်လုပ်၍ နှစ်စဉ် နတ်ပွဲကျင်းပရာမှ ရတနာ့ဂူနတ်ပွဲ ဖြစ်လာကြောင်းလည်း သိရသည်။

ထို့အပြင် မှတ်တမ်းမှတ်ရာ အချို့တွင် "အမရပူရ ဘကြီးတော် ဘုရားလက်ထက် ၁၁၈၃ ခုနှစ်တွင် နန်းမတော် မယ်နုနှင့် စလင်းမင်းသားကြီး မောင်အိုတို့သည် ပြည်သူတို့ စိတ်ပျော်ရွှင်မှုကို ဦးတည်၍ ရတနာ့ဂူနတ်ပွဲများ ဖန်တီးခဲ့ကြောင်း" ဖော်ပြထားပေသည်။

ဤသည်မှာ ရတနာ့ဂူနတ်ပွဲ စတင်ဖြစ်ပေါ်လာခြင်း မှတ်တမ်းမှတ်ရာများဖြစ်ပါ၏။ တကယ်တမ်းတွင် ရတနာ့ဂူဘုရားများကို အင်းဝဘုရင် မင်းကြီးစွာစော်ကဲမှ တည်ထား ကိုးကွယ်ခဲ့ပါသည်။

ရတနာ့ဂူစေတီတော် ဆိုင်းဘုတ်အဝင် မုခ်ပေါက်မှ ဝင်လိုက်မိသည်နှင့် ရတနာ့ဂူစေတီများကို ဖူးမြင်ရသည်။

ရွှေရောင်ဝင်းဝါလျက် သပ္ပါယ်လှပါသည်။ စောင်းတန်းကြီးများမှာ ခိုင်ခံ့သလို အာရုံခံတန်ဆောင်းကြီးများဖြင့် တင့်တယ်လှပါသည်။


ရှေးကျလှသည့် အင်းဝခေတ်လက်ရာ ဆင်းတုတော်တချို့နှင့် ဘောဓိဝဲယာတွင် နန်းဆောင်များ၊ ဇရပ်ဆောင်များကို တွေ့ရပေ၏။

**၂၀၀၉ ခုနှစ် စာရေးသူ ရောက်ရှိ**

www.burmeseclassic.com



▲ ပလ္လင်ထက်မှ သဘာဝ ကျောက်ဘုရား



▲ ကျောက်ဘုရားအား အမြင့်တစ်မျိုးဖြင့် မြင်ရပုံ

**ခဲ့စဉ်က** အဘိုးကြီးမှာ ရတနာ့ဂူဘုရား အနီးဇရပ်တစ်ဆောင်တွင် နေထိုင်သူ ဖြစ်သည်။ (၇)ရက်သားသမီးများအား တတ်နိုင်သမျှ အကူအညီပေးနေသလို ရတနာ့ဂူတွင် စွမ်းသမျှ ကျင့်ပွား အားထုတ် သာသနာပြုနေသူဟု ဆိုပါသည်။

သီရိလောကမှာ ရတနာ့ဂူသို့ ရောက်လာသည်မှာ အနှစ်(၂၀)ခန့် ရှိပြီဖြစ်၍ ၁၉၆၉ ခုနှစ်မှာ စတင်ကာ ရဟန်းဝတ်၊ ရသေ့ဝတ်၊ ဝတ်ဖြူစင်ကြယ်၊ ယောဂီ၊ လူဝတ်ကြောင် စသဖြင့် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဂန္ဓာရီ လှည့်ပူး၍ ဘုရားဟောင်းများ ပြုပြင်မှုလုပ်ငန်း လက်လှမ်းတမီ သာသနာပြုခဲ့ပေသည်။

'အဘ ငယ်ငယ် (၁၆)နှစ်အရွယ်လောက်က အဘအောင်မင်းခေါင်နဲ့ ဆုံဖူးတယ်။ ရွှေဘိုမြို့ထောင့်စေတီမှာ ဆုံရတာ။ ဂုဏ်ရှိရပညာ ချီးမြှင့်ပေးပါလို့ တောင်းတော့ မနက်တစ်ကြိမ်၊ အိပ်ရာဝင် တစ်ကြိမ်မှာ "ငါ အိုရဦးမယ်၊ နာရဦးမယ်၊ သေရဦးမယ်"လို့ အမြဲတမ်းဆင်ခြင်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို နေ့စဉ် ပုတီးစိပ်လို့ ပြောတယ်။

အဘစိတ်ထဲမှာတော့ ဒါတွေ ငါ သိနေပြီးသားပါလို့ ဘဝင်မကျ ဖြစ်ခဲ့ပေမယ့် မပျက်လုပ်ခဲ့တယ်။ ကြာလာတော့ အိုဘေး၊ နာဘေး၊ သေဘေးကို စိတ်ထဲမှာ ကြောက်လာသလို ဖြစ်လာတယ်။

ဒါနဲ့ပဲ ရတနာ(၃)ပါးကို ပိုပြီး မြတ်မြတ်နိုးနိုး အားကိုးလာမိတယ်။ သမထ ဝိပဿနာကို ကြိုးစားအားထုတ်လာ

▼ အဘိုးကြီး








www.burmeseclassic.com

www.burmeseclassic.com



ရှေ့တည့်တည့်မှ ဖူးမြော်ရပုံ



နောက်ကျောဘက်မှ ဖူးမြော်ရပုံ

ခဲ့တယ်။ အာရုံတွေလဲ နိုးထလာပြီး အား ကောင်းလာတယ်။ ခုနေမှာ အဘဟာ အာစိဏ္ဏကံ တစ်နေ့ကို ဂုဏ်တော် ပုတီး (၁၀၈)ပတ်ရအောင် စိပ်တယ်။

"အရဟံ လာဘံ သိဒ္ဓိ ဘဂဝါ" ပုတီး(၁)လုံး ချန့်လဲ နိုင်သမျှ စိပ်တယ်။ ခုနစ်ရက်သား သမီးတွေကိုလဲ ဒီပုတီးစိပ်ကို စိပ်ကြဖို့ တိုက်တွန်းတယ်။ လောကီအောင်မြင်မှုတွေ ရနိုင်ကြပါတယ်'

အဘိုးကြီး၏ ရှင်းပြစကားများကို နားထောင်ပြီးသည်နှင့် ဘုရားခန်း အတွင်း ဝင်ရောက်ဖူးမြော်ကာ လေ့လာခဲ့ပါသည်။

အလွန်ကြည်ညိုဖွယ် သပ္ပါယ်လှစွာ သော ဘုရားခန်း ဖြစ်သည့်အပြင် ရှေးဟောင်းရုပ်ပွားတော်များ၊ ထူးခြား ရုပ်ပွားတော်များ၊ အခြားပုံတော် မျိုးစုံ ကိုပါ မြင်တွေ့ ဖူးတွေ့ဖြစ်ရပါသည်။

တချို့သော ပုံတော်များ၊ ထူးခြား ပစ္စည်းများမှာ နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာမျက်နှာများပေါ်မှပင် တခြား စာရေးသူများ ရေးသားဖော်ထုတ်ပြီး ဖြစ်ပေရာ ကျွန်ုပ်အနေဖြင့် မတင်ပြရ သေးသည့် ထူးခြားရုပ်ပွားတော်တစ်ဆူ အကြောင်းကို တင်ပြလိုပါသည်။

ရုပ်ပွားတော်မှာ ဗုဒ္ဓရုပ်ပွားတော် ပုံတော်ဟန်ဖြစ်၍ သဘာဝကျောက် သားမှ ဘုရားပုံဟန် မြင်တွေ့ရခြင်း ဖြစ်ပါသည်။

အဘိုးကြီးအနေဖြင့် အိပ်မက်တွင် မြင်မက်ပြီးမှ တကယ်ရလာခဲ့ခြင်း ဖြစ် ပေရာ ထူးခြားသော ကျောက်ဘုရား ဟု ဆိုပါသည်။

ဉာဏ်တော်မှာ တစ်တောင့်တစ်ထွာ ခန့် ရှိသည်။ အရောင်မှာ ခဲရောင်ဖြစ် သည်။ လူတစ်ယောက်တည်း လွယ် လွယ်နှင့် မ,၍ မရအောင် အလေးချိန် ရှိနေသည်။

'အဘ ဌာမြို့ကို ဘုရားတစ်ဆူ စိန်ဖူးတော် တင်ဖို့ ရှိလို့ သွားရတယ်။ ၁၃၆၃ ခုနှစ်၊ နတ်တော်လအတွင်းကပေါ့။ စိန်ဖူးတော် တင်ပြီးတဲ့နေ့ ညမှာ အိပ်မက် မြင်မက်တယ်။

အိပ်မက်ထဲမှာ အဘိုးကြီးတစ်ဦး ရောက် လာပြီး အဘကို မဟာမြိုင်လိုက်ဖို့ ခေါ်တယ်။ အဘက မလိုက်လိုသေးကြောင်း ငြင်းတယ်။

"မင်း ခဏလိုက်ခဲ့၊ ပေးစရာရှိလို့"လို့ ပြော တယ်။ နောက်ဆုံး ငြင်းမရတာနဲ့ အဘလဲ လိုက်သွားလိုက်တယ်။

ခရီးတော်တော်လေးလဲ ရောက်ရော မင်း မောနေပြီလားလို့ အဘိုးကြီး အဘကို မေးတယ်။

ကျွန်တော် မမောပါဘူးလို့ အဘိုးကြီးကို ဖြေလိုက်တော့ မောရင် သမာဓိ မရှိလို့တဲ့ လို့ ပြောပြီး ငါတော့ မောနေပြီကွာ မင်းလက် နဲ့ ငါ့ကို ခေါင်းပုတ်လိုက်စမ်းကွာလို့ဆိုတော့ အဘက ပုတ်လိုက်တယ်။ အမောပြေသွား တယ်။


 စာမျက်နှာ (၁၇၃) သို့

www.burmeseclassic.com

# ထူးတဲ့ သဒ္ဓါတော

ကျော်နိုင်လင်း
(ပေလီ)





သံတွဲမြို့နယ်၊ စံပြရွာနေ ကျွန်တော့် နေအိမ်သည် သံတွဲမြို့သို့သွားရန် ခရီးသည်ကားဂိတ်နှင့် ခုနစ်တိုင်သုံးတိုင် ဝေးသောကြောင့် ရှစ်နာရီလောက် ကားစောင့်ရန် အိမ်မှ လမ်းလျှောက်ထွက်ခဲ့သည်။ ကားဂိတ်ရောက်သည်နှင့်...

'မင်္ဂလာပါ ကိုထွန်းကျော်၊ ပင်စင်ထုတ် သံတွဲသွားမလို့လား'

'ဩော်... မင်္ဂလာပါ ကိုလှထွန်း၊ ကျန်းမာတယ်နော်၊ ပင်စင်ထုတ်ဖို့ မဟုတ်ပါဘူး။ လည်ချောင်းမှာ ငါးရိုးမျက်တာ တစ်ရက်ရှိနေပြီဗျာ၊ မပျောက်သေးဘူး၊ အဲဒါ မြို့သွားပြီး ဆရာဝန်နဲ့ သွားပြမလို့'

'ငါးရိုးမျက်တာလောက်ဗျာ ဆရာဝန်သွားပြစရာ မလိုပါဘူး'

'ဒါဆို ဘယ်လိုလုပ်ရမလဲ ပြောပါဦး'

'လွယ်ပါတယ်ဗျာ... ကားခလဲ မကုန်၊ ဆရာဝန်လဲ ပြစရာမလိုပါဘူး။ ကွမ်းယာဖိုးလောက်ပဲကုန်မယ်'

ကျွန်တော် စိတ်ဝင်စားသွားပြီ...

'နည်းကောင်းလေးဘာလေး ရှိရင် ပြောပါဦး'

'ဒါကြောင့် ရှေ့လူကြီးများ ပြောတာကိုဗျ၊ ဘာတဲ့... သတိမမူ ဂူမမြင် ဆိုတာလေ'

'ဟုတ်ပါပြီ... ပြောစရာရှိတာကိုသာ ပြောပါဗျာ၊ တော်ကြာ ကားလာရင် ခက်ဦးမယ်'

'မခက်ပါဘူး၊ ကျွန်တော်တို့ သံတွဲသွားသလောက် မကြာပါဘူး၊ ခင်ဗျား ရောဂါ ကောင်းသွားမှာပါ'

'ဟုတ်ပါပြီ ကျေးဇူးရှင်ရယ်... ဘယ်လိုလုပ်ရမယ်ကိုသာ ပြောပါဗျာ'

'ကျွန်တော်တို့ ဘုန်းကြီးကျောင်းကိုသွား၊ ဦးသူတော်ကတော့ ဆေးလိပ်မသောက်ဘူး၊ ကွမ်းစားတယ်၊ ဒီတော့ ကွမ်းသုံးယာ ဝယ်သွား၊ ဦးသူတော်ကို လှူပြီး ခင်ဗျားဖြစ်နေတာကို ပြောပြ၊ ဦးသူတော် လုပ်ပေးလိမ့်မယ်'

ကျွန်တော် ကိုလှထွန်း ပြောသည်ကို ဒီခေတ်ကြီးမှာ ဖြစ်နိုင်မဖြစ်နိုင်သည်ကို စဉ်းစားနေတုန်း...

'ဘာလဲ ခင်ဗျားက ကျွန်တော် ပြောတာ မယုံကြည်လို့လား၊ ယုံယုံကြည်ကြည်နဲ့သာ လုပ်ရင် ဘာမဆို အောင်မြင်နိုင်တယ် ကိုထွန်းကျော်၊ ဗုဒ္ဓတရားတော်များက ကလေးမွေးနိုင်အောင်တောင် လုပ်နိုင်တာပဲဗျ။

ငါးရိုးမျက်တာလောက် ဘာခက်လို့လဲ၊ ခင်ဗျား ဗုဒ္ဓဘာသာ မဟုတ်ဘူးလား၊ တွေဝေမနေပါနဲ့၊ ကားဖိုးမကုန်၊ ဆရာဝန်ဖိုး မကုန်အောင်လို့ အကြံပေးတာပါ။

တကယ်လို့ ကျွန်တော်ပြောတာ လုပ်လို့ အဆင်မပြေရင် ခင်ဗျားသွားချင်တဲ့ ဆရာဝန်ဆီကို ညနေပိုင်းသွားပြရင် ရတာပဲ။ ဟိုမှာ ကားလာနေပြီ၊ ကျွန်တော် ညွှန်းတာကိုသာ ယုံယုံကြည်ကြည်နဲ့ သွားလိုက်ပါ၊ အဆင်ပြေမှာပါ'

ကားရပ်သည်နှင့် ကိုလှထွန်း တက်ပြီးသည်နှင့် ကားက ထွက်သွားပါသည်။ ကျွန်တော့်မှာ ယောင်ဝါးဝါးနှင့် ကျန်ရစ်ခဲ့ပြီး "မထူးပါဘူး"ဟု ဆုံးဖြတ်ကာ "ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ကွမ်းသုံးယာဖိုးလောက်နဲ့ အပန်းမကြီးပါဘူး။ ကိုလှထွန်းပြောသလို အဆင်မပြေရင် ညနေပိုင်း သွားရတာပဲ" ဟု စိတ်ကူးရပြီး ဘုန်းတော်ကြီးကျောင်းသို့ သွားခဲ့သည်။

ကျောင်းရောက်သည်နှင့် ဆရာတော်ကို ဦးချပြီး အကျိုးအကြောင်း လျှောက်ထားရာ ဆရာတော်မှ ပြုံးပြုံးလေးနှင့် ဦးသူတော်နေသည့် ဇရပ်သို့ သွားရန်ခွင့်ပြုလိုက်သည်။

ကျွန်တော် ဦးသူတော်နေသည့် ဇရပ်သို့ ရောက်သော် ဦးသူတော်မှ ရေနွေးကြမ်းနှင့် ဧည့်ခံပြီး လာရင်းကိစ္စ မေးပါသည်။

ကျွန်တော်သည် ယူဆောင်လာသော ကွမ်းယာကိုလှူပြီး လာရသည့် အကြောင်းရင်းကို ပြောပြပါသည်။

ထိုအခါ ဦးသူတော်သည် ကြောင်အိမ်မှ ဖန်ခွက်တစ်လုံးကိုယူပြီး ရေနှင့် စင်ကြယ်စွာ ဆေးကြောပြီး သောက်ရေအိုးမှ ရေတစ်ခွက် ခပ်ယူပြီး ဘုရားကျောင်းဆောင်ရှိ ဘုရားရှေ့တော်မှာ တင်ပြီး ဦးသူတော် ဘုရားဝတ်ပြုသည်မှာ ငါးမိနစ်ခန့် ကြာသွားသည်။

ထို့နောက် ထိုသောက်တော်ရေခွက်ကိုယူပြီး ကျွန်တော့်အား သောက်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com

ပါသည်။ ကျွန်တော် သောက်လိုက်ရာ သုံးပုံ နှစ်ပုံခန့် ကုန်သည်တွင် မျက်နေသော အရိုးသည် ထိုသောက်ရေနှင့်အတူ အူလမ်းကြောင်းအတိုင်း ဆင်းသွားသည်ဟု ခံစားလိုက်ရပါသည်။

ကျွန်တော် ကျန်ရှိသောရေကို ကုန်အောင် သောက်လိုက်ပါသည်။ ကျွန်တော် အလွန် အံ့သြသွားပါသည်။ လမ်းညွှန်ပေးသော ကိုလှထွန်းကို ကျေးဇူးတင်မိသလို ဦးသူတော်ကိုလည်း အလွန်ကျေးဇူးတင်မိပါသည်။

ဦးသူတော်ကို ဤဂါထာအကြောင်းကို မေးမြန်းကြည့်ရာတွင် လာဘ်လာဘနည်းသော ဦးသူတော်ကို ကွမ်းဖိုး ,ဆေးဖိုးရအောင် ဆရာတော်မှ ချီးမြှောက်ပေးကြောင်း သိခွင့်ရခဲ့ပါသည်။

ကျွန်တော် ဦးသူတော်အား အလွန်ကျေးဇူးတင်ကြောင်းပြောပြီး နဝကမ္မကျပ်ငွေတစ်ထောင်ကို ကပ်လှူပြီး ယင်းဂါထာအား ပေးစွန့်နိုင်ပါက ပေးစွန့်ပါရန် တောင်းပန်သောအခါ အများအတွက် အကျိုးရှိနိုင်သောကြောင့် ကြည်ဖြူစွာ ရေးပေးပြီး ပြုလုပ်ရမည့် စည်းကမ်းတာဝန်များကို ရေးပေးလိုက်ပါသည်။

ဂါထာလေးက တိုတိုလေးပါ။

"သရာသရေ လောပံ"

**အဓိပ္ပါယ်က ။ ။ ဤသောက်တော်ရေကြောင့် ဖြစ်ပေါ်နေသော ဝေဒနာသည် ကြေမွပျက်စီးခြင်း ရောက်ပါစေ။**

အကူအညီတောင်းသူ ရှိပါက မေတ္တာတရား ရှေ့ရှုပြီး ဆောင်ရွက်ပေးရမည်။ အဖိုးအခ မတောင်းရ။

သန့်ရှင်းသော သောက်တော်ရေတစ်ခွက်ကို ဘုရားရှေ့မှာတင်ပြီး သရဏဂုံဆောက်တည်ကာ ယင်းဂါထာကို ကိုးခေါက်ရွတ်ဆိုပြီး ဝေဒနာရှင်ကို သောက်ခိုင်းပါ။

ထမင်းစားနေတုန်း ငါးရိုးမျက်မှန်းသိပါက ထမင်းဆုပ်ကို ကိုးခေါက်မန်းပြီး သွားရင်းလာရင်း လမ်းတွင်ပြုလုပ်ခဲ့သောကုသိုလ် သတိရပြီး ထမင်းဆုပ်ကို မျိုချလိုက်ပါက ငါးရိုးကျသွားပါလိမ့်မည်။

**ကျော်နိုင်လင်း(ပေလီ)**

စာမျက်နှာ (၁၇၁)မှ အဆက်

ဆက်လျှောက်တော့ ကျောက်ဖျာကြီးတစ်ချပ်ကို တွေ့လိုက်ရတယ်။ ပိုတက်နား ကျော်ကြည့်လိုက်တော့ တသွင်သွင် စီးနေတဲ့ ရေတံခွန်ကို တွေ့လိုက်ရတယ်။

တဝေါဝေါနဲ့ ရေတွေ ကျနေတယ်။ အဘိုး ဘယ်လိုကူးမလဲလို့ မေးတော့ "မပူပါနဲ့ကွာ ဆိုပြီး" လက်မှာရှိတဲ့ တုတ်တစ်ချောင်းနဲ့ ယမ်းလိုက်တာ ရေတွေ ရပ်သွားတယ်။

ပြီးလဲ ပြီးရော ကျောက်ဘုရားတစ်ဆူ ပေါ်လာပြီး ရေစီးလမ်းအတိုင်း လျှောကျနေတာနဲ့ သွားပင့်ယူလိုက်ချိန်မှာ အိပ်မက်က လန့်နိုးသွားတယ်။

အဘလဲ စိတ်ထဲမှာ အိပ်မက်ထဲက ကျောက်ဘုရားကို မြင်ယောင်နေမိတယ်။ နှစ်ရက်လောက်ကြာတော့ ဂွမြို့က ဘုရားဒါယကာ ဦးမြင့်ဟန်အိမ်မှာ နေတုန်း တပည့်နှစ်ယောက်က စားစရာတွေ လာကန်တော့ကြတယ်။

သူတို့က တောတွင်းမှာ သစ်ဝါးသမားတွေ။ စကားစပ်မိကြရင်းကနေ သူတို့ တောတွင်းတစ်နေရာ ရေတံခွန်အနီးက သဘာဝက ဖြစ်ပေါ်နေတဲ့ ကျောက်ဘုရားတစ်ဆူတွေ့ကြောင်း ပြောလာတော့ အဘဖူးမြင်ချင်စိတ် ပေါက်လာတယ်။

ဖြစ်နိုင်ရင် ငါ့ကို ပေးကွာလို့ တောင်းမိတော့ အဘ ဖူးမြော်ပူဇော်ချင်ရင်ပင့်ယူသွားလို့ ပြောတာနဲ့ ဂွမြို့က ပင့်လာခဲ့တာပဲ။

ပင့်လာခါစက ဖြူဖြူကြီး။ ဒီရောက်မှ ရေသပ္ပါယ်လိုက်တော့ ခဲရောင်ပေါက်သွားတယ်။ သဘာဝက ဖြစ်တည်လာတဲ့ ကျောက်တုရားဆိုပါတော့ နောက်ကျမှ ဘွဲ့တော်ချီးမယ်'

စာဖတ်သူများ အမရပူရသို့ ရောက်ပါလျှင် သမိုင်းဝင် ရတနာ့ဂူဘုရားအား ဖူးမြော်ရင်း ထူးခြားသည့် ကျောက်ဘုရားကိုလည်း ဝင်ရောက်ဖူးမြော် လေ့လာနိုင်ကြစေရန် တင်ပြလိုက်ရပါသည်။

**စည်သူကျော်နိုင်**


**စာမူ ပို့လိုက...**

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၀၉ (မြေညီ)
၂၉-လမ်း (အထက်)
ပန်းဘဲတန်းစာတိုက်၊
ရန်ကုန်မြို့။
ဖုန်း-

**၀၉-၇၇၆၃၄၉၇၈၅**
**၀၉-၉၆၈၀၀၄၁၉၂**

www.burmeseclassic.com



# ဘီလူးဂမုန်း

## နှင့်

ကျွန်တော့်အဘိုး

နေလင်းအောင်
(တွံတေး)

နားထောင်…
အဲဒီဂုက်ပျော်ပင်တွေက
အစီအမံပြုလုပ်တဲ့အခါမှာ
အသုံးပြုဖို့စိုက်ထားတာ၊ ပြီးတော့
အဲဒီဂုက်ပျော်ပင်တွေရဲ့ အလယ်
တည့်တည့်မှာ ဘီလူးဂမုန်းရှိတယ် ငါ့မြေးရဲ့
အဲဒီဘီလူးဂမုန်းကို လူမြင်မှာစိုးလို့
ဂုက်ပျော်တောထဲမှာ စိုက်ထားတာ'
ကျွန်ုပ်မှ…

နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကြီး၊ ဩဂုတ်လထုတ်၊ စာမျက်နှာ (၁၇၇)၊ အမှတ် (၃၆၂)၊ ၂၀၁၆ ခုနှစ်၊ **"ကျွန်ုပ်နှင့် ဆန်းကြယ်သောဂမုန်းပင်များ"** ဝသုန်သက်လွင် ရေးထားသည်ကို ဖတ်လိုက်ရသည်နှင့် တစ်ပြိုင်တည်း ကျွန်တော့်အဘိုး မွေးထားသည့် **ဘီလူးဂမုန်းပင်ကြီး**ကို သတိရသွားမိပါတော့သည်။

စာရေးသူငယ်စဉ်က သိုင်းကစားရာ အလွန်ဝါသနာပါသည်။ တစ်နေ့တော့ အဘိုးစိုက်ပျိုးထားသော သူငယ်စာဂုက်ပျော်ပင်များကို ဓားသိုင်းကစားရင်း နှင့်ပင် သုံးပင်ဆက်ခုတ်ပစ်ရာ အဘိုးဖြစ်သူက…

'ငါ့မြေး… အဲဒီဂုက်ပျော်ပင်တွေကို မခုတ်နဲ့တော့'

ဟု ပြောလိုက်သည့်အသံကြောင့် ဓားသိုင်းကစားရာမှ ရပ်လိုက်ပြီး…

'အဘိုး ဘာဖြစ်လို့လဲ'

ဟု မေးလိုက်ရာ…

'ငါ့မြေးလေးကို အဘိုးပြောပြမယ် သေချာ

'အဲဒီဂမုန်းက ဘာများထူးခြားလို့လဲ အဘိုးရဲ့'

'သိပ်ထူးခြားတာပေါ့ ငါ့မြေးရဲ့။ အဲဒီဘီလူးဂမုန်းပင်က ကိုယ်ပျောက်ဝိဇ္ဇာလိုပဲ အဘိုးခိုင်းတာ မှန်သမျှ အကုန်လုပ်ပေးတယ်။

ဒါပေမယ့် ခန္ဓာကိုယ် မမြင်ရဘူး။ အဘိုးရဲ့ခြံထဲက ဘာပစ္စည်းမှ မပျောက်



www.burmeseclassic.com

www.burmeseclassic.com

အောင် စောင့်ရှောက်ပေးတယ်'

'အဲဒီလိုဆိုလဲ အဘိုးရယ် ခြံထဲမှာ စောင့်မနေသော မြေးဘိုးနှစ်ယောက် ပြန်ရအောင်'

'အဘိုးက အခု ခြံထဲ လာစောင့်တာမဟုတ်ဘူး။ သူ့ကိုထမင်းလာကျွေးတာ'

'အဘိုးထမင်းက ဘယ်မှာလဲ'

ဟု မေးရာ...

'ဒီမှာလေကွာ'

ဟု ချိုင့်ကြီးကိုဖွင့်ပြရာ **အမဲသွေး (ခေါ်) နွားသွေးများပင်** ဖြစ်နေတော့သည်။

'ငါ့မြေးအိမ်ရောက်ရင် ဘယ်သူ့ကိုမှ လျှောက်မပြောရဘူးနော်'

ဟု ပြောပါတော့သည်။

ထို့နောက် ရက်ပေါင်းအနည်းငယ်ကြာသောအခါ အဘိုးထံသို့လာပြီး လူတစ်ယောက်က...

'အဘိုးတို့ ခြံထဲက ပြောင်းဖူးသွားခိုးတာ ကျွန်တော်တို့ကို ပါးရိုက်လွှတ်လိုက်တယ်။ ပါးရိုက်တဲ့လူလဲ မတွေ့ရဘူး အဘိုးရေ... အဲဒီ လာပြီးတောင်းပန်တာပါ'

ဟု ပြောပြီး ပြန်သွားတော့သည်။

'ပြောင်းဖူးခိုးတဲ့ လူနှစ်ယောက်လဲ ပြန်သွားရော အမောင်တို့ မင်းဒီနားကို ခဏထိုင်ဦး'

ဟု ပြော၍ ခေါ်လိုက်ရာ မကြာခင်အတွင်းမှာပဲ သွေးညှီအနံ့ကြီးနံ့လျက် အနံ့ဖြင့် ပြပါတော့သည်။

**ကျွန်ုပ်**...

'အဘိုး ဘာအနံ့ကြီး နံမှန်းလဲ မသိဘူး အဘိုးရယ်'

**အဘိုး**...

'ငါ့မြေး မင်းပါးစပ် ပိတ်ထားစမ်း'

ဟု ပြောသံကြောင့်...

ကျွန်ုပ်မှ...

အဘိုးကို ကြောက်၍ ငြိမ်နေရတော့



သည်။ ခဏအကြာတွင် အဘိုးမှ ပြောချင်တာတွေပြောပြီး **"မင်းပြန်လို့ရပြီ"** ဟု ပြောလဲပြီးရော အနံ့အဆိုးကြီးလည်း ပျောက်သွားပါတော့သည်။

ထို့နောက် အဘိုးဖြစ်သူသည် ရှမ်းပြည်နယ်တောင်ပိုင်းသို့ ခရီးခဏထွက်ဦးမည်ဟုပြောလျက် သွားပါတော့သည်။

အဘိုးဖြစ်သူခရီးသွားနေခိုက် အဘိုးရဲ့သမီးဖြစ်သူမှာ ထိုဘီလူးဂမုန်းရှိသော ခြံကြီးထဲသို့ သွားရောက်ပြီး နွားချေးများ ကောက်လျက် နွားချေးတောင်းကို ခေါင်းပေါ်သို့ ပင့်တင်လိုက်ရာ နွားချေးတောင်းနဲ့ အဘိုးသမီးတို့ လုံးချာပတ်ချာလည်ပြီး ပက်လက်လှန်လဲတော့သည်။

သို့နှင့် အဘိုးသမီးဖြစ်သူသည် နေမကောင်းဖြစ်တော့သည်။ တဖြည်းဖြည်းနဲ့ ရက်ကြာလာသည်နဲ့အမျှ ပို၍ဆိုးလာသည်။

နောက်ပိုင်းတွင် အဘိုးဖြစ်သူ ပြန်လာတော့ သမီးဖြစ်သူလည်း စကားမပြောနိုင်တော့ပေ။ ခြံကြီးထဲတွင် သမီးဖြစ်သူ လဲကျသွားသည်ကိုလည်း ပြောပြအပြီး သမီးဖြစ်သူလည်း အသက်ပါ ထွက်သွားတော့သည်။

အဘိုးဖြစ်သူသည် သမီးဆုံးသည်ကို ဝမ်းနည်းကြေကွဲရမည်ကို မေ့လျက် ဓါးမနဲ့ သံတူရွင်းဆွဲယူကာ ဘီလူးဂမုန်းရှိရာ ခြံကြီးထဲသို့ ဒေါသကြီးစွာဖြင့် ထွက်သွားလေတော့သည်။

ဤသို့ဖြင့် ရွာသူရွာသားများက နောက်ကနေ လိုက်ကြည့်ကြရာ...

'မင်းက တော်တော် ရက်စက်တဲ့ကောင်။ ငါ့သမီးကိုမှ ရွေးပြီး စားရတယ်လို့ မင်းကို ငါမထားတော့ဘူး'

ဟု ပြောကာ ထိုဘီလူးဂမုန်းအား တူးထုတ်လျက် ရွာအရှေ့ဘက်ရှိ ချောင်းအတွင်း၌ ဓါးမဖြင့် ပါးပါးလှီးကာ ရေမျှောလိုက်ပါတော့သည်။

ချောင်းအတွင်းမှာလည်း သွေးများ ရဲရဲတောက်သွားလျက် မျောပါသွားပါတော့သည်။

သို့နှင့် သမီးဖြစ်သူ၏ အလောင်းကို သင်္ဂြိုဟ်လည်းပြီးရော သားဖြစ်သူကိုခေါ် လျက်...

'ငါ့သား မင်းညီမသေရတာ အဖေ့ကြောင့်ပါ။ အဖေမွေးထားတဲ့ ဘီလူးဂမုန်းက သူ့ကို ကျွေးရမယ့်ရက် ကျော်လွန်သွားလို့ မင်းရဲ့ ညီမလေးကို စားလိုက်တာပဲ'

သားဖြစ်သူမှ...

'အဲဒီ ဘီလူးဂမုန်းက အဖေ ဘယ်ကနေရလာတာလဲ'

ဟု မေးရာ...

'အဖေ ရှမ်းပြည်နယ်တောင်ပိုင်းက ဆရာတစ်ယောက်ဆီမှာ ပညာသင်နေတဲ့အချိန်တုန်းက ပေးလိုက်တာပေါ့ကွာ'

ဟု ပြောခဲ့ပါသည်။

စာရေးသူလည်း ကိုယ်တိုင်ကိုယ်တွေ့မို့ အဖြစ်မှန်လေးတစ်ခုကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးမှ ထပ်မံတင်ပြလိုက်ရပါတော့သည်။

**နေလင်းအောင် (တွံတေး)**

www.burmeseclassic.com

www.burmeseclassic.com


၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွင်း

# လာဘ်လာဘ

ရွှင်လန်းကြစေဖို့

**ဇန်နဝါရီလ**တွင် ငွေကြေး အခက်အခဲများ ကင်းကွာ၍ လာဘ်လာဘ ဝေဆာကြစေရန်...

- **မိဿရာသီဖွား(မတ်လ ၂၁ရက်မှ ဧပြီလ ၂၀ ရက်အတွင်းမွေးသူ)**တို့သည် ဥဿျစ်ညွန့်(၃)ညွန့်၊ ပိတောက်ညွန့်(၃)ညွန့်၊ ဇီး(ဆီး)ညွန့်(၃)ညွန့်နှင့် တံခွန် (၆)လက်တို့ကို စနေနေ့တွင် စေတီတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။
- **ပြိဿရာသီဖွား(ဧပြီလ ၂၁ ရက်မှ မေလ ၂၀ ရက်အတွင်းမွေးသူ)**တို့သည် ဩဇာညွန့်(၉)ညွန့်၊ ရွက်လှပန်း (၉)ခက်၊ ကံ့ကော်ညွန့်(၉)ညွန့်နှင့် သောက်တော်ရေ သုံးခွက်တို့ကို တနင်္ဂနွေနေ့တွင် ဘုရားစေတီတစ်ဆူ၏ သောကြာဂြိုဟ်တိုင်အနီးမှ ကပ်လှူဆုတောင်းပါ။
- **မေထုန်ရာသီဖွား(မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မွေးသူ)**တို့သည် သကြား(၇)ပန်းကန်၊ ထန်းလျက် (၇)ယှက်နှင့် ဖယောင်းတိုင် (၉)တိုင်တို့ကို ကြာသပတေးနေ့၌ စေတီတစ်ဆူ၏ ကြာသပတေးဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။
- **ကရကဋ်ရာသီဖွား (ဇွန်လ၂၁ ရက်မှ ဇူလိုင်လ၂၁ရက်အတွင်းမွေးသူ)**တို့သည် စွယ်တော်ညွန့် (၁၀)ညွန့်၊ အုန်းလက်(၁၀)ရွက်၊ ပိတောက်ညွန့်(၁၀)ညွန့်နှင့် ဆွမ်းထမင်း (၇)ပန်းကန်တို့ကို စေတီတစ်ဆူ၏ အင်္ဂါဂြိုဟ်တိုင်အနီးမှ သောကြာနေ့တွင် ကပ်လှူဆုတောင်းပါ။
- **သိဟ်ရာသီဖွား (ဇူလိုင်လ ၂၂ ရက်မှ ဩဂုတ်လ ၂၁ရက်အတွင်းမွေးသူ)**တို့သည် ပိတောက်ညွန့် (၅)ညွန့်၊ အောင်သပြေ(၅)ခက်၊ အုန်းလက်(၅)ရွက်နှင့် ကြက်လျှာ (၁၀)ခုတို့ကို သောကြာနေ့တွင် စေတီတစ်ဆူ၏ အင်္ဂါဂြိုဟ်တိုင်အနီးမှ ကပ်လှူဆုတောင်းပါ။
- **ကန်ရာသီဖွား (ဩဂုတ်လ ၂၂ရက်မှ စက်တင်ဘာလ ၂၁ရက် အတွင်းမွေးသူ)**တို့သည် ငှက်ပျောသီး (၃)လုံး၊ ဇီး(ဆီး)ချိုသီး(၃)လုံး၊ သီဟိုဠ်ဆန်(၃)ပန်းကန်နှင့် သောက်တော်ရေ (၅)ခွက်တို့ကို တနင်္လာနေ့တွင် စေတီတစ်ဆူ၏ တနင်္ဂနွေဂြိုဟ်တိုင်အနီးမှ ကပ်လှူဆုတောင်းပါ။
- **တူရာသီဖွား (စက်တင်ဘာလ ၂၂ ရက်မှ အောက်တိုဘာလ ၂၂ရက်အတွင်းမွေးသူ)**တို့သည် ကောက်ညှင်းထုပ် (၆)ထုပ်၊ ဖရဲသီး(၆)စိတ်၊ သီဟိုဠ်ဆန်(၆)ပန်းကန်နှင့်ဖယောင်းတိုင်(၃)တိုင်တို့ကို တနင်္ဂနွေနေ့တွင် စေတီတစ်ဆူ၏ သောကြာဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။
- **ဗြိစ္ဆာရာသီဖွား (အောက်တိုဘာလ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ ရက်အတွင်း မွေးသူ)**တို့သည် ဥဿျစ်ညွန့်(၈)ညွန့်၊ ပိတောက်ညွန့်(၈)ညွန့်၊ ရွက်လှပန်း (၈)ခက်နှင့် ဆွမ်းထမင်း (၆)ပန်းကန်တို့ကို စနေနေ့တွင် ဘုရားစေတီတစ်ဆူ၏ တနင်္လာဂြိုဟ်တိုင်အနီးမှ ကပ်လှူဆုတောင်းပါ။
- **ဓနုရာသီဖွား (နိုဝင်ဘာလ ၂၂ ရက်မှ ဒီဇင်ဘာလ ၂၀ရက် အတွင်းမွေးသူ)**တို့သည် သရက်ညွန့်(၂) ညွန့်၊ ကံ့ကော်ညွန့်(၂)ညွန့်၊ ဩဇာညွန့်(၂)ညွန့်နှင့် တံခွန်ကြက်လျှာ (၈)ခုတို့ကို ဗုဒ္ဓဟူးနေ့တွင် စေတီတစ်ဆူ၏ စနေဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။



- **မကာရရာသီဖွား (ဒီဇင်ဘာလ ၂၁ ရက်မှ ဇန်နဝါရီလ ၁၉ ရက်အတွင်းမွေးသူ)**တို့သည် ကြာပိုင်း(၁)ပိုင်း၊ ဇီး(ဆီး)ယို(၁)ပန်းကန်၊ အုန်းသီးစိတ် (၁)ပန်းကန်နှင့် သောက်တော်ရေ(၂)ခွက်တို့ကို ကြာသပတေးနေ့တွင် စေတီတစ်ဆူ၏ ကြာသပတေးဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။
- **ကုံရာသီဖွား (ဇန်နဝါရီလ ၂၀ ရက်မှ ဖေဖော်ဝါရီလ ၁၈ရက်အတွင်း မွေးသူ)**တို့သည် အုန်းလက်(၄)ရွက်၊ မာလကာညွန့်(၄)ညွန့်၊ ရွက်လှပန်း(၄)ခက်နှင့် ဖယောင်းတိုင် (၁)တိုင်တို့ကို အင်္ဂါနေ့တွင် စေတီတစ်ဆူ၏ ကြာသပတေးဂြိုဟ်တိုင်မှ ကပ်လှူဆုတောင်းပါ။
- **မိန်ရာသီဖွား (ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ်လ ၂၀ရက်အတွင်းမွေးသူ)**တို့သည် ခရေညွန့်(၆)ညွန့်၊ ပေါက်ပေါက်(၆)ပန်းကန်၊ သီဟိုဠ်ညွန့်(၆)ညွန့်နှင့် ဆွမ်းထမင်း(၄)ပန်းကန်တို့ကို စေတီတစ်ဆူ၏ စနေဂြိုဟ်တိုင်တွင် ဗုဒ္ဓဟူးနေ့၌ ကပ်လှူဆုတောင်းပါ။

***လာဘ်လာဘရွှင်လန်း၍ ငွေကြေးသောက ကင်းဝေးကြပါစေ။***

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

အန္တရာယ်တူသမျှ ကင်းပစေရာ

# ကိုယ်ပျောက်ဂါထာများ

အုံကြွယ်



နေပူပူ မိုးရွာရွာ ဆောင်းချမ်းချမ်း အမြဲတမ်းလိုလိုပင် ညနေ(၃)နာရီထိုးပြီဆိုလျှင် မောင်အုံတို့ ပင်စင်စားလူပိုကြီးများ၏ ဘာသာရေး၊ နိုင်ငံရေး၊ သာရေး၊ နာရေးမှ စ၍ စုံစီနဖာ ဗဟုသုတစကားဝိုင်းကို စတင်လေ့ရှိသည်။

ယနေ့လည်း (၃)နာရီမထိုးမီပင် မောင်အုံ၏ အိမ်ရှေ့ခန်းတွင် ကျပ်ကျပ်သည်းသည်းပင် ပလတ်စတစ်ထိုင်ခုံလေးများတွင် နေရာယူကြပြီး ဖြစ်ပါသည်။

ဆုံနေကျ (၅)ဦးသာမကဘဲ ထူးထူးခြားခြားပင် မောင်အုံတို့အား လောကီ၊ လောကုတ် အထွေထွေသော ဗဟုသုတများကို ဖြန့်ဝေပေးလျက်ရှိသည့် ဦးလေးဦးစိုင်းနန္ဒပါ ရောက်ရှိနေ၍ စကားဝိုင်းမှာ ပိုမိုစည်ကားခဲ့သည်။

ရောက်တတ်ရာရာ ပြောဆိုဆွေးနွေး အသိချင်း ဖလှယ်ကြရင်း ဘာသာရေးဘက်သို့ ရောက်သွားခဲ့ပါသည်။

ရတနာတော်မြတ်သုံးပါးနှင့် ဂါထာတော်များ,မန္တန်များ၏ တန်ခိုးတော်၊ ဂုဏ်တော် အစွမ်းထက်မြက်မှုများကြောင့် ဘေးဥပဒ်အန္တရာယ် ရန်အသွယ်သွယ်တို့မှ ဝေးကွာပျောက်လွင့် ဘေးကင်းမှုတို့ကို ပြောဆိုခဲ့ကြပါ၏။

'နေပါဦးကွ... ကိုယ်ပျောက်ဂါထာမန္တန်နဲ့ ပတ်သက်ပြီး မောင်အုံရေးတဲ့ ဆောင်းပါးတစ်ပုဒ် ဖတ်မိလိုက်သလားလို့ပါကွာ။ နွားမသားဝှက်ဂါထာတစ်ပုဒ်ထင်တယ်။ ဟုတ်တယ်မဟုတ်လား'

'ဟုတ်ပါတယ် ဦးလေးနန္ဒခင်ဗျာ။ နွားမသားဝှက်မန္တန်ပါ။ ၂၀၁၅ ခုနှစ်၊ ဧပြီထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ်(၁၇၅)၊ စာမျက်နှာ(၂၀၉)မှာ ပါတာပါ။

www.burmeseclassic.com

ဒီဆောင်းပါးမှာ ဂါထာမန္တန်ရဲ့ အစွမ်းထက်မြက်မှုကိုသာမက မန္တန်ရဲ့အစွမ်းကြောင့် ပျောက်နေတဲ့ နွားငယ်လေးကို ပြန်တွေ့တဲ့ ဘုရားရှင်ရဲ့ ပရိတ်ကြီး(၁၁)သုတ်လာ ပရိတ်တရားတော်များရဲ့ အာနုဘော်နဲ့ ရှာဖွေဖော်ထုတ်ပေးခဲ့ပုံကို ဖော်ပြထားခဲ့တာပါ ခင်ဗျ’

ဦးလေးနန္ဒ၏ အမေးကို မောင်အံ့က အဖြေပေးခဲ့ပါသည်။

‘အေးကွ…မင်းဖော်ပြထားတဲ့ နွားမသားဝှက်ဂါထာကိုတွေ့တော့ ဦးလေးရထားတဲ့ နွားမသားဝှက်ဂါထာနဲ့ မတူတာကို တွေ့ရတယ်ကွ’

‘ဟုတ်ကဲ့ပါ ဦးလေး… အပန်းမကြီးဘူးဆိုရင် ဦးလေးရထားတဲ့ နွားမသားဝှက်ဂါထာကို ကျွန်တော်တို့ကို ဝေမျှပေးစေချင်ပါတယ်။ နောက်ပြီး ဒီဂါထာနဲ့ ပတ်သက်ပြီး အစွမ်းထက် အကျိုးပေးမှု ရှိခဲ့ရင်လဲ သိလိုပါတယ်ခင်ဗျ’

ဟု မောင်အံ့၏ ပန်ကြားခဲ့မှုအပေါ် ဦးလေးနန္ဒက သူ တွေ့ကြုံခဲ့ရမှု အဖြစ်အပျက်ကို ပြန်လည် ဖောက်သည်ချခဲ့ပါသည်။

## ထိုင်းရဲတွေ
## မျက်စိမှောက်စေတဲ့ မန္တန်

‘လွန်ခဲ့တဲ့(၁၀)နှစ်ကျော်က အတွေ့အကြုံပေါ့ကွာ။ မင်းတို့သိကြတဲ့အတိုင်း ဦးလေးက ဖခင်ကြီးရဲ့ အမွေအနှစ်ဖြစ်တဲ့ တိုင်းရင်းဆေးကုအတတ် အနည်းအကျဉ်း၊ လောကီရေးရာ ဗေဒင်ယတြာလေး မတောက်တစ်ခေါက်၊ သိဒ္ဓိဝင် ဂမ္ဘီရပစ္စည်းတွေ ရှာဖွေစုဆောင်းတဲ့ အလုပ်ကလေးကလဲ မစို့မပို့ လုပ်တဲ့သူဆိုတော့ အားကိုးတဲ့သူ၊ အကူအညီတောင်းတဲ့သူက မနည်းသားလားကွ။

တို့ ဖားဆောင်းမြို့တင်သာမက မယ်စဲ့၊ ရွာသစ် စတဲ့ ဒေသက လူတွေပါ လာခေါ်တတ်ကြတယ်လေ။

ဒါတင်မကဘဲ တစ်ဖက်နိုင်ငံ မယ်စလင်း၊ မယ်ဝေါက်၊ မယ်ဟောင်ဆောင် စတဲ့ မြို့ဒေသတွေကလဲ လာခေါ်တတ်ကြသကွယ်။

အရပ်စကားနဲ့ ပြောရင် ဆရာကို လာပင့်ကြတယ်လို့ ဆိုရမှာပေါ့။ အဲဒီ အရပ်ဒေသတွေမှာ တို့နိုင်ငံက ရှမ်း၊ ကရင်၊ ကယား၊ ကယန်း(ပဒေါင်)၊ ဗမာတွေ အများကြီး ရှိတာပဲလေ။

တိုတို ပြောကြပါစို့… တစ်နေ့တော့ တစ်ဖက်နိုင်ငံ မယ်ဟောင်ဆောင်မြို့မှာနေတဲ့ ဆွေရိပ်မျိုးရိပ် မကင်းသူ ရှမ်းတိုင်းရင်းသားတစ်စုက ပယောဂလူနာကုဖို့ရော၊ အမတေ(အမြုတေ) ပစ္စည်းလေးတွေ ကြည့်ပေးဖို့ပါ လာခေါ်ကြတယ်ကွ။

သူတို့က ထိုင်းနိုင်ငံမှာ ညှိနိုင်ငံသားအဖြစ်နဲ့ တရားဝင်နေထိုင်ကြတယ်လေ။ ဟိုရောက်တော့ နှစ်ရက်လောက်ထိ အဆင်ပြေပြေ အေးအေးဆေးဆေးပဲ။

သုံးရက်မြောက်တဲ့ နေ့မှာတော့ ထိုင်းရဲတွေနဲ့ ထိုင်းလူဝင်မှုကြီးကြပ်ရေး အဖွဲ့ဝင်တွေက ဦးလေးနေတဲ့အိမ်မှာ နိုင်ငံခြားသားရှိတယ် သတင်းရလို့ဆိုပြီး ရပ်ကွက်လူကြီးတွေနဲ့အတူ အိမ်ကို ဝိုင်းကြပါလေရော။

ရုတ်တရက် မျှော်လင့်မထားတဲ့ ဖြစ်ရပ်မို့ အိမ်ရှင်တွေကလဲ ဦးလေးကို ဝှက်ထား၊ ဖုံးထား မလုပ်နိုင်ကြဘဲ ကြက်သေ သေနေကြပြီလေ။ ဦးလေးလဲ…

“ငါ့ကိုတော့ တွေ့သွားကြပြီ၊ ဖမ်းကြတော့မှာပဲ။ သူတစ်ပါးနိုင်ငံမှာ အချုပ်အနှောင်ခံရတော့မယ်”

လို့ တွေးပြီး နှလုံးသွေးတွေ ရပ်မတတ် ကြောက်မိတာပေါ့ကွာ။

မထူးတော့ဘူးဆိုပြီး စိတ်ငြိမ်အောင် တရားကိုပဲ နှလုံးသွင်းမိတော့တယ်။ အားကိုးရာဖြစ်တဲ့ **“သရဏဂုံသုံးပါးနဲ့ ဂုဏ်တော်တွေ”**ကို ရွတ်ဆိုရင်း ဖခင်ကြီး ဦးစိုင်းဘုန်း သင်ပေးခဲ့တဲ့ **ကိုယ်ပျောက်ဂါထာခေါ် “နွားမသားဝှက်မန္တန်”**ကို သတိရသွားတာကြောင့် ဒီဂါထာကိုပဲ ထိုင်ရာမထ စိတ်ထဲကပဲ အဆက်မပြတ် ရွတ်ဆိုနေမိတော့တယ်။

ဒီနေရာမှာ ဦးလေးထိုင်နေတဲ့နေရာလေးကို မင်းတို့ မြင်သာအောင် ပြောရဦးမယ်ကွ။ ဧည့်ခန်းက စားပွဲ၊ ကုလားထိုင်တွေရဲ့ကျောဘက် အိပ်ခန်းနံရံကို မှီထားတဲ့ ကုလားထိုင်လေးမှာ ထိုင်နေတာဆိုတော့ တံခါးပေါက်က ဝင်လာရင် ထင်ထင်ရှားရှား မြင်နိုင်တဲ့နေရာပေါ့ကွာ။

အိမ်ရှင်တွေကလဲ မျက်စိမျက်နှာပျက်၊ ဦးလေးကလဲ ကြောက်ကြောက်နဲ့ အသံတိတ် မန္တန်ကိုရွတ်ဆို၊ ရှာတဲ့လူတွေကလဲ ဦးလေးရှေ့ကနေ အခေါက်ခေါက် အခါခါ ဖြတ်နေကြတာပေါ့။ မီးဖိုချောင်၊ အိမ်သာခန်းပါ မကျန် စိတ်ကျေနပ်တဲ့ထိ ရှာကြတယ်။

လုံးဝ ရှာလို့ မတွေ့တော့မှ ပြန်သွားကြတယ်။ ဒီအခါကျမှ စိတ်ကိုလျှော့လိုက်ရင်း ဦးလေး မေ့လဲပြီး ကုလားထိုင်ပေါ်က ပြုတ်ကျလို့ မနည်း နာနှစ်ယူကြရတယ်လေ။

သတိရလာတော့မှ ဦးလေးကို ထိုင်းရဲတွေ မတွေ့မမြင်တဲ့ အကြောင်းကို တစ်ယောက်တစ်ပေါက် မေးကြတာပေါ့။ ဒီတော့မှ ဦးလေးလဲ ရတနာသုံးပါးဂုဏ်ကျေးဇူးနဲ့ နွားမသားဝှက်ဂါထာအပေါ် ပိုမို ယုံကြည်အားကိုးလာမိတယ်။

ဒါကြောင့် နေ့စဉ် ဘုရားရှိခိုး၊ ပုတီးစိပ်ပြီးရင် **“နွားမသားဝှက်ဂါထာမန္တန်”**ကို အနည်းဆုံး (၅)ခေါက်



www.burmeseclassic.com

www.burmeseclassic.com

ရွတ်သကွယ့်၊ အိပ်ရာဝင် အိပ်ရာထလဲ မပျက်မကွက် ရွတ်ပွားခဲ့လို့ ကနေ့ထိ ဘယ်လိုအန္တရာယ်ကိုမှ မတွေ့ခဲ့ရပါဘူး။

အခုဆိုရင် အသက်(၈၀)နား နီးနေပြီလေ။ ကျန်းကျန်းမာမာပါပဲဗျား။ ဒီလို အကြောင်းတွေကြောင့် မင်းတို့လဲ အန္တရာယ်ကင်း ဘေးရှင်းစေဖို့ ကိုယ်ပျောက်ဂါထာခေါ် "နွားမသားဝှက် မန္တန်"ကို ရွတ်ပွားနိုင်အောင် ချီးမြှင့် လိုက်မယ်နော်'

ဂေါဏ ဝေါရတ္တိ ရမ္မိစ၊
နောဂါဝတော ဂါဝေယေ ဒေဝတာ၊
အာကာသ ဘုမ္မိယော ရက္ခာ ဒေဝတာနံ၊
အဟံ မုတ္တံ ဂါဝေ သဗ္ဗေမနုဿာ၊
အာဂတံ ရတ္တိယမ္မိစဓော မဟာပ္ဖလံ
အာဂတံ ဂစ္ဆတိ ဖိသံ ဓောဂေါ ဘဝိမိ။

ခက်ခဲသော ပါဠိအသံထွက်

**ဝေါရတ္တိ** = ဝေါရတ်ထိ
**ရမ္မိစ** = ရမ်မိစ
**ဘုမ္မိယော** = ဘုမ်မိယော
**ရက္ခာ** = ရက်ခါ
**မုတ္တံ** = မုတ်တံ
**သဗ္ဗေ** = သပ်ဗေ
**မနုဿာ** = မနုတ်သာ
**ဂစ္ဆတိ** = ဂစ်ဆတိ
**ရတ္တိယမ္မိ** = ရတ်တိယမ်မိ
**မဟာပ္ဖလံ** = မဟာပ်ဖလံ

### ပင်စင်စားကျောင်းအုပ်ကြီး၏
### လက်စွဲ ကိုယ်ပျောက်ဂါထာ

ဦးစိုင်းနန္ဒက သူ ရထားသည့် နွားမသားဝှက်ဂါထာကို ချီးမြှင့်ပေးသဖြင့် မောင်အံ့တို့လူစု လိုက်ကူးပြီးသည်နှင့် အငြိမ်းစားကျောင်းအုပ်ကြီး ဦးထွန်းရွှေကလည်း သူ၏လက်စွဲ ကိုယ်ပျောက်ဂါထာအကြောင်းကို ဤသို့ ပြောပြခဲ့ပြန်ပါသည်။

'ကျွန်တော်ရထားတဲ့ ကိုယ်ပျောက်ဂါထာနဲ့ အတွေ့အကြုံကို ပြောပြရဦးမယ်ဗျ။ ကျွန်တော့်ဇာတိက ကျောက်ပန်းတောင်းကပါ။ (၁၀)တန်းအောင်တော့ အစိုးရဝန်ထမ်း အလုပ်ကိုလဲ ရချင်တယ်ဗျာ။ ကိုယ့်ဒေသမှာ လူဦးရေကများတော့ အလုပ်ရဖို့ဆိုတာ ခက်ခဲတယ်လေ။



ဒါကြောင့် အစ်ကိုရှိရာ ကယားပြည်နယ်ကို ထွက်လာခဲ့တာပေါ့။ ဖားဆောင်းမြို့ ပညာရေးဌာနမှာ မူလတန်းပြအဖြစ် အလုပ်ရတယ်ဗျ။

အလုပ် လုပ်ရင်းနဲ့ သိကြတဲ့အတိုင်းပဲ ယင်းတလဲ(ကယား)တိုင်းရင်းသူနဲ့ အိမ်ထောင်ကျပြီး ဦးအံ့လို မောင်ကြီး မပြန်နိုင် ဖြစ်ရတော့တာပါပဲ။

ဒေသခံလို ဖြစ်နေပြီမို့ ပါတီကောင်စီခေတ်မှာ မြို့နယ်လမ်းစဉ်လူငယ်အတွင်းရေးမှူးအဖြစ် တာဝန်ပေးခဲ့လို့ မြို့နယ်ပါတီယူနစ်မှာ အချိန်ပြည့် တာဝန်ယူနေရတဲ့ အချိန်မှာပေါ့။

ကာလအားဖြင့် ပြောရရင် ၁၉၈၆ ခုနှစ်ထဲမှာပါ။ လူငယ်စည်းရုံးရေး တာဝန်အရ နယ်မြေလုံခြုံရေး ကန့်သတ်ထားတဲ့ အညိုရောင်နယ်မြေ **"နန်းကစ်ရွာ"**နဲ့**"ဗဟန်းလော့ရွာ"** တွေကို မြို့ခံလူငယ်တွေနဲ့ ခြေကျင်ခရီး ထွက်ခဲ့ကြတာပေါ့ဗျာ။

နန်းကစ်ရွာအထိတော့ အေးအေးဆေးဆေးပါပဲ။ တောတွင်းက လူတွေအကြောင်း စုံစမ်းတော့လဲ လှုပ်ရှားမှု မရှိဘူးဆိုတော့ သူတို့ ခြေကုပ်ယူထားတဲ့ "ဗဟန်းလော့ရွာ"ကို ခရီးဆက်ခဲ့ကြတာပေါ့။

နန်းကစ်က ထွက်လာပြီး (၁)မိုင်ကျော်လောက်ရှိတော့ ဗဟန်းလော့ရွာကို မရောက်ခင် လက်နက်ကိုင်တောတွင်းအဖွဲ့နဲ့ ပက်ပင်းတိုးပါလေရောဗျို့။

နှစ်ဖက်မြင်လောက်တဲ့ ပေ(၂၀) အကွာအဝေးမို့ နောက်ပြန်လှည့်ပြီး ပြေးလို့ကလဲ မရတော့ဘူး။ ရင်ဆိုင်တိုက်ရအောင်ကလဲ ကျွန်တော်တို့မှာ ဓားမတိုတောင် မပါကြတော့ ရောက်တဲ့ နေရာမှာပဲ ရပ်နေကြရတော့တယ်။

ကြားဖြတ် ပြောရဦးမယ်ဗျ။ အဲဒီအချိန်က တောတွင်းအဖွဲ့တွေက အရပ်သားဖြစ်စေ၊ ဝန်ထမ်းဖြစ်စေ သူတို့ စိုးမိုးထားတဲ့ နယ်မြေအတွင်းကို လွပ်လပ်စွာ သွားလာနိုင်တယ်။ အနှောင့်အယှက်မပေးဘူး။

အဲ...ဒါပေမယ့် ပါတီကောင်စီက လူတွေနဲ့ လက်နက်ကိုင် တပ်တို့၊ ရဲတပ်ဖွဲ့တို့နဲ့ဆိုရင်တော့ တွေ့ရာသချိုင်း ဓားမဆိုင်းဆိုတဲ့ ကာလပေါ့ဗျာ။ ကျွန်တော်ကလဲ ပါတီက တာဝန်နဲ့ ဦးဆောင်လာရသူဆိုတော့ အရမ်းကြောက်တာပေါ့။

"ငါ့အတွက် သေနေ့စေ့တဲ့ အချိန်နဲ့ သေရမယ့်နေရာ ရောက်ပါပေါ့လား" လို့ တွေးရင်း ဇောချွေးတွေပြန်ပြီး မတ်တတ်တောင် မရပ်နိုင်တော့ဘူးလေ။ ရသမျှ ဘုရား,တရားစာတွေကို အမြီးအမောက် တည့်အောင် မရွတ်ဆိုနိုင်တော့ပါဘူး။

ဒီအချိန်မှာ ခေါင်းထဲကို ဝင်လာ



www.burmeseclassic.com

www.burmeseclassic.com

တာက ကယားပြည်နယ်ကို မလာခင် ဇာတိမြေက မြို့ဦးကျောင်းဆရာတော်ကို သွားကန်တော့စဉ်မှာ ဆရာတော်က ချီးမြှင့်လိုက်တဲ့ "**ကိုယ်ပျောက်ဂါထာ**"ကို သတိရမိတာပါပဲ။ ဒီဂါထာကိုလဲ အဆက်မပြတ် အသံတိတ်ရွတ်ဆိုနေမိတော့တယ်။

တောက လူတွေကလဲ ပေ(၂၀) ဝန်းကျင်တစ်ခုလုံး ဖြန့်ကြက်နေရာယူထားတော့ ပြေးလို့လဲ မလွတ်နိုင်တော့ဘူးလေ။ မတ်တတ်လဲ မရပ်နိုင်တော့ ဖင်တစ္ဆတ်သီနဲ့ အေးနားက ချုံပုတ်လေးထဲ ဝင်ပုန်းနေမိတယ်ဗျ။

အဲဒီချုံပုတ်ကလေးကလဲ လူတစ်ကိုယ်စာ မလုံ့တလုံရယ်ပါ။ ခေါင်းဆောင်လုပ်တဲ့သူက...

"ဟေ့... မင်းတို့ထဲမှာ ပါတီကလူကြီး ပါတယ်မို့လား၊ ဘယ်သူလဲကွ ထွက်လာခဲ့စမ်း"

ဆိုတော့ ဘယ်သူမှ မလှုပ်ရဲကြဘူး။ အတန်တန် မေးတော့မှ သူတို့စကားကိုတတ်တဲ့ တိုင်းရင်းသားလူငယ်တစ်ယောက်က...

"ဗိုလ်ကြီးခင်ဗျား... ကျွန်တော်တို့လူကြီးက နေမကောင်းလို့ နန်းကာစ်ရွာမှာ နေခဲ့ပါတယ်"

လို့ ပြောလိုက်တော့ ခေါင်းဆောင်က မယုံတယုံနဲ့ ပတ်ဝန်းကျင်ကို အရှာခိုင်းသေးတယ်။ သူ့ငယ်သားတွေကလဲ ရှာပြီလေ။

ကျွန်တော် ပုန်းနေတဲ့ ချုံပုတ်ဆိုရင် အထပ်ထပ် အခါခါ ရှာကြတာပေါ့။ ကျွန်တော်က သူတို့ကို မြင်နေရတော့ ပိုကြောက်မိနေရတယ်။

ဒါနဲ့ မျက်စိကိုမှိတ်ပြီး ကိုယ်ပျောက်ဂါထာကိုပဲ ရွတ်နေမိတော့တယ်။ ကျေနပ်အောင် ရှာလို့ အားရတော့မှ ခေါင်းဆောင်လုပ်သူက လူငယ်တွေကို

"**အေး... နောင်ဆိုရင် မင်းတို့လာမယ်ဆိုရင် အချိန်မရွေး လာခဲ့ကြ၊ လူကြီးဆိုတဲ့ ပုဂ္ဂိုလ်တွေနဲ့ မလာကြနဲ့**"လို့ ပြောပြီး ထွက်ခွာသွားကြတယ်။

ဒီတော့မှ အားလုံး လှုပ်ရှားရဲကြပြီး ကျွန်တော်လဲ ချုံပုတ်ထဲက ထွက်ရဲတော့တယ်။ ချုံထဲက ထွက်လာတဲ့ ကျွန်တော့်ကိုမြင်တော့ လူငယ်တွေက...

"ဆရာ ခုနက ဘယ်ရောက်သွားတာလဲ၊ ကျွန်တော်တို့က ဆရာ ထွက်ပြေးသွားပြီထင်လို့ စိုးရိမ်နေကြတာ"

လို့ ဝိုင်းပြောကြ၊ မေးကြတာပေါ့။ ကျွန်တော်ကလဲ...

"ငါ ဘယ်မှ မပြေးဝံ့ဘူး၊ ကြောက်ကြောက်နဲ့ ··ဒီချုံပုတ်မှာပဲပုန်းရင်း ရတနာသုံးပါးနဲ့ဆိုင်တဲ့ ဘုရားစာ,တရားစာတွေ ရွတ်နေရတာပါကွာ"

လို့ ·ပြန်ပြောပြတော့ အားလုံးက အံ့အားသင့်ကုန်ကြတာပေါ့ဗျာ၊ ခရီးလဲ ဆက်မသွားရဲတော့တဲ့အတွက် မြို့ကိုပဲ ပြန်ခဲ့ရတော့တယ်လေ။

အဲဒီနေ့ကစပြီး ကျွန်တော့်ကို သေဘေးက လွတ်စေခဲ့တဲ့ ကယ်တင်ပေးခဲ့တဲ့ ကိုယ်ပျောက်ဂါထာရဲ့ အစွမ်းသတ္တိ တန်ခိုးဂုဏ်တွေကို ယုံကြည်တာကြောင့် ကနေ့တိုင်အောင် နိစ္စဘတ် မပျက်မကွက် ရွတ်ပွားပူဇော်မြဲပါပဲဗျား။ ဒီဂါထာကို ရွတ်ပွားပေးမယ်နော်။

<u>ကိုယ်ပျောက်ဂါထာ</u>

နိလ္လယေ ဒေဝါသူရေနေ သမ္ပန္နော ဒသက္ကုဒ္ဒိယာ၊
ဘဂဝါ ဒေဝါသူရသာ၊ စက္ခုစမ္မမို နိလ္လယိ။
ဗုဒ္ဓေါ ဘမုကာ သူရေနေ ဋ္ဌိတာဒိ မို့စ နိလ္လယေ၊
နပသာတိ ဇိနံယထာ၊ ပစ္စတ္တိကာ နပသာတု၊

ခက်ခဲသော ပါဠိအသံထွက်

**နိလ္လယေ** = နိတ်လယေ
**သမ္ပန္နော** = သမ်ပန်နော
**ဒသက္ကုဒ္ဒိယာ** = ဒသအိတ်ဓိယာ
**ဒေဝါသူရသာ** = ဒေဝါသူရတ်သ
**စက္ခုစမ္မမို** = စက်ခုစမ်မမ်မို
**နိလ္လယိ** = နိတ်လယိ
**ဗုဒ္ဓေါ** = ဗုတ်ဓေါ
**ဋ္ဌိတာဒိမို့စ** = ထိတာဒိန်မို့စ
**နပသာတိ** = နပတ်သတိ
**ပစ္စတ္တိကာ** = ပစ်စတ်ထိကာ
**နပသာတု** = နပတ်သတု

အနက်

**ဒေဝါသူရေနေ**–အသူရိန် နတ်သားသည်၊ **နိလ္လယေ**–ဆေးဒန်းမြင်းသီလာရတနာလိုဏ်ခေါင်း၌ ပုန်းအောင်းလေသည်ရှိသော်၊ **ဒသက္ကုဒ္ဒိယာ**–တန်ခိုးတော်ဆယ်ပါးနှင့်၊ **သမ္ပန္နော**– ပြည့်စုံတော်မူသော၊ **ဘဂဝါ**–မြတ်စွာဘုရားသည်၊ **ဒေဝါသူရသာ**–အသူရိန်နတ်မင်း၏၊ **စက္ခုစမ္မမို**–မျက်မှောင်ရေး၌ **နိလ္လယိ**–ပုန်းတော်မူ၏။

**ဗုဒ္ဓေါ** – မြတ်စွာဘုရားသည် **ဘမုကာ=ဘမုကန္တရေ** – အသူရိန်နတ်မင်း၏ မျက်မှောင်တော်အတွင်း၌ **နိလ္လယေ** – ပုန်းကွယ်တော်မူသည်ရှိသော်၊ **အသူရေနေ** – အသူရာနတ်မင်းသည်၊ **ဋ္ဌိတာဒိမို့စ** – ရပ်သောအခါစသော ဣရိယာပုတ်လေးပါး၌လည်း (ဝါ) ထိုင်,လျောင်း,ရပ်,သွား ဣရိယာပုတ်လေးပါး၌လည်း၊ **ဇိနံ**–ငါးမာရ်အောင်မြင် ဘုရားရှင်ကို၊ **နပသာတိယထာ**–မမြင်ရသကဲ့သို့၊ **တထာ**–ထို့အတူ၊ **ပစ္စတ္တိကာ**–ဆန့်ကျင်ဘက်လူ ရန်သူဟူသမျှတို့သည်၊ **နပသာတု** –နေ့ရောညဉ့်ပါ ဘယ်ခါခါထင်ထင် မတွေ့မမြင်နိုင်ပါစေသတည်း။

ဒီဂါထာနဲ့ပတ်သက်ပြီး ဆရာတော်ဘုန်းဘုန်းက အမိန့်ရှိတာကတော့ မြတ်စွာဘုရားရှင်နဲ့ အသူရိန်နတ်မင်း

www.burmeseclassic.com

www.burmeseclassic.com

ကြီးတို့ တန်ခိုးပြိုင်ကြရာမှာ အသူရိန် မင်းကြီးက ဆေးဒန်းမြင်းသီလာ ရတနာလိုဏ်ဂူထဲမှာ ပုန်းနေတာကို ဘုရားရှင်က အလွယ်တကူ ရှာနိုင်ခဲ့တယ်။

ဒါပေမယ့် ဘုရားရှင်က အသူရိန် နတ်ကြီးရဲ့ မျက်မှောင်အရေးပေါ်မှာ ရပ်,ထိုင်,လျောင်း,သွား ဣရိယာပုတ်လေးပါးနဲ့ နေတော်မူသော်ငြားလဲ မမြင်နိုင်၊ ရှာမတွေ့နိုင်ခဲ့ဘူးတဲ့။

အဲဒီလိုပဲ ဘုရားရှင်ရဲ့ တန်ခိုးတော်ကြောင့် ရန်သူအပေါင်းတို့သည် တပည့်တော်အား မတွေ့နိုင်၊ မမြင်နိုင်ပါစေနဲ့လို့ ဆုတောင်းတဲ့ဂါထာလို့ ဆိုတယ်ဗျ'

ဦးထွန်းရွှေက သူ့အတွေ့အကြုံနှင့် ဂါထာရရှိပုံ၊ အနက်အဓိပ္ပါယ်တို့ကို ရှင်းပြပြီး အာခြောက်လာပုံဖြင့် ရေနွေးကြမ်းတစ်ခွက်ကို မှုတ်၍ သောက်လိုက်သည်။

တစ်ချိန်လုံး လက်ဖက်သုပ်စား၊ ရေနွေးကြမ်းသောက်ရင်း ငြိမ်သက်စွာ နားထောင်နေခဲ့သော ရဲဘော်ဟောင်းကြီး ဦးမရမ်ဂမ်က တစ်စခန်း ထလာသည်။

'ခင်ဗျားတို့ ပြောလာကြတော့ ကျွန်တော်ကလဲ ရရှိထားတဲ့ ကိုယ်ပျောက်ဂါထာနဲ့ ဒီဂါထာရဲ့ ဂုဏ်ကျေးဇူးတော်ကြောင့် အန္တရာယ်က လွတ်ခဲ့ပုံ အကြောင်း ပြောရဦးမယ်ဗျ။

## ဗကာဗြဟ္မာကို အောင်တော်မူသည့် ဂါထာနှင့် ဦးမရမ်ဂမ်

ခင်ဗျားတို့ သိတဲ့အတိုင်း ကျွန်တော်က ကချင်တိုင်းရင်းသားပါ။ မူလက ဗုဒ္ဓဘာသာဝင် မဟုတ်ဘူးဗျ။

ယုံကြည် လက်ခံလောက်တဲ့ အကြောင်းတရားတွေ ကိုယ်တိုင်ကြုံတွေ့လာရတော့မှ ဗုဒ္ဓဘာသာကို သက်ဝင်ကိုးကွယ်ခဲ့တာလေ။

ဒီဘဝအတွက်သာမကဘဲ သံသရာအဆက်ဆက် ကောင်းကျိုးချမ်းသာ ဖြစ်စေမယ့် ဘာသာတရားလို့လဲ ခံယူထားပါတယ်။

ဗုဒ္ဓဘာသာဝင် ဖြစ်လာပြီဆိုကတည်းက ဘုရားရှိခိုး၊ ပုတီးစိပ်၊ တရားထိုင် အလုပ်တွေကို တစ်ရက်မပျက် ဆောင်ရွက်ခဲ့ပါတယ်။

ကျွန်တော့်ကို ဘုရားဟောနဲ့ သူတော်စင် သူတော်မြတ်များ ရွတ်ပွားတဲ့ တရားတော်တွေကို သွန်သင်ညွှန်ပြ သင်ကြားပေးခဲ့တဲ့ ဆရာအရှင်မြတ်ကတော့ **"ဓမ္မသိဒ္ဓိသိမ်ကျောင်းဆရာတော် ဘဒ္ဒန္တအာဒိစ္စ"**ပါပဲခင်ဗျ။

ဆရာတော်က ကျွန်တော့်ကို တွေ့စတကည်းက မပြတ်အကဲခတ်နေတာဆိုတော့ ကျွန်တော့်ရဲ့ အမူအကျင့်နဲ့ စိတ်ဓာတ်တွေကို အားလုံးသိနေတယ်လေ။ ဒါကြောင့် တစ်နေ့မှာ ဆရာတော်က ကျွန်တော့်ကိုခေါ်ပြီး...

"ဒကာကြီး မရမ်ဂမ်...ဒကာကြီးက ရိုးသားတယ်။ ဘာသာတရားကို အထူးသက်ဝင်ယုံကြည်တယ်။ ဒါပေမယ့် မဟုတ်မခံစိတ်ဓာတ်နဲ့ မှန်တယ်ဆိုရင် ဘာကိုမှ မကြောက်ဘဲ ပြောတတ်၊ လုပ်တတ်တယ်။

မှန်တယ်ဆိုတိုင်း ပြောလို့ လုပ်လို့မရတဲ့ ကိစ္စရပ်တွေ လောကကြီးထဲမှာရှိတယ်။ ဒီစိတ်ဓာတ်နဲ့ အပြုအမူတွေကြောင့် ဒကာကြီးမှာ ရန်သူပွားပြီး ဘေးရန်များတတ်တယ်။

ဒါကြောင့် ကိုယ့်စိတ်ကို ဘာသာတရားနဲ့ ပြုပ်ပါလို့ အထူးမှာချင်တယ်။ အသိတရားရှိတဲ့သူမို့ ပြင်နိုင်မှာပါ။

အဲဒီလို ပြင်နိုင်ပြီး ဘေးရန်ကင်းစေဖို့အတွက်လဲ ဘုန်းဘုန်းက "ကိုယ်ပျောက်ဂါထာ"တစ်ပုဒ် ပေးလိုက်ပါမယ်။ အချိန်ရတိုင်း ရွတ်ပွားပူဇော်နေပေါ့ကွယ်"

လို့ အမိန့်ရှိပြီး ဟောဒီဂါထာလေးကို ချီးမြှင့်ပေးခဲ့တယ်လေ။

ဘဝေဝါဟံ ဘယံဒိသွာ၊
ဘဝဉ္စ ဝိဘဝေသိနံ၊
ဘဝံနာဘိ ဝဒိံကိဉ္စိ
နန္ဒိဉ္စ နဥပါဒိယိံ။

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **ဘယံဒိသွာ** | = | ဘယံဒိတ်သဝါ |
| **ဘဝဉ္စ** | = | ဘဝင်စ |
| **ဝဒိံကိဉ္စိ** | = | ဝဒိန်ကိန်စိ |
| **နန္ဒိဉ္စ** | = | နန်ဒိန်စ |
| **နဥပါဒိယိံ** | = | နအုပါဒိယိန် |

အနက်

**အဟံ**–ငါဘုရားသည်၊ **ဘဝေ**–ဘဝများစွာ သံသရာ၌ အခါခါဆက်လျှင်း ဖြစ်ရခြင်း၌၊ **ဘယဉ္စ**–ဇာတိဒုက္ခ စသည်များတောင်း ဘေးအပေါင်းကိုလည်းကောင်း၊ **ဘဝဥ္စ**–ကာမရူပ, အရူပဟု ဘဝသုံးဖြာ သံသရာကိုလည်းကောင်း၊ **ဝိဘဝေသိနဉ္စ**–ဘဝကင်းရာ ရှာကြံပါငြား သတ္တဝါအများကို လည်းကောင်း၊ **ဒိသွာဝေ** – သိမြင်တော်မူသောကြောင့်သာလျှင်၊ **ကိဉ္စိဘဝံ**–တစ်စုံတစ်ခုသော ဘဝကိုမျှ၊ **နာဘိဝဒိံ**–တဏှာဒိဋ္ဌိ ကပ်ငြိစွဲလမ်း မယူခဲ့ပေ၊ **နန္ဒိဥ္စ**–ဘဝသုံးဖြာ တွယ်တာတတ်လှ ဘဝတဏှာကိုလည်း၊ **နဥပါဒိယိံ**–အလွဲတမူ မစွဲယူခဲ့ပါပေ။

*[ဤဂါထာတော်နှစ်ပုဒ်၏ ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း တို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ မှော်စရိယ(မဟာဝဏ္ဏဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]*

ဂါထာလေးက တိုတိုလေးပါ။ တိုပေ

www.burmeseclassic.com

www.burmeseclassic.com

မယ့် အကျိုးကတော့ အဖိုးအနမတွက်လို့ ဆိုချင်ပါတယ်နော်။ ဆရာတော်ကြီးက ဒီဂါထာဟာ **ဗြဟ္မဇာလသံယုတ်၊ ဗြဟ္မနိမန္တနိကသုတ်တော်**မှာ လာတဲ့ ဂါထာတော်ဖြစ်ပြီး ဗကဗြဟ္မာကြီးနဲ့ ဘုရားရှင်တို့ တန်ခိုးယှဉ်ပြိုင်ရာမှာ မြတ်စွာဘုရားရှင် အောင်တော်မူစဉ် ဟောကြားခဲ့တဲ့ ဂါထာတော်ဖြစ်ကြောင်းလဲ ရှင်းပြခဲ့တယ်ဗျ။

မြတ်စွာဘုရားရှင်ကိုယ်တိုင် ကျူးရင့်မြွက်ကြားခဲ့တဲ့ ဂါထာဖြစ်လို့ တန်ခိုးတော်ကတော့ အနန္တလို့ ဆိုတယ်လေ။

ကဲ... အခုတစ်ခါ ကျွန်တော့်ကိုယ်တွေ့ ဖြစ်ရပ်လေးကို ပြောပြမယ်နော်။ လွန်ခဲ့တဲ့(၆)နှစ်လောက်က အဖြစ်အပျက်ပါ။ အဲဒီနေ့က ညနေစောင်း ကိစ္စတစ်ခု ဆောင်ရွက်ပြီး အိမ်ပြန်လာခဲ့ပါတယ်။

ကျွန်တော့်အိမ်ရဲ့ မြောက်ဘက်လမ်းကြားမှာ ဆူညံသံတွေကြားလို့ သွားကြည့်မိတယ်ဗျ။ လူငယ်တွေ ရန်ဖြစ်ထိုးကြိတ်နေကြတာကို တွေ့တော့ သွားဖျန်ဖြေပေးတာပေါ့ဗျာ။ တွေ့လိုက်ရတာက ဦးနှောက်ဉာဏ်ရည်မမီတဲ့ လူငယ်လေးကို အခြားလူနှစ်ယောက်က ဝိုင်းပြီးထိုးနှက်နေကြတယ်လေ။

ထိုးကြိတ်ကြတဲ့ လူတွေကလဲ ကိုယ့်ရပ်ကွက်သားတွေ ဖြစ်နေကြတယ်။ ပြီးတော့ သောက်စားထားလို့ မူးနေကြတာဗျ။ ကျွန်တော်လဲ တတ်သလောက် ချော့မော့ဆုံးမတာပေါ့။

ဒါကို လက်မခံကြဘဲ မူးနေတဲ့ တစ်ယောက်က ကျွန်တော့်ကို လက်သီးနဲ့ ထိုးလာလေပါရောဗျို့။ နဂိုကမှ စိတ်ဆတ်တဲ့ ကျွန်တော် ဘာမှ မစဉ်းစားမိတော့ဘဲ ပြန်ထိုးမိတာပေါ့။



ကျန်တဲ့ တစ်ယောက်ပါ ကူထိုးလာလို့ နှစ်ယောက်နဲ့တစ်ယောက် ဖြစ်နေပေမယ့် သူတို့က မူးနေတာရယ်၊ တပ်ထဲမှာကတည်းက ကိုယ်ခံပညာကောင်းကောင်း တတ်ခဲ့တာရယ်ကြောင့် ကျွန်တော့် ထိုးနှက်ချက်တွေကို မခံနိုင်ဘဲ အကွဲအပြဲနဲ့ ပြေးကြရတယ်။

ဒီရန်ပြိုးက မပြေဘူးဗျ။ ဒီလိုဖြစ်ပြီး တစ်ပတ်လောက်အကြာမှာ မနက်ခင်းမှာ ကျွန်တော့်အိမ်ကို လူတစ်စု တုတ်တွေ၊ ဓားတွေနဲ့ တက်လာကြတယ်ဗျ။ မနက်ခင်း ဒီလိုအချိန်ဆို ကျွန်တော့်ဇနီးနဲ့ သားသမီးတွေ အလုပ်သွားကြတာမို့ ဘယ်သူမှ မရှိဘဲ ကျွန်တော် တစ်ယောက်တည်းဆိုတာ သိနေကြတယ်လေ။

အဲဒီအချိန်မှာ ကျွန်တော်က ဘုရားခန်းမှာ ဘုရားရှိခိုး တရားထိုင်ပြီး အညောင်းဖြေနေစဉ် ကြည့်လိုက်တော့ လူ(၄)ယောက် လက်နက်ကိုယ်စီနဲ့ ဆိုတာ မြင်တွေ့ရတယ်ဗျ။

ရင်ဆိုင်တိုက်ခိုက်ရင်လဲ အများနဲ့ တစ်ယောက်ဖြစ်ပြန်၊ သူတို့မှာ တုတ်၊ ဓား လက်နက်တွေနဲ့ ဖြစ်ပြန်ဆိုတော့ မနိုင်၊ နိုင်ဘူးဆိုတာ တွေးမိပြီး ရတနာသုံးပါးကိုသာ ရှိခိုးအားကိုးနေမိတော့တယ်။

ဒီအချိန်မှာ ဆရာတော်ကြီး ချီးမြှင့်ခဲ့တဲ့ မြတ်စွာဘုရားရှင်က ဗကဗြဟ္မာကို အောင်နိုင်တော်မူတဲ့ ဥဒါန်းဂါထာ **"ကိုယ်ပျောက်ဂါထာ"**ကို သတိရပြီး အခေါက်ခေါက် အခါခါ ရွတ်ဆိုနေမိတာပေါ့။

သူတို့တစ်တွေက ဘုရားခန်း၊ အိမ်ခန်း၊ မီးဖိုခန်းပါမကျန် ဝိုင်းရှာကြတာပဲဗျ။ နောက်ဆုံး ဘယ်မှာမှ ရှာမတွေ့တော့ လက်လျှော့ပြန်သွားကြတယ်။ ဆဲဆိုသွားကြတာပေါ့။

နောင် သူတို့အမှားကိုသိပြီး ကျွန်တော့်ကို တောင်းပန်ကြတဲ့အခါ မေးကြည့်မိတယ်ဗျ။

"မင်းတို့ အဲဒီနေ့က ငါ့ကို လာရှာကြတော့ ဘုရားခန်းထဲမှာထိုင်ပြီး ဂါထာရွတ်ဆိုနေတဲ့ ငါ့ကို မတွေ့ကြဘူးလား"

လို့ မေးတဲ့အခါ သူတို့က...

"မတွေ့ပါဘူးဗျာ... ဘုရားခန်းသာမကဘဲ မီးဖိုကအစ အိမ်သာအဆုံး အကုန်လိုက်ရှာကြတယ်လေ၊ တွေ့လို့ကတော့ ကိစ္စတုံးရင်ကြပြီပေါ့ဗျာ"

လို့ ပြန်ပြောကြတယ်လေ။

ကဲ ဒါက ကျွန်တော် အမြဲရွတ်နေတဲ့ ဗကဗြဟ္မာကို အောင်တော်မူစဉ်က ဘုရားရှင်ဟောတော်မူခဲ့တဲ့ ကိုယ်ပျောက်ဂါထာနဲ့ အဲဒီဂါထာရဲ့ အကျိုးကျေးဇူး အတွေ့အကြုံပါပဲဗျာ'

ကချင်တိုင်းရင်းသားကြီး ဦးမရမ်ဂမ်၏ အတွေ့အကြုံ အဖြစ်အပျက်ကို နားဆင်ကြပြီးနောက် နေဝင်မိုးချုပ်အချိန်တော်တော်လင့်ပြီ ဖြစ်သဖြင့် စကားဝိုင်းကို ရုတ်သိမ်းကာ လူစုခွဲခဲ့ကြပါတော့သည်။

**အုံ့ကြွယ်**



www.burmeseclassic.com


www.burmeseclassic.com

စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များအကြောင်း

ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

၁။ * * *



ယခုလအတွက် **နံပါတ်(၁)**နေရာတွင် ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ စစ်ကိုင်းဒေသမှ အသက် အစိတ်ဝန်းကျင် အသားဖြူဖြူ အမျိုးသမီးတစ်ဦး ဖြစ်ပါသည်။

သူမနာမည် **"မစန္ဒာ"**ဖြစ်၍ **"စန္ဒာ"**နှစ်လုံးတွဲကို လက်မှတ် ရွေးထိုးထားခြင်း ဖြစ်ပါသည်။

"စ"အက္ခရာမှာ အဖြူရောင်နှစ်သက်သဖြင့် အသားဖြူသော မိန်းကလေးအတွက် "ဝဏ္ဏ" ဆိုသော အရောင်မှန်ကန်မှု ရှိပါသည်။

သို့သော် "ဖို"အက္ခရာဖြစ်၍ မိန်းကလေးကို နာမည် အစစာလုံးပေးထားရာ ဖို,မ မှန်ကန်မှု မရှိသဖြင့် ဘဝမှာ ယောကျ်ားတစ်ယောက်လို လှုပ်ရှားလုပ်ကိုင် ကြိုးစားရလိမ့်မည်။

**အထူးသဖြင့် အားကိုးလောက်သော ခင်ပွန်းမျိုး မရတတ်ပါ။**

ထို့ပြင် အင်္ဂါ ပါပအက္ခရာကို သံတိုသံပြတ်နှင့် နာမည်ပေးရမည်ဖြစ်ရာ **"စန်"**ဆိုသည်မှာ သံရှည်ဖြစ်၍ နာမည်က ဒီဃရသ မှားနေသည်။ **အိမ်ထောင်ရေးကံ မကောင်းတတ်ပါ။**

ထိုးမြဲလက်မှတ် ပုံသဏ္ဍာန်မှာ **ခွက်မှောက် + အမှား + အညွန့်ထောင် + အဖျားရှူး** သင်္ကေတများ ပေါင်းစပ်ထားသဖြင့် ငွေမမြဲ အမှားအယွင်းက စတင် ပတ်ဝန်းကျင် ဆက်ဆံရေးအဆင်မပြေ၊ အစကောင်း အနှောင်းပျက် ဖြစ်တတ်ပါသည်။


**၁၃၅၂ ခုနှစ်၊ အင်္ဂါသမီး၊ ဖြစ်၍** မဟာဘုတ်ခွင် နာမက္ခရတိုင်စဥ် ချကြည့်လျှင်...

* * * [နံပါတ်-၁]

အင်္ဂါ သိုက်ဖွားဖြစ်သူကို **အင်္ဂါအစ၊ စနေအဆုံး၊ = သိုက် + အထွန်း = ဣဋ္ဌ + ဣဋ္ဌ** နာမည်ပေးထားခြင်း ကောင်းပါသည်။


နာမက္ခရတိုင်စဥ်လည်း မှန်ပါသည်။ နာမည်နှစ်လုံးတွဲကို လက်မှတ်ရွေးထိုးခြင်းလည်း မှန်ပါသည်။ လက်မှတ်ပုံသဏ္ဍာန် ကောင်းအောင် ပြုပြင်ဖို့သာ လိုပါမည်။

* * *



- ✤ ငွေအိတ်သင်္ကေတ တည့်တည့်လှလှ ကြီးကြီးဆွဲခြင်း၊
- ✤ အညွန့်တွင် ပွင့်ဖတ်(၃)ခုပါသော ပန်းပွင့် သင်္ကေတ ထည့်ခြင်းတို့ဖြင့် လက်မှတ်ကောင်းတစ်ခု ဖြစ်စေပါလိမ့်မည်။

၂။ * * *



ယခုလအတွက် **နံပါတ်(၂)**နေရာတွင် ဖော်ပြပေးလိုက်သော ထိုးမြဲ



လက်မှတ်ပိုင်ရှင်မှာ ပဲခူးဒေသမှ အသက်သုံးဆယ်ဝန်းကျင်ရှိ အမျိုးသားတစ်ဦး ဖြစ်ပါသည်။

**"အေးကို"**ဆိုသော နာမည်(၂)လုံးတွဲကို အင်္ဂလိပ်အက္ခရာဖြင့် လက်မှတ်ရွေးထိုးခြင်း ဖြစ်ပါသည်။

**လက်မှတ်အောက်ဘက်တွင် အမြှင်သင်္ကေတများနေသဖြင့် အချစ်ရေး၊ အိမ်ထောင်ရေး၊ ရှုပ်ထွေး စိတ်ညစ်ရပါလိမ့်မည်။ လက်မှတ်ပုံသဏ္ဍာန် မကောင်းပါ။**

မွေးသက္ကရာဇ် ၁၃၅၀ ပြည့်နှစ်၊ တနင်္ဂနွေနေ့ဖြစ်ရာ မူလမဟာဘုတ်ခွင်နှင့် နာမက္ခရတိုင်စဥ် ချကြည့်လျှင်...

* * * [နံပါတ်-၂]

တနင်္ဂနွေဖွားဖြစ်၍ **"အေးကို"**ဆိုသောနာမည်မှာ တနင်္ဂနွေအစ တနင်္လာအဆုံး **မွေးနံ့ပေါ် အညွန့်အုပ်** နာမည်ပေးနည်း မှန်ပါသည်။

သို့သော် **သိုက်+မရဏ=ဣဋ္ဌ+အနိဋ္ဌ** ဖြစ်၍ နာမည်ပေး ညံ့ပါသည်။ နာမက္ခရတိုင်စဥ် မှန်သော်လည်း နာမည်ကောင်းတစ်ခု မဟုတ်ပါ။ အချစ်ရေးနှင့် ငွေကြေးကိစ္စများ စိတ်ညစ်ရပါလိမ့်မည်။

ဤနာမည်မျိုးတွင် သိုက်ဌာနမှ **"အေး"** တစ်လုံးတည်းကိုသာ လက်မှတ်ရွေးထိုးသင့်ပါသည်။ နိုင်ငံခြားတွင် အခြေချနေထိုင် လုပ်ကိုင်သူဖြစ်၍




www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလိပ်လို လက်မှတ်ထိုးသင့်သည်။

✳ ✳ ✳



အောက်ခြေလုံး ငွေအိတ်သင်္ကေတ တည့်တည့်လှလှ ကြီးကြီးဆွဲမှ ပဲတိုင်းထောင်လို ဘယ်မှာနေနေ အဆင်ပြေ ရပ်တည်နိုင်မည်။ · အညွန့်နေရာမှာ မြားဦးသင်္ကေတ ထည့်သင့်သည်။ လက်မှတ်အောက်က မျဉ်းမသားရပါ။

၃။ ✳ ✳ ✳



ယခုလအတွက် **နံပါတ်(၃)နေရာတွင်** ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ မွန်ပြည်နယ်၊ မုဒုံမြို့မှ အသက်သုံးဆယ်ဝန်းကျင် အသားဖြူဖြူ အမျိုးသမီးတစ်ဦး ဖြစ်ပါသည်။

**၁၃၄၆ ခုနှစ်၊ တနင်္လာဖွားဖြစ်ပြီး "ချစ်လေး"** ဟူသော နာမည်ကို မိဘများက ချစ်စနိုးမှည့် ခေါ်ကြသည်။

နာမည် အစစာလုံး "ချစ်" ကိုသာ အင်္ဂလိပ်အက္ခရာဖြင့် လက်မှတ်ရေးထိုးထားသည်။

လက်မှတ်တွင် **"ကြယ်"** တစ်လုံးပါရှိကတည်းက သူမ၏ အိမ်ထောင်ရေးနှင့် ကျန်းမာရေး တစ်ခုခုတော့ အညှိအပျက် ကြုံမည်ဟု ခန့်မှန်းနိုင်ပေပြီ။

မူလမဟာဘုတ်ခွင်နှင့် **နာမက္ခရတိုင်စဉ်ချကြည့်လျှင်...**

✳ ✳ ✳ [နံပါတ်-၃]

တနင်္လာ ဘင်္ဂဖွားဖြစ်သူကို **တနင်္လာအစ၊ ဗုဒ္ဓဟူးအဆုံး** မိတ်ဂြိုဟ်တွဲနှင့် နာမည်ပေးထားပြီး **အနိဋ္ဌ+ဣဋ္ဌ** နာမက္ခရတိုင်စဉ် မှန်သဖြင့် နာမည်ပေး သိပ်မညံ့ပါ။


သို့သော် **ချစ်=၁၃+လေး=၅** စုစုပေါင်း **(၁၈)ဂဏန်း**တွဲရသဖြင့် သင်္ချာဗေဒင်ပညာအရ ဂဏန်းတွဲနိမိတ်မကောင်းပါ။


ထို့ပြင် ဘင်္ဂအပျက်ဌာနရှိ တနင်္လာဂြိုဟ် အက္ခရာစာလုံး "ချစ်" ကို လက်မှတ်ရေးထိုးခြင်း မှားပါသည်။


နာမည်နောက်စာလုံး "လေး" မှာ သိုက်ဌာနရှိ ဗုဒ္ဓဟူးဂြိုဟ်ဖြစ်ပြီး သင်္ချာဗေဒင်အရ ပေါင်းလဒ်(၅) ရသဖြင့် နိမိတ်ကောင်းပါသည်။ ထိုစာလုံးကိုသာ လက်မှတ်ရေးထိုးသင့်သည်။

✳ ✳ ✳ ⟶

ငွေအိတ်သင်္ကေတ တည့်တည့်လှလှဆွဲ




အညွန့်တွင် ပွင့်ဖတ်(၄)ခုပါသော ပန်းပွင့်ပုံသင်္ကေတထည့် ကံကောင်းလာပါလိမ့်မည်။


***ဤမျှနှင့်သာ ကျေနပ်နိုင်ကြပါစေ။***

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**

***(ဥပဒေဘွဲ့)***

**လက္ခဏာဗေဒင်ပညာသုတေသီ**





www.burmeseclassic.com

www.burmeseclassic.com

# နှင်းညှပ်အိမ်

## အန္တရာယ်ကင်းကြောင်း နည်းလမ်းကောင်း

သစ္စာနီ
(ဓေယျာမြေ)



မရောက်သည်မှာ ကြာပြီဖြစ်သည့် မန္တလေးမြို့သို့ အကြောင်းကိစ္စတစ်ခု ဖြင့် သွားခွင့်ကြုံခဲ့သည်။ သွားရသည့် အကြောင်းကလည်း ရုံးကိစ္စဖြစ်သည့် အပြင် ဌာနမှ စီစဉ်ပေးသည့် ရုံးကား ဖြင့် သက်သောင့်သက်သာ သွားခွင့်ရ သည့်အတွက် အိမ်တွင်းအောင်း နေရရှာသည့် ဖခင်ကြီးကို တစ်ပါ တည်း ခေါ်လာခဲ့သည်။

ဤကဲ့သို့ ခေါ်ရသည်မှာလည်း အကြောင်းရှိသည်။ မန္တလေးမြို့ အောင်တော်မူရပ်တွင် ညီမအငယ်ဆုံး လေး ထွေးထွေးစံတို့မိသားစု ရှိနေ သည့်အတွက်ဖြစ်သည်။ ညီမငယ်၏ အမျိုးသားက ရုံးဌာနတစ်ခုမှ ငွေစာရင်း အရာရှိတစ်ဦးဖြစ်သည်။

လုပ်ရည်ကိုင်ရည်ရှိသူ တစ်ယောက် ဖြစ်သည့်အတွက် မိဘလက်ငုတ် လက်ရင်း မဟုတ်ဘဲ ကိုယ်ပိုင်ခြံနှင့် ဝင်းနှင့် တစ်အိုးတစ်အိမ်ဆောက်ကာ နေနိုင်သည်အထိ အဆင်ပြေနေကြသူ များဖြစ်သည်။ အညာဒေသသို့ ခရီး ထွက်ရတိုင်းလည်း အချိန်ရလျှင် ရသလို ညီမဖြစ်သူ၏အိမ်တွင် နားနား နေနေ တည်းခိုနေကျဖြစ်သည်။

ယခင်က ဖခင်ကြီးနှင့်အတူ မန္တလေးသို့ နှစ်တိုင်းလိုလို ရောက်ဖြစ်ခဲ့ ကြသော်လည်း အလုပ်တာဝန် ဝတ္တရားများ ဖိစီးပြီး နှစ်,နှစ်ကျော် သုံးနှစ်ခန့် မသွားဖြစ်ခဲ့ရာမှ ယခု ရုံးကိစ္စ ဖြင့် တစ်ခေါက်တစ်ကျင်း ရောက်ရ ခြင်းဖြစ်၏။

ညီမအရင်းအိမ် ရှိသည့်အပြင် ဖခင်ကြီးလည်း ပါလာသည့်အတွက် ရုံးမှ စီစဉ်ပေးသည့်အိမ်တွင် မတည်းခို တော့ဘဲ ညီမ၏အိမ်တွင်သာ တည်းခို ရင်း ရုံးလုပ်ငန်းများကို ဆောင်ရွက် သည်။

နှစ်နှစ်,သုံးနှစ်ခန့် မတွေ့ရသည့် ဖခင်ကြီးအား ညီမငယ် ထွေးထွေးစံ က အတိုးချကာ ပြုစုစောင့်ရှောက်နေ သည့်အတွက် ရုံးလုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက်သည့် သုံးရက်တာလုံး ကျွန်မ စိတ်ဖြောင့်ဖြောင့် လုပ်နိုင်ခဲ့ သည်။

ရုံးဝတ္တရားများ အားလုံး ပြီးပြတ် သွားမှ ကျွန်မတို့ညီအစ်မ စကား လက်ဆုံ ပြောဖြစ်ကြသည်။

'ငါ့ညီမနဲ့လဲ အခုမှ စကားပြောရ တော့တယ်။ ဘယ်လိုလဲ အထွေး... ညီမတို့ အဆင်ပြေကြတယ်မဟုတ် လား'

ညီမငယ် ချက်ကျွေးသော ညောင် ချဉ်ဖူးသုပ် အပါအဝင် အညာဟင်း များနှင့် အားပါးတရ ထမင်းစားပြီး ထမင်းလုံးစီရင်း ကျွန်မ စကားစလိုက် သည်။

'မမ မေးလို့ ပြောရဦးမယ်... ညီမတို့ ဘာဖြစ်တယ် မသိဘူး။ ဒီနှစ်ပိုင်းမှ အဆင်မပြေတာတွေ မျိုးစုံဖြစ်တယ်၊ တစ်ခုပြီး တစ်ခုပါပဲ မမရယ်'

'ဘာတွေများ အဆင်မပြေဖြစ်ကြ လို့လဲ သမီးရဲ့...ပြောပါဦး'

'အေးလေ... နင်တို့ ဘာတွေဖြစ် နေကြလို့လဲ မောင်မြတ်သူရဲ့ လုပ်ငန်း ကိုင်ငန်း အဆင်မပြေဖြစ်တာလား သေသေချာချာ ပြောစမ်းပါဟဲ့'

'ပြောရင် ယုံနိုင်စရာမရှိဘူး ဖေဖေရယ်၊ အသေးအဖွဲကအစ ကြီးကြီးမားမား ကိစ္စ အထိ ဘာလုပ်လုပ် အဆင်မပြေဘူး၊ လယ်သွားသလုတ်တိုက်၊ ထမင်းစား လျှာ ကိုက်မိတာ သမီးတို့မှ အစစ်ပဲ။ ကျန်းမာရေး ကလဲ သားအမိ,သားအဖ သုံးယောက် လှည့်ဖြစ်နေတာပဲ။

တလောကလေးကပဲ မယတူ ဖြစ်လိုက်တာ များ ဆေးခန်းကို ခုနစ်ရက်ဆက်တိုက် ပြရ တယ်။ ပြီးတော့ ကိုမြတ်သူတစ်ယောက် ကလဲ အလုပ်ထဲမှာ ပြဿနာတစ်ခု ဖြစ်နေ တယ်'

'ဟယ်...ဘာပြဿနာလဲ'

'အဲလိုပါဆိုမှ မမရယ်... ကိုယ်က ဘာမှ မလုပ်ရပါဘဲနဲ့ အောက်ကလူ လုပ်လိုက်တာ အများတစ်ခု ပါသွား တယ်လေ။ ကိုမြတ်သူက အရာရှိဆို တော့ အားလုံးက သူ့တာဝန်ဖြစ်ပြီး အခုထိ ဖြေရှင်းနေရတုန်းပဲ။





www.burmeseclassic.com

www.burmeseclassic.com

ဘာတွေဖြစ်လာမလဲတော့ မသိဘူး။ စောင့်ကြည့်ရဦးမှာပဲ။ အရင်တုန်းက ဒီလို အဆင်မပြေတာတွေ မဖြစ်ဖူးပါဘူး မမရယ်'

'ဒီလိုရှိတယ် သမီးရဲ့... လူတွေရဲ့ ကံကြမ္မာဆိုတာ အစဉ်အမြဲ ကောင်းနေတယ်ရယ်လို့တော့ မရှိပါဘူး။ မကောင်းခြောက်လ၊ ကောင်းခြောက်လပေါ့။ ဘုရား၊တရား အလုပ်ကော လုပ်ဖြစ်ရဲ့လားသမီး'

'အသင့်အတင့်တော့ လုပ်ဖြစ်ပါတယ် ဖေဖေ၊ ဒါပေမယ့် စိတ်ညစ်လာရင် သမီး ဘာမှ လုပ်ချင်စိတ် မရှိတော့ဘူး။ ဦးသုံးကြိမ်ချဖို့တောင် စိတ်မပါတော့လောက်အောင်ပဲ'

'ဟဲ့... ဘယ်ဟုတ်လိမ့်မလဲ သမီးငယ်ရဲ့၊ စိတ်ညစ်စရာတွေ အဆင်မပြေတာတွေ တွေ့ရင် ဘုရားတရားကို ပိုလုပ်ရမှာပေါ့ ကွယ်၊ အဲဒါမှ အဆင်မပြေတာတွေ တဖြည်းဖြည်း ပျောက်သွားမှာပေါ့ သမီးရဲ့'

ဖခင်ကြီးကတော့ သူ့ထုံးစံအတိုင်း သူ့သမီးငယ်လေးအား ဘုရားဆေး၊ တရားဆေးများ တိုက်ကျွေးခြင်းဖြင့် အခက်အခဲများ၊ ပြဿနာများမှ ကျော်လွှားနိုင်အောင် နည်းပေးလမ်းညွှန်ပြုလေသည်။ ကျွန်မလည်း ကျွန်မနည်း ကျွန်မဟန်ဖြင့် ညီမငယ်လေးအား ကူညီပေးနိုင်မည့် နည်းလမ်းကို စဉ်းစားနေမိသည်။

'ဘဘတို့၊ မမသက်တို့ လာလည်ကြတာလား... မလာတာတောင် အတော်ကြာပြီနော်'

ကျွန်မတို့ သားအဖသုံးယောက် ကိုယ့်အတွေးနှင့်ကိုယ် ခဏမျှ ငြိမ်နေကြသည့်အခိုက် ခြေရင်း ခြံစည်းရိုးအစပ်မှ လှမ်းနှုတ်ဆက်လိုက်သည့် အသံကြောင့် လှည့်ကြည့်လိုက်ရာ ထွေးထွေးစံတို့၏ အိမ်နီးချင်းဖြစ်သည့် ရွှေအိကို တွေ့လိုက်ရသည်။

'သြော်... အေးကွယ်၊ သမီးတို့ မိသားစုကော နေကောင်းကြတယ် မဟုတ်လား'

'ဟုတ်တယ် ရွှေအိရေ့ မမ ရုံးကိစ္စနဲ့ လာရင်းလေ...မရောက်တာလဲ သုံးနှစ်လောက်ရှိနေပြီ၊ အဒေါ်တို့ရော နေကောင်းကြတယ်နော်'

'ဟုတ်ကဲ့ အားလုံးကောင်းပါတယ်။ အိမ်ကို လာလည်ကြပါဦး၊ ထမင်းလဲ ကျွေးချင်လို့'

'အိမ်ကိုတော့ လာလည်ပါ့မယ်။ ထမင်းတော့ မကျွေးပါနဲ့ ညီမရယ်'

'မဟုတ်တာ...မမကလဲ တစ်နှစ်တလေတော့ ကျွေးပါရစေ၊ ဟော... မမရေ သွားလိုက်ဦးမယ်နော် အိမ်ရှေ့မှာ ဈေးဝယ်တွေ ရောက်နေလို့'

'သြော်...အေး...အေး...ညီမ သွားသွား'

ကျွန်မတို့ကို စကားပြောနေရင်းမှ အိမ်ရှေ့သို့ အပြေးလေး ထွက်သွားသော ရွှေအိကို မျက်စိရှေ့မှ ပျောက်ကွယ်သွားသည်အထိ လိုက်ကြည့်နေမိရာမှ တစ်စုံတစ်ရာကို စဉ်းစားနေမိသည်။

'ဟဲ့...သမီးငယ် ရွှေအိတို့အိမ်က သမီးတို့ ခေါင်းရင်းအိမ်လို့ မှတ်နေတာ မဟုတ်ဘူးလားဟဲ့'

'ဟုတ်တယ်၊ သမီးလဲ အဲဒါ စဉ်းစားနေတာ သုံးနှစ်လောက် အဆက်ပြတ်သွားတာ၊ ခေါင်းရင်းလား၊ ခြေရင်းလားတောင် ဇဝေဇဝါ ဖြစ်နေပြီ၊ နောက်ပြီး အရင်က သူတို့ ဈေးမရောင်းပါဘူး'

ကျွန်မနှင့် ဖေဖေ ပြောလိုက်သည့် စကားကို နားထောင်ပြီး ညီမဖြစ်သူက တစ်ချက် ရယ်လိုက်ရင်း ပြန်ပြောလေသည်။

'ဖေဖေရော မမပါ မမှားပါဘူး။ အရင်က ရွှေအိတို့ သမီးအိမ်ရဲ့ ခေါင်းရင်း အိမ်မှာ နေတာပါ။ အခု ရွှေအိက အိမ်ထောင်ကျသွားပြီလေ၊ သူ့အမျိုးသားလေးက အိမ်ဝယ်မယ်လုပ်တော့ သမီးတို့ခြေရင်းအိမ် ရောင်းမှာနဲ့ အတော်ပဲ ဖြစ်သွားတယ်။ အိမ်ထောင်ကျပြီးမှ ရွှေအိက အိမ်ရှေ့မှာ ဈေးဆိုင်လေးဖွင့်ပြီး ရောင်းနေတာလေ'

'ဟော...ဒါဆို သူ့အမေနဲ့ သူ့အစ်ကို တို့ကရော'

'သူ့အမေကတော့ ရွှေအိနဲ့နေတာ များပါတယ်။ ခေါင်းရင်းအိမ်မှာ သူ့အစ်ကိုမိသားစု ကျန်ရစ်တယ်၊ အိမ်က နီးနီးလေးဆိုတော့ သူ့အမေကြီးက ဟိုကူးလိုက်၊ ဒီကူးလိုက်ပါပဲ'

'ဖြန်း...'

'ဟာ...ဒါကြောင့်ကိုး'

ပက်လက်ကုလားထိုင်တွင် ကျောမှီထိုင်နေရာမှ ရုတ်တရက် ခါးမတ်မတ်ထားကာ ထိုင်လိုက်ရင်း ပေါင်ကို ဖြန်းခနဲနေအောင် ရိုက်လိုက်ကာ မှတ်ချက်ချလိုက်သည့် ဖခင်ဖြစ်သူအား ကျွန်မတို့ ညီအစ်မ ပြိုင်တူ လှမ်းကြည့်လိုက်မိလေသည်။

'နေဦး သမီး... ရွှေအိတို့ ခြေရင်းအိမ်ပြောင်းကြတာ ဘယ်လောက်ကြာပြီလဲ'

'ဝါမဝင်ခင်လောက်ကပဲ ဖေဖေရယ်၊ ရှစ်လ၊ကိုးလလောက်တော့ ရှိရောပေါ့။ သမီး အတိအကျတော့ မသိဘူး'

'သမီးတို့ မိသားစု အဆင်မပြေဖြစ်နေကြတာရော ဘယ်အချိန်လောက်က စ,ဖြစ်တာလဲ'

'ဟိုဟာဖြစ်လိုက်၊ ဒီဟာဖြစ်လိုက် ဖြစ်နေတာကတော့ လွန်ခဲ့တဲ့ ခြောက်လ,ခုနစ်လ လောက်ကတည်း



www.burmeseclassic.com

www.burmeseclassic.com

က ဖြစ်နေတာပဲ ဖေဖေ။ ကိုမြတ်သူကိစ္စကတော့ သုံးလလောက်ပဲ ရှိသေးတယ်'

ညီမငယ်မှာ ဖခင်ဖြစ်သူ မေးသမျှ စဉ်းစားဖြေပြီး မျက်လုံးလေး ကလယ်ကလယ်နှင့် နားမလည်နိုင်စွာ ဖြစ်နေသော်လည်း ဖေဖေ့ မေးခွန်းများကို ဆင်ခြင်သုံးသပ်ပြီး ကျွန်မ ရေးတေးတေး သဘောပေါက်စ ပြုလေသည်။

'ဖေဖေ... ညီမလေးတို့ ဖြစ်နေတာ အိမ်ကြောင့်လားဟင်၊ အိမ်ညှပ်နေလို့ မဟုတ်လား'

'ဟုတ်တယ် သမီး။ အခုမှပဲ ဖေဖေ သဘော ပေါက်သွားတော့တယ်။ ပြဿနာရဲ့ အကြောင်းရင်းကို သိသွားပြီဆိုတော့ ပြဿနာ ဖြေရှင်းဖို့ဆိုတာ မခက်တော့ပါဘူး။ သမီးငယ်တို့ မကြာခင် အဆင်ပြေသွားပါလိမ့်မယ်'

ဖေဖေ ဦးဆောင်မှုဖြင့် ကျွန်မတို့ မပြန်ခင်မှာပင် ဘုန်းကြီး ငါးပါးပင့်ကာ ဘုရားအနေကဇာတင်ပြီး အန္တရာယ်ကင်း ပရိတ်ရွတ်လိုက်သည်။

ညီမဖြစ်သူအား နေ့စဉ်နေ့တိုင်း ဘုရားပန်း၊ ဆွမ်း၊ သောက်တော်ရေတို့ကို ကပ်စေပြီး ညတိုင်း ဆီမီးပူဇော်စေသည်။ ဂဏ်တော်ကိုးပါးကို တစ်နေ့လျှင် သုံးပတ် မပျက်မကွက် စိပ်စေသည်။

**မြန်မာတို့၏ နှစ်ဆန်းတစ်ရက်နေ့ ရောက်တိုင်း ရဟန်းသံဃာများကို တတ်နိုင်သလောက် ပင့်ဖိတ်၍ ဆွမ်းကပ်ပြီး ဘုရားအနေကဇာတင်ခြင်း၊ အန္တရာယ်ကင်းပရိတ်ရွတ်ခြင်းများကို ပြုလုပ်စေသည်။**

ထို့ပြင် ကိုမြတ်သူအား အိမ်ရှိ ကြက်လျှောက်တန်းတွင် မြေဖြူခဲဖြင့် **၁၉၉၊ ၂၉၉၊ ၃၉၉၊ ၄၉၉၊ ၅၉၉၊ ၆၉၉၊ ၇၉၉၊ ၈၉၉၊ ၉၉၉** စသည့် ဂဏန်းများကို ရေးစေသည်။



ဖခင် ခိုင်းစေသည့်အတွက်ကြောင့် လိုက်လုပ်နေရသော်လည်း မည်သည့် အကြောင်းကြောင့် ဤသို့ လုပ်နေသည်ကို မသိသည့် ထွေးထွေးစံက...

'ဖေဖေ... သမီးတော့ ဘာမှ နားမလည်တော့ဘူး။ ဘယ့်နှယ် ကြောင့် ချက်ချင်းကြီး ထလုပ်ကြတာလဲ'

'ဒီလိုရှိတယ် သမီးရဲ့... ဖေဖေတို့ မြန်မာလူမျိုးတွေရဲ့ ရှေးရိုးအစဉ်အလာ တစ်ခုက အခု သမီးတို့ဖြစ်နေသလို ညီအစ်ကိုနှစ်ယောက်၊ ဒါမှမဟုတ် ညီအစ်မနှစ်ယောက်၊ ဒါမှမဟုတ် မောင်နှမနှစ်ယောက်ရဲ့ အိမ်ကြားမှာ ရှိနေတဲ့ အိမ်ကို နှိုညှပ်အိမ်လို့ ခေါ်တယ်။

မနေကောင်းတဲ့ မနေသင့်တဲ့ အိမ်အမျိုးအစားထဲမှာပါတယ်။ နေတဲ့လူကို ခိုက်တတ်တယ်လို့ အဆိုရှိတယ်။

ဒါပေမယ့် သမီးရယ်...ရှောင်လွှဲလို့ မရတဲ့ အခါမျိုးလဲ ရှိတတ်ကြပါတယ်။ သမီးတို့တောင် အခု ကြုံနေပြီမဟုတ်လား။ ဒီလို အနေအထား ဖြစ်လာရင် အန္တရာယ်ကင်းဝေးရှင်းအောင် ရှေးလူကြီးတွေက နည်းလမ်းကောင်းတွေ ထားခဲ့ကြပါတယ်။

အခု... သမီးတို့ကို လုပ်ခိုင်းသလို မြန်မာနှစ်ဆန်းတစ်ရက်နေ့မှာ ဘုရားအနေကဇာတင်တာတို့၊ ရဟန်းသံဃာများကို ဆွမ်းကပ်ပြီး အန္တရာယ်ကင်း ပရိတ်ရွတ်တာတို့၊ မြတ်စွာဘုရားရဲ့ မြင့်မြတ်လှတဲ့ ဂုဏ်တော်ကိုးပါးကို နေ့စဉ် ရွတ်ဖတ်ပူဇော်တာတို့ နောက်ပြီး အိမ်ရဲ့ ကြက်လျှောက်တန်းမှာ မြေဖြူနဲ့ ၁၉၉၊ ၂၉၉၊ ၃၉၉၊ ၄၉၉၊ ၅၉၉၊ ၆၉၉၊ ၇၉၉၊ ၈၉၉၊ ၉၉၉ စတဲ့ ဂဏန်းတွေ ရေးတာတို့ပေါ့။

ဒါတွေကလဲ ယုံလို့ မရဘူး။ အခုလို အခက်အခဲ ဖြစ်နေတဲ့ အိမ်တွေအတွက် ရှေးလူကြီးတွေက တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ပေးခဲ့တဲ့ နည်းလမ်းကောင်းတွေပဲ ကွယ့်။

ရှေးထုံးလဲ မပယ်နဲ့၊ ဈေးသုံးလဲ မကွယ်နဲ့တဲ့။ သမီး ယုံယုံကြည်ကြည်လုပ်နော်၊ သမီးတို့ တွေ့ကြုံနေရတဲ့ အဆင်မပြေတာတွေ၊ အခက်အခဲတွေ အားလုံး အဆင်ပြေသွားပါလိမ့်မယ်'

ကျွန်မတို့ ရန်ကုန်ပြန်ရောက်ပြီး တစ်လခန့်အကြာ ညီမငယ်ထံမှ ဖုန်းလာသည်။ ဖုန်းဆက်သည့် အကြောင်းအရာကား ညီမငယ်၏ အမျိုးသားဖြစ်သူ ကိုမြတ်သူ ရင်ဆိုင်ဖြေရှင်းနေရသည့် ပြဿနာသည် ထိခိုက်နစ်နာမှု လုံးဝမရှိဘဲ ရှင်းလင်း ပြီးပြတ်သွားကြောင်း...

မိသားစုအတွင်း ဖြစ်နေသည့် ကျန်းမာရေး၊ လူမှုရေး စသည့် အဆင်မပြေမှုများသည်လည်း တစ်စထက်တစ်စ ကင်းဝေးသွားပြီဖြစ်ကြောင်း...

သူမသာမက သူမ၏ ခင်ပွန်းဖြစ်သူလည်း ဂုဏ်တော်ကိုးပါးအား နေ့စဉ် ပုတီးသုံးပတ် မပျက်မကွက် စိပ်နေပြီဖြစ်သည့် အကြောင်းများ ဖြစ်လေသည်။


ညီမငယ် ထွေးထွေးစံတို့ မိသားစုကဲ့သို့ မလွှဲသာ မရှောင်သာဘဲ နှိုညှပ်အိမ်များတွင် နေကြရသူများအတွက် အန္တရာယ်ကင်း ဝေးရှင်းစေရန် ရှေး

 စာမျက်နှာ (၁၈၈) သို့
www.burmeseclassic.com

www.burmeseclassic.com

ကျားရှာခြုံဆရာကြီး၏

# ပြဒါးလမ်း



**(မိတ္ထီလာမှ အထက်တန်းရှေ့နေကြီး ဦးထွန်းဖေ ကာယသိဒ္ဓိပြီးသည်အထိ အောင်မြင်ခဲ့ပါသည်။)**

ဆော် ၂ (၂)ကျပ်သား
ဂွတ် ၂ (၂)ကျပ်သား
နာ ၂ (၂)ကျပ်သား

ယင်းသုံးပါးတွဲ၍ထောင်း၊ ပျားရည်ဖြင့် လုံးသေးသေးလုပ်ပါ။ ယင်းလုံးအတွင်းသို့ ပျားရည် ၄ဲ (၄ပဲ)သားထည့် ဖွဲသုံးဆုပ်ဖြင့် မီးဖုတ်ပါ။ ပြဒါး (၃ဲ)ပဲသား အမာခဲရ၏။

၁။ ဆား ၁ဲ (၁ပဲ)၊ ကန့် ၂ဲ (၂ပဲ)၊ စိန်နီ ၃ဲ(၃ပဲ)၊ ယမ်း ၄ဲ (၄ပဲ)၊ ဟင်းရိုင်း ၈ဲ (၈ပဲ)၊ ဇဝက်သာ ၉ဲ (၉ပဲ)၊ ဆေးဒန်း ၇ဲ (၇ပဲ)၊ လက်ချား ၆ဲ (၆ပဲ)။

ယင်းတို့ကို ချော်ချက်၍ ပြဒါးခဲကို ထည့်ပြီးထိုးပါ။ ပြဒါးသေ ၁မူး(၁မူး)သား ရမည်။

ယင်း**ပြဒါးသေ**ကို ထောပတ် (၂၇)မီး၊ ဝက်ဆီ(၂၇)မီးလောင်း၊ ကာယသိဒ္ဓိ ပြီး၏။ ပထမကလ္လာ ပြီး၏။

ဟင်းရိုင်း ၄ဲ (၄ပဲ)၊
ဆေးဒန်းရွှေဝါ ၄ဲ (၄ပဲ)၊
ဇီး(ဆီး)ဖြူကန့် ၄ဲ (၄ပဲ)၊

ယင်းတို့ကို သံပရာရည်ဖြင့် လက်ဖက်ရည်ပန်းကန်ထဲတွင် မီးနွေးနွေးချက်ပါ။ ယင်းဆေးကို လုံထဲထည့်၍ ပြဒါးသေ ၁မူး(၁ မူး)သားကို လုံထဲထည့်ပိတ်ဖော်မံ၊ ဖွဲ(၃)တင်းဖြင့် မီးစိုက်၊ ပြဒါးပြာ ထုံကျ၏။

ယင်းပြာထုံ ၁မူး(၁မူး)သားကို ဘော် ၁ (၁ကျပ်)သားကို ပစ်သော် ပြာ ထုံကျ၏။ ယင်းဘော်ပြာထုံ ၁မူး(၁မူး)သားကို နာ ၁ဝ (၁ဝကျပ်)သားတွင်ပစ်သော် ဘော်သာခွာဖြစ်၏။

ယင်း ပြာထုံ ၁မူး(၁မူး)သားကို ရွှေပရပိုက်ခေါက်တွင်ပစ် ရွှေပြာထုံဖြစ်၏။

ရွှေပြာထုံ ၁မူး(၁မူး)သားကို ငွေ ၁ဝ (၁ဝကျပ်)သားကိုပစ် ပရပိုက်ဖြစ်၏။ ပီယသိဒ္ဓိ၊ နေသိဒ္ဓိ ဒုတိယကလ္လာပြီး၏။

**(ယင်းအဆင့်ထိ မိတ္ထီလာမှ ရှေ့နေ ဦးထွန်းဖေ အောင်မြင်ခဲ့ပါသည်။)**

ဒုတိယကလ္လာ၊ တတိယကလ္လာဖြစ်သော အာယုသိဒ္ဓိ ပေါက်ရောက်အောင် ကြိုးစားဆဲမှာပင် အသက်ဆုံးသွားပါသည်။ မအောင်မြင်ခဲ့ပါ။

**မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ခြေ ရွှေပြည်မနောမယ ကျောင်းတိုက် (ဆီးဖြူပင်ဆရာတော်)ဦးအရိယဝံသ၏ လက်ရေးမူ မှတ်တမ်းများမှ ကောက်နုတ်ဖော်ပြပါသည်။**

တင်လှ *(ဆ-မ-ဌိမ်း)*

---

စာမျက်နှာ (၁၈၇)မှ အဆက်

လူကြီးများအစဉ်အဆက် ထားခဲ့ကြသည့် နည်းလမ်းကောင်းများအား စေတနာအရင်းခံဖြင့် လက်ဆင့်ကမ်းဖော်ပြရေးသားလိုက်ရပါသည်။

***သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများအား အစဉ်ဂါရဝပြုလျက်...***

**သစ္စာဦး(ဓေယျာမြေ)**

---

စာရှုသူ သုတေသီနှင့် ပညာရှင်တို့ခင်ဗျား...

ယခုဆောင်းပါးပါ ၁၉၉၊ ၂၉၉၊ ၃၉၉၊ ၄၉၉၊ ၅၉၉၊ ၆၉၉၊ ၇၉၉၊ ၈၉၉၊ ၉၉၉ စသော ဂဏန်းများ ရေးသားရခြင်း အကြောင်းရင်း သိရှိသူများမှ ဖော်ထုတ်ရေးသားပေးကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

*လေးစားစွာဖြင့်...*

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com

# ရွှေ ငွေ ပျောက်လျှင်

မီးဓာတ်ကိုဆင်ပါ

ဇော်မြင့် (မြင်းခြံ)



ရေအောက်တွင် နစ်မြုပ်သွားသော ပစ္စည်းလည်းကောင်း၊ မီးတောက်မီးလျှံ တောက်လောင်ခံရသော ပစ္စည်းလည်းကောင်း ပြန်လည်ရလိမ့်ဦးမည်ဟူသော မျှော်လင့်ချက်မရှိ။

သူခိုး၏လက်၌ ပါသွားသော ပစ္စည်းသည် အစီရင်ကောင်း၊ အခါအခွင့်ကောင်း တွေ့ရပါမူ ပြန်လည် ရယူပိုင်ဆိုင်ခွင့် ရှိလာနိုင်၏၊ လုံး၀ ဆုံးသွားပြီဟု မဆိုနိုင်၊ တွေ့လိမ့်နိုး ရလိမ့်နိုးနိုး ဖြေသိမ့်စိတ် ရှိနေသေး၏။

* * *

ကျွန်ုပ်သည်...

ဆပ္ပပဋ္ဌိကဟူးရားကျမ်း စာအုပ်ဟောင်းလေးကို စိတ်မပါတပါနှင့် ဖတ်နေစဉ် တပည့်ဖြစ်သူ မောင်ဆွေညွှန့်သည် အိမ်သို့ ရောက်လာ၏။

'လာဟေ့ ဆွေညွှန့်'

ကျွန်ုပ်က ကြိုဆိုစကားကို ဆိုလိုက်သည်။

ဆွေညွှန့်၏ မျက်နှာသည် ရေမချရသေးသော ပုဆိုးသစ်ကဲ့သို့ ကြမ်းနေသည်ဟု ထင်မိ၏။ သုန်သုန်မှုန်မှုန် မျက်နှာဖြင့် အနီးမှာ လေးကန်စွာ ထိုင်ချလိုက်သည်။ မောင်ဆွေညွှန့်က စကားပြောလိုက်သည်မှာ...

'ဆရာရယ်... တပည့်စကား ရိုင်းနေခဲ့ရင်လဲ သည်းခံပေးပါ။ ပညာရပ်တစ်ခုကို စိတ်ထဲမှာ သံသယဖြစ်လွန်းလို့ပါ။

နောက်ပြီး... ပညာရပ်ကို မသိရင် မေးရမှာလဲ ဆရာ့ကိုပဲ မဟုတ်လား။ စဉ်းစားမိတဲ့အခါ တပည့်တို့ အင်းပညာရပ်က ချိုကုတ်လက်ကိုင်လို ဖြစ်နေရောလားလို့ ပြောပြချင်တာဆရာ'

ကျွန်ုပ်က သူ့စကားကို ကြားဖြတ်ပြောလိုက်၏။

'ဟော့...နေပါဦးကွ၊ ဆွေညွှန့်ရ မင်းစကားတွေက ရိုင်းနေခဲ့ရင်ကော၊ သံသယကော၊ ချိုကုတ်ကော စုံလို့ပဲ။ ငါ ဘယ်လိုအဓိပ္ပါယ်ကို နားလည်ရမှန်းမသိတော့ဘူး ရှင်းရှင်းပြောစမ်းကွာ'

'ဒီလိုပါဆရာ...'

'ဒီလိုတွေ၊ ဟိုလိုတွေ ပြောမနေနဲ့ကွာ...လိုရင်းကိုပြော'

ဟု ကျွန်ုပ်က ငေါက်ဆတ်ဆတ် ပြောလိုက်ရ၏။

'လွန်ခဲ့တဲ့ရက်ပိုင်းက မုဆိုးမဒေါ်ယုစံရဲ့သမီး ရောက်လာတယ်။ သူတို့အိမ်ရှေ့မှာ ဖွင့်ထားတဲ့ ကုန်စုံဆိုင်သေတ္တာထဲက ငွေတစ်သောင်းကျော်ရယ်၊ ရွှေလက်စွပ်တစ်ကွင်းရယ် ပျောက်လို့ အင်းကို မီးထွန်းဓာတ်ဆင်ပေးတာ ဆယ်ရက်ကျော်လာပြီး ပစ္စည်းလဲ ပြန်မရ၊ သူခိုးလဲမပေါ်၊ ထူးခြားမှုကလဲမရှိ ဖြစ်နေတယ်ဆရာ။

အင်းရော ဓာတ်ပါ စီရင်ပေးတယ်။ ပျောက်တာက လဆန်း(၉)ရက်ဆိုတော့ ဆန်းတစ်ရက်က စ,တွက်လို့ ရေပါကိန်းအရ ပြန်ရကိန်းဆိုတော့ နင်တို့ ရွှေနဲ့ငွေ ပြန်ရစေ့မယ်လို့ ပြောပြီး အင်းမီးထွန်းဆင်ပေးတာ မရသေးဘူး ဆရာ။

အင်းပညာတို့၊ ဓာတ်ဆင်ပညာရပ်တို့ ဟုတ်ကော ဟုတ်သေးရဲ့လား ဆရာ၊ သံသယတွေ ဝင်လာတယ်။ ယုံကြည်မှု နည်းလာတယ်။ နောက်ပြီး ရှေ့က နည်းတွေအတိုင်း ပုံသေစီရင်ပေးနေတော့ ချိုကုတ်လက်ကိုင်လို ဖြစ်နေရောလားလို့ စဉ်းစားမိတယ် ဆရာ'

မောင်ဆွေညွှန့်သည် သူ၏ စိတ်ထဲ အရှိအတိုင်း ပြောပြီးမှ ရပ်နားသွားတော့၏။

မကြာမကြာ ဒုက္ခလာပေးလေ့ရှိသော ဆွေညွှန့်ကို ပြန်ပြောရမည့် စကားကို တွေးလျက် စာအုပ်လေးကို စားပွဲပေါ်သို့ တင်လိုက်ရ၏။

'နေပါဦး ဆွေညွှန့်... ရွှေနဲ့ငွေ ပျောက်သွားတဲ့အကြောင်းစုံကို ပြောပြဦးလေ ဆရာလဲ ကူညီစဉ်းစားပေးနိုင်တာပေါ့'

'ပျောက်ပုံက ဒီလိုဆရာ၊ ဒေါ်ယုစံရဲ့ အိမ်ဆိုင်လေးက ချက်ချိန် မနက်ပိုင်းနဲ့ ညနေပိုင်းမှ ရောင်းရတာ။ နေ့လယ်ပိုင်းမှာ ဈေးဝယ်သူက မရှိဘူး။ ဈေးရောင်းပါးတဲ့အချိန်မှာ ဒေါ်ယုစံက အိပ်ခန်းထဲ ဝင်အိပ်တယ်။

သမီးဖြစ်သူက ခေါင်းလျှော် ဆပ်ပြာတိုက်စဉ် ချော်ပြီး လက်စွပ်က ပြုတ်ထွက်လာလို့ ဈေးရောင်းတဲ့ ငွေသေတ္တာထဲ ထည့်လိုက်တယ်။

ခေါင်းလျှော်ရေချိုး အဝတ်လဲနဲ့ သနပ်ခါးပါး အခန်းထဲမှာ လိမ်းနေလိုက်တာ နာရီဝက်လောက် ကြာသွားတယ်ဆိုပဲဆရာ။ ကိစ္စပြီးလို့ ဈေးဆိုင်မှာ ထိုင်ပြီး လက်စွပ်ဝတ်လို့

www.burmeseclassic.com

သေတ္တာဖွင့်လိုက်တဲ့အခါ ငွေရော လက်စွပ်ပါ ပျောက်ခြင်းမလှ ပျောက်နေတယ်။

အမေကို ပျာယီးပျာယာ သွားနှိုးမေးကြည့်တော့လဲ မသိဘူးတဲ့ ဆရာ။ အဲဒီနောက် တပည့်ဆီကို မျက်ရည်လည်လည်နဲ့ ရောက်လာတော့ နင်တို့ ရွှေနဲ့ငွေကို ပြန်ရစေ့မယ်လို့ ပြောပြီး သူခိုးဖော်တဲ့အင်းကို မီးထွန်းခိုင်းတယ်။ နကမွတိပဲဆရာ'

ဟု ဆွေညွှန့်က စကားကြောရှည်ရှည်ကို သောင်နာနာသံဖြင့် ပြောပြလေ၏။

ကျွန်ုပ်လည်း (၁၀)မိနစ်ခန့်မျှ စဉ်းစားနေမိ၏။

'ဆွေညွှန့်... မင်း ဘယ်အင်းကို မီးထွန်းခိုင်းတုံး'

ဟု မေးလိုက်၏။

'တပည့်တို့ဂိုဏ်းမှာ သုံးနေကျအင်းပေါ့ဆရာ'

'ပစ္စည်းပျောက် စီရင်ပေးတဲ့ နည်းတွေက အများကြီးပဲ။ မင်း စီရင်ပေးလိုက်တဲ့ မီးထွန်းအင်းကို ရေးပြစမ်း'

ဟု ပြောလိုက်ပြီး စက္ကူရွက်တစ်ခုကို ပေးလိုက်၏။

* * *

သူ နိုး

| | | | | |
|---|---|---|---|---|
| ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၂၄ | ၁ | ၄ | ၇ | ၁၄ |
| ၂၃ | ၆ | | ၂ | ၁၅ |
| ၂၂ | ၃ | ၈ | ၅ | ၁၆ |
| ၂၁ | ၂၀ | ၁၉ | ၁၈ | ၁၇ |

စေ ထိ

အင်းသွားပုံ

သူ နိုး

| | | | | |
|---|---|---|---|---|
| အ | ယ် | စော | ရော | အာ |
| တိ | ထ | မ | အ | ဝိ |
| သ | န | | န | သ |
| ဝိ | အ | မ | ထ | တိ |
| အာ | ရော | စော | ယ် | အ |

စေ ထိ

'ဒီအင်းပုံစံလေးပဲ ဆရာ၊ အလယ်သုံးကွက်မှာ "ထ၊ န၊ အ၊ မ" မြင်းသွားချတယ်။

**"အယ်စောရော အာဝိသတိ"** ဂါထာကို ရံထားတယ်။

အလယ်ကွက်မှာ မျက်စိ၊ နှာခေါင်း၊ ပါးစပ် မပါတဲ့ လူခေါင်းပုံကို ရေးတယ်။ **"သူခိုးထိစေ"**လို့လဲ ရေးတယ်။ ဆီမီးခွက်မှာ အင်းစီရင်ပြီး ချည်မျှင်ခုနစ်မျှင်နဲ့ ဘုရားကို ပူဇော်တာ (၁၀)ရက်ရှိနေပြီ။ ဒါကြောင့် အင်းတွေက ဟုတ်မှ ဟုတ်သေးရဲ့လား ဆရာ။

ဆီမီးခွက်အောက်က သူခိုးနေ့နံကသစ်သားလဲ ခံထားတယ်ဆရာ။ ရွှေနဲ့ငွေ မရတဲ့ပြင် ဆီဖိုးပါ ကုန်နေတယ်'

ကျွန်ုပ်က သူ့ပြောစကားကို ခေါင်းညိတ်လိုက်ပြီးနောက်...

'စီရင်ပုံနည်းကတော့ မှန်တယ်ဆွေညွှန့်။ ဒါပေမယ့် ဓာတ်ခံ ဓာတ်အုပ်တာ လိုနေသေးတယ်'

ဟု ကျွန်ုပ်က ပြောလိုက်သည်။

'ဘာများလိုနေတုန်း ပြောပါဦးဆရာ'

'မီးထွန်း ဓာတ်ရိုက်ဓာတ်ဆင်တာကို စဉ်းစားကြည့်မိတဲ့အခါမှာ သူခိုးက ရွှေလက်စွပ်နဲ့ငွေကို ယူသွားတာ၊ သေတ္တာကိုတော့ ယူမသွားဘူး၊ ရွှေနဲ့ငွေကို လုံခြုံအောင် ထိန်းသိမ်းတာက သေတ္တာ'

ကျွန်ုပ်စကားကို ဆွေညွှန့်သည် နားဝေတိမ်တောင် ဖြစ်နေပုံရ၏။

ကျွန်ုပ်က စကားပြန်လည်ဆက်လိုက်သည်။

'သေတ္တာ **ဓာတ်ခံပကာတိ သဘောကျန်ခဲ့တယ်၊ ရွှေနဲ့ငွေက ဝိကာတိ သဘော ပြောင်းရွှေ့သွားတယ်**'

'ဒီလိုဆို ဘယ်လို ဆက်ရမယ်ဆိုတာ ပြောပါဦးဆရာ'

'အေး... လောကီပညာရပ်ဆိုတာ နည်းလမ်းတီထွင်မှုပဲ။ **ရွှေနဲ့ငွေရဲ့ အဝိပတိနံပြုပ်ဟာ တနင်္ဂနွေနေ့နံနဲ့ သောကြာနေ့နံပဲ။** အဝိပတိနေ့နံ တနင်္ဂနွေနံ၊ သောကြာနံကို အကူယူပြီးတော့ **ဆွန်းညွှန့်(၆)ညွှန့်၊ သစ်သီး (၂၁)လုံးကို** အိမ်ဘုရားလှူရမယ်။

ဆရာ ဆက်ပြောမယ်။ ကနေ့ သောကြာနေ့ ညနေ(၆)နာရီမှ (၇) နာရီခွဲ အချိန်လျှပ်မြန်စေတတ်တဲ့ စရေဓာတ်ပေါ်တယ်။ စရေဓာတ်ပေါ်ချိန်မှာ ဘုရားရှေ့တော်ထွန်းတဲ့ ဆီမီးခွက်အင်းကို ထွန်းရမယ်။

သေတ္တာပေါ်မှာ ပထမ ကသစ်သား (၆)လက်မတင်၊ ကသစ်သားရဲ့ အပေါ်က အင်းကို တင်ပြီးတော့ ထွန်းကြည့်စမ်းပါ။ သူခိုး အနေအထိုင်ပူလောင်ပြီး ပစ္စည်းကို လူမသိသူမသိ ပြန်ပစ်ပေးချင်ပေးမယ်။ ခိုးမှုလဲ ဘယ်သူဘယ်ဝါဆိုတာ ထင်ရှားလာမယ်။ လက်တွေ့ပြောင်းထွန်းကြည့်၊ (၃)ရက်အတွင်း ထူးခြားလာစေ့မယ်လို့ဆရာပြောခဲ့ာယ်'

'ညနေ ဆရာပြောတဲ့အတိုင်း လုပ်ကြည့်မယ်'

'အေး...လုပ်ကြည့်လေ ဆွေညွှန့်ကိုစကား နည်းနည်းပြောချင်သေးတယ်'

'စကား နည်းနည်းမဟုတ်ဘူး၊ များများပြော တပည့်နားထောင်ပါ့မယ် ဆရာ'

'ဆရာပြောချင်တာက ဆွေညွှန့် အနေနဲ့ ပညာရပ်တစ်ခုကို တာထစ်ချ



www.burmeseclassic.com

www.burmeseclassic.com

ကိန်းသေလို့ မှတ်နေတာက အမှားပဲကွ။ ကာလဒေသပုဂ္ဂလ နှိုင်းယှဉ်ရမယ်။

နောက်ပြီး…တပည့် စဉ်းစားပြီး မြင်အောင် ကြည့်စမ်း၊ လူတွေနဲ့ သတ္တဝါအားလုံး ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရားလေးပါးနဲ့ အချိန်တိုင်း ပြုပြင်ပေးနိုင်မှသာ အသက်ရှင်ရပ်တည်နေထိုင်ခွင့်ရတာ။

ဆွေညွှန့်လဲ သိသားပဲ… ဆရာ မကြာမကြာ ခေါင်းကိုက်တတ်လို့ ခေါင်းကိုက်ပျောက်ဆေးကို သောက်လိုက်တယ်။ ချက်ချင်းပဲ ခေါင်းကိုက်ဝေဒနာ ယူပစ်လိုက်သလိုပဲ ပျောက်သွားတယ်။

နောက်တစ်ခါ ခေါင်းကိုက်လို့ ဒီဆေးကိုပဲ သောက်တယ်။ မပျောက်ဘူး။ နှစ်ကြိမ်,သုံးကြိမ်တောင် ဆက်သောက်တာ မပျောက်ဘူး။ အဲဒါ ဆွေညွှန့် ဘယ်လိုသဘောရလဲ'

ဟု မေးလိုက်၏။

'တပည့်လဲ ဘယ်လိုပြောရမယ်ဆိုတာ မသိဘူးဆရာ'

'ငါတော့ ဒီသဘောကို မြင်တယ်'

'ဟုတ်ကဲ့ ဆရာ ထင်မြင်ထားတဲ့ သဘောကို ပြောပါဦး'

'သောက်တဲ့ဆေးကတော့ ဒီဆေးပဲလေ။ ဒါပေမယ့် ခန္ဓာကိုယ်နဲ့ ဆေးကို ဆီလျော်အောင် မဖြစ်လို့ မပျောက်တာလို့ထင်တယ်။ ဒီတော့ အစားစာတွေ ဘာတွေ စားထားလဲ၊ သင့်တဲ့ အစားစာတွေလား။ မသင့်တဲ့ အစားစာတွေလား စဉ်းစားပြီး အစားစာကောဆေးပါ အကြောင်းနဲ့အကျိုး ဆီလျော်အောင် ပြုပြင်သောက်ကြည့်တော့ ခေါင်းကိုက်ပျောက်တယ်။

အကြောင်းတရားကို ဆီလျော်အောင် မလုပ်တတ် မကိုင်တတ်သောကြောင့် အကျိုးတရားမရတာ ဖြစ်မယ်။

ပဋိစ္စသမုပ္ပါဒ် ဒေသနာမှာလဲ အကြောင်းကိုစွဲ၍ အကျိုးဖြစ်တာဆိုတော့ ပညာရပ်တစ်ခုမှာ အကြောင်းကောင်းဖို့လိုတယ်။ လိုရင်းကတော့ နိုင်လုံတဲ့အကြောင်းပေါ့'

မောင်ဆွေညွှန့်သည် စကားကို ကြားဖြတ်လိုက်သည်။

'ဆရာပြောတာ စဉ်းစားဖို့ ကောင်းနေပြီ၊ အကြောင်းတရားက မခိုင်လုံရင် အကျိုးတရား ဘယ်ရနိုင်မလဲ'

'အေးလေ… စဉ်းစားတွေးတောခြင်းက အမှားနည်းသွားမယ်။ ပညာရပ်တစ်ခုကို သံသယမဖြစ်နဲ့၊ ချိုကုတ်လက်ကိုင်လို့မထင်နဲ့။ ငါ ညံ့နေသေးလို့၊ အကြောင်းနဲ့အကျိုးကို ညီညွတ်အောင် မသုံးတတ်သေးလို့ဘဲ မှတ်ပြီး ကိုယ့်ကိုယ်ကို အပြစ်တင်။

နည်းစနစ်တစ်ခုကို စူးစမ်းရမယ်။ ဆင်ခြင်ရမယ်။ ပထမဆုံး ဆင်ခြင်ပြီး လုပ်တာ အကောင်းဆုံး'

ဟု ပြောလိုက်ပြီး စကားကို ရပ်နားလိုက်၏။

ဆွေညွှန့်သည် ကျွန်ုပ်စကားကို နားထောင်ပြီး ဦးခေါင်းညိတ်လိုက်ကာ ကျွန်ုပ်ကို ကြည့်နေ၏။

'ဆရာပြောပြတာ လက်ခံတယ်။ ဘယ်အင်း ဘယ်ဓာတ်ရိုက်နည်းမဆို ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း ဆီလျော်အောင် ကြိုးစားကြည့်ဦးမယ်ဆရာ'

'အေး… ကောင်းပါလေ့ကွာ၊ အဒိန္နာဒါန(သူတစ်ပါးက မပေးသည့် ပစ္စည်းကို ခိုးယူခြင်း)ကံ ထိုက်တဲ့လူ၊ ကျူးလွန်တဲ့လူကို တရားသဖြင့် စီရင်ပေးတာ အပြစ်မရှိပါဘူး။

ခိုးခြင်း(၂၅)ပါးထဲက ဌာနာစာဝေယျ (သေတ္တာထဲရွှေငွေကို ရွှေ့စေ၍ ခိုးယူခြင်း)ဖြစ်တယ်။

သေတ္တာက ရွှေငွေရဲ့တည်ရာဌာနဖြစ်တယ်။ ဒါကြောင့် သေတ္တာရဲ့ အပေါ်မှာ ဓာတ်ဆင်ကြည့်ပါ။ ပညာရပ်တစ်ခုကို စူးစမ်းတဲ့ သဘောလဲ ပါသွားတာပေါ့'

စကားကို အဆုံးသတ်လိုက်၏။ ထို့နောက် ဆပ္ပဋ္ဌိကဟူးရားကျမ်းလေးကို လှမ်းပြီးယူလိုက်၏။

ကျွန်ုပ်က စာအုပ်ကို ကိုင်လိုက်သည်နှင့် ဆွေညွှန့်သည် အလိုက်သိစွာ နောက်ထပ် စကားမပြောတော့ဘဲ ငြိမ်ချက်သားကောင်းကောင်း နှုတ်ဆက်ပြီး နေရာမှ ထသွားလေ၏။

သူ၏ ကွမ်းယာထုပ်ကလေး ကျန်ခဲ့သော်လည်း ပြန်မယူတော့ဘဲ ကျွန်ုပ်အတွက် ထားသွားခဲ့ဟန်တူ၏။

မြန်မာဗုဒ္ဓဘာသာလူမျိုးတိုင်း နိစ္စဂရုမမွှသီလဟူ၍ ဆိုအပ်သော ငါးပါးသီလကို မိမိ၏ ခါးဝတ်ပုဆိုးကဲ့သို့ မြဲအောင် စောင့်ထိန်းရမည်ဖြစ်သည်။

လူမျိုးအားလုံး ငါးပါးသီလထဲမှ အဒိန္နာဒါနကံကို လုံခြုံကြမည်ဆိုလျှင် ဝင်းခြံ ဝင်းထရံကာရန်မလို၊ တန်ဖိုးကြီးမားသော မီးခံသေတ္တာ၊ အာမခံသော့များ လိုအပ်တော့မည် မဟုတ်ပေ။

အဒိန္နာဒါနကံ ကျူးလွန်သူများကြောင့် တာဝန်များ ပိုလာသည်။ သီလပျက်သောသူသည် **လောကဝဇ္ဇ** (လောကအပြစ်)၊ **ပဏ္ဏတ္တိဝဇ္ဇ**(ပညတ်တော်အပြစ်) အပြစ်တို့ကို ခံရမည်ဖြစ်သည်။

အပြစ်ရှိသောသူအတွက် အပြစ်အားလျော်စွာ အင်းမီးထွန်းခြင်း၊ ဓာတ်ရိုက်ဓာတ်ဆင်ခြင်း နည်းလမ်းတစ်ခုကို တပည့်မောင်ဆွေညွှန့်အတွက် ဖြေရှင်းပေးလိုက်သည်ဖြစ်ရာ…။

**ဇော်မြင့်(မြင်းခြံ)**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ

# ကျန်းမာရေး အတွက်

အကြံပေးချက်

ဇန်နဝါရီလတွင် ကျန်းမာရေး ပြည့်စုံကောင်းမွန်ကြစေရန်...

✦ **မိဿရာသီဖွား(မတ်လ ၂၁ ရက်မှ ဧပြီလ ၂၀ရက်အတွင်း မွေးဖွားသူ)တို့** ဝါယောဓာတ်စာများကို အားပြုစားသုံး၍ တေဇောဓာတ်စာများကို လျှော့ပေါ့ရှောင်ကြဉ်ပါ။

**ဝါယောဓာတ်စာ ။ ။** ငါးခုံးမ၊ ငါးမြင်း၊ ငါးမြစ်ချင်း၊ ကဘီလူး၊ ကကတစ်၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥ၊ ငုံးဥ၊ ငှက်ဥမျိုးစုံ လိပ်ဥ၊ ဖွတ်ဥ။

ကင်ပွန်းရွက်၊ မာလာဖူး၊ ပုတတ်စာ၊ သရက်ကင်းဖူး၊ ခွေးတောက်၊ တမာ၊ ကြောင်လျှာ၊ သဘော်သီးရင့်၊ တမာရွက်၊ လက်ဖက်၊ ကန့်ကလာ၊ ကြက်ဟင်းခါး၊ မဲဇလီ၊ ဆီးဖြူသီး၊

ဖန်ခါးသီး၊ မုန်လာရွက်၊ သခွတ်ပွင့်၊ လက်ပံပွင့်၊ ဆူးပုပ်ရွက်၊ ကစော့ခါး၊ ကြောင်ပန်ရွက်၊ စပါးလင်၊ မန်ကျည်းမှည့်၊ မုန်ညင်းခါး၊ ဟင်းနုနယ်၊ ရှားစောင်းခါး။

**တေဇောဓာတ်စာ ။ ။** ကြက်သား၊ မြွေပွေး၊ မြွေဟောက်သား၊ ငါးပြေမ၊ ငါးဖမ်းမ၊ ငါးတန်၊ ကကတစ်၊ ကဘီလူး၊ ငါးကြင်း၊ ငါးသလောက်၊ ကြောင်သား၊ ကြွက်သား၊ ရှဉ့်သား။

ဒူးရင်းသီး၊ ညောင်သီး၊ သဘော်သီးမှည့်၊ စောင်းလျားသီး၊ မရန်းသီး၊ သံပရာသီး၊ ရှောက်ချဉ်သီး၊ ဇီးချဉ်သီး၊ ကနစိုသီး၊ ရဲယို၊ လက်လုပ်ချဉ်မျိုးစုံ၊ မုန်လာဥ၊ မှို၊ မျှစ်၊ ကြက်သွန်ဖြူ၊ ပိတ်ချင်း၊ ချင်း၊ ငရုတ်သီး၊ ငရုတ်ကောင်း၊ ကရဝေး။

သစ်ကြံပိုး၊ လေညှင်း၊ ပတဲကော၊ ကန့်ချုပ်နီ၊ ပင်စိမ်း၊ ဒန့်သလွန်၊ ပေါက်ပန်းနီ၊ ပေါက်ပန်းဖြူ၊ တောင်သလဲရွက်၊ ကြိတ်မှန်ရွက်၊ ချဉ်ပေါင်ရွက်၊ ကင်ပွန်းရွက်၊ ကြာဟင်း၊ ကုက္ကိုရွက်၊ ငုံ၊ ထန်းရည်၊ အင်ဥ၊ ပီလောပီနံဥ။

**ကကတစ်၊ ကဘီလူးနှင့် ကင်ပွန်းရွက်တို့မှာ** တေဇော၊ ဝါယောတွဲဖက်ပါဝင်သဖြင့် ချင့်ချိန်၍ စားသုံးရန်ဖြစ်သည်။

✦ **ပြိဿရာသီဖွား (ဧပြီလ ၂၁ရက်မှ မေလ ၂၀ရက်အတွင်း မွေးသူ)တို့**သည် အာပေါဓာတ်စာကို အားပြု၍ ပထဝီဓာတ်စာကို ဆင်ခြင်လျှော့ပေါ့ပါ။

**အာပေါဓာတ်စာ ။** ရေကြက်သား၊ ဘဲသား၊ ဖျိုင်းသား၊ ငန်းသား၊ ဖားသား၊ ကဏန်း၊ ကနုကမာ၊ လိပ်သား၊ ခရု၊ ဝက်သုံးထပ်သား၊ ကျွဲသား၊ ကြံသား၊ ရေမြွေသား၊ ငါးလင်ပန်း၊ ငါးပတ်၊ ငါးခူ၊ ငါးဖယ်၊ ငါးသိုင်း၊ ငါးကျည်း၊ ငါးရံ့၊ ငါးဝက်မ၊ ငါးသင်းအုံ၊ ကကူရံ၊ ကဘီလူး၊ ကသပေါင်း၊ ကာသပိုး၊ ငါးသလဲထိုး။

စပျစ်သီး၊ ဇီးချိုသီး၊ လိမ္မော်သီး၊ ရှောက်ချိုသီး၊ သရက်သီး၊ ဘူးသီး၊ သခွားသီး၊ ကျောက်ဖရုံသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ နာနတ်သီး၊ ပုံလုံသီး၊ သဘော်သီးနု၊ ငှက်ပျောသီး။

ကနဖော့၊ မန်ကျည်းသီးစိမ်း၊ လယ်ပတူ၊ အောင်မဲညို၊ သပွတ်သီး၊ မင်းဂွတ်သီး၊ ရေထိကရုံး၊ ကြက်သွန်နီ၊ ကျောက်ပွင့်၊ ရေညှိ၊ စားတော်ပဲ၊ တော်သလင်းဖူး။

ဂေါ်ဖီထုပ်၊ နံနံ၊ ဆိတ်ဖူး၊ မုန်ညင်းဖြူ၊ ပုံးရည်ကြီး၊ မဲဇလီကြီး၊ ဖလံတောင်ဝေ၊ ရေသရက်ကင်းညွန့်၊ ကြံရည်၊ အုန်းရည်။

**ပထဝီဓာတ်စာ ။ ။** ကြက်သား၊ ချိုးသား၊ ခါသား၊ ချေ၊ သမင်၊ ဒရယ်၊ ဆတ်၊ ဆိတ်သားများ၊ ဝက်ပေါင်းသား၊ အမဲ(နွား)သား၊ ဖွတ်၊ ပုတတ်၊ ပုရစ်၊ ပလူ၊ စပါးကြီးမြွေ၊ လင်းမြွေသားများ၊ ငါးခူ၊ ငါးရံ့၊ ငါးကြင်း၊ ငါးစင်ရိုင်း၊ ငါးစင်းစပ်၊ ငါးသလောက်၊ ငါးပတ်၊ ငါးရှဉ့်၊ ငါးမြွေထိုး၊ ဆိတ်နို့၊ နွားနို့၊ ကျွဲနို့၊ ထောပတ်။

ပိန်းဥ၊ ကိုင်းဥ၊ ကန်စွန်းဥ၊ ဥသျှစ်၊ တညင်း၊ မာလကာ၊ ဒူးရင်း၊ မန်ကျည်းမှည့်၊ မုန်လာဥ၊ ကောက်ညှင်း၊ ရွှေဖရုံသီး၊ မြေပဲ၊ ပဲလွန်း၊ ပဲကြီး၊ အုန်းသီး၊ သစ်ကြားသီး၊ ဒန့်သလွန်၊ စားတော်ပဲ။

**ငါးခူ၊ ငါးပတ်၊ စားတော်ပဲတို့မှာ** အာပေါနှင့် ပထဝီရောနှောပါဝင်နေသဖြင့် ဆင်ခြင်သုံးဆောင်ရန်ဖြစ်သည်။

✦ **မေထုန်ရာသီဖွား (မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မွေးသူ)တို့**သည် တေဇောဓာတ်စာကို အားပြု၍ ဝါယောဓာတ်စာကို ဆင်ခြင်စားသုံးပါ။

✦ **ကရကဋ်ရာသီဖွား(ဇွန်လ ၂၁ ရက်မှ ဇူလိုင်လ ၂၁ရက်အတွင်း မွေးသူ)တို့**သည်ပထဝီဓာတ်စာကိုအဓိကစားသောက်၍ အာပေါဓာတ်စာကို လျှော့ပေါ့သုံးဆောင်ပါ။



✦ **သိဟ်ရာသီဖွား (ဇူလိုင်လ ၂၂ရက်မှ ဩဂုတ်လ ၂၁ ရက်အတွင်း မွေးသူ)**တို့သည် ဝါယောဓာတ်စာကို အားပြု၍တေဇောဓာတ်စာကိုဆင်ခြင်သုံးဆောင်ပါ။

✦ **ကန်ရာသီဖွား (ဩဂုတ် ၂၂ရက်မှ စက်တင်ဘာ ၂၁ရက်အတွင်း မွေးသူ)**တို့သည် အာပေါဓာတ်စာကို အားဖြည့်စားသုံး၍ ပထဝီဓာတ်စာကို လျှော့ပေါ့စားသောက်ပါ။

✦ **တူရာသီဖွား(စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၂၂ရက်အတွင်း မွေးသူ)**တို့သည် တေဇောဓာတ်စာကို အဓိကစားသောက်၍ ဝါယောဓာတ်စာကို လျှော့ပေါ့ပါ။

✦ **ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ ၂၃ ရက်မှ နိုဝင်ဘာလ ၂၁ရက် အတွင်း မွေးသူ)**တို့သည် ပထဝီဓာတ်စာကို အားပြုသုံးဆောင်၍ အာပေါဓာတ်စာကို ဆင်ခြင်လျှော့ပေါ့ပါ။

✦ **ဓနုရာသီဖွား (နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၂၀ရက်အတွင်းမွေးသူ)တို့**သည် ဝါယောဓာတ်စာကို အဓိကဖြည့်ဆည်း၍ တေဇောဓာတ်စာကို သတိပြုလျှော့ပေါ့ပါ။

✦ **မကာရရာသီဖွား(ဒီဇင်ဘာ ၂၁ရက်မှ ဇန်နဝါရီ ၁၉ရက်အတွင်း မွေးသူ)တို့**သည် အာပေါဓာတ်စာကို အားပြုစားသုံး၍ ပထဝီဓာတ်စာကို ဆင်ခြင်သုံးဆောင်ပါ။

✦ **ကုံရာသီဖွား (ဇန်နဝါရီ ၂၀ရက်မှ ဖေဖော်ဝါရီ ၁၈ရက် အတွင်းမွေးသူ)**တို့သည် တေဇောဓာတ်စာကို အဓိကစားသုံး၍ ဝါယောဓာတ်စာကို လျှော့ပေါ့စားသောက်ပါ။

✦ **မိန်ရာသီ (ဖေဖော်ဝါရီလ ၁၉ ရက်မှ မတ် ၂၀ရက်အတွင်း မွေးသူ)**တို့သည် ပထဝီဓာတ်စာကို အားပြုစားသုံး၍ အာပေါဓာတ်စာကို ဆင်ခြင်လျှော့ပေါ့ပါ။

**အာရောဂျဆုလာဘ်နှင့် ပြည့်စုံကြပါစေ**

ဆေးသုတေသီ



www.burmeseclassic.com

www.burmeseclassic.com

# လက္ခဏာပဟေဠိ

အဖြေညှိကြစို့

ဆရာကြီးဦးအောင်မြင့်
(ဥပဒေတွဲ)
လက္ခဏာဗေဒင်ပညာသုတေသီ




ယခုလအတွက် ဖော်ပြပေးလိုက်သည့် ညာလက်ဖဝါးပုံစံ ပိုင်ရှင်မှာ အမျိုးသားတစ်ဦး ဖြစ်ပါသည်။

ထိုလက်ဖဝါးပုံစံကို သေချာစွာ ကြည့်ရှုစစ်ဆေးပြီးမှသာ အောက်ပါ မေးခွန်းများကို ဖြေကြည့်ပါ။

၁။ ပင်လယ်ရေကြောင်း နိုင်ငံခြားသင်္ဘောလိုက် လုပ်ငန်းနဲ့ အကျိုးပေးနိုင်ခြင်း ရှိ၊ မရှိ။

၂။ ဝန်ထမ်းလုပ်ငန်းတွေမှာ အကြီးအမှူး၊ ဦးစီးခေါင်းဆောင်၊ အုပ်ချုပ်သူ အရာရှိအဆင့်မျိုး ဖြစ်နိုင်၊ မဖြစ်နိုင်။

၃။ ကိုယ်ပိုင်အိမ်ခြံမြေ ပိုင်ဆိုင်ပြည့်စုံ နေထိုင် ရနိုင်ကိန်း ရှိ၊ မရှိ။

အထက်ပါ မေးခွန်းများကို ဖြေဆိုရာတွင် အကြောင်းပြချက်နှင့်တကွ သီးခြားစာရွက်လွတ်မှာ ရေးမှတ်ပြီးမှသာ ပဟေဠိအဖြေများနှင့် ညှိနှိုင်းတိုက်ဆိုင်ကြည့်ပါရန် အကြံပြု တိုက်တွန်းအပ်ပါသည်။

ပဟေဠိ အဖြေများကို
စာမျက်နှာ(၁၉၅)တွင်
ကြည့်ရှုပါရန်။



www.burmeseclassic.com

www.burmeseclassic.com



ပိဋကတ်သင်္ချာကိန်းနှင့်

# ကုန် အပေါ်၊အရှား တွက်နည်း

ကောင်းခန့် (သခွတ်မြေ)
ဝက်လက်

လွန်ခဲ့သည့် နှစ်ပေါင်းခုနစ်ဆယ် ကျော်ကာလက အချို့သော ကျေးလက်တောရွာတို့၌ ကျောင်း ဆရာတို့နှင့် သင်ယူသော စာသင်ကျောင်းများ မရှိသေးပေ။

ထိုခေတ် ထိုကာလက ကျေးလက်နေတို့မှာ လောကုတ္တရာဘာသာရေး စာတို့သာ သင်ယူရသော ဘုန်းတော်ကြီးကျောင်းတို့၌သာ ပညာသင်ယူကြရ၏။

လောကီစာဆို၍ သင်္ချာအခြေခံဖြစ်သော ပေါင်း၊နုတ်၊မြှောက်၊စား စသည့် တွက်နည်း အနည်းငယ်နှင့် အချို့သော ကျောင်းတို့တွင် နက္ခတ် ဗေဒင်ပညာတို့ကို သင်ပေးလေ့ရှိ၏။

များသောအားဖြင့် လောကုတ္တရာတို့ကို သင်ယူကြရပါသည်။

ထို့ကြောင့် ထိုခေတ်က ဘုန်းတော်ကြီးကျောင်းထွက်တို့မှာ အခြေခံဗေဒင်ပညာကို အနည်းနှင့် အများတော့ တတ်ကြ၏။

စာရေးသူသည်လည်း ငယ်စဉ်က ဘုန်းတော်ကြီးကျောင်း တစ်လှည့်၊ အတန်းကျောင်းတစ်လှည့်နှင့် လှည့်လည်ကူးပြောင်းသင်ယူရင်း ဗေဒင်ပညာနှင့် ပတ်သက်သော လင်္ကာတို့ကို အနည်းငယ်တော့ တတ်ရှိခဲ့ပါသည်။

အဘယ်ကြောင့် အနည်းသာ တတ်ရှိခဲ့ပါသနည်းဟူသော အဖြေကို ရှင်းပြရသော် ထိုတွက်နည်း နည်းနိဿယလင်္ကာတို့ကို မိမိ၏ ကိုယ်ပိုင်ဦးနှောက်ဉာဏ်နှင့် မကျက်စားနိုင်သေးသော ကလေးအရွယ် ဖြစ်နေ၍သော်လည်းကောင်း...

ပညာအသိဖြင့် မသင်ယူနိုင်ဘဲ ဆရာတော်ကို ကြောက်၍ စာအသိနှင့် သင်အံခဲ့သောကြောင့်သော်လည်းကောင်း...

ထိုအကြောင်းတို့ကြောင့် ကျောင်းမှထွက်ကတည်းက ထိုစာတို့သည် ကျောင်းသို့သာ ပြန်လည်၍ ရောက်ရှိသွားတော့၏။

ပညာလိုလားသော အရွယ်ရောက်လာမှ နက္ခတ္တဗေဒင်ပညာနှင့် ပတ်သက်၍ စာအုပ်စာတမ်းတို့ကို ရှာဖွေဖတ်ရှုရာတွင် ယခင်ကလေးအရွယ်က ဆရာတော်၏ ကျောင်းတွင် သင်ယူခဲ့ရသော ဗေဒင်ပညာနှင့် ပတ်သက်သည့် စာလင်္ကာတို့သည် တန်ဖိုးရှိသော ရွှေစာများဖြစ်ကြောင်းကို သိရှိရတော့၏။

ထိုစာလင်္ကာများတွင် အဆောက်အအုံ ဆောက်ရာတွင် အသုံးပြုသော မြေခံရွေးနည်းများ၊ သစ်၊ဝါးတို့နှင့် ဆိုင်သော အကျိုးအပြစ်တို့ကို ပေးစေသော သစ်ကျမ်းရွေးနည်းလင်္ကာများ...

တောင်သူလယ်သမားတို့နှင့် ဆိုင်သော မိုးကိန်း၊ရေကိန်းများ၊ ရှေးခေတ် ကုန်သည်ပွဲစားတို့ အသုံးပြုသော ကုန်အပေါ်၊အရှား တွက်နည်းကိန်းလင်္ကာများ စသဖြင့် လောကီကိစ္စ အဝဝအတွက် သိရှိနိုင်ရန် တွက်ယူသော နည်းပေါင်းများစွာတို့ကို ရှေးပညာရှိတို့ လင်္ကာဖွဲ့သီ မှတ်သားထားခဲ့ကြ၏။

ယခု ကျွန်ုပ် ရေးသားတင်ပြမည်ဖြစ်သော နည်းတစ်နည်းမှာ ကုန်အပေါ် အရှားကို သိရှိနိုင်သော **"ကုန် အပေါ်၊ အရှား ပိဋကတ်သင်္ချာကိန်း"** တွက်နည်းပင် ဖြစ်ပါသည်။

ရှေးပညာရှိတို့ လင်္ကာဖွဲ့သီထားရှိခဲ့သော နည်းတစ်နည်းဖြစ်၍ ဗေဒဝါသနာရှင်တို့ ဗဟုသုတရရှိစေခြင်းအကျိုးငှာ ရေးသားလိုက်ရပါသည်။

**ပိဋကတ်သင်္ချာကိန်းလင်္ကာ**

နဝဒွေး-၏ တစ်ဆယ်ရှေ့ သုံး၊လေး၊ ငါး၊ခြောက်၊ ခုနစ်လျှောက်၊ ထို့နောက် နှစ်ဆယ်၊ ဆယ့်လေးသွယ်၊ ကိန်းဝယ်ပြီးမှ ကခဃင၊ အဆုံးချ၊ မှန်လှကောဇ တည်တို့ပါ၊ လိုရာကိန်းနှင့်လျှောက်၊ သုံးခြောက်၊ ကိုးခုစား၊ သုဉ်းမူအရှား၊ ဆကာ အပေါ်၊ တြိရောအလတ်၊ မှတ်ကြွေ ကြွင်းသေသာကို၊ သေချာရှုဆ၊ ကြံသမှုဖြင့်

www.burmeseclassic.com

မှချဟောလေ မယွင်းတည်။

**ဗေဒင်ဝေါဟာရ**

**ဝေ** = ၁

**ဒွေး** = ၂

**နဝ** = ၉

**သုဉ်း** = ၀ သုညကြွင်း

အထက်ပါလင်္ကာ၏ ဆိုလိုရင်းမှာ **ဗျည်းသုံးဆယ့်သုံးလုံးတို့ကို သင်္ချာဂဏန်းတို့နှင့် ဇယားစဉ်ချ၍ တွက်ယူရမည် ဖြစ်၏။** ထိုလင်္ကာအတိုင်း ဇယားချ၍ကြည့်ရာ အောက်ပါဇယားကို တွေ့ရှိရပေမည်။

* * *

| | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| ၉ | ၂ | ၁ | ၁၀ | ၃ | ၄ | ၅ | ၆ | ၇ | ၂၀ | ၁၄ |
| က | ခ | ဂ | ဃ | င | စ | ဆ | ဇ | ဈ | ည | ဋ |
| ဌ | ဍ | ဎ | ဏ | တ | ထ | ဒ | ဓ | န | ပ | ဖ |
| ဗ | ဘ | မ | ယ | ရ | လ | ဝ | သ | ဟ | ဠ | အ |

ပိဋကတ်သင်္ချာကိန်းဇယား

အထက်ပါဇယားကို မိမိကိုယ်တိုင် ချပြီး သေချာမှတ်ပြီးလျှင် တွက်နည်းကို ရှင်းပြပါဦးမည်။

တွက်လိုသော ကောဇာသက္ကရာဇ်ကို တည်ပါ။ ပြီးလျှင် လိုရာကိန်းနှင့် လျှောက်ဆိုသည့်အတိုင်း တွက်လိုသော ကုန်ပစ္စည်း၏အမည် အရင်းလုံးနှင့်အဖျားလုံးကို ယူပါ။

အထက်ဂဏန်းစဉ်တွင် ကျရာကို မှတ်၍ နှစ်ခုပေါင်းပါ။ ပြီးလျှင် ကောဇာသက္ကရာဇ်တွင် ပေါင်းပါ။

ထိုသို့ပေါင်းပြီးလျှင် (၃)နှင့်မြှောက်ပါ။ ထိုသို့မြှောက်ပြီး (၉)နှင့်စားပါ။ ရလဒ်မလို အကြွင်းသေသကို ကြည့်၍ ဟောရမည်ဟု ဆိုပါသည်။

**အဟောမှာ...**

**သုညကြွင်းလျှင်** → အရှား

**၃–ခုကြွင်းလျှင်** → အလတ်

**၄,၆–ခုကြွင်းလျှင်** → ပေါသည်

ဟု ဆိုထားပါသည်။

ရှင်းလင်းအောင် နမူနာတွက်ပြပါမည်။

**ဥပမာ – ၁၃၇၂ ခုနှစ်အတွက် ကြက်သွန်ကို တွက်ကြည့်မည် ဆိုပါစို့ ...**

၁၃၇၂ = **ကြက်သွန်** = ၉+၆ = ၁၅

+ ၁၅

၁၃၈၇

× ၃

၉ ÷ ၄၁၆၁ = ၄၆၂ = မလို

၃၆

၅၆

၅၄

၂၁

၁၈

၃ = အကြွင်းကိုယူပါ

အဟောတွင် **၃–ခု ကြွင်းသောကြောင့်** အလယ်အလတ် ပေါမည်ဟု ဆိုထားပါသည်။ အဟောလင်္ကာတွင် ၁,၂,၅,၇,၈ အကြွင်းတို့ မပါပေ။ ထိုအကြွင်းတို့ကို နီးစပ်ရာကို ယူရမည် ဖြစ်၏။

***သုနက္ခတ္တံ ကောင်းသော နက္ခတ်နှင့် ကြုံကြိုက်၍ ချမ်းသာသုခ ရရှိကြပါစေ။***

**ကောင်းခန့်(သခွတ်မြေ)**
**ဝက်လက်**


စာမျက်နှာ (၁၉၃)မှ အဆက်

**သက္ခဏာပဟေဠိ အဖြေများ**

**၁။ ပင်လယ်ရေကြောင်း။ နိုင်ငံခြားသင်္ဘောလိုက်လုပ်ငန်းနဲ့ အကျိုးပေးနိုင်ပါသည်။**

အဘယ်ကြောင့်ဆို‌သော် လက်ဖဝါးပြင်အောက်ဘက် လ...ဖဝါးစောင်း၊ ဒနလ်ာကြိုပ်ကွက်၊ သန္ဓရှင်းဖောင်းကြွပြီး ခရီးလမ်းကို အဖျက်သင်္ကေတကင်းစွာ ထင်ရှားအားကောင်းစွာ တွေ့ရှိရခြင်းကြောင့် ဖြစ်သည်။ "က" အကွာရာ


* * *




**၂။ ဝန်ထမ်း လုပ်ငန်း တွေမှာ အကြီးမှူး၊ ဦးစီး ခေါင်းဆောင်၊ အုပ်ချုပ်သူ အရာရှိအဆင့်မျိုး ဖြစ်နိုင်ပါသည်။**

အဘယ်ကြောင့်ဆိုသော် နှလုံးလမ်းကြောင်းနှင့် ဦးခေါင်းလမ်းကြောင်းကြားရှိ စတုဂံလွင်ပြင်၊ လက်ခလယ်အောက်တည့်တည့်နေရာတွင် **ကြိုဂံကြီး(သရဖူ)**သင်္ကေတ ထင်ရှားရှိခြင်းကြောင့် ဖြစ်သည်။ "ခ" အကွာရာ


* * *




**၃။ ကိုယ်ပိုင်အိမ်ခြံမြေ ပိုင်ဆိုင်ပြည့်စုံ နေထိုင်ရနိုင်ကိန်း ရှိသည်။**

အဘယ်ကြောင့်ဆိုသော် စတုဂံလွင်ပြင်တွင် **စတုဂံကွက်(ဗိမာန်) သင်္ကေတ** ထင်ရှားရှိခြင်းကြောင့် ဖြစ်သည်။ "ဂ" အကွာရာ

* * *




**မှတ်ချက်။ ။ အထက်ပါ လက္ခဏာရှင်မှာ နိုင်ငံခြားသင်္ဘောလိုင်းကောင်းကောင်းမှာ အရာရှိအဆင့်ဖြင့် လိုက်ပါ တာဝန်ထမ်းဆောင်နေသူ ဖြစ်ပါသည်။**

*(လက္ခဏာပညာသုတ တိုးပွားကြပါစေ။)*


*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဒေဘွဲ့)*
**လက္ခဏာဗေဒင်ပညာသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com



# ဆီးကျောက်တည် ဝေဒနာအတွက်

ကိုဝင်းတင်
(ဗယ်လုံ-အထက်မြင့်လှ)

~ လက်တွေ့ပျောက် ဆေးနည်း

ကျွန်တော်သည် တောင်သူယာလုပ်ဘဝမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာချစ်သူများအတွက် ဗဟုသုတဖြစ်စေခြင်းငှာ တောဆေးတောဝါးများနှင့် ပျောက်ကင်းသွားခဲ့သော လူတို့၏ အနာရောဂါများအကြောင်း၊ ကျွဲ့၊ နွား တိရစ္ဆာန်တို့တွင် ဖြစ်တတ်သော ရောဂါများနှင့် ဆေးဝါးများအကြောင်း၊ ဂမ္ဘီရဆန်သော ဖြစ်ရပ်များ၊ ဂမ္ဘီရ ပစ္စည်းများ စသော အကြောင်းအရာများကို ရေးသားလာခဲ့ရာ ကျွန်တော် စာရေးသည်ကိုသိသော သူငယ်ချင်းများမှ စာရေးဆရာဟု ခေါ်သည်အထိ ဖြစ်လာခဲ့ပါသည်။

ကိုယ့်ရပ်ကိုယ့်ရွာမှ ဘယ်သူကတော့ ဘယ်လို ဖြစ်ခဲ့ဖူးတယ်ဆိုလျှင် ကျွန်တော်ကတော့ အဲဒီလူဆီကို ရောက်ပြီးသား။ ဘယ်သူကတော့ ဘာရောဂါဖြစ်ခဲ့တာ ဘယ်အပင် ဘယ်အမြစ်နှင့် ပျောက်ခဲ့ဖူးသည် ကြားလျှင် ကျွန်တော်က အဲဒီလူဆီကို အပြေးသွားပြီးသား။

ယခုလည်း ကျွန်တော်တို့ရွာမှ ကိုအောင်တိုးတစ်ယောက် ဆီးရောဂါကြောင့် ဆေးခန်းသွားပြရာမှ ဆီးကျောက်တည်ရောဂါ ဖြစ်နေသည်။

ဆေးရုံတက်ရမည်ဟု ပြောသဖြင့် ငွေရေးကြေးရေး အခက်အခဲကြောင့် ဆေးရုံမတက်နိုင်၍ ရွာမှာပင် တောဆေးတောဝါးနှင့် ပျောက်ကင်းသွားခဲ့ဖူးကြောင်း သိရသဖြင့် ကျွန်တော်သည် ကိုအောင်တိုးတို့ အိမ်သို့ လည်ရင်း ခြေဆန့်ခဲ့မိပါသည်။

'ကိုအောင်တိုး... ဗျို့... ကိုကြီးအောင်တိုး'

'ဟ... စာရေးဆရာပါလား လာဟော့'

ကျွန်တော်သည် ကိုအောင်တိုး၏ အိမ်အောက်ထပ်မှ တန်းလျားတွင် ဝင်ထိုင်လိုက်ပါသည်။

'ရေနွေးကြမ်းသောက်ဦး ညီလေး'

'ရပါတယ် ကိုကြီးရာ'

'ကဲ...ဆိုပါဦး ဘာအကြောင်းများရှိလို့လဲ၊ ငါ့ညီ အလည်သက်သက်တော့ မဖြစ်နိုင်ဘူး'

'အလည်ပဲဆိုပါတော့ ကိုကြီးရာ... ဒါနဲ့ ဟိုအရင်တုန်းက ကိုကြီးအောင်တိုးမှာ ဆီးကျောက်တည်ရောဂါ ဖြစ်ခဲ့ဖူးတာ တောဆေးတောဝါးနဲ့ပဲ ပျောက်ခဲ့ဖူးတယ် ကြားလို့၊ အဲဒါ ဟုတ်သလားလို့ မေးချင်လို့ လာခဲ့တာ'

'ဪ... မင်းက ငါ့အကြောင်း စာရေးချင်လို့ လာခဲ့တာပေါ့ ဟုတ်လား'

'ဟဲ...ဟဲ...ကုသိုလ်ရပါတယ်ဗျ'

'အေးပါကွာ... ပြောပြပါ့မယ်၊ ဒီလိုကွာ'

ဟု အစချီကာ ဆီးကျောက်တည်ရောဂါနှင့်ပတ်သက်ပြီး ခံစားခဲ့ရကုသခဲ့ရပုံများကို အောက်ပါအတိုင်း ရှင်းပြသွားပါသည်။

'ဖြစ်စကတော့ ဆီးအောင့်တာဓာ စတာပဲကွ၊ မင်းသိတဲ့ အတိုင်းပဲလေကွာ၊ အစ်ကိုတို့က လှည်းစိုက်စားနေကြတဲ့သူတွေဆိုတော့ အညောင်းမိတာပေါ့ကွာ၊ **(လှည်းစိုက်သည်ဆိုသည်မှာ ကျွန်းသားသစ်အရိုင်းများကို နွားတစ်မောင်းရသော လှည်းအဖြစ် ပြုလုပ်သည်ကို လှည်းစိုက်သည်ဟု ခေါ်ပါသည်။ စာရေးသူ)**

တခါတလေ အလုပ်အရေးကြီးတဲ့အချိန်တွေဆိုရင် ဆီးသွားချင်လဲ ထမသွားနိုင်ဘူးပေါ့ကွာ၊ အောင့်ထားပြီး အလုပ်ကိုဆက်လုပ်ရတယ်၊ မတတ်သာတော့တဲ့ အခါကျမှ သွားရတယ်။

အဲဒီလို နေလာရာက ဆီးက အောင့်လာတယ်။ ကွမ်းကလဲ စားလိုက်သေးဆိုတော့ ပိုဆိုးတာပေါ့။ အဲဒီ... ဆီးအောင့်ရာကနေဆီးက နည်းလာ... ဆီးသွားပြန်တော့လဲ ... ကလဲ နောက်ကျိကျိနဲ့၊ ဆီးသွားချင်လဲ

www.burmeseclassic.com

ဆီးခုံကနာတယ်။ သွားရတာလဲ အားမရဘူး။ နောက်ဆုံးတော့ကွာ ဆီးလေး နည်းနည်းရဖို့ အရေးကို သေမလောက်အောင် နာကျင်ပြီးမှ သွားရတယ်။

အဲဒါနဲ့ မတတ်သာတော့တဲ့အဆုံး မြို့က ဆေးခန်းသွားပြရတော့တာပါပဲကွာ။ ဆေးခန်းရောက်လို့ ဆီးစစ်၊ ဓာတ်မှန်ရိုက်လဲ လုပ်လိုက်ရော ဆီးကျောက်တည်နေတာ ဆေးရုံတက်ရမယ်လို့ ပြောတယ်။

အဲဒါနဲ့ ဆေးရုံတက်ရမယ်ဆိုရင် ငွေရေးကြေးရေး အဆင်မပြေဘူး။ ဖြစ်ချင်ရာဖြစ် ရွာပြန်ပြီး တောဆေးတောဝါးနဲ့ပဲ ကုမယ်ဆိုပြီး တစ်ပတ်စာစားဆေးလေးဝယ်ပြီး ရွာပြန်လာခဲ့တာပဲ'

ဟု ပြောပြီး မောသွား၍လား မသိပေ။ ရေနွေးကြမ်း တစ်ခွက်ငှဲ့သောက်နေပါသည်။

'ဒါနဲ့...ကိုကြီးအောင်တိုးက ဘယ်ဆေးနဲ့ ပျောက်သွားတာလဲ၊ အဲဒီဆေးနည်းကရော ဘယ်သူက ပေးတာလဲ'

'အေးပါ ပြောမှာပါ မင်းကလဲ... ဒီလိုကွာ တို့ရွာရဲ့ အရှေ့တောင်ဘက် နှစ်မိုင်ကွာမှာ ရေနံရှာဖွေရေး ကုမ္ပဏီတစ်ခုလာတော့ ငါ့အိမ်ခြေရင်းအိမ်က ကိုမျိုးက အဲဒီမှာသွားပြီး အလုပ်ဆင်းရတယ်။

တစ်နေ့မှာတော့ အဲဒီကုမ္ပဏီမှာ ရှယ်ယာဝင်ထားတဲ့ စစ်သားဟောင်းကြီးတစ်ဦးက ကိုမျိုးကို သူ့မှာ ဆီးအောင့်နေလို့ မင်းတို့ရွာမှာ ကျောက်ဖရုံသီးရင့်ရင့်နဲ့ ထန်းရည်စစ်စစ် သုံးပုလင်းလောက် ဝယ်လို့ ရပါ့မလားလို့ မေးရာကနေ ဒီဆေးနည်းကို ရခဲ့တာပဲ။

ကိုမျိုးက ကျောက်ဖရုံသီးနဲ့ ထန်းရည်ကို ဝယ်ပေးပြီး ကျွန်တော့်အစ်ကိုတစ်ယောက်လဲ ဆီးကျောက်တည်ရောဂါ ဖြစ်နေတာ ဒီဆေးနဲ့ ပျောက်ပါ့မလားလို့မေးတော့ အဲဒီစစ်သားဟောင်းကြီးက ပျောက်တယ်။ သောက်သာသောက်ဆိုပြီး ဆေးနည်းကို ပြောပြတယ်။

**အဲဒီဆေးနည်းကတော့...**

ကျောက်ဖရုံသီးရင့်ရင့်ကို အညှာဘက်မှ နေပြီး အတွင်းကအူတွေ ပေါ်တဲ့အထိ ထိပ်ဝကို ဖွင့်လိုက်တယ်။ ဖွင့်ပြီးရင် ကျောက်ဖရုံသီးအတွင်းထဲက အစေ့တွေ၊ အူတွေကို ဖယ်ထုတ်ပစ်ရတယ်။

အဲဒီလို ဖယ်ထုတ်တဲ့အခါမှာ ကျောက်ဖရုံသီးရဲ့ သားသား အကာတွေကို မပါအောင် ဖယ်ရတယ်။ အဲဒီလို ဖယ်ပြီးပြီဆိုရင် ထန်းရည်စစ်စစ်ကို ကျောက်ဖရုံသီးထဲ ကာသလောက်ထည့်ရတယ်။

အဲဒီလို ထည့်တဲ့အခါမှာ ပြည့်ခါနီးလက်တစ်ဆစ်လောက်အလိုမှာ ထန်းရည်ကို မထည့်တော့ဘဲ ခုနက ထိပ်ဝဖွင့်ထားတဲ့ အညှာဘက်က အဖုံးကို ပြန်အုပ်ပြီး ဖုံးရတယ်။

အဲဒီလို ဖုံးပြီးရင် တုတ်ချွန်သေးသေးလေး ခုနစ်ချောင်းနဲ့ ကျောက်ဖရုံသီးရဲ့ အဖုံးနဲ့ ကိုယ်ထည် ကွာဟမသွားအောင် ရိုက်ပြီး ဖုံးအုပ်ရတယ်။

အဲဒီလို ဖုံးအုပ်ပြီးပြီဆိုရင် မီးဖိုနဲ့ မလှမ်းမကမ်းမှာ တစ်ပတ်လောက် တင်ထားရတယ်။ အဲဒီလို တစ်ပတ်လောက် ထားလိုက်တဲ့အခါ ကျောက်ဖရုံသီးထဲ ထန်းရည်က ကျောက်ဖရုံသီးရဲ့ အတွင်းသားတွေကို စားသွားပြီး အပြင်က စိမ်းစိမ်းအခွံတွေပဲ ကျန်တော့တယ်။

ဒါဆိုရင် အဲဒီဆေးကို သောက်လို့ ရပြီပေါ့ကွာ။ အဲ...ဆေးသောက်ရမယ့်နှုန်းတွေက မနက်ကို အကြမ်းပန်းကန်တစ်ခွက်၊ နေ့လယ်ကို အကြမ်းပန်းကန်နဲ့တစ်ခွက်၊ ညဘက်ကိုလဲ အကြမ်းပန်းကန်နဲ့ တစ်ခွက် တစ်နေ့ကို အကြမ်းပန်းကန် သုံးခွက်နှုန်းနဲ့ သောက်လိုက်တာ ကျောက်ဖရုံသီးထဲက ထန်းရည်လဲကုန်ရော ငါ့ဆီးကျောက်တည်ရောဂါလဲ ပျောက်ရောပဲ။ ကိုင်း...ဘာထပ်သိချင်သေးလဲ'

ဟု ဆိုကာ သူ့စကားကို ရပ်လိုက်ပါသည်။

'အခုရော ဆီးတွေ ဘာတွေ အောင့်သေးလား'

'မအောင့်တော့ဘူး၊ အစနှစ်တွေမှာတော့ တခါတလေ အောင့်ချင်တယ်။ အဲဒီဆိုရင် ဒီဆေးကို ဖော်သောက်လိုက်တာပဲ။ ခုတော့ ကြာပြီ ဘယ်လိုမှကို မနေတော့တာ'

'ခုလို ပြောပြပေးတာ ကျေးဇူးပါပဲ ကိုကြီးရာ။ ဒီအကြောင်းတွေကို ကျွန်တော် ဆောင်းပါး ရေးမယ်နော် ကိုကြီး'

'အေးပါကွာ ငါသိပါတယ်၊ ရေးပါ... ရေးပါ'

ဟု ဆိုကာ ပြုံးပြုံးကြီးပင် ခွင့်ပြုခဲ့ပါသည်။

ထို့ကြောင့် ဆီးကျဉ်၊ ဆီးအောင့်၊ ဆီးကျောက်တည် ဝေဒနာ ခံစားနေရသူများနှင့်အတူ နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာရှုသူများအတွက် ဗဟုသုတဖြစ်စေခြင်းငှာ မျှဝေရေးသားလိုက်ရပါသည်။

**(ဤ အကြောင်းအရာများနှင့် တကွ အခြားသော အကြောင်းအရာများအား အမြဲတမ်း အကြံဉာဏ်ပေးလေ့ရှိသော ညီငယ်ကိုအောင်မျိုးသူအား အထူးပင် ကျေးဇူးတင်ပါသည်။)**

***သဗ္ဗဝါအများ ကျန်းမာ ချမ်းသာကြပါစေ။***

**ကိုဝင်းတင်**
***(လယ်လှ-အထက်မင်းလှ)***

www.burmeseclassic.com

# ဗျိုင်းဖြူ ကျားကိုက်နည်း

ဦးတင်ဇေ (တိုင်းရင်းဆေးကုခန်း)ဆယ်ဗင်းဟောင်းပါအုပ်စု



'ဗျိုင်းဖြူကျားကိုက် ဒုတ်နှင့်ရိုက် မသေ့တသေ ရာဟုလက်နှင့်မွေ ဂူကျောင်းဘုရား တည်ဆောက်လေ ငါ့ကို အမှုဆေ၊ မဟုတ်မမှန် ထားခဲ့ပြန် ပယ်ရှာလားစေသား'

ရှေးပညာရှိ သူတော်ကောင်းတို့သည် မိမိကိုယ်ကို ဆင်းရဲအနစ်နာခံပြီး မိမိတို့၏ အမျိုးဘာသာ သာသနာတို့ အကျိုးစီးပွားအတွက် လက်ဆင့်ကမ်း ဖော်ဆောင်ထားခဲ့ကြသည်တို့မှာ အထူးပင် ကျေးဇူးကြီးမား ဂုဏ်ယူရပါကြောင်း ဦးစွာ အာစရိယတို့အား လက်စုံမိုး ရှိခိုးပါ၏။

ယခုရေးသားမည့် ပညာရပ်သည် ထိုစဉ်က ဝန်ကြီးချုပ်ဦးနု လက်ထက် ပဲခူးရွှေမော်ဓော စေတီတော်ကြီး လျောင်ဒဏ်ကြောင့် ၄က်ပျောဖူးတော်ကြီး မြေခရသည့်တွင်မှ ရရှိလာသော ပုရပိုက်လက်ဖြစ်ကြောင်း လေ့လာသိရှိခဲ့ရပါသည်။

ဤနည်းပညာကို အင်္ဂရတ်ဆရာတော်တော်များများ သိရှိလုပ်ကိုင်နေကြသည်ကိုလည်း လေ့လာသိရှိထားပြီး ဖြစ်သော်လည်းအချိန်တိုတိုငွေကုန်သက်သာ လူမပင်ပန်းဘဲ ဖြစ်စေကြောင့် ရေးသားပေးပို့ခြင်းဖြစ်ပါသည်။

တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း ဆိုသလို လူအမျိုးမျိုးနတ်အထွေထွေ နည်းပညာအစုံစုံ ရှိကြပါသည်။ ကျွန်တော် ရေးသားသော နည်းပညာသည် ကျွန်တော်ဟာ ကျွန်တော် ထိုးထွင်းတတ်ရှိသည် မဟုတ်ပါ။ အချို့သော ပညာရှင်ဆရာကြီးများ စိတ်ထဲ၌ အားရကျေနပ်မှု အားနည်းခြင်း ရှိပါက ဝန္ဒာမိပါ။

ကျွန်တော်၏ ဆရာတစ်ဦးဖြစ်သော **ဘကြီးဦးသာအေး (၂)ရပ်ကွက်၊ ဘုန်းကြီးလမ်း၊ မြောက်ဥက္ကလာပ (ကွယ်လွန်)**မှ ယင်းနည်းပညာကို မကွယ်လွန်မီ တစ်ပတ်ခန့်တွင် ကျွန်တော့်ကို လက်တွေ့ လက်ထပ်သင်ပေးသည့်အတိုင်း မချွင်းမချန် ရေးသားတင်ပြပါသည်။

ယခုနည်းပညာကို ကျွန်တော့်ဆရာကြီး အသက်(၈၀)ကျော်မှ ဘာသာပြန်ဖော်ထုတ် လုပ်ကိုင်အောင်မြင်ခဲ့သော ပညာရပ်တစ်ခု ဖြစ်ပါသည်။ နည်းပညာလက်ာသည် လွယ်မည်ထင်ရသော်လည်း အလွန်ခက်ခဲနက်နဲလှသည်ကို အချိန်တော်တော်ကြာ ခံစားခဲ့ရပါသည်။ တတ်သိနားလည် ဉာဏ်ပညာကြွယ်သူတို့အတွက် မပြောပလောက်ပါ။

ဤပညာတစ်ခုကို ဤမျှ စင်းလုံးချောကြီး ပေးထားသည်ကို အထူးသတိကျပ်ကျပ်ထားပြီး ကျမ်းအစောင်စောင်နှင့်ညှိရခြင်း၊ အချင်းချင်း တိုင်ပင်ဆွေးနွေးရခြင်း၊ စမ်းသပ်ရခြင်းတို့မှာ တော်တော်ပင်ပန်းခဲ့ရပါသည်။

ရှေးကျမ်းဂန်တို့၌ ဓာတ်တစ်ပါးမှား လျှင် တောင်တစ်လုံးခြားသည်ဟု ဆိုရိုးရှိခဲ့ပါသည်။ ကျွန်တော်တို့ ဘာသာပြန်အယူအကောက် လွဲမှားကြ၍ ခဏခဏ ဆုံးရှုံးပျက်စီးခဲ့ရပါသည်။

ရှေးပညာရှိ သူတော်ကောင်းတို့၏ အဆိုအမိန့်တွင် **"ပိဋကတ်မှာ နောက်၍ရှာ ဗေဒင်ကြောင်းနှင့် ပေါင်းလိုက်ပါ"**ဆိုထားခြင်း၊ အခြားသော နည်းပညာရပ် သဘောများကိုလည်း ထည့်သွင်းစဉ်းစားရခြင်း၊ မှန်မမှန်၊ ဟုတ်မဟုတ်ကို မိမိလေ့လာသိရှိထားသော ကျမ်းကြီးကျမ်းဂန်များနှင့် ပေတံတိုင်းရခြင်း၊ အနီးစပ်ဆုံးစကေးညီမှသာ ပြုလုပ်သင့်ပါသည်။ ဝါဂင်ကျွမ်းကျင် တတ်မြောက်ကြသည့် ဆရာတို့ထံ တင်ပြဆွေးနွေး၍ သဘောထားကို ခံယူရပါသည်။

ရှင်းလင်းချက်

**ဗျိုင်းဖြူ** = ပြဒါး

**ကျားကိုက်** = ခဲ = နာ

**ဒုတ်** = ဒုတ္တာ

**မသေ့တသေ**=ရာဟုလက်နှင့်မွှေ=ရွှေတင်လက်နှင့်မွှေ

ကျွန်တော်တို့ပြုလုပ်သော **ဗျိုင်းဖြူ ကျားကိုက်နည်းပညာတွင် ဟင်းရိုင်းမပါ၊ ပါ။**

ရာဟုလက်နှင့်မွှေ ဂြိုဟ်ရှစ်ခွင်တွင် ရာဟုသည် (၈)ဂဏန်း "ရ" ကောင်း အက္ခရာ "ရ" သည်။ ပိဋကတ် ကိုတ်=



www.burmeseclassic.com

www.burmeseclassic.com

ရွှေကို ရေးရာ၌ ''ရ''ကောက်ကိုသာ ရေးရသည်။

ထိုကြောင့် ရာဟုကို ပြထား၍ ''ရ''ကောက်ယူလျှင် ''ရွှေ''သာလျှင် ဖြစ်နိုင်ချေရှိသည်။ တစ်ခုသော နည်းပညာ၌ ရွှေ,နာ,ပြဒါး သုံးပါးသမ ရွှေဖြစ်ရပါလိမ့်၊ ရုပ်မြတ်ကို နာမ်မြတ်ကပ်ရမည်။ နာမ်မြတ်ကို ရုပ်မြတ်ကပ်ရမည်။ ဤနှစ်ခုကို တွဲရမည်ဟု ဆိုထားသည်။ တွဲ၍ ချက်ချင်းမရပါ။ မီးအရည်တူသောကြောင့် ဖြစ်ပါသည်။

ဓာတ်များမတွဲမီ ဒုတ္တာကောင်းကောင်း (၅)ကျပ်သားခန့်ကို မှုန့်နေအောင်၊ ပေါင်ဒါသားကျအောင် ထောင်း၍ စစ်ယူထားပါ။

ပထမဦးဆုံး ထမင်းချက်မီးဖိုဖြင့် ပြုလုပ်ပါ။ ရွှေကြိုလုံနံပါတ်(၄)တစ်လုံးထဲသို့ နာ(၃)ကျပ်သား၊ ပြဒါး(၁)ကျပ်တွဲထားသော ဓာတ်သားကို ထည့်ပြီး အရည်ဖျော်ပါ။ အရည်ပျော်လာသောအခါ ပေါင်ဒါသားကျထားသော ဒုတ္တာအမှုန့်ကို လက်ဖက်စားဇွန်းကလေး တစ်ဇွန်းယူ၍ နာပြဒါးပေါ်သို့ ဖြူးလိုက်ပါ။

ပြီးနောက် ထိပ်တုံး လုံးထားသော ကျွန်းသားတုတ်တံဖြင့် ဒုတ္တာနာပြဒါးတွဲတို့ကို ဖိမွှေပါ။ သမလျှင် အညွန့်ရည်ကို လောင်းယူပါ။ ထိုကဲ့သို့ အကြိမ်ကြိမ် ပြုလုပ်ပါ။ နာဒုတ္တာပြာများ ထွက်လာပါသည်။

ယင်းပြာတို့ကို မပစ်လိုက်ပါနှင့်။ ခကြွေပန်းကန်ထဲတွင် ထည့်ပါ။ နံနက် (၈)နာရီမှ စလုပ်ဆောင်လာရာ နေ့လယ်(၁)နာရီခန့်တွင် သရံမှန်များသနေသော နာပြဒါး(၁)ကျပ်သားကို ရယူပါ။ ယင်းပြဒါးလုံးသည် ကြေးဓာတ်ကန့်ဓာတ်ပါသော၊ **ပြဒါးသတ်ဆေးပါသော ဒုတ္တာဖြင့် ရိုက်ထားသောကြောင့် မိမိထင်သလောက် အထအကြွ အခုန်အပျံ မရနိုင်တော့ပါ။ ထိုသည့်ပင် မသေ့တသေ ဖြစ်ပါသည်။**

ရာဟုလက်နှင့် မွှေဆို၍...

နာပြဒါး(၁)ကျပ်သား၊ ရွှေ(၁)ကျပ်သား ဓာတ်ပညာသဘောတို့တွင် ရွှေးပိုင်မှ ပဲ၊ ပဲပိုင်မှ မူး၊ မူးပိုင်မှ မတ်၊ မတ်ပိုင်မှ ကျပ်ဟု ဆိုရိုးရှိပါသည်။ မှန်ပါသည်။ တချို့သော ကိစ္စတို့၌ ရွှေးငယ်ခန့်ကိစ္စသည်လက်ဝင်၍ အကိုင်အတွယ် အထားအသို ခက်ခဲတတ်ပါ၍ (၁)မတ်သားခန့်ဖြင့် စသုံးပါသည်။

တုတ်ရိုက်ပြီးသား နာတွဲပြဒါး(၁)မတ်၊ အခေါက်ရွှေ(၁)မတ် ဆတူ နံပါတ်(၁)လုံထဲတွင်ထည့် ထမင်းချက်မီးဖိုဖြင့် မီးပေးပါ။ နာပြဒါး အိခနဲ ပျော်တာနှင့် လုံကို သဲခွက်ထဲချပါ။ နာပြဒါးခဲသွားလျှင် ပြန်တင်၊ (၁)ရက်ခန့်တွင် ရွှေနာပြဒါး အားလုံး တွဲသွားပါသည်။

ဓာတ်အခဲ၏ ဖင်တွင် အဝါရောင်စွဲပြီး နာများ ပျောက်သွားပါသည်။ နာပြာများ ထွက်လာသည်ကို ကြွေပန်းကန်ထဲ ထည့်သိမ်းထားပါ။

ရာဟုလက်နှင့် မွှေပြီးနောက် ဒုတ္တာထောင်းပြီး အခြောက်မှုန့်(၃)ကျပ်သားခန့်ကို နံပါတ်(၄)လုံရှည်ထဲထည့်ကျိုပါ။ လက်ချားမီးပေါက်နှင့် အရည်လင်သောအခါ ခေတ္တခဏ ဖိုဆွဲခြင်း ရပ်ထားပါ။ အနည်းငယ် အပေါ်ကြောတင်းလာလျှင် ရွှေနာပြဒါးလုံးကို သံဂေါက်နှင့် ဖယ်ထားသော ချောရည်ပူထဲ ထည့်လိုက်ပါ။


ဒုတ္တာချော်ရည်ထဲသို့ မြုပ်သွားလျှင် လက်ချားမီးပေါက် ထပ်ထည့်ပြီး လေပြေလေညင်းလေးဖြင့် တဖြည်းဖြည်း မီးဆက်ပေးပါ။ (၁)နာရီခန့်ကြာသောအခါ ချော်ကြည်လာပါမည်။ ပြဒါး လုံးဝမထွက်ပါ။ ဖိုတိုက်ထဲ၌ အအေးခံထားပါ။ လုံညိုသွားလျှင် ညှပ်ဖြင့် ယူ၍ သဲခွက်ထဲ ထည့်ထားပါ။

လက်တွင်းတစ်ဆုပ် အေးမှ လုံကိုခွဲ၍ ဓာတ်အခဲကို ယူပါ။ ဓာတ်အခဲသည် စိတ်ပျက်စရာ ကြေးနီဟောင်းအရောင်ရှိပြီး ဖုထစ်များဖြင့် ကြည့်မကောင်းပါ။ ယင်းကို တစ်ဖန် သင့်တော်သော လုံထဲထည့် လက်ချားထည့်ပြီး ဖားဖိုဖြင့်ထိုးပါ။

အရည်လင်သောအခါ **ဘော်သန့်တစ်ကျပ်သား** ထည့်ပါ။ အားလုံးသမလျှင် စတီးပုံးထဲ ရေထည့်၊ လက်ဖြင့်ကတော့ထိုးအောင် မွှေပါ။

ပြီးလျှင် **ကျိုထားသော ရွှေ ဘော်၊ နာ၊ ပြဒါး အရည်**ကို လောင်းထည့်ပါ။ ပွင့်စုလောင်းခြင်း ဖြစ်ပါသည်။ ယင်းပွင့်စုကို ဘော်စားငရဲမီးဖြင့် လှော်ရန်သာ ကျန်တော့သည်။

* * *



**သတိ ။ ။ ပွင့်စုလောင်းသော အခါ မတ်တတ်ရပ်၍သံပုံးထဲသို့ အမျှင်မပြတ် တဖြည်းဖြည်းနှင့်ကုန်အောင် လောင်းရမည်။ ရေပုံးနှင့် ကပ်မလောင်းရ။**

ပုံတွင် ပြထားသည့်အတိုင်း ပြုလုပ်ပါ။

ဓာတ်သားခွက်ထဲတွင် ထည့်ပါ။ ဓာတ်သားများကို ရေစိမ်ထားပါ။ ထိုမှ စစ်ယူပြီး စတီးခွက်တစ်ခုထဲသို့ ထည့်၊ ဘော်စား ငရဲမီးမြုပ်အောင် လောင်းထည့်ပါ။

လေတင်ကနေပါ လေအောက်ကမနေပါနှင့်။ အလွန်ဆိုးဝါးသော အန့်



www.burmeseclassic.com

www.burmeseclassic.com

အသက်များ ဖြစ်ပါသည်။ လူသတ္တဝါ သစ်ပင်တို့ကို အန္တရာယ်ပေးနိုင်ပါသည်။ နီဝါသော အခိုးများ ထွက်လာပါသည်။

ငရဲမီး ရေမခန်းခင် နောက်ထပ် ငရဲမီး ထပ်ထည့်ပါ။ (၃)ကြိမ်လောက် ထည့်ပြီးလျှင် ငရဲမီး အခိုးဖြူလာမည်။ ငရဲမီးအရည်သည် ရေကဲ့သို့ ကြည်မည်။ ငရဲမီးများ သွန်ယူမပစ်လိုက်ပါနှင့်။ ဘော်ပြန်ထုတ်ယူရပါမည်။

ဓာတ်မှုန့်တို့ကို ရေဆေးပါ။ ငရဲမီးကုန်၍ သန့်လျှင် ယင်းဓာတ်မှုန့်ထဲသို့ ရေအသစ်ထည့်ထားပါ။ ပူစီပေါင်းအမြှုပ်မတက်လာလျှင် ငရဲမီးသန့်စင်တော့သည်။

ယင်းကို သေချာစွာ သပ်သပ်ရပ်ရပ် လှော်ခွက်ထဲသို့ထည့် အခြောက်ခံ သင့်တော်သော လုံထဲထည့်၊ လက်ချားမီးပေါက်သိပ် မီးဖိုထဲ မီးပျိုးထားပါ။ ယင်းအထဲလုံထည့် လုံငှားဖုံး,ဖုံး၊ (၅)မိနစ်လောက်ကြာမှ ဖိုဆွဲပါ။

* * *

အခွေကို ထည့်ပါ။ ခါချပါ။ ဘော်နှစ်များ အောက်သို့ ကျပါသည်။

ထိုကဲ့သို့ အကြိမ်ကြိမ် လုပ်ပါ။ ဘော်များကုန်ပါက ကြေးနီခွေတွင် ဘော်နှစ်များ မကပ်တော့ပါ။ ယင်းဘော်နှစ်တို့ကို ရေသန့်စင်ပါ။

အကြိမ်ကြိမ် သန့်စင်ပြီးပါက အခြောက်ခံ သင့်တော်သော လုံရှည်ထဲထည့် လက်ချားမီးပေါက်သိပ်၊ ဖိုတိုက်ထဲမှ သေသေချာချာ မီးနှပ်ထားပြီးမှ ဖားဖိုဖြင့် ထိုးပါ။ တဖြည်းဖြည်း မီးမြှင့်ထိုးပါ။

ဘော်နှစ်များအားလုံး ပျော်လျှင် လုံကို အောက်ချ အအေးခံ လက်တွင်းတစ်ဆုပ်အေးမှ လုံကို ခွဲပါ။ ဘော်သန့်အခဲကိုယူပါ။ ယင်းကို မိုက်ဘော်=ငရဲမီးဘော်=ငွေအခေါက် ဖြစ်ပါသည်။ လေပြည်လညင်းဖြင့် တဖြည်းဖြည်း ဖိုဆွဲပါ။ မီးပေးပါ။ မီးသွေးတစ်အုပ်လောက်တွင် ဓာတ်သားပျော်ပါသည်။

ဓာတ်သားသည် ချော်အလယ်၌ ဆိတ်မျက်လုံး၊ သာလိကာမျက်လုံးသည်။ ပြဒါးသန့်ခြင်း၊ ကောင်းခြင်းဖြစ်ပါက (၁)ကျပ်ကို (၈)ပဲခန့်အထိ အခေါက်ရွှေ တိုး၍ရပါသည်။


'ကဲ...ရွှေဆိုင်ပန်းထိမ်ဆိုင်တွေက ဘာပြောမလဲ၊ အလျှော်ခံမလား မေးလျှင် အအေးအလျှော်ခံမယ်။ တိုးလာရင် ငုံ့ပစ္စည်း လျော့သွားလျှင်လည်း ငုံ့ပစ္စည်း'

ဟု ရဲရဲတင်းတင်း ပြော၍ ရောင်းပါ။ အကောင်းဆုံးနည်းမှာ အထည်လုပ်ပြီးရောင်းပါ။

စပရိန်လက်စွပ် ပြုလုပ်ရောင်းပါ။ ဂဟေလွတ်သည်။ အလျော့တွက်လွတ်သည်။ သက်သာသည်။ မိမိရရှိထားသော ရွှေသည် ခဲကဲ့သို့ အပျော့ဖြစ်ပါသည်။

ရွှေလုံး၌ ကောင်းကင်က ကြယ်ကလေးများကဲ့သို့ အစက်ကလေးများ ရှိပါသည်။ နားလည်ဝါရင့် တတ်သိသော ပန်းထိမ်ဆရာကြီးများ လွန်စွာနှစ်သက်ကြပါသည်။

ဝါသနာရှင် ဘဝတူ မြန်မာ့အဂ္ဂိရတ်သမားများ မျက်နှာမငယ်ရတော့ပါ။




## ဘော်များ ဖမ်းယူပုံ

ပွင့်စုများကို ငရဲမီးစားစဥ်က စစ်ယူထားသော ငရဲမီးအရည်ကို ထိုရေ တစ်ခွက်ခန့် ထပ်ရောပါ။ ယင်းအထဲသို့ ကြေးနီချောင်း အခွေထည့်လိုက်ပါက ဘော်နှစ်များချက်ချင်း ပြေးကပ်ပါသည်။

များလာလျှင် အခြားရေသန့် ထည့်ထားသော စတီးဇလုံထဲသို့ ကြေးနီကဲ့သို့ ပြူးပြီး ဝိုင်းစက်နေသည်ကို တွေ့ရပါမည်။

အအေးခံ၊ လက်တွင်းတစ်ဆုပ်အေးက ရိုက်ခွဲယူပါ။ အလွန်သန့်သော အခေါက် ရွှေစစ်စစ် ထွက်လာပါတော့သည်။


ယခုနည်းပညာသည် အခေါက်ရွှေ (၁)ကျပ်သားလျှင် (၆ပဲ၊ ၇ပဲ)ခန့် တိုးပါလျှပါ။ စားပါ။ အမျှဝေပါ။ မြန်မာ့အဂ္ဂိရတ်ပညာရှင် ဝါသနာရှင်အပေါင်း ကျန်းမာချမ်းသာကြပြီး အမျိုးဘာသာ သာသနာကို ဆတက်ထမ်းပိုးပါဝင် ကူညီဆောင်ရွက်နိုင်ပါစေ။

**ဦးတင်ဇ(တိုင်းရင်းဆေးကုခန်း)**
**ဆယ်ဇင်းဟောင်းပါအုပ်စု**




www.burmeseclassic.com

www.burmeseclassic.com



အဘိုးပြောသော

# ရိုးရာပုံပြင်များ



သက်ဝေါ်မောင်
(နမ္မတီး)

စာဖတ်ပြီးလျှင် အဘိုးနှင့်အတူ အိပ်တော့၏။ ထိုအခါ အဘိုး၏ ပုံပြင်များကို ပူဆာတော့၏။ အဘိုးပြောသော ပုံပြင်များမှာ ဂရိသူရဲကောင်း ပုံပြင်များ မဟုတ်ပါ။

သူ၏ ဇာတိမြေ ရှမ်းပြည်နယ်ထံမှ အခြေခံလာသော ပုံပြင်များပင် ဖြစ်နေတတ်သည်။ တစ်နည်းအားဖြင့် သူ၏ ရှမ်းပြည်နယ်ကို လွမ်းမောဖွယ် ပြန်ပြောပြခြင်းများသာဖြစ်သည်။

သို့သော် အဘိုးပြောသော အကြောင်းအရာများသည် ကျွန်ုပ်အတွက် ဘယ်အခါမှ ရိုးသွားသည်ဟု မရှိပါ။

လွယ်ဆမ်ဆစ်၊ သိန္နီ စသည့် အထင်ကရရှိသော အကြောင်းအရာများလည်း ပြောပြတတ်သည်။ သိန္နီမြို့ဆိုသည်ကို "**သိန်နီ**"ဆိုသည်မှာ ရှမ်းအသံထွက် (စ,လုံးသံနှင့်) "**ရှန်**" ဟု ထွက်ပြီး "**နီ**"မှာ "**ဝီ**"ဟု ဆိုသည်။

အဓိပ္ပါယ်မှာ ရှေးအခါက ရှမ်းစော်ဘွားကြီးတစ်ဦးသည် သူ၏ လက်အောက်ရှိ ရွာများကို တစ်ရွာလျှင် ငှက်ပျောသီး တစ်ဖီးကျ ဆက်သခိုင်းရာ ငှက်ပျောသီးအဖီးပေါင်း တစ်သိန်း ရရှိသည်ဟု ဆိုပါသည်။ "**ရှန်**"ဆိုသည်မှာ တစ်သိန်းကို ဆိုလိုခြင်းဖြစ်၍ "**ဝီ**"သည် "**အဖီး**"ဖြစ်၏။

## ဥာနာလျှာနာပျောက်ဂါထာနှင့် ကုသနည်း

ကျွန်ုပ်သည် ရှမ်းဗမာတစ်ယောက် ဖြစ်သည်။ ကျွန်ုပ်၏ အဖေကား မုံရွာသားဖြစ်၍ အမေဖြစ်သူမှာ ရှမ်းပြည်နယ် မြောက်ပိုင်းသူတစ်ယောက်ဖြစ်သည်။

ဤမျှထိ စကားပလ္လင် ခံနေရခြင်းမှာ ဤဂါထာကို မည်သို့မည်ပုံ ရလာသည်ကို ရှင်းလင်းလို၍ ဖြစ်သည်။

အထက်တွင် ပြောခဲ့သည့် အတိုင်း ကျွန်ုပ်မိခင်၏အဖေ ကျွန်ုပ်တို့ အဘိုးသည်လည်း မောရှမ်းစစ်စစ်ပင် ဖြစ်တော့၏။ ကျွန်ုပ်တို့ မောင်နှမလေးဦးကား ရှမ်းတိုင်းရင်းသား အဘိုး,အဘွားလက်ပေါ်တွင် ကြီးပြင်းခဲ့ရသည်။

အဘိုးနှင့် အဘွားသည် ရှမ်းတိုင်းရင်းသားစစ်စစ် ဖြစ်ကြသော်လည်း ဇာတိရှမ်းပြည်နယ်သို့ မပြန်ဖြစ်ကြတော့ပါ။ ကချင်ပြည်နယ်တွင်သာ နေထိုင်လာကြသည်မှာ နှစ်ပေါင်း ငါးဆယ်ခန့်ရှိပြီဖြစ်သည်။

အဘိုးဖြစ်သူ ဦးမိုင်ဆိုင်သည် ကျွန်ုပ်အား သူငယ်တန်းမှ ဘွဲ့ရသည်အထိ ယာလုပ်ကိုင်ကာ ကျောင်းထားပေးခဲ့ပါသည်။ သူ၏သားအငယ် ကျွန်ုပ်၏ ဦးလေးကိုလည်း ထိုနည်းလည်းကောင်းပင်။

သို့သော် ဦးလေးကော ကျွန်ုပ်ပါ ဘိုး၏ ကျေးဇူးအား ကျေအောင် မဆပ်နိုင်ကြသေး။

ကျွန်ုပ်သည် ငယ်စဉ်က နွေသီတင်းကျွတ်၊ ခရစ်စမတ် စကျောင်းပိတ်ရက်များ၌ အဘိုးနှင့် ယာခင်းတွင် အနေများခဲ့ပါသည်။

ယာလုပ်ငန်းများကို ကူညီလုပ်ကိုင်ရင်း ညရောက်လျှင် အိမ်မှ ထည့်ယူလာသည့် ရေနံဆီမီးခွက်နှင့် စာဖတ်ရသည်မှာ ယခုတိုင် မမေ့နိုင်သေး။





www.burmeseclassic.com

www.burmeseclassic.com

အဘိုးပြောသော ပုံပြင်ထဲမှ **ခွန်ဆယ် လောနှင့် နန်းဦးပြင်** ဇာတ်လမ်းသည် ကျွန်ုပ်အကြိုက်ဆုံး ပုံပြင်တစ်ပုံလည်း ဖြစ်၏။

ဥပုသ်နေ့တွင် ကျွန်ုပ်တို့ဒေသရှိ တောင်သူလယ်သမားတိုင်း ကျွဲ၊ နွား မခိုင်းကြ။ ထိုနေ့မျိုး၌ အဘိုး၏ တဲအောက်တွင် ကျွဲ၊ နွားတို့နှင့် စည်ကားနေတတ်သည်။

အကြောင်းမှာ အဘိုးသည် ကျွဲ၊ နွား များအား ချာနာလျှာနာ၊ ကျွဲပိန်၊ နွားပိန် များကို အခမဲ့ ကုသပေးခြင်းကြောင့် ဖြစ်သည်။

ထို့အပြင် အဆစ်မျက်ရောင်ခြင်း၊ ထိခိုက်ရှနာ စသော ဒဏ်ရာများကို လည်း ကုပေးတတ်သောကြောင့် ဖြစ်သည်။

အဘိုးသည် ကုသပေးခဲ့သည်မှာ အကြိမ်ပေါင်း မနည်းတော့ပေ။ ပျောက်ကင်းသွားတတ်သည်ချည်းသာ ဖြစ်၏။

ထူးဆန်းသည်မှာ အဘိုးသည် **ထုံး၊ မုန်ညင်းဆီ၊ ရေ တစ်မျိုးမျိုးကို ရရာယူစေ၍ ဂါထာတစ်မျိုးမျိုးနှင့်** မန်းမှုတ်ပေးခြင်းကို သတိပြုမိ၏။ တစ်ခါတစ်ရံ ကြာကြာ မန်းမှုတ်တတ်၍ တခါတလေ ငါးမိနစ်လောက်နှင့်လည်း ပြီး၏။

ကျွန်ုပ်တို့အိမ်မှ နွားများသည် ချာနာလျှာနာ ဖြစ်သည်ဟူ၍မရှိ။ ပိန်လည်း မပိန်။ ထို့အပြင်ပို၍ ထူးဆန်းသည်မှာ အခြားသူများ၏ နွားများ ပျောက်ဆုံးကြသော်လည်း အိမ်မှ ကျွဲ၊ နွားများမှာ ပျောက်သည်ဟု မရှိပါ။

တောထဲသို့ လိုက်၍ လူကိုယ်တိုင် မောင်းလာစရာ မလိုဘဲ ည ဘယ်လောက်နက်နက် ရက်ဘယ်လောက်ကြာသည်ဖြစ်စေ အိမ်သို့ ပြန်လာမြဲဖြစ်သည်။



ကျွန်ုပ် တက္ကသိုလ်တက်သောအခါ ရောင်းလိုက်ရသည့် နွားတို့မှာ ပိုင်ရှင်ပြောင်းသွားသော်လည်း ကျွန်ုပ်တို့အိမ်သို့ ပြန်၊ ပြန်လာတတ်၍ ဝယ်သူများ ဒုက္ခရောက်ရတော့၏။ ရွာဘယ်လောက်ပင်ဝေးဝေး ပြန်လာတတ်ကြသည်။

နောက်ဆုံးတွင် ဆားကို မန်းမှုတ်ကာ ကျွေး၍ ပိုင်ရှင်သစ်နှင့် ထည့်လိုက်၏။ ကျွန်ုပ်သည် ဆားကျွေးလျှင် နွားများသည် ပိုင်ရှင်ကို မှတ်မိသည်ဟု ကြားဖူး၍ အဘိုးအား မေးကြည့်ရာ...

'အဲဒီ ဖြေဆေးမန်းပြီး ကျွေးလိုက်တာ မြေးရဲ့'

ဟု ပြန်ပြောဖူး၏။

တကယ်ပင် ထိုဖြေဆေး ကျွေးလိုက်သော နွားသည် အိမ်သို့ ဘယ်တော့မှ ပြန်မလာတော့ပေ။

ဤသို့နှင့်ပင် အဘိုးထံမှ ပညာတချို့ ရရှိခဲ့ပါသည်။

တစ်ရက်တွင် ရွာထဲမှ ဦးစံအိုက် အဘိုးထံ အလောတကြီး ရောက်လာ၏။ သူ၏ နွားတစ်ရှဉ်း ချာနာလျှာနာ ဖြစ်နေသည်ဟု ရှမ်းစကားနှင့်ပြော၏။

ထိုနှစ်၌ ဦးအိုက်စံသည် လယ်နှင့်ယာ နှစ်မျိုးလုပ်၏။ ခိုင်းနွားနှစ်ရှဉ်းမှ တစ်ရှဉ်းသည် ရောဂါရနေ၏။ အခြားနွားများကို မကူးစက်ခင် မြန်မြန်ကုစေလိုသည်ဟု ပြော၏။

အဘိုးသည် ဦးစံအိုက်အား ကွမ်းစားထုံး တစ်ထုပ် ဝယ်ခိုင်း၏။ ထို့နောက် ဘုရားစင်ရှေ့၌ ထုံးထုပ်ကို ဖြေကာ ဘုရားရှိခိုး၏။ ပြီးနောက် ငါးပါးသီလခံယူ၏။ မေတ္တာပို့ အမျှဝေပြီးကာမှ ထုံးထုပ်ကို မန်း၍ ပေးလိုက်ပါသည်။

တစ်ပတ်ခန့်အကြာတွင် ရွှင်ပြုံးသော မျက်နှာထားနှင့် ဦးစံအိုက် ရောက်လာပြန်သည်။ အဘိုးအား ကောက်ညှင်းဆန် တစ်ပြည်နှင့် ငွေနှစ်ရာ ကန်တော့ကာ ပြန်သွားပါသည်။ နှုတ်မှလည်း ကျေးဇူးတင်ကြောင်း တဖွဖွ ပြောသွားသေး၏။

ကျွန်ုပ်သည် မနေနိုင်တော့ဘဲ ဝါသနာအလျောက် ထိုဂါထာကို အဘိုးအား မေးမိတော့၏။

'ငါ့မြေး သေသေချာချာ မှတ်ထား၊ လွယ်တယ်၊ လွယ်သလောက် စွမ်းလဲ စွမ်းတယ်'

ဟု ပြော၏။ နွားတွေ၊ ကျွဲတွေ ချာနာလျှာနာဖြစ်ရင် ဒီအတိုင်း လုပ်ပေတော့ဟု ဆိုကာ အောက်ပါ ဂါထာကို သင်ကြားပေးလေတော့၏။

"၁၂၃၄၅၆၇၈၉၁၀
၁၀၉၈၇၆၅၄၃၂
၁၂၃၄၅၆၇၈၉၁၀
ဥုံ တို ဟ ထိပ်"

ဒီအတိုင်း (၉)ခေါက် ထုံးနဲ့မန်းပြီး နွားက ရှေ့လက်ဖြစ်ရင် ဘယ်ဘက်ချိုမှာ ထုံးနဲ့ (၂)ရစ်၊ နောက်ခြေဆိုရင် ညာဘက်ချိုကို (၂)ရစ် လိမ်းပေတော့ဟု ဆို၏။

ကျွန်ုပ်သည် မှတ်စုစာအုပ်ထဲ၌ ကာလအတန်ကြာ သိမ်းထားမိသော အဘိုး၏ ဂါထာများမှ ဤတစ်ပုဒ်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ပရိသတ် အကျိုးရရှိစေခြင်း အလို့ငှာ ရည်သန်စိတ်ထား၍ ပေးပို့အပ်ပါသည်။

**သက်တော်စောင့်(နမ့်ဆန်း)**




www.burmeseclassic.com

www.burmeseclassic.com

သားသမီးများခြင်း

# သားသမီးအကျိုး ခံစားရခြင်း

ဆရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ




လွန်ခဲ့တဲ့ အနှစ်(၂၀)လောက်က အသက်(၂၄)နှစ်ဝန်းကျင် အမျိုးသမီးတစ်ဦး ကျွန်ုပ်ထံမှာ လက္ခဏာဗေဒင် လာရောက်စစ်ဆေးခံ ဟောပြောခံခဲ့ပါတယ်။ သူမရဲ့ အဓိက မေးခွန်းကတော့…

'ကျွန်မရဲ့လက်သန်းအောက် အိမ်ထောင်ရေးလမ်းကြောင်းပေါ်မှာ ဒေါင်လိုက်လမ်းတိုလေးတွေ (၇)ချောင်းလောက် ထင်ထင်ရှားရှား တွေ့ရှိရတယ်။

အဲဒီလမ်းတွေဟာ သားသမီးလမ်းကြောင်းဖြစ်ပြီး သားသမီးများခြင်း၊ သားသမီးအကျိုး ခံစားရခြင်းတွေ ဖြစ်မယ်လို့ လက္ခဏာစာအုပ်တွေမှာ ဖတ်ရပါတယ်။

လက္ခဏာဆရာတချို့ထံမှာ ကျွန်မလက္ခဏာသွားမေးတော့ သားလေး (၄)ယောက်၊ သမီး(၃)ယောက် စုစုပေါင်း (၇)ယောက် ရှိနိုင်တယ်လို့ ဟောကြားပြီး သားသမီးအကျိုး ခံစားရမယ်လို့လဲ ဟောကြပါတယ်။ အဲဒါ အမှန်ပဲလားဆိုတာ သိချင်ပါတယ်ရှင့်'


ထိုအမျိုးသမီးမှာ လက္ခဏာပညာကို ဝါသနာပါသူ၊ လက္ခဏာစာအုပ်များကို ဖတ်ရှုလေ့လာထားသူလဲ ဖြစ်ပါသည်။

လက်သန်းအောက်ရှိ အိမ်ထောင်ရေးလမ်းပေါ်တွင် တွေ့ရှိရတတ်သော ဒေါင်လိုက်မျဉ်းတိုလေးများမှာ သားသမီးလိုချင်လျှင် ရနိုင်သော လမ်းကြောင်းများ ဖြစ်ပါသည်။ ကျိန်းသေ သားသမီးကို ရမည်ဟု မဆိုလိုကြောင်းသိပါ။

သူမ၏ လက်ဖဝါးပြင် (ဘယ်လက်) တွင် လက်သန်းအောက် ဗုဒ္ဓဟူးဂြိုဟ်ခုံ၌ သားသမီးလမ်းကြောင်း (၇)ချောင်း တွေ့ရှိရပြီး (၄)ချောင်း ထင်ရှား၊ (၃)ချောင်း မထင်ရှားသဖြင့် သား(၄)ဦး သမီး(၃)ဦးရနိုင်သော နိမိတ်ဖြစ်သည်။ **“က” အက္ခရာ။**

* * *

www.burmeseclassic.com




သို့သော် အိမ်ထောင်ရေးလမ်း၏ အောက်ဘက်မှာလည်း လမ်းတိုမှိန် (၂)ချောင်းနှင့် လမ်းရှည်ထင်ရှား (၂) ချောင်းရှိသဖြင့် သမီး(၂)ယောက်၊ သား(၂)ယောက် ပျက်တတ်ကြောင်း ယူဆနိုင်သဖြင့် (၃)ယောက်သာ အဖတ်တင်နိုင်သည်။

သူမ၏ အသက်လမ်းကြောင်းမှာ တိုနေသည်။ **"ခ"အကွက်ရာ။** ထို အသက်လမ်းကြောင်း အောက်ဘက်တွင် ခပ်စောင်းစောင်း အဖျက်လမ်း တစ်ကြောင်းက ကံလမ်းကြောင်းကို ဖြတ်၍ သောကြာဂြိုဟ်ခုံထဲသို့ ဝင်ရောက်နေသည်။ ထိုအဖျက်လမ်းမှာ ဇိမ်လမ်းခေါ် ကာမဂုဏ်လမ်းဖြစ်သည်။ **"ဃ"အကွက်ရာ။**

ထို့ပြင် ကံလမ်းကြောင်းအောက် လက်ဖနောင့် အထက်ပိုင်း၊ နက်ပကျွန်းဂြိုဟ်ခုံတွင် လမ်းမျှင်လမ်းမွှာလေးများ ဖွာလန်ကြဲနေသည်။ **"ဂ"အကွက်ရာ။**


လက်မခြေရင်းဘက်ရှိ သောကြာဂြိုဟ်ခုံမှာလည်း လွန်စွာ ကျယ်ပြန့်ကြီးမားဖောင်းကားနေသည်။ **"င" အကွက်ရာ။**

* * * ⟶

အထက်ပါသင်္ကေတ **"ခ၊ ဂ၊ ဃ၊ င"**တို့မှာ သားသမီးမရရှိနိုင်သော အမှတ်အသားများ ဖြစ်ပါသည်။


ဦးခေါင်းလမ်းကြောင်း အဖျားနှင့် အသက်လမ်းကြောင်း အဖျားတို့ (၁)စင်တီမီတာခန့်ကွာဟပြီး ဦးခေါင်းလမ်းရော၊ အသက်လမ်းတွင်ပါ အဖျက်သင်္ကေတများရှိခြင်းတို့ကြောင့် လွတ်လပ်စွာ နေထိုင်လိုခြင်း၊ ကျန်းမာရေး သိပ်မကောင်းတတ်ခြင်းတို့ကြောင့်သား သမီးရယူလိုသောဆန္ဒ မရှိသလောက်နည်းပါးတတ်ပါသည်။ **"စ" အကွက်ရာ။**

* * *





အထက်ဖော်ပြပါ သင်္ကေတများကြောင့် သားသမီးတစ်ယောက်တလေ ရဖို့ပင် မလွယ်ကူကြောင်း ဟောပြောပေးလိုက်ပါသည်။

လက္ခဏာပညာနှင့် ဗေဒင်ပညာ ညှိနှိုင်းကြည့်လိုသူများအတွက် သူမ၏ မူလဇာတာကို ဖော်ပြပေးလိုက်ပါသည်။




* * *




သားသမီးဘာဝဖြစ်သော သိဟ်ရာသီမှာ မီးရာသီ၊ ခန်းခြောက်ရာသီဖြစ်ပြီး၊ ပြိဿရာသီရှိ ပါပဂြိုဟ်အင်္ဂါက (၄)တန့် အထူးမြင်ရာတွင် အင်္ဂါနှင့် ပူးနေသော စနေဂြိုဟ်၏အားပါ ပေါင်းစပ်သွားသည်။ ထို့ပြင် မီးရာသီတစ်ခု ဖြစ်သော ဓနုရာသီရှိ ပါပဂြိုဟ်ရာဟုကလည်း (၅)တန့်ဖြင့် သိဟ်ရာသီသားသမီးဘာဝကို အထူးမြင်ထားပြန်သည်၊

ထို့ပြင် သားသမီးဂြိုဟ်၊ ကြာသပတေးနှင့် သိဟ်ရာသီ အိမ်ရှင်ဂြိုဟ် တနင်္ဂနွေတို့ကိုလည်း ပါပဂြိုဟ်စနေက (၁၀)တန့်ဖြင့် အထူးမြင်ရာ အတူပူးနေသော အင်္ဂါဂြိုဟ်၏အားပါ ပူးပေါင်းထားပြန်သည်။ သားသမီးမရနိုင်သော ဇာတာပင်ဖြစ်ပါသည်။

၂၀၀၆ ခုနှစ်တွင် သူမနှင့် မမျှော်လင့်ဘဲ ပြန်ဆုံခဲ့ရာ သူမအသက် (၄၄)နှစ်ရှိပြီ။ အိမ်ထောင်သက် (၂၀)ရှိပြီ။ ယခုထိ သားသမီးလုံးဝမရှိကြောင်း သားသမီးရယူရန် ဆန္ဒလည်း မရှိကြောင်း ပြောပြပါသည်။

***(လက္ခဏာပညာသုတ တိုးပွားကြပါစေ။)***

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

**ဆရာကြီး ဦးအောင်မြိုင်**
***(ဥပဒေဘွဲ့)***
**လက္ခဏာဗေဒင်ပညာသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com



ကျော်ရင် (ပညာ)
ဟင်္သာတ

# သူ့လို တိုင်းရင်းဆေးပညာရှင်မျိုးလည်း

## ရှိခဲ့ပါသေးသည်

**တိုင်းရင်းဆေးပညာနှင့်**

**လက်ဆင့်ကမ်းအမွေ**

ရှေးအခါက မြန်မာတိုင်းရင်းဆေးဆရာများ၏ ပညာရပ်များသည် အလွန်အံ့သြဖွယ် အစွမ်းထက်မြက်ကြသည်။

အပင်တစ်ပင်၏ အမြစ်,ပင်စည်, အရွက်,အသီး,အပွင့်၏ ရသဓာတ်၊ လူတစ်ဦးကို ကြည့်၍ ကျန်းမာရေး အခြေအနေကို မှန်ကန်စွာ ပြောနိုင်အကဲခတ်နိုင်သော အင်္ဂါရုပ်ဖတ် အတတ်ပညာတို့သည် လွန်စွာ ခက်ခဲနက်နဲလှပါသည်။

အချို့ တိုင်းရင်းဆေးဆရာများသည် သားစဉ်မြေးဆက် ပညာအမွေကို လက်ဆင့်ကမ်း ထိန်းသိမ်းနိုင်ခဲ့ကြသော်လည်း အချို့ကား မိမိတို့နှင့် တစ်ပါတည်း ပျောက်ကွယ်သွားခဲ့ကြပါသည်။

ကျွန်တော် ကြုံခဲ့ဖူးသော မြန်မာဆေးဆရာများအနက်မှ တစ်ဦးအကြောင်းကို အမှတ်တရ ရေးသားတင်ပြပါမည်။

အမည်က **ဦးမောင်ခန့်** ဖြစ်ပါသည်။ မြန်မာတိုင်းရင်းဆေးကုဆရာဖြစ်၍ ဆရာခန့်ဟု လူသိများပါသည်။

**လူနာတစ်ယောက်ကို ကုသလျှင် နေ့စဉ်ရက်ဆက် မလာပါ။ ရက်ချိန်းပေးခဲ့၍ တခြားသို့ လှည့်လည်ကုသရန် သွားပါသည်။**

အလှည့်ကျ ကုသသည့်သဘောဖြစ်ပါသည်။ ဆေးဖိုးဝါးခအနေဖြင့်လည်း မတောင်းပါ။ ကန်တော့သလောက်ပဲ ယူပါသည်။

တစ်ခါတစ်ရံ လူနာမှာ အလွန်ဆင်းရဲ၍ ဆေးဖိုးဝါးခ မပေးနိုင်သည့်အပြင် စားစရာတောင် အနိုင်နိုင်ဖြစ်နေလျှင်ဆရာခန့်ကပင် စားစရိတ်ထုတ်ပေးခဲ့ပါသေးသည်။

ကျွန်တော် **မြန်အောင်မြို့နယ်၊ ပဲတစ်ခွဲရေလယ်ကျွန်းရွာတွင် လက်ထောက် မူလတန်းပြဆရာအဖြစ်တာဝန်ထမ်းဆောင်နေစဉ်က ဖြစ်ပါသည်။**

တစ်နံနက်တွင် ချမ်းစိမ့်စိမ့် ဖြစ်လာ၍ ကျောင်းရှေ့တွင် နေပူဆာလှုံပါသည်။ ခဏကြာသောအခါ ခိုက်ခိုက်တုန်လာ၍ တည်းခိုရာ ဘုန်းကြီးကျောင်းပေါ်သို့ တက်ခဲ့ပြီး ခုတင်ပေါ်လှဲနေမိပါသည်။

ကိုယ်များ ချစ်ချစ်တောက်ပူလာပြီး သတိများပင် လစ်ခဲ့ပါသည်။ အဖျားအပူတက် တက်သည်ဟု ပြောကြပါသည်။

ညနေစောင်း၍ သတိရလာသောအခါ မိုးချုပ်စမှစ၍ တစ်ညလုံး မအိပ်ရတော့ဘဲ အဆက်မပြတ် ချောင်းဆိုးပါသည်။

နံနက်ပိုင်းတွင် ခိုက်ခိုက်တုန်၍ အဖျားတက်၊ နေ့ခင်းပိုင်းတွင် ကိုယ်ပူတက်၊ ညပိုင်းတွင် ချောင်းဆိုးဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ဆယ်ရက်ခန့် ဆက်တိုက် ဖြစ်နေပါသည်။

ရွာတွင် ဆွေမရှိ မျိုးမရှိဖြင့် အတော်အားငယ်မိပါသည်။

ရွာထဲမှ ဆေးဆရာတစ်ဦးက…

'ဆရာလေး ရောဂါက အချိုများများ စားပေးရမယ်။ ဒါမှ ပျောက်မယ် သကြားနဲ့နို့ဆီ နေ့တိုင်းစားပေး'

ဟု ဆိုသဖြင့် ကျောင်းသားမိဘများမှ ဝယ်ပေးကြသော နို့ဆီ, သကြားများကို နေ့တိုင်းစားပါသည်။

မသက်သာသည့်အပြင် လူမှာ တစ်နေ့တခြား ပိန်ချုံးလာပါသည်။ ကျောင်းသားမိဘအချို့က စိုးရိမ်လာပြီး…

'ဆရာလေး ဘာလုပ်ချင်သလဲ၊ ဒီအတိုင်း နေလို့ မဖြစ်ဘူး။ ကိုယ့်အရပ် ပြန်ချင်သလား'

ဟု မေးကြပါသည်။

'ပြန်ချင်တယ်ဗျာ၊ ကျွန်တော့်ကို စီစဉ်ပေးကြပါ'

ဟု လေသံယဲ့ယဲ့ဖြင့် ပြန်ပြောလိုက်ပါသည်။

နံနက်စောစောတွင် လှည်းဖြင့် မော်တော်ဆိပ်သို့ လိုက်ပို့ကြပြီး မော်တော်နှင့် မိမိနေရပ် ဟင်္သာတသို့ ပြန်ခဲ့ပါသည်။

ထိုစဉ်က ဟင်္သာတဆိပ်ကမ်းသည် မြို့နှင့် အတော်ဝေးပါသည်။ မြို့ပေါ်သို့ရောက်ရန် **ကိုင်းကွင်းသဲသောင်ခုံကိုဖြတ်၍** လှည်းငှားပြီး အိမ်သို့ ပြန်ရပါသည်။

အိမ်ရှေ့သို့ လှည်းရောက်သည့်အခါ ကျွန်တော်၏ မိခင်မှ…

'အို… လူလေး ပြန်လာတာလား၊ ဘာဖြစ်လာတာလဲ'

ဟု မေး၍ အိမ်ပေါ်မှ ကပျာကယာ ဆင်းလာပါသည်။

မိခင်၏ အသံကို ကြားရသည်နှင့် တစ်ရပ်တစ်ကျေးတွင် ဆွေမရှိ မျိုးမရှိ တစ်ယောက်တည်း ရက်ပေါင်းကြာကြာ ခံစားလာခဲ့ရသည့် ဒုက္ခကြောင့် အားငယ်ဝမ်းနည်းနေပြီး ယခု မိခင်၏ မေတ္တာရိပ်အောက် ရောက်ပြီဆိုသောအသိနှင့် ရင်ထဲတွင် ဆို့တက်လာကာ သတိလစ်သွားပါသည်။

သတိရလာသောအခါ အိမ်ခန်းဆီးကို မှီထိုင်၍ ချောင်းများ တရစပ် ဆိုးပါတော့သည်။

ထိုအချိန်တွင် အိမ်ရှေ့မှ လူတစ်ယောက် လွယ်အိတ်တစ်လုံး လွယ်၍ ဖြတ်လျှောက်သွားသည်ကို မြင်သဖြင့် မိခင်ကြီးမှ…

'အတော်ပဲ၊ ဆရာခန့် အိမ်ပေါ် ခဏကြွပါဦး၊ ကျွန်မသား နေမကောင်းဖြစ်ပြီး ပြန်လာလို့'

ဆရာခန့် အိမ်ပေါ်ရောက်သည်နှင့် အကျအန ထိုင်လိုက်ပြီး ကျွန်တော်၏ လက်ကောက်ဝတ်သွေးကြောကို ကိုင်၍ စမ်းလိုက်ပါသည်။

'ကောင်လေး မင်းမှာ အချိုသွေးတွေ အားကြီးနေတာပဲ။ ဘာတွေ စားသလဲ'

ဟု မေးပါသည်။ ကျွန်တော် အတော်အံ့ဩသွားပါသည်။

နားကြပ်မပါ ဘာမပါနှင့် မှန်အောင် ပြောနိုင်သော ပညာကို အတော်လေးစားသွားပါသည်။

'ရွာက ဆရာက အချိုများများ စားပေးရမယ်ဆိုလို့ သကြားတွေ၊ နို့ဆီတွေပဲ စားထားတယ်'

ဟု ပြောလိုက်ရပါသည်။

'အေး… အဲဒါတွေ စားလေ ပိုဆိုးလေပဲပေါ့'

ထို့နောက် ဆရာခန့်၏ လက်သုံးဆေးဖြစ်သော ဆေး နီနီမှုန့်နှင့် ဖြူဖြူမှုန့်များကို သမအောင် ရောစပ်၍ ကွမ်းရွက်ရည်နှင့် တိုက်ပါသည်။

သောက်ပြီး၍ ငါးမိနစ်ခန့်မျှ ကြာလျှင် ဆိုးနေသော ချောင်းသည် တဖြည်းဖြည်း ကျဲလာပြီး ဆယ်မိနစ်အတွင်း လုံးဝ ပျောက်ကင်းသွားပါတော့သည်။

ထို့နောက် ဓာတ်စာများ တွက်ချက်ပေးခဲ့ပြီး နောက်တစ်ခေါက် လာမည့်ရက်ကို ချိန်းခဲ့ကာ အိမ်ပေါ်မှ ဆင်း၍ ဆေးလွယ်အိတ်တစ်လုံးနှင့် ခရီးဆက်ပါလေတော့သည်။

* * *

**ဆရာခန့်ကား ကွယ်လွန်သွားခဲ့သည်မှာ နှစ်ပေါင်း ကြာခဲ့ပေပြီ။** သူ့တွင် တပည့်တစ်ဦးမှ မရှိ သားသမီးများကလည်း ဝါသနာမပါလေသလားမသိ။ မည်သူ့ကိုမှ ပညာအမွေ မပေးခဲ့။

ဆရာခန့် ကွယ်လွန်သွားခဲ့သလို သူ တတ်ကျွမ်းခဲ့သော ထူးဆန်းအံ့ဩဖွယ်ရာ၊ လေးစားဖွယ်ရာ ပညာရပ်များလည်း သူနှင့် တစ်ပါတည်း ပျောက်ကွယ်ခဲ့ပါသည်။

ယနေ့အချိန်တွင် တိုင်းရင်းဆေးများကို ရှေ့တန်းတင်၍ တိမ်မြုပ်နေသော ဆေးပညာများ၊ တိုင်းရင်းဆေးသမားတော်များကို ဖော်ထုတ်မြှင့်တင်ပေးလျက်ရှိရာ တိုင်းရင်းဆေးသမားတော်များသည် မိမိတို့၏ ပညာရပ်များနှင့် ဆေးနည်းများကို တစ်ဦးတည်း လျှို့ဝှက်မထားသင့်ဘဲ ပခုံးပြောင်းအမွေပေးခဲ့ရန်နှင့်…

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ဆေးကဏ္ဍမှ စာရေးသူများအားလည်း တတ်စွမ်းသမျှ မြန်မာ့ဆေးစွမ်းများကို မှတ်တမ်းတင်နိုင်ရန် ရှာဖွေဖော်ထုတ် ရေးသားကြစေလိုကြောင်း လေးလေးနက်နက် တိုက်တွန်းလိုက်ရပါသည်။

**ကျော်ရှင်(ပညာ)ဟင်္သာတ**



www.burmeseclassic.com

www.burmeseclassic.com

# အရိုင်းပန်း ပွင့်ချိန်

သီလ (ရေတံခွန်တောင်)



[၁]

နွေနှောင်းကာလ ညဦးပိုင်းမှာ မိုးမှောင်ကျနေလို့ ဟိုအဝေးဆီက သစ်ပင်အုပ်ထိပ်ဖျားလား၊ တိမ်တိုက်အစွန်းလား မသဲကွဲဘူး။

ရပ်ကွက်အစွန် သစ်ပင်ကြားက လျှပ်စစ်မီးရောင်ဟာ အိမ်အမြင့်ဆီက တစ်ပွင့်တလေ ညမီးထွန်းထားတာလား၊ ရပ်ကွက်ဘေး လမ်းမကြီးပေါ်က မီးပွင့်လား မထင်ရှားဘူး။

အိမ်ပြတင်းကနေ ရော်ရမ်းမှန်းငေးကြည့်နေမိတဲ့အခိုက် လျှပ်စီးလက်လိုက်မှပဲ အမှန်ကို သိလာရတယ်။

ဘဝလမ်း ဆိုတာလဲ ဒီလိုပဲ။ ဉာဏ်အလင်းတစ်ချက်ဆို မိမိရရ ဖမ်းဆုပ်လိုက်နိုင်မှ ထင်ရှားဖြစ်ပေါ်လာရမှာ မဟုတ်ပါလား။

[၂]

မင်းရှင်စောလက်ထက်က ဗိုလ်တွေ ရွေးပြီး စုထားတဲ့ နေရာမို့လို့ ရွေးစုရွာ ခေါ်တယ်။ ဒီဘက်ခေတ်ကျတော့ အဲဒီရွာမှာ သူကြီးဦးကျောင်းဆိုတာက နှစ်လုံးပြူးသေနတ်ကိုင်ရတဲ့ အုပ်ချုပ်သူ ဖြစ်လာတယ်။

နောက်ခေတ်အဆက်ဆက် ပြောင်းပြန်တော့ အုပ်ချုပ်သူနဲ့ အခေါ်အဝေါ်သာ ပြောင်းသွားတယ်၊ အဘိုးကြီး ဦးကျောင်းကတော့ ဩဇာရှိတုန်းပဲ။

အဲဒီကာလမှာ ဦးကျောင်းရဲ့ သမီး၊ သမက်များနဲ့ ကျွန်တော် မိတ်ဆွေဖြစ်သွားတယ်။ ရေတံခွန်တောင်သွားရင် သူတို့ဆီ ဝင်လည်ဖြစ်တယ်။

ရွေးစုရွာဘေးမှာ ဆည်တော်ကြီးကနေ အောင်ပင်လယ်က လယ်တွေကို ရေပေးတဲ့ မြောင်းရှိတယ်။ ရွာကနေ အဲဒီမြောင်းရဲ့ မြောင်းပေါင် တံတားကျော်လိုက်ပြီး ဝါးရုံတောတွေထဲ နှစ်မိုင်လောက် ဝင်လိုက်ရင် ရေတံခွန်တောင် ရောက်တယ်။

**ဒီတောင်က မောင်းကြီးကိုးမောင်းမှာ ဗဟိုကျတယ်။** တောင်ကြောပေါ်မှာ သားကောင်တွေ ကျားတွေရှိတယ်။ **တောင်ခြေမှာ ခြေတံရှည် အသားကျောင်းလေးနဲ့ ရေတံခွန်တောင် ဆရာတော်ကြီး သီတင်းသုံးတယ်။** ဦးကျောင်းက စောင့်ရှောက်ရတယ်။

အဲဒီမှာ သဘာဝ တောင်ကျရေကလွဲပြီး ဘာမှ မရှိဘူး။ လူသူလေးပါးလဲ ကင်းတယ်။ **ထူးထူးခြားခြားဆိုလို့ ပေါက်ဂူဆိုတဲ့ သဘာဝဂူကြီး တစ်လုံးရှိပြီး ထွက်ရပ်ပေါက်**

www.burmeseclassic.com

**မှန်သမျှ ဒီဂူကို မလာရင်မပြီးဘူး။**

ဒီအကြောင်းတွေကို နောင်မှာ ရေတံခွန်တောင် ဆရာတော်ကြီးက ပြောပြတာပါ။

[၃]

အခုဟာကတော့ သူကြီးကျောင်းရဲ့ သမက်က ပြောပြတာပါ။

ရွာထဲမှာ မုဆိုးကြီး ဦးကံသာဆိုတာ ရှိတယ်။

တစ်နေ့ညမှာ သူ အဖော်တစ်ယောက်နဲ့အတူ ရေတံခွန်တောင်ပေါ် အမဲလိုက်ထွက်တယ်။ ဒီကြောက ပြင်ဦးလွင်(၂၁)မိုင်အထိ ကျယ်တယ်။

ဒါပေမယ့် အဲဒီညအဖြစ်က အမဲဆိုလို့ ဖားတစ်ကောင် ကြောင်တစ်မြီးတောင် မရခဲ့ဘူး။

မနက်ဘက်မှာ မောမောဆာဆာနဲ့ တောင်ပေါ်က ဆင်းလာတဲ့ ဒီနှစ်ယောက်ကို ရေတံခွန်တောင် ဆရာတော်ကြီးက ကျောင်း ပြတင်းကနေ ကြည့်နေခဲ့တာ။ အနားရောက်တော့သာ...

'ဟော့...ဒကာ ဟော့...ဒကာတွေ'

ဆရာတော်ကြီးက လှမ်းခေါ်တယ်။

မုဆိုးကြီးတို့ ကျောင်းနားသွားလိုက်တော့သာ တောင်ပေါ်အတက်လမ်း ပိတ်နေတဲ့ ကျောက်တုံးကြီးကို ကျောင်းပြတင်းကနေ ညွှန်ပြရင်း...

'အဲဒီကျောက်တုံးကြီး ဘေးဖယ်ပေးခဲ့စမ်းကွာ'

လို့ မိန့်တယ်။

ဘုန်းကြီးကို ရှေးထုံးစံ လေးစားရိုသေလို့သာ လုပ်ရတာ၊ သူတို့နှစ်ယောက်က မောနေ ဆာနေတာ မို့လား။ ဒါကို ကြည့်နေတဲ့ ဆရာတော်ကြီးက...

'ဟော့...ပြီးရင် တက်ခဲ့ဦး'

ကျောင်းပေါ် ခေါ်ပြန်တယ်။ သူတို့ အိမ်အမြန် ပြန်ရောက်ချင်နေပေမယ့် ဘုန်းကြီးကိုရိုနိလို့ ကျောင်းပေါ် တက်ခဲ့ရပြန်တယ်။ အဲဒီမှာ...

'ကဲ...ဟိုမှာ စားလိုက်ကြဦး'

ဆရာတော်က သူ ဘုဉ်းပေးပြီး ကျန်တဲ့ သပိတ်ဖြစ်ဟန်ကို ညွှန်ပြရင်း မိန့်တော့တယ်။

သပိတ်ကို မုဆိုးကြီးတို့ ကြည့်လိုက်တော့ ဆွမ်းက အနည်းလေး။ သူတို့က အလုပ်ကြမ်းသမားတွေဆိုတော့ တော်တန်ရုံနဲ့ မဝနိုင်။

'တော်ပါပြီ ဘုရား... တပည့်တော်တို့ကို ပြန်ခွင့်ပြုပါဦး ဘုရား'

ဒီလို လျှောက်လိုက်တော့...

'အေး... ငါက စားဆိုရင် စားမှ ကြိုက်တာကွ'

ထပ်မိန့်ပြန်တယ်။

ဘုန်းကြီးကို ဟန့်လို့ မပယ်ရှားနိုင်တော့ဘဲ နှစ်ယောက်သား သပိတ်အလယ်ချ နှိုက်စားကြရတော့တယ်။ ဆရာတော်ကတော့ သူတို့ကို ကျောခိုင်းပြီး ပြတင်းဝမှာ ရပ်နေတယ်။

အဲဒီမှာ စားကောင်းကောင်းနဲ့ မုဆိုးကြီးတို့နှစ်ယောက် စားလိုက်တာ။ စားလေ ဆွမ်းကျန်ဟင်းကျန်က များလာလေဖြစ်လို့ ဒီဘုန်းကြီးက မခေဘူးဆိုတာ သူတို့ ရိပ်မိလာရတယ်။

တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိသွားတယ်။ သူတို့ အရင်အသိက တွေ့နေကျ သာမန် ဘုန်းကြီးတစ်ပါး အဖြစ်သာပါ။

နှစ်ဦးသား ချွေးတွေ ပျံလာပြီး အစားရပ်လို့ ဆရာတော်ကို ဦးချကြတယ်။ ဆရာတော်က ရပ်နေရာက ပြုံးကြည့်ရင်း...

'ဒကာကြီးတို့ ဝပြီလား။ ကဲ...ဒါဆို လိုရာခရီး ဆက်ကြပေရော့'

ဒီလို မိန့်တယ်။

ဘာကြောင့်ရယ်မသိ။ **မုဆိုးကြီး ဦးကံသာ ကိုယ်တွေ တဆတ်ဆတ် တုန်လာရတယ်။ အသိတရားတွေ တဖွားဖွား ပေါ်လာရတယ်။**

အဲဒီမှာ ဘေးချထားတဲ့ သေနတ်ကို အဖော်ဖြစ်သူပေးပြီး ပြန်ခိုင်းလိုက်တယ်။ **(အဲဒီသူကပဲ သူကြီးကျောင်း သမက်ကို ပြန်ပြောပြခဲ့တာပဲ။)** သူကတော့...

'တပည့်တော်ကို သင်္ကန်းဆီးပေးပါဘုရား'

အသိနောက်က စကားသံ ထွက်လာရတယ်။

ဆရာတော်က သိပြီးသားဆိုတဲ့ သဘောနဲ့...

'အေး...အေး... ဒါပေမယ့် ပြီးရင် ဒီမှာ မနေနဲ့ ကံလယ်သွားနေ၊ ငှက်ပျောစိုက်မစားနဲ့၊ သင်္ကန်းရောင်းမစားနဲ့'

မှာတမ်းခြွေလို့ သင်္ကန်းဆီးပေးလိုက်တော့တယ်။

နောင်အခါ ဦးပဋ္ဌင်းကြီးကံသာရဲ့ ကံလယ်ကျောင်း... ကံလယ်ကျောင်းဆိုတာက အောင်ပင်လယ်တောရဲ့ အလယ်မှာ ပေါ်ပေါက်လာတော့တယ်။

ဟဲ့... အရိုင်းပန်းတစ်ပွင့် ပွင့်ချိန်တန်သွားခဲ့တယ် မဟုတ်ပါလား။

[၄]

ဘဝလမ်းဆိုတာ ဒီလိုပါပဲ။ ဉာဏ်အလင်းတစ်ချက်ကို မိမိရရ ဖမ်းဆုပ်လိုက်နိုင်မှသာ ထင်ရှား ဖြစ်ပေါ်လာရမှာ မဟုတ်ပါလား။

**ငြိမ်းစားမိရသမျှတော့ အထုံပါရမီရှိသူနဲ့ သိနားလည်တဲ့ ပုဂ္ဂိုလ် ဆုံကြတဲ့ ပွဲမို့ပဲ ယူဆမိပါတယ်။**

လမ်းပိတ်နေတာကို ဖယ်ရှားခိုင်းတဲ့ အပွင့်ဓာတ်ယူပုံကိုလဲ သတိထားလိုက်မိပါတယ်။

**သီလ(ရေတံခွန်တောင်)**



www.burmeseclassic.com

www.burmeseclassic.com

# နတ်ဆရာများအတွက်

ဘကြီးအောင်
(စစ်ကိုင်းတောင်)

## စင်(၃)စင် အစီအရင်

တစ်နေ့သောအခါမှာ နတ်ဆရာလေးဖြစ်တဲ့ မောင်ငယ်လေးဟာ ကျွန်တော့်ထံ ရောက်လာပါတယ်။ ခရီးရောက်မဆိုက်မှာပဲ မောင်ငယ်လေးက...

'အဘရေ့ ကျွန်တော့်မှာ ရတနာ့ဂူပွဲပြီးကတည်းက ပွဲထွက်ကျဲနေတာ အခုဆို မရှိသလောက် ဖြစ်နေပြီ။ အဲဒါ တစ်ခုခုတော့ လုပ်ပေးပါဦး'

'အေးပါကွာ။ ဒါပေမယ့် ငါက နတ်ထိန်းချုပ်ကြီးမှ မဟုတ်တာ။ ဒီတော့ ငါ့ဆရာဖြစ်တဲ့ ဒီပဲယင်းဆရာတော်ကြီး ဦးဥတ္တမသိဒ္ဓိရဲ့ အစီအရင် ကျင့်စဉ် တစ်ခုတော့ ရှိတယ်ကွ။ မင်း လုပ်နိုင်ရင်တော့ အဆင်ပြေသွားမှာပါ။ ဒီနည်းကို မပြောခင် စကားစပ်ပြီး ပြောပြချင်သေးတယ်'

'ပြောပါ အဘရယ်။ မှတ်သားထားပါ့မယ်'

'ဒီလိုကွ။ မင်း လုပ်နေတဲ့ လုပ်ငန်းက နတ်ဆရာဆိုတော့ကွာ။ တစ်ခုတော့ သတိကြီးကြီးထားရမယ်။ သရဏဂုံ(၃)ပါးကို လုံးဝ သွေဖည်လို့ မရဘူးကွ။ မင်းလုပ်နေတာက နတ်ဆုခံစားရတဲ့ နတ်ဆရာဆိုတော့ နတ်ကိုသာ ဦးစားပေး ကိုးကွယ်နေတာဆိုရင် သရဏဂုံ ပျက်တယ်ကွ။ ဒီတော့ သရဏဂုံ မပျက်အောင် ကြပ်ကြပ်ဆင်ခြင်ရမယ်။

"နတ်လုပ်ငန်းကို ရိုးရာအစဉ်အဆက် ထုံးစံအရ အမွေခံလုပ်တာဖြစ်ဖြစ်"၊ "နတ်ဒေဝတာတွေက ချစ်လို့ ကတိရှိ သို့လုပ်ကိုင်ရတာဖြစ်ဖြစ်"၊ "ကိုယ်တိုင်က နတ်ဝါသနာပါလို့ လုပ်တာဖြစ်ဖြစ်" နတ်ကတော်တွေနဲ့ ထဲထဲဝင်ဝင် လုပ်





နေရုံနဲ့ နတ်ကျိုးက ပေးချင်မှ ပေးတာကွ။ **ဒီတော့ ရိုးရာနတ်တွ၊ မိဆိုင် ဖဆိုင် နတ်တွေက ချစ်ခင်လာအောင်၊ ကူညီစောင့်ရှောက်လာအောင်၊ စောင်မကြည့်ရှုချင်စိတ်ရှိလာအောင်** လုပ်တတ်ဖို့ အရေးကြီးတယ်နော်'

'ဟုတ်ကဲ့ပါ အဘရယ်။ အဲဒါလဲ ကျွန်တော် အမြဲမှတ်သားထားပါ့မယ်'

'အေးပေါ့ကွာ။ ဘုရားဂုဏ်၊ တရားတော်ရဲ့ဂုဏ်၊ သမုတိ သံဃာတော်တို့ရဲ့ ဂုဏ်ဆိုတာက ယုံယုံကြည်ကြည်နဲ့ ဆည်းကပ်၊ ချဉ်းကပ်သလောက် အကျိုးအနှုဿရှိတာကွ။ အဲဒီဂုဏ်တော်တွေ စုဝေးရာ မြတ်စွာဘုရားရှင်ရဲ့ အပါးမှာ ရဟန္တာအရှင်မြတ်တွေ၊ ဒေဝတာ နတ်မင်းကြီးတွေရယ် အမြဲမပြတ် တရားကြားနာ ကြည်ညိုလေ့ရှိတယ်။ အာဋ္ဌာနာဋိယ သုတ်တော်မှာဆိုရင် အတိအလင်းပဲ ဖော်ပြထားတာကို ဖတ်ရ၊ နာကြားရမှာပေါ့ကွာ။

နတ်မင်းကြီးတွေဟာ တန်ခိုးကြွင်ပါတ်နဲ့ အလွန်ပြည့်ဝတဲ့ ပုဂ္ဂိုလ်တွေဖြစ်လေတော့ ဘုရားရှင်ကို လှူဖို့ရာ စွမ်းဆောင်နိုင်ကြတယ်။ နတ်မင်းကြီးများရဲ့ အခြွေအရံတွေကတော့ မစွမ်းဆောင်နိုင်ကြတဲ့အတွက် အတော့်ကို စိတ်လက်မရွှင်လန်းကြဘူးတဲ့။

ဒါကြောင့် အဆင့်မမြင့်တဲ့ အောက်ရှာက နတ်တွေဟာ လူတွေရဲ့ အကူအညီကို ရယူကြရသတဲ့ကွ။ လူတွေဆိုတော့ လူတိုင်းကိုတော့ မဟုတ်ဘူးပေါ့ကွာ။ သူတို့နဲ့ အမျိုးအဆွေ တော်စပ်ခဲ့ဖူးတဲ့သူတွေတို့၊ ကျေးဇူးရှိခဲ့ဖူးတဲ့လူတွေတို့၊ သူတို့က ချစ်ခင်နှစ်သက်တဲ့ လူတွေကိုသာ ကြည့်ရှုကြတာပေါ့'

'ဟုတ်ကဲ့ အဘရယ်။ ဒါနဲ့ သူတို့ ချစ်ခင်လာနိုင်တဲ့နည်းနဲ့ နတ်တွေက ချစ်ခင်တယ်ဆိုတာ ရှင်းပြပါဦး ခင်ဗျာ'

'ဥပမာ ဒီလိုကွာ။ ဘယ်အရပ်မှာဖြင့် ဘုရားပွင့်တော်မူနေပြီ၊ ဘုရားရှင်ဟာ ဇေတဝန်ကျောင်းတော်မှာ တရားရေအေး တိုက်ကျွေးနေပြီတို့ပေါ့ကွာ။ **အနီးဆုံးပြောရရင် တပုဿ ဘလ္လိကညီနောင်တို့ဟာ ဘုရားရှင်နဲ့တွေ့ဖို့ နတ်မင်းကြီးတွေက ကူညီခဲ့တာ မင်း သိပြီးသားပဲ။**

နတ်တွေ ချစ်လာအောင်၊ အကူအညီပေးချင်အောင် **ဆရာတော်ကြီးရဲ့ စင်(၃)စင်ကျင့်စဉ်ကို** အခါမလပ် လုံ့လပြုသင့်တယ်။ ဒီကျင့်စဉ်ကို ကျင့်ကြံအားထုတ်မယ်ဆိုရင်...

၁။ အိပ်ရာ စောစောထဖို့ လိုတယ်။
၂။ ပုဆိုး ကြိုးငွေခြင်း ရှိမနေရဘူး။
၃။ သူများကို အားမကိုးရဘူး။

ဒါမှ ဒီကျင့်စဉ်က အောင်မြင်မယ်။

**"ကိုယ်လုပ်မှ ကိုယ်ရ၊ ကိုယ်ကြည့်မှ ကိုယ်မြင်၊ ကိုယ်သင်မှ ကိုယ်တတ် ညာဏ်နဲ့ဖြတ်"**

လို့ တို့ဆရာက မိန့်မှာထားတာ ရှိသကွ။

ဆရာတော်ကြီးရဲ့ စင်(၃)စင်ဆိုတာကတော့ ဒီလိုကွ။

www.burmeseclassic.com

၁။ ဘုရားစင်
၂။ နတ်စင်
၃။ ရေအိုးစင်

ဆိုတဲ့ **စင်(၃)စင်ကို** ဆိုလိုတာ။

## ဘုရားစင်

ဘုရားစင်ကို ကြည့်လိုက်တာနဲ့ မြင်ရတဲ့လူတိုင်းရဲ့ ရင်ထဲမှာ ကြည်ညိုလာအောင် ရှင်းလင်း သန့်စင်နေရမယ်။ ပိုးမွှားတို့၊ ပန်းခြောက်တွေတို့၊ အမှိုက်တိုင် အတိုအစတွေ၊ ဘာဆို ဘာမှ မရှိစေရဘူး။ နေ့စဉ် နေ့တိုင်း မဖြစ်မနေ ဆောင်ရွက်ရမယ်။

**ဘုရားစင်မှာ မြတ်စွာဘုရား ရုပ်ပွားတော်ကို ပေါ်လွင် ထင်ရှားအောင်၊ သပ္ပါယ်နေအောင် ထားရမယ်။ ရုပ်ပွားတော်မြတ်ကို ဘုရားဆောင် ကျဉ်းကျဉ်းလေးထဲမှာ အလုံပိတ်ပြီး မပူဇော်အပ် ဘူး။ ပလ္လင်တော်ပေါ်မှာ ရှုချင်စဖွယ် မြင် အောင် ကိန်းဝပ်နေစေတာဟာ အကောင်းဆုံး ဖြစ်တယ်။**

ဘုရားစင်မှာ ဘိုးတော်ပုံ၊ မယ်တော်ပုံတို့ အဆောင်ပစ္စည်းတို့ အင်းချပ်တို့ ဆေးဝါးတို့ ထူးဆန်းတဲ့ ဂွမ်းရုပ်ပစ္စည်းတို့၊ ဓာတ်လုံးတို့ ရေမန်းပုလင်းတို့ ပုတီးတို့ စတဲ့ အရာတွေကို လုံးဝ တင်မထားရဘူး။ ဒါတွေကို သီးသန့်နေရာ လုပ်ပြီး ထားပေးရမယ်။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို မနက်ရောက်တာနဲ့ တစ်ပြိုင်တည်း မျက်နှာသစ်တော်ရေ ကပ်လှူခြင်း၊ အလင်းတိုင်၊ အမွှေးတိုင်နဲ့ ပူဇော်ခြင်း ပြုရမယ်။ **ဘုရားပန်းကို ပန်းအိုးနဲ့ သင့်တော်ရုံ လှလှပပ ပြင်ဆင် ပူဇော် ကပ်လှူရမယ်။** ပန်းအိုးဟာ မြတ်စွာဘုရားကို ကွယ်မနေစေရဘူး။ အရုဏ်ဆွမ်းတို့ သစ်သီးတို့ကိုလဲ မွန်းလွဲတာနဲ့ စွန့်ရမယ်။



ရုပ်ပွားတော်ကို ရာသီဥတုအလိုက် ရေသပ္ပါယ်ခြင်း၊ ကမ္ဗလာထည် ခြုံပေးခြင်း၊ နေရာထိုင်ခင်းပေးခြင်း၊ မျက်နှာကြက်တော် တပ်ဆင်ခြင်းစတဲ့ ကောင်းမှု ကုသိုလ်တွေကို မကြာခဏ ပြုပေးရမယ်။

**ပဂေတ္တမ ဆရာတော်ကြီး ဆိုရင် သူ့ရာထားတာနဲ့ ထရာ ထောင်တာပဲ။ သူ့ အိုက်ခနရင် မြတ်စွာဘုရားကိုယ်ထင်ထင်တော့တာပဲ။ နေမကောင်းဘူးဆိုရင် ဆီးမြူ၊ ပန်းထိ၊ သစ်သီး(၃)မျိုးနဲ့ စီထားတဲ့ ကြိုပလေထေးကို လှူတော့တာပဲ။ ဒီလိုလောက် ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို ကြည်ညိုတာ။**

ဒါဆိုရင် ဘုရားစင်အတွက် လုံလောက်ပြီပေါ့ကွာ။

## ဒေဝါစင်

ဘုရားရှင်ကို ပူဇော်ပြီးတဲ့အခါ **ဒေဝါစင်မှာ မိမိအလေးထားတဲ့ နတ်မင်းကြီး**ကို ဒေဝတာဗလိ ကုသိုလ်ပြုရမှာ ဖြစ်တယ်။ သင့်တင့်လျောက်ပတ်တဲ့ **အလင်းတိုင်၊ အမွှေးတိုင်၊ သစ်သီး**စတဲ့ ဖွယ်ဖွယ်ရာရာ လှူတဲ့၊ တင်တဲ့အခါမှာ ဥပမာ...

“ဘိုးတော်နတ်မင်းကြီး ခင်ပျား(ယယ်တော်ကြီးခင်ပျား)သားကြီး မောင်ငယ်လေးမှ ပေးလှူတဲ့ အလှူရုံများကို မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးကို လှူဒါန်းတော်မူပါရန် လက်တော်သို့ အပ်ပါတယ်။ လှူဒါန်းတော်မူပါ”

လို့ အပ်နှံရမယ်။ ဒါမှ နတ်တွေက ချစ်မယ်။ စောင့်ရှောက်မယ်။

**ဒေဝါစင်မှာလဲ** ပိုးမွှားတို့၊ ပန်းခြောက်တို့၊ အမှိုက်သရိုက်တွေ လုံးဝ မရှိအောင် နေ့စဉ် နေ့တိုင်း ကုသိုလ်ပြု သန့်စင်ပေးရမယ်။ ပျင်းပါတယ်ကွာ ဆိုလို့တော့ မရဘူး။

**လှူထားတဲ့ သစ်သီး**တို့၊ အချိုရည်တို့ ယစ်မျိုးရည် စတဲ့ ပစ္စည်းတွေကိုလဲ ရက်သတ္တ တစ်ပတ်ထက် ပိုမထားပါနဲ့။ သင့်တော်ရာကို ပေးကမ်းလိုက်ပါ။

**ဆက်သထားတဲ့ ဖောင်းတော်၊ ပဝါ၊ ရင်စည်းနဲ့** ဒွါဒရာတွေကိုလဲ တစ်ပတ်တစ်ခါ လဲလှယ်ပေးရမယ်။ ***(လျှော်ဖွပ်သန့်စင်ပြီး အမွှေးနံ့သာ ပက်ဖျန်းလို့ ပြန်သုံးပါ)***

**အုန်း ငှက်ပျောပွဲတွေမှာ အညှာကျွတ်ရင် မြစ်မြစ်၊ ကြွက်ကိုက်၊ ငှက်ကိုက်ရင် မြစ်မြစ် သိလျှင်သိချင်း ချက်ချင်း စွန့်လိုက်ပါ။ မျက်နှာပွင့်ပြီး လှပတဲ့ အုန်းခိုင်ကို ရက်မကျော်ဘဲ စွန့်ရမယ်။**

ဒေဝါစင်မှာတော့ **(၃၇)မင်းတို့ရဲ့ ဆိုင်ရာ ဆိုင်ရာ အသုံးအဆောင်များကို ထားရှိလို့ ရပါတယ်။** အမြင်တင့်တယ်အောင်ထားပါ။ စွန့်ပြီးတဲ့ ပစ္စည်းတွေကိုတော့ သီးသန့် သိမ်းဆည်းထားပါ။

နတ်ထားများ လှူတဲ့အခါ အသွားချွန်ကို အောက်စိုက်ထောင်ပြီး လှူပါ။ မျက်နှာကို ထိပြီး လုံးဝ မလှူရ။ နေ့စဉ် အမွှေးနံ့သာ ပက်ဖျန်းခြင်း ပြုပေးရမယ်။

မိမိတို့ဒေသ ရိုးရာဓလေ့ ထုံးစံအရ အလိုရှိရာ ဆောင်ရွက်ခြင်း၊ နတ်အဟောပညာနဲ့ စပ်သော ကြွေစေ့၊ နတ်ကားချပ်၊ ခုံညင်းစတဲ့ အရာဝတ္ထုတွေကို လှပသပ်ရပ်စွာ ကလပ်ကလေးနဲ့ ထားရမယ်။

ဒေဝါစင်ကိုလဲ နေ့စဉ် မပျက်မကွက် ဆောင်ရွက်ခြင်းဖြင့် ဒေဝါစင် ကိစ္စ အဝဝကို ကျင့်စဉ်တစ်ခု ဖြစ်စေရပါတယ်။

## ရေအိုးစင်

**နေ့စဉ်သုံး သောက်ရေအိုးစင်**မှာ ရေအိုးပုံး၊ သောက်ရခွက်၊ အိုးဆောင်း



www.burmeseclassic.com

www.burmeseclassic.com

ဆိုတာ မရှိမဖြစ် အရာတွေဖြစ်တယ်။ သောက်ရေအိုးကို နေ့စဉ် ဆေးကြော သန့်စင်ရမယ်။ ရေခွက်နဲ့ အဖုံးကိုလဲ နေ့စဉ် တိုက်ချွတ်ဆေးကြောရမယ်။

မနက်လင်းတာနဲ့ ရေသစ် လဲလှယ်ရမယ်။ ကောင်းသော မနသိကာရနဲ့ စိတ်ပါလက်ပါ ဆောက်ရွက်ရမယ်။ ရေသုံးဆောင် သူတိုင်းကို အယုတ် အမြတ်၊ အလတ်မရွေး မေတ္တာစိတ်နဲ့ ကုသိုလ်စိတ်မွေးပါ။

သောက်ရေခွက်နဲ့ လက်ဖက်ရည် ထည့်သောက်တာတို့ အဖျော်ယမကာ ထည့်သောက်တာတို့ လုံးဝ မလုပ်ရပါ။ တစ်ပါးသူများကိုလဲ ခွင့်မပေး။ ရေအိုးစင်မှာ မဆိုင်တဲ့ ကွမ်းထုပ်တို့ ထုံးထုပ်တို့ ဟင်းသီးဟင်းရွက်နဲ့ ပန်း စတဲ့ အရာတွေကို တင်မထားပါနဲ့။

သောက်ရေပြည့်တဲ့အခါမှာလဲ **ရေစစ်နဲ့ (၃)ကြိမ် စစ်ပြီးတော့မှ မေတ္တာစိတ်နဲ့ ရေအိုးထဲကို လောင်းထည့်ရပါမယ်။** ဒါဆိုရင် ရေအိုးစင်ကိစ္စ ပြီးပါတယ်။

အဲဒီ စင်(၃)စင် ကိစ္စ(၃)မျိုးကို ဆောင်ရွက်ပြီးပြီဆိုရင်တော့ ကျင့်စဉ် အဓိဋ္ဌာန်ရှိသူများကတော့ ဘုရားရှေ့တော်မှာ ထိုင်ပြီး **စင်(၃)စင် ကုသိုလ်အဖို့ကို ဖွင့်ဟပြီး ဆုတောင်းခြင်း၊ အမျှဝေခြင်း၊ မေတ္တာပို့ခြင်း၊ မေတ္တာ ခံယူခြင်း ပြုပြီး ဆက်လက် အားထုတ်ပါတော့။**

နတ်ဆရာတွေကတော့ မိမိနဲ့ ဆိုင်ရာ နတ်ခန်းမှာ ကျကျနန ထိုင်ပြီး ဆိုင်ရာကို ပင့်ဖိတ်ရပါမယ်။ ကြွရောက်လာကြတဲ့ပုဂ္ဂိုလ်များကို ဆိုင်ရာ ဆိုင်ရာ ပုံတော်၌ နာမ်ကိန်းစေရပါမယ်။ နာမ်ကိန်းကြောင်းကို နတ်ကတော်များ သိပြီး ဖြစ်လို့ လိုအပ်ရာကို လျှောက်ထားခြင်း၊ ယပ်သွင်းခြင်း စတဲ့ မန္တန်ရွတ်ဆိုခြင်းများကို ဆက်လက် ဆောင်ရွက်ပါ။

## ဆောင်ရွက်ပုံ

"ကျွန်တော် မောင်ငယ်လေးသည် ယနေ့ အလွန်မြတ် မင်္ဂလာရှိသော နံနက်ခင်းမှ စတင်ပြီး ရှင်တော်မြတ်ဘုရား၏ နေရာတော်အား လည်းကောင်း၊ (၃၇)မင်း အရှင်နတ်မင်းတို့၏ နေရာတော် ဘုံဗိမာန်အား လည်းကောင်း၊ သောက်ရေအိုးစင်အား လည်းကောင်း ကောင်းမြတ်သန့်စင်သော စိတ်စေတနာဖြင့် ကုသိုလ်ဒါနပြုခဲ့ပြီးဖြစ်၏။

ဤမှန်သောအကြောင်းကို ထောက်ထား၍ သားမောင်ငယ်လေးအား ဖခင်သဖွယ် မိခင်အလား ဘိုးတော်နတ် မယ်တော်မြတ်တို့သည် အမြဲမပြတ် အစဉ် စောင့်ရှောက်ကူညီတော်မူကြပါ။

သားငယ်၌ ယခုအခါ လာဘ်သပ်ပကာ နည်းပါးနေပါသည်။ ထိုအကြောင်းကြောင့် "သားတော်မောင်ငယ်လေး"အား အရပ်ရှစ်မျက်နှာမှ ကြွယ်ဝချမ်းသာသော အဆွေခင်ပွန်းကောင်းတို့အား စိတ်သွင်း၍ ပို့ပေး၊ လာပါစေ"

လို့ (၃)ကြိမ် တောင်းဆိုရမယ်။

ယနေ့ မိမိပြုခဲ့တဲ့ စင်(၃)စင် ကောင်းမှုတို့ အဖို့ဘာဂကို အရှင်နတ်မင်းများအား လည်းကောင်း၊ အခြွေအရံများအား လည်းကောင်း အမျှ(၃)ကြိမ် ဝေရမယ်။ **မေတ္တာသုတ်၊ မင်္ဂလသုတ်၊ ရတနသုတ်တို့ကို** တတ်နိုင်သရွေ့ ရွတ်ဖတ်ပူဇော်ရမယ်။ အဲဒီ ကုသိုလ်အဖို့ကိုလဲ ထပ်မံ အမျှဝေရမယ်။

အမျှဝေ သာဓုခေါ်ပြီးတော့ အလိုရှိရာ ပြန်ပို့ရမယ်။ ဒီ စင်(၃)စင်အစီအရင်ကို နတ်ဆရာများ၊ နတ်ကတော်များဟာ **ရက်ရာဇာဖြစ်တဲ့ စနေ၊ အင်္ဂါနေ့များကို အစပြု၍ (၃၇)ရက် မပျက်မကွက် ဆောင်ရွက်ပါက** အဲဒီရက်ပါ။

ပါ။

များအတွင်းမှာပင်-ထူးထူးခြားခြား ပွဲလာဘ်များရရှိကြမှာ မလွဲပါ။

နတ်ဆရာ မဟုတ်တဲ့ ဝါသနာရှင်များကတော့ သရဏဂုံ မပျက်အောင် ကိုယ့်ကိုယ်ကိုယ် စောင့်ရှောက်ပြီး ဘုရားရှင်ထံမှာ အဓိဋ္ဌာန်တင်ပြီး မိမိမွေးနေ့မှစ၍ ဆောင်ရွက်ကြည့်ပါ။

**ဘုရားစင် အစီအရင် (၃)ရက်**
**နတ်စင် အစီအရင် (၃)ရက်**
**ရေအိုးစင် အစီအရင် (၃)ရက်**
**စုစုပေါင်း (၉)ရက်** ဖြစ်ပါတယ်။

## အကျိုးတရားများ

ဘုရားစင် အစီအရင်ကြောင့်...

**ရာထူးတိုးခြင်း၊ ကျန်းမာခြင်း၊ စိတ်ကောင်းဆွေကောင်း ပေါများခြင်း၊ ဝင်ငွေတိုးခြင်း၊ ရစရာများ ပြန်လည်ရရှိခြင်း။**

နတ်စင် အစီအရင်ကြောင့်...

**နတ်ဒေဝတာများက ချစ်ခင်ခြင်း၊ စိတ်ချမ်းမြေ့ခြင်း၊ လာဘ်သပ်ပကာ ပေါများခြင်း၊ ရန်ကင်းခြင်း၊ ဈေးအလွန်ရောင်းကောင်းခြင်း။**

ရေအိုးစင် အစီအရင်ကြောင့်...

**အကျိုးဆယ်ပါး** ပြည့်စုံခြင်း၊ **ကန်လယ်မှာ ပွင့်သော ပဒုမ္မာကြာကဲ့သို့ တင့်တယ်ခြင်း၊ ကောင်းသော အဆွေအမျိုးတို့မှ ကူညီမစခြင်း၊ အကျိုးတရားများကို ကေန်အမှန် ရရှိကြမှာ ဖြစ်ပါတယ်'**

နတ်ဆရာ မောင်ငယ်လေးကို အကြောင်းထင်လို့ စင်(၃)စင် အစီအရင်ကို ဒါနပြုလိုက်ပါတယ်။

စာချစ်သူ အစီအရင် ဝါသနာရှင်များ စိတ်ချမ်းသာ၊ ရတနာ ရွှေမိုးငွေမိုး ရွာသွန်းဖြိုးကြပါစေသော်။

**ဘကြီးအောင် (စစ်ကိုင်းတော)**



www.burmeseclassic.com

www.burmeseclassic.com

# သတ္တဗီသစေ အင်း

နေထွင်

ကြည့်မြင်တိုင်မြို့နယ်သည် ကျွန်ုပ်၏ ဇာတိမြေဖြစ်၏။ သရက်တော (၂)လမ်း၊ အိမ်အမှတ်(၈၆)၊ အရိုးကုဆေးရုံအနီးတွင်နေထိုင်စဉ် အဘိုးဖြစ်သူ ဦးမောင်ကြီးသည် လောကီပညာကို စတင်၍ လေ့လာလိုက်စားခဲ့၏။ သို့သော် ကျွန်ုပ်အနေနှင့် အထင်မကြီးခဲ့ပေ။

အဘိုးသည်အ–မ–က(၈)ကမာရွတ်မြို့နယ်တွင် ကျောင်းအုပ်ဆရာကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့၍ ၁၉၈၄ ခုနှစ်တွင် သက်ပြည့်ပင်စင်ယူ၍ အမှတ်(၁၇၂)၊ အောင်သိဒ္ဓိလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်တွင် နောက်ဆုံးအချိန်အထိ နေထိုင်သွားခဲ့ပါသည်။

ထိုသို့နေထိုင်စဉ် ကာလအတွင်းတွင် နှလုံးသားတွင် ဘုရားတည်ပါဟူသော ကျင့်စဉ်ကို အပြီးတိုင် ပေါက်မြောက်ခဲ့၏။ ကျင့်စဉ် အဆင့်(၁၆)ဆင့်ပါရှိ၍ တစ်ဆင့်လျှင် ပုတီး(၁၀)ပတ်၊ (၁၆)ဆင့်တွင် အပတ်ရေ (၁၆၀)ပြည့်ပါက စေတီတော် (၁)ဆူတည်ပြီးဖြစ်ပါသည်။ စေတီတော် (၁၀၈)ဆူတည်ထားပြီးလျှင် ပုဂ္ဂိုလ်ထူးများနှင့် တွေ့ဆုံရတာတတ်၏။ အလုပ်အကိုင် အကြံအစည်များလည်း အောင်မြင်လာတတ်ပါသည်။ ကျွန်ုပ်သည်လည်း စေတီ(၂၃)ဆူ တည်ထားပြီးဖြစ်၏။

ဗုဒ္ဓံသရဏံ ဂစ္ဆာမိ (၁၀)ပတ်၊ ဓမ္မံသရဏံ ဂစ္ဆာမိ (၁၀)ပတ်၊ သံဃံသရဏံ ဂစ္ဆာမိ (၁၀)ပတ်၊ အရဟံ (၁၀)ပတ်၊ သမ္မာသမ္ဗုဒ္ဓေါ (၁၀)ပတ်၊ ဝိဇ္ဇာစရဏ သမ္ပန္နော (၁၀)ပတ်၊ သုဂတော (၁၀)ပတ်၊ လောကဝိဒူ (၁၀)ပတ်၊ အနုတ္တရောပုရိသဒမ္မသာရထိ (၁၀)ပတ်၊ သတ္ထာဒေဝမနုဿာနံ (၁၀)ပတ်၊ ဗုဒ္ဓေါ (၁၀)ပတ်၊ ဘဂဝါ



(၁၀)ပတ်၊ အနိစ္စ (၁၀)ပတ်၊ ဒုက္ခ (၁၀)ပတ်၊ အနတ္တ (၁၀)ပတ်။

လူသားတိုင်း နှလုံးသားတွင် အနည်းဆုံး ဘုရား(၁)ဆူလောက်တော့ တည်ထားသင့်သည်ဟု တိုက်တွန်းလိုပါသည်။

တစ်နေ့တွင် အဘိုးဖြစ်သူ၏ တပည့်တတိုင်းမွေးဆိုသည့် သင်္ဘောသားတစ်ဦး ရောက်လာပြီးလျှင် သင်္ဘောတက်ရန်ကိစ္စ ကူညီပေးပါရန် နားပူနားဆာလုပ်သဖြင့် "**သတ္တဗီသစေအင်း**" စီရင်ပြုလုပ်ပေးလိုက်သဖြင့် (၁)လအတွင်း **သင်္ဘော**တက်ရသည်ကို တွေ့ခဲ့ရ၏။ စီရင်ပုံနည်းစနစ်မှာ အောက်ပါအတိုင်းဖြစ်၏။

---

ဃဏ်ာ

---

လိုရာကို စေတတ်လို့ မြတ်ဗုဒ္ဓ ရွှေဉာဏ်တော် တိုးဆင့်ကြနော်။ သတ္တကွက်အင်း ရောက်လာသော ကိုးဂုဏ်တော်ဆင့် ဦးထုကွက် မြတ်ကြေးမုံရလာတာကုန်အောင် နှုတ်လိုက်ပထုံး။

---

ဃဏ်ာ၏ အဓိပ္ပါယ်

---

မိမိအလိုရှိသော စေခိုင်းချက်အားလုံးကို နံကောက်၍ ပေါင်းပါ။ ပေါင်းရဂဏန်းကိုတည်ပြီး တနင်္ဂနွေထောင့်မှစ၍ ချရမည်။

ဘုရားဉာဏ်တော်(၆)ပါးတို့၏ မြင်းသွားချပါ။ (၇)ကွက်မြောက်ရောက်သောအခါ ဘုရားဂုဏ်တော် (၉)ပါးတိုး ရမည်ဟုမှတ်ပါ။

(၄)ကွက်မြောက် တနင်္လာဂြိုဟ်အိမ်မှ အင်းဆန်နှင့် (၈)ကွက်မြောက် ကြာသပတေးဂြိုဟ်အိမ်မှ အင်းဆန်ကို နုတ်ကြည့်သောအခါ (၂၇)ကြွင်း၏။ **ဤသည်ကို သတ္တဗီသစေအင်းဟု ခေါ်၏။**

သတ္တဗီသစေအင်းသည် အလိုရှိသလောက် စေခိုင်းနိုင်၏။ သက်ရှိသက်မဲ့ အားလုံးကိုလည်း စေနိုင်၏။ မြင်းသွားဖြစ်၏။ မြတ်စွာဘုရား၏ ဉာဏ်တော်၊ ဂုဏ်တော်များကို အသုံးပြုထားသောကြောင့် ဣဋ္ဌသဘောကိုသာ သက်ရောက်၏။ အနိဋ္ဌသဘောကို မသက်ရောက်ပေ။

**အမြိတ္တစုတ်– လာဘစုတ်–ဝရစုတ်–သိဒ္ဓိစုတ် နက္ခတ်ကြုံသောနေ့ အာပေါ်(ရေ)ဓါတ်ပေါ်ချိန်နှင့် ပထဝီ(မြေ)ဓါတ်ပေါ်ချိန်တွင်** ဤအင်းကို စီရင်ရမည်။

မီးထွန်းအင်း ဆောင်အင်းအဖြစ် အသုံးပြုနိုင်၏။ စေတစ်လုံးအင်းကဲ့သို့ (၃)ကွက်အင်းမှ (၅)ကွက်အင်းသို့ စေသွင်း၍ ပြောင်းပြီး စီရင်နိုင်၏။

ဤအင်းနည်းကိုဖြေ၍ ကြွင်းကျန်သော စေခိုင်းချက်များကို စီရင်ကြကုန်။ **(၃)ကွက်အင်းထက် (၅)ကွက်အင်းက ပို၍ အစွမ်းထက်၏။**



www.burmeseclassic.com

www.burmeseclassic.com

* * *

တတိုင်းမွေးသဘော်အမြန်ဆုံးတက်ရစေ

၇ ၇ ၅ ၆ ၅ ၁ ၅ ၃ ၇ ၈ ၃ = ၅၇

| | | |
|---|---|---|
| ၅၇ | ၇၅ | ၉၃ |
| ၈၇ | | ၆၃ |
| ၆၉ | ၁၀၂ | ၈၁ |

၁၀၂
−၇၅
၂၇
(သတ္တမီသ)

| | | |
|---|---|---|
| ၁ | ၄ | ၇ |
| ၆ | | ၂ |
| ၃ | ၈ | ၅ |

အင်းသွားအစီအစဉ်

ထိုအချိန်မှစ၍ အဘိုးသည် အင်းအတတ်တွင် ထူးချွန်သူဖြစ်ကြောင်း သိရပါသည်။ ထို့အပြင် အင်းအစရှိသော အစီအရင်များပြုလုပ်ရာတွင် **သမထအင်အားပြည့်ရန်** အထူးလိုအပ်ကြောင်း အဘိုး၏ဩဝါဒကို ထပ်မံ၍ တင်ပြလိုက်ပါတော့သည်။

***ဆုတောင်းမေတ္တာပို့သလျက်…***

**နေထွန်း**

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေ ထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက်ဖော်ပြအပ်ပါသည်။

**အကြိမ်** ၃၃၆
**ဇန်နဝါရီလ** ၁
**ခုနှစ်** + ၂၀၁၇

၂၃၅၄ = ၁၄ = ၅

**အကြိမ်၊ လ၊ ခုနှစ်** များအား တစ်လုံး တည်းဖြစ်အောင် ပေါင်းပါက (၅)ဂဏန်းရ သည်။ သို့ဖြစ်၍ **၁၊ ၂၊ ၅၊ ၆၊ ၉** ဂဏန်း များများပါအောင် ရွေးချယ်ပါ။ အထူးသဖြင့် **၂၊ ၅၊ ၆၊ ၉** ဂဏန်းများ ဦးစားပေးပါ။

ဥပမာ

| | | | |
|---|---|---|---|
| စ…ဆုံး | စ…ဆုံး | စ…ဆုံး | စ…ဆုံး |
| ၂…၁ | ၅…၁ | ၆…၁ | ၉…၁ |
| ၂…၂ | ၅…၂ | ၆…၂ | ၉…၂ |
| ၂…၅ | ၅…၅ | ၆…၅ | ၉…၅ |
| ၂…၆ | ၅…၆ | ၆…၆ | ၉…၆ |
| ၂…၉ | ၅…၉ | ၆…၉ | ၉…၉ |

မှတ်ချက် ။ ။ (…)ကွင်းအတွင်းတွင် **၂၊ ၅၊ ၆** ဂဏန်းများများ ပါအောင် ရွေးချယ်ပါ။

**"အကြိမ်"**ဂဏန်းမပါဘဲ **"လ"** ဂဏန်းနှင့် **"နှစ်"**ဂဏန်းကိုသာ ပေါင်း

## ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ



## ထိုးလိုက ရွေးချယ်ပါ ဤဂဏန်း

ပါက (၁ + ၂ + ၀ + ၁ + ၇) = ၁၁ = ၂ ရသည်။ သို့ဖြစ်၍ "၂"ဂဏန်းမှာပို၍ အားကောင်းပါသည်။ သို့ဖြစ်၍…

စ… ဆုံး

၂… ၂၊ ၅၊ ၆၊ ၉၊ ၁
၅… ၅၊ ၆၊ ၉ ၁၊ ၂
၆… ၆၊ ၉ ၁၊ ၂၊ ၅
၉… ၉ ၁၊ ၂၊ ၅၊ ၆

ဤလတွင် **တနင်္လာသားသမီးနှင့် ကြာသပတေးသားသမီးများ** ထီကံပွင့်နေပါသည်။

သို့ဖြစ်၍ မိမိတို့ဒေသရှိ ရှေးဟောင်း ဘုရားတစ်ဆူ၏ ရင်ပြင်တော်ကို (၂)ရက် (သို့မဟုတ်) (၅)ရက်တိတိ သန့်ရှင်းရေး လုပ်ပေးပါ။ မိမိမွေးနံ အရပ်ထောင့်တွင် မြတ်စွာဘုရားအား ရည်မှန်း၍ခွက်ငယ်ဖြင့် သက်စေ့ ရေလှူဒါန်းပေးပါ။တတ်နိုင်ပါက (၇)ရက်တိတိ သမ္ဗုဒ္ဓေဂါထာတော်ကြီးကို မိမိသက်စေ့ ရွတ်ပွားပူဇော်ပေးပါ။

အထက်ပါအဓိဋ္ဌာန် အောင်မြင်ပြီးပါက မိမိအိမ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများအား ဆေးဝါး၊ အာဟာရ လှူဒါန်းပေးပြီးမှ ထီကံစမ်းကြရန် ဖြစ်ပါသည်။

အထူးဂဏန်း

✦၂၅၅၁၉၆ ✦၆၂၅၁၉၂ ✦၂၁၅၆၉၂

***ထီကံ ပွင့်ပါစေ***

**ဆရာရဲထက် *(သုတေသီ)***

www.burmeseclassic.com

## တနင်္ဂနွေ

**စီးပွားရေး** ။ ။ အိမ်မြေကန်ထရိုက်တာလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမည်။ မရောင်းရသေးသော အိမ်၊ တိုက်ခန်းများ ရောင်းရမည်။ မြေအရောင်းအဝယ် အလုပ်ဖြစ်မည်။ ငွေကြေးလုပ်ငန်း အမြတ်များမည်။

**ဝန်ထမ်းရေးရာ** ။ ။ ဝန်ထမ်းများ အေးချမ်းစွာ လုပ်ကိုင်ရမည်။ အလုပ်ရှင်နှင့် အဆင်ပြေမည်။ နိုင်ငံဝန်ထမ်းများလည်း အဆင်ပြေမည့်လ ဖြစ်သည်။

**အိမ်တွင်းရေး** ။ ။ အိမ်ထောင်အကြီးအကဲ စီးပွားရေး ကြီးပွားရေး၊ ငွေကြေးအဆင်ပြေ၍ အိမ်တွင်းရေး သာယာမည်။ မြေ/အမွေတို့ ဝင်ကိန်းရှိသည်။ သမီးအတွက် မင်္ဂလာပွဲ ပြုလုပ်ရကိန်းရှိနေသည်။

**အချစ်ရေး** ။ ။ ချစ်သူခရီးဝေးသို့ ထွက်သွားတတ်သည်။ လကုန်ပိုင်းတွင် ငွေထုပ်ပိုက်၍ ပြန်လာမည်။ မင်္ဂလာကိစ္စ ဆွေးနွေးလိမ့်မည်။

**ပညာရေး** ။ ။ ပညာရေးကံဇာတာ တက်နေစဉ် ကြိုးစားလိုက်ပါ။ ထူးထူးချွန်ချွန် အောင်မြင်မည်။

**ကျန်းမာရေး** ။ ။ စိတ်ရှုပ်ခြင်း၊ စိတ်ဓာတ်ကျခြင်းတို့ ဖြစ်တတ်၍ ကိုယ်ရောစိတ်ပါ အနားယူပါ။

**ကောင်းရန်ရက်များ** ။ ။ ၃၊ ၅၊ ၉၊ ၁၂၊ ၁၄၊ ၁၈၊ ၂၁၊ ၂၃၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ။ ၄၊ ၆၊ ၁၀၊ ၁၃၊ ၁၅၊ ၁၉၊ ၂၂၊ ၂၄၊ ၂၈၊ ၃၁။

**ထီထိုးရန်ရက်များ** ။ ။ ၂၊ ၅၊ ၇၊ ၈၊ ၁၁၊ ၁၄၊ ၁၆၊ ၁၇၊ ၂၀၊ ၂၅၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ။ **၃၊ ၅၊ ၉၊ ၀** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ။ ဗုဒ္ဓရုပ်ပွားတော်အား နံ့သာ(၅)ပါး အရည်ဖြင့် ပူဇော်သပ္ပါယ်ပါ။

## တနင်္လာ

**စီးပွားရေး** ။ ။ အမျိုးသမီး အသုံးအဆောင်ပစ္စည်းများ၊ အလှကုန်များ၊ အသင့်ချုပ်ပြီး အဝတ်အထည်လုပ်ငန်းများ အရောင်းအဝယ်ကောင်းမည်။ ထီလုပ်ငန်း အမြတ်အစွန်းများမည်။

**ဝန်ထမ်းရေးရာ** ။ ။ လုပ်ငန်းတာဝန်နှင့်ဖြစ်စေ၊ ကိစ္စနှင့်ဖြစ်စေ ရုံးတွင်းပြဿနာ ဖြစ်တတ်သည်။

**အိမ်တွင်းရေး** ။ ။ အိမ်ထောင်ရေး ပြဿနာပေါ်တတ်သည်။ သို့မဟုတ် အလုပ်နှင့် ပတ်သက်၍ ပြဿနာပေါ်တတ်သည်။ သားသမီး အိမ်မှ ထွက်သွားတတ်၍ ဖူးစာဖက် ရလိမ့်မည်။

**အချစ်ရေး** ။ ။ ချစ်သူမရှိသေးသူများ အဆင့်အတန်း မြင့်မားပြီး မျိုးရိုးကောင်းသူနှင့် ဖူးစာဖက်ရလိမ့်မည်။

**ပညာရေး** ။ ။ ပညာရေး ကြိုးစားရမည့်ကာလဖြစ်သည်။ ကံအားနည်းသည့်အခါ ဉာဏ်နှင့် ဝီရိယကူပါ။ အောင်မြင်မည်။

**ကျန်းမာရေး** ။ ။ ဦးခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ ဆီးရောဂါတို့ ဖြစ်တတ်ပါသည်။ စိတ်ရောကိုယ်ပါ အနားယူပေးပါ။

**ကောင်းရန်ရက်များ** ။ ။ ၂၊ ၅၊ ၉၊ ၁၁၊ ၁၄၊ ၁၈၊ ၂၀၊ ၂၃၊ ၂၇၊ ၂၉၊ ၃၁။

**ရှောင်ရန်ရက်များ** ။ ။ ၃၊ ၆၊ ၁၀၊ ၁၊ ၁၅၊ ၁၉၊ ၂၁၊ ၂၄၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ** ။ ။ ၂၊ ၄၊ ၇၊ ၈၊ ၁၂၊ ၁၉၊ ၂၁၊ ၂၄၊ ၂၈၊ ၃၀။

**ထီထိုးရန်ဂဏန်းများ** ။ ။ **၂၊ ၅၊ ၉၊** ၀ ဂဏန်း များများပါအောင် ရွေးချယ်ပါ။



၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်မှ (၃၁)ရက်နေ့အထိ ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာရောင်ခြည်



**အဆောင်ယတြာ** ။ ။ အုန်းထမင်းနှင့် ကြက်သားဟင်း ချက်၍ ဘုန်းတော်ကြီး(၂)ပါးအား နေ့ဆွမ်းကပ်ပါ။

## အင်္ဂါ

**စီးပွားရေး** ။ ။ ရွှေပန်းထိမ်လုပ်ငန်း၊ ရွှေအရောင်းအဝယ်လုပ်ငန်းများ အမြတ်များမည်။ နေအိမ်တိုက်ခန်း ဆောက်လုပ်ခြင်း၊ ရောင်းဝယ်ခြင်းလုပ်ငန်းဖြင့် ငွေပိုငွေလျှံရရှိမည်။

**ဝန်ထမ်းရေးရာ** ။ ။ ဝန်ထမ်းများ စိတ်အေးချမ်းသာစွာ လုပ်ကိုင်ရမည်။ ခရီးထွက်ခြင်းဖြင့် ငွေပိုငွေလျှံ ရရှိမည်။

**အိမ်တွင်းရေး** ။ ။ အိမ်တွင်းရေး အဆင်ပြေသာယာမည်။ အိမ်ထောင်ဖက် စီးပွားရေးလုပ်ငန်း ကောင်းမည်။ သားသမီးများ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး ကောင်းသောကာလဖြစ်သည်။

**အချစ်ရေး** ။ ။ အချစ်ရေးတွင် ဂရုစိုက်ပါ။ ကြားလူဝင်၍ အထင်မှား စွပ်စွဲမှုဖြင့် ပြဿနာဖြစ်ရတတ်သည်။

**ပညာရေး** ။ ။ ပညာရေးကံဇာတာ တက်နေသောကာလဖြစ်သည်။ သက်မွေးမှု ပညာသင်တန်းများလည်း တက်နိုင်သည်။ ထူးချွန်စွာ အောင်မြင်လိမ့်မည်။

**ကျန်းမာရေး** ။ ။ သွေးတိုးရောဂါ ဖြစ်တတ်၍ အစားအသောက် အနေအထိုင် ဂရုစိုက်ပါ။

**ကောင်းရန်ရက်များ** ။ ။ ၃၊ ၇၊ ၉၊ ၁၆၊ ၁၈၊ ၂၁၊ ၂၅၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ။ ၄၊ ၈၊ ၁၀၊ ၁၃၊ ၁၇၊ ၁၉၊ ၂၂၊ ၂၆၊ ၂၈၊ ၃၁၊

**ထီထိုးရန်ရက်များ** ။ ။ ၅၊ ၆၊ ၁၁၊ ၁၄၊ ၁၅၊ ၂၁၈၊ ၂၀၊ ၂၃၊ ၂၄၊ ၂၇၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ။ **၃၊ ၅၊ ၆၊ ၉** ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ။ ကြက်သားလုံးကြော်(၈)လုံး ဘုန်းတော်ကြီးကို ကပ်လှူပါ။

## ဗုဒ္ဓဟူး

**စီးပွားရေး** ။ ။ ငွေကြေးရောင်းဝယ်မှု၊ လဲလှယ်မှုလုပ်ငန်းများ အကျိုးအမြတ်များမည်။ ကျောင်းသူကျောင်းသားဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ၊ စာရေးကိရိယာများ၊ စာအုပ်များ အရောင်းအဝယ်ကောင်းမည်။

**ဝန်ထမ်းရေးရာ** ။ ။ အလုပ်များ အချိန်မီ မပြီးစီးနိုင်၍ အပြောအဆို ခံရတတ်သည်။ စာရင်းဇယား အတိအကျထားပါ။

**အိမ်တွင်းရေး** ။ ။ မိသားစုအတွင်း ဝင်ငွေကောင်းသော်လည်း သားသမီးကြောင့် စိတ်ဆင်းရဲရမည်။

www.burmeseclassic.com

www.burmeseclassic.com

**အချစ်ရေး**။ ။ အချစ်ရေး အောင်မြင် အဆင်ပြေသောကာလ ဖြစ်သည်။ ကြားစကား မယုံပါနှင့်။



**ပညာရေး**။ ။ ပညာရေးတွင် ကြိုးစားရမည့်ကာလဖြစ်သည်။ ပညာ ရေးတွင် အချစ်ရေး ဝင်နှောက်တတ်သည်။



**ကျန်းမာရေး**။ ။လက်တွင် ထိခိုက်ဒဏ်ရာရတတ်သည်။ လေထိုးလေအောင့်ဖြစ်တတ်သည်။လေပွစာများကိုမစားပါနှင့်။



**ဆောင်ရန်ရက်များ**။ ။ ၂၊ ၄၊ ၆၊ ၉၊ ၁၂၊ ၁၅၊ ၁၈၊ ၂၂၊ ၂၄၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ**။ ။ ၃၊ ၅၊ ၇၊ ၁၀၊ ၁၄၊ ၁၆၊ ၁၉၊ ၂၃၊ ၂၅၊ ၂၈၊ ၃၁။

**ထီထိုးရန်ရက်များ**။ ။ ၄၊ ၆၊ ၈၊ ၁၁၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၁၊ ၂၄၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ**။ ။ ၂၊ ၄၊ ၆၊ ၉ ဂဏန်းများများ ပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ**။ ။ မိဘနှစ်ပါး (သို့မဟုတ်) မိရွယ်ဖရွယ်နှစ်ဦးအား အိုဟတင်းကို နွားနို့ဖြင့် ဖျော်တိုက်ပါ။

## ကြာသပတေး

**စီးပွားရေး**။ ။ လျှပ်စစ်ပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။ ရွှေပန်းထိမ်၊ ရွှေထည်ပစ္စည်းများ အရောင်းအဝယ် ကောင်းမည်။ အမြတ်များမည်။

**ဝန်ထမ်းရေးရာ**။ ။ မိမိတာဝန်ယူထားသည့် လုပ်ငန်းများ အချိန်မီ ပြီးစီး၍ ချီးကျူးခြင်း ခံရမည်ဖြစ်သော်လည်း ငွေရေးကြေးရေးတွင် ပြဿနာဖြေရှင်းရကိန်းရှိပါ၍ စာရင်းဇယား အတိအကျ ထားပါ။

**အိမ်တွင်းရေး**။ ။အိမ်တွင်းရေး သာယာနေရာမှ ငွေကြေးကိစ္စ ကြောင့် မိသားစု အဆင်မပြေ ဖြစ်ရတတ်သည်။

**အချစ်ရေး**။ ။ မိမိ၏ အနေအထိုင်မတတ်မှုကြောင့် ချစ်သူက အထင်လွဲမှား၊ အစွပ်အစွဲခံရတတ်သည်။

**ပညာရေး**။ ။ ပညာရေးတွင် အချစ်ရေး ဝင်နှောက်တတ်၍ အထူး သတိထားပါ။ နိုင်ငံရပ်ခြား ပညာသင်ခရီးရှိသည်။

**ကျန်းမာရေး**။ ။ ခြေထောက်တွင် ထိခိုက်တတ်၍ အသွား အလာတွင် ဂရုစိုက်ပါ။ သတိထားပါ။

**ဆောင်ရန်ရက်များ**။ ။ ၂၊ ၆၊ ၉၊ ၁၁၊ ၁၅၊ ၁၈၊ ၂၀၊ ၂၄၊ ၂၇၊ ၂၉၊ ၃၁။

**ရှောင်ရန်ရက်များ**။ ။ ၃၊ ၇၊ ၁၀၊ ၁၂၊ ၁၆၊ ၁၉၊ ၂၁၊ ၂၅၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ**။ ။ ၂၊ ၉၊ ၁၅၊ ၁၈၊ ၂၉၊ ၃၁။

**ထီထိုးရန်ဂဏန်းများ**။ ။ ၁၊ ၆၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ**။ ။ မိခင်၊ ဖခင်တို့ကို(မရှိက) မိရွယ်ဖရွယ်တို့အား ကြက်သားနှင့် အာလူးကြော်(သို့မဟုတ်) ကြက်သားနှင့် အာလူးကာတ်တလိတ် လုပ်ကျွေးပါ။

## သောကြာ

**စီးပွားရေး**။ ။ စက်မှုလုပ်ငန်းများ၊ ဆေးဝါးထုတ်လုပ်ရေး၊ ဆေးဝါး ရောင်းဝယ်ရေး၊ ဆေးဝါး(ကုသရေး) လုပ်ငန်းများ တိုးတက် အောင်မြင်မည်။ စစ်ဖက်မှ အကူအညီများ ရရှိမည်။

**ဝန်ထမ်းရေးရာ**။ ။ ဝန်ထမ်းတို့ အတွေးအခေါ် အယူအဆ သဘောတရားများ တိမ်းချော်နေ၍ အထက်အရာရှိ(သို့မဟုတ်) သုပ်ငန်းရှင်များနှင့် အဆင်မပြေ ပြဿနာဖြစ်ရတတ်သည်။

**အိမ်တွင်းရေး**။ ။အိမ်ထောင်ဖက်နှင့် အတွေးအခေါ် အယူအဆ မတူ၍ စကားအချေအတင် ပြောရတတ်သည်။ သားသမီး များကြောင့် စိတ်ချမ်းသာမှုရမည်။

**အချစ်ရေး**။ ။အချစ်ရေးတွင် တစ်ဦးနှင့်တစ်ဦး သဘောထား အယူအဆခြင်း မတူညီ၍ ကွဲရတတ်သည်။

**ပညာရေး**။ ။ အတွေးမှား အယူအဆမှားများကြောင့် ပညာရေးကို ထိခိုက်ရတတ်သည်။

**ကျန်းမာရေး**။ ။ဝမ်းဗိုက်အောင့်ခြင်း၊ ဝမ်းသွားလွန်ခြင်းတို့ ဖြစ်တတ်၍ ဝမ်းနှုးစာများ။ ငါးချဉ်၊ ပုဇွန်ချဉ်၊ လက်လုပ်ချဉ် များကို လောလောဆယ် မစားပါနှင့်။

**ဆောင်ရန်ရက်များ**။ ။ ၄၊ ၇၊ ၉၊ ၁၃၊ ၁၆၊ ၁၈၊ ၂၂၊ ၂၈၊ ၂၇၊ ၃၁။

**ရှောင်ရန်ရက်များ**။ ။ ၅၊ ၈၊ ၁၀၊ ၁၄၊ ၁၇၊ ၁၉၊ ၂၃၊ ၂၆၊ ၂၈။

**ထီထိုးရန်ရက်များ**။ ။ ၂၊ ၄၊ ၆၊ ၉၊ ၁၁၊ ၁၂၊ ၁၅၊ ၁၈၊ ၂၀၊ ၂၁၊ ၂၄၊ ၂၇၊ ၃၀။

**ထီထိုးရန်ဂဏန်းများ**။ ။ ၄၊ ၆၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ**။ ။ သံဃာတော်များအား ပေါင်မုန့်နှင့် သကြား ကပ်လှူပါ။

## စနေ

**စီးပွားရေး**။ ။မြေအရောင်းအဝယ် ကိစ္စများ အဆင်ပြေအောင်မြင် သော်လည်း ရောင်းမှားဝယ်မှား ဖြစ်တတ်၍ မြေပုံမြေရာဇဝင် ပိုင်ဆိုင်မှု အထောက်အထားများကို သေချာစိစစ်ပါ။

**ဝန်ထမ်းရေးရာ**။ ။ လုပ်ငန်းလုပ်ရာတွင် အထက်လူကြီး၏ လောဘကြောင့် မိမိတို့မှာ လူပင်ပန်း စိတ်ဆင်းရဲရမည်။

**အိမ်တွင်းရေး**။ ။ အိမ်တွင်းရေး တည်ငြိမ်အေးချမ်းရအောင် နေရာတကာ သည်းခံလိုက်လျောပေးပါ။ သားသမီး၏ ပညာရေး စိတ်မအေးရပါ။

**အချစ်ရေး**။ ။ချစ်သူရှိလျှင် အချစ်ရေး သာယာဖြောင့်ဖြူးနေမည်။ ချစ်သူမရှိသေးလျှင် ဥစ္စာပေါ ရုပ်ချော ပညာတတ်ချစ်သူနှင့် ခရီးသွားရင်း တွေ့ရလိမ့်မည်။

**ပညာရေး**။ ။ကျောင်းပညာရေးတွင် အောင်မြင်မည်။ သက်မွေးမှု ပညာသင်တန်းများ တက်ရောက်သင်ယူလျှင် ထူးခြားစွာ အောင်မြင်တတ်မြောက်မည်။

**ကျန်းမာရေး**။ ။ သွေးတိုးရောဂါ ဖြစ်တတ်၍ လုပ်ငန်းများမှ ခေတ္တ အနားယူပါ။

**ဆောင်ရန်ရက်များ**။ ။ ၃၊ ၆၊ ၉၊ ၁၂၊ ၁၅၊ ၁၈၊ ၂၁၊ ၂၄၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ**။ ။ ၄၊ ၇၊ ၁၀၊ ၁၃၊ ၁၆၊ ၁၉၊ ၂၂၊ ၂၅၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ**။ ။ ၂၊ ၅၊ ၈၊ ၁၁၊ ၁၄၊ ၁၇၊ ၂၀၊ ၂၃၊ ၂၆၊ ၂၉။

**ထီထိုးရန်ဂဏန်းများ**။ ။ ၃၊ ၆၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ**။ ။ ငါးဆုပ်လုံး(၁၀)လုံး သံဃာတော်တစ်ပါးပါးအား ဆွမ်းဟင်းအဖြစ် လောင်းလှူပါ။

*ကျန်းမာ ချမ်းသာကြပါစေ။*

**ဆရာ ရောင်ခြည်**




www.burmeseclassic.com

www.burmeseclassic.com

# လှယ်လှန်းရိုးခက်

သွားအတွက် ဆေးနည်းတို့





ယခုနှစ် သင်္ကြန်ကာလတွင် စာရေးသူ ပုသိမ်မြို့သို့ ရောက်နေခဲ့သည်။ ပုသိမ်မြို့သည် ဇာတိမြို့ဖြစ်သလို ညီ့ညီမတွေနေသော မြို့ဖြစ်သည်။ (၁၀)နှစ်နီးပါး မရောက်ဖြစ်ခဲ့သည်မို့ ရောက်ချင်နေတာ ကြာပြီ။ အကြောင်းက ဖန်လာပါသည်။

ညီမအငယ်ဆုံးနှင့်သမီး၊ ညီမလတ်၏ သမီးကြီးတို့နှင့်အတူ စာရေးသူ၏ သမီးကြီးက သီလရှင်ဝတ်ပြီး တရားအားထုတ်ကာ သင်္ကြန်ကာလကို ဖြတ်ကျော်ကြမည့် အစီအစဉ် ပေါ်လာသည်။

သည်တော့ ပုသိမ်ကို ရောက်ဖြစ်ပြီပေါ့။ သင်္ကြန်ကာလအတွင်း စာရေးသူလည်း ညောင်ပင်သာ၊ မောင်းထောင်၊ အုတ်ရှစ် စသော စာသင်တိုက်များတွင် ဥပုသ်သွားယူရင်း ဥပုသ်စောင့်ဖြစ်သည်။

ညောင်ပင်သာ ပရိယတ္တိစာသင်တိုက်တွင် မိတ်ဆွေကြီးဦးဌေးလှိုင်နှင့် ဆုံရသည်။ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောမိကြသည်။

ဤတွင် အုတ်ရှစ်ကျောင်းဆရာတော်ကြီး ပျံလွန်တော်မူကြောင်း ကြားသိရသဖြင့် စိတ်မကောင်းဖြစ်ရသည်။

ထိုဆရာတော်ကြီးမှာ စာရေးသူ၏ မိဘများ ကိုးကွယ်ခဲ့သည့် ဆရာတော်၊ စာရေးသူ ပုသိမ်မြို့ရောက်တိုင်း သွားရောက်ဂါရဝပြုခဲ့သည့် ဆရာတော်လည်းဖြစ်သည်။

စပ်မိစပ်ရာ ပြောကြရာမှ ဦးဌေးလှိုင်က...

'ကျွန်တော်လဲ အသက်ရလာတော့ဗျာ၊ သွားတွေမကောင်းချင်တော့ဘူး။ သွားတွေ ကျဉ်ကျဉ်နေတယ်'

ဟု ပြောသည်။ စာရေးသူလည်း သွားဆရာဝန် ညွှန်ကြားသဖြင့် သုံးစွဲနေသော Synsodyne သွားတိုက်ဆေးသည် သွားကျဉ်သည်ကို သက်သာစေကြောင်း အကြံပေးမိသည်။ ဦးဌေးလှိုင်က...

'အုတ်ရှစ်ဆရာတော်ကြီး ရှိစဉ်က ပြောသွားတဲ့ သွားတိုက်ဆေးနည်းတစ်ခုကို သွားသတိရမိတယ်ဗျ။ ဆရာတော်ကြီး ပျံလွန်တော်မူတဲ့ အသက်(၉၈)နှစ်ထိ ဒီသွားတိုက် ဆေးကိုပဲ သုံးစွဲခဲ့တာတဲ့။ ဟုတ်လဲ ဟုတ်ပါရဲ့၊ ပျံလွန်တဲ့အထိ သွားတစ်ချောင်းမှ မကျိုးခဲ့ဘူးဗျာ'

စာရေးသူ အလွန် စိတ်ဝင်စားသွားသည်။ မဆိုင်းမတွ တောင်းဆိုမိသည်။

'ပြောပါဦးဗျ ဆေးနည်းကို'

'လွယ်လွန်းလို့ မလုပ်မိဘူးဗျာ'

တဲ့။ ပြီးတော့ တဟဲဟဲ ရယ်နေသည်။ ပြီးမှ...

**'တမာရွက်နဲ့ ဓောင်းလျားရွက်ကို ဆတူအခြောက်လှန်း၊ အမှုန့်ပြု (ပြာချ)ပြီး သွားတိုက်ရုံပါပဲဗျာ။ဆရာတော်ကြီးက ခြွင်းချက်တစ်ခုတော့ ပြောသဗျ။ လုံး၀ သွားကြားမထိုးဘူးတဲ့'**

'အင်း...ဂါထာပေး တေးဖြစ်ဆိုတာ ခင်ဗျားကို ပြောတာပဲဖြစ်မယ် ထင်ပါရဲ့'

ဟု စာရေးသူ ကောက်ချက်ချလိုက်တော့ ဦးဌေးလှိုင်က ထုံးစံအတိုင်း တဟဲဟဲ ရယ်နေပါသတည်း။

***ရှင်လန်းချမ်းမြေ့ကြပါစေ။***

**မောင်အေးကြူ(စီးပွားရေး)**



www.burmeseclassic.com

www.burmeseclassic.com



မြေပိုင်ရှင်ကြီး ဦးဘိုးလွန်းနှင့်

# ဂမ္ဘီရ ဆေးရိုးကျိုးပေါင်း (၂)

မောင်ငြိမ့်ဝင်း
(ကောတုမတီ)

ယခင်လမှ အဆက်

ကြီးမေကား သူ့အဖေဦးဘိုးလွန်း၏ စာအုပ်သေတ္တာကြီးထဲမှ ဘုရားရှိခိုး စာအုပ်နှင့် ဇာတ်တော်ကြီးဆယ်ဘွဲ့ စာအုပ်များအား တစ်ခါတစ်ရံ ယူဖတ် သည့်မှလွဲ၍ စာဖတ်ဝါသနာ ပါဟန်မရှိ ပါ။ စာအုပ်ဆုံးအောင်ပင် ဖတ်သည်ဟု ဆောင်ပါ။

ကျန်သော စာအုပ်များမှာ ဆေး ကျမ်းများ၊ ဆေးဝါးဖော်စပ်နည်းများ၊ ဗေဒင်စာအုပ်များနှင့် ဗလာစာအုပ် များ ဖြစ်ပါသည်။

ဗလာစာအုပ်များကား ဦးဘိုးလွန်း နှစ်သက်သဘောကျသည့် ဘုရားရှိခိုး များနှင့် ဆေးနည်းများအား ကူးရေး ထားသည့် စာအုပ်များဟု ကြီးမေက ပြောပါသည်။

ကျွန်တော် စိတ်ဝင်စားဟန်ပြသော် သူ့အဖေ၏ အမွေအနှစ်ဖြစ်သော စာအုပ်များ ပျက်စီးမှာ ပျောက်ဆုံးမှာ စိုး၍လားမသိပါ။ ကျွန်တော့်မှာ ဖတ်ခွင့် မရခဲ့ပါ။

တစ်နေ့နေ့တော့ ဖတ်ခွင့်ကြုံဦးမှာ ပေါ့လေဟု မငံ့မရဲနှင့်သာ မျှော်လင့်ခဲ့ရ ပါတော့သည်။

ကြီးမေ၏ ဆွေမျိုးသားချင်းထဲမှာ လည်း ထိုစာအုပ်များအား စိတ်ဝင်စား သူ တစ်ယောက်မှ မတွေ့ပါ။ သည်လိုနှင့် ကျွန်တော် သတ္တမတန်း ရောက်သည့်အချိန် တစ်ခုသော တပေါင်း လပြည့်နေ့တွင် ကြီးမေတစ်ယောက် ကိစ္စတစ်ခုနှင့် တခြားရွာသွား၍ နေမြင့်မှ ပြန်လာပြီး ရေချိုးရာမှ ရေချိုး မှား၍ အပူရုပ်ကာ အဖျားကြီးပြီး ကွယ်လွန် သွားပါတော့သည်။

မမျှော်လင့်ဘဲ ရုတ်တရက် ဆုံးပါးသွားသဖြင့်ကျွန်တော်တို့မိသားစု နှင့်တကွ သူ့ဆွေမျိုးများမှာ မယုံနိုင် အောင် အံ့ဩဝမ်းနည်းလို့မဆုံး ဖြစ်ကြ ရပါ၏။

ကျွန်တော့်အမေ၏ ဝမ်းနည်းမှုကား သူ့ညီအစ်မများထက် မသာလျှင် တောင် အနည်းငယ်မျှ လျော့နည်းမည် မထင်ပါ။ ကျွန်တော်တို့ တစ်အိမ်လုံး လည်း ငိုကြွေးသံများဖြင့် ဆူညံနေချိန် ဝယ် အဖေ့မှာ အသံထွက် မငိုသည်မှ တစ်ပါး စိတ်မကောင်းခြင်း ကြီးစွာဖြင့် ကြီးမေ၏ ဆွေမျိုးသားချင်းများအား





www.burmeseclassic.com

www.burmeseclassic.com

သွားရောက် အကြောင်းကြားခြင်း၊ နာရေးကိစ္စအတွက် ကူညီလုပ်ကိုင်ပေးခြင်းများဖြင့် အလုပ်ရှုပ်လျက်ရှိပါသည်။

အမေ့အဖို့တော့ အစ်မရင်းသဖွယ်တစ်မျိုး၊ အမေလိုတစ်ဖုံ ချစ်ခင်လေးစားရသော ကြီးမေအတွက် မျက်ရည်နှင့်မျက်ခွက် ဖြစ်နေပါတော့သည်။

ကျွန်တော်တို့ မောင်နှမများလည်း ရေခပ်ပေးသူပေး၊ အမှိုက်လှည်းသူကလှည်းနှင့် စိတ်မကောင်းစွာဖြင့် တတ်နိုင်သမျှ ကူညီလုပ်ကိုင်ပေးနေကြပါ၏။

ဒီလိုနှင့် အသုဘရက်လည်ပြီးသည့် ခုနစ်ရက်မြောက်နေ့တွင် ကြီးမေ၏ ကျန်ရှိသည့် ညီအစ်မလေးဦးနှင့် ရပ်ရွာလူကြီးလေးဦးတို့ ကြီးမေ၏ အမွေကိစ္စအား ဆွေးနွေးကြပါတော့သည်။

အတူနေ တူမဝမ်းကွဲ မခင်သက်မှ ကြီးမေ မကွယ်လွန်မီက လုပ်ကိုင်ခဲ့သော ရွှေပေါင်ခံစာရင်း၊ ငွေတိုးပေးစာရင်းနှင့် သီးစားခ စာရင်း၊ စပါးပေးစာရင်းတို့အား သူ ရှင်းပြပေးမည်ဖြစ်ကြောင်း ပြောဆိုသည်နှင့် ကြီးမေကွယ်လွန်ပြီးစအချိန် ရေချိုးပေးစဉ်က အတွင်းခံအင်္ကျီအိတ်ထဲမှ တွေ့ရှိ၍ သူတို့ညီအစ်မများ သိမ်းဆည်းထားသော သော့တွဲအား ထုတ်ယူကာ အတွင်းပစ္စည်းများ ထည့်ထားသည့် သေတ္တာအားဖွင့် လူအများရှေ့မှောက်တွင် ရေတွက် စာရင်းပြုစုကြပါတော့သည်။

ရှေးဦးစွာ အပေါင်ခံရွှေထည် လက်ဝတ်လက်စားများအား မခင်သက် ပြပေးသော စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးကြပါသည်။

ထိုအချိန်တွင် ရွှေလာပေါင်ထားသောသူများထဲမှ - လူသိမခံလိုသူအချို့မှလွဲ၍ အတော်များများလည်း ရောက်နေကြသည်ဖြစ်ရာ ထိုသူတို့အား ချက်ချင်းပင် သူတို့ ပစ္စည်းများကို ရွေးခိုင်းလိုက်သဖြင့် ငါးဆယ်သားခန့်ရှိသော ရွှေများမှာ တစ်ဆယ်သားခန့်သာ ကျန်ရှိပါတော့သည်။

လက်ကျန်ရွှေများကိုလည်း ပေါင်ထားသူများအား သုံးရက်အတွင်း လာရောက်ရွေးယူကြရန် စာရင်းပါ လိပ်စာများအတိုင်း အကြောင်းကြား၍ ကိစ္စပြတ်လိုက်ပါ၏။

ထို့နောက် ကြီးမေ၏ ကိုယ်ပိုင်ရွှေထည်ပစ္စည်းများနှင့် ငွေများအား ရေတွက်ကြရာ ရွှေမှာ တစ်ပိဿာနှင့် တစ်ဆယ့်ငါးကျပ်သားရှိပြီး ငွေမှာ တစ်သိန်းခွဲခန့် ရှိပါသည်။

တစ်ခု ထူးဆန်းသည်မှာ ကြီးမေ၏ ကိုယ်ပိုင်ရွှေများထဲမှာ စိန်တို့၊ ကျောက်တို့၊ ပတ္တမြားတို့ တစ်လုံးမျှ မတွေ့ရပါ။

ယုတ်စွအဆုံး ကျောက်စိမ်းလက်စွပ်ကဲ့သို့သော အရာကိုပင် မတွေ့ရပါပေ။ ကျောက်များအား ဝတ်ဆင်ရန် (သို့မဟုတ်) စုဆောင်းရန် ဝါသနာမပါသောကြောင့်ဟု ထင်မြင်ယူဆရပါ၏။

ထိုအချိန်တွင်ပင် တစ်နေကုန်၍ တစ်မိုးချုပ်သွားသောကြောင့် နောက်တစ်နေ့မှ ပြန်စရန် လူစုခွဲလိုက်ကြပါ၏။

ထိုနေ့ညချမ်း ရှစ်နာရီခန့်မှာတော့ ကြီးမေ၏ အစ်မအကြီးဆုံး ဒေါ်အေးမှင် တစ်ယောက် ကျွန်တော်တို့ အိမ်ကလေးရှိရာသို့ ကူးလာခဲ့ပါသည်။

'ဟော့... မောင်တင်တို့၊ အိမ်သူတို့ အိပ်ကြတော့မလို့လား'

ဟု မေးရင်း အိမ်ထဲ ဝင်လာသည်နှင့်...

'ဩော်...မအိပ်သေးပါဘူး အစ်မကြီးရယ်၊ စောစောကမှ ထမင်းစားပြီးလို့ စကားထိုင်ပြောနေကြတာ၊ လာလေ အစ်မကြီး'

အမေက ပြောရင်း ပျာပျာသလဲနှင့် တစ်ချပ်တည်းရှိသော သင်ဖြူးဖျာကလေးအား ထ၍ ခင်းပေးမည့် အလုပ်...

'နေ... နေ... ရတယ် ခင်းမနေနဲ့ ဒီလိုပဲ ထိုင်ကြတာပေါ့'

ပြောပြောဆိုဆို ဝင်ထိုင်ရင်းမှ...

'ဘာအကြောင်းတွေများ ပြောနေကြတာတုန်းကွယ့်'

ဟု မေးမြန်းလိုက်ပါသည်။ သည်တွင် အမေက...

'ဩော်... တခြားမဟုတ်ပါဘူး အစ်မကြီးရယ်၊ အစ်မမေလဲ မရှိတော့ဘူးဆိုတော့ ကျွန်တော်တို့ မိသားစု ရှေ့ရေးအတွက် တိုင်ပင်ရင်း အစ်မမေ အကြောင်းလဲပြောရင်း ထွေရာလေးပါး ပေါ့'

'အေး... အစ်မကြီးလာတာလဲ အဲဒီကိစ္စပဲကွယ့်၊ ခုနလေးတင်ကပဲ အစ်မကြီးတို့ ညီအစ်မတွေ ဦးလေးစံရနဲ့ သူ့သမီး မခင်သက်၊ ပြီး...မင်းနဲ့ မအိမ်သူတို့ ရှေ့ရေးအတွက် ထမင်းစားရင်း ဆွေးနွေးလာခဲ့ကြတာ။

မင်းတို့ သိတဲ့အတိုင်းပဲ...အစ်မကြီးတို့ ညီအစ်မတစ်တွေ အိမ်ထောင်ကျတုန်းကတည်းက သျှောင်နောက်ဆံထုံးပါပြီး အသီးသီး ကိုယ့်အိမ်ထောင်ဖက်ဆီ လိုက်သွားကြရတာဆိုတော့ ညီအစ်မအရင်း ဆိုပေမယ့် ခင်မေကို ဦးလေးစံရတို့သားအဖနဲ့ မင်းတို့ လင်မယားလောက်တောင် မစောင့်ရှောက်နိုင်ခဲ့ဘူး။

ခင်မေ မသေခင်ကလဲ သူ့ကိုသိုလ်ကောင်းတဲ့အကြောင်း၊ ဦးလေးစံရတို့



www.burmeseclassic.com

www.burmeseclassic.com

မင်းတို့ရဲ့ ရိုးသားပုံ သစ္စာရှိပုံနဲ့ အားကိုး ရတဲ့ အကြောင်းတွေ တဖွဖွ ပြောရှာ တယ်။

ဒါကြောင့်မို့ အခု...မင်းတို့ မိသားစု ဝမ်းသာရအောင် လာပြောတာ၊ တို့ ညီအစ်မတစ်တွေ တိုင်ပင်ပြီးပြီ။ ဦးလေးစံရတို့သားအဖနဲ့ မင်းတို့ မိသားစုအတွက် လယ်ဆယ်ကေနဲ့ ရွှေတစ်ဆယ်သားစီ ခွဲဝေပေးဖို့'

ဟု ဝမ်းသာအားရ ပြောလာပါ သည်။

'အို...ဟုတ်လား၊ ကျေးဇူးတင်လိုက် တာ အစ်မကြီးရယ်၊ ဒါနဲ့ အစ်မကြီးတို့ အိမ်ထောင်ဖက်တွေကတော့ သဘော တူရဲ့လား၊ သူတို့သဘောတူမှ ကောင်း မှာနော်'

'အေး...ဘာမှ မပူနဲ့၊ သူတို့က ပိုပြီးတောင်မှ မင်းတို့ကို စေတနာရှိ သေးတယ်။ မင်းတို့သိတဲ့အတိုင်းပဲ တို့ညီအစ်မတွေထဲမှာ ဆင်းဆင်းရဲရဲ တစ်ယောက်မှ မရှိဘူး။

ကိုယ့်အရပ် ကိုယ့်ဇာတ်နဲ့တော့ ပြည့်စုံပြီးသားတွေချည်းပဲ။ ဒီ အကြောင်းတွေ ဦးလေးစံရတို့သားအဖ ကိုလဲ ငါ့ညီမတွေကို ပြောခိုင်းထားခဲ့ တယ်။

ကဲ...ငါလဲ ပြန်လိုက်ဦးမယ်။ မနက် ကျရင် လာခဲ့ဦးနော်၊ လူကြီးတွေရှေ့မှာ တရားဝင်ပြောဖို့ ရှိသေးတယ်'

'ဟုတ်ကဲ့...ဟုတ်ကဲ့... အစ်မကြီး လာခဲ့ပါ့မယ်ခင်ဗျ'

အဖေနှင့်အမေက ပြောရင်း ခြံဝ အထိ လိုက်ပို့ကြပါသည်။

'ကိုမောင်တင်ရေ...ဘုရားမတာပဲ၊ အစ်မမေတင်မကဘူး သူ့ညီအစ်မတွေ ကလဲ ချမ်းသာသလောက် သဘော သားတွေကလဲ ပြည့်စုံလိုက်ကြတာ။ ခုအတိုင်းဆို ကျွန်မတို့ မိသားစု



ရှေ့ရေးအတွက် မပူရတော့ဘူးပေါ့။ ကိုယ့်လယ်လေးနဲ့ ကိုယ့်မိသားစုနဲ့ အေးအေးချမ်းချမ်း လုပ်ကိုင်စား သောက်နေလို့ ရပြီ'

ဟု အမေက ပြောရာ အဖေက...

'အေး...ငါက ပိုပြီး ဝမ်းသာတာပေါ့ ကွာ၊ သားသမီးတွေက အရွယ်ရောက် ခါနီးနေပြီဆိုတော့ ပူနေရတာ၊ ခုတော့ အဆိုးထဲက အကောင်းလို့ပဲ ပြောရ တော့မှာပေါ့'

ပြောရင်း အိပ်ရာဝင်လိုက်ကြပါ၏။ ဒီလိုနှင့် နောက်တစ်နေ့ နံနက် ရှစ်နာရီ ခန့်မှာ ရပ်ရွာလူကြီးများ ရောက်ရှိလာ သည်နှင့် ယမန်နေ့က အမွေခွဲဝေရေး ကိစ္စအား ပြန်လည် စတင်ခဲ့ပါသည်။

ရှေးဦးစွာ လူကြီးလေးဦးထဲမှ အသက်အကြီးဆုံး ပညာဗဟုသုတ အရှိဆုံးနှင့် အာဝဇ္ဇန်း အကောင်းဆုံး ဖြစ်သော ဦးရွှေနီမှ...

'ကဲ...ဒီနေ့ကတော့ အများသိကြတဲ့ အတိုင်းပဲ ကွယ်လွန်သူ ဒေါ်ခင်မေရဲ့ ကျန်ရစ်တဲ့ ပစ္စည်းဥစ္စာ အရပ်ရပ်ကို ဗုဒ္ဓဘာသာတို့ရဲ့ ဓလေ့ထုံးစံနဲ့ အညီ ဆက်ခံလွှဲပြောင်းဖို့ ဆွေးနွေးတိုင်ပင် ကြမယ့်နေ့ပဲ ဖြစ်ပါတယ်။

အမွေဆိုတာ ထုံးစံအရတော့ မြင့်ရာကနေ နိမ့်ရာကိုပဲ စီးဆင်းရပါ တယ်။ ဆိုလိုတာက အထက်ကို ဆန်ရိုးမရှိပါဘူး။ မိဘသေရင် သား သမီးပဲရမှာ ဖြစ်ပါတယ်။

ဒါပေမယ့် ကွယ်လွန်သူ ဒေါ်ခင်မေ ဟာ အပျိုကြီးဖြစ်နေတဲ့အတွက် အမွေ စားအမွေခံ သားသမီး မရှိတာကြောင့် သူ့ရဲ့ ကျန်ရစ်တဲ့ ပစ္စည်းဥစ္စာ အရပ် ရပ်ကို သွေးသားအရင်းအချာဖြစ်တဲ့...

ဟောဒီ ဒေါ်အေးမှင်၊ ဒေါ်အေးဆင်၊ ဒေါ်ခင်ငွေ၊ ဒေါ်ခင်ဆွေတို့ ညီအစ်မ လေးယောက်စလုံး သဘောတူ လက်ခံ တဲ့အထိ အမွေခွဲဝေရေးကိစ္စကို ကျွန်တော်တို့က ကူညီဆောင်ရွက်ပေး ဖို့ လာခဲ့ကြတာပဲ ဖြစ်ပါတယ်။

အဲဒီတော့ အစ်မအကြီးဆုံးဖြစ်တဲ့ ဒေါ်အေးမှင်အနေနဲ့ ညီအစ်အချင်းချင်း ပြေလည်အောင်၊ အမျှတဆုံးဖြစ် အောင် ဘယ်လိုများ ညှိနှိုင်းထားသလဲ ဆိုတာ ဟောဒီ ပရိသတ်များရှေ့မှာ ပြောပြချင်ပါတယ် ခင်ဗျာ'

ဟု အဖွင့်နိဒါန်း ပြောဆိုလိုက်ပြီး သည့်နောက်တွင်မတော့ အစ်မအကြီး ဆုံး ဒေါ်အေးမှင်တစ်လှည့်၊ သူ့ညီအစ်မ များက တစ်လှည့်နှင့် ပြောဆိုတင်ပြကြ သည်။

ထိုသို့ တင်ပြ ပြောဆိုသည်များကို ရပ်ရွာလူကြီးများက မရှင်းသည့်အချက် များအား ပြန်လည်မေးမြန်း၍ အတည် ပြုပြီး အမွေခွဲဝေရေးကိစ္စအား နံနက် ဆယ့်တစ်နာရီခန့်တွင် အဆုံးသတ် လိုက်ပါသည်။

ထိုအကြောင်းအရာများအား အနှစ် ချုပ်တင်ပြရမည်ဆိုပါလျှင်...

၁။ ဒေါ်အေးမှင် အပါအဝင် ညီအစ်မလေးဦး စလုံးက ဒေါ်ခင်မေ မကွယ်လွန်မီအချိန်ထိ နေထိုင်သွားသော ကျွန်းအိမ်ကြီးအား ကွယ်လွန်သွားကြပြီဖြစ်သော အဖေ ဦးတိုးလွန်းနှင့် အမေဒေါ်မယ်သစ်၊ သမီး ဒေါ်ခင်မေတို့အတွက် ရည်စူး၍...

လက်ရှိသီတင်းသုံးနေသော ရေသိမ် ကျောင်းဆရာတော် ဦးဇဝနထံသို့ သံဃိက ဒါနအဖြစ် ရေစက်ချလှူဒါန်းရန်၊

၂။ ဒေါ်ခင်မေ ကျန်ရစ်ခဲ့သည့် ပစ္စည်းဥစ္စာများ

www.burmeseclassic.com

အနက်မှ ငွေသားအားလုံး တစ်သိန်းခွဲဝန်းကျင်ခန့်ကို ဤအိမ်ကြီးအား ဈေးသိမ်ကျောင်းပရိဝုဏ်သို့ ရွှေ့ပြောင်း၍ ပြန်လည်တည်ဆောက်မှုအတွက်သုံးရန် ပိုလျှံသောငွေများကိုလည်း ဆရာတော်ထံသို့ နဝကမ္မအဖြစ် လှူဒါန်းရန်၊

၃။ ဒေါ်ခင်မေ ကျန်ရစ်ခဲ့သော ရွှေသားအလေးချိန် တစ်ရာတစ်ဆယ့်ငါးကျပ်သား အနက်မှ (၁၅)ကျပ်သားကို ရွှေတိဂုံ ကျိုက်ထီးရိုးနှင့် တောင်ငူမြို့မှ ရွှေဆံတော်ဘုရားတို့တွင် တစ်ဆူလျှင် (၅)ကျပ်သားနှုန်းဖြင့် ကွယ်လွန်သွားသူ သုံးဦးတို့၏ ကမ္ပည်းထိုး၍ လှူဒါန်းရန်၊

၄။ ကျန်ရှိသော ရွှေတစ်ရာကျပ်သားမှ ရှစ်ဆယ်ကျပ်သားကို ညီအစ်မလေးဦး (၂၀)ကျပ်သားစီ ခွဲဝေယူရန်၊

၅။ တစ်ဖန် ကျန်ရှိသော ရွှေ(၂၀)ကျပ်သားအား ဒေါ်ခင်မေ မကွယ်လွန်မီ အချိန်ထိ အတူနေ ဦးလေးစံရနှင့် သမီးမခင်သက်တို့ နှစ်ဦးအား (၁၀)ကျပ်သား၊ ဒေါ်ခင်မေ၏ လုပ်ငန်းများအား နှစ်ပေါင်းများစွာ လုပ်ကိုင်ပေးခဲ့သော ကိုမောင်တင်နှင့် မအိမ်သူတို့ မိသားစုကို (၁၀)ကျပ်သား ခွဲဝေပေးရန်၊

၆။ ဒေါ်ခင်မေပိုင် လယ်ဧက(၁၅၀)ခန့်မှ ဦးစံရတို့သားအဖကို (၁၀)ဧက၊ ကိုမောင်တင်နှင့် မအိမ်သူတို့မိသားစုကို (၁၀)ဧကစီ ခွဲဝေပေးရန်နှင့် ကျန်လယ်မြေဧက (၁၃၀)ခန့်ကို ညီအစ်မလေးဦးအညီအမျှ ခွဲဝေယူရန်၊

၇။ လက်ရှိ စပါးကျီနှစ်လုံးမှ စပါးတင်းပေါင်း (၅၀၀၀)ကျော်ကို စပါးဈေးတက်မည့် ဝါဆို၊ ဝါခေါင်လလောက်မှ ထုတ်ရောင်း၍ ညီအစ်မလေးဦးခွဲယူရန်...

မရောင်းမီ ဦးစံရနှင့် ဦးမောင်တင်တို့မှ စောင့်ရှောက်ထိန်းသိမ်းထားရန်၊

၈။ မိဘဘိုးဘွား အမွေအနှစ်ဖြစ်သည့် ဤခြံကြီးအား စောင့်ရှောက်ထိန်းသိမ်းသွားရန်အတွက် အိမ်ကြီးအားရွှေ့၍ ကျောင်းဆောက်လှူရာတွင် ဖြစ်ပေါ်လာမည့် နေရာ



ကွက်လပ်၌ ဦးစံရတို့သားအဖ သင့်လျော်သည့် အိမ်တစ်လုံးဆောက်၍ အပြောင်းအလဲ တစ်စုံတစ်ရာ မရှိမချင်း ဆက်လက်နေထိုင်သွားရန်...

စသည်တို့ ဖြစ်ပါသည်။

ထို့နောက် မခင်သက် ယူလာခဲ့သော ရွှေချိန်ခွင်ဖြင့် ဘုရားသုံးဆူအား လှူမည့် ရွှေ(၁၅)ကျပ်သားကို ဦးစွာ သီးသန့်ဖယ်ထားလိုက်ပါသည်။

ပြီးနောက် ဦးစံရနှင့် ကျွန်တော်တို့ မိသားစုအား (၁၀)ကျပ်သားစီ ခွဲဝေပေးပြီး ကျန်သော (၈၀)ကျပ်သားကို သူတို့ ညီအစ်မများ ချိန်တွယ်ယူကြပြီး အမွေခွဲခြင်းကို အပြီးသတ်လိုက်ပါ၏။

ရွာလူကြီးဦးရွှေနီမှ...

'အိမ်း... ဦးတို့လဲ အခုမှပဲ အလုံးကြီးကျသွားတော့တယ်။ အမွေကိစ္စဆိုတာ တော်တော်ရှုပ်တာကွယ့်။

အခုလို အစစအရာရာ ပြေပြေလည်လည်နဲ့ ရောရောရှုရှု ဖြစ်ဖို့ဆိုတာ တယ်မလွယ်လှဘူး။ ဦးတို့ ကြုံခဲ့တဲ့ အမွေကိစ္စတွေထဲမတော့ အခုအကြိမ်ဟာ အံ့မွေယှဉ်း အများဆုံးနဲ့ အမြန်ဆုံး၊ အလွယ်ကူဆုံး ကိစ္စတစ်ခုလို့ ဆိုရမှာပေါ့ကွယ်။

တချို့ဆို အမွေခွဲရင်း သွေးသားအရင်းအချာပေမယ့် တုတ်ဆွဲ၊ ဓားဆွဲတွေဖြစ်လို့ ဝင်ဆွဲပြီး ဟားခဲ့ရတာတွေတောင် ကြုံခဲ့ဖူးတယ်။

တချို့ကျပြန်တော့လဲ ဦးလေးတို့နဲ့ မပြီးလို့ တရားရုံးတွေတာတွေရောက် အမှုတွေဖြင့် ဒါတောင် ရမယ့်အမွေက ပြေပလောက်အောင်များတယ် မဟုတ်ဘူး။

လောဘ, ဒေါသ, မောဟတွေပေါ့ကွယ် ဟင်...မဟုတ်ဘူးလား တူမကြီးတို့'

ဦးရွှေနီစကားအဆုံးမှ ဒေါ်အေးမှင်က...

'ဟုတ်ကဲ့ပါ၊ ဦးလေးပြောတာ အမှန်တွေချည်းပါပဲ၊ ကျွန်မတို့ ညီအစ်မတွေကတော့ တတ်နိုင်သမျှ ကြိုးစားပြီး လောဘဒေါသတွေကို ဖြေဖျောက်နေကြပါတယ်၊

အထူးသဖြင့် အခုလို ကျွန်မတို့ရဲ့ ညီမအပျိုကြီး ရုတ်တရက်ဆုံးပါးသွားတဲ့ အတွက်ကြောင့် အင်မတန်မှပဲ အံ့ဩတုန်လှုပ်ပြီး သံဝေဂလဲ ရမိပါတယ်၊

ရှေ့လျှောက်ပြီးလဲ အကုသိုလ်နည်းနိုင်သမျှ နည်းအောင် လုပ်ဆောင်သွားမှာပါ။ ကဲ... ဦးလေးတို့လဲ ကျွန်မတို့ အတွက်နဲ့ စိတ်မောလူမော ဖြစ်ရတာ တောင်းပန်ပါတယ်၊

မေတ္တာ, စေတနာရှေ့ထားပြီး ကူညီဆောင်ရွက်တာ ဖြစ်တဲ့အတွက် ကျွန်မတို့ ညီအစ်မတွေက ဦးလေးတို့ လူကြီးလေးယောက်ကို တစ်ဦးကို ရွှေငါးမူးသားစီနဲ့ ပြန်ပြီးကန်တော့ပါရစေ'

ဟုပြောရင်း သူတို့လေးဦးမှ တစ်ဦးလျှင် ငါးမူးသား ရွှေလက်စွပ်တစ်ကွင်းစီယူ၍ ဦးရွှေနီတို့ လူကြီးလေးဦးအား ပေးအပ်၍ ဦးချကန်တော့လိုက်ချိန်မှာ ကျွန်တော်တို့ မိသားစုကလည်း ဝင်ရောက်၍ ကန်တော့လိုက်ကြပါတော့သည်။

'သာဓုပျာ... သာဓု... သာဓု အခုလို လှူဒါန်းကန်တော့သော ဒါကုသိုလ်ကံ စေတနာတို့ကြောင့်

www.burmeseclassic.com

နိဗ္ဗာန်မရောက်မီစပ်ကြား ဆင်းရဲနှင့် ငရဲကင်းကြပါစေ၊ အနာရောဂါ ကင်းရှင်းကြပါစေ။

သံသရာမှ လွတ်မြောက်ကြောင်း တရားများကိုလဲ တွေ့ရှိကျင့်ကြံအားထုတ်၍ မဂ်ဖိုလ်နိဗ္ဗာန်ကို အလျင်အမြန် ရောက်ရှိကြပါစေဗျား'

ဦးရွှေနီက ဆုများပေးပြီး တစ်ဆက်တည်း...

'အင်း...ဦးလေးတို့လဲ အမွေကိစ္စတွေ လိုက်ပါဆောင်ရွက်ပေးခဲ့တာ မနည်းတော့ပေမယ့် ဒီလို ရွှေနဲ့ကန်တော့တာမျိုး တစ်ခါမှ မကြုံခဲ့ဖူးသေးဘူး။

အလွန်ဆုံး အဝတ်အစားတစ်စုံလောက် ဒါမှမဟုတ်လဲပဲ ပုဆိုးတစ်ထည်လောက် အများအားဖြင့် ကိုယ့်စရိတ်ကိုယ်စားက များပါတယ်။

ဒီတစ်ခါကတော့ အမှတ်တရပေါ့ကွယ်။ ဟဲ...ဟဲ... မဟုတ်ဘူးလား ဦးသန်းမောင်'

ဟု အတူပါလာသော လူကြီးအဖွဲ့ထဲမှ ဦးသန်းမောင်အား မေးမြန်းလိုက်ရာ ဦးသန်းမောင်က...

'ဟုတ်ပ့ါ ဦးရွှေနီရယ်၊ ကျုပ်တို့လဲ တကယ့်ကို အမှတ်တရပါပဲ'

သည့်နောက် လူကြီးများ နှုတ်ဆက်၍ ပြန်သွားချိန်မှာ ကြီးဒေါ် ဒေါ်အေးမှင်က...

'ကဲ... မောင်တင်တို့၊ အိမ်သူတို့ ညည်းတို့လဲ လယ်နဲ့ချောင်းနဲ့ ရွှေလေးငွေလေးနဲ့ ဖြစ်သွားပြီဆိုတော့ ကိုယ့်အိမ်ကလေးလဲ လုံလုံခြုံခြုံ သပ်သပ်ရပ်ရပ်ဖြစ်အောင် လုပ်ဖို့ မမေ့ကြနဲ့နော်။

ဒါနဲ့ ဒီအိမ်ကြီးထဲက လိုချင်တဲ့ပစ္စည်းရှိရင်လဲ တစ်ခါတည်း တောင်းထားကြ လူစုမကွဲခင်'



ဟု မေးရာ အမေက ခဏတာမျှ စဉ်းစားနေပြီးနောက်...

'အစ်မကြီးတို့ ခွင့်ပြုမယ်ဆိုရင်တော့ ဟိုဆင်းတုတော်သုံးဆူထဲက တစ်ဆူလောက် ကျွန်မတို့ အိမ်ကလေးကို ပင့်ပြီး ပူဇော်ချင်ပါတယ်။ အိမ်မှာက ပုံတော်တွေပဲ ရှိလို့ပါ'

'အေး...အေး... ကောင်းပါလေရဲ့ကွယ်၊ တော်ရုံဆို ဒီလိုအတွေးမျိုးမှ တွေးမိပါ့မလားတောင် မသိဘူး။

ကဲ... ဘုရားသုံးဆူက အစဉ်လိုက်ဆိုတော့ တစ်,နှစ်,သုံးလို့ မှတ်ထားပြီး ညည်းတို့နဲ့ ထိုက်တဲ့ဘုရား ဘယ်ဘုရားလဲဆိုတာ သိရအောင် မဲနှိုက်ပြီး လှူလိုက်မယ်။ မဲလိပ်သုံးလိပ်မှာ နံပါတ်တွေ ရေးလိုက်ဟေ့'

မဲလိပ်များ ရေးပြီး၍ အမေကိုယ်တိုင် **"ထိုက်သည့် ဘုရားပေါက်ပါစေ"** ဟု ဆုတောင်းပြီး မဲနှိုက်ရာ အလယ်မှ နံပါတ်နှစ် ဆင်းတုတော်အား မဲပေါက်ပါတော့သည်။

ထို့နောက် ဦးလေးစံရတို့ သားအဖအားလည်း လိုချင်တာ တောင်းခိုင်းရာ မခင်သက်က ကြီးမေ၏ ရွှေချိန်ခွင်ကလေးအား အမှတ်တရ သိမ်းဆည်းထားလိုပါသည်ဟုပြော၍ တစ်ခါတည်း ပေးလိုက်ပါသည်။

ထိုအချိန်တွင် ကျွန်တော်က...

'ကြီးဒေါ်ခင်ဗျား... ကျွန်တော်လဲ ဟို ကျွန်းသေတ္တာကြီးထဲစာအုပ်တွေ လိုချင်ပါတယ် ခင်ဗျာ'

ဟု တောင်းခံလိုက်ရာ...

'အိမ်သူရေ ညည်းသား စာတိုင်ညို ရဲ့ ဝါသနာကလဲ မသေးပါလားဟဲ့။ ဟင်း...ဟင်း...ယူသွား... ယူသွား... သေတ္တာကြီးပါ တစ်ခါတည်း ယူသွား။

အဖေ့ရဲ့ စာအုပ်တွေလဲ အခုမှပဲ ဖတ်မယ့်သူနဲ့ တွေ့ရတော့မယ်။ တို့ညီအစ်မတွေက တစ်ယောက်မှ ဝါသနာမပါကြဘူး'

ကြီးဒေါ် စကားအဆုံးမှာ ကျွန်တော်လည်း အနှစ်နှစ်အလလ မျှော်လင့်တောင့်တခဲ့ရသော ဆန္ဒကြီး ပြည့်စုံပြီမို့ ဝမ်းသာအားရနှင့် အဖေနှင့်အတူ စာအုပ်သေတ္တာကြီးအား မ,ပြီး ကျွန်တော်တို့ အိမ်ကလေးရှိရာသို့ သယ်ချသွားပါတော့သည်။

အင်း...ယခုဆိုလျှင် ဤသေတ္တာထဲမှ စာအုပ်များသည်ကား ကျွန်တော့်ကိုယ်ပိုင် စာအုပ်များ ဖြစ်လာခဲ့ပါပြီ။

သို့အတွက်ကြောင့် ကျွန်တော် စာဖတ်သည့်ပုံစံအား ပြောင်းလဲရန် စိတ်ကူးမိပါ၏။ အရင်ကဆိုရင် သူများထံမှ ငှားရမ်းဖတ်ရှုရသည်မို့ အချိန်လုကာ ဝါးစားသလို ဖတ်ခဲ့ရတာများပါပြီ။

ယခုတော့ ကိုယ့်စာအုပ်နှင့် ကိုယ် ပြီးချင်သည့်အချိန်မှာပဲ ပြီးပါစေ။ အေးအေးဆေးဆေး အချိန်ဆွဲ၍ အားလပ်ချိန်များတွင် ဇိမ်နှင့် နှပ်နေရမည့်အရေး တွေးကြည့်ရုံနှင့်ပင် အတော်အရသာထူးလှသော ကိစ္စကြီး ဖြစ်ပါပေသည်တကား။

ဒီလိုဖြင့် ကျောင်းဖွင့်ချိန်ရောက်တော့ ကျောင်းသွားတက်၊ ညနေပြန်လာ အိမ်အလုပ်များလုပ်ကူ၊ အိမ်စာ ပေးလိုက်သည်များကိုရှင်း၊ အားလပ်



www.burmeseclassic.com

www.burmeseclassic.com

လျှင် သေတ္တာထဲမှ စာတစ်အုပ် ထုတ်ဖတ်နှင့် တစ်နှစ်ကျော် ကြာလာသည့်အချိန်မှာတော့ သေတ္တာထဲမှ စာအုပ်များအနက် ထက်ဝက်ခန့်ကို ဖတ်ပြီးသွားပါပြီ။

စာအုပ်များကား "**တေ,ဇ,သု,နေ, မ,ဘူ,စံ,နာ,ဝိ,ဝေ**"ဟု ခေါ်သည့် **ဇာတ်တော်ကြီးဆယ်ဘွဲ့ စာအုပ်များ၊ ဗေဒင်နက္ခတ်စာအုပ်များ၊ ဆေးကျမ်းများ၊ အင်္ဂုရတ်စာအုပ်များ၊ ဘုရားရှိခိုးစာအုပ်များ၊ အင်းစီရင်နည်းများ၊ သမထဝိပဿနာကျင့်စဉ်များနှင့် ဗလာစာအုပ်များ** ဖြစ်ပါသည်။

ထိုအထဲတွင် ဘုန်းကြီးကျောင်းသားမောင်သံမဏိရေးသည့် အင်းချနည်းစာအုပ်ကား စိတ်အဝင်စားဆုံး ဖြစ်၏။

အင်းချရာတွင် အင်းကျိုးခြင်း၊ အင်းပေါက်ခြင်း၊ အင်းကန်းခြင်း၊ အင်းပျက်ခြင်း စသည်တို့ မဖြစ်အောင်ရှောင်ရမည့် အချက်များ...

အင်းချမည့် ပုဂ္ဂိုလ်သည် သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ ဖြစ်ရန်အတွက် ငါးပါးသီလ စောင့်ထိန်းခြင်း၊ ဂုဏ်တော်ကိုးပါးကို အစမှရွတ်၍ အဆုံးရောက်မှ ပုတီးတစ်လုံးချရသည့် ဂုဏ်တော်တစ်ထောင်ကျင့်စဉ်အား အဓိဋ္ဌာန်ပြု၍ ဝင်ခြင်း၊

မီးလွတ်စားရမည့် နေ့များတွင်လည်း အသီးများသာ စားသုံးခြင်း၊ သက်သတ်လွတ်စားခြင်း စသည့် ဆောင်ရန်အချက်များကို ဆောင်၍လည်း နှစ်ဝက်ခန့် အင်းချကြည့်(ဝါ) အင်းစီရင်ကြည့်လိုက်ပါသေးသည်။

ဘာမှလည်း ထူးခြားမလာ၍ နောက်ဆုံး ခေါင်းရှုပ်မခံဘဲ နားလိုက်ရပါတော့သည်။

ဒီလိုနှင့် တစ်နေ့သောအခါဝယ်



ဖတ်ပြီးသော စာအုပ်နှင့် မဖတ်ရသေးသော စာအုပ်များအား သပ်သပ်စီ ခွဲခြား၍စီထားရန် သေတ္တာထဲမှ စာအုပ်အားလုံးအား အပြင်သို့ ခေတ္တထုတ်ရာမှ သေတ္တာအောက်ဆုံးတွင် **ဆေးလိပ်ကျည်တောက်ဘူး ကဲ့သို့သော ဝါးကျည်တောက်ဘူးကြီး တစ်ခု**ကို သွားတွေ့ပါတော့သည်။

ကျွန်တော်တို့နယ်ဘက်မှ လယ်သမားအများစုမှာ လယ်လုပ်ရင်း သောက်ရန် ဆေးလိပ် မိုးမစိုနိုင်သော အထူးပြုလုပ်ထားသည့် ဆေးလိပ်ကျည်တောက်ဘူးများ ကိုယ်စီကိုယ်ငှ ဆောင်ထားတတ်ကြပါသည်။

ဆေးလိပ်မှာလည်း သေးသေး မဟုတ်ပါ။ မြေကြီးကို တူးထားသော မီးဖိုမှာ အိုးတစ်လုံးမှောက်တင်ပြီး ဘန့်ပွေးပင် အရွက်ကြီးကြီး မနုမရင့်များကို စီထပ်ပြီး အပေါ်မှ သဲအိတ်ဖိ အပူပေး အခြောက်ခံနုပ်၍ ဆေးရိုးဆေးစပ်နှင့် လိပ်ထားသော ဘန့်ပွေးရွက်ဆေးလိပ်ကား အတိုဆုံး တစ်ထွာခန့်မှ အရှည်ဆုံး တောင်ဆုပ်ခန့်ရှိတတ်ပါသည်။

လုံးပတ်ကား လှည်းထမ်းပိုးကျည်းခန့် ရှိပါ၏။ တချို့က ဘော့တိုဟုလည်း ခေါ်ကြပါသည်။

ကျည်တောက်ဘူးထဲမှ ဆေးလိပ်ထုတ်သောက်၍ အားရလျှင် ပြန်ထည့် အဖုံးပိတ်လိုက်က လေလုံ၍ မီးသတ်ပြီးဖြစ်သွားပါ၏။ ဆေးလိပ် တစ်လိပ်ကို နှစ်ရက်ခန့် သောက်ရပါသည်။

ယခု ကျွန်တော်တွေ့ရသော ကျည်တောက်ဘူးကြီးကား ဆေးလိပ်ဘူးထက် ဆယ်ဆခန့်ကြီးသော ဝါးဘူးကြီးဖြစ်၏။

ကြသောင်းဝါးနှင့် ပြုလုပ်ထားသော ဘူးကြီးမှာ လုံးပတ် လူကြီးခြေသလုံးအရှည်တစ်တောင့်ထွာခန့် ရှိပါသည်။

စာအုပ်များ ထည့်ထားသော ဤကျွန်းသေတ္တာကြီးထဲတွင် ဒီဘူးကြီးရှိမှန်း ကြီးမေ အပါအဝင် မည်သူမျှ သိကြဟန်မတူပါ။

ကျွန်တော်မှ...

'ဘာများထည့်ထားတဲ့ ဘူးကြီးလဲ မသိဘူးဟ...ဖွင့်ကြည့်ဦးမှပဲ'

ဟု သိချင်ဇောအားကြီးနှင့် ဖွင့်ကြည့်လိုက်ရာ အထဲမှ သစ်ကိုင်းခြောက်တစ်ခု ထွက်ကျလာပါတော့သည်။

သေသေချာချာ ကိုင်တွယ်ကြည့်ရှုလိုက်မှ ထိုအရာမှ သစ်ပင်များတွင် တွယ်ကပ် ပေါက်ရောက်လေ့ရှိသော သစ်ကျီးပေါင်းကိုင်းခြောက်တစ်ခု ဖြစ်မှန်းသိလိုက်ရပါသည်။

ဘာကျီးပေါင်းမှန်းတော့ မသိ၊ အလျားတစ်တောင်ကျော် အရွယ်လက်မခန့် သစ်ကိုင်းမှာ လက်သန်းလက်ညှိုးခန့် **ကျီးပေါင်းများ ကင်းခြေများလို တွယ်ကပ်နေပါသည်။**

သို့နှင့် အဖေ့ကို ပြကြည့်ရာ...

'အေးကွ... ကျီးပေါင်းတော့ ကျီးပေါင်းပဲ ဘယ်အပင်က ကျီးပေါင်းလဲတော့ ဖိုးလဲ မပြောတတ်ဘူး။

နှစ်ပရိစ္ဆေဒ ကြာပြီဆိုတော့ သူ့အခေါက်တွေလဲ အမှုန့်ဖြစ်ကုန်ပြီဆိုတော့ ကျီးပေါင်းက အကောင်းအတိုင်း ဖြစ်နေပေမယ့် မှန်းဆလို့ မရတော့ဘူး။

နောက်ပြီး ဆေးမြစ်တို့ ဘာတို့လဲ ဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်မှာပေါ့ကွာ'

ဟု မရေမရာ အဖြေသာ ရပါ၏။

'ဘာပဲဖြစ်ဖြစ်ပေါ့ကွာ... တစ်ခုခု ထူးခြားလို့သာ ဦးဘိုးလွန်း သေသေချာချာ သိမ်းထားခဲ့တာ ဖြစ်မှာပေါ့။ အဲဒီတော့ ဘူးကြီးထဲသာ ပြန်ထည့်ပြီး သူ့နေရာသူ ပြန်ထားလိုက်'

အဖေ့ပြောစကားအတိုင်း ထိုသစ်ကျီးပေါင်းအား ဝါးဘူးကြီးထဲ ပြန်ထည့်ကာ အဖုံးပိတ်၍ သေတ္တာအောက်ခြေမှာ ပြန်ထားလိုက်ပါတော့သည်။

ပြီးနောက် ဖတ်ပြီးသား စာအုပ်များအားတစ်ကန့်၊ မဖတ်ရသေးသော စာအုပ်များက တစ်ကန့် ခွဲထည့်ကာ သေတ္တာပိတ်လိုက်ပြီး ပက်လက်ကုလားထိုင်မှာ ထိုင်၍ ကျီးပေါင်းအကြောင်း စဉ်းစားခန်း ဝင်နေမိပါသည်။

**ဒီကျီးပေါင်းသည် ဘာကျီးပေါင်းလဲ၊ ဘာတွေများ အစွမ်းထက်လို့ သည်လို သေသေချာချာသိမ်းထားရသလဲ၊ သူ့နို သစ်ကိုင်းက ထွေးစပြုနေပေမယ့် ကျီးပေါင်းကိုင်းအသားကျတော့ ဘာလို့ လက်လက်ထတ်ထတ် ဖြစ်နေရသလဲ၊**

**သူ့သမီးတွေကို ဘာဖြစ်လို့ မပြောပြခဲ့သလဲ၊ ဒါမှမဟုတ် အပေပြောသလို ဆေးပက်ဝင်တဲ့ ပစ္စည်းပဲလား...**

စသည်ဖြင့် အတွေးနယ်ချဲ့ရင်း နောက်ဆုံး အိပ်ပျော်သွားပါတော့သည်။

သည်လိုနှင့် နှစ်,နှစ်ခန့်အကြာ ကျွန်တော် ကိုးတန်းရောက်သည့်နှစ်မှာတော့ ဖတ်ရန် ပုံနှိပ်စာအုပ်များ တစ်အုပ်မကျန် ဖတ်ပြီးသွားပြီ ဖြစ်ပါ၏။

ဦးဘိုးလွန်း ရေးထားသည် ဆိုသည့် ဗလာစာအုပ် သုံးဒါဇင်ခန့်သာ ကျန်ရှိပါတော့သည်။

စာဆိုလျှင်လာထား ကိုယ်ဖတ်တတ်သည့်စာ မှန်သမျှ မည်သည့်စာမှ ချန်သာပေးလေ့ မရှိသည့် ကျွန်တော်



ထိုဗလာစာအုပ်များအားလည်း အချိန်ရသည်နှင့် တစ်အုပ်ပြီး တစ်အုပ် ဆွဲယူဖတ်ရှုနေမိပါတော့သည်။

တချို့စာအုပ်များကား ဆေးနည်းများ မှတ်သားထားသော စာအုပ်များ ဖြစ်သလို တချို့ကျပြန်တော့လည်း ဘုရားရှိခိုး၊ အင်္ဂရတ်ထိုးနည်း၊ အင်းချနည်း၊ သူ လှူဒါန်းခဲ့သော ပစ္စည်းစာရင်း၊

လယ်ကေနှင့် ဆန်စပါးစာရင်းများ၊ ရွှေထည်ပစ္စည်းစာရင်းများ စသည်ဖြင့် အကြောင်းအရာ အတော်ပင် စုံလင်လှပါသည်။

သည်လိုနှင့် တစ်နေ့မှာတော့ ထူးခြားသည့် ဗလာစာအုပ်တစ်အုပ်အား တွေ့ရှိမိပါတော့သည်။

စတင်ဖတ်ခါစမှာ ဘုရားရှိခိုး စာအုပ်ဟု ထင်မိသော်လည်း နှစ်မျက်နှာခန့် ဖတ်ပြီးသည်နှင့် **"ကျွန်ုပ် မောင်ဘိုးလွန်း၏ ဘဝမှတ်တမ်း"** ဟု ရေးသားထားသည့် ခေါင်းစဉ်နှင့် စာသားများအား တွေ့ရှိလိုက်ရပါသည်။

ထိုအချိန်မှာတော့ ပက်လက်ကုလားထိုင်မှာ ဇိမ်နှင့် ဖတ်နေရာမှ ကိုယ်မှာ မတ်ခနဲ ဖြစ်သွားသလို မျက်လုံးများလည်း အပြင့်ဘက်သို့ ခုတ်ထွက်လာပါတော့သည်။

'ဟုတ်ပြီ နိပ်ဟ... သူများပြောသံကြားနဲ့ပဲ နှစ်သိမ့်နေရတာ၊ အခုလို သူကိုယ်တိုင် ရေးထားတဲ့ သူ့အကြောင်းဆိုတော့...'

ထို့နောက်တွင်ကား တုန်နေသော၊ ရင်ခုန်နေသော၊ နှလုံးသားလှုပ်ရှားနေသော စိတ်တို့ဖြင့် သဲကြီးမဲကြီး ဖတ်ရှုလိုက်သည်မှာ လောကကြီးနှင့် အဆက်ပြတ်သွားပါသည်။

ထမင်းမေ့၊ ဟင်းမေ့နှင့် ဆွေမျိုးမေ့ ရုံတင်မက နောက်ဆုံး ကိုယ့်နာမည် ကိုယ်ပင် မေ့သွားရပါ၏။

ထိုအချိန် အတောအတွင်း၌ ကိုယ့်ဘေးနားကပ်၍ မိုးကြိုးပစ်ချလျှင်ပင် သိမည်မထင်ပါ။ ဘာကိုမှ သတိမရတော့ဘဲ ဖတ်နေလိုက်သည်မှာ မှတ်တမ်းဆုံးမှပဲ အသက်ရှူရန် သတိပြုမိပါတော့သည်။

ထိုအခါတွင်မှ စာဖတ်ဝါသနာပါသည့် ကိုယ့်ကိုယ်ကိုအား ပထမဆုံး အကြိမ်အဖြစ် ကျေးဇူးတင်မိလိုက်ပါတော့သည်။

အဘယ်ကြောင့်ဆိုသော် ထိုမှတ်တမ်းထဲတွင် ဘယ်သူမှ အမှန်အတိုင်း သိသေးပုံမရသည့် ဦးဘိုးလွန်း၏ ဘဝဖြတ်ကြောင်းနှင့်အတူ ကျွန်တော် လုံးဝ စဉ်းစား၍ အဖြေရှာမရခဲ့သည့် ဝါးကျည်တောက်ဘူးကြီးထဲမှ သစ်ကျီးပေါင်းအကြောင်း...

ထို့အပြင် ကာလတန်ဖိုး အနေဖြင့် နည်းမည်မဟုတ်သည့် ရွှေသားတစ်ပိဿာကိုပါ ရရှိနိုင်မည့် သိုက်စာအညွှန်း (ဝါ) လျှို့ဝှက်သိမ်းဆည်းထားသော နေရာဌာနကိုပါ တစ်ပြိုင်တည်း သိရှိခဲ့ရသောကြောင့် ဖြစ်ပါသည်။

ထိုမှတ်တမ်းအား အနည်းငယ် ပြုပြင်လျက် ယခုပင် ရေးသားဖော်ပြရပေတော့အံ့။ ဤသည်ပင်လျှင် **"မြေပိုင်ရှင်ကြီးဦးဘိုးလွန်းနှင့် ဂန္ဓာရဆေးရိုးကျီးပေါင်း"** ဟူသော ဝတ္ထုဖြစ်ပေတော့သည်တကား။

ရှေ့လဆက်ဖတ်ပါရန်

**မောင်စိမ့်စမ်း**
***(ကောတုမတီ)***



www.burmeseclassic.com

www.burmeseclassic.com


ဇန်နဝါရီလတွင်ဖွင့်လှစ်မည့် အောင်ဘာလေထီဆုငွေများနှင့် နီးစပ်ကံထူးနိုင်ကြစေရန် ၂၊ ၇၊ ၃၊ ၆ဂဏန်းခြေများကို **က၊ ဆ၊ ဍ၊ ဓ၊ မ** အက္ခရာများနှင့် တွဲဖက်၍ ကံစမ်းပါ။

ဂဏန်းတူ အပူးအထပ်အလိုရှိပါက **၂၊ ၇၊ ၃၊ ၆**ဂဏန်းများ နှစ်လုံးအထက်ပါရှိသော ထီလက်မှတ်ကို ရွေးချယ်သင့်ပါသည်။

မိမိတို့၏ မွေးလရာသီအလိုက် ကံအခွင့်အလမ်းများကို ဇယားတွင် ကြည့်ပါ။

* * *

# ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလတွင် ထီ ဆုကြီးများ ဆွတ်ခူးနိုင်ဖို့



**မွေးသူ**)တို့သည် (၆)ဂဏန်း၊ အပြာရောင် အရှေ့တောင်ထောင့်အရပ်၊ စနေနေ့၊ ချဉ်သောအရသာ၊ စိန်ကျောက်မျက်များက ကံကောင်းလာဘ်ပွင့်စေလိမ့်မည်။

မထိုးသင့်ပါ။

ဤလတွင် ထီကံထူးနိုင်ကြသူတို့မှာ **သောကြာသားသမီး**များ ဖြစ်ကြသည်။

**ထီလက်မှတ် အရောင်းဆိုင်တည်ရာအရ ရွေးချယ်လိုပါက...**

လေကောင်းလေသန့် ရရှိသောနေရာ၊ လမ်းမကျယ်ကြီးနံဘေးကွက်လပ် လွင်ပြင်ကျယ်အတွင်း အပန်းဖြေ ပန်းခြံအနီး၊ တရားရုံး ရဲစခန်းများအနီး၊ တောင်ကုန်းထိပ် အနီး သစ်ကြီးဝါကြီးများအောက် စသည်တို့၌ ဖွင့်လှစ်သော ထီဆိုင်များ၊ ရွှေ့လျားနေသော တွန်းလှည်းကား စသည်ဖြင့် ရောင်းချသော ဆိုင်များ၌ ကံစမ်းသင့်ပါသည်။

**ထီကံမြှင့်ယတြာပြုလိုပါက...**

အဝါကို အထက်ဆောင်၍ ပန်းရောင်ကို နင်းကြမ်းပြုပါ။ ဥပမာ ပန်းရောင်လွှမ်းသော ဖိနပ်ခြေနင်းကိုစီး၍ ထီ၊ ခေါင်းစည်းပုဝါ၊ ဆံညှပ် စသည့် အထက်ပိုင်း အသုံးအဆောင်တွင် အဝါရောင် အားကောင်း လွှမ်းမိုးစေရပါသည်။

***ထီဆုကြီးများ ဆွတ်ခူးနိုင်ကြပါစေ***

**ထက်မင်းကျော်စွာ**

| မွေးလရာသီ | ဂဏန်း | အရောင် | အရပ် | လာဘ်ပွင့်နေ့ | အရသာ | ကျောက်မျက် | စပ်တူထိုးရန် | ရှောင်ရန် |
|---|---|---|---|---|---|---|---|---|
| မိဿရာသီ မတ်၂၁မှဧပြီ၂၀ | ၆ | ပြာ | အရှေ့တောင် | စနေ | ချဉ် | စိန် | အင်္ဂါ သားသမီး | စနေ သားသမီး |
| ပြိဿရာသီ ဧပြီ၂၁မှမေ ၂၀ | ၃ | ပန်း | တောင် | တနင်္လာ | ခါး | သန္တာ | သောကြာ သားသမီး | တနင်္ဂနွေ သားသမီး |
| မေထုန်ရာသီ မေ၂၁မှဇွန် ၂၀ | ၉ | ဖြူ | အနောက်မြောက် | အင်္ဂါ | ငန် | ကြောင် | ဗုဒ္ဓဟူး သားသမီး | ကြာသပတေး သားသမီး |
| ကရကဋ်ရာသီ ဇွန်၂၁မှဇူ ၂၀ | ၇ | နက် | အနောက် | သောကြာ | ဖန် | နီလာ | ဗုဒ္ဓဟူး သားသမီး | သောကြာ သားသမီး |
| သိဟ်ရာသီ ဇူ၂၂မှဩ ၂၀ | ၀ | နက် | အနောက် | သောကြာ | ဖန် | နီလာ | ဗုဒ္ဓဟူး သားသမီး | သောကြာ သားသမီး |
| ကန်ရာသီ ဩ၂၂မှစက် ၂၀ | ၅ | ဝါ | အရှေ့မြောက် | ဗုဒ္ဓဟူး | ချိုဆိမ့် | ဥဿဖရား | တနင်္ဂနွေ သားသမီး | တနင်္လာ သားသမီး |
| တူရာသီ စက်၂၂မှအောက်၂၂ | ၃ | ပန်း | တောင် | တနင်္လာ | ခါး | သန္တာ | သောကြာ သားသမီး | တနင်္ဂနွေ သားသမီး |
| ဗြိစ္ဆာရာသီ အောက်၂၃မှနို ၂၀ | ၆ | ပြာ | အရှေ့တောင် | စနေ | ချဉ် | စိန် | အင်္ဂါ သားသမီး | စနေ သားသမီး |
| ဓနုရာသီ နို၂၂မှဒီ ၂၀ | ၈ | မြောက်ကျား | အနောက်တောင် | ကြာသပတေး | ပုပ်သိုး | ဂေါမိတ် | စနေ သားသမီး | ဗုဒ္ဓဟူး သားသမီး |
| မကာရရာသီ ဒီ၂၀မှဇန် ၁၉ | ၂ | ဖြူ | အနောက်မြောက် | အင်္ဂါ | ငန် | ပုလဲ | ဗုဒ္ဓဟူး သားသမီး | ကြာသပတေး သားသမီး |
| ကုံရာသီ ဇန်၂၀မှဖေ ၁၈ | ၁ | နီ | အရှေ့ | ဗုဒ္ဓဟူး | စပ် | ပတ္တမြား | ကြာသပတေး သားသမီး | အင်္ဂါ သားသမီး |
| မိန်ရာသီ ဖေ ၁၉ မှမတ် ၂၀ | ၄ | စိမ်း | မြောက် | တနင်္ဂနွေ | ရောနှော | မြ | တနင်္လာ သားသမီး | ဗုဒ္ဓဟူး သားသမီး |

**ဥပမာ။ ။ မိဿရာသီဖွား (မတ်လ –၂၁ ရက်မှ ဧပြီ–၂၀ရက် အတွင်း**

**စပ်တူထိုးလိုလျှင်** အင်္ဂါသားသမီး နှင့် ကံစပ်ပါ။ စနေသားသမီးနှင့် စပ်တူ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်နှင့်

# သာစရကန် ဝေတီတော်

ကိုကိုအောင်
(ကျောက်တန်း)



◆ ဘောဒိပင်၏ အရှေ့ဘက်ရှိ ရုပ်ပွားတော်

မွေးချင်းရှစ်ယောက် ရှိသည့်အနက် ကျွန်တော်က အထွေးဆုံးလေ။ ဒါကြောင့် မိဘနှစ်ပါးကရော အစ်ကို၊ အစ်မတွေကပါ အထူးချစ်ခင်ကြသည်။ တစ်အိမ်လုံးရှိ မိသားစုကို ဗိုလ်ကျသောကြောင့် ကျွန်တော့်နာမည်ကိုပင် ''ဘိုဘို''ဟု ခေါ်သည်။

သို့သော် ကံတရားက ကျွန်တော့်အပေါ် လုံးဝ ညှာတာခြင်း မရှိပါ။ အကြောင်းမှာ မိဘများအနေနှင့် ကျွန်တော့်ကို မွေးပြီးကတည်းက စီးပွားဘိုးတက်လာသည် မှန်သော်လည်း ကျွန်တော့်ခန္ဓာကိုယ်က ကိုယ့်ဆယ့်ခြောက်ပါး ဝေဒနာများကို လက်ခံသိုမှီးရာ ဂိုဒေါင်ကြီးတစ်ခုအလား ချူနာပါတေး ဖြစ်လွန်းလှသောကြောင့် ဖြစ်သည်။

တစ်ခါတစ်ခါ မျက်ရည်ဝဲလျက် မေမေက မချိတင်ကဲ ပြောရှာသည်။

'သားလေးရယ်... ငါ့သားလေး ခံစားနေရတဲ့ ဝေဒနာတွေ ပျောက်သွားမယ်ဆိုရင် မေမေတို့မှာရှိတဲ့ စည်းစိမ်ဥစ္စာတွေ ကုန်ချင်သလောက် ကုန်ပါစေ မနှမြောပါဘူးကွယ်'

မမကြီးကလည်း ပြောသည်။

'မောင်လေး ဘိုဘိုရယ်... ငါ့မောင်လေးရဲ့ ရောဂါကို ပျောက်ကင်းအောင် ကုသနိုင်တဲ့ ဆရာရှိရင် မမကြီး အသက်လုံး ကျွန်ခံရင် ခံရပါစေ အဲဒီဆရာရဲ့ ကျေးဇူးကို ရာသက်ပန် ဆပ်မှာပါ'

ဒီလို စကားမျိုးကို ကြားရသည့် အခါတိုင်း ကျွန်တော်ကိုယ်တိုင် မျက်ရည်ကျမိသလို အိမ်သားအားလုံးလည်း ထပ်တူထပ်မျှ မျက်ရည်ကျကြရပါသည်။

ချူနာပါတေးနိုင်လှသော ကျွန်တော့် အသက်တစ်ဆယ့်ရှစ်နှစ် အရောက်မှာ ထူးထူးခြားခြားတစ်ခု ထပ်မံ ဖြစ်ပွားပြန်သည်မှာ လုံးဝ အစာစားချင်စိတ် မရှိခြင်းပင်တည်း။ အစာကို မြင်သည်နှင့် ပျို့တက်လာသည်။ အန်ချင်စိတ်

www.burmeseclassic.com

ပေါက်လာသည်။ အခြား ညီအစ်ကို မောင်နှမတွေ ထမင်းစားသည်ကိုပင် မကြည့်ချင် မမြင်ချင်။

ဤသို့ဖြင့်ပင် အစာမစားဘဲ အသက်ရှင်သန်နေသည်မှာ တစ်လ ကျော်၍ နှစ်လအတွင်းသို့ ချင်းနင်း ဝင်ရောက်ခဲ့ပြီဟု ဆိုရချေမည်။

နေ့စဉ်လိုလို တွေတွေငေးငေးနှင့် စိတ်ကယောက်ကယက် ဖြစ်ကာ အိပ်ရာထဲမှာသာ အချိန်ကုန်ခဲ့ရသည်။ ထိုမှ နေ့ကလေးတစ်နေ့တွင် ဖြစ်သည်။ ဖေဖေနှင့် မေမေက မိသားစု ဆရာဝန်ကိုခေါ်ရန် ကားနှင့် ထွက်သွားခိုက် ကျွန်တော် မှေးခနဲ အိပ်ပျော်သွားသည်။

'လူကလေး… လူကလေး… မင်း လမ်းလျှောက်ရမယ်။ လမ်းမှာ မင်းကို ကူညီမယ့်သူ တွေ့လိမ့်မယ်'

အိပ်ပျော်နေခိုက် ကျွန်တော့်နားထဲတွင် အဘိုးအိုတစ်ဦး၏ လေသံကို အတိုင်းသား ကြားလိုက်ရပြီးနောက် ချက်ချင်းလိုလို ဖျတ်ခနဲ လန့်နိုးလာရသည်။

ကျွန်တော်တို့အိမ်တွင် အဘိုးအိုဆို၍ တစ်ဦးတစ်လေမျှ မရှိပါ။ ပြီး… ရုတ်တရက် အားရှိန်တစ်ခုက ကျွန်တော့်ရင်ထဲ တိုးဝှေ့ဝင်ရောက်လာသကဲ့သို့ ခံစားလိုက်ရပြီးနောက် လမ်းလျှောက်ချင်စိတ် ဖြစ်ပေါ်လာသဖြင့် အိပ်ရာပေါ်မှ ဝေါက်ခနဲ ထလိုက်သည်။

'အလို…အလို… မမကြီးရေ ဒီမှာ ညီလေးဘိုဘို အိပ်ရာပေါ်က ထပြီး လမ်းလျှောက်မလို့ လုပ်နေတယ်'

'ဟင်…ဟုတ်လား၊ ကိုလတ် ဒီ… ဒီလိုဆို မောင်လေး နေကောင်းပြီပေါ့နော်၊ ဝမ်းသာလိုက်တာဟယ်'

အစ်ကိုလတ်နှင့် မမကြီးတို့က ကျွန်တော့်အနီးသို့ အပြေးရောက်လာကာ ဝမ်းပန်းတသာ ပြောကြသည်။ ကျွန်တော်က…

'မမကြီးနဲ့ ကိုလတ် ကျွန်တော် လယ်ကွင်းတွေဘက် လမ်းလျှောက်ချင်တယ်ဗျာ'

မမကြီးက မျက်လုံးပြူးလျက်…

'ဖြစ်ပါ့မလား မောင်လေးရယ်… မူးဝေပြီး လမ်းမှာ လဲကျမှဖြင့် ခက်နေပါ့မယ်'

'စိတ်ချပါ ဘာမှ မဖြစ်ပါဘူး'

ပြောပြောဆိုဆို ကျွန်တော်က ဖွတ်ထွက်လာခဲ့သည်။ ကျွန်တော်က လမ်းမကြီးမှတစ်ဆင့် လယ်ကွင်းစိမ်းစိမ်းတွေကို ကြည့်လျက် တရွေ့ရွေ့လျှောက်လာခဲ့ရာ အိမ်နှင့် တော်တော်ဝေးသည့် နေရာထိ ရောက်လာခဲ့သည်။

ထိုအခိုက် ကျွန်တော်နှင့် မျက်နှာချင်းဆိုင်မှ လျှောက်လာသော ဖိုးသူတော်ကြီးတစ်ဦးကို တွေ့လိုက်ရပြီးလျှင် ကျွန်တော်နှင့် နီးလာသည့်အခါ ဖိုးသူတော်ကြီးက တစ်ယောက်တည်းပြော သကဲ့သို့ ရေရွတ်လျက်ရှိသည်။



◆ ထူးခြားမှုရှိလှ ဝတ်ပြုခဲ့သော တနင်္လာဘုရား

'အန္တရာယ်ကင်းချင်ရင် စက်ကြီးတစ်ဆယ့်သုံးပါးဂါထာကိုရွတ်၊ ရောဂါပျောက်ကင်းချင်ရင် သာမုကန်စေတီတော်ကို သုံးကြိမ်တိုင်သွားဖူး ဒါပဲ…ဒါပဲ'

'အလို…အလို…'

ဖိုးသူတော်ကြီး ရေရွတ်သံမှာ ကျွန်တော့်ကိုပင် ရည်ညွှန်းခြင်းဖြစ်မည်ဟု ကျွန်တော့်ရင်ထဲမှ အလိုလိုမှတ်ယူလိုက်မိသည်မှာ အထူးပင် အံ့သြစရာ ဖြစ်နေပေတော့၏။ ဖိုးသူတော်ကြီး၏အသံမှာ ကျွန်တော့်နားထဲမှာသာမကပါ ရင်ထဲအထိ စွဲနေသည်ဟု ဆိုရပေမည်။

အိမ်ရောက်သည်နှင့် အထူးအံ့သြနေကြသော ဆရာဝန်နှင့် မိဘ ညီအစ်ကို မောင်နှမများအား **စက်ကြီးတစ်ဆယ့်သုံးပါးဂါထာကို** ရအောင်ရှာပေးရန် ပြောရာ မေမေက…

'အမယ်လေး သားရယ်…ဘုရားစင်ပေါ်က ဘုရားရှိခိုးစာအုပ်မှာ အဆင်သင့်ရှိပါတယ်'

စာအုပ်ရသောအခါ ကျွန်တော်က စက်ကြီးတစ်ဆယ့်သုံးပါး ဂါထာကို





www.burmeseclassic.com

www.burmeseclassic.com

မနားမနေ ရွတ်ဖတ်တော့သည်။ အိပ်ရာဝင်သည်အထိ ရွတ်သည်။ ထိုအခါ ခံစားနေရသော ရောဂါများ လွင့်စဉ်သွားသကဲ့သို့ အေးမြချမ်းသာသည့် စိတ်အစဉ် ဖြစ်တည်လာခဲ့သည်။

နံနက်မိုးလင်းသည်နှင့် မိဘနှစ်ပါးအား ကျွန်တော်၏ ထူးခြားဖြစ်စဉ်ကို ပြောပြရာ ဖေဖေက...

'အို...ဒီလိုကိုး၊ သားလေးအဖြစ်က ပြောမယုံနိုင်ပါပဲ။ ကဲ...ကဲ...လှူဖွယ်ဝတ္ထုတွေ ဝယ်ကြကွယ်၊ ဖိုးသူတော်ကြီးပြောတဲ့ စကားအတိုင်း ရွှေပြည်သာမြို့နယ်မှာရှိတဲ့ သာဓုကန်စေတီတော်ကို သွားကြမယ်၊ အပြန်ကျရင် ဖေဖေ့မိတ်ဆွေစာရေးဆရာ မောင်မောင်အုန်းတို့အိမ် ဝင်လည်ကြတာပေါ့'

သို့နှင့် မိသားစုအားလုံး ပျော်တပြုံးပြုံးဖြစ်လျက် ကားတစ်စီးနှင့် သာဓုကန်စေတီဘက် ထွက်လာခဲ့ကြသည်။ စေတီရင်ပြင် ရောက်သည်နှင့် ဘုန်ဆောင်းတစ်ခုအတွင်းသို့ ဝင်ကာ ဒူးထောက်ဆုတောင်းသည်။

'အရှင်ဘုရား... ယနေ့ ယခုအချိန်မှစ၍ တပည့်တော်၌ စွဲကပ်လျက်ရှိသော ရောဂါဝေဒနာဆိုးများအားလုံး ပိန်းကြာရွက်ပေါ် ရေမတင်သကဲ့သို့ လျှောကျပျောက်ကင်းပါစေသား'

ကျွန်တော့်ဆုတောင်းမှု အဆုံးတွင် ...သို့ဖြစ်သည်မသိအောင်ပင် လေ...များ တဟူးဟူး တိုက်ခတ်လာသည်။ ...နောက် လေထဲမှ အသံတစ်သံကို ကျွန်တော့်နားထဲမှ ခပ်သဲ့သဲ့ ကြားနေ...သည်ဟု ထင်သည်။

'အောင်ပြီ...အောင်ပြီ...အောင်ပြီ'

ကျွန်တော့်ရင်ထဲမှာ အထူးပေါ့ပါး...သည်။ ကျွန်တော်က ကြည်လင်...လျက်ရှိသည့် သာဓုကန်ကြီးကို ကြည်ကြည်နူးနူး ကြည့်နေမိသည်။ အမှန်စင်စစ် သမိုင်းဝင် သာဓုကန်စေတီတော်ကြီးသည် ကျွန်တော်၏ ကျေးဇူးရှင်အစစ်အမှန် မဟုတ်ပါလား။

စာရေးဆရာ ဦးမောင်မောင်အုန်း အိမ် ရောက်သောအခါ ဖေဖေက ကျွန်တော့် အဖြစ်အပျက်ကို ပြောပြရာ ဦးမောင်မောင်အုန်းက...

'ကျုပ်လဲ ထူးဆန်းတဲ့ အဖြစ်အပျက်တွေကို ဝတ္ထုသဖွယ် တန်ဆာဆင်ပြီး ရေးနေတဲ့ စာရေးဆရာတစ်ယောက်ပါကိုမင်းအောင်ရာ၊ ခင်ဗျားသားလေး ဘိုဘို့ရဲ့ အဖြစ်လောက် ဆန်းတာတော့ ကြားကို မကြားဘူးတာ အမှန်ပဲ'

ဟု မှတ်ချက်ချသည်။

ဖေဖေက ခေါင်းညိတ်လျက် ပြန်ပြောသည်။

'ဟုတ်ပါ့ဗျာ၊ ဆေးဆန်းပေါင်း အတော်များများရောက်၊ ဆရာဝန်အမျိုးမျိုးနဲ့ ကုတဲ့အပြင် ဆေးပေါင်းလဲ စုံလှပြီ၊ မထူးဘဲ လက်လျှော့ရတော့မယ့် အနေအထားမျိုးမှာ အခုလို ထူးထူးခြားခြား သက်သာကျန်းမာလာတယ်ဆိုတော့ ကျွန်တော်နဲ့တကွ မိသားစုအားလုံး မယုံနိုင်အောင် အံ့သြရသလို သားလေးအတွက် အထူးဝမ်းသာမိကြတာ အမှန်ပါပဲ'

သာဓုကန်စေတီတော်ကို သုံးကြိမ်ဖူးပြီး၍ အိမ်ပြန်အရောက်တွင် ထူးခြားမှုတစ်ခု ထပ်မံ ဖြစ်ပွားပြန်တော့သည်။ အိမ်ရောက်သည်နှင့် ကျွန်တော် ရုတ်တရက် သတိလစ်သွားခြင်းဖြစ်သည်။ သတိလစ်သည် ဆိုသော်လည်း ကျွန်တော့်နားထဲမှာ အသံတစ်သံကို သဲသဲကွဲကွဲ ကြားနေရသည်ထင်သည်။

'လူကလေး... မင်းမသေနဲ့ဦး သေလို့မဖြစ်သေးဘူး သာသနာပြုဖို့ ကျန်သေးတယ်၊ မိဘတွေကို လုပ်ကျွေးရဦးမယ်'

ကျွန်တော် ဖျတ်ခနဲ သတိရလာသည်။ သတိရလာသောအခါ ကျွန်တော် သိပ်မောနေသောကြောင့် မျက်စိများ မှိတ်ထားလိုက်သည်။

ထိုစဉ် ကျွန်တော့်ရင်ထဲ၌ အပြင်းအထန် ပူလောင်မှု ဖြစ်လာလျက် အဖြူရောင် အလင်းတန်းကြီးတစ်ခု တိုးထွက်လာကာ "**ငါ...ငါ...မင်းကို ဒုက္ခမပေးတော့ပါဘူး။ အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်**"ဟူသော အသံကြီးကို နားထဲမှ ကြားလိုက်ရလျက် ထိုအဖြူရောင် အလင်းတန်းကြီးက အိမ်ခေါင်မိုးကို ဖောက်ထွက် ပျောက်ကွယ်သွားတော့သည်။

ပြီးလျှင် ခွန်အားများ အလိုလို ပြည့်ဖြိုးလာကာ လူကောင်းတစ်ယောက်အလား ဘာမှ မဖြစ်သကဲ့သို့ ရှိနေရသည်။

ထိုနေ့မှစ၍ ကျွန်တော် ကျန်းမာပကတိရှိကာ မည်သည့်ရောဂါမျှ ကပ်ငြိခြင်း မရှိတော့ပေ။ ယခုတော့ မိသားစုအပေါ် ကျွန်တော် ဗိုလ်မကျတော့ပါ။ မိနှစ်ပါးကိုလည်း ရိုရိုသေသေ ဆက်ဆံပါသည်။ ဘာသာရေးကို အထူးအလေးပေး လိုက်စားသည်။ အားလပ်သည့်အခါတိုင်း ရွှေပြည်သာမြို့နယ်ရှိ သမိုင်းဝင် သာဓုကန်စေတီတွင် ပုတီးသွားစိပ်လေ့ ရှိသည်။

တစ်ခါတစ်ခါ ကျွန်တော် စဉ်းစားမိသည်။ ကျွန်တော့် ထူးခြားဖြစ်စဉ်တွေက မယုံနိုင်ဖွယ်ဖြစ်ရာ ကျွန်တော်နှင့် သာဓုကန်စေတီတော်သည် ဘဝဟောင်းမှ ပဋ္ဌာန်းဆက်ပေလော ဟူ၍...။

**ကိုကိုအောင်(ကျောက်တန်း)**



www.burmeseclassic.com

www.burmeseclassic.com



ဥက္ကာဦး

# အောက်လမ်းပညာရှင်များရှိတ

ကိုယ်တွေ့ ကြုံရပါသည်

ကိုယ်ပြုသည့်ကံ ပဲ့တင်သံ

ကိုယ့်ထံပြန်လာ

စာရေးသူတို့ မေမေက ဆုံးမဖူးတယ်။

'သမီး သူများကို မနာလိုမရှိနဲ့၊ သူများအကြောင်း မကောင်းမပြောနဲ့၊ ကိုယ့်ကို တိုက်ခိုက်လာရင်လဲ သည်းခံရမယ်'

လို့ ပြောဆိုဆုံးမရာ စာရေးသူက ငယ်သေးတော့ မိခင်ပြောတဲ့ သည်းခံခြင်းတရားကို နားထဲ လုံးဝ မဝင်ပါ။

ကိုယ့်အပေါ် အညွန့်စကားပြောရင် ကိုယ်က ဆယ်ခွန်းလောက် ပြန်ပြောချင်တာ ပါးစပ်ကို ယားနေတာပဲ။

သို့ပါသော်လဲ မိခင်ရဲ့ သွန်သင်မှုကြောင့် ပြန်လည်ပြောဆိုခြင်း မပြုဘဲ သည်းခံလာရတာတွေ များလာပါတော့တယ်။

သည်းခံရတာကို ကိုယ်က ရှုံးတယ်ထင်ရပေမယ့် ကိုယ်က အနိုင်ရတာပါ။ ကိုယ့်အပေါ် မနာလိုသူတွေကသာ ပူလောင်မှန်းမသိ ပူလောင်နေကြ[illegible] တယ်။ ကိုယ်က ဘာမှမဖြစ်သ[illegible] အေးချမ်းနေပါတော့တယ်။

အသက်အရွယ် ကြီးလာတာ[illegible] မိခင်ရဲ့ ဆုံးမစကားတွေဟာ [illegible] တွေပါပဲ။ မိဘရဲ့ သွန်[illegible]မှုကြော[illegible]



www.burmeseclassic.com

www.burmeseclassic.com

တရားဓမ္မလိုက်နာကျင့်သုံးမှု၊ ဘုရား၊ တရား၊ သံဃာ ကိုးကွယ်မှုမှအစ တရားဘာဝနာပွားများမှုကိုပါ သွန်သင်ညွှန်ကြားပြသပေးတာမို့ မိရိုးဖလာ ဗုဒ္ဓဘာသာမဟုတ်တော့ဘဲ မြတ်ဗုဒ္ဓရဲ့ တရားစစ်များ နာယူခြင်း၊ တရားများအားထုတ်ခြင်းဖြင့် အေးချမ်းသော ဘဝများရရှိကာ ကောင်းမှုဆောင်ပြီး မကောင်းမှု အကုသိုလ်များကို ပယ်သတ်နိုင်ပါတော့တယ်။

အသက်အရွယ်ကလဲ (၇၀)အတွင်းမို့ ဘဝပေါင်းစုံကို သိမြင်ဖြတ်ကျော်လွှားကာ ဘဝရဲ့ အေးချမ်းသာယာမှု တရားရခြင်း၊ တရားဘာဝနာ အားထုတ်ခြင်းဖြင့် အချိန်တွေ ကုန်လွန်ခဲ့ပါတော့တယ်။

ကိုယ့်မိသားစုများနဲ့ နွေးထွေးစွာ အေးအေးချမ်းချမ်းဘဝလေးနဲ့ ပျော်မွေ့နေပါတော့တယ်။ သို့ပါသော်လဲ ကိုယ့်မိသားစု ဘဝအပူအပင် မရှိသော်ငြားလဲ ဆွေမျိုးမိတ်ဆွေများရဲ့ အပူများရှိလာရင် အပူကူးစမြဲပါ။

## မမျှော်လင့်သော နေ့တစ်နေ့

စာရေးသူ ညနေအချိန်ပိုင်း တရားအားထုတ်နေစဉ် ညီမက မွေးသော တူမ မနိုင် အရေးကြီးသုတ်ပျာနဲ့ ငိုယိုကာ…

'သမီးကို ကယ်ပါဦး'

လို့ ပြောပါတယ်။

စာရေးသူက…

'ဟဲ့… တူမလေး ဘာတွေဖြစ်နေတာလဲ'

လို့ ထိတ်ထိတ်ပျာပျာဖြစ်ပြီး မနိုင်ကို မေးရာ…

'အန်တီရယ်… သမီး အထည်ဆိုင်ကို ကောင်းရောင်းကောင်းဝယ် ရှာဖွေစားသောက်တာ အန်တီ သိပါတယ်။



သမီးရဲ့ကလေးတွေ ပညာရေးအတွက် ကြိုးစားရှာဖွေနေတာ အန်တီ သိပါတယ်။

သမီးက အပြောချိုပြီး ရောင်းအားကောင်းနေတော့ ဆိုင်ဘေးနားရှိတဲ့ သူက သမီးကို မနာလိုဘူး။ ဈေးရောင်းကောင်းနေရင် စောင်းချိတ်ပြောတယ်။ သမီးဖောက်သည်တွေကိုလဲ သူ့ဘက်ဝယ်အောင် ဆွယ်ပြီး ဖွတ်ခေါ် ဖွတ်ရောင်းတယ်။

ဒါတင်မကဘူး သမီးရဲ့ဆိုင်ထဲကို မဖွယ်ရာ အင်းတွေ ဆိုင်ထဲပစ်ထားတယ်။ ဘယ်အချိန် ပစ်ထားမှန်းမသိဘူး။ ဆိုင်ရှေ့မှာလဲ မြေတွေ ပွနေတာနဲ့ ရှာကြည့်လိုက်တော့ အင်းမြှုပ်ထားတာတွေ့ရတယ်။

သမီး ဘာလုပ်ရမလဲဟင်၊ အင်းတွေ့ကတည်းက ဈေးရောင်းမကောင်းတော့ဘူး။ စိတ်ညစ်လိုက်တာ အရမ်းပဲ အန်တီကို ရင်ဖွင့်တာပါ'

လို့ပြောပါတယ်။ ဒါပြင့်…

'သမီးကို အောက်လမ်းနဲ့ လုပ်ထားတာလားဟင် ဟုတ်လား အန်တီ'

'သမီးရယ်… ဥပါဒါန်မစွဲပါနဲ့ ကိုယ့်မှာ အားကိုးစရာ ဘုရား၊တရား၊သံဃာ ရှိနေတာပဲ။ ဘုရား၊တရား အလုပ်ကိုသာ လုပ်ပါ။ မေတ္တာများများပို့ပေးပါ။ အယူမသီးပါနဲ့။ အောက်လမ်းခေတ်တွေ ကုန်နေပြီမို့ အောက်လမ်းလုပ်တဲ့သူ ရှိမှာမဟုတ်တော့ပါဘူး။ သမီးမငိုပါနဲ့။ တွေ့တဲ့ အင်းကိုလဲ အေးချမ်းပါစေလို့ ဆုတောင်းပြီး ရေထဲ လွှင့်ပစ်ပါ။

ဆိုင်ကိုလဲ ပရိတ်ရေပက်ဖျန်းပြီး ပဋ္ဌာန်းဒေသနာတော်ကြီး ရွတ်ဖတ်ပါ။ ကိုယ့်မှာ ဘုရား၊တရား ရှိတာမို့ စိတ်အေးအေးထားပါ။ တစ်ဖက်လူကို မုန်းစိတ် လုံးဝမထားပါနဲ့'

လို့ ဆုံးမသွန်သင်လိုက်ပါတယ်။

တူမလေး အဆင်ပြေတယ် ထင်ပါရဲ့။ အဒေါ်ထံ မလာတော့ပါ။ စာရေးသူလဲ နေ့စဉ်နေ့တိုင်း ဘုရားရှိခိုး၊ တရားအားထုတ်၊ သတ္တဝါများ မေတ္တာပို့ရင်း အချိန်တွေ ကုန်လွန်လို့ လာပါတော့တယ်။

## ထူးခြားသောနေ့

တူမ မနိုင် မထင်မှတ်ဘဲ ရောက်လာပါတယ်။

'သမီး အဆင်ပြေရဲ့လား'

လို့မေးရာ ပြုံးတစ်လှည့်၊ မဲတစ်လှည့် မျက်နှာလေးဖြင့်…

'အန်တီရေ မပြေတပြေပါပဲ။ ပရိတ်ရေ ဖျန်းတဲ့နေ့ဆို ဈေးရောင်းကောင်းပြီး ပရိတ်ရေဖျန်းဖို့ မေ့သွားတဲ့နေ့ဆိုရင် လုံးဝ ဈေးရောင်းမကောင်းပါဘူး။ သမီးစိတ်ထဲမှာလဲ လေးနေသလိုပဲ ပြောမပြတတ်ဘူး။

သမီးဆိုင်ကို ဆရာကြီးဦးညိုဆိုတဲ့ လူကြီးတစ်ယောက်လာတယ်။ **"နင်တို့အဆင်မပြေဘူးမို့လား၊ နင်နဲ့ ပဋ္ဌာန်းဆက်ပါတဲ့ ငါ့ရဲ့ အထက်ဆရာကြီးက ငါ့မြေးထံသွားစမ်း။ ငါ့မြေးဒုက္ခ ရောက်တော့မယ် မင်းသွားကယ်ပါ ပြောလို့ လာရခြင်းဖြစ်တယ်"** လို့ ပြောပြပါတယ်။

အဲဒီမှာ သမီးလဲ အဲဒီဆရာကြီးကို မသိတာမို့ ဒါကြောင့် ဆရာကြီးကို



www.burmeseclassic.com

www.burmeseclassic.com

ဘာမှ မပြောခဲ့ဘဲ အနှိတီထံ ပြေးလာတာပါ။ သမီး ဘာလုပ်ရမလဲဟင်၊ ဆရာကြီး ဦးညိုက ဘုန်းကြီးကျောင်းမှာ တည်းခိုကြောင်း သမီးကို ပြောပါတယ်'

``'ဒီလိုဆိုရင် ဆရာကြီးကို ပင့်ခဲ့ပါ။ ခုခေတ်က ညာစားတဲ့သူတွေ ပေါတာမို့ ယုံကြည်လို့ ရတာမဟုတ်ဘူး'

လို့ မနိုင်ကို ပြောလိုက်ရာ တူမက...

'ဟုတ်ကဲ့ပါ၊ ဆရာကြီးကို အနှိတီထံ ခေါ်လာပါမယ်'

လို့ ပြောပါတယ်။

စာရေးသူက ဘာသာတရားလိုက်စားသူမို့ အောက်လမ်းတွေကို မယုံကြည်ချင်ပါ။ ဒါပေမယ့် ဘာတွေများ ဖြစ်လာမှာလဲလို့ စိတ်ထဲက ထင့်နေမိပါတယ်။

## ဆရာကြီး ရောက်လာသောနေ့

တူမလေးက ဆရာကြီးကို ပင့်လာပြီး စာရေးသူထံ ရောက်လာပါတယ်။ စာရေးသူက အကဲခတ်ကြည့်ရာ ဥပဓိရုပ်ကောင်းခြင်း၊ အသံသြဇာပြည့်စုံခြင်း၊ ညာစားမယ့်ရုပ် မပေါက်တာကို အကဲခတ်မိပါတယ်။

ဆရာကြီးဦးညိုက စာရေးသူ ဘုရားခန်းမှာ ဘုရားကန်တော့ပြီး စာရေးသူကို ဦးညိုက တူမရဲ့ အိမ်မှာ အောက်လမ်းနည်းနဲ့ လုပ်ထားတဲ့ အင်းတွေရှိကြောင်း၊ အတတ်မျိုးစုံလုပ်ထားကြောင်း ပြောပြပါတယ်။

ကျုပ်ရဲ့ဆရာက တူမလေးနဲ့ အရင်ဘဝက ပဋ္ဌာန်းဆက်ပါလို့ ငါ့မြေးကို မင်း သွားကယ်ရမယ်လို့ အမိန့်ချလို့ လာရခြင်းဖြစ်ကြောင်း ပြောပြပါတယ်။ ဆရာကြီးဦးညိုမှာ မုံရွာနယ်ဘက်က လို့ ပြောပါတယ်။

'ကဲ...ဒါဖြင့် ယခုပင် တူမလေးအိမ်



သွားရအောင်'

လို့ပြောပြီး စာရေးသူ၊ တူမ၊ ဆရာကြီးဦးညိုတို့ တူမလေးအိမ်သို့ သွားကြပါတယ်။

စာရေးသူက ဆရာကြီးကို ဘာတွေများ အောက်လမ်းနဲ့ လုပ်ထားတာလဲ လို့မေးရာ...

'အစုံလုပ်တာမို့ တူးဖော်ရပါမယ်။ကျုပ်နိုင်အာရုံရပါတယ်၊ တူးခွင့်ပြုပါ'

လို့ ပြောပြီး တူမရဲ့ အိမ်ရှေ့ တမာပင်ခြေရင်းမှာ စတင် တူးဖော်ပါတော့တယ်။

စတင်တူးဖော်စဉ် ဆရာကြီးက စည်းဝိုင်း ဝိုင်းပါတယ်။ စည်းဝိုင်းအတွင်း မည်သူမျှ မဝင်ရပါ။ မြှုပ်ထားသော ပစ္စည်းများ တူးဖော်စဉ် ခွေးများ အူလာကာ စည်းဝိုင်းနားအထိ ခွေးတွေ ရောက်လာလို့ ဆရာကြီး ဆေးနဲ့ ပေါက်လိုက်မှ ခွေးတွေက အဝေးပြေးသွားကြပါတော့တယ်။

တူမရဲ့သားသမီးတွေလဲ နေမကောင်းကြပါ။ စာရေးသူလဲ မယုံတစ်ဝက်၊ ယုံတစ်ဝက်ဖြင့် တူးတဲ့နေရာကို ကြည့်ရှုရာတွင် အား...လား...လား... ပြောမယုံ ကြုံဖူးမှ သိဆိုသလို **သစ်သားခေါင်းထဲတွင် တူမရဲ့ ရုပ်ပုံအတိုင်း သစ်သားရုပ်ထုပြီး သစ်သားခေါင်းထဲမှာ လူသေလို လဲလျောင်းနေပါတယ်။ အဲဒီရုပ်တုကို မျက်စိနှစ်ဖက်မှာ ပင်းအပ်နှစ်ချောင်း၊ ရင်အုံမှာ ပင်းအပ်နှစ်ချောင်း၊ ဝမ်းဗိုက်မှာ ပင်းအပ်တစ်ချောင်း၊ မတော်တဲ့နေရာမှာ ပင်းအပ်တစ်ချောင်း၊ ဒူးနှစ်ဖက်မှာ ပင်းအပ်နှစ်ချောင်း စိုက်ထားတဲ့ အခေါင်းထဲမှ တူမပုံ ရုပ်တု တွေ့ရှိလိုက်ရတော့** အံ့သြမှု အခါခါ ဖြစ်လွန်းလို့စကားပင် ပြောနိုင်အား မရှိတော့ပါ။

ဒါ့အပြင် မှိုင်းချထားသော စက္ကူပေါ်မှာလဲ အင်းချထားပြီး ပိတ်စတစ်စပေါ်မှာ...

'မနိုင် နစ်ထွက်သွား၊ အရှက်တကွဲဖြစ်စေ မနိုင်နဲ့ သားသမီးများအားလုံး သေစေ၊ အိမ်လက်အောက်ငယ်သားများ နင်နဲ့အတူ သေစေ၊ လာဘ်များပိတ်ပြီး လုံးဝ အထည်ရောင်းမကောင်းစေရ၊ ဆင်းရဲ မွဲပြာကျပါစေ လောင်မီးကျပါစေ၊ အပေါင်းအသင်း မိတ်ဆွေများလဲ အားလုံးသေစေ၊ မနိုင်တို့နဲ့ ဆက်နွယ်သူများအားလုံး အသေဆိုးနဲ့ သေစေ၊ ငါမှော်ဆရာ၏ အမိန့်တော် မည်သည့်ဆရာမှ တူးဖော်နိုင်ခြင်း မပြုနိုင်စေသတည်း'

လို့ ပိတ်စပေါ်တွင် ရေးသားပြီး ဆွဲကြိုးချဆံပင်၊ အစိမ်းသေသွေး သင်္ချိုင်းမြေ၊ လမ်းလေးခွက မြေများကို ပိတ်စထဲတွင် ထည့်ထားတာ တွေ့လိုက်ရပါတယ်။


ဒီတော့မှ "**ဩော်...အောက်လမ်းဆိုတာ တကယ်ရှိပါလား**"လို့ အံ့သြခြင်းအခါခါ ဖြစ်မိပါတော့တယ်။

တွေ့ရှိသော ပစ္စည်းများကို ဓာတ်ပုံရိုက်ထားပြီး အားလုံးကို မီးရှို့လိုက်တယ်။ မီးရှို့စဉ် ခွေးတွေအူပြီး ငြိမ်လာလို့ ဆရာကြီးမှ ဆေးတစ်ချီပေါက်ပေး



www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်။

ဆရာကြီးက မကောင်းကြံတဲ့သူကို သိချင်သလားလို့မေးရာ စာရေးသူက…

'ဆရာကြီး မသိချင်တော့ပါဘူး။ မြှုသူအသယ်၊ ဖြစ်သူအဟောင်းမို့ ဘဝက ဝဋ်ကြွေးရှိလို့သာ အောက်လမ်းအလုပ်ခံရတာပါ။ ဝဋ်ကြွေးရှိရင် ဒီဘဝနဲ့ပဲ ဝဋ်ကြွေးကျေပါစေ။ တူမလေးတို့ မိသားစု ဘေးရန်ကင်းအောင်သာ ဆောင်ရွက်ပေးပါ'

လို့ပြောပြီး ဆရာကြီးကို ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်ပါတယ်။

ဆရာကြီးဦးညိုက တူမလေးကို အမြဲ ရွတ်ရမယ့် ဂါထာ သင်ကြားပေးပါတယ်။ အဲဒီဂါထာမှာ…

<u>သက်တော်မြဲဂါထာ</u>

အဇ္ဇာနမေတံ ဘိက္ခဝေ အနဝကာသော၊ ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ။

အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။

ဧတေန သစ္စဝဇ္ဇေန သောတ္ထိ မေ ဟောတု သဗ္ဗဒါ။ ***(မိမိအတွက်)***

ဧတေန သစ္စဝဇ္ဇေန သောတ္ထိ တေ ဟောတု သဗ္ဗဒါ။ ***(အများအတွက်)***

အဲဒီ ဂါထာကို နေ့စဉ် သက်စေ့ရွတ်ပါ။ မြတ်စွာဘုရား ဂိဇ္ဈကုဋ်တောင်မှာ စင်္ကြံလျှောက်နေစဉ် ဒေဝဒတ်က ကျောက်တုံးကြီးဖြင့် မြတ်ဗုဒ္ဓ၏ ဦးခေါင်းတော်တည့်တည့်သို့ တွန်းချလိုက်ရာ မြတ်စွာဘုရား ဘုန်းကံတော်ကြောင့် အခြားကျောက်တုံးကြီးတစ်ခုက ဆီးခံရာ တွန်းချလိုက်သော ကျောက်တုံးကြီးပဲ့ကျကာ မြတ်စွာဘုရားရဲ့ ခြေမတော်ထိသွားပြီး သွေးစိမ်းတည်သွားခဲ့ပါတယ်။

အသက်ဘေးမှ လွတ်မြောက်သွားပါတော့တယ်။ မြတ်ဗုဒ္ဓမှာ သူတစ်ပါး ပယောဂလက်နက်နဲ့ ဘယ်သောအခါမှ ပရိနိဗ္ဗာန်မပြုပါ။ ဒါကြောင့် သမီးလဲ အဲဒီဂါထာကို စွဲစွဲမြဲမြဲ သက်စေ့ရွတ်ဖတ်ပြီး ပဋ္ဌာန်းဒေသနာတော်လဲ ရွတ်ဖတ်ပါ။

ဘုန်းကြီး(၅)ပါးလဲ ပင့်ဖိတ်ပြီး ဆွမ်းကျွေးပါ။ ကမ္မဝါဖတ်ပါ။ ပရိတ်သဲတို့ကို အိမ်မှာလဲ ပက်ဖျန်းသလို ဆိုင်မှာလဲ ပက်ဖျန်းပြီး ပရိတ်ချည်များ ချည်နှောင်ထားပါ။ ဘေးအန္တရာယ် အသွယ်သွယ် ကင်းပါလိမ့်မယ်လို့ မှာကြားပါတယ်။

မျက်မြင်ကိုယ်တွေ့မှ ယုံကြည်သွားတာမို့ တော်တော်လေးလန့်သွားကာလူတွေဟာ တော်တော်ကြောက်စရာကောင်းပါလားလို့ တွေးနေမိတော့ပါတယ်။ သစ်ကောက်၊ ဝါးကောက်ကိုသာ မြင်လို့ရပေမယ့် လူတွေ အတွင်းစိတ်ကောက်တာ မမြင်နိုင်ဘူးဆိုတာ သိပ်မှန်တာပါပဲ။

ဘာလို့များ သူတစ်ပါး အကျိုးမဲ့အောင်၊ အကျိုးယုတ်အောင် လုပ်ချင်ရတာလဲနော်။ သူတစ်ပါး ပျက်စီးတော့ ကိုယ်က ဘာကိုရတာမို့လို့လဲ အကုသိုလ်ဖြစ်မှာကို မကြောက်ကြသူတွေဘဲ။ ဒါကြောင့် လူတွေက ကြောက်စရာပါလား။ လူအချင်းချင်း မပေါင်းရဲလောက်အောင်ပါပဲ။

ဆရာကြီးကိုလဲ တူမ မနိုင်က ကျေးဇူးတင်စွာဖြင့် ဦးချကန်တော့ ကျေးဇူးဆပ်လိုက်ပါတယ်။ ဆရာကြီးရဲ့ တူမနဲ့ ပဋ္ဌာန်းဆက်ပါတဲ့ ဆရာကြီးကို ကျေးဇူးဆပ်လိုက်ပါတယ်။ ဆရာကြီးက ဆုများပေးပြီး သူ့တာဝန် ပြီးဆုံးပြီမို့ ပြန်လည်ကြွသွားပါတယ်။

စာရေးသူလဲ ကိစ္စများပြီးပြီမို့ ကိုယ့်အိမ်ပြန်လာပါတယ်။ တူမအိမ်နဲ့လဲ ဝေးတာတစ်ကြောင်း၊ နေမကောင်းနေတာတစ်ကြောင်းမို့ တူမထံ မသွားဖြစ်သလို အဆက်အသွယ်လဲ ပြတ်နေပါတော့တယ်။

ဒါပေမယ့် တူမအိမ်မှာ စာရေးသူရှိနေစဉ် စာရေးသူက တူမရေ မကောင်းတဲ့ပစ္စည်း ရှိစဉ်တုန်းက တူမ ဘာတွေ ထူးထူးခြားခြား ခံစားရလဲလို့ မေးမြန်းရာတွင်…

'အန်တီရယ် ဘူမ စိတ်တွေလေးနေတယ်။ ကလေးတွေလဲ ခဏခဏ ဖျားတယ်။ အဖော်နှစ်ယောက်က လက်ကျိုးတယ်။ မိတ်ကလဲ ဝါယာရှော့ဖြစ်တယ်။ ဈေးလဲ လုံးဝရောင်းမကောင်းဘူး။ ဈေးဦးမပေါက်လို့ ငွေအခက်အခဲ ဖြစ်ရတယ် အန်တီ'

လို့ ပြောပြပါတယ်။ ခုမှပဲ စိတ်ရှင်းသွားကြောင်း ပြောပါတယ်။

'အန်တီ ဘုရားတရား စွဲစွဲမြဲမြဲ လုပ်နိုင်းလို့ သမီးတို့ ဒုက္ခ သိပ်မဖြစ်ဘဲ ကယ်မယ့်သူ ပေါ်လာတာပါ။ အန်တီ ကျေးဇူးကြောင့်ပါ။ ဘုရားကိုးကွယ်ပါက ဘုရားက ကယ်တယ်ဆိုတာ မှန်တယ်နော် အန်တီ'

www.burmeseclassic.com

'အေးပေါ့ သမီးရယ်၊ ကိုယ်က ဘယ်သူ့မှ မနာလိုစိတ်မမွေးနဲ့ စိတ်ရင်းကောင်းကောင်းထားရင် ဘေးရန်ကင်းပါတယ် သမီး။ သမီးကို မကောင်းကြံသူကို အပြစ်မဖို့နဲ့နော်။ ဝဋ်ကြွေးရှိလို့ ခံရတယ်မှတ်ပါ။

သမီးကို မကောင်းကြံသူကို မေတ္တာပို့ပေးပါ။ မေတ္တာသုတ်(၉)ခေါက် ရွတ်ပါ။ သမီးကို မကောင်းကြံသူရဲ့ မျက်နှာပြုံးလာအောင် ကြည့်ပြီး မေတ္တာသုတ်ရွတ်ပါသမီး၊ မေတ္တာဆိုတာ ရောင်ပြန်အပ်ပါတယ်။

သူ့အပေါ် မုန်းတီးစိတ် မထားရဘူး။ သူ့အကုသိုလ်ကို ကိုယ်က ဘာမှ အကုသိုလ် ပြန်မလုပ်ရဘူးနော်'

လို့ ဆုံးမပါတယ်။

'အကုသိုလ်လုပ်တဲ့သူဟာ သူပဲ ပြန်ခံရတာသမီးရဲ့။ ဒီဘဝတင် မကဘဲ သံသရာပါ ခံရမှာမို့ သမီး အကုသိုလ် လုံးဝ မလုပ်ရဘူးနော်'

လို့ ဆုံးမရင်း ပြန်လာပါတယ်။

ဒီလိုနဲ့ ရာသီပြောင်းလို့ နှစ်တွေလဲ ပြောင်းခဲ့ပြီ။ တစ်နှစ်ပြီးတစ်နှစ် ကျော်လွန်လို့ လာပါပြီ။ တူမ မနိုင်လဲ အဆင်ပြေတယ် ထင်ပါရဲ့။ အဒေါ်ထံ မလာတော့ပါ။

မမျှော်လင့်သော နေ့တစ်နေ့ တူမ မနိုင် ထူးထူးခြားခြား ပေါက်လာပြီး အဒေါ့်ကို လာကန်တော့တာပါဆိုပြီး ပါတိတ်တစ်ထည်၊ မုန့်တစ်ပုံး၊ ငွေ (၁၀၀၀၀)ကျပ် လာကန်တော့ပါတယ်။

'အန်တီ ဆုံးမတာ မှန်လိုက်တာ။ အန်တီ ဆုံးမသွန်သင်တဲ့အတိုင်း မနာလိုသူကို မေတ္တာစ,ပို့တယ်။ ဆရာကြီးရဲ့ ဂါထာလဲ ရွတ်ဖတ်ပါတယ်။ ငါးပါးသီလလဲ လုံခြုံအောင် ထိန်းပါတယ်။

အမြတ်တမ်း ဘုရားရဲ့ ပရိတ်တော်တွေကို ရွတ်ဖတ်နေလို့လား မသိဘူး



အန်တီရေ ဈေးရောင်းကောင်းလာတယ်။ အထည်တွေ တစ်နေ့တည်း တအားရောင်းရတာပဲ။ ထီလဲ သိန်း (၁၀၀)ဆု ပေါက်တယ်။

သမီးဆိုင်နားက သမီးကို မနာလိုတဲ့သူလဲ မရှိတော့ဘူး။ သူ ဆိုင်ရောင်းလိုက်ပြီ။ ငွေလိမ်ခံရတယ် ကြားတာပဲ။ သူကလဲ သူများထံမှ ငွေတွေ ချေးထားတာ အများကြီးပဲတဲ့။

သူများအပေါ် ငွေချေးထားတာတွေ များနေလို့ ငွေပြန်လည်မဆပ်နိုင်လို့ တိုက်ပါ ပေါင်ရတယ် ကြားပါတယ်။ အတွင်းပစ္စည်းလဲ ရောင်းချတယ်တဲ့။ တိုက်ပေါင်ထားတာလဲ မရွေးနိုင်လို့ အခု သူ့တိုက်ရောင်းနေတယ်လို့ ကြားတယ် အန်တီ'

'ဟုတ်လား သမီး၊ သူတို့ ဒီလိုဖြစ်တာ သမီး ဝမ်းမသာနဲ့နော်၊ သူပြုတဲ့ကံ ပဲ့တင်သံ သူ့ထံ ပြန်လာတာ သမီးရဲ့ ဘဝမကူးဘူး။ ဒီဘဝမှာပဲ မကောင်းတဲ့ ကံက ပြန်လည်ခံစားရတာ သမီး သိပြီမို့လား၊ သံသရာထိလဲ ဒီအကုသိုလ်က ကပ်ပါဦးမှာလေ။ သနားစရာပါလား'

ဒါကြောင့် လူသားချင်း မုန်းတီးတဲ့ စိတ်လဲ မထားရဘူး။ မနာလို ဝန်တိုစိတ် မမွေးရဘူး။ လိမ်လည်လှည့်ဖျားခြင်း မလုပ်ရဘူး သမီးရဲ့။ အခုပဲ သမီး လက်တွေ့မို့လား'

'သမီး သိပါပြီ အန်တီ၊ အန်တီ ကျေးဇူးကြောင့်သာ သူ့ကိုမမုန်းအောင် နေရတာပါ။ နို့မို့ဆို သမီး သူ့ကို မုန်းတာနဲ့ သေတော့မှာ။ အန်တီရဲ့ ဆုံးမမှုကြောင့် သမီး ဘေးရန်ကင်းတာပါ။

အန်တီပြောသလို သူ့ကို မေတ္တာအလေးအနက် ပို့ပါတယ်။ သူတို့ ဒုက္ခရောက်ကြောင်း ကြားရတော့လဲ သမီး စိတ်မကောင်း ဖြစ်ရပါတယ်'

'ဟုတ်တာပေါ့ သမီးရဲ့... လူသားအချင်းချင်း မုန်းစရာမှ မရှိတာ သနားရမယ်'

ဪ...လူသားများအားလုံး မနာလိုစိတ် ကင်းပါစေ။ အတ္တ မာန်မာနလောဘ ဒေါသများ ပပျောက်ပါစေလို့ ဆုမွန်အခါခါ ခြွေရပါတယ်။

ကိုယ်ပြုသည့်ကံ ပဲ့တင်သံ ကိုယ့်ထံ ပြန်လာမှာမို့ ကောင်းမှုများ ဆောင်ရွက်နိုင်ကြပြီး မကောင်းမှုများ ရှောင်ရှားကြစေချပါတယ်။ ကိုယ်ပြုသည့်ကံ ပဲ့တင်သံ ကိုယ့်ထံ ပြန်လာတာပါ။

ဒါကြောင့် တကယ်ပဲ အောက်လမ်းရှိတာ ကိုယ်တွေ့ကြုံမှပဲ တွေးမိရင်း ကြက်သီးထမိပါတော့တယ်။

ဒါကြောင့် လူသားအားလုံး မကောင်းမှုရှောင် ကောင်းမှုဆောင်ပြီး ဖြူစင်သောစိတ် ထားကြပါစေလို့ ဆန္ဒပြုရင်း တူမရဲ့ တကယ့်ဖြစ်ရပ်မှန်လေး ရေးဖွဲ့လိုက်ပါတယ်။

ဥမ္မာဦး



www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းသော

# ဆရာမကြီးနှင့် ပုရဟောကာသဟာ

(၁)

ရွှေနံ့ ကြူကြူအေး



**၁၉၈၆ ခုနှစ်၊ မတ်လ နေ့တစ်နေ့**မှာ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ တိုင်းရုံးကို ပြောင်းရွှေ့ရောက်ရှိကြောင်း ကျွန်မအမျိုးသားက သွားရောက်သတင်းပို့ပါတယ်။

ကျွန်မ အမျိုးသားက ရဲအုပ်ရာထူးတိုးမြှင့်ခံရပြီး မွန်ပြည်နယ်မှ ပြောင်းလာတာပါ။ ကျွန်မအမျိုးသား ရုံးမှပြန်ရောက်တော့ ကားငှားကာ စစ်ကိုင်းတောင်ရိုးပေါ်ရှိ ဘုရားများဖူးရန် ထွက်ခဲ့ကြပါတယ်။

ထိုနေ့တပေါင်းရဲ့ အပူရှိန်ကလဲ ပြင်းထန်လွန်းလှပါတယ်။ တောင်ရိုးတန်းတစ်လျှောက်မှာတော့ တရားဘာဝနာ ပွားများနေတဲ့ သံဃာတော်များ၊ သီတင်းသုံးနေထိုင်ရာ ကျောင်းတိုက်ကြီးများနဲ့ သီလရှင်စာသင်တိုက်တွေ မြောက်မြားစွာ တွေ့ရပါတယ်။

သီတဂူဆရာတော်ကြီးရဲ့ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကျောင်းကြီးနဲ့ သီတဂူသံဃာ့ဆေးရုံ၊ တောင်တစ်တောင်လုံးက ချောင်တွေအားလုံးအတွက် ရေအလှူတော်တွေကိုလဲ ဝမ်းမြောက်ဖွယ်ရာ ရင်သပ်ရှုမော မဆုံးနိုင်အောင်ပါပဲ။

ကားမောင်းသူက ဘုရားစုံပို့ပေးပါတယ်။ ပုညရှင်စေတီရောက်တော့ ဆွမ်းဦးပုညရှင်စေတီတော်အား ဖူးမြော်ကြည်ညိုမဝနိုင်အောင်ပါပဲ။

ဘုရားရဲ့အရိပ်ကို ခိုလှုံရတာ ကျွန်မရဲ့တစ်သက်တာ ပူလောင်ခဲ့ရတဲ့ ဘဝအမောတွေ ပြေပျောက်ပြီး ရင်ထဲမှာ အေးချမ်းစွာ ခံစားရမိပါတယ်။ ဘုရားကုန်းတော် အမြင့်ဆီမှ မျှော်ကြည့်လိုက်ရင် ရွှေရောင်တဝင်းဝင်း၊ ပြီးတော့ ထုံးဖြူဖြူ ဘုရားစေတီ အမြောက်အမြားများကိုလဲ ဖူးတွေ့ရပါတယ်။

ဧရာဝတီမြစ်ကြီးက ရေတွေစီးဆင်းနေတာ မန္တလေးနဲ့ စစ်ကိုင်းကိုတော့ စစ်ကိုင်းတံတားကြီးက ဆက်သွယ်ပေးထားတာမို့ လွန်စွာပဲ ကြည့်ရှုမဝအောင်

www.burmeseclassic.com

ပါပဲ။ ဘုရားလဲ စုံပြီမို့ ကျွန်မတို့ ဖနီးမောင်နှံ တည်းခိုရာအိမ်ကို ပြန်ခဲ့ပါတော့တယ်။

ညနေရောက်တော့ မန္တလေးသို့ ကူးခဲ့ပြီး ဘူတာနားမှာနေတဲ့ စစ်ကိုင်းတိုင်းရုံးမှ တပ်ကြပ်ကြီးတစ်ယောက် အိမ်ကို သွားရောက်ရှာဖွေရာ အဆင်သင့်ပဲ တွေ့ရှိပါတယ်။ ကျွန်မ အမျိုးသားက…

'ကျွန်တော် ပင်လည်ဘူးမြို့ကို ပြောင်းရမယ့် မြို့နယ်မှူးပါ။ ကျွန်တော့်အတွက် မြစ်ကြီးနားအမြန် အိပ်ခန်းတစ်ဆောင်နဲ့ မော်လမြိုင် တိုက်ရိုက် အထက်တန်းထိုင်ခုံတစ်စောင် လုပ်ပေးစေချင်ပါတယ်'

လို့ ပြောတော့ တပ်ကြပ်ကြီးမှ…

'ဆရာ အိမ်ပေါ်ကို ကြွပါဦးခင်ဗျာ'

လို့ ဖိတ်ခေါ်တာနဲ့ အိမ်ပေါ်သို့ တက်ကာ ခုံတွင် ဝင်ထိုင်လိုက်ကြပါတယ်။ ယင်းတပ်ကြပ်ကြီးက…

'အတော်ပဲ ဆရာ…အရင် ပင်လည်ဘူးမှာ နေသွားခဲ့တဲ့ မြို့နယ်မှူး ခုတော့ မကွေးပြောင်းသွားပြီ။ သူနဲ့ ညနေ(၅) နာရီမှာ ချိန်းထားတာရှိတယ်။ အဲဒါ ဆရာ လာခဲ့ပါလား၊ ကျွန်တော် မိတ်ဆက်ပေးမယ်။ ဆရာလဲ ပင်လည်ဘူးအကြောင်း သိချင်တာလေးတွေ မေးကြည့်လို့ရတာပေါ့ ဆရာ'

လို့ ပြောတော့ ကျွန်မအမျိုးသားက လက်မှ နာရီကိုကြည့်ပြီး…

'ကောင်းပြီလေ… ကျွန်တော်တို့ လာခဲ့ပါမယ်။ ခွင့်ပြုပါဦး'

လို့ နှုတ်ဆက်ပြီး ဘူတာဘက်ကို လျှောက်ခဲ့ပါတော့တယ်။

ဘူတာရှေ့ရှိ နှင်းပုလဲထမင်းဆိုင်မှာ ညနေစာစားသောက်ပြီး လမ်းလျှောက်ကာ စကားတပြောပြောနဲ့ လျှောက်လာပါတယ်။ ကျွန်မတို့ မန္တလေးသို့ မလာခင် မော်လမြိုင်မှ ဆရာဦးအေးအား ကျွန်မသွားရောက် မေးမြန်းခဲ့ပါတယ်။

ဆရာအေးက ဗေဒင်ဟောတာ တွက်ချက်ပြီး ဟောတာမဟုတ်ပါဘူး။ ဓာတ်စီးပြီး ဟောတာပါ။ ဘားမဲ့ ဆရာတော်ကြီး ဓာတ်စီးဟောတော့ ကျွန်မတို့နေရမယ့် အိမ်ဟာ အောက်မှာ ဘုမ္မိရတ်နဲ့ မလွတ်ဘူး။ သိပ်ကြမ်းတယ်။ မြေလဲ ကြမ်းတယ်၊ အိမ်ရှေ့မှာ ကုက္ကိုပင်ကြီး နှစ်ပင်ရှိတဲ့အနက် အိမ်နဲ့ နီးတဲ့အပင်ကို ခုတ်လှဲထားတယ်။

အိမ်ရှေ့ ဝင်းထောင့်မှာ တစ်ပင်ကျန်တယ်။ အိမ်အနောက်မှာတော့ ညောင်ပင်ကြီးကြီးတစ်ပင် ရှိပါတယ်။

ဒီအိမ်ပေါ်ကို အမဲသား၊ ဝက်သားနဲ့ အရက် လုံးဝ တင်လို့မရပါ။ ဒီအိမ်မှာ နေမယ်ဆိုရင် ပရိတ်တရားနာ ကမ္မဝါဖတ်ပြီးနေပါ။ ဘုရားတရား များများလုပ်၊ အမျှအတန်းပးဝေပြီး နေမှရမယ်။ တော်ရုံလုပ်လို့ မရဘူးလို့ ဟောလိုက်တော့ ကျွန်မ စိတ်ထဲ လေးလံနေမိတယ်။

တပ်ကြပ်ကြီးအိမ်ကို ရောက်တော့ ယင်းအရာရှိ မရောက်သေးပါ။ ကျွန်မတို့ ခဏထိုင်စောင့်နေတုန်း ရောက်လာပါတော့တယ်။ တပ်ကြပ်ကြီးက မိတ်ဆက်ပေးတော့ ကျွန်မအမျိုးသားက…

'ကျွန်တော် ပင်လယ်ဘူး ပြောင်းရမယ့် မြို့နယ်မှူး ခင်မောင်မြင့်ပါ'

လို့ ပြန်ပြောတော့…

'တွေ့ရတာ ဝမ်းသာပါတယ်ဗျာ၊ ဆရာတို့က မိသားစုပြောင်းမှာလား'

လို့ မေးပါတယ်။

'မဟုတ်ဘူး၊ သူက ကျွန်တော့်ကို ဒီအထိ လိုက်ပို့တာပါ။ သမီးငယ် စာမေးပွဲပြီးမှပဲ မိသားစု လိုက်နေမှာပါ။ မြေးလေးလဲ ပါမှာပါ'

လို့ ပြောတော့…

'ဒါဆို ဆရာတို့ မြို့နယ်မှူးအိမ်မှာ မနေဘဲ တခြားအိမ်မှာနေရင် ကောင်းမယ်'

လို့ ပြောပါတယ်။ အမျိုးသားက…

'ဘာဖြစ်လို့လဲ ဆရာ'

လို့ မေးတော့…

'အဲဒီအုပ်တွေတော့ နေမှုကြပါတယ်။ ဒီပေးမယ့် မနေရဲလို့ ပြောင်းပြေးကြတယ်။ ကျွန်တော်က တစ်ယောက်တည်းမို့ ရုံးမှာပဲ နေလိုက်တော့တယ်'

လို့ ပြောပြပါတယ်။ ကျွန်မကလဲ…

'မြေးလေးပါ ပါမှာမို့ အရိပ်ရ အပင်ကြီးတွေ ရှိလား'

လို့ မေးကြည့်တော့…

'ဟုတ်ကဲ့ ရှိပါတယ်ခင်ဗျ။ အိမ်ရှေ့မှာတော့ ကုက္ကိုပင်ကြီး နှစ်ပင် ရှိပါ တယ်။ အိမ်နားက အပင်ကိုတော့ ခုတ်ထားပါတယ်။ အိမ်နောက်မှာတော့ ညောင်ပင်ကြီးတစ်ပင် အကြီးကြီးပဲ ရှိတယ်ခင်ဗျာ'

လို့ ပြန်ဖြေပါတယ်။

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။ ခွင့်ပြုပါ။ စစ်ကိုင်းပြန်ကူးရမှာမို့ နောက်ကျနေပြီမို့ပါ'

လို့ နှုတ်ဆက်ကာ ပြန်ခဲ့ပါတော့တယ်။ ကားပေါ်ရောက်တော့…

'ကဲ… ဘယ့်နှယ်ရှိစ ဖေကြီး ဆရာအေး ဟောလိုက်တာ ကွက်တိပဲ'

'အေး…ဟုတ်တယ်၊ အံ့သြစရာကြီးနော်၊ ပြေးပြီး သွားကြည့်ထားသလိုပဲနော်'

လို့ ပြောပါတယ်။ ကျွန်မကလဲ…

'ဖေကြီး…ဟိုရောက်ရင် ပရိတ်နာ ကမ္မဝါဖတ်ပြီးမှ နေနော်'

လို့ သူ့ကို မှာနေပါတော့တယ်။

စီးလာတဲ့ ကားလဲ စစ်ကိုင်း[illegible] ရောက်လာပြီ။ ကိုမင်းဟန်တို့ [illegible]ကို ရောက်တော့ ဒုတိုင်း ပ.[illegible] ဦးခင်





www.burmeseclassic.com

www.burmeseclassic.com

မောင်ထွန်း(လမ်းမတော်) ရောက်နေကြောင်း တွေ့ရပါတယ်။ ကိုမင်းဟန်တို့အိမ်ရှေ့မှာ တည်းခိုပါတယ်။ အစည်းအဝေး လာတယ်လို့ သိရပါတယ်။

ဆရာဦးခင်မောင်ထွန်းနဲ့ ကျွန်မအမျိုးသားတို့ဟာ လားရှိုးမှာ တာဝန်ထမ်းရွက်စဉ်ကတည်းက အတူတူတာဝန်ထမ်းဆောင်ရတဲ့ ဆရာတပည့်ရင်းတွေမို့ မင်းကြီးနဲ့တွေ့ဖို့ အိမ်ပေါ်တက်သွားကြပါတယ်။

ကျွန်မတို့နှစ်ယောက်ကို မြင်တော့မင်းကြီးက...

'အေး... လာကြ... လာကြ... မောင်ရင်က ဘာလို့ ကြာနေတာလဲကွ၊ ကိုယ်က မောင်ရင့်ကို ကိုယ့်ရဲ့ရုံးကို တင်ပေးတာ အမိန့်ထွက်တော့ပင်လည်ဘူး ဖြစ်နေတယ်ကွာ'

လို့ ပြောပါတယ်။ ကျွန်မ အမျိုးသားက...

'ဟုတ်ကဲ့ မင်းကြီး... ကျွန်တော်အလုပ်လွှဲနေရလို့ ကြာသွားပါတယ်'

ပြန်ဖြေပါတယ်။

'အေးကွာ... ခဏတော့ နေလိုက်ဦးပေါ့'

လို့ မင်းကြီးက ပြောပါတယ်။

စစ်ကိုင်းတိုင်းရဲမင်းကြီးက ဦးဉာဏ်လွင်ဖြစ်ပြီး ဒုတိုင်းရဲမင်းကြီး ဦးခင်မောင်ထွန်း(လမ်းမတော်)ပါ။ မုံရွာဒုတိုင်းရုံးမှာရုံးထိုင်ပါတယ်။ ကျွန်မတို့ ဖနီးမောင်နှံနဲ့ အာလာပသလ္လာပ စကားတွေပြောမဆုံးပေါင် ဖြစ်နေကြပါတယ်။

'အေး... ကိုယ် နောက်မှ ပြန်ပြောင်းပေးမယ်'

ကျွန်မကိုကြည့်ပြီး...

'ညည်းလဲ လိုက်မှာမဟုတ်လား'

လို့ မေးရာ...

'မလိုက်သေးဘူး အစ်ကို၊ ကလေးဆယ်တန်းဖြေပြီးမှပဲ လိုက်တော့မယ်။



မမမြိုင်နဲ့ကလေးတွေကော နေကောင်းလား အစ်ကို'

လို့ မေးတော့...

'ညည်းအစ်မပဲ မကောင်းဘူးကွာ၊ ဆီးချို သွေးချို သွေးတိုးရောဂါ စုံနေတာပဲ။ သူ့ကိုပဲ မအားတဲ့ကြားက ဂရုစိုက်ပေးနေရတယ်ကွာ'

လို့ ပြောပါတယ်။

အမျိုးသားနဲ့ အလုပ်အကြောင်းပြောဆိုပြီးတာနဲ့ ကန်တော့ဦးချနှုတ်ဆက်ပြီး ပြန်ခဲ့ပါတော့တယ်။ သူငယ်ချင်းရိုစီတို့ မိသားစုနဲ့ စကားပြောဆိုပြီး အိပ်ရာဝင်ခဲ့ပါတယ်။

နောက်တစ်နေ့ ညနေ(၂)နာရီမှာ မန္တလေးဘူတာသို့ နှင်းပုလဲထမင်းဆိုင်မှ ထမင်းထုပ်နှစ်ထုပ်စာ ဝယ်ယူပြီး မြစ်ကြီးနားရထားထွက်မယ့် ပလက်ဖောင်းသို့ သူ့သေတ္တာ အိပ်ရာလိပ်နဲ့ ကျွန်မ အဝတ်အစားတို့ကို ယူဆောင်ပြီး ရထားစောင့်နေကြပါတယ်။

မကြာခင် ရထားတွဲ ထိုးလာပြီမို့ ရထားပေါ်ထိ အထက်တန်းအိပ်ခန်းတွဲပေါ်အရောက် ပို့ဆောင်ပေးလိုက်ပါတယ်။

မြစ်ကြီးနားရထား ထွက်ခွာသွားပါပြီ၊ မြောက်နဲ့တောင် ကျောချင်းကပ်ခွဲခွာရပြီပေါ့လို့ တွေးမိရင်း ကျွန်မမဲ့ပြုံးပြုံးမိပါတော့တယ်။

အမှတ်(၁)ပလက်ဖောင်းသို့ ကုန်းကျော်တံတားမှ ဆင်းလာပြီး ရန်ကုန်အမြန်ရထားထွက်ရန် အချိန်စောသေးတာနဲ့ ဘူတာအရောင်းဆိုင်မှ ထိုးမုန့်၊ လမုန့်၊ လက်ဖက်များကို ဝယ်ယူကာ ခုံတန်းတစ်ခုတွင် ထိုင်စောင့်နေလိုက်ပါတယ်။

ရန်ကုန်အမြန်တွဲထိုးတော့ ကျွန်မလဲ ရရှိထားသော အထက်တန်းတွဲထိုင်ခုံတွင် ဝင်ရောက်ထိုင်ပြီး တစ်ယောက်တည်း ဓာရဏပရိတ်တော်ကို တီးတိုးရွတ်ဆိုကာ လိုက်ပါလာခဲ့ပါတယ်။

မနက်လင်းခါနီးမှာပဲ ပဲခူးဘူတာသို့ဆိုက်ရောက်ပါတယ်။ ထိုမှ တစ်ဖက်ရန်ကုန်မှထွက်လာတဲ့ အမြန်ရထားဖြင့်ဆက်လိုက်ခဲ့ရာ နေ့လယ်တစ်နာရီလောက်မှာ အိမ်သို့ ရောက်ရှိပါတော့တယ်။

ခရီးက အဆင့်ဆင့်နဲ့ ပင်ပန်းလာတာမို့ တရေးတမော အိပ်စက်အနားယူလိုက်ပါတယ်။

'အဘွားအို မေမေ ရောက်လာပြီလား'

လို့ သမီးငယ်မေးတဲ့ အသံကြောင့်ကျွန်မ အိပ်ပျော်နေရာမှ နိုးသွားပါတယ်။ သူ့အစ်မကြီးက...

'ငယ်လေး အသံပြန်နဲ့ တိုးတိုး... မေမေအိပ်နေတယ်'

လို့ ဟောက်လိုက်မှုကြောင့် သမီးငယ်လေး ပါးစပ်ကို လက်ဖြင့် ပိတ်ကာဝင်လာပါတယ်။ ကျွန်မက...

'မေမေ နိုးနေပါပြီ...ငယ်လေး ဒီနေ့စာမေးပွဲ နောက်ဆုံးနေ့ဆို ဖြေနိုင်လားသမီး'

လို့ မေးရာ ငယ်လေးက ကျွန်မကိုလက်မထောင်ပြပြီး "OKမေမေ"လို့



www.burmeseclassic.com

www.burmeseclassic.com

ပြုံးရွှင်စွာ ပြန်ပြောနေပါတော့တယ်။

သမီးကြီးနဲ့ ကျွန်မတို့ တစ်အိမ်လုံး အလုပ်ရှုပ်ကြပြီလေ။ ပစ္စည်းတွေ ထုပ်ပိုးသိမ်းဆည်းပြီး ထားခဲ့မယ့် ပစ္စည်းနဲ့ ယူသွားမယ့်ပစ္စည်းများကို ခွဲခြားကာ အဆင်သင့်ဖြစ်အောင် ထုပ်ပိုးနေကြရတာ စိတ်မောလူမော ပါပဲ။ နှစ်ပတ်လောက်ကြာတော့ သမီး တို့ဖေဖေ ပြန်လာခဲ့ပါပြီ။

ရောက်ရောက်ချင်းပဲ သူ့မြေးကို ချီပြီး ဖက်ယမ်းနမ်းကာ...

'သား ဖေကြီးကို သတိမရဘူးလား'

မေးတော့ မြေးက...

'ဖေကြီး ဘယ်ကို သွားနေတာလဲ ဟင်... သားသားကိုလဲ မခေါ်ဘူး'

လို့ ပြန်ပြောပါတယ်။

'အေး...အခု သားတို့ မေမေကြီးတို့ အားလုံးကို ဖေကြီးလာခေါ်တာပဲ။ ငါ့သား လိုက်မလား'

လို့မေးတော့ ခေါင်းညိတ်ပြရှာပါ တယ်။

ကျွန်မက...

'အဖေကြီး ပရိတ်တရားနာပြီး ပြီလား'

မေးတော့...

'မလုပ်ရသေးဘူး။ အရင်မြို့နယ်မှူး နဲ့ တူတူနေပြီး အလုပ်တွေ လွှဲယူနေ တော့ မလုပ်ရသေးဘူး။ ငါလဲ သက် သေခံရန် လှမ်းခေါ်တာနဲ့ ပြန်ခဲ့တာ၊ သူတို့လဲ ခုမှပြောင်းသွားတာ။ ငါနဲ့ တူတူပဲ ထွက်ခဲ့ကြတာ။ အိမ်ကိုတော့ သော့ပိတ်ထားပါတယ်'

လို့ ပြောပြပါတယ်။

ကျွန်မတို့မိသားစု ပစ္စည်းများ သိမ်း ဆည်းထုပ်ပိုးထားတာ အဆင်သင့် ဖြစ်ပြီမို့ ဧပြီလ(၉)ရက်နေ့မှာပဲ မော်လမြိုင်မှ စတင် ပြောင်းရွှေ့ကာ ရန်ကုန်တွင် တစ်ညနဲ့ မန္တလေးတွင် တစ်ညအိပ်ကာ နောက်နေ့ညနေ မြစ်ကြီးနားအမြန်ရထားဖြင့် ကောလင်း သို့ ထွက်ခဲ့ပါတော့တယ်။

ညတစ်နာရီလောက်မှ ကောလင်း ဘူတာသို့ ရောက်ရှိပါတယ်။ ကောလင်း ရဲစခန်းမှ ဒုရဲအုပ်ကိုအောင်မြေနဲ့ ကျွန်မ တို့ရဲ့ ရဲကားမောင်းသူ ဦးတင်အေးတို့ ဘူတာမှာ ကြိုဆိုကြပါတယ်။

ကျွန်မတို့ မိသားစုလဲ ကိုအောင်မြေ အိမ်မှာ တစ်ညနားကြပြီး မနက်(၆) နာရီခန့် ကောလင်းဈေးသို့ ကိုအောင် မြေရဲ့ ဇနီးနဲ့အတူ ဈေးဝယ်ရန် ထွက် လာခဲ့ပါတယ်။

တချို့ နယ်မှ ဈေးသည်တွေဟာ တိုင်းရင်းသားတွေမို့ သူတို့ပြောတဲ့ စကားကို နားမလည်ပါ။ မီးဖိုချောင်သုံး ပစ္စည်းတွေ လိုအပ်သမျှကို စုံအောင် ဝယ်ပြီး ဘုရားပန်းပါဝယ်တော့ ပန်းသည်နားမှာရောင်းနေတဲ့ ''ခဲတံ ကျည်တောင့်တွေကို ဘယ်လိုရောင်း သလဲ'' မေးလိုက်ပါတယ်။

ရောင်းသူမှ **''ခဲတံကျည်တောက် ဟုတ်ဘူးညယ်...ပေါင်းသင်းပါရှင့်''** လို့ ပြန်ပြောတော့ ကိုအောင်မြေဇနီးမှ အဆင်ပြေရန် ဝင်ရောက်ဝယ်ပေးလိုက် ပါတယ်။ ဒီမှာက အသီးအနှံအကစ အလေးချိန်နဲ့ ရောင်းကြပါတယ်။

ကျွန်မတို့လဲ အဆာပြေစားသောက် ပြီး ကောလင်းမှ ထွက်ခဲ့ပါတယ်။ ကောလင်းမြို့ပြင်ရောက်တော့ တောင် ပတ်လည် ဝိုင်းရံထားတဲ့ ကောလင်း မြို့ရဲ့ တောင်တန်းတစ်ခုကို ထူးခြားစွာ တွေ့ရပါတယ်။ ခမောက်ကြီးတစ်ခု မှောက်လျက်သား ချထားသလို ဖြစ် နေတာပါ။

ကျွန်မတို့ ကားမောင်းသူက...

'ဆရာကတော် အဲဒါ ခမောက် တောင်လို့ ခေါ်ပါတယ်ခင်ဗျ'

လို့ ပြောပြပါတယ်။ စေတီပုထိုးများ စွာကိုလဲ အဝေးမှ လှမ်းဖူးတွေ့ရပါ တယ်။

တစ်တောင်လုံး မြူတွေဆိုင်းပြီး မြူမှုန်တွေကြားမှာ စေတီလေးများ မှုန်ဝါးဝါး မြင်တွေ့နေရပုံမှာ မနက်ခင်း ထွက်စ နေခြည်အောက်က သဘာဝ ပန်းချီကားတစ်ချပ်ကို ကြည့်နူးစွာ ခံစားနေရသလိုပါပဲ။

ကားလေးက တောင်တွေကို စတင် တက်ခဲ့ပါပြီ။ နွေဆိုပေမယ့် တောရိပ် တောင်ရိပ်ကြောင့် အေးစိမ့်စိမ့်နဲ့မို့ အနွေးထည် ခေါင်းပေါင်းကိုယ်စီနဲ့ပေါ့။ လမ်းကမြေနီကျောက်ခင်းလမ်းမို့ ဖုန်လဲ များပါတယ်။ ဘေးဝဲယာမှာတော့ သစ် တောကြီးတွေနဲ့ နေပြောက်တောင် မထိုးပါဘူး။

အဖေကြီးက ကားခေတ္တရပ်ပြီး သားသားနဲ့ သမီးတွေကို ကြည့်ရှုစေပါ တယ်။ မကြာခင် မြေလင်းစခန်းကို ရောက်ပါတယ်။ မြေလင်းမှာ ကျွန်မတို့ လက်အောက်ခံ ရဲကင်းစခန်း ရှိသ... ကင်းစခန်းမှူးက ကျွန်မအမျိုးသား... လာတွေ့ပြီး အမျိုးသားက လိုအပ်... တွေ မှာကြားနေပါတယ်။

မြေလင်းစခန်းက ကားမှ... ရပ်နားစခန်းတစ်ခုဖြစ်တော့ ထမ... ဆိုင်၊ လက်ဖက်ရည်ဆိုင် သုံး... ဆိုင်လောက် ရှိပါတယ်။ ကျွန်မတို့ မိသားစုလဲ အပေါ့အပါးသွားပြီး ထမ... စားနေတုန်းမှာပဲ ပင်လည်ဘူးမှ ... နှစ်စီး ဆိုက်ရောက်လာပါတယ်။

သူတို့ဆီက ကားတွေက ခေ... တင်ကားလဲ မဟုတ်ဘူး။ ကု... ကားကြီးတွေပေါ် ကုန်အပြည့်... ကုန်တွေပေါ်မှာမှ လူတွေက ... ရတော့ အဝေးကကြည့်... သာကြီးလိုပဲ။ တချို့ အမျိုးသား...



www.burmeseclassic.com

www.burmeseclassic.com

ကားနံ့ဘေးမှ တွယ်ပြီး လိုက်ရတယ်။ တောင်အတက်မှာ အိပ့်အိပ့်နဲ့နေပြီး တောင်အဆင်းကျတော့ မှောက်ပြီး ကားရှောလူရှော ချောက်ထဲကျသွားတော့မယ့်အတိုင်း မြင်တွေ့ရပါတယ်။

လမ်းမှာ ရေကျော် ချောင်းကားလမ်းကို ရေကျော်နေတာကိုလဲ ဖြတ်ကျော်ကာ နှစ်နာရီလောက်မှာ ပင်လည်ဘူးမြို့ကို ရောက်ရှိပါတော့တယ်။ မြို့အဝင် တောင်ကုန်းလေးပေါ်မှာ ဈေးကို တွေ့ရပြီး တောင်ကုန်းရဲ့ အောက်ခြေမှာတော့ ပဒုမ္မကြာပန်းများနဲ့ ရေကန်ကို တွေ့ရပါတယ်။

တောင်ကုန်းမြင့်တစ်ခုနဲ့ စေတီတစ်ဆူကိုလဲ တွေ့ရပြီး ယင်းတောင်စောင်းဆင်ခြေလျှောမှာတော့ စုပေါင်းရုံး၊ ပြီးတော့နဲ့ ကျွန်မတို့ နေရမယ့် ရဲစခန်းကို ရောက်ရှိပါပြီ။ ရဲဝင်းဆုံးမှ ကျွန်မတို့နေရမယ့်အိမ်ကြီးသို့ ရောက်ပါတော့တယ်။

ရဲဘော် နှစ်ယောက်,သုံးယောက်လာပြီး ပစ္စည်းများကို ကူညီသယ်ချပြီး အိမ်ပေါ်ကို တင်ပေးကြပါတယ်။ တစ်အိမ်လုံးကိုလဲ ရေနဲ့ဆေးပြီး သန့်ရှင်းရေး လုပ်ပေးထားကြတာ ပြောင်နေတာပဲ။ ကျေးဇူးတင်မိပါတော့တယ်။

CR.Oအပြာခံ စခန်းမှူး ဦးကျော်မြင့် ဇနီးမခင်သန်း၊ တပ်ကြပ်ဦးကျော်ခင် ဇနီးမညွန့်ညွန့် (မော်လမြိုင်သူ)တို့နဲ့အတူ ရဲမေနှစ်ယောက်ပါ ရောက်လာကြပြီး...

'ဆရာကတော် ဘာခိုင်းစရာ ရှိပါသလဲ ခိုင်းပါ။ ကျွန်မတို့ လုပ်ပေးပါရစေ'

လို့ ပြောကြပါတယ်။ ကျွန်မလဲ...

'ဘရော်ကင်ပွန်း ဝယ်လို့ရလား၊ ရှင် ဝယ်ချင်ပါတယ်'

လို့ပြောတော့ မခင်သန်းက...

- 'အိမ်မှာရှိတယ် မမ၊ ကျွန်မ ပြန်ယူလိုက်ဦးမယ်'

ပြောပြီး ပြန်သွားပါတယ်။

သမီးကြီးနဲ့ညွန့်ညွန့်က ပစ္စည်းတွေ နေရာတကျဖြစ်အောင် စီစဉ်နေကြပြီး၊ ရဲမေနှစ်ယောက်က ရေသုံးရန် သွားခပ်ပေးကာ သမီးငယ်ကတော့ ကြမ်းတိုက်နေပါတယ်။ အမေ့ကိုတော့ ရေချိုးပြီး အိပ်ရာပေါ်မှာ နားနေစေပါတယ်။

ညွန့်ညွန့်က...

'အစ်မ ညွန့်တို့ရဲဝင်းမှာ ရေတွင်းမရှိလို့ ရဲဝင်းအနောက်ဘက် တောင်စောင်းမှာ ရေသွားချိုးရမှာမို့ စောစောသွားရအောင်'

လို့ပြောပါတယ်။

'အေးကွယ်... ကောင်းသားပဲ။ ခရီးကပန်း၊ အိပ်ရေးကပျက်နဲ့ ရေချိုးလိုက်ရင်တော့ လန်းသွားမှာပဲ'

ဆိုပြီး...

'ကဲ...သမီးတို့ လုပ်စရာတွေ အသာထားလိုက်ခဲ့လိုက်ဟေ့၊ အားလုံး ရေချိုးသွားမယ်'

လို့ ခေါ်ကာ ရေတွင်းဆီ ထွက်ခဲ့ပါတယ်။

စခန်းဝင်းမှ ရေတွင်းက အနိမ့်ပိုင်းဖြစ်ပြီး ရေခန်းကာ ယခုရေတွင်းက တောင်စောင်း အမြင့်ပိုင်းမှာဖြစ်တော့ ကောင်းလိုက်တဲ့ ရေတွင်းလေးပါ။ စိမ့်အေးနေတာပဲ။

ရေတွင်းရဲ့အထက်ဘက် ကုန်းမြင့်မှာတော့ ဝန်းသိုစော်ဘွားကြီး ဦးအောင်မြတ် တည်ထားကိုးကွယ်ခဲ့တဲ့ စေတီလေးရှိပါတယ်။ ကြည်ညိုဖွယ်ကောင်းလှသမို့ ရေမချိုးခင် စေတီလေးအား ဖူးမြော်ကန်တော့ပြီး ရေချိုးကာ ပြန်ခဲ့ကြပါတယ်။

ညစာကိုတော့ ဆိုင်မှ မှာယူစားသောက်လိုက်ပါတယ်။ အမျိုးသားကလဲ ဘုရားစင်ကို အားချင်းပြုလုပ်ပြီးပြီမို့ ကျွန်မက ဘုရားပန်း၊ သောက်တော်ရေခွက်၊ အမွှေးနံ့သာတိုင် ထွန်းရန်ကိုပါ ပြင်ဆင်ပြီး အဆင်သင့်ထားလိုက်ပါတော့တယ်။

ရဲစခန်းမှ ညနေ(၆)နာရီ သံချောင်းခေါက်တော့ အိမ်လဲ မီးလာပါပြီ။ မီးကတော့ ညလုံးပေါက် မရရှိပါ။ (၁၀)နာရီထိပဲ ပေးပါတယ်။ တိုင်းမှ လူကြီးတွေ လာရင်တော့ မိုးလင်းထိ မီးပေးပါတယ်။

'မေမေ ပုပ်စော်ကြီး နံလိုက်တာ၊ မေမ မနံဘူးလား'

လို့မေးတော့မှ...

'အေးဟဲ့ ဟုတ်တယ်'

ညှီစို့စို့ ပုပ်အက်အက်နဲ့ စူးစူးဝါးဝါးကို နံနေတော့ အဖေကြီးက အိမ်ဘေး အိမ်နောက်မကျန် ရှာဖွေတော့တာပဲ။ ဘာမှလဲမရှိ၊ ရှင်းလဲရှင်းနေတာပဲဆိုပြီး အိမ်ပေါ်မှာလဲ နှံ့စပ်အောင် ရှာကြတော့လဲ မတွေ့တော့ အဖေကြီးက ကျွန်မကို အဓိပ္ပါယ်ရှိတဲ့ အကြည့်နဲ့ ကြည့်တော့ ကျွန်မကလဲ သူ့ကို ခေါင်းညိတ်ပြလိုက်ပါတယ်။

ကလေးတွေ သိသွားမှာစိုးလို့ အသံတိတ်နဲ့ သဘောပေါက်ကြပြီး ကျွန်မလဲ ဘုရားကန်တော့ရန် ပြင်ပါတယ်။ ဘုရားပင့်၊ နတ်ပင့်ပြီး ငါးပါးသီလခံကာ ပရိတ်ကြီး(၁၁)သုတ် ရွတ်ဆိုရာတွင် မဟာအာဋာနာဋိယ သုတ်တော်ကိုပါ ရွတ်ဆိုအပြီးမှာတော့ တဖြည်းဖြည်း အနံ့ဆိုးကြီးမှာ ပျောက်သွားပါတော့တယ်။

---

ရှေ့လ ဆက်ဖတ်ပါရန်

---

**ရွှေဒုံ ကြူကြူအေး**



www.burmeseclassic.com

www.burmeseclassic.com

# သမာဓိ တည့်မတည့်

## ပရလောကသားများ စမ်းသပ်လေသလား

သိုမင်းလက် (မြန်မာစာ)



ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက် မတွေ့ဖြစ်ကြသည်မှာ နှစ်အတော်ကြာသွားသည်။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ(၂၀)ရက်က အိမ်ကို ရောက်လာသည်။ ကျွန်တော်နှင့် မတွေ့လိုက်ရ။ ကျွန်တော် မော်လူးမြို့ထဲ ရောက်နေချိန် အိမ်က သမီးကို ဖုန်းနံပါတ်ပေးထားခဲ့၍ သူငယ်ချင်းထံ ကျွန်တော်ဖုန်းဆက်ခေါ်သည်။

သူငယ်ချင်းနှင့် တွေ့သည်။ ဩဂုတ်လ(၃၀)ရက်နေ့ အင်းတော်လာမည်။ သူငယ်ချင်းနှင့် ဆုံတုန်းစကားတွေ ဖောင်ဖွဲ့ပြောလိုကြောင်း၊ အင်းတော်ရောက်လျှင် ဖုန်းပြန်ချိတ်လိုက်မည်ဖြစ်ကြောင်း...

ကျွန်တော့်သူငယ်ချင်း နာမည်က သန်းထွန်း၊ သူက ပန်းချီပန်းတျာ ကျောင်းဆင်းမို့ အများက သူ့ကို ... သန်းထွန်းဟု ခေါ်ကြသည်။ ...



www.burmeseclassic.com

www.burmeseclassic.com

ဝါသနာပါရုံမက တယောထိုးလည်း ဝါသနာပါသေး။

ကျွန်တော်က စောင်းတီး သီချင်းဆို၊ သူက တယောထိုး၊ ဝါသနာတူ စိတ်ထားတူတွေအပြင် သူက လူတိုင်းအပေါ် ရိုကျိုးသည့်စိတ်ဓာတ် အမြဲကိန်းအောင်းတတ်သူ။ အကူအညီလိုသူတွေကို ရက်ရက်ရောရော ကူညီတတ်သည်။

၂၀၁၆ ခုနှစ်၊ ဩဂုတ်(၃၀)ရက်နေ့က သူနှင့် ကျွန်တော် ဒုမြို့နယ်ပညာရေးမှူး ဦးကျော်လွင်အိမ်၌ တွေ့ဖြစ်သည်။ သီတင်းကျွတ်လပြည့်ညတွင် အင်းတော်မြို့မ ဘုန်းတော်ကြီးကျောင်း ဆီမီးထွန်းပွဲနှင့် တွဲဖက်ပြီး "အင်းရန့်" ပန်းချီ ပြပွဲပြုလုပ်မည့်အကြောင်း ပြောဖြစ်သည်။

ကျွန်တော့်ကို ဘယ်မဂ္ဂဇင်းတွေမှာ ရေးနေသလဲဟု မေးတော့ ကျွန်တော်က နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတွေမှာ အမြဲရေးကြောင်း ဂမ္ဘီရဆန်တာတွေ ဘုရားကျောင်းကန်စေတီပုထိုးအကြောင်း၊ ဆေးပညာအကြောင်း၊ သံဝေဂရစရာနှင့် ပရလောကအကြောင်းတွေ ရေးပို့လေ့ရှိသည့်အကြောင်း ပြောပြပါသည်။

ထိုအခါ ကိုသန်းထွန်းက ကျွန်တော့်အား...

'ပရလောကဆိုလို့ ကျွန်တော် သုသာန်မှာ တရားရှုမှတ်တုန်းက ကြုံတွေ့ရတာလေး ကိုရင်ကို ပြောပြမယ်။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနဲ့တော့ အံဝင်ခွင်ကျမယ်ထင်တယ်'

'ဘယ်လို အတွေ့အကြုံလဲ ပြောပြလေ။ ကျွန်တော် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို ရေးပြီး ပို့လိုက်ပါ့မယ်'

သည်လိုနှင့် ကျွန်တော်လည်း အဆွေယ်ချင်း ပန်းချီသန်းထွန်း ပြောပြသည့် သုသာန်၌ တရားရှုမှတ်စဉ် ကြုံတွေ့ရသည့် ပရလောကသားများ အနှောင့်အယှက် ပေးပုံလေးကို **"သမာဓိ တည့်၊မတည့် ပရလောကသားများ စမ်းသပ်လေသလား၊"** ဟူသော ခေါင်းစဉ်ဖြင့် ယခု စာမူကို ရေးသားလိုက်ရပါသည်။

**လွန်ခဲ့သော (၁၅)နှစ်ကျော်အချိန်**

သကြံန်ကာလ အကြတ်နေ့ နံနက် (၇)နာရီ ကျောင်းထိုင်ဆရာတော်ထံမှ ကိုးပါးသီလ ခံယူ ဆောက်တည်ကြပြီး ရေစက်ချ အမျှဝေကာ အမျိုးသားများ ဘုရားဆောင်ရှေ့၌ ပုတီးစိပ် တရားရှုမှတ်ကြပါသည်။

ကိုသန်းထွန်းလည်း အခြား ဉပုသ်သည်များနည်းတူ ဘုရားဆောင်ရှေ့၌ တစ်နာရီကြာ တရားရှုမှတ်ခဲ့သည်။ ပြီးလျှင် သူ့စိတ်ထဲ၌ သုသာန်သို့ သွား၍ ရူတင်ဆောက်တည် တရားရှုမှတ်လိုသော စိတ်ဆန္ဒ ဖြစ်ပေါ်လာသဖြင့် တစ်ယောက်တည်းသွားလျှင် နာခေါင်း မနွေးသဖြင့် ညီတော်စပ်သူ ကိုကျော်စိန်ကို သုသာန်သွားပြီး တရားထိုင်ကြရန် တိုင်ပင်ပါသည်။

ကိုသန်းထွန်းတို့နေသည့် ရွာသည် မာလုံရွာဖြစ်ပြီး ဥရုမြစ်၏ အနောက်ဘက် ကမ်းပေါ်တွင် တည်ရှိသည်။ အလျား(၃)မိုင်ကျော်ရှည်သော ရွာဖြစ်သည်နှင့်အမျှ ရွာဦး၊ ရွာလယ်၊ ရွာမြီး ဟူ၍ သုသာန်သုံးခု ရှိပါသည်။

ကိုကျော်စိန်လည်း ကိုသန်းထွန်း အဖော်ညှိသဖြင့် ဘုန်းတော်ကြီးကျောင်းအနီး မိမိတို့ နေထိုင်သော ရပ်ကွက်သုသာန်သို့ သွားရောက်တရားထိုင်ရန် သဘောတူလိုက်ပါသည်။

ဉပုသ်သည်များ နံနက်စာ သုံးဆောင်ပြီးသောအခါ ကိုသန်းထွန်းသည် ရတနာသုံးပါးကို ပူဇော်ကန်တော့ပြီးလျှင် သုသာန်စောင့်ကို တိုင်တည်ပြီး ခွင့်ပြုချက် တောင်းခံသည်။

'မာလုံရွာဦး၏ သုသာန်ကို စောင့်ရှောက်ကြကုန်သော သုသာန်စောင့် အကြီးအကဲအပေါင်းတို့ ကျွန်ုပ်သည် သင်တို့ နေထိုင်ရာဒေသ၊ သင်တို့ ပိုင်ဆိုင်ရာ ဒေသရှိ သုသာန်ဇရပ်၌ နိဗ္ဗာန်ရောက်ကြောင်း တရားကို ကျင့်ကြံကြိုးစား အားထုတ်လိုပါသည်။ သင်တို့ ကျွန်ုပ်ကို သဘောတူခွင့်ပြုကြပါ။ သင်တို့ကို အနှောင့်အယှက် ပြုလိုခြင်းကြောင့် လာခြင်းမဟုတ်ပါ။

သင်တို့ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေ။ ယခု ကျွန်ုပ်ပြုသော ကုသိုလ်ကောင်းမှု အစုစုကို အသင်တို့အား အမျှ... အမျှ...အမျှ...ပေးဝေပါ၏။ အမျှကြား၍ ဝမ်းမြောက်နမော် သာဓု...သာဓု... သာဓု... ခေါ်နိုင်ကြပါစေ'

ဟု ဆိုပြီး မေတ္တာသုတ်တော်ရွတ်ဆိုခြင်းကို သုံးကြိမ်သုံးခါပြုပြီး ညီတော် ကိုကျော်စိန်နှင့် ရွာဦးသုသာန်သို့ နေ့မွန်းတည့် (၁၂)နာရီ ရောက်ဖြစ်ပါသည်။

ကိုသန်းထွန်းနှင့် ကိုကျော်စိန်တို့ နှစ်ယောက်သား သုသာန်ရောက်လျှင်ပင် ကိုကျော်စိန်မှာ နေရာဒေသမရွေး သုသာန်တစပြင် တောကြီးတောင်ကြီးထဲ၌လည်း တရားအားထုတ်ဖူးသူဖြစ်သည့်အလျောက် ကိုယ်ဝန်ဆောင်ဖြင့် သေဆုံးသူများ မြှုပ်နှံသင်္ချိုဟ်သော ဥနှဲပင်တောသို့ ဝင်သွားပြီး တရားရှုမှတ်နေလေပြီ။

ကိုသန်းထွန်းမှာ သုသာန်တစပြင်တွင် ဘယ်တုန်းကမျှ မထိုင်ဘူးသဖြင့် သွေးလှန့်နေသည်။ သုသာန်တွင် တရားရှုမှတ်ဖို့ မိမိက စ,ခဲ့သည့် ဇာတ်လမ်း ဖြစ်ချေသည်။

မထူးတော့ပြီဟု ဆုံးဖြတ်ပြီး သုသာန်အတွင်းမကျတကျ ဇရပ်၏

www.burmeseclassic.com



တံစက်မြိတ်အောက်၌ နေရာယူဖြစ်သည်။ ဇရပ်နှင့် မနီးမဝေးနေရာတွေမှာတော့ အုတ်ဂူတွေ၊ မှတ်တိုင်တွေက အသီးသီးနေရာယူလျက်။

ကိုသန်းထွန်းသည် မြတ်စွာဘုရားကို ဆီမီး၊ အမွှေးတိုင်လှူ၊ ရတနာသုံးပါးကန်တော့၊ သုသာန်စောင့်များထံ ခွင့်တောင်းခံ၊ မေတ္တသုတ်တော်ရွတ်၊ ပရိကံယူ၊ အမျှပေးဝေပြီး ဝင်လေ ထွက်လေကို ရှုမှတ်ကာ တရားအားထုတ်ခြင်းကို စတင်ခဲ့သည်။

သုသာန်တစပြင် ဆိုသည်မှာ လွန်စွာတိတ်ဆိတ်ငြိမ်သက် အေးချမ်းလှပါလားဟု တွေးမိပြီး ဆယ်မိနစ်ခန့် ပီတိဖြစ်နေစဉ် သုသာန်ခေါင်မိုးပေါ်မှ သဲမှုန့်များ ဖြူးချသကဲ့သို့၊ ဒယ်အိုးကင်းပူထဲသို့ ဆားပစ်ထည့်ပြီး လှော်သကဲ့သို့ တရှဲရှဲအသံများ မြည်သံကို တရားရှုမှတ်ရင်း ကြားနေရသည်။

ဟောင်းနွမ်းပြီး ဆွေးမြည့်နေပြီဖြစ်သော ခေါင်မိုးသွပ်ပြား နေပူခိုက် မိုးအုံ့ခိုက် ဖြစ်ပေါ်တတ်သော အသံပဲလေဟု နှလုံးသွင်း မှတ်ယူပြီး တရားရှုမှတ်မြဲ ရှုမှတ်နေသည်။

မကြာပါ… ခေါင်မိုးပေါ် လောက်စာလုံးအရွယ် ကျောက်ခဲလုံးများ ကျသကဲ့သို့ တဒုန်းဒုန်း အသံမြည်လာသည်။ နောက်ထပ် ကျောက်ခဲတစ်လုံး ကျသံ ပီပီသသကြားရသည်။ ကိုသန်းထွန်း စိတ်အနှောင့်အယှက် ဖြစ်လာ၍ စိတ်ထဲ မနောထဲကပင်…

'မလုပ်ကြပါနဲ့ကွာ…မင်းတို့ကို မနှောင့်ယှက်ပါဘူး။ မင်းတို့ကို စိတ်ညစ်အောင် ဘာမျှ မလုပ်ပါဘူး။ ခွင့်ပြုကြပါ။ တစ်နာရီကျော်ပဲ အားထုတ်မှာပါ'

ဟု ပြောဆိုမိသည်။

အကယ်တန္တ ဇရပ်ခေါင်မိုးပေါ်သို့ တစ်စုံတစ်ယောက်က တစ်နေရာမှ ကျောက်ခဲပစ်တင်လျှင် ပြန်ကျသည့် အသံကြားရမည်။

ဒီတစ်ခါ သိရအောင် သတိထားပြီး ဂရုစိုက်ရင်း တရားရှုမှတ်ပြန်သည်။ ကြောက်စိတ်ကတော့ ဝင်လာမိသလိုလို ရှိသည်။ ကိုကျော်စိန်၏ အသံကိုတော့ ဘာမျှ မကြားမိ၊ တိတ်ဆိတ်နေလျက်ပင်။

မကြာပါ… ဇရပ်ခေါင်မိုး အုန်းလက်နေရာမှ ကျောက်ခဲကြီးတစ်လုံးကို အဝေးမှ လှမ်းပစ်လိုက်သကဲ့သို့ ''ဒုန်း''ခနဲ မြည်သံကြီးကို ပီပီသသ ကြားလိုက်ရသည်။ တစ်ဆက်တည်း ဖြစ်ပေါ်ရမည့် - မြေကြီးပေါ်ကျသည့် မည်သည့်အသံမျှ မကြားရပါ။

ကိုသန်းထွန်း၏ ဦးခေါင်းမှ ဆံပင်များ တစ်ပင်မကျန် အထက်သို့ တစ်ဖြောင့်တည်း ထောင်မတ်သွားခဲ့လေပြီ။ အလွန်ကြီးမားသောဦးခေါင်း ဖြစ်သွားဘိအလား ခံစားလိုက်ရသည်။

မျက်စိဖွင့်ကြည့်တော့လည်း တရားထိုင်စ မှတ်သားထားသည့်အတိုင်း ဘာမျှ ထူးထူးခြားခြား မတွေ့ရချေ။

'အောင်မယ်လေး… တစ္ဆေဆိုတာ တကယ်ရှိပါလား။ ပရလောကသားတွေ ရှိတယ်ဆိုတာမှန်ပါလား။ ရာနှုန်းပြည့် ယုံကြည်သွားပြီ၊ နေ့ခင်းဆိုလို့ပါလား။ ညအချိန်ဆို သေတောင်သွားနိုင်တယ်။ ပရလောက်သားတွေ ငါ့ရဲ့ သမာဓိကို လာစမ်းတာနဲ့ တူတယ်။ ငါသမာဓိကို မြဲမြံအောင် ရှုမှတ်ပွားများမယ်'

ဟု စိတ်ထဲကတွေးရင်း ဗန်းမောက်မြို့နယ်၊ နန့်သောင်ဆရာတော်၏ မိန့်မှာချက်ကို ထပ်မံသတိရပြီး ဒုတိယအကြိမ် သုသာန်စောင့်များထံ ခွင့်ပြုချက်တောင်းခံ၊ မေတ္တာပို့၊ အမျှဝေ ပရိကံယူပြီး တရားရှုမှတ်သောအခါ မည်သည့် အနှောင့်အယှက်မျှ မပေးတော့ပါ။

မိမိအဓိဋ္ဌာန်ချက်အတိုင်း တစ်နာရီကျော်ကြာ တရားထိုင်ပြီး ကိုသန်းထွန်း တရားဖြုတ်လိုက်သည်။ မကြာပါ ကိုကျော်စိန် ရောက်လာသဖြင့် နှစ်ယောက်သား ဘုန်းတော်ကြီးကျောင်းသို့ ပြန်ခဲ့ကြသည်။

ကိုကျော်စိန်က သုသာန်အတွင်း တရားရှုမှတ်ရသည့် အခြေအနေကို ကိုသန်းထွန်းကို မေးရာ ကိုသန်းထွန်းက သမာဓိ မလုံလျှင် ကြောက်စိတ်တွေ ဝင်လာပြီး အဓိဋ္ဌာန်ပျက်မည်။ ပရလောကသားတွေက တရားရှုမှတ်သူအပေါ် စမ်းသပ်ပုံ၊ မိမိအနေဖြင့် သုသာန်တွင် တရားရှုမှတ်ရသော ဒီတစ်ကြိမ်ဖြင့် မှတ်သွားပြီး၊ မနိုင်သည့် အလုပ်ကို ရှေ့ဆက်မလုပ်တော့ဘူး… ပြောရင်း ကျောင်းပေါက်ဝသို့ ရောက်မှန်းမသိ ရောက်ခဲ့ကြလေသည်။

**ညိုမင်းထက်(မြန်အောင်)**



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ဖမ်းခဲ့ဖူးတဲ့

# ဘီလူး

သတိုးဝဏ္ဏသိဒ္ဓိ

ဘီလူးဆိုတော့ လူတွေ ကြောက်ကြမှာပေါ့။ ကြောက်မှာပေါ့... လူကြီးသူမတွေကလဲ ဘီလူးက လူကို စားတယ်လို့ ခြောက်ကြတယ်။ ဘုရားဟော နိပါတ်တော်တွေမှာလဲ ဘီလူးစားတဲ့ အကြောင်းတွေပါတော့ လူများက တယ်ခက်အောင်ကို အတွေးနဲ့ ကြောက်ကြတာကိုး။

ခင်ဗျားတို့ရော မြင်ဖူးကြလား ကျုပ်ကတော့ ကိုယ်တွေ့ ဖမ်းခဲ့ဖူးတာဗျို့။ ခင်ဗျားတို့ မယုံရင်လဲ ကျုပ်က ဖောက်သည်ချရဦးမှာပေါ့။

ကျုပ် ငယ်တုန်း သန်တုန်းက ဆိုတော့ **အတော်တောင် ကြာပါပြီ**။ ကျုပ်က အခုဆို အသက်က (၆၀) လောက် ရှိပြီလေ။ ကျုပ်နာမည်က ငလှ။ အချိန်ကတော့ ရဲဘော်ခေတ်ပေါ့ဗျာ။ ကျုပ်တို့ဘက်မှာတော့ ရဲဘော်က အုပ်ချုပ်တာကိုး။

ကျုပ်တို့ရွာက ဧရာဝတီမြစ်ရိုးမှာဗျ။ ကျုပ်တို့ရွာကနေ မန္တလေးရောက်ဖို့ ဆိုမော်တော်စီးသွားရတာ။ မတ္တရာကို ဆို ခြေကျင်(လျင်) ဒါမှမဟုတ် လှည်း ဒါပဲရှိတာ။

ကျုပ်တောင် မြို့ပေါ် သွားချင်လို့ ရွာဦးကျောင်းမှာ ဘုန်းကြီးကျောင်းသား လုပ်ရသေး။ ဘုန်းကြီးက မြို့ကို သွားတော့ ကျုပ်က ကပ်လိုက်ရတာ

www.burmeseclassic.com

ကိုးဗျ။

အဲဒီ ခေတ်အခြေအနေကို စဉ်းစားကြည့်ပေါ့ဗျာ။ အခုခေတ်လို အင်တာနက်တွေ ဂိမ်းဆိုင်တွေ ဘာမှ မရှိဘူးဗျ။ အဲဒီတော့ ကျုပ်တို့ အရွယ်ရောက်ပြီဆို အဲဒီအချိန် ကျုပ်တို့ဘက်မှာ ခေတ်စားနေတဲ့ဂိုဏ်းပညာတွေ လိုက်သင်တယ်ဗျာ။ နောက် ကိုယ်ခံပညာ သိုင်းပေါ့ဗျာ။

အဲဒါတွေ လိုက်သင်တယ်။ ပြီးရင် တစ်ယောက်နဲ့တစ်ယောက် ပြိုင်ကြတယ်။ အခု အသက်တွေ ကြီးတော့မှ စဉ်းစားမိတော့ ကျုပ် ကိုယ့်ကိုကိုယ် ခေါင်းပြန်ညိတ်မိပါရဲ့။

ကျုပ်က ဒါတွေ ဘာလို့ ပြောနေတုန်းဆိုရင် ဘီလူးဖမ်းဖြစ်ဖို့ဟာ ဒါတွေက အစဗျ။ ကျုပ်ပြောခဲ့သလို ကျုပ်တို့ ခေတ်က ဂိုဏ်းတွေက ပေါတယ်။ ဘာဂိုဏ်း၊ ညာဂိုဏ်း ပညာက ဘယ် အဆင့် ရောက်နေပြီပေါ့။

ကျုပ်ကလဲ ဒါတွေ ဝါသနာ အပါသားဗျ။ ငယ်တုန်းဆိုတော့ အကြောက်အလန့်ကလဲ ကင်းပေါ့။ ခင်ဗျားတို့ ကြားဖူးတဲ့ သချိုင်းမှာ ပီယဆေး ဖော်ရင်း ပြေးတောင်ပြေးဖူးသေးတယ်။ ခက်တာက ကျုပ် လက်တွေ့သမားဗျ။ ဟိတ် ဘာဖြစ်စေ၊ ညာဖြစ်စေ ဆိုတာတွေကို ကျုပ်က သိပ်မယုံဘူးဗျ။

ဒါနဲ့… ဒါနဲ့… လုပ်ရင် ဒါဖြစ်တယ် ဘာနဲ့ဘာနဲ့ ပေါင်းရင် ဘာစွမ်းတယ်။ အဲလို တကယ်စွမ်းမယ့် အတတ်ကို ရချင်တာဗျ။ တစ်ခါလာလဲ ဘုရားငါးဆူအမိန့်…ဘာညာနဲ့ ဖြစ်နိုင်မလားဗျာ။

အဲဒီလောက် တော်နေကြရင် ဆရာတွေ ရောဝတီမြစ်ဆုံကနေ ရေတွေ မန်းချ အောက်ကပြည်သူတွေ အကုန်သောက်ကြရင် တို့နိုင်ငံ ဆေးရုံတွေတောင် မလိုတော့ဘူးလို့ ကျုပ်က တွေးမိလိုက်သေး။

ဒါနဲ့ဗျာ… ကျုပ်လဲ ပညာလောဘကြီးပြီး ဂိုဏ်းပညာတွေ လိုက်သင်လိုက်တာ (၉)ဆင့် (၉)ဆင့်နဲ့ (၁၁)ဂိုဏ်းလောက် ရောက်သွားရောဗျို့။

စောစောပိုင်းက ကျုပ် ပြောခဲ့သလိုပေါ့ဗျာ။ ကျုပ် လုပ်ချင်တာတွေ ဖြစ်ချင်တာတွေမရတော့ ကြားတဲ့ဂိုဏ်း အကုန်လိုက်တက်လိုက်တာ နောက်ပိတ်ဆုံး ကျုပ်ဆရာနဲ့ တွေ့မှ ကျုပ်လဲ ကျေနပ်တော့တာပဲ။ ဒါတောင် ကျုပ် မမီလိုက်တာတွေ၊ မရလိုက်တာတွေ ရှိသေးတယ်ဗျ။

ကျုပ်ဆရာဆိုလို့များ… လွယ်လွယ်နဲ့ ပညာသင်ပေးတယ်များ မှတ်သလားဗျ။ အိမ်မှာ (၃)နှစ်လောက် ထမင်းတင်ကျွေးထားတာတောင်မှ တစ်နေ့တော့ **''ကောင်လေး ကျောက်သင်ပုန်းယူခဲ့''** ဆိုပြီး ကျုပ်ကို စ,သင်ပေးမှ ကျုပ် ပညာရခဲ့တာဗျ။

ကျုပ်ဆရာက **ဆရာချစ်**တဲ့ဗျ။ **ပထမံအတတ်မှာတော့ တစ်ဖက်ကမ်းခတ်ပေါ့**။ သိုင်းကလဲ ကျွမ်းပါ့။ လူမှင်သေးသလောက် ဘာကိုမှကို မကြောက်တာဗျို့။ ဆရာပြောလို့ ကျုပ်ကြားဖူးသလောက် ကျားနဲ့တောင် ရင်ဆိုင်ခဲ့ဖူးတယ်ဆိုပဲ။

ကျုပ်ဆရာဆီက ကျုပ် သင်ရမှာက **ဆေးက ဆေးသုံးရမယ့်ပညာ၊ အင်းက အင်းသုံးရမယ့်ပညာ၊ စမသုံးရမယ့်ပညာ၊ ရုပ်အတတ်၊ ဓာတ်အတတ်၊ နတ်တိုက်၊ စုန်းတိုက်၊ ရုပ်တိုက်၊ ပုဏ္ဏကအတတ်၊ မိုးကြိုးလောင်မီးကျစေသော အတတ်၊ ဆေးနွားတွေကို ဘယ်လို အသက်သွင်းရမယ်ဆိုတဲ့ အတတ်တွေကို**. သူ့နေရာနဲ့သူ ဘယ်လိုအသုံးချရတယ်ဆိုတာရယ်၊ ဘယ်လို ကာကွယ်ရမယ်ဆိုတာကို အခုမှ ကျွမ်းကျင်တော့တယ် ဆိုပါတော့ဗျာ။

အဲ… ဘီလူးဖမ်းမယ့် အကြောင်းက ဒီလိုဗျ။ ကျုပ်ဆရာကလဲ "ဦးစူးစမ်း"၊ ကျုပ်ကလဲ "ဖိုးသိချင်" လေ။ အဲဒီမှာ ဆုံမိကြတာပဲဗျို့။

တစ်ရက်မှာဗျာ…မုံရွာက ကိုကွဲကြီး ဆိုတဲ့လူက လူမိုက်တဲ့။ တုတ်ပြီးဓားပြီး အကုန်ပြီးတယ်ဆိုတာနဲ့ ကျုပ်ဆရာက…

'ဟဲ့… ငလု ဒီကောင့်ဆီက ဘာပညာလဲဆိုတာ သွားကြည့်ရအောင်'

လဲ ပြောရော။ ကျုပ်ကလဲ ပြောနေကြာတယ်ဆို သွားဖြစ်ကြတယ် ဆိုပါတော့ဗျာ။

အဲဒီအချိန်တုန်းက သိကြတဲ့အတိုင်းပဲ ပစ်တိုင်းထောင် ကားဂိတ်က စစ်ပြန် ချက်ပလက်ကား အမိုးပေါ်မှာ တစ်နေကုန် စီးရတာဗျာ။ ခုနေခါနဲ့များကွာပါ့။ မုံရွာရောက်တော့ မိုးကို ချုပ်ရော။ ကျုပ်တို့လဲ ကားဂိတ်မှာ ယောင်လည်လည်လုပ်ရင်း ဗိုက်ကလဲ အတော်ဆာတာနဲ့မို့ အကြော်ဆိုင် ဝင်လွေးလိုက်ကြတာဗျ။

အဲဒီမှာ ကျုပ်ကလဲ မနေနိုင်ဘူးဗျ။ အကြော်သည်ကို လူမိုက်ကွဲကြီး အကြောင်း စုံစမ်းမိရော အကြော်သည်မကြီးက လူမိုက်ကွဲကြီးကို ကြောက်ရှာတာလဲ လွန်ရော၊ ကျုပ်တို့အတွက် စိတ်ပူရတာလဲ လွန်ရောဆိုတဲ့ အတိုင်းပဲ။

အဲ… ဖြစ်ချင်တော့ ကွဲကြီးတပည့်တွေက ကျုပ် စုံစမ်းနေတာကြားပြီး သူ့ဆရာကို သွားခေါ်ခဲ့ပါရောဗျာ၊ ကွဲကြီးဆိုတဲ့အတိုင်းပဲဗျို့…မည်းမည်း ဝဝ ဂင်တိုတိုနဲ့ ကွဲပေါက်ကြီးအတိုင်းပဲ။ ပြီးတော့ ရောက်ရောချင်း





www.burmeseclassic.com

www.burmeseclassic.com

ဆောက်နဲ့ ထွင်းဆိုသလိုပဲ…

'ဝိုနာမည်မေးတာ ဘယ်သူလဲကွ'

ဆိုပြီး ခွေးခြေခုံ ကိုင်လာပါလေရော၊ ဒါနဲ့ ကျုပ်က…

'မဟုတ်ပါဘူး ကိုကျွဲရယ်… ခင်ဗျားက ပြီးတယ်ဆိုလို့ ဘာစွမ်းတာလဲ သိချင်လို့ပါ။ အဆောင်လက်ဖွဲ့လား၊ ဆေးလား အင်းလား အဲဒါကိုပါ'

လို့ ပြောပေမယ့် မရပါဘူးဗျာ…

'ဝိုဟာသာ ဘာစွမ်းစွမ်း'

ဆိုပြီး ကျုပ်ကို ခွေးခြေနဲ့ ရိုက်ပါလေရောဗျို့။ ညာခြေနောက် မြင်းထိုင်နဲ့ ကပ်တိမ်းပေးပြီး ဘယ်ခြေနဲ့ သူ့တံကောက်ခွက်(ဒူးခေါင်းနောက်နေရာ)ကို ဆောင့်ကန်လိုက်တာ ရှေ့ဟပ်ထိုး ငိုက်ကျလာရော။

ကျုပ်လဲ နောက်က ညာခြေဖနောင့်နဲ့ သူ့ရင်ဘတ်ကို ပင့်ကန်ကန်လိုက်တာ ဘသားချော ပြီးတာပြီးတာပဲ။ ပက်လက်တော့ လန်လဲသွားတာဗျို့။ အဲဒီအချိန်မှာ ကျုပ်ဆရာချစ်က…

'ဟော့ကောင်… လေ့ အဲဒီကောင် စွမ်းတာ ဘာမှမဟုတ်ဘူး။ အံ့ပွားကွ…အံ့ပွား… ပါးကြီး ဖုထွက်နေတာတွေ့လား'

လို့လဲဆိုရော အကြော်ဖိုက အုတ်နီခဲတစ်လုံး ယူပြီး ကျွဲကြီးပေါ်က ခွထိုင်…

'မင်းလားကွ ပြီးတာ၊ မင်းလားကွ ပြီးတာ'

ဆိုပြီး သူ့အံ့ပွားရှိတဲ့ ညာဘက်ပါး ဖောင်းနေတဲ့ဆီကို အုတ်နီခဲနဲ့ တအားဆုလိုက်တော့ ရွှေကိုယ်တော်အံ့ပွားက ကျွတ်ထွက်လာပါလေရောလား။

အချိန်ကိုက် ဆိုသလိုပဲဗျို့ သက်ဆိုင်ရာက ရန်ဖြစ်တယ်ဆိုရောက်လာတော့ ကျွဲကြီး ကျွတ်ထွက်လာတဲ့ အံ့ပွားကို ကောက်ပြီး ကျုပ်တို့ ဆရာတပည့်နှစ်ယောက်လဲ ပြေးလိုက်တာ ကြီးရပ်ကွက်ထဲက ဦးခမ္မိကဘုန်း



ကြီးကျောင်းရောက်မှပဲ ရပ်တော့တာပဲဗျို့။ ဘုန်းကြီးကတောင်…

'ဟ… ဒီအကာတွေ ဘာတွေဖြစ်လာတာတုန်း၊ အမောတကောနဲ့'

ဆိုတော့ ကျုပ်လဲ အတိုချုံး လျှောက်ထားလိုက်ရတယ်ဗျို့။ ဘုန်းကြီးကတောင်…

'ဒကာတို့ကတော့ အာဂလူတွေပဲ။ ကျုပ်လဲ ဒကာတို့နဲ့ တွေ့ချင်နေတာ အတော်ပဲပေါ့။ အခုတော့ နားလိုက်ပါဦး'

လို့ မိန့်ပြီး ကျောင်းပေါ် တက်သွားပါလေရော။

ကျုပ်တို့လဲ တစ်နေကုန် ကားစီးရ၊ ရန်ဖြစ်ရနဲ့ဆိုတော့ မောပြီး အိပ်တော့တာပဲဗျို့။ အဲ… နောက်နေ့လဲရောက်ရော ဘုန်းကြီးရဲ့ တွေ့ချင်တာကြီးက စ,ရော… ဘုန်းကြီးက ကျုပ်တို့ကို ခေါ်ပြီး မနက်စာတော့ ကောင်းကောင်း ကျွေးလိုက်သေးတယ်ဗျ။ စားပြီးမှ ဘုန်းကြီးက…

'ဒကာတို့ကို ပြောစရာ ရှိတယ်ဆိုတာ ဘုတလင်မြောက်ဘက်က ကျုပ်ရွာ ကျုပ်ကျောင်းပေါ့ဗျာ။ အဲဒီမှာ ကျောင်းထိုင် မပြု ဘူးဖြစ်နေတယ်ဗျာ။ တစ်ခုခုတော့ ဖြစ်နေတာ သေချာတယ်ဗျ။ ဒကာတို့ လိုက်ကြည့်ပေးကြပါဦး'

ဆိုတော့ ကျုပ်တို့ မငြင်းနိုင်တော့ဘူးဗျို့။

ဒါနဲ့ ဘုန်းကြီးလဲ နေ့ဆွမ်းစားပြီးရော ကျုပ်တို့ ဘုန်းကြီးပြောတဲ့ရွာကို လှည်းနဲ့ အသော့နှင်ကြတာ ညနေစောင်းမှ ရောက်တော့တာပဲ။ ဘုန်းကြီးက ရောက်ရောက်ချင်းပဲ ရွာက ရွာလူကြီးတွေကို စုခိုင်းပြီး…

'ဒီမှာ ကျုပ်တော့ ဆရာတွေ ခေါ်လာပြီး အသေးစိတ်တော့ ခင်ဗျားတို့ပဲ ပြောပြလိုက်ပါ'

ဆိုတော့ ရွာလူကြီးတစ်ယောက်ကပဲ…

'ဒီလိုဆရာတို့ရဲ့…ဒီကျောင်းကို လာထိုင်တဲ့ ဘုန်းကြီးလဲ မပြုဘူး။ သေတဲ့ကိုယ်တော်လဲသေ၊ ပြေးတဲ့ကိုယ်တော်လဲ ပြေးနဲ့ ခြောက်ပါး, ခုနစ်ပါးလောက် ရှိပြီ။ ဘာရှိတယ် ဆိုတာတော့ ကျုပ်တို့လဲ ကောင်းကောင်း မသိဘူးဗျို့

နိုင်တယ်ဆိုပြီး လာလုပ်တဲ့ ဆရာတွေလဲ သေကုန်တာများတယ်။ ဆရာတို့ နိုင်မယ်ဆိုရင် ကျုပ်တို့ဆီက ကြိုက်သလောက်တောင်းပါ'

လို့ တောင်းတောင်းပန်ပန်နဲ့ ပြောတော့မှ ကျုပ်ဆရာက…

'အင်း…ဒီလိုတော့ ပြောလို့မရသေးဘူးလေ။ ကျောင်းကို အရင်သွားကြည့်ကြတာပေါ့'

လို့ ပြောပြီး ကျောင်းကို ထွက်ခဲ့ကြတယ်ဆိုပါတော့။

ကျောင်းက ရွာဦးကျောင်းဗျ၊ ရွာနဲ့က အတော်လေး သွားရသေးတယ်၊ ကျောင်းက လေးခန်းကျောင်းဗျ၊ ကျုပ်ဆရာကတောင် "**လေးခန်းခြောက်တိုင် ကျောင်းမထိုင်နဲ့**" တဲ့ဗျ၊



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပေါ် လျှောက်ကြည့်တော့ ကြေးစည်တို့၊ လက်ဖက်ရည်ပွဲတို့ ဖုန်တက်နေတာကလွဲပြီး ဘာမှ လက်ရာ မယွင်းဘဲ ရှိနေတာကို ကြည့်ရတာ ဒီရွာကလူတွေ အတော်ကို ကြောက်ကြတဲ့ သဘောဗျ။ ကျုပ်တို့လဲ ကျောင်းကို ကြည့်ပြီးတော့ ဆရာက...

'ကျုပ်တို့ ဘာပစ္စည်းမှ ပါမလာဘူးဗျ။ ဘုန်းကြီးက လိုက်ခဲ့ဦးဆိုလို့သာ လိုက်ခဲ့ရတာ၊ ကျုပ်တို့ကို နောက်နှစ်ရက်နေရင် လာကြိုလိုက်'

လို့ ပြောပြီး ကျုပ်တို့ မန္တလေးကို ပြန်ခဲ့ကြတယ်ဗျို့။

အပြန်လဲကျရော ဆရာက အတော် နှုတ်ဆိတ်နေတယ်ဗျို့။ အတော်ကြီးကြာမှ...

'ဟော့ကောင်...မင်း ဘာလို့ ထင်လဲ'

လို့ မေးတော့မှ...

'ကျုပ် မခန့်မှန်းတတ်ပါဘူးဗျာ'

လို့ဆိုပြီး ကျုပ် ပြန်ပြောလိုက်တယ် ဆရာကလဲ...

'အေး...မင်းပညာ တိုးတာပေါ့ကွာ'

တဲ့ဗျာ။

ကျုပ်ကို ဘာလို့တော့ ကြိုမပြောဘူးဗျ။ ကျုပ်ကလဲ ဆိတ်ဆိတ်ပဲ နေလိုက်တယ်။ အိမ်ရောက်တော့ ဆရာ ခိုင်းတာတွေ လုပ်ပေးရတယ်ဗျ။

အိမ်မှာ တစ်ရက်နေပြီး နောက်နေ့ စောစော မုံရွာကို ထွက်ခဲ့လိုက်တယ်။ ကြိုတဲ့ လူတွေက အရန်သင့်မို့ တော်သေးတယ်။ ဒါတောင် ကျုပ်တို့ လှည်းကို အကြာကြီး စီးခဲ့ရတာ၊ ဘုန်းကြီးကျောင်းကို ရောက်တော့ သန်းခေါင်တောင်ရောက်နေပြီ။ တစ်ရွာလုံးက စောင့်ကြိုနေကြပြီး ရွာလူကြီးကတော့...

'ဆရာတို့ ကြိုက်တာ လိုတာ အကုန်ပြောလုပ်ပေးနိုင်တယ်။ တစ်နေ့ကို ထမင်း(၃)ခါပို့မယ်။ လက်ဖက်ရည်နဲ့ အမြည်းပို့မယ်။ ဒါပေမယ့် ဆရာတို့နဲ့တော့ မအိပ်နိုင်းနဲ့'

လို့ ပြောပြီး ကျောင်းကို တစ်ရွာလုံး လိုလို လိုက်ပို့ကြတယ်ဗျာ။ လိုလေသေးမရှိအောင်တော့ လုပ်ပေးကြတယ်ဗျ။

သူတို့လဲ ပြန်သွားရော ဆရာက ကျုပ်တို့ အိပ်မယ့်နေရာ၊ အလုပ်လုပ်မယ့် နေရာတွေကို စည်းချ။ ကျုပ်ကိုလဲ...

'ဟော့ကောင် မင်းနွားတွေ အသက်သွင်းထား'

ဆိုလို့ ကျုပ်ကလဲ အရန်သင့်လုပ်ထားလိုက်တယ်ဗျာ၊ ပြီးတော့ အင်းတွေ ပြင်ထားတယ်ဗျာ။ အားလုံး အရန်သင့်ဖြစ်ပြီဆိုမှ ကျုပ်တို့ ဆရာတပည့်နှစ်ယောက် အဓိဋ္ဌာန်ပုတီးစိပ်ပြီး အိပ်ကြတာဗျ။

ပထမ တစ်ရက်,နှစ်ရက်ကတော့ ဟုတ်လို့...ဘာမှလဲ မထူးခြားဘူး ဖြစ်နေတာ။ ဟော... တတိယညလဲ ရောက်ရော ထူးပါပြီဗျာ။ ကျုပ်တို့လဲ ထုံးစံအတိုင်း ဘုရားဝတ်တက် ပုတီးစိပ်ပြီးလို့ သန်းခေါင်နားလဲရောက်ရော ကျောင်းကြီးက သွက်သွက်ခါအောင် တုန်လာပါရောလား။

ဒါနဲ့... ကျုပ်ဆရာကလဲ "**ထူးပြီး ဟော့ကောင် မီးထွန်းတော့**"ဆိုတာနဲ့ ကျုပ်လဲ အဋ္ဌမှာ်အင်းတွဲကို မီးထွန်းလိုက်ပါလေရော၊ ဒါနဲ့ ဘီလူးလေးက ထုပ်တန်းပေါ်က ခြေထောက်လေးတွဲလောင်းချလို့ ဘာပြောတယ်မှတ်တုန်း...

'ဘုရား,တရား အလုပ်တွေ လုပ်နေပြီး ဒါတွေ မလုပ်နဲ့လေ'

လေတဲ့ဗျ၊ ဘီလူးဆိုလို့ အကြီးကြီးများ ထင်မနေနဲ့။ အရုပ်လေးလိုပဲ ကလေးပေါက်စ အရွယ်လောက်ရှိတာ ရုပ်ကို လူလုံးပေါ်အောင် မမြင်ရပေမယ့် လူလေးလိုပဲဗျ။

ကျုပ် အင်းက မပူသေးတော့ ထုပ်တန်းတွေကို ဟိုကူးလိုက် ဒီကူးလိုက်နဲ့ ပါးစပ်ကလဲ "**ဒီလိုမလုပ်နဲ့လေ ဒီလိုမလုပ်နဲ့လေ**"နဲ့ ပြောသေးတာဗျ။

ကျုပ်လဲ အသာစောင့်ကြည့်နေလိုက်တာ သက်န်းကြီးစကို ကျိုးခြေကျစ်ထားတဲ့ အင်းမီးစာက ဆီနဲ့လဲထိရော... အဲဒီဘီလူးခမျာ "ဘုန်း"ဆိုပြီး အောက်ကို ကျလာပါရောလား။ ဒီကောင်ကလဲ မခေဘူးဗျ။ ကျောင်းလှေကားထိပ်ကတိုင်ပေါ် တက်ပြေး

www.burmeseclassic.com

www.burmeseclassic.com



တာပေါ့။

အဲဒီမှာပဲ ကျုပ်ဆရာက ဆေးတော်ကြီးတွေနဲ့ စီရင်ထားတဲ့ ပဝါနဲ့ ခုနက ဘီလူးလေးတက်ပြေးတဲ့ တိုင်ရဲ့ အထက်က ပိတ်ပြီး အမိန့်ပြန်ချုပ်ထားလိုက်တယ်။

ပြီးတော့မှ ဆေးတော်နဲ့ ထုံးဖြူ သန့်သန့်တွေရော အရစ်လိုက် အရစ်လိုက် အမိန့်ပြန်ပြီး သေချာအောင် ချုပ်ထားလိုက်တော့တာဗျို့။ ကျုပ်တို့လဲ စိတ်ချရပြီဆိုပြီး အိပ်မယ်လုပ်တော့ လင်းကြက်တောင် တွန်နေပြီဗျ။

ကျုပ်တို့ စိတ်ချလက်ချနဲ့ အတော်ကို အိပ်ပျော်သွားတယ်နဲ့ တူပါတယ်။ မနက် အရုဏ်ထမင်းလာပို့တဲ့ လူနှိုးတာတောင် မနိုးဘူးတဲ့။ အဲဒီလူက လဲ ကြောက်လို့ အောက်က နှိုးတာနေမှာပါ။

ကျုပ်တို့ ပြန်ထူးသံ မကြားလို့ ဆိုပြီး ရွာပြန်ပြေးတာ တန်းနေတာပဲဗျာ။ ရွာရောက်တော့ ရွာလူကြီးက မောင်းထုလူစုပြီး တစ်အုံတစ်မကြီး ချီတက်လာမှ ကျုပ်တို့လဲ နိုးကြတာဗျ။ ဒါနဲ့ ဆရာကလဲ...

'လူတွေ များလှပါလား'

လို့ မေးတော့ ရွာလူကြီးလဲ မျက်စိမျက်နှာပျက်လို့ ကျုပ်တို့ကို သေချာကြည့်လိုက် သူ့ရွာသားတွေကို ကြည့်လိုက်နဲ့...

'ဒီလိုဆရာရေ...ဆရာတို့ ထမင်းပို့လွှတ်တဲ့ကောင်တွေလေ ဆရာတို့ကို ခေါ်ကြည့်ဘာ မရလို့ဆိုပြီး ကျုပ်ကို အရင်ဆရာတွေ ...သေကုန်ပြီထင်ကြီးလို့ လာ သတင်းပို့တာ ...ဆောင်းထုလူစုပြီး ထွက်လာကြတာဗျ။ ဆရာတို့ ဘာမှ မဖြစ်ပါဘူးနော်၊ အားနာ...တာဗျာ'

...တောင်းပန်ရှာတယ်။ ဒီတော့မှ ကျုပ်ဆရာက...

'ရပါတယ်ဗျာ၊ သူတို့တွေလဲ ကြောက်ရှာမှာပေါ့။ ကျုပ်တို့လဲ ညက အလုပ်ကလေး နည်းနည်းရှုပ်သွားလို့ လင်းကြက်တွန်မှ အိပ်ကြရတာဗျို့။ အန္တရာယ်လဲ ကင်းပြီဆိုတော့ စိတ်ချလက်ချနဲ့ အိပ်ပျော်သွားလို့ပါ။ ကောင်းပါတယ်။ ဒါဆို ကျုပ်တို့ ရွာလူကြီးနဲ့ ရွာကလူတွေကို ထူးပြီး သွားခေါ်ခိုင်းစရာ မလိုတော့ဘူးပေါ့။ ဒီမှာ အကြောင်းကလေး ထူးနေပြီ ဘာဖြစ်မယ်ဆိုတာတော့ ကျုပ် အတပ်ပြောလို့မရသေးဘူး။ ကျုပ် လောလောဆယ် လှေကားထိပ်က ကျောင်းတိုင် တစ်တိုင်တော့ လဲချင်တယ် ဖြစ်မလားဗျာ'

ဆိုတော့ ရွာလူကြီးကလဲ...

'ချက်ချင်းကို ရစေရမယ်ဗျာ'

လို့ပြောပြီး သူ့ရွာသားတွေကို လုပ်ငန်းတွေ ခိုင်းတော့တာပဲဗျို့။

တော်တော်တော့ညီတဲ့ ရွာဗျို့။ တိုင်ကျင်းတူးတဲ့လူတူး၊ တိုင်ကို တိုင်းတဲ့လူက တိုင်းနဲ့ ခဏနေတော့ ကျွန်းတိုင်တစ်လုံး ချောလို့ဗျာ ရောက်ပါလေရော။ အဲဒီ ခေတ်အခါကလဲ သစ်ဝါးက ပေါမှ ပေါပါဘိနဲ့ ဒီဘက်ခေတ်ဆို ဘယ်လွယ်မလဲ။

အင်း...သူတို့ တိုင်လဲတဲ့ အလုပ်ပြီးတော့ ကျုပ်တို့ အလုပ်ရှုပ်ရမယ့် အလှည့်ဗျို့။ လူကလဲ စည်ကားသမှ တစ်ရွာလုံးအပြင် ရွာနီးချုပ်စပ်က သတင်းကြီးနေတဲ့ ဒီကျောင်းကို ဆရာတွေက နိုင်ပြီဆိုတော့ ဘာလဲဆိုတာ သိချင်ကြမှာပေါ့။

လူ အဲဒီလောက်များတော့ ကျုပ်တို့လဲ တိုင်လုံးအလယ်က ထားပြီး အတောင်(၃၀) ပတ်လည်လောက် ဆေးတွေနဲ့ စက်ဝိုင်းပုံ စည်းချထားရတယ်ဗျို့။ မဟုတ်ရင် အထဲက ဘာထွက်လာမလဲမှ မသိတာ။

အောင်မာ အဲဒီအချိန် ကျုပ်က ဆရာ့ဆီက ပညာသင်ဆဲဆိုတော့ ဆရာက ကျုပ်ကို စမ်းသေးတာဗျ။

'ဟေ့ကောင် ငလှ မင်း ကြောက်လား၊ ဘာလို့ထင်တုံး'

တဲ့။ ကျုပ်ကလဲ နဂိုကတည်းကမှ ကြောက်စိတ်နည်းနည်းမှ မရှိတဲ့ကောင်ဆိုတော့ဆိုတော့...

'ကျုပ်က ဘာလို ကြောက်ရမှာတုံး ဒါပေမယ့် ဘာမှန်းတော့ မသိဘူး'

ဆိုမှ ဆရာက ပြုံးပြီး...

'ဒါ ရုပ်တိုက်လို့ခေါ်တယ်ကွ၊ မှတ်ထား။ ဝါ မနေ့ကတည်း သိတယ်'

တဲ့ဗျာ။ ဒါနဲ့ ဆရာက ရွာလူကြီးကို မကြောက်တတ်တဲ့လူ၊ သတ္တိရှိတဲ့လူလေး ငါးယောက်လောက် ရွေးခိုင်းတယ်ဗျ။

အဲ... ကျုပ်ဆရာက အဲဒီ လူလေး ငါးယောက်လောက်ကို ရဲတင်းတို့၊ ငမန်းလှတို့ ယူခိုင်းပြီး စည်းဝိုင်းထဲ ဝင်ခိုင်းလိုက်တယ်ဗျာ၊ ပြီးတော့မှ ရွာလူကြီးနဲ့ ရွာသားတွေဘက် လှည့်ပြီး...

'ဒီတိုင်ကို ကျုပ်တို့ အခု တစ်ထစ်ချင်း ဖြတ်မှာမို့လို့ စည်းဝိုင်းထဲကို တစ်ယောက်မှ မဝင်ပါနဲ့လို့ ပြောချင်တယ်။ ဒီထဲ ဘာရှိတယ်၊ ဘာထွက်လာမလဲဆိုတာ ဘယ်သူမှ မပြောနိုင်သေးဘူး။

အထဲကလူတွေလဲ ကြောက်တတ်ရင် အပြင်ပြန်ထွက်လို့ရတယ်။ ငလှ မင်းလဲ ဒီထဲက ဘာကောင် ထွက်လာ ...လာ



www.burmeseclassic.com

www.burmeseclassic.com

မိအောင်ဖမ်းဖို့တော့ လိုတယ်။
အခုချိန်ကစပြီး ပြောတာကို သေချာနားထောင်စေချင်တယ်။ မကြောက်တတ်ရင်တော့ သဘောပဲ။ ကျုပ်တို့ မနေ့ညက ကိုယ်တွေ့ တွေ့ထားပြီးသားမို့ ပြောတာ'

လို့ ပြောပြီး ကျုပ်ကို အလုပ်စဖို့ အချက်ပြတယ်။ ကျုပ်တောင် အံ့သြသေးတယ်။ ကျုပ်ဆရာ ဒီလောက် စကားတွေ အများကြီး မပြောဘူးဗျ။

ကျုပ်လဲ ဘာမှ ပြန်မပြောတော့ဘဲ အသာလေး ငြိမ်နေရတယ်ဗျို့။ စည်းဝိုင်းထဲကလူတွေကိုပဲ ဒီနား လွှတိုက်၊ ဒီနားကို ရဲတင်းနဲ့ခုတ်ဆိုပြီး ဆရာညကျ အရစ်လိုက် အရစ်လိုက် လုပ်ထားတဲ့ နေရာတွေကို ပြပြီးခိုင်းနေလိုက်တယ်။

ဆရာကလဲ ဂရုစိုက်ပါတယ်။ အရစ်တစ်ရစ် ရောက်တိုင်း လိုက်,လိုက် ခေါက်ကြည့်တယ်၊ ဆရာ ဆေးပဝါနဲ့ အုပ်ပြီးထားတဲ့ အရစ်လဲ ရောက်ရော ခေါက်ကြည့်လိုက်တော့ အထဲက အခေါင်းရှိတဲ့အသံ ကြားရတာနဲ့ ဆရာက ဒီအပိုင်းကို ဂရုစိုက် ဖွဲ့ထုတ်ဖို့ ပြောလို့ ကျုပ်တို့လဲ အသေအချာကို စိတ်ရှည်လက်ရှည်နဲ့ ဖွဲ့ထုတ်ကြည့်လိုက်တယ်။

အဲဒီမှာ **လက်မလောက်ရှိတဲ့ ဘီလူးသခေါ(သွားခေါ)လေး ထွက်လာတာဗျို့။** ပန်းပုထုထားတာက တော်တော်ပီပြင်တာဗျ။ **ဘီလူးသခေါပုံကို စအိုဇင်ဝိတ် မုဆိုးဒူးထောက်ထိုင်လို့ သန်လျက် ထမ်းထားပြီး လက်တစ်ဖက်က ကြေးပုရပိုက်လေး ပိုက်လို့ဗျို့။** (မြင်ဖူးတယ်ရှိအောင် ကျုပ်ပုံကြမ်းလေး ထည့်ပေးလိုက်ပါတယ်။) ပုရပိုက်ထဲက စာကို ဖတ်ကြည့်လိုက်တော့...

'ငါကဲ့သို့သော သီလ,သမာဓိ ပြည့်စုံခြင်း



မရှိသော ပုဂ္ဂိုလ် လာရောက်သိတင်းသုံးပါက သင်စားစေ'

လို့ ရေးထားတာ ဖတ်လိုက်ရတော့ ကျုပ် ကျောတောင် ချမ်းသွားတာဗျ။ ကျုပ် ဆရာကို ပြလိုက်တော့...

'အေး... အရင်ကျောင်းထိုင်က ဆေးဘုန်းကြီးနဲ့တူတယ်ကွ။ သူ စီရင်သွားတာပဲ'

လို့ ပြောပြီး ရွာက လူတွေဘက် လှည့်သွားတယ်။ ပြီးမှ...

'ခင်ဗျားတို့ကျောင်း ကျောင်းထိုင်မမြဲတာ ဒီဘီလူးလေးကြောင့်ပဲ။ အခုတော့ အားလုံး ရှင်းသွားပါပြီ။ စိတ်ချလက်ချသာ ကျောင်းထိုင်ပင့်ကြပါ'

ဆိုပြီး စည်းချထားတာတွေ လိုက်သိမ်း အထုပ်ပြင် ပြန်ဖို့ ပြန်လုပ်တော့တာပဲဗျို့။ ကျုပ်လဲ သူ ပြန်မယ်လုပ်လို့သာ ပြန်ရမှာ။ ကျုပ် သိချင်တာ မရသေးဘူးလေ။ ဆရာက ကျုပ် အကြောင်းသိလို့လား မသိဘူး။ ဘီလူးလေးကို ဖန်ပုလင်းလေးထဲ သေချာထည့်ပြီး သိမ်းထားတာဗျို့။

ကျုပ်လဲ မနေနိုင်ဘူး **"ဆရာ ဒီရုပ်တိုက်က ဘယ်လိုလုပ် ရတာတုံး"**လို့ အတင်းလိုက်မေးတော့ **"နောက်တော့ ပြောတာပေါ့ကွာ"** တဲ့ဗျာ။ ဒါနဲ့ ဆရာ ဒီဘီလူးလေး ပေးပါဆိုတော့လဲ မပေးဗျာ၊ ကျုပ်အောင့်သီးအောက်သက်နဲ့ နေ,နေတာပေါ့။

ကျုပ်တို့ကိုလဲ ရွာက ကျေးဇူးတင်လွန်းလို့ ကြိုက်တာ ပြောဆိုပေမယ့် ဆရာက စေတနာ ရှိသလောက်ပဲ ကန်တော့ခိုင်းတယ်၊ ပြီးတော့မှ မုံရွာ ပစ်တောင်းထိုင်ကားဂိတ်ကို လှည်းနဲ့ လိုက်ပို့ကြတယ်ဗျို့။

ဒီလိုနဲ့ ကျုပ်တို့ မန္တလေးက ဆရာ့အိမ်ကို ပြန်ရောက်ရောဗျာ။ ကျုပ်လဲ မသိပါဘူးဗျာ၊ ဘီလူးပါတဲ့ ဖန်ပုလင်းလေးကို ဘုရားစင်အောက်နားလေး သွားထားမိလိုက်ပြီး အိပ်လိုက်တယ်ဗျ။

အဲဒီအချိန်တုန်းက ဆရာ့မယ်တော်ကြီးက ရှိသေးတော့ မနက် (၄)နာရီဆို ဆွမ်းတော် ထကပ်နေကျ။ အဲဒီနေ့မှာမှ မယ်တော်ကြီးက ဘုရားအရုဏ်ဆွမ်းကို ငါးကြော်လေးနဲ့ ကပ်တာဗျ။ ဆွမ်းတော်လေးကပ်ပြီး ဘုရားလေးဝတ်တက်ကာ ရှိသေးတယ်၊ ကျေးဇူးရှင်ဘီလူးက ဒီနားလာပြီး...

"ပွတ်တွတ် ပွတ်တွတ်"

နဲ့ အော်ပါလေ့ရော။

မယ်တော်ကြီးကလဲ ကျုပ်တို့ကို...

'ဟဲ့...နင်တို့ ဘာတွေ အိမ်ယူလာတာလဲ နင်တို့ဟာကြီးက ငါ့ကို အော်နေတယ် လုပ်ဦး'

ဆိုပြီး ပြန်အော်ပါရောဗျာ။ ဒါနဲ့ ဆရာကလဲ ကျုပ်ကို...

"ဟော့ကောင်... မင်း ဟိုဟာကို ဘယ်နားသွားထားတာလဲ" လို့ မေးပြီး အိမ်ပေါ်တက်သွားလို့ ၊ လိုက်သွားရော ဆရာက စကားမပြောအောင် ပြန်ချုပ်ထားလိုက်တာ တွေ့လိုက်ရတယ်ဗျ။ ပြီးမှ ကျုပ်ဘက် လှည့်ပြီး...

'ဒီကောင်တွေက အသားနံ့ ငါးနံ့ စကားအင်မတန်များတယ်ကွ။ သူ့ကို ထမ်း



www.burmeseclassic.com

www.burmeseclassic.com

ဖြူလေး ဆီဆမ်းကျွေးရတယ်'

လို့ ကျုပ်ကို အကဲခတ်ရင်း ပြောလိုက်တယ်။

ဆရာကလဲ ကျုပ် အရိပ်အခြည်ကို ကြည့်နေတာနဲ့ တူပါတယ်ဗျာ။ ကျုပ် ပြန်ခါနီး ယောင်ပေပေ ယောင်ပေ လုပ်နေတာကို သိတော့ ကျုပ်ကိုခေါ်ပြီး...

''အေး...ငါ သိပါတယ်။ မင်း ဒါကို လိုချင်နေတယ်ဆိုတာ၊ ဒါတော့ ယူမသွားနဲ့ကွာ။ မင်းက ငယ်သေးတော့ ပေါက်ကရ လျှောက်လုပ်မှာ ငါ သိတယ်ကွ။

မင်း သိချင်ရင် ငါ နည်းပြောလိုက်မယ်ကွာ။ သိမ်ဗဟိုပန္နက်ကို ရအောင်ရှာကွာ၊ တွေ့ရင် ဒီပုံလေး ရအောင်ထုကွာ။

ပုရပိုက်မှာ မင်း ဖြစ်ချင်တာ၊ လိုတာရေးကွာ။ ပြီးရင်... အထက် အာဋာဝကကြီးကို အပ်လိုက်ကွာ။ အဲဒါကို ရုပ်တိုက်လို့ ခေါ်တယ်။ ကဲ...သွားပေရော့'

လို့ ပြောပြီး ပြန်လွှတ်လိုက်တာဗျို့။ ကျုပ်ကတော့ ပြောမနေနဲ့...ဗဟုသုတလဲတိုး၊ ပညာလဲတိုးလို့ ကျုပ်လောက်ပျော်တဲ့ကောင် ရှိဦးမလားဘဲ။

အဲ...ကျုပ်ကလဲ ဆရာပြောလဲ ပြောစရာဗျို့...အဲဒီအချိန်တုန်းကသာ ဆရာက ပေးလိုက်ရင် ဘီလူးရုပ်အကြီးကြီးလုပ်ပြီး ဗိုက်ထဲကို ခုနက ဘီလူးလေး မြှုပ်ထားမလို့ဗျို့။ ပြီးမှ စကားပြောခိုင်းမယ်ပေါ့ဗျာ။ နာမည်ကြီးနေပါက်ကြဲတာဗျို့။ ဆရာက အဲဒါကို သိလို့ မပေးတာဖြစ်မယ်။

ကျုပ်လဲ အဲဒီနည်းလမ်းလေးရလို့ လုပ်ဦးမယ်ဆိုပြီး သိမ်ဗဟိုပန္နက်ကို ရှာလိုက်တာ။ အကြောင်းမတိုက်ဆိုင်တာလား သိတဲ့ဆရာတွေကပဲ သိမ်းဆည်းသွားကြတာလား မသိပါဘူး။ မတွေ့မိပါဘူး။

ဟော... အကြောင်းတိုက်ဆိုင်တော့လဲ အသက်အရွယ်ကလေး ရလာတော့ လာပေးတဲ့လူကို ရှိတာဗျ။ ဒါပေမယ့် ငယ်ငယ်တုန်းကလို ပေါက်ကရလုပ်ချင်တဲ့စိတ်တွေ မရှိတော့လို့ မလုပ်ဖြစ်တော့ပါဘူးဗျာ။

ခင်ဗျားတို့ရော အဲဒီပညာတွေ ရရင် ဘာလုပ်ချင်တုန်းဗျာ၊ မယုံလို့ စမ်းချင်တယ်၊ လုပ်ချင်တယ်ဆိုရင် ကျုပ်ဆီကို သိမ်ဗဟိုပန္နက် လာယူလို့ ပြောလိုက်ချင်တယ်ဗျာ။

***ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝကြပါစေ။***

**သတိုးဝဏ္ဏသီရိ**

စာမျက်နှာ (၂၄၈)မှ အဆက်

ရယ်၊ ဒေါ်လှမြင့် အဝတ်အထည်ရယ် တစ်ဖက်စီထည့်ပြီး အခေါင်းကို ပုတ်ပါတယ်။

အခေါင်းကိုပုတ်ပြီး...

'ကဲ... အေးသန်းရေ နှင့်ကလေးသုံးယောက်ကို နင် ဘယ်သူ့ပေးချင်လဲ။ နှင့်ယောကျ်ား မြမောင်နဲ့ ထားခဲ့မှာလား။ နှင့်ညီမ မလှမြင့်နဲ့ ထားခဲ့မှာလား။ နှင့်ယောကျ်ားနဲ့ ထားခဲ့ချင်ရင် မြမောင် အဝတ်အစားထည့်ထားတဲ့ဘက်ကို အလေးသာပြပါ။ နှင့်ညီမနဲ့ ထားချင်ရင် တစ်ဖက်ကို စောင်းပြပါ'

အဲဒီလို ပြောတယ်။

ဦးမြမောင်က...

'မိန်းမရေ... ငါ့ကလေးသုံးယောက်ကို ငါနဲ့ထားခဲ့ပါ။ ငါ ကျွေးနိုင်မွေးနိုင်ပါတယ်။ နင် နောက်ဆံတင်းမနေပါနဲ့။ ငါ ရှာကျွေးနိုင်ပါတယ်'

လို့ ငိုသံပါကြီးနဲ့ပြောတယ်။

ဒေါ်လှမြင့်ကလဲ...

'အစ်မရေ... စိတ်ချလက်ချသွားနိုင်အောင် ငါနဲ့ ထားခဲ့ပါ။ နှင့်ကလေးတွေကို ငါပြုစု ကျွေးမွေးပါ့မယ်။ ငါ တစ်သက်လုံး တာဝန်ယူပါတယ်'

သေဖြင့်ပေါ့ သိပ်တော့ မမှတ်မိတော့ဘူး။ ပြောလဲပြောပြီး၊

အဲဒီမှာ အမိအဖဖြစ်တဲ့ ဦးတာတီပိုးနဲ့ ဒေါ်ခင်နုကလဲ...

'သမီးရေ... အမေတို့ အဖေတို့နဲ့ ထားခဲ့ပါကွယ်။ အဖေတို့ အမေတို့ တာဝန်ယူပါတယ်'

လို့ မိဘနှစ်ပါးက ပြောလို့လဲပြီးရော၊ ချိန်ခွင်လျှာက ဒေါ်လှမြင့်အဝတ်အထည် ထည့်ထားတဲ့ဘက်ကို အလေးသာသွားရော။

အဲဒီမှာ ဒေါ်လှမြင့်တစ်ယောက် ဝမ်းသာလုံးစို့ပြီး မေ့မြောသွားလို့ ခြေမချိုးသူကချိုး၊ ပါးစပ်ထဲ လေသွင်းတဲ့သူက သွင်းနဲ့ နှာနှပ်ယူရတယ်။

အသုဘ လိုက်ပို့မယ့် လူတွေကလဲ မှန်တယ်၊ အဲဒါ မှန်တယ်၊ တီးတိုး တီးတိုးဝေဖန်သံကြားနေရတယ်။ စာရေးသူတို့ ငယ်ငယ်တုန်းကဆိုတော့ ဘာမှ နားမလည်ဘူးလေ။

လိပ်ပြာခွဲတာ ချိန်ခွင်နဲ့ လုပ်ရတယ်ဆိုတာ တစ်ခါမှမကြည့်ဘူးတော့ စိတ်ဝင်စားတာပေါ့နော်။

**ပုရလေးဟာဆိုတာ သေပြီးပြီးချင်း ဝိညာဉ်က ဘယ်မှ မသွားသေးတာလား။ (၇)ရက်၊ တစ်လ ရက်လည်ပြီးမှ အသေး တစ်နေရာကို ပြောင်းရွှေ့သွားတာလား ဆိုတာ စာရေးသူ ဉာဏ်မမှီသေးပါ ကြောင်း...။**


**(ယခုလက်ရှိမြောက်ဥက္ကလာပတွင်နေ၍ ကားမောင်းနေသော သူငယ်ချင်းစိုးမြင့်အား) အမှတ်ရလျက်...**

**ရဲနိုင်ဦး (ပဲခူး)**



www.burmeseclassic.com

www.burmeseclassic.com



ရိုင်းညီ (ပဲခူး)

# ပရလောကသားနှင့် ချိန်ခွင်လျှာ

လွန်ခဲ့တဲ့အနှစ်(၃၀)ဝန်းကျင်လောက်က စာရေးသူတို့ ဇာတိချက်ကြွေ မွေးရပ်မြေ ကဝမြို့နယ် အလယ်ရွာ ဇာတိပါ။ အလယ်ရွာမှာ ဖြစ်ပျက်ခဲ့တာလေး ရေးပြချင်တာပါ။

စာရေးဆရာကြီး (ရန်ကင်းကချန်စစ်) စာရေးဆရာကြီး ဦးချစ်စံဝင်းရွာက စာရေးသူတို့ရွာကို ကျော်ပြီးမှ ရောက်တာ။

အလယ်ရွာရဲ့ ချက်ကြွေဇာတိဖြစ်တဲ့ (ဦးတာတီပိုး+ဒေါ်ခင်နု)တို့မှာ သမီးနှစ်ယောက်ရှိတယ်။ အကြီးမ မအေးသန်းနဲ့ အငယ်မ မလှမြင့် ရှိတယ်။

မအေးသန်း အိမ်ထောင်ကျတော့ သားသမီးသုံးယောက် ထွန်းကားတယ်။ အကြီးဆုံးသားစိုးရီက စာရေးသူရဲ့ ငယ်သူငယ်ချင်းပေါ့။

သမီး မာမာရွှေ၊ သားငယ် အောင်တိုးတို့သုံးယောက် ထွန်းကားတယ်။ စာရေးသူတို့ ငါးတန်းနှစ်လောက်ရောက်တော့ ဒေါ်အေးသန်း ကကျန်းမာရေး တရှောင်ရှောင်ဖြစ်ရော။

အဲဒါနဲ့ မိခင်ဖခင်တွေဖြစ်တဲ့ ဦးတာတီပိုး+ဒေါ်ခင်နုတို့က သူတို့အိမ်မှာ ပြုစုဖို့ ခေါ်ထားတယ်။ သားသမီးတွေလဲ အမေ မကျန်းမာတော့ မအေ့ကို ပြုစုဖို့ ပါသွားရော။

တိုတိုနဲ့ပြောရရင် ဒေါ်အေးသန်း တစ်ယောက် လူ့လောကကြီးကို စွန့်ခွာသွားရော။ အဲဒီမှာ အသုဘရွာထုံးစံအတိုင်း ငါးရက်ထားတယ်။

ငါးရက်ပြည့်တဲ့နေ့၊ အသုဘချတဲ့နေ့မှာ သေဆုံးသူ ဒေါ်အေးသန်းရဲ့ အဒေါ်က အသုဘအလောင်းစင်နားကို ချိန်ခွင်ကိုင်ပြီး ရောက်လာတယ်။ အသုဘပို့မယ့်လူတွေကလဲ အများကြီး။

စာရေးသူတို့လဲ ခပ်ငယ်ငယ်လေးတွေဆိုတော့ ဘာမှ မသိဘူးလေ။ သူများကြည့်လို့တာ ကိုယ်ကြည့်နေရတာ ဘာလုပ်မယ်မှန်းမသိဘူး။

နားလည်တတ်ကျွမ်းတဲ့ သူတွေကတော့ လိပ်ပြာခွဲမလို့လား မသိဘူး။ လိပ်ပြာခွဲရင် ကလေးသုံးယောက်ကို သူတို့အဒေါ် ဒေါ်လှမြင့်ပဲ ပေးပါစေ... စသဖြင့် တစ်ယောက်တစ်ပေါက် ပြောဆိုနေတာ ကြားရပါတယ်။

ဘာဖြစ်လို့ အဲဒီလိုပြောတာလဲ၊ စာရေးသူတို့ ငယ်ငယ်က မသိခဲ့ပါဘူး။ သေဆုံးသူ ဒေါ်အေးသန်းရဲ့ အဒေါ်က...

'ဟဲ့... မိသန်း သွားစမ်း မြမောင် အဝတ်အစားရယ်၊ မိလှမြင့် အဝတ်အစားရယ် သွားယူစမ်း'

ဆိုပြီး ခိုင်းနေတာ ကြားရပါတယ်။

တအောင့်လောက်နေတော့ သေဆုံးသူ ဒေါ်အေးသန်းရဲ့ယောက်ျား ဦးမြမောင်ရယ် အလောင်းစင်နား ရောက်လာတယ်။

ဒေါ်အေးသန်းရဲ့အဒေါ်က ချိန်ခွင် နှစ်ဖက်မှာ ဦးမြမောင် အဝတ်အထည်

စာမျက်နှာ (၂၄၇) သို့



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဝေကျော် ဘောင်လှ

လူ့ပြည့်မှ ကြင်ဖော်ခေါ်ချင်သော

# ရှောင်ပင်တောင့် နတ်မိမ်းမ

လေသည် ရုပ်ဒြပ်မရှိ၊ အနံ့အသက် မရှိ၊ ဆုပ်ကိုင်၍မရ၊ မြင်နိုင်ခြင်းမျိုး သည်းမရှိ၊ သို့သော် ကျွန်တော်တို့ ခန်းကျင်၌ လေရှိသည်ကို လက်ခံကြ သည်။

အဘယ်ကြောင့် လက်ခံကြ သနည်း။ လေတိုက်ခတ်လာသောအခါ အေးမြသောတွေ့ထိမှုနှင့် အရာဝတ္ထု များ လှုပ်ခတ်သွားသည်ကို မြင်သိနိုင် ခြင်းကြောင့်ဖြစ်သည်။

ထို့အတူ ၁၉၈၀ ပြည့်နှစ်က ဖြစ်စဉ် တစ်ခုအား သိကြမည်ဆိုလျှင်...

ခန်းမောက်ဒေသတွင် ခေတ် အဆက်ဆက် ပါးစပ်ရာဇဝင်များ ကြောင့် မိုင်းသုံတောင်သည် နာမည် ကြီးသည်။ အလားတူ ရှေးအခါ ကတည်းက ရွှေလုပ်သားများ၊ ရွှေဝန် ရွှေမှူးများ အခြေချနေထိုင်ပြီး ဘုရင် မင်းတရားထံ ရွှေဆက်သနိုင်ရန် ရွှေတူးယူခဲ့သော ခမ်းပတ်တောင်သည် လည်း နာမည်ကြီးလှပါသည်။

ခမ်းပတ်တောင်ဆိုသည်မှာ ရှမ်း အခေါ်ဖြစ်ပြီး မြန်မာဘာသာ ပြန်ဆို လျှင် **ရွှေပတ်တောင်**ဟု အဓိပ္ပါယ်ရ သည်။

ထိုခမ်းပတ်တောင် တောင်စွယ် တောင်တန်းများအခြေ မြေပြန့်လွင်ပြင် များတွင်တော့ ကော်တာ၊ မံကင်း၊ မံပင်၊ ကုံကော်၊ နားမလုတ်၊ စီးမော်၊ လယ်ကျင်း၊ ပေါက်နက်ကုန်းဟု ခေါ်

www.burmeseclassic.com

သော ကျေးရွာများ ရှိသည်။

ရှေးအခါကဆိုလျှင် လမ်းပန်း အဆက်အသွယ်ကညံ့၊ ချောင်က ကျပြန်သဖြင့် အခြား ဒေသကလူများ လာရောက်မှုနည်းသလို ဤဒေသမှ လူများလည်း အခြားဒေသသို့ သွား ရောက်မှု အလွန်နည်းသည်။

မိမိတို့ လယ်ယာမှ ရသမျှလေးနှင့် လောက်ငအောင် စားသုံးသည်။ လယ်ယာလုပ်ငန်းခွင်အားလျှင် ခမ်း ပတ်တောင်ပေါ် တက်၊ ရွှေတူးရွှေကျင် မည်။ ရရှိလာသော ရွှေကို ဗန်းမောက် မြို့ပေါ်သို့ သွားရောက်ရောင်းချမည်။

ဤသည်တို့မှာ သူတို့ ကျင်လည်ရာ ကမ္ဘာလေး ဖြစ်သည်ဟုသာ ဆိုရချေ တော့မည်။ သည်တော့ကာ ထိုဒေသမှ လူတို့သည် ရှေးရိုးစွဲသမားများ ခေတ် အမြင်မရှိသူများဟု လူအချို့က ဆိုကြ ပြန်သည်။

စီးမော်ရွာသည် ခမ်းပတ်တောင်စွယ် အခြေ မြေပြန့်၌ တည်ရှိသော ရွာလေး တစ်ရွာဖြစ်သည်။ ထိုရွာသည် အိမ်ခြေ (၁၀၀)ခန့်ရှိပြီး ကျေးရွာနေလူအများ သည် လယ်ယာခွင်လုပ်ငန်းကို အဓိက အမှီပြု လုပ်ကိုင်စားသောက်ကြသည်။

ကိုအောင်ငွေသည် စီးမော်ရွာသား တစ်ယောက်ဖြစ်ပြီး အသားဖြူဖြူ အရပ်ရှည်ရှည် လူပုံချောချော တောင့် တင်းသော ကိုယ်ဟန်ရှိ၍ ကျန်းမာရေး အလွန်ကောင်းကာ အသက်(၃၀)ရွယ် ထိ ရောက်ခဲ့သော်လည်း သားမယား မယူသေးဘဲ မိဘနှစ်ပါးကို လုပ်ကိုင် ကျွေးမွေးနေသူ ဖြစ်သည်။

ယခင်က ကျန်းမာရေး အလွန် ကောင်းခဲ့သော ကိုအောင်ငွေတစ် ယောက် သည်တစ်ခေါက် ဗန်းမောက် က ရွှေရောင်းပြန်ခဲ့ပြီးကာမှ အမည် မဖော်နိုင်သော ရောဂါဆန်းတစ်ခု



ကောက်ရခဲ့ပြီး မိဘဆွေမျိုးများ စိတ် မချမ်းမြေ့ဖွယ် ဖြစ်နေကြရသည်။

နွေပိုင်း လယ်ယာလုပ်ငန်းအား သည်မို့ ခမ်းပတ်တောင်တက်သွားကာ ရွှေကျင်သည်။ ရက်အတန်ကြာ ရွှေကျင်ပြီး ရလာသော ရွှေလေး များကို ရွာနှင့် (၁၂)မိုင်ဝေးသော ဗန်းမောက်မြို့သို့ စက်ဘီးစီး၍ သွား ရောင်းသည်။

ထိုနေ့ ဗန်းမောက်မှ ရွာပြန်အရောက် တွင် မျက်လုံးကြီးများ အဆမတန် ပြူးလျက် နီရဲနေပြီး စကားတွေ ဗလုံး ဗထွေးပြောကာ ရွာတွင်း လှည့်ပတ် ပြေးနေသည်။

ရွာမှ ကျန်းမာရေးမှူးနှင့် ဆေးထိုး သည်။ မသက်သာ။ သူ့လမ်းညွှန်မှုနှင့် ဗန်းမောက်မြို့ ပြည်သူ့ဆေးရုံကြီး သွားပြ ဆေးရုံတက်ကုသသည်။ မထူးခြား။

ရွာပြန်ခေါ်လာ ရပ်ဓလေ့ရွာဓလေ့ တောစာ ရွာစာချသည်။ ပစ်သည်။ အခြေအနေက မဟန်။ သည်လိုနှင့် တစ်လနီးပါး ရှိခဲ့ချေပြီ။

ကိုအောင်ငွေ လူရုပ်မပေါက်တော့ အသားအရေတို့ ကြုံလှီလျက် အရိုး ငေါငေါ တကယ့်ကမ္ဘာ့ဗ္ဗာန်းရုပ်၊ ရေတိမ် မှာ နစ်တော့မည်ထင်သည်။

တစ်နေ့တော့ ဦးလေးဖြစ်သူက စီးမော်နှင့် (၄)မိုင်ခန့်ဝေးသော လယ်ဦး ရွာမှ ဆရာရွှေဆိုသူအား ပင့်လာခဲ့ သည်။ ယနေ့အထိ ရှိသေးသည်။

အရင်တုန်းကဆိုလျှင် ဆရာရွှေ သည် တောတကာတိုး၊ တောင်တကာ တက် မုဆိုးလုပ်ခဲ့သူဖြစ်သည်။

နောက်တော့ မည်သို့မည်ပုံ ဖြစ်သွား သည်မသိ ထိုအလုပ်ကို လုံးဝ စွန့်လွှတ် ပြီး တရားဘာဝနာများ ပွားများလျက် ဒုက္ခသုက္ခကြုံ တွေ့လာသူများကို ငွေကြေးမယူဘဲ အခမဲ့ ဆေးဝါးကုသ ပေးနေတော့သည်။

ဆရာရွှေကိုအောင်ငွေတို့ အိမ်ပေါ် ရောက်လျှင်ပဲ ဘုရားစင်ကို ရှင်းလင်း သန့်စင်စေပြီး ပန်း,ဆီမီး,သောက်တော် ရေတို့ ကပ်လှူကာ ဘုရားဝတ်ပြု၊ မေတ္တာပို့၊ အမျှအတန်းများဝေပြီးမှ သေလူတစ်ပိုင်း ဖြစ်နေသော ကိုအောင်ငွေကို ကြည့်သည်။

ကြည့်ပြီးသည်နှင့် လွယ်အိတ် ထောင်အတွင်းမှ မည်းနက် ပြောင် လက်နေသည့် ပုတီးကိုထုတ်၍ နှုတ်မှ တတွတ်တွတ်ရွတ်ဆိုကာ လဲလျောင်း နေသော ကိုအောင်ငွေ မျက်နှာပေါ်သို့ ဝှေ့ယမ်းလိုက်သည်။

ထိုအခါ အားအင်ချည့်လျက် အိပ်ရာမှ ထလျှင်တောင် တွဲထူ ထရ သော ကိုအောင်ငွေ ငေါက်ခနဲ ထထိုင် ပြီး တရှုပ်ရှုပ် ငိုကြွေးပါတော့သည်။

ဘေးမှ ကြည့်နေကြသော လူ အများသည်လည်း အံ့သြကုန်ကြကာ ရှေ့ ဘာတွေ ဆက်ဖြစ်ဦးမည်နည်း... ဝေခွဲမရသော ဟန်များနှင့် တိတ်ဆိတ် ငြိမ်သက်သွာ ကြည့်နေကြသည်။

ကိုအောင်ငွေသည် ရှိုက်ငိုနေ ရင်းမှ...



www.burmeseclassic.com

www.burmeseclassic.com

'အရင်တုန်းကလဲ ကျွန်မယောက်ျားကို ဆရာသတ်လို့သေခဲ့ပြီ၊ အခုတစ်ခါလဲ ကျွန်မ ခေါ်ယူဖို့ လုပ်နေတဲ့ ယောက်ျားကို ဆရာ တားဆီးဖို့ လုပ်ပြန်ပြီ ကျွန်မကို သနားရင် ဆရာပြန်ပါတော့'

ဟု ပြောငို့ငိုနေသည်။

ဤသို့ပြောသည့်အခါ ထူးခြားနေသည်မှာ ကိုအောင်ငွေ၏ ယောက်ျားသံမဟုတ်ဘဲ မိန်းမအသံ ထွက်နေခြင်းပင် ဖြစ်သည်။

ထိုအခါ၌ လူနာ၏ နံဘေး တင်ပျဉ်ခွေ၍ ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသော ဆရာရွှေက...

'ဘယ်တုန်းက နင့်ယောက်ျားကို ငါ သတ်ခဲ့တာတုန်း၊ နင်က ဘယ်မှာနေတဲ့သူတုန်း၊ မောင်အောင်ငွေကို ဘာကြောင့် ခေါ်ချင်ရတာတုန်း၊ မထိမ်ချန်ဘဲ ဆရာ့ကို အကြောင်းစုံ ပြောပြပါ'

ဟု ပြောလိုက်သောအခါ...

'ကျွန်မနေတာ လယ်ဦးရွာအဝင် ညောင်ပင်ကြီးမှာပါ။ ကျွန်မတို့က နတ်စိမ်းမျိုးတွေပါ။ လွန်ခဲ့တဲ့ (၁၅)နှစ်လောက်တုန်းက ဆိုရင်တော့ အဲဒီ ညောင်ပင်မှာ ပျော်ပျော်ရွှင်ရွှင် နေခဲ့ကြပါတယ်၊ တစ်နေ့တော့ ကျွန်မ ယောက်ျားက...

"ရှင်မရယ် မိုးဦးကျမို့လား မသိဘူး။ ဖြတ်အိုက်အိုက်နဲ့ နေရထိုင်ရ အံရမ်းပူတာပဲ။ အဲဒါကြောင့် ဖွတ်အသွင် ခေတ္တယူလို့ ...ားချောင်းထဲဆင်း၊ ရေတဝကြီး ချိုးချည်...ယ်"

...ို့ ပြောပါတယ်။

"သွားချင်ပါနဲ့ အမောင်ရယ်၊ ...ားတွေနဲ့တွေ့ရင် အမောင် ဒုက္ခ...ကြီး ရပါလိမ့်မယ်"

...ို့ ကျွန်မက ပြောတယ်။ ဒီလို ...ီး အကြိမ်ကြိမ် တားခဲ့ပေမယ့် ... တားမရခဲ့ဘူးလေ။ တားမရ



လို့ သွားတော့ ဆရာတို့လူသိုက်နဲ့ တိုးရောမဟုတ်လား...**(ပါဝင်သူ လူများ၏ နာမည်တွေရော မှန်အောင် ပြောပြသည်။)**

သူ သစ်ခေါင်းထဲ ဝင်အပြေး မီးတိုက်ခံရပြီး သေခဲ့ရတယ်။ ကျွန်မ နည်းနည်းမှ မကျေနပ်ဘူး။လက်စားချေဖို့ အခါခါ ကြံစည်ခဲ့ပေမယ့် ဆရာတို့ကံသာနေတော့ ကျွန်မ အကြံ မအောင်ခဲ့ဘူး။

ဒီတစ်ခါတော့ မနှောင့်ယှက်ပါနဲ့ ဆရာရယ်၊ ကျွန်မတစ်ယောက်တည်း နေရတာလဲ ပျင်းလှပါပြီ။ တောင်းပန်ပါရဲ့'

ဆိုပြီး လက်အုပ်ချီ ရှိခိုးနေသည်။

အိမ်လုံးပြည့်မျှ လာရောက် ကြည့်ရှုနေကြသော လူအများမှာ မယုံနိုင်ဖွယ် ဖြစ်ရပ်ဆန်းကြောင့် ဟယ်ခနဲ ဟင်ခနဲ ဖြင့်သာ စိတ်ဝင်တစား ဆက်လက် နားစွင့်နေကြပြန်သည်။

ထိုအခါ ဆရာရွှေက...

'မောင်အောင်ငွေက မိဘနှစ်ပါးကို လုပ်ကိုင်ကျွေးမွေးနေသူပဲ။ သူ့ကိုမှ ဘာကြောင့် ခေါ်ယူပေါင်းသင်းချင်ရပြန်တာတုံး'

ဟု မေးသည်။

'သူ့အပြစ်နဲ့သူပေါ့ ဆရာရယ်၊ တလောလေးတုန်းက ဗန်းမောက်ကနေ သူ ရွှေရောင်းပြန်ခဲ့တယ်၊ အရက်တွေ မူးလာပြီး စက်ဘီးတောင် မစီးနိုင်ခဲ့ဘူး။(ဗန်းမောက်မှ စီးမော်ပြန်လျှင် လယ်ဦးရွာလမ်းမှ ပြန်ရသည်။)

အဲဒီနေ့က ကျွန်မလဲ ပျင်းပျင်းရှိတာနဲ့ ညောင်ပင်အောက်ဆင်း၊ လမ်းဘေးမှာ ထိုင်နေမိတယ်။

ကိုအောင်ငွေ ဆိုးလိုက်ပုံများ ပြောမပြောချင်ပါဘူး ဆရာ၊ ဆရာ့ကိုလဲ ရှိခိုးပါရဲ့၊ စက်ဘီးတွန်းလာရင်းက ကျွန်မ အနားရောက်တော့ ပုဆိုးကိုလှန်ပြီး အပေါ့စွန့်တယ်လေ။

သူ စွန့်တဲ့ အပေါ့တွေက ကျွန်မ လုံချည်ကို ထိကုန်တယ်၊ ဒီတော့ ကျွန်မ သူ့ကို စွဲလမ်းသွားပြီး မယူရ မနေနိုင်အောင် ဖြစ်သွားတယ်။

ဒါကြောင့်မို့ သူ့ကို ကျွန်မ ခေါ်သွားပါရစေ၊ တောင်းပန်ပါတယ် ဆရာရယ်၊ ဆရာ့ကို ရှိလဲခိုးပါရဲ့ ကျွန်မကို သနားပါ ဆရာ၊

www.burmeseclassic.com

ဆရာပြန်ပါတော့'

ဟု မျက်ရည်စက်လက်ဖြင့် ပြောဆိုနေတော့သည်။ **(ကိုအောင်ငွေ ကျန်းမာရေးကောင်း၍ မေးကြည့်သောအခါ ဖြစ်စဉ်အတိုင်း အမှန်ဖြစ်သည်။)**

'ငါတို့ လူသားတွေဟာ ကံကုန်နေ့စေ့လို့ သေဆုံးခြင်းမှလွဲပြီး သူတစ်ပါး ပယောဂနဲ့ သေဆုံးမှုမျိုး ဘယ်သူမှ မလိုလားကြပါဘူး။ ဒါကြောင့် သိလျက်နဲ့ ဆရာ ခွင့်မပြုနိုင်ဘူး။ ဆရာ မေတ္တာရပ်ခံချင်တာက မင်း လုပ်ထားသမျှ ဘာတစ်ခုမှ မချန်ဘဲ အကုန်ယူပြန်ပါ။ နောင်တစ်ချိန် မင်းနဲ့ ဖူးစာမှန်သူ ပေါ်လာပါလိမ့်မယ်'

ဟု ပြောသောအခါ သူ ကိုအောင်ငွေကို စွဲလမ်းသွားပြီမို့ ရအောင်ခေါ်မည်။ မတားနှင့် မနှောင့်ယှက်နှင့်ဆိုကာ တင်းမာခက်ထန်သော မျက်နှာပေးဖြင့် ဆရာရွှေအား ပြန်ပြောသည်။

ဝိုင်းကြည့်နေသော လူများမှာတော့ ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြပြီး ဆရာရွှေ ဘာဆက်လုပ်မည်နည်းဟု စိုးရိမ်တကြီး ကြည့်နေကြသည်။

မေတ္တာနှင့်မခေါ်ရန် အကြိမ်ကြိမ်ပြောသော်လည်း မရတော့သည်နှင့် ဆရာရွှေသည် ဆေးအိတ်အတွင်းမှ တစ်လက်မရွယ်ခန့်ရှိ တစ်စုံတစ်ခုသော သစ်သားရုပ်တုကလေးကို ထုတ်၍ မန်းမှုတ်ပြီး ရေစိမ်တိုက်မည် လုပ်သောအခါမှ...

'အဲဒီလို မလုပ်ပါနဲ့ ဆရာ၊ ကျွန်မ ကြောက်ပါပြီ။ ကျွန်မ လုပ်ထားတာတွေ အကုန်ယူထွက်သွားပေးပါ့မယ်။ အောင်မယ်လေး... ကိုအောင်ငွေရေ တစ်သက် ဝေးခဲ့ပြန်ပေါ့၊ ဆရာ သိပ်ရက်စက်တယ်။ ကျွန်မ သွားပါပြီ'

ဟု ဆိုကာ တရှိုက်ရှိုက် ငိုကြွေးရင်းမှ

စာမျက်နှာ (၂၅၆) သို့

# ပျားရည် အတု၊ အစစ် ခွဲခြားနည်း



ကျွန်ုပ်တို့ မြန်မာလူမျိုးများသည် ပျားရည်အား အစာလည်းဆေး၊ ဆေးလည်းအစာအဖြစ် တွဲဖက်အသုံးပြုကြလေ့ရှိသည်ဖြစ်ရာ သဘာဝပျားရည် ဟုတ်၊ မဟုတ် စမ်းသပ်စစ်ဆေး ဝယ်ယူနိုင်မှသာလျှင် လိုရာအကျိုး ပြီးနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်၍ စာရှုသူများအနေဖြင့် အလျဉ်းသင့်သလို စမ်းသပ်စစ်ဆေးနိုင်ကြစေရန်အတွက် ပျားရည် အတု၊ အစစ် ခွဲခြားနည်း(၁၀)မျိုးအား အောက်ပါအတိုင်း ရေးသားတင်ပြအပ်ပါသည်။

၁။ လက်သည်းခွံပေါ်တွင် ပျားရည်စက်ချကြည့်ပါက ဆေးသို့ ပြန့်ကြဲမသွားလျှင် ပျားရည်စစ်သည်။

၂။ ပျားရည်တစ်ဇွန်း၊ နမ်းဆီတစ်ဇွန်း ရောမွှေပါက ပျားရည်စစ်လျှင် တစ်ဇွန်းသာရသည်။

၃။ ရေအေးဖန်ခွက်အတွင်းသို့ ပျားရည်စက်ချကြည့်ပါက စု၍ကျသွားလျှင် ပျားရည်စစ်သည်။

၄။ စက္ကူပေါ်သို့ ပျားရည်စက် ချကြည့်ပါက စိမ့်ဝင်ခြင်း၊ ပြန့်ကားသွားခြင်း မရှိလျှင် ပျားရည်စစ်သည်။

၅။ မီးခြစ်ဆံကို ပျားရည်တို့၍ မီးခြစ်လျှင် (သို့မဟုတ်) တုတ်ချောင်းကို ပျားရည်တို့၍ မီးရှို့ကြည့်လျှင် မီးလောင်မှသာ ပျားရည်စစ်သည်။

၆။ ပျားရည်ပုလင်းကို လက်ဖြင့် တောက်ကြည့်ပါက အသံလုံပြီး အသံသာမှသာ ပျားရည်စစ်သည်။

၇။ ပျားရည်စစ်လျှင် ခွေးကျွေးပါက မစားေ[illegible]

၈။ ဝါဂွမ်းအား ပျားရည်တို့၍ မီးရှို့လျှင် မီးလောင်မှသာ ပျားရည်စစ်သည်။

၉။ ပျားရည်ကို လက်ဖြင့်ပွတ်ကြည့်ပါက အမွှေး[illegible] ထွက်မှသာ ပျားရည်စစ်သည်။

၁၀။ ပျားရည်ပုလင်းတွင် ပျားကောင်အရှင် [illegible] ကြည့်ပါက ပျားရည်တွင် မနစ်မွန်း[illegible] ပျံတက်နိုင်မှသာ ပျားရည်စစ်ပါသည်။

**[ဤစာမူဖြင့် မြန်မာနိုင်ငံ သစ်တောကျောင်းမှ ဆရာမများ အား ဂါရဝပြုပါသည်။]**

**မှီငြမ်း ။ ။ သစ်အသုံးချဘာသာရပ်**

***လူအချင်းချင်း လှည့်ပတ်ခြင်း[illegible] ကင်းရှင်းကြပါစေ။***

**တင်အောင်မိုး(သစ်အုပ်)**
***(သစ်ထုတ်ရေး)***
**ဗန်းမော်သစ်ထုတ်ရေးဒေသ**




www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရ ကျောက်မျက်ရတနာ

ဖြိုးစိန် (ကိုးချောင်ကြီး)



ကျွဲရှူးကျောက်ချော

တစ်ခုသောရက်မှာ ကျောက်အရောင်းအဝယ်လုပ်နေတဲ့ နေရာဌာနတစ်ခုနား ရောက်သွားတယ်။ တစ်ယောက်သော ကျောက်ပွဲစားတစ်ဦးက လာမေးတယ်။

'ခင်ဗျားမှာ ပတ္တမြားရောင်းဖို့ ပါသလား'

''ပါတယ်ဗျ... ဟောဒီမှာ''ဆိုပြီး အိတ်ကပ်ထဲက ထုတ်ပြလိုက်တော့ ပတ္တမြားမဟုတ်ဘဲ ခဲတံအလုံးသာသာရှိတဲ့ ကျောက်စရစ်လုံးလေး ဖြစ်နေတယ်။

ဒီတော့မှ အိပ်ရာက လန့်နိုးသွားပြီး ဩ...ငါ အိပ်မက်မက်နေပါလားလို့ သတိရလိုက်တယ်။ ချက်ချင်း ပြန်အိပ်ပေမယ့် မရဘူး။ အိပ်မက်ထဲက ကျောက်စရစ်ခဲလုံးလေးကို မြင်နေတယ်။

အိပ်ရာထဲ လူးလိမ့်နေရင်း ဒီလိုကျောက်မျိုး ဘယ်မှာ တွေ့ဖူးပါလိမ့်လို့ စဉ်းစားလိုက်တော့ အရင်က မြင်တွေ့ခဲ့တဲ့ကျောက်ကလေးကို ပြန်လည်သတိရလိုက်လို့ ဒီစာစုကို ရေးဖြစ်ခြင်းပါ။ မူလက ရေးဖို့ ရည်ရွယ်ချက်သုံးဝ မရှိပါဘူး။

စာရေးသူ ယခုရေးသား တင်ပြမည့်ကျောက်က ဂမ္ဘီရကျောက်ပါ။ စာရေးသူအမြင်ကတော့ ပထမတော့ သာမန်ကျောက်လို့လဲ ထင်မိပါတယ်။

သို့သော်လဲ ကျောက်မျက်ရတနာနားလည်တဲ့ ပညာရှင်ပုဂ္ဂိုလ်တွေဆောင်မှ ဒီကျောက်ဟာ ဘာကျောက်မှန်း ခွဲခြားလို့ မသိကြဘူးတဲ့။

ဘာဖြစ်လို့လဲဆိုတော့ ဒီကျောက်ရဲ့ အရောင်းအဆင်းဟာ တိုက်တွေဆောက်လုပ်ရာမှာ ဘိလပ်မြေနဲ့ ရောပြီး သုံးလေ့ရှိတဲ့ ကျောက်စရစ်ခဲလေးနဲ့ တူနေပါတယ်။

ဒါပေမယ့် သေသေချာချာ လှည့်ပတ်ကြည့်ရင်တော့ မုတ်ခွံအရောင်လေး သမ်းနေတာကို မြင်တွေ့နိုင်ပါတယ်။ **(ဓာတ်ပုံနှင့်တကွ တင်ပြပါတယ်။)**

ဒီကျောက်ကလေးဟာ ယခုလက်ရှိမှာတော့ မနောသုခမပညာရှင် အမှတ်(၃) အကြားအမြင်ဆရာ(ဦး...) လက်ထဲမှာ ရှိပါတယ်။

ဆရာ(ဦး...)ဟာ ငယ်စဉ် အသက်(၂၅)နှစ်လောက်မှ စတင်ပြီး ပဋ္ဌာန်းဆက်ဖြင့် အကြားအမြင်ရနေသူပါ။

လက်ရှိ ဟောပြော လုပ်သက်ပေါင်း အနှစ်(၄၀)ခန့် ရှိပါတယ်။ လက်ရှိအသက်မှာ (၆၅)နှစ်ခန့် ရှိပါတယ်။

စာရေးသူဟာ ဆရာ(ဦး...)နဲ့ ငယ်စဉ်ကတည်းက အတူနေ ရပ်ဆွေရပ်မျိုးပါ။ သို့သော်လဲ စာရေးသူက နိုင်ငံ့ဝန်ထမ်းဖြစ်လေတော့ ၁၉၇၇ ခနှစ်ကတည်းက တာဝန်ပေးခ...



www.burmeseclassic.com

www.burmeseclassic.com

အမြို့မြို့အနယ်နယ် သွားရောက်တာဝန်ထမ်းဆောင်နေရတော့ ဆရာ(ဦး…) နဲ့ ခွဲခွာနေရပါတယ်။

နှစ်ခြားပြီးမှ တစ်ခါတစ်ရံ ပြန်ဆုံတွေ့ရပါတယ်။ တွေ့ဆုံချိန်မှာတော့ ဆရာ(ဦး…)ဟာ စားဝတ်နေရေး ချောင်လည်ရုံပဲ ရှိပါတယ်။

၂၀၁၃ ခုနှစ်မှာ စာရေးသူဟာ မြိတ်မြို့ကနေရင်း ပဲခူးမြို့သို့ ပြန်ပြောင်းလာခဲ့ပါတယ်။

တစ်ရက်မှာ ဆရာ(ဦး…)က သူ့အိမ်မှာ ဝါဆိုသင်္ကန်းကပ်မလို့ လာခဲ့ရန် ဖုန်းဆက်လို့ ဖိတ်ကြားခြင်း ခံရပါတယ်။

ဒါကြောင့် သူ့အိမ်ကို စာရေးသူရောက်ရှိသွားပါတယ်။ သူ့အိမ်က မြင်ကွင်းတွေအားလုံး ပြောင်းလဲနေတာကို မြင်တွေ့လိုက်ရပါပြီ။

ဆရာ(ဦး…)ကိုယ်မှာလဲ ရွှေတွဲလဲ ငွေတွဲလဲနဲ့ ဆရာကတော် နားမှာလဲ စိန်နားကပ်က တဖျပ်ဖျပ် တောက်နေပါတယ်၊

အိမ်ပေါ်က ဘုရားကျောင်းဆောင်မှာလဲ သာသနာ့ပွဲ၊ ဘိုးတော်၊ မယ်တော်များပွဲတွေက မြိုင်လို့…

အိမ်တွင်းမှာလဲ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ နောက်ဆုံးပေါ် တီဗွီ၊ အောက်စက်၊ မီးစက်တွေနဲ့ အတော်လေး စီးပွားတိုးတက်ကောင်းမွန် နေတာကို မြင်တွေ့လာလိုက်ရပါတယ်။ စာရေးသူအဖို့ အံ့သြဖမ်းသာဖြစ်ခဲ့ရပါတယ်။

စာရေးသူက ဆရာ(ဦး…)လက်ကို အမှတ်မထင် မြင်တွေ့လိုက်ရတာက ရွှေလက်စွပ်တစ်ကွင်းနှင့်အတူ ညာဘက်လက်မှာ ဝတ်ဆင်ထားတဲ့ သာမန် ကျောက်စရစ်ခဲပုံသဏ္ဍာန် ကျောက်တစ်လုံးကို ငွေနဲ့ကွင်းပြီး ဝတ်ထားတာကို သတိပြုမိပါတယ်။

သေသေချာချာတော့ မကြည့်ဖြစ်သေးဘူး။ ဝါဆိုသင်္ကန်းကပ်ပွဲကို လာနေတဲ့ ဧည့်ပရိသတ်တွေကို ဧည့်ခံနေလေတော့ အေးအေးဆေးဆေးလဲ စကားမပြောဖြစ်ကြသေးဘူးလေ။

နံနက် (၁၀း၀၀)နာရီလောက်မှာတော့ ဧည့်ပရိသတ်တွေ ကျဲသွားပါပြီ။ အိမ်သားတွေနဲ့ ဘေးအိမ်တွေက လာရောက် လုပ်အားပေးနေသူတွေသာ ကျန်ပါတော့တယ်။ ဒီတော့မှ နှစ်ယောက်သား စကားပြောဖြစ်ကြပါတယ်။

'အစ်ကို ပျင်းနေပြီလား'

'မပျင်းပါဘူးကွာ မင်း အခုလို လှူနိုင်တန်းနိုင်တာကို မြင်တော့ ဝမ်းသာတယ်။ သာဓု ခေါ်ပါတယ်ကွာ'

ဆရာ(ဦး…)က ပြုံးလျက်…

'အစ်ကိုရ… ကုသိုလ်ကံ တရားက ထလာပြီးဆိုတော့ ဝိုင်းဝန်းကူညီသူတွေ ပေါ်လာသလို ဆိုင်ရာပိုင်ရာပုဂ္ဂိုလ်တွေကလဲ ပိုပြီး စောင့်ရှောက်လာပြီလေ။

ဒါကြောင့်အခုလို လှူနိုင်တာပါ။ စားဝတ်နေရေးလဲ ယခင်ကထက် ချောင်လည်လာတာပါ'

'ဒါထက် မင်းရဲ့ ညာဘက်မှာ ဝတ်ထားတဲ့ ကျောက်က ဘာကျောက်လဲကွ'

ဆရာ(ဦး…)မှ…

'ဒီကျောက် ကျွန်တော့်လက်ထဲ ရောက်လာမှ ကျွန်တော့်စီးပွားရေး ပြောင်းလဲလာတာပါ။ လက်ထဲရောက်လာတာ သိပ်မကြာသေးပါဘူး။ ဂမ္ဘီရဆန်တဲ့ကျောက်လေ။

ဒီကျောက်ကို သေသေချာချာ ကြည့်စမ်းအစ်ကို၊ ဝါကြန့်ကြန့်အရောင်လေးနဲ့ဆိုတော့ သာမန်ကျောက်စရစ်ခဲလေးနဲ့ပဲ တူနေတယ်။

ဒါကြောင့် တချို့ မြင်တွေ့သွားသူတွေက စိတ်မဝင်စားကြဘူး။ တကယ်တော့ မမြင်ရတဲ့ဂုဏ်သတ္တိတွေ ရှိတယ်'

'မင်း ဘယ်လိုရလာတာလဲ'

'ရပုံရနည်းကလဲ ဆန်းတယ်အစ်ကို ဒီလို…ဒီလို…'

ဆရာ(ဦး…)က ကျောက်ရရှိပုံကို အောက်ပါအတိုင်း ပြောပြပါသည်။

'မမျှော်လင့်ဘဲ ရောက်လာတဲ့ ကျောက်ပဲ။ တစ်ရက် ကျွန်တော့် ဟောခန်းထဲကို အသက်(၇၀)ကျော်လောက်ရှိတဲ့ ပုဂ္ဂိုလ်တစ်ဦး ရောက်လာတယ်။

ဥပဓိရုပ်ကလဲ တည်တည်တံ့တံ့ပဲ၊ ဒီတော့ ကျွန်တော့်ထံကို မကြာခဏ ဧည့်တွေလာတတ်တော့ ကျွန်တော်ကလဲ နေရာထိုင်ခင်းပေးပြီး ထိုင်ခိုင်းတယ်။

တစ်ဆက်တည်း လာရင်းကိစ္စအကြောင်း မေးမိတယ်။ ကျွန်တော်ကတော့ ဗေဒင်မေးမယ့်သူလို့ အောင်မေ့မိတာပေါ့။

ဒီတော့ အဲဒီပုဂ္ဂိုလ်က ဆရာ(ဦး…) ဦးကို မှတ်မိပါသလား၊ မြင်ဖူးသလားလို့ မေးတော့မှ မြင်ဖူးသလိုလိုရှိကြောင်း သတိရလိုက်တယ်။

ဒီတော့ သူက ဆရာနဲ့ ဦးတို့က တစ်ခါတုန်းကပဲ ဆုံခဲ့ဖူးတာပါ။ ချက်ချင်းတော့ ဆရာ(ဦး…)က မှတ်မိမယ် မထင်ဘူး။

ဦးကတော့ မှတ်မိနေပါတယ်။ တစ်ဆက်တည်း သူ့ကိုယ်သူ မိတ်ဆက်ပေးတာက ဦးနာမည်က ဆရာ (ဦး…)ပါ။

ဒီတော့မှ ကျွန်တော်လဲ မှတ်မိလိုက်ပါတယ်။

ဒါကြောင့် ကျွန်တော်က စိတ်…



www.burmeseclassic.com

www.burmeseclassic.com

ဆရာ... ကျွန်တော့်မှာလဲ ပရိသတ်က အလာများတော့ ချက်ချင်းကြီး မမှတ်မိလို့ပါ တောင်းပန်လိုက်ပါတယ်။

ကျွန်တော်လဲ ဓာတ်ဘူးထဲက ရေနွေးကို ငှဲ့ပြီး ကျွန်တော့်ထံမှာရှိတဲ့ မှုန့်နဲ့ ဧည့်ခံရင်း ဘာအကြောင်းထူးများ ရှိလို့လာပါသလဲလို့ မေးတော့မှ ပစ္စည်းလေးတစ်ခု ပေးစရာရှိလို့ပါလို့ ပြောပြောဆိုဆို သူ့လွယ်အိတ်ထဲက အိတ်ရှုံ့လေးနဲ့ထည့် ယူလာတဲ့ အခု ဒီကျောက်ကလေးကို ထုတ်ပေးတယ်။

ဒီကျောက်ကလေးကို မြင်လိုက်တော့ ကျွန်တော့်ရင်ထဲလဲ တလှပ်လှပ် ဖြစ်လာတယ်။ ဘာရယ်ကြောင့်တော့ မသိဘူး။ တစ်ဆက်တည်း ဆက်ပြောတာက...

**ဦးဟာ ဒီကျောက်ကလေးကို ယူလို့ပဲ ဆရာတစ်ဦးထံက ဓာတ်ထင် လက်ခံရရှိခဲ့တာပေါ့။**

**ဦးသိသလောက်ကတော့ ဒီကျောက်ကလေးဟာ ပဋ္ဌာန်းဆက်ရှိတဲ့ လူပုဂ္ဂိုလ်တွေထံ အလှည့်ကျသွားနေတဲ့ ကျောက်ကလေးပဲ။**

ဦးလက်ထဲ ရောက်လာပြီးတဲ့နောက်မှာ ဆောင်ထားရင်း ဦး အာရုံမှာ ကျောင်းဆရာမကြီး(ဒေါ်...) ကိုပေးဖို့ အာရုံပေါ်လာတယ်။

ဒါကြောင့် တစ်ဆင့် ကျောင်းဆရာမကြီး(ဒေါ်...)ထံကို သွားပေးတယ်။ ကျောင်းဆရာမကြီး (ဒေါ်...)ကလဲ ယုံယုံကြည်ကြည်နဲ့ ဆောင်ထားခဲ့တယ်။

ဆရာမကြီးက မသေဆုံးမီမှာ ဒီကျောက်ကလေးကို သူ့သမီးထံမှာ အပ်ပြီးတော့ သူသေဆုံးသွားခဲ့ရင် ဆရာ(ဦး...)ကို ပြန်လည်ပေးဖို့ မှာကြားသွားသတဲ့။

ဆရာမကြီး သေဆုံးကြောင်း ဦး ကြားသိတော့ ဆရာမကြီးအိမ်ကို



ရောက်သွားတယ်။

ဒီတော့ ဆရာမကြီးသမီးက သူ့အမေ မှာကြားသွားတဲ့အတိုင်း ဦးထံ ပြန်အပ်ခဲ့တယ်။ ဒါကြောင့် ဦးလက်ထဲ ပြန်ရောက်လာတာပေါ့'

'အင်း... တော်တော် စိတ်ဝင်စားစရာ ကောင်းတယ်နော်'

'ဆရာ ရေနွေးကြမ်း သောက်လိုက်ပါဦး'

ဆရာ(ဦး...)မှ ပြောလက်စ စကားကို ရပ်၍ ကျွန်တော်ငှဲ့ပေးထားသော ရေနွေးကြမ်းအား တစ်ကျိုက်၊ နှစ်ကျိုက် သောက်နေပါသည်။

ကျွန်တော်လည်း ဘာဆက်ပြောဦးမလဲလို့ နားစွင့်နေပါသည်။

'ဆရာ(ဦး...)မှ အခု ဦး အာရုံရလိုက်တာက ဒီကျောက်ကလေးကို ဆရာ(ဦး...)အား ပေးရမယ်ဆိုပြီး အာရုံပေါ်တယ်။ ဒါကြောင့် ဆရာထံ အရောက်လာပေးတာပါ။

ကျွန်တော်က ဒီကျောက်ကလေးဟာ မူလပထမ ဘယ်သူက အစပ်စရာလဲလို့ မေးတော့ ဆရာ(ဦး...)က ကျွန်တော်လဲ လုံးဝ မသိဘူး။ ဆရာအဆင့်ဆင့်ထံက အလှည့်ကျ လှည့်နေတဲ့ ကျောက်ကလေးလို့ပဲ သိရတယ်။

တစ်ခါတည်း သတိပေးပြောကြားတာက ဒီကျောက်ကလေးရဲ့ သိဒ္ဓိအားကို သိသွားတဲ့ လူတွေက ငွေနဲ့ ပေးဝယ်ကြလိမ့်မယ် သိန်းချီပြီး ပေးဝယ်ကြမယ်။ လုံးဝ မရောင်းပါနဲ့။ အဲဒါကိုတော့ ကတိပေးပါ။

နောက်တစ်ခုက ဆရာ(ဦး...) သက်ရှိထင်ရှားရှိစဉ် ဒါမှမဟုတ် ဆရာမကြီးလို့ ဘဝပြောင်းမယ်လို့ ယုံကြည်ခဲ့ရင် ဆရာ(ဦး...)အာရုံမှာ ပေါ်လာတဲ့ပုဂ္ဂိုလ်ကို တစ်ဆင့် ပြန်ပေးလိုက်ပါ။ အဲဒါတွေ ကတိပေးနိုင်မလားလို့ မေးတယ်။

ကျွန်တော်က ကတိပေးနိုင်ပါတယ်လို့ ဖြေရင်း ဒါထက် ဘယ်လို သိဒ္ဓိတန်ခိုးတွေ ရှိပါသလဲလို့မေးတော့ ဆရာက ယုံယုံကြည်ကြည်နဲ့သာ ဆောင်ထားပါ။ သိသိသာသာ ကောင်းမွန်သော အပြောင်းအလဲတွေ ဖြစ်လာပါလိမ့်မယ်လို့ပဲ ပြောသွားတယ်။

အဲဒီလိုပြောပြီးနောက် ပြန်တော့မယ်လုပ်တယ်။ ဒီတော့ ကျွန်တော်ကလဲ ဆရာ့ကို ကျေးဇူးတင်ကြောင်း ပြောပြီး ဂါရဝပြုတဲ့အနေနဲ့ ဟောခန်းထဲမှာ ရှိတဲ့ ငွေထုတ်ပေးတယ်။ ကျေးဇူးတင်ကြောင်းသာ ပြောတယ်။ လုံးဝ (လုံးဝ) လက်မခံဘဲ ပြန်သွားတယ် အစ်ကို'

'အင်း... တော်တော်လေး စိတ်ဝင်စားစရာကောင်းတဲ့ ကျောက်ပဲ'

ယခုမှ စာရေးသူသည် ဆရာဦး... လက်တွင် ဝတ်ဆင်ထားသော ကျောက်ကလေးအား သေသေချာချာ ဂရုစိုက်ကြည့်မိပါသည်။

'ကျောက်အရောင်က ဖါကြွေနီကြွေနီ လေးပေမယ့် လှည့်ပတ်ကြည့်ရင် မှတ်ခွံကထွက်နေတဲ့ ပုလဲရောင်အဆင်း လေးတွေသမ်းသလို ကျောက်ပါးနဲ့ ရောင်သမ်းနေသလိုပဲနော်'

'ဟုတ်တယ်အစ်ကို အဆင်းရောင်

www.burmeseclassic.com

လေးတွေလဲ ယှက်နေတယ်။ သေသေချာချာကြည့်မှ မြင်နိုင်တယ်'

'ကျောက်ရတနာ လုပ်ကိုင်နေတဲ့ ပန်းထိမ်ဆရာတွေကိုရော ပြကြည့်သေးလား'

'ကျွန်တော့်ကိုပေးတုန်းက ကျောက်ချည်းပဲ၊ ကျွန်တော့်လက်ထဲရောက်မှ ငွေနဲ့ လက်စွပ်ကွင်း လုပ်မယ်ဆိုပြီး ပန်းထိမ်ဆရာထံအပ်ပြီး မေးတော့ ပန်းထိမ်ဆရာကလဲ ဒီလိုကျောက်မျိုး လုံးဝမမြင်ဖူးကြောင်း သာမန်ကျောက်ခဲလေးလောက်ပဲ သဘောထားတယ်'

'မင်းလက်ထဲ ရောက်လာပြီးတဲ့နောက် ဘယ်လိုထူးခြားချက်တွေ ဖြစ်လာလဲ'

'အစ်ကိုမြင်တဲ့အတိုင်းပဲလေ။ အိမ်မှာ အိမ်သုံးပစ္စည်းတွေ အားလုံးပြောင်းလဲနေပြီ မဟုတ်လား ထီတွေပေါက်တယ်။ (၂၅)သိန်းဆု၊ (၁၀)သိန်းဆု၊ (၅)သိန်းဆုတွေ ပေါက်ခဲ့တယ်။

ဒါကြောင့် အခုလို ရေခဲသေတ္တာတို့ မီးစက်၊ TV၊ အဝတ်လျှော်စက်တွေ ဝယ်နိုင်တာပေါ့။

နောက်တစ်ခုက ဟောခန်းမှာလဲ လူမပြတ်သလောက် ရောက်လာတယ်။ အထူးသဖြင့် နိုင်ငံခြားသွားလိုသူတွေ၊ နိုင်ငံခြားရောက်နေသူတွေက အောင်မြင်ကြလို့ ထိုက်ထိုက်တန်တန် ဥဏ်ပူဇော်ခ ဂါရဝပြုကြလို့လဲ ရတယ်။

ဒါကြောင့် ကျွန်တော်လဲ အလှူအတန်းတွေ မကြာခဏ ပေးနိုင်တယ်လေ။ နည်းတယ်များတယ်လို့တော့ မဟုတ်ဘူး။

ကျွန်တော့်သား နိုင်ညာကောင်လဲ သင်္ဘောလိုက်ခွင့်ရသွားပြီ တစ်နှစ်ကြာလို့ တစ်ခေါက် ပြန်ရောက်လာပြီလေ။ အခု သင်တန်းတစ်ခု ထပ်တက်နေတယ်။ သင်တန်းဆင်းပြီးရင် နောက်တစ်ခေါက် ထပ်ထွက်ရဦးမယ်'

'ဝယ်သူတွေရော ရောက်လာသလား'

'စီးပွားရေးသမားတစ်ဦးက သိန်း (၁၀)နဲ့ ဝယ်ဖို့ ကမ်းလှမ်းလာတယ်။ ကျွန်တော်က လုံးဝ မရောင်းဘူး'

'တကယ်လို့ ရောင်းလိုက်ရင်ပေါ့ သူတို့လက်ထဲ ရောက်သွားခဲ့ရင် အခုလို သိဒ္ဓိအားတွေရှိနိုင်ဦးမလား'

'ဒါတော့ ကျွန်တော်လဲ မသိဘူး။ ဆရာ(ဦး...)က မှာထားတယ် မဟုတ်လား ပဋ္ဌာန်းဆက်ရှိနေသူတွေထံ လှည့်နေတဲ့ ကျောက်လို့၊ မရောင်းနဲ့လို့ ကျွန်တော်ကလဲ မရောင်းပါဘူးလို့ ကတိပေးထားတာပဲလေ'

'ဒီကျောက်ကလေးကို ဓာတ်ပုံရိုက်ပြီး နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်ကို ပို့ပြီး ဆောင်းပါးရေးချင်တယ်။ မင်းခွင့်ပြုနိုင်သလား'

'ခွင့်ပြုပါတယ်အစ်ကို'

စာရေးသူမှ အသင့်ပါလာသော ကင်မရာဖြင့် ဓာတ်ပုံရိုက်ယူလိုက်ပါသည်။

ဂဠုန်ရကျောက်အရည်မှာ (၂/၃)လက်မခန့်ရှိ၍ လုံးပတ်မှာ ဘောလ်ပင်အလုံးထက် အနည်းငယ် ပိုကြီးပါသည်။

**(စာရေးသူ၏ ဆောင်းပါးမှာ ဖေဒင်ကြော်ငြာဆောင်းပါး ဖြစ်မည်ဆိုပါ၍ အကြားအမြင်ဆရာများ၏ နာမည်နှင့် ဟောခန်းလိပ်စာများ ထည့်သွင်းရေးသားခြင်း မရှိသည်ကို ခွင့်လွှတ်ကြပါခင်ဗျား)**

***ဦးစိန်(တိုးချောင်ကြီး)***

စာမျက်နှာ (၂၅၂)မှ အဆက်

ကိုအောင်ငွေသည် တဖြည်းဖြည်း အိပ်ရာထက် လဲကျသွားကာ အိပ်ပျော်သွားပါတော့သည်။

နောက်ရက် အိပ်ရာမှ နိုးသောအခါ မှစ၍ ကျန်းမာရေး ကောင်းသွားသည်။

ယခုဆိုလျှင် ဇနီးမယားနှင့် သားသမီးတွေပါရလျက် စီးမော်ကျေးရွာ၌ ပျော်ရွှင်စွာ နေထိုင်လုပ်ကိုင်စားသောက်နေသည်ကို တွေ့ရလိမ့်မည်။

စိတ်ရှုပ်ထွေးဖွယ်ရာ ပဟေဠိတွေနှင့် ပြည့်နှက်နေသော ဤလောက၌ ဆန်းပြားသည့် ကြုံတွေ့မှုမျိုး မည်သူမှ မကြုံတွေ့ကြပါစေနှင့်ဟု ကိုအောင်ငွေ တစ်ယောက်ကတော့ ဆုတောင်းနေမိမည်သာ။

**[လယ်ဦးကျေးရွာမှ မောင်စိန်ဝင်း၊ မောင်ညွှန့်ဝင်းတို့ ပြောပြသော ဖြစ်ရပ်မှန်အား အမည်နာမများ လွှဲပြောင်းလျက် ရေးဖွဲ့ပါသည်။]**

***ဆန္ဒမွန်ဖြင့်...***

**ကျောင်းတော်ရာ မောင်လှ**

**နက္ခတ္တရောင်ခြည်**
**မဂ္ဂဇင်းတိုက်နှင့်**
**ဆက်သွယ်နိုင်သော**
**တယ်လီဖုန်းနံပါတ်**
**အသစ်များ...**

**၀၉–၇၇၆၃၄၉၇၈၅**
**၀၉–၉၆၈၀၀၄၁၈၅**



www.burmeseclassic.com

www.burmeseclassic.com



ဦးဉာဏ်

ကျွန်တော့်ကိုယ်တွေ့

# ပရလောကသားများ အတွေ့အကြုံနှင့်

## ဘဝအသိအပြောင်းအလဲ (၁)

ကျွန်တော်သည် ငယ်စဉ်ကပင် ရုပ်ဝါဒသမားဖြစ်ပြီး ဘာကိုမျှ လက်တွေ့ကျကျ မကြုံမဆုံ မတွေ့ရဘဲနှင့် ယုံကြည်လက်ခံတတ်သူ တစ်ယောက် မဟုတ်ပေ။

လူတို့သည် ကြက်ရိုး၊ ဘဲရိုး၊ ဆိတ်ရိုး၊ နွားရိုးတို့အား တွေ့မြင်လျှင် ကြောက်ရွံ့ခြင်းမဖြစ်၊ သို့သော် လူသေအရိုးတို့ကိုတော့ဖြင့် ကြောက်ကြ၏။

ကျွန်တော့် အမြင်၊ ကျွန်တော် အယူဝါဒအရ အရိုးမှန်လျှင် အားလုံး အတူတူပင်ဖြစ်သည်။

သို့ကြောင့်လည်း ကျွန်တော် ခပ်ငယ်ငယ် (၁၄)နှစ်၊ (၁၅)နှစ် အရွယ်လောက်က အသုဘပို့သွားလျှင် အသုဘယာဉ်များနှင့် သင်္ချိုင်းသို့ အသုဘပို့လိုက်သွားရင်း လူလက်ဖျံရိုး၊ ခြေသလုံးရိုး၊ ပေါင်ရိုးတို့ကို လူကြီးများ မသိအောင် ကောက်ယူလာပြီး လူငယ် သဘာဝ အပြောင်အပြက် သဘော

www.burmeseclassic.com

ထားမျိုး ပုံကို ထိုအရိုးတို့နှင့် ပုံတီး ဆော့ကစားသည်။

ထိုအခါ လူကြီးသူမတို့သိပြီး အတင်းပင် သချိုင်းသို့ ပြန်ပို့ခိုင်းလေသည်။ ကျွန်တော်သည် တစ္ဆေ သရဲ ရှိသည်ဆိုသည်ကို လုံးဝ အယုံအကြည် မရှိသလို အကြောက်အလန့်လည်းမရှိပါ။

လူကြီးများနှင့် သော်လည်းကောင်း၊ သူငယ်ချင်းတစ်စုနှင့် သော်လည်းကောင်း ရွှေတိဂုံဘုရားသို့ အပျော်ဘုရားဖူးသွားရင်း ဘုရားစောင်းတန်းရှိ ပန်းပုဆိုင်တို့တွင် သစ်သားနှင့် ဘုရားရုပ်၊ နတ်ရုပ်များ ထုလုပ်နေသည်ကို မြင်၍ ကြည့်ရှုမိသည်။

ထိုအခါ ဘုရားပုံတော်အကြမ်းအား ခြေ(၂)ချောင်းနှင့် ညှပ်၍ ဆောက်သွားနှင့် ထွင်းထုနေသည်တို့ကို မြင်တွေ့ရသကဲ့သို့ အင်္ဂတေနှင့် လောင်း၍ ဘုရားပုံ၊ နတ်ရုပ်ပုံများ ပြုလုပ်နေသည်တို့ကို မြင်တွေ့ရသည်။

ထိုအခါ ဘုရားရှိသည်၊ နတ်ရှိသည်၊ မရှိသည်ဟူသော အယူအဆကို မိမိအရွယ်၊ အသိနှင့်ပင် ဆုံးဖြတ်ပြီး ရုပ်ပုံ၊ ရုပ်လုံးအနေနှင့်သာ ဆုံးဖြတ်၍ ထင်မြင်မိသည်။ **(ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တို့ကို သိရှိနားလည်ခြင်း၊ မရှိသေးပါ။)**

ထို့ကြောင့်လည်း မိခင်ကြီး ဘုရားဆွမ်းတော်တင်လျှင် အသာရပ်ကြည့်နေပြီး ဆွမ်းတင်ပြီး၍ ကျောခိုင်းသည်နှင့်...

'သစ်သားရုပ်ကတော့ ဒီဆွမ်း စားမှာမဟုတ် ကြွက်စားသာ ဖြစ်တယ်။ ကြွက်မစားခင် ငါ အရင်ဦးအောင်စားမယ်'

ဟု ဆိုကာ ကျွန်တော် နှိုက်စားလေ့ရှိ၏။

မိခင်ကြီးသည် ဘုရားစင်မှ ဆွမ်းဟင်းကို ကျွန်တော် နှိုက်စားလိုက်သည်ကို မသိ၊ ကြွက်ချီသည်ဟု ထင်ပြီး ဆွမ်းဟင်း ထပ်ဖြည့်ထည့်၏။

မိခင်ကြီး ဆွမ်းဟင်းထပ်ဖြည့်ပြီး လှည့်ထွက်သွားသည်နှင့် ထိုဆွမ်းဟင်းကို နှိုက်ယူ၍ စားလိုက်၏။

ဤပုံစံအတိုင်း မိခင်ကြီးဆွမ်းတင်သည်နှင့် ကြုံသည့်အခါတိုင်း ကျွန်တော် နှိုက်စားလေ့ရှိ၏။

ငရဲလည်း နားမလည်၊ ပြိတ္တာသရဲလည်း နားမလည်။ နတ်ဘုံ၊ အပါယ်ဘုံဆိုသည်ကိုလည်း မသိ၊ ကျွန်တော်သိတာ လူ့ဘုံလူ့လောကပင်ဖြစ်သည်။

ကျွန်တော့်ဝါဒသည် ဒီဘဝသေလျှင် ပြီးတာပဲ၊ ငရဲမရှိ၊ နတ်မရှိ၊ တစ္ဆေသရဲမရှိဟူသော ဤဝါဒနှင့်ယှဉ်၍ အကြောက်အလန့်မရှိသော ကျွန်တော်သည် ပေတလောကနှင့်ဆိုင်သော ဖြစ်ရပ်တို့ကို ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံခံစားခဲ့ရ၏။

ကျွန်တော် တွေ့ကြုံခံစားခဲ့ရသည်တို့ကို အမှန်အတိုင်း ရိုးရိုးရှင်းရှင်း တင်ပြပါမည်။

---

### ပထမဆုံး အတွေ့အကြုံ

---

ကျွန်တော်အသက်(၁၄)နှစ် အရွယ်လောက်တွင် အိမ်ချင်းကပ်လျက် နေ သူငယ်ချင်း၏ဖခင်သည် ကိုယ်ပိုင်သုံးဘီးကားလေးမောင်း၍ လူဦးရေများလှသော သူငယ်ချင်းမိသားစု၏ စားဝတ်နေရေးကို နေ့စဉ် သုံးဘီးကားမောင်းရင်း ရှာဖွေကျွေးမွေးနေသည်။

ထိုစဉ် တစ်နေ့ ထိုနေ့သည် သူငယ်ချင်းမိသားစု ကြမ္မာဆိုးဝင်သောနေ့ ဖြစ်၏။ ဖြစ်ပုံမှာ ရွှေဂုံတိုင်မီးပွိုင့် အကွေ့တွင် သူငယ်ချင်းဖခင် မောင်းနေသော သုံးဘီးကားလေးကို အသုတ်ပိုပြီး ပြန်လာသော ဘတ်စ်ကားကြီးမှ ဘရိတ်ပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ ဘေးတိုက် ဝင်တိုက်မိသည်။

ထိုအခါ ထိုနေရာတွင်ပင် ကားလည်း ရစရာမရှိအောင် ပျက်စီးသွားသကဲ့သို့ လူလည်း ပွဲချင်းပြီး သေဆုံးသွား၏။ အလောင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ပြီး ရေခဲတိုက်တွင် ထား၏။

ယာဉ်တိုက်မှုဖြစ်ပြီး အလောင်းကို ရေခဲတိုက်သို့ ပို့ထားစဉ် အကြောင်းကြားလာသဖြင့် သူငယ်ချင်းအိမ်မှ လူကြီးများ ဆေးရုံကြီး ရေခဲတိုက်သို့ အလောင်းအား သွားရောက်ကြည့်ရှုရန် ညနေ(၅)နာရီကျော်ကျော်ခန့် ထွက်သွားကြသည်။

ထိုသို့ ထွက်သွားသူများ ည(၇)နာရီကျော်သွားသော်လည်း ထိုသူတို့အိမ်ပြန် မရောက်လာကြသေးသဖြင့် သူငယ်ချင်းမှ ကျွန်တော်နှင့် နောက်သူငယ်ချင်း ဆိုးပေတို့ကို ခေါ်ပြီး(၃)ယောက်သား ည(၈)နာရီလောက်တွင် အိမ်မှနေ၍ သစ်ပင်များ ယှက်၍ မှောင်မိုက်နေသော သံရုံးဝင်းလမ်းအတိုင်း ဖြတ်လျှောက်လာသည်။

**(သံရုံးဝင်း၏ ရှေ့တံခါးမကြီး မဟုတ်ပါ။ ထိုတံခါးသည် သံရုံးဝင်း၏ ဘေးဘက်ရှိ ခြံတံခါးဖြစ်ပြီး ထိုသံတံခါးကြီးရှေ့တွင် လမ်းမီးတိုင်လေးတစ်တိုင်သာ မီးဝါရောင်လေးလင်း၍နေ၏။)**

ထိုလမ်းအတိုင်း ဖြတ်လျှောက်လာရာ ကျွန်တော်တို့အရှေ့ မီးဝါရောင်လေးအနားရှိ ထိုသံတိုင်တံခါးအား ခြေထောက်နှင့် တဒိုင်းဒိုင်း ကန်နေသံကို သံတိုင်တံခါးရှေ့ မရောက်မီ ခပ်လှမ်းလှမ်းနေရာမှ (၃)ဦးသား ကြားနေရပြီး သံတိုင်တံခါးရှေ့ရောက်၍ သံတိုင်ကြားမှ သံရုံးအိမ်ဝင်းကို ကြည့်



www.burmeseclassic.com

www.burmeseclassic.com

ရာ...

အိမ်ကြီးကို မမြင်ရဘဲ မီးရောင်အောက်ရှိ သံတိုင်အောက်ခြေမှစ၍ မည်းမည်းကြီးနှင့် ပိတ်မှောင်နေသည်ကို တွေ့ရပြီး လူတစ်ဦးတစ်ယောက်မှ မရှိဘဲ သံတိုင်တံခါးကြီးကို တဒုန်းဒုန်းနှင့် ရိုက်ကန်နေသံကြီးကို ကြားနေရာ...

သူငယ်ချင်းနှစ်ဦး တစ်ဖက်လမ်းထိပ်ရောက်အောင် ထွက်ပြေးသွားကြပြီး ကျန်နေခဲ့သော ကျွန်တော့်ကို အော်ခေါ်နေကြ၏။

ကျွန်တော် မကြောက်တတ်သည့်အတွက် အမြင်ဆန်းနေသည့် သံတိုင်တံခါးကြီးကို သေသေချာချာ ကြည့်၏။ မီးအလင်းရောင်နှင့်ဆိုလျှင် သဘာဝကျကျ သံတိုင်တံခါးကြားသို့ အလင်းရောင်ဖောက်ပြီး သံတိုင်တံခါးကြီး၏ သံတိုင်အရိပ်များ မြင်ရမည် ဖြစ်ပါသည်။

သို့သော်လည်း ယခုမူ သံတိုင်အောက်ခြေမှစ၍ မည်းမှောင်နေပြီး ထို မည်းမည်းအရိပ်များ ဟိုရွေ့ဒီရွေ့ လှုပ်ရှားနေပြီး သံတိုင်တံခါးကြီးမှာလည်း အဆက်မပြတ် ထုရိုက်နေသံကြားနေရပြီး တုန်ခါနေသည်ကို မြင်တွေ့ရပါသည်။

သို့နှင့် ဒါဘာတွေ ဖြစ်နေတာလဲဟု စဉ်းစားနေစဉ် သူငယ်ချင်းများကလည်း အော်ခေါ်၊ သံတိုင်တံခါးကြီးကလည်း တဒုန်းဒုန်း မြည်နေသဖြင့် ဘုမသိဘမသိ နောက်ဆုတ် နောက်ဆုတ်နှင့် သူငယ်ချင်းများရှိရာသို့ ရောက်လာသည်။

သူငယ်ချင်း(၂)ဦးမှ ကျွန်တော့် လက်ဆွဲပြီး...

'သရဲခြောက်နေတာ မင်း မသိဘူး လား မင်းမို့လို့ကွာ'



ဟု ပြောပြီး ဆေးရုံကြီးဆီသို့ အသော့နှင်လာရာ ဆေးရုံကြီး အပြင်ဘက် လက်ဖက်ရည်ဆိုင်တွင် သူငယ်ချင်း၏ အစ်ကို၊ အစ်မတို့နှင့် တွေ့ပြီး စီစဉ်စရာကိစ္စတို့ ပြီး၍ လူကြီးသူမများနှင့် တစ်အုပ်ကြီး ထိုလမ်းမှပင် ပြန်လာပါသည်။

သို့နှင့် ထိုခါတ်မီးတိုင် အရှေ့အရောက်တွင် သံတိုင်တံခါးကြီးကို ကြည့်ရာ မီးအရောင်နှင့် သံတိုင်းတံခါးကြီး၏ သဘာဝကျကျ သံတိုင်တံခါး အရိပ်ကို တွေ့ရသလို သံတိုင်များကြားမှ မီးထိန်နေသော သံရုံးအိမ်ကြီးကိုလည်း ထီးထီးကြီး တွေ့ရသဖြင့် သရဲခြောက်မှန်း သိရပြီး လူကြီးတို့ကို ပြောပြရာ နောင် ထိုလမ်းမှ မသွားစေဘဲ အခြားလမ်းမှ သွားရန် ပြောကုန်၏။

သူငယ်ချင်းဖခင် အသုဘချပြီး၍ ရက်မလည်ခင်တစ်ည ည(၁၂)နာရီခန့်တွင် လမ်းအတွင်းမှ ခွေးများ၊ အီခြင်း၊ အူခြင်း ပြုကြသဖြင့် ကျွန်တော်အိပ်ရာမှ နိုးနေသည်။

ထိုစဉ် သူငယ်ချင်းအိမ်မှ မွေးထားသော ဖြူကြီးခေါ်သည့် ခွေးဖြူကြီးသည် အီရင်းနှင့်လမ်းထဲမှ ကျွန်တော်တို့ အိမ်ခေါင်းရင်းဘက်သို့ ထွက်လာသည်။

သို့နှင့် အိမ်အဝီအစွန်တွင် အိပ်နေသော ကျွန်တော် ခွေးထမောင်းရန် ခြင်ထောင်လှန်၍ ခေါင်းပြူကြည့်ရာ ထိုခွေးသည် အမြီးနန့်ရင်း အီရင်း ဖြည်းဖြည်းမှန်မှန် လမ်းမကြီးသို့ သွားနေသည်ကို ကျွန်တော် ကြည့်နေပါသည်။

ထိုစဉ် အိမ်ရှေ့မှ ဦးကျော်သည် ကျွန်တော်တို့ ခြံထောင့်တွင်ပေါ်လာပြီး ကျွန်တော် ခြင်ထောင်အပြင် ခေါင်းပြူနေသည်ကို တွေ့ပြီး လာစကားပြော၏။ ကျွန်တော်မှစ၍...

'ဦး မအိပ်သေးဘူးလား ဘာဖြစ်လို့လဲ'

ဟု မေးရာ ဦးကျော်မှ...

'ခွေးအူနန့်နေပုံကို ကြည့်ပြီး ဒါ သခင်တွေ့လို့ နှုတ်ဆက်တဲ့ အပြုအမူပဲ။ လူဆိုလို့ တစ်ယောက်မှလဲ မရှိ၊ ဒီကောင်ကြီး သေသွားတဲ့ သူ့သခင် တွေ့လို့ နှုတ်ဆက်နေတာနဲ့ တူတယ်ဆိုပြီး ငါအိမ်ထဲက နေအသာငြိမ်ပြီး ကြည့်နေတာကွ။

ခဏနေ လမ်းထိပ်ဘက်ထွက်သွားလို့ အနောက်ကနေ အသာလေးလိုက်ကြည့်တာ အခုမင်းလဲ မြင်တဲ့အတိုင်းပဲ မဟုတ်လား'

ဟု ပြောရာ...

'ဟုတ်တယ် ဦးကျော်... လူလဲ တစ်ယောက်မှ မရှိဘဲနဲ့ သခင်နောက်က တကောက်ကောက် အမြီးနန့်ပြီး လိုက်တဲ့ပုံမျိုးနဲ့ ထွက်သွားတာ ကျွန်တော်လဲ မြင်တယ်'

'အေးကွ သူပြိတ္တာဘဝ ရောက်သွားပြီနဲ့ တူတယ်'

'ပြိတ္တာဆိုတာ ဘာလဲဦးကျော်'

'မင်းကလဲ ပြိတ္တာဆိုတာ သရဲဖြစ်သွားတာကို ပြောတာကွ မှတ်ထား'

'ကျွန်တော် ဘာသရဲမှ မတွေ့ဘူး ခွေး အမြီးနန့်သွားတာပဲ တွေ့တယ်'

ဟု ပြောရာ...

www.burmeseclassic.com

'ဟာ ဒီကောင်... မင်းကတော့ ဘာမှ နားမလည်ပါဘူးကွာ။ ကဲ... အိပ်တော့... အိပ်တော့... ငါလဲ ပြန်အိပ်ဦးမယ်'

ဟု ပြောပြီး ဦးကျော်က ထွက်သွားသလို ကျွန်တော်လည်း ခြင်ထောင်ထဲ ပြန်ဝင်ပြီး အိပ်နေလိုက်၏။

ရက်သာ လည်ပြီးသွား၏။ နောင် ဘာမှ ထူးထူးခြားခြား မတွေ့ကြုံရတော့ပါ။ ဤတွေ့ကြုံမှုများသည် ကျွန်တော်ကို ဘာသာရေးဘက်သို့ ပြောင်းလဲလာစေမည့် အကြောင်းပြချက်တစ်ခု ဖြစ်၏။


## ဒုတိယအတွေ့အကြုံ

ကျွန်တော်တို့အိမ်သည် ရပ်ကွက်၏ အစွန်ကျသလို လမ်း၏ ထိပ်ဆုံးအစွန်၌ တည်ရှိပြီး အိမ်နေမိသားစုများ၏ မုန့်လုပ်ငန်းနှင့် မုန့်ကြိတ်စက်လည်းရှိရာ ရေအသုံးများသော အိမ်ဟု ဆိုရပေမည်။

အိမ်တွင် အိမ်သုံးရေတိုင်ကီကြီး (၅)လုံးရှိပြီး ထိုရေတိုင်ကီ(၅)လုံးပြည့်အောင် ရပ်ကွက်သုံး ရေဘုံဘိုင်မှ (ည ၁၀ နာရီမှ နံနက် ၅ နာရီထိ) ရေစောင့် ခပ်ရသည်မှာ နေ့စဉ်လိုလို ဖြစ်သည်။

ထိုရေဘုံဘိုင်လေးသည် ကျွန်တော်တို့ အိမ်နှင့်ဆိုလျှင် အရှေ့ဘက်ကျကျ ရပ်ကွက်အစွန်တွင် တည်ရှိပြီး အနီးပတ်ဝန်းကျင်နေသူများ ထိုဘုံဘိုင်လေးမှ ရေကို အားထား၍ ခပ်ကြရသဖြင့် ရေလာစ်ထမ်းရရန် အတော်ကြာကြာစောင့်ဆိုင်းရ၏။

ညဘက်ဆိုလျှင် ရေခပ်သူနည်းသွားသဖြင့် ကျွန်တော်တို့ သူငယ်ချင်းတစ်စု ဂီတာတီးရင်း အလှည့်ကျသူ့အိမ် ကိုယ့်အိမ်အတွက် စောင့်



ခပ်ကြလေသည်။

တစ်ည ရေမခပ်ဖြစ်သဖြင့် စောစော အိပ်ရာဝင်ခဲ့၏။ ကျွန်တော်သည် အိမ်မကြီးတွင် မအိပ်ဘဲ အိမ်မကြီးနှင့် မနီးမဝေး လမ်းပလက်ဖောင်းနှင့် ကပ်လျက်ရှိ အစ်မကြီး၏ ကုန်စုံဆိုင်တွင် ဆိုင်စောင့်သဘောမျိုး ညီအစ်ကို(၂)ယောက် အိပ်ကြ၏။

ထိုသို့နေရင်း ဗိုက်နာသဖြင့် နိုးလာပြီး နာရီကြည့်ရာ ည(၂)နာရီ (၁၅) မိနစ်သာရှိသေးကြောင်း နာရီကြည့်ပြီး ရေအိမ်သွားရန် အိမ်အနောက်ဘက်ရှိ အိမ်သာသို့ ထွက်ခဲ့၏။

ကျွန်တော်တို့နေသော အိမ်သည် (၅)ခန်းတွဲ အိမ်တန်းလျားမျိုးဖြစ်ပြီး အိမ်သာသည် သွပ်မိုး၊ သွပ်ကာ သုံးလုံးတွဲ (အောက်ခြေအုတ်စီ၍) ဆောက်ထားပြီး တစ်ချိန်က သွပ်တံခါးနှင့် သပ်သပ်ရပ်ရပ် ဖြစ်ခဲ့ပါသည်။

သို့သော် ယခုအခါ (၂)လုံးသာ ကောင်း၍ အတွင်းဘက် အစွန်ဆုံးသာ တံခါး၊ နောက်ကာ၊ ဘေးကာများ မရှိတော့ဘဲ ဟာလာဟင်းလင်း ဖြစ်နေပြီး မည်သူမျှ အသုံးမပြုတော့ပေ၊ ကောင်းသော (၂)လုံးသာ အသုံးပြုနေကြသည်။

ကျွန်တော် ဘာစိတ်ကူးပေါက်သည်မသိ၊ ထိုအကောင်း(၂)လုံးကို အသုံးမပြုဘဲ အစွန်ရှိ အိမ်သာပျက်ပေါ်သို့ ဗိုက်ကိုစွအလို့ငှာ တက်ထိုင်၍ မလုံ့တလုံ သံတံခါးအပြတ်ကို (အရှက်လုံရုံသာ) ဆွဲကာလိုက်ပြီး အပေါ့သွားရန် အားထုတ်စဉ် အရှေ့မှ ကာပိတ်ထားသော သံတံခါးပြတ်ကို အပြင်မှ ရှူးနှင့် လာပေါက်၏။ (ရှူးများ သံပြားလာထိသံ တဗြုန်းဗြုန်း ကြားနေရ၏။)

သံတံခါးပြတ်သည် အပေါက်ရာကြီး,သေး ပရပွနှင့်ဖြစ်ရာ ရှူးများ ကျွန်တော်ကို စင်မည်စိုး၍ ရှူးပေါက်သည့်သူကို ခေါင်းထောင်ကြည့်ရာ ဆီးမှာလည်း အောင့်ထားရသဖြင့် ဆီးသွား၍မရ ဖြစ်နေစဉ် ထပ်မံ၍ ရှူးလာပေါက်ပြန်၏။

ခွေးများ ရှူးပေါက်လျှင် တစ်နေရာတည်းသို့ လှည့်ကာ လှည့်ကာ ရှူးပေါက်တတ်သည်ဖြစ်၍ ခွေးပဲ ဖြစ်မှာပဲဟု ယူဆကာ တက်ခေါက်သံပေး၍ ခြောက်လှန့် မောင်းလိုက်၏။ တက်ခေါက်တုန်း ခဏသာ ရှူးပေါက်ရပ်သွားပြီး ခဏအကြာ ထပ်မံ၍ ပေါက်လာပြန်၏။ ရှူးပေါက်သံသည် သံပြားကို တဗြုန်းဗြုန်း မြည်နေ၏။

ကျွန်တော်လည်း ဒေါသထွက်ကာ အပြင်မှ ရှူးလာပေါက်နေစဉ် အကာသံပြားပြတ်ကို ဆတ်ခနဲ ဆွဲဖယ်ကြည့်ရာ လမ်းမီးရောင် တစ်ဝက်တစ်ပြက် အလင်းရောင်နှင့် ဘာမှ မတွေ့။

သို့နှင့် ဒီလောက်တောင် ဖြစ်လှတာ ငါ အမိဖမ်းမယ်ဆိုပြီး တံခါးပြန်ပိတ်၍ စောင့်နေ၏။ သံပြားပြတ် တံခါးပြန်ပိတ်လိုက်သည်နှင့် ရှူးလာပေါက်ပြန်ရာ သံသယဖြစ်လာပြီး ရှူးများ စိုချင်စိုပစေ ဆိုပြီး သံပြားတံခါး အပေါက်မှ ချောင်းကြည့်ရာ ဘာမျှ မတွေ့ရပါ။

သို့နှင့် အိမ်သာကျင်းကို ခွလျက်သား မတ်တတ်ရပ်ပြီး ခေါင်းပြူ၍ ဘေးဘီကြည့်ရင်း "**ဒါ ဘာဖြစ်တာပါလိမ့်**" ဟု စဉ်းစားနေစဉ် အိမ်သာ ပေါက် အောက်ခြေမှ အသံ... ထွက်လာပြန်သဖြင့် အိမ်သာအောက်



www.burmeseclassic.com

www.burmeseclassic.com

အပေါက်သို့ ဘေးတိုက်အနေအထား ခြေစုံရပ်ပြီး ငုံ့ကြည့်သည်။

ထိုအခါ အသံများက အိမ်သာအောက်ခြေရှိ မြေသားမှို့မှို့ဆီမှ အဆက်မပြတ် ထွက်ပေါ်နေစဉ် အိမ်သာ အနောက်ခြမ်း (အကာအရာမရှိ) ဟာလာဟင်းလင်းကြီးတွင် လေးထောင့်သံပုံးငယ်ကို ဖြန့်၍ အကာသဘော ထိုသံပြားဟောင်းလေး တစ်ချပ်သာ တန်းလန်းကျ အနေအထား ထီးထီးရှိနေသည်။

ထို့ပြင် အခြား အကာအရံဆို၍ ဘာတစ်ခုမှမရှိ။ အနောက်ဘက်ရှိ အိမ်တန်းလျားများနှင့် ကူးစက်ရောဂါဆေးရုံဝင်း၊ ကားလမ်းမတို့ကို ရှင်းရှင်းလင်းလင်းကြီး မြင်နေရ၏။

အောက်သို့ အာရုံစိုက်ကြည့်နေစဉ်မှာပင် "ဒေါင်" ဟူသော ခပ်ကျယ်ကျယ် အသံနှင့်အတူ တွဲလွဲကျနေသော သံပြားဟောင်းလေးသည် လေထဲတွင် လှုပ်ခါ၍ နေ၏။

ကျွန်တော်လည်း အသံကြားရသဖြင့် လှည့်ကြည့်ရာ လှုပ်ခါနေသော သံပြားကိုသာ တွေ့ရသဖြင့် ဘယ်သူခဲနှင့် ပေါက်တာလဲဆိုပြီး နောက်ဖေးပတ်ဝန်းကျင်အနှံ့ လိုက်ကြည့်ရာ လူရိပ်လူယောင်လည်း မတွေ့ရ။ အိမ်သာအောက်မှလည်း အသံမျိုးစုံထွက်နှင့် ဘာတွေဖြစ်နေမှန်း ဝေခွဲမရပါ။ (ထိုသို့ဖြစ်နေချိန် အပေါ့အလေး တစ်ခုမှ မပြုရသေးပေ။)

ထိုကြားရသည့် အသံမျိုးအား စမ်းသပ်သည့်အနေနှင့် ထိုသံပြားဟောင်းလေးကို လက်နှင့် အားပြု တောက်ကြည့်ရာ စောစောက ကြားရသည့် အသံအတိုင်း ကြားရပြီး သံပြားမှာလည်း စောစောက ဖြစ်သကဲ့သို့ ဘစ်ပုံစံတည်း လေထဲ ယိမ်းထိုးနေ၏။

ထိုသို့ စမ်းသပ်ပြီး ကျွန်တော်စဉ်းစားမိ၏။ **"လူကြီးတွေပြောသည့် သရဲခြောက်တယ်ဆိုတာ ဒါမျိုးလား"**ဟု ထင်မိသည့် တစ်ခဏခေါင်းမှ ဆံပင်များ ထောင်ကုန်သလို ကျောချမ်းကာ ကြက်သီးများ ထကုန်၏။

ယောက်ျားပဲကွာဟု မာန်တင်းကာ အိမ်သာတံခါးဖွင့်ပြီး အောက်ခြေမှ အုတ်နီခဲနှစ်လုံးကို တစ်ဖက်တစ်လုံးစီ ကောက်ကိုင်ပြီး နောက်ဆုတ်နောက်ဆုတ်နှင့် အိမ်သာအဝင်လမ်းဘက်သို့ ထွက်လာကာ အိမ်သာနောက်ဖေး လမ်းကြားသို့ အုတ်နီခဲတစ်လုံးနှင့် ပစ်ပေါက်လိုက်သည်။

ကျန်တစ်လုံးကိုင်ကာ အိမ်သာအဝင်ပေါက် ခြံစည်းရိုးထိပ်မှရပ်ပြီး အိမ်သာကြား အမှောင်ထဲသို့ စူးစူးစိုက်စိုက် ကြည့်နေပြီး သရဲတွေ့လျှင် ခဲနှင့်ထုမည်ဟု အားတင်း၍ စောင့်နေ၏။

အတော်လေးကြာသော် ဘာ အရိပ်အယောင်မှ မတွေ့သဖြင့် အိမ်သာအမှောင်လမ်းကြားသို့ ကျန်အုတ်ခဲနှင့် ပစ်ပေါက်လိုက်ပြီး လှည့်ထွက်ကာ အိမ်အဖီခေါင်မိုးပေါ်မှ အနေတော်ဝါးလုံးတိုတစ်လုံး ဆွဲယူပြီး(အိမ်သာအဝင်ထိပ်ဘေးတွင် ငှက်ပျောပင်များ ပြွတ်သိပ်စွာ ပေါက်ရောက်နေ၏။) ငှက်ပျောပင်နှင့် ကွယ်၍ သရဲထွက်လာလျှင် ရိုက်ရန် စောင့်နေ၏။

အပေါ့အလေး မသွားလိုက်ရသည့်အတွက် ဒေါသလည်း အလွန်ထွက်နေမိသည်။ မကြာမီ (၅)နာရီထိုး၍ မိခင်ကြီးနိုးလာသဖြင့် မိခင်ကြီးအား ကူညီလုပ်ကိုင်ပေး၍ မိုးလင်းမှ ကိစ္စသွားရသည်။

ကျွန်တော် တွေ့ကြုံရသည်တို့ကို သူငယ်ချင်းများနှင့် အိမ်မှ အစ်မများအား ပြောပြရာ အားလုံးကြောက်လန့်ပြီး လမ်းသားများပါ သိကုန်ရာ ညဘက် အချိန်မတော် အိမ်သာတက်သူများ မရှိသလောက် ဖြစ်သွား၏။

ဤ အကြောင်းအရာသည်လည်း ကျွန်တော်အား ဘာသာရေးဘက်သို့ ယုံကြည်မှုများ ပြောင်းလဲစေမည့် အကြောင်းအရာဖြစ်သည်။

---

### ဒုတိယအတွေ့အကြုံ

---

လွန်ခဲ့သော နှစ်ပေါင်း(၄၀)ပတ်ဝန်းကျင်လောက်(နေ့ရက်တို့ မမှတ်မိတော့ပါ) ရန်ကုန်ဘူတာကြီး စကြံ(၁)မှ မြေပေါ်မြေအောက် အဖျက်သမားမသမာသူများ၏ ပုံးထောင်မှုကြောင့် ပုံးပေါက်ကွဲခဲ့ရာ ကျွန်တော်တို့ လမ်းထဲမှ အဘစံ၏ဇနီး ဘူတာကြီး ဆင်ဝင်အောက်ကွမ်းယာ ဆေးလိပ်ရောင်းသူအား ပုံးဆန်မှန်၍ ပွဲချင်းပြီး သေဆုံးသွားသည်။

ထိုသူ၏ မကျွတ်မလွတ်ဘဝကို ကျွန်တော်နှင့်အတူ သူငယ်ချင်းဖိုးထောင်တို့ မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရခြင်းဖြစ်သည်။

ဖြစ်ပုံမှာ ထိုပုံးပေါက်ကွဲမှုကြောင့် ကျွန်တော်တို့ရပ်ကွက်၊ ကျွန်တော်တို့ လမ်းထဲမှ နှစ်ဦးသည် တစ်ဦးကသေပြီး၊ တစ်ဦးက မသေကြောင်း ဆေးရုံကြီးမှ ပြန်လာကြသည့် သူတို့ဆွေမျိုးသားချင်းများက ပြောပြ၍ လမ်းသားအားလုံး သိရပြီး ကံဆိုးစွာ သေဆုံးသွားသည့်သူအတွက် စိတ်မကောင်း ဖြစ်ကြလေသည်၊

သေဆုံးသူအား ဆေးရုံကြီး ခေခဲတိုက်တွင် (၃)ရက်ထားခဲ၏။ အသုဘချရန် စီစဉ်ထားပြီး ဤကိစ္စအဝဝကို လမ်းသားများက ဝိုင်းဝန်းကူညီ



www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရွက်ပေးကြသည်။

အသုဘမချမီ တစ်ရက်အလို ကျွန်တော်နှင့် သူငယ်ချင်းဖိုးထောင်တို့ လမ်းအဝင်ထိပ်ရှိ ပလက်ဖောင်းတွင် ထိုင်ရင်း ဂီတာတီး သီချင်းဆိုနေကြ၏။

အချိန်အားဖြင့် ည(၁)နာရီ မိနစ် (၂၀)ခန့်တွင် ထူးခြားသော မြင်ကွင်းကို ကျွန်တော်မှ စတင်တွေ့၍ သူငယ်ချင်း ဖိုးထောင်ကို လက်ညှိုးထိုးပြရင်း...

'ကြုံလို့ တွေ့ရတယ်။ မကြောက်နဲ့ အသာကြည့်နေ ဒါမျိုး မြင်ရခဲတယ်'

ဟု ကပ်ပြောရင်း နှစ်ယောက်သား ထိုထူးခြားမှုကို ကြည့်နေကြ၏။

သူငယ်ချင်းဖိုးထောင်တို့ အိမ်မှ ငယ်ငယ်ဟု ခေါ်သော ခွေးသည် အိမ်လုံသော ခွေးဖြစ်၏။ သူတို့အိမ်မှ မည်သည့်ပစ္စည်းကိုင်ကိုင် ကိုင်လိုက်လျှင် ထိုခွေးသည် ပစ္စည်းပြန်မချမချင်း မာန်ဖီ၍ နေ၏။

ကျွန်တော်တို့ သဘောကျ၍ ထိုခွေးကို ခဏခဏ စနေကြလည်း ဖြစ်၏။ ထိုခွေးသည် လူကိုက်တတ်သော ခွေးဖြစ်၍ လူမကြောက်ပါ။

ထိုခွေးသည် ကျွန်တော်တို့အနားမှ တစ်ဖက်လမ်းထိပ် လမ်းမရှိ ဓာတ်မီးတိုင်အောက်သို့ ထထွက်သွားပြီး မည်သူ တစ်ဦးတစ်ယောက်မှ မရှိဘဲ တစ်စုံတစ်ဦး ရှိနေသကဲ့သို့ ထိုးဟောင်လိုက်၊ ဝင်ကိုက်မည်လုပ်လိုက်၊ နောက်ဆုတ်လိုက်နှင့် အပြုအမူ ထူးခြားနေသည်ကို ကျွန်တော်တို့ (၂)ဦးသား တွေ့ရ၏။

သေသေချာချာ ဂရုစိုက်ကြည့်ရာ ဖြူဖြူအရိပ်သဏ္ဍာန်သည် ပေါ်လိုက် ပျောက်လိုက်နှင့်။ ထိုအရိပ်ဖြူကို တွေ့၍ ခွေးဟောင်နေခြင်း ဖြစ်၏။



ထိုခွေးသည် ထိုးဟောင်လိုက်၊ ဝင်ကိုက်လိုက်၊ နောက်ဆုတ်လိုက်နှင့် တဖြည်းဖြည်း လမ်းထိပ်သို့ ရောက်လာပြီး ကျွန်တော်တို့နှင့် ပေ(၂၀)ခန့်သာ ကွာဝေးသော နေရာသို့ ရောက်လာ၏။

**(ထို ပေတာလောကသားကို အကောင်အထည်အနေနှင့် မတွေ့ပါ။ ဖြူရောင်ရောင် အရိပ်သဏ္ဍာန်အားဖြင့် တွေ့လိုက် ပျောက်သွားလိုက် မထင်မရှားသာ တွေ့ရပါသည်။)**

ထိုထူးခြားမှုကို ကြည့်ပြီး ကျွန်တော် သတိရသွား၏။

'ဟေ့ကောင် ဖိုးမောင်...ဒါ သေသွားတဲ့ အဒေါ်ကြီး လူကြီးတွေပြောသလို မကျွတ်မလွတ်ဖြစ်ပြီး သူ့အိမ်ကို ဆေးရုံရောက်ကနေ လာတာနဲ့တူတယ်'

ဟု ပြောရာ ထိုစကား ဖိုးမောင်ကြားသည်နှင့် ထထွက်ပြေးမည်ပြုရာ ကျွန်တော် အတင်း လက်လှမ်းဆွဲထားပြီး...

'အသာနေစမ်းပါကွ ဒါမျိုး မြင်ရကြုံရခဲတယ်။ ဒါသူ့အိမ်ကို ပြန်လာတာ နေမှာကွ၊ ငါတို့ ရှိနေတာနဲ့ တိုက်ဆိုင်လို့ တွေ့ရတာ အသာ ထိုင်နေစမ်းပါ၊ အခြေအနေမကောင်းလို့ ငါတို့ဆီ တည့်တည့်လာရင် ထွက်ပြေးတာပေါ့'

ဟု သူငယ်ချင်းကို ပြောပြီး တစ်ယောက်လက် တစ်ယောက် ဆုပ်ကိုင်ကာ ဆောင့်ကြောင့်ထိုင်၍ ကြည့်နေကြသည်။ တဖြည်းဖြည်း ကျွန်တော်တို့နှင့် အလှမ်းနီးကပ်လာပြီး ခွေးသည် သခင်ရှိသည်ကို သိသည်နှင့် အားတက်ပြီး အသေအလဲ ခံကိုက်မည့်ပုံ မာန်ဖီရင်း လုပ်နေပုံကို ကြည့်ပြီး ကျွန်တော်တို့ နှစ်ယောက် ထွက်ပြေးချင်စိတ်ပင် ပေါက်လာ၏။

ကျွန်တော်တို့အမြင် အဖြူရောင် ပျပျလေးသာ မြင်တွေ့ရပြီး ထိုခွေး၏ အမြင်တွင် မည်သို့ ပုံသဏ္ဍာန် ရှိနေသည်မသိပါ။

ထိုခွေးသည် ထိုးဟောင်လိုက်၊ ဝင်ဆွဲလိုက်၊ နောက်ဆုတ်လိုက်နှင့် တဖြည်းဖြည်း လမ်းအတွင်း ကျွန်တော်တို့ မျက်ကွက်ရာသို့ ရောက်သွားပြီး သူငယ်ချင်း အိမ်တံစက်မြိတ်အောက်မှ အတင်းထိုးဟောင်နေသည်ကို နှစ်ဦးသား ကြားနေရသည်။

အတော်ကြာတော့ ခွေးဟောင်သံ နည်းနည်း လှမ်းသွားသည့်အတွက် နှစ်ယောက်သား လမ်းအတွင်းသို့ လိုက်ကြည့်ရာ ခွေးသည် သေဆုံးသူ၏ အိမ်ရှေ့တည့်တည့်မှ အိမ်ပေါက်ဝသို့ ကြည့်ပြီး အတင်းထိုးဟောင်နေသည်ကို တွေ့မြင်ရလေသည်။

ထိုအဒေါ်ကြီး ပြန်ထွက်လာလျှင် ကျွန်တော်တို့နှင့် တိုးနေမည်ကို စိုးရိမ်ပြီး လူချင်းခွဲကာ အိပ်ရာ ဝင်ခဲ့လေသည်။

ထိုညက အဖြစ်အပျက်ကို နံနက် လင်းသော် လူကြီးသူမတို့ကို ပြောပြရာ တချို့က ယုံကြည်သလို၊ တချို့က မယုံကြည်ပေ။

ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ ကျွန်တော်တို့နှစ်ဦး သေသေချာချာ တွေ့ကြုံခဲ့ရသည်သာ။ ဤတွေ့ကြုံမှုသည်လည်း ကျွန်တော် ဘာသာရေးဘက်သို့ ပြောင်းလဲလာစေမည့် အကြောင်းတစ်ခုပင်ဖြစ်သည်။

ရွှေလဆက်ဖတ်ပါရန်

**ဦးဉာဏ်**

www.burmeseclassic.com

www.burmeseclassic.com

ကံဝင့်ကြွေးလား(သို့မဟုတ်)

# ဟောရနေကျွတ် ယုဉ်မြီလေးသားလေး

နတ်မောက် လှမြင့်သစ်



ကျွန်မဟာ ကံ,ကံရဲ့အကျိုးကို
ကြွင်းမဲ့ ယုံကြည်သူပါဆရာ၊
သရာ အတိတ်မှာတုန်းက ကျွန်မ
တွေလုပ်ခဲ့တယ်၊ ဖြစ်ပျက်ခဲ့တယ်
တော့ ဇာတိဿရဉာဏ်မရလို့
ပြောနိုင်ပေမယ့် လက်ရှိဘဝ
တ်၊ ပစ္စုပ္ပန်မှာတော့ ကျွန်မဟာ
ကောင်းမှုရှောင် ကောင်းမှုဆောင်
လို့ နေထိုင်လုပ်ကိုင်ခဲ့တာ အမှန်
ကျွန်မ မုသားမဆိုပါဘူး။
မယ့် ဆရာရယ်... ကျွန်မဟာ
အတိတ်မှာတုန်းက ကောင်းမှုကုသိုလ်
နည်းပါးခဲ့တယ် ထင်ပါတယ်။ သူ
တစ်ပါးကိုလဲ စွပ်စွဲခဲ့ဖူးတယ်လို့ ယူဆမိ
ပါတယ်။

ကျွန်မ ခုဘဝမှာ အရှက်တကွဲ
အကျိုးနည်းအောင် ပူဆွေးခံစားခဲ့ရပါ
တယ်။

ကျွန်မ ဒီအဲကြောင်းတွေ ရင်ထဲမှာ
မျိုသိပ်မထားချင်လို့ ဆရာ့ကို ပြောပြ
ချင်ပါတယ်။ ဖြစ်ပုံတွေက ဒီလိုပါ...

* * *

'ဖြစ်ပုံတွေက...
ကျွန်မမှာသားသုံးယောက်
ရှိခဲ့ပါတယ်။ ပထမသားနဲ့
ဒုတိယသားတွေ
မွေးဖွားသည့်အထိ
အားလုံး ကောင်းကောင်း
မွန်မွန် ချောချောမောမော
မွေးဖွားနိုင်ခဲ့ပါတယ်။
ဘာပြဿနာ အခက်အခဲမှ
မရှိသလောက်ပါပဲ။
တတိယသားကိုတော့
ကိုယ်ဝန်ဆောင်စမှာပဲ
ထူးခြားတဲ့ ပြဿနာတွေ
စ,ခဲ့တာပဲဆရာ။ ဘာလဲဆိုတော့
ကျွန်မတစ်ကိုယ်လုံးမှ ရှုပိုး
တက်သလို ယားယံခဲ့တယ်။
ဆေးခန်းတွေပြ မီးယပ်
အထူးကုဆီလဲပြတယ်။
စားဆေးပေး၊
ဆေးထိုးပေးပေမယ့်
မပျောက်ဘူး။ မြန်မာတိုင်းရင်း ဆေးခန်း
လဲ ပြတယ်ဆရာ။ တိုင်းရင်းဆေးခန်း
က ဆရာကြီးက...

'ဒါဟာ ရိုးရိုးရောဂါဝေဒနာ မဟုတ်ဘူး
ကံနာသဘောမျိုးဖြစ်တယ်။ ကိုယ်ဝန်က
မွေးပြီးမှ ပျောက်သွားမယ့်ရောဂါ'
လို့ပြောတယ်။

ဒါနဲ့ ဆေးခန်းက ပြန်အထွက်မှာ
ကျွန်မဟာ ဆုတ်ခနဲ ပစ္စည်းတစ်ခုကို

www.burmeseclassic.com



ဆရာကြီး မမြင်အောင် ကောက်ယူခဲ့မိတယ်။ ဘယ်လိုဖြစ်သွားတယ် မသိပါဘူး။ ကျွန်မလက်ကလဲ မြန်လိုက်တာ ဆရာရယ်။ အိမ်ရောက်မှ လက်ဖြန့်ကြည့်လိုက်တော့ **"နာရှူဆေးဘူး"**လေးဖြစ်နေတာ တွေ့ရတယ်။

ကျွန်မ စိတ်မကောင်းဖြစ်မိပါတယ်။ ငါတော့ သူများမပေးတဲ့ ပစ္စည်းယူမိပြီ။ ဒါဟာ ခိုးတာပဲ။ အာဒိန္နာဒါနကံ ထိုက်တော့မှာပဲ။

ဒါပေမယ့် ကျွန်မ နေသာထိုင်သာ ရှိသွားတယ်။ ကျွန်မခန္ဓာကိုယ်မှာ ရှုပိုး ထိုးသလို ယားယံနေတာတွေ ပျောက်သွားတယ်ဆိုတာ သတိပြုမိသွားရပါတယ်။

အဲဒီကအစပြုပြီး ကျွန်မဟာ အိမ်နီးချင်းအိမ်တွေ အလည်အပတ်သွားရင်တောင်မှ အပြန်မှာ ပန်းလေးတစ်ပွင့်ဖြစ်ဖြစ်၊ နောက်ဆုံး ဝါးခြမ်းပြားတစ်ချောင်းဖြစ်ဖြစ် ခိုးမလာရရင် မနေနိုင်အောင် ဖြစ်ခဲ့ရပြီး သူခိုးရောဂါ စွဲခဲ့ပါတယ်။

မှတ်မိသေးတယ် ဆရာရယ်၊ ကျွန်မ သားလေးကို လွယ်ထားလို့ ကိုယ်ဝန် (၇)လရှိချိန်မှာ ဈေးအတွင်း အထည်တန်းက ပုဆိုးသုံးထည်ကို ခိုးတာ မိသွားပြီး ရဲစခန်းအချုပ်ကို ရောက်ရတယ်။

တရားရုံးမှာ တရားစွဲတော့ ကျွန်မ ခိုးမိပါတယ်လို့ ဝန်ခံလိုက်တယ်။ တရားသူကြီး အမျိုးသမီးက **"မိန်းကလေးရယ် ကိုယ်ဝန်ကြီးနဲ့ ဘာလို့ ခိုးရတာလဲ၊ ကဲ... ဒီတစ်ခါ သက်ညှာစွာ စဉ်းစားပြီး ဥပဒေအရ အပြစ်ပေးမယ်။ ထောင်ဒဏ်သုံးလ"**ဆိုပြီး ချမှတ်လိုက်လို့ ကျွန်မ သရက်ထောင်ကို ရောက်ခဲ့ရပါတယ်။

ထောင်ကလွတ်လို့ အိမ်ပြန်ရောက်ပြီး သုံး,လေးရက်ရှိတော့ ကျွန်မ တတိယသားလေးကို မွေးတော့တာပါပဲ။ သားလေးကို မွေးပြီးတဲ့ အချိန်ကစပြီး ကျွန်မဟာ စိတ်သစ်၊ လူသစ်ဖြစ်သွားသလို အလွန်ကို ပေါ့ပါးလန်းဆန်းသွားတယ်။

ခိုးချင်စိတ်နဲ့ ခန္ဓာကိုယ် ယားယံတာတွေ ပျောက်ကင်းသွားခဲ့တယ်။ သိပ်ကို အံ့ဩခဲ့ရပါတယ်။

ဒါပေမယ့် ဆရာ သားလေးဟာ ငါးနှစ်အရွယ် မူကြိုကျောင်းသားအဖြစ် ကျောင်းအပ်တဲ့ အချိန်ကစပြီး နေ့စဉ် ကျောင်းက ပြန်လာတိုင်း ခဲဖျက်၊ ခဲတံ၊ ပေတံ၊ စာအုပ်၊ အရုပ်ကလေးတွေ ခိုး...ခိုးလာတတ်ခဲ့တယ်။

ကျွန်မလဲ ချော့လိုက်၊ ရိုက်လိုက်၊ ကျောင်းထုတ်မယ်နဲ့ ခြိမ်းခြောက်တဲ့အထိ ဆုံးမပေမယ့် မရခဲ့ပါဘူးဆရာ။

နောက်ဆုံးမှာ ကျွန်မဟာ သားလေးရဲ့ မွေးစာရင်းယူသွားပြီး ဗေဒင်ဆရာကြီးတစ်ဦးမှာ ဇာတာဖွဲ့ဗေဒင် မေးကြည့်ခဲ့တော့...

"ကလေးမရဲ့ သားဟာ စောရနက္ခတ်နဲ့ ယှဉ်မွေးထားတဲ့ ကလေးဖြစ်နေတယ်။ မခိုးရရင် မနေနိုင်ဘူး။ ဘယ်လောက်ချမ်းသာ ချမ်းသာ ခိုးနေမယ့်ကလေးဖြစ်တယ်"

လို့ ပွင့်ပွင့်လင်းလင်းဟောတော့ ကျွန်မလေ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျအောင် ငိုမိခဲ့ရပါတယ်ဆရာ။

ဟုတ်မှာပါ။ ကျွန်မသားလေးဟာ ဘယ်လိုမှ ဆုံးမ မရဘူးဆရာ။ ဈေးဝယ်သွားလို့ ဈေးထဲကို ခေါ်သွားရင်လဲ ဈေးပြန်မှာ သူ့လက်ထဲ ပစ္စည်းသုံး . လေးမျိုး ပါလာတော့တာပဲ။ နောက်ကို သားလေးကို ဈေးမခေါ်ရဲအောင်ဖြစ်ခဲ့ရတော့တယ်။

ကျွန်မအနေနဲ့ ဗေဒင်ဆရာတော်တော်များများဆီကို ချဉ်းကပ်ပြီး ဘယ်လို ယတြာပြုရင် သားလေးရဲ့ ခိုးချင်စိတ် ပျောက်သွားမလဲဆိုတာ မေးခဲ့ပါတယ်။

နောက်ဆုံးမှာ ဗေဒင်ဆရာကြီး တစ်ဦးက...

"သားလေးကို ရဟန်းဝတ်ပေးမှ ပျောက်မယ်။ ဒါဟာ ကံတုံ့ကြွေးပဲ၊ ပေးဆပ်ရမယ်"

လို့ ထွက်ပေါက်ပေးလိုက်မှ ကျွန်မ ဝမ်းသာသွားခဲ့ရပါတယ်။

ကျွန်မဟာ သားလေးကို ရဟန်းဝတ်ဖို့ နားချခဲ့ပါတယ်။ ရဟန်းဝတ်ဖို့ ပြောလိုက်တယ်ဆိုရင်ပဲ သား... ကတုန်ကယင်နဲ့ နားနှစ်ဖက်ကို ပိတ်ပြီး ထွက်ပြေးသွားတယ်ဆရာ။

ဆားနဲ့တွေ့တဲ့ တီကောင်လို... ရဟန်းဝတ်ဖို့ဆိုတဲ့စကားကို ကြား... မကြားရဲတော့လောက်အောင်ပါပဲ။

အဲလိုနဲ့ သားလေးဟာ (၁၈)နှစ်... အရွယ်မှာ ခိုးမှုတစ်ခုနဲ့ ထောင်... နှစ်ကျသွားခဲ့တယ်။ သူ ခိုးခဲ့တဲ့ အ... မှာ ဖမ်းမိတာမဟုတ်ဘဲ သူများ ခိုး... တာကို သူ့လက်ထဲမှာ မိပြီး ထောင်... သွားခဲ့တာပါ။

ဝဋ်ကြွေးဆိုတာ ဟုတ်မယ် ...





www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

ကချင်ပြည်နယ်ဒေသအတွင်း၌ စီးပွားရေးအချက်အချာကျသော မြို့ငယ်လေးတစ်မြို့ ရှိလေသည်။ ထိုမြို့လေးသည် မြစ်ကြီးနား–တနိုင်းလီဒို ကားလမ်းမကြီး၏ ဘေးတွင် တည်ရှိပြီး ကြီး၍ မြင့်မားလှသော တောင်တန်းကြီးသုံးလုံးက ဝန်းရံလျက်ရှိသည်။

ဤမြို့လေးသည် ဒယ်အိုးသဏ္ဍာန် ဘေးပတ်လည်မြင့်ပြီး အလယ်သို့ နိမ့်လျှောနေသကဲ့သို့ ရှိလေသည်။

ဒုတိယကမ္ဘာစစ်အတွင်း မြစ်ကြီးနား–မန္တလေး မီးရထားလမ်း ဖောက်လုပ်ရာတွင် ရထားလမ်းအတွက် လိုအပ်သော ကျောက်စိုင်ကျောက်ခဲများကို ဤမြို့လေးနှင့် တစ်မိုင်ခန့်ဝေးသော တောင်တန်းကြီး အောက်ခြေနားရှိ ရေတံခွန်အနီးမှ ကျောက်တောင်ကြီးကို မိုင်းများဖြင့် ခွဲယူပြီး ယာယီသံလမ်း ဖောက်ယူကာ ကျောက်ခဲများ သယ်ယူသည်ဟု ဆိုသည်။

ဤသည်ကို လက်လှမ်းမီရာ ရှေးမီနောက်မီ လူကြီးများ၏ ပြောပြချက်အရ လည်းကောင်း၊ ကျောက်များသယ်ယူသော ယာယီ သံလမ်းဟောင်းများကို ယနေ့ချိန် ထိတွေ့ရခြင်းဖြင့် လည်းကောင်း၊ ရေတံခွန်အနီးတွင် ယမ်းများ သိုလှောင်ခဲ့ပုံရသော (ယမ်းတိုက်) အဆောက်အအုံကို ယနေ့ထိ တွေ့မြင်ရခြင်းဖြင့် လည်းကောင်း သိရှိရလေသည်။



အောင်ထွန်းကျော်
(နမ္မတီး)

# ကျောက်ရှင်ဝါ
# ဝိုရှိုက်သဲ

ထိုကျောက်တောင်ကြီးတွင် စလင်းကျောက်များလည်း ထွက်ရှိသည်ကို ကိုယ်တိုင် တူးဖော်ဖူး၍ သိရသည်။

၁၉၈၉ ခုနှစ်ကဟု ထင်သည်။ ထိုတောင်ကြီးသုံးလုံးတွင် သာမက အနီးစပ်ချုပ်တောင်ကြီးများပင် စလင်းကျောက်များစွာ ထွက်ရှိသည်။

မိမိတို့ နေထိုင်သော မြို့နှင့်လည်း နီး၍ နံနက်စောစော ထမင်းဟင်း ချက်ပြုတ်ပြီး ကျောက်တူးရာသို့ ယူ

www.burmeseclassic.com

သွားပြီး တစ်နေကုန် စားလိုက် အိပ်လိုက် တူးလိုက်ဖြင့် အလုပ်ဖြစ်ကြသည်။

နတ်သွေးကျောက်ဟု ခေါ်သော သဘာဝသွေးပြီးသား ကျောက်များကို ထမင်းစားကျောက်သာသာ ရသူက ရကြသည်။ တချို့လည်း ထောင်ကြီးပိုင်၊ သောင်းပိုင်းတန်သော ကျောက်များရကြသည်။ တရုတ်လူမျိုးများ ကိုယ်တိုင် ကျောက်ကျင်းတွေ အရောက် ဝယ်ကြသည်။

တချို့လည်း တိန်းမာတောင်တွင် သွားတူးကြသူများသည် ရှေးယခင်က သုံးစွဲနေထိုင်ခဲ့ကြပုံရသော မြေအိုးကွဲများ၊ ပုတီးစေ့များ၊ ပဲကွပ်လို ပုဆိန်များ၊ မိုးကြိုးသွားများကို တူးဖော်ရရှိကြပေသည်။

[ ၂ ]

တချို့ဆို ရှေးတုန်းက မြေအိုးတွေကို (၃)လုံးဆင့် (၄)လုံးဆင့် တူး၍ ရကြသည်။ ထိုသို့ တူးရာမှာလည်း အသာအယာ ဘေးပတ်လည်ကို တူးပြီးမှ ဖြည်းဖြည်းချင်း အိုးကို ခွာယူရသည်။

တချို့အိုးတွေဆို အပြင်ရောက်မှ အနည်းငယ် ထိမိလိုက်တာနှင့် ကွဲကြေကုန်တော့သည်။ သတ္တုတစ်မျိုးဖြင့် ပြုလုပ်ထားသော ဖွန်း၊ ယောက်မ၊ သစ်သားလက်ကိုင်ရိုး တွေကိုလည်း တွေ့ရ သည်။

စာရေးသူတို့ ငယ်စဉ် ကျောင်းသူဘဝတုန်းကတော့ နွေရာသီကျောင်းပိတ်တိုင်း သူငယ်ချင်းတွေနှင့် သည်တော သည်တောင်ပေါ်မှာ ခြေရာတွေ အထပ်ထပ်ဖြစ်အောင် ထင်းခွေ၊ မှိုနုတ်၊ ဟင်းသီးဟင်းရွက် ခူးတာတွေကို လုပ်ခဲ့ကြသည်။

တောင်ယာသိမ်းပြီးချိန်တွင် ကန်စွန်းဥများ၊ ချဉ်ပေါင် စသည့် ဟင်းသီးဟင်း



ရွက်များ ရှာဖွေကြသည်။ (၁၀)ယောက်ထက်မနည်းသော အပေါင်းအသင်း သူငယ်ချင်းတွေနှင့် သွားကြသည်ဖြစ်၍ သည်တော သည်တောင်ကို ကြောက်ရကောင်းမှန်းမသိ၊ လန့်ရကောင်းမှန်းမသိ ပျော်စရာဟု ထင်သည်။

ဒါကြောင့်လည်း သည်းထိတ်ရင်ဖို ဖာတ်လမ်းလေးတစ်ပုဒ် ဖြစ်ပေါ်လာရသည်ဆိုပါက မှားအံ့မထင်။ ဤသို့ ကြုံတွေ့ခဲ့ရသည့် အချိန်က စာရေးသူ၏ အသက် (၁၇)နှစ်၊ (၁၈)နှစ်မျှသာရှိဦးမည်။

စာရေးသူတို့ မြို့လေး၏ တစ်ခုတည်းသော ရေတံခွန်သည် မြင့်မားခြင်း မရှိပေ။ ယခင်က ယာယီသံလမ်းဟောင်းများအတိုင်း သွားပါက သံလမ်းဆုံးသည်နှင့် ရေတံခွန်ကို တွေ့ရမည်။

ရေတံခွန်၏ ရှေ့ဘက် တောင်ကုန်းပေါ်တွင် ယမ်းတိုက်ရှိသည်။ စုံတွဲများ၊ သူငယ်ချင်းအုပ်စုဖွဲ့၍ ဒီနေရာသို့ ပျော်ပွဲစားထွက်ကြသည်။ ရေစီးကျရာ ကျောက်တုံးများကြားရှိ ပုစွန်ဆိတ်လေးများကို ဖမ်း၍ အစိမ်းလိုက်စားကြသည်။

ရေတံခွန်အပေါ်ဆုံးနေရာတွင် ကျွဲ (သို့မဟုတ်)နွား၏ ခြေရာတစ်ခုရှိသည်၊ ကျောက်သားပေါ်တွင် ဖြစ်နေခြင်း ဖြစ်သည်။ ရေတံခွန်၏ ရှေ့ဘက်ရှိ ယမ်းတိုက်သည် အင်္ဂတေဖြင့် ပြုလုပ်ထားသည့် အခန်း(၃)ခန်းပါပြီး အမိုးမရှိပေ။

အလယ်ခန်းသည် ကလိုင်ပေါက်ကြီးတစ်ခု ဖြစ်နေပြီး ခဲလုံး အကြီးအသေးတွေ ပစ်ချလိုက်လျှင်လည်း ခဲသာ ကျသွားသည်။ အသံက ဘာမှ မကြားရပါ။ ဘယ်လောက်နက်သလဲတော့ မသိပါ။ လူသာ ကျသွား၍ကတော့ မတွေးဝံ့စရာ။ တွင်းဝကနေ အောက်ကို ငုံ့ကြည့်လျှင်လည်း မှောင်မည်းနေ၍ ဘာမှ မမြင်ရ။

သက်ကြီးစကား သက်ငယ်ကြားသည့်အတိုင်း ပြောရမည်ဆိုလျှင် ကျောက်တောင်ကြီးများကို မိုင်းဖြင့်ခွဲရာမှာ ဒီနေရာကို ယမ်းများ သိုလှောင်ခဲ့ရပုံရကြောင်း မှတ်သားသိရှိရပါသည်။

[ ၃ ]

၁၉၈၇ ခုနှစ်၏ နွေဦးရာသီ ကျောင်းပိတ်ရက်တစ်ရက်၌ ဖြစ်သည်။ ထုံးစံအတိုင်း သူငယ်ချင်းတွေ စုဖွဲ့၍ တောင်ပေါ်သို့ ထင်းခွေသွားကြလေသည်။ ယောကျ်ားလေး (၄)ယောက်နှင့် မိန်းကလေး(၃)ယောက် စုစုပေါင်း သူငယ်ချင်း(၇)ယောက် ဖြစ်သည်။

ဒီသူငယ်ချင်းတွေက တစ်ရပ်ကွက်တည်းအတူနေ ခုနှစ်တွေကလည်း မတိမ်းမယိမ်းနှင့် မွေးလာခြင်းဖြစ်ရာ ငယ်သူငယ်ချင်း အရင်းခေါက်ခေါက်တွေဖြစ်သည်။

ဒီလိုနှင့် သူငယ်ချင်းတွေ အရှေ့ဘက်ရှိ တောင်ပေါ်သို့ လယ်ကွင်းများကို ဖြတ်ကျော်၊ မြောင်းငယ်တွေကို ခုန်ကူးပြီး စကားတပြောပြောနှင့် လာခဲ့ကြ နာရီဝက်လောက် လျှောက်ကြတော့ တောင်ခြေနား ရောက်လာသည်။





www.burmeseclassic.com

www.burmeseclassic.com

တညင်းပင်တွေ ပတ်ချာလည် ပေါက်နေသော ကြားထဲမှာ ငါးမွေးကန်ရှိသည်။ ထိုငါးမွေးကန်နံဘေး ယာယီသံလမ်းဟောင်းအတိုင်း မြောက်ဘက်သို့သွားရာ ရေတံခွန်ရှိရာ ရောက်ခဲ့ကြသည်။

ဒီနေ့တော့ တောင်ပေါ်လမ်းအတိုင်း မသွားကြဘဲ ရေတံခွန်စီးကြောင်းအတိုင်း တက်သွားကြရန် တိုင်ပင်ကြသည်။ သူငယ်ချင်းတွေ အားလုံးထဲမှာ အသက် နည်းနည်းပိုကြီးသည့် ကျော်ဆွေဝင်းက ရှေ့ဆုံးက ဦးဆောင်ပြီး ချုံနွယ်တွေကို ခုတ်ထွင်ရှင်းလင်းရာ နှုတ်မှလည်း...

'ဟေ့...သူငယ်ချင်းတို့ အားလုံး သတိဝီရိယ ရှိကြနော်။ မြွေတွေ,ကင်းတွေလဲ သတိထားကြ။ တွေ့ရင်လဲ လုံးဝ မသတ်ကြနဲ့'

ဟု သတိပေးပါသည်။

စာရေးသူတို့လည်း သူသတိပေးသည့်အတိုင်း လိုက်နာပြီး သူ့နောက်ကနေ သတိနှင့် ကပ်လိုက်ခဲ့ကြသည်။ လက်ထဲမှာရှိသည့် ဓားကိုလည်း ကျစ်ကျစ်ပါအောင် ကိုင်ပြီး သွားကြတော့ တချို့နေရာတွေသည် လူတစ်ကိုယ်စာပဲ ဝင်၍ရပါသည်။ ရေကလည်း ခြေမျက်စိ သာသာပဲ ရှိပါသည်။

(၂)ဖာလုံခန့် သွားမိတော့ ချုံနွယ်တွေဟာ ဘယ်လိုမှ သွားလို့မရအောင် ပိတ်နေပါသည်။ ရှေ့တိုး၍ မရမယ့်အတူတူ ဆိုပြီး ကျော်ဆွေဝင်းက ညာဘက်ကုန်းမြေပေါ် ဖဲ့တက်ပြီး ဓားနှင့် ချုံနွယ်တွေကို ရှင်းပြီး သွားနေပါသည်။

ဘေးတစ်ဖက်စီမှာက မြင့်မားသည့် တောင်ကြီးက ရှိနေတော့ တောင်ပေါ်ကိုလည်း တက်၍မရ။ ရေကျရာ နံဘေးအတိုင်းသာ လက်ထဲက ဓားကို ဂရုပြုပြီး ခရီးမတွင်စွာ သွားနေရသည်။

သမ်းရှင်းရှင်း သွားနေသော



ကျော်ဆွေဝင်းကလည်း အားလုံးကို သတိထားပြီး လျှောက်ကြဖို့ မကြာခဏ သတိပေးနေသည်။

(၄)ဖာလုံခန့် သွားမိပြီးသည့်အချိန်မှာတော့ တစ်နေရာအရောက်မှာ **လူ၏ ဦးခေါင်းခွံသဏ္ဌာန်ရှိသည့်** ကျောက်တုံးကြီးတစ်တုံးကို တွေ့ရလေသည်။

# [ ၅ ]

အပေါ်က တောင်ကျရေတွေ တသွင်သွင် စီးဆင်းနေတာကြောင့် အဝေးက ကြည့်လျှင် မျက်လုံးထဲက မျက်ရည်တွေ ကျနေသလို တွေ့ကြရပါသည်။

ဒီတောဒီတောင်မှာ ထင်းခွေလာတာ ကြာပေမယ့် ဒီနေရာကိုလည်း တစ်ခါမှ မရောက်ဘူး။ ဒီမြင်ကွင်းကိုလည်း မမြင်ဘူးကြ၍ အားလုံးလည်း မောနေတာကို ဂရုမပြုမိကြဘဲ ကျောက်တုံးကြီးပုံကိုသာ အံ့ဩစွာ ကြည့်နေပါတော့သည်။ ထိုအချိန်မှာပဲ...

'ဟာ...ဒီမှာလဲ လာကြည့်ကြဦး။ လူခြေရာကြီး ပါလား'

အထိတ်တလန့် အော်လိုက်သော အဲစီ အသံကြောင့် အားလုံး ထိုနေရာသို့ ရောက်သွားကြသည်။ အသက် (၁၀)နှစ်ဝန်းကျင်ရှိ လူကလေး၏ ခြေရာသည် ကျောက်တစ်ပိုင်း၊ ထင်းတစ်ပိုင်း ဖြစ်နေသော ကျောက်သားပြင်ပေါ်တွင် ပီပြင် ထင်ရှားစွာ ရှိနေတာကို အံ့ဩဖွယ်ရာ တွေ့လိုက်ရပါသည်။

ကီဆန်းက ထိုခြေရာပေါ်ကို သူ့ခြေထောက်နှင့် နှင်းကြည့်ပေမယ့် ခြေရာက သေးနေတာ တွေ့ရသည်။ လူတွေ၏ ခြေချောင်းလေးများလို အပြည့်အစုံပါတာကိုလည်း တွေ့ရသည်။ ညာခြေဖဝါးပုံစံ ဖြစ်ပါသည်။

စာရေးသူတို့ သူငယ်ချင်းတစ်တွေလည်း လူဦးခေါင်းသဏ္ဌာန် ကျောက်တုံးကြီးကို ကြည့်လိုက်၊ လူခြေရာခွက်ကလေးကို ကြည့်လိုက်နှင့် အံ့ဩလွန်း၍ စကားတောင် ကောင်းကောင်း မပြောနိုင်ကြဘူး။

ဒီတော ဒီတောင်မှာ စာရေးသူတို့ သူငယ်ချင်းတစ်စုတွေ ထင်းခွေ၊ မှိုနုတ်မျှစ်ချိုး လုပ်ခဲ့ကြတာ တစ်ခါမှ ဒီလိုမျိုး အဖြစ် မတွေ့ကြုံဘူးပေ။

အဲစီက...

'ကဲ...ဒါတွေ ကြည့်ပြီးရင် ထင်းခွေကြရအောင်'

ဟု ပြောပြီး အားလုံးအနီးအနားက ထင်းခြောက်တွေကို ရှာပြီး ခုတ်ယူကြလေသည်။

လူငယ်တွေ၏ သဘာဝအတိုင်း ကိုယ်တွေ့မြင်ခဲ့ရတာတွေကို တစ်ယောက်တစ်ပေါက် ပြောဆိုနေကြခိုက် **"ဟီး...ဟီး...ဟီး...ဟီး..."** ဆိုသည့် လေတိုက်သံလို၊ လူငိုသံလို အသံကြီးကြောင့် အားလုံး ထိတ်လန့်တကြား တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြလေသည်။

အတန်ကြာသည်ထိ ထိုအသံကြီးက မပျောက်သွားပေ။ စာရေးသူက...

'ဒါ... နောက်စရာမဟုတ်ဘူးနော်၊ ဘယ်သူလုပ်တာလဲ ပြောကြ'

ဆိုတော့ ကျော်ဆွေဝင်းက...



www.burmeseclassic.com

www.burmeseclassic.com

'အေး... လေးငယ်ပြောတာမှန်တယ်။ ဒါ...မစကောင်းဘူးနော်'

အားလုံးက **"ငါမလုပ် သူ မလုပ်ဘူး"**ဟု တစ်ယောက် တစ်ပေါက် ပြောပြီးချိန်မှာတော့ ငိုသံကြီးက ကြောက်မက်ဖွယ်ရာ ထွက်ပေါ်လာပြန်ပါသည်။

**[ ၅ ]**

မင်းဒင်(ခ)ပလာတာက...

'ဟေ့...ဘယ်သူလဲ၊ ကွယ်ရာကနေ အသံပေးမနေနဲ့ ထွက်လာခဲ့'

ဆိုပြီး ခါးယမ်းကာ ပြောလိုက်ပေမယ့် အသံကရပ်မသွားပါ။ ကျော်ဆွေဝင်းကလည်း...

'ကဲ...အားလုံး ဒီနားလာကြ၊ ဘာပဲဖြစ်ဖြစ် လုံးဝ ထွက်မပြေးကြနဲ့နော်။ ဓားတွေကို သေချာကိုင်ထားကြ'

အားလုံးပဲ သူ့နားကို သွားနေလိုက်ကြပါသည်။

မိန်းကလေးတွေကတော့ မျက်နှာဆီးရွက်လောက်ပဲ ရှိတော့သည်။ သတ္တိအရှိဆုံးဟု ကင်ပွန်းတပ်ခံရသည့် အဲစီက ရုတ်တရက် လူခြေရာပေါ်မှာ သူ့နားနှင့်ကပ်ပြီး နားထောင်ကြည့်ရင်း စာရေးသူတို့ကို လက်ယပ်ခေါ်ပါသည်။

အားလုံး သူ့အနားကို ရောက်သွားတော့ သူလုပ်သလို တစ်ယောက်ပြီး တစ်ယောက် ခြေရာပေါ်မှာ နားကပ်ထောင်တော့ ငိုသံလိုအသံကြီးသည် ဒီထဲက ထွက်လာမှန်း သိလိုက်ရတော့သည်၊စာရေးသူကပိုပြီး သေချာအောင်...

'မင်းတို့ယောက်ျားလေးတွေ ဒီကျောက်တုံးကို ကမ်းပေါ်လိုပို့ပြီး ယူခဲ့၊ ပြီးတော့ ဒီကျောက်တုံး ပတ်ပတ်လည်မှာ အကောင်တို့အပေါက်တို့ ရှိမရှိရှာ၊ ဒီနားမှာ လာထား'

ဆိုပြီး သူတို့လည်း စာရေးသူ ပြောသည့်အတိုင်း လိုက်လုပ်ကြပါတော့သည်။ အားလုံးပြီးတော့မှ မင်းဒင်က...



'လေးငယ် မင်း ဘာလုပ်မလို့လဲ'

သူ့အမေးကို ပြန်မဖြေသေးဘဲ ကမ်းပေါ်ရောက်နေသည့်ကျောက်တုံးကြီးပေါ်က ခြေရာကို ရေသန့်သန့်နှင့် သေချာဆေးပြီး အားလုံးကို ထိုင်ခိုင်းကာ...

'ဤတော ဤတောင်ကို စောင့်ရှောက်တော်မူကြကုန်သော နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့နှင့် မြင်အပ် မမြင်အပ်သော ပုဂ္ဂိုလ်အပေါင်းတို့...

ကျွန်ုပ်တို့သည် ဤတောထဲသို့ ထင်းခွေရန် အလို့ငှာ ရောက်လာခြင်းသာ ဖြစ်ပေသည်၊ တခြားမည်သည့် ရည်ရွယ်ချက်မှ မရှိပါ။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့ကို ခြောက်လှန့်ခြင်း မပြုရန်နှင့်...လူငိုကြွေးသံလို ထွက်ပေါ်လာသော အသံသည် ဤခြေရာရှိ ကျောက်တုံးမှ ထွက်ပေါ်သည်ဆိုပါက အသံနှင့်တကွ ကျောက်တုံးပါ သိသာစွာ ပြုပါ'

စာရေးသူလည်း မပြောတတ် ပြောတတ်နှင့် ဤသို့ပြောပြီးနောက်...

**[ ၆ ]**

အားလုံး မျက်တောင်မခတ် ကျောက်တုံးကြီးကို ကြည့်နေချိန်မှာပဲ ကြောက်မက်ဖွယ်ကောင်းသော ငိုကြွေးသံနှင့်အတူ ထိုခြေရာပါ ကျောက်တုံးသည် တောင်နှင့်မြောက်သို့ လှုပ်ယမ်းနေသည်ကို အားလုံး တွေ့ရှိရလေသည်။

စာရေးသူတို့ သူငယ်ချင်းတစ်စု ကျောက်တုံးကြီးကို အံ့သြမှင်တက်စွာ ကြည့်နေမိသည်မှာ အချိန်ဘယ်လောက် ကြာသွားမှန်းမသိလိုက်။

ပထမဆုံး သက်ဝင်လှုပ်ရှားလာသူ ကျော်ဆွေဝင်းက...

'ငါ့ဘဝမှာ ဒီလိုမျိုးတစ်ခါမှ မမြင်ဖူးဘူး အရမ်းထူးဆန်းတယ်နော်'

စာရေးသူ၊ ကြွေကြွေ၊ မိတိုးနှင့် အဲစီတို့ (၄)ယောက် သားငြိမ်သက်လျက်ရှိနေသော ခြေရာရှင်ကျောက်တုံးနားကိုသွားပြီး ခြေရာကို လက်နှင့် အသာအယာပွတ်ကာ ဘယ်လိုမှ စဉ်းစားမရအောင် ဖြစ်နေတော့သည်၊

အသံတွေလည်း တိတ်၊ အားလုံးလည်း ကိုယ့်မျက်လုံးနှင့် တပ်အပ်မြင်ထားသည်ဖြစ်၍ ဘာပြောရမှန်းပင် စကားစရှာမရ။

ထိုနေ့က စာရေးသူတို့အဖွဲ့ တော်သင့်ရုံ ထင်းလေးထမ်းပြီး ညနေစောင်းမှ အိမ်သို့ ပြန်ရောက်ခဲ့ကြသည်၊

အိမ်က လူကြီးတွေ စိတ်ပူနေကြ၍ ကြုံတွေ့ခဲ့ရသမျှ ပြောပြလိုက်တော့ နောက်ဆို ထိုနေရာသို့ မသွားတော့ရန် တားမြစ်ခဲ့သည်။

**ကျောက်တုံးပေါ်မှ ခြေရာရှင်၏ အတိအလင်း ပြသမှုကို ကြည့်ရင်း စာရှုသူ...သုတေသီ...ပညာရှင်များ အနေဖြင့် တောခြောက်ခြင်းလား တောမှောက်ခြင်းလား မည်သို့ ဖြစ်သည်ဆိုသည်ကို ဖြေကြားပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။**

**[ဝန်ခံချက် ။ ။ ဖြစ်ရပ်မှန်ဖြစ်၍ နေရပ်နှင့်တကွ နာမည်များပါ အမှန်ရေးထည့်ထားပါသည်၊ ဆေးရုံ ရောဂါဖြင့် ကွယ်လွန်သွားသော သူငယ်ချင်း(အဲစီ)အား သတိရလျက် ရေးဖွဲ့ပါသည်။]**

**ဆန္ဒမွန်ဖြင့်...**

**အေးမွန်ကျော်(နမ္မတီး)**



www.burmeseclassic.com

www.burmeseclassic.com

# သတိ...သံဝေဂတရား

ထားနိုင်ကြပါစေ

မောင်မြင့်အောင်
(မင်းရွာ)



သရဲတစ္ဆေ ဖုတ်ပြိတ္တာတို့ကို ပရလောကသားဟူ၍ လည်းကောင်း၊ ဒိဋ္ဌဓမ္မလောက ဟူ၍ လည်းကောင်း လူအများ ပြောဆိုကြ၊ ရေးသားကြသည်။

လူတိုင်းအား ကြောက်အောင် လန့်အောင် အဆင်း၊ အသံ၊ အနံ့၊ အတွေ့ အထိတို့ဖြင့် ခြောက်လှန့်တတ်ကြသည်၊ အကူအညီတောင်းလို့၍လည်း အင်ရှားပြတတ်ကြသည်။

မြတ်စွာဘုရား လက်ထက်တော်တွင် ဟိမဝန္တာတော၌ တရားအားထုတ်တော်မူကြသော ရဟန်းငါးရာတို့ မေတ္တာဘာဝနာမပွားဘဲ ဝိပဿနာ အလုပ် အားထုတ်ကြ၍ သစ်ပင်ထက်မှ ပရလောကသားများ ရဟန်းတို့၏ သီလသမာဓိတန်ခိုးကြောင့် သစ်ပင်အောက်သို့ ဆင်းကာ ဒုက္ခရောက်ကြရသည်။

ရဟန်းတော်များ အပြန်ကို စောင့်မျှော်နေကြ၏။ မပြန်သောအခါ မကောင်းသော အဆင်း၊ အသံ၊ အနံ့ တို့ဖြင့် ခြောက်လှန့်ကြ၍ ရဟန်းတော်များ မြတ်စွာဘုရားထံ ပြန်လာကြပြီး မြတ်စွာဘုရားက မေတ္တာသုတ်ကို ဟောကြား သင်ကြားပေးလိုက်သဖြင့် ဟိမဝန္တာတောတွင် ရဟန်းတော်များနှင့် ပရလောကသားများ အဆင်ပြေ ညီညွတ်မှုတာ နားလည်မှုရရှိကြသည်။

ထိုမေတ္တာဘာဝနာနည်းပင် ရဟန်း အပါး ငါးရာလုံး ရဟန္တာဖြစ်တော်မူကြသည်ကို မေတ္တာသုတ်အဖွင့်၌ ဖော

နက္ခတ္တ ရောင်ခြည် [illegible]

www.burmeseclassic.com

မှတ်သားဖူးပါသည်။

မကောင်းသော အဆင်းဖြင့် ခြောက်လှန့်ရာ၌ အချို့ သတ္တိကောင်းသူများက တုတ်ဖြင့် ဝင်ရိုက်၏။ အထည်ခြုပ်ကို မထိဘဲ လေကိုသာ ရိုက်မိသည်ဆို၏။

အချို့ကြတော့ သရဲနှင့် နပန်းလုံးဖူးသည်၊ ပကတိ လူသားသန်သန်ကြီးနှင့် နပန်းလုံးရသကဲ့သို့ အထိအတွေ့ ရှိသည်။ လူသားအစစ်ပဲ ရှုံးသည်။ ဘေးလူများ မြင်တွေ့သွား၍ သက်သာရာရသည် စသည်တို့ကို ကြားဖူးပါသည်။

နှစ်မျိုးလုံးဖြစ်နိုင်ပါသည်။ ကမ္မဖိဒ္ဓိရှိသော ပရလောကသားများသည် အဆင်း၊ အသံ၊ အနံ့ စသော သိမ်မွေ့သော၊ ကြမ်းတမ်းသော ရုပ်ကို ဖန်ဆင်းနိုင်၍ ဖြစ်ပါသည်။

ပရလောကသားများနှင့် ကိုယ်တွေ့ ကြုံဖူးသူတစ်ဦး၏ အဖြစ်ကို တင်ပြလိုပါသည်။

ကျွန်တော်သည် **ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၊ မင်းရွာစံပြကျေးရွာကြီး၌ နေထိုင်သူဖြစ်ပါသည်။**

နေသာသော နေ့တစ်နေ့ နေ့ခင်းဘက်တွင် ရဟန်းကြီးတစ်ပါး အိမ်သို့ကြွလာ၏။ အိမ်ဦးခန်း၌ နေရာထိုင်ခင်းပေး ဝတ်ပြုပြီးနောက် ပဋိသန္ထာရ အနေဖြင့် လျှောက်ထားမိ၏။

'အရှင်ဘုရား... ဘယ်က ကြွလာတာလဲ ဘုရား'

ထိုရဟန်းကြီးသည် ကျူးချောင်း ကမ်းနားရွာကျောင်းမှ ဖြစ်၏။ ကျူချောင်းရွာသည် မင်းရွာ၏ အရှေ့ဘက် လေးမိုင်ခန့်အကွာ၌ တည်ရှိသည်။ ရွာပေါ်ကျူချောင်း၊ ကမ်းနားကျူချောင်းဟု နှစ်ရွာဖြစ်သည်။

ရွာပေါ်ကျူချောင်းသည် ရွာကြီးဖြစ်ပြီး ကမ်းနားကျူချောင်းမှာ အိမ်ခြေ (၅၀)ခန့်ဖြင့် ရွာလေးဖြစ်သည်။

ထို ကျူချောင်းကမ်းနားရွာကျောင်း၌ သီတင်းသုံးနေသော ဦးပဥ္စင်းကြီးဖြစ်သည်။ လူအမည်မှာ ဦးဆန်းမောင်ဖြစ်သည်။

'မင်းရွာဈေးပိုင်းက အလှူပင့်လို့ ကြွလာတာ၊ ဒီကိုလာတာကတော့ ဒကာကြီးနဲ့ ဆွေးနွေးချင်လို့'

'ဘာကိစ္စများပါလဲ ဘုရား'

'ဒီလိုပါ ဦးဇင်းမှာ လိပ်ခေါင်းရောဂါဖြစ်နေလို့ ဒကာကြီး ကုတတ်တယ် ကြားလို့ လာတာပါ'

စာရေးသူသည် ''အပူသည်''များအား ဗေဒင်ဟောပေးခြင်း၊ ဓာတ်ရိုက် ဓာတ်ဆင် ယတြာပြုလုပ်ခြင်းနှင့် တစ်မျိုးတည်းသော လိပ်ခေါင်းရောဂါကို ကုသပေးပါသည်။ ဒါကို ကြားဖူးပုံရသည်။

'တင်ပါ့ အရှင်ဘုရား၊ ဖြစ်ပုံလေး ပြောပြပါဦး'

'ဝမ်းချုပ်တယ်၊ သွေးဝမ်းပါတယ် အဆစ်အမြစ်ကိုက်ခဲတယ်'

'အပြင်ထွက်လား ဘုရား'

'အပြင်တော့ မထွက်ဘူး၊ အတွင်းလိပ်ဆိုတာများလား မသိဘူး'

'တပည့်တော်က အပြင်ထွက်တဲ့ လိပ်ခေါင်းကိုပဲ ပျောက်ကင်းအောင် ကုပေးနိုင်ပါတယ်။ မထွက်သေးတဲ့ လိပ်ခေါင်းကိုတော့ မကုတတ်ဘူး ဘုရား၊ အရှင်ဘုရား ဖြစ်ပုံက ဒူလာ လိပ်ခေါင်းဖြစ်ဖို့ များပါတယ်၊

ဘုန်းကြီးတွေ အဖြစ်များတဲ့ ရောဂါပါပဲ။ ဝမ်းမှန်အောင်လုပ်၊ ဆီပြန်ဟင်းသိပ်မစားနဲ့၊ အညောင်းမခံနဲ့၊ ဒါဆို သက်သာသွားမှာပါ'

အတွင်းလိပ်ခေါင်းရောဂါနှင့် သင့်လျော်သော ဝမ်းပျော့ဆေးတစ်မျိုးကို ပေးလှူလိုက်ရင်း ရောက်တတ်ရာရာ စကားပြောဆိုနေမိ၏။

ဦးပဥ္စင်းကြီးသည် ကျွန်တော်၏ မိဘများနှင့် ရင်းနှီးကြပါသည်။ အိမ်သူ ဇနီး ကွယ်လွန်ပြီးနောက် သေခြင်း တရားအပေါ် သံဝေဂရကာ သာသနာ့ဘောင်သို့ ဝင်ရောက်နေသည်မှာ ကြာပြီဖြစ်သည်။

'ဒီနဲ့ အရှင်ဘုရားကျောင်းမှာ အရင်က သရဲခြောက်တယ်လို့ နာမည်ကြီးတယ်။ အခုကော ခြောက်သေးလား ဘုရား'

'အခု မခြောက်တော့ပါဘူး၊ အရင်က အကြီးအကျယ်ကို ခြောက်တာ ရိုးရိုးသရဲမဟုတ်ဘူး ဘုန်းကြီးသရဲဗျ'

ဦးပဥ္စင်းကြီးစကား ကြားလိုက်ရ၍ ကြက်သီးမွေးညှင်းထသွား၏။

'တစ်ဆင့် ပြောသံကြားလား ကိုယ်တိုင်ကြုံဖူးတာလားဘုရား'

'ကိုယ်တွေ့မှ တကယ့်ကိုယ်တွေ့ ဦးဇင်းကိုယ်တိုင် ကြုံဖူးတာ ဒကာရေ'

'ဒါဆိုရင် တပည့်တော်သိချင်လို့ ကြုံဖူးတာလေး ပြောပြပါဦး အချိန်လဲ ရပါသေးတယ်'

ဟု တောင်းဆိုလျှောက်ထား လိုက်ရာ ဦးပဥ္စင်းကြီးသည် သူဖြစ်ပျက်ကြုံတွေ့ရသည်တို့ကို ဆက်လက်၍ မိန့်ကြားပါသည်။ သူပြောပြချက် အတိုင်း ရေးသား တင်ပြအပ်ပါသည်။

* * *

ဒီလိုဗျ ဒကာရဲ့...အခု ၂၀၁၁ ခုနှစ် က ရေတွက်ရင် **လွန်ခဲ့တဲ့ ဆယ့်ငါး နှစ်ကပဲဆိုပါတော့။** ရွာကျောင်း ကထိန်ပွဲမှာ သံဃာတော်ကြီးတွေ ... တုန်း ကျုပ် ရဟန်းဘောင်ဝင်ခဲ့တယ်။ ကျောင်းဘုန်းကြီးက ဒေသနာ... တာကို အရင်ကျက်ခိုင်းတယ်၊ ... ပေးတယ်၊ နောက် ပရိတ်ကြီးဘုရား...



www.burmeseclassic.com

www.burmeseclassic.com

စသည့် ကျက်ရသင်ရတယ်။

ကိုယ်က ကြီးမှ ဝတ်တာဆိုတော့ စာပေပရိယတ္တိက အားနည်းတယ်လေ။ ကျုပ်တို့ ကျောင်းထိုင်ဘုန်းကြီးက ကျူရှောင်းရွာ ဇာတိသား မဟုတ်ဘူး။ အထက်ဘက်ကလို့ ပြောတာပဲ။

ကျုပ်လဲ ဘုရားရှိခိုး စာကျက်၊ စာကြည့် ကျောင်းသေနာသန ဝေယျာဝစ္စလုပ်ရင်းနဲ့ လေးလလောက်ကြာတော့ တပေါင်းလ ဖြစ်မယ်ထင်တယ်၊ ဟုတ်တယ် တပေါင်းလထဲမှာ တစ်ဖက်ရွာက နာရေးကိစ္စအလှူကို ကျောင်းဘုန်းကြီး ညကျိန်းကြွတယ်။

နောက်နေ့ ညနေစောင်း ပြန်ကြွလာတယ်၊ ဘုန်းကြီး မျက်နှာမကောင်းဘူး၊ ခရီးဦးကြိုပြုတော့…

'ဦးဇင်းကြီး ဆရာသွားခေါ်ပေးပါ ဘုန်းကြီး အစာမှားလာတယ်၊ ဝမ်းတွေ သွားနေတယ်'

လို့ ကျုပ်ကို ပြောတယ်။ ဒါနဲ့ ကျုပ်လဲ ရွာထဲကိုသွား ဆရာကိုခေါ်၊ သူကြီးတစ်ယောက်၊ နှစ်ယောက်ကိုပါ ပြောပြီး ခေါ်လာခဲ့တယ်။ ဆရာက…

'အရှင်ဘုရား… ဘာတွေ ဘုဉ်းပေးလာလို့လဲ ဘုရား'

မေးလျှောက်တော့…

'ဝက်သားနဲ့ သရက်ချဉ်သုပ် စားခဲ့တယ်'

လို့ ပြောတယ်။

ဆရာက သောက်ဆေးတွေ ပေးခဲ့တယ်။ ဆေးသောက်တဲ့ ကြားကနေ ညလုံး ဝမ်းသွားတာ မနားဘူး။ ျပ်တို့အရပ်က နွေရာသီဆို သောက် ရှားတာ ဒကာလဲ သိသားပဲ၊ သန့်လို့ ဝမ်းသွားတာနေမှာပေါ့။ န်းခေါင်လောက် ကျတော့ ကြီး ပျော့ပျော့ပဲ ရှိတော့တယ်။ တွေကတော့ တိုင်ပင်နေကြ နက်မိုးလင်းရင် မြို့ဆေးရုံကို



သွားမယ်ပေါ့။

မိုးမလင်းခင် ဘုန်းကြီးပျံတော်မူပါလေရော၊ ထုံးစံအတိုင်း အုန်းမောင်းတွေခေါက်၊ ကြေးစည်တွေ ထုပေါ့ဗျာ။ ကျုပ်လဲ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘူး။ ရွာနီးနားက ဆရာတော်ကြီးတွေ ပင့်လျှောက် အကြောင်းကြားစည်းဝေးတိုင်ပင်ပြီး အားလုံး သဘောတူ အကျဉ်းရုံးပြီး ဘုန်းကြီးပျံပွဲကို စီစဉ်လိုက်ကြတယ်။

အကျဉ်းမရုံးလို့လဲ မဖြစ်ဘူးဗျ။ ရွာမှာကလဲ ထောက်ထောက်ခံခံ ဒကာက မရှိ၊ ဘုန်းကြီးရဲ့ နောက်ပိုင်းဆွေမျိုးကလဲ မရှိ၊ ညဘက်ဆို အသုဘစောင့်မယ့်သူတောင် မရှိဘူး။

ခြောက်တာကလဲ မတရားဘဲ၊ နေ့ခင်း ကြောင်တောင်ကြီးတောင် ကျောင်းပေါ်ကနေ ခုန့်ခုန်ချတယ်။ ရပ်ဝေးသံဃာတော်တွေ၊ ဒကာ၊ ဒကာမတွေများရင်တော့ ဘာမှ မလုပ်ဘူး၊ ကျုပ်လား သင်္ဂြိုဟ်တဲ့ကိစ္စပြီးမှ ကျုပ်အခန်း ရောက်တာဗျ၊ ဆရာတော်ကြီးတွေက…

'ကျောင်းထိုင်ဘုန်းကြီး အသစ်မရောက်ခင် ဦးပဉ္စင်းကြီးကပဲ ကျောင်းကို ထိန်းသိမ်းစောင့်ရှောက်ပါ'

လို့ ကျုပ်ကို တာဝန်ပေးတယ်။

ကိုရင်နှစ်ပါးနဲ့အတူ ဒကာကြီးငါးယောက်လောက် ညဘက် အဖော်လာအိပ်ပေးကြပါတယ်။ ကြာတော့လဲ နေသားကျလာ ဒကာတွေလဲ သူ့အလုပ်နဲ့သူမို့လား မအိပ်ဖြစ်ကြတော့ဘူး။

ကိုရင်တွေကတော့ ညဆို အိပ်တာပဲ၊ ကျုပ်ကတော့ ဘုရားဝေယျာဝစ္စလုပ်၊ ဆီမီးထွန်းပြီး ဘုရားရှိခိုး မေတ္တာပို့ အမျှဝေပြီးမှ အိပ်တာ ည(၉)နာရီ၊ (၁၀)နာရီဆို လေ့ကားရင်းက ခြေသံကြားရတယ်။

ကျောင်းပေါ်ကို တက်တက်လာတာပဲ။ ဒီလောက် မေတ္တာပို့ အမျှဝေနေပါလျက်နဲ့ ဘာဖြစ်လို့ ဒီလိုဖြစ်နေရတာလဲလို့ ကျုပ်စဉ်းစားမိတယ်။

ကျုပ်တာဝန်က မနက်မိုးလင်းရင် ဘုရားဆွမ်း၊ ရေချမ်း၊ ဆီမီးကပ်လှူ၊ ဘုရားရှိခိုး၊ ပရိတ်ရွတ်၊ မေတ္တာပို့၊ အမျှဝေ မနက်ဆွမ်းစား၊ ကျောင်းဝေယျာဝစ္စလုပ်၊ မနက်(၈)နာရီ ရွာထဲကို နေ့ဆွမ်းအတွက် ဆွမ်းခံကြွ…

အရုဏ်ဆွမ်းကိုတော့ ရွာက အလှည့်ကျ ဆွမ်းပို့တယ်။ နေ့ဆွမ်းစားပြီးရင် ဆွမ်းကျန်တွေကို တစ်ဝက်ကို ခွေးတွေ၊ ငှက်တွေ ကျွေးတယ်။

ကျန်တစ်ဝက်ကို ညအဖော်လာအိပ်တဲ့ ဒကာတွေအတွက် ချန်ထားတတ်တယ်။ ညဘက်ဆို အဲဒီ ပရလောကသားပုဂ္ဂိုလ်က ထမင်းကျန်တွေကို လာ,လာစားတာဗျ။ ဘုန်းကြီးသရဲပဲလား၊ တခြားပုဂ္ဂိုလ်ပဲလားတော့ မသိဘူး။

မျက်နှာကို မပြဘူး။ သင်္ကန်းလိုမျိုး ဝတ်ရုံကို ခြုံထားတယ်။ ထမင်းကျန်တွေကို စားပြီး ပြန်ဆင်းသွားတယ်။ တံခါးလဲ မဖွင့်ဘူး။

ကျုပ်ခေါင်းထဲ အကြံတစ်ခု ဝင်လာတယ်။ ဒီအတိုင်းဆို တို့ကျောင်းတော့

www.burmeseclassic.com

ကျောင်းထိုင်ဘုန်းကြီး အသစ်ရဖို့ မလွယ်ဘူး။ ရွာက ခေါင်ရတဲ့အထဲ ဒီ ပြဿနာကြောင့် လူအဝင်အထွက် နည်းပြီး ကျောင်းပျက်ကြီး ဖြစ်သွားလိမ့်မယ်။ ငါရှင်းထုတ်မှပဲ ဘယ်လိုလုပ်ရင် ကောင်းမလဲ တစ်ညလုံး စဉ်းစားတယ်။

နောက်နေ့ နေ့ခင်းဘက်ကျတော့ ဝါးစိမ်းတုတ် တစ်ချောင်း ခုတ်တယ်။ နှစ်တောင် ကျော်ကျော်လောက်ရှိမယ်။ အိပ်ရာဘေးမှာ ထားထားတယ်။ မှန်မီးအိမ်လေး မှိန်ပျပျ ထွန်းထားပြီး အိပ်ရာ ဝင်တယ်။

သင်္ကန်းခေါင်းမြီးခြုံပြီး (၁၅)မိနစ်၊ မိနစ်(၂၀)လောက် ငြိမ်နေတယ်ဆိုရင်ပဲ လှေကားရင်းက အသံကြားရတယ်။ ကျုပ်ခြေရင်းနား ဘယ်လိုဘယ်ပုံ ရောက်လာမှန်း မသိပါဘူး။

ကိုရင်တွေကတော့ အိပ်ပျော်နေပြီ။ ကျုပ်အိပ်တဲ့ခြေရင်းမှာက ဗီရိုရှိတယ်။ အဲဒီထဲမှာက ထမင်းကျန်တွေကို ထားတာလေ။

ဟိုကြည့်ဒီကြည့်နဲ့ မျက်နှာကို မြင်ရလို့ မဟုတ်ဘူး။ သင်္ကန်းကို ခြုံထားတဲ့ အထဲက မှိန်ပျပျမီးရောင်နဲ့ ကြည့်ရတာ၊ ဗီရိုဖွင့်တယ်။ ထမင်းဇလုံနဲ့ ဟင်းပန်းကန်တွေကို ကြမ်းပြင်ပေါ် ချတယ်။ ကျုပ်အိပ်တဲ့ဘက်ကို ကျောပေးပြီး ထိုင်စားနေတယ်။

အားရပါးရပဲ ကျုပ်လဲ အသင့်လုပ်ထားတဲ့ ဝါးစိမ်းတုတ်နဲ့ ကျောကုန်းကို နှစ်ဆင့် ဆက်ပြီး အားကုန်ရိုက်လိုက်တယ်။ အုန်း...အုန်းဆိုတဲ့ အသံမြည်သွားတယ်။ ပရလောကသားလဲ **"အောင်မယ်လေးဗျာ"** လို့ အသံနက်ကြီး (မချိမဆံ့အသံ)နဲ့ အော်ပြီး ဆင်းပြေးသွားတယ်။

သူကတော့ ဘယ်လို ဆင်းသွားလဲ မသိဘူး။ ကျုပ်ကတော့ အတက်အဆင်း တံခါးဖွင့်နေရသေးတယ်။ ကျုပ် ကျောင်းအောက်ကို ရောက်တော့ သူက ကျောင်းခြံစည်းရိုး ရောက်နေပြီ၊ ဝါးစိမ်းတုတ်ကို ကိုင်ပြီး ပြေးလိုက်,လိုက်တာ ခြံစည်းရိုးရဲ့ မြောက်ဘက်မှာ ရိုးမြောင်းရှိတယ်။

ရိုးမြောင်းရဲ့ မြောက်ဘက်မှာ လယ်ကွက်တွေ ရှိတယ်။ လယ်ကွက်နှစ်ကွက်၊ သုံးကွက်လောက် ရောက်အောင် ပြေးသွားတာကို တွေ့လိုက်ရတယ်။ ကျုပ်ကတော့ ခြံစည်းရိုးနားကနေပဲ လှည့်ပြန်လာခဲ့တယ်။

အဲဒီအချိန်ကစပြီး ကျုပ်တို့ကျောင်းမှာ ဘာသရဲ၊ ဘာနာနာဘာဝမှ မရှိတော့ဘူး။ အခုတော့ ကျောင်းထိုင်ဘုန်းကြီး အသစ်လက်ထက်မှာ ကျောင်းလဲ စည်ကားတိုးတက်နေပါပြီ၊ စာသင်သံဃာတွေနဲ့ ဓမ္မာစရိယတွေ၊ ဓမ္မကထိကတွေနဲ့ ဒကာတို့ သိတဲ့အတိုင်းပဲ။ ။

ဦးပဉ္စင်းကြီး ဦးဆန်းမောင်သည် သူကြုံတွေ့ဖူးသည်ကို ရှည်လျားစွာ ပြောပြပြီး ပြန်ကြွသွားလေ၏။

ကုသိုလ်ကောင်းမှုကို အမြဲတမ်း ပြုလုပ်နေပါသော်လည်း လောဘ, ဒေါသမကင်းသော ပုထုဇဉ် သတ္တဝါတို့သည် ရဟန်းဖြစ်စေ၊ လူပုဂ္ဂိုလ်ဖြစ်စေ **အကုသိုလ်စေတနာ၏ စုတိကျလျှင် တစ်နည်းအားဖြင့် အယောနိသော မနသိကာရ မသင့်လျော်သော အကုသိုလ်စိတ်ဖြင့် ကွယ်လွန်ခဲ့လျှင် အယူလွဲ၍ သရဲဖြစ်ရသည်၊ အယူတိမ်း၍ အစိမ်းဖြစ်ရသည်ကို ရင်ထဲ စွဲထင်ရစ်နေပါတော့သည်။**

သတိသံဝေဂ ရစရာပါကလား...

**မောင်မြင့်အောင်(မင်းရွာ)**

စာမျက်နှာ (၂၆၄)မှ အဆက်

တယ်ဆရာ။ ထောင်ထဲမှာ ထပ်ပြီး လက်သီးထိုးမှုဖြစ်ပြီး နောက်ထပ် ထောင်ဒဏ် (၁)နှစ်တိုးခဲ့ရသေးတယ်။

အခုတော့ ကျွန်မ စိတ်ချမ်းသာရပါပြီ ဆရာ။ ဝဋ်ကြွေး ကျေသွားပြီလား မဆိုနိုင်ဘူးဆရာ။ သားလေးဟာ ထောင်ကလွတ်လာပြီး နောက်ပိုင်းမှာ ဘယ်ကိုမှ မသွားမလာတော့ဘဲ အိမ်ထဲက အိမ်ပြင်,မထွက်တော့ဘူး။

အိမ်မှာပဲ မနက်လင်းရင် ဘုရားပန်းလဲ၊ ရေချမ်းကပ်၊ အလင်းတိုင်၊ အမွှေးတိုင်တွေပူဇော်၊ ဘုရားရှိခိုးနဲ့ ဘာသာရေး အလုပ်တွေ လုပ်လာတယ်ဆရာ။

အဲဒီကနေ တစ်ဆင့်တက်ပြီး အသက်(၂၃)နှစ်မှာ ရဟန်းဝတ်ချင်ပါတယ်လို့ လိုလိုလားလား တောင်းဆိုလာလို့ ကျွန်မရဟန်းခံပေးခဲ့တာ ခုဆို (၇)ဝါ ရနေပါပြီဆရာ။

လူထွက်မယ်လို့ ခုထိ တစ်ခါမှ မပြောသေးဘူး။ တစ်သက်လုံး သာသနာနယ်တွင်းမှာပဲ သားလေး ပျော်သွားပါစေလို့ နေ့စဉ် ဆုတောင်းနေရပါတယ်။

စောရနက္ခတ်နဲ့ ယှဉ်မွေးတယ်ဆိုတဲ့ သားလေးရဲ့ ဝဋ်ကြွေးတွေ ကျေပါစေတော့လို့ပဲ ကျွန်မ ဆန္ဒပြုခဲ့တော့တယ်။ ဆရာလဲ ဆုတောင်းပေးပါနော်'

'ဟုတ်ကဲ့... နေ့စဉ် ဘုရားဝတ်ပြုပြီးတိုင်း မေတ္တာပို့ ဆုတောင်းပေးပါမယ်ဗျာ'

**[အမည်နာမများ ချန်လှပ်ခဲ့သည်ကို ခွင့်လွှတ်ကြပါ။]**

**နတ်မောက် လှမြင့်သိန်း**



www.burmeseclassic.com

www.burmeseclassic.com

ဘိုကုန်းရှာပြင်

# နှဓါဝင်ရောက်က

ထွက်တဲ့ကြက်အုပ်





ဘိုကုန်းရွာ စာသင်ကျောင်းမှာ စတည်းချနေတာ သုံးရက်လောက်ကြာသွားပါပြီ။ အနောက်သစ်တောကြိုးဝိုင်းထဲက သစ်ကွက်တွေမှာ ကျွန်းသင်းသတ်ရင်း အကွက်တွေပိတ်သွား၍ ကျွန်းသတ်ပင် စာရင်းချုပ်နေကြခြင်း ဖြစ်သည်။

သတ်ရမည့် ကျွန်းပင်ထောင်က (၅၀၀၀)ဖြစ်သည်။ လျာထားချက်သတ်ပင်မပြည့်မီလျှင် နောက်သစ်ကွက်ဝင်ပြီး သတ်ရမည်ဖြစ်သည်။ သင်းသတ်အဖွဲ့ (၃)ဖွဲ့က သစ်ကွက်နှစ်ကွက်စီ ဝင်ထားပြီးပြီ။ တောအုပ်ဦးသစ်လှအကွက်က အလျင်ပိတ်ပြီး တောအုပ်ဦးစိန်မြင့်နှင့် စာရေးသူတို့အကွက်က နောက်ကျသည်။

သင်းသတ်အရာရှိချုပ် နယ်စီးတောအုပ် ဦးစောလှမောင်က သစ်ကွက်၏ ချောင်ကြိုချောင်ကြားထိ အရောက်သွားပြီး သေချာစစ်သည်။ သစ်ကွက်တွေကို စစ်ပြီး သစ်ကွက်ပိတ်ပြီးမှ စိတ်ချလက်ချ ထွက်ခဲ့ကြရသည်။

ကျွန်းသင်းသတ်ရမည့် သစ်ကွက်လျာထားသတ်မှတ်ချက်နှင့် သတ်ရမည့် ကျွန်းသတ်ပင် သတ်မှတ်ချက်မပြည့်မီလျှင် နောက်သစ်ကွက်ကို ဝင်ကြရမည်ဖြစ်သည်။ နောက် ဝင်ရမည့်သစ်ကွက်တည်ရှိရာ မှန်းအနောက်တိုးချဲ့သစ်တောကြိုးဝိုင်းကြီးနှင့် နီးသည့်ဘိုကုန်းရွာကို စခန်း ရွှေ့လာကြ

www.burmeseclassic.com



သည်။

ဘိုကုန်းရွာက မုန်းချောင်း အနောက်ဘက်မှ တောင်ကုန်းပေါ်မှာ ရှိသည်။ ရှေးတုန်းက ပိုက်စုတ်ရွာဟု လည်း ခေါ်သည်။ ရွာအခြေက မုန်းကျင်းပြန့် တွေမှာ လေ့ကားထစ် လယ်ယာတွေက ကျယ်ပြန့် လှသည်။

စာရေးသူတို့ ရောက်ချိန်က စပါးရိတ်ပြီးစဆိုတော့ လယ်ကွက်တွေ ထဲက စပါးစေ့တွေကို လာစားသည့် ချိုးငှက်တွေက များပြားလှသည်။

စားကျက်ကွင်းဆင်းလိုက်၊ ဝေါခနဲ ထပျံလိုက်နှင့် ငှက်စရိုက် ငှက်သဘာဝ ကြည့်၍ပင် ကောင်းလှပါတော့သည်။

ဤမှာ စခန်းချသည်နှင့် စာရေးသူက သင်းသတ်အလုပ်မှ နေ့စဉ် သတ်ပင်ပြ စာရင်းအရ အပတ်စဉ် တင်ပြရသည့် ဆယ်မာရီစာရင်းတွေ၊ အကွက်ပိတ် ကျွန်းသတ်ပင် စာရင်းချုပ်တွေကို နယ်စီးတောအုပ်ထံအပ်ပြီး လယ်ကွက် တွေဘက် ငှက်ပစ် ထွက်နေခဲ့သည်။

လှေကားထစ် လယ်ကွက်တွေက ငှက်ပစ်ဖို့ ချောင်းဖို့ ကောင်းလှသည်။ ကန်သင်းအမြင့်တွေကလည်း တစ်ဆင့် တစ်ဆင့် လူတစ်ထိုင်မျှ မြင့်သည့် လယ်ကွက်တွေက များသည်။

အပေါ်ဘက်က လယ်ကွက်တွေမှာ သာ ချိုးတွေက အစာစား ဆင်းလေ့ ရှိသည်။ အုပ်လိုက် အသင်းလိုက် အစာစားဆင်းတာ မတွေ့ရပေမယ့် တစ်ကောင်းချင်း၊ တစ်ကောင်ချင်း ဆင်းစားရင်းက တစ်စတစ်စ များလာ သည်ကို တွေ့ရသည်။

ချိုးချောင်းတော့လည်း အနိမ့်ဆုံး လယ်ကွက်မှ တစ်ကွက်ပြီး တစ်ကွက် တက်ပြီး ချောင်းခဲ့သည်။ ချိုးလေး,ငါး, ဆယ်ကောင်မက တွေ့ရသော်လည်း ပစ်ဖို့ အဲလှမ်းမနီး ဖြစ်နေသည်။

တရွေ့ရွေ့ အစာရွေ့စားရင်း အနား ရောက်လာမည့်ချိုးကို စောင့်နေဆဲမှာ ပဲ သင်းသတ်လုပ်သား ကိုဖိုးဆောင်း ကုတ်ချောင်းကုတ်ချောင်းနှင့် စာရေးသူ ချိုးချောင်းသည့်နေရာ ရောက်လာ သည်။

ကိုဖိုးဆောင်းက အင်္ကျီမပါ ကျော ဗလာနှင့် ပခုံးမှာ ကွန်ကို ခေါက်တင် ထားသည်။ အဝကျဉ်း ငါးပလိုင်း သေးသေးငယ်ငယ်ကို လွယ်ထားပုံက မုန်းချောင်းထဲမှ ငါးရှာလာသည့် သဘာဝကို ပြနေသည်။

ရွာကုန်းကအဆင်း မုန်းချောင်း တွင်း ရောက်သည့်ရွာဆိုတော့ ဟင်း စားရှာဖို့ လွယ်သည်။ တောထဲ ကျွန်းသင်းသတ် လိုက်လာစဉ် ကလည်း ကွန်ပါလာသည်။ သူ ရှာ ကျွေးသည့် ငါးကို မကြာခဏ စားခဲ့ရ သည်ကိုလည်း မမေ့ပါ။

'ကိုဖိုးဆောင်း ငါးရှာလာတာလား'

'ဟုတ်တယ် ဆရာရေ၊ အိမ်မှာ ဟင်းစားပြတ်နေလို့ ချောင်းထဲက အတက် ဆရာ့ကို မြင်လို့ ဝင်လာတာ'

နှစ်ယောက်သား ကန်သင်းကို ကွယ်ပြီး ထိုင်ကာ စကားပြောနေစဉ် မှာပဲ ညိုပြာပြာနှင့် ချိုးပိန်တူး တစ်ကောင် စာရေးသူနှင့် မလှမ်းမကမ်းမှာ ထိုးဆင်းလာသည်။ လေသေနတ်ကို မောင်းချိုးတင်ပြီး ပြောင်းရင်းမှာ ကျည်တပ်ကာ အသေ အချာ ချိန်ပစ်လိုက်သည်။ ''ဖောက်'' ခနဲ မြည်သံနှင့် အတူ ချိုးမှာ ကားခနဲ ဝပ်ကျသွားသည်။

'ဆရာက အတော်လက်ဖြောင့်တာပဲ၊ နတ်စင်ချောက်က ထွက်တဲ့ ကြက်အုပ်ကို သွားပစ်ရအောင်၊ ကျွန်တော် လိုက်ပြမယ်၊ ရွာက လူတွေ ညွှတ်နဲ့ ထောင်တာ ဘယ်လို မှ ထောင်လို့ မရဘူး။

ဒီနေရာမှာ ညွှတ်ထားရင် ဟိုနေရာ ရွှေ့စားရင်း ရှောင်ရှောင်နေလို့ ထောင်လို့ ကို မရဘူး၊ လူကြီးတွေ ပြောတာတော့ နတ်က မွေးထားတဲ့ ကြက်တဲ့၊ ဒါကြောင့် ထောင်မရ ဖမ်းမရတာတဲ့၊ တစ်အုပ်တစ်မ ကြီး အကောင်တစ်ရာလောက် ရှိတယ်'

'ဟုတ်လား... သွားကြည့်ရအောင်'

'အဟုတ် ဆရာရေ... တွေ့ရင် ဆရာ သိပ်အံ့သြသွားမယ်။ မနက် စောစော အိပ်တန်း ဆင်းဆင်းချင်း လယ်ကွင်းထဲမှာ မဲသဲနေတာပဲ နက်ဖြန်မနက် လာခေါ်မယ်'

ပြောရင်း ကိုဖိုးဆောင်း ထပြန်သွား သည်။ စာရေးသူ အထက် လယ်ကွက် တက်ပြီး ချိုးပစ်ဖို့ ဆက်ချောင်းနေ လိုက်သည်။

အထက်လယ်ကွင်းက ပစ်ကွင်း ပိုကောင်းသည်။ ရိုးပြတ်ငုတ်စိုထွေ ကလည်း ပိုတိုသည်။ ချိုးလင်းမြ နှစ်ကောင်ထပ်ရ၍ ထပြန်ခဲ့သည်။

ရွာထဲက စာသင်ကျောင်းမှ ... ချတာဆိုတော့ တော ... သဘာဝ

www.burmeseclassic.com

ညရောက်လျှင် စကားပြောသံ၊ ရယ်မောသံ၊ ကလေးငိုသံ၊ တေးဆိုသံ၊ ခွေးဟောင်သံ၊ ဆန်ဖွပ်သံတွေက ညဦးယံ၏ ဂီတသံတွေ ဖြစ်နေသည်။

ညဉ့်သန်းခေါင်ယံ ရောက်သည်နှင့် လုလင်ပြန် ကြက်တွန်သံ၊ သက်ကြီးခေါင်းချ ကြက်တွန်သံတွေ တိမ်သွားမှ တစ်ရွာလုံး ငြိမ်ကျသွားသည်။ ဒီတော့မှ ကောင်းကောင်းအိပ်၍ ရခဲ့သည်။

နံနက် အရုဏ်တက်ပြန်တော့ ကြက်တွန်သံတွေက စီစီညံနေ၍ အိပ်ရာမှ အစောကြီး နိုးထခဲ့ရသည်။ နိုးနိုးချင်း ငယ်ငယ်က သင်ခဲ့ရသည့် ''ကြက်သံကို ဗဟိုရ်ပြုရတယ်၊ တောသူ့ရွာမို့'' ဆိုသည့် ကဗျာလေးကို နှုတ်မှ ရွတ်ရင်း အိပ်ရာမှ ထခဲ့သည်။

ဆရာ ဦးစောလှမောင်နှင့် ကိုကြီးသစ်၊ ကိုကြီးစိန်တို့ နိုးလာချိန်မှာတော့ ကိုဖိုးဆောင်းက ရောက်နေပြီ။

'ဆရာ သွားစို့ ကြက်တွေ အိပ်တန်းဆင်းချိန် ရောက်ပြီ'

စာရေးသူက ကျည်ဘူးလေး အိတ်ထဲထည့်၊ လေသနတ်ကို ထောင်ပြရင်း ဆရာ နယ်စီးတောအုပ်ကြီးကို ခွင့်တောင်းကာ ကျောင်းအောက်ကို ဆင်းပြီး ကိုဖိုးဆောင်းနောက် လိုက်ခဲ့သည်။ ရွာပြင်က နတ်စင်ချောက်ကို သိပ်မသွားလိုက်ရပါ။

ချောက်အဝင် ရုံးပင်ကြီးတွေ၊ နဘဲပင်ကြီးတွေကလည်း စိမ်းစိုညိုမှိုင်းနေသည်။ ချောက်က ချောင်းပြန့်သေးသေးလေးပါ။ ဒီချောက်မြေ၏ ချေဝေရေလဲ ဇရီယာက စီးကျလာသည့် မိုးရေတွေကို လယ်ကန်သင်းထန်းပြီး စုဖမ်းကာ လှေကားထစ်ဆယ်ယာတည်ကာ လယ်လုပ်ထားသည်မှာ ခေတ်မီလှပပြီး သိပ္ပံနည်းကျလှသည်။



သိပ္ပံနည်းကျပြီး လှပသည့် လယ်ကွက်တွေကို ကြည့်ရင်း အနိမ့်ဆုံး လယ်ကွက်ရှိရာ မှန်းချောင်းဘက် ထွက်ခဲ့ကြသည်။ အနိမ့်ဆုံး လယ်ကွက်ကနေ တစ်ကွက်ပြီးတစ်ကွက် တက်ပြီး ချောင်းခဲ့ကြသည်။ တချို့ လယ်ရိုးမှာ ချိုးတွေ တွေ့ပေမယ့် ရှောင်ကွေ့ပြီး တက်ကာ ကြက်အုပ်ရှိရာ လယ်ကွက်ကို ရှာခဲ့ကြသည်။

နောက်တစ်ဆင့်တက်လျှင် အပေါ်ဆုံးလယ်ကွက် ရောက်တော့မည်။

**''အပေါ်က လယ်ကွက်မှာ ကြက်တွေရှိတယ်''**ဟု ကိုဖိုးဆောင်းက ခေါင်းကိုမော့ပြီး လည်ဆန့်ကြည့်ရင်း သတိပေးနေပါပြီ။

စာရေးသူက ကိုယ်ကို ကိုင်းကာ၊ ကုန်းကာ လယ်ကန်သင်းကို အကွယ်အကာယူကာ ကြက်တွေနှင့် နီးရာကို ရွေးပြီး တဖြည်းဖြည်း တိုးသွားလိုက်သည်။ ကိုဖိုးဆောင်းကလည်း လေးဖက်ကုန်းကာ လိုက်ပါလာသည်။

အထက်လယ်ကျင်းက ကန်သင်းကို နှစ်ဦးသားကပ်မိကြပါပြီ။ ကပ်မိကြသည်နှင့် ခေါင်းကို စောင်းပြီး ချောင်းကြည့်လိုက်ရာ...

'အား... လား... လား... ကြက်တွေ ကြက်တွေ မဲသဲလို့'

ကိုဖိုးဆောင်း ပြောသည့်အတိုင်း ပါပဲ။ တိန်ညင်မျိုး တောကြက်တွေ၊ လယ်ကွယ်ကျယ်ကြီးထဲမှာ ပြန့်ကြဲနေသည်။ ခြေဦးတည့်ရာ ခေါင်းလှည့်ရာ ဘက် အစာကို ယက်ပြီး ရှာစားနေကြသည်။

ဒီကြက်တွေ၏ စားကျက်ကွင်းထွက်ပြီး အုပ်လိုက် အသင်းလိုက် အစာစားနေပုံက စာရေးသူ တွေ့ဖူးသည့် တခြား သားကောင်အုပ်တွေနှင့် ကွာခြားနေ၍ စိတ်ဝင်တစား လေ့လာနေမိသည်။

ခြေနှင့်ယက်ပြီး နှုတ်သီးနှင့် တောက်ခနဲ တောက်ခနဲ ကောက်စားနေပုံ၊ တစ်ချက် တစ်ချက် ခုန်တက်ပြီး အတောင်နှစ်ဖက် ကားကာ ပြန်ဆင်းစားပုံတွေက ဖျတ်ဖျတ်လတ်လတ်နှင့် ကြည့်ကောင်းလှသည်။

ကြည့်ကောင်းကောင်းနှင့် သေသေချာချာကြည့်တော့မှ ကြက်ဖကနည်းပြီး ကြက်မတွေက များ၍ပါလား။ ဒီလောက်များသည့် ကြက်တွေ၏ အရွယ်အစားကလည်း တစ်ကောင်နှင့် တစ်ကောင် မခြားနား အလုံးအထည်နှင့် အရွယ်အစားကို ဘယ်လိုများ ထိန်းညှိထားပါလိမ့်။

တောကြက် တိန်ညင်မျိုးတွေက ဒီအတိုင်းပဲထင်ပါရဲ့။ သားမခွဲခင်ကပင် အမွေးအတောင်စုံက ပျံနိုင်လွှားနိုင် ပြေးနိုင်သွားနိုင်ကြသည်။ အရွယ်အစားကလည်း လသားအရွယ်မှာပဲ အကောင်ကြီးတွေနှင့်မခြား ကြီးထွားကာ ရောသွားသည်။

အရွယ်ရသည့် တိန်ညင်မတွေ၏ သွယ်လှသည့် ကိုယ်လုံးလေးက အချိုးကျပြီး အမြီးလေးကော့ကာ အစဉ်ကျော့ရှင်းပြီး ကြွကြွရွရွလေး အမြဲလှနေ၍ ဒီအလှကို စံပြုကြသည့်သူ

www.burmeseclassic.com

တွေက **"မဆူမကြဲ၊ မနိမ့်မမြင့်၊ အရွယ်သင့်လို့ ကျစ်လျစ်သွယ်လျတဲ့ မိန်းမပျိုလေးတွေ့ရဲ့ အလှကို "တိန်ညင်မအလှ"**တဲ့။

တကယ်တမ်းကျတော့ တိန်ညင် အမတွေထက် အရောင်အသွေးစုံလှသည့် တိန်ညင်အဖတွေက ပိုလှသည်။ တောရိုင်း တိရစ္ဆာန်တွေ၏ သဘာဝကိုက အမတွေထက် အဖတွေက ပိုလှကြရသည်။

ဒီလို အဖပီသသည့် အလှတွေနှင့် ကိုယ့်ဝမ်းစာ ကိုယ်ရှာစားနိုင်ကြသည့် အမတွေ၏ မိတ်လိုက်လိုသည့် စိတ်ဆန္ဒကို ဆွဲဆောင်ဖမ်းစားခဲ့ကြသည်။

ဒေါင်းအမတွေထက် ဒေါင်းအဖိုက ပိုလှသည်။ ဆင်၊ ပြောင်၊ စိုင် ဆိုသည့် အကောင်ကြီးတွေမှာလည်း အထီးက ပိုလှသည်။ သမင်၊ ဒရယ်၊ ဂျီငယ်တွေကျတော့လည်း အမတွေက ဦးချိုအလှမရှိကြ။ အထီးတွေက သူတို့၏ ဦးချိုအလှတွေနှင့် အမတွေကို ဆွဲဆောင်ခဲ့ကြသည်။

ကြက်တိန်ညင်တွေကို ကြည့်ရင်း ကျောင်းတုန်းက သင်ခဲ့ရသည့် သားရိုင်းတိရစ္ဆာန်တွေ၏ အထီး၊ အမ သဘာဝကို ပြန်သတိရ၍ တွေးဆနေဆဲမှာပဲ နီရဲတောက်ပပြီး အလွန်ကြည့်လှသည့် သင်းအုပ်ကြက်ဖကြီးက ကြွကြွရွရွနှင့် ပစ်ကျင်းထဲ ရောက်ချလာသည်။

ကိုဖိုးဆောင်းက ပစ်ဖို့ အကြိမ်ကြိမ် လက်တို့နေပါပြီ။ စာရေးသူကလည်း ပစ်ချင်နေပါသည်။ ပစ်ဖို့ သေနတ်ပြောင်းကို ချိန်းလိုက်ပြီးမှ မုဆိုးဆရာဘိုပု၏ အဆုံးအမကို သတိရ၍ လေသေနတ်ကို ပြန်ချထားလိုက်ရသည်။



အနားရောက်လာသည့် ကြက်ဖကို မပစ်ရကောင်းလားဆိုသည့် သဘောနှင့် ကိုဖိုးဆောင်းမှာ အတော်ဒေါ်ဖောင်းနေသည်။

စာရေးသူက…

မုဆိုးဆိုတာ စည်းရှိရကြောင်း၊ အသင်းလိုက် အုပ်လိုက် တွေ့ရသည့် သားကောင်တွေ၏ အုပ်ချုပ်ထိန်းကျောင်းသည့် ခေါင်းဆောင်ကို မပစ်ရကြောင်း၊ အထီးနှင့် အမ တွေ့လျှင် အထီးကိုသာ ပစ်ရကြောင်း၊ အမတစ်ကောင်တည်း တွေ့သည့်အခါ အမမှာ ဥ(မျိုး)ရှိနေတာ သိရင်လည်း မပစ်ရကြောင်း…

သေချာရှင်းပြမှာ သဘောကျသွားသည်။

ကြက်ဖကြီးကလည်း စာရေးသူတို့ ချောင်းနေသည့် နေရာကို သင်္ကာမကင်းသည့် အမူအရာနှင့် အကြိမ်ကြိမ် စောင်းကာငဲ့ကာ လေ့လာစူးစမ်းရင်း "တောက်…ကတောက်"ဟု မာကျောပြင်းရှသည့် အသံစူးစူးသေးသေးနှင့် အချက်ပေးလိုက်ရာ ကြက်အားလုံးမှာ ငြိမ်ကုပ်သွားကာ ခြေကလေးသွတ် ကိုယ်လေးဝပ်ပြီး ဘေးလွတ်ရာ ပုံတက်ပြေးဖို့ အသင့်အနေအထားနှင့် အားမွေးနေကြပုံမှာ ညီညာလွန်း၍ လေ့ကျင့် သင်ကြားပေးထားသလားပင် ထင်မိမှားခဲ့ရသည်။

ကြည့်ကောင်းကောင်းနှင့် ချောင်းကြည့်နေဆဲမှာပဲ ခေါင်းဆောင်ကြက်ဖကြီးက ငြိမ်ကြည့်နေရာမှ စပြီး မြေကို ခြေနှစ်ဖက်နှင့်ယက်ကာ "ကွတ်… ကွတ်" နှင့် အသံပေးလိုက်မှ ပြေးဖို့ပြင်နေသည့် ကြက်အားလုံးက လှုပ်လှုပ်ရွရွနှင့် တစ်ပြိုင်နက်ထပြီး အစာကို ယက်ကာ ယက်ကာ ရှာစားနေကြသည်မှာ ညီညာဖွဖွ ရှိလွန်းလှသည်။

သားကောင်တွေ၏ နေထိုင်သွားလာ အစာရှာဖွေစားကြရသည့် ဂေဟဗေဒ သဘာဝကလည်း အချိတ်အဆက် မိလှသည်။ သစ်ပင်သစ်တောတွေက သားရိုင်းတိရစ္ဆာန်တွေ၏ နေစရာဂေဟာဖြစ်သည်။ အသီးအနှံနှင့် သစ်ဥသစ်ဖုတွေက စားစရာ ရိက္ခာဖြစ်သည်။

သစ်ဥသစ်ဖုနှင့် အသီးအနှံတွေကိုသာ စားသည့် သားကောင်တွေ တိုးပွားများပြားလာလျှင်လည်း အားလုံးမှီခိုနေထိုင်ရာ တောက ပျက်သွားနိုင်သည်။

အသီးစားသတ္တဝါ (သားကောင်) တွေရှိသည့်နေရာ အသားစားသည့် ကျားလို သတ္တဝါတွေ ရောက်လာသည့်သဘာဝက သတ္တလောက၏ ဂေဟဗေဒဟု သင်ခဲ့ရသည်။

ဒီလို ကောက်ပဲသီးနှံတွေ ထွက်သည့် လယ်ကွက်တွေမှာ ကြွက်တွေရှိသည်။ ကြွက်တွေရှိ၍ မြွေတွေရှိသည်။ မြွေမရှိလျှင် ကြွက်တွေဖျက်၍ သီးနှံခင်းတွေ ပျက်လိမ့်မည်။

ယခုလည်း တောနှင့် ဆက်နေသည့် လယ်ကွက်တွေက တောကြက်တွေ အတွက် စားကျက်ဖြစ်နေသည့် လင်းယုန်နှင့် တောကြောင်တွေ ချောင်ကောင်းကောင်းက ချောင်း



www.burmeseclassic.com

www.burmeseclassic.com

နိုင်သည်။

တောကြောင်က ချောင်း,မချောင်း ကောင်းကောင်း မသိပေမယ့် မုဆိုးကတော့ ချောင်းနေပြီ။ ခေါင်းဆောင်ကြက်ဖကလည်း သိပုံရသည်။

လယ်ကွက်ထဲ ပြန့်ကြဲနေသည့် ကြက်အုပ်ကို တလှုပ်လှုပ် ရွေ့လျားကာ လျားပြီးစုနေသည်။ ကြက်တွေက ခေါင်းဆောင်ကြက်ဖနှင့်အတူ တစ်ဖက်ကန်သင်းခြေမှာ စုစားနေကြပြီ။

ကြက်ရှိသည့် ကန်သင်းကောင်းကောင်းက သွားချောင်းတော့လည်း တစ်ဖက်ကန်သင်း ပြောင်းသွားသည်။ ဟိုဘက်ကချောင်း ဒီဘက်ပြောင်း၊ ဒီဘက်ကချောင်း ဟိုဘက်ပြောင်းနှင့် ခေါင်းနောက်အောင် လယ်ကန်သင်းဘေး လေးဖက်ကုန်းပြေးပြီး ချောင်းပေမယ့် တစ်ကောင်တလေမှ ပစ်ခွင့်မရခဲ့။

ကြက်မရှိသည့် ကန်သင်းကောင်းကောင်းမှ ပုန်းအောင်းပြီး ကိုဖိုးဆောင်းကို ကြက်ရှိသည့်ဘက် သွားမောင်းခိုင်းတော့လည်း ခြောက်သည့် မောင်းသည့် လူနားကမခွာ သေနတ်ရှိသည့် လူဘက် ထွက်မလာပုံက ထူးခြားလှ၍ အံ့ဩခဲ့ရသည်။

ကြာတော့ ကိုဖိုးဆောင်းက ဒေါသနှင့် ဆဲကာ ခဲတွေနှင့် ပေါက်တော့မှ နတ်စင်ချောက်ထဲ ဝေါခနဲ ထပျံပြေးကုန်ပါတော့သည်။

ကြက်အုပ်ကြီးကို ပစ်ဖို့ တစ်နေကုန် ချောင်းခဲ့ရပေမယ့် တစ်ကောင်တစ်မြီးမှ ပစ်ခွင့်မရခဲ့၍ ဒေါသထွက်နေမိသည်။ "နေ့ပစ်ခွင့်မရတဲ့ကြက် ည အိပ်တန်းတက်မှ သိကြသေးတာပေါ့" ဟု ကြိမ်းကာပြန်ခဲ့ကြသည်။

ညရောက်တော့ ကိုဖိုးဆောင်းနှင့် တောခေါင်း ကိုတုတ်ပါ လိုက်လာသည်။ မီးစုံးရဲသည့် သုံးခဲထိုး လက်နှိပ်ဓာတ်မီး ကိုယ်စီကိုင်ကာ ရွာပြင်ရောက်၍ နတ်စင်ချောက် ဝင်လိုက်သည်နှင့် ငှတ်ကို ခလုတ်တိုက်လဲ၍ ကိုဖိုးဆောင်း ဒေါဖောင်းကာ ကျိန်ဆဲရင်း လိုက်ပါလာသည်။

စ,တွေ့သည့် ဝါးရုံအောက်မှာ ကြက်ချေးပုံတွေက ဟိုတစ်ပုံ၊ ဒီတစ်ပုံ။ ဝါးရုံကကြီးပြီး ဝါးပင်တွေက မြင့်ကာ ရွက်အုပ်တွေက သိပ်သည်းလှသည်။ ကြက်ချေးပုံပေါ်ရပ်ကာ ဓာတ်မီးနှင့် ထိုးရှာပေမယ့် ရွက်အုပ်တွေက ကာနေ၍ ကြက်ကို မမြင်မတွေ့။

တခွေ့ခွေ့နှင့် တစ်ရုံပြီးတစ်ရုံ အချိန်ကုန်ကာ ကြက်ချေးပုံမှအပ အိပ်တန်းတက်နေသည့် ကြက် မမြင်မတွေ့ရ၍ စိတ်ပျက်စ ပြုနေကြပါပြီ။

'အိပ်တန်းတက်တဲ့ကြက် နတ်ငှက်တာ ဖြစ်မယ်'

ဟု စာရေးသူက စလိုက်တော့...

'နတ်ငှက်တဲ့ကြက် အိပ်ပျက်အောင် လုပ်မယ်'

ဟု တောခေါင်း ကိုတုတ်က ပြောရင်း ဝါးရုံပင်ရင်းကပ်ကာ ဝါးခက်တွေကို တစ်ခက်ပြီး တစ်ခက် လက်နှင့် တွန်းခါလိုက်ရာ ကြက်တွေမှာ နေစရာမရတော့ဘဲ တောထဲကို "ဖလူး"၊ "ဖလူး"နှင့် အုပ်လိုက် အသင်းလိုက် ကမူးရှူးထိုး တောတိုး ပျံပြေးကြပုံမှာ အံ့ဩစရာ၊ ပြောရမှာလည်း မယုံနိုင်စရာကြီးပါ။

ကြာတော့ ကြာခဲ့ပါပြီ...ကြာပေမယ့် ဘိုကုန်းရွာပြင် နတ်စင်ချောက်က ထွက်ပြီး လယ်ကွက်တွေထဲမှာ မဲသဲနေသည့် ကြက်အုပ်ကြီးကို တလှုပ်လှုပ်နှင့် မြင်ယောင်နေဆဲပါ။

**တင်ဘုန်းဝင်း**

စာမျက်နှာ (၂၈၀)မှ အဆက်

မြေကြီးနှင့် ခြေထောက် တိုက်ရိုက် မထိတွေ့စေရန်နှင့် လျှပ်မကူးစေရန်အတွက် ရော်ဘာဖိနပ်၊ သားရေဖိနပ် စသည်တို့ကို စီးထားရန်၊

❖ လျှပ်စစ်ဓာတ်သည် ရေတွင် လျှပ်ကူးလွယ်ခြင်းကြောင့် လျှပ်စီးလက်၊ မိုးခြိမ်းနေစဉ်တွင် ခြေထောက်ကို ရေထဲတွင် ရပ်နေခြင်း၊ ကိုယ်ခန္ဓာကို ရေထဲတွင် နှစ်ထားခြင်းတို့ မပြုလုပ်ရန်၊

❖ ပြောင်လက်သောသတ္တုပစ္စည်း အသုံးအဆောင်တို့သည် လျှပ်စစ်စီးဝင်လွယ်ခြင်း၊ မိုးကြိုးအန္တရာယ်ရှိခြင်းတို့ကြောင့် မိုးခြိမ်း လျှပ်စီးလက်နေချိန်တွင် မိမိခန္ဓာကိုယ်၌ သတ္တုပစ္စည်း အသုံးအဆောင်များ အသုံးမပြုရန်၊ (ဥပမာ-စတီးခါးပတ်၊ စတီးလက်ကောက်၊ စတီးဆွဲကြိုး၊ သတ္တုနာရီကြိုး စသည်ဖြင့်)

❖ ဖြစ်နိုင်ပါက နေအိမ်၊ ရုံး၊ စက်ရုံ အဆောက်အအုံများတွင် မိုးကြိုးလွှဲများ တပ်ဆင်ထားရန်။

**အသက်ကို ဉာဏ်စောင့်**

**"အသက်ကို ဉာဏ်စောင့်"**ဟူသော စကားပုံအရ မိမိ၏ အသက်၊ ခန္ဓာကိုယ်၊ ထိခိုက်ပျက်စီးခြင်းမရှိစေရန်အတွက် မိမိအသိဉာဏ်ကို အသုံးပြုပြီး ကာကွယ်သွားနိုင်ပါသည်၊

အထက်ဖော်ပြပါ မိုးကြိုးအန္တရာယ် ကာကွယ်နည်းများ (အခြားနည်းများလည်း ရှိနိုင်ပါသည်။)


မိမိ အသက်နှင့် ခန္ဓာကိုယ်ကို မိုးကြိုးဘေးအန္တရာယ်မှ ကာကွယ်နိုင်သည့် နည်းလမ်းများ ဖြစ်ပါကြောင်း စာဖတ်သူများ သိရှိဆင်ခြင် ကာကွယ်နိုင်ပါရန် ကျွန်တော်ကိုယ်တိုင် မြင်တွေ့ခဲ့ရသော မိုးကြိုးပစ်မှု(၂)ခုကို မျှဝေရေးသား ဖော်ပြလိုက်ပါသည်။

**မောင်ကံ (ထံတားရွာ)**



www.burmeseclassic.com

www.burmeseclassic.com



မောင်ဂံ
(တံတားရွာ)

ကိုယ်တိုင်မြင်တွေ့ခဲ့သော

# မိုးကြိုးပစ်ခြင်း

ကိုယ်တွေ့ဖြစ်ရပ်မှန်

## မိုးကြိုးဟူသည်

မိုးကြိုးပစ်သည်ဟု ဆိုလျှင် လူတိုင်းသိကြပါသည်။ မိုးကြိုးကို စာပေများတွင် **“ဝရဇိန်လက်နက်၊ သိကြားမင်း လက်နက်”**ဟု တင်စား ရေးသားကြပါသည်။

သိပ္ပံပညာအရမူ မိုးကြိုးသည် ကောင်းကင်ရှိ တိမ်တိုက်များတွင် လျှပ်စစ်အဖိုဓာတ်နှင့် အမဓာတ်တို့ စုဆည်းကြရာမှ လျှပ်စစ်ဓာတ်တို့ လွန်စွာ များပြားလာသောအခါ အဖိုဓာတ်နှင့် အမဓာတ်တို့၏ သဘာဝအတိုင်း တစ်ခုနှင့်တစ်ခု ဆွဲငင်အားဖြစ်ပေါ်လာရာမှာ အင်အားပြင်းသော လျှပ်စစ်ဓာတ်အားများ ထွက်ပေါ်လာခြင်းပင်ဖြစ်သည်။

ထွက်ပေါ်လာသော လျှပ်စစ်ဓာတ်အားများသည် လားရာတစ်ခုသို့ ရောက်ရှိလာရာတွင် လျှပ်စစ်ဓာတ်၏ ပြင်းထန်သော အပူရှိန်ကြောင့် ထိခိုက်လောင်ကျွမ်းမှုများ ဖြစ်ပေါ်လာသည်ကို မိုးကြိုးပစ်သည်ဟု ခေါ်သည်။

မိုးကြိုးပစ်ခြင်းသည် အများအားဖြင့် မိုးဦးကျကာလများတွင် အများဆုံး ဖြစ်တတ်ပြီး မိုးလယ်နှင့် မိုးနှောင်းကာလများတွင် အဖြစ်နည်းပါသည်။

မိုးကြိုးသည် အချက်ပေါင်းများစွာ ပစ်နေသော်လည်း လူ၊ တိရစ္ဆာန်တို့ ထိခိုက်သေဆုံးမှုမှာမူ လွန်စွာ နည်းပါးပါသည်။

မိုးကြိုးပစ်၍ ကွယ်လွန်သည် ဆိုသည်မှာ ဖြစ်တောင့်ဖြစ်ခဲ လွန်စွာရှားပါးပါသည်။ ကြုံတောင့်ကြုံခဲ ရှားပါးလှသော ကျွန်တော့်ကိုယ်တွေ့ မိုးကြိုးပစ်မှု (၂)ခုကို ရေးသားဖော်ပြပါမည်။

## မိုးကြိုးပစ်သည်ကို ပထမအကြိမ် ကိုယ်တိုင် မြင်တွေ့ခြင်း

ကျွန်တော်သည် ဇာတိရွာဖြစ်သော **ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးကျောက်တန်းမြို့နယ်၊ တံတားရွာ(ယခုတံတားမြို့)**တွင် မိဘများနှင့် အတူနေထိုင်ပြီး ဇာတိရွာ အနောက်ဘက်ရှိ စင်မကော်ရွာတွင် ကျေးရွာအုပ်စု စာရေးတာဝန် ထမ်းဆောင်နေချိန်ဖြစ်ပါသည်။

ဇာတိရွာနှင့် တာဝန်ကျရွာသည် မဝေးလှသဖြင့် မနက်ပိုင်းတွင် တာဝန်ကျ ရွာသို့ လမ်းလျှောက်သွားကာ အလုပ်လုပ်ပြီး ညနေပိုင်းတွင် နေအိမ်သို့ ပြန်လာလေ့ရှိပါသည်။

ရွာ(၂)ရွာကြားတွင် လယ်ကွင်းများသာရှိရာ နွေ၊ မိုး၊ ဆောင်း(၃)ရာသီလုံး ထိုလယ်ကွင်းများကို ဖြတ်ကျော်၍ အလုပ်သွား အလုပ်ပြန် လုပ်နေပါသည်။

မိုးလယ်ကာလ တစ်ရက်တွင် တာဝန်ကျ စင်မကော်ရွာရုံး၌ တစ်နေကုန် အလုပ်လုပ်ရာ ရာသီဥတု သာယာနေသော်လည်း ညနေပိုင်းတွင် မိုးတိမ်များ၊ မည်းမှောင် အုံ့ဆိုင်းလာပါသည်။

မိုးလယ်ရာသီဖြစ်၍ ကောက်စိုက်ပျိုးနုတ်ချိန် ဖြစ်ပါသည်။ မိုးရွာလာလျှင် လယ်ကန်သင်းများ လမ်းချော်ပြီး သွားလာ၍ မကောင်းဖြစ်မည်ကို စိုးရိမ်ကာ မိုးမရွာမီ တံတားရွာပြန်ရန် စင်မကော်ရွာလယ်လမ်းအတိုင်း အရှေ့ဘက်သို့ ထွက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ရွာပြင်ရောက်၍ ကြည့်လိုက်ရာ ကောင်းကင်တစ်ခုလုံး မိုးကုပ်စက်ဝိုင်း အဆုံး မိုးသားများ အုံ့ဆိုင်းနေသည်မှာ အခြားနေ့များနှင့်မတူ လွန်စွာ မည်းမှောင်လှပြီး ညနေ(၄)နာရီ၏ အလင်းရောင်ကိုပင် လျော့ပါးအောင် မည်းမှောင်လွန်းလှပါသည်။

အမှန်အတိုင်း ဝန်ခံရလျှင် ထူးထူးခြားခြား မည်းမှောင်နေသော မိုးသားပြင်အောက်တွင် တစ်ယောက်တည်း လမ်းလျှောက်လာရသည်မှာ ကြောက်သလိုလို၊ အားငယ်သလိုလို ခံစားမိပါသည်။

မကြာမီ မိုးသီးမိုးပေါက်များ ကျလာပြီး လျှပ်စီးများလက်ကာ မိုးချုန်းသံများလည်း ပြင်းထန်လှသဖြင့် ပါလာသည့် မိုးကာအင်္ကျီကို ဝတ်ပြီး ဆက်လျှောက်လာရာ စင်မကော်ရွာ ရိုးချောင်းပေါ်တွင် ဆောက်ထားသော လယ်သမားကြီးဦးပိန် တဲအနီးရှိ တံတားပေါ်သို့ ရောက်ရှိလာကာ တံတားပေါ်မှာရပ်ပြီး ပတ်ဝန်းကျင် ဝဲယာကို ကြည့်နေပါသည်။

ထိုအချိန်တွင် ကျွန်တော့်ရှေ့ ခန့်မှန်းပေ(၃၀၀)ခန့်အကွာ လယ်ကွက်ထဲတွင် ကောက်စိုက်သမ(၆)ယောက် ခင်ပေါင်တန်းကာ ကောက်စိုက်နေကြရာ ဒေသအခေါ် ဝါးတာဘလူး(မိုးကာအင်္ကျီ)ကိုယ်စီ ဝတ်ထားကြပါသည်။

ချက်တရက် လျှပ်စီးတစ်ခုသည် အတန်းလိုက် ထောင်၍ လက်သဖြင့် တံတားပေါ်တွင် အမြန်ထိုင်လိုက်ပြီး မျက်စိမှိတ်ထားရာ ပြင်းထန်လှသာ မိုးကြိုးပစ်သံကြီးကို နားကွဲလုမတတ် ကြားလိုက်ရ၍ ရင်တွေ''ဒိန်း''ခနဲ တုန်သွားပါသည်။

ဘယ်ကွင်းထဲ သွားနေကျမို့ မိုးကြိုးပစ်သံလောက်တော့ မကြောက်တတ်



သော်လည်း ယခုမှာမူ မိုးကြိုးသံမှာ ပြင်းထန်လွန်းလှသည့်ပြင် ပတ်ဝန်းကျင် အမှောင်ထုကြောင့် စိတ်ငယ်နေချိန်ဖြစ်၍ ရင်တုန်သွားခြင်းဖြစ်ပါသည်။

လျှပ်စီးလက်ကတည်းက ကြောက်လန့်မှုကြောင့် ပိတ်ထားသော မျက်စိကို ပြန်ဖွင့်ပြီး မတ်တတ်ရပ်၍ ကြည့်လိုက်သောအခါ ရှေ့မှ ကောက်စိုက်သမများသည် လဲနေရာမှ ကုန်းထလာကြပြီး ရုတ်ရုတ်သဲသဲ ဖြစ်နေသည်ကို တွေ့ရပါသည်။

ထို့ကြောင့် ကျွန်တော်လည်း ထိုကောက်စိုက်သမများ ရှိရာသို့ အပြေးရောက်သွားပါသည်။ ရောက်လျှင်ရောက်ချင်း ကောက်စိုက်သမ(၁)ဦးက ကျွန်တော့်ကို ရွာသူရွာသားများ ခေါ်နေကျအတိုင်း...

'စာရေးလေး...မမြင့် မထနိုင်တော့ဘူး ကန်သင်းပေါ် တင်ပေးပါဦး'

ဟု ပြောသဖြင့် ကျွန်တော်နှင့် ကောက်စိုက်သမများသည် မမြင့်ကို ခြေ၊ လက်၊ ခေါင်းတို့မှ ကိုင်သလို မ၊ ကာ အနီးရှိ ကုန်းကမူလေးပေါ်သို့ တင်ကြပါသည်။

မမြင့်မှာမူ ထင်သည့်အတိုင်း လဲလျောင်းနေပြီး လုံးဝ မလှုပ်တော့ပါ။ သေချာကြည့်သောအခါ သူဝတ်ထားသည့် မိုးကာအင်္ကျီသည် တစ်စစီ စုတ်ပြဲနေပြီး ဆောင်းထားသည့် ဝါးဖတ်ခမောက်မှာလည်း အစိတ်စိတ် အမွှာမွှာ ကွဲနေပါသည်။

အင်္ကျီလည်း စုတ်ပြဲနေပါသည်။ မလှုပ်မယှက်လှုပုံစံကို ကြည့်ပြီး အသက်မရှိတော့ဟု ခန့်မှန်းရပါသည်။

ကောက်စိုက်သမများအား...

'ဘယ်လိုဖြစ်တာလဲ ပြောပါဦး'

ဟု မေးရာ ကောက်စိုက်သမတစ်ဦးက...

'ဘာဖြစ်လဲတော့ သေချာမသိဘူး။ ကျွန်မတို့အားလုံးကို လေလုံးကြီးတစ်ခုက အရှိန်နဲ့ တွန်းလှဲလိုက်သလို ရေထဲ အကုန်လဲကျသွားတာ ကျန်တဲ့လူတွေ ပြန်ထနိုင်ပြီး မမြင့်တစ်ယောက်ပဲ ပြန်မထနိုင်လို့ ဆွဲထူနေကြတာ'

ဟု ပြောပါသည်။ ကျွန်တော်က...

'အခုန တံတားပေါ်မှာ ရှိနေတုန်း မိုးကြိုးပစ်သံ ကြားလိုက်တယ်။ မိုးကြိုးပစ်တာပဲနေမှာ၊ ကျန်တဲ့လူတွေကတော့ ဘာမှမဖြစ်ပါလား၊ ခင်ဗျားတို့ တစ်ယောက်နဲ့တစ်ယောက် ဘယ်လောက်ကွာလဲ'

ဟု မေးရာ တစ်ဦးက...

'ဘာကွာမလဲ အများဆုံး ကွာလှ(၁)လံပေါ့ မမြင့်က အလယ်ကနေပြီး ကျွန်မတို့နှစ်ယောက်က ဘေးကနေတာ'

ဟု ပြောပါသည်။ ကျွန်တော် စဉ်းစားမိသည်မှာ (၁)လံသည် (၆)ပေရှိရာ မမြင့်နှင့် ဘယ်၊ ညာ (၆)ပေကွာမှ ကောက်စိုက်သမ(၂)ဦးသည် လဲရုံသာ လဲပြီး ထိခိုက်မှု တစ်စုံတစ်ရာမရှိဘဲ မမြင့်တစ်ယောက်တည်းသာ မိုးကြိုးကြောင့် သေရသည်မှာ အံ့သြဖွယ်ကောင်းလှပါသည်။

ယခင်က ကြားဖူးသည်မှာ မိုးကြိုးပစ်ခံရသူသည် တစ်ကိုယ်လုံး မီးသွေးကဲ့သို့ မည်းသွားသည်ဟု ကြားသော်



www.burmeseclassic.com

www.burmeseclassic.com

လည်း ကျွန်တော့်ကိုယ်တွေ့တွင်မူ မိုးကြိုးပစ်ခံရသူသည် ကွယ်လွန်သည့်နေ့မှ (၃)ရက်ကြာ သင်္ဂြိုဟ်သည့်နေ့ထိ လုံးဝ မမည်းပါ။

**ဆောင်းထားသည့် ခမောက် စုတ်ပြတ်သွားသော်လည်း ခေါင်းတွင် ကျွဲခြံ အက်ရာ တစ်စုံတစ်ရာ မရှိပါ။ ဦးခေါင်းကို စမ်းကြည့်ရာ ဦးခွံအပေါ်ပိုင်း ကြေနေသည်ကို တွေ့ရပါသည်။**

ဦးခွံအပေါ်ပိုင်းတည့်တည့်ကို ပစ်သည်ဟု ထင်ပါသည်။ ဆံပင်များလည်း လောင်ကျွမ်းမှုမရှိပါ။

## မိုးကြိုးပစ်သည်ကို ဒုတိယအကြိမ် ကိုယ်တိုင် မြင်တွေ့ခြင်း

ကျွန်တော် ကျောင်းသားဘဝ ဇာတိရွာတွင် ကျောင်းတက်နေချိန် ဖြစ်ပါသည်။ မိုးဦးကျ မိုးရွာပြီဖြစ်သော်လည်း ကျောင်းများ မဖွင့်သေးသဖြင့် မိဘများ၏ လယ်လုပ်ငန်းခွင်တွင် ကူညီ ဆောင်ရွက်နေချိန်ဖြစ်ပါသည်။

နေ့လယ်ခင်းတစ်ခုတွင် မိုးသဲသဲမဲမဲရွာပြီးနောက် မိုးအားပျော့သွားကာ တဖြောက်ဖြောက်ရွာနေပြီး ကောင်းကင်တွင် လျှပ်စီးများ တဝင်းဝင်းလက်ကာ မိုးခြိမ်းသံများလည်း မပြတ် ကြားနေရပါသည်။

ကျွန်တော်သည် လယ်တဲပေါ်မှ ထိုင်၍ တဲရှေ့ လယ်ကွင်းတွင် စုပေါင်း မြက်စားနေသော နွားအုပ်ကို ကြည့်နေပါသည်။

ကြည့်နေစဉ်မှာပင် လျှပ်စီး ဝင်းဝင်းလက်ကာ ပြင်းထန်သော မိုးကြိုးပစ်သံကြောင့် မြေတုန်သွားပြီး အစာစားနေသော နွားအုပ်ထဲမှ တဲနားနီးချင်း ဖြစ်သူ ဦးကျော်အေး၏ နွားသိုးလေး သည် ခြေလက်များ မိုးပေါ်သို့ ထောင် ကာ လဲသွားပါသည်။

ခြေလက်များသည် ချက်ချင်း ပြန်



မကျပါ။ ခဏအကြာမှ တဖြည်းဖြည်းချင်း ပြန်ကျသွားသည်ကို တွေ့ရပါသည်။ မိုးကြိုးပစ်လိုက်ပြီဆိုတော့ အသက်ရှင်ရန်တော့ မရှိတော့ပါ။

မကြာမီ မိုးတိတ်သွားပြီး ဦးကျော်အေးမိသားစုလည်း သူတို့နွားလေး လဲနေရာသို့ ရောက်လာကြပါသည်။

ကျွန်တော်လည်း မိုးကြိုးပစ်ခံရသည့်နွား မည်ကဲ့သို့ ဖြစ်သွားသည်ကို သိလိုသဖြင့် နွားသေရှိရာ လယ်ကွင်းထဲသို့ သွားပါသည်။

လယ်ထဲတွင် နွားသိုးလေးသည် ခြေလက်များ ဆန့်တန်းကာ သေဆုံးနေပြီး **ထူးခြားမှုမှာ နွားသိုးလေး၏ ဝမ်းဗိုက်သည် လွန်စွာ တင်းဖောင်းနေသည်ကို တွေ့ရပါသည်။** ဘောလုံးကို လေအပြည့် ထိုးထားသလောက် တင်းပါသည်။

နွားသိုးလေး၏ ဝမ်းဗိုက်ပေါ်သို့ ကျွန်တော် တက်ထိုင်ကြည့်ရာ ဝမ်းဗိုက်အရေခွံသည် လုံးဝ ပျော့မသွားပါ။

မည်သည့်နေရာကို မိုးကြိုးပစ်သလဲဟု ရှာကြည့်သောအခါ နွားသိုးလေး၏ ကျောရိုးနောက်ပိုင်း မြီးဒူးရိုးသည် ကြေနေသည်ကို စမ်း၍ရသဖြင့် မြီးဒူးရိုးတည့်တည့်ကို ပစ်လိုက်သည်ဟု ခန့်မှန်းရပါသည်။ နွားသိုးလေး၏ အမွေးများမှာ လောင်ကျွမ်းခြင်း မရှိပါ။

လယ်ကွင်းထဲတွင် နွားများ စုပေါင်း အစာစားနေရာ အကောင်ရေများစွာရှိသည့်အနက် ဤနွားသိုးလေး တစ်ကောင်သာ မိုးကြိုးထိမှန် သေဆုံးပြီး အနီးရှိ အခြားနွားများ တစ်စုံတစ်ရာမျှ ထိခိုက်မှု မရှိသည်မှာ အံ့သြဖွယ်ကောင်းလှပါသည်။

## မိုးကြိုးအန္တရာယ် ကာကွယ်ရန် နည်းလမ်းများ

မိုးကြိုးပစ်မည်၊ မပစ်မည်ကို ကြိုတင် မသိနိုင်သော်လည်း မိုးကြိုး၏ ဖြစ်စဉ်အရ ကြိုတင် ကာကွယ်နိုင်သော နည်းလမ်းများ ရှိပါသည်။ မိုးကြိုးအန္တရာယ်ကာကွယ်နိုင်သော နည်းလမ်းများမှာ...

- ❖ မိုးခြိမ်း၊ မိုးရွာ၊ လျှပ်စီးများလက်နေချိန်တွင် ကွင်းပြင်ထဲတွင် မနေဘဲ အမိုးအကာရှိသည့် နေရာတွင်နေရန်၊
- ❖ မိုးကြိုးသည် မြင့်ရာပစ္စည်းကို ပစ်တတ်သဖြင့် လယ်ကွင်းထဲတွင် သွားလာနေစဉ် လျှပ်စီးလက်၊ မိုးခြိမ်းပါက မတ်တတ်ရပ် မနေဘဲ ထိုင်၍ သော်လည်းကောင်း၊ လဲလျောင်း၍ သော်လည်းကောင်းနေရန်၊
- ❖ သစ်ပင်ကြီးများသည် မြင့်သဖြင့် မိုးကြိုးပစ်လွယ်သောကြောင့် လျှပ်စီးလက်၊ မိုးခြိမ်းနေစဉ် သစ်ပင်ကြီးများအောက်တွင် နားခိုခြင်း မပြုရန်၊
- ❖ လျှပ်စီးလက်၊ မိုးခြိမ်းနေစဉ်တွင် လျှပ်စစ်ဓာတ်စီးဝင်လွယ်သော ရေဒီယို TV၊ မီးလုံး မီးချောင်း၊ လက်ကိုင်ဖုန်းနှင့် အခြား လျှပ်စစ်ပစ္စည်းများ၏ ခလုတ်များကို ပိတ်ထားရန်
- ❖ မိုးကြိုးပစ်ခြင်းကြောင့် ဖြစ်ပေါ်လာသော လျှပ်စစ်ဓာတ်သည် မြေကြီးထဲသို့ ဝင်ပြီးနောက် မြေကြီးမှတစ်ဆင့် လျှပ်ကူးနိုင်ပါသည်။

ထို့ကြောင့် လျှပ်စီးလက်၊ မိုးခြိမ်းနေစဉ်တွင်


စာမျက်နှာ (၂၇၇) သို့



www.burmeseclassic.com

www.burmeseclassic.com

# အိမ်တွင်းနှုတ်



ကိုးကွယ်မှုနှင့်ပတ်သက်၍

မြို့ခိုး (မတ္တရာ)

မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးမြို့၏မြောက်ဘက်ရှိ မြို့တစ်မြို့ဖြစ်၍ မြို့အမည်က မတ္တရာမြို့ဖြစ်လေ၏။ မတ္တရာမြို့တွင် ရပ်ကွက်ကြီး(၅)ခုရှိ၍ ရွှေဘုံသာရပ်ကွက်သည် အမှတ်(၂) ရပ်ကွက်တွင် ပါဝင်၏။

ရွှေဘုံသာရပ်ကွက်၌ ရပ်ကွက်၏ အပန်းဖြေစခန်းသဖွယ်ဖြစ်သော ''ဝင်းစတား'' လက်ဖက်ရည်ဆိုင်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး မောင်ဦးနှင့် သူငယ်ချင်းဖြစ်သူ ခိုင်ဦးတို့နှစ်ယောက်က လက်ဖက်ရည်သောက်ရင်းဖြင့် စကားစမြည် ပြောနေကြ၏။

သူတို့ပြောနေကြသော စကားများမှာ ကိုယ်ရေးကိုယ်တာ အကြောင်းအရာများအပြင် သတင်းစာများတွင် ဖတ်ရသော နိုင်ငံရေး၊ ကမ္ဘာ့အရေး သတင်းများပါမကျန် ပြောဆို ဆွေးနွေးနေခဲ့ကြ၏။ ထိုစဉ်တွင် သူတို့နှစ်ဦးထိုင်နေရာ စားပွဲသို့...

'ကိုခိုင်ဦး ကိုခိုင်ဦး'

ဟူသော ခေါ်သံနှင့်အတူ လူတစ်ယောက် ပျာယီးပျာယာဖြင့် ဝင်လာပြီး ထိုင်လိုက်လေ၏။

'ဟ ဝင်းနိုင်... ဘာကိစ္စများ အရေးကြီး လာတာလဲကွ'

ဟု ခိုင်ဦးမှ မေးလိုက်ရာ ဝင်းနိုင်က အဖြေမပေးသေးဘဲ...

'ဒီမှာ ချိုစိမ့်ဝမ်း'

ဟု လက်ဖက်ရည် မှာနေပြန်၏။ ပြီးမှ...

'ကိုခိုင်ဦးရေ...ခင်ဗျားကို ပြောစရာရှိလို့ ခင်ဗျားတို့အိမ်ကို ရောက်ခဲ့သေးတယ်ဗျ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနဲ့ လက်ဖက်ရည်ဆိုင်ဘက်ကို ထွက်သွားတယ်ဆိုလို့ ဒီကိုလိုက်လာခဲ့တာ'

'ဟုတ်ပါပြီကွာ ဘာကိစ္စများလဲဆိုတာ ပြောပါဦးကွ'

'ပြောပါ့မယ်ဗျာ...ပြောဖို့လဲ လာခဲ့တာပါပဲ ဒီလိုဗျ၊ ကိုခိုင်ဦးရ... ဟိုတလောက ခင်ဗျားအိမ်ကို ဖျက်ပြီး တိုက်ပြန်ဆောက်တော့ ခင်ဗျားအိမ်မှာ ပိုနေတဲ့ အိမ်တိုင်ဟောင်းတွေ ကျွန်တော့်ကို ပေးခဲ့တယ်မဟုတ်လား'

'အေး...ဟုတ်တယ်လေကွာ မင်းအိမ်မှာ သီးသန့်မီးဖိုဆောင် ဆောက်ချင်တယ်ဆိုလို့ အိမ်တိုင်အဟောင်းတွေထဲက တိုင်(၈)လုံး မင်းကို ပေးလိုက်တာလေ ခု ဘာဖြစ်လို့လဲကွ'

'ဒီလို ကိုခိုင်ဦးရ... ခင်ဗျားပေးတဲ့ အိမ်တိုင်ဟောင်းတွေက ကောင်းသော့ ကောင်းပါတယ် ဒါပေမယ့်'

'ဘာ ဒါပေမယ့်လဲဟ မင်းကလဲကွ'





www.burmeseclassic.com

www.burmeseclassic.com

ပေးလဲ ပေးရသေးတယ် ဘာတွေများ ဖြစ်ပြန်ပြီလဲ'

'ဖြစ်တာကတော့ ဒီလိုပါဗျာ၊ ခင်ဗျားပေးတဲ့ အိမ်တိုင်(၈)လုံးနဲ့ မီးဖိုဆောင် ဆောက်လိုက်တယ်။ ပြီးတဲ့နေ့မှာပဲ မီးမွှေးပြီး ထမင်းဟင်း ချက်စားတယ် ဆိုပါတော့ဗျာ။

အဲဒီညမှာပဲ ထိတ်လန့်စရာ အိပ်မက်ကို ကျွန်တော်ကစပြီး မက်တယ်ဆိုပါတော့ဗျ'

ခိုင်ဦးမှာ ဝင်းနိုင်ကို ဇဝေဇဝါဖြင့် ကြည့်နေမိ၏။ ဘေးနားတွင် ထိုင်နေသော ကိုဦးမှလည်း ငြိမ်သက်စွာဖြင့် နားထောင်နေ၏။

ဝင်းနိုင်သည် ဘာကိုဆိုလိုချင်၍ စကားကို လိုရင်းမပြောဘဲ လှည့်ပတ်၍ ပြောနေရသနည်း။

မိမိပေးလိုက်သော အိမ်တိုင်ဟောင်းများတွင် တစ္ဆေ သရဲပဲ ပါလာသလိုလို ပြောနေခြင်းများလား။ ခိုင်ဦး ကျွဲမြီးတို လာရပြီဖြစ်၏။

'ဟေ့ကောင် ဝင်းနိုင် တည့်တည့်ပဲ ပြောစမ်းပါကွာ ငါပေးတဲ့ အိမ်တိုင်တွေမှာ တစ္ဆေသရဲ ပါလာတယ်လို့ ပြောချင်တာလား၊ မင်းအိပ်မက်က ဘာလဲကွ'

'ဟာ ကိုခိုင်ဦးရာ အဲဒီလိုလဲ မဟုတ်ပါဘူးဗျာ၊ ကျွန်တော်ဆိုလိုတာက အိပ်မက် အကြောင်းပါ။

အိပ်မက်က ဒီလိုဗျ... မီးဖိုဆောင် ဆောက်ပြီး ထမင်းဟင်းစလို့ ချက်စားတဲ့ ညမှာပဲ ကျွန်တော် အိပ်မက်မက်တယ်ဗျာ။

အိပ်မက်ထဲမှာ မီးလောင်ထားတဲ့ ကြောက်စရာမျက်နှာနဲ့ ယောကျာ်းတစ်ယောက်နဲ့ မိန်းမတစ်ယောက်ကို တွေ့ရတယ်။

သူတို့က "အမလေး ပူလှချည့်ရဲ့ ဥရုတိုင်ကို အမြန်ဖြုတ်ပေးပါ ဖြုတ်ပေးပါ"နဲ့ ပြောပြီး ပျောက်သွားကြတယ်။

ခုဆို မီးဖိုဆောင် စသုံးတာ (၅)ရက်မှာ ညတိုင်း အဲဒီလိုချည်း အိပ်မက်တယ်ဗျာ။ အဲဒါကို ကိုခိုင်ဦးများ သိမလားလို့ လာမေးကြည့်တာပါ'

'ငါ့အိမ်မှာတုန်းကတော့ ဘာမှ မဖြစ်ပါဘူးကွာ၊ အဲဒါတော့ ငါလဲ မသိဘူး'

ထိုအချိန်တွင် ခိုင်ဦးနှင့်အတူ လက်ဖက်ရည်သောက်ရင်း ထိုင်နေခဲ့သော ရွှေဘုံသာရပ်ကွက် အုပ်ချုပ်ရေးမှူး ဖြစ်သူ ကိုဦးမှ...

'အဟမ်း...အဟမ်း ခိုင်ဦးနဲ့ ဝင်းနိုင်ရ အဲဒီအကြောင်းကို ငါသဘောပေါက်သွားပြီကွ'

'ဘယ်လို သဘောပေါက်တာလဲ ကိုဦးရဲ့ ပြောပါဦးကွ'

'ဟုတ်တယ်ဗျ အုပ်ကြီးသိတယ် ဆိုရင် ပြောပြပါ'

ဟု ခိုင်ဦးနှင့် ဝင်းနိုင်တို့နှစ်ယောက်မှ ပြောလိုက်ကြ၏။

'ဒီလို ခိုင်ဦးရ... မင်း ယခင်အိမ်ဟောင်းမှာ တုန်းက အိမ်တွင်းနတ်မောင်နှမကို ပူဇော်တဲ့ ဆွဲအုန်းတင်ခဲ့သေးသလားကွ'

'အေး... ဆွဲအုန်းတင်တယ်ကွ၊ တို့အိမ်က ဥရုတိုင်မှာ ဆွဲအုန်းချိတ်ပြီး အိမ်အတွက် အစစစောင့်ရှောက်အောင်လို့ ပူဇော်ခဲ့ဖူးတယ်ကွ၊ ဒါနဲ့ ဘာများပတ်သက်သလဲ ကိုဦးရ'

'ပတ်သက်တာပေါ့ ခိုင်ဦးရာ... ငါ ပြောပြပါမယ် မင်းရော ဝင်းနိုင်ရော နားထောင်ကြပေါ့ကွာ၊ ဒီလိုကွ... အိမ်တွင်းနတ်မောင်နှမက ပန်းပဲ မောင်တင့်တယ်နဲ့ နှမဖြစ်သူကို ခေါ်တယ်ကွ။

ပန်းပဲမောင်တင့်တယ်ဟာ အား အလွန်ရှိပြီး ပန်းပဲထုတဲ့အခါ အလေးချိန် အတော်ရှိတဲ့ တူနဲ့ ထုတာကြောင့် တကောင်းပြည်မှာ ပန်းပဲသံဟာ နားမခံသာအောင်အထိ ပြင်းထန်တယ် ပေါ့ကွာ။

အဲဒီအသံကို တကောင်းဘုရင်က ကြားပြီး သူ့ထီးနန်းကို လုယူမှာ ကြောက်တဲ့အတွက် မောင်တင့်တယ်ကို အဖမ်းခိုင်းတယ်တဲ့ကွ။

မောင်တင့်တယ်က အဖမ်းမခံဘဲ ထွက်ပြေးတော့ သူ့နှမကို တော်ကောက်တယ်။ မောင်တင့်တယ်ကို ယောက်ဖဖြစ်တဲ့အတွက် မြို့စားခန့်မယ်ဆိုပြီး နှမဖြစ်သူကို အစ်ကိုဖြစ်သူ မောင်တင့်တယ်အား ရှာစေတယ်ပေါ့ကွာ။

နှမဖြစ်သူက အစ်ကိုကို မရမက လိုက်လံရှာဖွေ တွေ့ရှိပြီး နန်းတော်ကို ခေါ်လာခဲ့တယ်။ ဘုရင့်ရှေ့ရောက်တော့ တကောင်းဘုရင်ဟာ မောင်တင့်တယ်ကို မြို့စားမခန့်တဲ့အပြင် နှောင်ကြိုးတဲလို စံကားဝါပင်အောက်မှာ ဖိုကျင်ထိုးပြီး မီးနဲ့ တိုက်သတ်သတဲ့ကွ။

နှမဖြစ်သူဟာလဲ အစ်ကိုဖြစ်သူရဲ့ အဖြစ်ဆိုးကို တွေ့မြင်ရတာကြောင့် ယူကျုံးမရဖြစ်ပြီး မီးပုံထဲကို ခုန်ချ သေခဲ့တယ်တဲ့။

သူတို့မောင်နှမကို မီးနဲ့ တိုက်သတ်ခဲ့တဲ့နေရာမှာရှိတဲ့ စံကားဝါပင်ကို တကောင်းမင်းရဲ့အမိန့်နဲ့ အမြစ်ကနေ တူးကာ ဧရာဝတီမြစ်ထဲကို မျှောပစ်လိုက်ကြတယ်။

စံကားဝါပင်ဟာ ပုဂံမှာ သွားတင်တယ်တဲ့။ အဲဒီကမှ စံကားဝါသားကို မောင်နှမနှစ်ယောက်ရဲ့ ရုပ်တုထုလုပ်ပြီး ပုပ္ပါးတောင်ကိုပို့လို့ ပူဇော်ပသထားကြတာ ယနေ့ထက်တိုင်ပဲကွ။

သူတို့ကို ပူဇော်ပသတဲ့သူတွေကို စီးပွားရေးကအစ စောင့်ရှောက်ကာကွယ်လို့ ပုဂံတို့၊ ပုပ္ပါးတို့ အိမ်ဝင်းများမှာ နတ်စင်ဆောက် ပသကြတယ်ပေါ့။

ပုဂံအနော်ရထာမင်း လက်ထက်ရောက်တော့ အိမ်ဝင်းထဲမှာ နတ်စင်



www.burmeseclassic.com

www.burmeseclassic.com

တွေ တွေ့ရလို့ ပန်းပဲမောင်တင့်တယ် နတ်မောင်နှမကို ပသကိုးကွယ်သူများဟာ မိမိတို့ အိမ်အတွင်းထဲမှာပဲ ပူဇော်ရန် အမိန့်ချမှတ်ခဲ့လို့ အိမ်တွင်းမှာပဲ လူအများက ပူဇော်ပသွားခဲ့ကြတယ်။

သူတို့ကို ပူဇော်ပသတဲ့အိမ်များ အတွင်းကို ပရလောကသားများဖြစ်တဲ့ တစ္ဆေသရဲများ မဝင်ရောက်နိုင်ဘူး။ စီးပွားရေးကို တည်မြဲစေတယ်လို့လဲ ယုံကြည်ကြတယ်'

'ဒါဖြင့် ဆွဲအုန်းတင်ရခြင်းနဲ့ ဝင်းနိုင် အိမ်မက်ဆက်စပ်မှုကိုလဲ ပြောပြဦး လေကွာ'

'အေးပါကွာ ခိုင်ဦးရ ပြောပြပါ့မယ် ဒီလိုကွ ဆွဲအုန်းကို အိမ်ရဲ့ ဥရုတိုင်မှာ ချိတ်ဆွဲရတယ်။ ဥရုတိုင်ဟာ အိမ်တိုင်အားလုံးရဲ့ ပထမဆုံး ထူရတဲ့ တိုင်ကို ခေါ်တာပဲ။

အများအားဖြင့် ဥရုတိုင်ကို အရှေ့တောင့်မှာ ထားလေ့ရှိကြတ။ ဆွဲအုန်းချိတ်ပြီး ပူဇော်ရတာကတော့ အိမ်တွင်းနတ်မောင်နှမခေါ် အိမ်တွင်းမင်းမဟာဂီရိနတ်ကို ပူဇော်ပသတဲ့ ကအုန်း။ ငှက်ပျောပွဲမှာပါတဲ့ အုန်းသီးကို ဆိုင်းထဲမှာ ထည့်ပြီး ဥရုတိုင်မှာ ချိတ်ဆွဲထား လိုက်ကာ အုန်းသီးမှာ ပေါင်းတော်ပတ် ထားလိုက်ရတယ်။

ပြီးတော့ နတ်မောင်နှမရုပ်ပုံ(၃)ပုံပါတဲ့ သပ်တောင်ကို အုန်းသီးတင်စင်ပေါ်မှာ ဆောင်ထားရတယ်ပေါ့'

'ကိုဦးရေ... အဲဒီယပ်တောင်မှာ မောင်နှမပုံ(၃)ပုံပါတယ်လေ အဲဒါ တစ်ယောက် ဘယ်သူလဲကွ'

'အဲဒီတစ်ယောက်ကလဲ မောင်တင့်တယ်ရဲ့နှမဖြစ်ပြီး သုံးပန်လှမင်းသမီးလို့ ခေါ်တယ်ကွ။

သူလဲ အောက်ပြည်ကနေ ...ကောင်းမှာရှိတဲ့ အစ်ကို၊ အစ်မတွေ ...သာခဲ့ရင်း လမ်းမှာ သေဆုံးပြီး



နတ်စိမ်းဖြစ်သွားတာပဲကွ'

''ဩော်...ဒီလိုလား''ဟု ခိုင်ဦးမှ ပြောလိုက်၏။

'မင်းမေးတာနဲ့ ဇာတ်လမ်းက ရပ်တန့်သွားပြီကွ အဲ...အဲ ဆွဲအုန်း ချိတ်ထားရတာကတော့ သူတို့အိမ်တွင်းနတ်မောင်နှမဟာ မီးအပူကြောင့် သေခဲ့ရတာဆိုတော့ မီးနဲ့ မီးရောင်ကို ကြောက်တယ်ပေါ့၊ အုန်းရည်ဟာ အပူကို အေးစေတယ်လို့ ဆိုတယ်ကွ။

ဒါကြောင့် ဆွဲအုန်းလဲ ပူဇော်ရင်း အုန်းရည်ကြောင့်လဲ အပူကို ငြိမ်းအေးစေတယ်ပေါ့ကွာ။ အချို့အိမ်တွေမှာဆို အိမ်တွင်းနတ်ပျော်လို့လား စောင့်ရှောက်တာ သိစေချင်လို့လားတော့ မသိဘူး။ ဆွဲအုန်းရဲ့ကြွက်မြီးကနေ အုန်းရည်တွေ ပန်းထွက်တယ်လို့ ကြားဖူးတယ်ကွ။

ဒါကတော့ ဆွဲအုန်းချိတ်ဆွဲရတဲ့ အကြောင်းပဲကွ။ ဝင်းနိုင်ရဲ့ အိပ်မက်ကတော့ ရှင်းပါတယ်ကွာ။ မင်းပေးခဲ့တဲ့ အိမ်တိုင်ဟောင်းတွေထဲမှာ ဥရုတိုင် ပါသွားမယ်ကွာ။

အဲဒီဥရုတိုင်ဟာ မီးဖိုဆောင် ဆောက်တဲ့အထဲ ပါသွားလို့ နတ်မောင်နှမက အိပ်မက်ပေးတာ ဖြစ်နိုင်တယ်'

'ဖြစ်နိုင်တယ် မောင်ဦးရ မင်းက တွေးခေါ်မှု ကောင်းသားပဲကွ'

'ကောင်းဆို... ငါက ဒါမျိုးနဲ့ ပတ်သက်ပြီး တွေ့ဖူး ကြုံဖူးထားတာ ရှိလို့ပဲ သူငယ်ချင်းရေ။ ဒီက စကားပြောပြီးသွားရင် ဝင်းနိုင်ရဲ့ မီးဖိုဆောင်ကို တို့နှစ်ယောက် လိုက်သွားပြီး ကြည့်တာပေါ့'

'အေးကွာ... သွားကြည့်ကြတာပေါ့၊ ဒါထက် မင်း တွေ့ဖူး ကြုံဖူးထားတဲ့ အကြောင်းအရာကိုလဲ ထပ်ပြီး ပြောပြပါဦးကွ'

'ဟုတ်တယ်၊ ကျွန်တော်တို့ သိရတာပေါ့ အုပ်ချုပ်ရေးမှူးရာ၊ ပြောပြပါဦး'

ဟု ဝင်းနိုင်က ဝင်၍ ထောက်ခံပြော၏။

'ပြောရတာပေါ့ကွာ... ငါကြုံဖူးတဲ့ အကြောင်းကတော့ ဒီလိုကွ...'

မတ္တရာမြို့တွင် ဉယျာဉ်ခြံများ စိုက်ပျိုးသော နေရာသီးသန့်ကဲ့သို့ ရှိပေ၏။

မတ္တရာမြို့၏ အနောက်ဘက်ခြမ်း ရွှေတချောင်းတူးမြောင်းသည် မြောက်မှ တောင်သို့ စီးဆင်းလျက် ရှိရာ



www.burmeseclassic.com

www.burmeseclassic.com

ရွှေတချောင်းမြောင်း၏ အနောက်ဘက်၌ရှိသော ကျေးရွာများမှာ ဥယျာဉ်ခြံလုပ်ငန်းများ လုပ်ကိုင်စားသောက်ကြ၏။

ဥယျာဉ်လုပ်ငန်း လုပ်ကိုင်ကြသူများတွင် ကျော်လှိုင်ဦး တစ်ယောက် အပါအဝင် ဖြစ်လေ၏။ ကျော်လှိုင်ဦးအား အိမ်ထောင်ကျစဉ်ကပင် မိဘများမှ ခြံစိုက်ပြီးသား ဝင်းကျယ်ကြီးတစ်ခု အမွေအဖြစ် ခွဲပေးခဲ့၏။

(၃)ကေခန့် ဥယျာဉ်ခြံ အမွေပေးရုံသာမက ယင်းခြံထဲတွင် အိမ်တစ်လုံးပါ ဆောက်ပေးခဲ့၏။

ကျော်လှိုင်ဦးနှင့်ဇနီး တာတာတို့မှာ ခြံထွက်သီးနှံများဖြစ်သော အုန်း၊ ငှက်ပျော၊ ကွမ်း၊ ကွမ်းသီး၊ သရက်၊ ပိန္နဲ တို့မှ နှစ်စဉ်ဝင်ငွေကောင်း၍ စိတ်ချမ်းသာစွာဖြင့် ဘဝကို ဖြတ်သန်းခဲ့ရာ သမီးလေး မြတ်မြတ်ပင် (၁၀)နှစ် အရွယ်ရောက်ခဲ့ပြီဖြစ်၏။

ကျော်လှိုင်ဦး၏ အမေမှာ သားနှင့် ချွေးမကို အိမ်ဆောက်ပေးပြီး သူတို့နေမည့်အိမ်၌ အိမ်တွင်းဆွဲအုန်းကို နတ်ကတော်အား ခေါ်၍ တင်မြှောက်ပသစေ၏။

ချွေးမဖြစ်သူကိုလည်း အိမ်တွင်းနတ်တင်နည်းကို သေချာစွာ မှတ်သားစေပြီး ဆွဲအုန်းကို အမြဲတင်စေ၏။ ကျော်လှိုင်ဦးတို့ ဇနီးမောင်နှံမှာလည်း အမြဲမပြတ်ပင် ပသကိုးကွယ်ခဲ့ကြ၏။

ဤသို့ဖြင့် တစ်နေ့တွင် ကွမ်းရွက်ခူးရန်နှင့် ကွမ်းသီးချရန် အတွက် ကျော်လှိုင်ဦးနှင့် တာတာတို့ သွားကြမည်ဖြစ်၍ သမီးလေးအား ညနေစာ ချက်ထားရန် မှာကြားပြီး အလုပ်သမား (၂)ယောက်ဖြင့် ခြံထဲသို့ အလုပ်ဆင်းသွားကြ၏။

ကျော်လှိုင်ဦးနှင့် တာတာတို့က ကွမ်းရွက်များ ခူးကြပြီး အလုပ်သမားနှစ်ယောက်တို့က ကွမ်းသီးပင်များမှ ကွမ်းသီးများ ခူးချကြ၏။

သူတို့ခြံထဲတွင် ကွမ်းပင်(၁၅၀၀) ခန့်ရှိ၍ ကွမ်းသီးပင်ကလည်း အပင် (၂၀၀)ခန့်ရှိ၏။ ကိုယ်စီ အလုပ် လုပ်ကြရင်းဖြင့် ညနေ(၄)နာရီခန့်ပင် အချိန်ရှိခဲ့၏။ ထိုစဉ်တွင် လူတစ်ယောက် သုတ်သုတ် သုတ်သုတ်ဖြင့် သူတို့ဆီသို့ ရောက်လာခဲ့၏။

'ဟေ့...ကျော်လှိုင်ဦး၊ တာတာ'

'ဟေ့...ကျော်လှိုင်ဦး၊ တာတာ'

'ဘာလဲဟေ့ မျိုးထွန်းရ... ငါတို့ ဒီမှာပါကွ'

'ကျော်လှိုင်ဦးနဲ့ တာတာရေ အိမ်ကို ပြန်လိုက်ခဲ့ကြဦး၊ အိမ်မှာ မင်းတို့သမီးလေး ဘာဖြစ်တယ် မသိဘူး သတိလစ်နေလို့ကွ'

''ဟာ...'၊ 'ဟင်...'

ကျော်လှိုင်ဦးနှင့် တာတာတို့မှာ ပျာယီးပျာယာဖြင့် မျိုးထွန်းနှင့်အတူ အိမ်သို့ အမြန်ပြန်ခဲ့ကြ၏။ (၅)မိနစ်ပင် မလျှောက်လိုက်ရဘဲ အိမ်သို့ ပြန်ရောက်ခဲ့ကြ၏။



သူတို့အိမ်တွင် အခြားအိမ်များမှ လူ (၄,၅)ယောက်ခန့်ကို တွေ့ကြရပြီး သမီးလေး မြတ်မြတ်အား ဘေးအိမ်မှ ဒေါ်မြင့်က ထွေးပွေ့ထားသည်ကို တွေ့ရ၏။ တာတာမှ...

'သမီးလေး ဘာဖြစ်တာလဲ အဒေါ်'

ဟု မေးလိုက်ရာ ပွေ့ထားသော ဒေါ်မြင့်မှ...

'အဖြစ်ကတော့ ဒီလိုဟေ့... မောင်ကျော်လှိုင်ဦးနဲ့ မတာတာတို့ရေ တို့အိမ်ဘေးက နတ်ကတော် ဒေါ်ကံကို နတ်ပူးနေတယ်ကြားလို့ ငါလဲ သွားကြည့်မိတော့ နတ်ကတော်ကို ဝင်ပူး နေသူက...

"အမလေး ပူလှချည့်ရဲ့... ဟိုဘက်ခြံက ကလေးမလေးက မီးနဲ့ တိုက်နေပါတယ် အမြန်သွားပြီး ဖယ်ရှားပေးပါ"

လို့ ခဏခဏ လက်ညှိုးညွှန်ပြပြီး ပြောနေတာနဲ့ တို့တစ်တွေလဲ မင်းတို့ ခြံထဲလာကြည့်ကြတာ။

အဲဒီအချိန်မှာ မင်းတို့ရဲ့ သမီးလေးက ထမင်းအိုးတည်နေပြီး မီးဖိုကို အိမ်တွင်းမောင်နှမရုပ်ပုံပါတဲ့ ယပ်တောင်နဲ့ ယပ်ခတ်နေတာ တွေ့ရတယ်ကွယ့်။

အဒေါ်လဲ သဘောပေါက်လိုက်တာ မို့ ကလေးဆီက ယပ်ကို ဆွဲယူလိုက်တာနဲ့ မင်းတို့သမီးလေးသ ''အမယ်လေး''လို့ အော်ပြီး လဲကျ သွားတာပါပဲ။ အဖြစ်ကတော့ ဒါပါ ပဲကွယ်'

ဟု ဒေါ်မြင့်
ပြောလိုက်လေ
မောင်ဦးမှ လက်ဖက်
ခွက်ကို ကောက်ကိုင်
ခေတ္တမျှ သောက်နေ
ခိုင်ဦးနှင့် မင်းနိုင်တို့
ငြိမ်သက်စွာ နားထောင်နေ


www.burmeseclassic.com

www.burmeseclassic.com

# ရှောင်ပင်ငှက်တို
# တရွေ့

ပညာစက္ခု မင်းလက်ယာအောင်



ကျွန်ုပ်တို့ရွာသည် ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ်အတွင်းမှ နာမည်ကြီးသော ဘုတ်ထန်းတောများ ထွက်ရှိရာ ဒေသဖြစ်သည့် "**ဘုတ်ထန်းတော**" ရွာပင်ဖြစ်ပါသည်။

ကျွန်ုပ်တို့ကျေးရွာ၏ မြောက်ဘက်ကပ်လျက်တွင် တကောင်းခေတ်က "**ကံရာဇာကြီးမင်း**" တည်ထားကိုးကွယ်ခဲ့သော "**ရွှေဂူကြီးဘုရားကြီး**" တည်၍ ရွှေဂူကြီးစေတီတော်ကြီးမှ အရှေ့တည့်တည့် တစ်မိုင်ခွဲခန့်တွင် အိမ်ခြေ တစ်ထောင်ကျော်ကျော်ခန့်ရှိသော **မှုးကမ်းကြီးရွာ** တည်ရှိသည်။

မှုးကမ်းကြီးရွာ အရှေ့ဘက်မှ နတ်မှုးခေါ် မှုးမြစ်ကိုဖြတ်လျှင် "ရေကြည်ဝ" ရွာ၊ ထိုမှ အရှေ့ဘက် ဘုတ်ကုန်းရွာနှင့် ထူးကြီးရွာ တည်ရှိသည်။

ဘုတ်ကုန်းထူးကြီးရွာမှ အရှေ့သို့ သွားသော ကားလမ်းမကြီးသည် "စောင်တန်း" ရွာကို ဖြတ်လျက်ဆိပ်ခွန် ရွှေဘိုကားလမ်းမကြီးနှင့် တစ်တန်းတည်း၊ တစ်ဖြောင့်တည်းတည်ရှိရာ ဘုတ်ကုန်းမှ ရွှေဘိုအထိဆိုလျှင် ဆိပ်ခွန်ရွာကြီးသည် ခရီးတစ်ဝက်ဟုဆိုရမည်ဖြစ်လေသည်။

ဆိပ်ခွန်သည် **အင်ကြင်းတောဘုရားကြီးနှင့်** မဟာစည်ဆရာတော်ကြီးတို့၏ ဂုဏ်သတင်းကြောင့် ထင်ရှားခဲ့သည့် ရွာကြီးတစ်ရွာ ဖြစ်ခဲ့သည်၊

ကျွန်ုပ်တို့၏ ဘုတ်ထန်းတောရွာနှင့် မှုးကမ်းကြီးရွာတို့၏ ခရီးအကြားတွင် နွေ မိုး၊ ဆောင်း ရေမပြတ်သော "ရိုး" ကြီးများရှိ၍ ယင်းရိုးကြီးများကို ကျွန်ုပ်တို့အရပ်ဒေသက (ဒေသန္တရအမည်အားဖြင့်) "**အင်း**" ဟူ၍ ခေါ်ကြလေသည်။

ထိုအင်းကြီးများသည် ရှေးအခါက အလောင်းစည်သူမင်း ဖောင်စီးကာဖြင့် ခရီးလှည့်လည်ခဲ့ရာများ ဖြစ်ခဲ့သည်

www.burmeseclassic.com

ဟူ၍လည်း ရှေးလူကြီးသူမတို့ ပြောစမှတ်ပြုခဲ့ကြသည်။

**(အလောင်းစည်သူမင်းကြီးသည် ရွှေဂူကြီးဘုရားကြီးကို ဒုတိယအကြိမ် ပြင်ဆင်တည်ထားကိုးကွယ်ခဲ့ပြီး မိုးညှင်းမင်းတရားကြီးက တတိယအကြိမ် ပြင်ဆင်ခဲ့သည်။**

**ယခုလက်ရှိ ဉာဏ်တော်မှာ မူးကမ်းကြီးရွာ ရွှေပေါက်ပင်ကျောင်းတိုက် ဆရာတော် "အရှင်ကေတုမာလာ"မှ ဦးစီးကာ စတုတ္ထအကြိမ်ပြင်ဆင်တည်ထားကိုးကွယ်ခဲ့သော စေတီတော်ကြီးဖြစ်ပေသည်။)**

ရွှေဂူကြီးဘုရားမှ အရှေ့ဘက် နှစ်ဖာလုံခန့်တွင် "အင်းငယ်"ခေါ် ရိုးတစ်ခုရှိ၍ ယင်းကိုဖြတ်ကျော်သော တံတားကို "**အင်းငယ်တံတား**"ဟူ၍ ခေါ်ကြ၏။

အင်းငယ်မှ အရှေ့တစ်မိုင်နီးပါးတွင် ဒုတိယအင်းကြီးတစ်ခု ခြားနေပြန်သည်။

ထိုအင်းကြီးသည် အင်းငယ်ထက် သုံးဆပို၍ ကျယ်ဝန်းသောကြောင့် တံတားဆောက်ရာ၌လွယ်ကူသက်သာစေရန် အရှေ့ဘက်ကမ်း (မူးကမ်းကြီးရွာဘက်)မှ စတင်၍ မြေပေါင် (တာရိုး)ကြီးတစ်ခု ဆည်ဖို့လာခဲ့ပြီး အနောက်ဘက်ကမ်းနှင့် ပေနှစ်ဆယ်ခန့်အကွာ ရေထွက်ပေါက်တစ်ခု ချန်လှပ်ကာ တံတားငယ်တစ်ခုဖြင့် ဖြတ်ကျော်ထားလေသည်။

အဆိုပါတံတားသည် အုတ်တံတားဖြစ်ပြီး ပျံတော်မူပြီးသော ဆရာတော်ဦးဝိလာသအား ရည်စူးဆောက်လုပ်သည်ဟူ၍ ကမ္ပည်းမှတ်တမ်းထိုးထားရာ ထိုအခါကာလ ကျွန်ုပ်တို့ ကျောင်းသားငယ်များက "ဦးဝိလာသတံတား"ဟူ၍ ခေါ်ခဲ့ကြသည်။

ထို့အပြင် အင်းကြီး၏ အရှေ့ဘက်ကမ်းလမ်းမကြီး၏ ဘယ်ဘက် မြောက်ဘက်ကပ်လျက်တွင် **ဦးချမ်းရင်**ဟူသော စေတနာရှင်ပုဂ္ဂိုလ်ကြီး၏ ကောင်းမှုဇရပ်တစ်ဆောင်ရှိသည်ကို အစွဲပြုကာ "**ဦးချမ်းရင်ဇရပ်တံတား**"ဟူ၍လည်း လူကြီးသူမတို့ ခေါ်ခဲ့ကြလေသည်။

ဦးဝိလာသတံတားခေါ် ဦးချမ်းရင်ဇရပ်တံတား၏ အနောက်ဘက်ထိပ်ကပ်လျက် လမ်းမ၏ တောင်ဘက်မှ သစ်ပင်အုပ်စုများခြေရင်းတွင် ထမင်းဆုပ်၊ ဆတ်သားခြောက်အစိမ်းများဖြင့် သရဲကျွေးထားသည်ကို ထိုစဉ်အခါက မူးကမ်းကြီး(တွဲဖက်အထက)ကျောင်းသို့ ကျောင်းတက်သွားကြရသော ကျွန်ုပ်တို့ ကျောင်းသားများအားလုံး တွေ့မြင်ခဲ့ဖူးသည်။

ထိုဝိလာသတံတားမှ အနောက်ဘက်သို့ပေတစ်ရာခန့်ဆင်းလျှောလမ်းမ၏ဘယ်ဘက်(တောင်ဘက်)ကပ်လျက်၌ ညောင်ပင်ငုတ်တိုတစ်ခုရှိ၏။ ထိုညောင်ပင်ငုတ်တိုသည် အခြောက်အလှန့် နာမည်ကြီး၍ "**ညောင်ပင်ငုတ်တိုတစ္ဆေ**"ဟူ၍ပင် ထင်ရှားခဲ့ဖူးလေသည်။

ကျွန်ုပ်တို့ငယ်စဉ်ကာလ ညောင်ပင်ငုတ်တိုတစ္ဆေ ခြောက်လှန့်ခဲ့သော ဓာတ်လမ်းများမှ ဘုတ်ထန်းတောရွာသား ဦးချစ်ကြွယ်၏ ကြုံတွေ့ခဲ့သမျှကို တင်ပြရပါလျှင်...

*　　*　　*

မိုးတွင်းကာလဖြစ်၍ အင်းများချောင်းများအတွင်း ရေစီးရေလာကောင်းသလို ငါးများလည်း ပေါများလှပေသည်။

နှစ်စဉ်လိုလိုပင် ရွှေဂူကြီးဘုရားကြီးအနီးမှ အင်းငယ်တံတားကို အမှီပြုစခန်းချကာ ညအိပ်ညနေ ပိုက်ကွန်ပစ်ခြင်း၊ မြှုန်းထောင်ခြင်း၊ ငါးမျှားကြိုးတန်းခြင်းစသည့် ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ကြသောဘုတ်ထန်းတောရွာသားအချို့ ရှိနေကြသည်။

ဦးချစ်ကြွယ်သည် အလုပ်ကိစ္စတစ်ခုရှိ၍ မူးကမ်းကြီးသို့ လှည်းဖြင့် လာခဲ့သည်။

မူးကမ်းနှင့် ဘုတ်ထန်းတောသည် (တောင်သူတောင်သားတို့အသုံးအနှုန်း) ရေအိုးနှင့် ရေမှုတ်ဆိုသလို ဖြစ်နေ၍ လူသွားလူလာ လှည်းသွားလှည်းလာ မပြတ်လှပေ။

မိမိထင်သလို အလုပ်ကိစ္စမပြီးပြတ်၍ ရွာသို့ပြန်ချိန်တွင် မှောင်ရီပျိုးလေပြီ။

မူးကမ်းကြီးရွာ၏ အနောက်ဘက်ထိပ် အစွန်ဆုံးလမ်းမကြီး၏ ဝဲယာနှစ်ဖက်တို့၌ ဆန်စက်ကြီးနှစ်လုံးရှိ၏။ ယင်းဆန်စက်နှစ်လုံးကိုနယ်သူနယ်သားများက "**စက်တဲ**"ဟူ၍ အလွယ်တကူခေါ်ကြသည်။

နေ့အခါဆိုလျှင် စက်တဲကိုလွန်သည်နှင့် ဖြောင့်ဖြူးသာယာသော လှည်းလမ်းမကြီး၏ မျက်စိတစ်ဆုံးတွင် ဦးချမ်းရင်ဇရပ်နှင့် ဦးဝိလာသတံတားတို့ကိုလည်းကောင်း၊ ထိုမှကျော်လွန်လျက် ရွှေဂူကြီးစေတီတော်မြတ်ကြီးကို လည်းကောင်း အထင်အရှားပင် ဖူးမြင်နိုင်ကြပေသည်။

တောသူတောင်သားတို့ သဘာဝ ဦးချစ်ကြွယ်သည် ပြောင်းဖူးဖက်ဆေးလိပ်ကို မီးညှိကာ ခဲလိုက်ရင်း နွားများကို တံပြာ(ကြိမ်တံ)ဖြင့်တို့ကာ ခပ်သုတ်သုတ် မောင်းလာခဲ့သည်။

စက်တဲကိုလွန်သည်နှင့် ဆင်ဝလရောင်ကို ကောင်းစွာ မြင်ရပေတော့၏။ စက်တဲနှင့် ဦးချမ်းရင်ဇရပ်အကြားတွင် လှည်းအစီးနှင့် လူအချို့



www.burmeseclassic.com

www.burmeseclassic.com

ကို ရှောင်တိမ်းလိုက်ရသေးသည်။

ထိုမှ ဦးဝိလာသတံတားကိုပင် ဖြတ်ကျော်လာခဲ့ပြီ။ ဤတွင် ညောင်ပင် ငုတ်တိုအလွန်မှ လှည်းလမ်းမကြီး၏ အလယ်၌ရပ်နေသော လူတစ်ယောက်ကို မှုန်ပြပြ လရောင်အောက်တွင် လှမ်း၍ မြင်လိုက်ရသည်။

ထိုသူသည် အကယ်၍ မူးကမ်းဘက်သို့လာသောခရီးသွားတစ်ယောက်ဖြစ်ခဲ့လျှင် ယခုကဲ့သို့ လှည်းလမ်းမ၏ အလယ်တွင် ရပ်နေရန်အကြောင်းမရှိ။


လူမကောင်း သူမကောင်း (လူဆိုးသူခိုး)သာ ဖြစ်နိုင်သည်ဟု အတွေးဝင်ကာ သတိနှင့် ဆက်မောင်းလာခဲ့သည်။

အရေးကြုံက အလွယ်တကူ အသုံးပြုနိုင်ရန်လည်း ဦးတွင်ထိုးလာခဲ့သော ဓားကို ဖြုတ်ယူကာ ပေါင်အောက်တွင် ခုထားလိုက်သည်။

အနီးသို့ရောက်သည့်တိုင် ထိုသူသည် ဘေးသို့ ဖယ်မပေးဘဲ လှည်းလမ်းကိုပိတ်၍ ရပ်ထားမြဲဖြစ်ရာ ဦးချစ်ကြွယ်က မိမိနှင့်ရင်းနှီးသော ရွာသားတစ်ယောက် နောက်ပြောင်နေသည်အထင်ရှိ၍ သေချာစွာ ကြည့်ရှုသော်လည်း မျက်နှာစိမ်းတစ်ယောက်သာ ဖြစ်နေပေ၏။

ထိုသူသည် ဦးချစ်ကြွယ်ကဲ့သို့ပင် ဆေးလိပ်ကို ခဲထားပြီး ပြုံးဖြီဖြီ မျက်နှာထားနှင့် ဦးချစ်ကြွယ်ကို ကြည့်နေသည်။

ဦးခေါင်းတွင် ပုဆိုးတစ်ထည်ကို ပေါင်းထား၏။ သူတို့နယ်သားတွေ ခလေ့ထုံးစံမှာ နေ့ညမဆို ခရီးသွားလာလျှင် ဓားမ သို့မဟုတ် ဓားရှည်တစ်ခုခုကို ကိုင်၍ သွားလာတတ်သော်လည်း ထိုသူလက်ထဲ၌ မည်သည့်လက်နက်မျှ ကိုင်ဆောင်မထား၍ အနည်းငယ်



စိတ်သက်သာရာတော့ ရမိသည်။

မည်သည့် အကြောင်းကြောင့်ရယ်တော့ မသိရပါ။ နွားများက ထိုသူရှေ့ရောက်သည်နှင့် တရှူးရှူး နှာမှုတ်ပြီး အလိုလိုသာ ရပ်သွားကြလေတော့သည်။

'ဟေ့လူ ဘာဖြစ်လို့ လမ်းကိုပိတ်ပြီး ရပ်နေတာတုန်း ဘေးကို ဖယ်ဗျာ'

ဦးချစ်ကြွယ်က ထိုသို့လှမ်း၍ပြောသော်လည်း ထိုသူက ဘာမျှ ပြန်မပြောသည့်အပြင် ဦးချစ်ကြွယ်၏စကားကို အရေးမစိုက်ဘဲ လက်တစ်ဖက်က နွားလှည်းထမ်းပိုးကိုပင် ကိုင်လိုက်ချေသေးသည်။

'ဟေ့လူ... လမ်းဖယ်ဆိုတာ မကြားဘူးလား'

ထိုသူသည် စကားပြန်မပြော၊ ပြုံးဖြဲဖြဲမျက်နှာနှင့် နွားလှည်းထမ်းပိုးကို ကိုင်မြဲကိုင်ထား၏။

ဦးချစ်ကြွယ် စိတ်တိုလာသည်။ နွားများကို တံပြာ(ကြိမ်တံ)ဖြင့် ရိုက်ကာ လှည်းကိုမောင်းသည်။

'တောက် ဟဲ့...နွား ဖြန်း...ဖြန်း'

နွားများက ရှေ့မတိုးဘဲ တရှူးရှူးနှင့် နှာမှုတ်ကာ ရုန်းကန်နေကြသည်။

'တောက် ငါ...မသား ပြောမရတဲ့ကောင်ကဲဟာ ချမ်...ဟင်'

ဦးချစ်ကြွယ် ဒေါသထွက်ကာ တောသူတောင်သားတို့ သဘာဝအတိုင်း တောက်ခေါက်လျက် ဆဲဆိုသည်။

တစ်ဆက်တည်းပင် ဖြစ်လိုရာဖြစ်တော့ဟု သဘောထားလျက် ပေါင်အောက်တွင် အသင့်ခုထားသော ဓားနှင့် ထိုသူအား တည့်တည့်ပစ်ပေါက်လိုက်တော့သည်။

ထိုသူသည် ဦးချစ်ကြွယ်၏မျက်စိရှေ့မှောက်မှ ရုတ်တရက်ပျောက်ကွယ်သွားပြီး ပစ်လိုက်သောဓားသည် အရှိန်ပြင်းစွာပင် လမ်းဘေးတစ်နေရာမှ ကျောက်ခဲကဲ့သို့ မာကျောသော အရာဝတ္ထုတစ်ခုကို ထိမိကြမ်းပေါ်လာ၏။

ဦးချစ်ကြွယ် အံ့အားသင့်လျက်က မိမိအား တစ္ဆေခြောက်ခံရပြီဟူသော အသိနှင့်အတူ ကြောက်စိတ်လည်း ဝင်လာခဲ့တော့သည်။

သို့သော် ပစ်လိုက်သောဓားကို ပြန်ရှာရဦးမည်မို့ စိတ်ကိုတင်းလျက် အရဲစွန့်ကာ အောက်သို့ဆင်း၏။

ဓားက ချက်ချင်းပြန်မတွေ့ မှုန်ပြပြ လရောင်အောက်တွင် စမ်းတဝါးဝါးရှာရင်း မိမိလက်စွဲတော်ဓားကို ပြန်တွေ့မှ အားတက်လာကာ ကြောက်စိတ်လည်း အနည်းငယ်ပြေသွားသည်။

နွားများကတော့ ရပ်လျက်အနေအထားပင်။ ဦးချစ်ကြွယ် လှည်းပေါ်တက်လျက် နွားများကို တောက်ခေါက်တံပြာတို့ကာ မောင်းထွက်လိုက်သည်။

သည်တစ်ခါတော့ နွားများက စောစောပိုင်းကလို ပေတေလျက် ရပ်မနေ


www.burmeseclassic.com

www.burmeseclassic.com

ကြဘဲ အလွယ်တကူပင် မောင်း၍ရသည်။

သို့သော် လှည်းစတင်ထွက်ခဲ့ပြီး၍ မကြာခင်ပင် လှည်းနောက်မြီးပိုင်းမှ တစ်စုံတစ်ယောက်တက်၍ ထိုင်လိုက်သလို နင့်ကနဲ ဖြစ်သွားပြီးလှည်းဦးသည် အနည်းငယ် မြောက်တတ်သွားသည်သို့ ခံစားလိုက်ရ၏။

ဦးချစ်ကြွယ် မသင်္ကာ၍ နောက်သို့ လှည့်ကြည့်ရာ စောစောက လှည်းရှေ့တွင် ပိတ်ရက်၍ရပ်ခဲ့သော ကိုရွှေတစ္ဆေသည် ပြုံးဖြဲဖြဲမျက်နှာထားနှင့် ဆေးလိပ်ကို ခဲလျက်ကပင် လှည်းနောက်မြီး၌ အခန့်သား တက်၍ထိုင်လိုက်လာသည်ကို တွေ့လိုက်ရတော့သည်။

'ဟာ အမလေးဗျာ ကယ်ကြပါဦးဗျို့ ဟဲ့ နွား... ဖြန်းဖြန်း ကယ်ကြပါဗျို့'

သည့်တစ်ခါတော့ တစ္ဆေဟူသော အသိနှင့်အတူ ဦးချစ်ကြွယ်တစ်ယောက် ကြောက်လန့်တကြားဖြင့် နွားများကို ရိုက်နှက်ကာ အတင်းဒုန်းစိုင်း၍ မောင်းပြေးလာတော့သည်။

ပါးစပ်မှလည်း အသံကုန် အော်ဟစ် အကူအညီ တောင်းလာခဲ့သည်။

အင်းငယ်တွင် ငါးဖမ်းနေကြသော ရွာသားများသည်အဝေးမှလူတစ်ယောက် ကြောက်လန့်တကြားဖြင့် အသံကုန် အော်ဟစ် အကူအညီ တောင်းသံကို လည်းကောင်း၊ နွားလှည်းကို အတင်း ဒုန်းစိုင်းလျက် မောင်းပြေးလာသံကို လည်းကောင်း အားလုံးကြားရသည် ဖြစ်ရာ မိမိတို့၏ ဓားလှံလက်နက်များကို အသင့်ပြင်ပြီး အခြေအနေကို အကဲခပ် စောင့်ဆိုင်းနေကြသည်။

မကြာမီ နွားလှည်းတစ်စီး မိမိတို့ ရှေ့မှောက်သို့ ရောက်ရှိလာခဲ့ပြီး လှည်းမောင်းသူမှာ မိမိတို့ရွာသား ဦးချစ်ကြွယ် ဖြစ်နေပေ၏။

"ဟာ... ဦးချစ်ကြွယ်ကြီး ဘယ်လိုဖြစ်လာတာတုံး'

'နောက်မှာလဲ ဘယ်သူမှ ပါမလာဘူး'

ရွာသားများ တစ်ယောက်တစ်ပေါက် ဝိုင်းဝန်း မေးမြန်းကြသော်လည်း ဦးချစ်ကြွယ်မှာ အကြောက်လွန်နေ၍ ချက်ချင်းမဖြေနိုင်။

သတိဝင်လာပြီး နောက်သို့ လှည့်ကြည့်လိုက်သော် ဘယ်သူမျှ ပါမလာတော့။

လှည်းပေါ်တွင် အသေအချာတက်၍ ထိုင်လိုက်ခဲ့သော ကိုရွှေတစ္ဆေမှာ ဘယ်အချိန်ကပင် ဆင်း၍ နေခဲ့မှန်း မသိလိုက်ပါ။

ထိုအခါ အကြောက်ပြေပြီး သူ၏ အဖြစ်ကို ရွာသားများအား ပြန်ပြောနိုင်တော့သည်။

ထိုညောင်ပင်ငုတ်တို တစ္ဆေမှာ ယခင်ကလဲ ခြောက်လှန့်ဖူးကြောင်း ကြားသိထားကြ၍ ဦးချစ်ကြွယ်စကားကို ရွာသားများ ယုံကြည်ကြလေသည်။

ဤသည်မှာ ကျွန်ုပ်တို့ကျောင်းသားအရွယ် ငယ်စဉ်ကာလက ရွာသူရွာသားများ (ကလေးလူကြီးတို့) သိရှိပြောပြကြသော ဦးချစ်ကြွယ်အား ညောင်ပင်ငုတ်တိုတစ္ဆေ ခြောက်လှန့်သည့် ဇာတ်လမ်းပင်ဖြစ်ပါသည်။

ယခုသော် ဦးချစ်ကြွယ် ကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်းအတော်ကြာခဲ့ပေပြီ။

**[အမည်နေရပ်များကို မပြောင်းလဲဘဲ ရေးသားဖော်ပြသည့်အတွက် သက်ဆိုင်သူများမှ နားလည်ခွင့်လွှတ်ပါရန် တောင်းပန်အပ်ပါသည်။]**

**ပညာစက္ကူ မင်းလက်ယာအောင်**

စာမျက်နှာ (၂၈၄)မှ အဆက်

မောင်ဦးက...

'အဖြစ်ကတော့ကွာ...ကလေးမလေး ထမင်းအိုးတည်ရင်း မီးဖိုကို ယပ်ခတ်ဖို့အတွက် ယပ်တောင် ရှာရာမှာ သူတို့ အိမ်က စွန့်ပစ်ထားတဲ့ ဆွဲအုန်းကယပ်ကို တွေ့ပြီး ယပ်ခတ်တာပဲ ဆိုပါတော့။

ကလေးမလေးက သတိရလာတော့ ကြောင်တောင်တောင် ဖြစ်နေလို့ နတ်ကတော်နဲ့ ပွဲတင်ပြီး တောင်းပန်မှ တဖြည်းဖြည်း ပြန်ကောင်းလာတယ်ပေါ့ ကွာ။ ငါသိခဲ့တဲ့ အကြောင်းလေးပေါ့။

ကဲကွာ... လက်ဖက်ရည်ဖိုးရှင်းပြီး ဝင်းနိုင်ရဲ့ မီးဖိုကို သွားကြည့်ကြရအောင် ခိုင်ဦးရ... မင်းအိမ်ဟောင်းက ဥရုတိုင်ကိုတော့ မှတ်မိတယ် မဟုတ်လားကွ'

'မှတ်မိပါတယ်ကွာ၊ ကဲ... ဝင်းနိုင် လက်ဖက်ရည်ဖိုးရှင်းလိုက်၊ ပြီးတော့ မင်းတို့အိမ်ကို သွားကြရအောင်'

ဟု ဆိုကာ ဝင်းနိုင်ကို လက်ဖက်ရည်ဖိုး ရှင်းခိုင်းပြီး (၃)ယောက်သား ရွှေဘုံသာ ရပ်ကွက်တွင်းရှိဝင်းနိုင်၏အိမ်သို့ ဆိုင်ကယ် များဖြင့် သွားခဲ့ကြ၏။

ဝင်းနိုင်၏ အိမ်သို့ ရောက်သောအခါ ခိုင်ဦးမှ မီးဖိုဆောင်ရှိ တိုင်များကို လိုက်[illegible] ကြည့်ရှု၏။

'ကိုဦးနဲ့ ဝင်းနိုင်ရေ... ဒီတိုင်ဟာ [illegible] အုန်းချိတ်တဲ့ ဥရုတိုင်ပဲကွ ငါမှတ်မိတယ်'

ဟု ပြော၏။ ထို့နောက် ခိုင်ဦး[illegible] သူ့အိမ်မှ တိုင်တစ်လုံး ထပ်မံ ယူ[illegible] မီးဖိုဆောင်မှ ဥရုတိုင်ကိုလဲလှယ်[illegible]

ထို၏နောက်တွင် ဝင်းနိုင်မှာ [illegible] ဆောင်မှ ပြန်ဖြုတ်လိုက်သော တိုင်[illegible] ဘာမှ မလုပ်ရဲသောကြောင့် [illegible] တစ်ခုဖြင့် ယင်းတိုင်ကို [illegible] ဧရာဝတီမြစ်ထဲသို့ မျှောပစ်လို[illegible] တော့၏။

အိမ်တွင်းနတ်မောင်နှမသည် [illegible] မီးရောင်ကိုကြောက်၏။ အိမ်တွင်[illegible] ပူဇော်ပသလျှင် စောင့်ရှောက်[illegible] များကို အတိအကျ မတွေ့မြင်[illegible] လည်း သူတို့ မကြိုက်[illegible] ပြုလုပ်မိလျှင်တော့ တစ်ခါ[illegible] ဒုက္ခပေးတတ်ကြောင်း ထင်[illegible] လိုက်ရပေသတည်း။

**ဦးစိုး(မတ္တရာ)**



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်မှာ ဖြစ်ရပ်မှန်များပင်ဆိုသော်လည်း တစ်ဆင့်စကားဖြင့် ရေးသားရခြင်းကို မနှစ်သက်မိပါ။ သဘာဝလွန်ဖြစ်ရပ်များဖြစ်၍ လည်းကောင်း၊ လိမ်ညာသူများကြောင့် တစ်ကြောင်း ရေးသားရမည်ကို သတိထားပါသည်။

သက်ရှိထင်ရှား ပြောကြားသူများ၏ စေတနာကို အလေးထားပြီး စာအုပ်အကိုးအကားများ စုဆောင်း၍ရေးသားဝံ့ခြင်းဖြစ်ပါသည်။ သိမီကြုံတွေ့သူများ၏ ကမ္ဘာတည်သရွေ့ မေ့နိုင်စရာမရှိသည့် အဖြစ်အပျက်များကို ရေးသားခြင်းဖြစ်ပါသည်။

ဆရာတော်၏ တပည့်သားသမီးများသည် တန်ဖိုးသိမှ တန်ဖိုးရှိသည်ဆိုသောစကားနှင့်အညီ တန်ဖိုးရှိမှန်းသိလာခဲ့သောအခါတွင် နှမြောတသမှုများကိုသာ ရရှိခဲ့ကြပါသည်။

'လူလေးတို့ လုံမလေးတို့ ဒီပုတီးစိပ်နည်း စိပ်ကြကွယ့်'

ဟု ပြောစဉ်က သူကိုယ်တိုင် ပေါက်ရောက်အောင်မြင်ခဲ့သောနည်းဟု နားမလည်ခဲ့ကြပါ။

ကြည်ညိုသဒ္ဒါပွား သာဓုခေါ်နိုင်ရန် လိုဏ်ဂူအတွင်း တွေ့မြင်ခဲ့သမျှကို ပြောကြားစဉ်အခါကလည်း ဆရာတော်ကြီး၏ကျေးဇူးကို နားမလည်ခဲ့ကြပါ။

**၁၉၉၉ခုနှစ်၊ ဖေဖော်ဝါရီလထုတ် နဂါးတွာရောင်ခြည် မဂ္ဂဇင်းတွင်** ရေးသားထားသော **ဆရာအောင်ဇ (LL.B)၏ အလောင်းတော်ကဿပ သို့ အဓိဋ္ဌာန်ခရီးဆောင်းပါး၊ကို** ဖတ်လိုက်ရမှ ဆရာတော်၏တန်ဖိုးကိုသိရှိခဲ့ကြသူများ ဖြစ်ကြပါသည်။

စာရေးသူ ဆရာအောင်ဇက **၁၃၂၅ ခုနှစ်မှာ ခမုံဆရာတော် ဦးကုသလနဲ့ သံဃာတော်ခြောက်ပါး အစရှိသဖြင့် ရောက်ဖူးကြသူအချို့ရဲ့မှတ်**




# ခမုံဆရာတော်ကြီး၏

အလောင်းတော်ကဿပ လိုဏ်ဂူတော်တွင်း ဖြစ်ရပ်ဆန်းနှင့်

# ပုတီးစိပ်နည်း

ဇော်မင်းခေါင်



**တမ်းရှိသည်။ ဆရာတော်ဟာ လိုဏ်ဂူထဲမှာ (၃)ရက်သီတင်းသုံးခဲ့ကြောင်း သိရသည်**... စသည်ဖြင့် ရေးခဲ့သည်ကို မှတ်သားရပါသည်။

ခမုံဆရာတော်ကြီးနှင့် သိမီကြုံတွေ့သူများ၏ ပြောပြချက်အရမှာလည်း လိုဏ်ဂူအတွင်းရှိ **ရဟန္တာမြတ်၏ ရုပ်သဏ္ဌာန်မှာ နာတံပေါ်၌ အိန္ဒိယနွယ်ဖွားများ၏ ပုံစံရှိပြီး အရပ်တော်အမြင့်မှာ ခြောက်ပေကျော် ရှိနိုင်ကြောင်းနှင့် လက်မောင်းတော်ကို ထိကိုင်ကြည့်သည့်အခါ ဝါဂွမ်းဆိုင်များကဲ့သို့ အိစက်သွားပြီး လေပူဖောင်းများလို မူလအတိုင်း ပြန်ဖြစ်သွားကြောင်း ကြားသိရပါသည်။**

ဘေးအနီးအနားတွင် ဝိဇ္ဇာ၊ ဇော်ဂျီစတဲ့ ပုဂ္ဂိုလ်တွေနေထိုင်ကြသည်။ ရတနာပစ္စည်းတွေ အများအပြားရှိသည်။ ကျောက်ဖယောင်းတိုင်မီးတွေ ထွန်းညှိထားတယ်လို့ ဆိုပါသည်။

ခမုံဆရာတော်က...

'ငါ့ကိုယ်ငါ အတော် အထင်ကြီးခဲ့တာ ငါ့ရှေ့အရင် သီလရှင်နှစ်ပါးရောက်ဖူးတဲ့ မှတ်တမ်း တွေ့ရတယ်'

လို့ ပြောပါသည်။ ခမုံဆရာတော်နှင့် သိမီကြုံတွေ့ခဲ့သော တပည့်တစ်ဦးချင်းစီ၏ ကိုယ်တွေ့ ဖြစ်ရပ်ဆန်း



 စာမျက်နှာ (၂၉၁) သို့

www.burmeseclassic.com

www.burmeseclassic.com

# အရဟံသိဒ္ဓိဂုဏ်တော်ကြောင့်

## ရောဂါဆိုး ပျောက်ကင်းခဲ့ခြင်း ဖြစ်ရပ်ဆန်း



စကြာတောင် သူတော်
(စဥ့်ကူးမြို့နယ်)

မောင်သူတော်မှာ လူချစ်လူခင် အပေါင်းအသင်း သူငယ်ချင်းများ မရှိတဲ့အပြင် သေမယ့်ရက်ကို စောင့်ပြီး ခံစားနေရတဲ့ သွေးကင်ဆာလို့ အမည်ရတဲ့ရောဂါ ရှိပါတယ်။

မောင်သူတော် အသက်(၁၄)နှစ်လောက်က ခံစားခဲ့ရတာပါ။ အဲဒီအချိန်မှာ ကျွန်တော့်နားကပ်တဲ့သူတွေကတော့ သနားကြင်နာတတ်ကြတဲ့ အဘိုးနဲ့အဘွားတွေပါပဲ။

ကျွန်တော့်ကို ကြည့်တဲ့အကြည့်တွေတိုင်း ငယ်ငယ်ရွယ်ရွယ်နဲ့ လူ့ဘဝကနေ အစောကြီး ထွက်ခွာသွားရှာတော့မှာဆိုတဲ့ အကြည့်တွေနဲ့ပါ။

တစ်နေ့တော့ မေကြီးတင်မေက…

'ငါ့မြေး နာခေါင်းသွေးယိုပျောက်တဲ့ ဂါထာရှိတယ် ရွတ်ပါလား'

လို့ ပြောလာတော့…

'ရွတ်မှာပေါ့ မေကြီးရယ်၊ ခုပဲ ကျွန်တော့်ကို သင်ပေးတော့'

လို့ပြောလိုက်တော့ **"အရဟံသိဒ္ဓိ"** လို့ အမြဲမပြတ် သတိရတိုင်း ရွတ်နေမြေးလေးလို့ ပြောပါတယ်။

ကျွန်တော် ဒီနေ့ကစပြီး ရွတ်တော့မယ်လို့ မေကြီးတင်မေကို ကတိပေးလိုက်တယ်။ မေကြီးကလဲ သာဓုသုံးကြိမ်ခေါ်ပြီး မျက်ဝန်းမှ မျက်ရည်လေးတွေ ဝဲလာပါတယ်။

ကျွန်တော်လဲ ထိုနေ့မှစပြီး အရဟံသိဒ္ဓိကို နှုတ်မှမပြတ် တတွတ်တွတ် ရွတ်နေသလို ညအိပ်ရာဝင်ချိန်မှာ သက်စေ့ပုတီး စိပ်ပါတယ်။

နေ့တိုင်း နာခေါင်းသွေးယိုရာမှ ရက်ခြားပဲ သွေးယိုပါတော့တယ်။ သုံး, လေးရက်မှ တစ်ခါလောက်ပဲ နာခေါင်းသွေးယိုပါတော့တယ်။

ကျွန်တော်လဲ အရဟံသိဒ္ဓိ ရွတ်လို့ပဲလို့ သတိထားမိလာပြီး ပိုယုံကြည်လာတော့ အာရုံစူးစိုက်ပြီး ထိထိမိမိ ရွတ်ပါတော့တယ်။ နာခေါင်းသွေးယိုခြင်းက ဆယ်ရက်မှ တစ်ကြိမ်ပဲ ယိုပါတော့တယ်။

အသားအရေတွေလဲ ဖြူဖပ်နေရာမှ ပန်းနုရောင်သန်းလာတော့ ဆရာနှင့် လူကြီးတွေက အသားအရေ ပြောင်းလာပြီး အခြေအနေက ကိုယ့်ဘက်ပါလာတယ်လို့ ပြောစကား ကြားရတော့ ကျွန်တော်လဲ ပျော်တာပေါ့။

မောင်သူတော် အသက်(၁၄)နှစ်မှ (၁၆)နှစ်ထိ ရောဂါဖောက်လိုက်၊ ပျောက်လိုက်နဲ့ပဲပေါ့။ (၁၇)၊ (၁၈)နှစ်မှာတော့ တစ်လ, နှစ်လခြားမှ တစ်ကြိမ်ပဲ သွေးယိုပြီး (၁၉)နှစ်ရောက်တော့ တစ်နှစ်လုံး ရောဂါ မဖောက်တော့ဘူး။

အရဟံသိဒ္ဓိဂုဏ်တော်ရဲ့ အစွမ်းရွတ်ဖတ်ပူဇော်တဲ့ အကျိုးတွေလို့ မောင်သူတော် ယုံကြည်ချက်တွေပိုပြီး အသက်(၂၀)ရောက်တော့ ရဟန်းဘောင် တက်ချင်လာတယ်။

အဖေ,အမေကို ရဟန်းဝတ်ချင်ကြောင်း ပြောတော့ အဖေနဲ့ အမေက…

'ကောက်ကြီးတက်ရင် ပိုက်ဆံရှိလာတော့ ဝတ်ပေးမှာပေါ့ သားရယ်'

လို့ ပြောတယ်။ မောင်သူတော်ရဲ အမေ့လက်ထဲ ငွေအဆင်မပြေမှန်းသိတော့ ဆက်မပြောတော့ပါဘူး။ ကိုယ့်





www.burmeseclassic.com

www.burmeseclassic.com

ကံပါရင် ဝတ်ရလိမ့်မယ်လို့ ကံကို ပုံချပြီး "အရဟံသိဒ္ဓိ" ပုတီးစိပ်ကို အပတ်ရေ မမှတ်တော့ဘဲ စိတ်ကို တည်ငြိမ်အောင် ကြိုးစားပြီး အချိန် အကြာကြီး ကြိုးစားပြီး ပိုစိပ်လာတယ်။

တစ်ညမှာ ပုတီးစိပ်ရင်း အိပ်ပျော်သွားတယ်။ အိပ်မက်ထဲမှာ ဝတ်ဖြူစင်ကြယ်ဝတ်ပြီး အင်္ကျီကြယ်သီး တပ်မထားဘဲ ဗိုက်ဟောင်းလောင်းနဲ့ ပုတီးဖြူကြီး လည်ပင်းမှာ ဆွဲထားတဲ့ ပုဂ္ဂိုလ် တစ်ယောက်ရယ်၊ အသားဖြူဖြူ သွယ်သွယ်ဖြောင့်ဖြောင့် ရဟန်းတော်တစ်ပါးက ကျွန်တော့်ကို ကောင်းကင်ပေါ် ခေါ်သွားတယ်။

ကြယ်တွေ လတွေကြားထဲကနေ ဖောက်ထွက်ပြီး ဟင်းလင်းပြင်ကြီးထဲ ရောက်သွားတယ်။ ကျွန်တော့်ကို မြေပြင်ပေါ် ပြန်ပို့ပြီး ညာလက်ဖဝါးပြင်ပေါ်ကို ဝတ်ဖြူစင်ကြယ်နဲ့ ပုဂ္ဂိုလ်က တံတွေးဆွတ်ပြီး...

'ဒီကနေ့ကစပြီး ကံကောင်းပြီ'

ဆိုပြီး စာရေးပေးခဲ့တယ်။ စာလုံးလေးတွေက ရွှေဝါရောင်လို ဝင်းတောက်နေတယ်။

ကျွန်တော်လဲ အိပ်ရာက နိုးလာတော့ အဟုတ်ထင်မှတ်ပြီး လက်ဖဝါးကို ဓာတ်မီးနဲ့ ထိုးကြည့်မိတယ်။

စိတ်ထဲမှာ (၄၆၂)လို့ မြင်နေတယ်။ ကျွန်တော်လဲ (၄၆၂)လို့ ချဲထိုးလိုက်တော့ ပေါက်လို့ ရဟန်းဝတ် ဖြစ်သွားတယ်။ ရဟန်းခံ ပဉ္စင်းဘောင်ကို တစ်ခါတည်း တက်ဖြစ်သွားတယ်။

အသက်(၂၂)နှစ်ပြည့်တော့ လူဝတ်လဲပြီး ဝတ်ဖြူစင်ကြယ်ဝတ်ပြီး "အရဟံ"ဂုဏ်တော်ကို တစိုက်မတ်မတ် စွဲစွဲမြဲမြဲ အဓိဋ္ဌာန်ဝင် ကျင့်စိပ် ပုတီးစိပ်ခဲ့ပါတယ်။

ယခု (၃၅)နှစ်ထိတိုင် နှာခေါင်းသွေးမယိုတော့ပါဘူး။ မောင်သူတော်လဲ ကျန်းမာဝဖြိုးနေပါတော့တယ်။

ယနေ့ထိတိုင်လဲ လူဝတ်ကြောင်နဲ့ ဘုရားဂုဏ်ကိုးပါး၊ ပဋ္ဌာန်းတော်တွေကို အဓိဋ္ဌာန်ဖြင့် ကျင့်ကြံပွားများ အားထုတ်လျက်ပါ။

ငယ်စဉ်က ရောဂါကြောင့် လူမုန်းများသလောက် ယခုချိန်မှာတော့ အရဟံဂုဏ်တော် ကျင့်စဉ်တော်တွေကြောင့် ဝေဒနာဆိုးလဲ ပျောက်၊ လူမုန်းတွေလဲ ဘယ်ရောက်ကုန်မှန်း မသိတော့ဘဲ ပရိသတ်များ ဝိုင်းဝိုင်းလည်ပြီး ချစ်ခင်သူတွေ ပေါများနေပါတယ်။

ဒါကြောင့် စာဖတ်သူပရိသတ်များလဲ လူချစ်,နတ်ချစ်၊ အများပြည်သူ ချစ်သူခင်သူ ပေါများအောင် ပွားများအားထုတ်နိုင်ကြပါစေလို့ ဆန္ဒပြုလျက်...

**ကြော်တောင် သူတော်**
***(စဉ့်ကူးမြို့နယ်)***

စာမျက်နှာ (၂၈၉)မှ အဆက်

များကို ရေးသားမည်ဆိုလျှင် ကုန်နိုင်မည်မထင်ပါ။ မရေးသားနိုင်ခဲ့သည်ကို တောင်းပန်ပါသည်။

ခမုံဆရာတော်ကြီးပေးသော ပုတီး စိပ်နည်းမှာ **ဗျည်း(၃၃)လုံးကို တစ်လုံးရွတ် ပုတီးတစ်လုံးချ စိပ်**ရပါသည်။ ဤနည်းကို ခမုံဆရာတော်၏ တပည့်ဖြစ်သူ အသက်(၅၀)ကျော် (၆၀)တမ်း ရှိသူတိုင်း သိကြပါသည်။

"က"နှင့်စပါ ပထမပုတီးပတ် (၁၀၈)လုံး ဆုံးလျှင် "ဈ"နှင့်ပိတ်သည်။
"ည"နှင့်စပါ ဒုတိယပုတီးပတ် (၁၀၈)လုံး ဆုံးလျှင် "ဒ"နှင့်ပိတ်သည်။
"ဓ"နှင့်စပါ တတိယပုတီးပတ် (၁၀၈)လုံး ဆုံးလျှင် "ရ"နှင့်ပိတ်သည်။
"လ"နှင့်စပါ စတုတ္ထပုတီးပတ် (၁၀၈)လုံး ဆုံးလျှင် "ဂ"နှင့်ပိတ်သည်။
"ဃ"နှင့်စပါ ပဉ္စမပုတီးပတ် (၁၀၈)လုံး ဆုံးလျှင် "ဋ္ဌ"နှင့်ပိတ်သည်။
"ဍ"နှင့်စပါ ဆဋ္ဌမပုတီးပတ် (၁၀၈)လုံး ဆုံးလျှင် "ပ"နှင့်ပိတ်သည်။
"ဖ"နှင့်စပါ သတ္တမပုတီးပတ် (၁၀၈)လုံး ဆုံးလျှင် "သ"နှင့်ပိတ်သည်။
"ဟ"နှင့်စပါ အဋ္ဌမပုတီးပတ် (၁၀၈)လုံး ဆုံးလျှင် "စ"နှင့်ပိတ်သည်။
"ဆ"နှင့်စပါ နဝမပုတီးပတ် (၁၀၈)လုံး ဆုံးလျှင် "ဏ"နှင့်ပိတ်သည်။
"တ"နှင့်စပါ ဒသမပုတီးပတ် (၁၀၈)လုံး ဆုံးလျှင် "ဘ"နှင့်ပိတ်သည်။
"မ"နှင့်စပါ ဧကာဒသမပုတီးပတ် (၁၀၈)လုံး ဆုံးလျှင် "အ"နှင့်ပိတ်သည်။

(၁၁)မိုးပြီး **ဗျည်းကျင့်စဉ်စိပ်နည်း** ဖြစ်ပါသည်။ (၇)ရက်သားသမီးများ ကုသိုလ်ပွားအကျိုးများစေရန် ဝေမျှလိုက်ပါသည်။

**ဇော်မင်းအောင်**



www.burmeseclassic.com

www.burmeseclassic.com





# သာမညတောင်ဆရာတော် ဖူးမြော်ရန်

## သွားရောက်စဉ်က ထူးခြားဖြစ်ရပ်များ

သွန်းနေနီ

လွန်ခဲ့သည့်နှစ်(၂၀) (၁၉၉၅ ခုနှစ်) ခန့်၊ သာမညတောင် ဆရာတော်ကြီး အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တဝိနယ သက်တော် ထင်ရှားရှိစဉ် က ဖြစ်ပါသည်။ ကျွန်ုပ်မှာ ထိုစဉ်က မွန်ပြည်နယ်၊ မုဒုံမြို့တွင် နိုင်ငံ့ဝန်ထမ်း ဘဝဖြင့် တာဝန်ကျနေချိန်လည်း ဖြစ် ပါသည်။

ရာသီဥတုသာယာသော ပွင့်လင်း ရာသီကာလတွင် မြိတ်မြို့၌ နေထိုင် သော ကျွန်ုပ်၏မိဘနှစ်ပါးနှင့် မောင်ငယ်(၂)ဦးတို့ မိမိထံ အလည် အပတ်ရောက်ရှိလာခဲ့သဖြင့် ရှုံးပိတ်ရက်များတွင် မွန်ပြည်နယ်ရှိ တန်ခိုးကြီး ဘုရားများကို ဘုရားဖူး လိုက်လံ ပို့ဆောင်ပေးရင်း သတင်းမွှေးနေသော ဘားအံမြို့ သာမညဒေသရှိ သာမညတောင်ဆရာတော်ကြီး အား သွားရောက် ဖူးမြော်ပူဇော်ကြရန် စီစဉ်ခဲ့ကြ ပါသည်။

ကျွန်ုပ်မှာ မုဒုံမြို့၌ နေထိုင်လာခဲ့ရာ တွင် မိန်းမသားတစ်ဦးအနေဖြင့် အဖော်မဲ့နေ၍ အသက်(၁၃)နှစ်အရွယ် သီတာဟုခေါ်သော ကလေးမလေး တစ်ယောက်ကို ဒေသခံမိတ်ဆွေများ က လာရောက် ပို့ပေးထားသဖြင့် ကလေးမလေးကို သမီးရင်း၊ တူမရင်း သဖွယ် စောင့်ရှောက်ထားရာ သီတာ လေးကလည်း သိတတ်လိမ္မာသူဖြစ် သဖြင့် ကျွန်ုပ်အတွက် အဆင်ပြေ လျက်ရှိပါသည်။

ထို့ပြင်ရွှေသွေးဟု အမည်ပေးထား သည့် သမင်မွေးရောင် အမွေးအမျှင် များဖြင့် အလွန်လှပပြီး လိမ္မာသော ကြောင်ထီးလေး တစ်ကောင်ကိုလည်း

www.burmeseclassic.com

ချစ်ခင်ယုယစွာ မွေးမြူထားပါသည်။

သာမညတောင်ဆရာတော် ဖူးမြော်ရန် သွားရောက်ကြသူများအားလုံးသည် ခရီးစဉ် အစမှအဆုံးထိ သက်သတ်လွတ် အစားအသောက်များကိုသာ စားသုံးရသည့် အစဉ်အလာရှိသည့်အတွက် ခရီးစတင် ထွက်ခွာမည့်နေ့ နံနက်စောစောစာအတွက် သက်သတ်လွတ်မုန့်ဟင်းခါးချက်၍ စားခဲ့ကြသည်။

နံနက်(၈)နာရီခန့် မိမိရုံးမှ စီစဉ်ပေးသော ဟိုင်းလတ်မော်တော်ကားဖြင့် မထွက်ခွာကြမီ ကြောင်ချစ်တတ်သော ကျွန်ုပ်၏ မောင်အငယ်ဆုံးအောင်အောင်က ကြောင်လေးရွှေသွေးကို သူ့အတွက် သီးသန့်ကင်ထားသော ငါးကင်ဖြင့် ထမင်းကျွေးမွေးပါသည်။

ထို့နောက် အိမ်စောင့်အဖြစ် ကျန်ခဲ့သော သီတာ့အတွက် ရုံးစောင့်ကြီး ဦးညို၏ သမီးလတ်နှင့် အဖော်လာနေပေးရန် စီစဉ်အပ်နှံပေးခဲ့လျက် ကျွန်ုပ်တို့မိသားစုသည် သာမညတောင် ခရီးစဉ်ကို ပျော်ရွှင်စွာ စတင်ခဲ့ပါသည်။

မုဒုံမှ တောက်လျှောက် မောင်းနှင်လာခဲ့ရာ မိနစ်(၂၀)ခန့်အကြာတွင် မော်လမြိုင်ဆိပ်ကမ်းသို့ ရောက်ရှိခဲ့လျှင် တစ်ဖက်ကမ်းဖြစ်သော မုတ္တမဆိပ်ကမ်းသို့ ပဲ့ချိတ်(စက်တပ်သမ္ဗန်) တစ်စီးဖြင့် ကူးခဲ့ပါသည်။

ထိုစဉ် အိပ်မက်တံတားခေါ် သံလွင်မြစ်ကူးတံတားကြီး မရှိသေးပါ။ ဆောင်းရာသီကာလဖြစ်၍ မြစ်ရေမှာ သင်ဖြူးခင်းထားသလို ငြိမ်သက်နေပြီး လေပြည်ကလည်း တဖြူးဖြူး တိုက်ခတ်လျက်ရှိရာ ကျွန်ုပ်တို့မိသားစုမှာ သာယာလှပသော မြစ်တွင်းရှုခင်းများကို စိတ်ချမ်းမြေ့ကြည်နူးစွာ ကြည့်ရှုခံစားရင်း ပဲ့ချိတ်ကလေးမှာလည်း မြစ်လယ်ကို တဖြည်းဖြည်း ရောက်ရှိလာခဲ့ပါသည်။

ထိုစဉ် မမျှော်လင့်သော အဖြစ်အပျက်တစ်ခုကို ကြုံတွေ့လိုက်ရပါသည်။ သမ္ဗန်တွင် တပ်ဆင်ထားသော ယားမားစက်မှ ပုံမှန်မဟုတ်သော အသံများ ထွက်ပေါ်လာပြီးနောက် စက် ရုတ်တရက်ရပ်သွားခြင်း ဖြစ်ပါသည်။

ပဲ့ချိတ်မှာ ရေစီးအတိုင်း တဖြည်းဖြည်း မျောပါသွားရာမှ အနီးတစ်ဝိုက်ရှိ ဝဲကတော့ငယ်များအတွင်းသို့ ရောက်ရှိသွားတော့ရာ ပတ်ဝန်းကျင်တွင်လည်း မည်သည့်ရေယာဉ်မှ မရှိသေးသဖြင့် ပဲ့ချိတ်မှာ မြစ်လယ်တွင် ကယ်သူမဲ့စွာဖြင့် တဝဲလည်လည် ဖြစ်နေပါတော့သည်။

ပဲ့ချိတ်မောင်းသူနှင့် အကူပါလာသူတို့မှာ စက်ကို တစ်ယောက်တစ်လှည့်စီ နှိုးကြည့်လိုက်၊ တတ်သမျှ မှတ်သမျှ ပြင်ကြည့်လိုက်ဖြင့် ယောက်ယက်ခတ်လျက်ရှိပါသည်။ မောင်လေးနှစ်ယောက်ကလည်း အနားတွင် ကူညီပေးရန် အသင့်စောင့်ပေးနေသည်။

မိခင်ဖခင်နှင့် ကျွန်ုပ်တို့ သုံးဦးသားမှာ အခြေအနေအရပ်ရပ်ကို ရင်တမမဖြင့် စောင့်ကြည့်ရင်း အန္တရာယ်ကင်းဂါထာတော်များကို နှုတ်မှ မပြတ်ရွတ်ဖတ်လျက် နတ်မြတ်နတ်ကောင်းများကိုလည်း တိုင်တည် မေတ္တာပို့သနေပါသည်။

စက်ကတော့ ထူးခြားမလာသေးဘဲ ပဲ့ချိတ်ကလေးသာ ဝဲထဲမြုပ်တော့မလို ဖြစ်နေပါသည်။ ထိုအဖြစ်ကိုကြည့်ပြီး မိခင်ကြီးက သာမညတောင် ဆရာတော်ကြီးရှိရာ ရည်မှန်း ကန်တော့ရင်း တိုင်တည် ဆုတောင်းလိုက်ပါသည်။

ကျွန်ုပ်မှာ ဤစာကို ရေးနေရင်း ကြက်သီးမြမြထမိပါသည်။ ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးတော်ကား အလွန်တရာ ကြီးမားထူးခြားလှပေစွ။ ဝဲဂယက်ထဲ တလည်လည်ဖြစ်နေပြီး အန္တရာယ်နှင့် လက်တစ်ကမ်းတွင် ရှိသော ပဲ့ချိတ်ကလေးမှာ ရုတ်တရက် စက်ကို နှိုး၍ရသွားပါသည်။

ထိုအခါမှ ပဲ့ချိတ်ဆရာက သူ့လှေကလေးကို ဝဲကတော့ထဲက တဖြည်းဖြည်း ပြန်မောင်းထွက်လိုက်ပြီး လမ်းကြောင်းပေါ် ပြန်ရောက်ရှိတော့မှ ဆက်လက်ထွက်ခွာခဲ့ရာ အချိန်အနည်းငယ်အကြာတွင် မုတ္တမဆိပ်ကမ်းသို့ ဘေးကင်းစွာ ရောက်ရှိသွားတော့သည်။

ထိုအခါမှ ပဲ့ချိတ်ပေါ်ပါသူအားလုံးတို့မှာ သက်မကိုယ်စီ ချမိကြပါသည်။ ယင်းအဖြစ်အပျက်သည် သာမညတောင်ဆရာတော် ဖူးမြော်ခြင်း ခရီးစဉ်အတွက် ပထမဦးဆုံး ကြုံတွေ့ခဲ့ရသော ဖြစ်ရပ်ဆန်းတစ်ခု ဖြစ်ပါသည်။

ထို့နောက် မုတ္တမကမ်းတွင် အသင့်စောင့်ကြိုနေသော အခြား ဟိုင်းလတ်ကားဖြင့် ခရီးဆက်ခဲ့ကြပါသည်။ ရှေ့ခန်းတွင် မိဘနှစ်ပါးက ထိုင်ပြီး ကျွန်ုပ်နှင့် မောင်ငယ်နှစ်ဦးက ကားနောက်ခန်းတွင် နေရာယူကြပါသည်။

ကားသည် မုတ္တမမှ ပေါင်မြို့ကို ဖြတ်ပြီး ဇင်းကျိုက်ရွာသို့ ဆက်လက်ထွက်ခွာခဲ့ရာ ဇင်းကျိုက်ရွာ အဝင်လမ်းကွေ့တစ်နေရာသို့ ရောက်သော် မမျှော်လင့်သော ဖြစ်ရပ်ဆန်းတစ်ခုကို ထပ်မံ ကြုံတွေ့ခဲ့ရပြန်ပါသည်။

ယင်းမှာ ဘာသာခြားအသုဘတစ်ခု ချလာသည်နှင့် ပက်ပင်းတိုးမိခြင်း ဖြစ်သည်။

ထိုမြင်ကွင်းကြောင့် အထိတ်အလန့်ဖြင့် ကားကို လမ်းဘေးချပေးလိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့မိသားစု၏ စိတ်ထဲတွင်လည်း အမျိုးအမည်မသိသော ခံစားချက်များဖြင့် လေးလံသွားသလို ခံစားလိုက်ရပါသည်။

ကျွန်ုပ်တို့ စီးနင်းလိုက်ပါလာသော ကားသည် ရင်းငြိမ်ကျေးရွာကို ကျော်ပြီး သထုံမြို့ကို ရောက်ရှိခဲ့ပါသည်။ မြို့လယ်ကောင် ကားဂိတ်အနီးရှိ ရွှေစာရံစေတီတော်ကြီးကို ဝင်ရောက်ဖူးမြော်ကန်တော့ကြပြီးနောက် မြိတ်ဇာတိ မိသားတစ်စုတို့ ဖွင့်လှစ်ရောင်းချနေသော သက်သတ်လွတ် မြန်မာထမင်းဆိုင်တွင် နေ့လယ်စာ ထမင်းဟင်းများ ဝင်ရောက် စားသောက်ခဲ့ကြပါသည်။

ပူနွေးမွှေးပျံ့သော ထမင်းဟင်းများကို ဆာဆာနှင့် အားပါးတရ စားသောက်နေကြချိန်တွင် ကျွန်ုပ်၏ ဖခင်ဘယ်ဘက်၌ ချထားပေးသော သောက်ရေဖန်ခွက်မှာ မည်သူမျှ မတို့ရသေးဘဲ သူ့အလိုလို ကြမ်းပြင်ပေါ် မှောက်ကျသွားပြီး ရေတွေ စိုကုန်ပါသည်။

ကျွန်ုပ်တို့မှာ ဆိုင်ရှင်ကိုလည်း အားနာရ၊ ရေစိုအဝတ်ကြောင့် ဖခင်အတွက် စိတ်ကသိအောက် ဖြစ်ရနှင့် ထူးဆန်းသော ယင်းအဖြစ်အပျက်ကို နားမလည်နိုင်သလို ဖြစ်ခဲ့ရပါသည်။

ယင်းသို့ဖြင့် ခရီးဆက်ခဲ့ပြန်ရာ လမ်းခရီးတောက်လျှောက် မည်သည့် အနှောင့်အယှက်မှ မတွေ့ရတော့ဘဲ ဘားအံမြို့နယ်၊ မြိုင်ကလေးကျေးရွာရှိ သာမညတောင်တော်ခြေရင်းသို့ ချောချောမောမော ဆိုက်ရောက်ခဲ့ပါသည်။

သို့သော် မထင်မှတ်ထားသော ဖြစ်ရပ်တစ်ခုက ကျွန်ုပ်တို့ကို ထပ်မံ စောင့်ကြိုနေကြောင်းကိုတော့ မည်သူမျှ မသိလိုက်ကြပါ။

တောင်ခြေရင်းရောက်သော် ဆိုင်တစ်ဆိုင်၏ရှေ့တွင် ဆိုင်ကိုကျောပေး၍ ကားကို စက်မသတ်ဘဲ ဘရိတ်သာ ညှစ်ပြီး ခေတ္တရပ်ထားလိုက်ကာ ယာဉ်မောင်းသူက အခြေအနေစုံစမ်းရန် အနီးနားတစ်ဝိုက်ကို သွားလိုက်ပါသည်။

သထုံမှ ပြန်အထွက်တွင် ဖခင်နှင့် ကျွန်ုပ်မှာ နေရာချင်းလဲထိုင်လိုက်ကြသောကြောင့် ကားရှေ့ခန်းရှိ မိခင်ကြီးနှင့် ကျွန်ုပ်တို့နှစ်ဦးမှာ ကားပေါ်မှ မဆင်းဘဲ ပွယောင်းနေသော ဆံပင်များကို ပြန်လည် ဖီးသင်ရင်း ကျန်နေခဲ့ကာ နောက်ခန်းမှ လူများမှာတော့ ကားပေါ်ကဆင်းပြီး ဟိုဟိုဒီဒီ လျှောက်ကြည့်နေပါသည်။

ထိုစဉ် ကားမှာ အလိုလိုနေရင်း နောက်ဆုတ်သွားခဲ့ရာ ကျွန်ုပ်တို့သားအမိမှာ ထိတ်လန့်တကြား အော်ဟစ်ရင်း ကားပေါ်မှ အချိန်မီ ပြေးဆင်းသွားအပြီးတွင် ကားရပ်ထားရာ ဆိုင်ရှေ့၌ ခင်းကျင်းထားသော ဆရာတော်ဓာတ်ပုံနှင့် သက်န်းပရိက္ခရာများ၊ ယင်းမှတစ်ဆင့် ဆိုင်နောက်ပိုင်းရှိ လူအချို့ဝိုင်းဖွဲ့ စားသောက်နေဆဲ ထမင်းဝိုင်းကြီးတစ်ဝိုင်းကိုပါ တဖြည်းဖြည်း တိုက်ချသွားခဲ့သည်။

ထိုစဉ် လူအများ ရုတ်ရုတ်သဲသဲဖြစ်သွားပြီး ကားက အနောက်ဘက်ရှိ ချောင်းငယ်တစ်ခုထဲ မရောက်ခင် ပစ္စည်းများတင်ထားသော စားပွဲကြီးတစ်လုံးနှင့်အထိတွင် စက်အလိုလို ရပ်သွားပါတော့သည်။

ထမင်းဝိုင်းမှ လူများမှာ ကျွန်ုပ်တို့၏ အော်သံကြောင့် ကားကြီးနောက်ပြန်ဆင်းလာသည်ကို သတိပြုမိလိုက်ကတည်းက အသီးသီးနေရာမှ ထရှောင်လိုက်ကြ၍ လူသူအထိအခိုက်မရှိသော်လည်း ပျက်စီးသွားသော ပစ္စည်းများအတွက် ဆိုင်ရှင်ကို အနူးအညွတ် တောင်းပန်ပြီး ပေးလျော်လိုက်ရပါသည်။

အဆိုပါ အဖြစ်အပျက်ကြောင့် ကျွန်ုပ်တို့မှာ ပုထုဇဉ်များပီပီ အလွန်တရာ ထိတ်လန့် တုန်လှုပ်သွားရပါသည်။

ခရီးစဉ်အစမှ သာမညတောင်ခြေရင်းအထိ ဖြစ်ပျက်ကြုံတွေ့ခဲ့ရသည့် ထိတ်လန့်စရာ ဖြစ်ရပ်ဆန်းများကြောင့် အားငယ်စိတ်များ အသီးသီး ခံစားဖြစ်ပေါ်ခဲ့ရသော်လည်း ကျွန်ုပ်တို့မိသားစုမှာ ရတနာသုံးပါးကို မတုန်မလှုပ် ယုံကြည်သက်ဝင်သူများ ဖြစ်ကြပါသည်။

သို့ဖြစ်၍ ဘာအန္တရာယ်ပဲ ကြုံရကြုံရ မူလရည်ရွယ်ရင်းဖြစ်သော

www.burmeseclassic.com

သာမညတောင်ဆရာတော်ကို ဖူးတွေ့ရန်ကိစ္စအတွက် ထက်သန်သော သဒ္ဓါစိတ်ကို မပျက်ယွင်းစေခဲ့ဘဲ အားခဲ၍ တောင်ပေါ်သို့ ကားဖြင့်ပင် ဆက်လက်တက်ရောက်ခဲ့ကြရာ ညနေ(၃)နာရီခန့်တွင် ကျောင်းတော်ဓမ္မာရုံသို့ ရောက်ရှိလျက် တစ်ညတာ တည်းခိုရန် နေရာတစ်ခုကို ရရှိခဲ့ကြပါသည်။

မကြာမီ ဘုရားဖူးပရိသတ်ကြီး၏ အဖူးမြော်ကို ခံယူရန် ဓမ္မာရုံအတွင်းရှိ ဓမ္မပလ္လင်တော်သို့ ကြွရောက်လာသော ဆရာတော်ကြီးအား ဓမ္မာရုံပြည့်လျှံလုနီးပါးရှိနေသော ကျန်ပရိသတ်များနှင့်အတူ ဝပ်တွားပူဇော်ကန်တော့ပြီး နဝကမ္မအလှူတော်ငွေများနှင့်တကွ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဝမ်းမြောက်ဝမ်းသာစွာ ကပ်လှူပူဇော်ခဲ့ပါသည်။

ဆရာတော်ကြီးမှ သာဓုအနုမောဒနာခေါ်ဆိုပြီး ပရိသတ်ကြီးအား ပဋိသန္ထာရစကားဖြင့် နှုတ်ခွန်းဆက်တော်မူခဲ့ပါသည်။

သာမညဒေသသို့ ရောက်ရှိလာသည့်အခိုက်တွင် (၂)ည၊ (၃)ည နားနေ၍ ထမင်းစားဆောင်တွင် တည်ခင်းထားသော စတုဒိသာ သက်သတ်လွတ်ထမင်းဟင်းများကိုလည်း အားပါးတရစားသုံးပြီးမှ ပြန်ကြရန်လည်း အထပ်ထပ် မိန့်မှာတော်မူပါသည်။

ကျွန်ုပ်တို့မိသားစုသည် ခေတ္တအနားယူကြပြီး ညနေစောင်း၍ ရေမိုးချိုးအဝတ်အစားလဲပြီးသော် စတုဒိသာထမင်းစားဆောင်များကို သွားရောက်ကြည့်ရှုလေ့လာခဲ့ကြပါသည်။

အဆင်းအနံ့နှင့် ပြည့်စုံသောအသက်သတ်လွတ် ထမင်းဟင်းများကို ဖွယ်ဖွယ်ရာရာ စီမံချက်ပြုတ်နေသော ဒကာ၊ဒကာမများက ကျွန်ုပ်တို့ကို ထမင်းဟင်းများ လာရောက်သုံးဆောင်ကြပါရန် ဖော်ရွေစွာ လိုက်လိုက်လှဲလှဲ ခေါ်ငင်နေကြသဖြင့် ကျွန်ုပ်တို့မိသားစုလည်း အခြားဘုရားဖူးများနည်းတူ ဆရာတော် လှူဒါန်းသောထမင်းဟင်း ပူပူနွေးနွေးကို ဝင်ရောက်စားသုံးခဲ့ကြပါသည်။

ထမင်းဝိုင်းတွင် အနည်းဆုံး ငါးပိသို့မဟုတ် ငါးခြောက်တစ်ခုခုပါမှ ထမင်းစားမြိန်တတ်သော အောက်ပြည်အောက်ရွာကလာသူ ကျွန်ုပ်တို့မိသားစုမှာ ဆန်ကြမ်းထမင်း ပူပူနွေးနွေး၊ သီးစုံပဲဟင်း၊ အသီးအရွက်ကြော်၊ ပဲငါးပိကိုထောင်းကာ ကျိုချက်ပြီးငရုတ်သီးမှုန့် ခတ်ထားသော ငါးပိရည်၊ မျှစ်ပြုတ်နှင့် အတို့အမြုပ်မျိုးစုံတို့ကို မထင်မှတ်ဘဲ နှစ်သက်မြိန်ရှက်စွာ အားပါးတရ စားသုံးခဲ့ကြရသည်ကို ဒီတစ်သက် မေ့နိုင်မည်မဟုတ်ပါ။

လာသမျှ ရဟန်း၊ ရှင်၊ လူပရိသတ်တို့ကို သက်သတ်လွတ် စတုဒိသာထမင်းဟင်းဖြင့် အချိန်မရွေး လှူဒါန်းဒါနပြုသော ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးတော်ကိုလည်း သတိရတိုင်းအကြိမ်ကြိမ် ဦးခိုက်မိပါသည်။

ညဦးပိုင်းတွင် ဆရာတော်ကြီးဟောကြားတော်မူသော နိဗ္ဗာန်ရောက်ကြောင်း တရားတော်များနှင့် ဝိပဿနာအလုပ်ပေးတရားများကို ပရိသတ်ကြီးနှင့်အတူ ရိုသေစွာ နာယူကြပါသည်။

ညချမ်းရောက်သောအခါ မြစေတီဘုရားကို ဖူးမြော်ကြပါသည်။ ဆောင်းလေတသုန်သုန်တွင် စေတီတော်မှဆည်းလည်းသံ တချွင်ချွင်နှင့် အေးချမ်းသိတ်ငြိမ်သော ဘုရားရိပ် တရားရိပ်ကို ခိုလှုံရင်း ကြုံလာခဲ့သမျှ ဒုက္ခသုက္ခများ အားလုံးကို မေ့ပျောက်လျက်စိတ်နှလုံးချမ်း မြေ့အေးမြခဲ့ကြပါသည်။

ထို့နောက် ဘုရားဖူးလာ ပရိသတ်အတွက် စီစဉ်ပေးသော ခေါင်းအုံးနှင့်စောင်များကို ယူကာ တိုးခွေ့အိပ်စက်ကြရင်း သာမညဒေသ၏ ချမ်းအေးမှုဒဏ်ကို ကြံ့ကြံ့ခံခဲ့ကြပါသည်။

အရုဏ်တက် ကုလားတက်ခေါက်သံကြားလျှင် အားလုံး အိပ်ရာမှထပြီးမျက်နှာသစ်၊ အဝတ်အစားများလဲကာဓမ္မာရုံကြီးကို သွားရောက်ကြပါသည်။

ဆရာတော်ကြီးကြွရောက် ချီးမြှင့်တော်မူသော ငါးပါးသီလကို ခံယူကာတရားဓမ္မများကို အချိန်တော်တော်ကြာ နာကြားခဲ့ကြပြီး တောင်ပေါ်မှပြန်ဆင်းကြမည့် ဘုရားဖူးများကို ပို့သသော ဆရာတော်၏ မေတ္တာတော်ကိုကြည်နူးစွာ ခံယူကြလျက် လိုအပ်သောဆုကို တောင်းခဲ့ကြပါသည်။

မေတ္တာပို့သခြင်း၊ အမျှအတန်းဝေခြင်းတို့ဖြင့် တရားပွဲကို အဆုံးသတ်ပြီးသောအခါ မိုးစင်စင်လင်းပြီ ဖြစ်ပါသည်။ ကျွန်ုပ်တို့မိသားစုလည်း ဆရာတော်ကြီးအား ရှိခိုးဦးတင်ပြီး ပြန်လည်ထွက်ခွာရန် ပြင်ကြရပါသည်။

အပြန်ခရီးတွင်တော့ ကျွန်ုပ်တစ်ဦးတည်းသာ ကားရှေ့ခန်းတွင် လိုက်ပါခဲ့ရစဉ် မတ်စောက်သော တောင်အဆင်းလမ်းကြောင်း၌ ကားမှာ သာမန်နှုန်းထက် ပိုမိုနှေးကွေးနေသည်ကို တွေ့ရပါသည်။

နောက်က လိုက်ပါလာသော ကားနှင့် ဆိုင်ကယ်များစွာ ကျော်တက်သွားပြီး အသိအကျွမ်း ကားသမားတချို့ကကားဆရာအား နောက်ပြောင် ကျီစယ်ခြင်းကို တကြိမ်မက ခံရပြီးသော်ကျွန်ုပ်မှာ ငြိမ်မနေတတ်တော့ဘဲ...

'ဦးမျိုး... ဒီကားက နှေးလှချည်လား၊ နောက်ကားတွေ ကျော်တက်ကုန်ကြပြီ၊ ဦးမျိုး နေမကောင်းဖြစ်နေ

www.burmeseclassic.com

လို့လားဟင်'

'ဟင့်အင်း ကျွန်တော် နေကောင်းပါတယ်၊ ဆရာမတို့ ကြောက်မှာစိုးလို့ မပြောပြခဲ့ ကျွန်တော် မြှုပ်ထားတာပါ။ တကယ်တော့ ဒီကားက တောင်အတက်မှာကတည်းက ဘရိတ်ကြိုးပြတ်သွားတာ တောင်ပေါ်ဆို တော့ ကားဝပ်ရှော့လဲ မရှိတော့ အခု အဆင်းမှာ ကျွန်တော် မနည်းကို ထိန်းပြီး ဖြည်းဖြည်းချင်း ချော့မောင်းနေရတာပါ ခင်ဗျား'

'ဟင်... အမလေး... ဘုရား... ဘုရား'

ကျွန်ုပ်မှာ ကားဆရာဦးမျိုး ပြောပြ တော့မှ မတ်စောက်သော ချောက်ကမ်းပါးများကို မရဲတရဲ လှမ်းကြည့်ပြီး ထိတ်လန့်ခြင်းမက ထိတ်လန့်စွာ ဘုရားတရင်း အသက်ကို အောင့်ထားလိုက်မိပါသည်။ ဒီအဖြစ်ကို ရိပ်မိဟန်တူသော ဦးမျိုးက...

'စိတ်မပူပါနဲ့တော့ ဆရာမ... ခုပဲ တောင်ခြေရင်း ပြန်ရောက်တော့မှာပါ ခင်ဗျာ။ ဟော... ရှေ့နားက ကားဝပ်ရှော့မှာ ဘရိတ်ကြိုး ဝင်လဲလိုက်ရင် အဆင်ပြေသွားပါပြီ'

ပြောရင်းဆိုရင်း ကားကို ဝပ်ရှော့ရှေ့တွင် အသာထိုးရပ်လိုက်ပြီး လိုအပ်သည်များ ပြင်ဆင်လုပ်ကိုင်နေစဉ် ကျွန်ုပ်တို့မိသားစုလည်း နံနက်စာ သက်သတ်လွတ် ထမင်းကြော်နှင့် လက်ဖက်ရည်များ သုံးဆောင်ကြသည်။

ထို့ပြင် ကားဆရာကိုလည်း နံနက်စာ ကျွေးမွေးပြီး ပြန်လည်ထွက်ခွာလာခဲ့ရာ နေထိုင်ရာ မုံရွာမြို့သို့ ညနေပိုင်းတွင် ချောချောမောမော ပြန်လည်ရောက်ရှိသွားခဲ့ကြတော့မှ သက်မ ကိုယ်စီချရင်း ရယ်နိုင်ပြုံးနိုင်ကြပါတော့သည်။



ရုံးဖွင့်ရက်ဖြစ်သဖြင့် ကျွန်ုပ်တို့အပြန်ကို သီတာနှင့်အတူ နေအိမ်တွင် လာရောက် စောင့်ကြိုနေကြသော တပည့်လက်သားဝန်ထမ်းများကို နှုတ်ဆက်ရင်း၊ အိမ်အပြန်လက်ဆောင်များ ဝေငှပေးရင်း လမ်းခရီးတွင် ကြုံခဲ့ရသမျှ အဖြစ်အပျက်များကို စကားစပ် ပြောဆိုရင်းဖြင့် အိမ်တွင် လူများ စည်ကားလျက်ရှိပါသည်။

သက်သတ်လွတ်စားရခြင်းကို မယုံကြည်မိ၍ အန္တရာယ်အမျိုးမျိုး ကြုံတွေ့ရသူများအကြောင်းကိုလည်း တစ်ယောက်တစ်မျိုး ပြောဆိုနေကြပါသည်။

စကားဆုံးလျှင် စာရေးမကြီး ဒေါ်ရှုကြင်က ခရီးစဉ်တွင် မိသားစုထဲတွင် သို့မဟုတ် ကားသမားက အမှတ်တမဲ့များ အသက်မလွတ်သည်ကို စားသွားမိသလားဟု မေးမြန်းလိုက်သည်ကို ပစ္စည်းကူသိမ်းပေးနေသော သီတာက ကြားလိုက်ရလျှင်...

'ဟယ်... အဲဒီမနက်က ရွှေသွေးကို ထမင်းကျွေးရင်း ကိုကိုအောင် ငါးကင်နည်းနည်း ဖဲ့စားလိုက်တာ သမီးတွေ့လိုက်တယ်အန်တီ'

'ဟင်... ဟုတ်လားအောင်အောင် နင် ငါးကင်စားလိုက်မိတယ်ဆို မှန်မှန် ပြောစမ်း'

ဟု ကျွန်ုပ်က မောင်ငယ်ကို မာန်ရင်း မေးလိုက်တော့...

'ဗျာ... ဩော် ဟုတ်ကဲ့ မမ... အောင် ရွှေသွေးကို ထမင်းနယ်ပြီး ကျွေးနေရင်းက ငါးကင်နံ့လေးက မွှေးနေတော့ အမှတ်တမဲ့ ဖဲ့စားလိုက်မိတယ် နည်းနည်းလေးတည်းပါ မမရယ်'

ဟု ပြန်ဖြေလိုက်လျှင် မိခင်ကြီးမှာ ရင်ကိုလက်နဲ့ ဖိလျက်က...

'ဩော်... လက်စသတ်တော့ ဒီအဖြစ်အပျက်တွေရဲ့ တရားခံက သားငယ်ကိုး။ ဒါကြောင့် မေမေလဲ နားမလည်နိုင်အောင်ဖြစ်နေတာ။ ငါတို့တွေဟာ မှန်မြတ်တဲ့ သဒ္ဒါတရားနဲ့ သွားတဲ့ ဒီခရီးမှာ ဘာကြောင့်ဒီလို အန္တရာယ် အနှောင့်အယှက်တွေနဲ့ ကြုံခဲ့ရတာလဲလို့၊ ဘုရား...ဘုရား ကံကြီးပေလို့ပါလား'

တကယ်တော့လည်း ရတနာသုံးပါးနှင့် သာမညတောင်ဆရာတော်ကြီး အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိနယတို့၏ ဂုဏ်ကျေးဇူးတော် မဟာကရုဏာတော် တို့ကြောင့်သာ ဒေသဆိုင်ရာ ထုံးတမ်းစဉ်လာကို ဖောက်ဖျက်ခဲ့မိသော ကျွန်ုပ်တို့မိသားစု အဖို့ ဘေးကင်းရောက်ခဲ့သော်လည်း အသက်မပျောက်ဖြစ်ခဲ့ကြရခြင်း ဖြစ်ပါသည်။

ဤဖြစ်ရပ်များမှာ သာမညတောင်ဆရာတော် ဖူးမြော်ခြင်း ခရီးစဉ်အတွက် ထူးခြားဆန်းပြားသော ကိုယ်တွေ့ဖြစ်ရပ်များသာ ဖြစ်ပါတော့သတည်း။

**သဗ္ဗေသတ္တာ အဝေရာဟောတု**

**မေတ္တာသစ္စာရည်လျက်...**

**သွန်းနေခြည်**



www.burmeseclassic.com

www.burmeseclassic.com

# မိကျောင်းစောင့်တဲ့ စေတီတော်

ဓာမိသွင်
(ရန်ကုန်)



ကိုဟန်ထွန်းတစ်ယောက် မြန်မာနိုင်ငံအနှံ့ ခရီးထွက်ခဲ့ဖူးသည်။ ကိုဟန်ထွန်း အဖေက အစိုးရဝန်ထမ်းဖြစ်၍ နယ်ပြောင်းရသည့်အခါ ငယ်စဉ်ကတည်းက ထားဝယ်ဘက်၊ မြိတ်ဘက်သို့ ရောက်ရှိဖူးပါသည်။

ကိုဟန်ထွန်း ဘွဲ့ရပြီး အစိုးရအလုပ်ဝင်မလုပ်ဘဲ ဘကြီး၏ ကန်ထရိုက်လုပ်ငန်းကို ဦးစီးလုပ်ကိုင်ရ၍ နယ်စုံ၊ မြို့စုံအောင် ရောက်ဖူးခဲ့ရသည်။ ရောက်ရှိသည့်မြို့တိုင်း၏ ဘုရားများကို သွားရောက်ဖူးခဲ့သည်။

ကိုဟန်ထွန်းတို့ ပျဉ်းမနားအနီးက သတ္တုစက်ရုံတွင် အဖေရော အမေပါ အလုပ် လုပ်ခဲ့စဉ်က ထိုအနီးအနားက ဘုရားများကို မရောက်ခဲ့ကြပါ။ ထိုအလုပ်တွင်ပင် ကြာရှည်စွာ လုပ်ရမည်ဟု ထင်ခဲ့သော်လည်း နယ်ထပ်ပြောင်းခဲ့ရ၍ အမေက အမြဲ ပြောတတ်သည်။

'ရောက်လေရာအရပ်မှာ အဲဒီမြို့မှာရှိတဲ့ ဘုရားစေတီ ဘုန်းတော်ကြီးကျောင်းကအစ ရောက်အောင် သွားဖူးရမယ်။ နောက်မှ သွားမယ်၊ ဒီမှာပဲ အမြဲ အလုပ် လုပ်ရမှာပဲလို့ စိတ်ထဲမထားနဲ့။

ဝန်ထမ်းဆိုတာ ဘယ်နေရာမှာမှ အတည်တကျ နေရမယ်လို့ မတွေးနဲ့ အပြောင်းအရွှေ့လုပ်ရပြီဆို ကိုယ်နေခဲ့ရတဲ့နေရာကို နောက်ထပ် ပြန်အလည်သွားဖို့တို့၊ ပြန်ရောက်ဖို့တို့ ဆိုတာ မလွယ်ဘူးလေ။

ပြန်သွားလည်မယ်၊ ဘုရားဖူးသွားမယ် စိတ်ကူးပေမယ့် ငွေရေးကြေးရေး အခက်အခဲက ရှိသေးတယ်။ လက်ရှိရောက်နေတဲ့ အချိန်က ကိုယ့်အချိန်ပဲ၊ ကိုယ့်ရရှိနေတဲ့ အချိန်ကို တန်ဖိုးရှိရှိနဲ့ အသုံးချရမယ်။ ကိုယ်တာဝန်ကျတဲ့နေရာက ဘုရားတွေကို အချိန်ရတုန်း လိုက်ဖူးတော့ လမ်းစရိတ် အထွေးကုန်





www.burmeseclassic.com

www.burmeseclassic.com

တော့ဘူးပေါ့'

ကိုဟန်ထွန်းကလည်း ဒေသန္တရ ဗဟုသုတ ရလို၍လည်းကောင်း၊ ကိုယ်ရောက်ရှိသည့် နယ်ပေါင်းစုံက ဘုရားများကို ဖူး,ဖူးချင်၍လည်းကောင်း အလုပ်နားရက်များတွင် ဆိုက်ထဲမှ ကားနှင့် တပည့်များကိုပါ တင်ခေါ်ကာ ဘုရားဖူးထွက်ကြသည်။

အခု ကိုဟန်ထွန်းတို့ ရောက်နေသည့်နေရာက ဧရာဝတီမြစ်ကမ်းဘေး တစ်နေရာ ဖြစ်သည်။ ဆောင်းတွင်းကာလဖြစ်၍ ရာသီဥတုကလည်း ခြောက်သွေ့သည်။ နံနက်ခင်း စောစောထကာ မြစ်ကမ်းနံဘေးတွင် ရှိသော ဘုရားများကို ဖူးရန် ထွက်လာခဲ့ကြသည်။

တချို့ ဘုရားများက နာဂစ်တိုက်ခတ်ခံရစဉ်က လေပြင်းဒဏ်ကို ခံထားရ၍ လည်းကောင်း၊ တချို့ ဘုရားများကတော့ နှစ်ပေါင်း ကြာမြင့်ပြီဖြစ်၍ စေတီအပြိုအပျက်များ အဖြစ်လည်းကောင်း၊ ဘုရားငုတ်တိုများ အဖြစ် လည်းကောင်း တွေ့မြင်ရပါ၏။

ဆောင်းတွင်းကာလဖြစ်၍ ဧရာဝတီမြစ်ကြီးက လေတိုက်၍ လှိုင်းကြက်ခွပ်ကလေးများ ဖြစ်သည်ကလွဲ၍ သင်ဖြူးခင်းထားသလို ငြိမ်သက်နေပါသည်။

ကိုဟန်ထွန်းတို့ ရောက်နေသော ဘုရားက **ဧရာဝတီမြစ်ကြီးနှင့် ဝါးသုံးပြန်လောက်သာ ဝေးတော့သည်။ ဘုရားကလည်း တစ်ဝက်တစ်ပျက်သာ ရှိတော့သည်။**

ဘုရားနှစ်ဆူတွင် အတွင်းဘက်ကျသော ဘုရားကို ထီးတော်မှလွဲ၍ အပြည့်အစုံ ဖူးတွေ့ရပါသည်။ ဇရပ်ဟောင်းတစ်ခုကို တွေ့၍ ဝင်ကြည့်ရာ ထိုဇရပ်တွင် လူတစ်ယောက် ရှိနေသည်ကို တွေ့၍ ဝမ်းသာသွားရသည်။



ရောက်သည့် နေရာတိုင်းတွင် ဘုရားသမိုင်းများကို သိလို၍ မြို့ခံလူများနှင့် တွေ့ဆုံချင်မိခဲ့သည်။ တိုက်တိုက်ဆိုင်ဆိုင် လူမနီးသည့် ဘုရားဇရပ်တွင် လူရှိနေသည်ကို တွေ့ရ၍ သိလိုသည်များကို အသိဖွဲ့ကာ မေးမိသည်။

'အဘက အခု အသက် ခုနစ်ဆယ်ကျော်ပြီကွယ့်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ခြောက်ဆယ်ကျော်တုန်းက ဒီနေရာတွေမှာ လူအနည်းအပါး နေခဲ့ကြတယ်။ အိမ်လေးမှ နှစ်ဆယ်ကျော် လောက်ပေါ့။ သစ်တွေ၊ ဝါးတွေကလဲ ပေါတော့ အိမ်အများစုက သစ်တွေ၊ ဝါးတွေနဲ့ ဆောက်ထားကြပြီး လုပ်ကြတဲ့ အလုပ်ကတော့ သီးနှံစိုက်ပျိုးတာတို့၊ တောင်ယာလုပ်တာတို့ပေါ့။ တံငါလုပ်တဲ့သူက နည်းပါတယ်။

ဘုရားတွေက အဲဒီကတည်းက ရှိနေခဲ့တာ၊ အဘတို့ ဘိုးဘွားတွေ လက်ထက်ကတည်းက ရှိခဲ့တဲ့ဘုရားတွေပဲ။ ဘုရားနှစ်ဆူကြားက ဒီဇရပ်မှာ ဦးပဉ္စင်းတစ်ပါး သီတင်းသုံးဖူးတယ်။

တခြားရွာတွေနဲ့ကလဲ တစ်မိုင်ကျော်လောက်ပဲ ဝေးတော့ ရွာတွေကို အလှည့်နဲ့ ဆွမ်းခံကြွတာပါပဲ။ တို့တွေငယ်စဉ်ကတော့ ဒီနေရာလာပြီး ငှက်ပစ်လိုက်၊ ငါးလာဖမ်းလိုက် လုပ်ကြတာ။ ငှက်ပစ်တာ များပါတယ်။

ငါးဖမ်းဖို့ရာ မြစ်ဆိပ်ရောက်အောင် ဆင်းရဖို့က အဝေးကြီး လျှောက်ရဦးမှာ၊ နှစ်ပေါင်းကြာတော့လဲ မြစ်ကမ်းပါးတွေ ပြိုကျတာနဲ့ ရေကြောင်းပြောင်းတာနဲ့ ရေတိုက်စားပြီး မြစ်နဲ့ကမ်းနဲ့ နီးလာတာပေါ့'

'ဟုတ်တယ်နော်၊ အခုတော့ မြစ်နဲ့ နီးနီးလေးပဲ၊ အဘက ရွာထဲမှာမနေဘဲ ဒီဇရပ်ဟောင်းမှာ နေတာလား'

'အဘအိမ်က ရွာထဲမှာရှိပါတယ်။ သားသမီးမြေးတွေလဲ ရှိတယ်။ နေ့လယ်ဆို ဒီမှာနေရတာ အေးချမ်းလို့၊ ညနေဆို ကိုယ့်အိမ် ကိုယ်ပြန်တာပေါ့။


အဘတို့ငယ်စဉ်က ဒီနားက ရွာမှာ နေတာ။ နောက်တော့လဲ ရောဂါတွေ ဖြစ်ကြတာနဲ့ လူတွေက ကိုယ့်အိမ်ကို ပစ်ပြေးရတော့ နဂိုကမှ အိမ်ခြေနည်းတဲ့ ရွာလေးက ရွာပျက်ဖြစ်သွားတာပေါ့။ အစက ဒီဘုရားတွေကလဲ မပြိုပျက်သေးဘူး'

ဘုရားဖူးရာကနေ ဘုရားအုတ်လှေကားထစ်အဆုံး ခြေတော်ရင်းတွင် လှေကားတစ်ဖက်တွင် မိကျောင်းရုပ်ကြီး တစ်ကောင်ကို တွေ့ရှိရလေသည်။

မိကျောင်းကြီးက တကယ့်အရွယ်ရောက် မိကျောင်းကြီးများ အရွယ်အစားအတိုင်း ဖြစ်သည်။ ဘုရားဘက်မှနေ၍ ဧရာဝတီမြစ်ကမ်းဘက်သို့ ဆင်းသွားတော့မလို ပုံမျိုးနှင့်။ နှစ်ပေါင်းကြာ၍ မိကျောင်းကြီး၏ ခန္ဓာကိုယ်ပေါ်တွင် သစ်ရွက်ခြောက်တို့၊ ချေးညှိတို့ တင်နေသော်လည်း တကယ့် သက်ရှိ မိကျောင်းအတိုင်းလိုပါပဲ။ ထုလုပ်သူက လက်ရာ ချောက်လှသည်။

ဘုရားတွေမှာ မိကျောင်းရုပ်တွေ ထုလုပ်ထားတာ တွေ့ရတတ်သည့် ဖင်းကျိုက် ရေတံခွန်ရောက်တ[illegible] ဘုရားပေါ်တက်သည့်အခါ ဘုရား[illegible]

www.burmeseclassic.com



မရောက်ခင် ရေတံခွန်နှင့် လမ်းခွဲနေရာမှာ မိကျောင်းရုပ်ကို တွေ့ခဲ့သည်။ ထိုမိကျောင်းရုပ်ကလည်း တကယ်တူသည်။

ဘုရားတွေမှာ ခြင်္သေ့ရုပ်တို့၊ ဘီလူးရုပ်တို့ ထုလုပ်ထားသည့် အကြောင်းတွေကိုတော့ သိခဲ့ပါသည်။ မိကျောင်းရုပ်ကိုတော့ ဘာလို့ ထုလုပ်ထားသည် ဆိုတာကို သိချင်မိသည်။ ထိုအကြောင်းတွေ ကျွန်တော်တို့ ဆွေးနွေးနေတာကို ကြား၍ အဘက ပြောသည်။

'ဒီမိကျောင်းရုပ်နဲ့ ဘုရားကို ဘယ်သူတွေ တည်ခဲ့တာလဲဆိုတာကို မသိပေမယ့် ရှေးတုန်းကတော့ တောင်ကုန်းတို့ဆို ဘုရားတည်ကြတာပဲ။ တောထဲလာပြီး ဘုရားတည်တာတော့ ရှားပေမယ့် ဘုရားတည်ပြီးမှ ရွာတွေပျက်၊ တောတွေဖြစ်ပြီး ဘုရားက တောထဲရောက်ရတာပေ့ါ။

အဘ ငယ်ငယ်ကတည်းက ဒီဆုတောင်းပြည့်ဘုရားနဲ့ မိကျောင်းရုပ် ရှိခဲ့တာ။ ဘုရားမှာရှိတဲ့ မိကျောင်းရုပ်ရဲ့ ထူးခြားချက်ကိုတော့ အဘသိတယ်၊ သားတို့ကို ပြောပြပါဦးမယ်'

လွန်ခဲ့သော အနှစ်ခြောက်ဆယ်ခန့်က အကြောင်းကို အဘက ထိုသို့ ပြောပြခဲ့ပါသည်။

ဦးကြာပေါ်တို့နေသော ရွာလေးကား အေးအေးချမ်းချမ်းနှင့် ဘဝကို ဖြတ်သန်းလာကြသည်။ အများအားဖြင့် ဆွေမျိုးများ တော်နေကြ၍ ခိုက်ရန်ဖြစ်ပွားကြခြင်း မရှိသလို စည်းလုံးညီညွတ်ကြသည်။ ရွာထဲတွင် ရေတွင်းလေးကလည်း တစ်တွင်းတည်းရှိပြီး အားလုံး ဝိုင်းသုံးကြရသည်။

ကလေးဆိုသည်က ဆော့လွန်းသည်။ ရေတွင်းဘေး ဆော့ရာကနေ ရေတွင်းပေါင်ပေါ်အထိ တက်ဆော့ပြီး ပြုတ်ကျသေခဲ့ရသည်။ နက်လွန်းသည့် ရေတွင်းထဲသို့ ပြုတ်ကျသွားသည်ကို သူငယ်ချင်းများက သိသိချင်း ကယ်ရန် အော်ဟစ်ပြီး အကူအညီတောင်းကြသော်လည်း ကယ်သူ ချက်ချင်း ရောက်မလာနိုင်ပါ။

အိမ်တွင် မိန်းမများနှင့် သက်ကြီးရွယ်အိုများသာ ကျန်ခဲ့ပြီး ယောကျ်ားများက လယ်ထဲ ယာထဲ ဆင်းနေကြသည်။

သူတို့ ရေတွင်းထဲ ငုံ့ကြည့်နေရင်းက သူတို့သူငယ်ချင်းက ရေနစ်မြုပ်ခဲ့သည်။ ရေတွင်းထဲမှ အလောင်းကို ဆယ်နိုင်ခဲ့ကြသော်လည်း လူကျသေခဲ့သော ရေတွင်းမှ သောက်သုံးရေအဖြစ် သုံးရန် အခက်အခဲ ဖြစ်နေကြသည်။

မြစ်ရေကို စက်ဘီးရှိသူများက စက်ဘီးဖြင့် သယ်ကြသည်။ ရေချိုးလည်း တစ်မိုင်ခန့်ဝေးသော မြစ်ကမ်းသို့ အဝေးကြီး သွားချိုးနေကြရ၍ အခက်အခဲရှိသောကြောင့် မြစ်လက်တက်မှ ရေကို ပိုက်ဖြင့်သွယ်ရန် ကြိုးစားခဲ့ကြသည်။

ပိုက်ကို သွယ်လာသည့်အခါ အတိုင်းအထွာပဲ မှားနေလား၊ ရေပိုက်လိုင်းသည် မိကျောင်း၏ ဘေးတည့်တည့်သို့ ရောက်နေခဲ့သည်။

ရှေ့ဆက်တိုးရန်မှာလည်း ဘုရားတောင်ကုန်းနှင့်၊ ကွေ့ပြီး သွယ်လျှင်လည်း မိကျောင်းရုပ်နှင့် မလွတ်၍ အခက်အခဲ တွေ့နေကြသည်။ ရွာလူကြီးမှ မိကျောင်း၏ ဗိုက်ကို ဖောက်ကာ အနောက်ဘက်ကနေ ပိုက်သွယ်ဖို့ အကြံပေးခဲ့သည်။

လူကြီးတစ်ယောက်ကတော့ ရှေးလက်ရာ မိကျောင်းရုပ်ကို မဖျက်ဆီးလို၍ ရေတွင်းကိုပဲ ပြန်ဆယ်လိုသည်။ လူသေ၍ သောက်ရေအဖြစ် မသုံးရလည်း ချိုးရေ သုံးရေအဖြစ် ရရှိလျှင် ရေခပ်ရတာ တစ်ဝက်သက်သာပေမည်။ မြစ်ရေကိုတော့ သောက်ရေအဖြစ်သာ ခပ်ရန် အဆိုပြုခဲ့သည်။

'ဒီလောက် သွယ်လာခဲ့ပြီးမှ လက်လျှော့ရမှာ မလွယ်ပါဘူးကွာ။ ပိုက်ကလဲ ဘာကြီးတာမှတ်လို့ ဒီလိုပဲ လုပ်လိုက်ကြရအောင်။ ဘေးကနေ ပတ်သွယ်ရင်လဲ မိုင်ဝက်လောက်ကနေ ပြန်ဖျက်ရမှာ'

ထိုရွာလူကြီး၏ အမိန့်အတိုင်း မိကျောင်းဝမ်းဗိုက်ကို ထုဖျက်ကြရာ အင်္ဂတေအစများ ပွဲကျသည်က လွဲ၍ ဖျက်၍မရအောင် မာပြီး ခိုင်လှသည်။ မိကျောင်းရုပ်ကို ထုဖျက်နေစဉ်မှာပင် ရွာလူကြီးက ဘုရားကုန်းတော်ပေါ် တက်ကြည့်နေစဉ် တစ်စုံတစ်ယောက်က တွန်းချလိုက်သလို ကုန်းတော်ပေါ်မှနေ၍ ပြုတ်ကျလာခဲ့သည်။

ဘုရားတောင်ကုန်းက သိပ်မမြင့်၊ အုတ်လှေကားထစ် ဆယ်ထစ်ခန့်သာ

www.burmeseclassic.com

မြင့်ပြီး ရှေးအုတ်ပြားကြီးများဖြင့် လှေကားလုပ်ထားခြင်းဖြစ်သည်။ သူ ပြုတ်ကျသည်က တိုက်ရိုက်ပြုတ်ကျ ခဲ့ခြင်း မဟုတ်ဘဲ တစ်လှိမ့်ချင်း ပြုတ် ကျ၍ သိပ်အထိမနာခဲ့ပါ။ ပွန်းပဲ့ ဒဏ်ရာများသာ ရခဲ့၍ ကံကောင်းခဲ့ပါ သည်။

'မိကျောင်းရုပ်ကို မထိနဲ့တော့၊ ငါ ဒုက္ခ ရောက်လိမ့်မယ်။ ညကတည်းက အိပ်မက် တွေ မကောင်းဘူး။ ငါက မိကျောင်းကို ဖိုက်ဖောက်ဖို့ ပြောလို့ မကျေနပ်ကြောင်း မိကျောင်းကြီးက ပြောတယ်။

ဘုရားနားသွားတဲ့အခါမှာ မိကျောင်းကြီး က ရွေ့လျားလာပြီး သူ့ဗိုက်ကို မထိနဲ့။ အရိုမတွေ့ယူပြုတ်စွာဘုရား မပွင့်ခင်အထိ ဘယ်သူမှ ထိလို့မရဘူးလို့ပြောတာ။ ငါ့ဆီ လာတုန်းကတော့ မိကျောင်းကြီးပဲ။ စကား ပြောတော့မှ မင်းညီမင်းသား အဝတ်အစား တွေနဲ့ ယောက်ျားတစ်ယောက်ပုံ ပြောင်းသွား တာ။

သေချာကြည့်လိုက်တော့လဲ မိကျောင်းရုပ် ကြီးပါပဲ။ အဲဒီအိပ်မက်ကို ညကမှ မက်ခဲ့ တာ။ ဒီဘုရားက သိုက်ဘုရားနဲ့တူတယ်။ ဆရာကြီးပြောသလို ရေတွင်းကိုပဲ ပြန်ဆယ် ကြရအောင်ပါ။ ငါလဲ အတိုက်အခံ လုပ်မိလို့ ကံကောင်းလို့ မသေတာ'

ရေတွင်းဆယ်ဖို့ပဲ အာရုံစိုက်ကြပြီး သွယ်လာခဲ့သမျှ ပိုက်တွေကို ပြန် ရောင်းကြရသည်။ ရေတွင်းဆယ်မည့် သူ ငှားကြရသည်။ ရေတွင်းက နွေ ရောက်လျှင် အစကတည်းက ရေခန်း တတ်၍ ရေတွင်းဆယ်ဖို့ ပြင်ဆင်ကြရ သည်။

ဘုရားကိုလည်း သိုက်ရှိသည်။ မိကျောင်းက စကားပြောသည်။ ဘုရား နှင့် ပတ်သက်၍ တစ်ခုခုလုပ်လျှင် မိကျောင်းလိုက်လိမ့်မည်ဟု အမျိုးမျိုး ပြောဆိုကြရာမှ ညနေဆို ဘုရားဘက်၊



ဇရပ်ဘက် လမ်းလျှောက်သွားလာသူ များ နည်းပါးသွားကြသည်။

ဘုရားသို့ လူအသွားအလာ နည်း ပါးသွားသော်လည်း ဘုန်းကြီးတစ်ပါး ကတော့ ဇရပ်ပေါ်တွင်နေကာ တရား အလုပ် လုပ်နေတတ်သည်။ ညနေ မြစ်ဘက်မှ ပြန်လာသူများက ထို ဘုန်းတော်ကြီး တရားထိုင်နေသည်ကို တွေ့နေကြရ၍ ကြည်ညိုကြပါသည်။

နောက်တော့လည်း မိကျောင်းရုပ် နား သွားလျှင် မိကျောင်းကြီးက ပါးစပ် ဖြဲပြသည်တို့ ကြားလာကြရသည်။ ရွာထဲတွင် ဝမ်းရောဂါများ ဖြစ်ပွားလာ ရာမှ လွန်ခဲ့သော နှစ်ပေါင်းများစွာက ဆေးဝါးမပြည့်စုံ ကျန်းမာရေး ဌာနများ သို့လည်း ထိထိရောက်ရောက် အကြောင်းမကြား သွားမကုဘဲ သေကျေကြရသည်။

လူတွေ မနေရဲတော့ဘဲ ရွာမှနေ၍ ပြောင်းရွှေ့ကြရာ လူမနေသည်မှာ နှစ်ပေါင်းများစွာ ကြာတော့လည်း သစ်ဝါးဖြင့် ဆောက်လုပ်ထားသော အိမ်များလည်း ပိုးစားခြတက်နှင့် ပျက်စီးကုန်ရသည်။

အပင်ကြီးများလည်း ပိုမိုရှင်သန်လာ ကြသည်။ ထိုဘုန်းတော်ကြီးကတော့ ရွာသားများ မနေတော့သော်လည်း ထိုဇရပ်လေးတွင် နှစ်ပေါင်းများစွာ နေခဲ့ကာ တစ်မိုင်ကျော်ဝေးသည့်ရွာ များသို့ ဆွမ်းခံကြွတတ်ကြောင်း အဘ က ပြောပြပါသည်။

'အဘက လူမနေဘဲနဲ့ မကြောက် ဘူးလား၊ ဇရပ်ပျက်ကြီးမှာ လာနေ နေတာ'

'အိပ်မက်အရပါကွာ၊ လွန်ခဲ့တဲ့ တစ်နှစ် လောက်ကတည်းက မိကျောင်းရုပ်ကြီးက အိပ်မက်ပေးတာ သူ့ရဲ့ ထိုးရိုက်ခံထားရတဲ့ ဗိုက်နေရာကို ပြန်ပြင်ပေးပါ။ ကြာရင် အုတ်တွေ ပဲ့ကျကုန်တော့မှာလို့ ပြောလို့ ကိုယ်ကလဲ အစကတည်းက အနီးအနား မြို့ပေါ်တက်ပြီး ပန်းရန်ဆရာ လုပ်ခဲ့ဖူးတာ ကြောင့် အကူအညီ တောင်းတာပဲလို့ ထင် တယ်။

နောက်ပြီး အဘက ဖိးပါးသီလလဲ လုံ တယ်လေ။ အရင် ရွာရှိတုန်းက အဘ အသက်က သယ်နှစ်ကျော်ကျော်လောက် ဆိုတော့ အကုန်မှတ်မိပါတယ်။ မိကျောင်း ရုပ်ကြီးကို ပြုပြင်နေတုန်းမှာ ဘယ်သူ့ကိုမှ မပြောပြပါနဲ့ဆိုလို့ ဒီမှာ တရားအလုပ် လာ လုပ်နေတယ်လို့ပဲ သိကြတာ။ ပြင်ရမယ့် ပစ္စည်းတွေကိုတော့ နည်းနည်းချင်း စက်ဘီးနဲ့ သယ်လာရတာပေါ့။

ပြုပြင်ပြီးသွားလဲ နေရာလေးက အေးချမ်း လို့ နေစဉ်လို လာပြီး တရားထိုင် ဘုရား ဝေယျာဝစ္စ လုပ်နေတာ တစ်နှစ်နီးပါး ရှိပြီ ပေါ့။ စေတီပျက်ကြီးကတော့ သူ့ရဲ့ ပစ္စည်း ဆက် ရှိတဲ့လူက အလိုအလျောက် လာပြီး ပြုပြင်ကြမှာလို့ မိကျောင်းမင်းသားက ပြော တာမို့ အဘနဲ့ မဆိုင်ဘူးပေါ့ကွာ'

'မိကျောင်းမင်းသားဆိုတာ ဘယ်သူ လဲ အဘရဲ့။ အဘရဲ့ ငွေနဲ့ပဲ အဘ ပြုပြင်တာပေါ့နော်'

www.burmeseclassic.com

'အဘက အဘကို လာစကား ပြောတဲ့လူ၊ အိပ်မက်ပေးတဲ့လူကို မိကျောင်းကနေ လူအဖြစ် ပြောင်း… ပြောင်းပြလို့ **မိကျောင်းမင်းသားလို့ ခေါ်တာ။** သူက အဘကို ဘုရား ဝေယျာဝစ္စလုပ်ဖို့၊ မိကျောင်းရုပ်ကြီးကို ပြုပြင်ဖို့ ငွေပေးမယ်ပြောတာ။ ငွေဒင်္ဂါး ပြားလေးတွေတော့ ရခဲ့ဖူးပါတယ်။

သူက ဘယ်နေရာမှာ တူးယူပါဆို ရင် ရတာပါပဲ။ နည်းနည်းပါးပါးပေါ့။ တစ်ခါမှ ထီမထိုးဘူးဘဲ မြို့ပေါ်တက် တဲ့ အချိန်တုန်းက ထီထိုးချင်စိတ် ပေါက်လာလို့ များများစားစားလဲ မဟုတ်ပါဘူး၊ သုံးစောင်တွဲလေး ထိုး လာခဲ့တာကနေ ငွေလေးတစ်သိန်း တည်း ပေါက်တာပါ။

အဲဒီငွေလေးရော ဘုရားပြုပြင်တဲ့ အထဲ ထည့်ပြီး သူတို့ကိုလဲ အမျှဝေ ပေးတာပေါ့။ မိကျောင်းရုပ်ကို ပြုပြင် ပြီးလဲ ဒီနေရာ ပတ်ဝန်းကျင်မှာ ငွေဒင်္ဂါး ပြားလေးတွေတော့ ထပ်ရတတ်ပါ တယ်။

အဘလဲ အမှတ်တရအနေနဲ့ သိမ်း ထားတာ။ ရောင်းလဲ မစားဘူး။ ကိုယ် ကျိုးအတွက်လဲ မသုံးဘူး။ အဘ လှူချင်ရင် ကိုယ့်လုပ်အားနဲ့ ရတဲ့ငွေနဲ့ ပဲ အဘ လှူတယ်'

အဘအေးတွင် အုန်းလက်များကို စိတ်ဖြာထားကာ အုန်းတံမြက်စည်း လုပ်လက်စများကို တွေ့ခဲ့ရပါသည်။ အဘ ပြောတာကို နားထောင်ပြီး မိကျောင်းရုပ်ကို သေချာသွားကြည့် တော့ ပါးစပ်ဖြဲလာသယောင် ထင်မိပါ သည်။

တကယ်တော့ မိကျောင်းပါးစပ်က အနည်းငယ်သာ ဟနေပါသည်။ ကိုယ် သွားကြည့်မိတော့ ပိုဟလာသယောင် ထင်မိပါ၏။ လောကမှာ ကိုယ်မသိ



နားမလည်သော အကြောင်းအရာများ လည်း များစွာရှိတတ်ပါသည်။

ရွှေတိဂုံစေတီတော် တောင်ဘက်မုခ် မှ တက်သောလမ်း အလယ်လောက် တွင်လည်း မိကျောင်းရုပ်ကို တွေ့ခဲ့ဖူးပါ သည်။ ထိုမိကျောင်းကတော့ ငမိုးရိပ် မိကျောင်းကို ညွှန်းပြီး ထုထားသည် လား။ ခြင်္သေ့ရုပ်တွေကတော့ ဘုရား စေတီအတော်များများတွင် တွေ့ခဲ့ဖူး သည်။

သီဟိုဠ်ရာဇဝင်တွင် သီဟဗာဟုမင်း ရှိခဲ့ဖူးသည်။ ဝင်္ဂတိုင်းဖွား(ဗင်္ဂလား) မင်းသမီးတစ်ယောက်သည် ခြင်္သေ့နှင့် သင့်မြတ်ကာ သားတစ်ယောက်၊ သမီးတစ်ယောက် ပေါက်ဖွားသည်။

ခြင်္သေ့ကြီးက အစာရှာထွက်တိုင်း လိုဏ်ဂူပေါက်ကို ကျောက်တုံးကြီးဖြင့် ပိတ်ထားခဲ့ရာ သားဖြစ်သူ သီဟဗာဟု (၁၆)နှစ်အရွယ်သို့ ရောက်သောအခါ အကြောင်းစုံသိ၍ ခြင်္သေ့ကြီး အစာ ရှာသွားခိုက် ကျောက်တုံးကြီးကို တွန်း ဖယ်ပြီး မိခင်နှင့် နှမကိုခေါ်၍ ထွက် ပြေးကြသည်။

ခြင်္သေ့ကြီးလည်း သားမယား ပျောက်သွားသဖြင့် တောတောင်အနှံ့ လိုက်လံရှာဖွေရာ ရွာများကိုပင် ဖျက် ဆီး၍ ခြင်္သေ့ကြီးကို နှိမ်နင်းမည့်သူကို မောင်းကြေးနင်းခတ်၍ ကြေညာခဲ့ သည်။ သီဟဗာဟုက ဆုတော်ငွေ သုံးထောင်ကိုယူ၍ ခြင်္သေ့ကြီးကို နှိမ် နင်းရန် တာဝန်ယူခဲ့သည်။

ခြင်္သေ့ကို နှိမ်နင်းလျှင် နိုင်ငံကို အပ်မည်ဟု ဆိုပါသည်။ သီဟဗာဟု သည် ဆိပ်လူးမြားဖြင့် ဖခင် ခြင်္သေ့ ကြီးကို ပစ်ရာ ဖခင်မေတ္တာကြောင့် မြားပစ်၍မရပေ။ သုံးကြိမ်တိုင်တိုင် ပစ်သော်လည်း မြားများ ပြန်လည် လာကာ မိမိခြေရင်း၌သာ ကျကုန် သည်။

ငါ့သားကတောင် ငါ့ကို ရန်မူနေ ပါပကောဆိုကာ ခြင်္သေ့ကြီးက ရုတ် တရက် ဒေါသထွက်ကာ ဟိန်းဟောက် လိုက်မှ သီဟဗာဟုပစ်သော မြားသည် ခြင်္သေ့ကြီး၏ ငယ်ထိပ်ကို စူးဝင်ကာ ထိုနေရာ၌ပင် သေရှာကာ သီဟဗာဟု လည်း မင်းပြုရလေသည်။

ဖအေကို သတ်ခဲ့သည်ကြောင့် ဘုရားများတွင် ခြင်္သေ့ရုပ်များ ထုလုပ် ကာ ကိုးကွယ်ခဲ့သည်ဟု ကြားဖူးခဲ့ပါ သည်။

ထိုအကြောင်းကို ဘယ်သူ့ကိုမှ မပြောပါနှင့်ဟု မိကျောင်းမင်းသားက


စာမျက်နှာ (၃၀၄) သို့

www.burmeseclassic.com

# ကိုယ်တွေ့ကြုံရလို့ ယုံရသည် (၃)

နှင်းပုလဲသူ

**၁၉၈၉ ခုနှစ်၊ ဧပြီလ သင်္ကြန်တွင်** ပုပ္ပါးမယ်တော်ပွဲ၌ အဘကြီးနှင့် တွေ့ရန် စာရေးသူတို့ မိသားစု(၃)ဦး ပုပ္ပါးသို့ ရောက်နေကြပါသည်။

အဘကြီးသည် ပုပ္ပါးတောင်၌ ဗလိနတ်စာဒါနပွဲကို ကိုယ်တိုင် ကျင်းပပြီး ကားကြီး(၃)စီး၊ ကားငယ်(၂)စီးနှင့် အတူလာကြသော တပည့်သားသမီးများအားလုံး၏ သင်္ကြန်ရက်အတွင်း စားစရိတ်ကို တစ်ဦးတည်း အကုန်အကျ ခံဒါနပြုပါသည်။

ထိုနှစ်သင်္ကြန်အတက်နေ့ နေ့လယ် (၁၁း၃၀)နာရီတွင် အဘကြီးမှ စာရေးသူအား...

'ညည်းပိုက်ဆံအိတ် အဘကို လှူမလားလို့ စောင့်နေတာ'

ဟု လှမ်းပြောပါသည်။ ထိုအချိန် မဏ္ဍပ်အတွင်း၌ လူ(၅၀)ခန့် ထိုင်နေကြပါသည်။

စာရေးသူမှ ကိုင်ထားသော ပိုက်ဆံအိတ်ပန်းရောင်၏ အတွင်းမှ ပိုက်ဆံများနှင့် အခြားပစ္စည်းများကို ဖယ်ထုတ်လိုက်ပြီး ထိုပိုက်ဆံအိတ်ကို အဘကြီးအား ရိုသေစွာ ပေးလိုက်ပါသည်။

အဘကြီးမှ ထိုပိုက်ဆံအိတ်ကို အဘကြီးဘိုးမင်းခေါင်အတွက် တင်ထားသော ကန်တော့ပွဲထဲရှိ ငှက်ပျောသီးများကြားတွင် ထောင်ထားလိုက်ပါသည်။

ထိုသို့ ထားပြီးသည်နှင့် တစ်ပြိုင်နက် လက်နှစ်ဖက်လုံးကို အထက်သို့ မြှောက်၍ က,သလို ဘယ်ညာသုံးခါ ဝှေ့ယမ်းလိုက်ရာ ညာဘက်လက်တွင် ဖော်ပြပါ ဓာတ်ပုံမှ ရုပ်ပွားတော်အနက်ရောင် ပါလာပါသည်။ ဉာဏ်တော်အမြင့်(၆း)လက်မ ရှိပါသည်။

ထိုရုပ်ပွားတော်ကို စာရေးသူအား လှမ်းပေးပါသည်။ စာရေးသူလည်း



၁၉၈၉ ခုနှစ် သင်္ကြန်အတက်နေ့ နံနက်(၁၁း၃၀)တွင် အဘကြီး ချီးမြှင့်လိုက်သော ရုပ်ပွားတော်

ဝမ်းသာအားရဖြင့် ထိုရုပ်ပွားတော်ကို ပင့်၍ စာရေးသူတို့မိသားစု တည်းခိုသည့် အခန်းအမှတ်(၁၃) နဂါးဒေါ်ဦးတိုက် ဦးကုမာရကျောင်းဝင်းသို့ ပြန်၍ ထားလိုက်ပါသည်။

မန္တလေးတက္ကသိုလ်၊ အင်္ဂလိပ်စာဌာနမှ ကထိက ဆရာဦးအောင်သန်းနှင့် အတူ မြင်တွေ့လိုက်သူ လူအတော်များများ လာရောက် ဖူးမြော်ကြပါသည်။

ထိုရုပ်ပွားတော်ကို ရန်ကုန်၊ မင်္ဂလာဒုံအိမ်သို့ ပြန်ပင့်လာပြီး (၅)လ အကြာတွင် တစ်ကြိမ်တစ်ခါမှ မမက်ခဲ့ဘူးသော အလွန်ထူးဆန်းသည့် အိပ်မက်ကို မက်ပါတော့သည်။

၁၉၈၉ ခုနှစ်၊ ဧပြီလတွင် သင်္ကြန်အတက်နေ့က အဘကြီး ချီးမြှင့်လိုက်သော ရုပ်ပွားတော်က စကားပြောသည်ဟု မက်ခြင်းဖြစ်ပါသည်။

အိပ်မက်ထဲတွင် ရှေးဟောင်း အုတ်တိုက်ကြီးတစ်ခုအတွင်းသို့ စာရေးသူ ဝင်သွားရာ အဘကြီး ချီးမြှင့်လိုက်သည့် ရုပ်ပွားတော်သည် လူနှစ်ဆလောက် အကြီးကြီး ထိုင်နေသည်။

ထိုရုပ်ပွားတော်ကြီး၏ ဘယ်ဘက်မှ ကွေ၍ စာရေးသူ ဝင်သွားရာ ဦးခေါင်းတော်ကို ဖြည်းဖြည်းချင်း တစ်ချက်ချင်း လှည့်၍ စာရေးသူကို ငုံ့ကာကြည့်လိုက်ပါသည်။ စာရေးသူ၏စိတ်တွင် တအား ကြောက်သွားပါသည်။

**"ဘုရားကြီးက အသက်ရှင် ထင်ရှား ဖြစ်နေပါလား"**ဆိုသည့် စိတ်ရော၊ အကြီးကြီးဖြစ်နေတာ နှစ်ခုလုံးအတွက် တကယ့်ကို ကြောက် ပြီး ငြိမ်ကြည့်နေမိပါသည်။

နောက်မှ ပိုက်ဆံလှူရန် သ



www.burmeseclassic.com

www.burmeseclassic.com

(၂၀၀)ကျပ်တန် အသစ်တစ်ရွက်ကို ကြောက်ကြောက်ရွံ့ရွံ့နှင့် ရိုသေစွာ လှမ်းပေးလိုက်ရာ ရုပ်ပွားတော်ကြီးမှ ကိုယ်ကိုကိုင်း၍ ဘယ်လက်ဖြင့် လှမ်းယူပါသည်။

ထို့နောက် ပိုက်ဆံ၏ ညာဘက်အပေါ်ထောင့်တွင် (၂)စင်တီမီတာလောက် စုတ်နေတာကို ကြည့်ပြီး...

'ပိုက်ဆံစုတ်နေတဲ့အတွက် အိမ်ထောင်ရေး အက်ကြောင်းထင်လိမ့်မယ် ကောင်းတာ နဲ့ ပြန်လဲလှူပါ'

ဟု စကားပြောသံကို ကြည်လင်ပြတ်သားစွာ ကြားရပါသည်။ စာရေးသူမှ ထို(၂၀၀)ကျပ်တန် အသစ်လေးကို လက်နှစ်ဖက်နှင့် လှမ်းယူပြီး နောက်ထပ် (၂၀၀)ကျပ်တန် အသစ်လေးကို တုန်တုန်ချည့်ချည့်နှင့် ကြောက်ရွံ့စွာ လှမ်းလှူရာ ဒုတိယအကြိမ် ကိုယ်တော်ကို ကုန်း၍ ဘယ်လက်ဖြင့်ပင် လှမ်းယူပါသည်။

ထိုအချိန် စာရေးသူ ဖျတ်ခနဲ နိုးလာရာ ကြောက်လွန်းသဖြင့် ရင်တအားတုန်ပြီး မောဟိုက်နေပါသည်။ မီးဖွင့်၍ နာရီကို ကြည့်လိုက်ရာ နံနက်(၃)နာရီ အတိ ဖြစ်ပါသည်။

ထိုထူးဆန်းလွန်းသော အိပ်မက်ရပြီး (၇)ရက်အကြာတွင် အဘကြီးဘိုးမင်းခေါင် ထွက်ရပ်ပေါက် နှစ်ပတ်လည်ပွဲအတွက် အဘကြူနှင့်ဆုံရန် စာရေးသူတို့ မိသားစု(၃)ဦး ရန်ကုန်မှ ပုပ္ပါးသို့ ရောက်ခဲ့ကြပါသည်။

တော်သလင်းလပြည့်ကျော် (၂)ရက် ညနေ (၄)နာရီ မိနစ်(၂၀)တွင် အဘကြူထံ၌ အဘကြီးဘိုးမင်းခေါင် ခာတ်စီးကြွလာပါသည်။ နိဗ္ဗာန်ရောက်ကြောင်း တရားဟောပြီးနောက် စာရေးသူတို့မိသားစုမှ ကန်တော့ပွဲ၊ တိုက်ပုံအင်္ကျီ၊ ပုဆိုး၊ စွပ်ကျယ်၊ မျက်နှာသုတ်



ပဝါ စသည်တို့ကို အဘကြီးဘိုးမင်းခေါင်အား လှူပါသည်။

ထိုအချိန် အဘကြီးဘိုးမင်းခေါင်မှ စာရေးသူအား...

'ညည်း ဒီမလာခင် ထူးဆန်းတဲ့အိပ်မက် ဘာမက်တုန်း ပြောစမ်း'

ဟု မေးပါသည်။ စာရေးသူမှ အိပ်မက်ကို စီကာပတ်ကုံး ပြန်ပြောပြပါသည်။ ထိုအခါ အဘကြီးဘိုးမင်းခေါင်မှ...

'ဒီကအပြန် ရန်ကုန်ရောက်ရင် ဆိုင်းဘုတ် အဝါခံမှာ အပြာနဲ့ရေး"ဓနသိဒ္ဓိ သိုက်နန်းရှင် ဓာတ်နန်း"လို့ ပြီးတော့ "ထီနဲ့ နိမိတ်ဖတ်ရေး(လုံးဝ) မဟောပါ"လို့ ရေးပြီး အဟောအပြော လုပ်ပေတော့'

ဟု မိန့်ပါသည်။

မထင်မှတ်ထားသည့်ကိစ္စ အမိန့်ချပြီးပြီးချင်း စာရေးသူမှ အနားရှိ ခင်ပွန်းသည်အား အသာလက်ကုတ်ပြီး...

'ရန်ကုန်ပြန်ရောက်ရင် အရှက်ကွဲတော့မှာပဲ ဗေဒင်လဲ မတွက်တတ် မဟောဘူးတတ်လဲ မချတတ်တာ။ ဘာနဲ့ ဘယ်လိုဟောရမှာလဲ'

ဟု တိုးတိုးလေးပြောမိပါသည်။ ထိုအခါ အဘကြီးဘိုးမင်းခေါင်မှ စာရေးသူအား လက်ညှိုးထိုးပြီး...

'ညည်း... ဒီဘဝရဲ့ ပုတီးအား တစ်ခုတည်းနဲ့ မဆိုင်ဘူး ဘဝပေါင်းများစွာ ကျင့်ခဲ့တဲ့ ပုတီးအားရဲ့ အကျိုးဆက်နဲ့ ဆိုင်တယ်။ မင်းခေါင် အမိန့်နဲ့ ရဲရဲဟောပါ။

မနက်ဖြန် မနက်ငါးနာရီမှာ အဘကြီးဘိုးမင်းခေါင် တည်ထားခဲ့တဲ့ ကြေးသွန်းဘုရားက "ရွှေဘုန်းပွင့်၊ ရွှေဘုန်းတင့်၊ ရွှေဘုန်းရှိန် ဘုရား"မှာ ကန်တော့ပွဲ တစ်ပွဲသွားတင်၊ အလင်းတိုင်ထွန်းပြီး အဘကြီးဘိုးမင်းခေါင်ရဲ့ အမိန့်အရ အဟောအပြောလုပ်ရတော့မှာမို့ မှန်ကန်အောင် လိုက်ပါ စောင့်ရှောက်ပေးပါရန် အစ်ကိုတော်နဲ့ အစ်မတော်တို့ကို သွားလျှောက်လိုက်ပါဦး ရွှေဘုန်းရှိန်ရယ်'

ဟု ပြောပါသည်။ ထို့နောက် အဘကြီးဘိုးမင်းခေါင်မှ ထပ်၍ မှာပါသည်။

'အဟောအပြော လုပ်တဲ့အချိန်က စလို့ **မေတ္တာနဲ့ ခန္တီကို** အမြဲလက်ကိုင်ထားရမယ်။ မိမိကို လူတစ်ယောက်က ဆဲလိုက်ရင် သူ ဆဲရုံဆဲတာပဲ ငါ့အသားမနာပါဘူးလို့ သည်းခံပါ။

အသားနာအောင် ဆိတ်ရင်လဲ ငါ့အသား နာရုံနာတာ သွေးမှ မထွက်ဘဲလို့ သည်းခံပါ။ သွေးထွက်အောင် လုပ်ရင်လဲ ငါ သွေးထွက်ရုံထွက်တာ အသက်မှ မသေဘဲလို့ သည်းခံပါ'

ဟု ပြောပါသည်။

ထိုနေ့ညတွင် ကန်တော့ပွဲကို ကြိုတင်ဝယ်ထားပြီး နောက်နေ့ နံနက်(၅)နာရီတွင် စာရေးသူနှင့် ခင်ပွန်းသည်တို့ ရွှေဘုန်းပွင့်၊ ရွှေဘုန်းတင့်၊ ရွှေဘုန်းရှိန် စေတီသုံးဆူသို့ သွားကြပါသည်။

အလင်းတိုင်ထွန်း၍ ဘုရားကန်တော့ပြီး ငါးပါးသီလ ခွတ်ဆောင် စာရေးသူမှ အားရပါးရ အကျယ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ငိုပြီး အမျိုးသားအသံနှင့်…

'ယခု ၁၉၈၉ ခုနှစ်ဖြစ်တယ်၊ လွန်ခဲ့တဲ့(၁၀) နှစ်(၁၉၇၉ ခုနှစ်က စာရေးသူ တက္ကသိုလ် နောက်ဆုံးနှစ်အတွက် ကျောင်းလခပေးဖို့) ငွေအကျပ်အတည်း ဖြစ်နေချိန် ကြက်ရဲ့ စလုတ်ထဲမှာ ရွှေကြိုးတစ်ကုံး ပေးလိုက်တာ ရလား'

ဟု မေးပါသည်။ ခင်ပွန်းသည်မှ ဘာမှ သိထားသူ မဟုတ်သဖြင့် ပြန် မဖြေနိုင်ပါ။ အစ်ကိုတော် ရွှေဘုန်းပွင့် ဖြစ်သည့် အကြောင်းနှင့် ပုတီးစိပ်ခြင်း ကို ရာသက်ပန် မပျက်မကွက်စိပ်ရန် ပြောပြီး စာရေးသူ ငြိမ်သွားပါသည်။ မငိုတော့ပါ။

ထိုအခါမှ ခင်ပွန်းသည်က **"၁၉၇၉ ခုနှစ်က ကြက်စလုတ်ထဲမှ ရွှေကြိုး ရဖူးလား"**ဟု မေးပါသည်။ မှန်ပါ သည်။ စာရေးသူနှင့် မေမေ နှစ်ဦး တည်းသာ သိသည့်ကိစ္စ ဖြစ်ပါသည်။

၁၉၇၉ ခုနှစ်က စာရေးသူသည် ရန်ကုန်တက္ကသိုလ်တွင် သတ္တဗေဒ နောက်ဆုံးနှစ် တက်နေစဉ်က ကျောင်း လခ နောက်ဆုံးအရစ်ပေးရန် ငွေလို နေပါသည်။ စာရေးသူ၏ဖခင်မှာ ရဲစခန်းမှူးမှ အငြိမ်းစားယူထားပြီ ဖြစ်ပါသည်။

ထိုနေ့က (၅၀)ကျပ်သား ကြက် တစ်ကောင်ကို ဟင်းချက်ရန် စာရေး သူမှ ကိုင်နေစဉ် စလုတ်ကို ဖြတ်ပြီး ဓားနှင့် ခွဲကြည့်ရာ ကြေးကြိုးတစ်ကုံး တွေ့၍ မေမေ့ကို ပြပြီး…

'အလေးချိန် တိုးနေတာ ဒီကြေး ကြိုးကြောင့်မို့ပါ၊ မေမေ့ကြက် (၅၀) ကျပ်သား ပြည့်မှာမဟုတ်ဘူး'

ဟု ပြောကာ ကြေးကြိုးကို လွှင့်ပစ် ရန် စာရေးသူမှ လှဲလိုက်ပါသည်။ မေမေက ကြိုးကို လှမ်းဆွဲယူလိုက်ကာ "ရွှေနဲ့တူတယ်" ဟုပြော၍ ဆပ်ပြာနှင့် တိုက်ချွတ်ပါသည်။

ထို့နောက် ရွှေဆိုင်သို့ သွားပြကာ ငရဲမီးစားကြည့်ပါသည်။ ရွှေဆိုင်က သေသေချာချာ အားလုံး စစ်ဆေးပြီးမှ အခေါက်ရွှေဟု ပြောကာ ဝယ်လိုက်ပါ သည်။

ကျောင်းလခအတွက် ရင်အေးခဲ့ရ ပြီး ပိုလျှံသည့် ငွေများကိုလည်း မေမေ သုံးရန် ပေးလိုက်ပါသည်။ ထို အကြောင်းစုံကို ယခု ၁၉၈၉ ခုနှစ် ရောက်မှ ခင်ပွန်းသည်ကို ပြောပြမိပါ သည်။

ပွဲပြီးမှ နောက်နေ့ ပြန်လာပြီးနောက် **"နေသိဒ္ဓိသိုက်နန်းရှင် ဓာတ်နန်း"** နှင့် **"ထီနှင့် နိုင်ငံရေး (လုံးဝ)မဟော ပါ"**ဟူသော အဝါအောက်ခံပေါ်တွင် အပြာစာလုံးနှင့် ဆိုင်းဘုတ်ကို ဘုရား ခန်းတွင် ထား၍ စတင်ဟောပြောသည် မှာ ယနေ့ထိ ဖြစ်ပါသည်။

အဘကြီးဘိုးမင်းခေါင်၏ အမိန့်အရ ဓာတ်နန်းဖွင့်ဟောပြီး (၂)လအကြာ တန်ဆောင်တိုင်လပြည့်နေ့ ည(၁၂) နာရီတွင် အဘကြီးထံ၌ အဘကြီး ဘိုးမင်းခေါင် ဓာတ်စီးပြီး ဆေးကုရန် ဆေးတော်သုံးမျိုးနှင့် ရာကျော်ဆရာ တော်ကြီး ဓာတ်စီးစဉ် ဝါးနေသော ကွမ်းယာထဲမှ ဆေးကုရန် ဓာတ်လုံး ရလာခဲ့ပုံကို **ကိုယ်တွေ့ကြုံလို့ ယုံရ သည်(၄)**တွင် ဆက်လက်ဖော်ပြပါ မည်။

ဤစာမူ ရေးနေစဉ် ရာကျော်ဆရာ တော်ကြီး၊ အဘကြီးဘိုးမင်းခေါင်နှင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ ဖြစ်သော အဘကြီးတို့အား ရှိသေ လေးမြတ်စွာ ဂါရဝပြု ကန်တော့ပါ သည်။

**နှင်းပုလဲသူ**

စာမျက်နှာ (၃၀၁)မှ အဆက်

မှာသည်ဟု အဘက ပြောပြခဲ့ပါ၏။ ကိုဟန်ထွန်းကိုလည်း သိချင်သည် များကို ပြောပြခဲ့သည့် အကြောင်းကို ဘယ်သူ့ကိုမှ မပြောပြပါနှင့်ဟု မှာလိုက်ပါသည်။

ကိုဟန်ထွန်းတို့ ထိုနေရာသို့ သုံးနှစ် ကျော်မှ တစ်ခေါက် ထပ်ရောက်သည့် အခါ အဘကို မတွေ့တော့။ ဆုံးပါး သွားခဲ့သည်လား၊ ရွာထဲမှာပဲလား၊ နေ ကောင်းရဲ့လားဟု မေးချင်သော်လည်း ဘယ်သူ့ကိုမှ မတွေ့ခဲ့ရ၍ မမေးခဲ့ရပါ။

**မိကျောင်းရုပ်အကြောင်း သိလို၍ ပြောပြပါ။ စာရေးချင်လို့ပါဆို၍ ကိုဟန် ထွန်းက နေရာအသေ မပြောပြဘဲ ထို အကြောင်းကို ပြောပြခဲ့ပါသည်။ နေရာ အသေကို သိလည်း ထုတ်မဖော်ရေးပါ။**

ကိုယ့်ကြောင့် ထိုနေရာတွင် သိုက် ရှိမှန်းသိပြီး သိုက်တူးမည့်သူများ လက် ချက်မိမှာ စိုးရိမ်မိပါသည်။ ထိုစဉ်က အဘကို ကိုဟန်ထွန်း ငွေလှူခဲ့ပါ သေးသည်။

မိကျောင်းများကို တီဗွီတွင်ဖြစ်စေ မြင်ရသည့်အခါ ဆုတောင်းပြည့်ဘုရား အဘအခေါ် မိကျောင်းဘုရားကို ရောက်ဖူးချင်ခဲ့မိပါသည်။

အရိမေတ္တေယျ မြတ်စွာဘုရားကို လှူရန်အတွက် ရတနာပစ္စည်းများကို စောင့်ရှောက် နေရသည်ဆိုတော့ မိကျောင်းမင်းသားဆိုသူ ထိုဘဝမှ လွတ်ရန် ကြာမြင့်ဦးမည် ဖြစ်ပါသည်။


ရှည်လျားလှသော ဘဝသံသရာ ကြီးတွင် တွေ့ရှိဖူးမြင်ခဲ့ရသော ဘုရား များတွင် ဓာတ်လမ်းများတော့ ရှိကြပါ သည်။ ဖူးတိုက်မှဖူးရ၊ သိတိုက်မှ သိရ သည်ကတော့ ပဌာန်းဆက်ပါမှပဲဖြစ် သည်။

**စောမိသွင်(ရှ…)**



www.burmeseclassic.com

www.burmeseclassic.com



# နတ်ဒိုးကစားကောင်းလို့

ဦးကိုလေး
(ထန်းတပင်၊ ဖီးကုန်း)

သေဆုံးရှုလား

လွန်ခဲ့သော နှစ်ပေါင်း(၃၀)ခန့်မှ ပြောစမှတ်ကျန်ခဲ့သော ဖြစ်ရပ်မှန် တစ်ခု ဖြစ်ပါသည်။ ထန်းတပင် ဖီးကုန်း အရှေ့ဘက်(၁၀)မိုင်ခန့်အကွာ တွင် အိမ်ခြေ(၂၀၀)ခန့်ရှိသော ရွာကြီး တစ်ရွာရှိပါသည်။

ယင်းရွာ၏ အရှေ့ထိပ်တွင် ကြီးထွား လွန်းသည့် ညောင်ပင်ကြီးတစ်ပင် ရှိ ပါသည်။ အခက်အလက်တို့က ဖြာဝေ နေပါသည်။

ပင်စည်ကြီးနှင့် လိုက်လျောစွာ အကိုင်းများက ဖွံ့ဖွံ့ထွားထွားနှင့် ပတ်ဝန်းကျင်ကို နေပြောက်မထိုးစေ ရန် အေးချမ်းသာ အရိပ်အာဝါသကို ဖြစ်စေသည်။ အပင်ကြီး၏ သက်တမ်း မှာလည်း မခန့်မှန်းနိုင်လောက်အောင် ကြာပေပြီ။

သို့သော် အဓိကရ အပင်ကြီးအဖြစ် ရွာထိပ်တွင် ရှိနေသည်က အမှန်ပင်။ တစ်ရွာလုံးက ထူးထူးခြားခြား အပင် ကြီးအဖြစ် အလေးအနက်ထားကြ၏။

အပင်ခြေရင်းတွင် ခိုင်ခိုင်ခံ့ခံ့ ကြီးကြီးမားမား နတ်စင်တစ်ခုလည်း ရှိနေပါသည်။ နတ်ရုပ်ပုံများ၊ သောက် တော်ရေအိုး၊ ပန်းအိုးများဖြင့် ပြည့်စုံ နေ၏။

ထိုရွာတွင် ကိုဘကြည်ဆိုသည့် လူ တစ်ယောက် ရှိ၏။ အသက်(၃၀)ခန့် အရွယ် အိမ်ထောင်သည်တစ်ဦးဖြစ် သည်။ လယ်(၄)ကေလောက် ပိုင်ပါ သည်။

လယ်လုပ်ငန်းပြီးလျှင် အရက် သောက် ဖဲရိုက်ဖြင့် အချိန်ကုန်စေ၏။ ကိုဘကြည်က စကားကို အာကျယ် အာကျယ် ပြောတတ်၏။ သူ့ကွယ်ရာ တွင် အာကျယ်ဘကြည်ဟု ခေါ်ကြ သည်။

ကိုဘကြည် အမူအကျင့် ပြောင်းလဲ လာသည်။ ညနေသောက်ရာမှ မနက် ရည်ကိုပါ သောက်လာသည်။

တစ်နေ့ ကိုဘကြည် မနက်ရည် သောက်ပြီး အိမ်ကို ပြန်လာသည်။ လက်ထဲမှာ အကျီဖြင့် ထုတ်ထားသော အထုပ် တစ်ထုပ်လည်း ပါလာသည်။

ကိုဘကြည်မိန်းမ မလှရီက အိမ်ထဲ



www.burmeseclassic.com

www.burmeseclassic.com

မှ မြင်၍ လှမ်းမေးလိုက်သည်။

'ကိုဘကြည်… တော့်လက်ထဲက ဘာထုပ်ကြီးလဲ'

'နေစမ်းပါ လှရီရာ… မမေးစမ်းပါနဲ့' ဟု ပြန်ပြောလိုက်သည်။

'ကိုဘကြည်… ကျုပ် ရင်တွေတုန် လွန်းလို့ ပြောစမ်းပါ၊ ဘာထုပ်ကြီးလဲ ဆိုတာ'

'မိန်းမရာ… ငါ နတ်ဒိုးလုပ်မလို့ ရွာထိပ် နတ်စင်က နတ်ရုပ်တစ်ရုပ် ယူလာတာပါ' ဟု မူးမူးနှင့် ပြန်ပြောလိုက်သည်။

'ဟင်…ကြံကြီးစည်ရာတော် နတ် ကိုင်နေပါဦးမယ်။ ပြန်ထားလိုက်ပါ၊ ကျုပ်တော့ ကြောက်တယ်တော့'

ကိုဘကြည်က ဘာမှုပြန်မပြော တော့ ထင်းခုတ်ဓားမကြီးကို ထုတ်ယူ ပြီး နတ်ရုပ်ကြီးကို ခုတ်ထစ်နေပါတော့ သည်။ နတ်ဒိုး သုံးလုံးရတော့ ခါး ပိုက်ထဲ ထည့်ပြီး တစ်ခေါက် ပြန်ထွက် သွားပါတော့သည်။

ကိုဘကြည် အရက်ဖိုသို့ တစ်ခေါက် ရောက်ပြန်လေပြီ။ အရက်ဖိုတွင် သောက်ဖော်သောက်ဖက် သုံးယောက် ကလည်း ထိုင်လျက်ပင် ရှိနေပါသည်။

''လာ ဘကြည်… သောက်ရ အောင်'' ဟု ဖိတ်ခေါ်လိုက်ကြသည်။ ကိုဘကြည် ထိုင်သောက်ပြီး ရေချိန် ကိုက်လာတော့ စကားစလိုက်သည်။

''ငါ မနက်ကအပြန် ရွာထိပ်နတ်စင် က နတ်ရုပ်တစ်ရုပ်ကို ယူပြီး နတ်ဒိုး လုပ်လာတာကွ''ဟု ဆိုပြီး ခါးပိုက်ထဲမှ ဒိုးသုံးလုံးကို ထုတ်ပြပါတော့သည်။

'မင်းက နတ်ဒိုးကစားမလို့ပေါ့'

ဟု အဖော်များက မေးလိုက်သည်။

ကိုဘကြည်က ''အေးကွ''ဟု ဆို ကာ ထထည့်ပြီး ဟန်ပါပါ ဒိုးသုံးလုံး ကို မြှောက်၍ မြှောက်၍ ကစားပြပါ တော့သည်။



အပေါင်းဖော်များက ပါးစပ်ဆိုင်း တီးပေးကြလျှင် ကိုဘကြည်က ဒိုးသုံး လုံးကို မြှောက်ကစားပြီး ကွေးနေ အောင် ကပါတော့သည်။ သူတို့တစ် သိုက် အရက်ဖိုအိမ်တွင် တဝါးဝါးဖြင့် ပျော်မြူးနေကြပါတော့သည်။

ယင်းသတင်းသည် ရွာထဲတွင် တောမီးပမာ ပျံ့နှံ့သွားတော့သည်။ ရွာရှိ မိန်းမကြီးများက…

'နတ်ရုပ်ကို ဒိုးလုပ်ကစားသတဲ့တော်၊ တစ်သက်နဲ့တစ်ကိုယ် ကြားမကြားဘူးပေါင် ဒီကောင်တော့ နတ်ကိုင်ခံရတော့မှာပဲ'

ဟု ပြောဆိုကြသည်။

မလှရီကတော့ ရွာထဲမှ တီးတိုးပြော သံများကို ကြားရသည့်အခါ စိတ် မကောင်းလှပါ။ သူလည်း ဘာမျှ မတတ်နိုင်ချေ။

ကိုဘကြည်တစ်ယောက် နတ်ဒိုးကွ ဟု အော်ပြီး ကစားလာခဲ့သည်မှာ သုံးလခန့်ကြလေပြီ။ တစ်နေ့ ညနေ (၄)နာရီခန့် အချိန်တွင် ဒယီးဒယိုင်ဖြင့် နတ်ဒိုးသုံးလုံးကို ပိုက်ပြီး အိမ်သို့ ပြန်အလာ…

'ဟော့ လှရီ…လာပါဦးဟ၊ ငါဘယ်လို ဖြစ်တယ် မသိဘူး။ ရင်ထဲက မကောင်းဘူး ပူနေသလိုပဲ'

'တော် အသောက်လျှော့ပါဆိုတာ ပြောမှမရတာ ကြာကြာသောက်တော့ ဒီလိုဖြစ်ပါပေါ့'

'ဒါတွေ ပြောမနေပါနဲ့တော့ ငါ့ကို တွဲပြီး ခုတင်ပေါ် ပို့စမ်းပါ'

ကိုဘကြည် ခုတင်ဆီ မရောက်မီ ''အော့''ဆိုပြီး တစ်ချက် ထိုးအန်လိုက် ရာ ''ဟာ သွေးတွေပါလား''ဟု မလှရီ မှ ပြောပြီး ခုတင်ဆီ တွဲခေါ်လာခဲ့သည်။

ကိုဘကြည် ခုတင်နားရောက် တော့''အော့''ဟု သွေးတွေ ထပ်အန် ပြီး ဇက်ကျိုးကျသွားပါတော့သည်။

မလှရီလည်း ခုတင်ပေါ်တင်ပြီး အော်ဟစ် ငိုပါလေတော့သည်။ ကိုဘ ကြည်ကတော့ ဘဝတစ်ပါးသို့ ကူး ပြောင်းခဲ့လေပြီ။ အိမ်နားနီးချင်းများ ရောက်လာကြပြီး ကိုဘကြည် အလောင်းကို ဝိုင်းဝန်းပြင်ဆင်ပေးကြ ပါသည်။ တစ်ရွာလုံးလည်း သတင်း ကြားပြီး ရောက်လာကြပါသည်။

ဤသို့ဖြင့် နတ်ဒိုးကစားကောင်းခဲ့ သူ ကိုဘကြည်တစ်ယောက် မမျှော် လင့်ဘဲ ဘဝတစ်ပါးသို့ ကူးပြောင်းခဲ့ရ ပါသည်။

ဤဖြစ်ရပ်သည် ကံကုန်လို့ပဲ ဖြစ် သလော၊ နတ်ကိုင်တာပဲ ဖြစ်သလော ဆိုတာကတော့ စာဖတ်သူများ ဝေဖန် သုံးသပ်ကြပါရန် တင်ပြလိုက်ရပါတော့ သည်။

**(ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ပုဒ်ကို အမည်လွှဲပြောင်း ရေးသားထားပါ သည်။)**

**ဦးကိုလေး**
*(ထန်းတပင်၊ ဓနိကုန်း)*



www.burmeseclassic.com

www.burmeseclassic.com

# နဝင်းရွှေပြာသတ္တုဂုဏ် ရသာယနအားဆေး

# ဥသျှာကိုယ်ငွေ့ကောင်းဆေး

**နဝင်း**

နာ၊ ဘင်၊ ဘော်၊ ဂျုတ်၊ ဒန်၊ သွပ်၊ သံ၊ ပြဒါး၊ ရွှေ၊ ရုပ်ဓာတ်(၉)ပါးကို နဝင်းဟု ဆိုလိုပါသည်။

**ရွှေပြာ**

ရုပ်ဓာတ်(၉)ပါးတွင် နာ၊ ဘင်၊ ဘော်၊ ဂျုတ်၊ ဒန်၊ သွပ်၊ သံ၊ ပြဒါး ဓာတ်(၈)ပါး ပြာကျမှ ရွှေပြာကျပါသည်။ သို့ဖြစ်၍ ယင်းရွှေပြာသည် ဓာတ်(၉)ပါးလုံး ပြာကျသဖြင့် နဝင်းရွှေပြာဖြစ်သည်။

**သတ္တု**

ထိုရွှေပြာသည် ပါစကတေဇောရောက်ပါက လူသား၏ကျန်းမာရေးကို အကျိုးကျေးဇူးပြုနိုင်သဖြင့် သတ္တုရှိသည်ဟု ဆိုလိုပါသည်။ ပါစကတေဇောမရောက်ပါက ဆိုးကျိုးပေးမည်ဖြစ်သည်။ သံဓာတ်၊ သွပ်ဓာတ်များကို နူးညံ့သိမ်မွေ့စားလို့ရအောင် ပြုပြင်ပြီး အနောက်တိုင်းဆေးများ တိုင်းရင်းဆေးများတွင် ထည့်သွင်းဖော်စပ်ကြသည်။ သို့သော် ထိုဓာတ်များကို ဓာတ်စင်ဖြစ်အောင် နိဗ္ဗာနဓာတ်ဆိုက်အောင် မဆောင်ရွက်နိုင်သဖြင့် ဘေးထွက်ဆိုးကျိုး ဖြစ်လာရပေသည်။

ပါစကတေဇောရောက်သည်ဆိုသည်မှာ ပြာကွမ်းရိုးတစ်ပို့ ကြေးတွင်ထောက်ပြီး မီးပေးလိုက်ပါက ငွေ/ရွှေအဖြစ် ပြောင်းလဲသွားခြင်းကို ဆိုလိုသည်။ ကြေးဟူသောအခြေအနေမှ ဘော်ဟူသော ရွှေဟူသော အခြေအနေအဖြစ်သို့ ပြောင်းလဲသွားခြင်းကို ဆိုလိုသည်။ နိဗ္ဗာနဓာတ်ဆိုက်ရောက်ပြီး ဓာတ်စင်ဖြစ်သွားသည်ဟု ဆိုရပါမည်။ နိဗ္ဗာနဓာတ်ဆိုက်ရောက်ပါက အလွန်သန့်သဖြင့် ဘေးထွက်ဆိုးကျိုးမရှိနိုင်ပါ။ ကြေးကို ပါစကတေဇောဖြင့်ချက်ကာ ဓာတ်ကျက်သွားသောအခါ ငွေ/ရွှေဖြစ်သွားသကဲ့သို့ စားသမျှ အစာအာဟာရများကို ပါစကတေဇောဖြင့် ကျက်အောင်ချက်သောအခါ ရသာရည် အသွေးအသားအဆီ အရိုးချဉ်ဆီ သုက်များစသည် ဓာတ်သန့်ဓာတ်ကောင်းများ ဖြစ်လာနိုင်မည်ဖြစ်သည်။ ထိုသို့ ဓာတ်သန့်ဓာတ်ကောင်းများ ရှိနေ၍ မည်သည့် ရောဂါမျှမဝင်နိုင်ပါ။ ကျန်းမာနေမည်ဖြစ်ပါသည်။ (ရောဂါမူလံ အစိဏ္ဏကံ)ရောဂါဟူသည် မကြေကျက်ခြင်းမှ စသည်ဟု အဆိုရှိပါသည်။

**ဥသျှာကိုယ်ငွေ့**

ထိုသို့ ဓာတ်စင်ဓာတ်ကောင်းများ ဖြစ်လာပါက ဓာတ်စင်ဓာတ်ကောင်းများတွင် ကိန်းနေသော ပါစကတေဇော၏အရှိန် ဥသျှာတေဇောရရှိနေမည်ဖြစ်သဖြင့် အဆုံးငါးပါးသည် နွေးထွေးနေမည်ဖြစ်သည်။

ဥသျှာအားကောင်းပါက အဆုံးငါးပါး နဖူး လက်နှစ်ဖက် ခြေနှစ်ဖက်သည် နွေးထွေးနေမည်ဖြစ်ပြီး ကျန်းမာနေမည်။ ဥသျှာအားနည်းပါက အဆုံးငါးပါး နွေးထွေးမှုမရှိ၊ ခြေအေး လက်ဖဝါးပူနေမည်ဖြစ်ပြီး ရောဂါဝင်လာနိုင်ပါသည်။ ဥသျှာ ချွတ်ယွင်းပါက ခုခံအား ခံနိုင်ရည်အား ကိုယ်ခံစွမ်းအားကျပြီး ကင်ဆာနှင့် ခုခံစွမ်းအားကျဆင်းမှု(HIV)ရောဂါများ ဖြစ်လာနိုင်ပါသည်။

သို့ဖြစ်၍ ဥသျှာကောင်းလျှင် ကျန်းမာမည်။ ဥသျှာအားနည်းလျှင် ရောဂါရမည်။ ဥသျှာချွတ်ယွင်းလျှင် ခုခံအားကျမည်။ ဥသျှာ ပျက်လျှင်သေမည် ဖြစ်ပါသည်။

**[ဥသျှာ အားနည်းကာ ခြေအေး လက်ဖဝါးပူ/ကြမ်း ကတည်းက ဥသျှာကိုယ်ငွေ့ကောင်းဆေးကို စားသုံးပါ။**

**ဆေးသုံးစွဲရန်**

–နံနက်မျက်နှာသစ်သောအခါ ရေထည့်ထားသောဖလားတွင် ဥသျှာအရည် (၄)စက်ချပါ။ မွှေပြီး မျက်နှာသစ်ပါ။ ပါးစပ်တွင် ငုံထားပါ။ မျက်စိကို ဆေးရည်ဖြင့်စိမ်ထားပါ။

–ရေချိုးသောအခါ ရေချိုးရန် ရေထည့်ထားသောဇလုံတွင် (၄)စက်ချပြီးမှ ရေချိုးပါ။ (ဥသျှာတေဇောအငွေ့ကို ပြင်ပမှ လွှမ်းခြုံထားရန်ဖြစ်သည်။)

–ရေကျက်နွေးနွေး အကြမ်းပန်းကန်တစ်ခွက်တွင် (၄)စက်ချပြီး တစ်နေ့ (၁–၂)ကြိမ် သောက်ပါ။ (ဥသျှာတေဇောအငွေ့ကို အတွင်းရှိ ဝမ်းမီးအား အထောက်အကူပေးပြီး အစာများကို ခြေချက်ရန်ဖြစ်သည်။)

**(ဦးထွန်းလင်း၊ – သိမ်ဖြူဆရာတော် အရှင်နာဂသေနာဘိဝံသ၏ တပည့်)**

**သမားတော်ကြီး ရွှေပြာသတ္တု ဦးကျော်မြင့်(တ/ဆ ၂၈၉၂ B.A၊ C.T.M.P)စစ တိုင်းရင်းအထူးကုဆေးခန်း**

**၅၂၄(ဂ)၊ မဓာဝီလမ်းဆုံ၊ မြောက်ဥက္ကလာပမြို့ ဖုန်း – ၀၉ ၅၁၅၆၁၃၆၊ ၀၉ ၉၆၉၉၇၇၇၉၊**



www.burmeseclassic.com

www.burmeseclassic.com


ဗုဒ္ဓံ ဓမ္မံ သံဃံ

နေ သာမည လ

**မျက်စိဝေဒနာရှင်များ ဝမ်းမြောက်ဖွယ်**

(ကုသနိုင်သော မျက်စိဝေဒနာများ)



၁။ အတွင်းတိမ်
၂။ အပြင်တိမ်
၃။ ရေတိမ်
၄။ မျက်သားတိမ်များကို ဆီးချို သွေးချိုရှိပါစေ မခွဲစိတ်ဘဲ ကုသပေးနေပါသည်။

မျက်စိကုဌာန

ဆရာဦးအောင်စိုး
ဆရာဦးနိုင်နိုင် တ/ဆ ၀၃၄၅၃

အိန္ဒြာအထက်တန်းကျောင်းရှေ့၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။ ဖုန်း- ၀၉-၄၉၇၇၄၀၁၆၊ ၀၉-၄၂၅၀၄၇၂၀၇။



**သားသမီးများ၏ ပညာရေး ဦးစားပေးမည့် မိဘများအတွက်**

❖ (၂၀၁၆-၁၇) ပညာသင်နှစ်ရဲ့ နှစ်ဝက်ကျိုးပါပြီ ❖ မိမိသားသမီးရဲ့ ပညာရေးအခြေအနေကို သိသင့်သလောက်လဲ သိရပြီဆိုတော့...ဘာတွေ ပံ့ပိုးပေးမလဲ ❖ စိတ်မလေ,စိတ်မပျံ့လွင့်ဘဲ၊ အချစ်ရေး စိတ်မဝင်စားဘဲ၊ အပေါင်းအသင်း မမက်ဘဲ၊ ပညာရေးကိုသာ စိတ်ပါဝင်စားစွာ ကြိုးစားသင်ယူဖို့ ❖ ကျက်ဉာဏ်,မှတ်ဉာဏ်ကောင်းဖို့ ❖ စာကျက်ရင် ခေါင်းမကိုက်၊ အိပ်မငိုက်၊ အာရုံစူးစိုက်မှုကောင်းဖို့ ❖ အတန်းတင်စာမေးပွဲကို အခက်အခဲမရှိ လွယ်ကူစွာ ဖြေဆိုအောင်မြင်ဖို့ ❖ ဂုဏ်ထူးများများ, အမှတ်များများရဖို့ ❖ ဘာသာစုံ ဂုဏ်ထူးရရှိဖို့ ❖အဆင့်(၁)မှ(၁၀)အတွင်းဝင်ဖို့ ❖ ဒီအချိန်မှာ ယတြာအစီအရင် လာလုပ်တာ အကောင်းဆုံးပါ။

# ဆရာကြီး ဦးအောင်မြင့်

(ဉပဒေသွဲ့) [လက္ခဏာဗေဒင်ပညာသုတေသီ]

အမှတ်(၈၄၃)၊ ဦးဝိစာရလမ်း (၁၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

၀၉-၃၀၁ ၇၈၀ ၇၅၊ ၀၉-၇၃၀ ၀၅၉ ၂၇၊ ၀၉-၅၀ ၆၂၈ ၄၇၊ ၀၉- ၂၅၂ ၃၀၆ ၆၇၅ ၀၉-၇၉၅ ၆၀၇ ၄၈၅၊ ၀၉-၄၅၀ ၅၇၀ ၉၈၅။

ယုံကြည်အားကိုးမှသာ လာခဲ့ပါ




www.burmeseclassic.com

www.burmeseclassic.com

သင့်မိသားစု ကျန်းမာရေး စိုင်ပရိုတွန်း အားဆေး သုံးစွဲပေး

အားအင်ပြည့်စွမ်း

# စိုင်ပရိုတွန်း

အားတိုးဆေးရည်

၂ နှစ်အထက် ဖွံ့ဖြိုးစ ကလေးငယ်များ၊
အရွယ်ရောက်ကာစကလေးများ၊
အလုပ်ခွင်မှ ပင်ပန်းနွမ်းနယ်သောသူများ၊
စားမဝင် အိပ်မပျော် အစားအသောက်ပျက်သူများ၊
အားကစားသမားများ၊ နလံထစလူမမာများ၊
သက်ကြီးရွယ်အိုများအတွက် အထူးသင့်လျော်သည်။
(အသက်အရွယ်မရွေး၊ ကျားမ မရွေး သင့်လျော်သည်။)

ဘိုးဘိုး၊ဘွားဘွား
ဖေဖေ၊ မေမေ
သားသား၊ မီးမီး
တို့ပါမကျန်
မိသားတစ်စုလုံးအတွက်
စားဝင်၊ အိပ်ပျော်၊
ကျန်းမာ၍
အလုပ်လုပ်နိုင်သည်။




**ဆေးညွှန်း**

(အစာမစားမီ) လူကြီး လက်ဖက်ရည်ဇွန်းကြီးတစ်ဇွန်း၊
တစ်နေ့ ၃ ကြိမ်၊
ကလေး(၂)နှစ်မှ (၆)နှစ် လက်ဖက်ရည်ဇွန်းသေး
တစ်နေ့နှစ်ကြိမ်၊
ကလေး (၇)နှစ်မှ (၁၄)နှစ် လက်ဖက်ရည်ဇွန်းကြီး
တစ်နေ့ ၂ကြိမ်၊ (သို့) ဆရာဝန်ညွှန်ကြားသည့်အတိုင်း
သောက်နိုင်သည်။

ဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။

MYAN. FDA Reg. No. R1708A5674